www.burmeseclassic.com




www.burmeseclassic.com

## ဇာတ်ဖွင့်

အင်္ဂလန်ပြည်၊ ၁၆၉၁ ခုနှစ်။

တောနက်ကြီးအတွင်းမှာ မှောင်နေသည်။ သို့သော်လည်း သစ်ရွက်အကြိုအကြားများကြားက လရောင် ထိုးကျနေသည်။ ပြောက်ပြောက်ကျားကျား လရောင်သည် မိန်းကလေး၏ မျက်နှာပေါ်မှာ လင်းလက်နေသည်။

ပြောက်ပြောက်ကျားကျား လရောင်ကြောင့် နက်မှောင်သည့် မျက်တောင်ကော့များ အောက်မှ မရမ်းပြာရောင် မျက်လုံးအစုံကိုပါ မြင်တွေ့နေရသည်။ ထိုမျက်လုံးများက အရောင်တောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဆံပင်များသည်လည်း မျက်လုံးနှင့် ဘောက်ပမ္ဘချင်း ပြိုင်နေကြသည်။ အဝတ်ကင်းမဲ့သော ပခုံးသားများပေါ်သို့ ဖရိဖရဲ ပြန့်ကျဲကျနေကြသည်။

လရောင်သည် ရင်ညွန့်ဆီသို့လည်း မီးမောင်းထိုးပြထားသလို ဖြာဆင်းနေပါ၏။

'ဗီနှားကိုတိုးစမ်းပါဦး လီနို'

အမှောင်ထဲမှ ယောက်ျားသံတစ်သံ ပေါ်ထွက်လာသည်။ အသံကြဲဗာ ပြည့်လှသည်။

ထိုအသံကြောင့် မိန်းကလေး၏ကိုယ်လုံး တောင့်ခနဲဖြစ်သွားသည်။ သို့သော် ရွေ့လျားခြင်းအစေး မပြု။

'ဒီမှာ ငါပြောနေတယ်လေ'

ယောက်ျားသံ ပေါ်ထွက်လာပြန်သည်။

သည်တစ်ခါတော့ အသံသာမဟုတ်။ ရှည်လျား သန်မာသည့် လက်တစ်ဖက်ပေါ် မိန်းကလေးဆီသို့ ရောက်လာသည်။ ထိုလက်က မိန်းကလေး၏ ရင်ညွန့်ဆီမှာဝဲနေသည်။

'ငါ့စကားကို မင်းဘာဖြစ်လို့ နားမထောင်တာလဲ'

ယောက်ျားကမေးသည်။

လီနိုက ခေါင်းကိုဆတ်ခနဲထောင်လိုက်သည်။

'ဘယ် ယောက်ျားရဲ့ စကားကိုမှ ကျွန်မ နားမထောင်ဘူး၊ ရှင်ပြောတဲ့စကားဆို သာလို့တောင် နားမထောင်သေးတယ်'



လီနို၏စကားကြောင့် ယောက်ျားက ရယ်သည်။ ထိုထင်သော လီနို၏မျက်နှာကိုလည်း ကြည့်သည်။

'ဟား...ဟား၊ ဒီစကားကို မင်းတကယ်ပြောတာလို့ ငါထင်တယ်'

ဟုလည်း ဗလုံးဗထွေးပြောသည်။

ပြီးတော့ သူ့နှုတ်ခမ်းများသည် နွဲ့တွေးသော လီနို၏ နှုတ်ခမ်းပေါ်သို့ ကျရောက်လာလေသည်။

အမျိုးသား၏ဆံပင်များသည် လီနို၏ ရွှေရောင်ဆံပင်များနှင့် ရောထွေးသွားကြသည်။

'မင်းနဲ့ငါ နှစ်ယောက်တည်း တစ်ကျွန်းတည်း ပြေးနေကြရတာ တစ်နှစ်ရှိသွားပါပြီကွာ၊ အဲဒါတောင် မင်းက ငါ့ကို ကလန်ကဆန် လုပ်နေတုန်းပဲ၊ ဘာဖြစ်လို့ ဒီလိုလုပ်နေတာလဲ'

'ကျွန်မဟာရှင့်ကိုယ်ပိုင်ပစ္စည်းမှ မဟုတ်ပဲ' ဟု လီနိုက မူမမှန်ခဲ့သော လေသံဖြင့် ပြန်ပြောသည်။

'ဒီလိုပဲ ထင်သလား'

ယောက်ျားက ပုံပြီးတစ်ချောင်း ဖက်လိုက်သည်။ ပြီးတော့ ကြွေကျသွားသော သစ်ရွက်များလို မြေပေါ်သို့ ပုံလဲကျသွားလေသည်။ အောက်မှာကလည်း သစ်ရွက်ကြွေများ ထူကြီးသည်ကြီးနှင့် ရှိနှင့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးသည်အဝေးသို့ လွင့်စဉ်သွားသည်။ အရာအားလုံးကို သူတို့မေ့သွားကြသည်။ ည၏ အေးစက်မှုကလည်း သူတို့ကို မထိုးဖောက်နိုင်တော့။

သစ်ရွက်ကြွေတောပေါ်၌ ပက်လက်လှန်အိပ်ရင်း သစ်ရွက်များကြားမှ လကို မော်ကြည့်နေမိသည်။

ထိုသို့ မော်ကြည့်နေရင်း သူ့ဘေးမှာ အိပ်ပျော်နေသော ယောကျာ်းအကြောင်းကို လီနို စဉ်းစားကြည့်နေသည်။

သူတို့နှစ်ယောက် တွေ့ကြသည့်နေ့ကို လီနို ကောင်းကောင်း အမှတ်ရနေသေးသည်။

အချိန်ကာလအားဖြင့် ဘာမှလည်းမကြာသေးပဲကိုး။

*

စာအုပ်

၁

ချစ်ရည်လူးကြသူများ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အပိုင်း

တစ်

သစ္စာနှံ့သူ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

ဝူပတာမြို့၊ အင်္ဂလန်ပြည်၊ ၁၉၅၀-ခုနှစ်

အခန်း ၁

ခြစ်ခြစ်တောက် ပူနေသော စက်တင်ဘာလ၏ နေ့ရောင်အောက်တွင် တစ်နေ့ကုန် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားမနေသည်။

မည်သို့သော ဘေးအန္တရာယ်များ ကျရောက်နိုင်သည်ကို ကောင်းစွာ သိနားလည်ထားသူ ရွှေရောင်ဆံပင်ပိုင်ရှင် မိန်းမလေးသည် မြင်းဖြူကြီး ကို အသားကျစီးလာသည်။

ခပ်နိမ့်နိမ့် တောင်ကုန်းကြောင်းအတိုင်း မြင်းစီးလာရင်း တောင်အောက်ကမြို့ကို အပေါ်မှ စီးမိုးပြီးတော့လည်း ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ပေါ်မှာ အစိမ်းရောင်ဂါဝန် ဝတ်ထားသည်။ မျက်နှာအမူအရာမှာ လူသူရှင်းလင်းသည့်ဘက်သို့ တစ်ယောက်တည်း မြင်းစီးထွက်သည့်သဘောမျိုး ဆောင်နေသည်။

အသက်ရှူမမှန်သည့် အချက်တစ်ချက် ကြောင့်သာ သူ့စိတ်ထဲမှာ စိုးရိမ်နေကြောင်း သိသာသည်။ ရင်သားတို့သည် နိမ့်ချီမြင့်ချီ ဖြစ်နေကြသည်။

အမြောက်ကျည်ဆံတစ်ခုကျကွဲသည့်အသံ ရုတ်တရက် ပေါ်ထွက်လာသဖြင့် သူ့ မြင်းဖြူကြီး လန့်သွားသည်။ ဟီသံတစ်ချက်ပေးကာ ပတတ်ရပ်သည်။ မိန်းကလေး၏ ဂါဝန်စ အပေါ်သို့ လန်တက်သွားရာ အလွန်လှပသော ခြေသလုံးသား ဖြူဖြူဖွေးဖွေးများ ပေါ်သွားလေသည်။

'စန္ဒီ ဗိုင်ယာ ငြိမ်ငြိမ်နေစမ်းပါကွယ်'

မြင်းဖြူကြီး၏ လည်ဆံမွေးများကို ကြင်ကြင်နာနာ ပွတ်သပ်ကာ နူးညံ့သော လေသံဖြင့် ချော့သည်။

မြင်းဖြူကြီး လန့်နေသလို မြင်းဖြူရှင် မိန်းကလေးလည်း လန့်နေပါသည်။

ကရှမ်ပဲဘက်သားမျိုး၏ ရုပ်တန့် စမ်းဆခြင်းကို နှစ်ကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရသည်။

မိန်းကလေး၏ တခဏပြတ္တိဉာဏ် ကောင်းလှန်းသော ကြောင့်သာ အလွယ်တကူ လွတ်မြောက်နိုင်ခဲ့ခြင်း ဖြစ်သည်။



ယခုတော့ တောင်ကြားထဲမှာ တည်ရှိနေသော ပုစတာ မြို့ကို အပေါ်စီးက ကြည့်ရင်း သူ မျက်မှောင် ကုပ်နေမိလေသည်။

ပူပြင်းသော နေရောင်အောက်တွင် ပုစတာမြို့၏ ရှေးဟောင်း ဘုရားရှိခိုးကျောင်းကြီးကို ပြိုးပြိုးပြက်ပြက်မြင်တွေ့နေရသည်၊ တိုက်ပွဲမှ ပေါ်ထွက်နေသည့် မီးခိုးလုံးများကြားက ဘုရားရှိခိုးကျောင်းအိုကြီးကိုမြင်တွေ့ရခြင်းသည် ကြေကွဲဝမ်းနည်းစရာ ကောင်းလှန်းလှပါ၏။

လက်နက်ကိုင် စစ်သားများ သူနိုင်ငါနိုင် အပြတ်အသတ်တိုက်ခိုက်နေကြသည်ကို အပေါ်စီးမှနေ၍ လိန္နိ အတိုင်းသား မြင်တွေ့နေရသည်။

အမိန့်ပေးသံများ၊ ခေါ်ဟစ်သံများ၊ ညည်းညူသံများ၊ မြင်းဟီသံများ၊ ဓားသွားချင်း ထိခိုက်မိသည့်အသံများကို အတိုင်းသား ကြားနေရသည်။

သေခြင်းတရားသည် တောင်အောက်ရှိ စစ်မြေပြင်တွင် အသင့် စောင့်ကြိုနေသည်။

သည်လိုနေရာမျိုးသို့ ဘတ္တိကောင်း လှပသည့်ရိုးသဘော အဘယ်ယောကျ်ားသား အရောက်လာပါသနည်း။

သို့သော် ဆယ့်ရှစ်နှစ်သမီးကလေး လိန္နိမရှင့်ဖိသည့် မြင်းဖြူကြီးစီးကာ သေမင်းတို့၏ နယ်မြေသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိလာချေပြီ။ အလွန် ခေါင်းမာသော မိန်းကလေး။

www.burmeseclassic.com

www.burmeseclassic.com



ဂျမီ...သူ၏ ဂျမီးသည် တောကြားထဲက စစ်ဖြစ်နေသော ဝူစတာမြို့ထဲမှာ ရှိနေသည်။

ဂျမီးကို တွေ့အောင်ရှာပြီး အိမ်ပြန်ခေါ်သွားဖို့ လီနီ အရင့်ဖို ယခုလို ရောက်လာခြင်း ဖြစ်ပါသည်။

လီနီသည် ကော့စ်ဝေါ ကောင်တန်းများဆီမှ မြင်းစီးလာခဲ့ခြင်းဖြစ်သည်။ လမ်းတစ်လျှောက်တွင် တောလုဟာလာသတင်း ခေါင်းစုံတို့နှင့်လည်း ကြုံတွေ့ခဲ့ရသည်။

ကရှမ်းဝဲက စစ်နိုင်ပြီး ချားစ်ဘုရင်ကလေးနှင့်စကော့လူမျိုးများ ရှုံးနိမ့်ကာ လက်လွတ် ထွက်ပြေး သွားရကြောင်းများ ကြားခဲ့ရသည်။

ယခုမူ စစ်မြေပြင်သို့ သူ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး နှုတ်ခမ်းကို တင်းအောင် စေ့လိုက်သည်။ သူက အင်္ဂလိပ်လူမျိုးဖြစ်ပြီး သူ့ချစ်သူဂျမီးက စကော့လူမျိုး ဖြစ်သည်။

ဖြစ်စမ်းပါစေလေဟု စိတ်ကို တင်းလိုက်သည်။ အရာရာတိုင်းသည် ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်ရသည်မဟုတ်ပါလားဟူ၍လည်း တရားနှင့် ဖြေသည်။

ဂျမီးသည် တော်လှန်ပုန်ကန်လာသည့် ကရှမ်းဝဲ တပ်များကို အသက်ပေးရှယ်သော ချားစ် ဘုရင်ကလေးဘက်မှ ခုခံတိုက်ခိုက်ရန် စစ်မြေပြင်သို့ ထွက်ခဲ့သည်။

ဘုရင်ဘက်မှ အ[illegible]ခြေ[illegible]ဖြစ်နေသည်။

ထို့ကြောင့် ဂျမီးကို စစ်မြေပြင်မှ [illegible]တွေ့အောင်ရှာပြီး အိမ်ပြန်ခေါ်ရန် လီနီ ထွက်ခဲ့ခြင်း ဖြစ်လေသည်။



ကရှမ်းဝဲ စစ်နိုင်ပြီး အစိုးရအာဏာရလျှင်၊ ထိုအချိန်မှာပင် ဂျမီးလည်း ကိုယ့်အိမ်ကိုယ် ယခုလို ပြန်ရောက်နေမည်ဆိုလျှင် သစ္စာဖောက်အဖြစ် ကြိုးပေး အသတ်ခံရဖို့ သေချာသည်။

ချောမော ပြေပြစ်သော ဂျမီး၊

စွဲမက် ဖွယ်ကောင်းသော ဂျမီး။

စစ်ထွက်ဖို့ ပြင်နေသော ဂျမီးကို လီနီ အမျိုးမျိုးတားသည်။ တားမရတော့သည့်နောက် ဂျမီး စစ်ထွက် မီညက ခေါင်းအုံးထဲမှာမျက်နှာ မြှုပ်ပြီး အားရအောင် ငိုခဲ့သေးသည်။

ထိုမျှမက ဂျမီးကို ဘယ်တော့မှ မချစ်တော့ဘူး ဟုလည်း ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့ နံနက်တွင် ဂျမီး တကယ်ပဲ စစ်ထွက်သွားပြီဖြစ်ကြောင်း တွေ့ရသောအခါ မိမိသည် ဂျမီးသာလျှင် ဖြစ်နေသည် [illegible] သ[illegible]ပေါက်လို[illegible]တော့သည်။

သူ့ဘဝဖြစ်သော ဂျမီးကို သူ ဆုံးရှုံး မခံ နိုင်ပါ။ ကရှမ်းဝဲဘက်သားများ ဖမ်းမိသွားတာကိုလည်း အဖြစ် မခံနိုင်ပါ။

ရွာထဲက ပုံတုံတုံ နန့်တန့်တန့် ကောင်မလေးနှင့် ဂျမီးတို့ ပရော်ပရည် လုပ်ဖူးသည်။ ဂျမီနှင့် လီနီ စကားများခဲ့သည်။ ထိုနေ့မှစပြီး သူတို့နှစ် ယောက် စကား မပြောကြ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ယခုလို ဂျမီး စစ်ထွက် သွား တော့ စကားမပြောဘဲ ဘယ်မှာ နေနိုင်လိမ့်မည်နည်း။

ယခုတို့လျှင် ဂျမီးကို ပြန်ခေါ်ရန် လေးငါးနိုင်ငံ၏ တံခါးဝသို့ပင် ရောက်နေပြီ၊ လူသတ်ကွင်းကို အထင်းသား လှမ်းမြင်နေရချေပြီ။ တစ်ဘက်နှင့် တစ်ဘက် ထိုးခုတ် သတ်ဖြတ်နေသည်ကိုလည်း အထင်းသား မြင်တွေ့နေရချေပြီ။

အချစ်အတွက် လီနို့ ရောက်လာခြင်း မဟုတ်ပါ။ အချစ်ထက် အများကြီးပိုသော အကြောင်းများကြောင့် ရောက်လာခြင်းဖြစ်ပါသည်။

ချာလီစ်ဘုရင်စစ်ရှုံးလျှင် အားလုံး ဒုက္ခရောက်ကြရတော့မည်။ ပြေးနိုင်လျှင်ပြေး၊ မပြေးနိုင်လျှင် သစ္စာဖောက်များအပြစ် ဒဏ်ခံပြီး ကြိုးစင်ပေါ် တက်ကြရတော့မည်။

ရာဇဝတ်ဘေး ပြေးနိုင်မှလွတ်မည့် အနေအထားမျိုး ဖြစ်သည်။

ထိမ်ပြန်လိုက်ဖို့ ဂျမီးအား ဖြောင်းဆန်နေလျှင် သူ့ အစ်မ ဖလော်ရာကို အကြောင်းပြမည်။ လောကတွင် ဂျမီးနှင့် ဖလော်ရာမှာ အစ်မတစ်ခု မောင်တစ်ခု ဖြစ်သည်။ တစ်ယောက်ကို တစ်ယောက် မှီခိုတွယ်တာနေကြရသည်။

ထို့ကြောင့် ဂျမီးမရှိလျှင် ဖလော်ရာ၏ဘဝ မည်မျှ အခြေအနေဆိုးသွားနိုင်ကြောင်း များ ပြောပြဖို့ စိတ်ကူး ထားသည်။



ထိုနည်းနှင့်မှ မရလျှင် နောက်ဆုံးနည်းကို သုံးရပေတော့မည်၊

နောက်ဆုံးနည်းဆိုလိုသည်မှာ မိမိတွင် ကိုယ်ဝန်ရှိနေပြီဟု ဖွင့်ပြောသည့်နည်း ဖြစ်သည်။

မကြာမီမွေးဖွားလာတော့မည့် ခင်သွေးကလေးကို ဒီအတိုင်းပစ်ထားခဲ့တော့မှာလား မောင်ရယ်ဟု မျက်ရည်ခံ ထိုးရတော့မည်။

တောင်အောက်က စစ်မြေပြင်ကို ငုံ့ကြည့်ရင်း လီနို့ မျက်မှောင်ကုပ်မိသည်။ စစ်ပွဲပြီးခါနီးနေသည့်အချိန် ဖြစ်ပါစေဟု ဆုတောင်းမိသည်။

ထိုသို့ ဆုတောင်းရင်း ဂျမီးမက်ကိုက်ဗာ ပြောပြဖူးသည့်စကားများကို ပြန်လည်ကြားယောင်နေမိသည်။

ဂျမီးမက်ကိုက်ဗာသည် စကော့တလန်ပြည်မှဖြစ်သည်။ ဘာသာရေးအားဖြင့်ချက်များကို မလိုက်နာဘဲ အကြိမ်ကြိမ်ချိုးဖောက်မိသဖြင့် စကော့တလန်တွင်မနေနိုင်တော့ဘဲ မှုခင်းမှအစ်မကြီးကိုခေါ်ပြီး အင်္ဂလန်ပြည်သို့ လွန်ခဲ့သည့်နှစ်နှစ်က ထွက်ပြေးလာခဲ့သူဖြစ်သည်။

လီနို့တို့၏ တွမ်မီးယားရွာကလေးသို့ ရောက်လာကာ ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးနေသည်၊

သည့်ရွာသို့ သူတို့မောင်နှမရောက်လာစဉ်က လီနို့မှာ ဆယ့်ခြောက်နှစ်သမီးကလေးဖြစ်သည်။ ရွာ၏ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမတွေ့အောင် ချောလွန်းသဖြင့် ယောက်ျားတိုင်းက လိနီကိုတန်းတန်းစွဲလိုက်နေကြသည်။

လိနီမှာ အလှသာရှိပါသည်။ ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝသူမဟုတ်ပါ။

သူ့အသက် တော်တော်ငယ်စဉ်က အမေဆုံးသွားသည်။ အဖေကလက်သမားဖြစ်သည်။ ပင်ပန်းကြီးစွာလုပ်ကိုင်စားသောက်ရသည်။ နောက် အဖေဆုံးသည်။ အစ်မဖြစ်သူမက်နှင့်အတူနေရသည်။

မက်၏ ယောက်ျားတွမ်ပရက်တယ်လ်က ယစ်ထုပ်ကြီးဖြစ်သည်။ နှစ်ဆယ့်လေးနာရီပတ်လုံး မူးနေသည်။ ထိုယစ်ထုပ်ကြီးကြောင့် သူတို့စားဝတ်နေ ရေးမှာ ပိုမိုကျပ်တည်းရလေသည်။

တွမ်ပရက်တယ်လ်မှ ရိုးရိုး ယစ်ထုပ်မဟုတ်။ မယားကို အလွန်နှိပ်စက်သော ယစ်ထုပ် ဖြစ်သည်။ မူးလာတိုင်း အကြောင်းမရှိအကြောင်းရှာပြီး မယားကိုရိုက်နှက်ညှဉ်းပန်းလေ့ရှိသူလည်း ဖြစ်သည်။

ထို့ကြောင့်မက်မှာ မကြာခဏကလေးပျက်ကျသည်။ ကိုယ်ဝန်ဆောင်တိုင်း ပျက်ကျနေရာ ယခုတိုင် သားသမီး မွေးထွန်းကားနိုင်သေး။

သည်လိုဖြင့် လိနီ၏ဘဝမှာ မတ္တာမိုးခေါင်သောဘဝ ဖြစ်နေရှာသည်။

ထိုအချိန်မျိုးတွင် သူတို့ရွာသို့ စကော့လူမျိုး ဂျမီးနှင့် ဖခင်ရာတို့ မောင်နှမရောက်လာကြောင်း၊ ပန်းပဲဖိုဖွင့်



ထားကြောင်း၊ ဂျမီးသည် အလွန် ချောမောလှပသည့် ယောက်ျားတစ်ယောက်ဖြစ်ကြောင်း တစ်ရွာလုံးသို့ ပျံ့နှံ့သွားသည်။

ထိုသတင်းကြားသောအခါ လိနီလည်းသွားကြည့်ချင်လာသည်။ ထို့ကြောင့် စနိုးဖိုင်းယား အမည်ရှိ သူ့မြင်းဖြူကြီးကိုထုတ်သည်။

သူပိုင်သောအဝတ်အစားအနည်းငယ်အပြင် ဤမြင်းဖြူကြီးလည်းရှိပါသေးသည်။ သူ့အဖေက အမွေပေးသွားခြင်းဖြစ်သည်။ သူချစ်ရေတွယ်တာရေဆိုလို့ သည်မြင်းဖြူကြီးတစ်ကောင်သာရှိသည်။ ထို့ကြောင့် ရှိသမျှအချစ်အားလုံး မြင်းဖြူကြီးပေါ်သို့ပုံချထားလိုက်သည်။

မြင်းဖြူကြီးကလည်း သူ့ကိုတွယ်တာရှာပါသည်။

စနိုင်းဖိုင်းယားသည် လေကဲ့သို့ လျင်မြန်သော မြင်းဖြစ်သည်။

ဖုန်ထူသောရွာလယ်လမ်းအတိုင်း စနိုးဖိုင်းယားကိုလိနီက အသားကျစီးလာသည်။ စနိုးဖိုင်း၏ လည်ဆံမွေးများသည်လည်းကောင်း၊ လိနီ၏ ရွှေရောင်ဆံပင်နှင့် ဂါဝန်သည်လည်းကောင်းလေထဲမှာဝဲပျံနေသည်။ ကြည့်၍လည်း အလွန်လှသည်။

ပန်းပဲဖိုရှေ့သို့ရောက်သောအခါ လိနီကစနိုးဖိုင်းယားပေါ်မှ ပေါ့ပါးသွက်လက်စွာ ဆင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်သေတ္တာထောင်မောင်းမောင်းပန်းပဲဆရာကလေး ဂျမီးမက်ကက်ဗာသည် ထိုမြင်ကွင်းကို တအံ့တသြ ငေး ကြည့်နေမိသည်။

'မင်း အမြဲတမ်းဒီပုံစံမျိုးနဲ့ပဲစီးသလား' ဟုလည်းအံ့သြ တကြီးမေးမိသည်။

'ဟုတ်တယ်၊ အမြဲတမ်းဒီလိုပဲစီးတယ်'

'ဒီမြင်းကို ပြိုင်ပွဲသွင်းဖို့ ကောင်းတယ်၊ ဂျော်ကီတစ်ယောက်ယောက်ရှာပြီး သူ့ကိုစီးခိုင်းယင်....'

'ကျွန်မပဲစီးမှာပေါ့၊ ဒါကျွန်မမြင်းပဲ'

လီနီကဂျမီ၏ စကားကို အဆုံးအထိ နားမထောင်ဘဲ ဖြတ်ပြောသည်။

မြင်းပွဲမှာ အမျိုးသမီးများ မြင်းမစီးနိုင်ကြောင်း၊ ဂျော်ကီအလုပ်သည် ယောကျ်ားများ၏အလုပ်သာ ဖြစ်ကြောင်း ပြောပြသည့်သဘောမျိုးဖြင့်ဂျမီးကပခုံးနှစ်ဘက်ကိုတွန့်လိုက်သည်။

လီနီက ဘာမျှပြန်မပြော။ သူ့မြင်းကိုသာ သံခွာရိုက်စေသည်။

ပြီးတော့ မြင်းသံခွာရိုက်ပေးသောဂျမီးကို အနီးကပ်သေချာစွာ အကဲခတ်ကြည့်သည်။

ဂျမီး ချောကြောင်း ရွာထဲမှာ ပြောနေကြခြင်းသည် အပိုချဲ့သားခြင်းပေါ်သည်ကို ကိုယ်တိုင်တွေ့ရတော့သည်။ တကယ်ကိုရုပ်ရည်ချောသောယောကျ်ားတစ်ယောက် ဖြစ်ကြောင်း ဝန်မခံဘဲ မနေနိုင်ပါ။



ဂျမီးကလည်းလီနီကိုအကဲပြန်ခတ်သည်။ အလွန်ချော မောလှပသည့် မိန်းမပျိုကလေး တစ်ယောက်ဖြစ်သည်ကို မည်သို့မှငြင်းနိုင်စွမ်း မရှိပါ။

လီနီကို အနေးကောင်းသောကြောင့် သူ့ကိုယ်ပေါ်မှ အဝတ်များ မီးခိုးရောင်တော့မလိုပင် ဖြစ်သွားသည်၊

ထို့ကြောင့် မိမိထံ ဂျမီး မလွဲမသွေ ရောက်လာမည်ဟု လီနီ အပိုင်တွက်ထားလိုက်သည်။ ဘယ်နေ့ရောက်လာမလဲ ဆိုသည်ကို စောင့်ကြည့်ရန်သာ ရှိတော့သည်။

သို့သော် သူထင်သလို ဖြစ်မလာ။

နောက် ရက်သတ္တ နှစ်ပတ်မျှအကြာတွင် လီနီ ဈေးသွားသည်။ လမ်းတစ်နေရာရောက်တော့ ဂျမီးကိုရွာထဲက အပျိုမတစ်ယောက်နှင့်အတူ တွေ့သည်။ ရယ်မဆုံး၊ ပျော်မဆုံးဖြစ်ကာ အကြည်ဆိုက်နေကြသည်။

လီနီကိုမြင်တော့ ဂျမီးက ခေါင်းညိတ်ပြီး နှုတ်ဆက်တာမျိုးလောက်တော့ လုပ်ပြပါသေးသည်။

သို့သော်လည်း သူ့ကောင်မဘက်သို့ ချက်ချင်း လှည့်သွားပြီး စောစောကအတိုင်း ဟန်မပျက် အကြည်ဆိုက်နေလိုက်သည်။

လီနီ၏ ရင်ထဲမှာ ဒေါသမီးတောင်များ တစ်လုံးပြီး တစ်လုံး ပေါက်ကွဲကြသည်။ ထို့ကြောင့် ဈေးမသွားတော့ဘဲ အိမ်ပြန်လှည့်လာသည်။

'ဒီကောင် ငါ့ထံကို ဘယ်နည်းနဲ့ဆို ရောက်အောင် ရောက်လာရမယ်' ဟုလည်း သန္နိဋ္ဌာန်ချမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကာစပြီး ဂျမီးကို ချောင်ပိတ် အမိဖမ်းရေးသည့် လီနို၏ အမိုက်ရည်မှန်းချက် ဖြစ်သွားလေတော့သည်။

နောက်ပိုင်း လီနိုနှင့် တွေ့သောအခါ ဂျမီးက ပြုံးရယ် နှုတ်ဆက်မှုများ ပြုမြဲပြုပါ၏။ သို့သော်လည်း သူ့အား တွင် ကောင်မတစ်ကောင် မဟုတ် တစ်ကောင်ကောင်က တော့ နေရာယူထားမြဲချည်း ဖြစ်လေသည်။

တစ်ရွာလုံးတွင်ရှိသော မိန်းကလေးများမှာ ဂျမီးနှင့် လွတ်ကင်းသည်ဟူ၍ လုံးဝမကြားဖူးတော့။ မလွတ်မလပ် အိမ်ထောင်သည်များနှင့်ပါ ဂျမီး ရှုပ်သော သတင်းများ ပြန့်ထွက်လာသည်။

သို့သော် ဘာအမှုမျှ မပေါ်သေး။ ကလေးပိုက်ပြီး ဂျမီးအိမ်သို့သွားကာ

'ဒါ ရှင်နဲ့ရတဲ့ကလေး' ဟု အမှုရှာသည့် အမျိုးသမီး တစ်ယောက်မျှ ပေါ်မလာသေး။

သူနှင့် လွတ်ကင်းသည့်မိန်းကလေး သည့်ရွာတွင် မရှိ တော့သည့် အခြေအနေမျိုး ရောက်နေသော်လည်း လီနို နှင့်ကျတော့ ထူးဆန်းစွာ လွတ်ကင်းနေသည်။

တစ်ရွာလုံးတွင် လှိုနို အလှဆုံး ဖြစ်သည်။ လီနို၏ အချစ်ကိုသာ ရမည်ဆိုပါက လေးဖက်ထောက်လာပါ ဆိုလျှင် လာမည့်သူတွေချည်းဖြစ်သည်။

ထိုကြားထဲတွင် လီနိုနှင့်ဂျမီးတို့ မဆုံစည်းကြသည်မှာ လီနို၏ ဆွဲဆောင်မှုကို တင်းခံထားနိုင်သော ဂျမီး၏သတ္တိ မှာ ချီးမွမ်းရမလို ဖြစ်နေသည်။



ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့တွင်တော့ မိမိ၏ ပိုက်ကွန် တွင်းသို့ ရောက်လာရမည်ဟုလည်း လီနိုကလည်း အပိုင် တွက်ကာ အချိန်ကိုသာ စောင့်နေသည်။

တစ်ညသွင် တုမ်ပရက်တယ်လ် မူးပြီး ပြန်လာကာ ထုံးစံ အတိုင်း သူ့ဇနီး မက် ကို ဆောင့်ကန်ပစ်လိုက်သည်။

မက်မှာ အခန်းထောင့်ဘက် နံရံဆီသို့လွင့်သွားပြီး တံခါး သက်ကိုင်တုနှင့် ခေါင်း တိုက်မိကာ ကွဲသွားသည်။

သူတို့အခန်းထဲသို့ လီနို ဝင်ပြေးသွားသည်တွင် မက်က ဒဏ်ရာကြောင့် မေ့နေပြီး တွမ်ကမူ အရက်မူးလွန်သဖြင့် သတိလစ်နေသည်။ သူ့ဘေးနားမှာ သံတုတ်တစ်ချောင်း ရှိနေသည်။

လီနိုက ထိုသံတုတ်ဖြင့် တွမ်ကို အဆုံး စီရင်ပစ်ဖို့ စဉ်းစားသေးသည်။ နောက်မှ စိတ်လျှော့လိုက်ပြီး သူ့ အစ်မကို ပြေးကြည့်သည်။

သူ့ အစ်မ သတိရလာသည်။ ဘေးက သံတုတ်ကို မြင်သည်။

'အဲဒီသံတုတ်နဲ့ ငါ့ကို သူ ရိုက်တာလား ဟင်' ဟု မေး သည်။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ ကျွန်မက သူ့ကို ရိုက်သတ်လိုက်ယင် ကောင်းမလားလို့ စဉ်းစားနေတာ' ဟု လီနိုက ပြန်ပြော သည်။

'မလုပ်ပါနဲ့ကွယ်၊ မလုပ်ကောင်းပါဘူး' ဟု သူ့ အစ်မက ဖျောင်းဖျသည်။

နောက်နေ့တွင် မက်မွှာ ကလေး ပျက်ကျပြီး သွေး လွန်ကာ ရေတိမ်နစ်ရရှာလေတော့သည်။

အစ်မ ကွယ်လွန်သောအခါ ခဲအို ယစ်ထုပ်ကြီးနှင့် တစ်အိမ်တည်း အတူဆက်နေ၍သင့်တော်ကြောင်း လီနို စဉ်းစားမိသည်။

သို့သော် ဘယ်သွားမည်နည်း၊ ဘာလုပ်မည်နည်း။

ရွာထဲတွင် ရှိရှိသမျှ ယောကျ်ားများသည် လီနိုကို စွဲမက်ကြသူများဖြစ်သည်။ လီနို၏ အချစ်ကို တောင်းခံဖူး သူချည်း ဖြစ်သည်။

ထိုအထဲမှ သင့်တော်သူတစ်ယောက်ယောက်နှင့် လက် ဆက်ကာ သူ့အိမ်ပေါ်မှ ဆင်းသွားရလျှင် ကောင်း မည်လားဟု စဉ်းစားကြည့်မိသည်။

ထိုသို့ စဉ်းစားသောအခါ ဂျမီးပတ်ကိုက်ဗာ၏ မျက်နှာက ပေါ်ပေါ်လာသည်။

ထိုမျက်နှာ ပေါ်လာသောအခါ သူ၏ စိတ်ကူးကို ရွှေ့ဆိုင်းထားဖို့ ချက်ချင်း ဆုံးဖြတ်လိုက်လေတော့သည်။

ထို့ကြောင့် တတ်နိုင်သလောက် စိတ်ကို ထိန်းကာ အချိန် ကာလ ကိုသာ စောင့်ဆိုင်း နေရတော့သည်။



တစ်ဘက်ကလည်း ယစ်ထုပ်ခဲအိုကြီးကို ချက်ပြုတ်ကျွေး မွေးနေရသေးသည်။

သည်လိုဖြင့် နွေရာသီပွဲတော်ရောက်လာသည်။

ချားလ်စ် ဘုရင်ကလေး စစ်ရှုံးကာ နန်းကျပြီး အရှမ်းဝဲအစိုးရ ဖြစ်လာသည့်အချိန်မှစ၍ ပွဲလမ်းသဘင် များကို ပိတ်ထားသည်။ ကပွဲခုန်ပွဲများကို တားမြစ်ထား သည်။

သို့သော်လည်း တောသူတောင်သား များကတော့ ကိုယ့်ရိုးရာယဉ်ကျေးမှုကို အစဉ်အလာမပျက်စေရအောင် နည်းမျိုးစုံဖြင့် ဥပဒေကို ရှောင်တိမ်းပြီး ဖြစ်သလို ကျင်း ပကြမြဲဖြစ်သည်။

ကပွဲကို ရွာပြင်မှာကျင်းပကြသည်။ ဝတ်ကောင်းစား လှ ဝတ်ဆင်ထားသည့် ဂျမီး၏ ပတ်လည်မှာ မိန်းမပျို ကလေးများ ဝိုင်းဝိုင်းလည်နေတော့သည်။

ထိုနည်း တူ စွာ ပင် လီနို၏ ပတ်လည်မှာလည်း ယောကျ်ားပျိုများတိုးမပေါက်အောင် ဖြစ်နေကြသည်။

ဂျမီး၏ပတ်လည်မှ မိန်းကလေးများ အကြားတွင် လီနိုမပါသလို လီနို၏ပတ်လည်ရှိ ယောကျ်ားလေးများ ထဲတွင်လည်း ဂျမီးမပါဝင်ချေ။

ထိုသို့ရှိနေကြခိုက် နောက်တစ်ကျော့ကဖို့ ဒစ်ဖော်နှင့် တေီဖင်မိုဖတ်တို့ နှစ်ယောက်က လီနိုကို ဖိတ်ခေါ်ကြ သည်။ သူ့အလျှင်ကမည် ငါ့အလျှင်ကမည်ဖြင့် ငြင်း ခုံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကိစ္စပေါက်တော့ လွယ်လွယ်ကလေးနှင့် လီနို ရှင်းပေးလိုက်နိုင်ပါသည်။

သို့သော်လည်း ထိုအဖြစ်အပျက်ကို မလှမ်းမကမ်းရှိ ဂျမီး အကဲခတ်ကြည့်နေကြောင်း လီနို သတိထားလိုက်မိသည်။ ထို့ကြောင့် ရိုးရိုးမဖြေရှင်းပေးတော့ပဲ ဒစ်နှင့် စတီဖင်ကို လက်ရုံးရည်ဖြင့် ပြိုင်ခိုင်းလိုက်သည်။

အနိုင်ရသူနှင့် အလျင်တွဲကမည်ပေါ့။

ဒစ်နှင့် စတီဖင်ကလည်း သဘောတူကာ ဂျာကင် အင်္ကျီများချွတ်ကြသည်။

လီနိုက ဂျမီးကို မသိမသာ လှမ်းကြည့်သည်။ နေရာမှာပင် မလှုပ်မယှက်ရပ်နေသည်။ ဒစ်နှင့်စတီဖင်ကိုလည်းကောင်း၊ လီနိုကိုလည်းကောင်း၊ အကဲခတ်နေသည်။

ဒစ်နှင့်စတီဖင်တို့၏ လက်ရုံးရည်ယှဉ်ပြိုင်ပွဲ စချေပြီ။ သူငယ်ချင်းများက ကိုယ့်အုပ်စုနှင့်ကိုယ် အော်ဟစ် အားပေးကြသည်။

လီနိုက ထိုတိုက်ပွဲကိုခဏကြာအောင် စိတ်မသက်မသာဖြင့် ကြည့်နေမိသေးသည်။ တစ်ယောက်၏ လက်သီးက အခြားတစ်ယောက်၏ မျက်နှာပေါ်သို့ ပြင်းထန်စွာကျရောက်ပြီး ကွဲကြပြဲကြ၊ သွေးထွက်သံယို ဖြစ်ကြသည်ကို စိတ်ထိခိုက်ဖွယ်ရာ မြင်တွေ့နေရသည်။

ထို့ကြောင့် လီနိုသည် အခြားလူများ သတိမထားမိအောင် မီးဖိုကြီး၏ တစ်ဘက်ခြမ်းဆီသို့ မသိမသာထွက်လာခဲ့သည်၊ လူအားလုံးက ဒစ်နှင့်စတီဖင်တို့၏ လက်သီးထိုးပွဲကို စိတ်ဝင်စားနေကြသောကြောင့် ထွက်လာရသည်မှာ လွယ်ကူပါသည်။



လူအုပ်ကို ကျောမခိုင်းမီ ဂျမီးကိုတစ်ချက်လှမ်းကြည့်လိုက်မိသည်။

သူ့ကို စိုက်ကြည့်နေသော ဂျမီးကို တွေ့ရလေသည်။

ယောက်ျားက မိန်းမကို စိတ်ဝင်စားသည့်အကြည့်။

လီနိုက ခေါင်းမော့ကာ မီးပုံကြီး၏ တစ်ဘက်ခြမ်းဆီသို့ ဆက်လျှောက်မြဲ လျှောက်လာခဲ့သည်။ သူ့နောက်က ဂျမီး သေချာပေါက်လိုက်လာမည်ကို အပိုင်တွက်ထားပြီးလည်း ဖြစ်သည်။

သစ်ပင်ကြီး တစ်ပင်အောက်မှာလီနိုရပ်သည်။

ကြောင်တစ်ကောင်ကဲ့သို့ ခြေသံလုံလုံဖြင့် ဂျမီးလိုက်လာသည်။

လီနိုက လှည့်ကြည့်သည်။

ဂျမီးနှင့် မျက်နှာချင်းဆိုင် ဖြစ်နေသည်။

တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ်ဘဲစိုက်ကြည့်ကြသည်။

စိန်ခေါ်သည့်အကြည့်၊

နောက်ပြီးတော့ အပြန်အလှန် လက်ခံ ကျေနပ်လိုက်သည့်အကြည့်။

ဂျမီးက လီနိုကို ဦးညွှတ်အရိုအသေပြုသည်၊ ပြီးတော့ လီနို၏လက်တစ်ဘက်ကို ဆွဲယူဆုပ်ကိုင်လိုက်သည်။ လက်ချင်းချိတ်မိသောအခါ နှစ်ယောက်သားကကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းမျှ မပြောဖြစ်ကြ။

ဘာ့ကြောင့်များ ဒါလောက်တောင် အညှာ လွယ်လိုက်ရပါလိမ့်ဟု လီနီက စဉ်းစားကြည့်နေမိသည်။

ဘာပဲဖြစ်ဖြစ် ဒီညတော့ သူ့အချစ်ကို လက်မခံလိုက်မိဖို့ သူ့ကိုယ်သူ အကြိမ်ကြိမ် ပြန်လည်သတိပေးနေမိလေသည်။

သို့သော် သူနမ်းသော အခါတွင်မူ လိုလိုလားလား ပြန်လည်တုံ့ပြန်ကာ အသားယားကြီး သာယာမိလေတော့သည်။

*



လောကသစ် တစ်ခုအတွင်းသို့ ယနေ့ည ချဉ်းနင်း ဝင်ရောက်မိသွားပြီ ဖြစ်ကြောင်း လီနီ သူ့ကိုယ်သူ သတိထားလိုက်မိသည်။

ဂျမီးက သူ့ကိုယ်ပေါ်ရှိ အကောက်အကြောင်းများကို လက်ဖြင့် တို့ထိကိုင်တွယ်ကြည့်နေသည်။

ပြီးတော့ မှတ်သိပ်စွာနမ်းပြန်သည်။

လီနီ၏ကိုယ်ပေါ်တွင် မီးဟုန်းဟုန်း တောက်နေပြီဟု ခံစားလာရသည်။ ဂျမီး၏အထိအတွေ့အကိုင်အတွယ် အပွတ်အသပ်များမှာ သာယာမိရချေပြီ။

www.burmeseclassic.com



သူ့ကို ငါ ချစ်နေမိပါပေါ့လားဟု မူးဝေစွာ လီနီ တွေးကြည့်နေမိသည်။

'လီနီ... တို့နှစ်ယောက် အခုတွေ့ဘာဟာ မှတော်တဆ တွေ့ကြတာ မဟုတ်ဘူး၊ ဒီလိုတွေ့နိုင်ဖို့ ငါကြိုတင်ကြံရွယ်ထားတာ'ဟု ဂျမီးကပြောသည်။

သူ့လေသံက လီနီ၏စိတ်ကို လှုပ်ရှား စေလေသည်။

'ကြိုတင် ကြံရွယ်ထားတာလား'ဟု မေးဟိုက်စွာ တိုးတိုးကလေး ပြန်မေးကြည့်မိသည်။

ဂျမီးက သူ့မျက်လုံး၊ သူ့နှုတ်ခမ်းနှင့် သူ့နှာခေါင်းများကို နမ်းနေခဲ့ပြီ။

'ဟုတ်တယ်၊ ငါ့ရဲ့ ဖူးစာရှင်အစစ်ဟာ မင်းပဲ၊ ဒီနေ့ ဒီရက် ဒီအချိန်ကို ငါစောင့်နေဘာ၊ တို့ စကောတလန် ပြည်မှာ အခုလို ဂိမ်းသွင်းပွဲတော်ကျမှ ယောကျ်ားနဲ့ မိန်းကလေး ပန်သစ္စာထားကြတယ်'

ဂျမီးက လှိုက်လှဲသော လေသံဖြင့်ပြောနေသည်။

'ဘယ်လို ပန်သစ္စာထားတာလဲ'

လီနီက ပြန်မေးသည်။ လေသံတိုးတိုးကလေး ဖြစ်နေ/သောကြောင့် မနည်းနားထောင်ယူရသည်။

လီနီ၏ သိမ်ကျဉ်းသော ခါးကလေးကို ဂျမီးက လက်တစ်ဘက်ဖြင့် သိမ်းဖက်လိုက်သည်။ ကျန်လက်တစ်ဘက်က မျက်နှာကလေးကို ကိုင်ကြည့်နေသည်။

'ပန်သစ္စာ ထားတယ်ဆိုတာ စကော့ လူမျိုးတွေရဲ့ ရှေးဟောင်းအစဉ်အလာ တစ်ခုပဲ၊ အခုလို ဂိမ်းသွင်းပွဲတော်မှာ ယောကျ်ားလေးနဲ့ မိန်းကလေး လက်ချင်းဆက်ကြတယ်၊ ပြီးတော့ တစ်နှစ်တိတိ အတူနေကြတယ်၊ တစ်နှစ်မပြည့်ခင် တစ်ယောက်ယောက်က ခွာသွားချင်တယ် ဆိုယင် ခွာသွားနိုင်ရှိတယ်၊ ဘာမှရှက်စရာ မလိုဘူး၊ တစ်ယောက်ကို တစ်ယောက် ကျေနပ်ပြီး တစ်နှစ်ပြည့်ရင် ဆက်ပြီး အတူနေဖြစ်တယ်ဆိုယင် သူတို့ဟာ တရားဝင် လင်နဲ့မယား အလိုလိုဖြစ်သွားကြရော'

ဂျမီးက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ ပြီးတော့ လက်တင်ဖက်ကို ကမ်းပေးသည်၊ လီနီ၏မျက်လုံးများကို စူးစူးရဲရဲ စိုက်ကြည့်သည်။ လှိုက်လှဲသော လေသံကြီးဖြင့် သူ ပြောပြန်သည်။

'ငါ့လက်ကိုဆွဲကိုင်လိုက်ပါ လီနီ၊ ပြီးတော့ နောက်နှစ် ဂိမ်းသွင်းပွဲတော်အထိ ငါနဲ့အတူတူလာနေပါတော့'

မီးပုံကြီးမှ အပူရှိန်က သူတို့ဆီသို့ လာဟပ်နေသည်။ သို့သော်လည်း လီနီ့အဖို့မူ ထိုအပူထက် ပိုသော အပူ တစ်မျိုးက သူ့အသားကို ကျွမ်းမလောင်မတတ် ဖြစ်နေသည်ဟု စိတ်ထဲမှာ ထင်မိလေသည်။

ပိုးသားလို နူးညံ့သော သူ၏ပါးပြင်များမှာလည်း လောင်ကျွမ်းတော့မတတ် ခံစားနေရသည်။

'ရှင်နဲ့အတူတူ လာနေရမှာလား' ဟုလည်း ရီဝေစွာ ပြန်မေးမိသည်။

'ဟုတ်တယ်၊ ဘာအနှောင်အဖွဲ့မှ မရှိဘူး လီနီ၊ မင်း ဆင်းချင်တဲ့အချိန်မှာ ဆင်းသွားနိုင်တယ်၊ ငါ့မြေနေ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



တားပိုင်ခွင့်မရှိဘူး။ မင်းကိုချစ်လွန်းလို့ အသည်းကွဲ ကျန်ရစ်ခဲ့မယ်ဆိုယင်တောင်မှ တားပိုင်ခွင့်မရှိဘူး။ ငါ့အပေါ် တစ်ခုခု မကျေနပ်ဘာနဲ့ တစ်ပြိုင်တည်း အချိန်မရွေး ကိုယ့်အိမ် ကိုယ်ပြန်သွားနိုင်တဲ့ သဘောပါ'

ရေခဲရေတစ်ပုံး လောင်းအချခံလိုက်ရသလို လီနို၏ တစ်ကိုယ်လုံးမှာ ဒေါသခိုးများ လွှမ်းခြုံသွားလေသည်။

'ကျွန်မတို့ဆီမှာတော့ ပန်းသစ္စာထားတဲ့ အလေ့အထမျိုး မရှိပါဘူးရှင်'

လီနိုက ချိုချိုကလေး ပြောသည်။ ပြီးတော့ သူ့လက်လှမ်းမမှီအောင် နောက်ဘက်သို့ ဆုတ်လိုက်လေသည်။

'ဒါဟာ စကော့လူမျိုး ဖြစ်တယ်ဆိုတာ မမေ့ပါနဲ့ လီနို'

ဂျမီးက သက်ပြင်းချရင်း ပြောသည်။

လူလိမ်ကြီး၊ လူလည်ကြီး။ လက်ထပ်ဖို့တော့မပြောဘဲ အတူနေဖို့ပဲ ပြောနေသည်။

'နောက်ပြီးတော့ တို့နှစ်ယောက်ပန်းသစ္စာထားတာကို ဘယ်သူမှလဲ မသိနိုင်ဘူး။ ငါ့အစ်မ ဖလော်ရာကို ဝိုင်းကူဖို့ တို့နဲ့ အတူတူလာနေတာပါလို့ ပြောလိုက်တာပေါ့။ ငါ့အစ်မ ဖလော်ရာ ဘာကယ်လဲ အလုပ်တွေများတယ်၊ သူ တစ်ယောက်တည်း ကောင်းကောင်း မနိုင်ချင်ဘူး၊ ဒါကြောင့် မင်းက လုပ်အားလာကူတဲ့ သဘောပေါ့ တို့



နှစ်ယောက် အတူတူအိပ်တာကို ဘေးလူတွေ သိနိုင်တာမှ မဟုတ်တဲ့'

'ရှင့်အစ်မ ဖလော်ရာ သိတာပေါ့'

လီနိုက အေးစက်သည့် လေသံဖြင့် ပြန်ပြောသည်။

ဂျမီးက ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

'ဖလော်ရာက ငါ့ စိတ်မချမ်းမသာ ဖြစ်မှာမျိုးကို ဘယ်တော့မှမလုပ်ဘူး။ တစ်ဦးတည်းသော မောင်လေးမို့ အလိုလိုက်တဲ့သဘော မဟုတ်ဘူး၊ ငါ့ကို သူ အရမ်းချစ်တာ၊ ဒါကြောင့် သူနဲ့ပတ်သက်လို့ တို့ ဘာမှ စိုးရိမ်စရာ မရှိပါဘူး'

လီနိုက သက်ပြင်းရှည်ကြီးချသည်။

သူ့ တစ်မျက်နှာလုံးကို ဂျမီး နမ်းခဲ့သည်။ ပြီးတော့ လက်မထပ်ဘဲ အတူ ပေါင်းသင်းနေထိုင်ကြဖို့ ကမ်းလှမ်းနေသည်။ ကမ်းလှမ်းပုံကြီးက အောက်တန်းကျလွန်းလှသည်။

ထို့ကြောင့် အောင့်အောင့်ကြီး ရပ်နေမိသည်။ တုန်လှုပ်ချောက်ချားသွားသော အမျိုးသမီးတစ်ယောက် လိုလည်း ဖြစ်နေသည်။

ထိုအဖြစ်ကို ဂျမီး သတိမထားမိ။ ရှေ့သို့ တိုးသွားသည်။ အသာ ရှူထုတ်လိုက်သည့်လေများ လှာတိုးသည် အထိ နီးကပ်အောင် ရှေ့သို့တိုးလာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အား... လီနို၊ မင်းဟာ ငါ့အတွက်တော့ တယ်မိန်းမနဲ့မှ မယှဉ်နိုင်အောင် တန်ဖိုးကြီးလှပါပေတယ်၊ နေ့စဉ်နဲ့အမျှ မင်းကိုကြည့်နေရင်း စွဲလမ်းစိတ်တွေဟာ ပိုလို့ ပိုလို့သာ ကြီးကြီးလာတယ်၊ ဒါကြောင့် မင်းကိုရဖို့ဟာ ငါ့ရဲ့ ရည်မှန်းချက်ကြီးတစ်ခု ဖြစ်လာတော့တယ်'

ကြည့်စမ်း.... ရည်မှန်းချက်တဲ့။ အချစ် မဟုတ်ဘူး။ သူ့ရဲ့ ရည်မှန်းချက်တဲ့။ ထိုစကားကို ကြားလိုက်ရသောကြောင့် လီနို၏ရင်ထဲမှာ ဒေါသစိတ်တွေ အစိုင်အခဲဖြစ်လာပြန်သည်။

ဒေါသစိတ်ကြောင့် မျက်လုံးအစုံ ကျဉ်းသွားသည်။ တစ်ချိန်တည်းမှာပင် ဂျမီးကို သူ ခုစ်မိကြောင်း သိနေသည်။ ဂျမီးကို ယူလိုကြောင်း သိနေသည်။ တကယ်ဆိုလျှင် ဂျမီးက သူ့ကို ခယတောင်းပန်နေခြင်း ဖြစ်သည်။

'ဂျမီး၊ ကျွန်မကို သိပ်ပြီး ဂုဏ်တင်လွန်းရာများရောက်မနေဘူးလား' ဟု ပြန်မေးသည်။

ရင်ထဲက ဒေါသစိတ်တွေကို မျိုသိပ်လို့သာ ထားလိုက်ပါတော့။

'နည်းတောင် နည်းပါသေးတယ် လီနို၊ မင်းဟာဒီမျှမက ဂုဏ်တင်ခံထိုက်တဲ့ မိန်းကလေးပါ'

ဂျမီးက အားတက်သရော ပြောသည်။

တစ်ချိန်တည်းမှာပင် မှုးမှုးရှူးရှူးနှင့် အော်လိုက်သည့် အသံတစ်ခု သူတို့ဆီသို့ ရောက်လာသည်။



'လီနို... မင်း ဘယ်ရောက်သွားပြီလဲ၊ ငါနိုင်သွားပြီဟေ့၊ မင်းနဲ့ အလျင်ကခွင့် ငါရသွားပြီ'

မဘောင်းဆိုးဝါး အစ်စုံအရာက လီနိုကို ဝင်ပူးသည်ထင်၏။ လက်တစ်ဖက်ကို ဂျမီးဆီသို့ ဆန့်တန်းပေးလိုက်မိလေသည်။

'ဝန်သစ္စာထားဖို့ ရှင့်ရဲ့ကမ်းလှမ်းချက်ကို လက်ခံပါတယ် ဂျမီးမက်ကက်ဗာ၊ ရှင်တို့ စကော့လူမျိုးတို့ရဲ့ ထုံးစံအတိုင်း ရှင်နဲ့ တစ်နှစ်တိတိ အတူတူနေပါ့မယ်' ဟုလည်း တင်ဆက်တည်း ပြောလိုက်မိလေတော့သည်။

ဂျမီးက ကမ်းပေးလာသော လီနို၏လက် ဝမ်းပန်းတသာဆီးကြိုဆွဲကိုင်သည်။

'လီနို' ဟုလည်း မြွက်နိုးရှာလေသည်။

ပြီးတော့ လီနိုကို ဆွဲပွေ့ယူကာ အားပါးတရ နမ်းသည်။ ထိုအနမ်းမှာ လီနိုသာယာမိသည်။ သို့သော်လည်း စိတ်ထဲမှာ ရှိနေသည့် ရည်ရွယ်ချက်ကို သတိပြန်ရသောအခါ သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်မိလေသည်။

'နေဦး၊ ဂျမီး ဒီနေ့ညတော့မဖြစ်နိုင်ဘူး၊ ဟိုက လှမ်းအော်ခေါ်နေတာကြားတယ်မဟုတ်လား၊ သူတို့လှမ်းခေါ်နေကြပြီ၊ ကျွန်မပျောက်နေယင် တောပြော တောင်ပြော ပြောပြီး တစ်မျိုးထင်နေကြလိမ့်မယ်၊ နောက်မှရှင့်ဆီလာခဲ့မယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်တော့လဲ'ဟု မေးသည်။ လီနီကိုလည်း မလွှတ်ချင်လွှတ်ချင်ဖြင့် လွှတ်ပေးလိုက်ရသည်။ ပြီးတော့ မယုံသင်္ကာသလို ငုံ့ကြည့်နေမိပြန်သည်။

'မကြာခင်ပေါ့'

လီနီက ခပ်တည်တည်ညာသည်။ လက်ချင်း ဆက်ကာ ပန်းသစ္စာထားပြီးသည့် မိန်းကလေးဟူ ဂျမီး ယုံကြည်နေလိမ့်မည်။ အင်မတန်မိန်းမရှုပ်တဲ့လူ။ ထင်စမ်းပါစေ လီနီကတော့ လုပ်စရာရှိသည်ကိုဆက်လက်လုပ်ကိုင်သွားဖို့သာ ဖြစ်သည်။

'မနက်ဖြန်လာခဲ့နော်'

'ဆိုပါတော့'

လီနီကလေသံတိုးတိုးကလေးဖြင့် ပြောသည်။

သို့သော် ဂျမီးက သူ့လက်ကောက်ဝတ်ကို ကိုင်ထားပြန်သည်။

'အို....ဂျမီ လွှတ်ပါ၊ ကျွန်မ အကြာကြီး ပျောက်နေတာ ကျွန်မခဲအိုပြန်မသိမှ တော်တော်ကြာ အလကားပြဿနာအရှာခံနေရဦးမယ်'

လီနီကအသာရုန်းပြီး မီးပုံတစ်ဘက်ခြမ်းဆီသို့ ပြန်လာခဲ့သည်။

'မနက်ဖြန်နော်'ဟု ဂျမီးပြောဖြစ်အောင် ပြောလိုက်သေးသည်။



ထိုညက စတီဖင်နှင့်တစ်လျောက်လုံးကခဲ့သည်။ ဒစ်နှင့်လက်သီးချင်း ပြိုင်ထိုးရာတွင် စတီဖင်သည် အနိုင်ရသူမဟုတ်ပါလား။

သူ့မျက်နှာမှာလည်း ဒဏ်ရာ ဒဏ်ချက်များ၊ သွေးစသွေးနများမြင်မကောင်းအောင်ရှိနေသည်။ သို့သော် လီနီနှင့် တွဲကခွင့်ရသောကြောင့် အရာရာကို စတီဖင် မေ့နေပုံရသည်။

လီနီကလည်း အညိုအမည်းစွဲနေသည့် သူ့မျက်နှာကို မော်ကြည့်ရင်း တစ်ချိန်လုံးတွဲကခဲ့သည်။

ရှုံးနိမ့်သူဒစ်ကတော့ မြက်ခင်းပေါ်မှာထိုင်ရင်းသူတို့နှစ်ယောက်ကို စိတ်မသက်မသာဖြင့် လှမ်းကြည့်နေလေသည်။

အချိန်တန်သဖြင့် အိမ်ပြန်ရန် ပြောသောအခါ စတီဖင်က....

'နင်တို့ အိမ်အရောက် ငါလိုက်ပို့ပေးမည်'ဟု ပြောသည်။

'စိတ်ချရမှာလား၊ အလျင်တစ်ခါ နှစ်ယောက်တည်းတုန်းက ကျွန်မအဘော်ဒီ ကိုကြီးကို ရှင်ဆွဲဖြတ်ပစ်ဖူးတယ်လေ'ဟု လီနီကပြန်ပြောသည်။

'မဟုတ်ရပါဘူး ဟာ၊ သစ်ကိုင်းနဲ့ ငြိပြီး ပြတ်သွားတာပါ'

'ရှင့်လက်ကြီးပါနော်၊ မသိဟန်ခက်၊ ဒါပေမယ့် ရှင်ထိမ်လိမ်မှာလိုက်ခဲ့ပါမယ်လို့ ကတိပေးယင်....'

www.burmeseclassic.com

www.burmeseclassic.com



လီနိုက စတီဖင်ကို ပြန်ကြည့်သည်။

'စိတ်ချပါ၊ လက်ဖျားကလေးနဲ့တောင် မတို့ပါဘူး ထတီပေးပါတယ် လီနို'

သူတို့နှစ်ယောက်ရှေ့ခတ်သို့ ပြန်လာကြသည်။ ဂျမီ သည် နောက်ဘက်မှနေ၍ မျက်တောင်မခတ် ကြည့်နေ မည်ဖြစ်ကြောင်း လီနိုကလည်းမကြည့်ဘဲနှင့် အတပ်သိပြီ ဖြစ်သည်။ မီးပုံခဲသားလောင်မပြန်သေးသဲ ကနေရစ်သူအချို ကျန်သေးသည်။

ဂျမီးသည် အိမ်သို့အလျင်ရောက်အောင်သွားပြီးအိမ် ထဲသို့ မိမိပြန်ဝင်သည်ကို တစ်နေရာရာမှ စောင့်ကြည့် စောင်းကြည့်နေလိမ့်မည်ဟု လီနိုထင်သည်။ ထို့ကြောင့် ဂျမီးကို အရူးလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

'ဒီထဲမှာ စကားထိုင်ပြောကြရအောင်'

ဘုရားရှိခိုး ကျောင်းနောက် ရောက်သောအခါ လီနို ပြောသည်။ မနက်အရုဏ်တက်လောက်အထိ စကားထိုင် ပြောရင်း အချိန်ဖြုန်းပစ်လိုက်ဖို့ လီနိုစိတ်ကူးသည်။

စတီဖင်ကတော့ ဖိုးကျိုင်းတုပ်ဖြစ်သွားသည်။

အခုရေးထဲ သူကချစ်ရေးဆိုနေပြန်သေးသည်။

အရုဏ်တက်ခါနီးတွင် လီနိုပြန်လာသည်။ မနေ့က မီး ပွဲမသွားမီက သူ ခဲ့အိုတွမ်ပရက်တယ်လ်သည် လူမှန်းမသိ အောင် အရက်မူးနေသည်။

ဂျမီးချောင်းကြည့်နေသည်ဆိုလျှင် မမြင်နိုင်ရန် လီ က နောက်ဘေးပေါက်မှ လှည့်ဝင်သည်။ တံခါးမျှ



ကို အတွင်းမှ ပိတ်ထားတာတွေ့ရသည်။ သို့သော်လည်း လီနိုအဖို့ ပြဿနာမဟုတ်ပါ။ မီးဖိုချောင်မှ ပြတင်းပေါက် တံခါးကို ဖွင့်ပြီး ကျော်ဝင်လိုက်သည်။

အတွင်းသို့အဝင်မှာကောင်းပေါ့။ မှောင်ထဲမှာ ရှိနေ သောအိုးတစ်လုံးကိုတည်အညီကြီး တက်နင်းမိသည်။ နံရံ ဘေးရှိ ခုံတန်းလျားပေါ်မှာ အိပ်နေသော တွမ်ပရက် တယ်လ်နိုးသွားသည်။

'ဪ... ပြန်လာပြီကိုးနင့်အပြန်ကိုငါစောင့်နေတာ၊ နင်နဲ့အိပ်ခဲ့တဲ့အကောင် ဘယ်ကျန်ရစ်သလဲ ပြောစမ်း'

တွမ်ကရှိုင်းရှိုင်းစိုင်းစိုင်း ဆီးကြိုမေးသည်။

'ဘယ်သူနဲ့မှအိပ်နေတာမဟုတ်ဘူး၊ တောထဲ သွားပြီး ဟင်းသီးဟင်းရွက်ရှာနေတာ'

လီနိုက ပြန်အော်သည်။

'ဒီအချိန်ကြီးမှာ ဟင်းသီးဟင်းရွက် ရှာသလား၊ လူ သိမ်မ၊ နင့်ကို အကည်မကြုံတဲ့ကောင်နဲ့ သွားအိပ်တာ တာ ငါလုပ်ကျွေးဖို့ ခွေးမျိုးခလေး တစ်ကောင် မွေး သာအောင် တမင် ညစ်တာလား'

ထိုစကားကြောင့် လီနို၏မျက်နှာ မှုန်ဖွသွားသည်။

'ခွေးမျိုးကြီး၊ ရှင် ဘာစကားပြောတာလဲ၊ ကျုပ် အဝ်မကိုလဲ ရှင်သတ်တဲ့အထိနှိပ်စက်ပြီးပြီ'

'ကျုပ်အမေ' ဆိုသော စကားကြောင့် သားလောသူ ကောင်းကို တွမ် ပြန်သတိရသည်။ ဒီကောင်မလေး ရှိနေသော ကြောင့် သူတို့ အိမ်ထောင်ရေး အဆင်မပြေဖြစ်ရသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ အစွဲရှိသည်။ ထိုကြောင့် ဒေါသက ပိုကြီး လာသည်။

'ရွှေသူခိုးမ'

တွမ်က ဆဲဆဲဆိုဆိုနှင့် အသင့်ရှိနေသော တုတ်ဖြင့် ကောက်ရိုက်သည်။ လီနို ကြိုးစား ရှောင်ပေါ်သည်။ သူ့ သော် လက်မောင်းတစ်ဘက်ပေါ်သို့ တုတ်ချက်က ပြင်း ထန်စွာ ကျလာသည်။ ထိုလက်မှာ မလှုပ်နိုင်အောင် ဖြစ် သွားသည်။

ခုခံစရာ လက်နက်မရှိသဖြင့် တစ်ဘက် အိပ်ခန်းထဲသို့ ဝင်ပြေးသည်။ တွမ်က ထိုအခန်းထဲ အထိ လိုက်ရိုက် သည်။

[illegible]တော့သည့် အဆုံးတွင် အိမ်ပြင်သို့ ထွက် ပြေးရတော့သည်။ တွမ်ကလည်း နောက်မှ တကြော် မကွာ လိုက်လာသည်။

'ကျွန်မကို အရက်မူးပြီး လိုက်သတ်နေပါတယ်တော့'

လီနိုက အသံကုန် အော်သည်။ အော်ရင်း ခြေဦးတည့် ရာ ပြေးသည်။ အိပ်ရာမှ စောစောနိုးသော ရွာသူရွာသား များ ဝိုင်းအုံလာသည်။ သူတို့နောက် ပြေးလိုက်ပြီးကြည့် သူက ကြည့်ကြသည်။

လီနိုသည် ခြေဦးတည့်ရာ ပြေးနေသည်မှာ မှန်သော် လည်း ထိုခြေဦးတည့်ရာသည် ဂျမီးတို့အိမ်နှင့် ပန်းပဲဖိုရှိရာ သို့ ဖြစ်နေကြောင်း သတိမထားလိုက်မိချေ။



ဆူဆူညံညံအသံများကြောင့် ပန်းပဲဖိုတွင် မီးမွှေးခါစ ဂျမီးက ထိုင်ရာမှထ၍ အသံလာရာဆီသို့ လှမ်းကြည့် သည်။

လီနိုက သူ့ဆီသို့ တန်းတန်းမတ်မတ် ပြေးသွားသည်။ ဂျမီးက လီနိုကို သူ၏ နောက်ကွယ်ဘက်သို့ ပို့လိုက်သည်။ သူက ရှေ့မှ မားမားမတ်မတ် ရပ်သည်။

'ဘာဖြစ်ကြတာလဲ' ဟုလည်း ကျားဟိန်းသလို မေး သည်။

တွမ်မှာ သူတို့ပိုင်နက်ထဲ မဝင်ရဲဘဲ ခြံအပြင်မှာ ရပ် နေရစ်ခဲ့သည်။

'ဒီကောင်မလေးဟာ ငါ့အုပ်ထိန်းမှု အောက်မှာ ရှိ တယ်၊ မင်းနဲ့ ဘာမှမဆိုင်ဘူး မက်ကိုက်ဗာ၊ ဒီကောင်မ လေး တစ်ညလုံး အပြင်လွှက်ပြီး အလေလိုက်နေတယ်၊ ဒါကြောင့် ငါ ဆုံးမတာကို မင်း ဘာမှ ဝင်ရှုပ်စရာ မလိုဘူး'

'အလကားပြောတာ၊ ကျွန်မ တောထဲသွားပြီး ဟင်းရွက်ခူးနေတာ'

ဂျမီးနောက်မှာ ကွယ်နေသော လီနိုက ပြောသည်။ ဂျမီးသာ ရင်ကို ကော့လိုက်သည်။

'ခင်ဗျား အုပ်ထိန်းမှုအောက်မှာ လီနို မရှိတော့ဘူး' ဟုလည်း ပြတ်သားသည့်အသံဖြင့် ပြောလိုက်သည်။

တွမ်က မျက်တောင်ခတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဩ…မင်းက သူ့ကို ဘုရားရှိခိုးကျောင်း ခေါ်သွားပြီး လက်ထပ်တော့မှာပေါ့လေ၊ ဟုတ်လား မက်ကိုက်ဗာ' ဟု သရော်တော်တော် ပြန်မေးသည်။

ထိုအချိန်မှာပင် နောက်ဘက်မှအမျိုးသမီးအသံတစ်ခု ပေါ်ထွက်လာသည်။

'ရှင့်ကိုသူ ပြန်ပြောမကြားရသေးလို့ ဖြစ်လိမ့်မယ်၊ လီနီကို ဒီအိမ်မှာ ဝိုင်းကူလုပ်ဖို့ ကျွန်မ ခေါ်ထားပြီးပြီ၊ နောက်ပြီးတော့ အသက် ဆယ့်ရှစ်နှစ် ပြည့်ပြီးတဲ့ မိန်းမပျိုကလေးတစ်ယောက်ဟာ မလင်းတမ်း မူးနေတဲ့ ရှင့်လို ယစ်ထုပ်ကြီးနဲ့ တစ်အိမ်တည်း အတူနေနေကာလဲ မတော်ဘူး တွေ့ယ်ပရက်တယ်လ်'

အသံရှင်ကို တွမ်က လှမ်းကြည့်သည်။ အသံရှင်မှာ ဂျမီး၏အစ်မ ဖလာရာ ဖြစ်သည်။ လက်ထဲ မှာ လည်း တံမြက်စည်း တစ်ချောင်းကို အသင့် ကိုင်ထားသည်။

တစ်လျှောက်လုံး ကိုင်လာခဲ့သည့် တုတ်ကို တွမ်က မြေပြင်ပေါ်သို့ ဒေါသတကြီး ပစ်ချလိုက်သည်။

'အရည်ထွက်အောင် အပျင်းထူတဲ့ ကောင်မ၊ အင်မတန် အလုပ်လုပ်ပါလိမ့်မယ်ဗျာ၊ ဒါ အပြတ်ပဲ၊ ကျုပ် အိမ်ရိပ်ကို ဒီတစ်သက် ခြေလှမ်းနင်းမယ် မကြံနဲ့တော့'

တွမ်က နာကြည်းစွာ ပြောသည်။

'မဆိုင်တဲ့လူတွေ ငါ့ပိုင်နက်ထဲက ထွက်ကြပေတော့'

ဖလော်ရာက အော်သည်။ ခြံရှေ့မှလူအုပ်က တဖြည်းဖြည်း ကွဲသွားသည်။



ဂျမီး၏ နောက်ကွယ်မှာ ကပ်နေသော လီနီသည် ထိုအခါကျမှ တင်စုံတစ်ရာကို သတိရဟန်နှင့် ဂျမီးကို ပြောသည်။

'ဂျမီး…စန်းဖိုင်းယား အိမ်မှာ ကျွန်ုပ်နေရစ်ခဲ့ပြီ၊ အဲဒီ မြင်းက သူနဲ့ သာမှ ဆိုင်တာ၊ ကျွန်မပိုင်တဲ့မြင်း၊ သွားယူပေးပါရှင်၊ ဒေါ်အောင်ကြာ လူကိုမလုပ်ရလို့ဆိုပြီး ကျွန်မ မြင်းကြီးကိုမဲ့ပြီး နှိပ်စက်နေပါဦးမယ်'

ဂျမီးက တွမ်ကို တစ်ချက်လှမ်းကြည့်သည်။

'အခု သွားယူပေးမယ်'

ဂျမီးက ကျယ်လောင်စွာ ပြောသည်။ သူ့အနားမှာ သံခွာရိုက်ဖို့ စောင့်နေသည့် မြင်းတစ်ကောင် ရှိသည်။ ထို မြင်းပေါ်သို့ လွှားခနဲတက်သည်။ အပေါ် ရောက် လျှင် လီနီကိုလည်း မြင်းပေါ်သို့ သုတ်ခနဲ ဆွဲတင် လိုက်သည်။

'နောက်ပြီး မင်းအဝတ်အစားတွေ ကျန်သေးတယ် မဟုတ်လား၊ အဲဒါတွေပါ ယူရမှာပေါ့၊ တခြား မင်း ပိုင်တဲ့ ပစ္စည်းမှန်သမျှ အကုန်လုံးယူရမှာ၊ တစ်ယောက်ယောက်က ငါ့ကိုဝင်တားယင် လက်သီးစာ ကျွေးပစ်ရမယ်'

စကားဆိုးသည်နှင့် တွမ်ပရက်ယ်လ်အိမ်အားမှ ဆယ်ပြီး မြင်းကို ဒုန်းစိုင်းသွားသည်။ တွမ်မှာ ကြက်သေ သေနေ သည်။

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာတော့ စနိုးဖိုင်းယား မြင်းဖြူကြီးကို စီးပြီး လီနိုပြန်ရောက်လာသည်။ ဂျူမီးက စောစောက စီးသွားသည့် မြင်းကိုပင် ပြန်စီးလာသည်။ သူ့လက်ထဲမှာ စားပွဲခင်းနှင့် ထုပ်ထားသော အထုပ်ကြီးတစ်ထုပ် ပါလာသည်။

အဖြစ်အပျက်က မြန်လွန်းသည်။

ဂျူမီးက အထုပ်နှင့် လီနိုကို သူ့အစ်မ ဖလော်ရာ၏ လက်သို့ အပ်လိုက်သည်။ သူကိုယ်တိုင်ကမူ မီးထည့်စဖားဖိုဆီ ပြန်လှည့်သွားတော့သည်။

'ကျေးဇူးတင်လိုက်တာရှင်၊ တွမ်က ကျွန်မကို မောင်းချလိုက်ယင် ဘယ်သွားရမှန်း မသိလို့ စိတ်ညစ်နေတာ ကြာပြီ'

အိမ်ထဲသို့ဝင်ရန် ခြေလှမ်း အပြင်လိုက်တွင် လီနိုက ပြောသည်။ သို့သော် ဖလော်ရာက သူ့ကျေးဇူးစကားကို လက်မခံ။

'ငါလုပ်နေတာတွေ အားလုံးဟာ ဂျူမီးအတွက်ချည်းပဲ၊ မင်းနဲ့ လက်ချင်းဆက်ပြီး ပန်သစ္စာထားတာကို မင်းလက်ခံလိုက်တဲ့အကြောင်း ဂျူမီးက ငါ့ကိုပြန်ပြောပြတယ်၊ ပန်သစ္စာထားတာတွေ ငါဂရုမစိုက်ပါဘူး၊ ဒါပေမယ့် ဂျူမီး တစ်ခုခုလုပ်ချင်တယ်ဆိုယင် ဘယ်တော့မှ ငါမတားဘူး၊ နောက်ပြီး ဒီအိမ်မှာ မိန်းမနှစ်ယောက် လုပ်မှနိုင်မယ့် အလုပ်တွေ ဘယ်လောက် ရှိနေတယ်မယုတ်သလား၊ ကြက်ခြံရှိတယ်၊ ဝက်မွေးထားတာရှိတယ်၊ စိုက်ပျိုးခင်းကလေးတစ်



ခုလဲ ရှိသေးတယ်၊ မင်းဘယ်လောက် အလုပ်လုပ်နိုင်သလဲ ဆိုတာ ကြည့်ကြတာပေါ့'

လက်ချင်းဆက်တာ ပန်သစ္စာ ထားခဲ့မိပြီကိုး။ ထို အကြောင်းကို လီနို လုံးဝမေ့နေသည်။ မနေ့ညတုန်းက ပျော်စေပြက်စေသောဟာ ပြောခဲ့ခြင်းသာ ဖြစ်သည်။ ထို ကတိအတိုင်း လိုက်နာဖို့သည်း နည်းနည်းကလေးမှ ရည်ရွယ်ချက် မရှိခဲ့။

ယခုတော့ ပြေးပေါက်မရှိအောင် ချောင်ပိတ်မိသလို စိတ်ထဲမှာ ခံစားလိုက်ရလေတော့သည်။

ဖလော်ရာက လိုအပ်သည်များကိုပင် စီမံခန့်ခွဲနေပြီး

'ညည်း ဟောဒီအခန်းထဲမှာအိပ်'

မီးဖိုချောင် အပေါ်ထပ်မှ အခန်းကလေးကိုပြသည်။ အမိုးက နိမ့်လျှောအောက်တွင် နိမ့်လှသော်လည်း မြတင်းပေါက်ကလေး ပါသဖြင့် အိပ်ပျော်ပါသည်။ မွေ့ရာ တစ်ခု ရှိနေသည်ကိုလည်း တွေ့ရသည်။ စောစောပိုင်းတုန်းက စတိုခန်းကလေးအဖြစ် သူတို့ အသုံး ပြုကြပုံရသည်။

'ဒီအခန်းကလေးက ကျဉ်းတော့ ကျဉ်းတယ်၊ ဒါပေမယ့် မင်း စိတ်လွတ်ကိုယ်လွတ် လွတ်လွတ်လပ်လပ် နေနိုင်တယ်၊ ငါက အောက်က အခန်း ကျယ်ကြီးထဲမှာအိပ်တယ်၊ ဂျူမီးက မီးဖိုထဲမှာ အိပ်တယ်၊ အမှန်တော့ မင်းကို ငါနဲ့အတူတူ သိပ်ဖို့ပဲ၊ ဒါပေမယ့်...'

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မင်းက ဂျမီးနဲ့ ပန်းသစ္စာ ထားပြီးပြီဆိုတော့ ... ပြောဖို့ဖြစ်သည်။ သို့သော်လည်း ဆက်မပြောပဲ တစ်ပိုင်းတန်းလန်းမှာ ရပ်ထားလိုက်သည်။

သို့ သော် လိနို၏မျက်နှာမှာ တော့ သွေးရောင်ရဲသွားလေသည်။

ပစ္စည်းကလေးများကို အိပ်ခန်းကျဉ်းကလေးထဲမှာ နေရာချထားပြီးသည်နှင့် အတွေးပေါင်းစုံတို့ကို တွန်းတုတ်ကာ အောက်ထပ်သို့ ထမင်းကတန်း ပြန်ဆင်းခဲ့သည်။

ဖလော်ရာကို ဝိုင်းကူလုပ်သည်။ ဘယ်အလုပ်မျိုးကို ဖလော်ရာ မည်သို့လုပ်ကိုင်ကြောင်း၊ ဘယ်ပစ္စည်းကို မည်သို့ ကိုင်တွယ်အသုံးပြုကြောင်း၊ မည်သည့်နေရာတွင် ဘာပစ္စည်း ရှိကြောင်းများကို လေ့လာသည်။

သို့သော်... ညကျလျှင် ဘာလုပ်ရမည်နည်း။

ထိုညကို သူ ကြောက်လှပါသည်။ ကြောက်ပါသည်ဆိုကာမှ ထိုညက အချိန်တိုတိုနှင့် ရောက်လာ လေတော့သည်။

ညစာစားပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ အိပ်ခန်းကလေးက တမ်၏အိမ်မှာ ရှိသော သူ့ အိပ်ခန်းထက် အနည်းငယ် ပိုကျဉ်းသော်လည်း သပ်သပ်ရပ်ရပ် ရှိသဖြင့် စိတ်ချမ်းသာစရာ ကောင်းပါသည်။



အခန်းတံခါးကို ပိတ်လိုက်သည်။ အောက်မှ အသံများကို နားထောင်နေမိသည်။ နေ့ခင်းဘက် ပူသကဲ့သို့ပင် ညဘက်မှာ အိုက်လှသည်။

အိမ်ပြင်ဘက်သို့ ဂျမီး ထွက်သွားသည့်အသံ ကြားရသည်။ နံရံမှရှိသော အပေါက်ကလေးမှတစ်ဆင့် ချောင်းကြည့်သည်။ အိမ်ရှေ့တွင် ရပ်နေသော ဂျမီးကို လရောင်ကြောင့် ထင်ထင်ရှားရှား မြင်နေရသည်။

ကြာကြာတော့ ဖွင့်ထားသော ပြတင်းပေါက်ကို ကျော်ကာ လိနို၏ အိပ်ခန်းထဲသို့ ဂျမီး ရောက်လာလေတော့သည်။

လက်ချင်းဆက်ကာ ပန်းသစ္စာ ထားခဲ့မိပြီကိုး။

တစ်ရွာလုံးနိုးကုန်အောင် အသံကုန် အော်လိုက်မည်ဟု ခြိမ်းခြောက်ကြည့်သော်လည်း ဂျမီးက မကြောက်တော့ပြီ။

ဘာတတ်နိုင်တော့မည်နည်း။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

ဂျမီးတို့၊ ဖလေဘ်ရာတို့နှင့်အတူ နေရသည့် သူ့ဘဝသည် အစ်မအိမ်မှာ နေရသောဘဝနှင့် လုံးဝမတူ၊ ခြားနား သွားလေသည်၊

ဖလေဘ်ရာတို့ မှောင်နွံမှသည် စဘော့ လူမျိုးများ ဖြစ်သော်လည်း အင်္ဂလိပ်နှင့်တူအောင် အထက်နိုင်ဆုံး ကြိုးစားကြသည်။ အင်္ဂလိပ်ဝတ်စုံနှင့် အင်္ဂလိပ်ယဉ်ကျေး မှုများကို ကြိုးစားလိုက်နာကြသည်။

နောက်ပြီး မှောင်နွံမှ နှစ်ယောက်စလုံး နိုင်ငံရေးကို စိတ်ဝင်စားသည်။ ချားလ်စ်ဘုရင်လေး စစ်ရှုံးရသည်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ဘုရင်စနစ် လုံးဝဖျက်သိမ်းပစ်ပြီး ပါလီမန်စနစ် ထူထောင်လိုသော ကရွမ်းဝဲ စစ်နိုင်နေသည်ကို လည်းကောင်း နည်းနည်းကလေးမှ မလိုလားနိုင်အောင် ဖြစ်နေကြသည်။

တစ်တိုင်းတစ်ပြည်လုံးတွင် စစ်ဖြစ်နေသော်လည်း သူတို့နေထိုင်ရာ တွင်းမီးမီးယားရွာကလေးမှာ စစ်နှင့်လွတ်နေသည်။ ထို့ကြောင့် ပြည်တွင်းစစ် ဒဏ်ကို သူတို့ နှဖူးတွေ့ဒူးတွေ့ မခံစားဖူးကြချေ။

ချားလ်စ်စတူးဝပ် ဘုရင်ကလေး ယော်လန်မှ ပြန်ကူးဝင်လာသည်ကို အားလုံးသိကြသည်။ စကော့လူမျိုးများက ဘုရင်ကလေးကို ဝမ်းပန်းတသာဆီးကြိုကြကြောင်းနှင့် စကော့တလန်၏ ဘုရင်အဖြစ်နှင့်လည်း ဘိသိက်သွန်းခံလေးပြီးဖြစ်ကြောင်း ဖလော်ရာတို့မောင်နှမ သိပြီးဖြစ်ရာ ဘုရင်ကလေးကို ပို၍တောက်ခံနေတော့သည်။

ခရစ္စမတ်အကြိုနေ့တွင် ကရွမ်ဝဲ၏တပ်များက အီဒင်ဘာမြို့ကို သိမ်းပိုက်လိုက်သည်။

သို့သော် မတ်လတွင် ချားလ်စ်ဘုရင်၏ တပ်များက ပြန်လည်သိမ်းပိုက်လိုက်သည်။ ထိုမျှမက စကော့လူမျိုး နှစ်သောင်းကိုလည်း ဘုရင်ကလေးက စစ်သင်တန်းများ ပေးနေကြောင်း သတင်းများ ရောက်လာသည်။ ထိုစစ်အင်အားဖြင့် အင်္ဂလန်ပြည်ကို တိုက်ခိုက်ဝင်ရောက် သိမ်းပိုက်ရန် ဖြစ်သည်။

သည်နေရာမှာ ဂျမီး ရှုပ်ပိုးထိုးတော့သည်။



'တို့နဲ့ ဘာမှမဆိုင်ဘူး ဂျမီး၊ သူတို့ဘာသာ သူတို့ ဘာဖြစ်ဖြစ် အနေသာကြီး၊ တို့နှစ်ယောက်လုံး အခု အင်္ဂလိပ်လူမျိုးတွေ ဖြစ်ကုန်ပြီ မဟုတ်လား၊ စကော့တလန်နဲ့ ဘာမှမဆိုင်ဘူး၊ စကော့လူမျိုးနဲ့လဲ ဘာမှမဆိုင်ဘူး' ဟု ဖလော်ရာက စစ်သွေးကြွနေသော သူ့မောင်ကို တဟန့်တည်း ဟန့်နေရသည်။

တစ်ဘက်ကလည်း သူ့မောင်နှင့် လီနိုတို့ ကိစ္စက ရှိသေးသည်။

'ငါ့မောင်အကြောင်း ငါသိတယ်နော်၊ ဒီကောင်က မင်းကို ဘုရားရှိခိုးကျောင်း ခေါ်သွားပြီး လက်ထပ်မှာ မဟုတ်ဘူး၊ တစ်သက်လုံး လူပျိုလုပ်ပြီး ရှုပ်ချင်တိုင်းရှုပ်နေချင်တဲ့အကောင်' ဟု ဖလော်ရာက ပြောဖူးသည်။

သို့သော် လီနို ဘာငြင်းနိုင်မည်နည်း။

တစ်ခါတွင် ဖလော်ရာက—

'ညည်း ကိုယ်ဝန်များ ရှိနေသလား' ဟု မေးသည်။

'မရှိသေးပါဘူး'

'ကိုယ်ဝန်ရှိလာလျက်နဲ့ မင်းကို ဘုရားရှိခိုးကျောင်း ခေါ်သွားပြီး လက်မထပ်ဘူးဆိုယင် ဗိုကောင့်ကို ငါ သောင်းကောင်း ဆုံးမပြမယ်' ဟုလည်း ဖလော်ရာက ပြောသည်။

သို့သော် လီနို ဘာလုပ်ရမှန်း မသိချေ။

ဂျမီး မိန်းမရှုပ်သည်ကတော့ ပြောမယုံ ကြုံဖူးမှသိ ဆိုသည့် အစားထဲက ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လီနီ့ကို အိမ်ထဲမှအိမ်ပြင် အထွက်မခံ။ ဈေးဝယ်သည့် အလုပ်ကိုပင် လုပ်ခွင့်မပြု။ ဖလော်ရာက ဈေးသွား သည်။

တစ်ခါတွင် ဖလော်ရာ ခြေခေါက်လဲပြီး ခြေထောက် နာနေသောကြောင့် မလွှဲမရှောင်သာ လီနီ ဈေးသွား သည်။

သည်မှာပင် လစ်ဇီဆိုသော ကောင်မတစ်ကောင်နှင့် ရှုပ်ချင်တိုင်း ရှုပ်နေသည်ကို ယက်ပူးလက်ကြပ်ဖမ်းမိ သည်။

သည်အတွက်မှ လီနီ့ကို အိမ်ထဲမှာ အမြဲနေစေခြင်း သည် အချိန်တွင် သူ ရှုပ်ချင်တိုင်း လွတ်လွတ်လပ်လပ် ရှုပ်နိုင် ဖြစ်ကြောင်း လီနီ သဘောပေါက်လာသည်။

သို့သော် ဘာတတ်နိုင်မည်နည်း။

ဂျမီးကို သူ အရှူးအမူးချစ်မိပြီ။ အပြင်မှာ ရှုပ် တိုင်ရှုပ်ပြီး အိမ်ပြန်အရောက်တွင် သူ့ ရင်ဘတ်ကို ခေါ် နှင့် တစ်ချက်ဆွဲ့ လိုက်ရုံဖြင့် အဆူရာကို လီနီ ခွင့်လွှ ပြီးသား ဖြစ်သွားလေတော့သည်။

'ဆင်းလာတာ ဘယ်သူလဲ၊ လီနီလား၊ ခဏလာစမ်း ကွယ်၊ ဖယောင်းရည် ကူထည့်ပေးစမ်း၊ ငါ့လက် တုန်လိုက်တာ'



တစ်နေ့တွင် ဖလော်ရာ ဖယောင်းတိုင် လုပ်နေသည်။ လီနီက အခန်းပေါ်မှ ဆင်းလာသည်။ ဖလော်ရာမှာ ပုံစံ ခွက်ထဲသို့ ဖယောင်းရည်များကို ထည့်မတ်စွာ လောင်း မချနိုင်လောက်အောင် လက်များ တုန်နေသည်ကို တွေ့ရ သည်။

'နေမကောင်းလို့လား' ဟု လီနီက မေးသည်။

'ကောင်းပါတယ်၊ အိပ်မပျော်လို့၊ အခု တလော ကောင်းကောင်းကို အိပ်မပျော်ချင်ဘူး၊ အမြဲလို မျက်စိ ကြောင်နေတယ်'

လီနီက ဖလော်ရာကို ကြည့်သည်။ မျက်ကွင်းများ ညှို့မောင်ကျနေသည်ကို သနားစဖွယ် တွေ့ရလေသည်။

'စိတ်တွေလဲ ကယောက်ကယက် ဖြစ်နေတယ်၊မျက်စိ ထဲမှာ အသွားတွေ ချည်းမြင်နေတယ်၊ မြည်တွင်းစစ်မီးက ပိုလောင်ဦးမယ်နဲ့တူတယ်၊ဘုရင်ကလေးအတွက် ကောင်း ကွက်လဲ သိပ်မမြင်ဘူး'

ဖလော်ရာက သူ့စိတ်ထဲ ရှိသည်များကို ပြောပြနေ သည်။ စကော့လူမျိုးများသည်အတိတ်နိမိတ်ကို ယုံကြည် သူများဖြစ်သည်။ သူတို့နိမိတ်ဖတ်လျှင်သည်း မှန်သည်က များသည်ဟု ယူဆကြသည်။

ထိုရက်များအတွင်း ချားလ်စ်စတူးဝပ် ဘုရင်ကလေး သည် စကော့လူမျိုးစစ်တပ်ကြီးကို ဦးဆောင်ကာ ချီတက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီဆိုသော သတင်းများလည်း တွင်းမီးယား ရွာကလေးသို့ ရောက်လာသည်။

သည်အတိုင်းဆိုလျှင်တော့အင်္ဂလန်တစ်ပြည်လုံး သွေးချောင်းစီးတော့မှာ သေချာသည်။ ကရွှမ်းဝဲသည် အသက်ရှင်လျက်နှင့် အာဏာစွန့်မည့်သူမဟုတ်။ လက်နက်ချမည့်သူမဟုတ်။ အသက်သေသည်အထိ ကြံ့ကြံ့ခံကာ တိုက်ပွဲဝင်မည့်သူဖြစ်သည်။

စကော့စစ်တပ်ကြီးကို ခေါင်းဆောင်ပြီး ဘုရင်လေး ချီတက်လာပြီဆိုသော သတင်းကြောင့် ဂျူမီးမှာ မနေတတ် မထိုင်တတ် ဖြစ်နေပြန်ပြီ။

ရက်အနည်းငယ် အတွင်းမှာပင် စကော့လူမျိုးများသည် ဘုရင်ကလေးကို စွန့်ခွာကာ မြောက်ဘက်သို့ ပြန်ပြေးကြပြီဆိုသော သတင်းများ ရောက်လာ ပြန်သည်။ အချို့ကလည်း တပ်ပြေးများ ဘဝဖြင့် ခြေဦးတည့်ရာ ထွက်ပြေးနေကြကြောင်းပြောကြသည်။

ထိုသတင်းကြောင့် ဂျူမီး မခံမရပ်နိုင်အောင် ဖြစ်နေသည်။

နောက်နေ့တွင် ခရီးသည်တစ်ယောက် ရောက်လာပြီး သူ့မြင်းကို သခွင်ရိုက်သည်။

စကော့လူမျိုးများသည် သတ္တိ နည်းကြောင်း၊ သူရဲဘော ကြောင်သည့် စဆော့များကို ကရွှမ်းဝဲက ခွေးတွေလို ပြန်မောင်းထုတ်ပစ်တော့မည် ဖြစ်ကြောင်း ထိုခရီးသည်က ပြောသည်။



ဂျူမီး၏မျက်နှာပေါ်မှာ သွေးရောင် ပျောက်သွားသည်။ ထိုခရီးသည်နှင့် ထိုးကြ ကြိတ်ကြရသည်အထိဖြစ်ကုန်သည်။

ဘုရင့်တပ်များက ဝူစတာမြို့ကို ချီတက် တိုက်ခိုက်သည့် သတင်းများ တွင်းမီးယား ရွာကလေးသို့ ရောက်လာပြန်သည်။

နောက်တစ်နေ့မနက် လီနီ အိပ်ရာမှနိုးလာသောအခါ ဂျူမီးပျောက်နေကြောင်း သိရသည်။

ဝူစတာမြို့သို့ ဂျူမီးသွားရောပြီ။ ဝှက်ထားသည့် နှစ်ဘက်သွားရှိသော ဆောင်ဓါးလည်း သူ့နေရာတွင် မရှိတော့ပြီ။

ဖခေါင်ရာနှင့် လီနီတို့ တစ်ယောက်ကို တစ်ယောက် ကြည့်ကြသည်။ စိုးရိမ်ပူပန်ရိပ်များ သူတို့ မျက်နှာများပေါ်တွင် အထင်အရှား မြင်တွေ့နေရသည်။

ဆောင်ဓါးပိုက်ပြီး မြောက်ဘက်သို့ ဂျူမီးထွက်သွားသည်ကို မြင်ကြောင်း အိမ်နီးနားချင်း များကလည်း သတင်းပြန်ပေးကြသည်။

လီနီ မနေသာတော့ပြီ။

သူ့မှာရှိသည့် အကောင်းဆုံး အဝတ်အစားများကို ထုတ်ဝတ်သည်။ သူ့ကိုယ်သူ အလှပဆုံးဖြစ်အောင် ပြင်ဆင်သည်။

ကြည့်ပျော်ရှုပျော်ရှိတဲ့ မိန်းကလေးတစ်ယောက်ဟာ အပ်နေ့ရာမှာမဆို အခွင့်အရေးပိုရစမြဲပဲ' ဟု သူငယ်

www.burmeseclassic.com

www.burmeseclassic.com



တုန်းက သူ့ အမေပြောခဲ့ဖူးသည့် စကားကို ကြယ်တော့မှ သူမမေ့၊

ထို့ကြောင့် သူ့ ကိုယ်သူ အလှဆုံးဖြစ်အောင် ဂရု စိုက် ပြင်ဆင်ခြင်းဖြစ်သည်။

မှန်ကြည့်ကြည့်းက မြင်သူလေးရသော လိနို၏အလှသည် ယခုလို စိတ်တိုင်းကျ ပြင်ဆင်လိုက်သည့်နှင့် ဆိုဖွယ်ရာမရှိ တော့ပြီ။

စိတ်တိုင်းကျ ပြင်ဆင်ပြီးသောအခါ စနိုးဖိုင်ယား မြင်းဖြူကြီးကိုစီး ပြီး ဂူစတာမြို့ရှိရာ မြောက်အရပ်ဘက်သို့ ဦးတည်သွက်ခဲ့လေတော့သည်။

သူ့ ရည်ရွယ်ချက်က ရိုးရိုးရှင်းရှင်းကလေး ဖြစ်ပါ သည်။ ဂူစတာမြို့တွင် ဂျမီးကို တွေ့အောင်ရှာမည်။ ပြီး တော့ စစ်မပြေငြိမ်းဆင်းမီ အိမ်ပြန်ခေါ်လာဖို့ ဖြစ်သည်။

မျှားလ်စ်ဘုရင်ကလေးဘက်က အရာရာတွင် အရေး နိမ့်နေသည်။ ထို့ကြောင့် ဂူစတာမြို့တွင် တိုက်ပွဲဖြစ်ကြ လျှင် ရှုံးဖို့သေချာသည်။

ရှုံးဖို့သေချာသည် ဆိုကတည်းက ထိုစစ်ပွဲတွင် ဂျမီး ကျဆုံးဖို့များသည်။ မကျဆုံးလျှင်လည်း စစ်ပွဲအပြီးတွင် အဖမ်းခံရကာ သစ္စာဖောက်အဖြစ် ကြိုးစင်အတင်ခံရမည် မှာ သေချာသည်။

ပြန်လှမ်းမရှိသော သည်လိုအခြေအနေမျိုးထဲသို့ ဇွတ် တိုးဝင်သည့် ဂျမီးလောက် မိုက်မဲသူ ရှိပါဦးမည်လောဟု



သော ဆုံးဖြတ်ချက်ဖြင့် လိနို လိုက်လာခြင်း ဖြစ်လေ သည်။

ခရီးသွားရသည်မှာ လွယ်လွယ်ကူကူ ချောချောမောမော မဟုတ်ပါ။ အမေးအမြန်း အစစ်အဆေး တွေက သည်း ထူလှသည်။ မြင်းပျောက် လိုက်ရှာနေပါသည်ဟု ဇာတ်လမ်းကလေးတစ်ခု ဖန်တီးပြီး ခရီးဆက်ရသည်။

လမ်းမှာ တစ်ညအိပ်ရသည်။ သဘော ကောင်းသော လယ်သမား တစ်ယောက်၏ မိန်းမနှင့်တွေ့သဖြင့် ဆော် သေး တော့သည်။

နောက်တစ်နေ့မနက် မိုးတော့ထနေချိန်၌ ခရီးဆက်ခဲ့ သည်။ သည်တော့မှ ပို၍ အခက်အခဲများနှင့် တွေ့ရတော့ သည်။

စစ်ပြေး ဒုက္ခသည်များကို ရှောင်မလွှတ် နိုင်အောင် တွေ့နေရသည်။ လှည်းများ မြင်းများဖြင့် ရုရာပစ္စည်း ကိုသယ်ဆောင်ကာ တိုက်ပွဲဖြစ်မည့် နေရာများနှင့် ဝေး ရာသို့ အူယားဖားယား ပြေးနေကြသည်။ ထို့ကြောင့် မကြာခဏ လမ်းပိတ်နေသဖြင့် လိနိုအဖို့ ထင်သလောက် ခရီးမတွင်လှပေ။

ကရွမ်းဝဲ တပ်မတော်မှ ကင်းစခန်းကို အကြိမ်ကြိမ် ဖြတ်ကျော်လာရသည်။ သူ့ တွင်လည်း ဘာ အထောက် အထားမှမပါ။

ထို့ကြောင့် မျက်နှာပေါ်တွင် အပြုံးပန်းကလေးကို အမြဲတမ်း ဆင်မြန်းထားရသည်။ အသက်က ဆယ့်ရှစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်။ ရုပ်ရှင်က မြင်သူ့ဒေးလောက်အောင်ချောမောသူ၊ ပြုံပြုံပြင်ပြင်လည်း လုပ်ထားသူ ဖြစ်လေရာ ကင်းစခန်းပေါင်း များစွာကို အလွယ်တကူ ကျော်ဖြတ်နိုင်ခဲ့လေသည်။

ယခုမူ ဝူဘာ မြို့ကို စီးမြင်နေရသည့် တောင်ကုန်းပေါ်သို့ သူရောက်နေချေပြီ။

သူ့ မျက်စိအောက်မှာ တိုက်ပွဲဖြစ်နေသည်ကို အတိုင်းသား မြင်နေရသည်၊ အချိန်က ညနေစောင်း။

တောင်အောက်သို့ ငုံ့ကြည့်နေဆဲမှာပင် ပြိုးပြိုး ပြက်ပြက် လက်နေသည်များကို မြင်ရသည်။ သေချာ ချာချာကြည့်တော့ လူတစ်ယောက်ထံမှ နေရောင်ထိုးပြီး လှင်းလက်နေခြင်း ဖြစ်ကြောင်းနှင့် စိန်ထည် လက်ဝက် လက်စား တစ်ခုမှ ဖြစ်နိုင်ကြောင်း တွေးကြည့်မိ လေသည်။

စိန်ထည်များ ဝတ်နိုင်သည်ဆိုတော့ ချားလ်စ်ဘုရင်လေး ကိုယ်တိုင်ပင် ဖြစ်ရပေလိမ့်မည်ဟု စဉ်းစားကြည့်သည်။

ကြည့်နေရင်းမှာပင် စိန်ထည်မဟုတ်ပဲ ရင်ဘတ်ကာသံပြားမှ ရောင်ပြန်ကွက်နေခြင်း ဖြစ်ကြောင်း၊ ထိုသူမှာ မြင်းစီးထားကြောင်း၊ ဓားလွတ်ကို မြှောက်ကိုင် ထားကြောင်း အထင်အရှား မြင်လာသည်။

ထိုသူသည် သူ့ မြင်းကို ရှေ့သို့ ဒုန်းစိုင်းသည်။ ဒုန်းစိုင်း နေဆဲမှာပင် မြင်းခွေလဲသွားသည်။ ဘာဖြစ်သွားသည်ကို လီနို သဲသဲကွဲကွဲမမြင်လိုက်ရ။ နောက်ပြီးတော့



သူ့ကိုလည်း အခြားစစ်သားများက ဆွဲခေါ်သွားသည်ကိုသာ မြင်လိုက်ရလေသည်။ ဘာတွေ ဖြစ်ကုန်ကြောင်း မသိတော့။

ကြည့်နေရင်းမှာပင် ကရွမ်းဝဲ၏ တပ်များနှင့် ဘုရင့်တပ်များကို သူ ခွဲခြားကြည့်တတ်လာသည်။

ဘုရင့်တပ်များက ဝူဘာ မြို့ကို မကျအောင် ခုခံ ကာကွယ်နေကြသည်။ ကရွမ်းဝဲ၏တပ်များက ဘုရင့်တပ်များလက်မှ မြို့ကို သိမ်းပိုက်ယူရန် အပြင်းအထန် ဖိတိုက်နေကြသည်။

ညနေခင်း နေရောင်အောက်တွင် ဓားသွား၊ လှံသွားတို့မှ အရောင်တလက်လက်ကို မျက်စိကျိန်းလောက်အောင် မြင်တွေ့နေရသည်။ မြင်းသည်တော်တို့ပစ်လွှတ်လိုက်သည့် လှံသွားများ လောကင်ဝဲပျံနေကြသည်ကို လည်းကောင်း၊ ဓားလွတ်တို့အောက်တွင် အတုံးအရုံး ကျဆုံးကုန်ကြသည်ကို လည်းကောင်း အထင်းသား မြင်နေရသည်။

ဓားချင်းထိသံ၊ လှံချင်းထိသံများကို ဝေးလွန်းသောကြောင့် မကြားရခြင်း တစ်ခုသာရှိသည်။

သို့သော် အမြောက်သံများ၊ ရိုင်ဖယ်သေနတ်သံများကိုတော့ နားပွင့်ထွက်မတတ် ကြားနေရသည်။

လီနိုရပ်နေသည့်မြို့၏ သည်မှာဘက်တွင် ကရွမ်းဝဲ၏ တပ်များ ရှိနေသည်။ ဘုရင့်တပ်များအား မြို့၏ ဟိုမှာဘက်တွင်ရှိသော မြစ်ဘက်သို့ တစ်စတစ်စဆုတ်ပေးနေရသည်။ အားသင်းဖိတိုက်နေသော ကရွမ်းဝဲ တပ်များ၏ ရှုက်စက်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြုတ်မှုကြောင့် ဘုရင့်တပ်များမှာ ဆုတ်မပေး၍လည်း မဖြစ်နိုင်တော့။

ဘုရင့်တပ်များ ဆုတ်ခွာပေးနေရသည့် မြစ်ဟိုဘက်ကမ်းတွင် ဆီးကြိုချေမှုန်းရန် ကရွမ်းဝဲ၏တပ်များ အသင့်စောင့်ဆိုင်းနေသည့် အကြောင်းကိုတော့ သူတို့ မသိရှာကြပါတော့။

အလွန်ဘာရာ တိုမဘောင်းသည့် အချိန်ကလေး အတွင်းမှာပင် ဘုရင့်တပ်များသည် နှစ်ဖက်ညှပ်ပြီး အပြီးတိုင် ချေမှုန်းခြင်းကို ခံရပေတော့မည်။

ထိုသို့ အချေမှုန်းခံရမည့် အထဲတွင် သူ့ချစ်သူ ဂျမီးမက်ကိုးလ်ဘာ ပါနေသည်။

လီနိုသည် ဘာကိုမျှ မစဉ်းစားနိုင်တော့ပါ။

တောင်စောင်းမှနေ၍ တောင်အောက်သို့ မြင်းကို တအားနှင်လိုက်သည်။ ကရွမ်းဝဲ၏ တပ်များကို ကျော်ဖြတ်လိုက်သည်။ ဖရိုဖရဲဖြစ်စ ပြုနေသော ဘုရင့်တပ်များဆီသို့ ဦးတည်လိုက်သည်။

ထိုအချိန့်ကလေးမှာပင် သူနှင့် မလှမ်းမကမ်း နေရာတွင် အမြောက်ဆန်တစ်ခု ကျကွဲသည်။ ထို့ကြောင့် မြင်းက လန့်ပြီးဝိုပြေးသည်။

ညနေစောင်း နေရောင်အောက်တွင် မြင်းဖြူကြီး၏ လည်ဆံမွှေးများက လေထဲမှာ လွင့်ပျံနေသည်။

ကဆုန်စိုင်းနေသော မြင်း၏အရှိန်ကြောင့် လီနို ဝတ်ထားသည့် အစိမ်းရောင် ဂါဝန်မှာ အပေါ်သို့ လန်တက်



ပေါင်သယ်သို့ ရောက်နေသည်။ ဖြူဖွေးလှသော သူ့ခြေသလုံးနှင့် ပေါင်သားများကို အတိုင်းသား မြင်နေရသည်။

မြို့ထဲမှာ မနေရဲ ယူထားသည့် ဘုရင့်တပ်သားများက နောက်ထပ် ကျည်တိုးသည်။ ရန်သူဆီသို့ တစ်ပြိုင်တည်း ပစ်လွှတ်ရန် ဗိုလ်သုပ်သူ၏ အမိန့်ကို စောင့်ဆိုင်းနေကြသည်။

လီနိုမှာ စစ်မြေပြင် အလယ်တည့်တည့်သို့ ရောက်နေသည်။ နောက်ဘက်တွင် ကရွမ်းဝဲ၏ စစ်တပ်။ ရှေ့ဘက်တွင် ဘုရင့်စစ်တပ်။ ဘယ်ဘက်ကပစ်ပစ် ပစ်မလွဲ အနေအထားမှာ ရှိနေသည်။

သို့သော်လည်း ထိုသို့ အန္တရာယ်ကြီးမားလှသည့် နေရာသို့ မြင်းဖြူကြီးနှင့်ဒုန်းစိုင်းလာသော မိန်းကလေး တစ်ယောက်ကို တွေ့လိုက်ကြရသည့်လူသားတိုင်းမှာ မအံ့သြဘဲ မနေနိုင်အောင် ဖြစ်သွားကြလေသည်။

ပစ်မိန့်ပေးတော့မည့်ဆဲဆဲ စစ်ဗိုလ်ကလည်း ပါးစပ်ဟောင်းလောင်း ပွင့်ကာ ပစ်မိန့်မပေးနိုင်အောင် ဖြစ်သွားသည်။ ပစ်မိန့် ပေးလိုက်လျှင် ရှေ့တည့်တည့်မှာ ရောက်နေသော လီနိုသည် မည်သည့်နည်းနှင့်မျှ ကျည်လွှဲနိုင်တော့မည် မဟုတ်ချေ။

'ဝူစတားမြို့ထဲမှာ ကျွန်မအမေ အသည်းအသန် ဖျားနေလို့ အမေ့ဆီကို ကျွန်မရောက်အောင် သွားမှဖြစ်မယ်။ ကျွန်မအမေ—'

www.burmeseclassic.com

www.burmeseclassic.com



လီနိုသည် ဖြစ်ချင်ရာဖြစ်စေတော့ သဘောဖြင့် အသံကုန်အော်ကာ သူ့ရင်ဝဆီသို့ တည့်တည့်ချိန်ထားသော သေနတ်များကို ရင်ဆိုင်ပြီး မြင်းကို အပြင်းနှင်လေတော့သည်။

ထိုသို့အပြင်းနှင်းရင်း ဂျမီးကိုလည်းမျက်လုံးဝင့်ကာ ရှာဖြစ်အောင် ရှာမိသေးသည်။

ကံအားလျော်စွာပင် ဂျဲဝမ့်နေ၍ မြို့တွင်းသို့ ဘေးမသီ ရန်မခဘဲရောက်သွားတော့သည်။ လမ်းတစ်လျှောက်တွင် ကျော်ဖြတ်ခဲ့ရသည့် အဒေသာင်းများ၊ ဒဏ်ရာရထားသူများကား မရေမတွက်နိုင်အောင်ပင်။

စစ်ရှုံးသော စစ်သားများသည် ခြေဦးတည့်ရာ ပြေးသူက ပြေးနေကြသည်။ ဗိုလ်လုပ်သူတွေက အော်ဟစ်အမိန့်ပေးသော်လည်း နာခံသူမရှိတော့။ စစ်ရထားများသည် မောင်းသူမဲ့ကာ မြင်းများ ဆွဲချင်ရာဆွဲသည့်နောက်သို့ ပါနေသည်။ ဟိုတိုက်သည်တိုက် တိုက်သည်များလည်းရှိသည်။ အချို့က လမ်းလယ်မှာပင် တုံးလုံး လဲနေကြသည်။

စစ်သားများသာမဟုတ် မြို့သူ မြို့သားများကလည်း ခြေဦးတည့်ရာ ပြေးနေကြသည်။ အချို့က လမ်းဘေးတွင် အဒေလာင်းပိုက်ပြီး ငိုနေကြသည်။ အချို့က ဒဏ်ရာရသူများကို ဘေးလွတ်ရာသို့ သယ်ပြေးနေကြသည်။

အော်သံဟစ်သံများ၊ ဆဲသံဆိုသံများ၊ လူပျောက်အော်ခေါ်သည့် အသံများ၊ ဒဏ်ရာရသူတို့၏ ညည်းညူ



သံများဖြင့် ကမ္ဘာပျက်သည်နှင့်မခြား အရှုပ်ဆိုးချင်တိုင်းဆိုးနေသည်။

ဘုရင့်တပ်မတော်သည် မြို့တော်ခန်းမကို ခြေကုပ်ယူကာ စွမ်းအားရှိသမျှ ရန်သူကိုခုခံနေဆဲဖြစ်သည်။ သို့သော်အားကမရှိပေတော့။ အရေးကြီးသည့် တပ်များ မြင်းတစ်ဘက်ကမ်းသို့ အကျအဆုံးနည်းစွာဖြင့်ဆုတ်ခွာနိုင်အောင်နောက်ချန်တပ်အနေဖြင့် ထိန်းထားပေးသည့် သဘောလောက်သာဖြစ်သည်။

မြို့ထဲသို့ အမြောက်ဆန်များ တသောသောကျလာမြန်သည်။ တစ်ဆန့်က လီနို၏မြင်းနှင့် မလှမ်းမကမ်းမှာလာကျသည်။

ထို့ကြောင့် မြင်းက လန့်ခုန်သည်။

မတော်တဆတော့သည်နှင့် နီးရာ ခြံဝင်းတစ်ခုအတွင်းသို့ မြင်းကို မောင်းသွင်း လိုက်ရသည်။ နောက်ထပ်အမြောက်ဆန်များ ဆက်တိုက်ကျလာမြန်သည်။

မြင်းကို အိမ်ထဲသို့ မောင်းသွင်းလိုက်ရသည်။ မသွင်း၍လည်း မဖြစ်တော့။ စစ်မြင်းမဟုတ်သော စနီးပိုင်းယားမှာ အကြီးအကျယ် လန့်နေပြီ။ အထိန်းရမခက်မီ လုံခြုံသည့်နေရာသို့ ပို့ထားမှဖြစ်တော့မည်။

အချိန်မီ မောင်းသွင်းလိုက်နိုင်သဖြင့် တော်သေးသည်ဟု ဆိုရမည်။

နောက်ဘက်နားမှ ခပ်တိုးတိုးရယ်သံ ကြားရသည်။ လီနို၏ကိုယ်လုံး တောင့်တောင့်ခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်အရက်ကတော့ ငါ ထင်ထားတာထက်ဘောင် ပိုကောင်းမှာ သေချာသွားပြီ၊ မြင်းဖြူကြီး စီးသားတဲ့ ကောင်မလေးတစ်ယောက်က အညွှန်းဖတ်မှတ်တော်ကြီးကို ဗီဒိုမ်ထဲ ဝင်လာတော့တာပဲ'

ယောကျ်ားသံ တစ်ခုကိုပါ ဆက်တိုက် ကြားလိုက်ရသောသည်။

ထို့ကြောင့် လီနိုက ဖျတ်ခနဲ နောက်ပြန်လှည့်သည်။ အသင့်နေရာင်အား နည်းနေသည့် နေရာသို့ အာရုံ စိုက်ကြည့်သည်။

နံရံဘေးရှိ ခုံတန်းလျားပေါ်တွင် ယောကျ်ား တစ်ယောက် ထိုင်နေသည်။ လီနိုကို အကဲခတ်ကြည့်နေသည်။ သူ့ကိုယ်ပေါ်မှ အဝတ်အစားများကြောင့် မြင်းသည်တော်တပ်မှ စစ်သားဖြစ်ကြောင်း ချက်ချင်း သိသည်။

သူ့ရှေ့မှ စားပွဲပေါ်တွင် ဓားလွတ်တစ်ချောင်းတင်ထားသည်။ ဓားသွားတွင် သွေးများ ပေကျံနေသည်။

လက်ထဲမှာ ဒန်ခွက်တစ်လုံး ကိုင်ထားသည်။ ထိုခွက်ကို မြှောက်ပြသည်။

'အဲဒီစည်ထဲမှာ ဝိုင်အရက်တွေရှိတယ်၊ ကရွှမ်းဝဲရဲ့ ထားတဲ့တွေ မသောက်ခင်ကိုသောက်လိုက်ကြယင် မကောင်းမယ် ဟုလည်း လီနိုကိုလှမ်းပြောသည်။

'ရှင်က စစ်ထွက်ခိုက်ပဲ ဒီမှာ ဘာလာလုပ်နေတာလဲ' ဟု လီနိုက ပြန်မေးသည်။ သူတို့လို မြင်းသည်တော်



များပင် စစ်မြေပြင်ကို ရှောင်နေကြပြီဆိုတော့ ဂျမီး အတွက် ပိုလို့သာ စိုးရိမ်ဖွယ်ရာ ဖြစ်သွားချေသည်။

အရပ်ထောင်ထောင်မမှာင်းမောင်းရှိသော ထိုသူအား ပခုံးတွန့်သည်။

'စစ်ပွဲက အရှုံးနဲ့ အဆုံးသတ်သွားတာ ကြာလှပြီပဲ၊ ဆစ်ဘာရီဂိတ်ပေါက်မှာ ဘုရင်နဲ့အတူ ငါလက်တွဲ တိုက်ခဲ့တယ်၊ ဒါပေမယ့် သူရသတ္တိရှိတဲ့လူက တိုက်ပွဲမှာ သိပ်နည်းတယ်၊ ကရွှမ်းဝဲဘက်မှာက သူ့ရဲ့ကောင်းတွေ မပေါ နေတယ်၊ စခကာ့ခေတ္တကသဲ လက်ရှောင်ကြပြီလေ၊ စစ်ကူ ကလဲ ရောက်မလာဘူး၊ ဒီအချိန်ကျမှ ရောက်လာလို့ရော ဘာသွားလုပ်တော့မှာလဲ၊ စစ်က ရှုံးနေပြီပဲ၊ ဒီလိုအခြေ အနေမျိုးမှာ ဆက်တိုက်ယင် ရှုံးလို့သာ ဖြစ်မှာပေါ့၊ ဒါ ကြောင့် ဒီကိုလာပြီး ဝိုင်ထိုင်သောက်နေလိုက်တယ်၊ မှောင် ယင် မြို့ထဲက ထွက်တော့မယ်လေ၊ မင်းကရော ဒီကို ဘာ လာလုပ်တာလဲ'

'ကျွန်မရဲ့— ကျွန်မရဲ့ယောကျ်ားက ဘုရင့်တပ်မတော် ထဲမှာ'

လီနိုက အထစ်ထစ် အငေါ့ငေါ့ပြောသည်။

'မင်းလိုချောတဲ့ ယောကျ်ားကို ကျောခိုင်းပြီး စစ်ထဲ ဝင်တဲ့ မင်းယောကျ်ားဟာ အဘော်ရှာတဲ့ အကောင်ပဲ' မြင်းသည်တော်က နူးညံ့သော လေသံဖြင့် ပြောသည်။

'ကျွန်မတို့က သစ္စာပြုထားရုံ ရှိသေးတာပါ'

လီနိုကလည်း ရိုးသားစွာဖြင့် အမှန်ကိုဝန်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖြေ့ ... ဒီလိုလား'

လူစိမ်းက လီနို၏တစ်ကိုယ်လုံးကိုသိမ်းကျုံးကြည့်ကာ အကဲခတ်သည်။ ပြီးမှဆက်ပြောသည်။

'သစ္စာပြုထားတယ် ဆိုတာ လက်ထပ် ထား တာ မှ မဟုတ်သေးတဲ့၊ အင်္ဂလန်ပြည်မှာတော့ မင်းဟာလွတ်လပ်တဲ့မိန်းကလေးပဲပေါ့'

လီနိုက ခေါင်းကိုငြိမ့်လိုက်သည်။

ပြတင်းပေါက်ကာဘာရှက်ကတ်တွေကိုပိတ်ထားပြီး ဝင်ပေါက်တံခါးကြီးကိုတော့ ဘာဖြစ်လို့ ပိတ်မထားတာလဲ'

'ငါဝင်လာကတည်းက အဲဒီအတိုင်းရှိနေတာပဲလေ။ ပြီးတော့ စားပွဲပေါ်မှာ အစားအသောက်တွေလဲ ရှိနေတယ်၊ စစ်တိုက်ရတာမောလွန်းလို့အရမ်းလဲဆာလာတယ်၊ နောက်ဆပ် ဗိုင်အရက်တွေပါ တွေ့နေရပြန်တယ် လေ၊ သောက်ပါဦးလား'

ထိုသူက ခွက်ကိုထိုးပေးသည်။ လီနိုက တစ်ဘက်သို့ လှည့်လိုက်သည်။

ထိုအချိန်ကလေးမှာပင် အပြင်၌ ဝေရှန်းသုန်းကားသံတွေ ကြားရသည်။ ပြတင်းပေါက်ရှိ ကရုတ်ကတ်ကလေးများဖွင့်ပြီး အပြင်ကို ချောင်းကြည့်သည်။ ဒက်ရာရနေသည့်မြင်းများ၊ လူများသွေးရဲရဲသံရဲရဲဖြင့် ဥဒဟိုပြေးနေကြသည်ကို တွေ့ရသည်။ အားလုံး ဘုရင့်တပ်သားများချည်းဖြစ်သည်။



'ရှင်ရဲဘော်တွေ ဒုက္ခရောက်နေတာ ရှင်ထွက်ကယ်ဖို့ကောင်းတယ်'

ဟု လီနိုက ပြောပြန်သည်။

'စစ်ပွဲက အစောကြီးကတည်းက ပြီးနေတာပါကွာ၊ တို့ဘက်က ရှုံးနေပါပြီ၊ထွက်တိုက်လို့ အပိုပေါ့ မိုးချုပ်ယင် ဒီနေရာက ရှောင်ထွက်သွားရမယ်၊ မင်းလဲငါနဲ့အတူ တူလိုက်ရမှာပါပဲ၊ ဒါထက် မင်းနာမည် ဘယ်လိုခေါ်သလဲ'

'လီနိုဖရင့်ဖို'

'နာမည်ကတော့ နူနူက လေးပဲ၊ ဒါပေမယ့် လူပုံကြည့်ရတာတော့ နုတဲ့ပုံသိပ်မပေါ်ဘူး၊ မင်းကိုယ်တိုင် စစ်ဝင်တိုက်ချင် နေတဲ့ပုံစံမျိုး'

လီနိုက အပြင်လှမ်းကြည့်ပြန်သည်။ စစ်ရှုံးသူများ သွေးအပျက်ကြီးပျက်နေကြသည်။

အခုချက်ချင်းပင် ဂျမ်းကိုထွက်ရှာချင်သည်။ သို့သော် အမြောက်ဆန်များနှင့် ကျည်ဆန်များက တသောသောကျနေသည်။ မျက်စိအောက်မှာပင် သေနတ်ထိမှန်ကာ အတုံးအရုံးသေဆုံးနေကြသည်။ သူတို့ရောက်သည့်နေသည့် နေရာသို့တိုက်ပွဲ ဗဟိုချက်မပြောင်းလာသလား ထင်ရသည်။

ထိုနေရာသို့ စနိုးဖိုင်းယားမပါဘဲ သူတစ်ယောက်တည်းသွားဖို့ဆိုသည်မှာလည်း ဖြစ်နိုင်ချေမပေါ်။

အပြင်မှစစ်သားများမှာ ပြေးရင်းလွှားရင်းဖြင့် ရှင်ဘုရင်လည်း ဘေးကင်းရာသို့ ထွက်ပြေးလွတ်မြောက်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်ကြောင်း အချင်းချင်း အော်ဟစ် ပြောဆိုနေကြ
သည်။

တုရင် ထွက်ပြေးပြီ ဆိုတာတောင် ရှင်နည်းနည်းက
လေးမှ တုန်လှုပ်ပုံ မပေါ်ဘူးနော်’ဟု လီနိုက ပြော ပြန်
သည်။

ထိုသူက ပခုံးတွန့်သည်။

‘ချားလ်စ် တုရင်မှာ သူပုန်းဖို့နေရာရှိသလို ငါ့မှာလဲ ငါ
ပုန်းဖို့ နေရာရှိတယ်၊ သူ့နားပတ်လည်မှာသူရဲ့ဆောင်းတော
ရှိတယ်၊ စစ်နိုင်အောင်တိုက်နိုင်လောက်တဲ့ အရည်အတွက်
တော့မတွက်ဘူး၊ ငါ့ပြဿနာကသူ့ကိုလုံခြုံမှုပေးနိုင်လောက်
တဲ့အရေအတွက်တော့ ရှိတယ်’

ထိုသူက သူ့ကိုစိတ်ရှည်လက်ရှည် ပြန်ရှင်းပြနေသည်။

ထိုအချိန်တွင် သူတို့ပုန်းနေသည့်အိမ်အနီးသို့အမြောက်
ဆန်တစ်ခုလာကျပြီးပေါက်ကွဲသည်။ မြေပြင်ပေါ်သို့ နှစ်
ယောက်သား ဝပ်ချလိုက်ရသည်။

လီနိုမှာ အသော်ချောက်ချားနေသည်။

‘ဝိုင် နည်းနည်းသောက်လိုက်၊ နေသာသွားလိမ့်မယ်’
ဟု ထိုလူက ပြောသည်။

ပူပူလောင်လောင်ဝိုင်အရက်ကို လီနိုယူသောက်သည်။
လည်ချောင်းထဲသို့ ရှတတကြီး ဝင်သွားသည်။ သို့သော်
လည်း အားအင်အသေး နေသာထိုင်သာရှိသွားသည်။ ခ
ဏန်လျှာပေါ်မှာ ဗုဒ္ဓ ချမြိန်ထိုင်နိုင်သည်။



ထိုသူက သူ့အမည်မှာဂျက်ဖရီဝင်းဒမ်ဖြစ်ကြောင်း
သူ့အဖေနှင့်နိုင်ငံရေးအမြင်ချင်းမတူသောကြောင့် စစ်ထဲ
လိုက်လာခြင်းဖြစ်ကြောင်း၊ သူ့အဖေသည်မှူးမျိုးမတ်နွယ်
ထဲမှဖြစ်ကြောင်း၊ ချားလ်စ်တုရင်ကလေးနှင့်အတူ ပြင်သစ်
နိုင်ငံသို့ လိုက်သွားခဲ့ကြောင်း၊ ယခုအတူ ပြန်လာခဲ့
ကြောင်းများကို ပြောပြသည်။

ထိုအချိန်၌ ပြင်ပမှ ဆူဆူညံညံအသံများ ကြား
ရပြန်သည်။

‘နတ်သမီးတစ်ပါးမိုးပေါ်က မြင်းဖြူကြီးစီးဆင်းလာ
ပြီး မှိုသဲဝင်သွားတဲ့အကြောင်း ကြားပြီးပြီလား’

‘ကြားတယ်၊ မှိုတံခါးကနေ မောင်း ဒုန်းစိုင်းဝင်
သွားပြီး တစ်ခါတည်းပျောက်သွားရောတဲ့’

တို့ဘက်က စစ်နိုင်မယ့်နိမိတ်လို့ ထင်သလား လီနို

‘မဖြစ်နိုင်ပါဘူးကွာ’ဟုတစ်ယောက်ကစိတ်ပျက်လက်
ပျက်လေသံဖြင့် ပြန်ပြောသည်။

‘အင်း....မင်းကဒီလိုပုံမျိုးနဲ့ရောက်လာတာကိုး၊ သတ္တိ
တော့အတော်ရှိတဲ့ပုံပဲ’

ဂျက်ဖရီကမှတ်ချက်ချရင်း ရယ်သည်။

‘ဒီလိုမှမလုပ်ယင်လဲ မဖြစ်တော့ဘူးလေ၊ ကျွန်မမှာ
အားထောက်ခံသူမှ မရှိဘူး၊ တင်းတစ်ခုခုအ ဖမ်းသွား
တာတောမျိုးလဲ မခံနိုင်ဘူး၊ ဒါကြောင့်တိုက်ပွဲဖြစ်နေတဲ့
ကြားကို အတင်းဖြတ်ဝင်ရတာပေါ့’

www.burmeseclassic.com

www.burmeseclassic.com



သူတို့ တိတ်သွားကြပြန်သည်။ လီနိုက ဂျမီးကို မည်
နည်း မည်ပုံ ရှာရမည်နည်း ဆိုသည်ကိုသာ စဉ်းစားနေ
သည်။

'ကျွန်မအပြင်ထွက်ပြီး ဂျမီးကို လိုက်ရှာလိုက်ဦးမှပဲ၊
ကိတ်မုန့်နဲ့ဝိုင်အရက်တိုက်တာ ကျေးဇူးတင်ပါတယ်'

လီနိုက စနိုးဖိုင်းယား၏ ဇက်ကြိုးကို ကိုင်ရင်း ပြော
သည်။

'ဘာဘိုးတံတားဘက်မှာ တစ်ချက် သွားကြည့်လိုက်၊
ရှင်ဘုရင် နောက်ဆုံးထွက်သွားတာ အဲဒီဘက်ကပဲ၊ ဒါ
ပေမယ့် မင်းမြင်းကို ထားခဲ့မှဖြစ်မယ်၊ ငါ့ လွတ်မြောက်
ရေးအတွက် မင်းမြင်းကို အသုံးချမှဖြစ်မယ်'

ထိုစကားကြောင့် လီနို၏ရင်ထဲမှာ တင်းခနဲ ဖြစ်သွား
လေသည်။ သည်လိုအဖြစ်မျိုး ကြုံလာနိုင်သည်ကို စော
မော[illegible]ည်းက တွေးပြီးသားဖြစ်သည်။

'ကျွန်မမြင်းကို ရှင်လိုချင်ယင် အော်မှာပဲ၊ ရန်သူတွေ
ကြားသွားပြီး ဒီထဲဝင်ရှာယင် ဘုရင့်မြင်းသည်တော်
တပ်သားတစ်ဦး ပုန်းနေတာ တွေ့သွားမှာပေါ့၊ ရှင် ဘာ
ဖြစ်သွားမယ် ထင်သလဲ'

လီနိုကလည်း မရဲသော်လည်း ပြေးခဲ့စေ ဟူသော
သဘောဖြင့် အရဲစွန့်ကာ ပြန်ပြောသည်။

'အဲ့ဒီလို ရန်သူတွေဝင်လာတော့လဲ ပင်းဟာ ငါ
မယားလို့ ပြောလိုက်ရုံပေါ့ကွ၊ မင်းအသက်ကိုပါ ဘယ်
ချမ်းသာပေးတော့မှာလဲ'



ဂျက်ဖရီကလည်း ခပ်ပြတ်ပြတ် ပြန်ပြောသည်။

လီနိုမှာ ထိုစကားကြောင့် ရင်ကလေး ဖိုသွားသည်။
မျက်နှာလည်း ချက်ချင်းပျက်သွားသည်။ စားပွဲပေါ်မှ
သွေးစွန်းနေသော ဓားလွတ်ကိုလည်း တစ်ချက် လှမ်း
ကြည့်လိုက်မိသည်။

'မ...မလုပ်ပါနဲ့ရှင်၊ စနိုးဖိုင်းယားနဲ့ ကျွန်မကို မခွဲပါ
နဲ့၊ ကျွန်မတွယ်တာစရာဆိုလို့ ဒီမြင်းတစ်ကောင်ပဲ ကျန်
ပါတော့တယ်'

လီနိုက အသနားခံသည်။ သူ့လေသံသည် တကယ်
လည်း သနားစရာဖြစ်သွားနိုင် ပေါ်လေသည်။

ထို့ကြောင့် ဂျက်ဖရီဝင်းဒမ်း မျက်နှာ အမူအရာ
ပြောင်းသွားသည်။ လီနို၏ လက်ကောက်ဝတ်ကိုလည်း
လာဆုပ်သည်။

'ဘာဘိုးတံတား တောင်ဘက်မှာ မင်းနဲ့ပြန်တွေ့မယ်၊
အဲဒီကျတော့မှမင်းမြင်းကိုပြန်ယူပြီး မင်းသွားလိုရာ သွား
တော့၊ ဇီနေရာအနေ ငါထွက်ဖို့ကတော့ မြင်းတစ်ကောင်
ရှိမှကိုဖြစ်မယ်၊ ဘာဘိုးတံတားရောက်ယင် မြင်းပြန်ပေး
မယ်ဆိုတာ ယုံပါ၊ ငါကတိပေးပါတယ်'

လီနို တုံ့ ဆိုင်းဆိုင်းဖြစ်သွားသည်။ သူ့စကားကို ယုံ
ဖို့လည်း ခက်နေသည်။ သို့သော် အခြားရွေးစရာလမ်းမရှိ
တော့ကြောင်း ချက်ချင်း သဘော ပေါက်သွားသည်။
ထို့ကြောင့် သူ့လက်ကို ခါထုတ်ပစ်လိုက်ပြီး အပြင်ထွက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ နောက်ပိုင်းမှ ဂျက်ဖရီ၏ ခပ်တိုတို ရယ်သံကို ကြားလိုက်ရသည်။

အပြင်မှာ ကမ္ဘာပျက်နေဆဲဖြစ်သည်၊ လမ်းဘေး ရေမြောင်းများထဲတွင် အလောင်းများ ရှိနေသည်။ အုတ်နံရံများတွင် စွန်းထင်းနေသော သွေးစက်များကိုမြင်ရသည်။ လူတွေလည်း ရောက်သတ်ရာ ပြေးကြလွှားကြ ဖြစ်နေသည်။

အမှောင်ထု ကြီးစိုးစပြုပြီ။

'ဂျမီး....ဂျမီး.... ကျွန်မမောင်လေးကိုများ တွေ့မိကြပါသလားရှင်၊ ဒီအရွယ်လောက်ရှိတဲ့ ကလေးတစ်ယောက်ပါ...'

လီနီက ပြေးရင်းလွှားရင်း သူ့ ပေါင်လယ်လောက်နေရာကို လက်နှင့်ပုတ်ပြသည်။

ထိုပရိသတ်ယ်ကြောင့် စစ်ဆေးနေသည့် ကင်းတိုင်းက သူ့ကို ဖြတ်သန်းသွားခွင့်ပြုလိုက်သည်ချည်း ဖြစ်သည်။

ကင်းဘစ်ခုသို့ ရောက်သောအခါ ဗိုလ်လုပ်သူကိုယ်တိုင်ထွက်လာပြီး သူ့မျက်နှာကို မီးအိမ်မြှောက်ပြီး စစ်ဆေးကြည့်သည်။ လီနီ၏မျက်နှာ ချောချောကလေးကို မြင်ရသောအခါ ချက်ချင်းသွားခွင့်ပြုလိုက်သည်။

ဘာဘိုးတံတားနားသို့ ရောက်သောအခါ မြင်း တစ်ကောင်က သူ့ လက်ကို နှုတ်သီးဖြင့်လာထိုးသည်။

လှည့်ကြည့်လိုက်တော့ စနိုးဖိုင်းယားနှင့် ဂျက်ဖရီ။



လီနီမှာ သူ့မျက်စိကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ သူ့မြင်းကို ပြန်ရသောကြောင့်လည်း ဝမ်းသာလုံးဆို့မတတ် ဖြစ်သွားသည်။

ဂျက်ဖရီမှာ စောစောက အဝတ်အစားနှင့် မဟုတ်တော့။ ပုံပျက်ပန်းပျက် အဝတ်အစားများကို ဝတ်ဆင်ထားသည်။

'ရှင့်အဝတ်အစားတွေ ပြောင်းသွားပြီကိုး'

'ဟုတ်တယ်၊ စောစောက အဝတ်အစားတွေနဲ့ ထွက်လို့ ဘယ်ဖြစ်မလဲ၊ ဒါကြောင့် ငါနဲ့ ကိုယ်လုံးချင်းတူတဲ့ လူတစ်ယောက်ရှာပြီး လုလာတာ'ဟု ဂျက်ဖရီက ရှင်းပြသည်။

'ရှင် ဘယ်သူလဲဆိုတာ မှမှတ်မိနိုင်တော့ဘူး၊ ကျွန်မမြင်းကို ပြန်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်'

'မင်းမြင်းကိုစီးပြီး ငါသွားချင်ရာ သွားလို့ရနိုင်တဲ့ အခွင့်အရေးမျိုး ငါမယူပါဘူး၊ ဒါကိုလည်း မင်း ထည့်တွက်ဦးလေ'

'ဟုတ်ပါတယ်ရှင်၊ ကျေးဇူးတင်ပါတယ်'

လီနီကလည်း လှိုက်လှဲသည့် လေသံဖြင့် ပြန်ပြောသည်။

ထိုအချိန်မှာပင် လျှပ်စီးတစ်ချက် လက်လိုက်ရာ လမ်းဘေး အလောင်းများထဲမှ မျက်နှာတစ်ခုကို လီနီကို မြင်မိအောင် မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျမီး....

မှန်ပါသည် ဂျမီး၏မျက်နှာ ဖြစ်ပါသည်။ လမ်းဘေးတွင် ပက်လက်လဲကျနေသည်။ လက်နှစ်ဖက်ကို ဘေးသို့ ဆန့်ထားသည်။ တစ်ကိုယ်လုံးတွင် သွေးအလိမ်းလိမ်းရှိနေသည်။

'ဂျမီး'

လီနိုက အသံခပ်အုပ်အုပ်ဖြင့် ခေါ်သည်။ ပြီးတော့ ဂျမီး အလောင်းရှိရာသို့ ပြေးသွားပြီး ထိုင်ချလိုက်သည်။

'သေနေပြီပဲ' ဟု ဂျက်ဖရီက ပြောသည်။

လီနိုက မော်ကြည့်သည်။

'ဘုရားရှိခိုးကျောင်း တစ်ခုခုထဲမှာ လူချင်းတူတူ သူချင်းမျှမျှ ကျွန်မ သင်္ဂြိုဟ်ပေးချင်တယ်ရှင်' ဟုလည်း သနားစဖွယ်ပြောသည်။

'အိုး....ဒီလိုနေရာ ဒီလိုအချိန် ဒီလို ဗုံးကြီးမှာ ဘယ်သိုလုပ် ဖြစ်နိုင်မှာလဲ၊ မင်း ခေါင်းပြတ်သွားမှာပေါ့၊ ဟော.... ပြောရင်းဆိုရင်း ရန်သူတွေ လာနေတဲ့အသံတောင် ကြားနေရပြီ'

'ဂျမီးကို ကျွန်မ ခွဲမထားခဲ့နိုင်ဘူး'

မြင်းသည်တော် ဂျက်ဖရီသည် လီနို၏မေးရိုးကို လက်သီးဖြင့် ခပ်သာသာ ထိုးချလိုက်လေတော့သည်။ သတိမေ့သွားရုံလောက် ထိုးလိုက်ခြင်း ဖြစ်ပါသည်။



ပျော့ကျသွားသည့် လီနို၏ကိုယ်လုံးကလေးကို ဆီးကြို ပွေ့ယူလိုက်သည်။ ပြီးတော့ စန္ဒီးဖိုင်းယားပေါ်တွင် ဝမ်းလျားမှောက်တင်ကာ သူပါ မြင်းပေါ်တက်သည်။

အမှောင်ရိပ်များကြီးစိုးနေသည့်တောတန်းဆီသို့ မြင်းကို အသော့နှင်ခဲ့လေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

အခိုင်း

နှင့်

မြင်းသည်တော်

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၄

လီနို သတိရလာသည်။ မေးရိုးနာကျင်နေကြောင်း သတိထားမိသည်။ တစ်ဆက်တည်း မြင်းတစ်ကောင်ပေါ်တွင် ဝမ်းလျားမှောက်လျက် ပါလာကြောင်းကိုပါ သိသွားသည်။

ထို့ကြောင့် တစ်ချက်ငိုလိုက်မိသည်။

'မင်း မခံနိုင်လောက်အောင် နာသွားမယ်တော့ မထင်ဘူး။ ငါ့မှာလဲ ဒီနည်းစာလွဲလို့ တခြားနည်းမရှိတော့ဘူး။ အချိန်လဲ မရှိတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးသောအသံကို ကြားရသည်။ သည်တော့မှ ဘာဖြစ်ခဲ့သည်ကို လီနီ ပြန်သတိရသည်။

ယခုတော့ ဂျက်ဖရီက သူ့မြင်းကိုသာမက သူ့ကိုပါ အပိုင် စီးခဲ့လေပြီတကားဟု သဘောပေါက် လိုက်သည်။

'ကျွန်မ ထိုင်ပါရစေ'

ဂျက်ဖရီက လီနီကို ရှေ့မှာထိုင်လျက်ထားပြီး မြင်းကို ဆက်နှင်သည်။ ရှေ့မှာ ထားသော်လည်း ရိုးရိုးထိုင်ခိုင်း ထားခြင်းမဟုတ်။ လီနီ၏ခါးကို တင်းတင်းကျပ်ကျပ်ဖက် ထားခြင်းဖြစ်သည်။

'ရှင် ကျွန်မမြင်းကို ယူချင်ယူသွား၊ ဒါပေမယ့် ကျွန်မ ကိုတော့ ဒီနားမှာ ချထားပေးခဲ့၊ ကျွန်မဘာသာ ကျွန်မ ပြန်သွားမယ်'

'မင်း ပြန်လို့ ဘယ်ဖြစ်မလဲ၊ ဘာလဲ....စောစောကလို သတိမေ့သွားအောင် လုပ်လိုက်ရဦးမှာလား'

ထိုစကားကြောင့် လီနီ အသာကလေး ငြိမ်နေလိုက်ရ သည်။

ဒီတစ်နယ်လုံးမှာ ကရွှမ်းဝဲ ထပ်သားတွေချည်းပဲ၊ သူတို့ကို လွတ်အောင် မရှောင်နိုင်လို့ကတော့ မင်း ခေါင်း ဖြတ်ခံရဖို့ သေချာတယ်၊ ဒီနယ်မှာ မင်း သူတို့ကို ဘယ် နည်းနဲ့မှ ရှောင်နိုင်မှာမဟုတ်ဘူး'

ဂျက်ဖရီ ပြောသည်မှာ မှန်နိုင်ပါသည်။ ရန်သူစစ်သား များနှင့် သူတို့ ရင်ဆိုင်တိုးမလို မကြာခဏဖြစ်သည်။ တော



နက်ကြီးထဲမှာ ညသန်းခေါင် လှည့်ပတ် ရှောင်ပုန်းနေရ သည်မှာ အလွန်ခက်သော အလုပ်ဖြစ်လေသည်။

နောက်ပြီးတော့ ထိုညမှာပင် ဂျက်ဖရီ ၏ မထရေး အနိုင်ကျင့်ခြင်းကိုလည်း အားမတန်၍ မာန် လျှော့ကာ လီနီ ခံလိုက်ရလေသည်။

ဖြစ်ချင်ရာဖြစ်ပြီး အော်ဖို့ကြံသည့်အချိန်မှာပင် သူ တို့နှင့် မလှမ်းမကမ်းမှ မြင်းခွာသံများကို ကြားရသည်။ တစ်ဆက်တည်းစကားပြောသံကိုပါ ကြားရသည်။

'တွေ့သလား၊ တစ်ယောက်လောက်မှ မတွေ့ဘူးလား'

'မတွေ့ဘူး'

'ဒီနားလေးတင် ပျောက်သွားတာ မဟုတ်လား'

'ဟုတ်တယ်၊ ဂျီတစ်ကောင်ပဲ ဟိုဘက်ကို ခုန်ထွက် ပြေးသွားတာ တွေ့လိုက်တယ်'

'ဂျီရှာတာ မဟုတ်ဘူးကွ၊ လူရှာတာ၊ ကဲ...မတွေ့ယင် လဲ ပြန်လှည့်ကြရအောင်'

ထို့နောက် မြင်းခွာသံများ တဖြည်းဖြည်းဝေးသွား သည်။

အသက်အန္တရာယ်သည် အဘယ်မျှနီးကပ်နေကြောင်း လီနီ သေချာစွာ သဘောပေါက် နားလည်သွားသည်။

နောက်နေ့ တစ်နေ့လုံး လုံခြုံနိုင်သည့် ချုံထဲမှာ ပုန်းအောင်းနေရသည်။ မိုးချုပ်တော့မှ ခရီးဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရပ် ဘယ်ဒေသ ရောက်နေသည်ကို လီနို လုံးဝမသိတော့။

လမ်းရှိုးအတိုင်း သွားရသည်လည်း မဟုတ်၊ တောထဲကို တိုးနေရသောကြောင့် သူ့ အဖို့တော့ မျက်စိလည်နေပြီ။ ယခုအချိန်တွင် ဂျက်ဖရီက သူ့ကို လွှတ်လိုက်လျှင်လည်း ရန်သူလက်တွင်း သက်ဆင်းရမည်မှတစ်ပါး လုံခြုံသည့်အရပ်သို့ မည်သည့်နည်းနှင့်မျှ ရောက်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့် လီနိုစိတ်လျှော့လိုက်သည်။

နောက်ပြီးတော့ ဂျက်ဖရီကိုလည်း သူ စိတ်ဝင်စားလာသည်။

ပထမဆုံးညှ မတရားအကျင့်ခံရစဉ်က။

'ရှင် နောက်ကို ကျွန်မသဘောမတူပဲ ဘယ်တော့မှ အနိုင်မကျင့်ပါနဲ့'ဟု ပြောခဲ့သည်။

ထိုစကားကို ဂျက်ဖရီ နားမှထောင်ပုံရသည်။

စမ်းချောင်းထဲတွင် မိမွေးတိုင်း ဖမွေးတိုင်း ရေချိုးရသည်များ ရှိသည်။ ထိုသို့သောအခါမျိုးမှာပင် ဂျက်ဖရီသည် တည်ငြိမ်စွာ နေနိုင်နေသည်ကို တွေ့ရသည်။ မရိုးသားသော အကိုင်အတွယ်များ၊ အကြည့်အရှုများ လုံးဝမလုပ်တော့။

'နှစ်ယောက်စလုံး အန္တရာယ်ဖြစ်စေမယ့် အပြုအမူမျိုးတွေကို ကျွန်မ လုံးဝမလုပ်တော့ပါဘူး'ဟု လီနိုက



ထုတ်ဖော်အတိပေးခိသည်အထိ ဆက်ဆံရေး အခြေအနေ ကောင်းမွန်လာလေသည်။

ရက်အတော် ကြာသောအခါ စတိုးဘရစ် မြို့အနီးသို့ သူတို့ ချဉ်းကပ်မိလာသည်။ ကောက်ရိုးလှည်း တစ်စီးအနောက်ကွယ်မှ အသာကလေး လိုက်လာသည်။

စနိုးဖိုင်းယားမှာလည်း လူနှစ်ယောက်ကို သယ်ပြီး တောတွင်း၌ ခရီးပြင်း နှင်နေရသောကြောင့် ပင်ပန်းလှပြီ။

ကောက်ရိုးလှည်း နောက်ကွယ်မှ စတိုးဘရစ် မြို့ကို ငုံးမျှော်ကြည့်လိုက်သောအခါ ကာရှမ်းစစ်၏ တပ်များ ခမ်းပိုက်နေရာယူထားကြသည်ကို တွေ့ရသည်။

ဂျက်ဖရီသည် အခြေအနေကို အကဲခတ်ကာ ကောက်ရိုးလှည်း နောက်ကွယ်မှ ဟန်မပျက် ဆက်လိုက်လာခဲ့သည်။

မြို့နှင့်မလှမ်းမကမ်းသို့ ရောက်သောအခါ သူတောင်းစား အုပ်စုတစ်စုနှင့်တွေ့သည်။ ထိုအထဲမှ တစ်ယောက်သည် မျက်စိလျင်သော ဂျက်ဖရီက ချက်ချင်း မှတ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတောင် စားများမှာ မြို့ထဲသို့ မဝင်ရဲသဖြင့် စုရုံး စုရုံး လုပ်နေကြသည်။

ဂျက်ဖရီက သူမှတ်မိသော သူတောင်းစားဆီသို့ မြင်း ကို ဦးတည်ပေးလိုက်ပြီး အနားရောက်သောအခါ လေ သံဖြင့် ခေါ်သည်။

'ဟားလ်....'

သူတောင်းစားက မော့ကြည့်သည်။ သူကလည်း ချက်ချင်းမှတ်မိသည်။ ထို့ကြောင့်လေသံဖြင့်ပြောသည်။

ဂျက်ဖရီ နောက်ပြန်လှည့်၊ နည်းနည်း သွားမိယင် တောအုပ် တွေ့လိမ့်မယ်၊ အဲဒီထဲက သွားစောင့်နေ၊ ထမင်း ဖိုးလေး သနားကြပါခင်ဗျာ၊ အစ်ကိုတို့ အစ်မတို့ စွန့်ကြ မှ စားရသောက်ရမယ့် ဘဝပါ'

သူတောင်းစားက စောစောကပြောသည့် စကားလုံး များကို လေသံဖြင့် နှစ်ကိုယ်ကြားပြောပြီး ထမင်းဖိုး ဟင်းဖိုးတောင်းသည့် စကားလုံးများကိုမူ အများကြား လောက်အောင် လေသံဖြင့်ပြောသည်။

သူပြောသည့်အတိုင်း နောက်ပိုင်းသို့ မြင်း ပြန်လှည့် သည်။ တောအုပ်ကလေးကို တွေ့သည်။ အထဲမှာဝင်ပုန်း သည်။ ခဏကြာတော့ ဟားလ်ရောက်လာသည်။

ဟားလ်သည် လော့ဒ်ဟားရိုးထဲရော့ဘရစ် ဖြစ်ပြီး ဘုရင့်ဘက်မှ ပါဝင်တိုက်ခိုက်နေသူဖြစ်သည်။ လော့ဒ် ဟားလ်က သူတို့အတွေ့အကြုံများကို ပြောပြသည်။



ဘုရင့်ဘက်မှ နှစ်ထောင်ကျဆုံးပြီး သုံးထောင် သုံ့ ပန်းအဖြစ် အဖမ်းခံရသည်။ သူတို့တပ်ပျက်ပြီး ခြေဦး တည့်ရာ ပြေးခဲ့ကြရသည်။ လော့ဒ်ဟားလ်က သူတောင်း စား တစ်ယောက်နှင့်တွေ့ပြီး ကိုယ်ပေါ်မှ အဝတ်ချင်း ချွတ်လဲကာ သူတောင်းစားယောင်ဆောင်နေခြင်း ဖြစ် သည်ဟု ဆိုသည်။

'ဘုရင်မြင်းမြတ် အခု ဘယ်ရောက်နေပြီလဲ ဟားလ်'

'ဘောစ်လိုဘယ်ကိုရောက်တယ်၊ ဟိုမှာ လုံခြုံရေး အခြေအနေ ကောင်းနေသေးတယ်လို့ ကြားတာပဲ၊ သူနဲ့ အတူတူ မြင်းသည့်တော် ခြောက်ဆယ်လောက် ရှိနေ တယ်'

'ဘောစ်ကိုဘယ်ကို ဘယ်လို သွားရမလဲ ဟားလ်၊ ဟိုမှာ မြင်းကောင်ရေပေါင်း ခြောက်ဆယ်လောက်ရှိနေ တယ်ဆိုတော့ ကျွန်တော်တို့ နှစ်ယောက်လောက် လုံခြုံနိုင် ကောင်းပါရဲ့'ဟု ဂျက်ဖရီက ပြောသည်။

လော့ဒ်ဟားလ်ညွှန်ပြလိုက်သည့်လမ်းအတိုင်း ဘောစ် ကိုဘယ်သို့ သူတို့ခရီးဆက်ခဲ့သည်။

မိုးကသည်းထန်စွာရွာပြန်သည်။ ထို့ကြောင့်စနိုးဖိုင်း ယားမှာ အလွန်အလွန်ပင်ပန်းနေပြီ။ သို့သော်လည်းခရီး မဆက်၍က မဖြစ်နိုင်သဖြင့် မြင်းကို အနားမပေးနိုင်ဘဲ ဆွတ်ခရီးနှင်နေရခြင်းဖြစ်သည်။

ဘောစ်ကိုဘယ်မြို့ဘင်းသို့ အလွယ်တကူပင် ဝင်ခွင့်ရ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မြို့တွင် ဘုရင်မင်းမြတ် ရှိနေသည်မှာ မှန်သည်။ စားကောင်း သောက်ဖွယ်များကို ရှာတတ်သရွေ့ ရှာဖွေ ကျွေးမွေးထားသည်။

ဘုရင်မင်းမြတ်၏ဆံပင်များကိုဖြတ်ပစ်ကာ ထင်းခုတ်သမားယောင် ဆောင်ခိုင်းထားကြောင်း၊ ယခုအခါ လုံခြုံ စိတ်ချရသည့် တစ်နေရာတွင် ပုန်းအောင်းနေကြောင်း၊ နောက်တစ်နေရာသို့ ရွှေ့ဦးမည် ဖြစ်ကြောင်း ပြောပြကြသည်။

ဂျက်ဖရီတို့ တည်းသည့် အိမ်ရှင်က အလွန်သဘောကောင်းသည်။ သူတို့ကို စားကောင်း သောက်ဖွယ်များ ကျွေးသည်။

'အင်မတန်ထူးဆန်းတဲ့ သတင်းတစ်ခု ဒီကိုရောက်လာတယ်၊ ရူစအာမြို့မှာ တိုက်မှုဖြစ်တုန်းက နတ်သမီးတစ်ပါးဟာ မြင်းဖြူကြီးစီးပြီး မြို့ထဲကို ဝင်လာတယ်တဲ့၊ သူ့ကိုယ်ပေါ်မှာ အဝတ်အစားလဲမပါဘူးတဲ့၊ ဘုရင်ကိုလိုက်ရှာရင်း မြို့ထဲမှာ ပျောက်သွားတယ်တဲ့၊ အဲဒီနောက်ကရွှမ်းဝဲတို့ဘက်ကို ပြန်ရောက်သွားတယ်လို့ပြောနေကြတယ်၊ အဲဒီသတင်း မှန်ရဲ့လား ဟင်' ဟု အိမ်ရှင်ယောကျာ်းက မေးသည်။

လီနိုက အားပါးတရရယ်သည်။

'သူတို့ပြောနေတဲ့ နတ်သမီးဆိုတာ ဟောဒီက လီနိုပါပဲဗျာ၊ မြင်းဖြူကြီးစီးပြီး မြို့ထဲကို ဝင်လာတာ မှန်ပါ



တယ်၊ ဒါပေမယ့် ဘုရင်ကို ရှာဖို့ မဟုတ်ပါဘူး၊ သူ့ယောကျာ်းကိုလိုက်ရှာတာပါ'

အဖြစ်မှန်ကို ဂျက်ဖရီက ရှင်းပြသည်။

သူတို့မြင်းတစ်ကောင်တည်း လူနှစ်ယောက် စီးလာရသဖြင့် မြင်းသိပ်ပင်ပန်းနေပြီကို တွေ့ရသဖြင့် အိမ်ရှင်က မြင်းနီလေးတစ်ကောင်ပေးသည်။ စစ်မြေပြင်တွင် လွတ်နေသည်ကို တွေ့သဖြင့် ဖမ်းလာသောမြင်းဖြစ်သည်။ ထို့ကြောင့် မြင်းတစ်ယောက်တစ်ကောင်စီဖြင့် သူတို့ ခရီးဆက်ကြပြန်သည်။

တောတွင်းရောက်သောအခါ လီနိုက မြင်းချင်း လဲဖို့ ပြောသည်။ ဂျက်ဖရီက စနိုးဖိုင်းယားကိုစီးပြီး သူကိုယ်တိုင်ကမြင်းနီကလေးကို စီးနေရသောကြောင့်ဖြစ်သည်။

'စနိုးဖိုင်းယားက အင်မတန်မြန်တဲ့မြင်း၊ သူ့နဲ့မင်း ဒုန်းစိုင်းပြီးထွက်ပြေးသွားယင် ဘယ်လိုလုပ်မလဲ၊ တစ်ရွာရွာဝင်ပြီး မင်းကိုက ငါ့ခတရားကျင့်တဲ့အကြောင်း ဝင်တိုင်ယင် ဘယ်လိုလုပ်မလဲ'

'တိုင်ချင်ယင် အခုနရွာကတည်းက ကျွန်မတိုင်တော့မှာပေါ့ရှင်'

လီနိုက ရှိုးရှိုးကလေးပြန်ပြောသည်။

ထိုအကြောင်းကို ဂျက်ဖရီ ဦးစားမိသွားကာ သဘောတူလိုက်သည်။ လီနိုကို စနိုးဖိုင်းယားပြန်ပေးသည်။

မြင်းကိုယ်စီဖြင့် လန်ဒန်မြို့ဘက်သို့ ဖောက်ထွက်နိုင်အောင် သူတို့ကြိုးစားကြသော်လည်း အချည်းနှီးပင်။ နှ

www.burmeseclassic.com

www.burmeseclassic.com



ရာတကာမှာ ကရွမ်းစဲခါးတပ်များက ပိတ်ဆို့ထားသည်ကိုသာ မြင်တွေ့နေရသည်။ ထို့ကြောင့် တောလမ်းများကိုသာ ရွေးပြီး ရောက်ချင်ရာရောက်တော့ဆိုသောသဘောဖြင့် ခရီးနှင်နေရသည်။

မြင်းနှင့် လူအတွက် အစားအသောက်များကိုလည်း နည်းမျိုးစုံဖြင့် ဖန်တီးသွားကြရသည်။

*

အခန်း ၅

တောတွင်းမှာ သူတို့တစ်လကြာသွားပြီ။ ရန်သူနှင့် လွတ်ဆင်းသည့်နေရာသို့ မရောက်နိုင်သေး။

အနောက်ဘက်သို့ ခရီးနှင်ရင်း ဗိုဗွန်ရှိုင်းယား နယ်ထဲသို့ဝင်လာသည်။

'ရှင် ဘာလုပ်ကိုင်စားသောက်မယ်လို့ စိတ်ကူးသလဲ၊ အသက်မွေးဝမ်းကျောင်းပညာ ရှင်ဘာတတ်သလဲ'

တစ်ရက်တွင် တောတွင်းတစ်နေရာ၌ နားနေရင်း လီနိုအမေးသည်။ ဂျက်ဖရီဖမ်းမိလာသည့်ငှက်များကို မီးကင်

www.burmeseclassic.com

www.burmeseclassic.com



နေကြခိုက်ဖြစ်သည်။ ဘောထဲရှိဝါးဖြင့် လေးနှင့်မြှားလုပ်ကာ ငှက်များကို ဂျက်ဖရီပစ်ခတ်လာခြင်းဖြစ်သည်။

'ရှင်ဘုရင်နဲ့မြန်မြန်တွေ့တဲ့အခါ အားလုံးအဆင်ပြေသွားမှာပေါ့ကွာ'ဟု ဂျက်ဖရီက ပြန်ပြောသည်။

'သူဘောင်းဘီလုပ်ရမှာလား'ဟု လီနိုက မေးသည်။

'သူဘောင်းဘီဆိုရင်လဲ ဂုဏ်မငယ်ပါဘူး၊ တော်ဝင်သူဘောင်းဘီ ဖြစ်မှာပေါ့၊ ကဲ....တောင်မေးမြောက်မေး မေးမနေပါနဲ့တော့ကွာ၊ ငါ့အပေါ် ခွင့်မလွှတ်နိုင်သေးဘူးလား၊ အခု အချိန်အထိ မင်း မှဘက်ပေါက်မစွန်းရအောင် ငါစောင့်ရှောက် ကာကွယ်ပေးနေတယ် မဟုတ်လား'

'အသက်မွေ ဝမ်းကျောင်းပညာဘာမှမတတ်တဲ့ ရှင်နဲ့ ခရီးဆက်သွားနေရလို့တော့ ကျွန်မတိုင်တော်သေမှာပဲ'

လီနိုက သံပြတ်ဖြင့် ပြောသည်။

'ပူတတ်ရန်ကောကွာ၊ ဟောဒီသက်ဘ ...တ်နဲ့ခေါင်းကိုင်နေသေးသာမျှ ...ယ်တော့မှမတော်ဘူး'

ဂျက်ဖရီက လက်ဘစ်ဘက်ကို မြှောက်ပြရင်း ပြောသည်။

သူဘာဆိုလိုကြောင်း လီနိုနားမလည်ပါ။ ထို့ကြောင့် ဖြစ်နိုင်သည်များကို လျှောက်တွေးကြည့်နေမိသည်။

တစ်ရက်တွင် ရန်သူ ...ရှောင် ...ပ်းမလွတ်နိုင်တော့သည့် အဆုံးတွင် ဂူကြီးတစ်ခုထဲမှာ ဝင်ပုန်းခဲ့ကြရသေးသည်။ ဂျက်ဖရီးသည် ထိုနေရာများကို ကောင်းစွာကျွမ်းကျင်သူ



ဖြစ်သည်။ သူငယ်စဉ်က သည်နေရာမှာ ကျက်စားခဲ့သည်ဟု ဆိုသည်။

'ဒီဂူကြီးထဲ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ ငါကောင်းကောင်းသိတယ်၊ ကလေးဘဝ တစ်လျှောက်လုံး ဒီပတ်ဝန်းကျင်မှာ အချိန်ဖြုန်းခဲ့တာပဲ'ဟု ဂျက်ဖရီက ပြောသည်။

ထိုဂူထဲမှာအချိန်ဖြုန်းရင်း ရန်သူအခြေအနေကိုသူတို့ အကဲခတ်နေကြသည်။ မရှင်းသေးသဖြင့် ဂူထဲမှ မထွက်နိုင်အောင်ဖြစ်နေသည်။

ယခုရက်များအတွင်း ဂျက်ဖရီက သူ့ကို အရမ်းအာရုံစိုက်နေကြောင်း လီနို သတိထားမိသည်။ ထို့ကြောင့် အနေရအထိုင်ရလည်း ခက်နေသည်။

သူတို့နှစ်ယောက် ဂေါထဲတွင် အတူနေနေကြသည်မှာ ဟစ်လကျော်သွားပြီ။ သို့သော် ဂျက်ဖရီက လက်များနှင့်ပင် ...မတို့တော့။

သို့သော် ယခုလောလော သူ့အမူအရာ ပြောင်းလာသည်။

တစ်နေ့ခင်းတွင် ဂူထဲမှာ ထိုင်နေကြခိုက် ဂျက်ဖရီက သူ့ကိုခေါ်သည်။

'ဒီနားခဏလာပါဦး လီနို'

လီနိုက ပြုံးရုံပြုံးသည်၊ နေရာကမရွေ့။

ခဏကြာတော့ ဂျက်ဖရီ၏ ရှည်လျား သန်မာသော လက်မောင်းများက သူ့ကိုယ်လုံးကို သိုင်းဖက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနို၏ကိုယ်လုံးမှာ တဆတ်ဆတ်တုန်နေသည်။ သို့သော် ရှန်းကန်ခြင်းကားမပြု။

ဂျက်ဖရီ၏ ရင်ခွင်တွင်းသို့ ကြည်ဖြူကျေနပ်စွာ ဝင်လိုက် မိလေသည်။

လီနိုသည် ဂျက်ဖရီကို ချစ်မိလေပြီတကား။

သူ့ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။ ချမ်းသောကြောင့် မဟုတ်ပါ။ ဂျက်ဖရီကို ချစ်မိပြီ ဖြစ်ကြောင်း အသိဝင်လာသောကြောင့် ဖြစ်ပါသည်။

ဂျက်ဖရီသည် လီနို တစ်ယောက်တည်းအတွက် ဖန်ဆင်းရှင် တစ်ဦးဦးက ဖန်တီးပေးလိုက်ခြင်းပင် ဖြစ်လေသည်။

ပျော်စေ၊ မြှောက်စေ၊ ကလက်စေ သဘောဖြင့် ဂျမ်းကို ပေးခဲ့မိသော ကတိမျိုးနှင့်မတူပါ။ ဂျမ်းနှင့် ထားခဲ့ဖူးသည့် ပန်သစ္စာပြုခြင်းမျိုးနှင့် မတူပါ။

ရင်ထဲ အသည်းထဲက နှစ်နှစ်ကာကာ ချစ်လိုက်မိခြင်း ဖြစ်လေသည်။

*



နှစ်ရက်နှင့် နှစ်ညကြာသောအခါ သူတို့ ခရီးဆက်ကြပြန်သည်။ သည်တစ်ခါတော့ ပင်လယ်ဘမ်းခြေဘက်သို့ ဦးတည် ထွက်ခဲ့သည်။

'နေရာသစ်တစ်ခု ထပ်ရှာပြီး သတို့သမီးကို လက်ဆောင်တွေမျှား ပေးနေတာလားဟင်'

လီနိုက ပြုံးပြီးမေးသည်။

'ပြောင်းလဲသွားတဲ့ မြင်ကွင်းကလေးတွေပဲ မင်းကို ငါပေးနိုင်တာလေ၊ ဒါပေမယ့် တစ်နေ့ နေ့ မှာတော့ အခြေအနေ ပိုကောင်းလာမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဖရီက အသံသြကြီးနှင့် ပြောသည်။

'ရပါတယ်၊ ရှုခင်းမျှော်ခင်း အသစ်အဆန်းတွေ ကြည့်နေရတာကို ကျွန်မလဲ သဘောကျပါတယ်'

လီနိုက သက်ပြင်းကလေး တစ်ချက်ချလိုက်ရင်း ပြန်ပြောသည်။

ညနေဆည်းဆာ ချိန်တွင် ပင်လယ်ကမ်းခြေသို့ သူတို့ရောက်လာကြသည်။ စခန်းချဖို့ နေရာသစ် တစ်ခုကို ကျောက်ဆောင်များကြားမှ တွေ့ရသည်။ မြင်းနှစ်ကောင်ကို မြက်ခင်းများမှာ သွားလွှန်းသားလိုက်သည်။ သူတို့က စခန်းထဲမှာ နားသည်။

လီနိုက ချစ်သူမျက်နှာကို မဝနိုင်သလို ကြည့်သည်။

'ရှင့်မိဘတွေအကြောင်း ပြောပြပါလားဟင်၊ ဘယ်လို ပုံမျိုးတွေလဲ' ဟု လီနိုက မေးသည်။

ထိုမေးခွန်းကြောင့် ဂျက်ဖရီက ဟက်ခနဲ တစ်ချက် ရယ်သည်။

'ငါ့အဖေက အရပ်မြင့်မြင့်၊ အသံကြီးကြီး၊ ငါက အဖေနဲ့ အရပ်မြင့်တာချင်း တူတာကလွဲလို့ တခြား ဘာတစ်ခုမှမတူဘူး၊ ငါက မိန်းမလိုက်စားတာနဲ့ လောင်းကစား ဝါသနာပါတယ်၊ ဒါကြောင့် အဖေက ငါ့ကို ကြဉ်ထားတယ်၊ နိုင်ငံရေးနဲ့ပတ်သက်ယင်လဲ ငါတို့သားအဖ အမြင်ချင်းမတူကြဘူး၊ သူက ကရှမ်ဝဲအနိုင်ရလိမ့်မယ်လို့ ယုံကြည်တယ်၊ အနိုင်ရမယ့်ဘက်က နေချင်တယ်၊ ငါက ဘုရင်မင်းမြတ်ဘက်က ဝင်ပြီး စစ်တိုက်တယ်၊ အဲ့ဒီ



လောက် အမြင်ချင်း မတူကြတာ၊ ငါ့မှာ အစ်ကို တစ်ယောက် ရှိတယ်၊ သူကတော့ အဖေရဲ့ အသည်းကျော်ပေါ့၊ သူ့ကိုအဖေက အရမ်း အလိုလိုက်တယ်'

'ရှင့်အစ်ကိုကရော ရှင့်ကို မချစ်ဘူးလား'

လီနိုက မျက်မှောင်ကလေးကုပ်ပြီးမေးသည်။

'ငါ့အမေအကြောင်း ငါတော့မှမသိဘူး၊ ငါ့ကိုမွေးပြီး ကြာခင် အမေဆုံးပြီး သိပ်မကြာခင်မှာပဲ အဖေက နောက်အိမ်ထောင် ပြုလိုက်တယ်၊ ငါက မိထွေးနဲ့ကြီးခဲ့ရတာ၊ မိထွေးက သားသမီးမရဘူးလေ၊ ဒါပေမယ့် သူက ငါ့အစ်ကိုကိုပဲ ချစ်တာပေါ့၊ အစ်ကို့ကိုပဲ အလိုလိုက်တာပေါ့'

'ရှင့်အမေရဲ့ ပုံတူပန်းချီကားလေး ဘာလေးများ ကျန်ခဲ့ဘူးလား၊ ပန်းချီကားကိုကြည့်ယင် ဘယ်လိုရုပ်မျိုး ရှိတယ်ဆိုတာ သိရမှာပေါ့'

'တစ်ပုံတော့ ရှိခဲ့ဖူးတယ်လို့ ကြားဖူးတယ်၊ ဒါပေမယ့် သတိရနေမှာစိုးလို့ဆိုပြီး အဖေက မီးရှို့ပစ်လိုက်တယ်၊ ငါ့ကို ကိုယ်ဝန်ဆောင်နေတုန်းအဖေနဲ့အမေရန်ဖြစ်ကြတယ်၊ အဖေက အမေ့ကို အပေါ်ထပ်ကနေ တွန်းချလိုက်တယ်၊ ဒါကြောင့် ငါ့ကို နေ့မစေ့လမစေ့နဲ့ မွေးကာမွေးပြီး ချက်ချင်းဆိုသလို အမေဆုံးသွားတာပဲတဲ့'

ထိုအကြောင်းများကိုကြားသိရသောအခါ လီနိုသည် ဂျက်ဖရီကို အသနားပိုကာ ပိုလို့ ချစ်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဖရီ၏ ရင်ခွင်ထဲမှာ လှဲလျောင်းရင်း လီနို အတွေးနယ်ချဲ့နေမိသည်။

သိပ်မကြာခင် အချိန်အတွင်းမှာပင် ဂျက်ဖရီကို သူ ပြောပြစရာ အကြောင်းတစ်ခု ရှိနေသည်။ သူတစ်ယောက်တည်း သိထားသောအကြောင်းဖြစ်သည်။ သို့သော်လည်း အလောသုံးဆယ် ပြောဖို့ကား မလိုပါ။ ထိုအကြောင်းနှင့် ပတ်သက်၍...

'ကျွန်မ သားသမီး ရတော့မယ်ရှင်' ဟု ပြောပြလျှင် ကောင်းမည်ဖြစ်ကြောင်း စိတ်ကူးထဲမှာ စကားလုံးများ စီကြည့်နေမိသည်။

သားကလေး မွေးရမည်။ ထိုသားကလေးကို 'ဂျက်ဖရီ' ဟု နာမည်ပေးဖို့လည်း စိတ်ကူးဖွဲ့ရိုက်ရင်း သူ ကြည်နူးနေမိလေသည်။

*

အခန်း ၇

အရှေ့မြောက်ဘက်သို့ သူတို့ ခရီးဆက်ကြရပြန်သည်။ မြို့များ၊ ရွာများကို တတ်နိုင်သလောက် ရှောင်ကွင်းသွားကြသည်။

အဆုံးမရှိနိုင်သော ခရီးရှည်ကိုနှင်ကြရင်း မနက်ပိုင်းများ၌ လီနိုဖျားသည်။ အော့ချင်အန်ချင်နေသည်။ မနက်ဘက်ဖျားသည်မှာ တစ်ရက်လည်းမဟုတ်။ နှစ်ရက်လည်း မဟုတ်။

သည်အတိုင်းဆိုလျှင်တော့ သူ့မှာ ကိုယ်ဝန်ရှိတာသေချာသွားချေပြီ။ သူ့ကိုယ်သူလည်း ပိုမို ယုံကြည်စိတ်ချသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂျက်ဖရီကိုတော့ ဖွင့်မပြောသေး။

အရှေ့ဘက်သို့ သူတို့ဦးတည်သည်။

ကရွှမ်းဝဲခါတပ်များ အတော်ကလေးပါးလာသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံတွေ့သည့် တပ်များကလည်း သူစိမ်းတစ်ရံဆန်များကို စစ်စစ်ဆေးဆေး သိပ်မလုပ်လှ။ ဘုရင့်တပ်များ သည်ဘက်တွင်အတော် နည်းနေပြီ ဖြစ်သောကြောင့် အလိုအလျောက် အသွားအလာချောင်နေခြင်းဖြစ်သည်။

ထို့ကြောင့် မြို့ကလေးတစ်မြို့မှာ ဈေးနေ့နှင့် ကြုံနေသဖြင့် သူတို့ဝင်ကြသည်။ စားနပ်ရိက္ခာလည်းဖြည့်ရဦးမည်ဖြစ်ရာ အရဲစွန့်ပြီး မြို့တွင်းသို့ ဝင်ခဲ့ခြင်းဖြစ်သည်။

ဈေးနားတွင် မြင်းပြိုင်ပွဲလုပ်ပို လူများ စုဝေးနေကြသည်။

'လိနို...စနိုးဖိုင်းယားကို မခြကျိုးနေတဲ့ မြင်းနဲ့ တွေ့အောင် တော့နင်းတော့နင်း သွားခိုင်းလို့ရမလား'

ဂျက်ဖရီက မြင်းပွဲဝင်ဖို့ အကြံဖြင့်မေးသည်။

တိုက်ဆိုင်သည် ဆိုရမည်လား မသိ။ စနိုးဖိုင်းယား အကျွမ်းကျင်ဆုံးအတတ်ပညာသည် တော့နင်း တော့နင်း သွားခြင်းဖြစ်လေသည်။ ထိုအတတ်တစ်မျိုးကိုလိနိုကကြိုးစားပမ်းစား သင်ပေးခဲ့မိသည်။

'သူ့အကျွမ်းကျင်ဆုံးအတတ်လေ' ဟု လိနိုက ဝမ်းသာအားရပြောသည်။



'ဒါဆိုယင် ဝါဝင်ပြိုင်မယ်၊ စနိုးဖိုင်းယားဟာ အင်တန်အပြေးသန့်တဲ့မြင်းပဲ'

'နေဦး၊ ပိုသချာအောင်ဒီလိုလုပ်၊ ရှင့်ကိုယ်အလေးချိန်တများတယ်၊ ကျွန်မကပေါ့တာပဲ၊ ဒါကြောင့် ကျွန်မဝင်ပြိုင်မယ်၊ ကုန်းနှီးမတပ်ဘဲ ကျွန်မစီးမယ်၊ ဒါဆိုရင် ကုန်းနှီးအတွက် အလေးချိန်ပါ လျော့သွားတာပေါ့'

သို့ဖြင့် ပြိုင်ပွဲဝင်ဖြစ်ကြသည်။ သူတို့ပဲ အနိုင်ရသည်။ ဆုကြေးငွေယူခါနီးတွင် မြင်းကို ခြေကျိုးချင်ယောင်ဆောင်ပြီး ဝင်ပြိုင်ကြောင်းသိကာ ပြဿနာ တက်ပါလေတော့သည်။ ထိုထက်ပိုဆိုးသည်က...

'ဝူစဘာမြို့ကို ဝင်ခဲ့တဲ့နတ်မိမယ်' ဟူသော အော်သံများကျက်ကျက်ညံသွားခြင်းဖြစ်လေသည်။

ထို့ကြောင့် အသက်ကိုဖက်နှင့်ထုပ်ပြီး ပြေးရလေတော့သည်။ နောက်ဆုံးလူသူကင်းနေသည့် ဘုရားရှိခိုးကျောင်းဆောင်ခုအတွင်း ဝင်ပုန်းနေရသည်။

'ဒီမြို့ထဲကနေဘယ်ကိုထွက်မလဲ' ဟု လိနိုကမေးသည်။

'မှောင်မှအောင် ဒီထဲမှာနေမယ်၊ မှောင်တော့မှတခြားဈေးပြန်တွေနဲ့အတူရောပြီး မယောင်မလည်ထွက်ကြတာပေါ့၊ ဒီမှာတော့ ညအိပ်လို့မဖြစ်နိုင်ဘူး'

ဘုရားရှိခိုးကျောင်းထဲတွင် အဝတ်အစားဟောင်းများကို အားလျော့စွာ သွားတွေ့သည်။

'တို့ဝတ်ထားတဲ့အဝတ်တွေနဲ့ထွက်လို့မဖြစ်ဘူး၊ ချက်ချင်းမှတ်မိသွားလိမ့်မယ်၊ ဒါကြောင့် ဒီအဝတ်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com



တော့အပေါ် ထပ်ဝတ်ပြီး သွားကြရမယ်'ဟု ဂျက်ဖရီအား ပြောသည်။

အဝတ်ဟောင်းများက ညစ်ပတ် လွန်းသောကြောင့် လိနီမျက်နှာမဲ့သည်။

'ဒါလောက်ညစ်ပတ်တာတွေ ကျွန်မတော့ မဝတ်ချင်ဘူး'ဟုလည်း ခေါင်းခါခါ လည်ခါခါပြောသည်။

'အသက်ဘေးရမှာနဲ့စာယင် အဝတ်ဟောင်းတွေဝတ်ရတာအတော်သေးတာပေါ့ကွာ၊ ကိုယ်ပေါ်မှာ ညစ်ပတ်သွားတာက ရေချိုးပစ်လိုက်ယင် ချက်ချင်း သန့်ရှင်းသွားတယ်၊ အသက်ခံလိုက်ရယင် ပြန်အသက်သွင်းလို့ ရမှာမဟုတ်တော့ဘူး'

ဂျက်ဖရီက မျက်နှာထား တည်တည်ကြီးနှင့် ပြောသည်။

မတတ်သာသည့်အဆုံးတွင် ညစ်ပတ်လှသည့် အဝတ်ဟောင်းများကို ဝတ်ကြရတော့သည်။

'မင်းရဲ့ စနိုးဖိုင်းယားကိုပါ ရုပ်ဖျက်ဦးမှဖြစ်မယ်'

'ဘယ်လို ဖျက်မလဲ'

'လွယ်ပါတယ်'

ဂျက်ဖရီက စနိုးဖိုင်းယား၏ ခြေနှင့်လက်များ၊ လည်ဆံမွေးများကို ရွှံ့များဖြင့် လိမ်းသည်။

'ညအမှောင်ရိပ်နဲ့ဆိုယင် မြင်းညိုကြီး တစ်ကောင်လို ထင်ရမှာပေါ့၊ အနားကိုကပ်ကြည့်မှသိမှာ'ဟု ဂျက်ဖရီက ပြောသည်။



'ရှင့်မြင်းနီကလေးကိုရော ဘယ်လိုလုပ်မလဲ'

'မပူပါနဲ့၊ ဒီအရပ်မှာမြင်းနီတွေပေါတယ်၊ ဘယ်သူကမှ ဂရုစိုက်ကြည့်နေမှာ မဟုတ်ဘူး'

လိုအပ်သောပြင်ဆင်မှုများကို သူတို့လုပ်ကြသည်။

'မင်းဆံပင်ကို အဲဒီအတိုင်း ဖားလျားမချထားနဲ့၊ ထုံးပြီးအဝတ်တစ်ခုနဲ့အပေါ်ကအုပ်လိုက်'

လိနီက ဂျက်ဖရီပြောသည့်အတိုင်း လုပ်သည်။

'ရှင်ကလဲ အရက်မူးသမားတစ်ယောက်လိုဟန်ဆောင်ရကောင်းတယ်၊ ဇက်ကျိုးကျနေသလို လုပ်ထားမှ ရှင့်မျက်နှာကို တခြားလူတွေရုတ်တရက်မမြင်ရမှာလေ'

'ကောင်းတယ်၊ ဒီလိုဆိုယင် မင်းလဲ မျက်လုံးတစ်ဘက်ကိုအညိုအမည်းစွဲနေတဲ့ပုံမျိုးဖြစ်အောင်လုပ်လိုက်၊ အရက်မူးပြီး ငါကထိုးကြိတ်ရိုက်နှက်ထားတဲ့ သဘောမျိုးပေါ့'

စိတ်တိုင်းကျ ရုပ်ဖျက်ပြီးသောအခါ နေဝင်ရီတရော အလင်းရောင်အားနည်းချိန်တွင် ဘုရားရှိခိုးကျောင်းထဲမှ သူတို့ထွက်ခဲ့ကြသည်။

သူတို့အထွက်တွင် အပြင်မှာရွာခနေသောမိုးကရပ်သွားပြီး တစ်နေရာတွင် မိုးကြိုးပစ်သံကြားရသည်။

ကောင်းသောနိမိတ်လား၊ ဆိုးသောနိမိတ်လား လိနီမသိရှာပါ။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈

နေဝင်ပြီး အလင်းရောင်ပျောက်သည်နှင့် တစ်ပြိုင်တည်း ထွန်းအောင်းနေသည့် နေရာမှ လီနီနှင့် ဂျက်ဖရီတို့ ရှပ် ချက်ပြီး မြင်းကိုယ်စီနှင့် ထွက်ခဲ့ကြသည်။

ဈေးပြန်များကို လမ်းပေါ်တွင် တွေ့ရသည်။ အချို့ က လှည်းနှင့်။ အချို့ကမြင်းနှင့်၊ အချို့က ခြေကျင်။ အားလုံး မြို့တံခါးဆီသို့ ဦးတည်သွားနေကြခြင်း ဖြစ်လေ သည်။

လီနီနှင့်ဂျက်ဖရီသည် သူတို့နောက်မှ မယောင်မလည် ဆုလိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့တံခါးနားသို့ နီးလာသည်နှင့်အမျှ လူတို့၏ ခြေ… လှမ်းများ နှေးကုန်ကြသည်။ ရှေ့မှလူများ ပိတ်နေသော… ကြောင့်ဖြစ်သည်။

မြို့တံခါးလွန်လျှင် သူတို့ လွတ်မြောက်ပြီ။ သို့သော်… လည်း မြို့တံခါးကိုလွန်မြောက်ဖို့မှာ မသေချာ မရေရာ… ဖြစ်နေသည်။

မြို့တံခါးတွင် လူတွေတန်းစီနေကြသည်။ ကရှမ်း… ဘက်သား စစ်သားတစ်ယောက်က မှန်အိမ်မြောက်က… တစ်ယောက်ချင်း စစ်ဆေးနေသည်ကို လှမ်းမြင်နေ… သည်။ ထို့ကြောင့် ရှေ့မှလူတွေ ပိတ်နေခြင်း ဖြစ်သည်…

'ရှေ့မှာ ဘာဖြစ်လို့ လူတွေဒါလောက် ကျပ်နေတာ… လဲ၊ လှမ်းကြည့်လိုက်စမ်းပါဦး မစ္စဘာတုန်း'

လူအုပ်ထဲမှ မိန်းမတစ်ယောက်၏ ပြောသံ ကြား… သည်။

'ဝူစတာက နတ်မိမယ်ကို ရှာနေကြတာ ထင်တယ်… ဗိနွေ့မြင်းပြိုင်ပွဲမှာ ဝင်ပြိုင်ပြီး နိုင်သွားတယ်လေ'

အရုပ်မြင့်မြင့် လူယ်သမားတစ်ယောက်က ပြန်… သည်။

ထိုစကားကို ကြားလိုက်ရသဖြင့် လီနို၏ ကိုယ်လ… တောင့်ခနဲဖြစ်သွားလေသည်။ ယခုအတိုင်းဆိုလျှင် ဘု… ဘက်တော်သားများကို ရှာဖွေစစ်ဆေးနေခြင်း မဟုတ်… မိမိတို့ကို ရှာဖွေနေခြင်းဖြစ်ကြောင်း သူတို့နားလည်လိုက်… လေသည်။



'ဗိနွေ့ မြင်းပြိုင်ပွဲဝင်တဲ့မိန်းမဆိုယင်တော့ နတ်မိမယ် …လဲ မတွေ့ပါဘူးတော်'ဟု လီနို၏ နောက်ဘက်နားမှ …န်းမတစ်ယောက်က မှတ်ချက်ဝင်ပေးသည်။

'ခပ်တိုးတိုးပြော မစ္စက်လင်းနေ့၊ တော်တော်ကြာ …စ်သားတွေ ကြားသွားလို့ စိတ်တိုနေယင် တစ်ညလုံး …တန်းစီပြီး အစစ်ခံနေရလိမ့်မယ်'ဟု ယောကျ်ား တစ်… ယောက်က ဝင်ပြောသည်။

ဘုရားရှိခိုးကျောင်း အတွင်း၌ လူရောမြင်းပါ ရုပ် …ကျက်ခဲ့မိသည့်အတွက် အထိုက်အလျောက်တော့ စိတ် …အေးရသေးသည်။

ဂျက်ဖရီကို လီနို လှမ်းကြည့်သည်။ သူလည်း အများ …နည်းတူ မြင်းပေါ်မှဆင်းပြီး လမ်းလျှောက် လိုက်နေ… သည်။ အရက်မူးသမားယောင်ဆောင်နေဆဲ ဖြစ်သည်။ …ချက်နှာကို အတတ်နိုင်ဆုံး ငုံ့ထားသည်။

'ဝူစတာက နတ်မိမယ်ကို ကျွန်တော် မမြင်လိုက်ရဘူး… ဗျ၊ ဘယ်လိုရုပ်မျိုးလဲ မစ္စက်လင်းနေ့'ဟု တစ်ယောက် …က မေးသည်။

'ကိုယ်လုံး ကိုယ်ထည်နဲ့ အရုပ်အမောင်းကတော့ တို… …ရှေ့က ဟောဟို အမျိုးသမီး အရွယ်လောက်ပဲ'

မစ္စက်လင်းနေ့ ဆိုသူက လီနိုကို မေးငေါ့ပြသည်။

'အသားကတော့ သိပ်ဖြူတာပဲလို့ ပြောကြတယ်၊ …ရုပ်လဲ သိပ်မြင့်သတဲ့၊ ဆံပင်က ရွှေရောင်ဝင်းနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင် ဂါဝန်ကို ဝတ်ထားတယ်လို့ ပြောကြ
တယ်'

လယ်သမားတစ်ယောက်က သူ ကြားဖူးသည်များကို
ဖောက်သည်ပြန်ချနေသည်။

အဝတ်အစားများ လဲခဲ့မိသည့်အတွက် ဘုရားသခင်
ကိုပင် ကျေးဇူးတင်ရသေးတော့သည်။ ရုပ်သာ မဖျက်ခဲ့
မိလျှင် သေချာပေါက်အဖမ်းခံရပြီး ကြိုးစင် အတင်ခံရ
မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေချသည်။

လီနီမှာမသုံးလဲဖြင့် ခေါင်းပေါ်တင်ထားသည့် မျက်
နှာသုတ် ပဝါကိုလုံလုံခြုံခြုံရှိမရှိစမ်းကြည့်မိသည်။ အတွင်း
မှာ ရှိနေသော ဂါဝန်အစိမ်း ပေါ်မပေါ်ကိုပါ စစ်ဆေး
ကြည့်မိသည်။

ခေါင်းပေါ်မှ မျက်နှာသုတ်ပဝါ နေထားတကျ
ပြီး အဝတ်ဟောင်းကြီးအောက်မှ ဂါဝန် အစိမ်းအ
မထွက်ဘဲ နေသည်လို့ မြင်ရမှ အထိုက်အလျောက် စိတ်
သက်သာရာ ရသွားသည်။

စစ်သားများ စစ်ဆေးနေသည့် မြို့တံခါးနားသို့ သူတို့
ရောက်လာကြသည်။ ရှေ့ကလူများကိုစစ်ဆေးနေသည်။

'သွားတော့၊ နောက်တစ်ယောက် ရှေ့ကိုတိုး'

စစ်သားအသံကို ကြားရသည်။

'ဝူစတာမြို့က နတ်မိမယ်ဟာ ဟောဒီ အမျိုးသမီး
လောက် ရှိပါသယ်လို့ ပြောနေတာ၊ ငါက ကိုယ်တိုင်



မြင်ခဲ့ရတာဟဲ့၊ ဒီအမျိုးသမီးနဲ့ အရုပ်အမောင်းရော
ကိုယ်ထည်ပါ တစ်ဖြတ်တည်းပဲ'

မစ္စက်လင်းနော့ဆိုသော မိန်းမကြီးက စစ်ဆေးနေ
သည့် ဂိတ်နား ရောက်သည့်တိုင် လီနီကို လက်ညှိုးတစ်ထိုး
ထိုးနှင့် နိုင်းယှဉ် ပြောနေဆဲဖြစ်သည်။

ကြောက်စိတ် အကြီးအကျယ် ဝင်နေသော လီနီက
မစ္စက်လင်းနော့ဆိုသော မိန်းမကြီးကို စိတ်ထဲမှ ကျိတ်ပြီး
ကျိန်ဆဲနေမိသည်။

စစ်သားက မှန်အိမ်မြှောက်ပြီး မျက်နှာများကို သေ
သေ ချာချာ ကြည့်သည်။ ဆံပင်အရောင်ကို ကြည့်သည်။
ခေါင်းပေါ်မှ မျက်နှာသုတ်ပဝါကို လီနီ စမ်းမိပြန်
သည်။

ထိုအချိန်ကလေးမှာပင် လီနီက ကျယ်လောင်စွာအော်
ပြောလိုက်သည်။

'ဒီနံ့ညအဖို့တော့ ကျွန်မကို ရှင် စကားတစ်ခွန်းမှ
မပြောနဲ့တော့ ဂျွန်ဇဒါ'

ဂျက်ဖရီကိုလှည့်ကြည့်ပြီး ကျယ်လောင်သည့်အသံဖြင့်
ပြောခြင်းဖြစ်သည်။ အနီးတစ်ဝိုက်ရှိ လူအားလုံးက သူတို့
နှစ်ယောက်ကို လှည့်ကြည့်ကြသည်။

လီနီက ဆက်ပြောသည်။

'အလကား အရက်သမား၊ ဘယ့်နှယ်တော်... အရက်
သောက်ပြီး မူးရ ရမ်းရတယ်လို့'

www.burmeseclassic.com

www.burmeseclassic.com



လီနိုက ခေါင်းဆောင်းထားသည့် မျက်နှာသုတ်ပဝါကို တင်းတင်းကိုင်လိုက်သည်။ ပြီးတော့ စစ်ဆေးနေသော စစ်သားဖါးလက်ထဲမှမှန်အိမ်ကို ဆို ခနဲ ဆတ်ခနဲ ဆွဲယူကာ ခေါင်းပေါ်သို့ မြှောက်လိုက်သည်။

ရုတ်တရက်မို့ စစ်သားမှာ ဘာလုပ်ရမှန်းမသိအောင် ကြောင်ကြည့်နေမိသည်။

'ဒီမှာကြည့်စမ်း၊ ကျွန်မကိုရိုက်နှက်ထားတာ အညိုအမည်းကိုစွဲသွဲ၊ အရက်သောက်ဘာ သူများလို ကောင်းကောင်းမွန်မွန် သောက်ပါလား မူးလဲ အေးအေးပေါ့၊ ဂျွန်ဒေါ် တို့ကတော့ မဟုတ်ပါဘူး၊ အရက် ကလေး နည်းနည်းဝင်မယ်မကြာနဲ့၊ လူကို ရန်ရှာဖို့ စိတ်ကူးပြီ'

လီနိုက မှန်အိမ်ကို ခေါင်းပေါ်သို့ အတော်မြင့်မြင့် မြှောက်ထားသည်။ ထို့ကြောင့် သူ့မျက်နှာကိုအနီးကပ်ပြီး မှန်အိမ်နှင့် မကြည့်နိုင်တော့ချေ။ အလင်းရောင်က အမြင့်မှ လျှောကျနေသဖြင့်လည်း ရုပ်အမှန်ကို အကဲ မခတ်သာ။

'ချေနေ့ကျမှ သောက်တာပါကွာ၊ နေ့တိုင်းသောက်တာလဲ မဟုတ်ရပါဘူး' ဟု ဂျက်ဖရီက ခေါင်းငုံ့ထားရာမှ ပြန်ပြောသည်။

'ရှင်မလိမ်နဲ့၊ နေ့တိုင်း ခိုးခိုးသောက်နေတာ မသိဘူး မှတ်လို့လား၊ ကျွန်မ မသိအောင် ခိုးသောက်နေပြီး'

'အမျိုးသမီးကြီး...ခင်ဗျား ငယ်စကားများတာပဲ၊ နာမည်ပြော'



စစ်သားက လီနိုကိုမေးသည်။

'ကျုပ်နာမည် ရွှေးဒင့်ဒေါ်၊ ဟောဒီအရက်မူးသမား ကျုပ်ယောကျ်ား ဂျွန်ဒေါ်၊ ဒီကနေ နှစ်မိုင်လောက်ဝေးတဲ့ရွာမှာ နေတယ်၊ ဒါထက် နေစမ်းပါဦး ရှဲဘာ်၊ ရှင်ရော အရက် သောက်သလား၊ သောက်မှာပါပဲ၊ ယောကျ်ားတွေ တစ်ယောက်မှ မကောင်းပါဘူး၊ ရှင် အရက်သောက်တဲ့အခါ ရှင့်မိန်းမသားနဲ့ သားသမီးတွေ ဘယ်လောက်စိတ်ညစ်ကြမယ်ဆိုတာ နည်းနည်းကလေးမှ စဉ်းစားမကြည့်မိဘူးလား ရှဲဘာ်'

လီနို၏စကားကြောင့် စစ်သားမှာ မနေတတ် မထိုင်တတ် ဖြစ်သွားသည်။

'ကျုပ်မှာ မိန်းမ မရှိဘူး၊ လူပျိုဗျ'

'အေး...တစ်နေ့ မိန်းမရယင် ရှင့်မိန်းမ စိတ်ဆင်းရဲရမှာပဲ၊ ရှင့်သားသမီးတွေ စိတ်ဆင်းရဲအောင် ရှင်အရက်သောက်ဦးမှာပဲမဟုတ်လား၊ အရက်မူးပြီး ရမ်းဦးမှာပဲ မဟုတ်လား'

'တော်တော်လျှာရှည်တဲ့ မိန်းမပဲ၊ သွားဗျာ၊ မြန်မြန်ထွက်'

စစ်သားက စိတ်မရှည်တော့သလို လီနိုကိုအော်သည်။

'ထွက်ပါ့မယ်၊ ထွက်ပါ့မယ်၊ ယောကျ်ားများ ဒီအတိုင်းချည်းပဲ၊ သူတို့မကောင်းကြောင်းပြောယင နည်းနည်း ကလေးမှ မကြိုက်ဘူး၊ ယောကျ်ားချင်းကျတော့ ဘက်လိုက်ကြတာလဲ လွန်နေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



လီနိုက ဗျစ်တောက်ဗျစ်တောက်ပြောရင်း မြို့တံခါ
အပြင်သို့ထွက်သည်။

ဂျက်ဖရီကလည်း နောက်မှ ထက်ကြပ်မကွာ ပါလ
သည်။

အောင်တော်လှမ်းလှမ်းရောက်တော့ ဂျက်ဖရီက ရယ
သည်။

လီနိုကမူ မရယ်နိုင်ပါ။ သူ့တစ်ကိုယ်လုံး ဇောချွေ
များ ရွှဲနစ်နေသည်ကို ထိုအခါကျတော့မှ သတိထား
သည်။

'မင်းနဲ့ အကိုက်ညီဆုံး အသက်မွေးဝမ်းကျောင်း
အလုပ်ကို မင်းလုပ်ဖို့ကောင်းတယ်၊ အဲဒါအလုပ်လဲ သိသ
လား၊ ဇာတ်ဖင်းသမီးလေ၊ ဟိုဇာတ်သား ဘာဆက်လုပ်
မှန်းကို မသိနိုင်တော့အောင် ဖြစ်သွားတာပဲ၊ ဟား...
ဟား...'

ဂျက်ဖရီက ပြောရင်း ခွက်ထိုးခွက်လန်ရယ်သည်။

'ဟုတ်လား'

လီနိုမှာ ထိုတစ်လုံးသာ ပြောနိုင်သည်။ သူလည်း ရယ
ချင်ပါသည်။ သို့သော် ဂနန်လှုပ် ချောက်ချားနေသော
ကြောင့် မရယ်နိုင်ပါ။

ထိုအချိန်မှာပင် နောက်ဘက်ကျန်ခဲ့သော မြို့တံခါးဆီ
မှ ရုတ်ရက်သဲသဲ့ အသံများကို ကြားရသည်။ တစ်ဆက်
တည်း ခေါင်းသံဟစ်သံများကိုပါ ကြားရသည်။ အသံ
များကို သူတို့ နားစိုက်ထောင်ကြည့်သည်။



'လိုက်စမ်းဟေ့၊ ဟိုလူငမယားနှစ်ယောက်နောက်ကို
လိုက်ဖမ်းစမ်း'

တစ်စုံတစ်ယောက်၏ အော်ဟစ် အမိန့်ပေးသံကို သဲသဲ
ကွဲကွဲကြားလိုက်ရသည်။

လီနိုနှင့် ဂျက်ဖရီမှာ ဘာကိုမျှ စဉ်းစားမနေနိုင်တော့
ပါ။ လမ်းဘေးသို့ ဖြတ်ဆင်းပြီး မြင်းများကို ဆရကြမ်းနှင်
တော့သည်။ ဘောအုပ်ရှိရာသို့ ဦးတည်ပြီးပြေးခဲ့သည်။

မြင်းနှစ်ကောင်ကို တစ်နေ့ကုန် အစာကောင်းကောင်း
ကျွေးကာ အနားပေးထားခဲ့သဖြင့် ကံကြမ္မ ကိုပင်
ကျေးဇူးတင်ရသေးတော့သည်။

နောက်မှ စစ်သားများ၏ ညာသံပေးပြီးလိုက်သည်။
ရဲပ်သားများပါ ရောယောင်ပြီး လိုက်လာသည့် အသံ
ကြားရသည်။

ထိုနေရာများသည် ဂျက်ဖရီယော်စဉ်က မကြားဖော
ရောက်ခဲ့ဖူးသည် နေရာများဖြစ်သည်။ ထို့ကြောင့် ဂျက်
ဖရီက နယ်မြကျွမ်းကျင်နေသည်။

ဂူကြီးတစ်လုံးထဲသို့ သူတို့ ရောက်သွားကြပြန်သည်။
ည္ရောက်တော့မှ နှစ်ယောက်သား အသက်ကိုဝအောင်ရှူနိုင်
ကြတော့သည်။

လီနိုမှာ ချမ်းလွန်းသောကြောင့် တစ်ကိုယ်လုံး တုန်
နေသည်။

ဂျက်ဖရီကသူ့ကုတ်အင်္ကျီချွတ်ပေးကာ ရှရာသစ်ကိုင်း
ခြောက်များ၊ သစ်ရွက်များစုပြီး မီးဖိုသည်။ ဂူ၏အတွင်း

www.burmeseclassic.com

www.burmeseclassic.com



ပိုင်း ကျကျမှာ နေရာယူထားကြသောကြောင့် မီးရောင် အပြင်ထွက်မည်ကို မစိုးရိမ်ရချေ။

ထိုသို့ရှိနေခိုက်မှာပင် လီနို မိုက်ခနဲ ဖြစ်သွားသည်။ လက်မြန်ခြေမြန်ရှိသော ဂျက်ဖရီက ဖမ်းထိန်းလိုက်သဖြင့် လဲကျမသွားခြင်း ဖြစ်သည်။

သို့သော် ဂျက်ဖရီ၏လက်ထဲမှာပင် မေ့သွားသည်။

ခဏကြာမှ သတိပြန်ရသည်။

'မင်း နေကောင်းရဲ့လား' ဟု ဂျက်ဖရီက မေးသည်။

'ကောင်းပါတယ်'

ပြန်ပြောသော လီနို၏လေသံမှာ အားနည်းနေသည်။ သူ့ကိုယ်ပေါ်တွင် ဂျက်ဖရီ၏ ကုတ်အင်္ကျီ ထပ်ဝတ်ထားကြောင်း သတိထားမိသည်။

'ရှင့်အင်္ကျီ ပြန်ယူဝတ်ထားလေ၊ ကျွန်မ နေကောင်းပါတယ်' ဟု ပြောသည်။

'မဝတ်ပါဘူး၊ မင်းက နေမကောင်းတဲ့လူပဲ၊ ဒါထက် မင်း သတိလစ်သွားတာနဲ့ ပတ်သက်ပြီး ငါ့ကို ပြောပြစရာ တစ်ခုခုများ ရှိနေပြီလား'

ဂျက်ဖရီက လီနိုကို အကဲခတ်ကြည့်ရင်း မေးသည်။

ထိုအမေးကြောင့် လီနိုမှာ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ အဖြေပြန်ပေးဖို့လည်း တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

'အင်း....ငါဟာ တော်တော်တုံးတဲ့ အကောင်ပဲ၊ မနက်ပေါင်းများစွာ မင်း နေမကောင်း ဖြစ်ခဲ့တာတွေ၊ အန်ခဲ့ အော့ခဲ့တာတွေ၊ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေတာတွေ မြင်နေရတာတောင် မရိပ်မိခဲ့ဘူး၊ ဘယ်တော့လောက် မျက်နှာ မြင်ဖြစ်လိမ့်မယ် ထင်သလဲ'

'ကျွန်မလဲ သေသေချာချာ မသိဘူး၊ ဇွန် လဆန်းပိုင်းလောက် ဖြစ်လိမ့်မယ်လို့ ထင်တာပဲ'

ဂျက်ဖရီက လီနိုကို အကဲခတ်ကြည့်နေပြန်သည်။

'ငါနဲ့ ပထမဆုံးစပြီး လွန်လွန်ကျူးကျူး ဖြစ်တဲ့ အချိန်မှာပဲ ကိုယ်ဝန်ရှိသွားတာလား' ဟု မေးသည်။

'ကျွန်မလဲ ဒီလိုပဲထင်တယ်'

ဂျက်ဖရီက သူ့ကိုယ်လုံးကလေးကို ယုယစွာ ဖက်ထားသည်။ ချစ်သူ၏ ရင်ခွင်ထဲမှာ နေရသောကြောင့် အချမ်းပြေသွားသည်။

နောက်ပြီးတော့ ဂျက်ဖရီကိုလည်း လီနို အရမ်း ချစ်သွားမိလေသည်။

ထိုနေ့မှစပြီး ဂျက်ဖရီကလည်း လီနိုကို အရမ်းဂရုစိုက်သည်။ အခါတိုင်းထက် အကြင်နာပိုလာသည်။ တောထဲမှာ နေနေရသည့် အတိုင်းအတာအလျောက် သူ အစွမ်းကုန် ပြုစုသည်။

နောက်နှစ်ရက်ကြာသောအခါ ပုန်းနေသည့် ဂူထဲမှ ထွက်ကာ ခရီးဆက်ဖို့ ပြင်ဆင်ကြသည်။

'ကျွန်မတို့ ဘယ်ကို သွားကြရမယ်ကောင်းမလဲ ဂျက်ဖရီ....'

'အင်း....ငါလဲ အဲ့ဒါကိုပဲ စဉ်းစားနေတာ၊ တို့သွား စရာတစ်နေရာပဲ ရှိတော့တယ်၊ အောက်စဖို့မြို့ပဲ ရှိတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မင်းရဲ့ လက်ရှိအခြေအနေနဲ့ဆိုယင် အောက်စဖို့ကို သွားတာ အမှန်ဆုံးပဲ၊ ငါသိတဲ့ အမျိုးသမီးတစ်ယောက် အဲဒီမှာရှိတယ်၊ သူ့အိမ်မှာနေယင် တို့အတွက် လုံခြုံပါလိမ့်မယ်....'

'ရှင့်အသိက အမျိုးသမီးလား'

လီနီက အားနည်းသည့် လေသံလေးဖြင့် ပြန်မေးသည်။

လီနီ၏ မယုံသင်္ကာအမေးစကားကြောင့် ဂျက်ဖရီက ပြုံးသည်။

'ငါ့ကို ငယ်ငယ်ကထိန်းခဲ့တဲ့အမျိုးသမီးပါ၊ အောက်စဖို့မှာရှိတဲ့သူ့ သားဆီသွားနေတာကြာလှပြီ၊ သူအသက်ရှင်လျက်ရှိနေဦးမယ်ဆိုယင် တို့နှစ်ယောက်ကို ဝမ်းပန်းတသာ လက်ခံမှာပါ'

ထိုအကြောင်းကိုစဉ်းစားရင်း ကိုယ်ဝန်ဆောင်ထားရသည့် ရင်သွေးကိုစွက်ပါ လီနီ စဉ်းစားကြည့်နေမိသည်။ သည်ကလေးကို မွေးသည်ကတော့ ဟုတ်ပါပြီ။ သို့သော် သူတို့နှစ်ယောက်လက်ထပ်ထားခြင်း မဟုတ်သောကြောင့် ကလေးမှာ အဖေနာမည်မှည့်ခွင့်မရဘဲ ရှိနေလိမ့်မည်။ ထိုအကြောင်း သတိရသည်တွင် လီနီမျက်နှာပျက်သွားသည်။

ထိုသို့ မျက်နှာပျက်သွားသည်ကိုလည်း ဂျက်ဖရီက သတိပြုလိုက်မိလေသည်။ ထို့ကြောင့် သူကအားပေးသည့် သဘောမျိုးဖြင့် ပြုံးသည်။



'စိတ်အေးအေးထားပါကွာ၊ အောက်စဖို့မြို့ကို မင်းသဘောကျသွားမှာပါ၊ ရာသီဥတုလဲ့ ကောင်းတယ်'

သည်လိုဖြင့်ပင် အောက်စဖို့မြို့ဘက်သို့ သူတို့ခရီးဆက်ကြလာသည်။ လီနီစိတ်ချမ်းသာစေရန် လမ်းတစ်လျှောက်လုံး ဂျက်ဖရီကြိုးစားပြုစုခဲ့သည်။

ရွာကလေးတစ်ရွာကို ဖြတ်သောအခါ ရွာထိပ်မှဘုရားရှိခိုးကျောင်းကလေးတစ်ခုကို လီနီ သတိထားမိသည်။ သည်ဘုရားရှိခိုး ကျောင်းကလေးအတွင်း ဝင်ပြီး မိမိတို့ နှစ်ယောက် လက်ထပ်လိုက်ရလျှင် ဘယ်လောက်ကောင်းမည်နည်း၊ မမွေးသေးသောရင်သွေးကလေးအတွက်ဖခင်ရော မိခင်အမည်ပါ စိတ်ချသွားရတော့မည်ဟု လီနီတွေးကြည့်နေမိသည်။

စိတ်မှန်းထင်ပင် ဘုရားရှိခိုး ကျောင်းကလေးရှေ့မှာ မြင်းဇက်ကြိုးသတ်လိုက်မိလျက်သားဖြစ်နေသည်။

'ဘာဖြစ်လေသလဲဟင်'

ရပ်သွားသော လီနီကို ဂျက်ဖရီက လှမ်းမေးသည်။ လီနီကြည့်နေသည့် ဘုရားရှိခိုးကျောင်းကလေးကို သူကလည်း လှမ်းကြည့်သည်။

'ဘုရားရှိခိုးကျောင်းကလေး'

လီနီကနူးညံ့သောလေသံကလေးဖြင့် ခပ်တိုးတိုးပြောသည်။ မျက်လုံးကိုမူ ဘုရားရှိခိုးကျောင်းကလေးမှ မခွာ။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဖရီက သူ့ကိုစိုက်ကြည့်ပြီး အကဲခတ်နေသည်။ ခဏကြာသော့ မြင်းချင်းယှဉ်ရပ်ကာ လီနို၏ လက်မောင်းကလေးကိုကိုင်လိုက်သည်။

'လီနို မင်းဘာတွေစဉ်းစားနေတယ်ဆိုတာ ငါသိပါတယ်ကွယ်၊ အခုချက်ချင်းပဲ ဟောဒီ ဘုရားရှိခိုးကျောင်းကလေးထဲဝင်ပြီး မင်းနဲ့ငါ လက်ထပ်လိုက်ချင်ပါတယ်။ ငါ့ရင်ထဲမှာဖြစ်နေတာတွေကို ဘုရားသခင် သိပါတယ်။ ဒါပေမယ့် မင်းနဲ့ငါလက်မထပ်နိုင်ဘူး၊ ငါ့မှာမယားတစ်ယောက်ရှိပြီးနေပြီလေ'

ဂျက်ဖရီကလည်း နူးညံ့သည့်လေသံဖြင့် ခပ်တိုးတိုးပြောပြသည်။

သို့သော် လီနို၏အကြောများတင်းခနဲဖြစ်သွားသည်။ ကိုယ်လုံးကလေးမှာလည်း စနိုးဖိုင်းယား၏ ကျောပေါ်မှာတောင့်သွားသည်။

ပြီးတော့ ဂျက်ဖရီကိုဆတ်ခနဲ လှည့်ကြည့်သည်။

'မယားတစ်ယောက် ဟုတ်လား၊ ရှင့်မှာ မယားတစ်ယောက်ရှိနေပြီလို့ ပြောလိုက်သလားဟင်' ဟု လည်း မေးသည်။

'ဟုတ်တယ်၊ ငါ့မှာ မယားတစ်ယောက်ရှိနေပြီ၊ မင်းချောက်ချားသွားအောင် ပြောလိုက်တာ မဟုတ်ပါဘူးကွာ၊ ဒါပေမယ့်....'

'ချောက်ချားသွားအောင်ပြောလိုက်တာ မဟုတ်ဘူးလား၊ ရှင့်မှာ မယား တစ်ယောက် ရှိနေတယ် ဆိုတဲ့



အကြောင်းကို ကျွန်မကတည်တည်ငြိမ်ငြိမ် နားထောင်နိုင်လိမ့်မယ်လို့ ရှင်ထင်နေသလား၊ ရှင်နဲ့တွေ့တဲ့ ရင်သွေးကို ဟောဒီဗိုက်ထဲမှာထည့်လွယ်ထားရတဲ့ အချိန်မျိုးမှာ ရှင်ပြောပြတဲ့ ရှင့်မယားအကြောင်းကို ကျွန်မက တည်တည်ငြိမ်ငြိမ်နားထောင်နိုင်လိမ့်မယ်လို့ ရှင်ထင်သလား'

'စောစောပိုင်းကတော့ ဒီအကြောင်း ပြောပြဖို့ဟာ သိပ်အရေးမကြီးလှဘူးထင်ခဲ့မိလို့ပါ'

'အခုတော့ သိပ်နောက်ကျသွားပြီလို့ ရှင်ဆိုလိုချင်တာလား'

လီနိုက နာနာကြည်းကြည်းပြန်မေးရင်းသူ့ကို အကဲခတ်နေမိသည်။

'ဆိုပါတော့ကွာ'

ဂျက်ဖရီက လီနို၏ နားရွက်ကလေးကို နှစ်သိမ့်သည့်အနေဖြင့် ကုန်းနမ်းဖို့ကြိုးစားသည်။

သို့သော်လီနိုက အနမ်းမခံဘဲ ပုတ်ထုတ်ပစ်လိုက်သည်။ ပြီးတော့ တင်းမာသည့် လေသံဖြင့်ပြောသည်။

'အင်မတန်နောက်ကျပြီးမှ ကျွန်မသိရတဲ့ရှင့်မယားဆိုတာ အခုဘယ်မှာလဲ၊ ရှင်နဲ့အတူတူ သွားလေရာမှာ ဘာဖြစ်လို့ မပါလာတာလဲ၊ ပုန်းရတဲ့နေရာ ပြေးရ လွှားရတဲ့နေရာမှာဘာဖြစ်လို့ ပါမလာတာလဲ'

ဂျက်ဖရီက မျက်မှောင်ကုပ်သည်။

'ဒီမိန်းမအကြောင်း ငါ မင်းကို ပြောပြသင့်ပါတယ်၊ ဒီလို ပြောမပြတဲ့အတွက် မင်းစိတ်ဆိုးတာလဲ ဆိုးထိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီမိန်းမက မြင်သစ်မှာ ရှိတယ်၊ ငါ့သူငယ်ချင်း
တွေ ဝိုင်းအကြံအဖန်လုပ်ကြလို့ ငါ ကင်ထပ်လိုက်ရတာပါ
ငါ့ကို သူ ငွေးသားဆိုပြီး သူတို့ဘက်က အမိဖမ်းတဲ့ သဘော
မျိုးလဲ ပါပါတယ်'

'အခု ရှင့်ကောင်မ ဘယ်ရောက်သွားပြီလဲ၊ ဘယ်မှာ
နေသလဲ'

'ဘုရင်မင်းမြတ်နဲ့ စကောတလန်ကို ငါလိုက်လာတော့
မြင်သစ်မှာပဲ သူ့ မိဘတွေနဲ့ ထားပစ်ခဲ့တယ်'

မယားတစ်ယောက်....

မြင်သစ်ပြည်မှာ....

လီနိုသည် လက်ကိုတင်းတင်းဆုပ်ထားသည်။ ပြီးတော့
အသံကို အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ မေးသည်

'သူ သတင်း ဘာကြားသေးသလဲ၊ သူနဲ့ အဆက်
အသွယ်ရှိသလား'

'ဘာမှမကြားဘူး၊ တစ်ကြိမ်မှလဲ အဆက်အသွယ်
မလုပ်ဖြစ်ဘူး၊ သူ့ နာမည်က လက်တီရှေး၊ ငါ့မှာ အ
တွေ အများကြီးရစရာရှိတယ်လို့ အထင်ကြီးပြီး လက်ထ
လိုက်တာ၊ ဘာမှမရှိမှန်း သိတဲ့အခါမှာ ပြုသနာ ဖ
တာပဲ၊ မြင်သစ်လူမျိုးတွေဟာ ညာဏ်နီညာဏ်နက်ကို မျ
လွန်းတယ်'

ဂျက်ဖရီက သက်ပြင်းချသည်။



'အင်္ဂလိပ်လူမျိုးတွေလဲ ညာဏ်နီညာဏ်နက် များတာပဲ၊
ဘာထူးသလဲ၊ ရှင်နဲ့အတူတူ ကျွန်မ တစ်ရက်တောင်ဆက်
မနေတော့ဘူး'

လီနိုသည် လှမ်းဘားသည့် ဂျက်ဖရီလက်ကို ပုတ်ထုတ်
ပစ်လိုက်ပြီး စနိုးဖိုင်းယားကို ဒုန်းစိုင်းကာ ရောက်ချင်ရာ
ရောက်ဆိုပြီး ထွက်သွားတော့သည်။

မျက်ရည်များ ချောင်း သူ အစွမ်းကုန်ထိန်းထားသည်။
မိမိ ဘတော့ သူ့ ကို နှင်နှစ်သောကာ ချစ်မိပြီ။ သူက မိမိကို
လိမ့်ဘပတ်နှင့် ယခုလို လုပ်သွားသည်ဆိုပြီး စိတ်အနာ
ကြီးသည်၊ နာမိသည်။

သူ့ မြင်းနောက်သို့ ဂျက်ဖရီက မြင်းနီကလေးနှင့်လိုက်
သည်။ သို့သော်သည်း အပြေးသန်သော စနိုးဖိုင်းယားကို
ညည်သည့်နည်းနှင့်မျှ မမီနိုင်ချေ။

တစ်နေရာရောက်တော့ သစ်ကိုင်းတစ်ကိုင်းကို စနိုးဖိုင်း
ယားက ရှောင်သည်။ သို့သော်လည်း နောက်သစ်ကိုင်း
တစ်ကိုင်းနှင့်ရိုက်မိကာ မြေပြင်ပေါ်သို့ လီနို ပြုတ်ကျကျန်
ရစ်တော့သည်။

ခဏချင်းပင် ဂျက်ဖရီ ရောက်လာသည်။ သူ့ မြင်းနီ
ကလေးပေါ်မှ အူသားဖားယားခုန်ဆင်းပြီး လီနို လဲကျ
နေသည့် နေရာသို့ ပြေးလာသည်။

'ဘုရားသခင်....မင်း ဘယ်နာသွား သေးသလဲ၊ ဘာ
ဖြစ်သွားသေးလဲဟင်'

သူ မြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်အာသာကျုပ် သေသေ၊ ရှင်နဲ့ ဘာမှမဆိုင်ဘူး'

တုန်ယင်သော လေသံဖြင့်ပြောသည်။ ဂျက်ဖရီ ကမ်းလာသည့်လက်ကိုလည်း ပုတ်ထုတ်ပစ်ပြန်သည်။ ပြီးတော့ မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။

စနိုဖိုင်းယားက တခြားဘက်သို့ထွက်ပြေးသွားသည်။ မလှမ်းမကမ်းမှာ သွားရပ်နေသည်။

'မင်း ကိုယ်ဝန်ဆောင်ထားရတဲ့ ကလေးကို မင်းထည့်စဉ်းစားသင့်တယ်၊ ဘာဖြစ်လို့ စိတ်လိုက်မာန်ပါ တွေလုပ်တာလဲ'

ဂျက်ဖရီက အပြစ်တင်သည့်လေသံမျိုးဖြင့်ပြောသည်။

'ရှင်လဲ ကလေးကစ္စ ထည့်စဉ်းစားသင့်တာပေါ့၊ ဒီလို ဒီလိုဖြစ်လာယင် ဒီကလေးမှာ နာမည်ပေါင် မှည့်စရာမရှိတော့ဘယ့်အဖြစ်မျိုး ကြုံရနိုင်ပါကလား ဆိုတာ ရှင်ထည့်စဉ်းစားသင့်တာပေါ့'

'လီနို....ငါပြောတာ နားထောင်ပါဦး'

'မထောင်ဘူး'

လီနိုက ပြန်အော်သည်။ ပြီးတော့ လဲနေရာမှ လူးလဲထသည်။ သူ့ကိုယ်ပေါ်တွင် အနည်းငယ် ပွန်းပဲ့သွားသည်မှအပ ဒဏ်ရာကြီးကြီးကျယ်ကျယ်မရရှိ တော်သေးတော့သည်။ သို့သော်လည်း အတွင်းကြေကြေပြီး ဟိုနေရာ သည်နေရာမှ နာကျင်နေသည်ကို သတိထားလိုက်မိသည်။



'ရှင့်ကို ကျွန်မ ဘာတစ်ခုမှ ဖုံးကွယ်မထားခဲ့သည့် လီနို၏ တစ်ခုမှ လိမ်မပြောဘူး၊ ဂျမ်းနဲ့ကျွန်မသစ္စာ ထားခဲ့သည့် အထိ အကုန် ဖွင့်ပြောတယ်၊ ဒါပေမယ့် ရှင့်ကျ တော့ တရားဝင် လက်ထပ် ထား တာတောင် ကျွန်မကို ဖွင့် မပြောဘူး'

'မင်းကလဲ့ ငါ့ကို မမေးခဲ့ဘူးလေ'

ဂျက်ဖရီက လီနိုကို ဇွတ်ပင် ထူပေးသည်။ လက်တစ်ဘက်ကိုလည်း ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။ ပြီးတော့ လေသံမာမာနှင့် ပြောသည်။

'ကဲ... ငါပြောတာကို နားထောင်စမ်း လီနို၊ ငါ့မှာ အင်္ဂလန်မြေပေါ်ကို ဘယ်တော့မှ ခြေလာမချမယ့်မယား တစ်ယောက်ပြင်သစ်ပြည်မှာရှိနေတယ်၊ငါကလဲ ဝင်းဒမ်းဆိုတဲ့နာမည်နဲ့ လူဆက်ပြီး လုပ်တော့မှာ မဟုတ်ဘူး၊ဒီနေ့ စပြီး ငါ့နာမည်ကို ဒေါက်လို့ ပြောင်းလိုက်ပြီ ဒါကြောင့် လောကကြီးတခုလုံးက မင်းကို ငါ့မိန်းမ မစ္စက်လီနိုဒေါက်အနေနဲ့ပဲ သိသွားကြတော့မယ်၊ ဒီနာမည်ကိုပဲ ဂုဏ်သိက္ခာရှိရှိနဲ့ ခံယူပြီး လောက အလယ်မှာ ဆက်နေသွားကြရုံပဲ၊ တစ်ခုတော့ရှိတယ် လီနို၊ ဘုရားရှိခိုးကျောင်းကို ခေါ်သွားပြီး လက်ထပ်လို့တော့ မဖြစ်နိုင်ဘူး၊ ဒါပေမယ့် ငါဟာ မင်းအပေါ်မှာ သစ္စာ အပြည့်အဝရှိတဲ့ ယောကျ်ားတစ်ယောက် အနေနဲ့ ဆက်နေသွားပါ့မယ် ဒါနဲ့ပတ်သက်ပြီး ငါ သစ္စာဆိုရဲတယ်၊ ပြီးတော့ တို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်လင်နဲ့ မယားအဖြစ် အတူတူ ပေါင်းသင်း နေထိုင်သွားကြရုံပဲ'

'အဲဒီ ပြင်သစ်ကောင်မနဲ့ပတ်သက်ပြီး ရှင့်စိတ်ထဲမှာ ဘယ်လိုမှ မခံစားရဘူးလား' လီနီက မေးပြန်သည်။

ဂေကောက်တာလန်နိုင်ငံကို ငါ ထွက်မလာခင် တစ်ပတ်လောက်အလိုမှာ တို့ လက်ထပ်ကြတာ၊ ဘယ်လိုလုပ်ပြီး သံယောဇဉ် ဖြစ်နိုင်မှာလဲ၊ ချစ်လို့ကြိုက်လို့ ယူကြတာလဲ မဟုတ်ဘူး၊ လီနီ... မင်းဟာ ငါ့ရှင်သေးကို ကိုယ်ဝန်ဆောင်ထားတယ်၊ မင်းကိုပဲ ငါ ဂရုစိုက်သွားမှာပါ'

ငါကိုလိမ်တဲ့ ယောကျ်ားကို ဗီအတိုင်းပစ်ထားခဲ့တာပဲ ကောင်းတယ် ပစ်လဲပစ်ထားခဲ့သင့်တယ်ဟု လီနီတွေးနေသည်။ သို့သော်လည်း တကယ်တမ်း လက်တွေ့တွင် ပစ်ထားနိုင်စွမ်းရှိမယ်မဟုတ်ကြောင်းကိုလည်း သိနေသည်။

'ရှင် ဘာဖြစ်လို့ ကျွန်မကို မပြောတာလဲ၊ စောစောက ပြောယင် ကျွန်မ စဉ်းစားနိုင်တာပေါ့'

'မင်း စိတ်မချမ်းမသာ ဖြစ်သွားမှာကို မကြည့်ရက်လို့ မပြောဖြစ်ခဲ့တာပါ လီနီ၊ ဒါပေမယ့် ဒီနေ့ ဘုရားရှိခိုးကျောင်းကို တမ်းတမ်းတာ မင်း လှမ်းကြည့်နေတာကို မြင်ရတော့ အဖြစ်မှန်ကို ဘယ်နည်းနဲ့မှ ငါ ဆက်ပြီး ဖုံးကွယ်မထားနိုင်တော့ဘူး၊ ဗီလို ဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး ငါ့ကို မင်း ခွင့်လွှတ်နိုင်ရဲ့လား လီနီ'

ဂျက်ဖရီက စိတ်အားထက်သန်စွာ မေးသည်။



စောစောက တောင့်တောင့်ကြီးဖြစ်နေခဲ့သည့် လီနီ၏ ကိုယ်လုံးမှာ ပြေလျော့သွားသည်။ လက်နှစ်ဖက်လည်း အေးသို့ လျော့ကျသွားသည်။

သူတို့နှစ်ယောက် မျက်နှာချင်း အလွန် နီးနေသည်။ နမ်းလိုက်လျှင် အလွယ်တကူ နမ်းနိုင်လောက်အောင်ကို နီးနေခြင်းဖြစ်သည်။

'ခွင့်လွှတ်ဖို့ အနူးအညွတ်တောင်းပန်ပါတယ် လီနီ' ဂျက်ဖရီက လှိုက်လှဲသောလေသံဖြင့် ပြောသည်။

'အင်း... နောက်တော့လဲ ကျင့်သားရသွားမှာပေါ့လေ...'

အောက်စဖို့မြို့သို့ သူတို့ ခရီးဆက်ကြသည်။

အောက်စဖို့မြို့ ရောက်ယင် အခြေအနေတွေ အားလုံး ကောင်းသွားမှာပါ ဟူ၍လည်း ဂျက်ဖရီက အားပေးစကား ပြောသည်။

*

www.burmeseclassic.com

www.burmeseclassic.com

စာဆိုဝ

၂

ဇနီးသည်

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း

တစ်

အောက်ဝဋ္ဋ

www.burmeseclassic.com

www.burmeseclassic.com

အောက်စဖို့မြို့၊ အင်္ဂလန်ပြည်၊ ၁၆၅၁-၁၆၅၂

အခန်း ၉

မိုးဖွဲဖွဲရွာနေသည့်အချိန်တွင် အောက်စဖို့မြို့တွင်းသို့ သူတို့နှစ်ယောက် ဝင်ခဲ့ကြလေသည်။ လိန္ဒီမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်အောင် ချမ်းနေသည်။

အောက်စဖို့သည် သူနေခဲ့သော တွမ်းမီးယားလို တောရွာကလေးမဟုတ်။ ထင်ရှားသော တက္ကသိုလ်ကျောင်းတိုက်ကြီးများ အခြေစိုက်ရာမြို့ကြီးတစ်မြို့ ဖြစ်လေသည်။

သူ တစ်သက်တွင် သည်လောက်ကြီးမားသည့် မြို့ကြီးများသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးပါ။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်အားငယ်သလိုလို၊ မနေတတ်သလိုလို ခံစာ
နေရလေသည်။

'အခုလို ပြောင်ပြောင်တင်းတင်းကြီး မြင်းစီးပြီး မြို့
ဝင်လို့ လုံခြုံမှုရှိပါ့မလား ဟင်' လီနီက မေးသည်။

'စစ်သားတစ်ယောက်မှ မတွေ့ဘူးလေ၊ မြို့ကြီးတွေ
ဝေးတဲ့နေရာတွေမှာ ပြည်တွင်းစစ်က ပြီးသလော
ဖြစ်နေပြီနဲ့ တူတယ်၊ တုရင့် ဘက် တော် သား တွေ
ဒါလောက် သဲကြီးမဲကြီး လိုက်ရှာနေတာ တွေ့မ
ရတော့ဘူး' ဟု ဂျက်ဖရီက ပြန်ပြောသည်။

'ဟုတ်တယ်နော်၊ စစ်ဖြစ်ရကာ လူတွေလဲ ငြီးငွေ့ က
ပြီနဲ့တူတယ်'

သိမ်းမြစ်ကြီးကို ဖြတ်ကျော်လိုက်သည့် အချိန်မှာ
ဖွဲဖွဲလေးရွာနေသော မိုးလည်း စဲသွားလေသည်။

တည်းခိုခန်းတစ်ခုကို အလျင် ရှာသည်။ တွေ့သေ
အခါ လီနီကန့်ကွက်နေသည့်ကြားမှ ဂျက်ဖရီက သူ့ အ
သူနာပြုဆရာမကြီးကိုရှာရန် အပြင်သို့ ထွက်သွ
သည်။

တည်းခိုခန်း အများသုံးဧည့်ခန်း၌ရှိ မီးလင်းဖိုရှေ့
လီနီတစ်ယောက်တည်း ကျန်ရစ်သည်။ ရေစိုနေ သ
သူ့စကတ်ကို မီးကင်နေသည်။

ရက်ပေါင်းများစွာ နေပူမရှောင်၊ မိုးရွာမရှေ
ခရီးပြင်းကြီး နှင်ခဲ့ရသောကြောင့် ပင်ပန်း နွမ်းနယ်
သည်မှာ စာဖွဲ့၍ပင် ကုန်နိုင်စရာအကြောင်း ရှိပါ။



လုံလုံခြုံခြုံ အေးအေးချမ်းချမ်းဖြင့် နွေးနွေးထွေးထွေး
နေရသောအခါ အလွန် စိတ်ချမ်းသာသွား လေသည်။
ယခုလို မနေရသည်မှာလည်း အချိန်ကာလ ကြာညောင်း
လွန်းလှပြီ မဟုတ်လား။

မီးလင်းဖိုကို မျက်နှာ ပြုထိုင်နေသော လီနီသည် တစ်စုံ
တစ်ယောက်က နောက်ဘက်မှနေ၍ ကြည့် နေ ကြောင်း
စိတ်ထဲမှာ အလိုလိုခံစားလာရသည်။ ထို့ကြောင့် နောက်
သို့ ရုတ်တရက် လှည့်ကြည့်သည်။

ထင်သည့် အတိုင်းပင် ယောကျ်ား တစ်ယောက်က
သူ့ကို စိုက်ကြည့်နေသည်ကို တွေ့ရလေသည်။

ကိုယ်လုံးကိုယ်ထည်က မပိန် မဝ ကြည့်ကောင်းသော
ပုံမျိုးဖြစ်သည်။ မျက်နှာကတော့ လီနီမြင်ဖူးသမျှသော
ယောကျ်ားများထဲတွင် အချောဆုံး အလှဆုံး မျက်နှာ
ဖြစ်ကြောင်း ချက်ချင်း သတိထားလိုက်မိလေသည်။

ထိုသူကလည်း လီနီကို စူးစူးရဲရဲ ပြန်ကြည့်နေသည်။

စကတ်ကို မ,ပြီး မီးကင်နေသောအဖြစ်ကို ထိုအခါ
ကျမှ သတိထားမိသည်။ လီနီသည် ရှက်ကိုးရှက်ကန်းဖြင့်
စကတ်ကို ပြန်ချလိုက်ရသည်။ ဒူးတွေပေါင်တွေ ပေါ်နေ
သည်ကို ထိုယောကျ်ား မြင်ကောင်း မြင် သွား မည် ဟု
တွေးမိပြီး မျက်နှာကိုပါ လွှဲလိုက်ရလေသည်။

မျက်နှာမပေါက် ချောမောလှပသော မိန်းမပျိုလေး
တစ်ယောက်သည် လီနီအတွက် ဝိုင်အရက်ခွက်ကို ယူပြီ
မီးဖိုဆောင်ဘက်မှ ကူးလာသည်။ နောက်ထပ် ဆိုက်

www.burmeseclassic.com

www.burmeseclassic.com



လာသည့် ယောကျ်ားငယ်သည်ကို တစ်ချက် မျက်လွှာလှန်၍ ကြည့်လိုက်ပြီး သူ့မျက်နှာကလေး ပြုံးရွှင်သွားသည်ကို လီနီ သတိထားလိုက်မိသည်။

'ဟဲလို.... ဒေါ်ရော်သီ၊ ငါ့အသည်းတွေ နွေးသွားအောင်စိမ့်ဖို့ ဘီယာလေး ယူခဲ့စမ်းပါဦး၊ သုံးရက်လုံးလုံး မစဲတမ်း မိုးရွာနေတာ ဘာကိုမှ မလုပ်နိုင်ခဲ့ဘူး'

နောက်ထပ်ဝင်လာသည့် ကိုလူချောက ပြောသည်။

ဒေါ်ရော်သီဆိုသော ထလေးမသည် ဝိုင်အရက်ခွက်ကို လီနီ့ ရှေ့တွင် ကသုတ်ကရက် ချသည်။ လီနီကို သူ ချက်ချင်းမေ့သွားပုံရသည်။ ယောကျ်ားငယ်သည်ဘက်သို့ ဖျတ်ခနဲ ဆက်သွားသည်။

'အနော့်ချီးချင်း ရောက်လာရပါစေ့မယ် မစ္စတာ ဂေးလ်ဘတ်' ဟု အသံလွင်လွင်ကလေးနှင့် ပြောသည်။

ဒေါ်ရော်သီဆိုသော ကောင်မလေးက မစ္စတာ ဂေးလ်ဘတ်ဆိုသော သူကို ကောင်းကောင်း သိနေပါကလားဟု လီနီက ကျိတ်စဉ်းစားကြည့်နေမိသည်။

ဒေါ်ရော်သီက ဂေးလ်ဘတ် အနားမှ ဖြတ်သွားသည်။ ဂေးလ်ဘတ်က ဒေါ်ရော်သီ၏ တင်ပါးကို ဆတ်ခနဲ လှမ်းပုတ်သည်။ ဒေါ်ရော်သီက တခစ်ခစ် ရယ်သံပြုရင်း မီးနေသောဘက်ခန်းဆီသို့ ဝင်သွားသည်။

ခဏနေတော့ ဘီယာယူပြီး ပြန်ရောက်လာသည်။ ဂေးလ်ဘတ်အနားမှာ သူပါဝင်ထိုင်သည်။ ဂေးလ်ဘတ်က ဘီယာ သောက်ရင်း ဒေါ်ရော်သီနှင့် စကားများ ဖောင်ဖောင်ဖွဖွ ပြောနေသည်။



လီနီက ဝိုင်သောက်သည်။ နွေးနွေးကလေး ဝင်သွားသောကြောင့် နေရထိုင်ရသည်မှာ အရမ်းကြီး သက်သာသွားသည်။ မစ္စတာဂေးလ်ဘတ်က တော့ ဒုတိယမြောက် ဘီယာခွက်ကို မော့သောက်နေပြီဖြစ်သည်။

ဂျက်ဖရီကလည်း ကြာလိုက်တာဟု တွေးမိသည်။ သူ များ ရုပ်ရှင်မှာပြစ်ပြီး ကိုယ်လည်း မရောက်ဖူးသည့် နေရာများဖြစ်သောကြောင့် ဂျက်ဖရီအတွက် စိတ်ပူစပြု လာမိသေးသည်။

ထိုအချိန်ကလေးမှာပင် အရှေ့ဘက် တံခါးရုပ်ကို တွန်းပြီး ဂျက်ဖရီ ဝင်လာသည်နှင့် တိုက်ဆိုင် နေတော့ သည်။

'ဘာထူးသလဲဟင်....'

လီနီက စိတ်အားထက်သန်စွာ ဆီးမေးသည်။

'အဘွားကြီး နေခဲ့တဲ့အိမ်ကိုတော့ ရှာတွေ့တယ်၊ ဒါပေမယ့် သူတို့သားအမိ တခြားကိုပြောင်းသွားတာ တစ်နှစ်ရှိပြီတဲ့၊ ပြောင်းသွားတဲ့နေရာကလဲ အာဖရိကားကိုတဲ့....'

ထိုသို့ပြောရင်း တစ်ဘက်သို့လှည့်လိုက်သည်။ ဘီယာ ထိုင်သောက်နေသည့် ဂေးလ်ဘတ်ကို မြင်သွားသည်။ အံ့ဩသည့် အမူအရာ သူ့မျက်နှာပေါ်မှာ ပေါ်လာ သည်။

www.burmeseclassic.com

'ဂေးလ်ဘတ်...ဂေးလ်ဘတ်မှာနေ့' ဟုလည်း ကျယ်လောင်စွာ အော်ဟစ်နှုတ်ဆက်လိုက်သည်။

ဂေးလ်ဘတ်ကလည်း ပြန်လှည့်ကြည့်သည်။ ဂျက်ဖရီကို မြင်ရသောအခါ သူ့ကိုယ်သူ မယုံကြည်နိုင်သလိုဖြစ်နေသည်။

'ဂျက်ဖရီ...ဘုရားသခင်၊ ငါ့အားကြီးရှင်တစ်ယောက်နဲ့ လာတွေ့နေပြန်ပြီဘော့ဘာကိုး၊ မယုံကြည်နိုင်စရာ ပါပဲလား'

သူတို့ အပြန်အလှန်ဖက် နှုတ်ဆက်ကြသည်။

'အောက်စဖို့မှာ မင်း ဘာလာလုပ်နေတာလဲဂေးလ်'

ဂေးလ်ဘတ်က ပြုံးသည်။

'ငါ့မိဘတွေက ငါနဲ့ပတ်သက်ပြီး ဘာလုပ်ရမှန်း မသိကြဘူးလေ၊ ဒါကြောင့် စာသင်ရမယ်ဆိုပြီး ဒီ လွှတ်စာသင်ခိုင်းထားတာကွာ'

'ဟုတ်လား၊ သူတို့လုပ်သင့် လုပ်ထိုက်တာ လုပ်တာပေါ့ကွာ၊ ဒါထက် မင်းနဲ့လက်ထပ်ဖို့ ရည်ရွယ်ခဲ့တဲ့ လေဒီမီလီဆင့်ရော ဘယ်မှာလဲ၊ ဘာဖြစ်နေသလဲ'

'မင်းက မှတ်မိသေးသကိုး၊ သူတို့လဲ အကြီးအကျယ် ဒုက္ခရောက်ကြပါတယ်ကွာ၊ သူ့အဖေက ပြည်တွင်းစစ်မှာ ဘုရင့်ဘက်က လိုက်တယ်လေ၊ တို့လဲ လက်မထပ်ဖြစ်တော့ပါဘူး၊ စာသင်လွှတ်ပြန်တော့လဲ ငါက စာမသင်ချင်ဘူး'



လီနီက သူတို့ နှစ်ယောက်ကို မီးလင်းဖိုရှေ့မှနေ၍ အကဲခတ်ကြည့်နေသည်။ ဂျက်ဖရီက နောက်ပြန်ကြည့်သည်၊ လီနီကို မြင်သွားသည်။

'လီနီ...သူက ဂေးလ်မှာနေ့၊ ငါနဲ့ ညီအစ်ကိုဝမ်းကွဲတော်တယ်'

ဂေးလ်ဘတ်က ရုတ်တရက် အရိုအသေပေးသည်။

'ခင်ဗျားလောက် ချောမောလှပတဲ့ မိန်းကလေး အောက်စဖို့မြို့မှာ ကျွန်တော် မတွေ့ဖူးသေးဘူး မစ္စလီနီ ဒီမြို့ကို ခင်ဗျားရောက်လာသို့ ကျွန်တော်တို့ ကောင်းကင်ကြီး လင်းထိန်သွားတာ ဖြစ်ရမှာပဲ'

'တိုတိုပြောရယင်တော့ တို့နှစ်ယောက် ထွက်ပြေးလာကြတာပဲ၊ လုံခြုံစိတ်ချရတဲ့နေရာမှာ ခိုနေဖို့ ရှောင်ထွက်လာကြတာ'

ဂျက်ဖရီက ခြောက်ကပ်ကပ်လေသံဖြင့် ဝင်ပြောသည်။

'ဟော်လန်ကနေပြီး ဘုရင်မင်းမြတ်နဲ့အတူ မင်း ပြန်လိုက်လာတယ်ဆိုတဲ့သတင်း ကြားရတယ်၊ အဲဒီနောက် ဝူစတာမြို့ တိုက်ပွဲမှာ မင်းကျသွားပြီဆိုတဲ့သတင်း တို့မြို့ကို ရောက်လာတယ်'

'ချဲ့ကား ပြောကြတာပါကွာ၊ ငါ့ကို လူကိုယ်တိုင် အခု မင်းမြင်နေရပြီပဲ'

ဂေးလ်ဘတ်က မီးဖိုချောင်တံခါးဆီသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'ဒီနေရာမှာ စကားပြောလို့ မကောင်းဘူးကွ။ ဒေါ်ရော်သီဆိုတဲ့ ကောင်မလေးက နှုတ်လုံဘူး၊ အရက်နှစ်ခွက်လောက် သောက်ရင် တိုက်စရာမလိုဘူး။ သူ့ကြားသမျှလာတော့ သိသမျှတွေ အကုန်ပြောတော့တာပဲ၊ ငါ့အိမ်ကို ရွှေ့ကြမယ်၊ ဟိုးကန်နားလေးတင်ရယ်၊ ဟိုမှာ လွတ်လပ်တယ်'

ခဏအကြာတွင် ဂေးလ်ဘတ် နေနေသည့် အိမ်သို့ ရောက်သွားသည်။ လီနို မြင်ဖူးသည့် အိမ်များထဲတွင် အသက်တန်းအကျဆုံးနှင့် အကောင်းဆုံးအိမ် ဖြစ်သည်။ ပစ္စည်းများ ဖရိုဖရဲဖြစ်နေသည်မှာလည်း မြင်ဖူးသမျှထဲ၌ စည်းကမ်းကလနား မရှိဆုံးအိမ် ဖြစ်နေသည်။

'အထဲဝင်ကြပါ'

ဂေးလ်ဘတ်က ဖော်ရွေစွာ ဖိတ်ခေါ်သည်။ ပြီးတော့ စားကောင်းသောက်ဖွယ်များဖြင့်လည်း ဧည့်ခံသည်။

'မင်းနဲ့ပြန်တွေ့ရတာ ဝမ်းသာတယ်ကွာ၊ မင်း သတင်းမျိုးစုံကို ကြားနေရတာ၊ ကြားလိုက်သမျှ အကောင်းတစ်ခုမှ မပါဘူး'

ဂျက်ဖရီက နားမလည်သလို မျက်ခုံးပင့်လိုက်သည်။

'မင်း တိုက်ပွဲမှာ ကျသွားရင်တောင်မကျဘူး၊ မကျတော့ သရဲဖြစ်နေတယ်လို့ ပြောကြတယ်၊ စစ်မြေပြင်မှာ ခြောက်လိုက်တာလဲ အရမ်းပဲတဲ့၊ နောက်ပြီးတော့ ဂူစတာမြို့က နတ်မိမယ်နဲ့အတူတူ ဝဲလ်မြို့က ဈေးနေ့တစ်ခုကို ရောက်



လာပြီး မြင်းပြိုင်ပွဲဝင်တယ်ဆိုတဲ့ သတင်းတွေပါ ကြားရတယ်၊ ဂူစတာမြို့က နတ်မိမယ်ကလဲ ကိုယ်လုံးတီးတဲ့'

'ဟုတ်တယ်၊ အဲဒီဈေးနေ့ကို ငါရောက်ခဲ့တယ်'

ဂျက်ဖရီက ပြောပြောဆိုဆို လီနိုကိုလှမ်းကြည့်သည်။ သူ့အကြည့်က ပြောင်ချော်ချော် အမူအရာမျိုး ဖြစ်နေသည်။

လီနို၏မျက်နှာပေါ်တွင် သွေးရောင် လွှမ်းသွားသည်။ အောက်စဖို့လိုမြို့မျိုးအထိ ထိုသတင်းရောက်လာသည်ကိုလည်း အံ့သြနေမိသည်။

'မင်းဘယ်တွေရောက်ခဲ့သလဲဂျက်ဖရီ'

ဂေးလ်ဘတ်က သက်ပြင်းချရင်း မေးသည်။

'လျှောက်ပြေးနေတာပဲကွာ၊ အင်္ဂလန် တစ်တိုင်းပြည်လုံးပြေးစရာနေရာကုန်ပြီထင်ပါရဲ့၊ တစ်နေရာရာမှာ အခြေချဖို့ကြိုးစားပါတယ်၊ ဒါပေမယ့် ဘုရင့်တက်ကော်သားတွေကို မြလှန်ရှာပြီး ကြိုးစင်တင်နေတာ [illegible]၊ ဒါကြောင့် အောက်စဖို့မြို့မှာတော့ လုံခြုံတန်ကောင်းရဲ့ဆိုပြီး လာခဲ့တာပဲ၊ ငါ့ကိုငယ်ငယ်ကထိန်းခဲ့တဲ့ ကလေးထိန်း အဘွားကြီးများ ရှိဦးမလားဆိုပြီးသွားရှာတာ၊ ဒါပေမယ့် သူကလဲ အမေရိကား ကိုလိုနီနယ်သစ်ကို ပြောင်းသွားတာ တစ်နှစ် ရှိသွားပြီတဲ့၊ ဒါကြောင့် နက်တိုက်ကို သွားမလို့ တယ်၊ ဘူလံခရီးထွက်သွားကြောင်းနဲ့ တင်ညဘိုင်ပြီးမှ ပြန်လာမယ့်အကြောင်း သူ့ အိမ်က ပြောလွှတ်လိုက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'မာစတန်က ကောင်မလေးတစ်ယောက်ကို နက်တိုက် သွားပိုးနေတယ်၊ တစ်ခါတလေ ဟိုမှာညအိပ်တတ်တယ်'

ထိုစကားများကို နားထောင်နေရင်း လီနီမှာ အံ့အားသင့်နေမိသည်။ သူ့ချစ်သူ ဂျက်ဖရီသည် အောက်စဖို့မြို့မှာလည်း အသိအကျွမ်းတွေရှိနေပါလား ဟူသော အသိကြောင့် အံ့အားသင့်မိခြင်းဖြစ်သေးသည်။

'မင်း သိတဲ့အထဲမှာ လုံခြုံစိတ်ချရတဲ့ အိမ်တစ်အိမ်လောက်များ မရှိဘူးလား ဂေးလ်'ဟု ဂျက်ဖရီက အားကိုးတကြီးမေးသည်။

ဂေးလ်ဘတ်က ခဏစဉ်းစားနေသည်။

'မင်းတို့နှစ်ယောက် နေဖို့လား'ဟုတစ်စုံတစ်ရာကိုစဉ်းစားနေရင်းက မေးသည်။

ဂျက်ဖရီက ခေါင်းညိတ်ပြသည်။

'ဒီအမျိုးသမီး...'

ဂေးလ်ဘတ်က စကားကို တင်ပိုင်းတန်းလန်း ဖြတ်ထားသည်။

'ဝူစတာမြို့က နတ်မိမယ်ဆိုတာ သူပဲ'

ဂျက်ဖရီက ခြောက်ကပ်ကပ်လေသံဖြင့် ပြောသည်။ ထိုစကားကြောင့် ဂေးလ်ဘတ်က အထိတ်တလန့် အမူအရာဖြင့် လီနီကိုလှည့်ကြည့်လိုက်သည်။

ဂျက်ဖရီက ကိုယ်ကိုရှေ့သို့ ကိုင်းလိုက်သည်။ ဂေးလ်ဘတ်တစ်စုံတစ်ရာ မပြောရန်လည်း လက်ဟန်ပြလိုက်သည်။ ပြီးမှ သူကဆက်ပြောသည်။



'ငါ့မိန်းမလဲဟုတ်တယ်၊ ဒေါက်ဆိုတဲ့ နာမည်နဲ့ တို တ်နေကြမယ်၊ ဒါကြောင့် ဂျက်ဖရီနဲ့လီနီဒေါက် ဆိုပြီး နေသွားမှာ'

'ဟုတ်ပါပြီ၊ မင်းမိန်းမလီနီဒေါက်၊မစ္စက်ဒေါက်'

ဂေးလ်ဘတ်က အလွယ်တကူပင်လက်ခံလိုက်သည်။

လီနီရှက်သွားပြန်သည်။ ပြင်သစ်နိုင်ငံတွင် ဂျက်ဖရီ၏ ယားဝင်ဇနီးတစ်ယောက်ရှိနေကြောင်း ဂေးလ်ဘတ်သိ ားရမည်။ ယခုမိမိကို သူ့မယားအဖြစ် ပြောနေပြန် သည်။ ထိုကိစ္စကို ဂေးလ်ဘတ် မည်သို့ သဘောထား ည်နည်း။

ဂေးလ်ဘတ်ကလီနီကို စိုက်ကြည့်နေသည်။ ထို့ကြောင့် နီက ဖြေရှင်းချက်တစ်ရပ်ကိုထုတ်လိုက်ရသည်။

'ဝူစတာမြို့တိုက်ပွဲမှာတုန်းက ကျွန်မ အဝတ် အစား ြည့်အစုံဝတ်ထားခဲ့ပါတယ်၊ အခုဝတ်ထားတဲ့ဟာဒီ ါဝန်စိမ်းကိုပဲ ဝတ်ထားတာပါ'

'ဟုတ်ပါပြီ...ဟုတ်ပါပြီ'ဟု ဂေးလ်ဘတ်က ပြောသည်။

ပြီးတော့ လီနီ၏ဝိုင်အရက်ခွက်ထဲသို့ နောက်ထပ် ဝိုင် ပ်ဖြည့်ပေးသည်။ လီနီသည် ဂျက်ဖရီနှင့် လက်ထပ်ထား ည့်မိန်းမမဟုတ်ကြောင်းကိုလည်း သူ့ကိုယ်သူ အထပ် ပ်သတိပြန်ပေးနေသည်။

'တွမ်ဘတ်နေခဲ့တဲ့ အခန်းတော့ ငှားစရာ ရှိတယ် မ်းမယူဖို့ သူ့အရပ်ကိုပြန်သွားတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းက ကောင်းတယ်ဆိုယင် ပြီးတာပေါ့ပဲကွာ' ဟု ဂျက်ဖရီကပြန်ပြော လိုက်သည်။

တွမ်ကတ် နေခဲ့သည့် အခန်းဟောင်းတွင် ထိုညမှစ၍သူ တည်းခိုနေထိုင်ကြသည်။ 'လုံခြုံစိတ်ချရသောအခန်း' ဖြစ်ပါသည်ဟု ဂေးလ်ဘတ်က အာမခံသည်။

တည်းခိုခန်းမှာ မက်ဝိုင်း လမ်းကြားကလေးထဲတွင် ရှိသည်။ ပိုင်ရှင်အဘွားကြီး၏ နာမည်မှာ ဝပ်ပတ်ဖြစ်သည်။ အခန်းငှားကြတော့ စကားများများစားစား မပြောမ... တဲ့ လီနီနှင့် ဂျက်ဖရီ ကို မစ်ချက်ကြည့်ကာ ဂေးလ်ဘတ် ထုတ်ပေးသော အခန်းခ ကျသင့်ငွေကို ကောက်ခံလိုက် သည်။

ထိုနေ့ညမအိပ်ခင် စကားပြောကြတော့ ဂေးလ်ဘတ် ထံတွင် ဂျက်ဖရီသိရမည့်အကြေးများရှိနေကြောင်း၊ ယ... ထိုအကြွေးများအနက်မှ အချို့အဝက်ကို စတင်ရှိ... ဖြစ်ကြောင်း ဂျက်ဖရီက ပြောပြသည်။

'နှစ်တွေ ဒါလောက်ကြာတော့ အဲ့ဒါ အကြွေးကိုမ... သေးဘူးလား' ဟု လီနီက မေးသည်။

'အမှန်ကတော့ မေ့လောက်ပါပြီ၊ ဒါပေမယ့် ... မျက်နှာချောချောလေးကို မြင်ပြီး သူသတိပြန်ရသ...



...ဖြစ်လိမ့်မယ်၊ မင်းကိုလဲ သူအတော်ကြီး အထင်ကြီး သွားတယ်'

လီနီက အိပ်ရာဝင်ရန် အင်္ကျီအစားလဲသည်။

'သူဟာ... အင်တေန် စိတ်ကောင်း ရှိတဲ့ လူကြီး ...ကောင်း တစ်ယောက်ပါပဲ' ဟု လည်း အဝတ်လဲနေ ...င်းက ပြောသည်။

'မိန်းမတိုင်းက သူ့ကို ဒီလိုပဲ ထင်ကြတယ်' ဟု ဂျက်ဖရီက ပြန်ပြောသည်။

'ကျွန်မ တို့ကို ဆက်ဆံတာတော့ လိုက်လိုက်လှဲလှဲ ပါပဲ'

'ဝူစတာတိုက်ပွဲမှာ သူမပါခဲ့ဘာ ဘာဖြစ်လို့လို့ ထင် သလဲ'

'အလုပ် တစ်ခုခုနဲ့ ပိုးနေလို့ဖြစ်မှာပေါ့'

'ကျောင်းတက်နေရလို့လို့ ထင်သလား၊ ဒီနေ့အထိ ကျောင်းတော် မပေါ်ရသေးဘူး၊ ကဲ... မင်း အိပ်တော့ လေ'

ဂျက်ဖရီက စကားဖြတ်လိုက်သည်။

အိစက်ညက်ညော၁သော အိပ်ရာထဲသို့ လီနီဝင်ခဲ့သည်မှာ တစ်သက်တွင် အိပ်ရာနှင့်တဘယ်တူသော အိပ်ရာပေါ်တွင် ပထမဆုံးအကြိမ် အိပ်ဖူးခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထိုအိပ်ရာပေါ်မှာ သူ တကယ်ချစ်သေ
တကယ်ချစ်သောသူနှင့်အတူ ရှေ့သည်တွဲပြီး အိပ်စက်
ခြင်းလည်း ဖြစ်လေသည်။

*

## အခန်း ၁၀

က်တစ်နေ့မနက်တွင် လီနီ အိပ်ရာထနောက်ကျသည်။
မှုနိုးတော့ ဂျက်ဖရီ မရှိတော့။ အပြင် ထွက်သွားပုံ
သည်။

ဖိုးတန်ပစ္စည်းများ သုံးစွဲလေ့ မရှိသောကြောင့်
အထိုင်ရ ခက်သလိုလည်းဖြစ်နေသည်။ အခန်းကို
သွားကြည့်သည်။ ပစ္စည်း များများ စားစားမရှိ။
ရှိသာသော ပြင်ဆင်ထားသည်။ အပြင်ဘက်မှာ
းသဘောမျိုး လုပ်ထား ပေးသည်။
ခန်းထဲမှာ အေးစိမ့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကည်းခိုခန်းတွင် လက်တိုလက်တောင်း ခိုင်းစေသည့် မိန်းကလေးမှာ ဂွင်းနက်ဆိုသူဖြစ်သည်။ လီနို အိပ်ရာမှ နိုးမှန်း သိသော အခါ နံနက်စာ ယူလာပေးသည့် မိန်းလင်းဖိုဆဲ၌မီးသည့်ထားခြင်း ရှိသည်ကို တွေ့သည်။ ဂွင်းနက် အလန့်တကြား ဖြစ်သွားသည်။

'မီးထည့်ပေးဖို့ မေ့သွားတယ်၊ တည်းခိုမန်း ပိုင်ရှင်ကို မတိုင်ပါနဲ့နော်၊ ဒီလို ပေါ့လျော့မှန်းသိယင် ကျွန်မ အလုပ်ထုတ်ပစ်မှာ' ဟုလည်း စိုးရိမ်တကြီး တောင်းပန်သေးသည်။

ပြီးတော့ ထင်းနှင့် ကျောက်မီးသွေးများကို အမြန် အလွှား သွားယူလာသည်။

'ဒါလောက်တော့ အကျင့်စလို မလုပ်ပါနဲ့ကွယ် ရပါတယ်' ဟု လီနိုက ပြောယူရသည်။

လီနို နံနက်စာစားမြီးစမှာပင် အခန်း အပြင်ဘက်မှ စကားပြောသံများကို ကြားရသည်။

'မင်းမိန်းမလား...ပြင်သစ် နိုင်ငံက လာတဲ့ မင်းခေါ်လာတာလား ဂျက်ဖရီ'

'ပြင်သစ်က မိန်းမ မဟုတ်ပါဘူး၊ အခုမိန်းမနေသည့် လီနို ငါနေမည် ဝင်းဒမ်းကိုလဲ မေ့ပစ်လိုက်ပြီ၊ ဒီအခါ မှာ ငါနေမည် ဒေါက်၊ မင်းမမေ့နဲ့နော်'

သူတို့ စကား ဆက်ပြောနေကြသေးသည်။ သို့သော် လည်း လီနိုသဲသဲကွဲကွဲ ကြားရတော့။ အခု ကြားလိုက်ရ သလောက်နှင့်ပင် သူ အတော်ကြီး စိတ်ထိခိုက်သွား



မိမိသည် တရားဝင် လက်ထပ်ယူခြင်း မခံရသော မယားငယ်ယောက် ဖြစ်နေပါလားဟုလည်း စိတ်အား ငယ်ချင်သလိုလို ဖြစ်လာသည်။

ခဏနေတော့ အခန်းတံခါးဖွင့်ပြီး ဂျက်ဖရီဝင်လာ သည်။ သူနှင့်အတူ ယောကျာ်းတစ်ယောက်လည်း ပါ သည်။ လီနိုက သူတို့ နှစ်ယောက် အခန်းပြင်တွင် ပြောနေသည့်စကား များကို မကြားသလို နေလိုက်သည်။

'လီနို...ဒါ ငါ့ငယ်သူငယ်ချင်း နက်တိုက်၊ ဒါက ငါ့ မမစ္စက်ဒေါက်'

ဂျက်ဖရီက ပေါ့ပေါ့တန်တန် ပြောရှိပြောဥ်လို ပြောသည်။

လီနိုက ညှိုးသည်ကို နှုတ်ဆက်သည်။ သူတို့ ပြောနေ သည့် စကားများ ငါကြားသည်ကို သိသွားလေသလား ဟုလည်း စိုးရိမ်စိတ်ဝင်လာမိသည်။

'မစ္စက်ဒေါက်... ကျွန်တော့် သူငယ်ချင်း ဂျက်ဖရီ မရ ကံကောင်းတာပဲဗျာ' ဟု နက်တိုက်က ပြော သည်။

လီနိုက စကားမမှားအောင် သတိထား ဆက်ဆံနေ သည်။ ထိုသို့ သတိထားနေသည်ကိုလည်း ဂျက်ဖရီက ကောင်းကောင်း အကဲခတ်မိနေသည်။

နက်က လီနိုအပေါ်ရအောင် လာလိုက်ို လှတ်ပေးဦး ဖြစ်ကြသည်။ လာလီ အားအားမိပြီး ကောင်းကောင်း ...ကောင်းသောကြောင်းများကို မြှောက်ပြီး ပြောသွား

www.burmeseclassic.com

www.burmeseclassic.com



'လာလီဆိုတာ ဘယ်သူလဲဟင်' ဟု နက် ပြန်သွားပြီ နောက် လီနီက ဂျက်ဖရီကို မေးကြည့်သည်။

'ငါနဲ့ လူချင်းတော့ မတွေ့ဖူးသေးဘူး၊ ဒါပေမယ် စစ်တပ်က တပ်ရင်းမှူးတစ်ယောက်ရဲ့ သမီးလို့ နက်က ပြောပြတယ်၊ သူတို့တပ်ရင်းက အရာရှိငယ် တစ်ယောက် နောက် ခိုးရာလိုက်ပြေးတယ်၊ လိုက်လဲပြေးရော သူ့ အဖေ တပ်ရင်းမှူးက သမီးစိတ်နဲ့ နှလုံးရောဂါဖြစ်ပြီးသေတယ် သူနဲ့လိုက်ပြေးတဲ့ အရာရှိကလဲ အရက်မူးပြီး မြစ်ထဲ ထိုး ကျလို့ ရေနစ်သေသွားတယ်၊ လာလီမှာ ဘယ်မှ သွားစရာ မရှိတော့ဘူး၊ ဘယ်ဆွေမျိုးကမှလဲ လက်မခံဘူး၊ နက်က စိတ်ကောင်းရှိတယ်၊ ဒါကြောင့် အဲဒီကလေးမကို လက် စောင့်ရှောက်ထားတယ်'

လီနီက မျက်နှာကို တစ်ဘက်သို့လွှဲလိုက်သည်။

'နက်က အဲဒီ လာလီကို လက်ထပ်ယူမှာလားဟင်'

'ငါတော့ မထင်ဘူး၊ လာလီကလဲ သူ့ကို လက်ထပ် ယူလိမ့်မယ်လို့ မျှော်လင့်ထားမယ် မထင်ဘူး၊ သူ လူ လှည့်မနေတဲ့ မာစတန်က အမျိုးသမီးအကြောင်း လာလီ လဲ သိနေတာပဲ'

သည်လိုဆိုလျှင် လာလီက နက်တိုက်ကိုမျှော်လင့်မနေ ဘူးပေါ့။ လီနီက ဂျက်ဖရီဘက်သို့ တည့်တည့်လှည့်လိုက် သည်။

'တောတွေတောင်တွေ လျှိုမြောင်တွေထဲမှာ ကျွန်မ တို့ သုံးလလုံးလုံး ပြေးလွှားပုန်းအောင်း နေခဲ့ကြရတယ်



အောက်စဖို့မြို့ကိုလာယင် ကျွန်မတို့ လုံလုံခြုံခြုံနေလို့ရမယ် ဆိုတာ ဟိုတုန်းကတည်းက ရှင်သိထားပုံပဲ၊ ဒါပေမယ့် ရှင် မလာဘူး၊ အခုမှလာတယ်၊ ဘာဖြစ်လို့လဲဟင်'

ထိုမေးခွန်းကြောင့် ဂျက်ဖရီ မျက်မှောင် ကုပ်သွား သည်။

'တို့အတွက် ဘယ်နေရာမှ မလုံခြုံခဲ့ဘူး လီနီ၊ အောက် စဖို့လဲ တစ်ခြားနေရာတွေနဲ့ အတူတူပဲ'

လီနီကမူ လက်သီးကို တင်းတင်းဆုပ်ထားသည်။

'ဘာကြောင့် စောစောစီးစီး ရှင် ဒီကိုမလာသလဲဆို တာ ကျွန်မပြောပြမယ်၊ ဒီအောက်စဖို့မြို့မှာ ရှင့်အပေါင်း အသင်း သူငယ်ချင်းတွေရှိနေလို့ ကျွန်မကိုခေါ်မလာချင် ဘူး၊ ရှင့် အပေါင်းအသင်းတွေထဲက တစ်ယောက် ယောက်က ရှင့်မှာ ပြင်သစ်လူမျိုး မိန်းမရှိနေကြောင်း ကျွန်မကို ပြောပြလိုက်မှာ ရှင်ကြောက်နေတယ်၊ ဒါ ကြောင့် စောစောစီးစီး ဒီကိုခေါ်မလာတာ'

'လီနီ…'

ဂျက်ဖရီက သူ့ လက်မောင်းကို ဖမ်းဆွဲသည်။သို့သော် လီနီက အဆွဲမခံ ခါချပစ်လိုက်သည်။

'ရှင် ဒီမြို့ကို လာမယ်လို့ မဆုံးဖြတ်ရသေးခင် ရှင့် မိန်းမအကြောင်း ကျွန်မကိုဖွင့်မပြောဘူး'

'ဘာထူးမှာလဲကွာ၊ မင်းဟာ ငါ့မယားဖြစ်နေပြီပဲ ဒါသာလျှင် အရေးကြီးတာပဲ၊ ဒါထက် မင်းဗိုနပ်ရှူးလဲ

www.burmeseclassic.com

www.burmeseclassic.com



စုတ်ပြတ်သတ်ကုန်ပြီ၊ အသစ်တစ်ရံလောက် ထွက်ဝယ် လိုက်ကြဦးစို့’

ဖိနပ်ဝယ်ဖို့ အပြင်ထွက်ခဲ့ကြသည်။ ဖိနပ်ဆိုင်နှင့် နီးသည်ဆိုသဖြင့် မြင်း ထုတ်မစီးတော့ပဲ ကုန်းကြောင်း လျှောက်လာကြသည်။

သူတို့ လမ်းပေါ် အရောက်တွင် ဂေးလ်ဘတ်နှင့် သွားတိုးသည်။

‘မစ္စတ်ဒေါက်…ဂျက်ဖရီ၊ မင်းတို့ နေရထိုင်ရတာ အဆင်မှ ပြေရဲ့လားဆိုတာ သိချင်လို့ လာကြည့်တာ’

‘အဆင်ပြေပါတယ်ကွာ၊ မစ္စတ်ဒေါက်အတွက် ဖိနပ် ဝယ်ပေးမလို့ပြီး တို့ အပြင်ထွက်လာတာ’

‘ဟုတ်သား၊ ငါသိတဲ့ဆိုင် ကောင်းကောင်း တစ်ဆိုင် ရှိတယ်၊ လ လီဘုန်းကလဲ အဲဒီဆိုင်ထဲမှာပဲ ဝယ်တာပဲ’

ဂျက်ဖရီက လည်း သူ့ အသိထဲက ဖိနပ်ကောင်းကောင်း ချုပ်တတ်သည့်ဆိုင် ရှိကြောင်းပြောပြီး ထိုဆိုင်သွားမည် ဆိုသည်။

သို့သော် လီနိုက ဂေးလ်ဘတ် ပြောသည့်ဆိုင်သို့ လိုက် ပို့ပေးဖို့ပူဆာသည်။ နောက်ဆုံး ထိုဆိုင်သို့ရောက်သည်။ ဂေးလ်ဘတ်လိုက်သည့် ဖိနပ်ဆိုင် အဝယ်ခိုင်းပြီး စီး ထွက်ခဲ့သည်။ ဂျက်ဖရီက ဘာမျှမပြောပဲ သူ့ အကြိုက်ကို လိုက်ခဲ့သည်။

ထိုနေ့ညနေက်တော့ အရက်မူးသမား အဘိုးကြီး တစ်ယောက်က လီနိုကို မတော်ဘဲ ဝင်တိုးမိသည်။



‘အရှူး…လူကိုမမြင်ဘူးလား’

ဂေးလ်ဘတ်က ပြောပြောဆိုဆို အဘိုးကြီး၏ ကျောပြင်ကို လက်ဝါးဖြင့် ရိုက်ပစ်လိုက်သည်။ အဘိုးကြီး ခမျာ ရှံ့ဖွက်ထဲသို့ ပက်လက်လဲကျသွားရှာသည်။

‘တောင်းပန်ပါတယ်ကွယ်၊ မိန်းကလေးကို မမြင်လို့ ပါ…’

‘ကျုပ်ရဲ့ဖိနပ်ဦးက ခင်ဗျားမျက်စိအမြင့် ပိုကြည်လင် သွားအောင် တတ်နိုင်တယ်နော်’

ဂေးလ်ဘတ်က ပြောပြောဆိုဆို ရှေ့တိုးသွားသည်။ ဗွက်ထဲတွင် ပက်လက်လဲလျက်ဖြစ်နေသည့် အဘိုးကြီး က ကြောက်ရွံ့စွာ မော့ကြည့်နေသည်။

ဂျက်ဖရီက ဂေးလ်ဘတ်ကို ဆွဲခေါ်သည်။

‘ထားလိုက်ပါတော့ ဘာဆိုးလို့လဲကွာ၊ သူ့ကို မင်း တစ်ချက်လဲ ရိုက်ပြီးသွားပြီပဲ’

ဂျက်ဖရီဆွဲခေါ်ရာနောက်သို့ လိုက်လာရသော်လည်း ဂေးလ်ဘတ်မှာ အဘိုးကြီးကို စိတ်ရှိလက်ရှိမလုပ်ရသဖြင့် ဒေါသဖြစ်နေသည်။

မိမိတို့သည် ဝရမ်းပြေးများဖြစ်ကြောင်း၊ လမ်းပေါ် တွင် ရှုပ်ရှက်ခတ်ဖြစ်မှုကို အတတ်နိုင်ဆုံး ရှောင်ရန် ကြရကြောင်း၊ မိမိတို့ကိုယ်တိုင် ဘယ်လိုနည်းနှင့်မျှ ဝင် မပါနိုင်ကြောင်းများကို ဂျက်ဖရီက ရှင်းပြနေသည်။

‘မင်းတို့နှစ်ယောက် ဝရမ်းပြေးဆိုတာ ငါမေ့သွား တယ်ကွာ’ ဟု ဂေးလ်ဘတ်က ခနဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်နေရာရောက်တော့ ဂေးလ်ဘတ်သည် အသိတစ်ယောက်နှင့် တွေ့ပြီး စကားပြော ကျန်ရစ်ခဲ့သည်။ ဂျက်ဖရီတို့နှစ်ယောက် ဆက်လျှောက်လာကြသည်။

'ဂေးလ်ဘတ်ကို သိပ်မြှောက်ပေးမနေနဲ့၊ ကိုယ့်ခေါင်းပေါ် အဖြတ်ခံသွားရလိမ့်မယ်' ဟု ဂျက်ဖရီက ပြောသည်။

'မြှောက်ပေးတာမဟုတ်ပါဘူး၊ ဒါပေမယ့် သူကမှ ကျွန်မအတွက် တိုက်ခိုက်ပေးဖော် ရသေးတယ်'

'လုပ်သမျှငို့ခံပြီး ပြန်ရန်မရှာမယ့်အဘိုးကြီးမှန်းသိလို့ သူ ရန်လိုနေတာပါကွာ၊ ဒါလောက်မှ အကဲမခတ်တတ်ဘူးလား၊ ဝူစတာတိုက်ပွဲမှာတုန်းက ဘုရင်မင်းမြတ်ဘက်ကနေပြီး ဘာဖြစ်လို့ သူ ဝင်မတိုက်ခဲ့တာလဲ၊ အဲဒါကိုရော မင်းသိသလား'

သူတို့ စကားပြတ်သွားကြသည်။ တိတ်ဆိတ်စွာပင် အိမ်သို့ ဆက်လျှောက်လာကြသည်။ တည်းခိုခန်းပြန်ရောက်တော့ ဂျက်ဖရီက ကိစ္စတစ်ခုကို အကြောင်းပြပြီး အပြင်ထွက်သွားသည်။

ဂေးလ်ဘတ်ကို သူရဲဘောကြောင်သည်ဟု အပြောခံရသည့်အတွက် လီနို မကျေနိုင် မချမ်းနိုင် ဖြစ်နေသည်။ ဂေးလ်ဘတ်လာလျှင် တည့်တည့်ကြီးကို မေးပစ်လိုက်ဦးမည်ဟုလည်း စိတ်ထဲမှာ တေးထားလိုက်သည်။

ဂျက်ဖရီထွက်သွားပြီး မကြာမီမှာပင် ဂေးလ်ဘတ် ရောက်လာလေသည်။ လီနိုကလည်းတည့်တည့်ပင် မေးပစ်



လိုက်သည်။ ဂေးလ်ဘတ် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ ဣန္ဒြေဆည်ပြီး ဟန်မပျက် ပြန်ပြောသည်။

'ဝူစတန်မှာ တိုက်ပွဲတွေ အပြင်းအထန် ဖြစ်နေတော့ ငါကလဲ အသည်းအသန် ဖျားနေတယ်၊ ဒါကြောင့် ဘယ်လိုမှ မသွားနိုင်ဘူး၊ အဖျားလည်း နည်းနည်းပျောက်ရော ဝူစတာကို သွားမယ်လုပ်တော့ ဟိုမှာ ဘုရင့်ဘက်ကရှုံးပြီး တိုက်ပွဲပြီးနှင့်သွားပြီ'

ထိုအဖြေကို လီနို ကျေနပ်ပါသည်။ ဂျက်ဖရီက ဂေးလ်ဘတ်ကို မလိုလားသောကြောင့် နှိမ်ချနေခြင်းသာ ဖြစ်ရမည်။

ထိုနေ့ညက ဂျက်ဖရီပြန်လာတော့ တစ်နေ့လုံး ဖြစ်ခဲ့သည်များနှင့်ပတ်သက်၍ လီနိုက တောင်းပန်သည်။

'ဒါတွေ ထားလိုက်တော့ လီနို၊ ဘာမှအရေးကြီးတာ မဟုတ်ဘူး၊ မင်းအတွက်အဝတ်အစားချုပ်ဖို့ မစ္စက်ဝပ်တ်နဲ့ စီစဉ်ပြီးပြီ'

ထိုစကားကြားတော့ လီနို ရှက်သွားသည်။ မိမိက မဆိုင်တာတွေ လျှောက်တွေးနေချိန်တွင် ဂျက်ဖရီက မိမိ သက်သောင့်သက်သာ နေနိုင်စေရန် လိုအပ်သမျှစီစဉ်ပေးနေကြောင်း သဘောပေါက်လာသည်။

'ဝူစတာတိုက်ပွဲကို ဘာဖြစ်လို့ ဝင်မတိုက်တာလဲလို့ ဂေးလ်ဘတ်ကို ကျွန်မ မေးကြည့်လိုက်တယ်' ဟု လီနိုက တမင်းကာတန်း ပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ဂျက်ဖရီ၏ မျက်ခုံးအစုံ မြင့်တက်သွားသည်။

'ဟုတ်လား၊ ငါ ထွက်သွားပြီးတဲ့နောက် ဒီကောင် ဒီကို ရောက်လာသေးတယ်ပေါ့လေ'

'ဘုရင့်ဘက်က ရှုံးနေပြီဆိုတာ သိလျက်သားနဲ့ စစ်မြေပြင်ကို ဆင်းသွားယင် ရှုံးလို့သာ ဖြစ်မှာပေါ့တဲ့'

ဂျက်ဖရီက ပြုံးပြုံးကြီး လုပ်လိုက်သည်။

'ငါနဲ့ ညီအစ်ကိုဝမ်းကွဲတော်တဲ့ အကောင်ဟာ မိန်းမ ကောကျအောင် လုပ်တတ်ရုံကလွဲလို့ ခြုံနည်းရှိးပေါ့ ခုထိုင်တဲ့နေရာမှာလဲ အင်မတန်တော်တာကို၊ နိုင်တဲ့ဘက်ကို ခုန်ချမယ့်အကောင်မျိုးလေ၊ နောက်ပြီးတော့ ဘယ်တော့မှ သစ္စာမရှိဘူး'

'သူများကို စွပ်စွပ်စွဲစွဲ၊ ရှင့်မှာ သက်သေသက္ခီယ ရှိလို့လား' ဟု လီနိုက ကောက်ကာငင်ကာ ပြန်မေးသည်။

'ငယ်ငယ်တုန်းက သူနဲ့ငါ တောထဲသွားတယ်၊ ဝက်ဝံ တစ်ကောင်နဲ့ တိုးတယ်၊ ကြားထဲမှာ သူခံနေတော့ ငါ လေးနဲ့ပစ်လို့ မရဘူး၊ သူ့ကိုထိမှာစိုးလို့ နေတုန်း သူက ထွက်ပြေးတယ်၊ ဝက်ဝံက ငါ့ကိုခဲပြီး ခါထုတ်ပစ် လိုက်တာ သစ်ကိုင်းပေါ် ရောက်သွားတယ်၊ အဲဒီအပေါ်က မဆင်းရဲဘူး၊ သူကတော့ တချိုးတည်း ထွက်ပြေးပြီလေ၊ နောက် မုဆိုးတွေ ရောက်လာတော့မှ ငါ့ကိုကယ်ပြီး အိမ် ပြန်ပို့ပေးကြတယ်၊ သူကတော့ ငါနဲ့အတူ တောထဲသွား ပြီး ဝက်ဝံနဲ့ တွေ့ကျုံခဲ့တယ်ဆိုတဲ့ စကားမစ်ခွန်းတောင် လူကြီးတွေကို ပြောဖော်မရဘူး'



'ရှင့် ညာဘက်ခြေမထောက်က ဒဏ်ရာဟာ အဲဒီဝက်ဝံ ကိုက်တာလား ဟင်'

'ဟုတ်တယ်'

'ဒါဆိုယင်တော့ အဲ့ဒီကိစ္စ သူ့ကို သေသေချာချာ ပြောပစ်ရဦးမယ်'

လီနိုက အားနည်းသည့် လေသံလေးဖြင့်ပြောသည်။ ဂျက်ဖရီက သူ့ပခုံးကို သိုင်းဖက်လိုက်သည်။

'သူ့ကျေးဇူးကြောင့် ဒီတည်းခိုခန်းမှာ တို့နေနေရ တာ လီနို၊ အောက်စဖို့မြို့ဟာလဲ တခြားမြို့တွေလိုပဲ၊ သူ့ ဘက်တော်သားတွေရော ကိုယ့်ဘက်တော်သားတွေပါ ရှိနေကြတာ ဂေးလ်ဘက်က နှစ်ဘက်စလုံးနဲ့ အဆွမ်းသင့် တယ်၊ တို့ကို ဆန့်ကျင်ပြီး သူ တစ်ခုခု ပြောလိုက်ယင် တို့ ဒုက္ခရောက်သွားနိုင်တယ်'

'ဒါပေမယ့် သူဟာ ရှင်နဲ့ ညီအစ်ကိုဝမ်းကွဲ တော် တာပဲ၊ နောက် ဘုရင်မင်းမြတ်အပေါ်မှာလဲ သစ္စာစောင့်သို ရှိသေးတယ်ဆို'

လီနိုက ကန့်ကွက်စကားလေး ပြောသည်။

'ငါနဲ့ ဝမ်းကွဲညီအစ်ကို တော်တယ်ဆိုတာ မှန်ပါတယ် ဒါပေမယ့် သူဟာ ဘယ်သူ့အပေါ်မှာမှ သစ္စာရှိခဲ့တဲ့ ကောင် မဟုတ်ဘူး၊ လက်ဖမ်းမှာ ဒီမျိုး သမီးတစ် ယောက်ရှိ...'

www.burmeseclassic.com

www.burmeseclassic.com



လီနို၏ အမူအယာ ချက်ချင်းပျက်သွားသည်။

'ကျွန်မ မကြားချင်တော့ဘူး'

ဂေးလ်ဘတ်နှုတ်ပိတ်သက်ပြီး သူ မနေတတ် မထိုင်တတ် ဖြစ်သွားလေသည်။ ပြီးတော့ ဂျက်ဖရီ၏ တရားဝင်ဇနီး မဟုတ်ကြောင်း သိနေ သူ တွေ လည်း ရှိ နေ လေ ရာ အောက်စဖို့မြို့မှာ အသားကျစွာ နေ သွား ဖို့ အတော် ကြိုးစားရပေဦးမည်။

နောက်နေ့မှာပင် လာလီ အလည် ရောက်လာ လေသည်။

လီနို ထင်ထားသည်နှင့်မတူ ခြားနားနေသော အမျိုး သမီးကလေးတစ်ယောက် ဖြစ်သည်။

အရပ် သောင်ထောင်မောင်းမောင်း။ ကိုယ် လုံးက သွယ်သွယ်။ မျက်နှာကလေးက ချောမော လှပသည်ဟု မဆိုနိုင်ပါ။ သို့သော်လည်း ဆွဲဆောင်နိုင်သည့် ညှို့မတတ် ရှိသည်။

'ကိုယ့်နာမည် လာလီပါ၊ မင်းနဲ့တွေ့ရတာ ဝမ်းသာ ပါတယ် လီနို၊ နက်က ဂျက်ဖရီအကြောင်းမတွေ့ ပြောလို့ မဆုံးဘူး၊ သူတို့နှစ်ယောက်က အရမ်းချစ်တဲ့ သူငယ်ချင်း တွေလေ၊ သူတို့လိုပဲ ကိုယ်တို့နှစ်ယောက်လဲအရမ်း ချစ်တဲ့ သူငယ်ချင်း ဖြစ်ရမယ် ကောင်းမယ်နော်၊ ရန် သူ တွေ မနားတမ်း လိုက်နေတာနဲ့ မင်း ဘာအဝတ်အစားမှ ယူ



မလာနိုင်ဘူးလို့ နက်က ပြောတယ်၊ ဒါကြောင့် အနွေး ထည်လေးတစ်ခု ကိုယ်ယူလာတယ်၊ အောက်စဖို့ ဆောင်း တွင်းမှာတော့ မင်းအတွက် အသုံးတည့်မှာပါ'

သူတို့နှစ်ယောက် စကားထိုင်ပြောကြသည်။ ခဏချင်း မှာပင် သူတို့လည်း ဂျက်ဖရီနှင့်နက်တိုက်လို ချစ်သော သူ ငယ်ချင်းများ ဖြစ်သွားကြလေသည်။ လာလီသည် ပွင့်ပွင့် လင်းလင်းပြောတတ်သောအမျိုးသမီးတစ်ယောက်လည်း ဖြစ်သည်။

'ကိုယ်က နက်တိုက်ကို လက်ထပ်မှာ မဟုတ်ဘူး၊ စေ့စပ် ထားတောင် မလုပ်ဘူး၊ သူက ကိုယ့်ရဲ့ စောင့်ရှောက်သူ လေ၊ ကိုယ့်မှာ ချစ်သူရော အဖေရော တစ်ပြိုင်တည်းလို ဆုံးရှုံးခဲ့ရတယ်'

သူ့အကြောင်းများကို ကြေကွဲစွာ ပြောပြနေသည်။

မနက်ဖြန် ခရစ္စမတ်အကြိုနေ့ ဖြစ်သောကြောင့် သူတို့ နှင့် ညစာ အတူစားဖို့ပြောပြီး လာလီ ပြန်သွားသည်။

ဂျက်ဖရီပြန်လာသောအခါ လာလီ လာလည်ကြောင်း အနွေးထည် လက်ဆောင်ပေးသွားကြောင်းနှင့် မနက်ဖြန် ညစာ အတူစားဖို့ ချိန်း သွား ကြောင်းများ ပြော ပြ သည်။

'ဒီအကျႌ မင်းနဲ့လိုက်တယ်၊ မင်း စိတ် ချမ်း သာယင် ကောင်းတာပဲ လီနို၊ မင်းဟာ ငါ့ရဲ့ဘဝပါ၊ မွေးဖွားလာမယ့် ငါ့ရဲ့ ရင်သွေးလေး ဂုဏ်သိက္ခာ မကျဖို့ တို့ အရာရာကို သတိထားကြရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဖရီ၏ ခေါင်းထဲသို့ လီနီ တိုး ဝင်မိသည်။

ဂျက်ဖရီ…ရှင့်ကို ကျွန်မ ချစ်ပါတယ်

မေးခွန်းစဖို့မှာ ဆက်လက် နှုတ်ဆိတ် နေသည့် ကာ…

အတွင်းရေးမှူး၏ နှစ်ခြိုက်စွာ မလက်ထပ်ကြသည့် အကြောင်း…

များ ဘယ်နှစ်ကြိမ်လောက်များ ကြားပြီးပြီ မိ ဦး…

နည်းဟု လီနီ တွေးကြည့်နေမိသည်။

ယခုဆို တော့ ထိုအကြောင်းကို လုံးလုံး မမေ့နိုင်…

ခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်ပေမည်။

နောက်နေ့ည နက်တိုက်တိုက်အိမ်တွင် လီနီတို့နှစ် ယောက်…

လာလီတို့နှစ်ယောက် ညစာအတူစားကြသည်။

စားပွဲကောင်း သောက်ဖွယ်များနှင့် ပြည့်ခင်းသည်…

အသုံးအဆောင် ပစ္စည်းများအားလုံး အကောင်းစားများ…

ချည့်ဖြစ်သည်။

လာလီသည် ထိုပစ္စည်းများကို ကျွမ်း ကျင် လိမ္မာ…

ကိုင်တွယ်အသုံးချနိုင်သည်ကို မြင်ရသောအခါ လီနီ…

အံ့သြမဆုံး ဖြစ်မိသည်။

ယခုဆိုတော့ သူက တောသူမစစ်စစ်ဖြစ်ပြီး လာ…

သည် အထက်တန်းများတွင် ဝင်ဆံ့သည့် မြို့ကြီးသူ…

လေသည်။ သည်တော့လည်း လီနီအနေဖြင့် လာလီ…

ဘယ်လိုလုပ်ပြီး ယှဉ်ပြိုင်နိုင်ပါမည်နည်း။



ထိုနေ့ည ညစာစားပွဲသို့ အောက် စ ဖို့ တက္ကသိုလ်မှ…
…ကယ်နှင့်လူးစွန့်ဆိုသော ကျောင်းသားနှစ်ယောက်ကို…
…ဘ်ကြားထားသည်။

အားလုံးတညီတညွတ်တည်း သတိထားမိနေသည်မှာ…
…၏ …တွေ …အလှပင်ဖြစ်သည်။

နောက်နေ့ တွင် မိုက်ကယ်သည် ဝတ် ကောင်း စားလှ…
…ပြီး လက်ဆောင်ပေးဖို့ ဒိုင်ပုလင်းပိုက်လာ လီနီတို့…
…ည်းခိုနေသည့်နေရာသို့ ရောက်လာသည်။

သူ့ ကိုတံခါးဖွင့်ပေးသောအခါ မုန့်ထုပ်များပိုက်ပြီး…
…းဝစ္စ ဆိုက်သာပြန်သည်။

သူတို့နှစ်ယောက်စလုံး လီနီနှင့်အသက်ချင်း မတိမ်း…
…မိ အရွယ်ရှိကြလေသည်။

ဂျက်ဖရီပြန်ရောက်လာတော့ လီနီသည် မိုက်ကယ်တို့…
…တ ဝါးဝါး ကတားတား ပွဲကျနေသည်ကို တွေ့ရ…
…သည်။

ကျောင်းသားလေး နှစ်ယောက်မှာ ဂျက်ဖရီကို တွေ့…
…က်ရ သဖြင့် ရှက်ကိုး ရှက်ကန်းဖြင့် မနေတတ်…
…ထိုင်တတ်ဖြစ်သွားသည်။ ဂျက်ဖရီကလည်း ရိပ်မိလိုက်…
…သည်။ ထို့ကြောင့်…

'…က်ဆိုင်းမနေတဲ့ …ခုလိုအလည်လာကြလို့ ဂုဏ်ယူ…
…ဘယ်ကွာ' ဟု ဂျက်ဖရီက ကျောင်းသား နှစ်ယောက်…
…နေတတ်ထိုင်တတ်အောင် ပြောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းမှာပင် ဂေးလ်ဘတ်လည်း ရောက်
ပြန်သည်။ ဂေးလ်ဘတ်က နေ့တစ်ဝက်လုံးလုံး နေ
သည်။ နှင်းများကျသောအခါတွင် အောက်စဖို့မြို့
ရှိရှုခင်းအောင်းသောနေရာများသို့ လီနီကိုလိုက်ပို့
ဦးမည်ဖြစ်ကြောင်း ပြောသွားသည်။

ညသည်များပြန်သွားသောအခါ လီနီမှာ မေ
နွမ်းနယ်ပြီး ကျန်ရစ်တော့သည်။

ထိုနေ့ကစပြီး သူတို့တည်းနေသည့် အခန်းဘလေ
ညှော်မပြတ်တော့။

လီနီမျက်နှာမြင်မည့်ရက်က လာမည့်ဇွန်လ ဖြစ်သ
ထိုအတွင်း သူ့မှာလုပ်စရာကိုင်စရာတွေများလှသည်။

မိုက်ကယ်က လီနီကို စာသင်ပေးသည်။ လူးဝ
လည်းကူသင်ပေးသည်။ လိုအပ်သည့် စာအုပ်နှင့် စာ
များ၊ ငှက်တောင်များ၊ မင်များကို ယူလာပေးကြသ

ထို့နောက် သူတို့ အကသင်ကြသည်။ တယော
တတ်သည့် ကျောင်းသားနှစ်ယောက်ကို ရှာရသည်။
ကျောင်းသားနှစ်ယောက်က တယောထိုးပြီး ကျ
များအား အကသင်ကြသည်။

သူတို့အုပ်စုမှာ မိုက်ကယ်၊ လူးဝစ္စ၊ ဂေးလ်ဘတ်၊
လီနှင့် လီနီတို့ဖြစ်ကြသည်။ နက်တိုက်သည်း တစ်ခါတ
ရောက်လာတတ်သည်။ သို့သော်သည်း ကျန်လူများ
အချိန်မမှန်။ ရက်မမှန်။ သူတို့ကပွဲမှာ နေ့တိုင်းဖြစ်နေ
သည်။



တို့ထဲမှာ အကအကောင်းဆုံးလူသည် ဂေးလ်ဘတ်
သည်။
ခါတစ်ရံတွင် သူတို့ဝိုင်းက ဆူလွန်းသောကြောင့်
ခန်းပိုင်ရှင် မစ္စစပ်ပေတ်က လာရောက်သတိပေးရ
သည်များရှိသည်။
လ်ဘတ်သည် လီနီတို့ဆီမှာသာ အနေများလာ
ထိုမျှသာမက လီနီအပေါ် ဆက်ဆံသည်မှာလည်း
းတော့။ သူကြည့်ပုံ ထိတွေ့ကိုင်တွယ်ပုံ၊ စကား
ားမှာ သိသိသာသာကြီး ဆန်းပြားလာသည်။
ဖရီကလည်း ယခုတလော နေ့အိပ်ညနေခရီးများ
တတ်သည်။ သူတာတွေ လုပ်နေသည်ကို လီနီ
။ သူပြန်လာသည့်အခါတိုင်း ဖွေကြေးများပါ
သည်။ သူတို့နှစ်ယောက်အဖို့ စားဝတ်နေရေး
လုံနေပါသည်။
ရီခရီးထွက်နေသည့်အခါများတွင် ဂေးလ်ဘတ်
ကို မခွာတမ်း ကပ်နေတတ်သည်။ လီနီကလည်း
ျောင်တင်းတင်းပင် အကပ်မခံဘဲနေသည်။
နှစ်ယောက်ဆက်ဆံရေးနှင့်ပတ်သက်ပြီး ဂျက်ဖရီ
တစ်ကြိမ် စကားများဖူးသည်။
းသွားနေတဲ့အခါမျိုးမှာ မုဝ်းနဲ့ ဂေးလ်ဘတ်ရဲ့
ဟာ သိပ်ကိုရင်းနှီးလွန်းတယ်လို့ နက်တိုက်က
မိနေတယ်'
ားကြောင့် လီနီသက်ပြင်းချသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူဟာ ကျွန်မတို့ကို အန္တရာယ်ပေးနိုင်တဲ့လူ ဖြစ်
ရှင်းရှင်းနှီးနှီး ဆက်ဆံဖို့ ရှင်ပဲကျွန်မကို ပြောထားတ
မဟုတ်လား'

'ကောင်းကောင်းမွန်မွန်ဆက်ဆံဖို့ပြောတာပါ၊ ဒီထ
မပိုပါဘူး၊ ရင်းရင်းနှီးနှီး ဆက်ဆံဖို့ ပြောတာ မဟုတ်
ဘူး၊ ကိုညီ အဲဒီကိုနှစ် ယောက်ကို ပေမျှပေါင်းဖို့ပြော
မဟုတ်ဘူး'

လီနီဒေ သဘောက်သွားသည်။

'ရှင်ဘာစကားပြောတာလဲ၊ ကျွန်မကို ဘယ်အစ
ကထင်သလဲ၊ ကျွန်မ မျိုး...'

'လီနီ... ကို မင်းကို င ခွပ်စွဲနေတာ မဟုတ်
ဝ တိ ပေးနေတာ၊ ဂေးလ်ဘတ်ကို သတိထား ဆက်
သတိထားနေတာ၊ ဒီကောင်လို မ ကျမ်းကြေတဲ့ လူ
မင်းဘယ်တုန်းကမှ တွေ့ဖူးမှ မဟုတ်ဘူး၊ အင်မတန်
တဲ့အကောင်'

ဂျက်ဖရီက လီနီ၏စကားကို ဆုံးအောင် နားမထ
တဲ ဖြတ်ပြောသည်။

'အို... ကျွန်မလဲ အင်မတန်ယော်တဲ့ ယောကျ်ား
တွေ့ဖူးပါတယ်'

'ငါပြောတာကိုဘာထင်လဲပါနဲ့ မင်းအမိပ္ပာယ်အ
လွဲနေပြီ၊ မင်းအဘွက်စိုးရိမ်လို့ပြောနေတာ၊ နောက်
တော့ ဒါလောက်အောင်တရှုံးရှုန်းလုပ်နေယင်ဖြို
မှာရှိတဲ့လူတော့ တို့ကိုအာရုံစိုက်မိလာလိမ့်မယ်၊ တရှ



ဘာကလဲ တစ်ချက်ကလေးမဟုတ်တော့ဘူး၊ နေ့စဉ်ရက်
ကဲ့ဖြစ်နေပြီ'

'ကောင်းပြီ၊ ကျွန်မတို့ က ဘာကို ချက်ချင်း ရပ်ပစ်
လိုက်မယ်၊ သောလူတွေနဲ့ မစွက်ဖက်တာကို အနေ့ခြင်အယုက်
ဖြစ်လို့ ရပ်ပလိုက်တာလို့ ပြောမယ်၊ ကျနုပ်ပြီးမဟုတ်
သား....'

'ငါပြောတာကို မင်း နားမလည်ဘူး၊ လူတော့ ကရှန်း
၊ ဖြစ်နေလို့ ပြောတာ သောလူတော့ အာရုံစိုက်မိလာ
တို့ ဘယ်သူတွေဖြစ်ကြောင်း သိသွားမှာစိုးလို့ ပြော
တော'

'ကျွန်မ အပြင်ထွက် လမ်း လျှောက် လိုက်ဦး မယ်၊
ခေါင်းရှင်းသွားတော့မှ ရှင်စွပ်စွဲတာတွေကို အပြည့်အဝ
းလည်နိုင်မယ်'

အခန်းအပြင်သို့ လီနီ ထွက်ခဲ့သည်။ ဂျက်ဖရီ ပြော
သည့် စကားများကို ခေါင်းအေးအေး နှင့် ပြန်စဉ်းစား
ကြည့်သည်။

မှန်တာတွေက များနေသည်။ ဂေးလ်ဘတ်၏အမူအရာ
များ၊ ဆက်ဆံပုံများသည် နည်းနည်းကလေးမှ မရိုးသား
ဘူး။ ဂျက်ဖရီအားဖြင့် စိတ်ပူနေသည်ဆိုတာ ပူလောက်
ပါ၊ မိမိတို့အဖြစ်များက သိပ်မဟုတ်တော့။

လမ်းလျှောက်လျှောက်ပြီး ပြန်လာခဲ့သည်။ ညနေခို
အတွင်း ဂေးလ်ဘတ် ရောက်နေသည်ကို ဆိုခဲ့သည်
ပြုံက် တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော...မင်းက ဒီမှာကိုး၊ နက်နဲ့ လာလီတို့နောက်က လိုက်လာကြတယ်၊ ဟယ်ရီနဲ့ ဖရက်တို့လဲ တယောယူပြီး လိုက်လာကြလိမ့်မယ်' ဟု ဂေးလ်ဘတ်က ဆီးပြောသည်။ ပြီးတော့ အပေါ်သို့ သူက တက်နှင့်သည်။

'ဂေးလ်ဘတ်'

လီနိုက စိုးရိမ်သည့်လေသံဖြင့် ခေါ်သည်။ လှေကား အတိုင်း သူ့နောက်မှ အပေါ်သို့ တက်လိုက်သွားသည်။

'ဟယ်ရီနဲ့ဖရက် ဒီနေ့ တယောမထိုးယင်ကောင်းမယ်၊ မနေ့တုန်းက ကျွန်မတို့ အရှင်းဆုတယ်၊ မစ္စက်ဝင်တ်ကို အနှေးငံ့အယူက်ပေး...'

ဂေးလ်ဘတ်က သူတို့တည်းခိုခန်းကလေးကို ဖွင့်လိုက်သည်။ လီနိုကို ခါးမှကိုင်ပြီး အတွင်းသို့ တွန်းသွင်းသည်။

'ဂျက်ဖရီ အိမ်မှာမနေတာ အတော်ပဲ၊ ဂျက်ဖရီ ခဏခဏ ခရီးထွက်နေတာ မင်းအဖို့လဲ ဟန်ကျသွားတာ ပေါ့နော်'

ထိုစကားကြောင့် လီနိုအကြီးအကျယ် တုန်လှုပ်သွားသည်။ အိပ်ခန်းထဲမှာ ဂျက်ဖရီ ရှိကောင်းရှိနေနိုင်သည်။

'ရှင် ဘာစကားတွေ ပြောနေတာလဲ၊ ဂျက်ဖရီအိမ်မှာ ရှိနေတယ်၊ အိပ်ခန်းထဲမှာအိပ်နေတယ်၊ သူခရီးသွားတာ ကျွန်မအဖို့ ဘာမှ ဟန်ကျနေစရာ မလိုဘူး'

'သွားစမ်းပါကွာ၊ ဂျက်ဖရီ အိမ်မှာ ရှိနေလို့ များတော့ မင်းတစ်ယောက်တည်း အခုလိုလမ်းထွက်မလျှောက် ဘူး'



ဂေးလ်ဘတ်က လီနိုကို အိပ်ခန်းဆီသို့ ဆွဲခေါ်သည်။ လီနိုက အထိတ်တလန့် ရုန်းသည်။ မရသဖြင့် အိပ်ရာနှင့် ဝေးထားသည့် ခန်းဆီးကို ဆွဲဖယ်လိုက်သည်။

အိပ်ရာမှာ တွန့်ကြေနေသည်။ သို့သော် ထိုအပေါ်မှာ ဂျက်ဖရီ ရှိမနေ။

'အိပ်ရာတွေ ဒါလောက်တောင် ကြေနေတာထောက် ရင်တော့ မင်း တစ်ယောက်ယောက်နဲ့ ဒီအပေါ်မှာ အိပ်ပါးသွားထားပြီထင်တယ်'

'ဂေးလ်ဘတ်'

'အဲဒီတော့ ဂျက်ဖရီအကြောင်း ဘာမှ ပြောမနေနဲ့ တော့၊ အခုအချိန်ဆိုယင် မိုင်ခြောက်ဆယ်အကွာလောက် မှာ သူ ရောက်နေလိမ့်မယ်၊ ဒီနေ့ တို့နှစ်ယောက်တည်း ပဲမယ်'

ဂေးလ်ဘတ်က ပြောပြောဆိုဆို ဆွဲဖက်သည်။

'မထိနဲ့ ဂေးလ်ဘတ်'

'ဟား...ဟား လာစမ်းပါ လီနိုရာ၊ မင်းနဲ့ငါ မရိုးနဲ့ ဘတ် တော်တယ်လေ၊ မှတ်မိတယ်မဟုတ်လား၊ အဲဒီတော့ ငါနဲ့မတ် နမ်းတဲ့အနမ် မျိုးနမ်းလိုက်ကြရအောင်၊ နက်နဲ့ လာလီတို့ ရောက်မလာခင် အချိန်ရှိခိုက်ကလေးပေါ့ကွာ'

လီနိုက သူ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီး ပါးရိုက်ဖို့ ပြင် လိုက်သည်။ သို့သော်လည်း ဂေးလ်ဘတ်က နောက်သို့ ရှောင်လိုက်သောကြောင့် လက်လှမ်းမမီတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ဘည်းမှာပင် ထိတ်လန့်ကြောက်ရွံ့သည့် အ အရာများ သူ့မျက်နှာပေါ်တွင် ပေါ်လာသည်။

အခန်းကျဉ်းကလေးသို့ကူးသည့် တံခါးဝမှာ ဂျက်ဖ မားမားကြီး ရပ်နေသည်ကို သူတို့ မြင်လိုက်ကြရ သည်၊

‘ငါ့ရှိတဲ့အချိန်မှာ မင်းက ဒါမျိုးတွေ လုပ်နေတယ် ပေါ့ ဂေးလ်၊ ဟုတ်လား၊’

ဂျက်ဖရီက မေးသည်။ သူ့လေသံ နူးညံ့သိမ်မွေ့ လ သည်၊ သို့သော်လည်း အဓိပ္ပာယ်တစ်မျိုး ပါနေသည်။

ထို့ကြောင့် ဂေးလ်ဘတ်က နောက်သို့ ခြေလှမ်း တစ်လှမ်း သပ်ဆုတ်လိုက်မြန်သည်။

‘ဘာတွေပြောနေတာလဲ ဂျက်ဖရီ၊ မစ္စက်ဒေါက် ငါ ဒီမှာ ကမလို့ မြင်ဆင်နေတာပါ’ ဟု သူက အေ ပြောသည်။

‘ဩော်... ဒီလိုလား၊ မရီးနဲ့မတ် နမ်းတဲ့အနမ်းမျိုး နမ်းလိုက်ကြ အောင်ဆိုတာက ဘာလဲကွ’

ဂျက်ဖရီက သူ့ကို မျက်တောင်မခတ် စိုက်ကြည့် ရင်း ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။ နှစ်ယော စလုံး အချပ်အောင်ထောင်မောင်းမောင်းများချည်း ဖြ သည်။ သို့သော် ဂျက်ဖရီက ပိုအောင့်ဘင်သည်။ ရင်အုပ် က အားနှင့် လက်မောင်းများ ပိုတုတ်ခိုင်သည်။



‘မင်းမိန်းမကခေါ်လို့ ငါလာတာပါ’

ဂေးလ်ဘတ်က ကြောက်လန့်တကြား အော်ပြန် ည်။

‘ငါ့မိန်းမက ခေါ်တယ်ဆိုတာ မယုံမရှိပါဘူးကွာ’ ဂျက်ဖရီက ကြင်နာသည့်လေသံဖြင့် ပြောသည်။ ားဆုံးသည်နှင့် လီနို သတိ မထားလိုက်မိချိန်မှာပင် ညာလက်သီးသည် ဂေးလ်ဘတ်၏ မေးရိုးပေါ်သို့ ပ်စီးလက်သလို ကျသွားသည်။ အပြင်းကြီး မဟုတ် ော်လည်း ဂေးလ်ဘတ်ကို တံခါးပေါက်ဆီသို့ ရောက် ောင် ပို့လိုက်နိုင်ပြီး တံခါးပေါက်မှာ ရောက်လာသော ်တိုက်၏ ရင်ခွင်ထဲသို့ တန်းတန်းမတ်မတ် ရောက်သွား ည်။

ဟော်... နေဦး ဂျက်ဖရီ၊ နေဦး... ဘာဖြစ်ကြတာ

နက်ကအော်သည်။ အရှိန်နှင့်ကျလာသော ဂေးလ် ်ကြောင့် သူ နောက်သို့ယိုင်သွားရာ လီနိုနှင့် ကိုယ် င်း တိုက်မိတော့မလို ဖြစ်သွားသည်။ လာလီ ည်း နောက်ဘက်သို့တိုးပြီး ကမန်းကတန်း ရှောင် ခဲ့သည်။

သူ ရှုံးသွား ပြီ ဟု ဂေးလ်ဘတ်က ပြောသည်။

င်း ဘာတွေ လုပ်နေတယ်ဆိုတာ မသိနိုင်လောက် ောင်တော့ မရူးသေးဘူး ဂေးလ်’

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဖရီအား လက်ပိုက်လိုက်သည်။ ခြေထောက် နှစ် ချောင်းကို ခပ်ကားကားထားကာ ရပ်မြဲနေရာတွင် ရပ် နေသည်။ ဂေးလ်ကို စိတ်ဝင်စားစွာဖြင့်လည်း စိုက်ကြည့် နေသည်။

'အခု အဖြစ်အပျက်ကလေးဟာ နောင်ကို လီနီနဲ့ ဆက်ဆံရင် ဘယ်လိုဆက်ဆံရမယ်ဆိုတာ သတိပေးလိုက် ကလေးပါပဲ'

'လီနီကို ငါက ဘယ်လိုဆက်ဆံနေလို့လဲ၊ လေးလေး စားစား ဆက်ဆံနေတာပဲ မဟုတ်လား'

ဂေးလ်ဘတ်က ဒေါသတကြီး ပြန်အော်သည်။ သူ့ မျက်နှာ နီရဲနေသည်။ လက်သီးနှင့် ထိုးမိသည့် နေရာအ ပိုနီသည်။

'အဲဒါကိုလဲ မယုံမရှိပါဘူး၊ ဒါပေမယ့် နောင်အခါ ဘယ်လိုဆက်ဆံသင့်တယ် ဆိုတာလေးကိုလဲ မင်း မှတ် နေအောင်လို့ပါ'

'ဘုရားသခင်.... ဒီကောင် ရူးသွားပြီပဲ၊ အရူးနဲ့ဝေးတဲ့ နေရာကို ပြေးပါရစေဗျာ'

ဂေးလ်ဘတ်သည်အော်ဟစ်ပြောဆိုရင်း နက်တိုက်ခဲ့ လက်ထဲမှ ရုန်းထွက်ကာ လာလီကိုကျော်ပြီး လှေကား အတိုင်း ဆင်းပြေးလေတော့သည်။ အရှေ့ဘက် တံခါး ကိုလည်း တအားဆောင့်ပိတ်သွားလေသည်။



'ဘာဖြစ်ကြတာလဲ ဂျက်ဖရီ'

နက်ကမေးရင်း အခန်းထဲသို့ ဝင်လာသည်။ အခန်းထဲက အနေအထားကို ကြည့်သည်။ သူ နောက်တွင် လာလီရောက်နေသည်ကိုလည်း တွေ့ရသဖြင့် လှည့်မေးသည်။

'ဘာဖြစ်တာလဲ၊ မင်းရောသိသလား'

'မသိဘူး၊ ဂေးလ်ဘတ်ကြောင့် ဖြစ်တာနေမှာပေါ့' ဟု လာလီက ပြန်ဖြေသည်။

လီနီက လာလီကို လှမ်းကြည့်သည်။

'တို့ ဆိုကြကကြတာတွေဟာ သိပ်ဆူပြီး ပတ်ဝန်းကျင်ကိုပါ အနှောင့်အယှက် ဖြစ်စေတယ်လို့ ဂျက်ဖရီက ထင်တယ်၊ အဲဒီအချိန်မှာ ဂေးလ်ဘတ်ရောက်လာတယ်၊ သူ့ကို အဲဒီအကြောင်း ပြောပြတယ်၊ သူက မရဘူး၊ ကိုယ့်ကို တွဲပြီး အတင်းကတော့တာပဲ၊ အဲဒီလိုကဖို့ အတင်း လုပ်နေတုန်း ဂျက်ဖရီထွက်လာပြီး လူရမ်းကားကြီး လုပ်တော့တာပဲ'

လီနီက ဂျက်ဖရီကို စိတ်ဆိုးမာန်ဆိုး အမူအရာနှင့် ကြည့်သည်။

'ဂေးလ်ကို သင်ခန်းစာပေးဖို့ ကောင်းနေပြီ၊ ဒါကြောင့် ငါပေးလိုက်တာပဲ နက်၊ မင်းတို့ ဝိုင်းနည်းနည်း သောက်ကြမလား'

www.burmeseclassic.com

www.burmeseclassic.com

'မင်း ထိုလွှတ်လိုက်တဲ့ ဂေးလ်ရဲ့ ကိုယ်လုံးကြီးကို ဆီးခံသွားရသာ အားဆေးဘာဒေး ပြန်ပြည့်သွားအောင် သောက်သင့်တာပေါ့ကွာ'

ဂျက်ဖရီက ဝိုင် ထည့်သည်။

'သူ့ကို ဒီလိုဆက်ဆံသင့်တယ်လို့ ထင်သလား၊ ဂျက်ဖရီ' နက်က ဝိုင်ခွက်ကိုလှမ်းယူရင်း မေးသည်။

ဂျက်ဖရီက မျက်မှောင်ကုပ်သည်။ ဆံပင်များကို လက်ဖြင့် သပ်လိုက်သည်။

'ပညာရှိတစ်ယောက်ရဲ့ အလုပ်မျိုးတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမယ့် တစ်နည်းလှည့်တော့ဖြင့် လုပ်သင့်တယ်၊ မိန်းမမှန်သမျှ သူ့ အစားအစာတွေချည်းပဲ သဘောထားနေတဲ့ အကောင်'

'ဟုတ်တယ်၊ လီနီအပေါ်မှာ ဒီကောင် ဆက်ဆံတာ နည်းနည်းကလေးမှ ရိုးသားပုံမပေါ်ဘူး၊ လီနီကတော့ သူ့ကို ရိုးရိုးသားသား ဆက်ဆံတာပါပဲ၊ ဒါပေမယ့် သူ့ဘက်က မရိုးသားဘူး'

လီနီက သူ့ကို ကျေးဇူးတင်သည့် အကြည့်မျိုးဖြင့် လှမ်းကြည့်သည်။

'တို့ အောက်စဖို့မြို့ကနေ ထွက်သွားသင့်တယ်လို့ မင်းထင်သလားနက်၊ ဂေးလ် ဆိုတဲ့ အကောင်က သစ္စာရှိတဲ့အကောင် မဟုတ်ဘူး၊ သူ့အကြောင်း ငါက ချေးခါး အူမပါမကျန် သိထားတာ'



ဂျက်ဖရီက သက်ပြင်းချရင်း မေးသည်။

လီနီမှာလည်း တုန်လှုပ်ချောက်ချားနေသည်။ ယခု ဆောင်းတွင်းကြီးမှာ အောက်စဖို့မြို့က ထွက်ခွာသွားဖို့။ နောက်ပြီးတော့ လက်ထဲမှာလည်း ငွေကြေး လုံလုံလောက်လောက် မရှိ။

ထိုအထက် ပိုဆိုးသည်မှာ နောက်လာမည့် ဇွန်လတွင် အလေးမျက်နှာ မြင်ရဦးမည့် တာဝန်ကရှိနေသည်။

'ဒီကောင် စိတ်ဖောက်လာယင် မဟုတ်တာလဲ ထလုပ်နိုင်တာပဲ' ဟု ဂျက်ဖရီက ပြောနေသည်။ သို့သော်လည်း သူ့လေသံမှာ တည်ငြိမ်နေသည်။

'သူက တောင်တိုင် မြောက်တိုင်လုပ်ယင် သူ့ကိုလဲ အမှုပြန်ပတ်မှာပဲ မဟုတ်လား၊ ငါတို့အားလုံး ဘုရင့်ဘက်က ပါခဲ့ကြတာပဲ၊ ဘုရင့်အပေါ်မှာ သစ္စာခံခဲ့ကြတာပဲ၊ သူတစ်ယောက်တည်းကွက်ပြီး ဘယ်နည်းနဲ့မှ မလွတ်နိုင်ပါဘူး' နက်တိုက်က ပြောသည်။

'ရှင်တို့ အောက်စဖို့ကနေပြီး တခြားကို ရှောင်သွားလို့ မလိုပါဘူး ဂျက်ဖရီ၊ ဂေးလ်အနေနဲ့ ဒါလောက် မိုက်မိုက်ကန်းကန်း မလုပ်ရဲပါဘူး' ဟု လီနီက ဝင်ပြောသည်။

ဂျက်ဖရီက လီနီကိုကြည့်ပြီး စဉ်းစားနေသည်။ လီနီက ဆံပင်များကို ခေါင်းခါပြီး ရှင်းပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီရာသီဟာ ခရီးသွားလို့ ကောင်းတဲ့ရာသီလဲ မဟုတ် ဘူး၊ ရှုံ့တွေက သိပ်များနေတယ်၊တကယ်လို့ ခဏတဖြု ထွက်ရှောင်နေမယ်ဆိုယင်လဲ ဒီလို လွယ်လွယ်ကူကူနဲ့ ပြ ရောက်လာဖို့ မဖြစ်နိုင်တော့ဘူး' ဟုလည်း လီနိုက ပြေ သည်။

'မင်းတို့ ဂေးလ်နဲ့ ငြိမ်းချမ်းရေး စကားလေး ပြေ လိုက်ကြပါလား၊ တကယ်လို့ ညှိချင်တယ်ဆိုယင် ငါစီစ ပေးမယ်လေ'

နက်ထ စိတ်မသက်မသာဖြင့် ပြောသည်။

'အတတ်နိုင်ဆုံး စကားနည်းနည်း ပြောတာ ပိုကောင် မယ် နက်၊ နောက်ပြီးတော့ သူ့ကို ငါထိုးလိုက်တာက မှတ်ရုံသားရုံ လောက် ထိုးတာပါ၊တကယ်နာသွားအော ထိုးလိုက်တာ မဟုတ်ပါဘူး၊သူ့ မေးရိုးပေါ်မှာ တစ်ရက် နှစ်ရက် ယောင်နေရုံလောက် ရှိမှာပါ၊ တကယ်လို့ တို ရန်ရှာချင်တယ် ဆိုယင်လဲ ငါ့မှာ မိတ်ဆွေ အ ပေါ အသင်းတွေ ရှိတန်သလောက် ရှိပါသေးတယ်၊ သူ့ကို ဒုက္ခပြန်ပေးနိုင်ပါတယ်'

'လီနိုအနေနဲ့ သူ့ကို ဟန်မပျက်ဆက်ဆံယင်ဖြစ်တ လေ၊ ဘာမှ မဖြစ်ခဲ့ကြသလို ပုံမှန် ဆက်ဆံ ကြည့်ပေ အဲဒီနည်း နဲ့ အဆင်ပြေ သွားနိုင်သားပဲ'

လာလီက ဝင်အကြံပေးသည်။



'ဒါပေမယ့် ဂျက်ဖရီရဲ့ သဘောအရ ကပွဲတွေ မလုပ် ရတော့ဘူးဆိုယင် သူနဲ့တွေ့ဖို့အကြောင်းက မရှိတော့ဘူး လေ၊ ဘာအကြောင်း ထူးမှာလဲ' ဟု လီနိုက ဝင်ပြော သည်။

'လုံးလုံး ရပ်ပစ်တာမျိုးမဟုတ်ဘဲ တစ်ခါတစ်ရံက ကြ ခုန်ကြတာဆိုယင် မဆိုးပါဘူး၊ ဘယ်လို သဘောရသလဲ ဂျက်ဖရီ၊ တစ်ခါတည်း ရပ်ပစ်လိုက်မှာလား' ဟု လာလီ က မေးသည်။

ဂျက်ဖရီက လာလီကို ကြည့်သည်။ သူကိုယ်တိုင်က ကပွဲတွေ ဆက်လုပ်ချင်နေသည့် သဘောပါ ကြောင်း အကဲခတ်မိသည်။ လီနို၏စိတ်ထဲမှာလည်း အလားတူရှိနေ သည်။

'ဂီတသံကို သိပ်ကျယ်ကျယ်ကြီး မတီးဘဲ ခပ်တိုးတိုး တီးကြယင်လဲ ဖြစ်နိုင်တာပဲလေ' ဟု လီနိုက ပြောသည်။

'မင်းသဘောထားရော ဘယ်လိုရှိလဲ နက်၊ မင်းပါ ဝိုင်းထိန်းပေးနိုင်မလား၊ ငါကတော့ ခရီးထွက်နေရမှာဆ များတယ်'

ဂျက်ဖရီက နက်ကို လှမ်းမေးသည်။

'ဒီမြို့ထဲမှာ ငါရှိနေယင်တော့ အဆင်ပြေအောင်တော့ လုပ်ပေးရမှာပေါ့၊ မာစတာန်ကို ငါသွားနေတဲ့အချိန်မှာ လာလီကို တာဝန်ပေးခဲ့မယ်လေ'

www.burmeseclassic.com



ထိုစကားကြောင့် လာလီ၏မျက်နှာ တင်း မာ သွားသည်ကို မည်သူမျှ ဂရုမထားမိ လိုက်ကြချေ။

သို့ဖြင့်ပင် ထိုကိစ္စ ပြေလည်သွားတော့သည်။

နောက်တစ်နေ့ကျင် လာလီ ရောက်လာပြန်သည်။ သူ ရောက်လာချိန်၌ လီနီတစ်ယောက်တည်း ရှိနေသည်။

'မနေ့ကပဲ ရောက်သေးတယ်၊ အခုတစ်ခါက် ထပ်ရောက်ပြန်ပြီ' ဟု လာလီက ပြောသည်။

ဘာကို ဆိုလိုတာလဲရှင်'

လီနီက ဘာမှနားမလည်သလိုဖြင့် ပြန်မေးသည်။

လာလီက လီနီ၏မျက်နှာကို သေသေချာချာကြည့်ပြီး အကဲခတ်သည်။ ပြီးတော့...

'ဂေးလ်ဘတ်နဲ့ ကင်းကင်းရှင်းရှင်းရှိတယ်လို့ပြောတာ တကယ်လားဟင်၊ ကိုယ့်အနေနဲ့ ထင်တာတော့....' ဟု မေးသည်။ စကားကိုတော့ ဆုံးအောင်မပြော။

လီနီ၏ ပါးနှစ်ဖက်မှာ ရဲခနဲဖြစ်သွားသည်။



'ကိုယ်နဲ့ ဘာဆိုဘာမှ မဖြစ်ဘူး လာလီ၊ လုံးဝ ကင်းရှင်းတယ်၊ မင်းကို သူဘာပြောပြော ကိုယ် ဂရုမစိုက်ဘူး'

'မပြောပါဘူး၊ သူ ဘာမှ မပြောပါဘူး၊ ကိုယ်က တွေးကြည့်နေတာပါ'

'ဘာလဲ ... ဂေးလ်ဘတ်ကို မင်း စိတ်ဝင်စားနေလို့လား'

လာလီက စဉ်းစားနေသည်။ ပြီးမှ တစ်လုံးချင်း ခပ်လေးလေးပြောသည်။

'သူကတော့ ကိုယ့်အပေါ်မှာ နောက်တီး နောက်တောက်ပါပဲကွယ်၊ ဒါပေမယ့် ကိုယ်က ကိုယ့်အနာဂတ်ရေးကို စဉ်းစားရမယ်၊ ဒါပါပဲလေ၊ ထားလိုက်ပါတော့'

စကားကို ကုန်အောင်မပြောဘဲ ဖြတ်ထားပြန်သည်။ သူတို့ချင်း အဆက်အသွယ် မပြတ်ရေးကိုလည်း သူစဉ်းစားနေသည်။ တစ်နေရာရာတွင် တွေ့သည့်နည်းကို သုံးရမည်ဖြစ်ကြောင်း သူစဉ်းစားမိသည်။

စားသောက်ဆိုင်တစ်ခုမှာ သူတို့ချင်း တွေ့ကြဖို့ဖြစ်သည်။

ထိုအတိုင်း တကယ်ချိန်းလိုက်ကြသည်။ ချိန်းဆိုသူမှာ လာလီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်တွင် တာဝန်ယူသူမှာ ဂေးလ်ဘတ် ဖြစ်သည်။

စားသောက်ဆိုင်တွင် ဂေးလ်ဘတ်၏ မျက်နှာပေါ်မှ ဒဏ်ရာကို လီနီုကြည့်သည်။ အရာထင်ရှိလောက် ကျန် တော့သည်ကို တွေ့ရသည်။

လူချင်းခွဲသောအခါ လာလီက လီနီုကို ပြောသည်။

'ဇာတ်လမ်း စပုံကလေးကတော့ အဆောင်နိပ်တာပဲ၊ တစ်မတ်လောက်ကြာယင် တင်းမာမှုတွေအားလုံး ကုန် သွားမှာပါ၊ အဲ့ဒီအချိန်လောက်ဖမ်းပြီး မင်းနဲ့ဂျက်ဖရီကို ကိုယ် ညစာဖိတ်ကျွေးမယ်၊ ဂေးလ်ကို အမှတ်မထင်ရောက် လာတာမျိုး စီစဉ်ထားမယ်၊ ဂေးလ်နဲ့ဂျက်ဖရီ မျက်နှာ ချင်း ဆိုင်မိယင် အားလုံးပြေလည်သွားမှာပဲ၊ သူနဲ့တွေ့ဖို့ ရှိတဲ့အခါမှာ ဂါဝန် ခပ်တိုတိုကလေးတွေကို ဝတ်နော်၊ သူက တိုတိုကလေးတွေဝတ်မှ ကြိုက်တာ၊ တို့အထဲမှာ သူ က အကအခုန်ကောင်းဆုံး မဟုတ်လား၊ သူနဲ့ တွဲကရတာ စိတ်ချမ်းသာတယ်'

နောက်အပတ်မှစပြီးအခြေအနေများအားလုံး ယခင် ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။ သူတို့ ကပွဲခုန်ပွဲလည်း ပုံမှန်ပြန်ဖြစ်နေသည်။ အခါတိုင်းလို တီးဝိုင်းမပါတော့ ခြင်း တစ်ခုသာထူးခြားသည်။



အမေမွေးတုန်းက ချောချောလှလှလေး မဟုတ်ဘဲ အရုပ်ဆိုး အကျည်းတန်သော မိန်းကလေးအဖြစ် မွေးခဲ့ လျှင် ဘယ်လောက်ကောင်းလိမ့်မည်နည်းဟု လီနီုကတော့ တွေးနေမိလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၁

ခရစ္စမတ်ပွဲတော် ရောက်ခါနီးပြီ။ နှင်းပွင့်တွေ တသောသောကျကာ ဘယ်အရပ်ပဲ ကြည့်လိုက်ကြည့်လိုက် နှင်းပွင့်ဖွေးဖွေးများကိုသာ မြင်တွေ့နေရသည်။

စကိတ်စီး ဝါသနာပါသော လီနီအဖို့ နှင်းပွင့်များ တသောသောကျလေ ကြိုက်လေ၊ နေရာတိုင်းမှာ ရေခဲပြင်ကြီး ဖြစ်နေလေ ကြိုက်လေဖြစ်ပါသည်။

ဂျက်ဖရီက တောင်ဘက်သို့ခရီးထွက်သွားသည်။ ဘယ်အရပ် သွားမည်ကို မပြောသွား။ ဘာသွားလုပ်မည်ကို မပြောသွား။ ဘယ်နေ့ ပြန်လာမည်ကို မပြောသွား။

www.burmeseclassic.com

www.burmeseclassic.com



လီနီမှာ ခရစ္စမတ်ပွဲတော်ကို တစ်ယောက်တည်း ကုန်ဆုံးရတော့မည့်ကဲ့သို့ ဖြစ်နေသည်။

ထိုအချိန်မှာပင် ဂေးလ်ဘတ်သည် ဝတ်ကောင်းစားလှ ဝတ်ပြီး မြင်းနက်ကြီး နှစ်ကောင်ပါသော စွတ်ဖားမောင်းကာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ နှင်းပွင့် ဖွေးဖွေးတွေကြားတွင် မြင်းနက်ကြီးနှစ်ကောင် ဆွဲသည့် စွတ်ဖားသည် လှချင်တိုင်း လှနေတော့သည်။

'မင်းကို ငါ ကတိပေးထားတဲ့အတိုင်း နှင်းဖုံးနေတဲ့ အောက်စဖို့မြို့ကို လိုက်ပြဖို့ စွတ်ဖား ငှားလာခဲ့တယ်'

ဂေးလ်ဘတ်သည် လီနီကို ခန့်ခန့်ငြားငြားကြီး ပြောလိုက်သည်။ တစ်ခါတုန်းက သူ ကတိပေးထားခဲ့သည်မှာ မှန်ပါသည်။

သို့သော်လည်း လီနီက တံခါးဖွင့်ပေးရင်း သူ့ကို မယုံသင်္ကာ အကြည့်မျိုးဖြင့် အကဲခတ် ကြည့်နေမိသည်။ ရိုးရိုးသားသား သူ လာခေါ်သည်ပဲထားဦး၊ အောက်စဖို့ တစ်မြို့လုံး လှည့်ပြီး သူနှင့်နှစ်ယောက်တည်း စွတ်ဖား စီးပြသလို ဖြစ်သွားပေလိမ့်မည်။ သည်လိုဆိုလျှင် လူတွေက ဘာပြောကြမည်နည်း။

ဂေးလ်ဘတ်က အိမ်ခန်းထဲသို့ ခပ်ကြွားကြွား ဝင်လာသည်။

'လာလီကိုလဲ ဝင်ခေါ်ရမယ်၊ သူ့ကိုပါ စွတ်ဖားနဲ့ လိုက်မောင်းပြမယ်လို့ ကတိပေးထားတယ်'



လာလီပါ လိုက်မည်ဆိုလျှင်တော့ ဘာမှ ပြဿနာ ရှိနိုင်။

လီနီသည် အနွေးထည်များ ကမန်းကတန်း ထပ်ဝတ်ပြီး ဂေးလ်ဘတ်နှင့်အတူ အပြင်သို့ထွက်လိုက်သွားသည်။ ည်းခိုခန်းပိုင်ရှင် မစ္စက်ဝပ်တ်က သူတို့နှစ်ယောက်ကို လှမ်းမြင်သွားသည်။

'ဒါလောက် အေးရတဲ့ကြားထဲ အပြင်ထွက်ပြီး စွတ်ဖား စီးကြဦးမလို့လား'ဟု လှမ်းအော်မေးသည်။

လီနီက အဘွားကြီးကို ပြန်နှုတ်ဆက်သည်။

'ဒီမြင်းတွေ အချမ်းခံနိုင်သလောက်တော့ ကျွန်မလဲ ခံနိုင်ရည်ရှိပါတယ်'ဟု ရွှင်ရွှင်ကလေး ပြန်အော်ပြောခဲ့သည်။

မစ္စက်ဝပ်တ်က စိတ်ပျက်လက်ပျက် အမူအရာဖြင့် ခေါင်းယမ်းပြီး သူတို့ကိုကြည့်ကျန်ရစ်သည်။

စွတ်ဖားကို အနီရောင် ဆေးသုတ်ထားသည်။ အောက်ခံ လျှောပြားကြီးများသည် လည်းကောင်း၊ အပေါ်က ည်းကက်အိမ်သည် လည်းကောင်း၊ ဘေးအကာများသည် လည်းကောင်း၊ ထိုင်ခုံများသည် လည်းကောင်း အလွန်တရာ ခန့်ငြားသပ်ရပ်လှပေသည်။

မက်ဝိုင်း လမ်းကြားထဲမှ သူတို့ မောင်းထွက်လာကြသည်။ သို့သော်လည်း ဂေးလ်ဘတ် ဦးတည်မောင်းနေခြင်းသည် စောစောကပြောသလို လာလီတို့ အိမ်ဘက်သို့ မဟုတ်ချေ။ ဆန့်ကျင်ရာဘက်သို့မောင်းနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်မောင်းနေတာ လာလီတို့အိမ်ဘက်ကိုမှ မဟုတ်ဘဲ၊ လမ်းမှားနေပြီ'ဟု လီနီက ပြောကြည့်သည်။

'တို့နှစ်ယောက် ရှိနေမှတော့ လာလီကို အဖေါ်ခေါ်စရာ မလိုတော့ပါဘူးကွာ'ဟု ဂေးလ်ဘတ်က စွတ်ဖားမောင်းရင်း ပြန်ပြောသည်။

လီနီမှာ စွတ်ဖားစီးချင်စိတ်သာ များနေခဲ့သည်။ ဂေးလ်ဘတ်သည် တစ်နည်းနည်းဖြင့် သစ္စာဖောက်တတ်သည့် လူစားမျိုးဆိုသည်ကို လျှော့တွက်လိုက်မိသည်။

လာလီကို ဝင်ခေါ်မည်ဟု ပြောထားပြီးသားဆိုသည်မှာ သူ့ကို အလွယ်တကူ လှည့်ထုတ်၍ရအောင် လိမ်ပြောခြင်းသာ ဖြစ်ရမည်။

လီနီက အောက်ပိုင်းမှာ ပတ်ခြုံထားသည့် စောင်ကြီးကို ဆွဲဖယ်ပစ်လိုက်သည်။ သို့မှသာ စွတ်ဖားပေါ်မှ အလွယ်တကူ ခုန်ချ၍ရပေမည်။

ဂေးလ်ဘတ်ကလည်း လူပါးဖြစ်သည်။ ခုန်ချဖို့ ဟန်ပြင်နေသည့် လီနီကို ရှည်လျားသော သူ၏လက်တံကြီးဖြင့် ပြန်ဖမ်းချုပ် ထားလိုက်လေသည်။ ပြီးတော့ အေးစက်သော လေသံဖြင့်ပြောသည်။

'မင်း ရွေးစရာလမ်း နှစ်ခုရှိတယ် လီနီ၊ တစ်လမ်းက ငါနဲ့ အေးအေးချမ်းချမ်း စီးလိုက်သွားပြီး စားသောက်ဆိုင်နဲ့ တည်းခိုခန်းလေးတစ်ခုမှာ တစ်ယောက်အကြောင်းတစ်ယောက်ပိုသိအောင်လုပ်ဖို့ပဲ၊ နောက်တစ်လမ်းကတော့ အောက်စဖို့ မြို့သူမြို့သားများရှေ့မှာ စွတ်ဖားစီးရင်း စ်သူနှစ်ယောက် စိတ်အခန့်မသင့်လို့ရန်ဖြစ်သွားကြသော ... လုပ်ဖို့ပဲ၊ အဲဒီနှစ်လမ်းအနက် မင်းကြိုက်ရာ တစ်လမ်း ...မ်းကို ရွေးပေတော့'

ဘုရားမသည်ပဲ ဆိုရပေတော့မည်။ ထိုသို့သော အချိန်...လေးမှာပင် လာလီကိုလမ်းဘေးမှာ တိုက်တိုက်ဆိုင်ဆိုင် ...လိုက်ရလေသည်။

'ရှင်ပြောတဲ့လမ်း တစ်ခုမှ မလုပ်ဘူး၊ လာလီ.... ...လီ...'

လီနီက အသံကုန်အော်ခေါ်သည်။

လာလီ လှည့်ကြည့်သည်။ သူတို့နှစ်ယောက်ကို မြင်...သာအခါ မယုံကြည်နိုင်သလို ဖြစ်သွားသည်။

'ဟဲ့....မင်းတို့နှစ်ယောက်က ဒီမှာ ဘာလာလုပ်နေကြ...လဲ'ဟု ပြန်မေးသည်။

'ဂေးလ်ဘတ်က အပျော်စီးဖို့ စွတ်ဖားငှားလာတယ်၊ ...ယောက် လိုက်စီးကြရအောင်'

...လီက တုံ့ဆိုင်းဆိုင်းလုပ်နေသည်။

'ငါ မုန့်ဝယ်...ကို ထွက်လာတာ'

'နောက်မှ ဝယ်လဲ ရတာပဲ၊ လာပါဟယ်'ဟု လီနီက ...တွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ကရောင်းစားသောက်ဆိုင်မှာ နက်နဲ့ ညစာအတူစားဖို့ ချိန်းထားတယ်၊ သူ မှာစတန်ကို သွား နေတယ်၊ သူအပြန်နဲ့ တို့အရောက်နဲ့ အတော်လောက် ပါပဲ'

သည့်လိုဖြင့် သူတို့သုံးယောက် စွတ်ဖားနှင့် ထွက်ခဲ့ ကြသည်။ ဂေးလ်ဘတ်၏ မျက်နှာက မှု အလိုမကျသလို မရွှင်မပျဖြစ်နေသည်။

'ဂျက်ဖရီရော'ဟု လာလီက မေးသည်။

'ခရီးသွားနေတာ ပြန်မရောက်သေးဘူးလေ'

'ဟုတ်လား၊ မနက်ဖြန်ပဲ ခရစ္စမတ်အကြို ရောက်နေ ပြီ၊ ဒီအတိုင်းဆို ပွဲတော်မှာ မင်းတစ်ယောက်တည်း ဖြစ် နေတော့မှာပဲ'

'ဒါကြောင့် စွတ်ဖားလိုက်စီးတာပေါ့၊ ဂေးလ်ဘတ် က မင်းကို ဝင်ခေါ်ဖို့လဲ ပြောထားခဲ့ပြီးပြီဆိုလို့ လိုက် လာတာ'

'ဟုတ်လား၊ ငါ့ကိုမပြောပါဘူး၊ သူကိုယ်တိုင်မပြော ဖြစ်ယင်လဲ တစ်ယောက်ယောက်လွှတ်ပြီး ပြောခိုင်း ကောင်းတာပေါ့'

'ဝါ မေ့သွားတယ်ကွာ' ဟု ဂေးလ်ဘတ်က ပြော သည်။



လာလီက ရယ်သည်။

ဂေးလ်ဘတ် မျက်နှာမှာ အပျက်ကြီး ပျက်နေသည်။

ရောက်သင့်ရောက်ထိုက်သည့် နေရာများ၊ ကြည့်သင့် ကြည့်ထိုက်သည့် အရာများကို လိုက်ကြည့်ကြသည်။ မြို့ တစ်ပတ်မက စွတ်ဖားစီးကြသည်။

'ခရစ္စမတ် လက်ဆောင်အဖြစ် လီနိုကို အနွေးထည် တစ်ထည် လက်ဆောင်ပေးဖို့ ငါ အဆစ်သင့် လုပ်ထား တယ်'ဟု ဂေးလ်ဘတ်က တစ်နေရာတွင် ပြောသည်။

လီနို မျက်နှာမှောင်ကုပ်သွားသည်။ သူပေးသော လက် ဆောင်ကို မယူသင့်ကြောင်း ချက်ချင်းသိသည်။ ဂျက်ဖရီ လည်း သဘောတူမည် မဟုတ်။

'နေပါစေ၊ အားနာစရာကြီး'ဟုလည်း ပြန်ပြောမိ သည်။

သူတို့ ကရောင်းစားသောက်ဆိုင်သို့ ရောက်သွားသော အခါ နက်တိုက်မရောက်သေးပေ။

'နက်သည်း ရောက်မလာသေးပါလား'ဟု လာလီက ပြောသည်။

'ဆီးနှင်းတွေ ဒါလောက် ကျနေတာ ချိန်းထားတဲ့ အချိန်ရောက်ချင်မှ ရောက်မှာပေါ့၊ ဒါပေမယ့် ရောက် အောင် သူပြန်လာမှာပါ၊ ဟေး... မိုက်ကယ်နဲ့ လူးဝစ္စ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့နဲ့ပါလာတာတွေနေရတာကိုး လာကွာ တို့နဲ့
စိုင်းတည်း ပေါင်းလိုက်ကြရအောင်’

သို့ဖြင့် သူတို့ဝိုင်း အင်အားတောင်းသွားသည်။

နည်းနည်းနောက်ကျပြီး နက်ရောက်လာသည်။

‘ကျလိုက်တဲ့ဆီးနှင်း၊ ဒီကိုတောင် ပြန်မရောက်
သွားထင်နေတာ၊ ဟိုမှာပဲ အိပ်နေရတော့မယ့်အတိုင်း
ပြောသည်။

ထိုညက အားလုံးကို တစ်ယောက်ပြီး တစ်ယော
ဂေးလ်ဘတ်ကလိုက်ပို့သည်။ လီနီကို နောက်ဆုံးမှ
ပေးသည်။

‘ဒီတစ်ခါ ဂျက်ဖရီ ဘယ်သွားနေတာလဲ’ဟု ဂေ
ဘတ်က မေးသည်။

‘မပြောတတ်ဘူး၊ ဂျက်ဖရီလုပ်ကိုင်နေတာတွေနဲ့
သက်လို့ ကျွန်မစပ်စပ်စုစုမလုပ်ဘူး’ဟု လီနီက ပြန်
သည်။

ထိုနေ့ညက အိမ်ပြန်ရောက်ပြီးနောက် ဧည့်ခ
ပိုင်ရှင်မစ္စက်ဝပ်ပတ်၏ ကြောင်အသည့် အခန်းထဲရော
သည်ကို တွေ့ရသည်။ တကြော်ကြော် အော်ခေ
သောအဘွားကြီးလက်သို့ ပြန်အပ်လိုက်သည်။



ပြန်အပ်ပြီး၊ မီးလင်းဖိုထဲတွင် ထင်းထပ်ဖြည့်သည်။

ထို့ကြောင့် တံခါး ချက်ကျအောင်ထိုးဖို့ သတိလစ်
သွားလေသည်။

*

www.burmeseclassic.com

## အခန်း ၁၂

လိနို အိပ်မက်မက်နေသည်။ သူနှင့် ဂျက်ဖရီသည် တောတွင်းက သူတို့ပုန်းအောင်းခဲ့သည့် တစ်နေရာသို့ရောက်နေသည်။

ဂျက်ဖရီက သူ့ကိုတအားဖက်သည်။ သူက ပြန်တွန်းသည်။ သို့သော်လည်း သန်မာသည့် ဂျက်ဖရီ၏လက်များ ပြုတ်သွားအောင် တွန်းနိုင်စွမ်းအား သူ့တွင်မရှိချေ။

တဖြည်းဖြည်းသူအိပ်ရာမှ နိုးလာသည်။

သူ့ကိုအတင်းဖက်ထားသူသည် ဂျက်ဖရီမဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အရမ်းကြောက်သွားသည်။ တအား ဆောင့်ရုန်းသည်။ အခန်းထဲမှာ အလင်းရောင်အားနည်းသဖြင့် မည်သူမှန်းရုတ်တရက်မသိ။

'လီနို…အပင်ပန်းခံပြီး ဘာကြောင့် ရုန်းနေတာလဲ၊ မင်းရုန်းလို့ရောလွတ်မှာလား'

ထိုသူကား ဂေးလ်ဘတ်ဖြစ်နေသည်။ အိပ်မက်မဟုတ်ပါတကား။

'မင်းဟာ အပျိုစင် နုနုထွတ်ထွတ်ကလေးမဟုတ်ဘူး၊ ဂျက်ဖရီရဲ့တရားဝင်မယားလဲမဟုတ်ဘူး။ဒါကြောင့် ရုန်းမနေနဲ့'

လီနိုက လွတ်နေသောလက်ဖြင့် ဒေါသတကြီး ပြန်လည်တိုက်ခိုက်သည်။ သို့သော် မိမိ၏ နယ်မြေအတွင်းသို့ အပြီးအပိုင် ခြေချမိနေပြီဖြစ်သည်က တစ်ကြောင်း၊ ကြိုတင်ပြင်ဆင်လာသည်ကတစ်ကြောင်း၊ မိမိထက် ခွန်အားဗလကြီးသည် တစ်ကြောင်းတို့ကြောင့် လက် မြှောက်အရှုံးပေးလိုက်ရလေတော့သည်။

'မင်းဟာ ဂျက်ဖရီရဲ့အမြှောင်မယားဖြစ်ကြောင်း တို့အားလုံးသိနေကြတာပဲကွာ'ဟု လည်း ပြောသေးသည်။

'လူယုတ်မာ၊ အခုထွက်သွား၊ ငါဟာ ဂျက်ဖရီရဲ့တရားဝင်မယား၊ ဂျက်ဖရီပြန်လာရင် နင့်ကိုသတ်ခိုင်းမယ်'

'မင်းအိမ်ခန်းတံခါးကို ဖွင့်ထားတာပဲ၊ မင်းသဘောမတူပဲနဲ့ ဒီအိမ်ထဲကို ငါဘယ်လိုလုပ်ရောက်နိုင်မှာလဲ၊ မင်း



ကခေါ်လို့ ငါလာရပါတယ် လို့စစ်ခွန်းပြောလိုက်ယင် ပြီးတာပဲ၊ ဂျက်ဖရီက ဘယ်သူ့ ကိုယုံမလဲ'

'နင် ပြောတာကိုမယုံဘူး၊ ငါပြောတာကိုပဲ ယုံလိမ့်မယ်၊ နင်အခုချက်ချင်း ငါ့အခန်းထဲကထွက်သွား'

အော်သာအော်ရသော်လည်းတည်းခိုခန်းပိုင်ရှင်မစ္စက်ဝပ်ပတ်နှင့်အလုပ်သမလေး ဂွင်းနက်တို့ မကြားအောင်လည်းသတိကထားနေရသေးသည်။

လီနို၏ဘဝမှာ ဆိုးလွန်းလှချေသည်။

'တို့နှစ်ယောက် နောပ်ရေး ဆွေးနွေးရဦးမယ်လေ၊ နောက်ဘယ်မှာတွေ့ကြမလဲဆိုတာ ဆွေးနွေးရဦးမယ်'

'ဘာကိစ္စ ဆွေးနွေးရမှာလဲ၊ ဘာကိစ္စ နင်နဲ့တွေ့ရမှာလဲ၊ ငါ့အခန်းထဲက အခုချက်ချင်းထွက်'

'ကြည့်သေးတာပေါ့လေ၊ မင်းနဲ့ ဂျက်ဖရီရဲ့အသက်ဟာ ငါ့လက်ထဲမှာ ရှိနေတယ် ဆိုတာကိုတော့ မင်းတို့သိကြပါတယ်နော်'

နေရာတွင် လဲသေပစ်လိုက်ချင်စိတ် လီနို ပေါက်လာသည်။

ဂေးလ်ဘတ်ကိုလည်း အသေသတ်ပစ်ချင်သည်။ သို့သော် အားချင်းက မမျှ။

အနားမှာ အသင့်ရှိနေသော ဖိနပ်တစ်ဖက်နှင့်ကောက်ပေါက်ပစ်လိုက်သည်။ဂေးလ်ဘတ်က ထိုဖိနပ်ကိုအလွယ်တကူ ဖမ်းယူရင်း ခပ်အုပ်အုပ် ရယ်သည်။ ပြီးတော့ အခန်းပြင်သို့ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်တော့မှပင် အခန်းထဲသို့ ဂေးလီဘတ် ဝင်လာသည်ကို ဘာ့ကြောင့် မကြားကြောင်း၊ လီနီ သဘော ပေါက်တော့သည်။

သူ့ဖိနပ်ကို အောက်မှာ ချွတ်ထားခဲ့သည်။ အပေါ်သို့ ခြေထောက်ချည်း ခြေဖော့နင်းပြီး တက်လာခြင်း ဖြစ်သည်။

ထိုည ကုန်ဆုံးအောင် စိတ်ဆင်းရဲခြင်း ကြီးစွာဖြင့် ဖြတ်သန်းကျော်လွှားခဲ့ရလေသည်။

မနက်မိုးလင်းသည်နှင့် အလုပ်သမလေး ဂွင်းနက်ကို ခေါ်သည်။

'ငါ ရေဝအောင် ချိုးလိုက်ချင် တယ်ဟယ်၊ အဲ့ဒါ မြန်မြန် ပြင်ပေးစမ်း'

'နံနက်စာ စားပြီးမှ ချိုးပေါ့၊ ကျွန်မ အားလုံး ပြင် တောင်ပြီးနေပြီ'

ဂွင်းနက်ကနားမလည်သလိုပြန်ကြည့်ရင်း ပြောသည်။

'နံနက်စာ နောက်မှ စားမယ်၊ ရေအလျင် ချိုးမယ်၊ ရေများများထည့်ပေး'

သူ့တစ်ကိုယ်လုံး မသန့်မရှင်း ဖြစ်နေသည်ဟု စိတ်ထဲမှာ ခံစားနေရသည်။ ထို့ကြောင့် ရေဝ,အောင်ချိုးချင်စိတ်သာ ပေါက်နေသည်။

'နောက်ပြီးတော့ အပ်ချည်နဲ့အပ် တောင်းပေးစမ်းပါ အဝတ်ကလေးတွေ စုပ်နေတာ ချုပ်လိုက်ချင်လို့၊ နေပေ



စလေ…ငါ့ဘာသာပဲ တောင်းတော့မယ်၊ ရေချိုးဖို့သာ စီစဉ်ပေး'

ဂေးလ်ဘတ်က ဘာလက်ကာယ လုပ်သော ကြောင့် သူ့အဝတ်အစားအချို့ စုတ်ကုန်သည်။ ဂျက်ဖရီ မသိအောင် ခြေရာမပျက် လက်ရာမပျက် ပြန်ချုပ်ထားမှ ဖြစ်မည်။ တခြားလူကို သွားချုပ်ခိုင်း၍လည်း မဖြစ်။

'ကျွန်မ ချုပ်ပေးမယ်လေ' ဟု ဂွင်းနက်က ပြောသည်။

'နေပါစေ၊ ငါ့ဘာသာ ချုပ်လိုက်ပါ့မယ်၊ ရေကိစ္စသာ နင်လုပ်ပေးပါ'

ဂွင်းနက် ထွက်သွားသည်။ လီနီက သူ့အခန်းထဲမှာ စစ်ဆေးကြည့်သည်။

အိပ်ရာကိုကြည့်ပြီး မသင်္ကာစိတ် ပေါ်လာပြန်သည်။ ထို့ကြောင့် ဂွင်းနက် ပြန်လာသောအခါ အိပ် ရာခင်းများ၊ ခေါင်းအုံးစွပ်များ လဲဖို့ပြောသည်။ ထိုရက်သည် လဲရမည့်ရက် မဟုတ်သေး။

'ငါ့ယောကျ်ား ပြန်လာလိမ့်မယ်၊ ဒါကြောင့် လဲရက် မဟုတ်ပေမယ့် လဲပေးပါလို့ မစ္စဝပ်တ်ကို ပြောလိုက်၊ ကဲ ကဲ…နေပေစေတော့၊ ငါကိုယ်တိုင်ပဲ ပြောလိုက်မယ်၊ နံနက်စာသာ မင်းပြင်တော့'

အမှန်တော့ ဂျက်ဖရီ ပြန်ရောက်မည့်ရက်လည်းမဟုတ် သေးပေ။ ခရစ္စမတ်ပွဲတော် ကျော်မှ ပြန်ရောက်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘာစ်နေ့လုံး လီနို စိတ်အထိခိုက်ကြီး ထိခိုက်နေရသည်။

ထိုညတွင် ဂေးလ်ဘတ် ရောက်လာပြီး တံခါးခေါက်သေးသည်။

'ဘယ်သူလဲ'

လီနိုက အတွင်းမှ မေးသည်။ သည် တစ် ခါ တော့ တံခါးကို သေ့သေချာချာ ချက်ချအောင် ပိတ်ပြီးမှ အိပ်သည်။

ငါပါ၊ ဂေးလ်ဘတ်'

'ခွေးသူခိုး၊ အခုချက်ချင်းထွက်သွား'

'ခဏလေး ဖွင့်ပေးပါ လီနို'

'အခု သွားမလား မသွားဘူးလား၊ မစွက်ဝပ်တ်ကို အော်ခေါ်ပြီး ငါတိုင်လိုက်မယ်နော်'

လို့ နောက် ထပ်ပြီးနှောင့်ယှက်ခြင်း မပြုတော့။

နောက်နေ့တွင် ဂျက်ဖရီ ပြန်ရောက်လာသည်။

လီနိုမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာသွားသည်။ အိမ်ရှေ့ ဆင်းပြေးကြိုသည်။

ရှင် ပြန်လာတယ်နော်၊ ခုစွံမတ်ပွဲတော်အမီ ရှင်ပြန်ရောက်လာတယ်နော်'

စိတ်လှုပ်ရှားသည့်အသံများဖြင့် လီနိုက ပြောသည်။

'မင်းတစ်ယောက်တည်း ရှိနေတာ ပြန်လာရမှာပေါ့ကွာ၊ မင်းနဲ့အတူဓိပွဲတော်ရက်မှာ အချိန်ဖြုန်းဖို့ ငါဘမင် ပြန်လာခဲ့တာပါ



ထိုမျှမက လီနိုအတွက် ပါလာသည့် လက်ဆောင်ပစ္စည်းများကိုလည်း ထုတ်ပေးသည်။ အထူးသဖြင့် အနွေးထည်များဖြစ်သည်။

လီနိုကလည်း သူ့ အသုံးစရိတ်ထဲမှ ဖဲ့ စုထားသည့် ပိုက်ဆံဖြင့် ဝယ်ထားသော လက်စွပ်ကလေး တစ်ကွင်း ဂျက်ဖရီကို လက်ဆောင် ပြန်ပေးသည်။

ဂျက်ဖရီ ခရီးထွက်နေတုန်း သူ့ အတွေ့အကြုံကလေးများကိုလည်း လီနိုက ပြန်ပြောပြလေသည်။

ဂေးလ်ဘတ် လာခေါ်သဖြင့် လ လီနှင့်အတူ စွပ်ဖားလျှောက်စီးသည့်အကြောင်း၊ ကရောင်း စားသောက်ဆိုင်တွင် နက်တိုက်၊ မိုက်ကယ်၊ လူးဝစ္စတို့နှင့်အတူ ညစာစားကြသည့်အကြောင်းများကိုပါ ပြောပြသည်။

'ဂေးလ်ဘတ်က ကျွန်မကို အနွေးထည်တစ်ခု လက်ဆောင်ပေးဖို့ အဆင်သင့် လုပ်ထားတယ်လို့ ပြောတယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲဟင်' ဟုလည်း မေးသည်။

ဂျက်ဖရီက လီနိုကိုကြည့်သည်။ စိုးရိမ်သည့် မျက်လုံးကလေးများဖြင့် လီနိုက ပြန်ကြည့်နေသည်။ ရိုးသားသော၊ ပွင့်လင်းသော မျက်လုံးများ ဖြစ်ကြောင်းလည်း ဂျက်ဖရီ မျက်ချင်းသိလိုက်သည်။

ထိုမျက်လုံးများကြောင့် ဆုံး ဖြတ်ချက်တစ်ခုကို ဂျက်ဖရီ ချက်ချင်းချမှတ်လိုက်လေသည်။

'လက်ခံလိုက်ပါ၊ သူ့ ဆီမှာသ ငါ ရေရောတွ ရှိသေးတာပဲ၊ ဒါပေမယ့် ပွဲတော်နေ့ကျ ယင်ခေ ငါ့

www.burmeseclassic.com

www.burmeseclassic.com



အနွေးထည်ကိုပဲ မင်းဝတ်ပေါ့၊ အမှန်တော့ စွတ်ဖား ငှားပြီး မင်းကို ငါကိုယ်တိုင် လိုက်ပို့ပေးဖို့ပဲ၊ ရေခဲတွေကို မင်း ဘယ်လောက်ကြိုက်ကြောင်း ငါသိပါတယ်'

'အချိန်တွေ အများကြီးရှိပါသေးတယ်လေ၊ ကျွန်မ တစ်သက်မှာ ဒီပွဲတော်ဟာ အပျော်ဆုံးပွဲတော်ပါပဲ၊ ရှင် ပေးတဲ့ အနွေးထည်ကို ကျွန်မ အမြတ်တနိုးနဲ့ ဝတ်ပါ့မယ်'

လီနိုသည် ဂျက်ဖရီ၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်လေသည်။

*

အခန်း ၁၃

ခရစ္စမတ်နေ့တွင် တစ်မြို့လုံးကို ဆီးနှင်းများ ဖုံးထားသည်။ မြင်ကွင်းအားလုံး ဆီးနှင်းဖြူများချည်း ဖြစ်သည်။

ညစာစားပွဲလုပ်မည်၊ တက်ရောက်လာသူများကိုလည်း ဧည့်ခံဆောင်ပေးမည်၊ မိမိတွင် ငွေကြေးအလုံအလောက် ရှိသည်ဟု ဂျက်ဖရီက ပြောသည်။

ထို့ကြောင့် လီနိုနှင့်အတူ ဈေးပြေးဝယ်ကြသည်။ ဖွင့်ထားသည့်ဆိုင်များကို ဖွင့်ခိုင်းပြီး ဝယ်ကြသည်။

သူတို့ ညစာစားပွဲသို့ တက်ရောက်လာကြသူများမှာ ထုံးစံအတိုင်း နက်နှင့် လာလီ၊ မိုက်ကယ်နှင့် လူးစွာ၊

www.burmeseclassic.com

www.burmeseclassic.com



ဂေးလ်ဘတ်၊ အည်းခိုခန်းပိုင်ရှင် မစ္စက်ဝပ်ဘ်တို့သာလျှင် ဖြစ်လေသည်။

ညစာစားပွဲသို့ တက်လာကြသူတိုင်းက ဂျက်ဖရီနှင့် လီနီ့အတွက် လက်ဆောင်အသီးသီး ယူလာကြသေသည်။

ဂေးလ်ဘတ်က အနွေးထည် လက်ဆောင်ပေးသည်။

'အချမ်း ချစ်ရာ ကောင်းတာပဲနော်' ဟု လီနီက ဝမ်းသာအားရ ပြောသည်။

'မင်းနဲ့အဘူ တူပါပဲ' ဟု ဂေးလ်ဘတ်က ပြန်ပြောသည်။

လီနီက ဟာ့မပျက် အထုပ်တစ်ထုပ်ပြန်ပေးရင်း

'ဂျက်ဖရီနဲ့ ကျွန်မရဲ့ လက်ဆောင်' ဟု ပြောသည်။

တာပဲဖြစ်ဖြစ် သူတို့အားလုံး ပျော်ကြပါသည်။ ထမင်းစားသောအခါ လီနီက ဂျက်ဖရီနားမှာ ထိုင်သည်။ ထိုသို့ ပူးတွဲထိုင်ခွင့်ရသောကြောင့် လီနီ အရမ်းပျော်နေသည်။

'ဒီဘစ်ခါခရီးထွက်ယင် မြင်းဖြူကြီးနဲ့ သွားမှာလား ဂျက်ဖရီ'

ဂေးလ်ဘတ်က ပုံမှန်မေးရိုးမေးစဉ်ပုံမျိုးဖြင့် လှမ်းမေးသည်။

ဂျက်ဖရီ ဖြေချိန်မရမီ သူကပဲ ဆက်ပြောသွားသည်။

'အင်း.... မဖြစ်နိုင်ဘူး၊ ညအမှောင်ထဲကျတော့ အဖြူရောင်က သိပ်ထင်ပေါ်တယ်၊ မြင်းနီကလေးက အမှောင်ထဲကိုဝင်ပြီး အလွယ်တကူ ပုန်းလို့ကွယ်လို့ ရနိုင်တယ်'



'မင်း ဘာတွေပြောနေတာလဲ ဂေးလ်'

ဂျက်ဖရီက ပျင်းရိငြီးငွေ့သည့် လေသံဖြင့် ပြန်မေးသည်။ သို့သော်လည်း မျက်လုံးအစုံကမူ ဂေးလ်ဘတ်ကို စိမ်ခေါ်သည့် အမူအရာ ဖြစ်နေလေသည်။

ဂေးလ်ဘတ်က ခုံးနှစ်ဘက်ကို တွန့်လိုက်သည်။

'ဘာမှမဟုတ်ပါဘူး၊ မြင်းနီကလေးဆိုတော့ မင်းကို လုံခြုံအောင် လုပ်ပေးနိုင်တာပေါ့၊ ခေါ့ပြ တွေက လဲ သောင်းကျန်းနေတယ် မဟုတ်လား'

စကားဆုံးတော့ သူ အားပါးတရ ရယ်သည်။

လီနီက သူ့ကို မသိမသာ အကဲခတ် ကြည့်နေသည်။ သူ အာပေါ်ကလေး မှုးနေကြောင်း သိသာနေသည်။

ယိုညအ လာလီနှင့် ဂေးလ်ဘတ်က ခပ်စောစော ထ ပြန်သွားသည်။ ထိုအဖြစ်ကိုမြင်တော့ လီနီမှာ မနေတတ် မထိုင်တတ် ဖြစ်နေသည်။

'တိုက်စွမဟုတ်ပါဘူးကွာ၊ လူတွေဟာ ကိုယ့်လမ်း ကိုယ်လျှောက်ကြတာပါပဲ၊ ပန်းခင်းတဲ့လမ်းတွေ ရှိသလို ဆူးပြွမ်းတဲ့လမ်းတွေလဲ ရှိတာပေါ့' ဟု ဂျက်ဖရီက ပြောသည်။

'ဒါပေမယ့် ဒီကောင် ဘယ်အစားထဲကဆိုတာ လဲ သိအောင်ဖို့ ကောင်းတာပေါ့၊ ပျက်စီးနေတဲ့ အကောင် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဂေးလ်ရဲ့ပျက်စီးမှုအားလုံးကို မိန်းမတိုင်းကခွင့်လွှတ်ကြစမြဲပဲ၊ သူ့ရုပ်ကလေးက ချောတယ်လေ'

'သူ့ကိုယ်ပေါ်မှာ ချောတာလှတာဆိုလို့ဘာတစ်ခုမှ ကျွန်မ ရှာမတွေ့ဘူး' ဟု လီနိုက ခပ်ဆတ်ဆတ် ပြန်ပြောသည်။

ဂျက်ဖရီက ရယ်သည်။

'ဒီလိုဆိုယင် လူနည်းစုထဲမှာ မင်းပါတယ်'

'လာလီ ဓားတွေမှာကိုပဲ ကျွန်မ စိုးရိမ်တာပါ'

ထိုအကြောင်းကို သူတို့ ဆက်မပြောဖြစ်ကြတော့။ တခြားအကြောင်းများကိုသာ စကားပြောင်းပစ်ခဲ့လေသည်။

'ကျွန်မတို့ နှစ်ယောက် အတူတူ နေရတဲ့ ခရစ္စမတ်ပွဲတော်ပဲနော်'

လီနိုက နူးညံ့သော လေသံကလေးဖြင့် ပြောသည်။

'ဒီထက် ပိုပျော်စရာကောင်းတဲ့ ခရစ္စမတ်ပွဲတော်တွေမှာ အကြိမ်ကြိမ် အတူတူနေပါရစေလို့ ဘုရားသခင်ဆီမှာ ဆုတောင်းနော်၊ ပြီးတော့ ကိုယ်တို့ပိုင်အိမ်ထဲမှာ ကျင်းပခွင့်ရဖို့ပါ ထည့်ဆုတောင်း'

'အို... ဒါလောက်နဲ့တင် ကျေနပ်ပါပြီရှင်၊ ကျွန်မတစ်သက်မှာ ပျော်စရာ အကောင်းဆုံး ပွဲတော်ကလေးပါပဲ...'



'ဘုရားသခင်က မင်းကို ငါ့ဆီအရောက် လွှတ်လိုက်တာပါ လီနို၊ ငါ့အနားကနေ မင်း ဝေးရာကိုမသွားပါနဲ့၊ ကဲ... အိပ်ရာဝင်ကြရအောင်'

လီနို၏ ခါးကလေးကို ဂျက်ဖရီက မြတ်နိုးကြင်နာစွာ လှမ်းဖက်လိုက်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၄

•

ရွှမတ် ပွဲတော်ရက် ၁၂ ရက်လုံးလုံး ဂျင်ဖရီက လီနိုနှင့် အတူနေပေးသည်။ ခရီးသွားမည့် အစီအစဉ်များကို ရွှေ့ဆိုင်းထားပေးသည်။

တစ်ရက်တွင် သိမ်းမြစ်ဘက်သို့ သူတို့နှစ်ယောက် လမ်းလျှောက်ကြရာ စကိတ်စီးနေသည့် လာလီနှင့် ဖေးလ်တ်ကို တွေ့ရသည်။ လက်ချင်းတွဲပြီး ကျွမ်းကျင်စွာ သူတို့ စီးနေကြသည်မှာ ကြည့်၍ပင် ကောင်းသေးတော့သည်။

နက်တိုက်က မာစတန်သို့ သွားနေရာ ထိုရက်များအတွင်း လာလီအဖို့လွတ်လပ်ချင်တိုင်း လွတ်လပ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီလ စောစောပိုင်းတွင် ဂျက်ဖရီ ခရီးထွက်သွားသည်။ ရက်သတ္တ နှစ်ပတ်လောက်ကြာမည်ဟု လီနီကိုပြောသွားသည်။

သို့သော် ရက်သတ္တ နှစ်ပတ် မနေပါ။

သုံးညအကြာမှာပင် သူ ပြန်ရောက်လာသည်။

သူပြန်လာရာ လမ်းတစ်လျှောက်တွင် သွေးစက်များချပြီး ပြန်လာခြင်းဖြစ်လေသည်။

ထိုအချိန်က လီနီသည် သူတို့အခန်းထဲတွင် ရှိမနေ။ တည်းခိုခန်းပိုင်ရှင် မစ္စက်ဝပ်တ်နှင့် သွားစကားပြောနေသည်။

ဂျက်ဖရီ ခရီးထွက်သွားသောအခါများတွင် ဂေးလ်ဘတ် ရောက် ရောက် လာတတ်သောကြောင့် သူ့ရန်ကိုရှောင်သည့်အနေဖြင့် စကားသွားပြောနေခြင်းလည်းဖြစ်သည်။

အပြင်တံခါးဖွင့်သံ ကြားရသည်။ မှုမမှန်သောခြေသံများဖြင့် လှေကားအတိုင်း အပေါ်ထပ်သို့ တက်သွားသည်ကို ကြားရသည်။

အပေါ်ထပ်သို့ ပြေးတက်လိုက်သွားတော့ အခန်းတံခါးဖွင့်ပြီး ဝင်ဖို့ကြိုးစားနေသော ဂျက်ဖရီကို တွေ့ရသည်။

'ဘာဖြစ်လာတာလဲဟင်'



လီနီက စိုးရိမ်တကြီးမေးသည်။ သူ့မျက်နှာ ဖြူဖပ်ဖြူယော်ဖြစ်နေသောကြောင့်လည်း အထိတ်တလန့် ဖြစ်သွားမိသည်။

'သေနတ်မှန်လို့၊ ခြေထောက်ကိုမှန်တာ၊ ဒဏ်ရာတော့ မကြီးဘူး၊ ဒါပေမယ့် ရေခဲပြင်ပေါ်မှာ ငါ့သွေးစက်တွေ ထင်ကျန်နေရစ်တယ်၊ သွေးစက်အတိုင်း လိုက်လာယင် ပြဿနာတွေ ပေါ်ကုန်နိုင်တယ်၊ ဒါ့ကြောင့် သွေးစက်တွေကို အလျင်ဆုံး ပြေးဖျက်ပစ်လိုက်စမ်း လီနီ၊ လှေကားပေါ်က သွေးစက်တွေကိုပါ ရေဆေးချ၊ ပြီးတော့ မြစ်းကိုပါ မြင်းဇောင်းထဲ သွင်းလိုက်ပါ'

'ဒါပေမယ့် ရှင့်ဒဏ်ရာ...'

လီနီက ဖယောင်းတိုင်ထွန်းရင်းပြောသည်။

'ငါပြောတာ အလျင်သွားလုပ် လီနီ၊ သွေးစက်တွေ ဖျောက်ဖျက်ပစ်ဖို့က ပိုအရေးကြီးတယ်'

ဂျက်ဖရီသည် ဒယီးဒယိုင်ဖြစ်နေသောကြောင့် နီးရာစားပွဲစွန်းကို ဖမ်းကိုင်ထားလိုက်ရသည်။

သူပြောသည့်အတိုင်း ဆောင်ရွက်ရန် လီနီပြေးဆင်းလာသည်။ သို့သော် လှေကားလယ်သို့ အရောက်မှာပင် အပေါ်ထပ်မှ လဲကျသံကြားသဖြင့် ပြန်ပြေးတက်လာခဲ့ရပြန်သည်။

အိမ်ခန်းထဲပြန်ရောက်တော့ ကြမ်းပြင်ပေါ်သို့ လဲကျပြီး သတိလစ်နေသည့် ဂျက်ဖရီကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်မမက်သည် သူ့ခဲအိုတွမ်ပရက်တယ်ရှိက်သော ကြောင့် မကြာခဏ ဒဏ်ရာရခဲ့သည်။ ထိုဒဏ်ရာများကို ဆေးကြောသန့်စင်ခြင်း၊ ဆေးထည့်ခြင်း၊ ပတ်တီးစည်း ခြင်းအလုပ်များကို လီနီတာဝန်ယူခဲ့ရသည်။

ထို့ကြောင့် သည်လိုဒဏ်ရာများနှင့်ပတ်သက်လာလျှင် သူ့မှာ အတွေ့အကြုံတွေအများကြီး ရှိနေသည်ဟု ဆိုနိုင် သည်။

ခြေထောက်က သေနတ်ဒဏ်ရာကို ချက်ချင်းဆေး ကြောသန့်စင်ပေးပြီး သန့်ရှင်းသည့် လက်သုတ်ပဝါကို တစ်ထည်ကို ဆွဲဆုတ်ကာ ပတ်တီးလုပ် စည်းပေးလိုက် သည်။

ထိုအလုပ်ပြီးတော့မှ အောက်သို့ ပြေးဆင်းခဲ့သည်။ ရေခဲပြင်ပေါ်တွင် ထင်ကျန်နေသည့် သွေးစက်များကို နှင်းပွင့်များနှင့်ဖုံးပြီးအုပ်သည်။ လှေကားပေါ်မှ သွေး များကို ရေဆေးချသည်။

အားလုံးပြီးတော့မှ မြင်းကိုဇောင်းထဲသွင်းပြီး အစာ ရေစာများတိုက်ကျွေးထားခဲ့သည်။

ကိစ္စဝိစ္စအားလုံးပြီး၍ အိမ်ပေါ် ပြန်တက်လာသော အခါ အိပ်ရာမှနိုးလာပုံပေါ်သော မစ္စက်ဝပ်ပတ်ကလှမ်း အော်မေးသည်။

'ဘာဖြစ်တာလဲ မစ္စက်ဒေါက်'



'ဘာမှမဖြစ်ပါဘူးရှင်၊ ဂျက်ဖရီ ပြန်ရောက်လာလို့ ပါ၊ ဒါကြောင့် ကျွန်မအပေါ်ထပ်မှာပဲ နေလိုက်တော့ မယ်'

လီနီက ပုံမှန်အသံဖြစ်အောင် ထိန်းပြီး ပြန်ဖြေသည်။

'ဒီတစ်ခေါက်ပြန်လာတာ မြန်လှချည်လား၊ ကောင်း တယ် ကောင်းတယ်'

စကားဆုံးတော့ အပေါ်ထပ်သို့ ပြန်ပြေးတက်ခဲ့ သည်။ ဂျက်ဖရီသတိပြန်ရနေပြီ။ ခုတင်ပေါ်သို့ သူ့ဘာ သာသက်အိပ်နေသည်ကို တွေ့ရသည်။

လီနီက ဖိနပ်နှင့် အဝတ်အစားများချွတ်ပြီး အဝတ် အစားအသစ်လဲပေးသည်၊ စောင်ခြုံပေးသည်။

'မင်းဟာတကယ်တော်တဲ့ သူနာပြုဆရာမတစ်ယောက် ပစ်မြေပြင် ဆေးတပ်မှာ သင်တန်း တက်ခဲ့သလား ... ဘာက်နေ့ရတယ်'ဟု ဂျက်ဖရီကပြောသည်။ သူ့မျက်နှာ ပေါ်တွင် ချွေးသီးချွေးပေါက်များ ရှိနေသည်။

'ကံမကောင်းလို့ဖြစ်ရတာပါ၊ အဖေ့ မိတ်ဆွေတစ် ယောက်က ငါ့ကိုမှတ်မိတယ်၊ ဒါကြောင့်နာမည်ခေါ်ပြီး နှုတ်ဆက်တယ်၊ တို့နာမည်က ဘုရင့်တော်သား ကြောင်း အကုန်သိနေတာမဟုတ်လား၊ ဒါကြောင့် သားတွေဝိုင်းလိုက်ကြတာ၊ ငါလဲဖြစ်ချင်ရာဖြစ် ဆိုပြီး ကိုဖောက်ထွက်ပြီး လွတ်အောင်ပြေးတယ်၊ နောက် နေပြီး သေနတ်နဲ့လှမ်းပစ်လိုက်တယ်၊ ခြေထောက်ကို

www.burmeseclassic.com

www.burmeseclassic.com



မှုန်သွားတယ်၊ စောစောကတော့ ဒါလောက် မဆိုးဘူး ဒီအရောက် မြင်းပေါ်က အဆင်းလိုက်မှာ ဒဏ်ရာ နည်းနည်းပိုကြီးသွားတယ်'

လီနီက ဂျက်ဖရီ၏ခေါင်းကို ရင်ခွင်ထဲသို့ ဆွဲယူ ထားလိုက်လေသည်။

ဂျက်ဖရီ၏ အဆုပ်ရောဂါပြန်ထနေသောကြောင့် အိပ် ထဲမှ မထနိုင်သေးကြောင်း သတင်းလွှင့်ထားလိုက်သည်

အောက်ဖို့မြို့ဆောင်းရာသီတွင် လူအများ အပြ အဆုပ်ရောဂါထစမြဲဖြစ်သည်။ ထို့ကြောင့် ဇန်နဝ တစ်လလုံးအိပ်ရာထဲမှ ဂျက်ဖရီမထွက်သည်ကို မည်သူ မယုံသင်္ကာမဖြစ်ကြချေ။

ထိုရက်များအတွင်း၌ လီနီသည် လူနာကို ပြုစုရင်း အချိန်ဖြုန်းရသည်။ အနာအတော်ကလေး သက်သာ သောအခါ အချိန် တော်တော်များများကို လာလီ ဖြုန်းရသည်။

အားသည့်အချိန်များတွင် စကိတ်သွားစီးချင်သည် သို့သော် ဂျက်ဖရီက ခွင့်မပြု။ မတော်တဆ လဲပြိုသ သော် ကိုယ်ဝန်ကို ထိခိုက်နိုင်ကြောင်း အကြောင်းပြ ထားမြစ်ခြင်းဖြစ်လေသည်။



သူ့မှာကိုယ်ဝန်ရှိနေကြောင်း သိသဖြင့် ချော့ချော့ မော့မော့မျက်နှာမြင်နိုင်စေရန် မစ္စက်ဝပ်တ်ကအဆောင် ပေးသည်။

'မစ္စက်ဝပ်တ်က ကိုယ့်ကို အဆောင်ပေးတယ်၊ ဒီလို အဆောင်မျိုးတွေဟာ ကိုယ်ဝန်ဆောင်တွေ အတွက် အကယ်ပဲစွမ်းသလားဟင်'

လာလီနှင့်တွေ့တော့ လီနီကမေးကြည့်သည်။

'သူများတော့မသိဘူး၊ ငါ့အဖို့တော့ မစွမ်းဘူး၊ ငါ့ ကလေးတုန်းက မွေးမွေးချင်းဆုံးသွားတာပဲ'ဟု လာလီ ပြန်ပြောသည်။

လီနီ၏မျက်လုံး ဝိုင်းစက်သွားသည်။ လာလီခိုးရာလိုက် ပြေးပြီးနောက် ကိုယ်ဝန်ရကာ ကလေးမျက်နှာ မြင်သည် အထိ ကြုံခဲ့ရသည်ကိုသူမသိ။

'မင်း အံ့သြသွားတယ် ထင်တယ်၊ နက်နဲ့ရတာ မဟုတ် ဘူး၊ ကိုယ် ခိုးရာလိုက်ပြေးတဲ့လူနဲ့ရတာ၊ နက်က ကိုယ့် အစွမ်းကုန် ပြုစုခဲ့ပါတယ်၊ ဒီနောက်ပိုင်းမှာ ကိုယ် ဖြစ်လို့ သူနဲ့အတူတူနေတယ်ဆိုတာ လူတွေက နားမ လည်ကြဘူး၊ သူ လက်ထပ်ပြီးတာနဲ့ ကိုယ် တစ်ခြားကို သွားမှာပါ၊ တစ်ကြောန့်တောင် မနေပါဘူး'

'မင်း ဘယ်ကိုသွားမှာလဲ လာလီ'

'အကာအကွယ် ပေးဦးမယ့် လူသစ်တစ်ယောက်စီကို ပါ...'

www.burmeseclassic.com

www.burmeseclassic.com



တို့ကျပြတ်သွားသည့် လေသံဖြင့် လာလီက ပြော သည်။

လီနီကတော့ ဂေးလ်ဘတ်၏မျက်နှာကို မြေး၍ မြ ယောင်လိုက်မိလေသည်။ ယခုတလော သူတို့နှစ်ယောက် တပူးတွဲတွဲ နေလွန်းသည်။

လီနီ့မှာ စိတ်မကောင်းဖြစ်ရုံမှတပါး ဘာမျှမတတ် နိုင်ပါ။

ဂျက်ဖရီ၏ဒက်ဒီ အဘော်ကြီး သက်သာနေပြီ ဖြ သော်လည်း လူမမာကတော့ လူမမာပဲဖြစ်သည်။

သူတို့မှာ အသုံးအစွဲလည်း အလွန် ကျပ်သလာသည် အနေအထား အရပ်ရပ် အကုန်ကောင်းနေသော်လည်း ငွေ ကျပ်နေခြင်းကတော့ ဒုက္ခကြီးတစ်ရပ် ဖြစ်နေသည်။

တစ်ရက်သွင် လာလီနှင့်လီနီ လမ်းလျှောက်လာခိုက် အရက်ဆိုင်တစ်ဆိုင်တွင်းမှ ဂေးလ်ဘတ်ထွက်လာပြီး သူ တို့နှစ်ယောက်ကို အလေးပြုနှုတ်ဆက်သည်။

ထိုအချိန်က လီနီ၏ကိုယ်ပေါ်တွင် ခရစ္စမတ်တုန်းက ဂျက်ဖရီ သက်ဆောင်ပေးသည့် အနွေးထည်ကို ဝတ်ထား သည်။ ဂေးလ်ဘတ်က ထိုအင်္ကျီကို စိုက်ကြည့်နေသည်။

'ဒါလောက် အဖိုးတန်တဲ့ အဝတ်အစားတွေ ဝတ်နိုင် စားနိုင်တာကို ကြည့်ခြင်းအားဖြင့် ဂျက်ဖရီဟာ အလု မလုပ်ပဲ ထိုင်စားနိုင်တဲ့ နည်းလမ်းတစ်ခု တွေ့နေပြီထ တယ်'ဟု ဂေးလ်ဘတ်က ပြောသည်။



ထိုစကားကြောင့် လီနီ မနေတတ်မထိုင်တတ် ဖြစ်သွားသည်။

'သူ့အဖေက သူ့ကိုပစ်ထားတာ၊ အဲဒါ ဂျက်ဖရီက သူ့အဖနှားကို အဘင်းဝင်ကပ်သတဲ့၊ ဟိုက အတွေ့ တောင်မခံဘဲ ပြန်နှင်လွှတ်လိုက်တယ်လို့ ငါ့အဒေါ် တစ်ယောက်က ပြန်ပြောပြတယ်'

လီနီက နှုတ်ခမ်းကို တင်းတင်းကိုက်ထားသည်။

'ရှင့်အဒေါ် သတင်းမှားတွေရတာ ဖြစ်မှာပေါ့'ဟု သာ ပြန်ပြောနိုင်သည်။

ဂျက်ဖရီ လမ်းဘေးပြုဖြစ်နေကြောင်းများကို ဂေးလ် ဘတ်က စောင်းပါးရိပ်ခြည်များ ပြောသေးသည်။ လီနီ ဘာပြန်ပြောရမှန်း မသိ။

'ဒါလောက်ဆိုးတဲ့ နေရာကြီးမှာ အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောနေတာမကောင်းပါဘူး၊ ကဲ...သွားလိုက် ဦးမယ် ဂေးလ်ဘတ်'

အိမ်ပြန်ရောက်တော့ ဂျက်ဖရီကို ထိုအကြောင်းများ တစ်လုံးမကျန် ပြန်ပြောပြသည်။

'ဒီကောင်ဟာ အင်မတန် ဗလောင်းဗသဲ နိုင်တဲ့ အကောင်ပါကွာ၊ မင်းကို ငါပြောပြတာ အားလုံးအမှန် ချည်းပဲ'

လီနီက ဂျက်ဖရီ၏မျက်နှာကိုအကဲခတ်ကြည့်နေသည်။ ဂျက်ဖရီကလည်း သူ့မျက်လုံးများကို ပြန်စိုက်ကြည့်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



လီနီမှာ ကုလားထိုင်တစ်လုံးပေါ်သို့ အရုပ်ကြိုးပြတ် ကျသွားသည်။

'အိုး… ဂျက်ဖရီ၊ ကျွန်မတို့ ဘာဆက်လုပ်ကြမလဲဟင်၊ ကျွန်မတို့မှာ ပိုက်ဆံမရှိတော့ဘူး'

ဂျက်ဖရီက သူ့ကိုယ်လုံးကလေးကို ယုယစွာ ပွေ့ယူသည်။

'မပူပါနဲ့လီနီ၊ ငါဒက်ရောကလဲ ပျောက်နေပြီပဲ၊ ငါ့ကိုယုံပါ၊ တို့နှစ်ယောက် ထွက်ပေါက်ရအောင် ငါ ရှာပါ့မယ်'

သို့သော်လည်း လွယ်လွယ်နှင့် ထွက်ပေါက်ကို ရှာမတွေ့သေး။ စစ်ပိုလ်လုပ်ချင်လျှင် လာဘ်ထိုးရသည်။ ထို့ကြောင့် အမျိုးများဆီက ငွေချေးဖို့ ကြိုးစားသည်။ ထိုနည်းသည်လည်း မအောင်မြင်ခဲ့ပါ။

လီနီ၏ကိုယ်ဝန်က တဖြည်းဖြည်း ရင့်လာသည်။ ကိုယ်ဝန်အတွက် ဂျက်ဖရီ အစိုးရိမ်လွန်လာသည်။ အပြင် သိပ်မထွက်ဖို့ပြောသည်။

'နွေခင်းကြောင်တောင်ကြီးတောင် မထွက်ရတော့ဘူးလား'ဟု လီနီက ပြန်မေးသည်။

'အဖော်မပါယင် ဘယ်အချိန်ထွက်ထွက် မကောင်းဘူး၊ တော်တော်ကြာ လဲပြိုကျနေယင် မခက်လား'

'လာလီဗလဲ့ ကိုယ် အပြင်ထွက်ချင်တဲ့ အချိန်တိုင်း အားနေတာမှ မဟုတ်ဘဲ'

'တစ်ခါတစ်ရံ မိုက်ကယ်နဲ့ထွက်ပေါ့'



မိုက်ကယ်သည် လီနီကိုခင်ရှာသော ကျောင်းသားလေး ဖြစ်သည်။ လီနီ စိတ်ချမ်းသာမည်ဆိုလျှင် ဘာမဆို လုပ်ပေးမည့်သူလည်း ဖြစ်သည်။ သူတို့နှစ်ယောက် အသက်ချင်းကလဲ မတိမ်းမယိမ်းပင်။ လီနီက လလောက်ကြီးချင် ကြီးမည်။

သူတို့ ငွေကျပ်နေသောကြောင့် တည်းခိုခန်းခ ကိုလည်း မှန်မှန်မပေးနိုင်။ သို့သော် မစ္စက်ဝေဘာက သားသမီးများလို ဖြစ်နေသည်က တစ်ကြောင်း၊ အမြဲနေနေသူ ဖြစ်သည်က တစ်ကြောင်းတို့ကြောင့် အတင်းအကျပ် တစ်ကြိမ်တစ်ခါမှ မတောင်းခဲ့ဖူးသေးချေ။

အရမ်းကာရော ကျပ်တည်းလာသည့် အခါတွင် မိုက်ကယ်ထံမှ ချေးရသည်။ မိုက်ကယ်ကလည်း တစ်ချက်ကလေး တွန့်ဆုတ်မနေ၊ ငွေအနည်းအကျဉ်းကို ရှာရှာ ချုချု ထုတ်ချေးမြဲဖြစ်သည်။

ထိုမျှမက သူ့မိဘများက ပို့ပေးလိုက်သော စားကောင်းသောက်ဖွယ်များကိုလည်း အမြဲတမ်း ခွဲဝေပေးမြဲ ဖြစ်လေသည်။

နက်တိုက်နှင့် မာ့ဆတန်မှ လာပီနီ ယားတို့ လာကြပ်မည့်ရက်ကလည်း တဖြည်းဖြည်း နီးကပ်လာလေသည်။

'တစ်ခါတလေ ကျနော့ နှင်းခဲတောထဲမှာ မနားတမ်း လျှောက်သွားနေချင်တယ်၊ နောက်ဆုံး လမ်းမလျှောက်နိုင်တော့တဲ့အခါ လဲကျပြီး သွေးခဲ သေသွားတယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ထဲကလို ဖြစ်ချင်တယ်' ဟု ညှိုးငယ်သောမျက်နှာနှင့် လာလီက လီနိုကို ပြောပြသည်။

'ဘာကြောင့် အဲဒီလို ထွက်မလျှောက်ဖြစ်သလဲ' ဟု လီနိုက ပြန်မေးသည်။

'မျှော်လင့်ချက်ကလေး တစ်ခုခုများရှိနေသေးသလား ဆိုပြီး မလျှောက်ဖြစ်တာပါကွယ်'

'မှန်တာပေါ့ လာလီ၊ လူတွေဟာ မျှော်လင့်ချက်နဲ့ ရှန်းကန်လှုပ်ရှားနေကြတာပဲ၊ မင်းနဲ့နက် လက်ထပ်တာကို ငါ အရမ်း မြင်ချင်တာပါပဲ'

'ငါလဲ သူနဲ့လက်ထပ်ချင်ပါတယ်၊ ဒါပေမယ့် မဖြစ်နိုင်တော့ပါဘူး'

*

# အခန်း ၁၅

နက်တိုက်နှင့် မာစတာန်ရွာမှ လာဗီနိုးယားတို့ လက်ထပ်ကြသည်။ ဥပဒေအရ လက်ထပ်ပွဲအပြင် မင်္ဂလာညှော်ခံပွဲကို မာစဘန်ရွာမှာ ကျင်းပသည်။

လာလီနှင့် သူငယ်ချင်းအရင်းခေါက်ခေါက်လိုဖြစ်နေသော လီနိုက ညှော်ခံပွဲသို့ မသွားချင်ပေ။ လာလီကိုသနားနေသည်။

'သွားပါ လီနို၊ သွားဖြစ်အောင် သွားပါ၊ ကိုယ့်ကို ငဲ့မနေပါနဲ့၊ နောက်တစ်ကြောင်းက နက်ဟာလဲ ကိုယ့်ချစ်သူ ဖြစ်နေတာပဲ' ဟု လာလီက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မြစ်ကိုကူးပြီး မာစတန်ရွာသို့ ဂျက်ဖရီနှင့်အတူ လီနို လိုက် ဖြစ်သွားလေသည်။

မြစ် ဟိုဘက်ကမ်းတွင် လာဗီနီးယားတို့၏ လှည်းများက သူတို့ကို လာကြိုနေကြသည်။ မာစတန်သို့ရောက်သွားသောအခါ လာဗီနီးယားတို့၏ အိမ် ကြီးကျယ်ခမ်းနားသည်ကို မြင်တွေ့ရသည်။

ထိုထက်ပို၍ အံ့ဩစရာကောင်းသည်ကား လာဗီနီးယား၏ အလှပင် ဖြစ်လေသည်။

လာဗီနီးယားသည် သေးသေးညက်ညက်ကလေးဖြစ်သည်။ ဆံပင်ကလည်း နက်မှောင်နေသည်။

သို့သော် အလွန်ချောပြီးအလွန်ချစ်စရာကောင်းသော မိန်းကလေး ဖြစ်လေသည်။ သူ့အလှကို မြင်ရသောအခါ မချီးကျူးဘဲနေနိုင်သူ မရှိသလောက်ပင် ရှားပါးလှလေသည်။

'ဒါလောက်ချောတဲ့အမျိုးသမီးကိုရတာ မင်းကုသိုလ်ကံ အင်မတန်ကြီးမားပါပေတယ်' ဟု ဂျက်ဖရီက ပြောသည်။

မင်္ဂလာဆောင်ပွဲပြီးတော့ နောက်စဖို့သို့ သူတို့ပြန်လာကြသည်။

သူတို့၏ စီးပွားရေးကျပ်တည်းမှုကို မေ့ထား၍မရပါ။ ထို့ကြောင့် သူတို့သွားနေကြရမြန်ပါသည်။

'ကိုယ်တို့ အမေရိကန် ကိုလိုနီနယ်မြေကို သွားကြရ ယင် ကောင်းမယ်ထင်တယ်၊ ဟိုမှာ လေးနှစ် နေပြီးယင်



ကိုယ် တရားဝင် အိမ်ထောင်ပြုသို့လဲရတယ်' ဟု ဂျက်ဖရီက ပြောသည်။

လီနို၏ မျက်ခုံးများ မြင့်တက်သွားသည်။

ထိုအတိုင်းမှန်လျှင် ဂျက်ဖရီဇင်ဒမ်းအာနနှင့် သော်လည်းကောင်း၊ ဂျက်ဖရီ ဒေါက် အာနနှင့် သော်လည်းကောင်း တရားဝင် နေခွင့်ရသွားပေမည်။

နောက်ပြီးတော့ မိမိသည်လည်း ဂျက်ဖရီ၏ တရားဝင်ဇနီး ဖြစ်ရပေတော့မည်ဟု စဉ်းစားကြည့်နေမိလေသည်။

'ကောင်းလိုက်တာ ဂျက်ဖရီရယ်၊ အဲဒီ အစီအစဉ် မြန်မြန်အကောင်အထည်ပေါ်အောင် လုပ်ပါနော်' ဟု ရိုးရိုးသားသား ပြောမိသည်။

'ငါ အစီအစဉ်လုပ်နေပါတယ်၊ ဒါပေမယ့် ပိုက်ဆံမရှိယင် အကောင်အထည် ဖော်ဖို့က မလွယ်ဘူးလေ'

သို့သော်လည်း လီနို ပြုံးနေပါတယ်။ ထိုညက ပြုံးရင်းပင် အိပ်ပျော်သွားပါသည်။

နောက်တစ်နေ့ အိပ်ရာကနိုးတော့ ဂျက်ဖရီ စောစောစီးစီး အပြင်ထွက်သွားနှင့်ပြီကို တွေ့ရသည်။

ထိုအချိက် အခန်းတံခါးကို ထုသံကြားရသည်။

ဖွင့်ပေးတော့ လာလီဖြစ်နေသည်။

လီနို နှုတ်ဆက်စကားရင်း စကားပြောကြသည်။ နက်တို့ လက်ထပ်ပွဲအကြောင်း ပြောပြပါဆိုသဖြင့် လီနိုက ပြောပြရသည်။

'လာဗီးယားချစ်က ဘာယ်လိုလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ဆံပင်နက်နက်၊ ကိုယ်လုံးကိုယ်ထည်သေးသေးနဲ့ သိပ်လှတာပဲ' ဟု လီနီက အမှန်အတိုင်း ပြောသည်။

'ကောင်းပါတယ်လေ၊ နက်က သူတို့လက်ထပ်ပြီးတဲ့နောက် ငါ့ကို ဆက်ထောက်ပံ့ထားချင်တယ်၊ ဒါပေမယ့် ငါ အစီအစဉ်တွေ လုပ်ပြီးပြီ'

'ဟုတ်လား'

လီနီ အံ့သြသွားသည်။

'ဟုတ်တယ်၊ ကိုယ့်ကို စောင့်ရှောက်မယ့် လူသစ် ရှာလိုက်ပြီလေ၊ ဘယ်သူလဲ သိလား၊ ဂေးလ်ဘတ်ပေါ့၊ ကိုယ် သူနဲ့အတူတူ ပြောင်းနေနေပြီ'

လီနီမှာ ပါးစပ်ဟောင်းလောင်းဖြင့် ကျန်ခဲ့လေတော့သည်။

*

အခန်း ၁၆

ကိုယ်ဝန်ရှိစတုန်းက လီနီ အလွန် သဘောကျခဲ့သည်။ နေရထိုင်ရသည်မှာလည်း သက်သောင့်သက်သာရှိသည်ဟု ခံစားရသည်။ သို့သော် ကိုယ်ဝန် တဖြည်းဖြည်း ရင့်လာသည်နှင့်အမျှ မနေတတ် မထိုင်တတ် ဖြစ်လာသည်။ အလိုလိုနေရင်း စိတ်တိုနေတတ်သည်။ ခါး ပိုတုတ်လာသဖြင့် သွားရ လာရ၊ နေရထိုင်ရ ပိုခက်လာသည်။

ကိုယ်ဝန်မရင့်မီ သွက်သွက်လက်လက် သွားလာ လှုပ်ရှားနိုင်တုန်းက သူ့ အနားမှာ ဝိုင်းဝိုင်းလည်နေခဲ့သည့် ယောကျ်ားများသည်လည်း တစ တစ ရှိသွားကြတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ လူးဝစ္စလည်း ချေကြည်ရာ မြက်နုရာရှာကာ သူ့အနားမှ ပျောက်ကွယ်သွားလေပြီ။

သစ္စာရှိရှိနှင့် ဝတ်မပျက် လာနေသူမှာ မိုက်ကယ်တစ်ယောက်သာ ဖြစ်သည်။ မိုက်ကယ်အဖေဘာ့ အချိန်မှန်လာမြဲ ကိုင်းလာပြီး လီနိုက် စာသင်ပေးလျက်ရှိလေသည်။

ယခုတလောသာ ဂျက်ဖရီနှင့်လည်း စကားပြော အဆင်မပြေချင်။ မကြာခဏ စကားအပေါက်အလမ်းမတည့်ဖြစ်ကာ တကျက်ကျက်နှင့် ရန်ဖြစ်နေကြရသည်။

အကြောင်းမဲ့ စိတ်များ လေးလံ ထိုင်းမှိုင်းနေတတ်သည်။ တစ်ခါတစ်ရံ တော့လည်း ပြင်သစ်နိုင်ငံမှာ ကျန်ရစ်ခဲ့သည်ဆိုသော ဂျက်ဖရီ၏ ဇနီး လက်တီရှား ဆိုသူ အကြောင်း စဉ်းစားမိသည်။

လက်တီရှားသည် ပြင်သစ်နိုင်ငံမှ အင်္ဂလန်ပြည်သို့ တိတ်တဆိတ်လာကြောင်း၊ ထို့နောက် အောက်စဖို့မြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြောင်း၊ ဂျက်ဖရီကို တိတ်တဆိတ် ရှာဖွေပြီး ပြန်ခေါ်သွားကြောင်းများကို အတွေးလွန်နေမိသည်။

ထိုသို့ အတွေးလွန်သောအခါများတွင် လီနိုမှာ မည်သို့မှ မပျော်ပိုက်နိုင်အောင် ဖြစ်ရလေတော့သည်။

ယခုအခါ ဂေးလ်ဘတ်နှင့် အတူနေနေပြီဖြစ်သော လာလီက မကြာခဏ အလည်လာတတ်သည်။ လာလီလည်း ပျော်ပိုက်ပုံမရ။ မှိုင်တွေချနေသည်က များနေသည်။ ဟိုတုန်းကလို သွက်သွက်လက်လက် မဟုတ်တော့။



တစ်ရက် သူ့ရောက်အလာတွင် သူ့မျက်လုံးအောက်၌ အညိုအမည်း စွဲနေသည်ကို တွေ့ရသည်။ ဂေးလ်ဘတ် ရိုက်နှက်နှိပ်စက်ထားခြင်းဖြစ်ကြောင်း လီနိုက အတတ် သိပြီးဖြစ်ပါသည်။

'နက်နဲ့ ဘာဗီးယားကို မနေ့က တွေ့လိုက်တယ်၊ သူတို့ အိမ်သစ်ဆောက်တာ ကြီးကြပ်နေရတာနဲ့ မအားဘူးတဲ့၊ ခဏပဲ စကားပြောလိုက်ရပါတယ်၊ နက်က ငါ့ကို အမြဲ သတိရနေတယ်တဲ့'

လာလီက လွမ်းလွမ်း ဆွေးဆွေး ပြောသည်။

'သူ့ကို မင်း မေ့ပစ်လိုက်ဖို့ ကောင်းပြီ' ဟု လီနိုက မျက်နှာထားတည်တည်ဖြင့် ပြောသည်။

'အားပြောသာ လွယ်တာပါကွာ'

လာလီကတိုတိုပြောကာ ငေးမှိုင်နေပြန်သည်။ အတော်လေးကြာတော့မှ လီနိုကို လှမ်းပြောသည်။

'လီနို....ငါ ဒီနေ့လာတဲ့အကြောင်းက မြို့ပြင်ကစပါးကျီထဲမှာ ပြဇာတ်က နေတဲ့အကြောင်း ပြောချင်လို့'

'ပြဇာတ် က နေသလား'

လီနိုက အံ့သြတကြီး ပြန်မေးမိသည်။

ချားလ်စ်ဘုရင်စစ်ရှုံးပြီး အင်္ဂလန်နိုင်ငံကို ကရွမ်းဝဲ အုပ်ချုပ်သည့် အချိန်မှစ၍ ဘာသာရေး အယူသည်းသော ပြူရီတန်များက ဇာတ်ရုံများ အားလုံးကို ပိတ်ပစ်လိုက်သည်။ ကခြင်း၊ ခုန်ခြင်းများအားလုံးကို တားမြစ်လိုက်သည်။ ပွဲလမ်းသဘင် ကပြသည်ကို ဖမ်းမိပါက ကသူရော

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်ပရိသတ်ကိုပါ ကြီးလေးသောပြစ်ဒဏ် ပေးလေ့ရှိသည်။

က,ပြသူများကိုတော့ ကြိုးနှင့်တုတ်ပြီး ကျောက်စရာ ရင်တစ်ရာ ဒဏ်တပ်ကာ မြို့ရပ်သို့ နှင်လေသည်။

သို့သော်လည်း တိုးတိုးတိတ်တိတ် က,ပြသည့် ဇာတ်အဖွဲ့များ ရှိသည်။ တစ်နယ်မှ တစ်နယ်သို့ ကူးလူးသွားလာကာ လက်သိပ်ထိုး တိုးတိုးတိတ်တိတ်က,ပြကြသည်။ သစ်ဘောကြီးများထဲတွင်သော်လည်းကောင်း၊ လှိုဏ်မြောင်များထဲတွင် သော်လည်းကောင်း၊ စပါးကျီများထဲတွင် သော်လည်းကောင်း က,ပြတတ်ကြသည်။

'ပြဇာတ်ဆိုတာ ငါတစ်ခါမှ မကြည့်ဖူးဘူးဟယ်' ဟု လီနီက ပြောသည်။

'နှင့်ကိုယ်ဝန် နေ့စေ့လစေ့ကြီး ဖြစ်နေတာ ငါသိပါတယ်၊ ဒါပေမယ့် ဂျက်ဖရီခရီးသွားနေတုန်း တစ်ခါတလေတော့ အပြင်ထွက်ဖို့ ကောင်းတာပေါ့၊ နင် လိုက်မယ်ဆိုယင် မြင်းရထားတစ်စီး တို့ငှားလိုက်မယ်'

လာလီက စကားကို ဖြတ်ထားသည်။ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။ သူ့မျက်လုံးအစုံမှာ ညှိုမှိုင်းနေသည်။

'ဂေးလ်ဘတ်နဲ့ငါနဲ့လဲ အဆင်မပြေပါဘူးဟယ်'

ဝမ်းနည်းသည့်လေသံကလေးဖြင့် လာလီက ဆွဲဆွဲငင်ငင် ပြောသည်။ လီနီက အညိုအမည်း စွဲနေသည့် သူ့မျက်လုံးအောက်က ဒဏ်ရာကို စိုက်ကြည့်သည်။



'ငါ့ကို သူ ရိုက်နှက်နေတာ ဒါ ပထမဆုံး အကြိမ် မဟုတ်ဘူး၊ ဒီတစ်ခါ လက်လွန်သွားပြီး မဖုံးနိုင်မဖိနိုင်အောင် အညိုအမည်းစွဲတဲ့အထိ ဖြစ်တာ'

'သူ့ကို ပစ်ထားခဲ့ပေါ့တယ်'

လီနီက ထက်သန်သော လေသံဖြင့်ပြောသည်။

သို့သော် လာလီက အားငယ်သံကလေးနှင့် ပြန်ပြောသည်။

'အဲဒီအတိုင်းပဲ ငါ လုပ်ရတော့မယ်၊ ဒါပေမယ့် လောလောဆယ်တော့ သူနဲ့ဝေးရာကို မသွားနိုင်သေးဘူး အထိုက်အလျောက် မှုးနေရဦးမှာပဲ၊ ဒီနေ့ ပြဇာတ်သွားကြည့်ရာကို မင်း လိုက်ခဲ့ပါ လီနီ၊ ငါ့မှာ အဖော် တစ်ယောက်ယောက် ရှိနေမှ စိတ်ငြိမ်မှာမို့ပါ'

လာလီက စကားဖြတ်သည်။ လီနီက သူ့ကိုကြည့်နေသည်။ ခဏကြာမှ လာလီက ဆက်ပြောပြန်သည်။

'နက်ကို ဒီနေ့အထိငါချစ်နေသေးတာဟာလဲ ဂေးလ်ဘတ်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်၊ နက်ကို ငါ စိတ်ကုန်သေးတာ သူသိနေတယ်၊ ဘာပဲဖြစ်ဖြစ် ဒီလိုအပြစ်မျိုးဟာ ယောကျ်ားတစ်ယောက်အဖို့တော့ ထိခိုက်ခံပြင်းစရာပါပဲ'

'ကောင်းပြီလေ၊ ငါ မင်းနဲ့လိုက်ခဲ့မယ်'

လီနီက သဘောတူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စပါးကျီကြီးတစ်ခုထဲမှာ သူတို့ပြဇာတ် ကြည့်ကြရခြင်းဖြစ်သည်။ လီနီတို့ လူသိုက်က ကောက်ရိုးပုံပေါ်မှာ ထိုင်ကြရသည်။

စုံတွဲတစ်တွဲက တွတ်ထိုးနေကြသည်။ ဇာတ်ခုံပေါ်သို့ တစ်ချက်ကလေး မကြည့်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ကြည်နူးနေကြသည်။

လှာလီ၏ တစ်ဖက်မှာ ထိုင်နေသည့် ဂေးလီဘတ်ကမူ အကောင်းဆုံး ပြက်လုံးကိုပင်မရယ်ဘဲ မျက်နှာထားကြီးနှင့် တစ်ချိန်လုံး ရှိနေသည်။

တစ်ခါမျှ မကြည့်ဖူးသော ပြဇာတ်ကို လီနီ စိတ်ပါဝင်စားစွာ ကြည့်နေခိုက်

'လက်တီရှေး လား...လက်တီရှေး ဝင်ဒမ်းကို ပြောတာလား' ဟူသော ယောကျ်ားသံတစ်ခုက သူ့ နောက်နားမှ ထွက်ပေါ်လာသည်။

သူတို့သည် ဂျက်ဖရီ၏မိန်းမ ပြင်သစ်သူအကြောင်းကို ပြောနေကြခြင်း ဖြစ်လေသည်။

သူတို့ ပြောနေသည့် စကားများကို ကြား ရ သဖြင့် လီနီ၏ကိုယ်လုံးမှာ မတ်ခနဲဖြစ်သွားလေသည်။ လက်တီရှေးအကြောင်း ပြောနေကြ သူများထဲမှ တစ်ယောက်ယောက်က လီနီကို မြင်သွားပုံရသည်။

'တိုးတိုးပြောကွ၊ ဟိုမှာ မြင်တယ်မဟုတ်လား' ဟုလည်း အချင်းချင်း သတိပေးလိုက်သည်။



မကြည့်ဖူးသော ပြဇာတ်ကို ကြည့်ပြီး ပျော်နေသည့် လီနီ၏အစကလေးမှာ ချက်ချင်း ပျက်စီးသွားလေတော့သည်၊ လက်တီရှေးနှင့် ဂျက်ဖရီတို့အကြောင်းကို အားလုံးက သိနေကြပါပေါ့လား ဟုလည်း တွေးမိရင်း ဝမ်းနည်းပက်လက် ဖြစ်မိသည်။

'မင်းမျက်နှာ ရဲနေပါလား ၊ နေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲဟင်' ဟု လှာလီက မေးသည်။

'ကောင်းပါတယ်ကွယ်'

လီနီက အလိုက်သင့်ပြန်ပြောသည်။ သို့သော်လည်း လှာလီ၏မျက်နှာပေါ်တွင် အံ့ဩသည့်အမူအရာရှိနေလေသည်။

အပြန်တွင် လှာလီတို့က အိမ်အရှေ့အရောက် လိုက်ပို့ပေးသည်။

လီနီက အပေါ်ထပ်သို့ပြေးတက်သွားသည်၊ အခန်းထဲတွင် လက်နှစ်ဖက်နောက်ပစ်ပြီး ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည့် ဂျက်ဖရီကို တွေ့ရသည်။ မျက်နှာထားကလည်း သုန်သုန်မှုန်မှုန် ဖြစ်နေသည်။

'ဟေ့၊ ဘယ်တွေသွားနေတာလဲ၊ မြင်းလှည်းသမား စိစီနဲ့ လိုက်သွားတယ်လို့ [illegible]ကပြောတယ်၊ ငါ့မှာ မင်းကိုဘယ်လိုက်ရှာရမှန်းမသိတော့ဘူး' ဟုလည်း ဆီးကြို ရန်တွေ့သည်။

'လှာလီတို့နဲ့ ပြဇာတ်သွားကြည့်တာ'

လီနီက ခပ်တင်းတင်းပြန်ပြောသည်။

www.burmeseclassic.com

'ပြဇာတ်သွားကြည့်...ဟုတ်လား၊ ဖြစ်မှ ဖြစ်ရလေတယ်ကွာ၊ လာလီရှူးနေပြီထင်တယ်၊ အစိုးရဘက်တာအနံ့ ဓာလေးနည်းနည်းရသွားယင် အားလုံး ကိုယ်ကျိုးနည်း မကုန်ပေဘူးလား၊ ကဲ့တဲ့လူရော ကြည့်တဲ့လူပါ ဖမ်းတယ်ဆိုတာ မင်းမသိဘူးလား၊ မတော်လို့ဖမ်းမိသွားယင် မင်းကိုမ ...င်ခမးမြောက်မေးလုပ်ရာက အမှုတွေအကုန်ပေါ်ကုန်ယင် ဘယ်လိုလုပ်မလဲ၊ ကိုယ့်ကိုကိုယ် ဝရမ်းပြေးဆိုတာ မင်းမေ့နေပြီလား၊ လာလီဆိုတဲ့မိန်းမဓာလဲ ပြဇာတ်တွေလျှောက်ကြည့်နေသလား၊ ပွဲကနေဘုန်း တန်းလန်း မကြာခဏဝင်အဖမ်းခံရတာ သူမသိဘူးလား'

ဂျက်ဖရီက လေကြောရှည်ကြီးဖြင့် ပြောသည်။

'အခုကျွန်မတို့ ဘယ်မှာအဖမ်းခံရလို့လဲ'

လီနိုက လက်အိတ်များချွတ်ရင်း မကျေမနပ်သံဖြင့် ပြန်ပြောသည်။ မြင်းရထားဆောင့်သဖြင့်လည်း သူအနေ ရအထိုင်ရခက်နေသည်။

ဂျက်ဖရီကမူ မကျေနပ်နိုင်သေး။

'မင်းဘဝရှဲလုံခြုံရေးကို ငါဘာတာဝန်မှမယူနိုင်သေး ခင် ငါမရှိတုန်း မဟုတ်တာတွေ မလုပ်ပါဘူးလို့ ကတိပေးစမ်း'

'အိုး...ရှင့်ကွဲယ်ရာမှာ ကျွန်မဘာတွေ လုပ်နေလို့လဲ၊ မဟုတ်မဟပ်ဘာကို ရှေ့တွင်လဲမလုပ်ဘူး၊ ကွယ်ရာမှာလဲ မလုပ်ဘူး၊ ဒီဗိုက်က မွေးပဲ မမွေးနိုင်ဘူး၊ ကလေးမွေးအောင်စောင့်နေရတာ ဘယ်လောက်အခံရခက်တယ် ထင်



သလဲ၊ ဒါတွေကို ရှင်ခံစားတတ်ရဲ့လား၊ ဘယ်လောက်စိတ်ဆင်းရဲနေရတယ်ဆိုတာရော ရှင်သိရဲ့လား'

လီနိုက စကားခဏဖြတ်သည်။ ပြီးနောက် စွပ်စွပ်စွဲစွဲ လေသံမျိုးဖြင့် ဆက်ပြောပြန်သည်။

'ပွဲကြည့်ပရိသတ်ထဲကလူတချို့ ရှင့်မယား ပြင်သစ်မအကြောင်းပြောနေကြတယ်'

ဂျက်ဖရီအံ့အားသင့်သွားသည်။ ဘာမျှ ဆက်မပြောလိုတော့သည့်ပုံမျိုးလည်း ပေါ်သွားသည်။ သို့သော်လီနိုကထပ်ဆင့်ကဲလာသည်။

'ရှင့်မယားလက်တီရှေးအကြောင်းကို ကျွန်မကိုပြောပြစမ်း၊ လူတိုင်းက သူ့အကြောင်းကို ကျွန်မထက် ပိုသိနေကြတဲ့အတိုင်းပဲ'

ဂျက်ဖရီသက်ပြင်းချသည်။ သူ့မျက်နှာလည်း ညှိုးရော်သွားသည်။

'သူ့အကြောင်း မင်းကိုပြောပြပြီးပါပြီလီနို'

'ထပ်ပြောဦး'

'လီနို...ဒီကိစ္စကို အကြောင်းပြုပြီး မင်းကိုယ်မင်းဘာဖြစ်လို့ နှိပ်စက်ညှဉ်းပန်းနေရတာလဲ၊ ဒါနဲ့ပတ်သက်လို့...'

လီနို၏မျက်နှာပေါ်မှာ သွေးရောင် ပျောက်သွားသည်။ ကျားတစ်ကောင်လိုလည်း ဂျက်ဖရီကို ကြမ်းတမ်းစွာရင်ဆိုင်လိုက်သည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



‘ဂျက်ဖရီ၊ ဒီကောင်မအကြောင်း ပြောကိုပြောရမယ်၊ သူရှိနေလို့ ကျွန်မဆေးလေးမှာအဖေနဲ့ မည်မျှည့်ခွင့်မရဖြစ် နေတာ။ ဒါကြောင့် ဒီကောင်မအကြောင်း ကျွန်မသိကို သိခွင့်ရှိရမယ်’

‘သူဟာ မင်းနဲ့ ဘာမှမဆိုင်ဘူး’

ဂျက်ဖရီလည်း ဒေါသတကြီးပြန်အော်ပြောသည်။ ပြီးတော့ ဝုန်းဝုန်းဒိုင်းဒိုင်းဖြင့် အပြင်ထွက်သွားသည်။

သုံးရက်လုံးလုံး ပြန်မရောက်မလာတော့ချေ။

ဂျက်ဖရီတစ်သက်လုံးပြန်မလာလျှင် ဘာလုပ်ရပါမလဲဟူသော စိုးရိမ်စိတ်များ ဝင်လာသည်။

စိတ်ထွေထွေဖြင့် ခြေဦးတည့်ရာ လျှောက်ထွက်နေမိသည်။ ယခုလိုအချိန်မျိုးတွင် ဂဇာသွားလျှင်ကောင်းမည်လားဟုလည်း ပေါက်ပေါက်ရှာရှာ တွေးနေမိသည်။

သူတို့လင်မယားကဓာတ်ကသတ်ဖြစ်ထားကြောင်း တည်းခိုခန်းပိုင်ရှင်မစ္စက်ဝပ်တ်က ရိပ်မိသွားကြောင့် လိန်ဒီကို ဂရုစိုက်သည်။ စားစရာ သောက်ဖွယ်ကလေးများ ရှာကျွေးသည်။ စိတ်ပြေလက်ပျောက်ဖြစ်စရာအကြောင်းများကို ရှာပြောသည်။

ထိုအခါတွင် ဒေါင်းရင်းအိမ်ကရဲ့မအကြောင်းလည်း ပါသည်။ ထိုအိမ်အမျိုးသမီးသည် မြင်းသည်တော် တစ်ယောက်နှင့် အိမ်ထောင်ကျကြောင်း၊ မြင်းသည်တော် ပြန်မလာသောကြောင့် ရင်ကွဲနာကျသပြီး မကျွတ်တဲ့ရှိ နေကြောင်းများ ဖြစ်သည်။



ထိုဇာတ်လမ်း ကြားရတော့ ရင်ထဲမှာ ပိုစိုးရိမ်လာသည်။

ဂျက်ဖရီသည်လည်း မြင်းသည်တော် တစ်ယောက် မဟုတ်ပါလား။ ဒေါင်းရင်းအိမ်က မိန်းမ၏ ယောကျ်ားလို တစ်သက်လုံးများ ပြန်မလာလျှင်ဖြင့်...

လိန်ဒီမှာ စိတ်ဆင်းရဲသည်ထက် ဆင်းရဲလာသည်။ သို့သော်လည်း သုံးရက်ကြာသောအခါ ဂျက်ဖရီပြန်ရောက်လာပါသည်။ အိမ်မှ ထွက်သွားတုန်းက ဒေါသပေါက်ကွဲပြီး ထွက်သွားရာ ယခုပြန်လာသောအခါ ဘာဒေါသမှ မရှိတော့တဲ့ အလွန်တရာ ပျော့ပျောင်းနေလေသည်။

‘ဒေါသတကြီးနဲ့ တစ်ခြားကို ထွက်သွားမိတာ ငါ မှားပါတယ် လိန်ဒီ၊ နေ့စေ့လစေ့ကြီး ဖြစ်နေတဲ့မင်းအနေနဲ့ ကျန်းမာရေးနဲ့ မပြည့်စုံဘူးဆိုတာ ငါသဘော ပေါက်ပါပြီ၊ ငါတို့ဘဝကလဲ ဘာတစ်ခုမှ သေချာရေရာတာ မဟုတ်ဘူးလေ၊ ဒီလိုအချိန်မျိုးမှာ ကိုယ်ဝန်ဆောင် တယ်ဆိုတော့ မိန်းမတစ်ယောက်အဖို့ သိပ်ကို ဝဋ်ဒုက္ခ ကြီးတာပေါ့၊ လက်တီရှေးအကြောင်းမင်းသိချင်နေတယ် မဟုတ်လား၊ ငါပြောပြပါ့မယ်’

ထိုစကားကို ကြားရတော့ မိမိအဖြစ်သည်းလွန်းသည်ကို လိန်ဒီကလည်း ပြန်စဉ်းစားမိကာ နောင်တ ရမိလေသည်။ ထို့ကြောင့် ဂျက်ဖရီ၏ပါးစပ်ကို လက်ဖြင့် လှမ်းပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မပြောပါနဲ့ ဂျက်ဖရီ၊ ကျွန်မ နားထောင်ဖို့မလိုတော့ ပါဘူး၊ ဟိုနေ့တုန်းက ကျွန်မ စိတ်ဆိုးနေလို့ဖြစ်တာပါ

'ထားပါတော့လေ၊ ဒါပေမယ့် ဒီအကြောင်းတွေ မင်းသိထားသင့်တယ်လို့ ငါထင်တယ်၊ ဒါကြောင့် ရှင်းပြပါ့မယ်၊ ငါ့သူငယ်ချင်း တစ်ယောက်က လက် ရှေးတို့ သိပ်ချမ်းသာတယ်လို့ ထင်နေတယ်၊ သူ့ထင် အတိုင်း ငါ့ကို ပြန်ပြောပြတယ်၊ လက်တီရှေးရဲ့ မိဘ ကလည်း ငါ့ကို သိပ်ချမ်းသာတယ်လို့ အထင် မှားနေ တယ်၊ တကယ်တော့ သူတို့ ကုန်းကောက်စရာမရှိ ငါ့မှာလဲ ထမင်းတစ်နပ်နဲ့တစ်နပ်တောင် အနိုင်နိုင်ရ

'အဲဒီလို တစ်ယောက်ကိုတစ်ယောက် အထင်ကြီး နောက်ဆုံးတော့ လက်ထပ်ဖြစ်ကြတယ်၊ သူ့အမေကြီး အတင်းရော အခမ္ပပါ လော်နေတာနဲ့ ဖြစ်သွားရတာပ လက်ထပ်ပြီးတော့မှ တစ်ယောက်ရဲ့ အဖြစ်မှန်ကို ယောက်သိပြီး၊ ဒုက္ခ ရောက်ကြတော့တာပါပဲ၊ တို့ ယောက် တစ်ပတ်ပဲပေါင်းရတယ်၊ ငါလဲ အပြီးအပိုင်ထွ လာခဲ့တော့တယ်'

'သူ့မှာ ခြူးတစ်ပြားမှ မရှိတာသိလို့ ရှင်ကျောခို ထွက်လာခဲ့တာလားဟင်' ဟု လီနီက ဗလုံးဗထွေး သည်။

'မဟုတ်ပါဘူးကွာ၊ သူ့အမေကြီးက သူ့သမီး တိမ် နှစ်ပါပြီဆိုပြီး အချိန်ရှိသမျှ အော်ကြီးဟစ်ကျ လုပ်နေလို့ ငါ ကျောခိုင်းခဲ့တာပါ၊ သူတို့ကိုလဲ အ



တော့ မဆိုသာပါဘူးလေ၊ ငါနဲ့မတွေ့ယင် သူ့သမီးကို ဆရာဝန်တစ်ယောက်နဲ့ ပေးစားဖို့ လုပ်ထားတာ၊ ငါနဲ့ တွေ့တော့ သူတို့ အစီအစဉ်တွေ ပျက်ကုန်တာပေါ့၊ ဒါ ကြောင့် အခုလောက်ဆိုယင် ငါသေမယ့်သတင်းကို နေ့ တိုင်း နားစွင့်နေကြလိမ့်မယ်၊ ငါ သေသွားတော့ သူ့ သမီးကိုနောက်တယောက်ကို ပေးစားလို့ ရမှာ မဟုတ်လား'

'သူ့ဆီကို စာတွေဘာတွေရော ရေးဖြစ်သေးသလား'

'မရေးဖြစ်ပါဘူး၊ သူ့ အကြောင်းကိုတောင် မစဉ်း စားမိပါဘူး၊ မင်းကိုပဲ ငါ့ရဲ့ တရားဝင် မယားအဖြစ် သဘောထားပါတယ်၊ တရားဝင်အောင် ဘယ်လိုလုပ်ရ ပါ့မလဲ ဆိုတာကိုပဲ အမြဲစဉ်းစားနေပါတယ်၊ မွေးဖွား လာမယ့် ကလေးအတွက် ဘယ်လိုစီစဉ်ရမယ် ဆိုတာကိုပဲ ငါစဉ်းစားနေတာပါ'

'ဂျက်ဖရီ ... ရှင့်အပေါ် ကျွန်မအထင်မှားမိတာ ရှက် စရာ ကောင်းလိုက်တာနော်'

လီနီမှာ ပြောရင်း မျက်ရည်များကျလာသည်။

ဂျက်ဖရီက လီနီ၏ဆံပင်များကို သပ်ပေးပြီး နှစ်သိမ့် သည်။

'ပွဲအိမ်ထောင်ရေး အဆင်ပြေသွားအောင် ငါစီစဉ် ပေးပါ့မယ်ဆိုတာ မင်းကို ကတိပေးပါတယ်၊ မစ္စတာ ဒေါက်တို လင်မယားဆိုတဲ့ နာမည်နဲ့ နယ်သစ်ပယ်သစ် တွေမှာ အခြေသွားချနေယင် ဖြစ်နိုင်တာပဲ၊ အဲဒီလိုဆို ယင်ကော မင်း သဘောတူရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ကိုလိုနီ နယ်သစ်တွေမှာလား၊ အဲ့ဒီနယ်သစ်ကို သွားမယ်လို့ ရှင် ပြောနေတာလားဟင်၊ ကျွန်မ စိတ်ချမ်းသာအောင် ချော့သိပ်နေတာတော့ မဟုတ်ပါဘူးနော်၊ ဂျက်ဖရီ'

'ချော့သိပ်နေတာ မဟုတ်ပါဘူး လီနို၊ ကိုလိုနီ နယ်သစ်ကိုသွားဖို့ ငါ အစီအစဉ်တွေ လုပ်နေတယ်၊ နောက်အပတ်ကျယင် ကိုလိုနီနယ်သစ်မှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်နေတဲ့ လူတစ်ယောက် သူ့အမျိုးတွေကို အလည်လာလိမ့်မယ်၊ ဒီကနေ သုံးညအိပ် သွားရတဲ့ခရီးရှိတယ်တဲ့၊ သူ့ခြံမှာ အလုပ်သမားတွေကိုကြီးကြပ်ပေးဖို့ လူတစ်ယောက် လိုတယ်တဲ့၊ အရည်အချင်းရှိယင် ရှိသလောက် လုပ်ခပေးမယ်လို့ ပြောတယ်၊ နိုင်ငံရေးကိစ္စတွေ ဘာတွေ စိတ်ဝင်စားတာ မဟုတ်ဘူး၊ အဆင်ပြေယင် သူနဲ့ တစ်ပါတည်း ခေါ်သွားမယ်လို့ ပြောတယ်'

ကိုလိုနီ နယ်သစ်ဆိုသည်မှာ အမေရိကတိုက်တွင် ဖြစ်သည်။ လက်တီရှေးနှင့် အဝေးကြီး ဖြစ်သွားပြီ။ ပြင်သစ်နိုင်ငံနှင့် အဝေးကြီးဖြစ်သွားပြီ။ ဟိုမှာ မစ္စတာနှင့် မစ္စက်ဒေါက်ဆိုသော နာမည်နှင့် ဘဝသစ် ထူထောင်နိုင်မည်။

လီနိုက တစ်သီကြီးတွေးရင်း ပါးစပ်မှ အသံပင် ယောင်ပြီး ထွက်သွားမိလေသည်။

'ငါ့မှာ အခက်အခဲတစ်ခု ရှိနေတာက အခုမေလကုန်တော့မယ်၊ နောက်အပတ်ဆိုယင် ဇွန်လရောက်ပြီ၊ ငါ



ခရီးထွက်နေတုန်းမှာ မင်းမီးဖွားမယ်၊ အချိန်ကိုက် ဖြစ်နေတယ်၊ ဒီလူနဲ့တွေ့ရမယ့် အခွင့်အရေးကလဲ ဒီတစ်ကြိမ်ပဲ ရမယ်၊ သူက သူ့အမျိုးတွေနဲ့အတူ တစ်ပတ်လောက်ပဲ နေမှာ၊ မီးဖွားလုဆဲ ဒါမှမဟုတ် မီးဖွားရက် တန်းလန်း မင်းကို ထားခဲ့ရမယ့် ဖြစ်ချိုး ကြုံနေတယ်'

'ကျွန်မအတွက် မပူပါနဲ့ ဂျက်ဖရီ၊ အဆင်ပြေသွားမှာပါ၊ လာလီကို ကျွန်မနဲ့အတူ လာနေခိုင်းရင် ရပါတယ်၊ ရှင် ခရီးထွက်သွားတာနဲ့ သူ့ဆီ အကြောင်းကြားလိုက်ရုံပါပဲ'

ဂျက်ဖရီက ခေါင်းညိတ်သည်။ လီနိုကိုလည်း သူ့ရင်ခွင်ထဲမှာ အကြာကြီး ဖက်ထားလေသည်။

'မင်း အခုလောက်သတ္တိကောင်းတာပဲ၊ မင်း တစ်ခုခုများ ဖြစ်မယ်ဆိုယင်...'

'ကျွန်မ ဘာမှမဖြစ်နိုင်ပါဘူး ဂျက်ဖရီ'

လီနိုက ဂျက်ဖရီ၏စကားကိုဆုံးအောင် အပြောမခံဘဲ ရင်ကလေးကော့ကာ ယုံယုံကြည်ကြည်နှင့် ပြောသည်။

ဂျက်ဖရီ အပြင်ထွက်သွားသည်နှင့် ဂေးလ်ဘတ် အိမ်မှာ ရှိနေသော လာလီထံ လီနို အကျိုးအကြောင်း စာရေးပေးခိုင်းလိုက်သည်။

ထိုစာနှင့်ပတ်သက်၍ အကြောင်း ပြန်ကြားချက်မှာ ဂေးလ်ဘတ်၏ အိမ်တွင် လာလီ မရှိတော့ကြောင်း၊ ဂေးလ်ဘတ်ကို စွန့်ခွာပြီး အောက်စဖို့မြို့မှ ထွက်ခွာသွားပြီဖြစ်ကြောင်း၊ သူပိုင်ပစ္စည်းများကို တစ်ခုမကျန် ယူငင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားခြင်း ဖြစ်ကြောင်း၊ မည်သည့်အရပ်သို့ သွား ကြောင်း မည်သူမျှ မသိကြောင်းများပင် ဖြစ်လေတော့ သည်။

ထိုအကြောင်း ပြန်ကြားချက်ကို ကြားရသောအခါ လီနီမှာ အစ်ချက်တည်းနှင့် အလဲထိုးခံလိုက်ရသလို ဖြစ် သွားလေသည်။

လာလီသည် နှုတ်ဆက်စကားလေးမျှ ပြောမသွားနိုင် တော့ဘဲ ကသုတ်ကရက် ထွက်ခွာသွားရပုံ ပေါ်သည်။ သည်အတိုင်း ဆိုလျှင်တော့ သည်းမခံနိုင်လောက်အောင် ဂေးလ်ဘတ်က နှိပ်စက်သောကြောင့်သာ ဖြစ်ရမည်ဟု လီနီ တွေးကြည့်လိုက်မိသည်။

စိုးရိမ်စိတ်များ ရင်ထဲမှာပြည့်ကျပ်လာသည်။

ပြတင်းပေါက်နားရှိ ကုလားထိုင်မှာ လီနီ ထိုင်နေ သည်။ အပြင်ကို ငေးကြည့်နေသည်။ အပြင်မှာ မိုးဖွဲဖွဲ ရွာနေသည်။

ဝတ်ရုံနီကြီးဝတ်ပြီး မိုးရေထဲတွင် မိမိဆီလှာနေသော မိုက်ကယ်ကို လှမ်းမြင်ရသည်။

လီနီမှာ စိတ်လက် မအီမသာ ဖြစ်နေသည်။ ဟို အကြောင်း သည်အကြောင်းများကို နားမထောင် ချင်ပါ။ သရဲခြောက်သည့်အကြောင်းများကိုလည်း နား မထောင်ချင်ပါ။

မိုက်ကယ်သည် သူ့ကို စာသင်ပေးဦးမည် ဖြစ်သည်။ စာသင်ချင်စိတ်လည်း လုံးဝမရှိပါ။



ထို့ကြောင့် ထိုင်ရာမှ ကမန်းကတန်းထသည်။ မိမိ ကိုယ်လက် မအီမသာ ဖြစ်နေသောကြောင့် မည်သည့်ညှော် သည်ကိုမျှ အတွေ့ခံမည် မဟုတ်ကြောင်း မစ္စက်ဝပ်တ်ကို ပြောထားရန်ဖြစ်သည်။

အစာမင်လွန်းသော ကြောင်ဖြူကလေးသည် ကြွက် ပေါက်ဝနားမှ ချောင်းနေသည်။ လီနီ ထိုင်ရာမှ ကမန်း ကတန်း ထလိုက်သောအခါ ကြောင်က သူ့ကို ရုတ်တ ရက် လှမ်းကြည့်သည်။

ကြောင်လစ်မည့်အချိန်ကို ချောင်းနေဟန် တူသော ကြွက်က ထိုအချိန်ကလေးမှာပင် အပေါက်ထဲမှ လှစ်ခနဲ ထွက်လာသည်။ လီနီ၏ ခြေထောက်အောက်မှ အတင်း ထိုးထွက်သည်။

လီနီက လန့်ပြီး ထခုန်သည်။

ကြောင်က ထွက်ပြေးသည့် ကြွက်နောက်သို့ လိုက် သည်။ လီနီမှာ ကြောင်ကို တည့်တည့် တက်နင်းမိတော့ လို ဖြစ်သွားပြန်သည်။ ထို့ကြောင့် ဘေးသို့ ရှောင် လိုက်ရသည်။

သည်မှာပင် သူ့ဂါဝန်စကိုသူ တက်နင်းကာ ကိုယ်ကို ထိန်းနိုင်ဘဲ ဖြစ်သွားသည်။ လှေကား လက်တန်းတိုင်ကို ဖမ်းကိုင်လိုက်သော်လည်း မကိုင်မိဘဲ လှေကားထစ်များ အတိုင်း အောက်သို့ ကျသွားလေတော့သည်။

လှေကားခြေရင်းသို့ သူ အရောက်နှင့် မိုက်ကယ်က တံခါးဖွင့်အဝင် တစ်ချိန်တည်း ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှေကားရင်းတွင် ပုံ့ပုံ့ကလေး လဲကျနေသည့် လီနို ကို မြင်လိုက်ရသည်တွင် မိုက်ကယ်၏ မျက်နှာတွင် သွေး ရောင် ပျောက်ပြီး ဖြူဖွေးသွားလေသည်။

လှေကားပေါ်မှ အကျောင့် တစ်ချက်အော်လိုက်သည် လီနို၏ အသံကြားသော မစ္စက်ဝပ်တ်ကလည်း ထို အချိန်ကလေးမှာပင် ထိုနေရာသို့ ရောက်လာသည်။

'မစ္စက်ဒေါက်ကို မင်း ဘာလုပ်လိုက်သလဲ'ဟု မစ္စက် ဝပ်တ်က မိုက်ကယ်ကို အကျယ်ကြီး အော်မေးသည်။

မိုက်ကယ် နောက်တွန့်သွားသည်။ မစ္စက်ဝပ်တ် မျက်နှာငယ်ကလေး နှင့် မော့ကြည့်သည်။

'ကျွန်တော် ဘာမှမလုပ်ပါဘူး ခင်ဗျာ၊ ခါတိုင်း အလည်လာ ပါ၊ တံခါးလဲ ဖွင့်လိုက်ရော အဲဒီ လှေ ကားပေါ်ကနေ လီနို လိမ့်ကျလာတာကို တွေ့လိုက် တာပါ'

မိုက်ကယ်က စိုးရိမ်တကြီးနှင့် လီနိုကို ငုံ့ကြည့်သည်

'သူ သေများသွားပြီလား ခင်ဗျာ'

စိုးရိမ့်တကြီး မေးသည်။ သတိလစ်နေသော လီနို ကိုယ်လုံးကလေးကို သူ အကဲခတ် ကြည့်နေသည်။ မထို မထိရဲအောင်လဲ ဖြစ်နေသည်။

'အသက်အန္တရာယ် မရှိပါဘူး၊ သူ မီးဖွားဖို့ အချိန် ရောက်ပြီ၊ ဟော...ပြောရင်းဆိုရင်း သတိပြန်ရလာပြီ တွေ့တယ်မဟုတ်လား'



လီနိုက တစ်ချက် ညည်းလိုက်ပြီး မျက်လုံးဖွင့်ကြည့် သည်။

'သူ့ကို အပေါ်ထပ်ရောက်အောင် မင်းပွေ့တင်ပေး နိုင်ပါ့မလား၊ မနိုင်ယင် မြင်းဇောင်းအလုပ်သမားကို ငါ ခေါ်လိုက်မယ်'ဟု မစ္စက်ဝပ်တ်က ပြောသည်။

'ကျွန်တော် တင်ပေးနိုင်ပါတယ် ခင်ဗျာ'

မိုက်ကယ်သည် ကိုယ်ဝန် နေ့စေ့လစေ့ကြီးနှင့်လီနိုကို အပေါ်ထပ်သို့ ပင်ပန်းကြီးစွာ ပွေ့တင်ပေးလိုက်ရလေ သည်။ ခုတင်ပေါ်မှာ ညင်ညင်သာသာကလေး တင်ပေး သည်။

'ကျေးဇူးတင်ပါတယ် မိုက်ကယ်'

နိုလီက လေသံကလေးဖြင့် ပြောသည်။ ထိုမျှပြောလိုက် ရသည့်အတွက်ပင် သူ့တစ်ကိုယ်လုံး မခံမရပ် နိုင်အောင် နာကျင်သွားလေသည်။

'စကားမပြောနဲ့'

မစ္စက်ဝမ်က ပြောသည်။ ကိုယ်ပေါ်သို့ စောင် လွှမ်း ပေးသည်။ အသားဟာကျဖြစ်အောင် ပြုပြင်သည်။

'မင်း မွေးတော့မယ်၊ ဝမ်းဆွဲ မစ္စက်ရှူးကို အခေါ် ခိုင်းလိုက်မယ်'ဟု မစ္စက်ဝပ်က ပြောသည်။

'ကျွန်တော် သွားခေါ်လိုက်ပါ့မယ် ခင်ဗျာ၊ ပိုမြန် သွားတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်က ပြောပြောဆိုဆို အိမ်ထဲမှ ပြေးထွက်လာခဲ့သည်။ တင်စိုတစ်ရာလည်း ပြန်အော်ပြောခဲ့သေးသည်။ ဘာပြောမှန်းတော့ ဘယ်သူမှမသိ။

သို့သော် ဝမ်းဆွဲ မှစွက်ရှူး ဘယ်မှာနေကြောင်း သူမသိပါ။ မေးသည်း မမေးခဲ့မိပါ။ စိတ်စောနေသောကြောင့် မမေးဘဲထွက်လာခြင်းဖြစ်သည်။

ဘယ်လိုမှ ရှာမရတော့ ပြန်လှည့်ရလေတော့သည်။ သူ ရောက်သွားတော့ ဝမ်းဆွဲအဘွားကြီး ရောက်နေသည်ကို တွေ့ရသည်။ မိုက်ကယ်ပြန်မလာနိုင်သည့် အဆုံးတွင် မစ္စက်ဝပ်တ်က မြင်းစောင်း အလုပ်သမား ကလေးကို ထပ်လွှတ်ပြီး အခေါ်ခိုင်းလိုက်သောကြောင့် ဖြစ်လေသည်။

လီနိုမှာ ရှုတ်တရက် မမွေးနိုင်ဘဲ ဖြစ်နေသည်။ ဝမ်းဆွဲသည်ကလည်း တတ်သမျှ မှတ်သမျှ အစွမ်းကုန် လုပ်သည်။

ဘယ်လိုမှ မမွေးနိုင်သောအခါ အိမ်မှာ ရှိရှိသမျှ ကြိုးထုံးများကို လိုက်ဖြေစေသည်။

ထိုအထဲတွင် ဂနာမငြိမ်ဆုံးလူမှာ မိုက်ကယ်ပင် ဖြစ်လေသည်။ တစ်နေရာသည်းတွင် ထိုင်နေ၍ မရအောင် စိတ်လှုပ်ရှားနေသည်။ ဝမ်းဆွဲ အဖွားကြီးကပင် မိုက်ကယ်ကို ကလေးအဖေဟု ထင်သွားသည်။ မီးဖွားပြီးတော့လည်း ဝမ်းဆွဲခကို မိုက်ကယ်ကပင် စိုက်ထုတ်ပေးလိုက်သောကြောင့် ပို၍ပြီးထင်စရာ ဖြစ်ရလေသည်။



နောက်ဆုံးတွင် သမီး မိန်းကလေးကို မွေးဖွားလိုက်နိုင်လေသည်။

လီနိုသည် သမီးကလေးကို ရင်ခွင်ထဲမှာ ပွေ့ထားမိသည်။ အမှန်တော့ သားယောကျ်ားလေးကို သူတမ်းတခဲ့သည်။

သမီးလေးကို လိုရီနာဟု အမည်ပေးဖို့လည်း ဆုံးဖြတ်လိုက်သည်။

'သမီးလေး အရမ်း ချောမောလှပရမယ်၊ ခွန်အားကြီးရမယ်၊ သန်စွမ်းရမယ်၊ အစွမ်းထက်ရမယ်၊ သမီးလေးကို အဖေနာမည်တော့ မပေးနိုင်ဘူးကွယ်၊ ဒါပေမယ့် သမီးလေးဟာ ရခွင့်ရှိသမျှ မွေးရာပါ လူ့အခွင့်အရေးတွေ အားလုံး ရရမယ်၊ အဲဒီအတွက် သမီးလေးကို မေမေကူညီပါ့မယ်'

လီနိုအာ တတွတ်တွတ် ပြောနေသည်။ ကလေးငယ်ကမူ သူ့ရင်ခွင်ထဲမှာ ညင်သာစွာ အိပ်မောကျ နေ လေသည်။

ထိုနေ့သည်ကား ၁၆၅၂-ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ ဖြစ်လေသည်။

အပြင်ဘက်တွင်မူ သန်းခေါင်ယံခေါင်းလောင်းထိုးသံများကို ကြားနေရလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၇

နောက်နေ့မနက်တွင် မိုက်ကယ် သုတ်သီးသုတ်ပြာ ရောက်လာသည်။ သို့သော်လည်း လီနို၏အခန်းတွင်းသို့ မစ္စက်ဝပ်တ်က ဝင်ခွင့်မပေးသောကြောင့် အတော် ကလေး ကသိကအောင့် ဖြစ်သွားသည်။

လီနိုမှာ နံနက် အိပ်ရာထ သန့်ရှင်းရေး ပြုလုပ်ခြင်း၊ နံနက်စာ စားခြင်းများ ပြုလုပ်နေသောကြောင့် ထိုအလုပ်များ မပြီးမချင်း ဝင်ခွင့်မပေးနိုင်ဟု မစ္စက်ဝပ်တ်က ဆီး ကြိုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တတ်နိုင်မှာတုန်း။ မိုက်ကယ် ဇွဲကောင်းကောင်းနှင့် အပြင်မှာ စောင့်နေပါသည်။

လီနီသည် ကိုယ်လက်သန့်စင်ပြီးသောအခါ ဆံပင်ဖြီးခြင်း၊ အဝတ်အစား လဲခြင်းများ ပြု လုပ် သည်။ ထို့နောက် သမီးကလေးကို စောင်တစ်ထည်ဖြင့် နွေးနွေးထွေးထွေးရှိစေရန် သေသေသပ်သပ်ပတ်သည်။

ထိုအချိန်မှာပင် အခန်းတွင်းသို့ မိုက်ကယ် ဝင်လာသည်၊

မိုက်ကယ်က အနီရောင်ဝတ်ရုံကြီးကို ကုလားထိုင်ပေါ်သို့ ပစ်တင်လိုက်သည်။ ပြီးတော့ ခုတင်ကြီးပေါ်မှာ ရှိနေသည့်လီနီကို မျက်နှာငယ်ငယ်ဖြင့် စိုက် ကြည့် ရင်း ကုလားထိုင်မှာ ဝင်ထိုင်သည်။

သူ့အမူအရာနှင့် သူ့ အကြည့် ကြောင့် လီနီ စိတ်မကောင်း ဖြစ်သွားမိလေသည်။

မိုက်ကယ်သည် သူ့အပေါ်တွင် အလွန်ကောင်းသော မိတ်ဆွေတစ်ယောက်ဖြစ်သည်။ အနွံအတာခံသည်။ကိုယ်ကျိုးစွန့်သည်။

ယခု လီနီ သမီးဦးလေး မွေးဖွားရာဘွင် အနားမှာ တစ်ချိန်လုံး နေနေပြီး လိုသမျှ ကူညီသည့်အပြင် အခုလည်း စောစောစီးစီး ရောက်လာသည်ကို ကြည့် ခြင်းအားဖြင့် လီနီအပေါ် ဘယ်လောက် တွယ် တာ မှုကြီးကြောင်း သိသာထင်ရှားလေသည်။



'သမီးလေး မလှဘူးလားဟင်'

လီနီက လိုရိနာကို မြတ်နိုး ကြင်နာစွာ ငုံ့ကြည့် ရင်း မိုက်ကယ်ကို လှမ်းမေးသည်။

မိုက်ကယ်က လီနီကို လှမ်းကြည့်ပြန်သည်။ ရွှေရောင်ဆံပင်များသည် ခေါင်းအုံးပေါ်တွင် ဖြန့်ကျဲ ဖုန်းအုပ်နေသည်။ အသားရောင်သည် ဖွေးဥက တစ်ဘက်သို့ဖောက်ထွင်း မြင်ရတော့မည်ကားဟု ထင်မှတ် ရလောက် အောင်ကြည်လင်နေလေသည်။

မိုက်ကယ်က တံတွေးမျိုသည်။

'တကယ်လှတာက မင်းပါကွယ်' ဟုလည်း ဝမ်းခေါင်းသံကြီးဖြင့် လှိုက်လှဲစွာ ပြောသည်။

ပြီးတော့ လီနီ၏ခုတင်ဘေးမှာ ဒူးထောက်ထိုင်ချလိုက်သည်။ ကြေကွဲစွာလည်း ဆက်ပြောသည်။

'ခြော်.... လီနီ လီနီ၊ မင်းကို ချစ်ရလွန်းလို့ အသက်များ ထွက်သွားတော့မလားလို့တောင် တစ်ခါတစ်ခါမှာ ကိုယ် ထင်လိုက်မိပါတယ်ကွယ်'

လီနီက ချောက်ချောက်ချားချားကြီး လှမ်းကြည့်လိုက်မိလေသည်။ သူ့ကို မိုက်ကယ် အရူးအမူး ချစ်နေသည့်အကြောင်း လီနီ ကောင်းစွာ သိထားပြီးဖြစ်ပါသည်။ သို့သော်လည်း မိုက်ကယ်သည် ထိုအချစ်ကိုပြင်ထွက်မသွားစေရန် အတတ်နိုင်ဆုံး မျိုသိပ်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သိုဆိုစေ။ တစ်နေ့မဟုတ် တစ်နေ့နေ့မှာတော့ ယခုလိုပဲ ပွင့်ထွက်လာလိမ့်မည်ဟု မဆွကတည်းက လီနီ တွက်ဆထားခဲ့ပြီးဖြစ်သည်။

မိုက်ကယ်၏ မျက်နှာ အမူအရာမှာ ကိုယ်စိတ်နှလုံး ညှိုးချုံးကျနေသည့်ပုံမျိုး ဖြစ်လေသည်။ နောက်ပြီးတော့ စကားကိုလည်း စိတ်ရောကိုယ်ပါ ပြောလိုက်ကြောင်း သိသာထင်ရှားသည်။

ထိုကြောင့် လီနီက အားပေး အားမြှောက် ပြုရာ မရောက်သည့်လေသံမျိုးဖြင့် ပြန်ပြောသည်။

'မိုက်ကယ်၊ အဲ့ဒီစကားမျိုးတွေ မပြောကောင်းဘူးလေ၊ နင့်စိတ်ထဲမှာ ရှိနေယင်တောင်မှ ပြောင်ပြောင်ကြီး ဖွင့်မပြောကောင်းဘူးလေ၊ ငါဟာ လက်ထပ်ထားတဲ့ အိမ်ထောင်သည် အမျိုးသမီး တစ်ယောက်ဆိုတာကို မင်း သတိရဖို့ကောင်းတယ်'

သို့သော်လည်း မိုက်ကယ်က လျှော့မပေး။

'မင်းနဲ့ ဂျက်ဖရီဟာ တရားဝင် လက်ထပ်ထားတာ မဟုတ်ဘူးလို့ လူတိုင်းလိုလိုက ပြောနေကြတာပဲ၊ တို့မှာ မကြားချင်အဆုံး ဖြစ်နေပြီ၊ နောက်ပြီးတော့ မင်းကို တစ်ယောက်တည်း ပစ်ထားခဲ့ပြီး ဂျက်ဖရီပျောက်ပျောက် သွားတာရော ဘာကြောင့်ဆိုတာ မင်းသိသလား၊ မေးမြန် လျှောက်တိုက်နေသလို လူတွေက ပြောနေကြတယ်၊ လမ်းသွားလမ်းလာတွေ၊ ခရီးသည်လှည်းတွေကို မေးမြန် လိုက်တိုက်နေတာတဲ့'



ထိုစကားများကိုတော့ နာကြည်းသည့် လေသံဖြင့် မိုက်ကယ်က ပြောသည်။ မပြောချင် မပြောရက်သော်လည်းမလွှဲသာတော့သောကြောင့် ဖွင့်ထုတ်ရသည့်လေသံမျိုးဖြင့် ပြောသည်။

ထိုစကားများကိုတော့ လီနီက သတိကြီးကြီးထားပြီး မှားမသွားရအောင် ပြောသည်။

'ဘုရားရှိခိုးကျောင်းကိုသွားပြီး တို့နှစ်ယောက် တရားဝင် လက်ထပ်မထားဘူး ဆိုတာတော့ မှန်ပါတယ် မိုက်ကယ်၊ ဒါပေမယ့် တို့နှစ်ယောက်ဟာ အသည်းနှလုံးချင်း ကျွာဆက်ပြီးလက်ထပ်ထားကြတာ၊ အသည်းနှလုံးချင်း ဆက်ထားတဲ့ နှောင်ကြိုးဟာ ဘယ်လို ဖြတ်တောက်ပစ် လို့မှ ပြတ်နိုင်ဘူး မိုက်ကယ်၊ ငါကိုယ်တိုင်က ဖြတ် တောက်ပစ်ချင်တယ်ဆိုယင်တောင် ဘယ်နည်းနဲ့မှ မဖြစ် နိုင်ဘူး'

ထိုစကား ကြားရသောအခါ မိုက်ကယ်မှာ အကြီး အကျယ် မျက်စိမျက်နှာ ပျက်သွားလေသည်။

ထို့ကြောင့် လီနီက သူ့လက်တစ်ဖက်ကိုလှမ်းဆွဲထား လိုက်သည်။ ချော့မော့သည့် လေသံဖြင့်လည်းပြောသည်။

'နင့်အသက် သိပ်ငယ်ပါသေးတယ် မိုက်ကယ်၊ တစ်နေ့ ကျယင်....'

သို့သော် သူ့စကားမဆုံးပါ။ မိုက်ကယ်က အဆုံးထိ နားထောင်မနေဘဲ ဖြတ်ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းထက် ကိုယ် အသက်ကြီးတယ် လီနို'

နှစ်နှစ်ချီပြီး ကြီးကောင်း ကြီးလိမ့်မည်ဟု လီနိုတွေး ကြည့်သည်။ သို့သော်သည်း မိမိတို့လို အမျိုးသမီးများက သည်အသက် သည်အရွယ်တွင် ကလေးအမေ ဖြစ်နေကြ သော်လည်း သူတို့ ယောကျ်ားများတမူ အရွယ်မရောက် သေးသူပမာ ပညာသင်ကျောင်းဆဲ ဖြစ်နေသေးသည်ကို တွေးကြည့်မိသည်။

လီနိုက ခေါက်ပြင်းချသည်။

'တစ်နေ့ကျယင် နင်သဘောပေါက်မှာပါ မိုက်ကယ်၊ ဂျက်ဖရီကို ငါ အရူးအမူးချစ်သလို 'နင့်ကို ချစ်တဲ့ မိန်း ကလေးတစ်ယောက် ပေါ်လာဦးမှာပါ' ဟုလည်း ဆက် ပြောသည်၊

ပိုပြီးစိတ်ပျက်သံဖြင့် မိုက်ကယ်က ပြန်ပြောမြန်သည်။

'တခြား ဘယ်မိန်းကလေးကိုမှ မသိချင်ဘူး၊ နောက် ပြီးတော့ မင်းဘာလဲ ဂျက်ဖရီအက် ကိုယ့်ကိုပဲ ပိုချစ်ရမယ်၊ ဒါတွေ ထားလိုက်ပါတော့လေ၊ ကိုယ်ကို ချစ်တယ်လို့ ပြောစမ်းပါ လီနို၊ မင်းကို ကိုယ် ခိုးပြေးမယ်၊ မင်းတို့ သားအိမ်နှစ်ယောက်စလုံးရဲ့ လုံခြုံရေးကို ကိုယ် တာဝန် ယူပါ့မယ်'

မိုက်ကယ်၏ နှုတ်ခမ်းပေါ်သို့ လီနိုက လက်ကလေး တစ်ဖက် အသာအယာတင်ပြီး ပိတ်လိုက်သည်။



'ဒီလိုစကားမျိုးတွေ မပြောကောင်းဘူးလေ မိုက် ကယ်၊ စိတ်ထဲမှာ ပေါ်လာယင်တောင် ဒီအတိုင်းမျိုသိပ် ထားရတယ်'

လီနိုက လေသံပျော့တွတ်ပြတ်ဖြင့် ပြောသည်။ တစ်ဆက် တည်းလည်း သူ့စကားကို ဆက်လိုက်ပြန်သည်၊

နင့်အမေက နင်နဲ့ပတ်သက်ပြီး မျှော်လင့်ချက်တွေ သိပ်ထားခဲ့တာ မဟုတ်လား၊ နင် မြို့ပြုဖူးတယ် လေ၊ နင့်ဘဝထိပ်တန်းရောက်အောင် မြှင့်တင်ပေးဖို့ စီမံကိန်း တွေချထားတယ်ဆိုတာ'

'မင်းကိုအမေ့ဆီ ခေါ်သွားမှာ' ဟုလည်း ဗလုံးဗထွေး ပြန်ပြောသည်။

အဲဒီလိုများခေါ်သွားယင် နင့်အမေက ငါ့ကိုတင်ခေါ် သည်း ကန်ထုတ်ပစ်လိုက်မှာပေါ့ဟု လီနိုက ချက်ချင်းစဉ်း စားလိုက်မိသည်။

မိုက်ကယ် ခေါ်သွားသည့်မိန်းမသည် အခြားမိန်းမ မဟုတ်။ ဝူစတာမြို့မှ နတ်မိမယ်ဖြစ်နေသည်။ နောက်ပြီး တော့ မွေးခါစကလေးလေးတစ်ယောက်ကိုလည်း ရင်မှာ ပိုက်လာသေးသည်။

'ငါ့ကို မြင်လိုက်လို့ များတော့ နင့်အမေတက်တော့ သွားမှာပေါ့ မိုက်ကယ်ရယ်၊ နင်ငါ့ကို ချစ်တယ်ဆိုတာသိ ပြီ၊ ကျေးဇူးပါတယ်၊ ဒါပေမယ့်...'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ဂျက်ဖရီနဲ့ပဲ ဆက်ပြီးပေါင်းသင်းနေမယ်လို့ ဆိုလိုတာလား လီနို'

မိုက်ကယ်ကပဲ လီနို၏စကားကို ဆက်ပေးလိုက်သည်။

လီနိုက ခေါင်းညိတ်သည်။ ဝမ်းနည်းပြုံးကလေးကိုလည်း ပြုံးနေလေသည်။

မိုက်ကယ်ကသက်ပြင်းချသည်။ ထိုင်ရာမှ ထ,သည်။ ဒူးနှစ်ဘက်ကို ဖုန်ခါသည်။ သူ့ရင်ထဲမှာရှိနေသည်များကို ယခုလိုဖွင့်ပြောလိုက်ရသဖြင့် အထိုက်အလျောက်စိတ်သက်သာရာရသွားကြောင်း လီနိုရိပ်စားလိုက်မိသည်။

မိုက်ကယ်အထိုက်အလျောက်စိတ်သက်သာရာ ရသွားသည်မှာမှန်ပါသည်။ သို့သော်လည်း လီနိုတွေးထင်သလို မဟုတ်ချေ။ သူ၏အလျင်စလို တောင်းဆိုချက်ကို လီနိုက မလိုက်လျောသောကြောင့် စိတ်သက်သာရာ ရသွားခြင်းဖြစ်ပါသည်။

'ငါ မနက်စာစားလို့ ပြီးပြီဆိုတာ မစွက် ဝပ်တ်ကို အကြောင်းကြားပေးပါလား မိုက်ကယ်'

မဖြစ်လောက်သည့်အလုပ်ကလေးတစ်ခု ထလုပ်လိုက်ခြင်းအားဖြင့် မိုက်ကယ်လည်း အထိုက်အလျောက် စိတ်သက်သာရာရပါစေတော့ ဟူသော သဘောဖြင့် လီနိုက ခိုင်းလိုက်ခြင်းဖြစ်သည်။



မိုက်ကယ်က စိတ်မသက်သာသည့် အမူအရာဖြင့် လီနိုကိုငုံ့ကြည့်သည်။

'ကိုယ်အပြန်မှာ ဝင်ပြောသွားလိုက်ပါ့မယ်'

'မကြာမကြာ အလည်လာနော်၊ နင်မလာတာကြာယင် ငါမနေ့ဘတ်မထိုင်တတ်ဖြစ်နေတတ်တယ်'

လီနိုက ပြောပြောဆိုဆို မိုက်ကယ်၏လက်ကို ခပ်တင်းတင်းကလေးဖျစ်လိုက်လေသည်။

မိုက်ကယ်ကတော့ အပြစ်တင်သည့် မျက်လုံးကြီးများဖြင့် လီနိုကို ငုံ့ကြည့်နေသည်။ သူ့မျက်နှာလည်း ချောမောလွန်းလှသည်။

ပြီးတော့ ချာခနဲလှည့်ကာ အောက်ထပ်သို့ ဆင်းသွားလေတော့သည်။

သူပြန်သွားပြီး သိပ်မကြာမီမှာပင် ဝမ်းဆွဲခ ကို မိုက်ကယ်ကစိုက်ထုတ်ပေးလိုက်ကြောင်း မစွက်ဝပ်တ်ပြန်ပြောပြ၍ လီနိုသိရသည်။

လီနိုမှာ မိုက်ကယ်ကိုအားနာမဆုံးဖြစ်သွားလေတော့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ကျေးဇူးတင်ကြောင်းစကားလေးတစ်ခွန်းနှစ်ခွန်းလောက်မှ မပြောလိုက်ရ ကောင်းလားဟု စိတ်မကောင်းလည်းဖြစ်မိလေသည်။

လိုရီနာမျက်နှာမြင်သည့်နေ့ကရှာသည့်မိုးသည်နောက်ရက်များတွင်ပါမစဲနိုင်ဘဲ နေ့စဉ်ရက်ဆက် မိုးကောင်းနေသည်။

www.burmeseclassic.com

သာခန်မိုးမဟုတ်ဘဲ သဲကြီးမဲကြီး ရွာနေသောကြောင့် နယ်နှင့်လမ်းပန်းဆက်သွယ်ရေးများပါ ပြတ်တောက်ကုန်သည်။ အထူးသဖြင့် တောင်ပိုင်းနှင့် ပို၍ အဆက်အသွယ် ပြတ်သွားသည်။

မိုးကြီးသည် တစ်ကြောင်း၊ ရက်ပေါင်းများစွာ ဆက်တိုက် ရွာနေသည် တစ်ကြောင်း တို့ကြောင့် မြစ်များ၊ ချောင်းများ၊ ရေလျှံကုန်သည်။ တံတားတွေ ကျိုးကုန်သည်။ လမ်းများပျက်ကုန်သည်။

အောက်စဖို့မြို့သည် နယ်မြို့များ၊ ရွာများနှင့်ပါ ရက်ပေါင်းအတော်ကြာအောင် အဆက်အသွယ်ပြတ်တောက်သွားလေတော့သည်။

ထို့ကြောင့် ဂျက်ဖရီမှာ ပြန်ရောက်ရမည့် ရက်ထက်ရက်ပေါင်းများစွာ နောက်ကျပြီး ပြန်ရောက်မလာနိုင်ဘဲရှိနေသည်ကို လီနီမအံ့သြတော့ပါ။ တစ်ပြည်လုံး လမ်းပန်းဆက်အသွယ်တွေ ပြတ်တောက်နေသည့်ကြားတွင် ဂျက်ဖရီလည်း တစ်နေရာရာမှာ သောင်တင်နေပြီဟု သာ ယူဆလိုက်ရတော့သည်။

မိုးပြတ်ပြီး လမ်းများ ပြန်လည်ကောင်းမွန်လာသည်နှင့်တစ်ပြိုင်တည်း ဂျက်ဖရီပြန်ရောက်လာမည်ကို ယုံကြည်ပြီးသားဖြစ်လေသည်။

ကလေးမျက်နှာမြင်ပြီးစတုန်းက လီနီမှာလမ်းကောင်းကောင်းမလျှောက်နိုင်ခဲ့ချေ။ ယခုမူလူကောင်းပကတိကဲ့



သို့ ကောင်းစွာကျန်းမာလျက်ရှိချေပြီ။ အသက်ငယ်သည့်တစ်ကြောင်း၊ ပင်ကိုကျန်းမာသည် တစ်ကြောင်းတို့ကြောင့် အလျင် အမြန် ကျန်းမာလာခြင်းလည်း ဖြစ်သည်။

လီနီလူကောင်းပကတိပြန်ဖြစ်သည့်အချိန်တွင်ဂျက်ဖရီ ပြန်ရောက်လာလေသည်။

မိုးပြတ်ကာ ရာသီဥတု ပြန်လည်ကောင်းမွန်ပြီး ပုံမှန်ပြန်ဖြစ်လာသော တစ်နေ့တွင် ဂျက်ဖရီ ပြန်ရောက်လာလေသည်။ ဂျက်ဖရီသည် တောင်ပိုင်းမှ ပြန်လာခြင်း ဖြစ်သည်။ မိုးသည် သည်းထန်စွာ ရက်ဆက်ရွာသွန်းမှုကြောင့် အချို့နေရာများ၌ ရွှံ့ဗွက်တို့သည်မြင်းဗိုက်နှင့်တိုက်သည့်အထိ နစ်နေသည်။ ထိုမျှ လမ်းပန်းအခြေအနေ ဆိုးရွားသည့်ကြားမှ မဖြစ်မနေ သူပြန်လာခြင်းဖြစ်သည်။

သူပြန်လာသည့်နေ့က လီနီသည် အစိမ်းရောင်ဂါဝန်ကို ဝတ်ထားသည်။ သူတို့နှစ်ယောက် ဝူစတာမြို့တွင် စတွေ့သည့်နေ့က လီနီဝတ်ခဲ့သော ဂါဝန်ပင် ဖြစ်လေသည်။

သမီးလေးကို အဝတ်အစားသစ်ကလေးများ လဲပေးထားသည်။ စောင်တစ်ထည်နှင့် ကိုယ်လုံးကို ပတ်သည်။ ခြေထောက်နှင့် ခေါင်းများကို လုံအောင်ပတ်ပြီး မျက်နှာလေးတစ်ခုတည်းပေါ်အောင် ဖော်ထားသည်။

www.burmeseclassic.com



အထူးသဖြင့် လိုရိနာ၏ ဆံပင်များကို လုံအောင်ပတ်သည်။ လိုရိနာ၏ဆံပင်မှာ ငွေရောင်ဖြစ်လေသည်။ မျက်နှာကလေးက ကြီးမားလာသောအခါတွင် အချောဆုံး အလှဆုံးဖြစ်မည်ဟုလည်း လီနို ထင်သည်။

ဂျက်ဖရီ၏ ဆံပင်က အနက်ဖြစ်သော်လည်း လိုရိနာ၏ဆံပင် ငွေရောင်ဖြစ်နေခြင်းနှင့် ပတ်သက်၍မူ သူ့စိတ်ထဲတွင် စနိုးစနောင့် မဖြစ်မိချေ။ လိုရိနာနှင့်ပတ်သက်ပြီး သူ ဂရုစိုက်ယူမည်ဆို ဖြစ်နေသည်။

ဂျက်ဖရီကို သမီးချောကလေးပြချင်လွန်း၍ စောင့်ရသည်မှာ စိတ်မရှည်နိုင်အောင် ဖြစ်ခဲ့သည်။

သူပြန်ရောက်လာချိန်မှာမွန်းလွဲပိုင်း ဖြစ်သည်။ အောက်စဖို့မြို့မှာ မိုးတိတ်နေပြီ။ သို့သော်လည်း ကောင်းကင်တခုလုံးကတော့ မိုးသားများဖုံးကာ မည်းမှောင်နေတုန်းဖြစ်သည်။

လှေကားကို နှစ်ထစ်စီကျော်ပြီး အပြေးနင်းတက်လာသည့် ဂျက်ဖရီ၏ခြေသံကို လီနိုကြားရလေသည်။

နောက်ဆုံး မှာတော့ မိမိထံသို့ ဂျက်ဖရီ ပြန်ရောက်လာပြီဟူသောအသိကြောင့် လီနိုမှာ အတိုင်းအဆမဲ့ စိတ်ချမ်းသာသွားလေသည်။

အိပ်ရာပေါ်တွင် ချသိပ်ထားသည့် လိုရိနာကို ကမန်းကတန်း ထောက်ယူကာ ပြတင်းပေါက်နားမှုကုလားထိုင်သို့ ပြောင်းထိုင်သည်။ သို့မှသာ ပြတင်းပေါက်မှ တိုးဝင်လာသည့် အလင်းရောင်ကြောင့် သူ့ရင်ခွင်ထဲမှ လိုရိနာ၏ မျက်နှာ ချောချောလှလှကလေးကို ထင်ရှားစွာ မြင်ရနိုင်မည်ဖြစ်သည်။



သမီးလေး၏ ချောမောလှပသော မျက်နှာကလေးကို အလင်းရောင် ကောင်းကောင်းအောက်တွင် ဂျက်ဖရီ ပထမဆုံးမြင်နိုင်အောင် သူကြိုတင်တွေးထားခဲ့လေသည်။

လေပြင်းတစ်ချက် ဆောင့်တိုးလိုက်သကဲ့သို့ အခန်းတံခါး စုန်းခနဲပွင့်သွားသည်။

ကြွမ်းကြမ်းတမ်းတမ်း နိုင်လှသဖြင့် လီနိုမှာ အထိတ်တလန့်ပင် ဖြစ်သွားမိလေသည်။

ထို့ကြောင့် ရင်ခွင်ထဲရှိ သမီးကလေး၏ ကိုယ်ပေါ်မှာ ပတ်ထားသောစောင်မှာ အနေအထား အနည်းငယ် ပျက်သွားသည်။ စောင်က လျှောကျလာပြီး သမီးကလေး မျက်နှာကို ဖုံးအုပ်မိဘော့မလို ဖြစ်သွားသည်။

အခန်းထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ဂျက်ဖရီ ဝင်လာသည်။ အရပ် ထောင်ထောင်မောင်းမောင်းနှင့် သန်မာထွားကျိုင်းသော၊ ချောမောခန့်ငြားသော ဂျက်ဖရီသည် စိတ်အား ထက်သန်စွာဖြင့် ဝင်လာခြင်း ဖြစ်သည်။

ဖိနပ်မှာ ရွှံ့များပေနေသည်ကိုပင် သူ ဂရုမစိုက်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်မှ ဝတ်ရုံကြီးက လွင့်ပျံနေသည်။ ဦးထုပ်ကို ကုလားထိုင် တစ်လုံးပေါ်သို့ လှမ်းပစ်တင်လိုက်သည်။ မြတင်းပေါက်နားမှာ ထိုင်နေသည့် လီနီဆီသို့ သံလက် အိတ်ကို ဆွဲချွတ်ရင်း လျှောက်သွားသည်။

သူနှင့်တွေ့စတုန်းကလို ပြန်လည် ကျန်းမာ သန်စွမ်း ကာ ယစ်သားမွေးတစ်သွေးလှနေသည့်လီနီကိုမြင်ရသော အခါ သူ့မျက်လုံးများ အရောင်တဖိတ်ဖိတ် လက်လာ လေသည်။

လီနီကလည်း အရောင်ရှန်းလဲ့သည့် မျက်လုံးအစုံဖြင့် သူ့ကို လိုက်လှဲစွာ ကြိုဆိုပါသည်။

လီနီ…’

အားပါးတရ လိုက်လှဲသောလေသံဖြင့် ခေါ်သည်။ ပြီးတော့ လီနီကိုငုံနမ်းသည်။

‘သူက အယ်သူလဲဟင်… သားလေးရဲ့ မျက်နှာကို စောင်ကြီးနဲ့ဖုံးမထားစမ်းပါနဲ့ကွယ် ကြည့်စမ်းပါရစေဦး’

သူ့ အသံမှ အူမြူးနေသည်ကို လေသံ နားထောင် ကြည့်ခြင်းအားဖြင့် ထင်ရှားစွာ သိသာနိုင်ပါသည်။

ဒါလောက်တောင် သူပျော်နေသည်ကို နှုဖူးတွေ့ ဒူး တွေ့ တွေ့လိုက်ရသောအခါတွင် လီနီသည် ဟစ်၍ ဟစ်၍ သာ ငိုလိုက်ချင်ပါတော့သည်။



‘သားလေးမဟုတ်ဘူးဂျက်ဖရီ သမီးလေး၊ ကျွန်မတို့ သမီးလေးရှင့်’

လီနီက အောက်သိုးသိုးလေသံဖြင့် စကား ပြောပေး သည်။

လိုရိန်း၏ မျက်နှာပေါ်တွင် ဖုံးအုပ်လုနီးပါး ဖြစ်နေ သည့် စောင်ကို လီနီက သိမ်သိမ်မွေ့မွေ့ ကလေး ဆွဲဖယ် သည်။

အိပ်ပျော်နေသော ကလေး ငယ်က ရုတ်တရက် မျက် လုံး ဖွင့်ကြည့်သည်။ မျက်လုံးကျယ်ကြီး အစိမ်းရောင် ရောင် ဖြစ်လေသည်။ သူ့ကို ငုံ့ကြည့်နေသည့် နေလောင် လေလောင်ထားသော မျက်နှာမည်းမည်းကြီးက ပြုံးပြ နေသည်ကို ပြန်ပြုံးပြလိုက်ဟိအသား ဖျတ်ခနဲလည်း ပြုံး ပြလိုက်လေသည်။

အမှန်ကတော့ နတ်သူငယ်မြူခြင်းသာဖြစ်လေသည်။ ဒါကို လီနီက အထောက်ကျမဆုံး ဖြစ်နေသည်။

ဂျက်ဖရီသည်း သဘောကျပါသည်။

ထိုအချိန်မှာပင် ခေါင်းကို အုပ်ထားသည့် စောင်က အောက်ဘက်သို့ ကွာကျသွားသည်။ လိုရိန်း၏ ငွေရောင် ဆံပင်များကို ဂျက်ဖရီ မြင်သွားအောင် ဖွင့်လှစ်ပြလိုက် သလို ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီးလေးလား'

ဂျက်ဖရီက လှိုက်လှဲသည့် လေသံဖြင့် မေးသည်။

သို့သော်လည်း သူ့ ကိုယ်လုံးမှာ ဆတ်ခနဲ တောင့်သွားသည်။ မေးရိုးနှစ်ဘက်သည် သံချောင်းကြီးများလို မာကျောကာ ကုန်းထလာသည်၊

လီနိုကို ရှတ်တရက် မော့ကြည့်သည်။ ဒေါသတကြီး ကြည့်လိုက်သော အကြည့်ပင်ဖြစ်လေသည်။

'သူ့ ဆံပင်တွေက ဂုန်လျှော်တွေလို ဖွာဖွာ ပြီး သူ့ မျက်လုံးတွေကလဲ ပြာနေပါလား'

စွပ်စွဲသည့် လေသံမျိုးဖြင့် သူပြောသည်။

'မွေးစ ကလေးတိုင်းရဲ့ မျက်လုံးဟာ ပြာတာပဲ'

လီနိုက ခုခံကာကွယ်သလို ပြောသည်။ လိုရင်းကိုလည်း တစ်စုံတစ်ခုမှ ကာကွယ်သည့် သဘောမျိုးဖြင့် လက်နှစ်ဘက်နှင့် သိုင်းဖက်ထားလိုက်လေသည်။

'ဒါ...ငါ့ကလေး မဟုတ်ဘူး'

ဂျက်ဖရီက ရုတ်တရက် ထအော်သည်။ အော်သံထဲမှာ ဒေါသသံများ အပြည့်အဝ ရောစွက်နေသည်။

'ဒီကလေးဟာ ဝူစတာမှာ သေသွားတဲ့ ကောင်ရဲ့ ကလေး' ဟုလည်း ဆက်ပြောသည်။



သမီးလေး၏မျက်လုံးအရောင်နှင့်ဆံပင်ရောင်ကို မြင်တွေ့စကတည်းက ဝူစတာတိုက်ပွဲတွင် ကျဆုံးခဲ့သော ဂျမီးနှင့် တနေရာတည်းတူကြောင်း လီနိုသိခဲ့ပြီးဖြစ်ပါသည်။

'ငါ့သမီးမဟုတ်ဘူး၊ သေသွားတဲ့ မင်းအကောင်ရဲ့ သမီး' ဟု ဂျက်ဖရီပြောမည်ကို အကြောက်ကြီး ကြောက်ခဲ့မိသည်မှာလည်း အမှန်ဖြစ်ပါသည်။ သို့သော်လီနိုသည် ထိုအကြောင်းကို လုံးဝမေ့ဦးစားဘဲ မေ့ဖျောက်ထားခဲ့သည်။

'ဒါလောက်တောင် ဖြစ်သွားစရာမလိုပါဘူး၊ ရှင်နဲ့ မတွေ့ခင်ကတည်းက ဝခြားယောကျ်ား တစ်ယောက်နဲ့ သစ္စာနှံ့ခဲ့တယ်ဆိုတာ ရှင့်ကိုပြောပြထားပြီးသားပဲ၊ရှင်သိထားပြီးသားပဲ'

လီနိုက မင်နှင့်မောင်းနှင့် ပြန်အော်သည်။

'ဟုတ်တယ်၊ အလျှင်ကတည်းကငါသိတယ်၊ သေခြင်းဆိုးမ၊ ဒါပေမယ့် နင်ငါ့ကိုပတ်တီးရိုက်တာပဲ၊ ဒီကလေးဟာ ငါ့ကလေးလို့ နင်ပြောခဲ့တယ်'

အက်ကွဲသော လေသံကြီးဖြင့် ဂျက်ဖရီက ပြောသည်။

လီနိုလည်း ဒေါသဖြစ်လာပြီ။ ဒေါသကြောင့် သူ့ကိုယ်တွင်းမှာ အားအင်များ ရုတ်ခြည်း ဖြစ်ထွန်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာမှ ဝုန်းခနဲထသွားသည်။ သမီးလေးကိုတော့ရင်ခွင်ထဲမှာ မေ့ထားခဲ့ဖြစ်သည်။

သူ့ကိုယ်လုံးသည်လည်း ဒေါသကြောင့်တစ်ကြောင်း၊ ဂျက်ဖရီ၏သစ္စာဖောက်မှုကို သိလိုက်ရသောကြောင့် တစ်ကြောင်း၊ အကြောအခြင်များ တောင့်တင်း လာသည်။ ကြောက်စိတ်လည်း ဝင်လာသည်။

'ငါ့ဖက်ကပဲ အရိုးများဘယ်ပြောရသေးတယ်၊ ရှင်ကရော ဘယ်လောက်အပြစ်ကင်း သဲသဲစင်မို့လို့လဲ၊ ပြင်သစ်နိုင်ငံမှာ မယားတစ်ယောက် ရှိနေတာ မဟုတ်လား...'

လီနီက ပြောပြောဆိုဆို သည်းသည်း ထန်ထန် ငိုချလိုက်လေသည်။

ဂျက်ဖရီက နောက်ဘက်သို့ ဗျာခနဲ လှည့်ထွက်သွားသည်။ တံခါးကိုဆောင့်ပိတ်သွားသည်။ ပြင်းထန်လွန်းသောကြောင့် တံခါးပေါင်များ ကျိုးပဲ့ ထွက်ကျန်တော့မည်လားဟု ထင်မှတ်လိုက်ရလေသည်။

ဆက်တိုက်ဆိုသလို လှေကားအတိုင်း အောက်သို့ဆင်းသွားသည့် ခြေသံများကို လီနီ ကြားလိုက်ရလေသည်။

လီနီမှာ ဒေါသစိတ်များ ချက်ချင်း ပျောက်သွားသည်။ ဒေါသစိတ်နေရာတွင် ကြောက်စိတ်များ အစားထိုးနေရာဝင်ယူလာသည်။



သမီးလေးလိုရှိနာကို ခုတင်ပေါ်မှာ အသာအယာ သွားချသည်။ ပြတင်းပေါက်တံခါးကို ဖြေးဖွင့်သည်။ အပြင်သို့ခေါင်းထုတ်ကြည့်သည်။

သူ့မြင်းပေါ်သို့ ပြန်တက်နေသော ဂျက်ဖရီကို လှမ်းမြင်လိုက်ရသည်။

ဂျက်ဖရီ၏အမူအရာသည် အလွန်တရာ ပင်ပန်းနွမ်းနယ်ပြီး ကိုယ်စိတ်နှလုံး ညှိုးချုံးကျသော အလွန် အမင်း စိတ်ထိခိုက်နေသည့်ပုံစံမျိုးဖြစ်လေသည်။

'ရှင်ဘယ်သွားမလို့လဲ'
လီနီက လှမ်းအော်မေးသည်။

'ပြင်သစ်နိုင်ငံကို သွားမလို့ဟေ့'

ဂျက်ဖရီက ဒေါသသံဖြင့်ပြန်အော်ပြောသည်။ စကားဆုံးသည်နှင့် မြင်းကို အပြင်းနှင်သွားသည်။ လမ်းကွေ့တွင် ပျောက်ကွယ်သွားသည်။

လီနီက ပြတင်းပေါက်တံခါးကို ဆောင့်ပိတ်လိုက်မိသည်။ ပြင်းထန်လွန်းသောကြောင့် သစ်သားစများပင် ပဲ့ကျလာသည်။

ပြီးတော့ ခုတင်ပေါ်မှာအရုပ်ကြိုးပြတ်ကျသွားသည်။ မျက်နှာကို လက်နှစ်ဘက်နှင့်အုပ်ထားသည်။ ရှိုက်ငို [illegible] အောင် အစွမ်းကုန်ကြိုးစားထိန်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မွေးကတည်းက ဆူခြင်း၊ ပူခြင်း၊ ငိုယိုခြင်း မရှိသော လိုရီနာသည် ဝါးခနဲ့တစ်ချက်အော်ငိုသည်။ ထို့ကြောင့် လီနိုက ကလေးကို ကောက်ပွေ့လိုက်သည်။ ရင်ခွင်ထဲမှာ အလိုက်သင့် ထားသည်။

လိုရီနာမှာ ဂျမ်း၏ဆံပင်များ အမွေအဖြစ် ပါလာသည့်အတွက် ဘာဖြစ်သွားနိုင် သနည်း။ ဘာမှားသွား သနည်း။

လိုရီနာသည် ချောမြဲ ချောသည်။ လှမြဲ လှသည်။ နောက်ပြီးတော့ သည်ကလေးက သူ့ကလေး။ သူ့ရင်သွေး။ သူ့သမီး။ ထို့ကြောင့် အဖေဘယ်သူပဲ ဖြစ်ဖြစ် ဘာမှအကြောင်းမထူးဟု စိတ်ထဲမှာပိုက်လိုက မိသည်။

ပြင်သစ်နိုင်ငံသို့သွားမည်ဟု ဂျက်ဖရီ ပြန်အော်ပြောသွားခြင်းမှာ တကယ်ပြောခြင်း မဟုတ်ဘဲ မိမိကို သက်သက်မဲ့ခြိမ်းခြောက်သွားခြင်းသာ ဖြစ်သည်ဟု လီနိုထင်မှတ်ထားခဲ့လေသည်။

သို့သော်လည်း ထိုစကားကိုကြားလိုက်ရသည့် တည်းခိုခန်းပိုင်ရှင်မစ္စက်ဝပ်တ်ကတော့ ထိုသို့မတွေး။

ဂျက်ဖရီ တကယ်ပဲ ပြောသွားခြင်းဖြစ်သည်ဟု တစ်ထစ်ချယုံကြည်လိုက်မိလေသည်။



ထို့ကြောင့် သူ့ သဘောနှင့်သူ ဂေးလ်ဘတ်ထံသို့ အောက်ပါစာကို ရေးသားပေးလိုက်လေသည်။

'မင်းဟာ မစ္စတာဒေါက်ရဲ့ ဖမ်းကဲ့ ညီအစ်ကို တော်တယ်လို့ သိရပါတယ်၊ ဒါကြောင့် မစ္စတာ ဒေါက်ကို စောင့်ရှောက်ဖို့ တာဝန် မင်းမှာရှိပါတယ်၊ အထူးသဖြင့် ကလေး မျက်နှာ မြင်ပြီး မစ္စတာဒေါက်ကလည်း မြင်သစ်နိုင်ငံကို ထွက်သွားတဲ့ အချိန်မျိုးမှာ စောင့် ရှောက်မှု ပေးဖို့ အလိုအပ်ဆုံး ဖြစ်ပါတယ်'

အိမ်မှာရှိနေခိုက် မစ္စဝပ်တ်ပေးပို့လိုက်သည့် အဆိုပါ စာရောက်လာသည်တွင် ဂေးလ်ဘတ်က စာကို သေသေ ချာချာ ဂရုစိုက်ဖတ်သည်။ ပြီးတော့ ခေါင်းစားသည်။ စာကိုတော့ လုံးချေပစ်လိုက်သည်။

ဂျက်ဖရီ မြင်သစ်နိုင်ငံကို ထွက်သွားပြီတဲ့။ အင်မတန် ချောမောလှပပြီး ချစ်စရာကောင်းသည့် လီနိုလို မိန်းမမျိုးကို ကျောခိုင်းထားရစ်ခဲ့နိုင်သလား။

မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

ထို့ကြောင့် အပြင်ထွက်ခဲ့သည်။ အရက်ဆိုင်များမှ ဂျက်ဖရီကို ရှာပုံတော်ဖွင့်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသားရပ်ကွက် တစ်ခုမှ အလွန် ချောင်ကျပြီး အဆင့်အတန်းနိမ့်သည့် အရက်ဆိုင် တစ်ဆိုင်ထဲမှာ မှုးလဲနေသော ဂျက်ဖရီကို သူသွားတွေ့လေသည်။

သူ့ကို အလွယ်တကူ ရှာမတွေ့နိုင်အောင် မထင်မှတ်သည့် အရက်ဆိုင်မှာ အမူး လာသောက်နေခြင်း ဖြစ်ကြောင်း၊ သိသာထင်ရှားပါသည်။ သူ့ သူငယ်ချင်းများနှင့် အလွယ်တကူ မတွေ့နိုင်အောင်လည်း၊ သည်လိုနေရာကို ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း သိသာသည်။

ခုံတန်းလျား တစ်ခုပေါ်တွင် အမူးလွန်ပြီး အိပ်ပျော်နေသည်။ ကခေါ်ခါ ဟောက်နေသည်။ ဂေးလ်ဘတ်က သူ့အနားမှာ မားမားကြီး သွားရပ်သည်။

ကောက်ကျစ် စဉ်းလဲသည့် အပြုံးတစ်ခု ပြုံးရင်း ဂျက်ဖရီကို ကျေကျေနပ်နပ်ကြီး ငုံ့ကြည့်သည်။ ဂျက်ဖရီ ထိုးဖူးသော သူ့မေးရိုးကို ပြန်စမ်းကြည့်သည်။

တပ်မက်ဖွယ်ကောင်းသော လီနို၏ ကိုယ်လုံးကလေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းထားရမည်ဆိုလျှင် မည်မျှကောင်းလိမ့်မည်နည်းဟုလည်း အတွေးနယ်ချဲ့ကြည့်ရင်း အကျေနပ်ကြီး ကျေနပ်သွားမိလေသည်။

လာသီကလည်း သူ့ကို ခွာသွားပြီ။ ထို့ကြောင့် အမြဲတမ်းမူးနေတတ်သော အရက်ဆိုင်က ကောင်မလေး ဒေါ်ရော်သီနှင့် စခန်းသွားနေရသည်မှာ တယ်မနိပ်လှ။



အရက်ဆိုင်ပိုင်ရှင်နှင့် စကားပြောဖို့ သူလှည့်လိုက်သည်။ အောက်မှုကြမ်းက မညီသောကြောင့် တစ်ဘက်သို့ သူယိုင်သွားသည်။ ဂျက်ဖရီ အနားမှ စားပွဲစွန်းကို ကမန်းကတန်း ထိန်းကိုင်လိုက်သည်။ စားပွဲစောင်းနှင့် သူ့ရင်ဘတ် ထိမိသွားသည်။

ကြွရည်သုတ် အင်္ကျီကြယ်သီးတစ်လုံး ပြုတ်ပြီး ဂျက်ဖရီ ဘက်သို့ လွင့်ကျသွားသည်။ ဆိုင်ရှင်က သူ့ကို တိတ်ဆိတ်စွာ လှမ်းကြည့်နေသည်။ သူ့ကိုယ်သူ ဟန်နိုင်သောအခါ ဆိုင်ရှင်ဆီသို့ လျှောက်လာသည်။

သူ့ကို ဆိုင်ရှင် အကဲခတ်ကြည့်နေကြောင်း ယတိသားမိသည်။ ထို့ကြောင့် သူ့ကိုယ်ပေါ်မှ ဖုန်များ ခါချရင်း စဉ်းစားနေမိသည်။ ပတ်ဝန်းကျင်ကို ပြန်ကြည့်သည်။ သူတို့နှစ်ယောက်အပြင် မှန်မှန်ဟောက်ပြီး အိပ်ပျော်နေသော ဂျက်ဖရီသာရှိသည်။

'အရပ် ထောင်ထောင်မောင်းမောင်း ဆံပင်နက်နက်နဲ့ ဟော့ဒီငနဲကို ကြည့်စမ်း...'

ဂေးလ်ဘတ်က ဂျက်ဖရီဘက်သို့ မေးငေါ့ပြလိုက်ရင်း ပြောသည်။

'တစ်ပတ်သောက် သူမထတဲ့ အရက် မူးနေအောင် ခင်ဗျား လုပ်ထားနိုင်မယ် ထင်သလား'

www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုင်ပိုင်ရှင်က ခေါင်းကုတ် စဉ်းစားသည် ဂေးလ်ဘတ်ကို အကဲခတ်ကြည့်ပြန်သည်။

သူ့ အရက်ဆိုင်သို့ လူကြီးလူကောင်းများ လာလေ့မရှိ။ ဂျပိုးဘောလေများသာ ကျက်စားလေ့ရှိသည်။

ယခုတော့ သူ့ကံဇာတာ စန်းလာဂ်များ မှည့်သို့ ပြောင်းလဲ တိုးတက်လာသည်မသိ။ စောစောပိုင်းတုန်းက ဆံပင်နက်နက် အရပ်ထောင်ထောင်မောင်းမောင်း လူကိုထံ တစ်ယောက် ရောက်လာသည်။ အရက်ကို အငမ်းမရ သောက်ပြီး ဇက်ကျိုးကျကာ အိပ်ပျော်သွားသည်။

ယခု နောက်ထပ် လူကြီးလူကောင်း တစ်ယောက် ရောက်လာပြန်သည်။

စားရက် ကြုံချင်သောကြောင့် တစ်နေ့တည်းမှာပင် ယခုလို နှစ်ယောက်ပူးကြီး ရောက်လာခြင်း ဖြစ်ရမည်ဟု ပိုင်းဖြတ်နားလည်လိုက်သည်။

သားသားနားနား ဝတ်ဆင်ထားသော ဂေးလ်ဘတ်ကို မော့ကြည့်သည်။

'ထိုက်တန်တဲ့တန်ဖိုးရယင်တော့ လုပ်ထားနိုင်ပါတယ်လေ၊ ဒါ့ပမယ့် ဗီလူ တစ်ပတ်လုံးမူးနေအောင် လုပ်ဖို့ဆိုယင် ပင်လယ်ရေတွ ဘယ်ယာဖြစ်နေယင်တောင် ပင်လယ် ခန်းသွားနိုင်လောက်တယ်နော်'



အရက်ဆိုင်ပိုင်ရှင်က စဉ်းစဉ်းစားစားဖြင့် စကားကို ဆက်လုံးချင်းချ်မြွာသည်။

အမူးလွန်ပြီး သတိလစ်နေသူထံမှ မြိုးမြိုးမြက်မြက် ချစရာအကြောင်း မရှိ၊ ထိုသူသည် သူ့ဆိုင်သို့ ဒေါ်သတကြီး ရောက်လာသည်၊ ရှူးရှူးရှဲ ဖြစ်နေသည်။ အရက်ကို အငမ်းမရ သောက်သည်။ ပြီးတော့ သတိလစ်သွားသည်။

ထို့ကြောင့် သိပ်မျှော်လင့်ချက်မရှိ။

ဒုတိယ ရောက်လာသူက ဝတ်ဆောင်းစားလှနှင့် ဖြစ်သည်။ သုံးစွဲနိုင်ပုံပေါ်သည်။ ထို့ကြောင့်လည်း စကားများမသွားရလေအောင် သတိထားပြီး ပြောခြင်း ဖြစ်သည်။

ဂေးလ်ဘတ်က ဆိုင်ရှင်၏ စကားကို ကြားသည်နှင့် ရွှေဒင်္ဂါးများ ထုတ်ရသည်။ ဟန်ကြီးပန်ကြီး အမူအရာဖြင့် ခပ်ကြွားကြွား ရေနေခြင်းဖြစ်သည်။ ရွှေဒင်္ဂါးများ အချို့က လက်ကြားမှနေ၍ စားပွဲပေါ် ကျသွားသည်ကိုပင် အမှုမထားလေဟန် လုပ်နေသည်။

ရွှေဒင်္ဂါးများကို မြင်လိုက်သည်နှင့် ဆိုင်ရှင်မှာ သွားရည်တမြားမြား ဖြစ်လာသည်။ လောဘ စိတ်ကြောင့် မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟောဒီမှာ...ခင်ဗျား တာဝန်ယူပေးတဲ့ အတွက် တန်ရာဘန်ကြေး'

ဂေးလ်ဘတ်က ဘာကိုမျှ အရေးမစိုက်သည့်လေသံမျိုးဖြင့် ပြောရင်း ရွှေဒင်္ဂါးများ ပေးသည်။

'ခင်ဗျား ဘယ်လိုနည်းနဲ့ပဲ သူ့ကို ထိန်းထား ထိန်းထား ကျုပ် ဂရုမစိုက်ဘူး၊ သူ့ကို ဒီဆိုင်ထဲမှာ တစ်ပတ်တိတိ ထိန်းထားဖို့ပဲ အရေးကြီးတယ်၊ ကျုပ်ခိုင်းခဲ့တယ်ဆိုတာ သူ လုံးလုံးမသိစေရဘူး၊ သူ ဒီမှာရှိနေတယ်ဆိုတာ တစ်ခြား ဘယ်သူမှ မမြင်စေရဘူး၊ တစ်ခြား ဘယ်လိုလူနဲ့မှ သူ စကားမပြောစေရဘူး၊ နားလည်တယ် မဟုတ်လား...'

'ဟောဟို နောက်ဘက်မှာ အခန်းတစ်ခန်း ရှိပါသေးတယ်ခင်ဗျ၊ လိုက်ကာတွေလဲ ရှိပါတယ်၊ အဲဒီအခန်းထဲ ရွှေ့ထားပြီး လိုက်ကာတွေ ချထားလိုက်မယ်ဆိုယင် သူ့ကို ဘယ်သူမှ မမြင်နိုင်တော့ပါဘူး'

ဆိုင်ရှင်က ရွှေဒင်္ဂါးများ ကိုင်ထားသည့် လက် ဖြင့် အနောက်ဘက်သို့ ညွှန်ပြသည်။ တိုးလျိုတွဲလောင်းပစ္စည်းများမှာ ယောင်းနွမ်းရုံမက ညစ်ပေလွန်းလှ လေ သည်။

ဂေးလ်ဘတ်က စဉ်းစားနေသည်။ ခဏနေတော့မှ သူ စကားပြန်သည်။



'မရွှေ့နဲ့...မရွှေ့နဲ့၊ သူအမူးပြေပြီး သတိပြန်ရလာယင် နေရာရွှေ့နေတဲ့အတွက် မယုံသင်္ကာ ဖြစ်သွားလိမ့်မယ်၊ သူ ရှိနေတဲ့ နေရာမှာပဲ ထားလိုက်၊ သတိရလာခါနီးတိုင်း သူ့ ပါးစပ်ထဲကို ဘီယာသာ မှန်မှန်လောင်းထည့်ပေး၊ ဟုတ်ပြီလား'

'ဟုတ်ပါပြီခင်ဗျာ၊ အဲဒီအတိုင်း ကျွန်တော်လုပ်ပေးပါ့မယ်'

အရက်ဆိုင်ပိုင်ရှင်က မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည်။ ပြီးတော့ ပြောင်သလို နောက်သလို ဆက်ပြောပြန်သည်။

'လင်လုပ်တဲ့ကောင်ကို ကျွန်တော်က ထိန်း၊ ခင်ဗျားက သူ့မယားဆီသွားပြီး ပွဲတော်ကြီး ကျင်းပတော့မယ်ပေါ့လေ၊ ဟား...ဟား'

ထိုစကားကြောင့် ဂေးလ်ဘတ်က အေးတိအေးစက်အမူအရာဖြင့် ပြန်စိုက်ကြည့်သည်။ အေးတိအေးစက် လေသံဖြင့်လည်း ပြောသည်။

'ကျုပ်ပြောတဲ့အတိုင်းလုပ်၊ သူ ဒီနေရာမှာပဲ တစ်ပတ်လုံးလုံး ရှိနေပစေ၊ ခင်ဗျားကို ရွှေဒင်္ဂါးတွေ ထပ်ပေးဦးမယ်'

ဆိုင်ပြင်သို့ ဂေးလ်ဘတ် ထွက်သွားသည်။ ချက်ချင်း လက်ငင်းကြီး ကံဇာတာတက်ကာ ပွပေါက်တိုးလာသော ကြောင့် ဆိုင်ရှင်မှာ အပျော်ကြီး ပျော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ သတိသစ်နေသည့် ဂျက်ဖရီ၏ပါးစပ်ထဲသို့ ဘီယာများ ကြိုးစားပမ်းစား လောင်းထည့်လိုက်လေသည်။

ဂျက်ဖရီ စိတ်ဆိုးမာန်ဆိုး ထွက်ခွာသွားပြီး ပထမည အိမ်ပြန်ရောက်မလာ၊ ထို့ကြောင့် စိတ်ဘိုတိုဖြင့် တစ်ယောက်တည်း အိပ်ရာဝင်ခဲ့သည်။

နောက်နေ့မှာသည်း ဂျက်ဖရီ ပြန်ရောက်မလာ။ သည်တစ်ခါတော့ လီနို စိတ်လှုပ်ရှားစ ပြုလာလေသည်။ သူ့စိတ်ကို ကာင်းထ နိုင်တော့သည့်အတွက်ဂျက်ဖရီကိုများ တစ်ယောက်ယောက် မြင်မိသလားဆိုသည်ကို မစ္စက်ဝပ်တ်အား မေးကြည့်မိလေတော့သည်။

အမြဲကမ်း ပျော်ပျော်ပါးပါး နေတတ်သည့် မစ္စက်ဝပ်တ်မှာ ထိုအမေးကြောင့် မျက်နှာမကောင်း ဖြစ်သွားသည်။

'ယောကျ်ားတွေဟာ ဒီအတိုင်းချည်းပဲ၊ မွေးယင်ပန်နံ့ယင်ပစ်ဆိုတဲ့အစားမျိုးတွေလေ၊ ချစ်စခင်စကြင်နာစဆိုယင် သူတို့ထက်အဖြစ်သည်းတဲ့လူမရှိဘူး၊ အနားကတစ်ဖဝါးခွာရမှာကိုတောင် သေမလောက်ကြောက်တတ်ကြ



တယ်၊ စစ်ထွက်သွားပြီးစစ်မြေပြင်မှာသေသယင်သေ၊ မသေဘဲပြန်ရောက်လာယင်လဲ အဖြစ်သည်းလို့ မဆိုတော့ဘူး၊ အဲ....နည်းနည်းလေး အနေကြာလာပြီဆိုယင် အိမ်ကဟာမကို ချောင်ထိုးထားပြီး တခြား ကောင်မတွေနောက် တကောက်ကောက်လိုက်နေတော့တာပဲ၊ ယောကျ်ားများအကျင့်ကိုမကောင်းဘူး၊ ဒါပေမယ့် ညည်းလို အင်မတန်ချောမောလှပတဲ့ မိန်းကလေးမျိုးကိုကျော်ခိုင်းထွက်သွားနိုင်တာကတော့ မယုံကြည်နိုင်စရာပဲ'

'သူ့မှာအလျင်ကတည်းက မိန်းမတစ်ယောက် ရှိခဲ့ပြီးသား....'

လီနိုက အသံ လေးလေးကြီးဖြင့် ပြောသည်။ ထိုအကြောင်းများကို တစ်ယောက်ယောက် ယုံကြည်စေချင်သည့်ဆန္ဒက ကြီးမားနေသည်။

'ငါသိပါတယ်အေ၊ ညည်းအမျိုးသားနာမည်ဟာ သူပြောသလို မစ္စတာဒေါက်မဟုတ်ဘဲ မစ္စတာ ဝင်းဒမ်းဆိုတာလဲ လူတိုင်းလူတိုင်း သိနေကြတာပဲ၊ ဒါပေမယ့် ဒီအကြောင်းတွေမင်းလဲသိထားပြီး ဘာကိုမှအလေးမထားရမစိုက်ဘူးလို့ ငါထင်နေတာ'

အဘွားကြီးက တွဲတိုးကြီး ပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မသိပ်ကို အလေးထားတာပေါ့ရှင်၊ သိပ်ကိုဂရုစိုက်တာပေါ့၊ ဒါပေမယ့် အချိန်တွေ သိပ်လွန်သွားပြီးမှ ဒီအကြောင်းကို ကျွန်မ သိရတာပေါ့ရှင်'

လီနီက အဖြစ်မှန်ကို သနားစဖွယ် ပြောပြသည်။ သူ ပြောနေသည့်အကြောင်းတွေကရော အမှန်တွေပဲလားဟုလည်း သူ့ကိုယ်သူ မေးခွန်းပြန်ထုတ်မိသည်။

ဂျက်ဖရီကို သူမချစ်ပေဘူးလားဟုလည်း ပြန်စဉ်းစားသည်။ တကယ်ဆိုတော့ ဂျက်ဖရီကို သူအရူး အမူးချစ်ခဲ့မိသည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့်လည်း သူ့ဘက်က နောက်ဆုတ်ဖို့ ဆိုသည်မှာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ချေ။

'ကျွန်မဟာ သူ့ရဲ့တရားဝင်မယားမဟုတ်ဘူး ဆိုတာ တခြားလူတွေရော သိကုန်ပြီလားဟင်'

လီနီက ရင်နာနာဖြင့် မေးမိသည်။

'ဂေးလ်ဘတ်က တွေ့ကရာလူကို လိုက်ပြောနေတာပဲ၊ သူ့အသံ ကျယ်သလောက် အတိုင်းအတာ အထိတော့ အားလုံးသိကုန်ကြပြီပေါ့၊ ငါ့အထင်တော့ဂျက်ဖရီနေရာမှာ သူအစားဝင်နေချင်တယ်နဲ့ တူတယ်၊ ညည်းကိုသာရမယ်ဆိုယင် တခြားမိန်းမတွေနောက် ကို သူလိုက်နေတော့မှာမဟုတ်ဘူး၊ နောက်ပြီး မင်းကလဲ တရားဝင်လက်ထပ်ထားတာမဟုတ်တော့ အပြစ်လွတ်တယ်လေ'



ထိုစကားကြားရသောအခါ လီနီ အကြီးအကျယ် ဒေါသဖြစ်သွားသည်။ သို့သော်လည်းတတ်နိုင်သလောက် ထိန်းပြီး ပြန်ပြောသည်။

'ယောင်လို့တောင် အိပ်မက် မမက်ဘူးလို့ မစ္စတာဂေးလ်ဘတ်ကို ပြောပြလိုက်စမ်းပါရှင်'

မစ္စက်ဝပ်တ်က သက်ပြင်းချသည်။ လီနီ သဘောပေါက်ပြီး လက်ခံလာအောင် အကျိုးသင့်အကြောင်းသင့်လည်း ဆက်ရှင်းပြသည်။

'အခုလို အချိန်မျိုးမှာ အဲဒီ သဘောထားမျိုး ထားသင့်မှာတော့မပေါ့ သူငယ်မရယ်၊ ဂျက်ဖရီက မင်းကိုပစ်သွားပြီလေ၊ လာလီဘလဲ မစ္စတာဂေးလ်ဘတ်ကို ပစ်သွားတယ်၊ မင်းတို့နှစ်ယောက်စလုံးလွတ်လပ်နေကြတဲ့ အချိန်ပဲ၊ ဒါကြောင့် အခုလိုအချိန်မျိုးမှာ မစ္စတာဂေးလ်ဘတ်ကို မင်းလက်ခံသင့်တာပေါ့'

လီနီ၏ ဒေါသမှာ ပိုမိုကြီးထွားလာသည်။

'သရဲဘဇ္ဇော်ကိုသာလင်လုပ်ချင်လုပ်မယ်၊ သူ့ကိုတော့ သဘောတောင်မစဉ်းစားဘူးလို့ ပြောပြလိုက်စမ်းပါ ရှင်'ဟုလည်း အသံ မာမာဖြင့် ခွန်းတုံ့ ပြန်ပြောပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီသိုဆိုယင် မင်းဘယ်ကိုသွားမလဲ၊ မင်းဘယ်လိုရှိတည်မလဲ၊ မင်းဘဝဘယ်လိုဖြစ်လာမလဲ'

သူ၏ တည်ခိုခန်းတွင် အလကားတည်း၍ မရနိုင်ကြောင်း အနူးညွှတ်အညင်သာဆုံးနည်းဖြင့် မစ္စက်ဝပ်တ် ပြောလိုက်ခြင်းဖြစ်ကြောင်း လီနီက မှန်းဆကြည့်လိုက်မိလေသည်။

လီနီမှာ ကလေးပေါက်စလေး တိုးလို့ တန်းလန်းလည်း ပါနေသည်။ ဝင်ငွေ ရငပေါက် ရလမ်း ကလည်း လုံးဝမရှိ။

လီနီက အသက်ပြင်းပြင်းရှူလိုက်သည်။

'ဂျက်ဖရီကျွန်မကိုပစ်မသွား နိုင်ပါဘူး၊ ဒီလို အလုပ်မျိုး သူဘယ်တော့မှလုပ်မှာ မဟုတ်ပါဘူး' ဟုလည်း ပြန်ပြောသည်။

'လီမှာပါးနပ်တဲ့ယောကျ်ားတွေဟာ သူတို့ခွာချင်ပြီဆိုယင် လုံလောက်တဲ့ အကြောင်းပြချက်တွေ ရှာတတ်ကြပါတယ်အေ'

ထိုစကားကို အလွန်နားကြည်းသည့်လေသံဖြင့် မစ္စက်ဝပ်တ်ပြောခြင်းဖြစ်သည်။ အလွန်ဖရုရှုပ်ထွေးသည့်အိမ်ထောင်ရေးအကြောင်းကိုလည်း သူနားမလည်နိုင်သည့်ပုံမျိုးဖြစ်နေသည်။



လီနီက အံ့ဩစိတ်ဖြင့် အတွားကြီးကို မော့ကြည့်သည်။ အတွားကြီး၏ မျက်နှာမှာ ခပ်ချွန်းချွန်း အနေအထားရှိသည်။ ယော်စဉ်တုန်းက အလွန်ထရုတ်ပြောမော သူပမည့်မျက်နှာဖြစ်ကြောင်း သိသာ ထင်ရှားနေသည်။ မျက်လုံးများကလည်း အာရုံတဖိတ်ဖိတ် တောက်နေလေသည်။ တစ်ချိန်တုန်းက အလွန်လှပခဲ့သည့် မျက်လုံးများဖြစ်ကြောင်း သိသာထင်ရှားသည်။

မစ္စက်ဝပ်တ်မှာလည်း ချစ်သူရှိခဲ့ဖူးသည်။ နောက်ပြီး ချစ်သူ၏ စွန့်ပယ်ခြင်းကို ခံခဲ့ရသောကြောင့် အသည်းကွဲခဲ့ဖူးသည်။ ယောကျ်ားများအပေါ် စိတ်နာနေသူဖြစ်သည်။

ထိုအကြောင်းများကို စဉ်းစားမိသောအခါ လီနီသည် မစ္စက်ဝပ်တ်ကို ကရုဏာသက်သွားမိလေသည်။

မျက်နှာချင်းဆိုင်အိမ်မှ အဘိုးကြီး တစ်ယောက်နှင့် မစ္စက်ဝပ်တ် ဘာလိုလိုဖြစ်နေရာ အဆင် ပြေသွားကြပါစေဟုလည်း ထိုအချိန်ကလေးမှာပင် လီနီက စိတ်ထဲမှာ ဆုတောင်းလိုက်မိလေသည်။

'ကျွန်မ ဂျက်ဖရီကို လိုက်ရှာလိုက်ဦးမယ်၊ တစ်နေရာမှာ စိတ်ထိခိုက်ပြီး အရက်မူးအောင် သောက်ချင်သောက်နေမှာ...'

www.burmeseclassic.com

www.burmeseclassic.com



လီနီက ရုတ်တရက် ပြောချလိုက်သည်။

ခေါင်းမာသည့်လီနီ အပေါ်ထပ်သို့ ပြန်တက်သွား သည်ကိုကြည့်ပြီး မစ္စက်ဝပ်တ်က ခေါင်းကို ရမ်းခါနေ လေသည်။

ခဏနေတော့ ပြန်ဆင်းလာသည်။ လိုရိနာကို ရွေ ခေါင်ကလေးတစ်တည်နှင့်ပတ်ပြီး ပွေ့ယူလာသည်။

'ကလေးကိုပါ ခေါ်သွားမလို့လား'

မစ္စက်ဝပ်တ်က အထိတ်တလန့် လှမ်းအော်မေးသည်။

'ခေါ်သွားမှ ဖြစ်မှာပေါ့၊ ဂျက်ဖရီကိုတွေ့ဖို့ တစ် လုံး ကုန်အောင် လျှောက်ချင် လျှောက်နေရမှာ၊ တ ခေါက် ပြန်လာပြီး သမီးကို နို့မတိုက်နိုင်ဘူးလေ၊ သူ့ တစ်ပါတည်း ခေါ်သွားလိုက်တာ အကောင်းဆုံးပဲ'

အပြင်ဘက်သို့လီနီထွက်သွားသောအခါ မစ္စက်ဝပ်တ် သည် ခေါင်းကို ရမ်းခါမြဲ ရမ်းခါနေလေသည်။

မြို့ဆဲသို့ လီနီထွက်ခဲ့သည်။ ဂျက်ဖရီ၏ အခေါ်င အသင်းများကို ရှာဖွေပြီး မေးမြန်းစုံစမ်းသည်။

တစ်နေရာရောက်တော့ မိုက်ကယ်နှင့် သွားတိုးသည် ထို့ကြောင့် မိုက်ကယ်ကို အကျိုးအကြောင်း ရှင်းပြ ကူညီရှာဖွေပေးရန် အကူအညီ တောင်းရပြန်သည်။



လီနီကို အကူအညီ ပေးရမည်ဖြစ်သောကြောင့် မိုက်ကယ် အကြီးအကျယ် မပျော်သွားသည်။ ချက်ချင်း ခေါင်းညိတ်ကာ ဂျက်ဖရီကို ရှာပုံတော်ဖွင့်လေတော့သည်။

သို့သော်လည်း သူတွက်လိုက်သည်မှာ တလွဲဖြစ်နေသည်။

လီနီနှင့် ကတောက်ကဆတ် ဖြစ်သွားသော ဂျက်ဖရီသည် စာအုပ်ကောင်းကောင်း တစ်အုပ်ရှာပြီး လီနီ ရုတ်တရက် ရှာမတွေ့အောင် စာကြည့်တိုက် တစ်ခုခုထဲမှာသော် လည်းကောင်း၊ ပြတိုက် တစ်ခုခုထဲမှာသော်လည်းကောင်း အချိန်သွားဖြုန်းနေလိမ့်မည်ဟု တွက်သည်။

ထို့ကြောင့် စာကြည့်တိုက်များ၊ ပြတိုက် များကို တစ်ခုမကျန် လိုက်လံရှာဖွေသည်။

လီနီက လွယ်လွယ်နှင့် လက်မလျှော့ပေ။ အရက်ဆိုင်တော့ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်သည်။ မိတ်ဆွေ အပေါင်းအသင်းများကို မေးသည်။

အဖြေကတော့ တစ်မျိုးတည်းဖြစ်သည်။ ဂျက်ဖရီနှင့်တွေ့သည်မှာ ရက်သတ္တပတ်အတော်ကြာပြီဖြစ်ကြောင်း၊ ညသည့်ဘက်တွင် စက်ကျနေသည်ကို သူတို့မသိကြောင်းများပင် ဖြစ်သည်။ သူတို့ မှန်သည့်အတိုင်း ပြောကြခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလှန်ချောင်ကျပြီး အဆင့်အတန်း နိမ့်လှန်းသည့် အရက်ဆိုင်များသို့ သွားလေ့သွားထ ရှိသူများ မဟုတ်သဖြင့် ဂျက်ဖရီကို သူတို့မတွေ့ခြင်းဖြစ်သည်။ လီနီ ကိုယ်တိုင်ကလည်း ထိုမျှအောက်တန်းကျသည့်အရက်ဆိုင်များသို့မူ ဝင်ရောက် ရှာဖွေကြည့်ခြင်း မပြုမိချေ။

၉

ဂျက်ဖရီမှာ သတိပြန်လည်မည်ပြုတိုင်း ဘီယာလောင်းထည့်ခြင်း ခံနေရလေသည်။

ဂေးလ်တတ်ထံ သွားပြီး စုံစမ်းကြည့်ဖို့တော့ လီနီ နည်းနည်းကလေးမှ စိတ်ကူးမကြည့်မိပါ။

သည်လိုဖြင့် တစ်ရက်ပြီးတစ်ရက် အချိန် ကုန်လာသည်။ အောက်ဖိုမြို့ပေါ်တွင် ဂျက်ဖရီကို တွေ့အောင် ဘယ်လိုမှ ရှာနိုင်ကြတော့မည်မဟုတ်သည့် လူများမှာလည်း ထပ်ကုန်ပြီ။ သတင်း အစအနများလည်း ခန်းခြောက်သွားလေပြီ။

ငါးရက်မြောက်နေ့သို့ ရောက်လာသည်။

ဂျက်ဖရီသည် အပြီးအပိုင် ထွက်ခွာသွားခြင်းဖြစ်သည်ဟု လီနီ ဆုံးဖြတ်ချက် ချရလေတော့သည်။

ထိုသို့ စိတ်တုံးတုံး ချလိုက်သောအခါ စိတ်ဆင်းရဲ၍ မဆုံးနိုင်အောင် ဖြစ်ရလေသည်။ အထူးသဖြင့် လိုရိနာ



ကလေးမျက်နှာ မြင်ပြီးသည့်နောက်တွင်မှ ယခုလို ဖြစ်ရသည့် အတွက် ပို၍ ရင်နာမဆုံးဖြစ်ရသည်။

ဂျက်ဖရီ အပြီးအပိုင် ထွက်ခွာသွားလေပြီ။

လီနီ့ကို စိတ်အနာကြီးနာကာ စွန့်ပစ် ထွက်ခွာသွားခြင်းဖြစ်သည်။

နှုတ်ဆက်စကားကလေးပင် ပြောမသွားတော့။

အောက်ထပ်သို့ လီနီ ဆင်းလာသည်။ ဂျက်ဖရီကကယ် ခွဲခွာသွားပြီ ဖြစ်ကြောင်း သူနားလည် သက်ခံ လိုက်သည်။

ထိုနားလည်ချက်မှာ သူ့ မျက်နှာပေါ်တွင် ဖုံးအုပ်ထားလိုက်၍ မရနိုင်လောက်အောင် ပေါ်လွင်နေပြီထင်၏။

တည်းခိုခန်းပိုင်ရှင် မစ္စက်ဝပ်ဇ်နှင့် တွေ့သောအခါ တည့်တည့်ကြီး ဆီးကြိုပြောခြင်းကို ခံရလေသည်။

'ညည်းလူတော့ တကယ် ထွက်သွား ပါပြီ အေး ယောကျ်ားများ ဒီလိုချည်းပါပဲ။ မိန်းမှာ ကလေးတစ်ယောက်လောက် မွေးပြီဆိုယင် နောက်တစ်ယောက်ဆီ သူတို့ ပြောင်းကြ တော့တာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



လီနိုမှာ ဘာစာအားမျှ ပြန်ပြောနိုင်စွမ်း မရှိတော့ပါ။ ထို့ကြောင့် အပေါ်ထပ်သို့ ခက်ခဲပင်ပန်းစွာ ပြန်တက်ခဲ့ပြီး ကုလားထိုင်ပေါ်မှာ ထိုင်ကာ အတွေးနယ်ချဲ့ရလေတော့သည်။

သည်မှာ သူ ဆက်နေ၍ မဖြစ်နိုင်တော့။ ဒါကတော့ ရှင်းပါသည်။ သူ့လက်ထဲမှာ ပိုက်ဆံဆိုလို့ အကြွေနည်းနည်းပါပါးပဲ ကျန်တော့သည်။ တည်းခိုခန်းခ ပေးလောက်သည့် အနေအထားက် မဟုတ်တော့။ မိုက်ကယ် စိုက်ပေးထားသော ဝမ်းဆွဲခ ပြန်ဆပ်နိုင် လောက်သည့် ငွေ မဟုတ်တော့။

ထို့ကြောင့် သည်နေရာမှ ထွက်ခွာရပေ တော့မည်။ ကြာကြာ ဆက် နေလျှင် အကြွေးပတ်လည်စိုင်းပြီး ထောင်သွင်း အကျဉ်းချထားခြင်းကို မုချမသွေ ခံရပေ တော့မည်။

အသက်မွေးဝမ်း ကျောင်းပညာ ဆိုလို့သည်း ဘာတစ်ခုမှ မတတ်။ ဝင်ငွေရအောင်လည်း ရှာတတ်ဖွေတတ်သည် မဟုတ်။

အိမ်ဖော်ဝင်လုပ်လျှင်တော့ ဖြစ်ပါသည်။

သို့သော် ယခုလို အချိန်မျိုးတွင် ထိုအလုပ် ရဖို့ကလည်း အလွန်ခက်ခဲလေသည်။



စစ်ဖြစ်ပြီးစ အချိန်က လ ဖြစ်လေရာ စစ်မြေပြင်တွင် အကျရှုံးခဲ့သည့် စစ်သားဟောင်းဒုက္ခိတများသည် မှရာ အလုပ်ကို ပေးသလောက် ယူပြီး ဝင်လုပ်နေကြသည်။

ထို့ကြောင့် လီနိုကို အိမ်ဖော်အဖြစ်ခွားဖို့ထက် ဈေးပေါသော ဒုက္ခိတစစ်ပြန်များကိုသာ ငှားရမ်းကြမည် ဖြစ်လေသည်။

အိမ်ကောင်းရှိသူများ အဖို့မှ သူတို့ဇနီးများကရှာ အလုပ်ကို ပေးသလောက်ယူပြီး လုပ်ကြသည်။

သူတို့ သားသမီးများကိုလည်း ကြည့်ပါဦး။ အားလုံး လမ်းပေါ် နေ ပြီး တောင်းရမ်း စားသောက် နေကြရလေသည်။

ထို့ကြောင့် အိမ်ဖော်အလုပ်ရဖို့ ဆိုသည်မှာ နည်းနည်းကလေးမျှ မလွယ်ကူချေ။

စဉ်းစားမရင်း လီနို တုန်လှုပ် ချောက်ချား လာသည်။ သည်လောက် ကြီးမားသည့် ဒုက္ခဝဲသြဃ ထဲ တွင် သူ့သမီးလေး လိုရိုမှာကို အနစ်မွန်းမခံနိုင်ပါ။ ဘယ်နည်းနှင့်မျှ မခံနိုင်ပါ။

တည်းခိုခန်းပိုင်ရှင် မစွံကဝပ်ထံမှာ အလုပ်ရနိုင်ကလေးဘာလေး တောင်းကြည့်လျှင် ဖြစ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မစွက်ဝပ်တတ်သူ့ ကို အလုပ်ပေးခြင်းသည် ဂွင်းနက်ကို အလုပ်ထုတ်ပစ်လိုက်သည့် သဘောဖြစ်သည်။

ဂွင်းနက်နေရာမှာ အစားထိုးမှု ဖြစ်မည်။ သနားစရာကောင်းသောဂွင်းနက် အလုပ်ပြုတ်၍ မဖြစ်ပေ။ သူတို့အဖို့ သည်အလုပ်ကလေးနှင့် မှေး၍ စားနေရခြင်း ဖြစ်သည်။

ဂွင်းနက်အလုပ်ကို ရသည်ပဲထားဦး။ ထိုလုပ်ခကလေးနှင့် သူတို့သားအမိ ဘယ်နည်းနှင့်မျှ မ လောက် င နိုင်။ စန္ဒီးဖိုင်းယားအတွက် မြင်းဇောင်းခနှင့် မြင်း စာ များလည်း လိုသေးသည်။

အောက်စဖို့မြို့မှာ ဆက်လက် နေဖို့ဆိုသည်မှာမည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ။

အရက်ဆိုင်တစ်ဆိုင်ဆိုင်တွင် စားပွဲထိုး ဝင်လုပ်လျှင်တော့ ဖြစ်နိုင်သည်။ မိမိရုပ်ရည်နှင် အလွယ်တကူ ရနိုင်သည်။ မည်သည့်ဆိုင်ကမဆို လိုလိုချင်ချင် ခန့် ကြ မည်မလွဲပေ။

သို့သော်လည်း အရက်ဆိုင်တွင် မိမိနှင့် သိကျွမ်းသူများ သော်လည်းကောင်း၊ ဂျက်ဖရီ၏ မိတ်ဆွေအပေါင်းအသင်းများသော်လည်းကောင်း လာရောက်စားသောက်လျှင် မည်သို့ လုပ်ရမည်နည်း။

ကိုယ့်မျက်နှာလည်း သူတို့ ကြည့်ဖို့အခက်၊ သူတို့မျက်နှာလည်း ကိုယ်က ကြည့်ဖို့ အခက်နှင့် အားလုံးအဖို့အနေ၍ အထိုင်ရခက်သည့်ဘဝကိုသာ ရောက်သွားပေလိမ့်မည်။

အရက်ဆိုင်မှာ စားပွဲထိုးဝင်လုပ်နေကြောင်း ဂေးလ်ဘတ် သိသွားလျှင် သေချာပေါက် လာရောက် နှောင့်ယှက်ပေလိမ့်မည်။

အရက်ဆိုင်ဆိုတော့ သူသည် လာသောက်ခွင့်ရှိသည်၊ သူလာသောက်လျှင် မိမိ စားပွဲထိုးရပေတော့မည်။ စားပွဲထိုးအလုပ် ဝင်လုပ်နေမိသောကြောင့် ငြင်းဆန် ခွင့် က မရှိပြန်။

စိတ်ပျက်လက်ပျက်ဖြင့် ဆံပင်များကို လက်နှင့်ဖွခနေမိသည်။ ဘာလုပ်ရမည်နည်း။

မဖြစ်နိုင်ပါ။ အောက်စဖို့မြို့တွင် ဆက်လက်နေထိုင်၍ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ။

ကိုယ်ခန္ဓာကို ရောင်းနိုး စားသောက်၍လည်း မဖြစ်၊ ထိုအလုပ်မျိုးကို သေသည်အထိ သူလုပ်မည်မဟုတ်။

ထိုနည်းတူစွာ သူ့ အချစ်ကို တကျည်ကျည် တောင်းခံနေသော မိုက်ကယ်နှင့် အတူနေထိုင်၍လည်း မဖြစ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်နှင့် အတူနေပါရစေဟုသာ မိမိက ပြောလိုက်မည်ဆိုလျှင် မိုက်ကယ်သည် ကမ္ဘာပေါ်တွင် အပျော်ဆုံးလူ ဖြစ်နေလိမ့်မည်။

ကိုယ့်အရှုပ်ထုပ်ကို မိုက်ကယ်ကဲ့သို့ အပြစ်ကင်းစင်သူ ရိုးသားသူ တစ်ယောက်၏ လက်ထဲသို့ ထိုးမအပ်နိုင်ပါ။

ဘာပဲဖြစ်ဖြစ် ကိုယ့်ပြဿနာကို ကိုယ်တိုင်ဖြေရှင်းနိုင်ဖို့ပဲ စဉ်းစားရတော့မည်။ ကိုယ့် ခြေထောက်ပေါ်တွင် ကိုယ်ရပ်ဖို့သာ ကြိုးစားရပေတော့မည်။

ထို့ကြောင့် ဖြစ်နိုင်သည့် နည်းလမ်းများကို မနားမနေ စဉ်းစား ရှာဖွေကြည့်သည်။

လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။ ဂျက်ဖရီမစ်ဘားခဲ့ရှုနှင့်ဘာဂျက်ရစတမ်းလား။ ဘာကြောင့် ဒါလောက်အောင် လွယ်လွယ်နဲ့ အရှုံးပေးရမည်နည်း။ ဘာ ဝ အခက်အခဲတွေကို ငါကျော်ဖြတ်ဖြည်း တိုက်ပွဲဝင်နိုင်း အောင်မြင်အောင်လုပ်မယ်။

သို့သော် ဘယ်လိုလုပ်မည်နည်း။

ထိုအချက်မှာ ပြဿနာဖြစ်သည်။



စဉ်းစားရင်းဖြင့် နောက်ဆုံးတွင်မူ အဖြေတစ်ခုကို သူရနေပြီဟု သူ့ဘာသာသူထင်သည်။

သည်အရပ်ကို သူ ခွာကိုခွာမှဖြစ်တော့မည်။ ထိုသို့ခွာဖို့အတွက် ဦးစွာပထမ လုပ်ရမည့် အလုပ်တွေ ရှိနေသည်။

စာပွဲမှာသွားထိုင်ပြီး မိုက်ကယ်ထံသို့ စာတစ်စောင်ရေးသည်။ မြင်းဇောင်းအလုပ်သမားကလေးဂျက်နှင့် ထိုစာကို အပို့ခိုင်းသည်။

စာထဲတွင် အစစအရာရာ ကူညီသည့်အတွက် ကျေးဇူးတင်ကြောင်း။ မကြာမီ မိုက်ကယ်လည်း သူ့နေရပ်သို့ပြန်တော့မည် ဖြစ်သောကြောင့် ကိုဗင်ထရီရှိ သူ့မိသားစုထံ လိပ်စာ ပေးခဲ့စေလိုကြောင်း၊ သို့မှသာ သူငွေအဆင်ပြေသောအခါ မိုက်ကယ် စိုက်ပေးထားသည့် ဝမ်းဆွဲခ ပြန်ဆပ်နိုင်မည် ဖြစ်ကြောင်းများ ရေးထည့်လိုက်လေသည်။

ထို့နောက် အောက်ထပ်သို့ဆင်းခဲ့ပြီး ဟည်းခိုခန်းပိုင်ရှင် အဘွားကြီးကိုရှာသည်။

ဇွန်းမတ္တ ရေဆေးနေသောအဘွားကြီးက သူ့အနားရောက် လာသည့် လီနီကို မျက်မှောင်ကုပ်ကြည့်ပြီး—

www.burmeseclassic.com

www.burmeseclassic.com



'ဇွန်းနှစ်ချောင်း ပျောက်သွားပြီ၊ ဂွင်းနက်ဆိုတဲ့ ကောင်မ အမှိုက်သွန်ရင်းနဲ့ ဇွန်းတွေကိုပါ ရောသွန်ပစ်လိုက်ပြီနဲ့ တူတယ်'ဟု ဗျစ်တောက် ဗျစ်တောက် ပြောနေသည်။

'ရှင့်ကို တည်းခိုခန်းခတွေ ကျန်မ ပေးဖို့ရှိနေတယ်၊ ဒါပေမယ့် ကျွန်မ မပေးနိုင်တော့ဘူး၊ ဂျက်ဖရီထွက်သွားတဲ့ အချိန်ကစပြီး ကျွန်မမှာ ဝင်ငွေတစ်ပြားမှ မရှိတော့ဘူးလေ'

လီနီသည် နိဒါန်းပျိုးတာတွေ၊ သွယ်ဝိုက် သိုင်းဝိုင်းတာတွေ လုပ်မနေတော့ဘဲ ပြောစရာရှိသည်ကို တဲ့တိုးပြောချလိုက်လေသည်။

'ပိုက်ဆံမရှိလဲ ညည်း ဒီမှာ ဆက်နေနိုင်ပါတယ်'

မစ္စက်ဝပ်တ်က ဘာမှ အရေးမကြီးသလို လက်ဟန်ခြေဟန်ဖြင့် ပြောသည်။ လက်ဟန် ခြေဟန်ကြောင့် ဇွန်းဝင်ချောင်းကို တိုက်မိပြီး ကြမ်းပြင်ပေါ်သို့ ကျသွားပြန်သည်။

'အိုး... အဲဒါသာ ကြည့်ပေတော့ဟော့၊ ခြေတွေလက်တွေကလဲ မငြိမ်တော့ပါဘူးကွယ်၊ ငါ့တည်းခိုခန်းမှာ အခန်းတွေ အများကြီးရှိနေတာပဲ မစ္စက်ဒေါက်၊ တစ်နေ့



တော့ အဆင်ပြေလာမှာပေါ့လေ၊ ထွက်ပေါက် တစ်ခုခုတော့ မင်းတွေ့လာရမှာပေါ့'

မစ္စက်ဝပ်တ်က ဘာမှ အရေးမကြီးသည့် လေသံမျိုးဖြင့် ဆက်ပြောသည်။

တကယ်ကတော့ အကြောင်းရှိသဖြင့် ထိုစကားကိုသူ ပြောခြင်း ဖြစ်ပါသည်။ ဂေးလ်ဘတ်ကို သူစဉ်းစားလိုက်မိသောကြောင့် ဖြစ်ပါသည်။ ဂေးလ်ဘတ်ကို သူ့အမေက မကြာခဏဆိုသလို ငွေပို့ပေးနေကြောင်း မစ္စက်ဝပ်တ်သိသည်။

လီနီအတွက် တည်းခိုခန်းခ ပေးခွင့်ရမည် ဆိုလျှင် ဂေးလ်ဘတ် ဘယ်လောက် ပျော်သွားမည်ဖြစ်ကြောင်းကိုလည်း သိသည်။

နောက်ဆုံး ဂေးလ်ဘတ်က လီနီ၏ တည်းခိုခန်းခများ မပေးနိုင်ဘူး ငြင်းလျှင်တောင်မှ ထိုတာဝန်ကို ယူချင်သူယောကျ်ားတစ်ယောက်ယောက် ပေါ်လာမည်မှာ မလွဲဖြစ်ကြောင်း မစ္စက်ဝပ်တ် ယုံကြည်စိတ်ချပြီး ဖြစ်ပါသည်။

လီနီလောက် ချောမောလှပသော ပိုင်ဆိုင်သူ မရှိတော့သည့် မိန်းမငယ်လေး တစ်ယောက်ကို မည်သူကတာဝန်မယူချင်ဘဲ ရှိမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ပိုက်ဆံမရှိသည်း ဆက်မနေနိုင်ကြောင်း ရဲရဲကြီးပြောလိုက်ခြင်းဖြစ်သည်။ လီနီမှာ အချိန်စောင့်ဖို့သာ လိုသည်။

ကြမ်းပေါ်ကျသွားသည့် ဇွန်းကို လီနီက ကောက်ပေးသည်။ မစ္စက်ဝေပ်တ်ပြောသည့်စကားကိုလည်းမျက်မှောင်ကုတ်ပြီးစဉ်းစားနေသည်။

'အဲဒီလိုပိုက်ဆံမပေးတဲ့နေ့တော့လဲ မနေချင်ဘူးရှင်၊ ရှင့်အနေနဲ့လဲ ဒီကရမှဒီကစားရတာ မဟုတ်လား၊ စားဝတ်နေရေးအတွက် ရှင်တည်ခိုခန်းဖွင့်ထားတာပဲ၊ ကျွန်မက အလိုက်မသိတဲ့ တက်နေလို့ဘယ်ဖြစ်ပါ့မလဲ၊ ဒါထက်ဘယ်မြို့မှာ ပွဲတော်ကျင်းပနေတာများ ကြားမိပါသလဲ မစ္စက်ဝေပ်တ်'

မစ္စက်ဝေပ်တ်၏ ကမ်းလှမ်းချက်ကိုငြင်းပယ်ရင်း၊ သူသိချင်သည်ကို တစ်ဆက်တည်း စုံစမ်းသည်။

မစ္စက်ဝေပ်တ်က ကိုယ်ကိုမတ်မတ်ရပ်လိုက်ပြီး လီနီကမ်းပေးနေသည့်ဇွန်းကို လှမ်းယူသည်။

'ပွဲတော်လား၊ အင်း...ကြားတော့ကြားမိတယ်၊ တန်ဘူးမြို့မှာ နောက်အပတ်ကျ ယင် ပွဲတော် စတော့မယ်ဆိုထင်ပါရဲ့၊ မဟုတ်သေးဘူး.... မဟုတ်သေးဘူး၊ အခုဆို ပွဲတော်စနေပြီ'



'ဒီလိုဆိုယင် ကျွန်မတန်ဘူးရိကိုသွားမယ်၊ ကျွန်မပေးစရာရှိတဲ့အခကြေးကို တန်ဘူးရိရောက်ယင် ပြန်ပို့ပေးလိုက်ပါ့မယ်နော်၊ တကယ်လို့ အဲဒီအခ မပို့နိုင်ယင်လဲ နောက်ပွဲတော်တစ်ခုခုကျ ပြီးဆက်အောက်ပို့ပေးပါ့မယ်'

မစ္စက်ဝေပ်တ်မှာ အံ့သြဆုံ နိုင်အောင် ဖြစ် သွားသည်။

သည်မိန်းကလေးသည် သူ့ကိုရောင်းစားပစ်ဖို့ ရည်ရွယ်တာန်တော့မတူ။ သို့သော်လည်း တန်ဘူးရိသို့ဘာသွားလုပ်မည်နည်း။

ဟိုရောက်လျှင် ငွေပြန်ပို့မည်ဆိုသည်။ သူငွေရအောင်မည်သို့ ရှာမည်နည်း။

ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်ဖို့ တစ်နည်းသာ သူ့အဖို့ရှိသည်။ သူ့ရုပ်သူ့ရည်နှင့်ဆိုလျှင် ကြိုက်သမလောက်ငွေတောင်းနိုင်သည်။

တန်ဘူးရိပွဲတော်မှာ သည်လိုမိန်းမမျိုး ရှာနေသည့်တောသူဌေးတွေပေါများလှသည်။

တစ်နှစ်လုံးငွေစုထားပြီး ပွဲတော်ရက်ကျမှအကုန်ချသုံးသည့် တောသားများလည်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘန်ဘူရီအသွားလမ်းမှာ စားဖို့အစားအစာ ထမင်းချက်ကို ကျွန်မလုပ်ခိုင်းလို့ ဖြစ်မလားဟင်'

မစ္စက်ဝပ်တ်၏ မျက်နှာခပ်တည်တည် ဖြစ်သွားသည်။ နောက်သို့လည်း တွန့်သွားသည်။ အလကားပေးရတော့မည်ထင်ပြီ၊ တွန့်သွားခြင်းဖြစ်ကြောင်း လီနီက ချက်ဆိုနားခွက်က မီ အောက်လိုက်လေသည်။ ထို့ကြောင့်—

'ထမင်းဖို့ပေးဖို့လောက်တော့ ကျွန်မမှာ ပိုက်ဆံကျန်ပါသေးတယ်ရှင်'

ဟု ပြောရင်း လီနီက ပိုက်ဆံ အိတ်ထဲမှ နှိုက်ပေးသည်။

သည်တော့မှ အတွားကြီး မျက်နှာပေး ပြောင်းသွားသည်။ လီနီလှမ်းပေးသည့်ပိုက်ဆံကိုဆွဲယူသည်။

'ထမင်းချက်ကို ငါ ပြောလိုက်မယ်၊ ဒါးပမယ့် မင်းတစ်ခုခုတော့မှားနေပြီလို့ ငါအင်တယ်မစ္စက်ဒေါက်'

လီနီက ဘာမျှပြန်မပြောတော့ချေ။ အပေါ်ထပ်သို့တက်ခဲ့သည်။

ထမင်းချက်အမျိုးသမီးက လီနီကိုသဘောကျ ခင်မင်နေသူဖြစ်သည်။ လီနီ၏စိတ်နေသဘောထား၊ နေပုံထိုင်ပုံများကို လေးစားသူဖြစ်သည်။



ထို့ကြောင့် လမ်းတွင်လီနီစား ဖို့ စားကောင်းသောက်ဖွယ်များကို အစွမ်းကုန်ပြင်ဆင်ချက်ပြုတ်ပေးပြီး သေသေသပ်သပ်ထုပ်ကာ လှေကားလက်တန်းတိုင်မှာ လာချိတ်ပေးသွားသည်။

လီနီ ရေးပို့လိုက်သည့်စာကို ဖတ်ရသောအခါ မိုက်ကယ်နားမလည်နိုင်အောင်ဖြစ်ရသည်။

ဘာကြောင့် သူ့ မိဘများ အိမ်လိပ်စာကို တောင်းသနည်း။ သံချင်စိတ်ဖြင့် လီနီ၏တည်းခိုခန်းသို့ ချက်ချင်းထ လိုက်လာသည်။ အခန်း တံခါးခေါက်လိုက်သည်။

'ဝင်ခဲ့ပါ'

လီနီက သမင်လည်ပြန်ကြည့်ရင်း ပြောသည်။ အခန်းထဲသို့ဝင်လာသူမှာ မိုက်ကယ်ဖြစ်ကြောင်း တွေ့ရသဖြင့် အံ့အားသင့်သွားသည်။

'အိုး...မိုက်ကယ်'

သူ ဒါလောက်ပဲပြောနိုင်သည်။ သူခရီးသွားဖို့ ဆုံးဖြတ်ထားခြင်းကို မိုက်ကယ်အနေဖြင့် အတင်းအဓမ္မကန့်ကွက်ပါစေနှင့်ဟုသာ ကျိတ်ပြီး ဆုတောင်းရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေ လုပ်နေတာလဲ၊ ဟင်...မွင်း ဘယ်သွား မလို့လဲ'

ပစ္စည်းများထုပ်ပိုးနေသည့် လီနိုကြောင့် မိုက်ကယ်မှာ သူ့မျက်စိကို သူ မယုံကြည်နိုင်အောင် ဖြစ်သွားလေ သည်။

'ဘာတွေ လုပ်နေတာလဲ ဆိုတော့ မြင်တဲ့ အတိုင်းပဲ လေ...'

လီနိုက အထုပ်တစ်ထုပ်ကို သေသပ်အောင်ထုပ်နေရာ မှ မော့မကြည့်တဲပြန်ဖြေသည်။ ပြီးတော့မှ ဆက်ပြော သည်။

'ကြွေးပင်လယ်ထဲမှာ နစ်ပြီး အသက်ထွက်မသွားခင် အေးကဲစဖို့မြို့နဲ့ဝေးရာကို သွားရမှာတော့မယ်လေ၊ ဒီမှာဆက် နေယင် ကြွေးမဆပ်နိုင်မှုနဲ့ ထောင်ထဲဝင်ရတော့မှာ သေ ချာနေပြီ'

'မင်းကို ပိုက်ဆံနည်းနည်းပါးပါး ကိုယ်ချေးနိုင်ပါ တယ်'

မိုက်ကယ်က မျက်မှောင်ကုပ် စဉ်းစားရင်း ပြော သည်။



လီနိုက ခေါင်းဆန့်သည်။ မိုက်ကယ်ကို မော့ကြည့်ပြီး ပြုံးပြသည်။ မိုက်ကယ်၏ လောကွတ်စကားကြောင့် သူ့ ရင်ထဲမှာ ထိခိုက်သွားလေသည်။

သူ့မှာအခက်အခဲတွေ ဘယ်လောက်များနေကြောင်း လီနိုပဲသိသည်။ ထိုကြားထဲမှ သူ့အပေါ် စိုက်လိုက်မတ် တတ် ကောင်းနေသူမှာ မိုက်ကယ်တစ်ယောက်သာ ရှိလေ သည်။

နေ့ကောင်းပြီးတော့ မိုက်ကယ်၏ အခြေအနေမှန်ကိုလည်း လီနိုသိထားသည်။ ဝတ်ကောင်းစားလှများကို မိုက်ကယ် ဝတ်ဆင်နေသည်မှာ မှန်ပါသည်။

သို့သော်လည်း သူ့မိဘများက ပေးထားသည့် ပညာ သင် ထောက်ပံ့ကြေးငွေမှာ မဖြစ်စလောက်ပင်။ ထိုငွေ ကလေးကို ခြစ်ခြုတ် သုံးစွဲနေရသူဖြစ်သည်။ ထိုကြားထဲ သူ့ကို ငွေချေးဖို့ ကမ်းလှမ်းလာသောကြောင့် လီနို စိတ် ထိခိုက်မှုခြင်း ဖြစ်လေသည်။

'နှင်ချေးတဲ့ပိုက်ဆံကိုလဲ ငါ မယူရက်ပါဘူးဟယ်...'

ဟု နူးညံ့သော လေသံကလေး ဖြင့် ပြန်ပြောမိသည်။

မိုက်ကယ် အလွန် စိတ်လှုပ်ရှားနေပုံရသည်။ ပါးနုတ် ဘက် နီရဲနေသည်။ အမူအရာမှာ ကြည်ငြိမ်နိုင်အောင် ကြိုး နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'လီနီ... ကိုယ်နဲ့အတူတူ ကိုယ့်မိဘများအိမ်ကို လိုက်ခဲ့ပါ၊ မင်းကို စောင့်ရှောက်ခွင့်သာ ရမယ်ဆိုယင် ကိုယ် သိပ်ပျော်မှာပဲ လီနီ'

မိုက်ကယ်က အားတက်သရော ပြောသည်။

လီနီက မိုက်ကယ်၏ပခုံးကိုပုတ်နေမိသည်။ သွေးရောင်လွှမ်းနေသည့် မျက်နှာကိုလည်း စိုက်ကြည့်နေသည်။

'နင် သိပ်ပျော်သွားမယ်ဆိုတာ ငါယုံပါတယ် မိုက်ကယ်၊ ဒါပေမယ့် အဲဒီ အလုပ်ကိုတော့ ငါ မလုပ်နိုင်ဘူး'

မိုက်ကယ်မှာ နောက်သို့ မသိမသာ တွန့်သွားသည်။

'ကိုယ် သဘောပေါက်ပါတယ်၊ မင်းကို လက်ဖျားကလေးနဲ့တောင် မတို့ပါဘူးလို့ ကတိပေးရင်းတာ၊ ဂျက်ဖရီဟာ ဘာဖြစ်ပဲဖြစ်နေနေ မင်းက သူ့ပိုင်ပစ္စည်းဖြစ်နေပြီဆိုတာ ကိုယ် သဘောပေါက်ပါတယ် လီနီ၊ ဒါကြောင့် မင်းကို လက်ဖျားနဲ့တောင် မတို့ပါဘူးဆိုတာ ကိုယ် ကတိပေးပါတယ်၊ ကိုယ်နဲ့ လိုက်ခဲ့ပါ၊ ကိုယ် စောင့်ရှောက် ထားပါရစေ'

လီနီက သူ့ကို မျက်တောင်မခတ်ပဲ အကြာကြီး ပြန်စိုက်ကြည့်နေသည်။

ပြီးတော့ သူ့နှုတ်ခမ်းများ တွန့်သွားလေသည်။



'မဖြစ်နိုင်ပါဘူး မိုက်ကယ်၊ နောက်ပြီးတော့ ငါ့ကိုလဲ ဂျက်ဖရီ မပိုင်တော့ပါဘူး၊ ငါ့ကို ဘယ်သူမှ မပိုင်တော့ဘူး၊ ငါ့ကို ငါပဲပိုင်တယ်၊ ငါပဲဆိုင်တယ်၊ ဂျက်ဖရီ အခု ပြင်သစ်နိုင်ငံကို ရောက်နေပြီ၊ သူ အိမ်ပေါ်က ဆင်းသွားတော့ ဘယ်သွားမလို့လဲလို့ ငါ လှမ်းမေးတယ်၊ ပြင်သစ်နိုင်ငံကို သွားမယ်လို့ သူ အော်ပြောသွားတာပဲ၊ အဲဒီအချိန်တုန်းကတော့ သူတကယ်သွားမယ်လို့ ငါမယုံကြည်ခဲ့ဘူး၊ ဒါပေမယ့် အခုတော့ ငါယုံသွားပြီ'

ထိုစကားကြောင့် မိုက်ကယ်က အခြေအနေ အရပ်ရပ်ကို အလျှင်အမြန် ဆက်စဉ်းစားကြည့်သည်။

'ကိုယ့်အပေါ် သဘောထားနဲ့ ပတ်သက်လို့တော့ နောက်မှ မင်းပြောင်းချင်သလို ပြောင်းပါ၊ ဘယ်လိုပဲဖြစ်ဖြစ် အခုအချိန်မှာတော့ မင်းဟာ လွတ်လပ်တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်နေပြီပဲ'

လီနီက မျက်နှာလွှဲပစ်လိုက်သည်။ လီနီ၏ မျက်လုံးအစုံထဲတွင် အလွန်တရာ စိတ်ထိခိုက်သွားသည့် အမူအရာကို မိုက်ကယ်က မြင်ဖြစ်အောင် မြင်လိုက်သည်။

လွတ်လပ်နေပြီတဲ့။ တကယ်ရော လွတ်လပ်သွားပြီလား၊ ဂျက်ဖရီနှင့်သူ့ကြားမှာ တည်းခဲ့ဖူးသော သံ

www.burmeseclassic.com

www.burmeseclassic.com



ဇဉ် နေ့ခင်ကြိုးသည် ပြတ်တောက်သွားပြီလား။ ဂျက်ဖရီနှင့်အတူတူ ကုန်ဆုံးစေခဲ့သည့် ညများ သည် သည်အတိုင်း လွန်မြောက် ပျက်စီးသွားကြပြီလား။

ဂျက်ဖရီ၏ တပ်မက်သည့် အထိအတွေ့များ၊ အငွေ့အဖက်များ၊ အနမ်းအရှုံ့များကို သည်အတိုင်း မေ့ပျောက် ပစ်လိုက်ရတော့မည်လား။

မဖြစ်နိုင်ပါ၊ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါ။

လီနိုသည် အထီးကျန်ဘဝဖြင့် တစ်ယောက်တည်းဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။

သို့သော်လည်း လွတ်လပ်သော အမျိုးသမီး တစ်ယောက် ဘယ်တော့မှ မဖြစ်နိုင်ပါ။

သို့သော်လည်း သူက ဆန့်ကျင်ဘက် စကားကိုပြောလေသည်။

'ဟုတ်တယ်၊ နောက်ဆုံး တစ်နေ့မှာတော့ ငါဟာ လွတ်လပ်တဲ့ မိန်းမတစ်ယောက် ဖြစ်သွားပြီ၊ ဒါပေမယ့်....'

လီနိုက စကားကို ခဏဖြတ်ထားလိုက်ပြီး မိုက်ကယ်၏ မျက်နှာသုလှုကလေးကို စိုက်ကြည့်သည်။



ပျို့မျစ်နုနယ်ခြင်း၊ အချစ်စိတ်များ ရှင်သန်နေခြင်း၊ မိမိကို အရှုံးအမှုး စွဲလမ်း နေခြင်းများကို ခံစားသိဖြင့် လီနိုသိလိုက်ပါသည်။ သို့သော်လည်း မဘက်သာတော့ပြီ။

'နင့်အပေါ်မှာ ထားခဲ့မိတဲ့ ငါ့စိတ်ကိုတော့ ဘယ်တော့မှ ပြောင်းလဲနိုင်တော့မှာ မဟုတ်ပါဘူး မိုက်ကယ်ရယ်' ဟု ကြေကွဲစွာ ပြောချလိုက်မိလေသည်။

'ဒီလိုကို...သာသာ ပေါက်ပါပြီလေ'

ထိုမျှ မပြောပြီး မိုက်ကယ်ငြိမ်သွားသည်။ အတော်ကြီးကြာမှတော့မှ သူ့ အသံထွက်လာသည်။

'ထုပ်တာဝိုး... ကိုယ်ဝိုင်းကူပေးရမလား ဟင်'

လီနိုက ခေါင်းခါသည်။

'ထုပ်ပိုးစရာသိပ်များများစားစားမရှိပါဘူး၊ ကုန်းနှီးအိတ်ထဲဆန့်သလောက်ပဲ ယူသွားမှာပါ၊ အရေးအကြီးဆုံးအလုပ်က ဒီအခန်းကိုသန့်ရှင်းရေး လုပ်သွားပေးဖို့လေ၊ နို့မဟုတ်ယင် မစ္စက်ဝပ်တ်လုပ်နေရဦးမယ်၊ နောက်ငှားမယ့်လူလာယင် ဒီအခန်းကို သူတို့ပြရဦးမှာ မဟုတ်လား'

လီနိုက စကားပြောရင်း အဝတ်စတစ်ခုဖြင့် ပြင်းပေါက်များကိုတိုက်ချွတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘယ်ကိုသွားမှာလဲ လီနို'

မိုက်ကယ်က ဣန္ဒြေရရမေးသည်။

'ပထမဆုံး ဘန်ဘူရီကိုသွားမယ်၊ အဲဒီမှာပွဲတော်ရှိနေတယ်လို့ မစ္စက်ဝပ်တ်က ပြောတယ်'

'ပွဲတော်—ဘယ်လိုဆိုင်လို့လဲ'

မိုက်ကယ်နားရှုပ်သွားသည်။

ထို့ကြောင့် မေးခွန်းထုတ်ပြီး အဖြေကိုစိတ်ဝင်တစားစောင့်နေသည်။

'ဟုတ်တယ်၊ ပွဲတော် အဲဒီပွဲတော်က မြင်းပွဲမှာ စနိုးဖိုင်းယားနဲ့ဝင်ပြိုင်ဖို့ ငါစိတ်ကူးထားတယ်၊ အဲဒီနည်းနဲ့ပဲ ငါ့ရဲ့စားဝတ်နေရေးကို ဖြေရှင်းရတော့မယ် မိုက်ကယ်၊ ပွဲတော်တွေရှိရာလိုက်ရမယ်၊ မြင်းပွဲတွေမှာစနိုးဖိုင်းယားနဲ့ဝင်ပြိုင်ရမယ်၊ငါ့အစီအစဉ်ကတော့ အဲဒါပါပဲ'

'နို့စို့ကလေးလေးကို ရင်မှာပိုက်ပြီး အင်္ဂလန်တစ်ပြည်လုံး ကိုးကုန်းကိုးကျင်းလျှောက်သွားပြီးမြင်းပွဲတကာမှာ ဝင်ပြိုင်မည်လို့ ပြောနေတာလားလီနို၊မင်းတကယ်ပြောနေတာလား'



မိုက်ကယ်က အသက်မရှူနိုင်သလိုမေးသည်။ လီနိုကိုလည်း မယုံကြည်နိုင်လောက်အောင် ကြည့်နေမိသည်။

'ဒါလောက် ပင်ပန်းတာကြီး စွန့်စားရပေမယ့် မင်းတကယ်ပဲနိုင်လို့ ဆုရယင်လဲ ကြက်ဆင် တစ် ကောင်လောက်၊ ငွေကြေး အနည်း အကျဉ်းလောက် ဖြစ်စလောက်ကလေးပါ လီနို၊ မင်းတပင်တပန်း စွန့်စားရကျိုးဘယ်မှာနပ်နိုင်ပါ့မလဲကွာ'

လီနိုက မျက်နှာ တည်ဘည်ကြီးနှင့် ခေါင်းညိတ်နေသည်။

'အဲဒါကိုလဲ ငါစဉ်းစားမိပါတယ်၊ သူတို့တကယ်ပေးမယ့်ဆုကြေးလောက်ကို မက်ပြီးပြိုင်တာ မဟုတ်ပါဘူး၊ ဆုကြေးအပြင် လောင်းကြေးကိုမက်ရမယ်လေ၊အပြင်မှာ အလောင်းအစားလုပ်ရမယ်၊ ယောကျ်ား ရင့်မာကြီးတွေလောင်း၊ချင်လာအောင် တုံ့ပေးရမယ်၊ ဒါလဲမခက်ပါဘူး၊ မိန်းမတစ်ယောက်ကတောင် သူတို့နဲ့ရင်ဘောင်တန်း ဝင်ပြိုင်ရဲပြီး လောင်းရဲသေးတာ သူတို့ကာဘာကြောင့် သတ္တိနည်းနေတာလဲ၊ တစ်ခွန်းပြောလိုက်ယင်ပြီးတာပဲ၊ မိန်းမတစ်ယောက်က ယောကျ်ားတွေကို အနိုင်စီးပြမယ်ဆိုတာဘယ်သူက ခံချင်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဝူစတာမှထွက်ပြေးကြစဉ်က ဓဲလ်စ်မြို့တွင် ဝင်ပြိုင်ခဲ့သည့် အကြောင်းများကို ပြန်ပြောင်းသတိရမိလေသည်။

ဒါပေမယ့် လီနို…မင်းမှာ ပိုက်ဆံမှမရှိတာပဲ၊ ဘယ်လိုလုပ်ပြီး လောင်းကြေးထပ်မှာလဲ'

မိုက်ကယ်က မယုံကြည်နိုင်သလို မေးပြန်သည်။

'ပိုက်ဆံအိတ်ထဲကို ကျောက်ခဲတွေကောက်ထည့်လိုက်ယင် အလေးကြီး ဖြစ်သွားတာပေါ့ မိုက်ကယ်၊ တကယ်လို့ ပြိုင်ပွဲမှာ ငါရှုံးသွားရင်လဲ ဖြစ်ပေါ်လာတဲ့ အခြေအနေအရ မီးခင်ကြည့်ကရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ငါ့အပေါ်တင်နေတဲ့ကြွေးတွေပြန်ဆပ်နိုင်ဖို့အတွက် အလုပ်တစ်ခုခုကိုမဖြစ်မနေ ရှာလုပ်ရတော့မယ်'

မိုက်ကယ်မှာ မယုံကြည်နိုင်ခြင်း၊ စိတ်ထိခိုက်ခြင်းများကြောင့် စကားမပြောနိုင်အောင် ဖြစ်သွားလေသည်။

လီနိုကို စိုက်ကြည့်နေမိသည်။

မြင်းပွဲမှာ မိန်းမသားတန်မဲ့ ဝင်ပြိုင်မည် ဆိုခြင်း၊ လောင်းကြေးငွေပေါ ထပ်ဦးမည်ဆိုခြင်း၊ ငွေမရှိသဖြင့် ကျောက်ခဲများကို ပိုက်ဆံအိတ်ထဲ ထည့်ပြီး ပိုက်ဆံ



သယောင်ဆောင်ဦးမည်ဆိုခြင်းများအတွက် စိတ်မသက်မသာဖြစ်နေမိသည်။

'ဒီလိုဆိုယင်လဲ ဘန်ဘူရီအထိလောက်တော့ မင်းနဲ့အတူတူလိုက်လာခွင့်ပြုပါ လီနို၊ မင်းသိထားတဲ့ အတိုင်း ငါလဲကျောင်းထွက်တော့မှာလေ၊ မိဘဆီပြန်တော့မှာပဲ၊ လာမယ့်အပတ်ထဲမှာပြန်ဖို့ အားလုံးစီစဉ်ထားပြီးပြီ၊ ဒါပေမယ့် တစ်ပတ်လောက်နဲ့တော့ အကြောင်း မထူးတော့ပါဘူး၊ အခုပဲကျောင်းကထွက်ပြီး မင်းနဲ့ အတူတူလိုက်လာခဲ့တော့မယ်'

မိုက်ကယ်က အသနားခံသည့် လေသံမျိုးဖြင့် ပြောသည်။

'မဖြစ်ပါဘူးမိုက်ကယ်၊ နင့်အမေက နင့်ကို အိမ်မြန်မြန်ပြန်ရောက်စေချင်မှာပေါ့၊ ဘန်ဘူရီကို လိုက်နေယင် ခရီးထောက်နေလိမ့်မယ်၊ နေပါစေလေ၊ မလိုက်ခဲ့ပါနဲ့၊ ငါတစ်ယောက်တည်းသွားပါ့မယ်၊ နင့်ခရီးနဲ့ငါ့ခရီးက တခြားစီပဲ'

'ကိုယ်တို့မြို့ ဗင်ထရီက ဘန်ဘူရီရဲ့ မြောက်ဘက်မှာရှိတာယ်လေ၊ ကိုယ် အိမ်ပြန်တိုင်း ဘန်ဘူရီကိုဝင်ပြီးကိုတ်

www.burmeseclassic.com



မုန့် စားလေ့ရှိတယ်၊ ဘန်ဘူရီကိုတ်မုန့်က အင်မတန် ကောင်းတယ်။ နာမည်ကြီးပဲ'

သူပြောနေသည်များကို ယုံသလား၊ မယုံဘူးလား လီနီ သေသေချာချာ မပြောတတ်တော့ပါ။ သို့သော်လည်း ဘန်ဘူရီသောက်အထိ သူနှင့်အတူ လိုက်လာနိုင်မည် ဆိုလျှင်တော့ အများကြီး ဝမ်းသာရပါမည်။

မသေချာ မရေရာသည့် ဘဝခရီး လမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းသည့် အချိန်၌ မိုက်ကယ်သည် သူနှင့်အတူတူ ရှိနေသည်ဟု အနည်းဆုံး အားတင်းနိုင်ပေလိမ့်မည်။

အချိန်မည်မျှပင် တိုတောင်းစေကာမူ အကျဉ်းအကျပ် ဖြစ်နေသည့် ကာလမျိုး၌ သူငယ်ချင်းကောင်း တစ်ယောက် မိမိနှင့်အတူ ရှိနေသည့်အတွက် အထိုက်အလျောက်တော့ အားတက်မိမည်မှာ အမှန်ဖြစ်လေသည်။

လီနီက ပြုံးသည်။

ထိုအပြုံးက ကြေကွဲနေလေသည်။
'နင်ဟာ ငါ့အပေါ်မှာ အရမ်းကောင်းတာပဲ မိုက်ကယ်၊ ငါ မီးဖွားတုန်းကလဲ လက်သည်ခကို နင်ပဲ စိုက်ပေးခဲ့တယ်၊ အဲဒီငွေတွေလဲ နင့်ကို ပြန်ဆပ်ချင်တယ်'



'ဒါက အရေးမကြီးပါဘူးလေ၊ ဒီလို ပေးလိုက်ရတဲ့အတွက်ကိုပဲ ငါက စိတ်ချမ်းသာနေတာ၊ လီနီ အဲဒီကလေးဟာ ကိုယ့်ရဲ့ ကလေးလေး ဖြစ်လိုက်ပါတော့လို့တောင် ကိုယ် စိတ်ကူးယဉ်မိတယ်'

မိုက်ကယ်က လေသံခပ်ပြင်းပြင်းဖြင့် ပြောသည်။

လီနီက တံတွေးမျိုချလိုက်သည်။

မိမိအပေါ် ထားသည့် မိုက်ကယ်၏ သဘောထားသည် ရှုကြောင်ကြောင် နိုင်လှသော်လည်း စေတနာ အပြည့်အဝ ပါကြောင်းကိုမူ သူ သဘောပေါက်နေပါသည်။

'မိုက်ကယ်.... မြင်းပွဲမှာ ငါနိုင်မှာ သေချာပါတယ်၊ ငါ့အတွက် နင်စိုက်ထုတ် ကုန်ကျထားတာတွေ အားလုံး ငါပြန်ပေးမယ်နော်'

'မင်း အနိုင်ရနိုင်ပါတယ်၊ ဒါပေမယ့် မင်းပေးတဲ့ [ပိုက်]ဆံကို ကိုယ်ယူအောင်တော့ မင်းတတ်နိုင်မှာ မဟုတ်[ပါ]ဘူး'

မိုက်ကယ်က ခိုင်မာသော လေသံဖြင့်ပြောသည်။

လီနီက ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ကိုင်းပြီးတော့လည်း မိုက်ကယ်ကို ဖွဖွကလေး နမ်းလိုက်မိလေသည်။

နှုတ်ခမ်းချင်း ထိသွားသောအခါ မိုက်ကယ်၏မျက်နှာ ရဲခနဲဖြစ်သွားသည်။

မိုက်ကယ်ကို ထိုသို့ နမ်းလိုက်မိကြောင်း နောင်အခါ များ၌ စဉ်းစားမိသည့် အခါတိုင်း လီနို စိတ်ချမ်းသာ၍ မဆုံး ဖြစ်ရလေသည်။

'မင်းကို သရေဖူး စားသောက်ဆိုင်မှာ ညစာ ကောင်း ကောင်း လိုက်ကျွေးမယ်၊ မနက်ဖြန်ကျတော့ တို့ ခရီး စထွက်ကြတာပေါ့'

ဟုလည်း မိုက်ကယ်က အားတက်သရော ပြော သည်။

လီနိုက ခေါင်းရမ်းသည်။

'တည်းခိုခန်းခ ခတ္တ မပေးနိုင်တာ များလှပြီ၊ နောက် ထပ် အတင်မခံချင်တော့ဘူး၊ ဒါကြောင့် ဒီနေ့ပဲ ခရီး ထွက်ဖို့ ငါ ပြင်ဆင်နေတာ၊ ထမင်းချက်ကိုတောင် လမ်း မှာ စားဖို့ ချက်ခိုင်းထားပြီးပြီ၊ အခုချက်ချင်းပဲ ခရီး ထွက်ဖို့ ငါအဆင်သင့် ဖြစ်နေပြီလေ'



ထိုစကားကြောင့် မိုက်ကယ်မှာ မတည်မငြိမ် ဖြစ် လာသည်။

'ဒါလောက်တောင် သုတ်သီးသုတ်ပျာ ထွက်ဖို့ လိုပါ ဘူး၊ အင်း... ဒီလိုဆိုလင် ကိုယ့်အိမ်မြန်ပြီး ကမန်းကတန်း ရှင်လိုက်ဦးမယ်၊ သေတ္တာတွေတော့ နောက်မှ သပ်သပ် ပို့ခိုင်းရတော့မှာပဲ'

'ကောင်းမယ်၊ ငါ ဒီက စောင့်နေမယ်၊ ဒါပေမယ့် မြန်မြန်လုပ်၊ နှင် မိုက်ကယ်၊ လမ်းမှာ တစ်ညအိပ်မနေချင် ဘူး၊ ဘန်ဘူရီကို နေ့ချင်းရောက်အောင် သွားချင်တယ်'

'အိပ်ရမယ်ဆိုလဲ ကိစ္စမရှိပါဘူး၊ လမ်းမှာ တည်းခို ခန်း ကောင်းကောင်းရှိတယ်'

မိုက်ကယ်က စကားပြောနေသေးသည်။

သို့သော်လည်း လီနိုက လက်ပြပြီး ငြင်းခိုင်းနေသည်။

'မြန်မြန် လုပ်နော်'

ဟု ပြောရင်းလည်း မိုက်ကယ်၏ ပခုံးစွန်းကို အသာ တွန်းလွှတ်လိုက်လေသည်။

မိုက်ကယ်က သုတ်သီးသုတ်ပျာ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်သွားသည့် အချိန်မှာ ဂေးလ်ဘတ် ရောက်လာသည်။

သို့သော်လည်း သူက တစ်ဘက်မှ ထွက်သည့်တွင် ဂေးလ်ဘတ်က အခြားတစ်ဘက်ထိပ်မှ ဝင်လာသောကြောင့် သူတို့ချင်း မဆုံမိလိုက်ပါ။

ဂေးလ်ဘတ်သည် သူလာရမည့် အချိန်ကို သေသေချာချာ တွက်ထားခြင်းဖြစ်သည်။

အိမ်မှ ဂျက်ဖရီ ထွက်သွားသည်မှာ ငါးရက်မြောက်သော နေ့ဖြစ်သည်။

သည်အချိန်လောက်ဆိုလျှင် လီနီ တည်း ဟူ သော သစ်သီးသည် ဆွတ်ခူး စားသုံးရန်အတွက် ကောင်းစွာ ဝင်းမှည့်နေလောက်ပြီ။

နောက်ပြီးတော့ ထိလိုက် တို့လိုက်ရုံဖြင့် ကြွေကျမည့် အခြေအနေလည်း ဖြစ်သည်။

ထိုသို့ အချိန်ကို သေသေချာချာတွက်ပြီး ဝင်းမှည့်နေသည့် သစ်သီးကို ဆွတ်ချူ စားသုံးရန် ယခုလို သူ ရောက်လာခြင်း ဖြစ်လေသည်။

တည်းခိုခန်းထဲသို့ သူ ဝင်ခဲ့သည်။

မစ္စက်ဝပ်တ်ကို အောက်ထပ်ခန်းမထဲမှာ တွေ့သည်။



'အခုအချိန်အထိ ပြန်ရောက်မလာသေးဘူး မဟုတ်လား....'

ဟု အဘွားကြီးကို မေးသည်။

'မစ္စတာဒေါက်သတင်းမေးတယ်ဆိုယင် သူပြန်ရောက်မလာသေးဘူး၊ ဒီလိုကောင်မျိုး ပြန်မလာလဲ ဂရုစိုက်နေစရာအကြောင်းမရှိပါဘူး၊ သူ့ရင်သွေးကိုလဲ မျက်နှာမြင်ပြီးရော သူ့က ကျောခိုင်းထွက်သွားရတယ်လို့၊ ဒါ့ါလောက်သစ္စာမဲ့တဲ့လူမျိုးနဲ့ ဆက်ပေါင်းနေလို့ရော ဘာကျေးဇူးရှိမှာလဲ'

အဘွားကြီးက ကက်ကက်လန် ဆီးပြောသည်။

'ဟုတ်တာပေါ့.... ဟုတ်တာပေါ့၊ ဂျက်ဖရီ ပြန်မလာတာနဲ့ပတ်သက်လို့ရော ကောင် မ လေး သဘောထားက ဘယ်လိုရှိနေသလဲ'

ဂေးလ်ဘတ်က ဟန်မပျက် စုံစမ်းကြည့်သည်။

'အတော်ကြီးကို ချောက်ချောက် ချားချား ဖြစ်နေတာပေါ့၊ ဒီနေ့တော့ အထုပ်အပိုးတွေ ပြင်နေပြီ၊ ကောင်မလေး သနားပါတယ်'

'အထုပ်အပိုးတွေ ပြင်နေတယ် ဟုတ်လား'

ဂေးလ်ဘတ်က အထိတ်တလန့်ဖြင့် ခပ်ကျယ်ကျယ် အလေး အော်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်မထားသော အရေးပေါ် အခြေအနေတစ်ရပ်ကို သူ ကြုံတွေ့နေရပြီဟုလည်း သဘောပေါက်သွားသည်။

'ပြဿနာပဲ ဒီအတိုင်းဆိုယင် သူ ခရီးမထွက်အောင် ကြိုးစားဖျက်မှ ဖြစ်တော့မယ်'

ဂေးလ်ဘတ်က အဘွားကြီးကို ကျော်ပြီး အပေါ်ထပ်သို့ ပြေးတက်သွားသည်။

လီနို၏ တံခါးကို သွားခေါက်သည်။

လီနိုသည် မလိုတော့သည့် အပိုပစ္စည်းများ၊ အမှိုက်သရိုက်များကို မီးလင်းဖိုထဲထည့်ပြီး မီးရှို့ပစ်နေသည်။

မီးလင်းဖိုပေါ်သို့ ခါးကိုင်းပြီး မီးဆွသံချောင်းနှင့် ဆွပေးနေသည်။

မလိုတော့သည့်ပစ္စည်းများ ခပ်မြန်မြန် လောင်ကျွမ်းသွားစေရန် ဖြစ်သည်။

ထိုအချိန်ကလေးမှာ တံခါးခေါက်သံ ပေါ်လာသည်။

'ဝင်ခဲ့ပါ'

နောက်ကို ပြန်လှည့်မကြည့်ဘဲ လီနိုက အော်ပြောသည်။



မစွက်ဝပ်တ် တံခါးလာခေါက်သည်ဟု သူထင်သည်။

'လီနို၊ မင်း ထုပ်ပိုးပြင်ဆင်နေပြီလို့ ငါကြားတယ်၊ ဘာဖြစ်လို့ မိုက်မဲတဲ့အလုပ်တွေ လုပ်နေရတာလဲ'

ဂေးလ်ဘတ်က တံခါးကို ဖွင့်ဝင်လာလာချင်း ပြောသည်။

အထဲရောက်သည်နှင့် တံခါးကိုလည်း ပြန်ပိတ်ပစ်လိုက်သည်။

အဖိုးသန့်အဝတ်အစားများကို သူ ဝတ်ထားသည်။

ဂေးလ်ဘတ်၏ အသံကို ကြားလိုက်ရသည်နှင့် လီနိုကိုယ်ကို မတ်လိုက်သည်။

အပူရှိန်ကြောင့် ထိပ်တစ်ဘက် နီရဲနေသော မီးဆွသံချောင်းကို လက်ထဲမှာ ကိုင်လျက်သား ဖြစ်နေသည်။

သုန်မှုန်သော မျက်နှာထားနှင့် ဂေးလ်ဘတ်ဘက်သို့ လှည့်ပြီး ရင်ဆိုင်ရပ်လိုက်သည်။

ဇွန်လ၏ အပူရှိန်ကြောင့် သူ့ မျက်နှာ နှင်းဆီသွေးရောင် ပြေးနေလေရာ သူ ဘယ်လောက် အလုံသွေးကြွနေသည်ဆိုခြင်းကိုလည်း လီနို သတိမထားနိုင်အားသည်မှာ ကြာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သည်အလုကို ဂေးလ်ဘတ်ကတော့ သတိထားမိအောင်ကို ထားလိုက်မိလေသည်။

'ကျွန်မ တခြားကို ပြောင်းကော့မလို့၊ ကျေးဇူးပြုပြီး ရှင် အပြင်ထွက်သွားပါ'

အေးစက် မာကျောသော လေသံဖြင့် လီနီက ပြောသည်။

ဂေးလ်ဘတ် ကမူ နေရာမှ နည်းနည်း ကလေးမှ မရွေ့။

ထို့ကြောင့် လီနီက သူ့ဆီ ရောက်သွားသည်။ တံခါးလက်ကိုင်ကို လှမ်းကိုင်လိုက်သည်။

သူ့ကို အပြင်သို့ တွန်းထုတ်ပစ်လိုက်တော့မည်လား ထင်မှတ်ရသည်။

'လီနီ... လီနီ'

ဂေးလ်ဘတ်က ရေရွတ်သည်။

သူ့စိတ် မွှန်နေပြီ။

လီနီရပ်နေသည့် တံခါးဝသို့ လျှောက်လာပြီး လီနီ၏ ပခုံးနှစ်ဖက် ကိုလည်း ခပ်ဖွဖွ ကလေး ကိုင်ထားလိုက်သည်။



လီနီကနောက်တွန့်သွားကာ သူနှင့်လွတ်အောင်ရှောင်လိုက်သည်။

'မင်း ငါ့အိမ်ပြောင်းနေနိုင်သားပဲ၊ မင်းကလေးကိုလဲ ငါလက်ခံ...'

သူ့စကားကို လီနီကဆုံးအောင် နားမထောင်ပါ။

လီနီ၏ အရပ်သည် ဂေးလ်ဘတ်ထက်ပိုမြင့်နေသည်ဟု ထင်ရလေသည်။ သူ့ဆီကထွက်လာသည့် လေသံကလည်း ဒေါသအပြည့်အဝပါဝင်နေသည်။

'အခု ဂျက်ဖရီမှရှိတော့ဘူး၊ ထွက်သွားပြီ၊ ဂျက်ဖရီကို ရှင် ဒုက္ခမပေးအောင် ကာကွယ်နေစရာအကြောင်း ဘာမှ မရှိတော့ဘူး၊ ရှင့်မျက်နှာကိုလဲ နောက်ထပ် ကျွန်မဘယ်တော့မှ မမြင်ပါရစေနဲ့'

'လီနီ....ဒီစကားတွေဟာ မင်းစိတ်ထဲကပါလို့ ပြောနေတာမဟုတ်ပါဘူးကွယ်'

လီနီ၏ပခုံးနှစ်ဘက်ကို ဖမ်းယူဆုပ်ကိုင်ဖို့ ရှေ့သို့ ကိုင်းလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လီနိုက တိမ်းပေးသည်။

'ကိုယ်တို့နှစ်ယောက် ဘယ်လောက်အဆင်ပြေတယ်ဆိုတာ ပြန်သတိရပါဦး၊ မင်းအပေါ်မှာ ဂျက်ဖရီဆက်ဆံတာထက် ကိုယ်ကပိုပြီး ဂရုတစိုက် ဆက်ဆံပါတယ်လေ၊ လီနို…ကိုယ့်ရင်ခွင်ထဲမှာ မင်းအချိန်ဖြုန်းခဲ့တဲ့ တစ်ညအကြောင်း ပြန်စဉ်းစားကြည့်ပါဦးကွယ်၊ ကိုယ်တို့ နှစ်ယောက် ဘယ်လောက် စိတ်ချမ်းသာခဲ့ကြသလဲ၊ မှတ်မိတယ်မဟုတ်လား'

လီနို၏ ဒေါသမှာ ထောင်းခနဲ ပေါက်ကွဲသွားသည်။ သူ့လက်ထဲမှ ရုန်းထွက်လိုက်သည်။

ထိပ်တစ်ဘက်မီးရဲနေသေးသော မီးဆွသံချောင်းကို မြှောက်လိုက်သည်။

မြွေတစ်ကောင်လို လေထဲမှာ မြောက်သွားသည်။

ထိုသံချောင်းသည် ဂေးလ်ဘတ်၏ ပါးတစ်ဘက်ပေါ်သို့ အရှိန်ဖြင့် ကျသွားလေသည်။

ဂေးလ်ဘတ် နောက်သို့ယိုင်သွားသည်။ တံခါးနှင့်သူ့ကိုယ်လုံးတိုက်မိသွားသည်။



လီနိုကို အထိတ်တလန့်ကြည့်သည်။ သံပူချောင်းထိသွားသည့် ပါးတစ်ဘက်ကို လက်ဖြင့် အုပ်ကိုင်လိုက်သည်။

'နင့်ကို မှတ်လောက်သားလောက်အောင်ဆုံးမချင်နေတာကြာလှပြီ၊ ထွက်…အခု ချက်ချင်းထွက်၊ မထွက်ယင်နောက်ပါးတစ်ဘက်မီးကျွမ်းသွားမယ်'

ဂေးလ်ဘတ်က နောက်ဘက်သို့ ချာခနဲ လှည့်ကာ အပြင်သို့ ထွက်ပြေးသွားတော့သည်။

'ငါ့ကို ဒီလိုလုပ်တဲ့အတွက် နင့်ကို ကြိုးစင်တင်မယ်ဟေ့….'

ဟုလည်း ပြေးရင်းလွှားရင်း အော်သွားသည်။

သူ့အသံမှာ အော်သံထက်ငိုသံနှင့်ပိုတူနေသည်။ ဒေါသဖြစ်သည့်အသံ၊ နာကျင်သည့် အသံများလည်းရောစွက်နေသည်။

'နင်တို့ ဘုရင့်ဘက်တော်သား သူပုန်တွေဖြစ်ကြောင်း အစိုးရကိုတိုင်မယ်'

ဟုလည်း ထပ်အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တိုင်လိုက်'

လီနီကလည်း ပြန်အော်သည်။ လှေထားထိပ်အထိ ပြေးလိုက်သွားသည်။

မီးဆွသံချောင်းကို လက်ထဲမှာ ကိုင်ထားဆဲ ဖြစ်သည်။

'နင့်ပါးကို ဘယ်သူမီးရှို့လိုက်တယ်ဆိုတာ အစိုးရကို တိုင်လိုက်၊ ဘာကြောင့် ရှို့တယ်ဆိုတာကိုပါ ပြောပြလိုက်'

လီနီ၏ ဒေါသတကြီးအသံကလည်း လမ်းမပေါ် ရောက်အောင် ဂေးလ်ဘတ် နောက်သို့ လိုက်သွားလေသည်။

မြင်ကွင်းမှ ဂေးလ်ဘတ်ပျောက်သွားသောအခါ လီနီသည် လက်ထဲရှိ မီးဆွသံချောင်းကို ဒေါသတကြီးဖြင့် အဝေးသို့လွှင့်ပစ်လိုက်သည်။

သူ့မျက်နှာပေါ်မှာ သွေးရောင် ပျောက်သွားသည်။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်နေသည်။



သမီးလေးကို ကောက်ပွေ့ယူသည်။ အောက်ထပ်သို့ ပြေးဆင်းလာသည်။

လှေကားလက်ရမ်းတိုင်တွင် ချိတ်ထားသည့် ထမင်းထုပ်ကို ဖြုတ်ယူသည်။

စောစောတုန်းက ထမင်းချက်အမျိုးသမီး လာချိတ်ထားသည့် ထမင်းထုပ်ဖြစ်သည်။

အချိန်ဆွဲနေ၍မဖြစ်တော့ပါ။ လိုရိနာကိုပိုက်ပြီးသုတ်ခြေတင် ထွက်ပြေးဖို့ပဲရှိတော့သည်။

ဂေးလ်ဘတ် ကြိမ်းမောင်းသွားသည့် အတိုင်း သူ ဘာကယ်အကောင်အထည်မဖော်မီ အစိုးရဘက်သားများ ဆက်မလာမီ သည်နေရာမှ လွတ်အောင်ပြေးမှ ဖြစ်ပေတော့မည်။

'မိုက်ကယ်ရောက်လာယင် ကျွန်မသွားနှင့်ပြီလို့, ပြောပြပေးပါနော်'

အဖြစ်အပျက်များကို မြင်တွေ့နေရသောမစ္စက်ဝပ်တ်သည် ပါးစပ်ဟောင်းလောင်းပွင့်ကာ အံ့သြတကြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနိုက သူ့ကိုလှမ်းအော်ပြောခြင်းဖြစ်သည်။

'ကျွန်မကိုမီအောင်ခပ်မြန်မြန်လိုက်ခဲ့ပါလို့၊ ဂ ကယ် လို့မမီယင် ပထမဆုံးတွေ့ရမယ့်လမ်းဆုံက စောင့်နေမယ် လို့ ပြော ဖြစ်အောင်ပြောပေးပါနော်၊ ကျွန်မပေးစရာရှိ တဲ့အကြွေးတွေမခမ့်ပါဘူး မစ္စက်ဝပ်တ်၊ တစ်နေ့ရာရာက နေ ကျွန်မပြန်ပို့ပေးပါ့မယ်၊ ကျွန်မအပေါ် ကောင်းခဲ့ တာတွေ စောင့်ရှောက်ခဲ့တာတွေအားလုံးအတွက် ကျေး ဇူးတင်ပါတယ်၊ သွားတော့မယ်နော်'

မိုက်ကယ်နဲ့အတူ ထွက်ပြေးကြပြီကိုးဟု တွေးလိုက်မိ သော မစ္စက်ဝပ်တ်မှာ အာစေး ထည့်ထားသလို ဘာ စကားမှ မပြောနိုင်အောင် ဖြစ်သွားလေသည်။

လီနို လုပ်နေပုံများကို ငေးကြည့်နေမိသည်။

ပထမဆုံး မြင်းဇောင် ရှိရာကို ပြေးသည်။ ချက်ချင်း ဆိုသလိုပင် စနိုးဖိုင်းယားအမည်ရှိ မြင်းဖြူကြီးကို စီးပြီး ပြန်ထွက်လာသည်။

ထိုအခါကျတော့မှ မစ္စက်ဝပ်တ် သတိပြန်ဝင်လာပြီး လီနိုဆီသို့ ပြေးသွားသည်။



'မစ္စက်ဒေါက်....ခစ္စက်ဒေါက်'

ဟု လှမ်းခေါ်သည်။

လီနိုက ခဏစောင့်နေသည်။ စိတ်မရှည်နိုင်သလို ဖြစ် နေသည်။

မစ္စက်ဝပ်တ်က သူ့ဆီသို့ ပြေးသွားပြီး ဂါဝန်စကို ဆွဲထားလိုက်သည်။

'ညည်း အရမ်းစိတ်လှုပ်ရှားနေတုန်း ငါ ပြောတော့ မပြောချင်ပါဘူး၊ ဒါပေမယ့် အခု ပြောမှဖြစ်တော့မယ်၊ ဝမ်းဆွဲဆရာမက ပြောသွားတယ်၊ ညည်း နောက်ထပ် တာလေးမရနိုင်တော့ဘူးတဲ့၊ ကိုယ်ဝန်ရှိနေတုန်းက ဟို လှေကားပေါ်က လိမ့်ကျလို့ တစ်ခုခုချွတ်ယွင်းသွားတယ် လို့ ပြောသွားတယ်၊ အဲဒါလေးကိုပြောဖို့ မေ့နေလို့ပါ'

'ကျွန်မအပေါ်မှာ အစစအရာရာကောင်းခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်'

လီနိုက မစ္စက်ဝပ်တ်၏ပါးကို မြင်းပေါ်မှနေ၍ ကုန်း ပြီး ခပ်မြန်မြန်နမ်းကာ နှုတ်ဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နှုတ်ဆက်ခံရသောကြောင့် အဘွားကြီးသဘော ကျသွားကာ သူ့မျက်နှာ ပြုံးပြုံးကြီး ဖြစ်သွားလေတော့သည်။

'အခုအချိန်ကစပြီး အရာရာကို ဂရုစိုက်ပါ မစ္စက်ဒေါက်၊ သတိမလစ်ပါစေနဲ့'

လီနိုက အသက်ကို ဝအောင်ရှူလိုက်သည်။

'ကျွန်မနာမည် မစ္စက်ဒေါက် မဟုတ်တော့ဘူး၊ လီနိုဗရင့်ဖို့ ဖြစ်သွားပြီ'

ဟု ခပ်ကျယ်ကျယ်ပြောသည်။

ထိုကြေညာချက်ကို ကြားသော်လည်း မစ္စက်ဝပ်တ်သည် အံ့ဩသွားသည့်ပုံမျိုး လုံးဝမပေါ်။

'လူလည် ယောကျ်ားတွေဟာ ငါတို့မိန်းမတွေကို ဒုက္ခပေးစမြဲပဲ'

ဟု စိတ်ပျက် အားငယ်သည့် လေသံဖြင့် ပြောသည်။

'သိပ်ဟုတ်တာပေါ့'



လီနိုက ထောက်ခံသည်။

ပြီးမှ သူ နှုတ်ဆက်သည်။

'သွားတော့မယ်၊ တစ်ခြား မိတ်ဆွေအပေါင်းအသင်းတွေကိုလဲ နှုတ်ဆက်သွားကြောင်း ကျွန်မကိုယ်စား ပြောပေးပါနော်'

လီနိုက မြင်းကို စနှင်သည်။

သို့သော်လည်း မစ္စက်ဝပ်တ်က သူ့ဂါဝန်ကို မလွှတ်သေးပဲ မြင်းနှင့်အတူ လိုက်သွားသည်။

'တကယ်လို့...တကယ်လို့များ မစ္စတာဒေါက် ပြန်လာယင် ဘယ်လို ပြောလိုက်ရမလဲဟင်....'

ဟု မေးသည်။

'ပြင်သစ်နိုင်ငံကနေ ပြန်လာမှာကို ပြောတာလား၊ ပြန်လာမယ် မထင်ပါဘူးရှင်၊ ဒါပေမယ့် သူ ပြန်လာမယ်ဆိုယင် ရေပြည်မှာ သွားသေလိုက်လို့ ပြောလိုက်ပါ'ဟု ပြောသည်။

လီနိုက သူ့ဂါဝန်စကို ကိုင်ထားသည့် မစ္စက်ဝပ်တ်၏ လက်ကို ပုတ်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းကို ခပ်သွက်သွက်အလေး စီးခဲ့သည်။

မျက်လုံးထဲမှာ မျက်ရည်များ ပြည့်နေသောကြောင့် မြင်ကွင်းများအားလုံး ဝါးနေသည်။

သူ့မျက်လုံးထဲမှာ မျက်ရည်တွေ ရှိနေကြောင်း မစွက်ဝပ်တ် မမြင်စေလိုပါ။

မစွက်ဝပ်တ်သာမက တစ်ခြား မည်သူမျှ မမြင်စေလိုပါ။

လမ်းထောင့်ရောက်တော့ နောက်ဘက်လှည့်ပြီး မစွက်ဝပ်တ်ကို လက်ပြနှုတ်ဆက်လိုက်သေးသည်။

မစွက်ဝပ်တ်သည် ဘာကိုမျှ နားမလည်နိုင်သလို စောစောက နေရာမှာ ခပ်ကြောင်ကြောင် ရပ်နေဆဲဖြစ်သည်။

လီနီမျက်လုံးထဲမှာ သူနေထိုင်ခဲ့သော တည်းခိုခန်း အဆောက်အအုံကြီး တစ်ခုလုံးကို ကြည်ကြည်လင်လင် ထင်ထင်ရှားရှားကြီး မြင်တွေ့နေရလေသည်။

တည်းခိုခန်းပင် ဖြစ်လင့်ကစား တကယ်ဆိုတော့ သူ့အိမ် သူ့ရပမာ ဖြစ်ခဲ့သည်။



သူ့ဘဝတွင် အိမ်နှင့်ရနှင့် ပထမဆုံး အဘည်တကျနေခဲ့ခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

ထို့ကြောင့် တည်းခိုခန်းကိုလည်း စိတ်ထဲမှနေ၍ သူ နှုတ်ဆက်လိုက်သည်။

တည်းခိုခန်းသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သူ့ဘဝ၏ နားခိုရာဖြစ်သည်။

ထိုမျှမကသေး၊ သည်တည်းခိုခန်း မှာ သမီးလေး လိုရီနာကို မွေးဖွားခဲ့ခြင်းလည်း ဖြစ်လေသည်။

မြင်းကို ဆက်နှင်သည်။

မျက်နှာကို ရှေ့တည့်တည့်သို့ မူထားသည်။

ဘယ်ဘက်ကိုမျှ မကြည့်။

အားလုံး သူ့နောက်ကျောဘက်မှာကျန်ရစ်ခဲ့ပြီ။

အောက်စဖို့ မြို့ကြီးသည် သူ့နောက်ကျောမှာ ကျန်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအောက်စဖို့ မြို့ကြီးကို သူ ကျောခိုင်းခဲ့ပြီ။

သူ့ နောက်ဘက်မှာ အောက်စဖို့မြို့ကြီး ကျန်ရစ်ခဲ့လေပြီ။

ဘဝသစ်တစ်ခုကို သူ ထူးထောင်ရပေတော့မည်။

မဖြစ်မနေ ထူးထောင်ရမည်ဖြစ်သော ထိုဘဝသစ်သည် တကယ်ဆိုတော့ သူ့ အတွက်မဟုတ်ပါ။

မြင်းကျောကုန်းပေါ်ရှိ သူ့ ရင်ခွင်ထဲမှာ ယခု အိပ်ပျော်နေသော သမီးလေး လိုရီနာအတွက်ဖြစ်သည်။

သမီးလေးလိုရီနာအတွက် အကောင်းဆုံး ဘဝသစ်တစ်ခုကို မဖြစ်မနေ ထူထောင်ပေးရပေလိမ့်မည်။

မြို့ပြင်သို့ထွက်ရာတွင် မိုက်ကယ် နေနေသည့် အိမ်ကိုဖြတ်ပြီး မြင်းစီးသွားရသည်။

မိုက်ကယ်၏အိမ်သည် သူသွားရမည့် လမ်းမှာ ရှိနေသဖြင့် ရှောင်တိမ်းသွား၍ မရနိုင်ပါ။

သူတို့ သွားရမည်မှာ မြောက်အရပ်ဆီသို့ ဖြစ်လေသည်။



မိုက်ကယ်တို့အိမ်ရှေ့မှဖြတ်ပြီး မြင်းစီးသွားခိုက် သူ့နာမည်ကို အော်ခေါ်သံ ကြားလိုက်ရသည်။

လှည့်ကြည့်သောအခါ မိုက်ကယ်ကိုယ်တိုင် သူတို့အိမ်ပြတင်းပေါက်တစ်ခုမှ ထွက်ပြီး အော်ခေါ်နေခြင်း ဖြစ်ကြောင်း တွေ့ရသည်။

'လီနို... မင်းဘယ်သွားမလို့လဲ၊ ဟေး... လီနို'

မိုက်ကယ်က အသံကုန် အော်နေသည်။

လီနိုက ရုတ်တရက် မြင်းဇက်ကြိုးကိုသပ်လိုက်မိသည်။

'ငါ့ကို မီအောင်လိုက်ခဲ့တော့ဟေ့...ငါသွားနှင့်မှဖြစ်တော့မယ်'

လီနိုကလည်း ပြန်အော်ပြောသည်။

'ငါလာပြီ ငါလာပြီ၊ ခဏစောင့်ဦး'

မိုက်ကယ်က ထိတ်ထိတ်ပျာပျာ ပြောကာ ပြတင်းပေါက်မှ နောက်သို့ခွာပြီး အောက်သို့ ပြေးဆင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်ထပ်မှာနေသော ဘာနေဘာလေးပူးလ် နှင့် လူချင်းဝင်တိုက်မိသည်။

ဘာနေဘာလေးပူးလ်သည် သူ့ကိုကူညီတုတ်ပိုးပေးရန် အပေါ်ထပ်မှ အောက်သို့ ဆင်းလာခြင်း ဖြစ်သည်။

'ဟာလဲ၊ မင်းအမျိုးသမီးက မင်းကို မစောင့်တော့ဘူးတဲ့လား'

ဘာနေ၏ အညိုရောင် မျက်လုံး များသည် သူ့ကို လှောင်ပြောင်သည့်သဖွယ် ရယ်နေကြသည်။

မိုက်ကယ်က ဘာနေကို အကဲပြန်ခတ်သည်။

ဘာနေသည်အမြဲတမ်းဆိုသလို မိုက်ကယ်ကို ရယ်သွမ်းသွေးနေတတ်သည်။

ယခုတော့ လီနီဆိုသော အမျိုးသမီးကို သူကိုယ်တိုင် မြင်တွေ့လိုက်ရပေပြီ။

နောက်ပြီးတော့ မိုက်ကယ် အရှုံးအမူး ဖြစ်နေသည်ကိုလည်း ကိုယ်တိုင် မြင်တွေ့ရချေပြီ။

သို့သော်လည်း မိုက်ကယ်တို့ကိုကြည့်ပြီး သူရယ်ချင်နေသည်။



လူအမှု ဟန်မပျက်ထိန်းပြီး မိုက်ကယ်၏ အထုပ်အပိုးများကို ဝိုင်းကူသယ်ပေးသည်။

'ငါ့သေတ္တာတွေတော့ နောက်မှသာပို့ပေးလိုက်တော့ ဘာနေ'

ဟု မိုက်ကယ်က ပြောသည်။

'စိတ်ချပါ၊ ဒါပေမယ့် သေတ္တာတွေက မင်းကို မီအောင် လိုက်မှမယ်ထင်တယ်၊ မင်းတို့က ဖြည်းဖြည်း သွားကြမှာ မဟုတ်လား၊ သေတ္တာတွေတင်တဲ့ လှည်းက မင်းတို့ကို ကျော်တက် သွားဦးမယ်၊ ဆာခု မင်းမြင်းပေါ်မှာလဲ ပစ္စည်းတွေ သိပ်များနေပြီ၊ မချိမဆန့် သယ်နေရတာ မြင်းကလေး သနားပါတယ်ကွာ'

မိုက်ကယ်က သေတ္တာတစ်လုံးကို ပြန်ချသည်။

'ဒီသေတ္တာကိုလဲ နောက်မှသာ ပို့ပေးပါတော့ကွာ၊ ပစ္စည်းသယ်ဖို့ မြင်းတစ်ကောင်ဝယ်ချိန် မရတော့ဘူး၊ ဖြစ်သလိုပဲပေါ့၊ ကဲ...သွားတော့မယ်နော်၊ မင်းနဲ့အတူတူ နေရတဲ့အခိုက်အားလုံးအဆင်ပြေတဲ့အတွက် ကျေးဇူးတင်ပါတယ် သူငယ်ချင်း၊ ကိုဗင်ဘရီဘက် ကြုံယင်တော့ အလည်လာခဲ့ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ဘာနေက လက်တစ်ဖက် ကမ်းပေးသည်။

သို့သော်လည်း သူ့အမူအရာက ယခုအချိန်အထိ ရှက်နောက်နောက် ဖြစ်နေဆဲပင်။

'မင်းအမျိုးသမီးက မင်းကိုစောင့်နေမယ်ထင်သလား၊ တော်ကြာ ပျောက်သွားမှဖြင့်မြေသုန်ရှာနေရလို့ဟုတ်ပေ့ ဖြစ်နေပါဦးမယ် မောင်ရာ'

ဘာနေက ပြုံးစိစိနှင့် ပြောသည်။

အောက်စဖို့မြို့သို့ ပြန်ရောက်စရာ အကြောင်းမရှိတော့ဟု မိုက်ကယ် ထင်သည်။

ယခုထွက်ခြင်းသည် အပြီးအပိုင် ထွက်ခွာသွားခြင်းဖြစ်သည်။

ဘာနေကလေးပျူငှာလ်နေသည့် အရပ်ကလည်း သူတို့ကိုဗင်ထရီနှင့် ဝေးသည်။ တခြားစီဖြစ်သည်။

ထို့ကြောင့် သူတို့နှစ်ယောက်သည် တစ်ယောက်နေထိုင်ရာသို့ တစ်ယောက်ကတမင်သွားမှသာ တွေ့နိုင်ကြတော့မည်ဖြစ်သည်။

တမင် မသွားဘဲနှင့်တော့ မတော်တဆ ကြုံကြိုက်စရာပင် အကြောင်းမရှိတော့။



ထို့ကြောင့် ဇာတ်လမ်းကလေး တစ်ခု ဖန်တီးပြီး ဘာနေကို ပြောပြချင်စိတ် သူ့ရင်ထဲမှာ တဖွားဖွားပေါ်လာသည်။

ထို့ကြောင့် နောက်ဆုံးတွင် [illegible]တယ်ပဲ ပြောဖြစ်လေတော့သည်။

'မင်းဆာ ငါ့ရဲ့ ယုံကြည်စိတ်ချရတဲ့ သူငယ်ချင်းမို့လို့ ပြောပြရဦးမယ် ဘာနေ၊ လီနီက အတော်ကလေး စိတ်လှုပ်ရှားနေတယ်၊ စိတ်မရှည်နိုင်အောင်လဲ ဖြစ်နေတယ်၊ တို့နှစ်ယောက် ခိုးပြေးကြတာလေ'

'ဘာ…'

ဘာနေမှာ အထိတ်တလန့် ဖြစ်သွားသည်။ မိုက်ကယ်ကိုလည်း မယုံကြည်သလို ပြန်ကြည့်နေမိသည်။

'ဒီစကား ဂျက်ဖရီကြားသွားယင် မင်းကို တစ်စစီဆွဲဖြဲပစ်လိမ့်မယ်'

ဟုလည်း ပြောသည်။

ဂျက်ဖရီ…လီနီနှင့် သူ့ကြားမှာ ဂျက်ဖရီ ဆိုသော အကောင်ကြီးက အမြဲတမ်းရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း မိုက်ကယ်မှာမနာလိုစိတ်နှင့် အတူ အမြဲတမ်းမခံချိမခံသာ ဖြစ်ခဲ့ရသည်။

ယခုလည်း ဂျက်ဖရီအကြောင်းကြားရပြန်ပြီ။

'ဂျက်ဖရီဆိုတဲ့အကောင် ပြင်သစ်နိုင်ငံကို ရောက်နေတယ်၊ ဘယ်လိုလုပ်ကြားနိုင်မှာလဲ ကြားချင်လဲကြားစမ်းပါစေကွာ၊ တို့အကြောင်းသူကြားတဲ့အချိန်မှာ လီနီနဲ့ငါ တရားဝင်လက်ထပ်ပြီးနေလောက်ပြီ'

မိုက်ကယ်က အားပါးတရပြောပစ်လိုက်သည်။

'မင်းမိဘအိမ်ကိုခေါ်သွားမှာလား၊ ခြားယောကျ်ားတစ်ယောက်နဲ့တရားမဝင် ရတဲ့ကလေးလေး ရင်ခွင်ပိုက်ထားတဲ့မိန်းမတစ်ယောက်ကိုလက်ဆွဲပြီး မင်းရဲ့ မိဘအိမ်ပေါ်ကိုတက်မှာလား'

ဘာနေက မယုံကြည်နိုင်သလို မေးနေသည်။

'ဟုတ်တယ်၊ တကယ်လို့ ငါ့မိဘတွေက လီနီကိုလက်မခံဘူးဆိုယင် လီနီ့လက်ဆွဲပြီး သူတို့လိုက်ရှာလို့ မရနိုင်တဲ့ နေရာရောက်အောင် ပြေးမယ်'

မိုက်ကယ်က ခိုင်ခိုင်မာမာကြီး ပြောသည်။ ပြီးတော့ အိတ်များကိုမနိုင်မနင်းသယ်ပြီး တံခါးပေါက်ဆီသို့ ခပ်ယိုင်ယိုင်လျှောက်သွားသည်။



'ပေး–ပေး ငါဝိုင်းကူသယ်ပေးမယ်၊ ဒါထက် မင်းတို့က အခုဘယ်ကိုသွားကြမှာလဲ'

ဟု ဘာနေကမေးသည်။

'ဒါတစ်ခုတော့ မပြောနိုင်ဘူး သူငယ်ချင်းရာ၊ လျှို့ဝှက်ထားရမယ်'

မိုက်ကယ်က မကြည်မလင်ပြောပြီး တံခါးပေါက်မှ အပြင်ထွက်သွားသည်။

ဘာနေက သူ့နောက်မှလိုက်သွားသည်။ အောက်ထပ်သို့ သူတို့ဆင်းခဲ့ကြသည်။

သည်တစ်ခါတော့ မိုက်ကယ်ကို သူလေးစားသွားသည်။

လီနီကို မိုက်ကယ် အရှုးအမူး စွဲလမ်းနေကြောင်း အောက်စဖို့ဒ်မြို့လုံးသိနေကြသည်။

သူ့ကိုအချစ်ရူးကာလှူးအဖြစ်နှင့် အားလုံးကကွယ်ရာမှာ ပြက်လုံးထုတ်ပြီး နောက်ပြောင်နေကြသည်။

ယခုတော့ ထိုအချစ်ရူးကလေးသည် သူအရူးအမူးချစ်နေသော လီနီနှင့်ပင်ခိုးရာလိုက်ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လီနိုလိုမိန်းကလေးမျိုးကိုခိုးယူသွားရဲလောက်အောင် သတ္တိရှိသောကြောင့် ဘာနေဒလေးပူးလ်ကမိုက်ကယ်ကို ချက်ချင်းပင် လေးလေးစားစား ဆက်ဆံလိုက်ခြင်း ဖြစ်သည်။

ပန်းရောင်ပြေးနေသော ပါးနှစ်ဖက်ပိုင်ရှင် မိုက်ကယ်သည် အရေးပေါ်သောအခါ လုပ်ရဲကိုင်ရဲသည့် သတ္တိရှိပါပေသည်တကားဟု သဘောပေါက်သွားသည်။

ဘာပဲဖြစ်ဖြစ် ညနေ အရက်ဝိုင်းမှာ ပြောစရာ အကြောင်းအရာသစ်တစ်ခု ရလိုက်ခြင်းလည်း ဖြစ်လေသည်။

လူနားထောင်ကောင်းအောင်အဆင်းတန်ဆာဆလေးများဖြင့် ဇာတ်လမ်းကို မွန်းမံကာပြောဖို့လည်း ဘာနေက စိတ်ထဲမှာ တေးထားလိုက်သည်။

သူတို့နှစ်ယောက် အပြင်ရောက်လာသည်။

'မင်းကို ငါ အားကျလိုက်တာ သူငယ်ချင်းရာ'

ဟု ဘာနေက ပြောသည်။

မိုက်ကယ်ကို တကယ်လည်း အားကျ လေးစားသည့် မျက်လုံးများဖြင့် သူ စိုက်ကြည့်နေသည်။



'မစ္စလီနိုလို အလှမျိုးတတော့ တကယ်ရှားပါတယ်၊ ကမ္ဘာပေါ်မှာ သူ့လောက်လှတဲ့ မိန်းကလေး ရှိမှ ရှိသေးရဲ့လားလို့တောင် ထင်မိတယ်'

ဟုလည်း ပြောလိုက်မိသည်။

'ဟုတ်တယ်၊ တကယ်လှတဲ့ အမျိုးသမီး'

ဟု မိုက်ကယ်ကလည်း အလိုက်သင့် ထောက်ခံသည်။

မိုက်ကယ်၏ ကုန်းနှီးကို မြင်းဇောင်း အလုပ်သမား ကလေးက ကူဆင်ပေးသည်။

'ခဏစောင့်ပါဦး လီနို၊ ခဏ'

မိုက်ကယ်က လီနိုကို လှမ်းအော်ပြောသည်။

လီနိုသည် လမ်းမပေါ်တွင် ရောက်နေပြီ။ ခရီးထွက်ဖို့ အသင့်ဖြစ်နေပြီ။

မြင်းပေါ်သို့ မိုက်ကယ် တက်သည်။

အိတ်တစ်လုံး ပြုတ်ကျသွားသောကြောင့် ကျိန်ဆဲနေသေးသည်။

'နောက်မှပဲ တခြား ပစ္စည်းတွေနဲ့ ရောပို့လိုက်တော့ကွာ—

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း စိတ်မရှည်နိုင်သလို ပြောသည်။

မြင်းဇောင်းအလုပ်သမားကလေးကို မုန့်ဖိုးထုတ်ပေးသည်။

သူပစ်ပေးလိုက်သည့် ပိုက်ဆံကို အလုပ်သမားကလေးက လေထဲမှာပင် ဆီးဖမ်းသည်။

လီနိုနောက်သို့ မြင်းစီးပြီး လိုက်ခဲ့လေတော့သည်။

သူ့အသံကို လီနို ကြားသွားသည်။

ထို့ကြောင့် နောက်လှည့်ကြည့်သည်။

တကယ်ပဲ မြင်းပေါ်မှာထိုင်ပြီး သူလိုက်လာသည်ကို ယခုမှ မြင်ရလေတော့သည်။

သူ့မြင်းကို မိုက်ကယ်မီအောင် အရှိန် လျှော့ပေးသည်။

ခဏချင်းမှာပင် မိုက်ကယ် မီလာသည်။

'ဘာဖြစ်လို့ ဒါလောက်အောင် မင်း အလျင်စလိုဖြစ်နေတာလဲ'

ဟု မိုက်ကယ်က အံ့သြတကြီးမေးသည်။



'မီးဖုတ်ထားလို့ နီရဲနေတဲ့ မီးသွေးခဲချောင်းနဲ့ ဂေးလ်ဘတ်ရဲ့ မျက်နှာကို ငါရိုက်ပစ်လိုက်တယ်၊ သူ့ပါး မီးလောင်သွားပြီ။ အစိုးရကို သွားတိုင်မယ်လို့ မအော်ပြောသွားတယ်၊ ဒါကြောင့် ငါ့ကို ဖမ်းမယ့်လူတွေ ရောက်မလာခင် အလျင်ထွက်ပြေးတာ'

လီနိုက ရှင်းပြသည်။

'သူ့မျက်နှာ မီးလောင်သွားသလား၊ ဟုတ်တာပေါ့၊ ဂေးလ်ဘတ်က ဘယ်လိုခံနေပါ့မလဲ၊ သူက မင်းကို ဘာများလုပ်လို့ ဒါလောက်အောင် လုပ်ပစ်လိုက်ရတာလဲ ဟင်...'

မိုက်ကယ်မှာ အံ့သြမဆုံးနိုင်အောင်ဖြစ်နေသည်။

မီမီကို မတော်မတရား ပြုကျင့်ခဲ့သောကြောင့် ထိုသို့ အလဲထိုး မြန်ချေခြင်းဖြစ်ကြောင်း လီနိုက ဟုတ်တိုင်း မှန်ရာ မပြောလိုတော့ပါ။

ထို့ကြောင့် ကြည့်ကောင်းအောင် ပြောလိုက်ရသည်။

'ငါ့အချစ်ကို အတင်းရော အဓမ္မ လိုက်တောင်းနေတယ်၊ သူ့ကို ဒီလို ရက်ရက်စက်စက် လုပ်လွှတ်လိုက်မှပဲ နောက် ငါ့ကို မကပ်တော့မှာလေ၊ သူက ငါ့ထက် ဗလကောင်းတယ် မဟုတ်လား၊ ဒီလို အပြတ်လုပ်ထားမှ ကောင်းတာ ကျတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အိုး....'

မိုက်ကယ်က ဒါလောက်ပဲ ပြောနိုင်သည်။

လီနို၏ မျက်နှာကလေးကိုလည်း စိုက်ကြည့်နေသည်။

ကြည့်နေရင်းမှ ပို၍လေးစားလာသည်။

ပို၍အထင်ကြီးလာသည်။

ယုံကြည်မှုလည်း ပိုရှိလာသည်။

အလွန် ထက်မြက်ပြောင်မြောက်သည့် အမျိုးသမီး တစ်ယောက်ကို မိမိရနေပါပေါ့လား ဟူသော အတွေးတစ်ခုလည်း ဝင်လာလေသည်။

'ဒီလိုဆိုယင် သူတို့ လိုက်လို့မမီအောင် တို့ သုတ်ခြေတင်ကြမှ ဖြစ်မယ်'

ဟု မိုက်ကယ်က စိုးရိမ်သည့် လေသံဖြင့် ပြောလိုက်လေသည်။

'ဟုတ်တယ်၊ မြန်မြန်သွားမှ၊ ဒါပေမယ့် နင့်မြင်းက ဒါလောက်တောင် အလေးကြီးတွေ သယ်နေရတာ မြန်မြန် သွားလို့ဖြစ်ပါ့မလား'

လီနိုက မိုက်ကယ်၏မြင်းကို တစ်ချက် လှမ်းကြည့်ပြီး မေးသည်။



မိုက်ကယ်၏မျက်နှာ မသာမယာဖြစ်နေသည်။ လီနိုက သက်ပြင်းချသည်။ ပြီးတော့ သူ့မြင်း၏အရှိန်ကိုလျှော့ချလိုက်လေသည်။

မြောက်အရပ်ရှိ ဘန်ဘူရီမြို့သို့ ဦးတည်ပြီး မြစ်ဆာမ်းဘားမှ လမ်းအတိုင်း သူတို့ခရီးဆက်ခဲ့ကြသည်။

မိုက်ကယ်၏မြင်းက မတန်တဆ အလေးချိန်များကို သယ်လာခဲ့ရသောကြောင့် ထင်သလောက်တော့ ခရီးမတွင်ချေ။

သစ်ပင်အုပ်များအောက်မှခရီးဆက်ခဲ့ကြရင်း လီနိုက အောက်ဇဖို့မြို့ကြီးကို ပြန်လှည့်ကြည့်သည်။ မကြည့်ဘဲမနေနိုင်။

နောက်ပြီးတော့ သူ တွေ့ကြုံရသည်များ၊ သူ စိတ်ချမ်းသာခဲ့ရသည်များ၊ စိတ်ဆင်းရဲခဲ့ရသည်များ၊ ဆုံးရှုံးခဲ့ရသည်များကိုလည်း ပြန်လည်မစဉ်းစားဘဲ မနေနိုင်။

ကောင်းကင်မှာ တိမ်ထူနေသည်။ ထို့ကြောင့် ပတ်ဝန်းကျင် မြင်ကွင်းကြီးမှာ လွမ်းစရာ ကောင်းနေသည်။

သို့သော်လည်း ကြည့်နေရင်းမှာပင် နေထွက်လာသည်။ တိမ်တိုက်များ လွင့်သွားသည်။

မြင်ကွင်းများ ချက်ချင်းပြောင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်တော့မှပဲ လီနီမှာ အသက်ကို ဝဖအောင် ရှူနိုင်လေတော့သည်။

သူတို့ရောက်နေသည့် နေရာက ရေး၏ ပတ်ဝန်းကျင် ရှုမျှော်ခင်းများမှာ အလွန်တရာ သာယာ လှပလေသည်။

ဒဏ္ဍာရီ ပုံပြင်များ ထဲမှ ပန်းချီကားချပ်ပမာ ဖြစ်နေသည်။

ယခုလို ခရီးထွက်လာကြသည်မှာ အမှန် တကယ်မှ ဟုတ်ပါလေစဟုလည်း ပြန်တွေးကြည့်နေမိသည်။

ယုံနိုင်စရာအကြောင်းတစ်ခုမှ မရှိ။ အိပ်မက် မက်နေကြသလားဟုပင် ထင်ရသည်။

ဂျက်ဖရီကရော သူ့ကို ချစ်ခဲ့သလား။

ထိုအချက်သည်လည်း မရေရာလှ။ ယခုတော့ သူ့အပါးမှ ဂျက်ဖရီ ရှောင်ခွာထွက်ပြေးသွားမလာပြီ။

အင်္ဂလန်ပြည်မှ ရှိသော ယောက်ျားအားလုံး ပြင်သစ်နိုင်ငံသို့ ပြေးချင်ပြေးကြပါစေ။

ယောက်ျားများနှင့် ပတ်သက်ပြီး စိတ်ဝင်စားဖို့ လီနီ အဖော်ကလေး စိတ်ကုန်သွားသည်။

ထို့ကြောင့် သူကတော့ ပွဲတော်တကာ လျှောက်ပြီး မြင်းပွဲဝင်ပြိုင်ရင်း အသက် မွေးတော့မည်ဟု ပိုင်းဖြတ်ထားလိုက်ပေပြီ။



စနိုးဖိုင်းယား၏နံဘေးကို ဒူးနှင့်အသာတို့လိုက်သည်။ နဂိုကသည်းအား ပြေးချင်လွန်းသဖြင့် ရှူရှကလေး ဖြစ်နေသော စနိုးဖိုင်းယားက ခြေလှမ်းကျဲဖြင့် ရှေ့သို့အားသွန်ထွက်လိုက်သည်။

နောက်ပိုင်းမှာ ကျန်ခဲ့သည့် မိုက်ကယ်က လှမ်းအော်သည်။

'လီနီ...ကိုယ့်မြင်းက မင်း မြင်းကို မီအောင်မလိုက်နိုင်ဘူးကွာ'

လီနီက သူ့မြင်းအရှိန်ကို နှေးပေးလိုက်ရပြန်သည်။

မြင့်မားလှသည့် သစ်ပင်အိုကြီးများ အောက်တွင် သူတို့ ခရီးဆက်နေကြသည်။ မြင်ကွင်းများက လှလွန်းလေစွ။

လိုရိနာသည် လီနီ၏ ရင်ခွင်ထဲမှာ အိပ်မော ကျနေသည်။ လီနီက သူ့သမီးလေး၏ မျက်နှာကို မကြာခဏ ငုံ့ကြည့်သည်။

တစ်ခါတစ်ခါ ကျတော့ ထိုမျက်နှာ လှလှလေးကို လှစ်ခနဲနမ်းသည်။ ထိုသို့နမ်းသည့်အချိန်မျိုးတွင် လီနီ၏ မျက်နှာမှာ ပြုံးပျော်၍ နေလေသည်။

သို့သော်လည်း ခေါင်းကိုမော့ပြီး ရှေ့ဘက်သို့ မျှော်ကြည့်လိုက်သောအခါများတွင် သူ့မျက်နှာ အမူအရာ ချက်ချင်းပြောင်းလဲသွားတာမြဲဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မရမ်းရောင် မျက်လုံးအစုံထဲတွင် မာကျော သည့် အရိပ်အရောင်များလည်း ချက်ချင်း ပေါ်လာ တတ်လေသည်။

ဘဝဆိုသည်ကို နပူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရ ဦးမည် မဟုတ်ပါလား။

အထေ့ကက်တော် လှအောင်

ကလောမြို့၊

၁၉၊ မေ၊ ၁၉၇၉။

(မြန်မာပြန်ပြီးသည်)

www.burmeseclassic.com

## အခန်း ၁၈

အောက်စဖို့မြို့ ချောင်ကျလှသည့် ရပ်ကွက် တစ်ခုမှ အောက်တန်းကျလှသော အရက်ဆိုင် တစ်ဆိုင်ထဲတွင် အရပ် ထောင်ထောင် မောင်းမောင်း လူတစ်ယောက် အရက်မူးလွန်ပြီး ယတိလစ်နေသည်။

ဆိုင်ရှင်က သူ့ကိုယ်ပေါ်မှ မိုးပြီး ငုံ့ကြည့်နေသည်။ ပြီးတော့ ဖိနပ်ဦးနှင့် ထိုသူ့ကို တို့လိုက်သည်။

'သွားဖို့ အချိန်ကျပါပြီ ခင်ဗျာ' ဟု ပြောသည်။

သို့သော်လည်း မူးနေသူက တုတ်တုတ်မျှ မလှုပ်။ ထို့ကြောင့် ခပ်ကျယ်ကျယ် ပြောပြန်သည်။

www.burmeseclassic.com

'ဟော့ ကောင်....ခွေး၊ မင်းသွားဖို့ ကောင်းနေပြီကွ'

အရက်ဆိုင်ပိုင်ရှင်က ဖိနပ်ဦးနှင့် ထိုးပြန်သည်။

သူတို့အဖြစ်အပျက်က သိပ်ပြီး သက်ဘာစရာမကောင်း။ လူ၊ ယခုလူသည် ဆိုင်ထဲသို့ ရောက်လာသည် ဆိုကတည်း က အရက်ကို ဒေါသတကြီးနှင့် အရမ်းကာရော သောက် ခဲ့သည်။ ခဏလေးနှင့် မူးလဲသွားသည်။

နောက် ဝတ်ကောင်းစားလှနှင့်လူတစ်ယောက်ရောက် လာပြန်သည်။ မူးနေသည်ကို တစ်ပတ်လုံးလုံး မထနိုင် အောင် ဆက်မူးနေစေရန် အရက်ဆက်တိုက်ဖို့ပြောသည်။ ရွှေဒင်္ဂါးပြားများ ထုတ်ပေးသည်။ သူ ပြန်လာဦးမည် ဟု ပြောသွားသည်။ သို့သော်လည်း အရိပ်အရောင်ကလေး ကိုမျှ မမြင်ရတော့။

သူပေးခဲ့သည့် ပိုက်ဆံလည်းကုန်ပြီ။ ဒါလောက် တောင် လူမှန်းမသိ သူမှန်းမသိလောက်အောင် အလွန် အကျူံ သောက်နေသူကို အဖိုးတန်အရက်များ ဆက်တိုက် နေ၍လော ဘာ အကြောင်းထူးတော့မည်နည်း။ ကောင်း မှန်း ဆိုးမှန်းမသိ ဖြစ်နေသဖြင့် အရက်ကို ဖြုန်းတီးပစ် ရာသာ ရောက်တော့မည်။

ထို့ကြောင့် ထိုသူကို အိပ်ရာမှနိုးပြီး မောင်းထုတ်ပစ် လိုက်ခြင်းက အကောင်းဆုံး ဖြစ်မည်ဟု ဆိုင်ရှင် ဆုံးဖြတ် လိုက်ခြင်း ဖြစ်သည်။



ဆိုင်ရှင်က ဖိနပ်ဦးနှင့် ထိုးသောကြောင့် ဂျိုက်ဖရီ တဖြည်းဖြည်း သတိပြန်ရလာသည်။ ရဲရဲနီနေသည့် မျက် လုံး တစ်ဘက်ကို ဖွင့်ကြည့်သည်။

သူ့ ခေါင်းနားမှာ စားပွဲခုံတစ်ခုကို မြင်ရသည်။ စားပွဲဟိုဘက်တွင် အလွန်နိမ့်သော မျက်နှာကြက်တစ်ခု ကို မြင်နေရသည်။

သူ ထထိုင်ဖို့ကြိုးစားသည်။ တူနှင့် ထုလိုက်သလို ခေါင်းထဲမှာ အရမ်းနာသွားသည်။ ထို့ကြောင့် မသက် မသာညည်းပြီးပြန်လဲကျသွားသည်။ ခုံတန်းလျှားအောက် ကျမသွားအောင် လက်တစ်ဘက်နှင့် ကြိုးစား ထိန်းထား ရသည်။

ထိုသက်က တစ်စုံတစ်ခုကို သွားဆုပ်မိသည်။ ပိုက်ဆံ အကြွေတစ်ခုကို ဆုပ်ကိုင်မိသည်ဟု သူထင်သည်။ သူ့ အိတ်ထဲက ထွက်ကျသွားသော ပိုက်ဆံအကြွေ ဖြစ်နိုင် သည်။ မဟုတ်သေးပါ။ ပိုက်ဆံလို ချောမွတ်မနေ။ ခပ် ကြမ်းကြမ်း ဖြစ်ကြောင်း သတိထားမိသည်။ ထို့ကြောင့် အိတ်ထဲသို့ သည်အတိုင်း ထည့်ထားလိုက်သည်။

နည်းနည်းကလေး လှုပ်ရှားနှင့် အရမ်းနာကျင်နေသည်။ မသက်မသာ ညည်းညူပြီး သူ့ ခေါင်းကို လက်နှစ်ဘက် နှင့် ဆုပ်ကိုင်ထားသည်။ မခံမရပ် နိုင်လောက်အောင် ခေါင်းဘွေ အုံနေသည်။

www.burmeseclassic.com



သူ ဘယ်နေရာ ရောက်နေသနည်း။ ဒီနေ့ ဘာနေ့လဲ။ အတတ်နိုင်ဆုံး ထိန်းပြီးထထိုင်သည်။

'ကျုပ် ဒီရောက်နေတာ ဘယ်လောက် ကြာသွားပြီလဲ'ဟု မပီမသ ရေရွတ်သည်။

'တစ်ပတ်ရှိသွားပြီ၊ ခင်ဗျား ပြန်ရင်မကောင်းမယ်'ဟု ဆိုင်ပိုင်ရှင်က ပြောသည်။

တစ်ပတ်....။

ခေါင်း ရှင်းလင်း ကြည်လင်သွားလို သွားပြီး ဂျက်ဖရီ၏ ခေါင်းကို ခါယမ်းပစ်လိုက်သည်။ မျက်မှောင်ကုပ် ကြည့်သည်။

သူ့ လည်ချောင်းတွေ ခြောက်နေသည်။ သူ့ တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသည်။

'ခင်ဗျားကို ဘယ်လောက် ထပ်ပေးရဦးမလဲ'

ဆိုင်ရှင်ကို မေးရင်း ကြိုးစားထသည်၊

'မရှိပါဘူး'

ဆိုင်ရှင်က ဖြေသည်။ ပေးရဦးမည် ဆိုလျှင်လည်း ဂျက်ဖရီတွင် ပေးစရာ ပစ္စည်းတစ်ချပ်မှ မရှိတော့။ သူ့ အိတ်ထဲမှာ ပါသမျှပိုက်ဆံအားလုံးကို ဆိုင်ရှင်က တိတ်တဆိတ် နှိုက်ယူထားလိုက်ပြီး ဖြစ်လေသည်။

သို့သော်လည်း လူကြားကောင်း အောင်တော့ ဆိုင်ရှင်က ပြောလိုက်သေးသည်။



'ခင်ဗျား သူငယ်ချင်းတစ်ယောက်က ကျသင့်သမျှငွေ ရှင်းသွားတယ်'

ဂျက်ဖရီ အလွန်အမင်း အံ့ဩသွားသည်။ သို့သော်လည်း ပခုံးနှစ်ဖက်ကိုတွန့်ကာ အရက်ဆိုင်ထဲမှ ထွက်လာခဲ့သည်။

အပြင်မှာ တိုက်နေသော လေညင်းက ဖော့တော့လေး ဖြစ်သည်။ လေထဲမှာ ဆားဓာတ်များ ပါလာသည်။ တူညဲသော သူ့ ဆံပင်များမှာ လေထဲတွင် ဝေ့ဝဲသွားသည်။ အနံ့ အသက်ဆိုးများ တငေထာင်းထောင်းထပြီး မည်းမှောင်နေသည့် အရက်ဆိုင်ထဲမှာနှင့်တခြားစီ ဖြစ်သည်။

ဇွန်လမို့ နေကလည်း ကောင်းကောင်းသာနေသည်။ နေရောင်အောက်မှာ သူ ခဏရပ်သည်။ ကိုယ်လက်များ ဆန့်ပစ်လိုက်သည်။ ဆားဓာတ်အပြည့်ပါလာသည့်လေကို အားပါးတရ ရှူရှိုက်ပစ်လိုက်သည်။

ပြီးတော့ သူ့ အိတ်ထဲကို လက်နှိုက်ကြည့်သည်။ သူ့ ခေါင်းထဲမှာ မူးရိပ်မူးရိပ် ဖြစ်နေဆဲပင်။

သို့သော်လည်း ပိုက်ဆံအကြွေ တစ်စေ့ လောက်တည့်ပြီး အရက်ဆိုင်ထဲမှ ထွက်လာခြင်း ဖြစ်ကြောင်း သည်။ ထောက်ကိုတော့ ကောင်းကောင်း မှတ်မိနေပါသည်။ ထို့ကြောင့် အိတ်ထဲကို နှိုက်ကြည့်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေရောင် အောက်တွင် လက်ဝါး ဖြန့်ကြည့်သည်။ ပိုက်ဆံအကြွေ မဟုတ်ပါ။ ကြယ်သီးကလေးတစ်လုံး ဖြစ်နေသည်။ ကြွေရည်သုတ် ကြယ်သီးကလေးဖြစ်ပြီး ခေတ်ဆန်သည်။ အဆင့်အတန်းမြင့်သည်။ တစ်စုံတစ်ယောက် အဘို့ သီးသန့်ပုံစံ ပြုလုပ်ပေးထားသော ကြယ်သီးဖြစ်သည်။

သည်ကြယ်သီးကို သုံးသူမှာ ဂေးလ်ဘတ်တစ်ယောက်သာ ရှိသည်။ ဂေးလ်ဘတ်၏ကြယ်သီးများ အနက် တစ်လုံး ပြုတ်ကျန်နေခြင်း ဖြစ်ရမည်ဟု သူ တွေးကြည့်သည်။

သို့သော်လည်း ဒါလောက် အောက်တန်းကျသည့် အရက်ဆိုင်ထဲသို့ သည်ကြယ်သီး ဘယ်လို ရောက်လာသနည်း။ အရက်ဆိုင်ထဲမှာ ဂေးလ်ဘတ်နှင့် တွေ့သည့် အကြောင်းကိုလည်း သူမမှတ်မိ။ ဂေးလ်ဘတ်နှင့် ပတ်သက်သည့် အကြောင်းများကို ပြန်စဉ်းစားကြည့်သော်လည်း တစ်ခုမျှ မမှတ်မိ။

နောက်တစ်ကြောင်းက သည်လိုနေရာမျိုးသို့ အလွန် စိတ်ကြီးဝင်သည့် ဂေးလ်ဘတ် မည်သည့်နည်းနှင့်မျှ လာမည်မဟုတ်ချေ။ လာဖို့နေနေသာသာ စိတ်ကူး ထဲပင် ထည့်မည်မဟုတ်ချေ။

သည်လိုဆိုလျှင် ဂေးလ်ဘတ် တစ်ယောက်တည်းသာ သုံးသည့် ကြယ်သီးက ဘာကြောင့် သည်ဆိုင်ထဲသို့ရောက်



နေရသနည်း။ မိမိလက်နှင့် ထိလုနီးပါးနေရာမှာ ဘာကြောင့် လာရှိနေရသနည်း။

ဘယ်လိုမျှ စဉ်းစား၍မရနိုင်အောင် ဖြစ်နေသည်။

အစဉ်းစားရခက်သောကြောင့် စိတ်ထဲမှာ အဖြေကလေး ကသိကအောက် ဖြစ်နေသည်။

မြင်းဇောင်းထဲမှာ သူ့မြင်း ရှိနေသည်။ (အရက်ဆိုင်ပိုင်ရှင်သည် မြင်းခိုးဖို့တော့သတိမရ)

မြင်းပေါ် တက်ပြီး ထွက်ခဲ့သည်။ ဂေးလ်ဘတ် ၏ ကြယ်သီးကလေးအကြောင်း ချက်ချင်း မေ့သွားသည်။ ကြယ်သီးလေး နေရာတွင် လီနိုမွေးသည့် သမီးလေးက အစားဝင်လာသည်။

ထိုကလေးသည် သူ့ကလေးမဟုတ်။

ခါးသီးသော ထိုအကြောင်းများကို ပြန်စဉ်းစားမိသောအခါ သူ့မျက်နှာ ညှိုးချုံးကျသွားသည်။

သူ ဒေါသပေါက်ကွဲပြီး လီနိုကို အော်ငေါက်ခဲ့သည်။ ထိုမျှမက လီနိုနှင့် မွေးစ ကလေးလေးကို ကျောခိုင်းထွက်ခဲ့သည်။ တခြားလူနှင့်ရသော ဇ လေးကို မိမိကလေးဖြစ်သည်ဟုလိမ်လည်ပြောဆိုရပါမည်လားဟု ဒေါသအမျက်ချောင်းချောင်းထွက်ခဲ့ခြင်း ဖြစ်သည်။

နောက်ကြောင်းများကို ပြန်စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနိုကို စကင်တွေ့သည့် ပထမဆုံးညမှာပင် သူ အခမ္မ ပြုကျင့်ခဲ့သည်။ ထိုသို့ အခမ္မ မကျင့်မီကတည်းက လီနို သည် ယောကျ်ားတစ်ယောက်နှင့် ပန်းသဏ္ဍာ ပြုထားသူ ဖြစ်ကြောင်း သူ ကောင်းကောင်းသိခဲ့သည်။

သို့ဆိုလျှင် မွေးလာသည့်ကလေးသည် သူ့ ကလေး မဟုတ်သည့်အတွက် လီနိုကို ဘာကြောင့် အပြစ်ဆိုရမည် နည်း။

သည်ကြားထဲတွင် သူ ကံကောင်းတာ ရှိသေးသည်။ လီနိုက သူ့ သို့ နှစ်နှစ်ကာကာ ချစ်မြတ်နိုးခြင်းဖြစ်သည်။

လီနိုမှာ ဘာအပြစ်ရှိသနည်း။

မိမိတို့ နေနေသည့် တည်းခိုခန်းသို့ ပြန်သွားရမည်။ မိမိမှားသွားကြောင်း ဝန်ခံရမည်။ ထိုသို့ မှားမိသည့် ဝန်တာကို ခွင့်လွှတ်ပါရန် လီနို၏ခြေရင်းတွင် ဒူးထောက် ပြီး တောင်းပန်ရမည်။

ကလေးလေးကိုတော့ သူ့ ခြေထောက် နှစ်ချောင်း ပေါ်တင်ပြီး ဘာကူကူ စီးခိုင်းရမည်။

အဘယ်ကြောင့်ဆိုသော် ကလေးသည် လီနို၏ကလေး ဖြစ်သည်။ လီနိုကို သူပိုင်သည်။

သည်တော့ သူတို့ သားအမိ နှစ်ယောက်စလုံးကို သူ စောင့်ရှောက်ရမည်ပင် မဟုတ်ပါလား။



အိမ်အပြန့်လမ်းတစ်လျှောက်တွင် သူတစ်သီကြီးတွေး လာသည်။

လီနိုကို ကျောခိုင်းထွက်ခဲ့သည်မှာ ရက်သတ္တတစ်ပတ် ပင်ကြာမြင့်သွားချေပြီ။ လီနိုက မည်သို့များ ထင်နေမည် နည်း။ အပေါစားအရက်ဆိုင်ထဲတွင် အရက်မူးလွန်ပြီး မူးလဲနေသည့်သတင်းကို လီနိုကြားကောင်း ကြားမည် လော။

တွေးရင်းဖြင့် သူစိတ်ပူလာသည်။

ထို့ကြောင့် မြန်းကိုအသေသွားနှင်သည်။ သူ့အမှန်တကယ် ချစ်သော မိန်းမတစ်ယောက်အပေါ် ပြုခဲ့မိသည့် အမှား များ အမှန်ပြန်ဖြစ်အောင် အမြန်ဆုံး ပြင်ရတော့မည် မဟုတ်လော။

သူတို့အခန်းထဲမှ လီနို၏ ပစ္စည်းများ ဘာတစ်ခုမျှ မရှိ တော့ဘဲ အားလုံးပြောင်တလင်းခါနေသည်။

သို့သော် သူပိုင်သည့်ပစ္စည်းများကိုမူ စားပွဲပေါ်၌ သပ်သပ်ရပ်ရပ်တင်ထားပေးသည်ကို တွေ့ရသည်။

လီနိုနှင့်ကလေးထွက်သွားချေပြီ။

နောက်တက် တံခါးပေါက်ဆီမှ လူသံ ကြားလိုက်ရ သောကြောင့် ဆတ်ခနဲ နောက်ပြန်လှည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသံရှင်မှာ ဘည်းခိုခန်းပိုင်ရှင်မစွက်ဝပ်တ်ဖြစ်သည်။ ဆံပင်တုကြီးက ကရှဲ့တစေင်း ဖြစ်နေသည်။ ဝတ်စားထားပုံမှာ အခါတိုင်းထက် ရုပ်ပျက်လွန်းလှသည်။

ဂျက်ဖရီကို ရုတ်တရက်မြင်လိုက်ရသဖြင့် အဘွားကြီး နောက်တွန့်သွားသည်။ ပြီးတော့ ကြောက်ရွံ့ထိတ်လန့်သည့်အမူအရာပါ ပေါ်လာသည်။

'မစွက်ဒေါက်ဘယ်ရောက်သွားသလဲ'

ဟု ဂျက်ဖရီက မေးသည်။

'ထွက်ပြေးပြီ မနေ့ကပဲ'

ထိုစကားကြောင့် ဂျက်ဖရီမှာ ပေါက်ကွဲတော့မလိုဖြစ်သွားသည်။ ထို့ကြောင့် အဘွားကြီးက ကမန်းကတန်းစကားဆက်သည်။

'အစိုးရဘက်သားတွေ ဒီကိုရောက်လာပြီး သူ့ကိုရှာတယ်၊ မစွတာဂေးလ်ဘတ် မျက်နှာဒဏ်ရာရအောင်လုပ်လိုက်လို့ ဖမ်းရအောင်လာတာတဲ့'

'ဂေးလ်ဘတ်မျက်နှာကို ဘယ်လိုလုပ်လိုက်တာလဲ'

ဂျက်ဖရီကမေးပြီး အဖြေကိုစောင့်နေသည်။

'မီးရဲနေတဲ့မီးဆွသံချောင်းနဲ့ သူ့ပါးကို ထိုးပစ်လိုက်တာ၊ မစ္စတာဂေးလ်ဘတ်က ဟောဒီ လှေကားအတိုင်း ဆင်းပြေးသွားရင်း လီနီကို ဘာလုပ်မယ်ညာလုပ်မယ်လို့



အော်ဟစ်ပြောဆိုသွားတယ်၊ လီနီ ဘာကောင်မလဲဆိုတာ သက်ဆိုင်ရာအာဏာရှိသူတွေသိအောင် ဖော်ပြောမယ်ဆိုတာပါတယ်၊ ဒါပေမယ့် အစိုးရဘက်သားတွေ မနေ့က တကယ်ရောက်လာတော့ ဂေးလ်ဘတ်ဒဏ်ရာရအောင်လုပ်လိုက်တဲ့အမှုနဲ့ဖမ်းဖို့လာတာပါ ဆိုတာတစ်ခုပဲပြောတယ်'

ဂျက်ဖရီ၏မျက်နှာမှာ ခက်ထန် မာကျောသွားလေသည်။ လူတစ်ဘက်သားဒဏ်ရာအနာတရဖြစ်အောင်အထိ လုပ်လွှတ်လိုက်သည်ဆိုကတည်းက ဂေးလ်က လီနီကို မည်သို့ရန်ရှာကြောင်း ဂျက်ဖရီကောင်းစွာ တွေးကြည့်လိုက်မိပြီးဖြစ်လေသည်။ နောက်ပြီးတော့ လီနီသည် ကလေးမျက်နှာမြင်ပြီး၍ ဘာမျှမကြာသေး။

စားပွဲပေါ်မှ သူကိုင်နေကျ ဆောင်ဓားရှိသည်။ ထိုဓားကိုယူသည်။ ပခုံးသိုင်းကြိုးနှင့်ဆက်ပြီး ခါးမှာဓားကိုချိတ်သည်။ ဓားရိုးကိုသူ့ညာဘက်လက်နှင့် လှမ်းဆွဲယူ၍ ကောင်းသည့် အနေအထား လောက်မှာ ထားသည်။

သူစုန်းဝုန်းဒိုင်းဒိုင်း ဆင်းသွားသောအခါက မစွက်ဝပ်တ်မှာ ကြောက်အားလန့်အားဖြင့် နောက်သို့ ဆုတ်လိုက်မိသည်။

'ဝါဖြင့် ကြောက်လိုက်တာဟယ်၊ သူ့ရုပ်ကြီးက ဘီလူးကြီးအတိုင်းပဲ၊ လီနီဟာ မိုက်ဆယ်နဲ့ လိုက်ပြေးတာ

www.burmeseclassic.com

www.burmeseclassic.com



ပါလို့ ပြောရမှာလဲ ငါ့အမေ်းကြောက်နေတယ်၊ မတော်လို့ ငါ့ခေါင်းကို ဖြတ်ပစ်လိုက်ယင် ဘယ်လိုလုပ်မလဲ၊ တံခါးတို့များ ဒေါ်သာကြီးနဲ့ ဆောင့်ပိတ် သွားတာ ပတ္တာတွေပြုတ်ပြီး တံခါးပေါင်တွေ ခြား တံခါးရွက်တွေ ခြား ဖြစ်ကုန်တော့မှာလား အောက်မေ့ရတယ်’

ဟု နောက်ပိုင်းတွင် မစွက်ဝပ်တက ရင်ဘက်ပေါ် လက်ကားလားဖိပြီး ဂွင်းနက်ကို ပြန်ပြောပြလေသည်။

ဂျက်ဖရီသည် ဂေးလ်ဘတ်အိမ်သို့ တိုက်ရိုက်မြင်းဒုန်းစိုင်းသွားသည်။ အိမ်ရောက်တော့ လှေကားသုံးထစ်စီ ကျော်ပြီး တက်ခဲ့သည်။ တံခါးကိုခြေထောက်နှင့်ဆောင့်ကန်ဖွင့်ပြီး အခန်းထဲသို့ဝင်သည်။

ကုလားထိုင်တစ်လုံးတွင် ထိုင်နေသည့် ဂေးလ်ဘတ်ကို အသင့်သင့် တွေ့ရသည်။ အသင့် ပါလာသည့် ကြိုးတစ်ချောင်းနှင့် ဂေးလ်ဘတ်၏လည်ပင်းကိုပတ်လိုက်။

ရုတ်တရက်မို့ ဂေးလ်ဘတ်မှာ ရှောင်ချိန် တိမ်းချိန် ခုခံချိန်ပင် မရလိုက်ဘဲ အဖမ်းခံလိုက်ရတော့သည်။

ဂျက်ဖရီကို ကြောက်ကြောက် ရွံ့ရွံ့နှင့် မော့ကြည့်သည်။ ဘီလူး သရဲစီးနေသလား ထင်ရလောက်အောင် ဒေါသမီး ဝင်းဝင်းတောက်သည်။ မျက်လုံးအစုံကလည်း နီရဲနေသည်။

‘လီနီကို မင်း ဘာသွားလုပ်သလဲ ပြောစမ်း’



ကြောက်မက်ဖွယ် ကောင်းသော အသံနက်ကြီးသည် ငရဲပြည်မှ ပေါ်ထွက်လာသလားဟု ထင်မှတ်လိုက်ရသည်။

လည်ပင်းကို ကြိုးနှင့်ပတ်ထားသောကြောင့် အသက်ရှူရ ခက်နေသည်။ ထိုင်ရာမှ ထဖို့ကြိုးစားသည်။

သို့သော်ဂျက်ဖရီကသူ့အားသောက်လျက်ကျသွားအောင် တွန်းချလိုက်သည်။

ဂေးလ်ဘတ် စကားပြောနိုင်အောင် ဂျက်ဖရီက ကြိုးကို နည်းနည်းလျှော့ပေးသည်။

‘မင်း ရူးနေသလား၊ ငါ ဘာမှမလုပ်ဘူး’

ဟု ပြန်ဖြေသည်။

ကိုယ်ကိုလိမ်ပြီး ရုတ်တရက် ရုန်းထွက်လိုက်သည်။ ကြိုးကွင်းထဲမှ လွတ်သွားသည်။ သို့သော်လည်း ဂျက်ဖရီက သူ့ အရှိန်နှင့် ဆောင့်တွန်းလိုက်သောကြောင့် နံရံနှင့် ပြေးဆောင့်မိသည်။

ဒယီးဒယိုင်ဖြင့် နံရံဘက်မှ ပြန်ထွက်လာစဉ် ဂျက်ဖရီကို လှမ်းကြည့်သည်။ ဂျက်ဖရီက စားပွဲပေါ်ရှိ ရှုပ်ပွနေသည်များကို မွှေနှောက်ပြီး ထိုအထဲမှ စားတစ်ချောင်းကို ဆွဲထုတ်သည်။ ဂေးလ်ဘတ်သည် ဓားများကို မြင်နိုင်ပြီး စုဆောင်းရာတွင်လည်း ဝါသနာ ကြီးလှသည် တို့

www.burmeseclassic.com



ကြောင့် သူ့ စားပွဲပေါ်မှာ ငါးအတော်များများ ရှိနေသည်။

ဂျက်ဖရီက ငါးတစ်ချောင်းကို ဂေးလ်ဘတ်ဆီသို့ လှမ်းပစ်ပေးသည်။

'မင်းကိုယ်မင်း လွတ်အောင်ကာကွယ်ပေတော့'

ဟုလည်း တစ်ဆက်တည်း ပြောသည်။

စကားဆုံးသည်နှင့် သူ့ ဘယ်ဘက်ခါးမှငါးကိုလည်း ဆွဲထုတ်လိုက်ပြီး ဖြစ်သည်။ ငါးဦးသည် ဂေးလ်ဘတ်ဆီသို့ ဦးတည်လျက်ရှိချေပြီ။

ဂေးလ်ဘတ်က ဂျက်ဖရီ ပစ်ပေးလိုက်သည့် ငါးကို ဖျတ်ခနဲ ဖမ်းယူသည်။ ဆက်တိုက်ကြုံတွေ့လာရသည့် အန္တရာယ် တစ်မျိုးကို လက်နက်တူချင်း ရင်ဆိုင်ရပေတော့မည်။ သို့သော်လည်း ငါးရေးတွင် ဂျက်ဖရီ အဘယ်လောက် ကျွမ်းကျင်ကြောင်းနှင့် သူ ဘယ်လိုမျှ ယှဉ်နိုင်မည် မဟုတ်ကြောင်း သိပါသည်။

'မင်းကိုပစ်ပြီး သူထွက်ပြေးသွားတာ၊ ဒီလိုထွက်ပြေးလို့ လီနီကို အပြစ်ဘင်စရာ အကြောင်းမရှိဘူး၊ မင်းကလဲ ကောင်းမှုမကောင်းပဲ၊ အခုပဲကြည့်လေ၊ ဘာမဆိုင် ညာမဆိုင်နဲ့ အလကားသက်သက် သွေးဆာပြီး ငါ့ကို ရန်လာရှာနေတယ်'



ဂျက်ဖရီ၏ ငါးချက်ကို ထတိုထားကြည့်ရင်း ဂေးလ်ဘတ်က အက်ကွဲသော လေသံဖြင့်ပြောသည်။

'ဘယ်ကို ထွက်ပြေးသွားတာလဲ'

ဂျက်ဖရီ တရကြမ်း လိုက်လံတိုက်ခိုက်ရင်း မေးသည်။ ဂေးလ်ဘတ်သည် အခန်းထဲမှာ လှည့်ပတ် ပြေးလွှားနေရသည်။ အခန်းထဲမှာ ဖြောင်းဆန်နေသည်။

သိပ်ကြာကြာ မတိုက်ခိုက်လိုက်ရပါ။ ဂေးလ်ဘတ် လက်ထဲမှာ ငါးလွင့်ထွက်သွား ဂျက်ဖရီ၏ ငါးဦးက ဂေးလ်ဘတ်၏ လည်ပင်းတည့်တည့်ကြီး ထောက်ထားမိလျက်သား ဖြစ်သွားလေတော့သည်။

'မင်းကို ငါ အသေမသတ်ခင် ပြောစမ်း၊ ဘယ်ကို ထွက်ပြေးသွားတာလဲ'

ဂျက်ဖရီက ကြောက်မက်ဖွယ် ဟိန်းလိုက်သည်။

ဂေးလ်ဘတ်မှကြောက်လွန်းသဖြင့် မဲ့မြောသွားတော့မည်ကဲ့သို့ ဖြစ်နေသည်။ ဂျက်ဖရီ၏ မျက်လုံးထဲမှ ဒေါသအရောင်မျ းကိုလည်း လျှပ်စီးလက်သလို မြင်တွေ့နေရသည်။

'မိုက်ကယ်နဲ့ အတူတူထွက်ပြေးတာ'

'မိုက်ကယ်နဲ့ ပြေးတာလား'

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဖရီက မုန်းတီးစက်ဆုပ်သည့် လေသံဖြင့် မေးသည်။ နာကြည်လွန်းသောကြောင့်လည်း လှောင်ရယ်တစ်ချက်ရယ်သည်။

ဂေးလ်ဘတ် လည်ပင်းပေါ် ရောက်နေသော မားဦးကို နည်းနည်းကလေး ဖိပေးလိုသည်။ အသားထဲသို့ မားဦး နည်းနည်းကလေး ဝင်သွားသည်။ သွေးစက်တစ်စက် ပြုတ်ကျသွားသည်။

ဂေးလ်ဘတ်၏ မျက်နှာမှာ သွေးရောင် မရှိတော့သလောက် ပျောက်သွားပြီး ပိုရှုံ့ဖြူလာသည်။ အဂြေ က်လွန်ပြီး အသက်ရှူလည်း မှားနေသည်။

'တကယ်ပြောတာပါ၊ ဘာခနကလေး ပူးလ်ဆီကာင်ကိုယ်တိုင် တိုက်ရိုက်ကြားရတာပါ၊ ဘာခနက မိုက်ကယ်ရဲ့ အပေါ်ထပ်မှာ နေတယ်၊ မနေ့တုန်းက မိုက်ကယ် နေနေတဲ့ အခန်းကို လီနိုလာတယ်တဲ့၊ မိုက်ကယ်က အထုပ်အပိုးတွေ ပြင်ဆင်နေတယ်တဲ့၊ လီနိုရောက်လာပြီး သူတို့နှစ်ယောက် အတူတူ ထွက်ပြေးကြတော့တာပဲလို့ ဘာခနေက ပြောတယ်'

လည်ပင်းပေါ်တွင် ဖိထားသောမားဦး နည်းနည်းကြွသွားကြောင်း ဂေးလ်ဘတ် သိလိုက်သည်။ ထို့နောက် ဂျက်ဖရီက ဓားကို ပြန်ရုပ်သည်။ ဂေးလ်ဘတ် နေသာထိုင်သာ ဖြစ်သွားသည်။



သည့်အတော့မှ ဂေးလ်ဘတ်က အက်ကွဲနေကြည်းသည့် လေသံဖြင့် ဆက်ပြောသည်။

'မိုက်ကယ်ဟာ လီနိုကို ဘယ်လောက်အရှုးအမူးစွဲလမ်းနေတယ်ဆိုတာ မင်းမှာ မျက်စိပါသားပဲ မြင်မှာပေါ့၊ လီနိုကို စာရေးစာဖတ် သင်ပေးတယ်ဆိုပြီး သူတို့ တပူးတွဲတွဲလုပ်နေကြတာ'

ဂျက်ဖရီ တစ်ချက် တွေသွားသည်။

'သူတို့ ဘယ်ဘက်ကို ပြေးသလဲ'

မိုက်ကယ်ကတော့ ကိုဗင်ထရီကိုပြန်မယ်လို့ ဘာခနကို ပြောခဲ့တယ်တဲ့၊ လီနိုကို သူနဲ့ တစ်ပါတည်း သူ့အိမ်ခေါ်သွားတယ်လို့ ထင်တာပဲ'

ထိုစကားကြောင့် ဂျက်ဖရီမှာ ထိတ်သိတ်ပျာပျာဖြစ်လာသည်။

'မင်းပါးပေါ်မှာ ဒဏ်ရာနဲ့ပါလား'

ဂျက်ဖရီက တည်တည်ကြီး မေးသည်။ ဓားသွားကိုလည်း ထက်မထက် လက်ဖြင့် အသာစမ်းကြည့်နေသည်။ မျက်လုံးများကမူ ဂေးလ်ဘတ်၏ ကိုယ်ပေါ်မှာ မခွာဘဲ အကဲခတ်ကြည့်နေသည်။

'ရေနွေးပူလောင်တာပါ၊ ဆရာဝန်က ပတ်တီးစည်းပေးထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြေကိုမှ ဂေးလ်ဘတ်က တစ်ချက်ကလေး တုံ့ဆိုင်းမနေဘဲ သွက်သွက်လက်လက် ပြန်မေးသည်။

ဂျက်ဖရီ၏ 'မျက်လုံးအရောင်များ တင်းမာသွားပြန်သည်။

'မင်းပါးပေါ်မှာ ဘာကြောင့် ဒဏ်ရာရတယ်ဆိုတာ ငါသိပြီးပြီ၊ ဒါပေမယ့် မင်းကိုယ်တိုင် ရှင်းပြတာကို ကြားချင်တယ်၊ ကဲ — ပြောစမ်း'

အလွန်တရာ 'အေးစက် မာကျောသည့် လေသံဖြင့် ဂျက်ဖရီက မေးသသ။

ဂေးလ်ဘတ်၏ တစ်ကိုယ်လုံး ဇောချွေးများဖြင့် ရွှဲနစ်နေချေပြီ။ ဘေးနှစ်ဘက်ကို မသိမသာအကဲခတ်ကြည့်ပြီး ထွက်ပေါက်ရှာသည်။ မည်သည့်နည်းနှင့်မျှ မလွတ်နိုင်တော့ကြောင်း သဘောပေါက်သွားသည်။

'ဒီလိုနဲ့ သူ့သမီးကို ငါ စောင့်ရှောက် ပါရစေ လို့ ပြောတယ်၊ ငါနဲ့အတူလာနေကြဖို့ ပြောတယ်၊ ဒါကလဲ မင်း ပြင်သစ်နိုင်ငံ ကို ထွက်သွားပြီး သူနဲ့ ကလေးလေးကို ပစ်ထားခဲ့ပြီလို့ လီနိုက ပြောပြပြီးမှ ငါက ကမ်းလှမ်းတာပါ၊ အဲ့ဒီလို ကမ်းလှမ်းတာနဲ့ သူက ငါ့ကို စပြီး တိုက်ခိုက်တော့တာပဲ'

ပါးမှ ပတ်တီးကို လက်ညှိုးထိုးပြရင်း ပြောသည်။



ဂျက်ဖရီ၏မျက်နှာ ရဲခနဲဖြစ်သွားသည်။ ထိုအမူအရာကို မြင်လိုက်ရသော ဂေးလ်ဘတ်က နောက်တွန့်သွားသည်။ သို့သော်လည်း နောက်ဘက်သို့ ဆုတ်စရာမရှိတော့ချေ။ နံရံက ခံနေပေပြီ။

'ပြင်သစ်နိုင်ငံကို ငါမသွားဘူးဆိုတာ မင်းတို့အားလုံး သိနေကြတာပဲ၊ မသွားတဲ့အကြောင်း သူ့ကို မင်း မပြောမပြဘူးလား၊ ပြင်သစ်နိုင်ငံကို ငါ ထွက်သွားပြီလို့ ယုံကြည်ပြီး သူထွက်မပြောတာကို မင်း ဒီအတိုင်း ... ကပိုက်ကြည့်နေလိုက်တာပေါ့လေ'

ဂျက်ဖရီ၏ အသံက သံမဏိသားလို မာကျောနေသည်။

'ငါမသိဘူးလေ၊ မင်း တကယ်ထွက်သွားပြီလို့ပဲ ငါ ထင်နေတာ၊ လီနိုကလဲ ငါ့ကို ဒီအတိုင်းပြောတယ်'

အိတ်ထဲမှ ကြေရည်သုတ် ကြယ်သီးကို ဂျက်ဖရီက ဘယ်ဘက်လက်ဖြင့် နှိုက်ထုတ်ယူလိုက်သည်။ ပြီးတော့ ဂေးလ်ဘတ်ကို လက်ဝါးဖြန့်ပြသည်။

'မင်း ကြယ်သီးတစ်လုံး ပျောက်သလား'

ဟုလည်း တင်းကင်းမာမာ မေးသည်။

'မပျောက်ပါဘူး၊ အဲ့ — အဲ့ ပျောက်တယ်'

ဂေးလ်ဘတ်သည် ဂျက်ဖရီ၏လက်ထဲမှ ကြယ်သီးကို ကြည့်ပြီး ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော်လည်း အားတင်းပြီး ဟန်မပျက် ဆက်ပြောသည်။

'ဒီကြယ်သီး ထုတ်ပြတာ ဘာသဘောလဲ၊ မင်းဘယ်က ရလာသလဲ'

'ဟက်ဒင်တန်ရပ်ကွက်မှာ ရှိတဲ့ အပေါစား အရက်ဆိုင်ထဲက ကြမ်းပြင်ပေါ်က ရခဲ့တာလေကွာ'

ဂျက်ဖရီက ကြောက်မက်ဖွယ်ရာ အသံကြီးဖြင့် ဟိန်းဟောက် ပြောဆိုရင်း ဂေးလ်ဘတ်၏ မျက်နှာကို ကြယ်သီးဖြင့် တအားပေါက်ထည့်လိုက်လေသည်။

'ဓါတ်လမ်းက အားလုံးရှင်းသွားပြီ ကိုယ့်လူ၊ ငါ့ကို အရက်မူးအောင် မင်း တိုက်ထားပြီးတော့—'

'မဟုတ်ဘူး ဂျက်ဖရီ၊ ငါဘာမှမလုပ်ပါဘူး၊ ကျိန်ဆိုယင်—'

'ငါ အရက်မူးပြီး သတိလစ်နေတုန်း မင်းက လီနီဆီသွားပြီးအမချောင်နှိုက်ဖို့ကြံစည်တယ်၊ ငါမရှိတဲ့အချိန်မှာ လီနီက မင်းအလိုကို လိုက်လိမ့်မယ်လို့ မင်းထင်နေခဲ့တယ်'

'ငါ ဘာမှမလုပ်ပါဘူးကွာ၊ မိုက်ကယ်တာ တို့ နှစ်ယောက် အထင်အမြင်တွေ လွဲကုန်အောင် လုပ်သွားတာပါ—'

ဂေးလ်ဘတ်က ကြောက်အားလန့်အား ငြင်းသည်။



သူ့စကားများမှာ ရှေ့နောက်မညီတော့။ ဂျက်ဖရီ၏ အရုပ် ယောင်ယောင် မားမားမောင်း နိုင်သလောက် သူ့ကိုယ်လုံးမှာ တဖြည်းဖြည်း ကျုံ့ဝင်သွားပြီး ကြည့်နေရင်းမှာပင် သေးသွားသည်ဟု ထင်မှတ်ရလေသည်။

ဂျက်ဖရီက သူ့ကိုငုံ့ကြည့်ပြီး ပြုံးသည်။ အလွန်ဘရာ စက်ဆုပ်ရွံရှာသည့် အပြုံးမျိုး ဖြစ်ပါသည်။

'မင်းဟာ လီနီကို မဘော်မရော်ကြံစည်လို့ လီနီက မီးဆွသံချောင်းနဲ့ ပြန်ခုခံတယ်ဆိုတာ ငါ့အဖို့တော့ ရှင်းသွားပြီ၊ မင်းကိုကြည့်ရတာ အသက်ရှူ မဝလို့ဖြစ်နေတယ် ဂေးလ်ဘတ်၊ လေကောင်းလေသန့်ကလေး ရှူလိုက်ယင် ကောင်းမယ်'

ဂျက်ဖရီက ပြောပြောဆိုဆို ဂေးလ်ဘတ်ကို ပခုံးနှစ်ဖက်မှ နေ၍ ဆွဲမလိုက်ပြီး ပြတင်းပေါက်မှအပြင်ဘက်သို့ လွှင့်ပစ်လိုက်လေတော့သည်။

ပြတင်းပေါက် မှန်များကို ဖောက်ခွဲပြီး ပစ္စည်း တစ်ခုခု အပြင်သို့ လွင့်ထွက်သွားသကဲ့သို့ ဂေးလ်ဘတ်၏ ကိုယ်လုံးကြီးမှာ အိမ်နောက်ဖေးဘက်သို့ ထွက်ကျသွားလေတော့သည်။

အနည်းဆုံး လည်ပင်းတော့ ကျိုးသွားပြီ ဟု ယုံကြည်ကာ ဂျက်ဖရီသည် ခြေလှမ်းကျဲကြီးများဖြင့် အိမ်ထဲမှ ထွက်လာခဲ့သည်။ ဂေးလ်ဘတ် ထွက်ကျသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးလမ်းကြားထဲသို့ အချိန်ကုန်ခံပြီး သွားကြည့်မနေတော့ပါ။ အလန့်တကြား ဖြေးလိုက်သည့် လူသားများကိုတော့ သူကြားလိုက်ရပါသည်။ ပြေးကြ လွှားကြသည့် ခြေသံများကိုလည်း တစ်ပါတည်း ကြားရသည်။

သူ့ဒေါသမှာ အထွတ်အထိပ်သို့ ရောက်နေသည်။ လီနီသည် မိုက်ကယ်နှင့် ခိုးရာလိုက်ပြေးသည် ဆိုခြင်းမှာ အတော်တော့ ရယ်စရာကောင်းသည်။ လီနီ ဒါမျိုးလုပ်မည် မဟုတ်ပါ။

မစ္စက်ဝပ်တ်ကိုအကျိုးအကြောင်း ထပ်မေးကြည့်လျှင် ပိုကောင်းမည်ဟု သူစဉ်းစားမိသည်။ ဂေးလ်ဘတ်လို လူလိမ် တစ်ယောက်ပြောသည့် စကားများကို အခြေခံပြီး ဘာမှ မဆုံးဖြတ်သင့်သေးပေ။

လီနီကို ဆုံးရှုံးရတော့မည်ဟူသော အသိကြီး ဝင်လာသဖြင့် သူအကြီးအကျယ် စိုးရိမ်လာသည်။ ကြောက်စိတ်များလည်း ဝင်လာသည်။

တကယ်ဆိုတော့ လီနီသည် သူနှင့်ငြိစွန်းနေသော သာမန် မိန်းမမဟုတ်ပါ။ သူ့အချစ် ဖြစ်ပါသည်။ သူ့ဘဝ ဖြစ်ပါသည်။ သူ့ဘဝတွင် လီနီမရှိလျှင် ဘာမှအဓိပ္ပာယ် ရှိတော့မည်မဟုတ်ပါ။

ထို့ကြောင့် သူတို့နေခဲ့သည့် တည်းခိုခန်းသို့ မြင်းကိုဒုန်းစိုင်းစီးပြီး ပြန်လာခဲ့သည်။



မစ္စက်ဝပ်တ်ကို တွေ့သောအခါ မိုက်ကယ်နှင့် လီနီ ခိုးရာလိုက်ပြေးသည်မှာ ဟုတ်မဟုတ်မေးသည်။

ထိုသို့ အမေးခံလိုက်ရသောအခါ မစ္စက်ဝပ်တ်က သက်ပြင်းချသည်။

'အဲဒါ မှန်နိုင်တယ်၊ မိုက်ကယ်လာယင် သူသွားနှင့်ပြီ၊ မီအောင်လိုက်ခဲ့ပါ၊ တကယ်လို့ မီအောင်မလိုက်နိုင်ယင် ပထမဆုံးတွေ့တဲ့ လမ်းဆုံကနေ စောင့်နေမယ့်အကြောင်း ပြောပေးဖို့ လီနီက ငါ့ကိုမှာသွားတယ်၊ ပြင်သစ်နိုင်ငံကို ထွက်သွားပြီလို့ သူတကယ်ယုံသွားတာကိုး'

အဘွားကြီးက ဂျက်ဖရီအပေါ် မကျေနပ်သည့် လေသံဖြင့်ပြောသည်။

ဂျက်ဖရီ မျက်မှောင်ကုပ်ပြီး စဉ်းစားနေသည်။ တစ်ပတ်လုံးလုံး ဘာသတင်းမှမကြားရဘဲ ပျောက်နေသည့်အတွက် ထင်မည်ဆိုလျှင်လည်း ထင်စရာတွေ ဖြစ်ကုန်သည်။

'တကယ်လို့များ သူပြန်ရောက်လာယင် ကျွန်တော် လိုက်ရှာနေတယ်ဆိုတာ ပြောပြပေးပါ မစ္စက်ဝပ်တ်'

သူစကားဖြတ်ထားသည်။ အဘွားကြီးကို အကဲခတ်ကြည့်နေသည်။ တစ်စုံတစ်ရာကို အဘွားကြီး ဖုံးထားသည်ဟု သူထင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ ဘယ်ကိုသွားမယ်လို့ ထင်မိပါသလဲ မစ္စက်ဝပ်တ်—'

'သူ့ကို မင်း မနှိပ်စက်ပါဘူးနော်'

မူမမှန်သည့် လေသံဖြင့် အဘွားကြီးက ပြန်မေးသည်။

'မနှိပ်စက်ပါဘူး၊ သူ့ကိုတွေ့အောင်ရှာပြီး တောင်းပန်မလို့ပါ၊ မှားခဲ့တာတွေ နောင်မမှားအောင် ပြင်ကြဖို့ပါ'

ဟု ဂျက်ဖရီက သက်ပြင်းရှည်ကြီး ချရင်း ပြန်ဖြေသည်။

'လီနီက သူ ဘန်ဘူရီကိုသွားမှာမို့လို့ လမ်းမှာ စားသွားဖို့ ထမင်းချိုက်ကို အစားအသောက်တွေ ပြင်ဆင်ထုပ်ခိုင်းတယ်၊ ငါရရာရှိတဲ့ အခန်းခတွေကို ဘန်ဘူရီပွဲတော်ကနေပြီး သူပြန်ပို့ပေးပါမယ်လို့လဲ ငါ့ကိုပြောသွားတယ်၊ တကယ်လို့ အဲဒီပွဲတော်ကနေ မပို့နိုင်ယင်လဲ တခြားပွဲတော် တစ်ခုခုကနေ ပြန်ပို့ပေးပါမယ်တဲ့'

ဂျက်ဖရီမျက်နှာမှောင်ကုပ်သွားသည်။ အကျိုးအကြောင်းကို ဆက်စပ်စဉ်းစားကြည့်သည်။ ချက်ချင်း အဖြေပေါ်လာသည်။ စနိုးဖိုင်းသား—ဟုတ်ပါသည်။ စနိုးဖိုင်းယားနှင့် မြင်းပွဲတွေမှာ သူဝင်ပြိုင်ပေတော့မည်။



အဘွားကြီးက နှုတ်ခမ်းကို ကိုက်ထားသည်။

'ဒါပေမယ့် မိုက်ကယ်ရောက်လာပြီးတဲ့နောက် သူ့စိတ်ပြောင်းလိုက်ပုံရတယ်၊ သူ ဒီက ထွက်ခါနီးတော့ မင်းပြန်ရောက်လာယင် ဘာပြောလိုက်ရမလဲလို့ ငါက မေးတယ်၊ ငရဲပြည်မှာ သွားသေလိုက်လို့ပြောဖို့ ငါ့ကို မှာသွားတယ်'

သည်အတိုင်းဆိုလျှင်တော့ ငါ့အပေါ် အကြီးအကျယ် စိတ်နာသွားပါပေါ့လားဟူသော အသိဖြင့် ဂျက်ဖရီ၏မျက်နှာမှာ ညှိုးချုံးသွားလေသည်။

'ဒါတွေ ငါပြန်ပြောပြတဲ့အတွက် လီနီ့ကိုမင်း ရန်မရှာပါဘူးနော်' ဟု အဘွားကြီးက မေးသည်။

ဂျက်ဖရီက ခေါင်းယမ်းသည်။

'ပြောသင့်ပါတယ်ဗျာ၊ ပြောသင့်ပါတယ်၊ ကျွန်တော်ကို ပေးစရာရှိတဲ့ တည်းခိုခန်းခတွေနဲ့ ပတ်သက်လို့ စိတ်ပူပါနဲ့ မစ္စက်ဝပ်တ်၊ တစ်နေရာရာကနေပြီး ကျွန်တော် ပြန်ပို့ပေးပါ့မယ်'

မြင်းပေါ်တက်သွားသည့် ဂျက်ဖရီကို မစ္စက်ဝပ်တ်က လှမ်းကြည့်နေသည်။ လူကြီးလူကောင်း ဆန်သည့် ယောကျ်ားများအပေါ် သူ၏ယုံကြည်မှုများ ပြန်လည် ရှင်သန်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်စဖို့ မြို့ပြင်ထွက်ပြီး မြောက်ဘက်သို့ သူ ခရီး ဆက်ခဲ့သည်။ သူ့မျက်နှာ တည်တည်ကြီး ဖြစ်နေသည်။

မိုက်ကယ်နှင့် စကားပြောပြီးသောအခါ လီနို စိတ်ပြောင်းသွားပုံရသည်ဆိုသောအချက်ကို သူ သိပ်လက်မခံချင်။ လီနိုသည် ထိုအစားထဲတမဟုတ်။ စိတ်ခုတ်နုံနယ်သူမဟုတ်။ နောက်ပြီး မာနကြီးသည်။

မိမိက ပစ်ထားခဲ့ပြီဟု တကယ် ယုံကြည်သောကြောင့် မိုက်ကယ်၏ ရင်ခွင်ထဲသို့ ပြေးဝင်သွားခြင်းဖြစ်လျှင် မိမိတို့ချင်း တွေ့ကြသောအခါ မိမိကို ကန့်ထုတ်ပစ်တော့မည်ဖြစ်ကြောင်းလည်း ဂျက်ဖရီ တွေးကြည့်နေမိသည်။

လီနိုကို ပြန်တွေ့ဖို့နှင့်ပတ်သက်ပြီး ယုံမှားသံသယမဖြစ်ပါ။ ကိုဗင်ထရီသို့ မိုက်ကယ် သွားသည်ဟု ဂေးလ်ဘတ်က ပြောသည်။ မစ္စက်ဝပ်တ်ကမူ ဘန်ဘူရီပွဲတော်မှာ ဝင်ပြိုင်ဖို့ လီနို အစီအစဉ် လုပ်ထားသည်ဟု ပြောသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့သည် ဘန်ဘူရီသို့ မလွဲမသွေ သွားကြရမည်။ ကိုဗင်ထရီသို့ သွားမည် ဆိုလျှင် လည်း ဘန်ဘူရီကို ဖြတ်ရမည်။ ထိုအတိုင်းဆိုလျှင် ချားဝဲမြစ်ဂမ်းမှ လမ်းအတိုင်းသာ သွားရမည်။ လမ်းကလည်း ထိုတစ်လမ်းတည်း ရှိသည်။



မိုက်ကယ်သည် မြင်းစီး ကျွမ်းကျင်သူ မဟုတ်။ ထို့ကြောင့် မြန်မြန်လိုက်လျှင် လမ်းခုလပ်တစ်နေရာမှာ သူတို့ကို မီနိုင်မည်။ သို့တည်းမဟုတ် တည်းခိုခန်းတစ်ခုခုတွင် တည်းနေသည်နှင့် တိုးနိုင်သည်ဟု ဂျက်ဖရီက ထွက်ကြည့်သည်။

လမ်းတစ်လျှောက်မှာ တွေ့တွေ့သမျှ လမ်းသွားလမ်းလာများ၊ ခရီးသွားများကိုလည်း ကလေးလေး ရင်ခွင်ပိုက်ပြီး မြင်းဖြူကြီးစီးထားသည့် အလွန်တရာ ချောမောလှပသော အမျိုးသမီးငယ်တစ်ယောက်နှင့် ယောကျ်ားငယ်ငယ်တစ်ယောက်ကို တွေ့ကြသလားဟုစုံစမ်းမေးမြန်းသွားသည်။

တွေ့သမျှ တည်းခိုခန်းများကိုလည်း ဝင် မေး သည်။ လီနိုနှင့် မိုက်ကယ်တို့ကိုမြင်လျှင် စိတ်မဝင်စားဘဲ မည်သူမျှ နေမည်မဟုတ်ပါ။

လီနို၏အလှသည် လူအများ မျက်စိ မလျှမ်းနိုင်သောအလှမျိုးဖြစ်သည်။ ပြီးတော့ သူတို့သွားပုံမှာသည်၊ လူသူလေးပါး သတိထားချင်စရာ ကောင်းနေသည်။ ကလေးငယ် နီတာရဲကလေးကို ရင်ခွင်ပိုက်လျက် ခရီးသွားနေသည်ဆိုတော့ စိတ်မဝင်စားဘဲ မည်သူ နေမည်နည်း။

သို့သော် မေးသမျှ လူတိုင်းက မမြင်မိကြောင်း တစ်မျိုးတည်းသောအဖြေကိုသာ ပေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုဖြင့် ဘန်ဘူရီမြို့သို့ ရောက်လာသည်။ ပွဲတော်ကျင်းပနေဆဲဖြစ်သည်။ အရက်ဆိုင်များ၊ တည်းခိုခန်းများမှာ လိုက်စုံစမ်းသည်။ မည်သူမျှ မမြင်မိကြပါ။

သည်အတိုင်းဆိုလျှင် ဘန်ဘူရီမြို့ကို မဝင်ဘဲ ကွင်းပြီး ကိုဗင်ထရီသို့များ တိုက်ရိုက်သွားလေပြီလားဟု ထင်စရာ ဖြစ်လာသည်။

နောက်ဆုံးတော့ မိုက်ကယ်၏ မြို့ဖြစ်သော ကိုဗင်ထရီအရောက် ခရီးဆက်ရလေတော့သည်။

မိုက်ကယ်၏ မိဘများသည် မြေပိုင်ရှင်ကြီးများ ဖြစ်ကြလေရာ သိပ်ပြီးခက်ခက်ခဲခဲ မရှာလိုက်ရပါ။ သူတို့အိမ်ကို အလွယ်တကူပင် တွေ့ပါသည်။ အိမ်ကြီးမှာ အတော်လေး ဟောင်းနွမ်းနေလေပြီ။

မိုက်ကယ်၏ သူငယ်ချင်းဖြစ်ကြောင်း ပြောလိုက်ရုံဖြင့် လိုက်လှဲပြုငှာ စွာ ကြိုကြသည်။ အိမ်ထဲသို့ ဝမ်းပန်းတသာ ဖိတ်ခေါ်ကြသည်။ စားကောင်းသောက် ဖွယ်များ နှင့် ဝိုင်အရက်ကို ချတိုက်သည်။ မိုက်ကယ်သည် သူတို့၏တစ်ဦးတည်းသောသား ဖြစ်သောကြောင့် တစ်အိမ် လုံးက ဝိုင်းပြီး ဖူးဖူးမှုတ်ထားသည်မှာ အလွန် သိသာ ထင်ရှားလေသည်။

တစ်မိသားစုလုံး ထွက်လာပြီး ဂျက်ဖရီ၏ ပတ်လည်မှာ ဝိုင်းထိုင်ကာ မိုက်ကယ်အကြောင်း မေးကြသည်။



ကိုဗင်ထရီသို့ မိုက်ကယ် ပြန်မရောက်သေး။ အောက်စဖို့မြို့မှာပင် ရှိနေသေးသည်။ နောက်အပတ်ကျမှ ပြန်လာမည်ဟု သူ့မိသားစုက ပြောသည်။

အောက်စဖို့မြို့မှ မိုက်ကယ် ထွက်ခွာသွားသည်မှာ သေချာကြောင်း ဂျက်ဖရီက ပြောသည်။

'ဒါဖြင့်ရင်ပေမယ့် သူ့ အကြောင်းကို တွေ့ ကာမှ မကြားရသေးပါလား၊ မင်း အလျှင် အောက်စဖို့မြို့က သူ ထွက်သွားတာ သေချာရဲ့လား၊ ဘန်ဘူရီသမ်းက လာတယ်ဆိုတာရော သေချာရဲ့လား'

မိုက်ကယ်၏အမေက စိုးရိမ်ပူပန်သည့် အမူအရာဖြင့် မေးသည်။

'ဘန်ဘူရီသမ်းက လာတယ် မလာဘူး ဆိုတာတော့ ကျွန်တော် သေသေချာချာ မပြောနိုင်ဘူးခင်ဗျ၊ ဒါပေမယ့် ကျွန်တော့် အလျှင် တစ်ရက်စောပြီး အောက်စဖို့မြို့က ထွက်သွားတာတော့ သေချာတယ်၊ နောက်ပြီးတော့ ကျွန်တော် ခရီးပြင်းနှင်လာတာလဲ မဟုတ်ဘူး၊ လမ်းတစ်လျှောက်လုံး ဟိုဝင်ဒီထွက် လုပ်ပြီး သူ့ကို တွေ့မိကြသလားလို့ စုံစမ်းလာတာ'

'ဘာဖြစ်လို့ သူ့ကို မင်းက စုံစမ်းနေရတာလဲ'

ထိုမေးခွန်းကို မေးလိုက်သူမှာ မိုက်ကယ်၏ အဘွားဖြစ်သည်။ အဘွားကြီးကို ကြည့်ရသည်မှာ အတော်

www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်သည့်ပုံ ဖြစ်သည်။ နောက်ပြီးတော့ သည်မိသားစုထဲတွင်လည်း ဩဇာအကြီးဆုံးဖြစ်ပုံရသည်။

'ဟော... ပြောပါဦး သူငယ်၊ ခင်းက မိုက်ကယ်ကို ဘာဖြစ်လို့ ရေကြီးသုတ်ပျာ လိုက်ရှာနေရတာလဲ'

'မိုက်ကယ်ကို ကျွန်တော် ရှာနေတာ မဟုတ်ပါဘူး ခင်ဗျာ'

ဂျက်ဖရီက စကားဖြတ်ထားသည်။ ဆက်ပြောရမည့် စကားလုံးကို သေသေချာချာ စဉ်းစားပြီး ရွေးချယ်နေခြင်း ဖြစ်သည်။

'သူနဲ့အတူ လိုက်သွားတဲ့ လီနီဆိုတဲ့ အမျိုးသမီးကို ရှာနေတာပါ'

ဟု သူ့စကားကို ဆက်သည်။

မိုက်ကယ်၏အခမ မျက်လုံးပြူးသွားသည်။

'သူနဲ့အတူတူ အမျိုးသမီးတစ်ယောက် ပါသွားတယ် ဟုတ်လား'

ဟု မေးသည်။ မေးရင်းလည်း သတိလစ် မေ့မြောသွားတော့မည့်ကဲ့သို့ ဖြစ်နေသည်။

ဂျက်ဖရီက မျက်နှာ အမူအရာကို တည်တည်ထားသည်။



'ဟုတ်ပါတယ်၊ အဲဒီအမျိုးသမီးက ကျွန်တော့်ဇနီးပါ၊ သူ့ကို ကျွန်တော် ပစ်ထားခဲ့ပြီလို့ အထင်လွဲသွားပါတယ်၊ ဒါကြောင့် မိုက်ကယ်က သူ့ကို စောင့်ရှောက်ဖို့ ဒီကို ခေါ်လာတယ်လို့ ထင်မိပါတယ်၊ ဒီကို ခေါ်လာတာမဟုတ်ယင်လဲ လုံခြုံစိတ်ချရတဲ့ တစ်နေရာရာကို ခေါ်သွားတာ ဖြစ်မှာပေါ့ခင်ဗျာ'

'တခြား ဘယ်နေရာကို ခေါ်သွားမှာလဲ'

ဟု အဘွားလုပ်သူက လှမ်းမေးသည်။

ဂျက်ဖရီက အဘွားကြီးကို ဝမ်းနည်းပက်လက် အမူအရာဖြင့် လှမ်းကြည့်သည်။

'ကျွန်တော် မသိပါဘူးခင်ဗျာ၊ သူတို့ ဘယ်သွားတယ်ဆိုတာသိယင် ဒီကို ကျွန်တော် ဘယ်လာပါတော့မလဲ'

'အင်း.... မင်းမိန်းမကို မင်း တကယ် ပစ်သွားတာ မဟုတ်ဘူးဆိုတဲ့ သတင်းစကားကတော့ အပေါင်းအသင်းတွေဆီက တစ်ဆင့် မင်း မိန်းမဆီကို ပြန်ရောက်သွားမှာပါပဲ'

ဟု မိုက်ကယ့် အခမေက ထင်မြင်ချက်ဝင်ပေးသည်။

ဂျက်ဖရီက တစ်စုံတစ်ရာ ပြန်မပြောဘဲ တိတ်ဆိတ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ် ပြန်နေကျလမ်းက မပြန်တဲ့ ဒီတစ်ခါ တခြားလမ်း တစ်လမ်းလမ်းက ပြန်လာတာမို့ အရောက်နောက်ကျနေတာလဲ ဖြစ်နိုင်တာပေါ့'

သည်တစ်ခါ ထင်မြင်ချက် ဝင်ပေးသူမှာ မိုက်ကယ်၏ အဒေါ် ဖြစ်သည်။

မိုက်ကယ်၏အမေမှာ အတော်ကြီးမျက်နှာ ပျက်နေပြီ။

'သူ ဘယ်တုန်းကမှ ဒီလိုမလုပ်ဖူးဘူး၊ ပြန်မယ်ဆိုယင် ဘယ်နှနာရီပြန်မယ်ဆိုတာ ကြို အကြောင်းကြားတယ်၊ အကြောင်းကြားပြီးယင်လဲ တိတိကျကျလုပ်တယ်၊ မင်းပြောသလို အောက်စဖို့မြို့ကနေ မင်းထက် တစ်ရက်စောပြီး ထွက်သွားတယ်ဆိုယင် ခုလောက်ဆို ဒီကိုရောက်နေမှာပေါ့၊ လမ်းမှာ အချိန်တွေကြာနေစရာအကြောင်းမှ မရှိဘဲ'

ဟုလည်း ပြောသည်။

'ဟုတ်တယ်၊ အခါတိုင်း မိုက်ကယ် အောက်စဖို့ကနေ ပြန်လာပြီဆိုယင် ဒီကိုတန်းပြန်လာတာပဲ၊ ဘယ်ကိုမှဖြတ်ဝင်တာမျိုး မလုပ်ဖူးဘူး'

မိုက်ကယ်၏အဖေက ဝင်ပြောခြင်းဖြစ်သည်။ ပြီးတော့ ဂျက်ဖင်ရီကိုကြည့်ပြီး စဉ်းစားနေသည်။ ခဏနေမှ စကားဆက်သည်။



'မင်းပြောသလို မင်းမိန်းမနဲ့အတူတူ မိုက်ကယ် လာတယ်ဆိုယင် မင်း လိုက်ရှာနေတဲ့အကြောင်း မင်းမိန်းမကို ပြောလိုက်ပါ့မယ်၊ မင်းကို ဘယ်မှာ အဆက်အသွယ်လုပ်ရမလဲ'

မိုက်ကယ်၏ အဖေက စိတ်အားထက်သန်စွာ မေးသည်။

ထိုအကြောင်းကိုလည်း ဂျက်ဖရီ စဉ်းစားနေပါသည်။ ကိုဗင်ထရီသို့ မိုက်ကယ်ပြန်လာလိမ့်မည်ဟု တယ်မထင်တော့။ သည်အတိုင်းဆိုလျှင် ခြေဦးတည့်ရာ လျှောက်သွားနေကြပြီဟုလည်း ယူဆနိုင်စရာ ရှိသည်။

'ကျွန်တော် အောက်စဖို့မှာ ရှိနေမယ်၊ တကယ်လို့ ရှိယင် ကျွန်တော်တို့သူငယ်ချင်း နက်ဆီမှာ စုံဖမ် ဖို့ ပြောပေးပါ၊ နက်ကို ဘယ်လိုအဆက်အသွယ်လုပ်ရမယ်ဆိုတာ သူသိပါတယ်'

မိုက်ကယ့်မိသားစု၏ ဂရုတစိုက် ဧည့်ခံပြုစုသည်များကို ကျေးဇူးတင်စကားပြောပြီး သူ ထွက်ခဲ့သည်။

သူ့မြင်းကို နှင်မည့်ဆဲဆဲ အချိန်ကလေးမှာ ပင် မိုက်ကယ့်အမေ ပြေးလိုက်လာသည်ကို လှမ်းမြင်လိုက်ရသည်။ ထို့ကြောင့် မြင်းဇက်ကြိုးကိုသတ်ပြီး အဘွားကြီးကိုစောင့်နေလိုက်သည်။

'မိုက်ကယ်ဟာ မင်းမိန်းမကို မေတ္တာ ရှိဘယ်လို့တော့ ငါးမဆိုလိုပါဘူးနော်၊ မင်းမိန်းမနဲ့ မိုက်ကယ်နဲ့ ဘယ်လို ပတ်သက်ကြပါဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးက မောကြီးပန်းကြီး ပြောသည်။ ဂျက်ဖရီက အဘွားကြီးကို အေးတိအေးစက်ပြန်ကြည့်သည်။

ကျွန်တော့် မိန်းမရဲ့ အလှကို စိတ်မဝင်စားတဲ့ ယောကျ်ား တစ်ယောက်မှ မရှိပါဘူး၊ ဒါကြောင့် ဘယ်ယောကျ်ားမဆို သူ့အပေါ် မေတ္တာထားကြတာချည်းပဲ၊ မိုက်ကယ်လဲ တခြား ယောကျ်ားတွေနဲ့ ဘာထူးလို့လဲ'

'ဒါပေမယ့်...ဒါပေမယ့်'

'ကျွန်တော့် မိန်းမကို သူ အကာအကွယ် ပေးထားရုံ သက်သက်ပဲလို့ ယုံကြည်ပါတယ်၊ ကျွန်တော် မချည်းကပ်နိုင်အောင် ကာကွယ်ပေးထားတာ ဖြစ်ချင်လဲ ဖြစ်မှာပေါ့ဗျာ'

စကားဆုံးသည်နှင့် မြင်းကို အပြေး နှင်ခဲ့သည်။ မိုက်ကယ်၏အမေက သူ့ကို မျက်စိတဆုံးကြည့်ပြီးကျန်ခဲ့သည်။

မြင်းစီးလာရင်း ဂျက်ဖရီမှာ အတွေးပေါင်းစုံနှင့် ချာချာလည်နေသည်။

သူတို့နှစ်ယောက် ဘယ်သွားကြသနည်း။ လီနို၏ ရွာဖြစ်သော တွမ်းမီးယားလို့ သွားကြလေသလား။ မဖြစ်နိုင်ပါ၊ သူ့ရွာသို့ သူ ဘယ်နည်းနှင့်မျှ ပြန်ရဲမည် မဟုတ်ပါ။



မိုက်ကယ်ကလည်း သူ့အမျိုးများဆီ ပြန်ရဲမည် မဟုတ်။ လီနိုကိုခေါ်ပြီး မည်သည့်နည်းနှင့်မျှ ပြန်လာမည်မဟုတ်။

သည်အတိုင်းဆိုလျှင် လန်ဒန်မြို့သို့ သူတို့ လျှောက်ပြေးကြခြင်းသာ ဖြစ်နိုင်သည်။ မည်သူမျှမမြင်အောင် သိမ်မြစ်ကို စုန်ပြီး ပြေးကြခြင်းသာ ဖြစ်ရပေမည်။

နေ့က်တစ်ကြောင်းက တည်းခိုခန်းပိုင်ရှင် မစ္စက်ဝပ်တ်နှင့် အလုပ်သမားများ ဂွင်းနက်တို့သည် တစ်စုံတစ်ရာကို ဖုံးကွယ်ထားကြသည်ဟု သူထင်နေသည်။ ဂွင်းနက်နှင့် လီနိုမှာ အလွန် ခင်မင် ရင်းနှီးသည်။ ထို့ကြောင့် လီနိုဘယ်သွားမည်ဖြစ်ကြောင်း သူ့ကို ပြောခဲ့ကောင်း ပြောခဲ့ပေလိမ့်မည်။

မိုက်ကယ်၏ အပေါ်ထပ်မှာနေသော တာနေဓာလေး ပူးလ် ရှိသေးသည်။ သူလည်း သိနိုင်ကောင်းသည်။

ဂျက်ဖရီသည် အောက်စဖို့မြို့သို့ ဦးတည်ပြီး မြင်းကို အပြင်းနှင်ခဲ့သည်။ ဘန်ဘူရီနှင့် အောက်စဖို့ ကြားလမ်းဆုံ တစ်နေရာရောက်သော့ ကျောင်းတင်ဘူင် ငွေ အမတွပဲနေသည်ကို တွေ့ရသည်။ သိုးတစ်ကောင် သေ သလား၊ ဒါမှမဟုတ် မြွေခွေးအသေကောင် ရှိနေသလားဟု သူ မေးကြည့်သည်။

အောက်စဖို့သို့ ရောက်ဖို့ စိတ်စောနေသော ကြောင့် ငှင်းတများအကြောင်း ခေါင်းထဲမှ ဖယ်ထုတ်လိုက်ပြီး ခရီးမြင်း နှင်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ငွေခင်းတဝဲသည့်အကြောင်းကိုသာ သူဆင်ခြင်စုံစမ်းကြည့်မည် ဆိုပါက သူ့ဘဝဇာတ်လမ်းသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်စရာအကြောင်း ရှိပါသည်။

ဘာနေ၏အိမ်ရှိရာသို့ သူ တန်းတန်းမတ်မတ်ခရီးဆက်ခဲ့လေသည်။

*

## အခန်း ၁၉

မီးဆွဲသံချောင်းဖြင့် သူ့ပါးကိုလီနီကထိုးလိုက်သောအခါ ဆရာဝန်ဆီသို့ ဂေါ်လ်ဘတ်တန်း ပြေးသည်။

သေချာပါသည့် အနာရွတ်ကြီး ထင်ကျန်ရစ်တော့မည်ဖြစ်ကြောင်း ဆရာဝန်က ပြောသည်။

အလွန်ချောမောလှပသည့် သူ့မျက်နှာပေါ်မှ ထင်ရှားသောအနာရွတ်ကြီး။

ဂေါ်လ်ဘတ်သည် လီနီအပေါ် စိတ်အနာကြီးနာသွားကာ ဆရာဝန်၏ဆေးခန်းမှ ထွက်လျှင်ထွက်ချင်း အစိုးရအာကာပိုင်များထံသို့ တစ်ချိုးတည်း ပြေးလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လီနိုကို ဘာမှုနှင့်အရေးယူလျှင် ကောင်းမည်နည်းဟူ၍လည်း တစ်လမ်းလုံးစဉ်းစားလာသည်။

လီနိုသည် ဝူစတာတွင် ဘုရင့်ဘက်တော်သားများဘက်မှ ကာရှမ်းဝဲလ်တို့ကို ဝင်ရောက်တိုက်ခိုက်ပေးဖူးသည်ဟု တိုင်နိုင်သည်။

ယခု ကာရှမ်းဝဲလ် အစိုးရတက်နေရာကို ထိုတစ်မှုတည်းနှင့်ပင်ကြိုးစင်တက်ရဖို့ သေချာသွားတော့သည်။

သို့သော် သည်လိုလုပ်မည် ဆုံးစီရင်၍မဖြစ်သေး။ လီနိုကို သူကိုယ်တိုင် ပြန်ပြစ်ဒဏ်ခတ်နိုင်အောင် ကြိုးစားရမည်။ ထို့ကြောင့် မိမိကိုတိုက်ခိုက်သည့် အမှုဖြင့်သာ ထောင်ချရမည်။

လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသည့်အတိုင်း လီနိုကို အပြစ်ဒဏ်ပေးဖို့ နည်းကောင်းလမ်းကောင်း ရလာမည်သာဖြစ်သည်။

အာကာပိုင်များဆီသို့ သွားနေသည့်လမ်းတစ်လျှောက်တွင် ဒဏ်ရာကနာသည်တစ်မျိုး၊ ဒေါသဖြစ်သည် တစ်မျိုးတို့ကြောင့် ဂေးလ်ဘတ်မသက်မသာ ဖြစ်နေသည်။

လီနိုထောင်ထဲဝင်သွားလျှင် သူလွတ်ဖို့အတွက် မိမိကိုဒူးထောက်တောင်းပန်ရမည်။



မိမိက တရားလိုဖြစ်သောကြောင့် အမှုကိုမိမိသာလျှင် ကြေအေးနိုင်သည်။

ထိုသို့ကြေအေးပေးရမည်ဆိုလျှင် ထောင်မှ လွတ်နှင့် တစ်ပြိုင်တည်း မိမိနှင့်အတူတူလာနေရမည်။

ထိုအတိုင်းသဘောတူမှသာ ထိုအမှုကိုကြေအေးပေးနိုင်မည်။

ဒီတစ်ခါတော့ ဒီကောင်မ ငါ့လက်ထဲက ဘယ်ပြေးလွတ်နိုင်ဦးမလဲဟု တွေးရင်း ဂေးလ်ဘတ် ကျေနပ်နေသည်။

လီနိုကို မိမိသိမ်းပိုက်ထားသည့်ကာလအတွက် အာခံချင်သည်ဆိုလျှင်….

'ဝူစတာမြို့က နတ်မိမယ်ဖြစ်ကြောင်း အစိုးရကို ဖွင့်ပြောလိုက်ရမလား'

ဟူသော စကားတစ်ခွန်းတည်းဖြင့် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးအဖြစ်မျိုးသို့ ရောက်မည်ဖြစ်ကြောင်း သေချာပေါက်တွက်ထားလိုက်တော့သည်။

လီနိုကို လက်ဝယ်ပိုင်ပိုင်ရရှိရေး လမ်းကြောင်းသည် ဖြောင့်တန်းနေပြီ ဖြစ်ကြောင်း အတပ် သိလာသော အခါ ပါးမှအနာကိုပင် သူမေ့လျော့သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငါ့လက်ခုပ်ထဲက ရေဖြစ်ရတော့မယ်၊ ဝါပြုသမျှနို့ရတော့မယ်ဟူသောအတွေးဖြင့် ပြုံးပြုံးကြီး ဖြစ်နေသော ဂေးလ်ဘတ်သည် အစိုးရဘက်သားများနှင့်အတူ မစ္စက်ဝပ်တ်၏ တည်းခိုခန်းသို့ ပြန်ရောက်လာသည်။

သို့သော် ခဲလေသမျှ သဲရေကျ ရတော့သည်။

မစ္စက်ဒေါက်သည် စောစောကပင် ကတိုက်ကရိုက် ခရီးထွက်သွားပြီဖြစ်ကြောင်း၊ ဘယ်သွားသည်ကို မိမိမသိကြောင်း၊ မစ္စက်ဒေါက်ကလည်း ဘယ်သွားမည်ဟု မပြောမသွားကြောင်းဖြင့် တည်းခိုခန်းပိုင်ရှင် မစ္စက်ဝပ်တ်က အစိုးရဘက်သားများကို ထုတ်ဖော်အစစ်ခံသည်။

ဂေးလ်ဘတ်က အဘွားကြီးကို မျက်စောင်းကုပ်ကြည့်သည်။ အဘွားကြီးပြောစကားကို သူမယုံပါ။

လီနီမှာ ကလေးငယ်လေးနှင့်ဖြစ်သည်။ ပိုက်ဆံလည်း တစ်ပြားမှမရှိ။

ထိုအခြေအနေမျိုးတွင် ဘယ်လိုလုပ်ပြီး ခရီးဝေးထွက်သွားနိုင်ပါမည်နည်း။

ငါကိုယ်တိုင်တွေ့အောင် ရှာပြမယ်ဟု စိတ်ထဲမှ ကြုံးဝါးလိုက်မိလေသည်။



သူ့အိမ်သို့ ပြန်အလာ လမ်းခုလတ်တွင် ဘာနေနှင့်သွားတွေ့သည်။ သူ့မျက်နှာပေါ်ရှိ ပတ်တီးစည်းထားသည့်နေရာကို ဘာနေကကြည့်နေသည်။

'ခင်ဗျားတစ်ယောက်ယောက်နဲ့ ဓားချင်း ယှဉ်ခုတ်ခဲ့ပြီထင်တယ်'

ဟု ဘာနေက မေးသည်။

'မဆောင်တဆ ခိုက်မိလို့ပါ၊ ဒါထက် ဘာထူးသေးသလဲ'

ဂေးလ်ဘတ်က ဒဏ်ရာအကြောင်း စကားမဆက်ချင်သောကြောင့် အရေးမကြီးသလိုလုပ်ပြီး မေးရိုးမေးစဉ်အတိုင်းမေးသည်။

ဘာနေက အားပါးတရ ရယ်သည်။ ယနေ့တော့ သူ့မှာ သတင်းထူးတွေ တစ်ပုံဘပင်ကြီး ရှိနေပြီ မဟုတ်ပါလား။

'လီနီကို မိုက်ကယ် သုတ်ပြေးပြီလေဗျာ၊ ဟား... ဟား...'

ဂေးလ်ဘတ်၏ ရင်ထဲမှာ ဒေါသပေါက်ကွဲသွားလေသည်။ မိမိလက်ထဲမှ လီနီ လွတ်ထွက်သွားပါပေါ့လားဟူသော အသိကြီးက ရှိုင်းရှိုင်းစိုင်းစိုင်း ခေါင်းထဲသို့ တိုးဝင်လာသည်မှာ အခံရအခက်ဆုံး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သာ ဖြစ်လွန်းသောကြောင့် အားဏာပိုင်များ ထံ ပြန်ပြေးပြီး လီနီသည် ဝူစတာမြို့မှ နတ်မိမယ်ဖြစ်ကြောင်း ပြောမိတော့မလို ဖြစ်သွားသည်။

သို့သော်လည်း မသင့်တော်သေးကြောင်း ချက်ချင်း စဉ်းစားသိလိုက်မိသဖြင့် သူ့ကိုယ်သူထိန်းသည်။ တောင်စဉ် ရေမရ စကားတွေရှုတ်ပြီး ဘာနေကို နှုတ်ဆက် ထွက်ခွာ လာခဲ့သည်။

ဘရန်ဒီတင်ပုလင်းနှင့် ထိုင်ပြီး အစီအစဉ်များ ရေးဆွဲ လည်။ လီနီသည် တစ်နေရာရာမှာ ပုန်းနေခြင်းပဲ ဖြစ်ရ မည်။

ပါးကာဒဏ်ရာကို ပြန်စမ်းမိသည်။ ဒဏ်ရာနှင့်ပတ်သက် ၍ မည်သို့ ဇာတ်လမ်းဆင်ရမည်နည်း။ ဘာနေပြောသလို ယောက်ျားချင်း ခါးချင်းယှဉ်ခုတ်ရာမှရခဲ့သည့်ဒဏ်ရာဟု ပြောရလျှင် မည်သို့နေမည်နည်း။ ထိုအတိုင်း ပြောနိုင် လျှင်တော့ လူတွေအထင်ကြီးသွားနိုင်သည်။

သည်လိုမှမဟုတ်လျှင် ဝူစတာမြို့တိုက်ပွဲတွင် ရခဲ့သော ဒဏ်ရာဟုပြောနိုင်သည်။ ဘုရင့်ဘက်သားများနှင့် တွေ့ လျှင် ဘုရင်ဘက်ကသူဝင်တိုက်ခဲ့သည်ဟူ၍လည်းကောင်း၊ ကရွမ်းဝဲလ် ဘက်သားများနှင့်တွေ့လျှင် ကရွမ်းဝဲလ် ဘက် က ဝင်တိုက်ခဲ့သည်ဟု လည်းကောင်း ပြောရမည်။ ထို နည်းက ပို၍လူအထင်ကြီးစရာ ဖြစ်သွားမည်။



သူ့အမေက သူ့ကို မိန်းမချော ချောလွန်းသည်ဟု မကြာခဏ ပြောသေးသည်။ ယခုလို မျက်နှာပေါ်မှာ ဒဏ်ရာနှင့်ဆိုတော့ ပို၍ ယောက်ျား ဆန်သွားသည်ဟု အကောင်းဘက်မှလည်း လှည့်တွေးကြည့်မိသည်။

တိုက်တန်သည့် ဖြစ်ဒဏ်ကို မခံရဘဲနှင့် လီနီ လွတ် မြောက် မသွားစေရဟုလည်း အခိုင်အမာ သန္နိဋ္ဌာန် ချမှတ်နေမိသည်။

ဘရန်ဒီခွက်ကို မော့လိုက်သည်။ လည်ချောင်း ထဲမှာ ပူခနဲဖြစ်ပြီး လျှောဆင်းသွားသည်။

မိုက်ကယ်သည် စိတ်အားငယ်သည့်လူငယ်တစ်ယောက် ဖြစ်သည်။ သူ့မှာငွေကြေး ပြည့်ပြည့်စုံစုံမရှိ။ သူ့ မိဘ များက မြေပိုင်ရှင်ကြီးများ ဖြစ်သော်လည်း ယခုတော့ အထည်ကြီးပျက်သူ ဖြစ်ကုန်ကြပြီ။

အထည်ကြီးပျက် မဟုတ်သည့်တိုင် လီနီလို မိန်းမမျိုး ကို ခိုးပြေးသည့်အတွက် မိဘများအနေဖြင့် အမွေဖြတ် တော့မည်ဖြစ်သည်။ ဘာအထောက်အပံ့မှ မရနိုင်။

လီနီသည် ဘယ်မှ သွားစရာမရှိ။ ငွေရာပေါက်လမ်း လည်း မရှိ။ လက်ထဲမှာလည်း ငွေမရှိ။ ထို့ကြောင့် မိုက် ကယ်ခေါ်ရာသို့သာ လိုက်ရမည်။ မိုက်ကယ် ထားသည့် အတိုင်းနေရမည်။

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်က လီနီကို ကရားဝင် လက်ထပ်ယူသည့်တိုင်အောင်သည်း မိုက်ကယ့်အမေက လီနီကို ချွေးမအဖြစ် အသိအမှတ်ပြုမည် မဟုတ်။

သည် အတိုင်းဆိုလျှင် မိုက်ကယ်သည် လီနီကို တစ်နေရာရာတွင် စွန့်ပစ်ထားခဲ့ရမည်မှာ မြေကြီး လက်ခတ်မလွဲ ဖြစ်လေသည်။

ထိုအတွေး ဝင်လာသောအခါ ဂေးလ်ဘတ်သည် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်လေသည်။ ယခုအချိန်ဆိုလျှင် လီနီသည် အလွန်မှည့်သည့် သစ်သီးကြီးတစ်လုံးနှင့် တူနေပေတော့မည်ဟု စဉ်းစားရင်းလည်း မျက်စိထဲမှာ မြင်ယောင်လာလေသည်။

ထို့ကြောင့် သို့ဗင်ဆရီရှိ မိဘအိမ်သို့ ပြန်ရောက်နေလောက်မည်ဟု ထင်ရသော မိုက်ကယ်ထံသို့ စာတစ်စောင် ကောက်ရေးသည်။

'ဂျက်ဖရီရဲ့ အပျော်မယား လီနီနဲ့ မင်း ထွက်ပြေးတာ သိပါတယ်မိုက်ကယ်၊ နောက်ပြီးတော့ ဒီမိန်းမှာ ဘာအရည်အချင်းမှမရှိတာလဲ ငါသိပါတယ်၊ ဒါကြောင့် အခုလောက်ဆိုယင် မင်းကိုယ်တိုင်ကပါ တန်ဖိုးမရှိကြောင်းသိလို့ တစ်နေရာမှာ ခွာချပစ်ခဲ့ပြီး မိဘအိမ် ပြန်ရောက်နေပြီ မဟုတ်လား။



'သူနဲ့ငါ့မှာ စာချင်းရှင်းစရာလေး တစ်ခုရှိနေတဲ့အတွက် လီနီ ဘယ်မှာရှိနေတယ်ဆိုတာ သိပါရစေ၊ အဲဒီသတင်း ပေးမယ်ဆိုယင် အပြန်အလှန်သဘောမျိုးနဲ့ ဂျာကင်အင်္ကျီ အသစ်စစ်ထည်မင်းကို လက်ဆောင်ပေးပါ့မယ်၊ မင်းသိပ်သဘောကျတယ်လို့ပြောတဲ့ ဂျာကင်အင်္ကျီကို မှတ်မိသေးတယ် မဟုတ်လား၊ အပြန်အလှန် သဘောပေါ့ကွာ....'

လေးစားစွာဖြင့်

ဂေးလ်ဘတ်မာနေ့

ထိုစာကို စာတိုက်မှထည့်လိုက်သည်။ ထိုသို့ လုပ်လိုက်ရသည်သို့ သူ့ဘာသာသူ အကျေနပ်ကြီး ကျေနပ်နေမိသည်။

ကျေနပ်ခြင်းကြီးစွာဖြင့် ကုလားထိုင်ပေါ်မှာမြိန့်မြိန့်ကြီး ထိုင်နေခိုက် မမျှော်လင့်ပဲ ဂျက်ဖရီ ရောက်လာပြီး ...က်ခိုက်သည်ကို ခံလိုက်ရခြင်းဖြစ်လေသည်။

ဂျက်ဖရီက သူ့ကိုပြတင်းပေါက်မှနေ၍ အိမ်နောက်...က်သို့ လွှင့်ပစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ခေါင်းနှင့်ဇောက်ထိုးကျသွားခြင်းဖြစ်ရာ သူ့အသက်သည် ထိုနေရာတွင် အပြီးတိုင်ရပ်ဆိုင်းသွားဖို့ ရှိသည်။

သို့သော်လည်း ကံကောင်းထောက်မပြီး ကောက်ရိုး လှည်းပေါ်သို့ တည့်တည့်မတ်မတ် ကျသွားသောကြောင့် သေကံမရောက်သက်မပျောက်ခြင်းဖြစ်သည်။

ကောက်ရိုးများလိုက်ရောင်းသူက သူနေနေသည့်အိမ် ရှင်အတွက် ကောက်ရိုးချမှန်း လှည်းကို အိမ်နောက်သို့ မောင်းသွင်းထားသည်။

ယခင် ကောက်ရိုးဖိုးများ စာရင်း ရှင်းနေကြခိုက် ဂျက်ဖရီနှင့် ဂေးလ်ဘတ်တို့တိုက်ပွဲဖြစ်ပြီး သူ့ကို ပြတင်း ပေါက်မှပစ်ချလိုက်ခြင်းဖြစ်သည်။

ထိုအဖြစ်ကို မမျှော်လင့်ဘဲ မြင်ကြရသည့် အိမ်ရှင် ကောက်ရိုးရောင်းသူနှင့် ထမင်းချက်တို့က အော်ဟစ်ပြေး ထွက်လာသည်။

ကောက်ရိုးများထဲတွင် သူ ခေါင်း စိုက် နေပြီး ထောက်နှစ်ချောင်းသာ မိုးပေါ် ထောင်လျက်သား ပေ နေသည်။

သေပြီဟုထင်ပြီး ဝိုင်းဆွဲထုတ်ကြသည်။ သို့သော် သူ မသေပါ။



အခကောင်း ကျန်နေသေးသော ပါး တစ် ဘက် ကို ကောက်ရိုးထဲမှာမြှုပ်နေသည့် ကောက်ဆူအသွားနှင့် ခြစ် မိသောကြောင့် ဒဏ်ရာရသွားခြင်းသာ ဖြစ်သည်။

ပါးတစ်ဘက်မှာ လီနိုက မီးဆွနှင့် ထိုးလွှတ်သော ကြောင့် ပတ်တီးစည်းထားရသည်။

ယခုဂျက်ဖရီက ပြတင်းပေါက်မှ ပစ်ချလိုက်သော ကြောင့် ကောက်ဆူနှင့်ခြစ်မိပြီး ကျန်ပါးတစ်ဘက်မှာ ဒဏ်ရာရပြန်သည်။

အသက်မသေဘဲ ကောက်ရိုးပုံထဲမှထွက်လာနိုင်သော ကြောင့် အိမ်ရှင်ကအတော်လေး မကျေနပ် ဖြစ်သွား သည်။

အိမ်လခ မှန်မှန်မပေးသဖြင့် အိမ်ရှင်ကလည်း ဂေးလ် ဘတ်ကို နည်းနည်းကလေးမှမကြည်ဖြူချေ။

တခြားနေရာများမှာသာ လက်ဖွာပြီး သုံးချင်တိုင်း သုံး၊ ဖြုန်းချင်တိုင်းဖြုန်းနေသည်။

သို့သော် အိမ်လခပေးဖို့ကျတော့ အလွန်လက်ခက် သည်။

မိတ်ဆွေအပေါင်းအသင်းများက သူ့ထံသို့ မတင်း လာခမ်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲမှာနေရင်း သူကအဖြစ်အပျက်များကို ပြန်ပြောပြသည်။

သို့သော်လည်း သူပြောသည့်အဖြစ်အပျက်များသည် အခုန်တကယ် ဖြစ်ပျက်ခဲ့သည်များနှင့်တော့ ထုံးစံအတိုင်း ကွဲလွဲနေမြဲဖြစ်လေသည်။

'လီနီကဂျက်ဖရီခရီးသွားနေတုန်း မိုက်ကယ်နဲ့ ခိုးရာလိုက်ဖို့လုပ်တယ်၊ တားဖို့ ငါ့မှာ တာဝန်ရှိလာပြီပေါ့၊ ဂျက်ဖရီဆိုတာ ငါနဲ့ညီအစ်ကိုဝမ်းကွဲတော်တယ်၊ အရေးကြီးတော့သွေးနီးရာဆိုသလို လီနီကို ငါတားရမှာပေါ့၊ နောက်ပြီးတော့ မိုက်ကယ်ဆိုတာကလဲ ငါ့သူငယ်ချင်း၊ မတော်တရော်တွေဖြစ်မှာကို ဒီအတိုင်းကြည့်နေလို့ဘယ်ဖြစ်မှာလဲ၊ ဒါကြောင့် လီနီကို မတော်ကြောင်း ပြောပြီးတားတာ၊ ဒီလိုတားရပါ့မလားဆိုပြီး လီနီက ငါ့ကိုမီးဆွနဲ့မျက်နှာကို ကောက်ထိုးလိုက်တော့တာပါပဲကွာ'

မီးလောင်ခံရသော ပါးတစ်ခြမ်းနှင့်ပတ်သက်၍ သူပြောပြသောဇာတ်လမ်းဖြစ်သည်။

'နောက်ဆုံးတော့ ခရီးသွားနေရာကနေ ဂျက်ဖရီပြန်ရောက်လာတယ်၊ ငါ့ရှင်းပြတာကိုနားမထောင်ဘူး၊ မိုက်ကယ်နဲ့လိုက်ပြေးအောင် ငါကပဲကူလားဖန်ထိုးလှတ်လိုက်တယ်ဆိုပြီး ငါ့ကို ပြတင်းပေါက်ကနေတွန်းချလိုက်တာ၊



ကောက်ရိုးလှည်းပေါ် ကျသွားပြီး ကောင်း နေသေးတဲ့မျက်နှာတစ်ခြမ်းကိုကောက်ဆွနဲ့ ခြစ်မိသွားတာပါ။

သူ ဘာပြောပြောလူတွေကတော့ ရာနှုန်းပြည့် မယုံကြည်ကြပါ။

ထိုရက်အတွင်း တစ်နေ့တွင် အောက်စဖို့မြို့သို့ဂျက်ဖရီပြန်လာသည်ကိုတွေ့ကြောင်း၊ ဘာဒနဲ၏အိမ်ရှိရာသို့ တန်းတန်းမတ်မတ် သွားနေကြောင်းဖြင့် အရက်ဆိုင်မှ စားပွဲထိုးမကလေး ဒေါ်ရသီက ပြောသည်။

ဂေးလ်ဘတ်သည် ဘာကိုမျှ စဉ်းစားမနေနိုင်တော့ဘဲ သောက်လက်စ အရက်ခွက်ကို ပစ်ချကာ အပြင်သို့ ပြေးထွက်သွားလေသည်။

အစိုးရဘက်သားများဆီသို့ ခြေကုန်သုတ်သည်။ ဂျက်ဖရီကြိုးစင်တက်ရတော့မည်ကို စိတ်ကူးဖြင့် တွေးကြည့်ပြီး သူအပျော်ကြီးပျော်သွားလေသည်။

ပြတင်းပေါက်မှ ပစ်ချလိုက်ခြင်း ခံရသော်လည်း သူမသေသည့်သတင်းကို ဂျက်ဖရီကြားသဖြင့် အပြတ်ရှင်းဖို့ပြန်လာခြင်းဖြစ်ရမည်ဟု သူတွေးကြည့်သည်။

အစိုးရရုံးသို့ ရောက်သောအခါ ဂျက်ဖရီသည် ဝူစတာတိုက်ပွဲတွင် ဘုရင်မင်းမြတ်ဘက်မှ ပါဝင် တိုက်ခိုက်ခဲ့သူဖြစ်ကြောင်း၊ ထိုသို့တိုက်ခိုက်ပြီး ကိုယ်ရောင်ဖျောက်နေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ယခုအောက်စဖို့မြို့သို့ရောက်လာပြီး သူ့နာမည်ရင်းဝင်းဒမ် ကိုဖျောက်ကာမစ္စတာဒေါက်ဟူသောနာမည်ဖြင့်နေကြောင်း၊ ယခုမှ မိမိတို့ဆွေမျိုး အချင်းချင်းစာ မှ ကြားရမှ ထိုအကြောင်းပေါ်လာပြီး မိမိသိခြင်းဖြစ်ကြောင်းများကို ပြောပြသည်။

'ဂျက်ဖရီဟာ တကယ့် သစ္စာဖောက်ဆိုတာ အခုမှပဲ သိရတော့တယ်ဗျာ၊ ကျွန်တော်ကတော့သူ့ကိုအထင်တွေကြီးလို့ အသားထဲက လောက်ထွက်တယ်ဆိုတာ ဒါမျိုးကို ခေါ်တာပေါ့'

ဂေးလ်ဘတ်က အာထာပိုင်များကို မှင်နှင့်မောင်းနှင့် ပြောပြနေသည်၊ ဝမ်းကွဲညီအစ်ကို တော်သည်မှာ မှန်သော်လည်း သူသစ္စာဖောက်ဖြစ်နေသည်ကို စောစောက မသိဘဲ အခုမှသိရခြင်း ဖြစ်ကြောင်းကိုပါ အာထာပိုင်များ ယုံလောက်အောင် ပြောပြနေသည်။

ထိုကြောင့် မိုက်ကယ်နေသွားခဲ့သည့်အဆောက်အအုံကို အစိုးရလက်နက်ကိုင် တပ်များကဝိုင်းလိုက်သည်။

အပေါ်ထပ်တွင် ဘာနေနှင့်တွေ့ပြီး လီနို ဘယ်အရပ်သွားကြောင်းစုံစမ်းသော်လည်း ကျေနပ်လောက်အောင် တိကျသည့်အဖြေ မရသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ဆင်း



လာသော ဂျက်ဖရီသည် လက်နက်ကိုင်တပ်များ၏ ဝိုင်းဝန်း တားဆီးခြင်းကို ခံလိုက်ရလေတော့သည်။

ဂျက်ဖရီက ခေါ်တုတ်ပြီးခုခံသည်။ လက်နက်ကိုင်များက အုပ်စုနှင့်ဖိတိုက်သောကြောင့် ဂျက်ဖရီက အဆောက်အအုံထဲသို့ ပြန်ဆုတ်ပြေးရသည်။

လှေကားပေါ်တွင် တိုက်ပွဲ အပြင်းအထန်ဖြစ်သည်။ ခါးချင်းတိုက်သံများ ညံ့နေသလို ခါးချင်းထိရာမှထွက်လာသည့် မီးပွင့်များကလည်း တသက်လက် ဖြစ်နေသည်။

ဂျက်ဖရီသည် လှေကားပေါ်တက်ပြီး ဆုတ်ခံ ခံလိုက်၊ အောက်သို့ ဆင်းလိုက်ပြီး အသားကိုက်လိုက်ဖြင့် လက်နက်ကိုင်အဖွဲ့ကို အကြောက်အလန့်ခံတိုက်ခိုက်နေသည်။

ဒီလောက် ကျွမ်းကျင်ကျင်ကျင် တိုက်ပွဲဝင်တာမျိုး ... သက်နဲ့အစ်ကိုယ် တစ်ခါမှ မမြင်ဖူးပါဘူးဗျာ' ဟုနောက်ပိုင်းတွင် ... ပြောသည်။ ထိုအချိန်တုန်းက ... နေသည် အပေါ်ထပ်မှ ရှိနေပြီး တိုက်ပွဲကို အစမှအဆုံးတိုင် အနီးကပ် မြင်တွေ့ခဲ့ရသူဖြစ်လေသည်။

ဂျက်ဖရီကို ခါးချင်းယှဉ်ပြီး မဖမ်းဆီးနိုင်သောအခါ သေနတ်နှင့် ပစ်ပြီးဖမ်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျတော့မှ ဂျက်ဖရီသည် နွားသိုးကြီး တစ်ကောင်လို ဗုန်းခနဲ ပစ်လဲလေတော့သည်။

ဂျက်ဖရီသတိပြန်လည်လာသောအခါ ထောင်ထဲရှိအချုပ်ခန်း တစ်ခုထဲမှာ ရောက်နေကြောင်း သူ့ကိုယ်သူ သတိထားမိသည်။

နေရာက ညစ်ပတ်လွန်းလှသည်။ ကြမ်းပိုးတွေ၊ ပင့်ကူတွေ၊ သန်းကြီးမတွေ၊ ကြွက်တွေ သောင်းကျန်းနေသည်။

သည့်ထဲမှာ အချိန်တွေ ပိုချင်တိုင်းပိုနေသည်။ ထို့ကြောင့် စဉ်းစားချင်ရာကို ကြိုက်သလောက် စဉ်းစားနိုင်သည်။ စိတ်ကူးယဉ်ချင်ရာကို ကြိုက်သလောက် ယဉ်နိုင်သည်။

အချိန်ဆိုသည်မှာ ထောင်ထဲတွင် ဘာမျှတန်ဖိုး မရှိ။ ထောင်ထဲရောက်လာသော ယောကျ်ားတစ်ယောက်သည် ကြိုးစင် အတင်ခံရဖို့အတွက်သော်လည်းကောင်း၊ ပြည်နှင်ဒဏ် ပေးခြင်းခံရဖို့ အတွက်သော် လည်းကောင်း အကြောင်းမဲ့ ထိုင်စောင့်ရလေတော့သည်။

ခေါင်းတွင် ဒဏ်ရာရလာသော ဂျက်ဖရီကို အလုံခြုံဆုံးသော အခန်းမှာ ချုပ်နှောင်ထားသည်။ ထောင်၏



အပေါ်ဆုံးထပ်တွင်ဖြစ်လေရာ ထွက်ပြေး လွတ်မြောက်ဖို့ဆိုသည်မှာ အိပ်မက်ပင် မမက်နိုင်ချေ။

အိပ်ရာပေါ်တွင် လဲလျောင်းရင်း လီနီနှင့် မိုက်ကယ်တို့ အကြောင်းကို သူစဉ်းစားကြည့်သည်။

မိုက်ကယ်နှင့် လီနီသည် ဘန်ဘူရီလမ်းမှ တစ်ဆင့်ကိုဗင့်ထရီသို့သွားခြင်း မဖြစ်နိုင်။ ဘန်ဘူရီကို သွားမည်ဆိုပြီး လမ်းချက်ကို အစားအသောက်များ ထုပ်ပိုးခိုင်းခြင်းမှာ တစ်ခြားလူများကို မျက်စိလှည့်ခြင်း ဖြစ်သည်။

နောက်ပြီးတော့ မိမိ ပြင်သစ်နိုင်ငံသို့ တကယ်ထွက်သွားပြီဟုလည်း လီနီ ယုံကြည်သွားသည်။ ထို့ကြောင့် မိုက်ကယ်နှင့် ခိုးရာလိုက်သွားခြင်းဖြစ်ရမည်။

သူ့ကို လီနီ လုံးဝနားလည်မသွားပါကလား။

သူတို့ ဘယ်ကိုများ သွားကြလေမည်နည်းဟု စိတ်နာနာဖြင့် သူတွေးကြည့်နေမိလေသည်။ အဖြစ်နိုင်ဆုံးကတော့ လန်ဒန်ကိုသွားခြင်းပဲ ဖြစ်သည်။ ခရီးစရိတ်ရအောင် သူတို့ မြင်းနှစ်ကောင်ကို ရောင်းချရပေလိမ့်မည်။

ယခုလောက်ဆိုလျှင် သူတို့နှစ်ယောက်သည် အမေရိကန် ကိုလိုနီနယ်သစ်သို့ ထွက်ခွာသည့် သင်္ဘောပေါ်မှာ ရောက်ချင်လည်း ရောက်နေကြပေလိမ့်မည်။ သင်္ဘော

www.burmeseclassic.com

လက်ရှန်းနားတွင် မိုက်ကယ်နှင့် အတူယှဉ်တွဲရပ်နေသည့် လီနီကို စိတ်ကူးမျက်စိထဲမှာ မြင်ယောင်လာသည်။

သူတို့အတော့ အမေရိကန် နယ်သစ်မှာ ဘဝသစ်ကို ထူထောင်ကြပေတော့မည်။ လူသစ်စိတ်သစ်ဖြင့် အခြေချကြပေတော့မည်။

သံတိုင်များ စိပ်စိပ်ကပ်ထားသည့် ပြတင်းပေါက်ကလေးဆီသို့ သူလျှောက်သွားသည်။ ပြတင်းပေါက်က မြင့်လွန်းသောကြောင့် အတော်ကြီး အရပ်ရှည်သည့်လူမှ မီနိုင်သည်။

အပြင်ကို သူမျှော်ကြည့်သည်။ အောက်စဖို့မြို့၏ မြင့်မားသော အဆောက်အအုံများမှ အမိုးချွန်ချွန်များကို မြင်နေရသည်။

အဆောက်အအုံများမှာ အိုမင်းကြပေပြီ။ ထို့ကြောင့် ရာသီဥတုဒဏ်ကို နှစ်ပေါင်းများစွာ ခံထားရပြီး မူလအရောင်များလုံးဝ မရှိတော့ချေ။

လီနီနှင့်သူ အတူနေခဲ့သော တည်းခိုခန်း အဆောက်အအုံကလေး ဘယ်နားလောက်မှာ ရှိမည်နည်းဟု စိတ်မှန်းနှင့်ရှာဖွေကြည့်မိသည်။

ထိုတည်းခိုခန်းကလေးမှာ လီနီနှင့်အတူ နေခဲ့သည်။ သူ့တစ်သက်တွင် စိတ်အချမ်းသာရဆုံးသော၊ အပျော်ဆုံးသော နေ့ရက်များ ဖြစ်ပါသည်။



လီနီသည် မိုက်ကယ်နှင့်အတူ အမေရိကန် နယ်မြေသို့ ထွက်ပြေးသွားခြင်းမှာ မိမိနှင့် အတူ သွားခြင်းထက်ပို ကောင်းသည်ဟုလည်း တွေးကြည့်မိသည်။

ထိုသို့ တွေးမိသောအခါ သူ စိတ်ထိခိုက်ရပါသည်။ သို့သော်လည်း အမှန်တရားကို သူတွေးကြည့်ခြင်း ဖြစ်သည်။

မိုက်ကယ်သည် နာမည်ပျက် ရှိသူ မဟုတ်။ မျိုးရိုးကောင်းသည်။ မြေပိုင်ရှင်မျိုးရိုးဖြစ်သည်။

သူ့မိဘများသည်အထည်ကြီးပျက်ဖြစ်နေသော်လည်း လက်ကျန် အဆောက်အအုံများကို ရောင်းချပါက အမေရိကန်မှာ သူတို့လင်မယားအခြေချ နေနိုင်လောက်အောင်တော့ ရနိုင်သေးသည်။

နယ်မြေသစ်မှာ ဘဝသစ်ကို သူတို့ ထူထောင်ကြပေတော့။

ကိုဗင်ထရီမှ မြေပိုင်ရှင်တို့၏ တစ်ဦးတည်းသော သားနှင့် တော့မ်မီးယားရွာကလေးမှ ရွှေရောင်ဆံပင်နှင့် မိန်းမငယ်လေးတို့ ပျော်ရွှင်စွာ ပေါင်းသင်းကြပေတော့မည်။

သူ့ကိုစွဲဆိုသည့်အမှုများနှင့်ပတ်သက်ပြီး အာဏာပိုင်များက ရှင်းပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်အပေါ် သစ္စာခံမှုကရွှမ်းခဲလ် ကိုသစ္စာဖောက်မှုများ ဓားပြမှုများဖြင့်လည်း၊ တရားစွဲမည်ဟု ပြောသည်။

ထိုအမှုများအားလုံးအတွက်ကျခံရမည့် ပြစ်ဒဏ်သည် သေဒဏ်ဖြစ်လေသည်။

ဓားပြမှုသည်လည်း သေဒဏ်ဖြစ်ကြောင်း ပြောသောအခါ ဂျက်ဖရီက အာဏာပိုင်များကို မထုံတက်သေးအမှုအနာဖြင့် ပြန်ကြည့်သည်။

နိုင်ငံတော်သစ္စာဖောက်မှုနှင့် သေဒဏ် အပေးခံရပြီးမှတော့ နောက်ထပ်သေဒဏ်တွေပေးတော့ရော ဘာမှုစရာရှိပေတော့မည်နည်း။

လူတစ်ယောက်ကို ဘယ်နှစ်ကြိမ်ပြန်သတ်၍ ရနိုင်ပါသနည်း။

ကြိုးစင်တက်ရသောအခါတွင် သူဘယ်လို သေသွားမည်နည်းဆိုသည်ကို တွေးကြည့်နေမိသည်။

လူတို့သည် တစ်နေ့မဟုတ် တစ်နေ့တော့ သေကြရမြဲသာဖြစ်သည်။

ယခုကြိုးစင်မတက်ရဘဲ လွတ်မြောက်သွားလျှင်လည်း တစ်နေ့နေ့တွင် အကြောင်းတစ်ခုခုကြောင့် သေရမည်သာဖြစ်လေသည်။



ထိုညတုန်းက လီနိုကို အိပ်မက်မက်သည်။ သူတို့နှစ်ယောက်တောထဲတောင်ထဲဝ ရှမ်းပြေးများအဖြစ် ပြေးနေကြရကြောင်း မက်ခြင်းဖြစ်သည်။

လီနိုကို သူအရမ်းချစ်ပါသည်။ သူ့ဘဝသည် လီနိုပဲဖြစ်ပါသည်။

ယခုတော့ ထိုအကြောင်းများကို လီနို မ သိ နိုင်တော့ပါ။

နောက်နေ့တွင် ဂေးလ်ဘတ်က သူ့ကို ထောင်ဝင်စာလာတွေ့သည်။

မျက်နှာပေါ်မှ ဒဏ်ရာများ အတော်လေး ပျောက်ကင်းစပြုနေပြီကို တွေ့ရသည်။

ပြတင်းပေါက်မှ သူပစ်ချလိုက်သဖြင့် ကောက်ဆွနှင့်ခြစ်မိသောဒဏ်ရာမှာ သိပ်ကြီးလှကြောင်း သတိထားမိသဖြင့် စိတ်မကောင်းဖြစ်မိသည်။

ထောင်မှူးက ဂေးလ်ဘတ်ကို မျက်နှာလုပ်သည့်အနေဖြင့် ကျယ်ကျယ်လွင့်လွင့်ထိုင်ပြီး စကားပြောနိုင်အောင် ဂျက်ဖရီ၏ အချုပ်ခန်းတံခါးဖွင့်ပေးမည်ဟု လာပြောသည်။

ထိုလောကွတ်စကားကြောင့် ဂေးလ်ဘတ်မှာအထိတ်တလန့် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုသူတို့တွေ့ရသည်က တစ်ယောက်ကို တစ်ယောက် ရန်ရှာ၍မရနိုင်၊ အလယ်မှာသံတံခါးရှိနေသည်။ သံတံခါး ကို သော့အခိုင်အမာခတ်ထားသည်။

ဂေးလ်ဘတ်က သည်အတိုင်းပဲ စကားပြောပါမည်ဟု ပြောပြီး ထောင်မှူးကိုပြန်လွှတ်လိုက်သည်။

'မင်း သိပ်ကို မှားသွားတယ် ဂျက်ဖရီ၊ သိပ်ကိုမှား သွားတယ်'

ဂေးလ်ဘတ်က သံတိုင်ကြားမှ လှမ်းပြောသည်။

'ဟုတ်တယ်၊ သိပ်ကိုမှားသွားတယ်၊ အမှန်တော့ မင်းကို ရှုံ့ပွက်တွေရှိနေတဲ့နောက်ဘေးလမ်းကြားထဲကိုပစ် ချဖို့မကောင်းဘူး၊ ကျောက်ခင်းလမ်းရှိနေတဲ့အိမ်ရှေ့ဘက် ကို ပစ်ချလိုက်ရမှာ၊ ဒါမှတစ်ခါတည်း ကိစ္စတုံးသွားမှာ မဟုတ်လား'

ဂျက်ဖရီက သက်ပြင်းချရင်း ပြောသည်။ ကိစ္စတုံး အောင်တစ်ခါတည်းမလုပ်လိုက်မိသည့်အတွက် သူတကယ် ပဲ စိတ်မကောင်းဖြစ်နေပုံရသည်။

ဂေးလ်ဘတ် မျက်နှာ ဖြူဖပ် ဖြူခေါ် ဖြစ်သွားသည်။ အံကိုလည်း တင်းတင်း ကြိတ်ထားလိုက်သည်။ ပြီးတော့ ဒေါသတကြီးပြောသည်။

'မင်း မကြာခင်သေရတော့မယ် ဂျက်ဖရီ၊ ဘယ်တရား ရုံးကမှ မင်းကိုလွှတ်မှာ မဟုတ်ဘူး၊ မင်းကို အမှုနှစ်မှုနဲ့



တရားစွဲထားတယ်၊ နိုင်ငံတော် ဘဏ္ဍာဖောက်မှုနဲ့ ကြိုးစင် မတက်ရယင် ဓားပြမှုနဲ့ ကြိုးစင်တက်ရမှာပဲ၊ ဘယ်လို နည်းနဲ့မှ လွတ်လမ်းမရှိတော့ဘူး၊ မင်း ဘာပြောချင်သေး သလဲ'

'မင်းပြောပုံက တယ်ပိုင်ပါလား၊ ဘာကြောင့်များ ဒါလောက် သေချာပေါက် ပြောနေနိုင်တာလဲ၊ နှစ်မှုစလုံး တစ်ခုမှ သက်သေမပြနိုင်ဘူးလေကွာ၊ ဒါကို မင်းက အပိုင်မပြောနေသလား'

ဂျက်ဖရီက ရွှတ်နောက်နောက်လေသံဖြင့် ပြန်ပြော သည်၊

ဂေးလ်ဘတ်က အသက်ဝအောင်ရှူသည်။ သူ့ကိုယ် ကို မတ်မတ်ပြင်ရပ်လိုက်သည်။

'ငါလာတာ မင်းနဲ့ ရန်ဖြစ်ဖို့မဟုတ်ဘူး ဂျက်ဖရီ'

ထိုစကားကြောင့် ဂျက်ဖရီက ရယ်သည်၊

'ဟား... ဟား ရန်ဖြစ်ဖို့လာတာ မဟုတ်ဘူးလား၊ ဒါဖြင့်ယင် ဘာလုပ်ဖို့ လာတာလဲကွ'

'တို့နှစ်ယောက်ဟာ ညီအစ်ကိုဝမ်းကွဲ...'

'သွားစမ်းပါကွာ၊ အဓိပ္ပာယ်မရှိတာတွေ လာမပြော မနေစမ်းနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဖရီက စကားကို ဆုံးအောင်နားမထောင်ဘဲဖြတ်ပစ်လိုက်သည်။

ဂေးလ်ဘတ်က သံတိုင်ဘက်သို့ ပိုကပ်လာသည်။ ဂျက်ဖရီ၏ မျက်နှာကို သေသေချာချာ စိုက်ကြည့်သည်။

'ငါ့ကို မင်း သတ်ပစ်ဖို့ ကြိုးစားတာတော့ ငါ မေ့ပစ်လိုက်ချင်ပါတယ် ဂျက်ဖရီ၊ မင်းအနေနဲ့လဲ နောက်ဆုံး ငါ့ကို ခွင့်လွှတ်စရာရှိယင် ခွင့်လွှတ်လိုက်ပါ'

ဂျက်ဖရီက သူ့ကို အကဲခတ်ကြည့်သည်။

'လာလုပ်မနေစမ်းပါနဲ့ကွာ၊ ငါ မြန်မြန်သေအောင် အဆိပ်ကျွေးချင်နေတာ မဟုတ်လား'

'မဟုတ်ပါဘူး ဂျက်ဖရီ၊ ရယ်စရာတွေ လုပ်မနေပါနဲ့၊ ငါ အတည်ပြောနေတာပါ'

ဂေးလ်ဘတ်က စကားခဏဖြတ်သည်။ပြီးတော့ လေသံတိုးတိုး ဖြင့် ဆက်ပြောသည်။

'လီနီ ဘယ်ရောက်နေတယ်ဆိုတာ မင်း မသိဘူးလို့ ပြောတာ မဟုတ်လား ဂျက်ဖရီ၊ အဲဒါကို ငါမယုံဘူး၊ ဘယ်မှာရှိနေတယ်ဆိုတာ ငါ့ကိုပြောပါ၊ ငါသွားတွေ့ပြီး ထောင်ထဲမှာ မင်း ဒုက္ခရောက်နေတဲ့အကြောင်း ပြောပြလိုက်မယ်၊ ဒါမှ မင်းကို နောက်ဆုံးတွေ့ခြင်းအနေနဲ့ လာတွေ့နိုင်မှာ မဟုတ်လား၊ ဒီတစ်ခုကိုတော့ မင်းအတွက် ငါ ကူညီပါရစေ'



ဂျက်ဖရီက ခပ်ပြတ်ပြတ် တစ်ချက်ရယ်သည်။

'ဒီထောင်ထဲမှာငါနဲ့အတူတူ လီနီသေအောင်လို့လား၊ ဒါမှမဟုတ် မင်းရဲ့အ မြှောင်မယားအဖြစ် သိမ်းပိုက်ချင်လို့လား၊ ဘာအကြောင်းကြောင့် လီနီကို သွားတွေ့ချင်ရတာလဲ'

ဂေးလ်ဘတ်မျက်နှာ ရဲခနဲဖြစ်သွားသည်၊ သံတိုင်ကို ခါးရှိုးနှင့် ခပ်ကျယ်ကျယ် ခေါက်သည်။

'ဝါဒါရဲတော်၊ တံခါးလာဖွင့်တော့၊ ထောင်ဝင်စာတွေ့လို့ပြီးပြီ'

ဟုလည်း နောက်သို့ လှည့်အော်သည်။

ဂျက်ဖရီက အုတ်နံရံကို မှီချပ်ရင်း ဂေးလ်ဘတ်ကို စိုက်ကြည့်နေမိသည်။ အတော် ယုတ်မာ ကောက်ကျစ်သည့် မျက်နှာဖြစ်ကြောင်း စိတ်ထဲမှာသိနေသည်။ ကြည့်နေရင်း အားပါးတရ ရယ်လိုက်သည်။

'ငါ စိတ်မကောင်းပါဘူး ဂေးလ်ဘတ်'

ဂျက်ဖရီက နူးညံ့သော လေသံကလေးဖြင့်ပြောသည်။

ဂေးလ်ဘတ်က ဖျတ်ခနဲလှည့်ကြည့်သည်။ နူးညံ့သော လေသံဖြင့် ပြောသောကြောင့် ဂျက်ဖရီစိတ်ပြောင်းသွားပြီး မိမိကိုမေးလှမ်းသည်ကို လက်ခံကာ လီနီဘယ်မှာရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောတော့မည်ဟု ထင်လိုက်သည်။ သည်လိုဆို တော့လည်း မျှော်လင့်ချက်များ မကုန်ဆုံးသေးပါဘူး။

ဂျက်ဖရီက သက်ပြင်းချသည်။

'မှတ်တယ်၊ ကာကယ်ပဲ ငါစိတ်မကောင်းပါဘူး၊ ဘာ ကြောင့်လဲဆိုတော့မင်းပါးပေါ်မှာ လီနိုသုပ်သလို ဒဏ်ရာ ထင်ထင်ရှားရှားဖြစ်အောင် ငါမလုပ်လိုက်နိုင်ဘူး၊ ဒီ အမှားကို တစ်နေ့နေ့မှာတော့ ပြင်ဖြစ်အောင်ကို ပြင်ရ မယ်၊ အင်း.... မသေခင်သေးဘူး ဆိုယင်ပေါ့လေ'

ဂျက်ဖရီက ခပ်လုံးချင်း ပြောသည်။

ဂေးလ်ဘတ်က ကမန်းကတန်း ထွက်ပြေးသွားသည်။ တံခါးလာဖွင့်ပေးသည့် တောင်ကြပ်ကိုပင် ဒရောသောပါး တွန်းထိုး တိုက်မိသွားသည်။

သူ့ခြေသံကို ဂျက်ဖရီ နားထောင်နေသည်။ သူ ထော ရောက် တွေ့ဆုံသည့်အတွက် လီနိုကို သူ ရှာမတွေ့သေး ကြောင်း သိရသည်။ ထိုအတွက်တော့ မကျေးဇူးတင်လိုက် မိသည်။

မိုက်ကယ်သည် ဂေးလ်ဘတ် လက်လှမ်းမမီနိုင်သည့် နေရာသို့ လီနိုကို ခေါ်ဆောင်သွားနိုင်သည်။ ထိုကျေးဇူး တရား၏ အကျိုးကိုတော့ သူ ကောင်းစွာ ခံစားရပါလိမ့် မည်။



ထေ င်ဝင်စာ လာတွေ့သည့် နောက်တစ်ယောက်က တော့ ဝမ်းပန်းတသာ ကြိုဆိုရမည့်သူ ဖြစ်ပါသည်။

ဂျက်ဖရီသည် အချုပ်ခန်းအောင့်တွင် နံရံကိုမှီပြီးထိုင် နေသည်။ မျက်နှာကြက်မှ တွဲလောင်းကျနေသော ပင့်ကူ အိမ်များကို စိတ်ဝင်စားစွာ စိုက်ကြည့်ရင်း ငြိမ်သက်နေ သည်။

သံတံခါးဖွင့်သံ ကြားတော့မှ မော့ကြည့်မိသည်။ မြင်နေကျနေကျ နက်၏ကိုယ်လုံးကို တွေ့လိုက်ရသည်။သို့ သော်လည်း အခါတိုင်းနှင့်မတူဘဲ ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်နေ သည်ဟု ထင်သည်။ သူမှတ်မိသောနက်မှာ ဒါလောက် မဝပါ။

အခန်းထဲသို့ နက်ခပ်သုတ်သုတ်ဝင်လာသည်။သူလည်း ထိုင်ရာမှ ကုန်းသလိုက်သည်။ အခန်းအပြင်ယဉ်သို့ ရောက် လာသောနက်က သူ့ပခုံးကို ဝမ်းသာအားရ ပုတ်သည်။

နက်၏နောက်တွင် အောင်မှူးက သံတံခါးကိုပိတ်ပြီး သော့ပြန်ခတ်နေသည်။ ပြီးတော့သူတို့နှစ်ယောက်ကိုပြော သည်။

'ဒီနားမှာပဲ ကျွန်တော်ရှိနေမယ်၊ ခင်ဗျားတို့ တွေ့ပြီး ယင် ကျွန်တော့်ကိုလှမ်းခေါ်လိုက်နော်'

အောင်မှူး ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'နက်.... မင်း ဆွမ္မားဆက်မှာပဲ ရှိနေတယ်လို့ ငါထင်နေတာ၊ ကြည့်စမ်းပါဦးကွာ၊ မင်းဗိုက်ကြီး ရွဲနေလိုက်တာကလဲ မတရားသဖြင့်ပါလား၊ အမျိုးသမီးရော နေကောင်းတတ် မဟုတ်လား'

ဂျက်ဖရီက မေးခွန်းများကို ဆက်တိုက် မေးချလိုက်သည်။

နက်က သူ့လက်ကိုညှစ်သည်။

'အမျိုးသမီး နေကောင်းပါတယ်၊ မင်း အဖမ်းခံရတယ်ကြားလို့ ဆွမ္မားဆက်ကနေ လိုက်လာတာ၊ ဗိုက်ရွဲနေတာကတော့ မိန်းမက အစားကောင်း အသောက်ကောင်းတွေချည်း ချက်ပြုတ် ကျွေးမွေးနေတာကိုး၊ ဒါလောက်တော့ ရှိတော့မှာပေါ့ကွာ'

နက်က ဂျက်ဖရီကိုကြည့်ပြီး အားပါးတရ ပြုံးပြသည်။

'ထိုင်ဖို့ မင်းကို ငါမပြောတော့ဘူးနက်၊ အခန်းက အရမ်းညစ်ပတ်နေတာ၊ မင်းအဝတ်တွေ ပေကုန်လိမ့်မယ်၊ ပြတင်းပေါက်နား သွားရပ်ကြတာပေါ့၊ အဲဒီက လေကောင်း လေသန့် နည်းနည်းရတယ်၊ ဒါထက် ငါ့ဆီက လီနို တွက်ပြေးသွားတာ မင်း ကြားပြီရောပေါ့'

'အေး... ကြားတယ်'



'သူ့ သတင်း ဘာများကြားမိသေးလဲ'

ဂျက်ဖရီက စိုးရိမ်ပူပန်စွာ မေးသည်။

'မကြားသေးဘူး၊ ဘာမှမကြားဘူး၊ လာလီ စုတ်စပြုပ်စ ပျောက်သွားသလို သူလဲ တစ်ခါတည်း ပျောက်သွားတော့တာပဲ'

နက်၏နှလုံးသားမှာ အတော်ကြီးထိခိုက်နေကြောင်း သိသာ ထင်ရှားပါသည်။ မျက်နှာလည်း မသာ မယာ ဖြစ်သွားသည်။

ဂျက်ဖရီမှာ အထိတ်တလန့် ဖြစ်သွားသည်။

'လာလီ.... ဘယ်လိုဖြစ်တာလဲ၊ ငါ ဘာမှမသိရသေးပါလား'

ဟု မေးသည်။

'မဂ်းလ်ဘတ်ဆီကနေ ထွက်ပြေးသွားတယ်လို့ ငါ့ကို ပြောကြတာပဲ၊ ဘယ်ရောက်သွားတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ တစ်ခါတည်း ပျောက်ချင်းမလှ ပျောက်သွားတော့တာ'

တိုအကြောင်း ကြားရသောအခါ မျှော်လင့်ချက် ဆောင်ခြည် မှိန်မှိန်လေးတစ်ခု ဂျက်ဖရီ၏ ခေါင်းထဲသို့ ရောက်လာသည်။ ဂေါ်လ်ဘတ်လက်ထဲမှ လာလီ ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားသည်ဆိုလျှင် လီနီနှင့်နှစ်ယောက်အတူတူပေါင်းပြီး လုံခြုံသည့် တစ်နေရာရာမှာ သွားပုန်းနေနိုင်သည်။

ထိုသို့ စဉ်းစားလိုက်မိသောကြောင့် သူ့ရင်ထဲမှာ အတော်ကလေး ချောင်သွားသည်။

လီနီနှင့်အတူ လိုက်သွားသည့် မိုက်ကယ်သခင်လည်း ဘာမျှကြားရတော့လေရာ တစ်နေရာရာမှာ ပုန်းနေကြခြင်းသာ ဖြစ်ရပေမည်။

'ဖြစ်လာတာတွေကို ရဲရဲရင်ဆိုင် ကြရတော့မှာပေါ့ ဂျက်ဖရီ၊ လီနီဟာ မင်းကိုပစ်ပြေးပြီပဲ၊ ဒါကို မင်းလက်ခံရမယ်၊ အခုအချိန်မှာ ကိုယ့်ကိုစွာသာအရေးအကြီးဆုံးထားရမယ်၊ လီနီအတွက် စိတ်ထောင်း ကိုယ်ကြေတာမျိုးတွေ မဖြစ်စေနဲ့တော့'

နက်က တရားချသည်။

'ထောင်အပြင်မှာ နေရယင်တော့ ပြောသာတာပေါ့ ကွာ၊ ထောင်ထဲမှာ နေရတာဆိုတော့ စိတ်ညစ်စရာတွေ ချည်းပဲ၊ ကိုယ်မှ ဘာမှ မတတ်နိုင်တာ'

ဂျက်ဖရီက မျက်နှာကို ရှုံ့မဲ့ပြီးပြောသည်။

နက်က လေသံကို ချက်ချင်းနှိမ့်ချပစ်လိုက်သည်။

'ဒါတွေအားလုံး အဆင်ပြေသွားမှာပါ၊ ငါ့မှာ အစီအစဉ် တစ်ခုရှိနေတယ်'



နက်သည် စကားပြောရင်းမတ်တတ်မှ အဝတ်အစားများကို အလျင်အမြန်ချွတ်နေသည်။

'ထောင်မှူးလာ မလာ သေသေချာချာ လှမ်းကြည့်ထား၊ ဂျက်ဖရီ၊ ငါ့ဗိုက်မှာ ကြိုးတွေအများကြီးပတ်ထားတယ်၊ လှည့်လို့ရ လှုပ်လို့မရ ဖြစ်နေတယ်'

နက်က လေသံကလေးဖြင့် ခပ်မြန်မြန် ပြောသည်။

ဂျက်ဖရီ အကြီးအကျယ် အံ့ဩသွားသည်။

'နက်၊ မင်းဟာ တကယ့်လက်တွေ့သမားတစ်ယောက် ပါပဲလားကွာ'

ဟုလည်း မယုံကြည်နိုင်သလို ပြောသည်။

နက်က သံဖြတ်လွှတစ်ချောင်းနှင့် မားမြောင် တစ်ချောင်း ထုတ်ပေးသည်။ ကြိုးများကို ဆက်ဖြေနေသည်။ ဂျက်ဖရီက ထောင်မှူးနှင့်ထောင်ကြပ်များ လာရာလမ်းကို မျက်တောင်မခတ် လှမ်းကြည့်နေသည်။

နက်၏ဗိုက်ကို ပတ်ထားသည့်ကြိုးမှာရှည်လျားလွန်းလှသည်။ ဖြေနေရသည်ပင် တော်တော်နှင့်မပြီး။

'ငါ့ဖိနပ်တစ်ဘက်ထဲမှာ နောက်ထပ် သံဖြတ်လွှတစ် ချောင်း ရှိနေသေးတယ်'

နက်က လေသံကလေးဖြင့် ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဖရီက သူ့ကိုကြည့်ပြီး အားပါးတရ ပြုံးသည်။

'မင်းခန္ဓာကိုယ်ကြီးက လမ်းလျှောက်နေတဲ့ လက်နက်တိုက်ကြီး ဖြစ်သွားပြီကိုး၊ ဒီ ထောင် ကြီး တစ်ခုလုံးကို ဖောက်ခွဲပစ်ဖို့ ယမ်းတွေ ပါမလာတာဘဲ အံ့ဩစရာကောင်းနေသေးတော့တယ်'

'ပိုကောင်းတဲ့အစီအစဉ် ငါ့မှာရှိဘယ်'

မျက်နှာအမူအရာ တည်တည်ဖြင့် နက်က ပြောသည်။ အဝတ်အစားများကို ကမန်းကတန်း ပြန်ဝတ်နေသည်။

ဂျက်ဖရီက ကြိုးများ၊ သံဖြတ်လွှများနှင့် ဓားမြှောင်ကို မွေ့ရာအောက် ထိုးသွင်းပြီး ဝှက်နေသည်။

'ငါ့အစီအစဉ်က အန္တရာယ်တော့များတယ်၊ ဒါပေမယ့် အလုပ်ဖြစ်မယ်'

အစီအစဉ် အသေးစိတ်ကို နက်က ပြောသည်။ ဂျက်ဖရီက သေသေချာချာနားစိုက်ထောင်သည်။ သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။ ပြီးတော့ မျက်မှောင်ကုပ်သွားသည်။

'စောစောတုန်းက ဒီကို ဂေးလ်ဘတ် လာသွားသေးတယ်၊ ငါ့ကို ပတတီးရိုက်မလို့ လာတာ၊ ဒီအကြောင်းသူကြားယင် မပျက်ပျက်အောင် ဖျက်မှာပဲ'

ဟု ဂျက်ဖရီက ပြောသည်။



'ဒါ့ပေါ့၊ လီနီအကြောင်း သူ့ဇာတ်လမ်းတွေဆင်ပြီး ပြောနေတာလဲ ငါကြားပါတယ်ကွာ'

ဟု နက်ကလည်း သဘောတူ ထောက်ခံသည်။

'ဘာ ဇာတ်လမ်းတွေလဲ'

ဂျက်ဖရီက ခပ်ဆတ်ဆတ် ပြန်မေးသည်။

နက်က ပြောပြသည်။ ဂျက်ဖရီက သူ့လက်ဝါး တစ်ဖက်ကိုလက်သီးဖြင့် ခပ်ပြင်းပြင်း ထိုးပစ်လိုက်သည်။

ဂေးလ်ဘတ်ကို ပြတင်းပေါက်ကနေ လွှင့်မပစ်ခင် အလျှင်ဆုံး ကုတ်ကို ချိုးလိုက်ရမှာကွာ'

ဟုလည်း မချိတင်ကဲ ပြောနေသည်။

'သူ့ကို မင်း ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်တယ်ဆိုတဲ့အကြောင်းလဲ ကြားတယ်'

နက်က ပြုံးပြုံးကြီး ပြောသည်။ ပြောရင်း ဂျက်ဖရီ၏ အိပ်ရာအောက်မှ ကောက်ရိုးများကိုယူကာ သူ့အင်္ကျီထဲ သွင်းနေသည်။ စောစောကအတိုင်း ဖိုက်ရှိနေစေရန် ပြန်ပြင်ခြင်းဖြစ်သည်။

'သန်းကြီးမှ တွေ့ ပါကုန်လိမ့်မယ်'

ဟု ဂျက်ဖရီက သတိပေးသည်။

နက်က ပခုံးတွန့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂေးလ်ဘတ်အတွက် ဘာမှမပူနဲ့ ဂျက်ဖရီ၊ ဒေါ်ရော်သီနဲ့ သူ ပြဿနာတက်နေတာယ်၊ သူ အမြှောင်မယားလုပ်ဘားတဲ့ အနက်ဆိုင်က စားပွဲထိုးကောင်မလေးမှတ်မိတယ်မဟုတ်လား၊ အဲဒီကောင်မလေးကို သူနှိပ်စက်ထားတာ တစ်ကိုယ်လုံး အညိုအမည်းတွေစွဲလို့ ကောင်မလေးက သူ မကောင်းကြောင်း တွေ့ရာလူကို လိုက်ပြောနေတယ်၊ ကောင်မလေးကို ပိုက်ဆံနည်းနည်းလောက် ပေးလိုက်ယင် ဂေးလ်ဘတ်ကို ဇက်ကျိုးအောင် အရက်တိုက်ထားမှာပါကွာ'

ဂျက်ဖရီက ခေါင်းညိတ်နေသည်။ နေရာတကာတွင် စေ့စပ်သေချာအောင် စီစဉ်တတ်သော နက်ကို ကျေးဇူးတွင်မဆုံး ဖြစ်မိသည်။

'မင်းဟာ သူငယ်ချင်းကောင်းတစ်ယောက်ပါပဲ နက်၊ မင်းကျေးဇူးတွေကို တစ်သက် မမေ့ပါဘူးကွာ'

ဂျက်ဖရီက လှိုက်လှဲသည့် လေသံဖြင့် အားပါးတရ ပြောသည်။

'ဝေလ်ဘီခန်းမကြီး မီးလောင်လို့ ငါ အထဲမှာပိတ်မိနေတုန်းက ခေါင်းက မျှော်စင်ကြီးပေါ် တက်ပြီး ငါ့ကို မင်းကယ်ခဲ့တာကိုလဲ ငါဘယ်တော့မှ မမေ့နိုင်တော့ဘူး သူငယ်ချင်းရေ'

ဟု နက်က ပြန်ပြောသည်။



ဝေလ်ဘီမျှော်စင် မီးလောင်စဉ်က ထိုအထဲတွင် နက်ပိတ်နေခဲ့သည်။ ဗီရိုကြီးတစ်လုံး လဲကျပြီး သူ့ပေါ်ပိနေရာ ဗီရိုကို ဘယ်လိုမှဖယ်၍ မရနိုင်ဘူ မီးလောင် အသေခံရတော့မလို ဖြစ်နေသည်။

မီးလောင်၍ မသေလျှင်လည်း မီးခိုးများကြားမှာ မွန်းပြီးသေဖို့ သေချာနေသည်။ သူရှိသည့်နေရာသို့ မီးခိုးများက လုံးဝင်နေသည်။ သူ တဖြည်းဖြည်း အသက်ရှူကျပ်လာသည်။

မီးလောင်နေသည့်အဆောက်အအုံဘေးတွင် မျှော်စင်ရှိသည်၊ ဂျက်ဖရီက မျှော်စင်ပေါ် တက်သည်။ ပြီးတော့ နက်ရှိနေသည့် အခန်း၏ပြတင်းပေါက်ထဲသို့ မျှော်စင်မှနေ၍ ခုန်ကူးသည်။

လူတွေအားလုံး အသက်မရှူဝံ့အောင်ဖြစ်ကုန်သည်။ မျှော်စင်နှင့် မီးလောင်အဆောက်အအုံသည် အလှမ်းကွာလှရာ ခုန်ကူး၍ ဘယ်နည်းနှင့်မှ မရောက်နိုင်ဟု အများက ယူဆကြသည်။ တစ်ဘက်သို့မရောက်၍ အောက်ပြုတ်ကျလျှင် စီစီညက်ညက် ကြေလောက်အောင် မြင့်သည်။

အားလုံး ဝိုင်းတားနေသည့်ကြားမှ ဂျက်ဖရီမျှော်စင်ပေါ် တက်သွားသည်။ နက် ပိတ်မိနေသော အခန်းဆီသို့ ခုန်ကူးသည်။ ကံအားလျော်စွာ ချောချော မောမော ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မီးခိုးများက မည်းမှောင်နေသည်။ တို့အထဲသို့ သူအတင်းဝင်သည်။ သူ့မျက်လုံးများ နီရဲနေသည်။ သူလည်း အသက်ရှူကျပ်ပြီး ဒုက္ခရောက်တော့မည့်ကဲ့သို့ ဖြစ်နေသည်။

သို့သော် တစ်ချက်ကလေး နောက်မတွန့်ဘဲ နက်ရှိနေသည့် အခန်းထဲဝင်သည်။ နက်၏ကိုယ်ပေါ်တွင်ပိုနေသော ဗီရိုကြီးကို ဖယ်ပြီး ကယ်ထုတ်ခဲ့သည်။

ဂျက်ဖရီက ပခုံးတွန့်သည်။

'ဒါလောက် မကြီးကျယ်ပါဘူးကွာ၊ စကားထဲ ထည့်ပြောမနေပါနဲ့'

ဟု နက်ကိုတားသည်။

နက်က သူ့ပခုံးကို လာပုတ်သည်။

'အစစအရာရာမှာတော့ သတိထားနော်၊ တို့မှာ ဗီတစ်ကြိမ်ပဲ ဒီအခွင့်အရေးမျိုးရမယ်'

နက်က ဂျက်ဖရီကို သတိပေးသည်။

'စိတ်ချပါ၊ ဒီတစ်ကြိမ်တည်းနဲ့လဲ သေသေချာချာအောင်မြင်ရပါစေ့မယ်'

ဂျက်ဖရီက ကတိပေးသည်။

'ငါ့ကို တစ်ယောက်ယောက်က သက်သာမကောင်း မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့မယ်'



နက်က ပြောရင်းဆိုရင်း သူ့ဗိုက်ကို ကုတ်သည်။ ကောက်ရိုးများထဲမှာ ရောပါသွားသော သန်းကြီးမများက သူ့ဗိုက်ကို ကိုက်နေကြပြီဖြစ်သည်။

'ငါ့ဗိုက်ကြီးက လူစိတ်ဝင်စားစရာ ကောင်းနေတယ်၊ ချိုးချိုးချွတ်ချွတ်အသံကလဲ မြည်ချင်သေးတယ်၊ မသက်သာလို့ တစ်ယောက်ယောက်က လာစမ်းကြည့်ယင် ပြဿနာပဲ၊ ကဲ... ငါသွားတော့မယ်၊ အားလုံး စိတ်ချမယ်နော်၊ ဝါဒါရဲ့တော်...ဝါဒါရဲ့ခဘာ်'

နက်က တစ်ဘက်သို့ လှည့်အော်သည်။

ထောင်မှူးက သံတံခါးကို ပြန်ပိတ်သောအခါ ဂျက်ဖရီသည် မှိုင်တွေချသည့် အမူအရာမျိုးဖြင့် ငေးမိငေးရာငေးနေလေသည်။ ထောင်မှူးနှင့်နက်တို့ ထွက်သွားသည့် အသံကြားရတော့မှ သူ့အမူအရာ ပုံမှန်ပြန်ဖြစ် လာသည်။

ဘုရင်မင်းမြတ်အပေါ် သစ္စာခံသည့်လူ အောက်စဖို့မှ ရှိုင်သလောက် နက်က စုဆောင်းသည်။ နရသိန်အကျဉ်းဆောင်ကြီးကို တိုက်ခိုက်သည်။

တိုက်ခိုက်သည် ဆိုရာတွင် လက်နက်ဖြင့် စီးနင်းတိုက်ခိုက်ခြင်း မဟုတ်ပါ။ ထောင်ဘေးသို့သွားပြီး သံသေသံကြောဝ်များဖြင့် သီချင်းဝိုင်းဆိုကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စည်းမဲ့ကမ်းမဲ့ သီချင်းဆိုနေကြသောကြောင့် ရပ်မိရပ်ဖများက မကျေမနပ် ဖြစ်ကြသည်။

သို့သော်လည်း သူတို့မလျှော့ပေ။ ထိုသီချင်းသံများကြောင့် ထောင်ပြတင်းပေါက်မှ သံချောင်းများကို သံဖြတ်လွှနှင့် တိုက်နေသော အသံမှာ ပျောက်ကွယ်သွားရလေတော့သည်။

ဂျက်ဖရီက သံချောင်းများကို လုံးလုံး ပြတ်သွားအောင် မဖြတ်။ တည်းတည်းကလေး ချန်ထားသည်။ ကိုယ်ထွက်မည့် အချိန်ကျမှ ထိုသံချောင်းများကို ကန်ချပစ်လိုက်ရန်ဖြစ်သည်။

သို့ဖြင့် အားလုံးပြီးစီးသွားသည်။ ထောင်မှထွက်ရန် အားလုံး အသင့်ဖြစ်ပြီ။

တစ်ညနေတွင် သူ့ လည်စည်းပဝါကို ပြတင်းပေါက် ကသံတိုင်မှာချည်သည်။ ညနေခင်း လေပြည်လေညင်းက တိုက်ခတ်နေရာ အနက်ရောင်လည်စည်းပဝါမှာ လေထဲတွင် တလွင့်လွင့်ဖြစ်နေသည်။

ထိုအရာကား အားလုံး အဆင်သင့် ဖြစ်နေပါပြီဆိုသည့်အကြောင်းအချက်ပြလိုက်ခြင်းပင်။

ထိုညက ထောင်ပတ်လည်တွင် ပိုဆူသည်။ စောစောပိုင်းညများလိုသီချင်းဆိုရုံမကတော့ပဲ ဗုံများ၊ ဘင်များ ယူလာကာ ပြောင်းဆန်အောင်တီးကြသည်။



မြို့ပေါ်မှာ ညမထွက်ရအမိန့်ထုတ်ထားသည်။ ည ကိုးနာရီထိုး လျှင် တစ်မြို့လုံး လူသွားလူလာမရှိတော့။

နာရီစင်ကြီးမှ ည ကိုးနာရီ ခေါင်းလောင်းထိုးသံ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

ဂျက်ဖရီက တည်းတည်းကလေးဖြတ်ထားသော သံချောင်းများကို ကန်ချပစ်လိုက်သည်။ ဆူညံသံများကြားတွင် သံချောင်းများ ကျသွားသည့်အသံကို မည်သူမျှ မကြားနိုင်တော့။

အသင့်ချည်နှောင်ထားပြီးဖြစ်သောကြိုးဖြင့် မြင့်မားလှသော အုတ်နံရံကြီးတစ်လျှောက် အန္တရာယ် ကြီးမားစွာ ဆင်းလာခဲ့လေတော့သည်။

အောက်ဘက်တွင် အလင်းရောင်မရှိသလောက် ဖြစ်နေသည်။ အလွန် အားစိုက်ကြည့်နိုင်မှ ရေးရေးသာမြင်ရသည်။

ထိုအမှောင်ထဲတွင် မြင်းစီးသမား တစ်ယောက်သည် ထောင်နံရံဘက်သို့ မသိမသာ ပေါ်လာနေသည်။ မြင်းလွတ် တစ်ကောင်ကိုလည်း ဆွဲလာသည်။

ထိုသူကား နက်ဖြစ်လေသည်။

အလွန်မြင့်မားသည့် ထောင်နံရံအတိုင်း ကြိုး တစ်ချောင်းတည်းဖြင့် ခက်ခဲစွာ ဆင်းလာသော ဂျက်ဖရီကို သူ စိုးရိမ်တကြီး မော့ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြည့်နေဆဲ မြေပြင်သို့ရောက်ရန် ဆယ့်ငါးပေ ခန့်အလိုတွင် ကြိုးပြတ်ကာ ဂျက်ဖရီ ကျလာလေတော့သည်။ မြေပြင်ပေါ်မှာလိမ့်သွားပြီး နက်၏ မြင်းခြေထောက်နားအထိ ရောက်သွားလေသည်။

မြင်းကလန့်ခုန်ကာ တစ်ချက် ဟည်းလိုက်သည်။ နက်က သူ့မြင်းကို နိုင်အောင်ထိန်းထားသည်။

'ခိုက်မိသွားသေးလား'

နက်က လေသံဖြင့်မေးသည်။ သူ အတော်လေး စိုးရိမ်သွားပုံရသည်။ ပတ်ဝန်းကျင်ကိုလည်း ပျာပျာသလဲ ကြည့်သည်။

ဂျက်ဖရီက မြေပြင်ပေါ်မှလူးလဲထသည်။ နက် ကမ်းပေးနေသည့် မြင်းဇက်ကြိုးကိုဆွဲယူသည်။

'ကြီးကြီးကျယ်ကျယ်တော့မခိုက်မိပါဘူး၊ တစ်ချက် နှစ်ချက်လောက်တော့ စုတ်ပြဲသွားတယ်ထင်တယ်'

ဂျက်ဖရီက မျက်နှာထား တည်တည်ဖြင့် ပြန်ပြောသည်။

'ငါ့ကိုကူညီတာတွေ အားလုံးအတွက် ကျေးဇူးတင်ပါတယ်နက်၊ ကဲ....မင်း သွားဖို့ကောင်းပြီ၊ မတော်လို့ ငါ့ကို ပြန်ဖမ်းမိသွားရင် မင်းပါ အမှုပတ်နေဦးမယ်'



နက်က ပစ္စတိုသေနတ်နှင့် ဓားလှမ်းပေးသည်။ ဂျက်ဖရီက ပစ္စတိုသေနတ်ကို ခါးမှာထိုးကာ ဓားကို ခါးမှာ ချိတ်သည်။ သူ ခရီးထွက်ဖို့ အသင့်ဖြစ်ပြီ။

'ခဏနေဦးလေ၊ မင်း ဒါလိုဦးမှာပေါ့'

နက်က ပိုက်ဆံအိတ်တစ်လုံး ပစ်ပေးလိုက်သည်။ ဂျက်ဖရီက ဖမ်းယူထားလိုက်သည်။

'အထဲမှာ ရွှေဒင်္ဂါးတွေပါတယ်'

နက်က သူ့သူငယ်ချင်းကို စိတ်မသက်မသာဖြင့် ငေးကြည့်နေသည်။ မှောင်ထဲမှာမို့ မျက်နှာမသည်းမကွဲဖြစ်နေသည်။

'မင်း ဘယ်ကိုသွားမှာလဲဂျက်ဖရီ'

ဝမ်းနည်း ကြေကွဲသည့်လေသံဖြင့် နက်ကမေးသည်။

'ဘုရားသခင်မှပဲ သိတော့မှာပဲ သူငယ်ချင်းရာ'

ဂျက်ဖရီသည် မြင်းပေါ်သို့ လွှားခနဲ တက်လိုက်ကာ အသားကျစီးပြီး ထွက်ခွာသွားတော့သည်။

နက်က သူ့အတွက် လိုလေသေးမရှိအောင် စီစဉ်ပေးလိုက်သည်။ ငွေကဆိုတော့ လိုအပ်သည်ထက်ပင် ပိုနေပါသေးသည်။ ထို့ကြောင့် နောက် ဘာလုပ်လုပ်[illegible]နှင့် ကင်းရှင်းအောင်လုပ်ဖို့ သူ စိတ်ကူးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မအောက်စဖို့မြို့ထဲမှ သူ ထွက်ခဲ့သည်။ အရှေ့တောင် အရပ်ဆီသို့ ဦးတည်ပြီး သွားသည်။ ဆွမ်မွားဆက်မှာ သော်လည်းကောင်း၊ ကန့်စဝလ်မှာသော်လည်းကောင်း၊ သို့တည်းမဟုတ် ဒီဗွန်မှာသော်လည်းကောင်း သွား ရောက်စိုးနေမည်ဆိုလျှင် လုံခြုံနိုင်ကြောင်း သူသိသည်။

သို့သော် ထိုအရပ်များဘက်သို့ ယောင်လို့ပင်သူ ခြေဦး မလှည့်။ ထိုအရပ်များတွင် လီနီနှင့် သူလှည့်လည်သွားလာ ဖူးသည်။

ပြေးလွှားနေရသည့်ကာလတုန်းက ထိုအရပ်များတွင် အချိန်ကုန်ခဲ့သည်။

ထို့ကြောင့် ယခုပြန်သွားလျှင် အဟောင်းတွေအသစ် ဖြစ်ကာ လီနီကို သတိရနေဦးမည်။

ထို့ကြောင့် ထိုအရပ်များနှင့် ဝေးသည့် နေရာများ ဘက်သို့သာ သူဦးတည်ခဲ့လေသည်။

မိမိနှင့်ခွဲပြီး ခြားယောကျ်ားတစ်ယောက်ယောက်နှင့် အတူနေရသဖြင့် လီနီ၏ဘဝမှာ ပိုမိုကောင်းမွန်မည် ဖြစ် ကြောင်းသူယုံကြည်သည်။

သူနှင့်အတူနေနေရလျှင် ဒုက္ခဘူင်းမှ လွတ်ငင်းနိုင် တော့မည်မဟုတ်။

ဝရမ်းပြေးနှင့်ပေါင်းသင်းနေရသော ဘဝသည် ဘာ ကောင်းနိုင်တော့မည်နည်း။



လူချင်းတူတူ သူချိုင်းမျှမျှလည်း မထားနိုင်ဖို့ဟာ သေ ချာနေသည်။

အမှန်တော့ လီနီကိုအေးချမ်းသည့် ဘဝတွင် အဆင့် အတန်းမြင့်မြင့် သူထားပေးခဲ့ချင်ပါသည်။

ရာသီဥတုအလွန်ဆိုးရွားနေသည့်အချိန်တွင် မအောက် စဖို့မြို့သို့မရောက်ရောက်အောင် ခက်ခဲပင်ပန်းစွာ သူပြန် လာခြင်းမှာ လီနီကိုသတင်းကောင်းပေးဖို့ ဖြစ်သည်။

အမေရိကန်ကိုလိုနီနယ်သစ်သို့သွားဖို့ အစီအစဉ်အား လုံးအဆင်ပြေသွားသည်။

လီနီနှင့်သူ့ကို ခြံပိုင်ရှင်က ခရီးစရိတ်ခံပြီး ခေါ်သွား ဖို့ သဘောတူသည်။

ဟိုရောက်လျှင် ဂျက်ဖရီက ခြံအလုပ်သမားများကို ကြီးကြပ်အုပ်ချုပ်ရမည်။

ထိုအကြောင်းပြောပြချင်လွန်းသောကြောင့် အောက် စဖို့မြို့သို့ မိုးထဲလေထဲမှာ သူပြန်လာခဲ့သည်။

သို့သော် တည်းခိုခန်းပြန်ရောက်တော့ လီနီကလေး မျက်နှာမြင်ပြီးသည်နှင့် တိုးနေသည်။ မွေးလာသည့် အားကလေးက သူ့ကလေးမဟုတ်။

သူ့ကလေး မဟုတ်ရကောင်းလားဟု ဒေါသပေါက် ကွဲမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကစပြီး ယခုအချိန်အထိ ပြဿနာပေါင်းစုံနှင့်သူ တွေ့ရတော့ခြင်းဖြစ်ပါသည်။

မိမိကိုယ်တိုင်က ဒါလောက်မိုက်မဲနေမှတော့ ထိုဒုက္ခများကို ခံသင့်သည်ဟုလည်း သူ့ကိုယ်သူပြန်ပြောမိသည်။

သူ့ကိစ္စပြီးသောအခါ နက်ကလည်း ဆွမ်မွားဆက်သို့ပြန်သွားသည်။ ဂျက်ဖရီထောင်ဖောက်ပြီးထွက်ပြေးလွတ်မြောက်သွားခြင်းတွင် နက်၏အကူအညီပါရမည်ဟုဂေးလ်ဘတ်က သင်္ကာမကင်းဖြစ်နေသေးသည်။

သို့သော်လည်း ခိုင်လုံသည့် သက်သေ အထောက်အထားမည်သူကမှ မပြနိုင်သောကြောင့် နက်မှာအဘေးမသီရန်မခဖြစ်နေသည်။

နက်ကလည်း ကေစလာဟလသတင်းတစ်ခုကို တန်ပြန်ထုတ်လွှင့်ပေးလိုက်သည်။

ဝူစဘာမှနတ်မိမယ်က ဂျက်ဖရီကို ချုပ်နှောင်ထားသည့်အခန်းပြဘင်းပေါက်သို့ အတောင်ပံခတ်ပြီးပျံသန်းသွားကြောင်း၊ ပြီးတော့ သံတိုင်များကို ဖြတ်ပေးပြီးကြိုးတစ်ချောင်းပါ ချပေးထားခဲ့ကြောင်းဟူသော ကောလာဟလသတင်းဖြစ်လေသည်။

အောက်စဖို့တွင် နေခဲ့ရသည့်အချိန်ကာလများအတွင်း သူမှတ်မိနေသူမှာ လိနိုတစ်ယောက်တည်း ဖြစ်သည်။



အခြားဘာကိုမှမမှတ်မိ။ လိနိုကိုပဲ အချိန်ရှိသမျှ သူတမ်းတနေမိသည်။

တောပိုင်းသို့ သူရှောင်တိမ်းခဲ့သည်။ ဂမ်းသွားလမ်းလာများကို ဓားပြတိုက်ပြီး စားသောက်၍ နေတော့သောနက်အတွင်းမှာဖြစ်သည်။

တစ်ခါတွင် မြို့တစ်မြို့သို့ ရောက်သွားသည်။ ပွဲတော်ကျင်းပနေချိန်ဖြစ်သဖြင့် လူတွေစည်ကားနေရာ အမှတ်တမဲ့လူအုပ်ထဲမှာ ရောပြီးလျှောက်သွားနေမိသည်။

တစ်နေရာတွင် ဆံပင်နီနီနှင့် မိန်းကလေးတစ်ယောက်ကို တွေ့သဖြင့် လိနိုဟင်ပြီးလိုက်ကြည့်သည်။

လိနိုမဟုတ်ပါ။ တခြားမိန်းကလေးဖြစ်နေသည်။

သူလိုချင်သည်ဆိုလျှင် မိန်းကလေးများကို ရနိုင်ပါသည်။ သို့သော်လည်း လိနိုမှတစ်ပါး အခြားမည်သည့်မိန်းကလေးကိုမှ သူစိတ်မဝင်စားတော့ချေ။ အားလုံးကိုကျော်ခိုင်းနိုင်စွမ်းရှိနေလပြီ။

သူ့ဘဝအလှည့်အပြောင်းဖြစ်ဖို့အကြောင်း ဆိုက်လာသည်။ ဓားပြကြီးလုပ်နေရသည့်ဘဝဇာတ်လမ်းဇာတ်သိမ်းရဖို့ဖြစ်လာသည်။

ဓားပြတိုက်ရင်း တိမ်းရင်း ရှောင်ရင်းဖြင့် ပင်လယ်ကမ်းခြေဘက်သို့ သူရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဗာမြို့ ရောက်သောအခါ မှောင်ခိုကုန်သည် တစ်ယောက်နှင့်အသိအကျွမ်းဖြစ်သည်။

မှောင်ခိုကုန်သည်သည် ပြင်သစ်ပြည်မှဗာနှင့် ဘာချန်ဒီအရက်များကို ခိုးသွင်းနေသည်။ ထို့ကြောင့် အကောက်ခွန်ဆောင်ဖို့လိုဘဲ အဒတော်ကလေး အကျိုးဖြစ်ထွန်းနေသည်။

မှောင်ခိုသမား အဖော် အစပ် ကောင်းသောကြောင့် တစ်ညတွင် ထိုမှောင်ခိုနှင့်အတူ ပြင်သစ်ကက်ဆမ်းသို့ သူတို့ခိုးကူးကြသည်။

ထိုအခေါက်က သူတို့ကံမကောင်းပါ။ တစ်ချိန်လုံး တိမ်ဖုံးနေသော လသည် တိမ်အောက်မှထွက်ကာ ထိန်ထိန်ကြီးသာပစ်လိုက်သည်။

အင်္ဂလိပ် ရေလက်ကြားမှာ ကင်း လှည့် နေ သော ဗြိတိသျှ အကောက်ခွန်သင်္ဘောကသူတို့ကိုမြင်သွားသည်။ ပြင်သစ်ကမ်းခြေသို့ရောက်ဖို့ ခရီး သိပ်မဝေးတော့သည့်နေရာမှာ သွားတွေ့ခြင်းဖြစ်သည်။

အကောက်ခွန် သင်္ဘောက သူတို့ စက်လှေ ဘေးသို့အမြောက်နှင့် လှမ်းထုသည်။ ပြဿနာမရှိပါ။

သို့သော်လည်း နောက်တစ်ချက်ကတော့ သေသေချာချာ ပြဿနာရှိသွားတော့သည်။

အမြောက်ဆန်က ရွက်တိုင်ကိုထိသည်။ ရွက်တိုင်ကျိုးကျသည်။ ထိုရွက်တိုင်ကျိုးက မှောင်ခိုကုန်သည်ပေါ်သို့



တည့်တည့်ကျသည်။ မှောင်ခိုကုန်သည် ရွက်တိုင်ကျိုးပိပြီး ပွဲချင်းပြီးသေသည်။

ဂျက်ဖရီသည် နည်းနည်းကလေး တုံ့ဆိုင်းမနေတော့ပါ။ ဗြိတိသျှအကောက်ခွန်သင်္ဘော ရောက်မလာမီ လှေတစ်စင်းဖြင့် ပင်လယ်ထဲသို့ဆင်းခဲ့သည်။ ပြင်သစ်ကမ်းခြေသို့ ဦးတည်ပြီး တအားလှော်တော့သည်။

သူ့ကံကောင်းသည်ဟု ဆိုရပါမည်။ လှေ ငယ် နှင့် ပင်လယ်ထဲသို့ ဆင်းသည့်အချိန်မှာပင် လ ကို တိမ် ဖုံးသွားသောကြောင့် ပင်လယ်ပြင်ကြီးမှာ မှောင်အတိ ကျသွားပြန်လေသည်။

ကြယ်ကလေးများ လင်းလက်နေသည့် ကောင်းကင်အောက်မှ ပြင်သစ်ကမ်းခြေပေါ် သို့သူ ရောက်သွားသည်။

သူ့မှာ ပိုက်ဆံတစ်ပြားမျှမရှိပါ။ အသိအကျွမ်း တစ်ယောက်မျှမရှိပါ။ မှည်ရွယ်ချက်လည်း မရှိပါ။ ထိုဘဝမျိုးဖြင့် ပြင်သစ်နိုင်ငံပေါ်သို့ အချိန်မတော်ကြီးတွင် မနှမျှော်လင့်ဘဲ သူ ရောက်လာပြန်ချေပြီ။

သို့သော် လောကကို လွယ်လွယ်နှင့် အရှုံးမပေးဖို့ သူ အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်သည်။ ဘယ်လောက် အကျပ်အတည်းများတွေ့တွေ့ ထိုကြားထဲမှ လွတ်မြောက်ရမည်။ ဘယ်လိုသေဘေးမျိုးနှင့်တွေ့တွေ့ အသက်ကိုရှင်ရမည်ဟု သူဆုံး ဖြတ်သည်။

www.burmeseclassic.com

ပြင်သစ်မြေကို နင်းမိပြီး သူ့ခေါင်းထဲသို့ ဝင်လာသော ပထမဆုံးအတွေးသည် အင်္ဂလန်နိုင်ငံသို့ ဘယ်လို အရောက်ပြန်ရမည်နည်းဟူသော အတွေး ဖြစ်လေသည်။

သူ့ကိုယ်သူ ပြန်ဆန်းစစ်သည်။

အင်္ဂလန်မှာ သူတွယ်တာစရာ ဘာရှိသနည်း။ သူမျှော်လင့်စရာ ဘာရှိသနည်း။ သူ့အတွက် ကောင်းကွက် ဘာရှိသနည်း။ သူကြီးပွားရာ ကြီးပွားကြောင်း ဘာရှိသနည်း။

လီနီလည်း မရှိတော့ပြီ။

သည်အတိုင်းဆိုလျှင် ပြင်သစ်နိုင်ငံမှာပင် သူအခြေချ နေထိုင်ရတော့မည် မဟုတ်ပါလား။

ဘာပဲဖြစ်ဖြစ် လီနီသည်မိုက်ကယ်နှင့် တစ်အိုးတစ်အိမ် ထူထောင်ကာ အဆင်ပြေနေလိမ့်မည်။ အိမ်ထောင်ရေး သာယာနေလိမ့်မည်။

မိုက်ကယ်ကလည်း ခင်ပွန်းကောင်းတစ်ယောက် ပီသစွာ နေထိုင်ပြီး မယားကို လုပ်ကိုင် ကျွေးမွေးနေပေလိမ့်မည်။

လီနီ စိတ်ချမ်းသာနေသည် ဆိုလျှင် ပြီးတာပါပဲဟု သူ့ကိုယ်သူ သတိပေးလိုက်မိလေသည်။

အဝေးမှာ မှိုတ်တုတ်မှိုတ်တုတ်ဖြစ်နေသော မီးရောင်ကလေးကို မြင်ရသည်။ ဖယောင်းတိုင်မီးလား၊ သို့တည်း မဟုတ် မြို့တစ်မြို့မြို့မှမီးလား သေသေချာချာ မပြောတတ်ပါ။



သို့သော်လည်း ဂျက်ဖရီက အားပါးတရ ပြုံးကာ မှိုတ်တုတ်မှိုတ်တုတ် ဖြစ်နေသော ထိုမီးရောင်ကလေးဆီသို့ ဦးတည်ပြီး စတင်လျှောက်လှမ်းလေတော့သည်။

*

www.burmeseclassic.com

## အခန်း ၂၀

ဒီနို့မှာ သူ မြတ်နိုး တွယ်တာသော မြို့ကို ကျောခိုင်းပြီး မြောက်ဘက်သို့ မျက်နှာမူကာ ခရီးထွက်ခဲ့ရလေတော့သည်။

မှန်ပါသည်။ အောက်စဖို့မြို့သည် သူ့မြို့သူ့ရွာလိုဖြစ်သွားသည်။ ကိုယ့်ရပ်ကိုယ့်ရွာမှာ နေနေရသကဲ့သို့လည်း စိတ်ထဲမှာ ခံစားခဲ့ရသည်။ သို့သော် ဟန်လုပ်သည့်အနေဖြင့် ခေါင်းကို မော့ထားသည်။ စိတ်မထိခိုက်လေဟန် ဆောင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဘေးပတ်ဝန်းကျင်ကို နည်းနည်းကလေးမျှ ငဲ့စောင်းမကြည့်ခြင်းက သူ ဘယ်လောက် စိတ်ထိခိုက်နေကြောင်း ဖော်ပြနေသည့် သဘောပင်။

ကြမ်းတမ်းသော၊ အန္တရာယ်ပြွမ်းသော ခရီးရှည်ကြီးကို ဂျက်ဖရီနှင့် နှစ်ယောက်တည်း သွားခဲ့ကြဖူးပါသည်။ ယခုတော့ အားလုံး အတိတ်မှာ ကျန်ရစ်ခဲ့တော့သည်။

ခရီးရှည်ကြီး ပြီးဆုံးသောအခါ အောက်စဖို့မြို့သို့ မစ္စတာနှင့် မစ္စက်ဒေါက် လင်မယားအဖြစ် ဝင်ရောက်နေထိုင်သည်။ ပတ်ဝန်းကျင်ကြီးတစ်ခုလုံးကို လိမ်ညာနေခဲ့ရသည်။

ပတ်ဝန်းကျင်ကို တစ်လျှောက်လုံး လိမ်ညာနေခဲ့ရသည်မှာ ခါးသီး နာကြည်းစရာလည်း ကောင်းလှပါသည်။

ထိုကြားထဲကပင် ဂျက်ဖရီကို သူ နှစ်နှစ်ကာကာကြီးချစ်ခဲ့သည်။ အချစ်သည် ထိုသို့သောကာလမှာပင်မွေးဖွားဖြစ်ထွန်းလာပြီး ရှင်သန်ကြီးထွားနိုင်ပါသေးသည်။

ယခုတော့ အားလုံး နောက်ပိုင်းမှာကျန်ခဲ့ပြီ၊ အတိတ်မှာကျန်ခဲ့ပြီ။ ကိုယ်တိုင်ကမူ အနာဂတ်ကို ဦးတည်ရတော့မည်။



သူ ဆုံးရှုံးခဲ့ရသည်မှာ အမြောက်အမြားဖြစ်ပါသည်။ သို့သော်လည်း အလုံးစုံ ဆုံးရှုံးသွားခြင်း ဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မပြောနိုင်ပါ။

မှန်ပါသည်၊ တစ်ခုမကျန် ဆုံးရှုံးသွားခြင်း မဟုတ်ပါ။

သူ့ရင်ခွင်ထဲမှာ အင်မတန် ချော့မောလှပသည့်သမီးလေး ရှိနေသည်။ ဒါဆို တစ်ခုမကျန် ဆုံးရှုံးသွားခြင်း မဟုတ်။

သူ့ရင်ခွင်ထဲမှာသမီးလေးလိုရီနာ ရှိနေသောကြောင့် အလုံးစုံ ဆုံးရှုံးသွားခြင်းမဟုတ်။

သမီးလေးကို သူခပ်သွက်သွက်နမ်းလိုက်သည်။

'သမီးလေးရဲ့ဘဝက အစစအရာရာ အဆင်ပြေမှာပါကွယ်'

ဝမ်းနည်းကြေကွဲသည့် လေသံဖြင့် ပြောသည်။ ပန်းရောင် ပါးပြင်သေးသေးကလေးကို သူ့နှုတ်ခပ် ဖြင့်ဖိကပ်ထားလိုက်မိပြန်သည်။

'ဟုတ်တယ်၊ သမီးလေးက အရမ်းလှမှာ၊ ဒါပေမယ့် သမီးလေးရဲ့အလှက သမီးလေးအတွက် အကောင်တရားတွေသာဖန်တီးပေးရမယ်၊ သမီးလေးရဲ့အလှကြောင့် သမီး

www.burmeseclassic.com

www.burmeseclassic.com



လေးမှာ အောင်မြင်မှုသာရှာဖွေတွေ့သာဆောင်းရမယ်၊မေမေ လိုလှလို့ ဒုက္ခရောက်ဘာမျိုး လုံးဝမဖြစ်စေရဘူး'

ရင်ခွင်ထဲက လိုချိန်နာကို သူတိုးတိုးကလေး ပြောနေသည်။

သူပြောသည်မှာ မှန်ပါသည်။ လီနီ အင်မတန် ချောမောလှပသည်။

ထိုသို့ချောမောလှပသဖြင့် သူဒုက္ခမျိုးစုံနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

သူ ချောမောလှပသောကြောင့် ဂျက်ဖရီက သူ့ကိုတပ်မက်ခြင်း ဖြစ်သည်။

သူချောမောလှပသောကြောင့် ဂေးလ်ဘတ်က သူ့ကိုအပိုင်လိုက်ကြံနေခြင်းဖြစ်သည်။

လတ်တလော မပိုင်နိုင်သေးသည်တွင် အမမှနည်းဖြင့် ဇာမကိုအရယူခဲ့ခြင်းဖြစ်သည်။

သူချောမောလှသောကြောင့် ဂျူမီးကသူနှင့်လက်ဆက်ပြီး ပစ်ခွာထားခဲ့ခြင်းဖြစ်သည်။

သူချောမောလှပသောကြောင့် ယခုလိုကိုယ်လွတ်ရုန်းပြီး ခြေဦးတည့်ရာထွက်ပြေးလာရခြင်း ဖြစ်သည်။



ထို့ကြောင့် ချောမောလှပသော သူ့သမီးလေးသည် ချောမောလှပမှုကြောင့် ဒုက္ခမရောက်စေရဟု သူအာမခံချက်ပေးနေခြင်း ဖြစ်သည်။

ပုလဲပုံကြီးပေါ်တင်လိုက်ရသလို သူ့အလှက သူ့ကို အောက်ပို့ကျသွားအောင် ဆွဲချလိုက်ခြင်းဖြစ်သည်။

သူ့ဘဝကို ဇာတ်သိမ်းစေလိုက်ခြင်းသည် ထိုအလှ ဖြစ်လေသည်။

ယခုတော့ ဘေးကင်းရာသို့ တစ်ကိုယ်တည်းထွက်ပြေးရလေပြီ။

မိုက်ကယ်ပါလာသည်မှာ ခရီးဆုံးအထိမဟုတ်။ ဘန်ဘူ ထိသာ ဖြစ်သည်။

ဘန်ဘူရီရောက်လျှင် သူတို့လမ်းခွဲကြမည်။ မိုက်ကယ် ကိုဗင်ယာရီသို့ပြန်မည်။

လီနီကတော့ ဘယ်အရပ်သို့ ခရီး ဆက်ရမည်ကို မသိသေး။

ဘဝ ရပ်တည်ရေးအတွက် မိန်းမသား တစ်ယောက် ဖြင့် အခုပ်အကာလည်ပြီး မြင်းပြိုင်ပွဲတွေ ဝင်နေမှာ မဖြစ်နိုင်ကြောင်း သူ့အသည်းနှလုံးထဲက သိနေသည်။

လမ်းဘေးနေအိုင်က ရေပြင်တွင် သွားထင်နေသည့် ရုပ်ကိုသူကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းဖြူကြီးပေါ်မှာ ကိုယ်ကိုမတ်မတ်ထားပြီး စီးနင်း လိုက်ပါလာသော်လည်း ညှိုးချုံးကျနေသည်ကို အထင် သားမြင်တွေ့နေရသည်။

အသက်ငယ်သေးသည်မှာ မှန်သည်။ ချောမော သည်မှာ မှန်သည်။

သို့သော် အရှုံးကြောင့် မရွှင်မလန်းနိုင်အောင် ဖြစ် နေရှာသည်။

တစ်ဆောင်းလုံး နောက်ပြီးတော့ နွေဦးရာသီ တစ် လျှောက်လုံး ဇောင်းထဲမှာ အနားယူနေခဲ့ရသည့် စနိုးဖို ယားသည် ယခင်လို သခင်ကိုကျောပေါ်တင်ပြီးခရီးထွက် ရသည့်အတွက် မြူးကြွနေသည်။

ကုန်တွေအများကြီးတင်လာသော မိုယ်ကယ်၏မြ လိုက်မမီသဖြင့် လီနိုကစနိုးဖိုင်းယား၏ဇက်ကို မကြာခ အားင်းထိန်းပေးနေရသည်။

မိုက်ကယ်ကမူ မတန်တဆဘင်လာသည့်ကြားက ပစ္စည်း မျိုး အပြည့်အစုံ ယူမလာနိုင်၍ဟုဆိုကာ မကျေ မနပ်ဖြစ်နေသည်။

မနက်ဖြန်ဝတ်ရမည့် အဝတ်အစားများ ကျန်ခဲ့ သောကြောင့် ပို၍မကျေမနပ်ဖြစ်နေသည်။

ဘန်ဘူရ်မြို့ရောက်လျှင် အဝတ်လဲစရာမရှိတော့သဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေတော့မည်ဟု သူ့ကိုယ်သူ ပြော နေသည်။



ထို့ကြောင့် မိုက်ကယ်တစ်လမ်းလုံး တွတ်ဆိတ်စွာ လိုက်လာသည်။

လီနိုကလည်း စဉ်းစားစရာအကြောင်းတွေ များလွန်း သောကြောင့် မိုက်ကယ် နှုတ်ဆိတ်နေသည်ကို သတိ မထားမိ။

သူပြောတာနားထောင်၊ သူခိုင်းတာလုပ်၊ သူထားရာ မှာနေသည့် မိုက်ကယ်၏အကျင့်ကို သိနေသောကြောင့် လည်း သတိမထားမိခြင်းဖြစ်သည်။

မိုက်ကယ်ကတော့ အဝတ်အစား အပြည့်အစုံပါမလာ သည့်အတွက် မကျေမနပ်ဖြစ်နေသည့် ကြားကပင် လီနို၏ မျက်နှာကလေးကို လှမ်းလှမ်းကြည့်ပြီး ကြည်နူးနေရှာ လေသည်။

လီနိုကို မပြေမသည်ဆက်ဆံလွတ်လိုက်သော ဂျက်ဖရီ ကိုပင် ကျေးဇူးတင်ရဦးတော့မည်။

ဂျက်ဖရီနှင့် လီနိုတို့ အဆင်မပြေသောကြောင့် ယခုလို ခရီးအတူထွက်ခွင့်ရခြင်းဖြစ်သည်။

နောက်ပြီးတော့ လီနိုကို သူချစ်ရေးဆိုခွင့်ရသည်။ ကံ ကောင်းလျှင် လီနို၏အချစ်ကိုပင် ရကောင်းရနိုင်သည်။

လီနိုကို ကိုဗင်ထရီသို့ ခေါ်သွားရမည်။ ဒါဏ်ချက် ချောမောလှပသည့်မိန်းကလေးကိုတွေ့လျှင် အနေကာ သေ

www.burmeseclassic.com

www.burmeseclassic.com



ချာပေါက်သဘောတူမည်ဖြစ်သည်။ အမေသဘောတူဖို့ပဲ အရေးကြီးသည်။

သူတို့မိသားစု စီးပွားပျက်နေသည်။ ထို့ကြောင့် သူ့အဖေက တစ်ဦးတည်းသော သားကလေး မိုက်ကယ်ကို သူဌေးသမီးနှင့်ပေးစားလိုသည်။ မိုက်ကယ်ကလည်း လူချောကလေးဖြစ်သောကြောင့် ဘယ်မိန်းကလေးမဆို ကြိုက်လောက်သည်။

ထိုအစီအစဉ်ရှိထားသော အဖေကတော့ သဘောတူမည်မဟုတ်။ သို့သော် အဖေသည် အမေ့ဩဇာကို လွန်ဆန်နိုင်သူမဟုတ်။ အမေပြီးလျှင် ပြီးရသည်။

အောက်စဖို့မှာ သူ ပညာသင်ခွင့်ရသည့်ကိုပဲ ကြည့်၍ စီးပွားရေးအခက်အခဲကြောင့် အဖေမှာ တောင်းဆော် မှုထားချင်။ သို့သော် အမေက ကိုယ်အငယ်ဆုံးပြီး သား ပညာတတ်ဖြစ်အောင် သင်ရမည်ဟု ပြောသည်။ အဖေ မငြင်းသာပဲ သဘောတူလိုက်ရသည်။

အဝတ်အစားဖိုး များများ စားစား မတတ်နိုင်သဖြင့် အနီရောင် ရဲရဲကြီးတစ်မျိုးတည်းကိုသာ ဖက်ရှင်သဘောမျိုးလုပ်ပြီး မိုက်ကယ်ဝတ်ခဲ့ရသည်။

ဒါတွေကအရေးမကြီးပါ။ ကိုဗင်ထရီသို့ လီနိုပါလွှာ ရေးသာ အရေးအကြီးဆုံးဖြစ်ကြောင်း မိုက်ကယ် နားလည်သွားသည်။



လီနိုကလည်း အတွေးနယ်ချဲ့နေသည်။

သူနှင့်ဂျက်ဖရီ အောက်စဖို့မြို့သို့ရောက်လာကြတုန်းက မည်သူမျှသတိမထားလိုက်မိကြချေ။ သူလိုကိုယ်လို ခရီးသွားနှစ်ယောက်အနေဖြင့် သာမန်ဝင်လာကြခြင်း ဖြစ်သည်။

ယခု အောက်စဖို့မြို့မှ ပြန်လည် ထွက်ခွာပြန်တော့လည်း လူမသိ သူမသိ တိုးတိုးတိတ်တိတ် ထွက်လာပြန်ပြီဟု သူ စဉ်းစားကြည့်နေမိပြန်လေသည်။

ကံတရားကိုပင်ယို မယ်ဖွဲ့ရတော့မည်လား မပြောတတ်နိုင်တော့ပေ။

သို့သော် လီနိုထင်နေသလိုမဟုတ်။ အောက်စဖို့မြို့ထဲမှ သူ ပြန်လည်ထွက်ခွာသွားသည်ကို မည်သူမျှ သတိထားလိုက်မိဟူသော သူ့အထင် မှားနေသည်။

မြို့အဝင်ဂိတ်တွင် လူ အတော်လေး များသည်။ သောမှုးမျှူးသည်များကလည်း ရောင်းကုန်များနှင့် မြို့တက်လာကြသည်။ ဟင်းသီးဟင်းရွက်များ၊ စားစရာများ၊ ကျုံ၊ ဝဲ၊ ပြောင်းများ အစုံပါသည်။ ခြေထောက်ချင်း ပူးစည်းထားသည့် ကြက်တွဲကြီးတွေကိုင်လျက် မြို့ထဲဝင်သူများလည်း ရှားပင်။

ထိုသို့သော ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသောကြောင့် အဘေးလူကို သတိမထားနိုင်ဟု လီနိုထင်ခြင်း [illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြင်းစီးသမား နှစ်ယောက်က သူတို့ကို သတိထားမိအောင် ထားလိုက်မိကြလေသည်။

သူတို့မှာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေး ထူလပျစ်နှင့် ဗလကောင်းကောင်း 'တပ်'ဆိုသူနှင့် ပိန်ပိန်သေးသေး ခြေတစ်ဖက် ဆာနေသူ 'ဆွမ်း'ဆိုသူတို့ နှစ်ယောက် ဖြစ်သည်။

တပ်နှင့်ဆွမ်းသည် မြောက်ဘက်မှ တောင်ဘက်သို့ သွားနေသည့် ခရီးသည် နှစ်ယောက်ဖြစ်သည်။ လီနိုတို့က အောက်စဖို့မြို့ထဲမှ အထွက်၊ သူတို့နှစ်ယောက်က မြို့ထဲသို့ အဝင် ဂိတ်မှာ ဆုံကြခြင်းဖြစ်သည်။ လီနိုတို့က သူတို့ကို သတိမထားမိသော်လည်း သူတို့က လီနိုတို့ကို သတိထားမိ သည်။

သူတို့နှစ်ယောက် ဘန်ဘူရီသို့ ရောက်ခဲ့သည်။ ပွဲတော် ရက်တွင် မြင်းလှည်းသမား တစ်ယောက်နှင့် စားခဲ့ ခုတ်ကြသည်။ ပွဲတော်အနေအထိ အယှက်ဖြစ်မည် စိုးသော ကြောင့် အာဏာပိုင်များက နယ်နှင်ဒဏ် ပေးလိုက်၍ တောင်ဘက်သို့ ခရီးနှင်နေကြခြင်းဖြစ်သည်။

သူတို့တွင် ဘာသံယောဇဉ်မျှမရှိ။ တစ်နေရာမှတစ်နေ ရာသို့ အခုသွက်ဆို အခုချက်ချင်း ထွက်နိုင်သည်။ ထို ကြောင့် အောက်စဖို့မြို့သို့ သူတို့ လာကြခြင်း ဖြစ်သည်။ အနည်းဆုံး ခါးပိုက်နှိုက် စားဦးတော့ အောက်စဖို့မှာ အလုပ်ဖြစ်မည်ဟု တွက်ထားကြသည်။



တပ်နှင့်ဆွမ်းသည် လန်ဒန်မြို့မှာလည်း ကျက်စားခဲ့ သည်။ ထိုမှ လွင့်လာပြီး မြို့ပေါင်းတစ်ဒါဇင်လောက် ရောက်ခဲ့သည်။ ရာဇဝတ်မှုပေါင်း များ စွာကို ကျူး လွန်ခဲ့ကြသော လူဆိုး လူမိုက်များ ဖြစ်လေသည်။

မိုက်ကယ်နှင့်လီနို မြို့အဝင်အထွက်ဂိတ်သို့ရောက်သော အခါ ဆွမ်းက မယောင်မလည် လိုက်ကြည့်သည်။

'တွေ့တယ် မဟုတ်လား၊ ကောင်မတစ်ကောင်နဲ့ သူ့ သားက ချာတိတ်'

ဆွမ်းက တပ်ကို လေသံဖြင့် မေးသည်။

'တွေ့တယ်'

တပ်က မေးစေ့ကိုပွတ်ရင်း အက်ကွဲသည့် လေသံကြီး ဖြင့် ပြန်ပြောသည်။ အစတုန်းကတော့ သူ့ အသံကောင်း ပါသည်။ သို့သော်လည်း အရက်ဆိုင်ထဲမှာ ရန်ပွဲတစ်ခု ဖြစ်ပွားစဉ် သူ့ လည်ဇလုတ်ကို ပုလင်းတစ်လုံးလာထိပြီး ကတည်းက ယခုလို သူ့ အသံ အက် ကွဲ သွားခြင်း ဖြစ် သည်။

မိုက်ကယ်နှင့် လီနိုတို့ အတွဲကို သူလည်း သတိထား မိပါသည်။ သူတို့အတွက် တစ်စုံတစ်ရာ အကျိုးရှိ မည်ဟုလည်း တွေးကြည့်လိုက်မိပြီးသားဖြစ်သည်။

'ဒီလို မြင်းကွင်းမျိုး၊ မြင်းရတာ ခန္ဓာကိုယ်ထဲမှာ ရှိနေ တဲ့ သူ့သွေး ဘယ်သူ့အသင့်ကွ'

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းက လီနီနှင့် မိုက်ကယ်ကို ကြည့်ပြောရင်းမှ ... နှုတ်ခမ်းကို လျှာဖြင့် သိမ်းလိုက်သည်။ ထိုအခိုက် သူ... ကို လှည်းတစ်စီးက ကျော်တက်သောကြောင့် ဘေးက... ပြီး ရှောင်ပေးလိုက်သည်။

ပြီးတော့ မိုက်ကယ် ကို စေ့စေ့စပ်စပ်ကြည့်ပြီး အ... ခတ်နေပြန်သည်။

'ကောင်လေး သယ်လာတဲ့ အိတ်တွေက တော်တော်... လေးပုံရတယ်၊ အဖိုးတန် ပစ္စည်းတွေပါလာမယ်လို့ မ... ထင်သလား'

ဟု တပ်ကို လှည့်မကြည့်ဘဲ မေးပြန်သည်။

လှည်းက သူတို့ကို ကျော်သွားသည်။ အောက်စဖို့မြို့ ... တံခါးပေါက်ဆီသို့ ဆက်မောင်းသွားနေသည်။

'ချာတိတ်မှာ ပစ္စတိုသေနတ်ပါလာတယ်၊ သူ့ ခါးမှာ ... ထိုးထားတာ ငါ လှမ်းမြင်လိုက်တယ်'

ဟု တပ်က ပြန်ပြောသည်။

'ဒီကောင် သေနတ်ပစ်တတ်မဲ့ပုံမျိုးမဟုတ်ပါဘူးကွာ ... ကောင်မလေးကိုတော့ ငါ သိပ်ကြိုက်သွားပြီ၊ မြော... တက်ကို တို့ ပြန်လိုက်သွားကြရယင် မကောင်းဘူးလား...

'ဘန့်ဘူရီမြို့အထိတော့ လိုက်လို့ဖြစ်မှာမဟုတ်ဘူး၊ ... ရောက်ယင် မထောင်ထဲ တန်းသွင်းမှာ'



တပ်က ဆွမ်းကို သတိပေးစကားပြောသည်။

'ဘန့်ဘူရီရောက်အောင် မလိုက်ပါဘူး၊ လမ်းတစ်နေ... ရာမှာတင် အလုပ်ဖြစ်သွားမှာပါ၊ ဒီကောင်မကိုမြင် ...တော့ လန်ဒန်မှာတုန်းက တွေ့ခဲ့တဲ့အရက်ဆိုင်ကကောင်မ ...ကို သတိရတယ်ကွာ၊ ဟို ကောင် မ လဲ ဆံ ပင် နီနီနဲ့၊ ...ယောကျ်ားသားတွေကို တော်တော် ဆွဲဆောင်နိုင်တဲ့ ...ကောင်မ၊ ဒါပေမယ့် ဒီကောင်မလောက်တော့ မလှဘူး ...၊ ဒီကောင်မက အရမ်းလှတယ်'

မြင်းဖြူကြီးပေါ်မှ လီနီကိုကြည့်ပြီး ဆွမ်းမှာ သွား... ...ည်တမြားမြား ဖြစ်နေသည်။

'ဒီကောင်မကို ငါလဲ သဘောကျတာပဲပေါ့ကွာ၊ အလုပ် ...ယင် အလျင်တစ်ခါလို မင်းတစ်ယောက်တည်းတော့ ...ခင်ပိုင်မစီးနဲ့နော်'

တပ်က စည်းကမ်းချက်ထုတ်သည်။

'စိတ်ချပါကွာ'

ဆွမ်းက ထိုသို့ဖြေရင်း ခါးကြားမှ ဓားမြှောင်သွား... လက်နှင့် မသိမသာစမ်းကြည့်သည်။ တပ်ကို အပြတ် ...ရမည့်နေ့ ဘယ်တော့ရောက်လာမည်ကို မှန်းဆနေဟန် ...ည့်မိသည်။

သူတို့နှစ်ယောက် တာရှည်တွဲနေ၍မဖြစ်။ အဆင်ပြေ... ...ည်နှင့်တစ်ပြိုင်တည်း လူချင်း ချက်ချင်းခွဲရမည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကြာရှည်တွဲခနခြင်းအားဖြင့် အန္တရာယ်တွေ ပိုမျ
လာနိုင်သည်။ ယပ်က လူသတ်ကြမ်းသည်။ မဆင်မခြ
သတ်ဖြတ်မှုများကြောင့် တစ်နေ့နေ့ ကြိုးစင်တက်
သေချာနေသည်။

မြောက်ဘက်သို့ ခရီးဆက်နေကြသော မိုက်က
တို့က မြင်းကို မှန်မှန်နှင်နေကြသည်။ လီနီက ခပ်သွ
သွက်သွားလိုသော်လည်း မနိုင်ဝန်ကို ထမ်းလာရသ
မိုက်ကယ်၏မြင်းမှာ စနိုးဖိုင်းယားကိုမီအောင် ဘယ်
မလိုက်နိုင်ချေ။ ထို့ကြောင့် သူ့ကို စောင့်ခေါ်
သည်။

မိုက်ကယ်ာ အခွင့်ရတုန်း စိတ်ထဲရှိနေသည်များ
မြေပြလိုက်ဦးမှပဲဟု ဆုံးဖြတ်သည်။

'ဘန်ဘူရီသွားဖို့အစီအစဉ် မေ့ပစ်လိုက်ပြီး ကိုယ်
အတူတူ ကိုဗင်ထရီကိုပဲလိုက်ခဲ့ပါလားလီနီ၊ ကလေး
သိပ်ငယ်လွန်းနေသေးတယ်၊ ဘန်ဘူရီမှာ မိုးရွာနေ
အခါက်'

'မိုးရွာရင် အဆောက်အအုံတစ်ခုခုအောက် ဝင်ခို
လိုက်ရုံပေါ့ မိုက်ကယ်'

'ကိုဗင်ထရီက ကိုယ်တို့အိမ်ကြီးဟာ အကြီးကြီး
မင်းက သီးသန့်အိပ်ခန်းထဲမှာနေနိုင်တယ်၊ ကိုယ့်အ
က အိမ်ကို အမြဲသန့်ရှင်းလှပ်ကျင်းရှင်းလင်းထားတာ၊ မ
မြင်ရင် သဘောကျသွားမှာပါ၊ ဒီတော့ ဘာအကြော



မှမထူးမယ့် ဘန်ဘူရီ ကိုမသွားပဲ ကိုဗင်ထရီကိုပဲ လိုက်ခဲ့ပါလား'

လီနီက မိုက်ကယ်ကိုလှည့်ကြည့်ပြီးပြုံးသည်။ နောက်ထပ် ဆက်လာတော့မည့်မေးခွန်းသည် ဘာဖြစ်ကြောင်းကိုလည်း လီနီက အတတ်သိပြီးဖြစ်လေသည်။

'ကျေးဇူးတင်ပါတယ် မိုက်ကယ်၊ ဒါပေမယ့် ငါ မလိုက်နိုင်ဘူး၊ ငါ့ အစီ အစဉ် အတိုင်း ငါဆက်လုပ်တော့မယ်'

'မင်း ကိုယ်နဲ့လက်ထပ်လိုက်ရင် အားလုံး အဆင်ပြေသွားမှာပါ၊ မင်းဘာသာ လုပ်ကိုင် ရှာဖွေစားသောက်နေဖို့မလိုဘူး၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေစမ်းပါ၊ ကိုယ်က တစ်ဦးတည်းသောသားပါ၊ မိဘ ပိုင်ဘာအားလုံး တစ်နေ့ကျ ကိုယ်ပိုင်မှာပါပဲ'

'မိုက်ကယ် ငါနဲ့လက်ထပ်မယ်ဆိုရင် နင့်မိဘတွေက ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးဆိုတာ နင် ကောင်းကောင်းသိပါတယ်၊ နင့်အမေက ဘာပြောမလဲ'

'ကိုယ့်အမေကြောင့် မင်းငြင်းနေတာ မဟုတ်ပါဘူး လီနီ၊ ကိုယ့်အမေသဘောမတူမှာစိုးလို့ မဟုတ်ပါဘူး၊ ဂျက်ဖရီက ကိုယ်တို့ကြားမှာ ကန့်လန့်ခံနေလို့ ကိုယ့်ကို မင်း ငြင်းနေတာပါ'

မိုက်ကယ်က ညှိုးငယ်စွာပြောသည်။

www.burmeseclassic.com



သူ့စကားမှန်ကြောင်း လီနီ သဘောတူလိုက်မိသည်။ မှန်ပါသည်။ မိုက်ကယ်အမေသဘောတူသည် မတူသည် ထက် ဂျက်ဖရီနှင့် အပြီးအပြတ် မခွဲနိုင်သောကြောင့်၊ သို့တည်းမဟုတ် ဂျက်ဖရီအပေါ် မျှော်အင့်ချက် မကုန် သေးသေးသောကြောင့် တွင်တွင် ခေါင်းခါနေရခြင်း ဖြစ်သည်။

ထိုအကြောင်း တွေးမိသည်တွင် စိတ်ထိခိုက်သွား သည်။ မျက်နှာပျက်သွားသည်ကို မိုက်ကယ် မမြင်စေရန် တစ်ဘက်သို့ ကမန်းကတန်း လှဲပစ်လိုက်ရသည်။

ရင်ခွင်ထဲမှာ အိပ်ပျော်နေသော လိုရိနာအား တစ် ချက်ငုံသည်။ ထို့ကြောင့် ကလေးကို ချော့နေလိုက် သည်။ စကားပြတ်သွားစရာ အကြောင်းဖြစ်လာသည်ကို ပင် ကျေးဇူးတင်ရအားတော့သည်။

သို့သော် မိုက်ကယ်က စကားမပြတ်။

'ဂျက်ဖရီမှာ ကိုယ့်ဘက် သာဘာတွေ ဘာရှိသလဲ လီနီ'

အက်ကွဲသောလေသံကြီးဖြင့် မိုက်ကယ်က မေးပြန် သည်။

လီနီအဖို့ အလွန်တရာ အဖြေခက်စေသော မေးခွန်း ဖြစ်လာသည်။ ထို့ကြောင့် စိတ်မသက်သာဖြင့် ပင့်သက် ရှိုက်မိသည်။



'မိုက်ကယ်၊ ဂျက်ဖရီအကြောင်းတွေကို မနားတမ်း ပြောမနေစမ်းပါနဲ့ ဟယ်၊ သူ့အကြောင်းကိုပဲ နင်က အမြဲတမ်းပြောနေတော့ သူ့ကိုငါ ဘယ်လိုလုပ် မေ့လို့ ရတော့မလဲ၊ ငါ့ကို သတိပေးနေတာနဲ့ အတူတူဖြစ်နေ တော့တာပေါ့'

လီနီ့ပြောတော့မှ မိုက်ကယ်လည်း စဉ်းစားမိသည်။ အသံလည်းပေါက်သွားသည်။

ဂျက်ဖရီမကောင်းကြောင်းများကို တဖြည်းဖြည်းနား သွင်းရမည်ဖြစ်ကြောင်းလည်း သူစိတ်ကူးမိသည်။

သူကဂျက်ဖရီထက် ဘာတွေသာကြောင်း၊ ကောင်း ရောင်းကောင်းဝယ် ရှာဖွေလုပ်ကိုင်ကျွေးမွေးနိုင်ကြောင်း များ လီနီ ယုံကြည်လာအောင် ဖြည်းဖြည်း ပြော ရမည်။

မိမိက ဂျက်ဖရီဘက်ပိုပြီးလီနီကိုဂရုစိုက်မည့်အကြောင်း၊ အရိပ်ကြည့်မည့် အကြောင်းများကို အလျဉ်းသင့်တိုင်း ပြောပေးဖို့လည်း စိတ်ထဲကတေးထားလိုက်သည်။

လီနီသည် ယောကျ်ားတစ်စုံတစ်ယောက်ကို မျှော်နေ သည့်ပုံမျိုးဟုလည်း သူမထင်။

ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဘဝကိုရင်ဆိုင် သည့်မိန်းကလေးဖြစ်သည်ဟု သူအတွေးပေါက်လာသည်။

လမ်းက ဆိုးလွန်းသဖြင့် မြင်းကနိမ့်ချည်မြင့်ချည် ဖြစ် နေရာ သူ့မျက်နှာမသက်မသာဖြင့် ရှုံ့မဲ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည်မြင်းစီးမကျွမ်းကျင်သော လူငယ်တစ်ယောက် ဖြစ်နေလသည်။

လမ်းကောင်းပေါ် သို့ပြန်ရောက်သောအခါ အနည်း ငယ်နေသာထိုင်သာ ရှိသွားသည်နှင့် လီနီ လက်ခံလာ အောင် မည်သို့သော နည်းလမ်းသစ်များကို သုံးရမည် နည်းဟု စဉ်းစားနေမိတော့သည်။

ခဏကလေးအနားရလိုက်သောကြောင့် လီနီစိတ်ချမ်း သာသွားမိသည်။

ထိုအချိန်မှာပင် မိမိတို့နောက်သို့ တစ်စုံတစ်ယောက် က နောက်ယောင်ခံလိုက်နေသည်ဟု လီနီ၏ စိတ်ထဲမှာ စားလာရသည်။

မိုက်ကယ်ကတော့ သူ့ အဝတ်အစားများပုံပန်းမပျက် ဘဲ သပ်သပ်ရပ်ရပ်ဖြစ်နေအောင် လက်ဖြင့် သပ်နေသည်။

အခြားဘာကိုမျှ သူစိတ်ဝင်စားပုံမရပါ။ အန္တရာယ် လည်း တွေးပူတတ်ပုံမရပါ။

လီနီကနောက်လှည့်ကြည့်သည်။ မြင်းစီးယောကျ်ားနှ သည် သူတို့နှင့်မလှမ်းမကမ်းမှ လိုက်ပါလာကြောင်း ချာသွားသည်။

ရန်သူမျိုးစုံတို့ကြားတွင်ရက်လချီပြီးဂျက်ဖရီနှင့်ရှော ခဲ့ တိမ်းခဲ့၊ ပြေးခဲ့လွှားခဲ့သည့် အတွေ့အကြုံများက သူ့ ကျေးဇူးပြုနေပေပြီ။



လမ်းပေါ်မှာ လူသွားလူလာ မရှိတော့။ မြို့နှင့်ဝေး သည်နှင့်အမျှ လူသူရှင်းလာသည်။ သူတို့ချည်း ရှိတော့ သည်။ နောက်ပြီးတော့ လမ်းကလည်း ကျဉ်းလာသည်။

လီနီက နောက်ဘက်ကို အကြိမ်နှင့်ဆယ်မြောက်လှည့် ကြည့်သည်။

မြင်းစီးယောကျ်ားနှစ်ယောက်ကို စောစောကအကွာ အဝေးအတိုင်း မြင်နေရသည်။

'တို့နောက်က ယောကျ်ားနှစ်ယောက်လိုက်လာတယ်၊ နင်ဘယ်လိုထင်သလဲ၊ လှည့်ကြည့်လိုက်စမ်း'

မအောင့်နိုင်တော့သည့်အဆုံးတွင် လီနီက မိုက်ကယ် ကို လှမ်းမေးသည်။ လီနီ၏ အမူအရာမှာလည်း ဂနာမငြိမ် ဖြစ်လာသည်။ မြင်းစီးယောကျ်ားနှစ်ယောက်နှင့် သူတို့ ကြားတွင် လှည်းတစ်စီးစီး ဝင်ခံနေလျှင် ဘယ်လောက် ကောင်းမည်နည်းဟုလည်း တွေးကြည့်မိသည်။ လှည်း ခံနေလျှင် မိမိတို့ထံသို့ ရောက်အောင် လာဖို့မလွယ်။

'တို့က မြန်မြန်သွားယင် သူတို့မြန်မြန်လိုက်လာတယ်၊ တို့ ဖြည်းဖြည်းသွားယင် သူတို့လဲ ဖြည်းဖြည်းလိုက်တယ်၊ သူတို့လုပ်နေပုံကို ကြည့်ရတာ မသင်္ကာစရာ ဖြစ်နေတယ်'

ဟု လီနီက ဆက်ပြောသည်။

မိုက်ကယ်က နောက်ပြန်လှည့်ကြည့်ပြီး မျက်မှောင် ကုပ်နေသည်။ မြင်ကွင်းကြောင့် သူလည်း စိုးရိမ်လာ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီညတော့ ကိုယ်တို့ တည်းခိုခန်းတစ်ခုခုမှာ အိပ်ကြရမယ်၊ နေမဝင်ခင် ရောက်အောင် သွားနိုင်မှ'

သူပေးလိုက်သော မှတ်ချက်သည် ကြောက်ကြောက်လန့်လန့်နှင့် ပေးလိုက်သော မှတ်ချက်လိုဖြစ်သွားသည်ဟု သူ့ဘာသာသူ ပြန်စဉ်းစားကြည့်မိသည်။ သည်လိုအခြေအနေမျိုး ကျက်ဖရီ ကြုံတွေ့ရမည်ဆိုလျှင် ဘယ်လိုအဖြေမျိုးများ ပေးလေမည်နည်းဟုလည်း စဉ်းစားကြည့်နေမိပြန်သည်။

ပြီးတော့ ကမန်းကတန်း ဆက်ပြောပြန်သည်။

'ဘာမှမကြောက်ပါနဲ့ လီနီ၊ ကိုယ့်မှာ ပစ္စတိုသေနတ်တစ်လက် ပါလာတာ မင်းမမြင်ဘူးလား၊ လူဆိုး သူဆိုးတွေကို ကောင်းကောင်းကြီး နှိမ်နင်းပစ်နိုင်ပါတယ်'

'တွေ့ပါတယ် မိုက်ကယ်၊ ဒါပေမယ့် နင် သေနတ်ရော ပစ်ဖူးလို့လား'

မိုက်ကယ်၏မျက်နှာ မဲ့သွားသည်။

'သေသေချာချာ ပစ်ဖူးတာပေါ့ကွာ၊ ပစ်ချင်တဲ့ ပစ်မှတ်ကို တိုတိကျကျ မှန်အောင်ပစ်နိုင်ပါတယ်'

လီနီက သက်ပြင်းချသည်။ လူဆိုးနှင့်တွေ့သူနှစ်ယောက်သည် မနီးမဝေး အကွာအဝေးမှ မှန်မှန်လိုက်လာနေခြင်းဖြစ်သည်။ မိုက်ကယ် သေနတ်ပစ် လက်ဘည့်သည်ဆိုသည်ကိုလည်း သံသယဖြစ်နေမိသည်။



မနိုင်ဝန် ထမ်းလာရသည့် မိုက်ကယ်၏မြင်းကို လီနီက စိတ်မသက်မသာ ဖြင့် ကြည့်သည်။ ဖြည်းဖြည်းချင်းသွားနေရသော သူ့မြင်း ဖြစ်နေပုံမျိုးနှင့် လူဆိုးလက်မှ လွတ်အောင် ဘယ်လိုမှမပြေးနိုင်ပေ။ လူဆိုးများသည် သူတို့ကို အလွယ်ကလေး မီအောင်လိုက်လာနိုင်သည်။

နေမဝင်မီ တည်းခိုခန်းတစ်ခုခုသို့ အရောက်သွားနိုင်မှ တော်ရုံ ကင်းတော့မည်ဖြစ်ကြောင်း လီနီ အတပ်တွေးကြည့်လိုက်မိလေသည်။

'တောပိုင်းမှာ မင်း ဒီအတိုင်း လှည့်လည်သွားလာနေလို့ကတော့ ကျွဲသနားမှ နွားချမ်းသာဆိုတာလို ဓားပြတွေက ချမ်းသာခွင့်ပေးမှ မင်းအန္တရာယ်ကင်းမယ် လီနီ၊ တောပိုင်းက ဓားပြဆိုတာ ဘယ်သူ့ကိုမှ လက်ရှောင်တာမဟုတ်ဘူး ဒီပုံစံမျိုးနဲ့ မင်း လှည့်လည် သွားလာနေလို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ တကယ်လို့ ကိုယ့်ကို မင်း လက်ထပ်လိုက်မယ်ဆိုယင်....'

'အိုး... မိုက်ကယ်၊ ဒီအကြောင်းတွေ တော်ပါတော့ဟယ်၊ မပြောပါနဲ့တော့၊ ခက်နေတာက နင့်ကို ငါချစ်လို့မရတာပါ၊ အလျှင်တုန်းကလဲ နင့်ကို ငါပြောဖူးပြီးပြီမဟုတ်လား၊ ကိုလေသာစိတ်နဲ့ ချစ်လို့မရလို့ပါ'

လီနီက အညင်သာ အနူးညွတ်ဆုံးသော လေသံဖြင့် မိုက်ကယ်၏စကားကို ဖြတ်ဝင်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် မင်းတို့ ကိုယ်အရမ်းချစ်တယ်၊ မင်း ပြန်မချစ်ယင်လဲအိမ်ထောင်ရေးသာယာနိုင်လောက်အောင်ကို ကိုယ်က မင်းကို အရမ်းချစ်နေတယ် လီနို၊ ပြီးတော့ အချိန်မှီ...'

မိုက်ကယ် အားတက်သရော ပြောသည်။ သို့သော်လည်း သူ့စကားမှာ စောစောကအတိုင်း အဆုံးသို့ မရောက်ပါ။ လီနိုက ဝင်ဖြတ်ပြောလိုက်ပြန်သည်။

'ဘန်ဘူရီရောက်ယင် တို့နှစ်ယောက် လမ်းခွဲကြတော့မှာပဲမိုက်ကယ်၊ နောက်ကြာသွားယင် ငါ့ကိုနှင်မေ့သွားမှာပါ၊ အချိန်ကြာယင် ဆိုတာတောင် မဟုတ်ပါဘူး၊ မကြာခင်မှာ မေ့သွားမှာပါ၊ ငါဟာ နှင့်အတွက် ကံမကောင်းဘူး၊ ငါ့ကြောင့် နှင် ဘာတွေ ဖြစ်လာဦးမယ် ဆိုတာ ကြိုသိနိုင်တာမှ မဟုတ်ဘဲ'

သူတို့သည် မြစ်ကမ်းတင်လျောက် စားကျက်မြေထဲရှိ လမ်းအတိုင်း မြင်းစီးလာနေကြရာမှ တစ်စ တစ်စနှင့် တောအုပ်ကြီးထဲသို့ ဝင်လာသည်။

သစ်ပင်ကြီးတွေ မြင့်မားလှသလို အောက်ခြေတွင် ပေါက်နေသည့် ချုံနွယ်ပိတ်ပေါင်းများကလည်း ထူထပ်သိပ်သည်းလှသည်။ လမ်းတစ်ဘက်တစ်ချက်တွင် ပေါက်နေသည့် ချုံများက အကိုင်းအခက်များ ထူပြောသောကြောင့်လမ်း မှေး အလွန်တရာကျဉ်းလာသည်၊ နှစ်ယောက်



ရှင်ပေါင်တန်းပြီး မြင်းစီး၍ မရတော့ဘဲ ရှေ့နောက်တန်းစီကာ စီးရတော့သည်။

အပေါ်ကလည်း ချုံနွယ်ပိတ်ပေါင်းများ မိုးနေသဖြင့် အစိမ်းရောင် လိုဏ်ခေါင်းကြီးထဲသို့ ဝင်နေရသလား ထင်မှတ်ရလေသည်။

'ရှေ့ကဟာ လှည်းတစ်စီး ထင်တယ်'

မိုက်ကယ်က ရှေ့သို့လှမ်းကြည့်ပြီး ပြောသည်။

'လှည်းတစ်စီးပဲ ဖြစ်ပါစေတော့လို့ မျှော်လင့် ဆုတောင်းရတော့တယ် ဟယ်...'

လီနိုက မျှော်သင့်အားကိုးစွာဖြင့် ပြောသည်။

နောက်သို့ လှည့်ကြည့်သောအခါ မြင်းစီးယောက်ျားနှစ်ယောက်သည် စောစောတုန်းကလို မလှမ်းမကမ်းမှ လိုက်နေခြင်း မဟုတ်တော့ချေ။ သူတို့ကို အမီလိုက်နေပြီဟု ထင်ရသည်။ တဖြည်းဖြည်း ပိုနီးလာသည်။

သူတို့ထင်သည့်အတိုင်းပင် ရောမလှည်းကြီး တစ်စီးက သူတို့ရှေ့ လမ်းမ လယ်ခေါင်တွင် တိမ်းမှောက်ကာ လမ်းကို အသေပိတ်ထားသည်နှင့် ပက်ပင်းတိုးရလေတော့သည်။

ထိုလှည်းကြီးကို မြင်းခြောက်ကောင်က ဆွဲသည်။ ထိုမြင်းခြောက်ကောင်စလုံးလည်း ကိုးရို့ကားရား ဖြစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းပိတ်နေသည်။ လှည်းပေါ်တွင် အိမ်ထောင် ပရိဘောဂပစ္စည်းများ မဆံ့မဖြံ့ တင်လာသည်ကို တွေ့ရသည်။

ရေဘိုက်စားထားသည့်ကျင်းကြီးတစ်ခုထဲသို့လှည်းဘီးတစ်ဘက် ကျပြီး တိမ်းမှောက်သွားခြင်း ဖြစ်ပုံရသည်။ လှည်းဘီးလည်း ကျိုးပဲ့နေသည်ကို တွေ့ရသည်။

မှောက်နေသော လှည်းနားမှာ လီနီတို့ ရပ်သွားကြသည်။ စိတ်ပျက်လက်ပျက် ထိုင်နေသော လှည်းသမားကို တွေ့ရသည်။

'ကျုပ်တို့ ခရီးဆက်လို့ရအောင် ခင်ဗျား မြင်းတွေ ဖယ်ပေးလို့ မရဘူးလား'

မိုက်ကယ်က အထက်စီးလေသံဖြင့် မေးသည်။ မြို့ပိုင်ရှင်သားမို့ ထိုလေသံတွေ ပါနေခြင်းဖြစ်မည်ဟု လီနီက တွေးကြည့်သည်။ သူ့အိမ်မှာ တစ်ဦးတည်းသောသားမို့ ဗိုလ်ကျလာခဲ့သည့်အကျင့်များ ပါနေဟန်တူသည်။

သို့သော်လည်း ဒုက္ခရောက်နေသည့် လှည်းသမားအသူ့လေသံကို သတိပြုမိပုံမပေါ်။ ဆံပင်များကို လက်ဖြင့်သပ်လိုက်ပြီး မိုက်ကယ်ကို မော့ကြည့်ကာ အသံသြသြကြီးနှင့် ပြောသည်။

'လှည်းပေါ်ကပစ္စည်းတွေ ဆောက်သင်မ်ဘန်ကို ပို့ဖို့ ထွက်လာတာ၊ ကျုပ်ဆရာက ဒီ အိမ်ထောင်ပရိဘောဂ ပစ္စည်းတွေ ယူပြီး ကိုလိုနီနယ်မြေကို သွားမလို့လေ၊ ကျုပ်လဲ သူနဲ့အတူတူ လိုက်မယ်၊ သူပေးတဲ့ ပစ္စည်းတွေ ကျုပ်နဲ့အတူတူ ပိုင်ဆိုင်ခွင့်ပေးမယ်ပေါ့၊ လှည်းရောပါ ရွေ့လို့ ရမယ်'

မိုက်ကယ်က သူ စီးထားသည့် ဝက်ကောင်းစားလှည်းသားကို တစ်ချက်ငုံ့ကြည့်သည်။ ပြီးတော့ ပေကျံနေသည့် အိမ်ထောင် ပရိဘောဂများကို စက်ဆုပ်ရွံရှာဟန်ဖြင့် တစ်ချက်ကြည့်သည်။ လှည်းသမားများသည် ဘယ်အခါမဆို အလွန် နုမော်နုမဲ့နိုင်ကြောင်းကိုပါ တစ်ခါတည်း စဉ်းစားမိသည်။

'ဟိုတုန်းက လိုဖူးလို့ ကျုပ်မှာ ခါးနာရောဂါ ရှိနေတယ်၊ အလေးအပင်တွေ မ,လို့မဖြစ်ဘူး'

ဟု မိုက်ကယ်က ပြောသည်။

လီနီက မိုက်ကယ်ကိုစိတ်ဝင်စားစွာ လှည့်ကြည့်သည်။ ခါးနာတတ်ကြောင်း တစ်ခါမှ မကြားဖူးပါ။ သူတို့ ကျောက်စဖို့မှ ထွက်ခါနီး အလေးအပင်ကြီးတွေ မ,ပြီး ခြံဝယိုင် ထွက်လာသော မိုက်ကယ်ကို လီနီ မြင်ခဲ့သေးသည်။ သူ့မြင်း မသယ်နိုင်မပိုးနိုင် ဖြစ်လောက်အောင် အလေးအပင်ကြီးများကို သူကိုယ်တိုင် မ,ပြီး တင်ခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်၏ စကားကို လှည်းသမားက ကောင်း
သဘောပေါက် နားလည်လိုက်ပါသည်။ သူ့ မေးရိုး
များ တင်းသွားသည်။

'အဲဒီလိုဆိုယင်လဲ ဟောဟို ဘယ်ဘက်ကလမ်းအတို
ဖဲ့ ဆင်းပြီး လိုက်သွားပေတော့'

ဟု တိုတိုတုတ်တုတ် ပြန်ပြောသည်။

တစ်ဘက်သို့လည်း လက်ညှိုးထိုးပြသည်။

'အဲဒီလမ်းက ဖဲ့ဆင်းနိုင်လို့ကတော့ ရှေ့ကို ဘ
လိုမှ သွားလို့မရဘူး၊ ဟောဟိုမှာ ခရီးသွားနှစ်ယော
တော့ လာနေတာ တွေ့တာပဲ၊ သူတို့နှစ်ယောက်ကဆော
ကျုပ်ကို ကူညီပြီး ဘယ်ပေးပါလိမ့်မယ်'

လူဆိုးနှစ်ယောက် လိုက်လာနေပြီ ဆိုသောကြေ
လီနိုက အချိန်ဖြုန်းမနေချင်တော့ပေ။ စောစော
အတော်ဝေးဝေးမှာ ကျန်ရစ်ခဲ့ရာ ယခု သူတို့ကိုမိက
နေရာသို့ ရောက်လာပြီ။ လှည်းသမား လက်ညှိုးညွှ
သဖြင့် ကြည့်လိုက်ရာမှ သိရခြင်းဖြစ်သည်။

လီနိုက လမ်းဘေးကိုကြည့်သည်။ သိုးအုပ်များ ဘ
ထားသည့် လမ်းကြောင်းရေးရေးကို တွေ့ရသည်။
ထဲသို့ လိမ်ကောက်ပြီး ဝင်သွားသည်။



လူဆိုးနှစ်ယောက်ဘက်သို့ စိတ်မသက်မသာ လှည့်
ကြည့်ပြီး မိုက်ကယ်ကိုခပ်ဆတ်ဆတ် လှမ်းပြောသည်။

'စောင့်မနေနဲ့တော့ မိုက်ကယ်၊ ဟောဟိုလမ်းအတိုင်းပဲ
လိုက်သွားကြရအောင်'

'အဲဒီလမ်းကသွားယင် ဘယ်ကိုရောက်သလဲ'

မိုက်ကယ်က လှည်းသမားကို မေးနေပြန်သည်။

'အဲဒီလမ်းအတိုင်း လိုက်သွားပြီး ညာဘက်ကို ချိုး
လိုက်ယင် ဒီလမ်းပေါ်ပြန်ရောက်လာလိမ့်မယ်၊ ရှေ့တည့်
တည့်ကို ဆက်သွားယင် လမ်းဆုံးနေရာကို ရောက်သွားလိမ့်
မယ်'

'မိုက်ကယ်— လာပါလို့ ပြောနေတာ'

လီနိုက စိတ်မရှည်နိုင်သလို ပြောသည်။ ပြီးတော့
လမ်းဘေးသို့ ဖဲ့ဆင်းသွားသည့် လမ်းကြောင်းအတိုင်း
လိုက်ခဲ့သည်။ သိုးအုပ်များ သွားထားသည့်လမ်း ဖြစ်
သောကြောင့် အရာထင်ရှိသာ ထင်နေသည်။ ဘေးတစ်
ဘက်တစ်ချက်နှင့် အပေါ်ဘက်တွင် ချုံနွယ် ပိတ်
ပေါင်းတို့ အုံမိုင်းရှုပ်နေသည်။

'တိတ်ဆိတ်လုံခြုံတဲ့ တစ်နေရာရောက်ယင် တို့နားမယ်
မြင်းတွေကို အနားပေးရင်း ထမင်းစားကြမယ်၊ ပြီးမှ
ခရီးဆက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



လီနီက အစီအစဉ်ကို ရှင်းပြနေသည်။

မိုက်ကယ်ကတော့ အလိုမကျသလို သုန်သုန်မှုန်မှုန်နှင့် ပါလာသည်။ လီနီက ရှေ့မှ သွားသည်။ မိုက်ကယ်က နောက်မှလိုက်သည်။ လမ်းကြောင်းကလေးမှာ တော နက်ကြီးထဲသို့ တန်းဝင်သွားသည်။

တော နက်သည်ထက်နက်သည့် နေရာသို့ ရောက်သော အခါ လီနီမှာ ကြောက်စိတ်များ ပြေပျောက်သွားလေ သည်။ ပတ်ဝန်းကျင်က ပိုမိုသာယာလာသည်။ ကျေးငှက် သံကလေးများကိုလည်း ကြည်နူးဖွယ် ကြားလာရသည်။ သူတို့သွားနေသည့် သိုးလမ်းအတိုင်းလိုက်လျှင် ကော့ဝေါသို့ ရောက်မည်ဖြစ်ကြောင်းပါ သူသိနေသည်။

'ကိုယ်တို့ လမ်းပျောက်ပြီး မျက်စိလည်ပြီ ထင်တယ်'

မိုက်ကယ်က စိတ် မချမ်းသာသည့် လေသံကြီးဖြင့် လှမ်းပြောသည်။

'မျက်စိမလည်ပါဘူး၊ လမ်းကြောင်းကို ငါသေ သေချာချာကြည့်ပြီး လိုက်လာတာ၊ အခုအထိလမ်းမပျော သေးဘူး၊ လမ်းခွဲလဲ တစ်ခုမှမတွေ့ရသေးဘူး၊ နင့်မြ အရမ်းပင်ပန်းနေပြီ၊ ဘုန်းခနဲ လဲကျသွား တော့မ အတိုင်းပဲ မိုက်ကယ်၊ ငါလဲ လိုရိုနာကို နို့တိုက်ချိန်ရော နေပြီ၊ စမ်းချောင်းတစ်ခုက ရေစီးသံ ကြားနေရတယ် နားထောင်ကြည့်စမ်း၊ ဟော့ဟိုဘယ်ဘက်မှာ၊ ကြားတ



ဟုတ်လား၊ အဲ့ဒီစမ်းချောင်းနားမှာပဲ နားပြီး စား လိုက် သောက်လိုက်ကြရင် ကောင်းမယ်နော်'

'ကောင်းပြီလေ၊ ဒါပေမယ့် ကိုယ်ကတော့ လမ်း ပျောက်ပြီး မျက်စိလည်နေပြီလို့ ထင်နေတုန်းပဲ၊ ကိုယ် တို့တော့ ဒီတစ်ည တောထဲမှာပဲ အိပ်ကြရတော့မယ် ထင် တယ်'

မိုက်ကယ်က မျက်စိပျက် မျက်နှာပျက်ဖြင့် ပြော သည်။

'အဓိပ္ပာယ်မရှိတာဘဲဟယ်'

လီနီက မြင်းပေါ်မှဆင်းသည်။ စမ်းချောင်းကလေး ကိုအနားမှာပင် တွေ့သည်။

ရေကကြည်လင်အေးမြနေသည်။ သူတို့လည်းသောက် ပြီး မြင်းများကိုပါ တိုက်သည်။

သစ်ရွက်ကြွေများက အောက်မှ ကူရှင်သဖွယ် ခုခံပေး ထားသလို ဖြစ်နေသည်။

အရိပ်ကောင်းသည့်တစ်နေရာတွင် သစ်ရွက်များပေါ် လီနီက အဝတ်တစ်စည်ဖြန့်ခင်းသည်။

ထိုအခါတွင် လိုရိုနာကိုချသည်။ သမီးလေးမှာ နှစ် နှစ်ခြိုက်ခြိုက်အိပ်ပျော်နေဆဲပင်။

တည်းခိုခန်းပိုင်ရှင် မစ္စတာဝပ်တ်၏ ထမင်းချက်ပြင်ဆင် ထုပ်ပိုးပေးလိုက်သည့် စားစရာများကို လီနီက ပြင်ဆင် သည်။

www.burmeseclassic.com

www.burmeseclassic.com



'နင့်မြင်းပေါ်က အထုပ်အပိုးတွေ ချပေးလိုက်ပါဦး လားမိုက်ကယ်၊ နင့်မြင်းက အရမ်းမောနေပြီ၊ တို့ထက် တောင်အနားယူဖို့ ပိုလိုနေတယ်'

စားဖို့သောက်ဖို့ပြင်ဆင်ရင်း လီနီက မိုက်ကယ်ကို လှည့် ပြောသည်။

မိုက်ကယ်က စမ်းချောင်းထဲမှရေဖြင့် သူ့မျက်နှာကို အားရပါးရသစ်နေသည်။

တစ်စုံတစ်ရာတော့ပြန်ပြောသည်။ သို့သော်လည်း ဗလုံ ဗထွေးပြောသောကြောင့် ဘာမျှနားမလည်လိုက်။

လီနီက သူ့ဘယ်ကိုလှည့်ပြီး တည့်တည့် ကြည့်သည်။

'အထုပ်တွေမချနိုင်သေးဘူးဆိုရင် နင့်ခါးက သိပ် အခြေအနေဆိုးတယ် ဆိုယင် နေပေစေ၊ ငါချပေးလိုက် မယ်...'

လီနီက သံမှုန်လေးဖြင့် ပြောသည်။

မိုက်ကယ်၏မျက်နှာမှာ ရှက်သွေးကြောင့် ရဲခနဲဖြစ် သွားလေသည်။

သူတစ်ချက်တလေးဆိုင်းမနေတော့ဘဲ ချက်ချင်းထ ကာ မြင်းပေါ်မှအထုပ်များကိုဆွဲချလေတော့သည်။

သူ့ကိုယ်သူလည်း တစ်ခုခုပြန်ပြောနေသည်။ ဘာပြော ပြောနေမှန်းမသိပါ။



လီနီကတော့ သူမမြင်အောင် ကျိတ်ပြုံးနေလိုက် သည်။

'ကဲ...စားရအောင်၊ ဒီမှာလာထိုင်'

လီနီက စားဖွယ်သောက်ဖွယ်များကို ပြင်ဆင်ပြီး ဖြစ် သောကြောင့် မိုက်ကယ်ကိုလှမ်းခေါ်သည်။

သူ့ဘေးကနေရာမှာ ဝင်ထိုင်ရန်လည်းလက်ဖြင့် ပုတ် ပြလိုက်သည်။ ပြီးတော့ စားစရာများထိုးပေးသည်။

'ငါ့ကို နင်လက်လွှတ်သွားတာ ကံကောင်းတယ်လို့ အောက်မေ့နေ၊ လက်ထပ်ပါရစေဆိုတဲ့ နင့်ကမ်းလှမ်း ချက်ကို ငါလက်ခံလိုက်ယင် ဘာတွေဖြစ်သွားမယ် ထင် သလဲ၊ နင်ရောဘာလုပ်မလဲ'

လီနီက ခပ်ပြုံးပြုံးမေးသည်။

'ယောက်ျားတစ်ယောက်ကို ရှူးသွားအောင် မင်းတတ် နိုင်ပါတယ်လီနီ၊ ကိုယ်နဲ့သာမင်းလက်ထပ်လိုက်ယင် ထက် သောင့်သက်သာနေရမှာပေါ့၊ ဘဝရပ်တည်ရေးအတွက် အခုလိုရုန်းကန်နေစရာမလိုဘူး'

'တော်ပါပြီ'

ပေါင်မုန့်နှင့်ဒိန်ခဲများကို စားရင်း သူတို့နှစ်ယောက် အားပြတ်ကာ ခေတ္တတိတ်ဆိတ်သွားသည်။

'လှည်းသမားကို ဘာဖြစ်လို့ပစ္စည်းတွေဝိုင်းကူချမပေး သလဲမိုက်ကယ်၊ လမ်းခုလတ်မှာ သူ့တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



အခုလိုထားပစ်ခဲ့တာ အကြွင်နာဘရား ခေါင်းပါးရောက်
တာပေါ့'

ခဏနေတော့ လီနီကပြောသည်။

'ဟိုခရီးသည်နှစ်ယောက်ရောက်လာယင် သူ့ကိုကူ
လိမ့်မယ်လို့ သူပြောတာ မင်းကြားတယ်မဟုတ်လား လီ
နောက်ပြီးတော့ ဒါလောက်ကြီးတဲ့ကျင်းကြီးထဲကို တ
တည့်မောင်းချသွား အင်မတန် မိုက်မဲတာပေါ့၊ ကျင်း
သူ့လှည်းရှေ့တည့်တည့်မှာ မြင်သာကြီးပဲ'

'ဒီနေ့ဒီနေရာကို ငါရောက်နေတာနဲ့ ပတ်သက်လို့ င
အပြုံ်နိုင်ပါပဲလို့ တချို့ကပြောလိမ့်မယ်၊ ဒါပေမယ့်တက
တမ်းဒုက္ခရောက်မှတဲ့အခါမှာတော့ အဲဒီဒုက္ခအတွက် က
ဏာတရားလေးတော့ ထားသင့်တာပေါ့'

လီနီက ရှက်နေနောက်နောက်လေဖြင့် ပြောသည်။

'မင်းကို ကိုယ်ကရုဏာသက်ပါတယ် လီနီ'

'ဒီတော့ နင်က ငါ့ကိုကြိုက်နေတာကိုး'

'ပိုကောင်းတဲ့ အကြောင်းပြချက် တခြားဘာရှိနိုင်
နှာလဲ'

မိုက်ကယ်က ရိုးရိုးကလေး ပဲ ပြန်ဖြေလေသည်။

လီနီက သက်ပြင်းချသည်၊ ဟုတ်တာပေါ့၊ ချစ်သို့
ကရုဏာသက်သည် ဆိုသော အကြောင်းပြချက်သက်
ကောင်းသည့်အရာ ဘာရှိဦးမည်နည်း။



မိုက်ကယ်သည် ကလေးဆိုးကြီးတစ်ယောက်လို ဖြင်နေ
သည်။ ထို့ကြောင့် သူ့ကို စေဖန်မြစ်တင်နေရှုလည်း
မှုသင့်လျော်ပါ။

လီနီကို အရှုးအမူးချစ်နေသော လူတစ်ယောက်အနေ
ဖြင့် လုပ်မိလုပ်ရာတွေလုပ်ခဲ့သည်သာပဲ ဖြစ်သည်။

လီနီနှုတ်ဆိတ်သွားသည်။ မြင်းနှစ်ကောင်ကို လှမ်း
ငေးကြည့်နေသည်။ ဖေါင်မုန့်နှင့်ဒိန်ခဲစားပြီးသောအခါ
အချိုပွဲတည်ကြသည်။

မိုက်ကယ်စိုက်ကြည့်နေသည်ကို လီနီသတိထားလိုက်မိ
သည်။ ကောင်းပန်တိုးလျှိုးသည့် အာသနားခံသည့် အမူ
အရာဖြင့် စိုက်ကြည့်နေခြင်းဖြစ်လေသည်။

'လီနီ ဘန်ဘူရီရောက်ယင် ကိုယ်တို့နှစ်ယောက်ခွဲကြရ
တော့မယ်၊ အခုအချိန်အထိ မင်းကို ကိုယ်တစ်ခါမှမနမ်း
ဖူးသေးဘူးကွယ်၊ ကိုယ့်ဘာဝနဲ့ အသည်း နှလုံးတွေကို
ပုံပြီး မင်းကိုချစ်တာပါ၊ ဒါပေမယ့် အဲဒီလောက်ကိုယ်
ချစ်ရတဲ့မင်းကို တစ်ခါမှ ကိုယ်မနမ်းဖူးသေးဘူး'

အက်ကွဲသည့်လေသံကြီးဖြင့် သူ မပြောသည်။ သူ့ရိုးရိုး
ကလေးအာသနားခံခြင်း ဖြစ်ပါသည်။ မျက်နှာအမူအရာ
ကလည်း အလွန် လိုလား တောင့်တနေကြောင်း သိသာ
ထင်ရှားသည်။

သူ့ကို လီနီသနားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိုက်ကယ်၏နှုတ်ခမ်းပေါ်သို့ သူ့နှုတ်ခမ်းကို ခပ်ဖွဖွကလေး တင်ပေးလိုက်လေသည်။

မိုက်ကယ်က သက်ပြင်းရှည်ကြီးကို ကျယ်လောင်စွာချသည်။ ပြီးတော့ လီနီ့ကို သူ့ရင်ခွင်ထဲသို့ဆွဲသွင်းသည်။ ခပ်ကြောင်ကြောင်အမူအရာဖြင့်နမ်းသည်။ နောက် တစ်ကြိမ်ထပ်နမ်းပြန်သည်။

ဂျက်ဖရီ၏ရင်ခွင်ထဲမှာ နေခဲ့ရသည့် နေ့ရက်များကို လီနီ ပြန်သတိရအား တမ်းတမိလေသည်။ ဂျက်ဖရီ၏ အပွေ့အဖက်အတို့အထိများကို လွမ်းမိလေသည်။

ဂျက်ဖရီကိုသတိရသောအခါ မိုက်ကယ်၏အထိအတွေ့များကို ဘယ်လိုမှသည်းခံနိုင်စွမ်းမရှိတော့။

ထို့ကြောင့် မိုက်ကယ်၏ရင်ခွင်ထဲမှ ရုန်းထွက်လိုက်ရတော့သည်။

'အိုး—လီနီ—ကိုယ်တို့'

မိုက်ကယ်၏လေသံမှာ အရမ်းမူပျက်နေသည်။ စကားကိုပင်ဆုံးအောင် သူ ပြောနိုင်စွမ်းမရှိ။

လီနီ နောက်တွန့်သွားသည်။

'မဖြစ်ဖူးမိုက်ကယ်၊ မဖြစ်ဖူး'

'ကောင်းပြီလေ'

သက်ပြင်းကြီးချပြီး ကြေကွဲသံနှင့် သူ ပြောသည်။ သူ့ပခုံးနှစ်ဘက်သည်လည်း စိတ်ပျက်လက်ပျက် ဟန်ဖြင့် အောက်သို့ လျှောကျသွားတော့သည်။



မျှော်လင့်ချက်ကင်းမဲ့သော အကြည့်မျိုးဖြင့် လီနီက သူ့ကိုပြန်ကြည့်သည်။ သူ့အိမ်မှာရော သည်လိုပဲ ခပ်ကြောင်ကြောင်တွေဖြစ်နေတတ်သလားဟု စဉ်းစားကြည့်သည်။ ဖြစ်နိုင်ပါသည်။

လိုရှိနာကိုချသိပ်ထားသည့် နေရာသို့ လီနီထသွားသည်။ ဘေးမှ အသာဝင်ထိုင်သည်။ ကလေးကို ယုယညင်သာစွာ ကောက်ပွေ့ယူသည်။ အိပ်ရာမှ နိုးသွားအောင်နူးညံ့စွာ နမ်းလိုက်သည်။

ပြီးတော့ သူ့ရင်သားပေါ်သို့ အဝတ် တစ်ထည်ကို လွှမ်းလိုက်သည်။ ကလေးနို့တိုက်သောအခါ မမြင်အပ်သည်များကို မိုက်ကယ်မမြင်စေရန်ဖြစ်သည်။

လီနီသည် မိုက်ကယ်ကို မေ့ပစ်နိုင်ပါသည်။ ဂျက်ဖရီကိုလည်း မေ့ပစ်နိုင်ပါသည်။ ကမ္ဘာလောကကြီးကိုပင် မေ့ပစ်နိုင်ပါသည်။ သူ့ရင်ခွင်ထဲမှာသာ သမီးကလေး အမြဲရှိနေမည်ဆိုပါက ဘာကိုမဆို၊ ဘယ်လိုလူသားမျိုးကိုမဆို မေ့ပျောက်ပစ်လိုက်နိုင်ပါသည်။

သမီးလေး၏လက်ချောင်းကလေးများကို ဆွဲယူသည်။ တစ်ချောင်းချင်းကိုင်တွယ်ကြည့်ပြီး....

'ဒေါက်ဟို၊ ရန်မလို၊ သူ့ထက်ကဲ၊ ရွှေပြည်စိုး၊ ညီ
လေး' ဟုလည်း အသံထွက်ပြီး ခေါ်ကြည့်နေမိသည်။

မျက်နှာမသာမယာဖြစ်နေသော မိုက်ကယ် တော့ စမ်းချောင်းကလေးဘေးမှာ သွားပြီး ပက်လ လှန် အိပ်

www.burmeseclassic.com



နေသည်။ သူ့ မျက်နှာပေါ်သို့ နေရောင် မထိုးရန် ဦးထုပ်ဖုံးထားသည်။

လီနိုက ကနုလေးကို သီချင်းဆိုပြီး ချော့နေသည်။

သစ်ခဘာထဲက စမ်းချောင်းကလေးနံဘေးမှာ ကျေးငှက်သာရာအသံများနှင့် အလွန်တရာ သာယာလှလေသည်။

အနေတော်ကြီးစောင်းသွားသည့်နေရောင်ကို လီနိုသတိထားလိုက်မိသည်။ စောင်းနေသောနေရောင်ကို ကြည့်ပြီး ခရီးဆက်ဖို့အချိန်တွေ သိပ် နောက်ကျသွားပြီကို သတိပြုလိုက်မိသည်။

လီနိုသည်ထိုင်နေရာမှ ကမန်းကတန်းထသည်။ စမ်းချောင်းကလေးဘေးက မိုက်ကယ်ကို အပြေးအလွှားသွားနှိုးသည်။

ခရီးဆက်ဖို့ပြင်ကြသည်။ မိုက်ကယ်၏ မြင်းပေါ်သို့ စောစောကချထားသည့်အထုပ်အပိုးများကို ပြန်တင်ကြသည်။ ခဏချင်းမှာပင် အားလုံး ပြင်ဆင်ပြီးသွားလေသည်။

မြင်းများပေါ်တက်ပြီး ခရီးဆက်ကြသည်။

လိုရီနာသည် လီနို၏ရင်ခွင်ထဲမှာ ချစ်စဖွယ် အိပ်မောကျလျက်သား ပါလာလေသည်။

သူတို့ လမ်းမပျောက်ကြောင်းနှင့် မျက်စိ မလည်ကြောင်း စောစောက မိုက်ကယ်ကို လီနိုပြောခဲ့သည်။

ယခုမူ လီနိုစိတ်ထဲမှာ စနိုးစနောင့်ဖြစ်လာသည်။



တောတာ ပိုနက်သည်ထက်နက်လာသည်။ ထိုအောနက်ထဲသို့ဝင်ရင်း လမ်းဆုံဖြစ် ကြောင်း ပြသထားသည့် ကျောက်တိုင်အမှတ်အသားကို သူတို့မြင်တွေ့လိုက်ကြရလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၁

လီနိုမျက်မှောင်ကုပ်သွားသည်။ တစ်စုံတစ်ရာတော့ မှားနေပြီ။ တေးဆိုနေသည့် ငှက်သံများအားလုံး တိတ်သွားသည်။ သူတို့ပတ်ဝန်းကျင်မှာ စောစောတုန်းက တိုက်ခတ်နေသည့် လေပြည်လေညင်းများသည်ပင်လျှင်ရပ်တန့်သွားလေရာ သက်မဲ့လောကကြီးတစ်ခု ဖြစ်သွားလေသလားဟု ထင်မှတ်လိုက်ရလေသည်။

အနီးအနားသို့ အန္တရာယ်ဂစ်ခုခု ရောက်နေပြီ။

သို့သော်သည်း မိုက်ကယ်က ရိပ်စားမိပုံမပေါ်။ လမ်းဆုံ လမ်းမမှ လမ်းအမှတ်အသား ကျောက်တိုင်တွေကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသောကြောင့် သူ့မျက်နှာကြီး ဝင်းပကာ ကျေနပ်သွားသည်။

'တော်ပါသေးရဲ့၊ နောက်ဆုံးမှာ လမ်းကို လာတွေ့ရပေလို့၊ တည်းခိုခန်းကတော့...'

မြင်းကုန် ရှေ့သို့နှင်ရင်း သူပြောသည်။ သို့သော်လည်း သူ့စကားကို ဆုံးသည်အထိ ပြောခွင့် မကြုံလိုက်တော့ပါ။

ချုံကွယ်များ၏ နောက်ဘက်မှ လူနှစ်ယောက် ရုတ်တရက် ခုန်ထွက်လာသည်။

ဗလကောင်းကောင်းနှင့် တပ်က မိုက်ကယ်ကို တိုက်ခိုက်သည်။

လီနိုက ကြောက်လန့်တကြားဖြင့် အသံကုန် အော်လိုက်မိသည်။

မိုက်ကယ်၏မြင်းက လန့်ပြီး ပေါ့ပ်ရပ်သည်။ ထိုသို့ ပတပ်ရပ်လိုက်သောကြောင့် ပစ္စတိုဆွဲထုတ်ချိန်နှင့်မောင်း တင်ချိန် ရလိုက်လေသည်။

မိုက်ကယ်က တပ်ကိုပစ်သည်။

ရင်ဘတ်တည့်တည့်မှန်သည်။

ယိုင်လဲသွားချိန်မှာပင် တပ်က ကြမ်းကြမ်းတမ်းတမ်း ဆဲသည်။ သို့သော်လည်း မိုက်ကယ်၏ ဝတ်ရုံနိုကြီးကို မလွှတ်တမ်း ဆွဲထားရာ မိုက်ကယ်လည်း မြင်းပေါ်မှ ဒလိမ့်ကောက်ကွေးကျပြီး တပ်နှင့် ရောထွေးသွားသည်။



မိုက်ကယ်၏မြင်းက တစ်ချက်ဟီကာ အောက်စဖို့မြို့သို့ ပြန်ပြေးလေတော့သည်။

တပ်နှင့် မိုက်ကယ်တမူ မြေပြင်ပေါ် သို့လုံးထွေးလဲကျသွားကြပြီး တစ်ယောက်ကို တစ်ယောက် မလွှတ်တမ်း ဆုပ်ကိုင်ထားကြသည်။

ထိုအချိန်မှာပင် ဆွမ်းကလီနို၏မြင်းဇက်ကြိုးလို လုယူနိုးကြိုးစားသည်။

မြင်းနားသို့ ကပ်လာသော ဆွမ်း၏မျက်နှာကို လီနိုက အားအား ဆောင့်ကန်ပစ်လိုက်သည်။ ခံလိုက်ရသူ မည်သို့ ဖြစ်မည်တော့မသိ၊ ကန်လိုက်သော ခြေထောက်မှာ ကျင်နာ်ဖြစ်ကာ မခံနိုင်အောင်နာသွားသည်။

ဆွမ်းမှာ နောက်ဘက်သို့လန်ပြီး လဲကျသွားသည်။

ထိုအချိန်ကလေးမှာပင် တပ်နှင့် မိုက်ကယ်တို့ထံမှ ညည်းညူသံများ ပေါ်ထွက်လာသဖြင့် အမှတ်တမဲ့လှမ်းကြည့်သည်။ တပ်က မိုက်ကယ်ကို သေသေချာချာ ချုပ်ကိုင်ထားသည်။ မိုက်ကယ်၏ ဇက်ကျိုးသံကိုပါ ကြားရသည်။ ပြီးတော့ မြေကြီးပေါ်သို့ ပြန့်ပြူတ်ကျသွားသည်။

မြေပြင်နှင့်သူ့ ကိုယ်လုံးမထိမီမှာပင် မိုက်ကယ်အသက် ပျောက်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လီနိုသည် သူတို့ကို ဆက်ကြည့်မနေနိုင်တော့ပါ။ မိုက်
ကယ် အတွက်လည်း ဘာမျှလုပ်မပေး နိုင်တော့ပါ
ကြောက်အား လန့်အားဖြင့် စနိုးဖိုင်းယားကို ဒုန်းစိုင်း
လေတော့သည်။

'အဲဒီကောင်မကို အလွတ်မပေးနဲ့၊ မိအောင်ဖမ်း'

နောက်ဘက်မှ တပ်၏ အော်ဟစ်ပြောသံကို ကြား
လိုက်ရသည်။

ဆွမ်းကလည်း ပတ်လက်လန် လဲကျသွားရာမှ လူး
ထကာ လီနိုနောက်သို့ တအားလိုက်လေတော့သည်။

စောစော တုန်းက သူတို့နားပြီး နေ့လယ်စာ စား
သည့် နေရာသို့ ပြန်ရောက်လာသည်။ ထိုနေရာတွင်
လမ်း နှစ်ခွရှိနေသည်ကို တွေ့ရသည်။ တစ်လမ်းသည်
အများအပြား မွေးမြူရာ ကော့စ်ဝေါ်သို့ ဦးတည်သွား
သည့် လမ်းဖြစ်မည်ဟု လီနိုထင်သည်။

ထို့ကြောင့် ထင်သောလမ်းကိုရွေးပြီး ချိုးကွေ့ လို
သည်။

အကြီးမားဆုံးသော အမှားကို သူပြုလုပ်လိုက်မိခြ
ဖြစ်လေသည်။

ပေနှစ်ဆယ်လောက်ဝင်သွားမိသည်နှင့် စနိုးဖိုင်းယ
သည် ရှေ့ခြေဖြင့် ကျင်းတစ်ခုကို တည့်တည့်ကြီး နင်း



လိုက်မိတော့သည်။ ကျင်းဝကို သစ်ရွက်များဖုံးအုပ်ထား
သည်။

စနိုးဖိုင်းယား၏ခေါင်း ရှေ့သို့ စိုက်ကျသွားသည်။
အပေါ်မှ လီနိုမှာ ရှေ့ဘက်သို့ လွင့်ပစ်လိုက်သည့်အလား
လွင့်ကျသွားလေသည်။

သတိကောင်းလှသော လီနိုက ရင်ခွင်ထဲမှ လိုရီနာကို
လက်နှစ်ဘက်ဖြင့် လုံခြုံအောင် ပိုက်ထားသည်။ ဦးခေါင်း
ကိုလည်း အောက်သို့ငိုက်ပစ်လိုက်သည်။ ကလေးကိုတစ်စုံ
တစ်ခု မထိအောင် ကာကွယ်ပေးသည့် သဘောမျိုးဖြစ်
သည်။

ငါ့သမီးလေး...ငါ့သမီးလေး ဟူသော အသိစိတ်
ကြောင့် အလွန်အမင်း ချောက်ချားသွားလေသည်။

လီနိုသည် ကလေးပိုက်လျက် သားဖြင့် မြင်းရှေ့ကို
ကျော်ပြီး တလိမ့်ကောက်ကွေး လွင့်ကျသွား သည်။
ဘယ်ဘက်ပခုံးစွန်း အရမ်းနာသွားသည်။

နာသည်ကို ပြန်ကြည့်မနေအားပါ။ သမီးကလေး
ဘာဖြစ်သွားသနည်း ဆိုသည်ကို အလျင် စစ်ဆေးကြည့်
သည်။ ကလေးက တအား အော်ငိုနေသည်။ ကလေး
ဘာမှမဖြစ်မှန်းသိတော့မှ စိတ်အေးသွားကာ စနိုးဖိုင်း
ယား၏ အခြေအနေကို စစ်ဆေးကြည့်သည်။

ရှေ့ခြေဘင်ဖက်မှာ ချက်ချင်း ယောင်ကိုင်းလာသည်
ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြေး၍ ဘယ်လိုမှ မဖြစ်နိုင်တော့ကြောင်း သဘော ပေါက်သွားသည်။ သည်အတိုင်းဆိုလျှင် လူရောမြင်းပါ ပုန်းမှ ဖြစ်တော့မည်။

တော့ကျိုး တော့ကျိုးဖြစ်နေသော စနိုးဖိုင်းယားကို ဆွဲကာ ချုံပုတ်များအတွင်းသို့ တိုးဝင်ခဲ့သည်။ တစ်ကိုယ် လုံးလည်း ဆူးခြစ်ရာများ ပွနေပြီ။ သို့သော် ဒါတွေကို ဂရုစိုက်မနေနိုင်ပါ။ သမီးလေး ဘာမှမဖြစ်လျှင်ပြီးစတမ်း ဟု သဘောထားပြီး ချုံပုတ်များအတွင်းသို့ ဆောက်နိုင် သမျှ ဆောက်အောင် တိုးဝင်ခဲ့သည်။

ရုတ်တရက် မတွေ့နိုင်လောက်သည့် နေရာ အရောက် တွင် ဓားနားသည်။ ပတ်ဝန်းကျင်မှ အသံများကို နား ထောင်ကြည့်သည်။ သူ့နောက်သို့ လိုက်လာသော မြင်းခွာ သံကို မကြားရတော့။

သို့သော် ငှက်အော်သံများပါ တိတ်ဆိတ်မြတိတ်ဆိတ် နေသည်။ ထို့ကြောင့် ဘေးအန္တရာယ်သည် အနီးအနား တစ်ဝိုက်မှာပင် ရှိနေကြောင်း သိသာနေသည်။

စဉ်းစား၍မဆုံးမီမှာပင် ဆွမ်းသည် ချုံပုတ်ထဲမှ တိုး ထွက်ကာ လီနို၏အင်္ကျီကော်လာကို ဖမ်းဆွဲထားလိုက်လေ တော့သည်။

'ပြေးလို့လွတ်မယ်ထင်သလား၊ ကဲ… အခု လွတ်နိုင် သေးရဲ့လား'

ကြောက်မက်ဖွယ် မို ခြိမ်းသံကြီးကိုပါ နားကွဲမတတ် ကြားလိုက်ရသည်ဟု လီနို ထင်လေသည်။

'ချမ်းသာပေးပါရှင်၊ ကျွန်မမှာ ပိုက်ဆံ တစ်ပြားမှ ပါမလာပါဘူး'

လီနိုဘ ပန်းပန်းကြီးစွာ အသက်ရှူနေရင်းမှ အသနား ခံသည်။

'ဟား… ဟား… ဟား ပိုက်ဆံသား၊ နင့်နောက်ကို လိုက်နေတာ ပိုက်ဆံလိုချင်လို့ လိုက်နေတယ်ထင်သလား၊ ဟား… ဟား… ဟား'

မကောင်းဆိုးဝါး ရယ်မောသံကြီးသည် လီနို၏ နား ထဲသို့ သံရည်ပူများ လောင်းထည့်လိုက်သလို ဝင်လာပြန် လေသည်။

'ဟောဒီ ဆနီ အနား တစ်ဝိုက်မှာ လူ… အများကြီး နေတယ်၊ မကြာခင် သူတို့ ဒီကို ရောက်လာကြတော့မယ်၊ သူတို့မှာ အမဲလိုက် ခွေးတွေ ပါတယ်၊ သေနတ်တွေပါ တယ်၊ ရှင် ကျွန်မကို ချမ်းမရှာဘဲ အေးအေးဆေးဆေး လွှတ်လိုက်ယင် ကောင်းမယ်နော်'

ကြိုးစားပြီး ခြိမ်းခြောက်ကြည့်သည်။

'နင်က ငါ့ကို ခြိမ်းခြောက်နေတုန်းပဲကိုး၊ ငါလဲ ဒီလို သတ္တိရှိတဲ့ မိန်းမမျိုးမှ ကြိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းက လီနို၏ ပခုံးတစ်ဖက်ကို ကြမ်းတမ်းစွာ ကိုင်သည်၊ စောစောက မြင်းပေါ်မှ အကျ နာသွားသော ဘယ်ဘက်ပခုံးဖြစ်သည်၊ ပြုတ်တူနှင့် ညှပ်လိုက်သလို ဆုပ်ကိုင်လိုက်ခြင်းဖြစ်သောကြောင့် မခံမရပ်နိုင် လောက်အောင် နာသွားလေသည်။

'ကျွန်မကို ကောင်းကောင်းမွန်မွန်ဆက်ဆံယင် ကျွန်မ မိတ်ဆွေတွေက ရှင့်ကို ငွေတွေ အပုံလိုက် ပေးပါလိမ့်မယ်'

လီနိုသည် ပြောရင်း စတင် ငိုကြွေးလေ တော့သည်။ အမှန်တော့ အတတ်နိုင်ဆုံး သူ အချိန်ဆွဲကြည့်နေခြင်း ဖြစ်လေသည်။

'တော်တော်လိမ်တတ်တဲ့ ကောင်မပဲ၊ နင်တို့ လမ်းမသိလို့ မှောက်နေတဲ့ လှည်းသမားကိုတောင် မေးခဲ့သေးတယ်ဟုတ်လား၊ လှည်းသမားက တို့ကိုပြောပြလိုက်ပြီးပြီ၊ ဒီနယ်တစ်ဝိုက်ကို နင်တို့ နည်းနည်းမှ မကျွမ်းဘူး၊ ဒီနယ်မှာ နင်တို့မိတ်ဆွေမရှိဘူး၊ ဒီနယ်မှာ နင်တို့ မျက်နှာစိမ်းတွေ၊ နင် ငါ့လက်ထဲက လွတ်အောင်ပြေးလို့ရချင်ရမယ်၊ ဒါပေမယ့် နင့်ရင်ခွင်ထဲက ကလေးကတော့ ဘယ်နည်းနဲ့မှ လွတ်မှာမဟုတ်ဘူး'

ပရိယာယ်မဆင်လျှင်ဘယ်လိုမှမဖြစ်နိုင်တော့ကြောင်း လီနို နားလည်သဘောပေါက်လိုက်ပါပြီ။



ထို့ကြောင့် ကလေးကို တစ်နေရာမှာ ချသည်။

သူ့အလိုလိုက်ဟန်ဆောင်သည်။ သူ့ခါးမှာထိုးထားသည့် ဓားမြှောင်ကို ဘယ်နည်းဘယ်ပုံအသုံးချရမည်နည်းဟုသာ စဉ်းစားနေသည်။

လီနို၏ ကိုယ်လုံးကို ဆွမ်း လာဖက်လိုက်သည့် အချိန်တွင် သူ့ခါးမှ ဓားမြှောင်သည် လီနိုအဖို့ ကြိုက်သလို အသုံးချပါတော့ဟု ပေးဆက်လိုက်သလို ဖြစ်သွားလေတော့သည်။

သည်လိုအခွင့်အရေးမျိုးကို အရယူရာတွင် လီနို လက်မနှေးပါ။

ဓားမြှောင်ကို ဆတ်ခနဲ ဆွဲထုတ်သည်။

ဆွမ်း၏ နောက်ကျောကို ခွန်အားရှိသမျှသုံးပြီး ထိုးလိုက်သည်။

'တပ်... ခွေးမသား၊ ဘာလုပ်လိုက်တာလဲကွ'

လီနိုက သူ့ကို ဒူးနှင့်တိုက်ပြီး ဆောင့်တွန်းပြစ်လိုက်သည်။ တစ်ဘက်သို့ လည်ကျသွားသည်။ သစ်ရွက်များပေါ်တွင် မှောက်ခုံကြီး ဖြစ်နေသည်။

သည်တော့မှ သူ့နောက်ကျောကို ဓားနှင့်ထိုးသူမှာ ဆပ် မဟုတ်ဘဲ လီနိုကိုယ်တိုင် ဖြစ်ကြောင်း သိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဩ—ငါ့ကို နှင်ကိုယ်တိုင် ထိုးလိုက်တာကိုး၊ မေးပြန် နှုတ်ပေး'

လီနိုကသူ့ကို လှည့်ကြည့်မနေတော့ပါ။ သူ့ကိုယ်ပေါ်ကျွတ် ဖရိုဖရဲဖြစ်ကုန်သော အဝတ်အစားများကို ကမန်းကတန်း ဆွဲချသည်။ သမီးလေးကို ပွေ့ချီ သည်။ စန္ဒီးဖိုင်းယားကိုသွားဆွဲခေါ်သည်။ ပြီးတော့ ဆွမ်၏မြင်းရှိရာသို့ သွားသည်။

'နှင် ငါ့မြင်းကို ယူ သွားနော်'

စန္ဒီးဖိုင်းယား၏ ရှေ့ခြေထောက်ဒဏ်ရာက ပိုဆိုးလာသည်။ ထို့ကြောင့် ဘယ်လိုမှ စီး၍မဖြစ်နိုင်တော့ပါ။

လီနိုသည် ဆွမ်၏မြင်းပေါ်သို့ သတိထား တက်လိုက်သည်။ ထိုမြင်းနှင့်သူ အစိမ်းသက်သက် ဖြစ်သော်လည်း သဘောကောင်းပုံရသော မြင်းမကလေးဖြစ်သည်။

ဆွမ်းကို လုံးဝလှည့်မကြည့်တော့ဘဲ ထိုနေရာမှအမြန်ဆုံး ထွက်ခဲ့တော့သည်။ မိုက်ကယ်ကို အခေါ သတ်ပစ်လိုက်သည့် ဝပ်၏ အန္တရာယ်လည်း ရှိသေးသည်မဟုတ်ပါလော။

လမ်း နှစ်ခါပြောင်းသည်။ စန္ဒီးဖိုင်းယားကို လှည့်ကြည့်တိုင်း ထော့နင်းထော့နင်းဖြင့် ပင်ပန်းကြီးစွာလိုက်လာနေရရှာကြောင်း သတိထားမိသည်။ စိတ်ထိခိုက်သော်လည်း မုန်သူစက်ကွင်းနှင့် နီးနေသေးသောကြောင့် မရပ်နားနိုင်သေးချေ။



စိတ်ချရလောက်ပြီဟု ယုံကြည်ရသော နေရာကျမှ သူ နားသည်။ ထိုနေရာမှာ စမ်းချောင်းလေးလည်း ရှိသည်။ စမ်းချောင်းထဲမှာ မြင်းများကို ရေတိုက်သည်။ သူလည်း သောက်သည်။

လီရိုနာကလေးက တစ်လျှောက်လုံးအိပ်ပျော်ခဲ့သည်။ သစ်ပင်အောက်မှာ ချသိပ်သည်။

စန္ဒီးဖိုင်းယား၏ ခြေထောက်ကို စမ်းချောင်းရေအေးအေးဖြင့် သေသေချာချာစိမ်ကာ အသာနှိပ်ပေးသည်။ ပြီးတော့ သူ့ကိုယ်ပေါ်မှ ဂါဝန်စကို ဆွဲဆုတ်ပြီး ပတ်တီးစည်းပေးလိုက်သည်။

ထိုညက ထိုနေရာရှိ သစ်ပင်တစ်ပင် အောက်မှာ ပင် အိပ်လိုက်တော့သည်။ သို့သော်သည်း စိတ်ချလက်ချအိပ်ပျော်ခြင်းမရှိပါ။

တပ်အကြောင်းကို သူ ဘာမှမသိပါ၊ သူ့နောက်သို့ တပ်က လိုက်နေပြီလားဟု တစ်ညလုံး စိုးရိမ်နေမိသည်။

မိုက်ကယ်အတွက်လည်း စိတ်မကောင်း ဖြစ်မိသည်။ မိုက်ကယ်သည် ယခုလို သူနှင့် ကသုတ်ကရက် လိုက်မလာဘဲ စောစောက သူစီစဉ်ထားသည့်ရက်အတိုင်း ပြန်ပါက အသက် ဆုံးရှုံးရမည်မဟုတ်ပါ။

ယခုတော့ ရေတိမ်တွင် နစ်သွားရရှာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကောင်းကောင်း အိပ်မပျော် နိုင် သည့် အတူတူဆိုပြီး မိုက်ကယ်အတွက် ဆုတောင်း ပေး နေမိသည်။

တပ် ဘာဖြစ်နေသည်ကို မသိသဖြင့် လီနိုစိတ်သောက ရောက်နေရသော်လည်း တဏှာယ်တမ်းဆိုမူ ဘာမျှ ပူပင်ရန် အကြောင်း မရှိတော့ပါ။

မိုက်ကယ် ပစ္စတိုနှင့်ပစ်သဖြင့် ရထားသော ထပ်၏ ရင်ဘတ်မှ ဒဏ်ရာက သွေးများထွက်နေသည်၊ သို့သော်လည်း တပ်ကဂရုမစိုက်ပါ။

မိုက်ကယ်၏ အလောင်းကို ချုံဖုတ်တစ်ခုထဲသို့ ဆွဲသွင်းသည်။ ထို့နောက် သစ်ကိုင်း နှစ်ကိုင်းသုံးကိုင်းခုတ်ပြီး အလောင်းပေါ်ပစ်တင်လိုက်သည်။

ကျန်သည့် အပိုင်း များ ကို တော့ တောတွင်းပျော် တိရိစ္ဆာန်များက ဆက်ရှင်းကြလိမ့်မည်ဟု သဘောထားလိုက်သည်။ မိုက်ကယ်၏ အိတ်ထဲမှာရှိသော ငွေအကြွေ အနည်းငယ်ကိုတော့ နှိုက်ယူဖြစ်အောင် ယူလိုက်ပါသေးသည်။

မိုက်ကယ်၏မြင်းက အောက်စဖို့မြို့ဘက်သို့ ထွက်ပြေးသွားသည်။ အမှန်က မြင်းကိုရလိုက်မှ တန်ရာတန်ကြေး



သည်ဟု ဆိုနိုင်မည်။ မြင်းကို ရောင်းစားမှ မြို့မြို့မြက် မြက်ကလေး ရမည်ဖြစ်သည်။

ဆွမ်း ပြေးလိုက်သွားသည့်ဘက်သို့ ဒယီး ဒယိုင်ဖြင့် လျှောက်လိုက်လာခဲ့သည်။

'ဆွမ်း....ဟေ့ ဆွမ်း၊ မင်းဘယ်ရောက်နေသလဲ'

တကြော်ကြော်ခေါ်ရင်း တောထဲမှာရှာသည်။

နောက်ဆုံးတွင်မှ ဆွမ်း၏ပြန်ထူးသံကို ကြားရသည်။

'ငါဒီမှာဟေ့'

အသံကြားရာနောက်သို့ လိုက်သွားသည်။ ကျောက်တွင်ခားမြှောင်တန်းလန်းနှင့် ဆွမ်းကို တွေ့ရလေသည်။

'ငါ့ကို ကယ်ပါဦးတပ်၊ ကောင်မက ငါ့ကိုဓားနဲ့ထိုးသွားတယ်'

ဟု အထိတ်တလန့် ဖြစ်နေသော ဆွမ်းက ဆီးပြောသည်။

တပ်က လေတစ်ချက်ချွန်သည်။

'ဓားရိုးခိုက်အောင် ထိုးသွင်းသွားတာကိုး'

ဟုလည်း ပြောသည်။

ပြီးတော့ဆွမ်းကိုလည်း သူ့ရှင်းပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရှင်း၍လည်း မဖြစ်ပါ။ သည်နေရာသို့ တစ်စုံ တစ်ယောက် ရောက်လာလျှင် မိုက်တာ၏ အလောင်းကို တွေ့ကောင်း တွေ့မည်။ သို့သော်မဘုတ် ဗဏ်ရာကြီးနှင့် ဆွမ်းကို တွေ့မည်။ ဆွမ်းကိုစစ်ဆေးလျှင် အားလုံး ပေါ်ကုန်မည်။ သူလည်း ကြိုးစင်တက်ရမည်။

ထို့ကြောင့် ဆွမ်းကို ရှင်းလိုက်ခြင်းသည် မိမိအတွက် အန္တရာယ်ကင်းသည့်ဟုဟာပ်ကောက်ချက်ချခြင်း ဖြစ်သည်။

ဆွမ်းကိုရှင်းပြီး အိတ်ထဲမှာရှိသည့် ပိုက်ဆံများကို နှိုက်ယူကာ အောက်စဖို့မြို့ပေါ်သို့ တက်ခဲ့သည်။

အောက်စဖို့သို့အသွား လမ်းတစ်နေရာတွင် မိုက်သယ်၏မြင်းကိုတွေ့သဖြင့် ဖမ်းပြီး ရောင်းစားခဲ့သည်။

ထို့နောက် ဘစ္စတိုမြို့သို့ ရောက်သွားပြီး ရေတပ်ထဲသို့ မဝင်မီနေရ ဝင်ရသည်။ အညာရှိ အစ်ယောက်နှင့် စကားများပြီး ထိုအရာရှိ လက်ချက်ဖြင့်ပင် သူလည်းသေသည်။

ဆွမ်း၏အလောင်းကို လုံခြုံစွာ သူ မြှုပ်ခဲ့သောကြောင့် မည်သူမျှ မတွေ့ပါ။ ထို့ကြောင့်လည်း ထိုအမှု ပျောက်ကွယ်နေသည်။

လီနီသည် ထိုအကြောင်းများကို အချိန်အတော်ကြာသည်အထိ လုံးဝမသိပါ။ ထို့ကြောင့် သူ့မှာ လူသတ်မှုကြီးဖြင့် အပြစ်ရှိနေသည်ထင်ကာ ဘဝလျှောက်လုံး ဒုက္ခရောက်နေရတော့သည်။



တပ်ကလည်း သူ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ၊ လူသတ်မှုများ အကြောင်းကို ဖြောင့်ချက်ပေးမသွားနိုင်သောကြောင့် အားလုံး ရှင်းမရအောင် ဖြစ်နေလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၂

အရုဏ်တက်ချိန်တွင် အလင်းရောင်က တောက်ပနေပြီး လှပသွန်းသည်။ အေးချမ်းငြိမ်သက်မှုသည် တောပိုင်းဒေသကိုလွှမ်းခြုံထားလေသည်။

ငှက်ငယ်ကလေးများ၏ ငြိမ့်ညောင်းသော တေးသီသံမှာ သာမောဖွယ် ကောင်းလှပါ၏။

ကောင်းကင်ကြီးက ပြာလဲ့ကာ လင်းနေသည်။ အဖြူရောင် တိမ်ဆိုင်အချို့က လွင့်မျောနေသည်။

လှချင်တိုင်းလှနေသော ထိုကောင်းကင်၊ ထိုသြကာသလောကကို ခေါင်းပေါ်မှာ အုပ်ဆိုင်းထားသည့် သစ်ရွက်ကို သစ်ရွက်ကြားမှနေ၍ မက်မပြေဖွယ် မြင်တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနို၏ ပတ်ပတ်လည်တွင် အိပ်တန်းမှ နိုးထလာကြသည့် ကျေးငှက်သာရကာ ပေါင်းစုံတို့၏ အသံများ၊ နေ့သစ်ကို ကြိုဆိုကြသည့် အသံများ၊ အစာရှာ ထွက်ကြရန် ပြင်ဆင်ရင်း အချင်းချင်း သတိပေးကြသည့် အသံများဖြင့် ပြည့်နေသည်။

အိပ်ရာမှနိုးလာသည့် လိုရီနာအားလေးကလည်း ခြေ ဖားယား လက်ကားယား လုပ်နေသည်။ လီနိုက ထိုလက်ကလေးများကို ဖမ်းယူပြီးနမ်းမိသည်။

ပြီးတော့ ရေခဲရေတမျှ အေးစက်နေသည့်စမ်းချောင်းကလေးထဲမှာ သွားပြီးမျက်နှာသစ်သည်။ ကိုယ်ရေလက်ရေသန့်စင်သည်။

ဒါလောက် သန့်ရှင်းလတ်ဆတ်ပြီးဒါလောက်လှသော နံနက်ခင်းကို မြင်တွေ့ရသောအခါ မနေ့က ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို မယုံကြည်နိုင်အောင်ပင် ဖြစ်သွားမိသေးသည်။ ယနေ့နံနက် ပတ်ဝန်းကျင် အတွေ့နှင့် မနေ့က အဖြစ်အပျက်သည် ဘယ်လိုမျှ ဆက်စပ်စဉ်းစား၍ မရနိုင်ပါ။

မနေ့က အဖြစ်အပျက်များသည် အိပ်မက်ဆိုးများပင် ဖြစ်ပါ၏။ နေအထွက်တွင် နှင်းခဲများ ပျော်ကျသွားသကဲ့သို့ မကြာမီ အချိန်ကာလတိုအတွင်း၌ အားလုံးကို မေ့ပျောက်ပစ်လိုက်နိုင်မည်သာ ဖြစ်ပါသည်။



သို့သော်လည်း မထော့ကျိုးယော့ကျိုး ဖြစ်နေသော နိုးဖိုင်းယားနှင့် ဆွမ်း၏ မြင်းမကလေးသည် မနေ့တုန်းက အိပ်မက်ဆိုးများကို ပြန်ပြောင်းသတိရစရာ အမှတ်အသားတွေ ဖြစ်နေသည်။ လှုပ်ရှားလိုက်တိုင်း သူ့ ဘယ်ဘက် ပခုံးကလည်း နာကျင်နေသည်။

ထိုပခုံးကလည်း အဖြစ်ဆိုးများကို တစ်ဖွဖွ ပြန်ပြောပြသလို ဖြစ်နေပြန်သည်။

လမ်းဆုံးတစ်ခုနေရာတွင် မိုင်ကယ်၏ အလောင်း ရှိနေသည်။ နောက်ပြီးတော့ သူ စားနှင့်ထိုးခဲ့သော ဆွမ်းသည်လည်း စားတန်းလန်းဖြင့် မိုက်ကယ်နှင့် မလှမ်းမကမ်း တစ်နေရာမှာ ရှိနေသည်။

ထိုအကြောင်းများကို ပြန်ပြောင်း သတိရနေသောကြောင့် ကလေးနို့တိုက်နေသည့် လီနို၏ မျက်နှာမှာ အကြီးအကျယ် မသာမယာ ဖြစ်နေသည်။ စိတ်ထဲမှာလည်း ထိခိုက်နေသည်။

ကလေး နို့တိုက်ပြီးသောအခါ ပန်းသီးတစ်လုံး စားသည်။ သမီးလေး၏ ဆံပင်များကိုလည်း ပွတ်သပ်ပေးနေမိသည်။

ပြီးတော့ သူ့ဘဝရှေ့ရေးအတွက် အစီအစဉ်များ ချမှတ်ဖို့ ကြိုးစားရလေတော့သည်။

ဘန်ဘူရီမြို့က ပွဲတော်မှာ မြင်းပြိုင်ပွဲဝင်ဖို့ ဆိုသည့် မိမိကိုန်းကတော့ လုံးဝမဖြစ်နိုင်တော့ချေ။ နိုးဖိုင်းယား၏

www.burmeseclassic.com



ရွှေ့ခြေထောက်မှာ ဒဏ်ရာရနေသည်။ ဒဏ်ရာ ဘယ်
လောက်ကြီးပြီး ဘယ်လောက်ဆိုးကြောင်းလည်း လ
မပြောနိုင်။ သို့သော်လည်းပြိုင်ပွဲဝင်ပြီးပြေးနိုင်ဖို့ကတော့
အချိန်အကြာကြီးပွဲစောင့်ရဦးမည်ဖြစ်ကြောင်း သေချ
သည်။

ဆွမ်းထံမှ ရခဲ့သည့် မြင်းမကလေးကတော့ အပြေ
ကောင်းသော မြင်းမျိုးမဟုတ်။ စီ ရှိသက်သက်ပဲရမည်
ယခုအခါတွင် စီးဖို့ မြင်းမလေးတစ်ကောင် ရထားသည်
အတွက် ဘုရားသခင်ကိုပင် ကျေးဇူးတင်ရဦးမည်။ တော
မည်။

သူပိုင်သော ပစ္စည်းများကို စိတ်တွက် တွက်ကြ
သည်။ မြင်းမကလေးကိုယ်ပေါ်မှာ ရှိနေသည့် အိတ်မျ
ဆီသို့ သူ့မျက်လုံးများက အလိုလိုရောက်သွားသည်။

ထိုအိတ်များကို ကြည့်ဖို့ စိတ်ကူးမရခဲ့။ ထိုအိတ်မျ
အတွင်းရှိနေသည့် ပစ္စည်းများသည် အခြား တစ်စုံတ
ယောက်ပိုင်သော ပစ္စည်းများဖြစ်သည်။ ထို့ကြောင့်
မသန့်သဖြင့် ထိုပစ္စည်းများပေါ်သို့ မျက်စိမရောက်ခဲ့ခြ
ဖြစ်လေသည်။

ထိုင်နေရာမှထ ပြီး အိတ်ထဲမှာရှိသော ပစ္စည်းမျာ
ကြမ်းကြမ်းတမ်းတမ်း မှောက်ချသည်။

တွယ်အပ်တွေ အများကြီး ထွက်လာသည်။ သူ့ကို
ပေါ်မှ အဝတ်များ စုတ်ပြတ်သတ်နေသည်နှင့် အဝေ



ဖြစ်သွားသည်။ တွယ်အပ်များနှင့် အစုတ်များကို ထမန်း
ကတန်း လိုက်တွယ်သည်။

ထို့နောက် ညစ်ပတ်နေသော ဖွဲထုပ် တစ်ထုပ်၊ ရမ်
အရက်တင်လုံး၊ ပေရေနေသည့် ရှပ်အင်္ကျီတစ်ထည် ထွက်
လာသည်။

ပြီးတော့ ခပ်မာမာပစ္စည်းတစ်ခုကို စမ်းမိသည်။ လီနို
၏ နှလုံးသွေး အခုန်မြန်လာသည်။ ပိုက်ဆံ ဖြစ်ပါစေဟု
ဆုတောင်းမိသည်။ သို့သော်လည်း သူ့ဆု တောင်း
မပြည့်ပါ။

မာမာပစ္စည်းကလေးကို အဝတ်စတစ်စနှင့် သေသေ
ချာချာ ထုပ်ထားသည်။ အထုပ်ကို ဖြေကြည့်လိုက်သော
အခါ ဂေါ်မုတ် လက်စွပ်ကလေးတစ်ကွင်း ထွက်လာ
သည်။ ထိုခေတ်တုန်းက ဂေါ်မုတ်ကို လူတွေ အလွန်
တန်ဖိုးထားကြသည်။

လီနိုက လက်စွပ်ကလေးကို သေသေချာချာ ကြည့်
သည်။ မည်သို့မည်ပုံ အသုံးချရမည်ကိုလည်း တွေးကြည့်
နေမိသည်။

သည်လက်စွပ်မှာလည်း ခိုးရာပါပစ္စည်း ဖြစ်ရမည်။
သို့ဘည်းမဟုတ် တိုက်ရာပါပစ္စည်း ဖြစ်ရမည်။ သို့သော်
လည်း မူလပိုင်ရှင်အစစ်၏လက်ထဲရောက်အောင် မည်သို့
ပြန်လည်ပေးပို့ရပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဒါလေးကို ထုခွဲရှောင်းချပစ်လိုက်မည်ဆိုလျှင်...

သက်ပြင်းရှည်ကြီးတစ်ခုချသည်။ လက်စွပ်ကလေးကို သူ့အိတ်ထဲသို့ ပြောင်းထည့်လိုက်သည်။ မိရအရက်ပုလင်းကို ချန်ထားပြီး ကျန်ပစ္စည်းများ အားလုံးကို ထိုနေရာမှာပင် လွှင့်ပစ်ခဲ့သည်။

ခရီး ရှည်ကစ်ခုကို ဆက် ၍ ဦး တော့ မည် ဖြစ် သော ကြောင့် သူခပ်ငိုင်ငိုင် စဉ်းစားနေလေသည်။

ခရီးဆက်ခဲ့သည်။ မွန်းတည့်ချိန် ရောက်လာသည်။ မြင်းများလည်း ဆာလောင်ကြပြီ။

BURMESE CLASSIC .com

ခြံတစ်ခုကို တွေ့သည်။ ခပ်လှမ်းလှမ်းရှိ တိုက်ကလေး တစ်လုံး၏ ခေါင်မိုးကို ထွက်ပြူ၍ နေရောင်အောက်တွင် လှမ်းမြင်ရသည်။ မြင်းပေါ်မှဆင်းသော ခြံနားသို့ သတိထားပြီး ကပ်သွားသည်။ မြင်းနှစ်ကောင်ကို ဆွဲယူ သွားသည်။

မျက်လုံးကလည်း ကျီးကန်းတောင်းမှောက် ကြည့်ရသေးသည်။ ခြံရှင် ဖမ်းမိသွားလျှင် ပြဿနာတွေ တက်ကုန်မည်။ ပိုင်ရှင်ပေး၍ ယူခြင်းမဟုတ်ဘဲ ခိုးခြင်း ဖြစ်သည်။

အသင့်ရှိနေသော မြင်းစာများကိုသူ့မြင်းနှစ်ကောင်အား စားစေသည်။ ဆာနေသော မြင်းများက အားရပါးရ စားကြသည်။



ပိုင်ရှင်သိလျှင် ဆဲတော့မည်ဖြစ်ကြောင်း လီနီ သိပါသည်။ တောရိုင်းတိရစ္ဆာန်တစ်ကောင် ဝင်စားသွားသည် ထင်ပါစေဟုလည်း ဆုတောင်းလိုက်မိသည်။

စနိုးဖိုင်းယားက လီနီကို နှာဖျားဖြင့် ညင်သာစွာ တို့သည်။ စားကောင်းသောကြောင့် ကျေးဇူးတင်ကြောင်း ပြောနေသလားဟုပင် ထင်ရလေသည်။

မြင်းမကလေးပေါ် ပြန်တက်ပြီး ခရီး ဆက်တော့ စနိုးဖိုင်းယားက ထောင့်နင်းထာနင်းဖြင့် နောက်မှလိုက်လာသည်။

နောက်မှ ရန်သူလိုက်လာမည်ကို ကြောက်စရာ မလိုတော့ပါ။ အခြင်းဖြစ်ပွားခဲ့သည့် လမ်းဆုံနှင့် ခရီး အတော်ကြီး ဝေးနေပေပြီ။ နောက်ပြီးတော့ ဖြောင့်ဖြောင့်တန်းတန်း လာခြင်း မဟုတ်ဘဲ ဟိုကွေ့သည်ကောက်ဖြင့် လမ်းဖျောက်လာခြင်းကြောင့် ရန်သူ လိုက်လာမည် ဆိုလျှင်လည်း သူသွားသည့် လမ်းကြောင်းကို မှန်း ဆဖို့ ခက်ပေလိမ့်မည်။

နောက်ပြီးတော့ တပ်သည် မိုက်ကယ်ပစ်လိုက်သည့် သေနတ်ဒဏ်ရာလည်း ရထားလေရာ ဒါလောက် ခရီးကြမ်းကြီးကို လိုက်လာနိုင်ဖို့ မလွယ်ဟုလည်း တွေးမိသဖြင့် အများကြီး စိတ်သက်သာရာ ရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ မျှားသွားသည့် လမ်းကြောင်းအတိုင်း လိုက်ခဲ့ သည်။ ကော့စ်ဝေါနယ်ထဲသို့ အတွင်းပိုင်းလောက် ရောက် အောင် သူ ဝင်ခဲ့မိလေပြီ။

တောင်ကုန်းတစ်ခုထိပ်ပေါ်တွင် သိုးကျောင်းသား တစ်ယောက် ထိုင်ပြီး သိုးကျောင်းနေသည်ကို တွေ့ရ သည်။ လီနီက သူ့ကို လက်လှမ်းပြလိုက်ပြီး တောင်ကုန်း ပေါ်သို့ တက်သွားသည်။

BURMESE CLASSIC .com

သိုးကျောင်းသား၏ ခွေးတစ်ကောင်က သူ့ဆီသို့ ပြေးလာသည်။ အလင်မပေးသည့် ပုံမျိုးဖြင့် ပတ်ချာ လှည့် ပြေးပြီး ဟောင်နေသည်။ သိုးကျောင်းသားက သူ့ ခွေးကို လှမ်းခေါ်သည်။ ခွေးက သခင်ဆီသို့ ကျိုးနွံစွာ ပြန်သွားသည်။

လီနီက တောင်ကုန်းပေါ်သို့ ဆက်တက်သွားသည်။ သိုးကျောင်းသားသည် လူငယ်မဟုတ်ဘဲ အဘိုးကြီး တစ် ယောက် ဖြစ်နေကြောင်း တွေ့ရသည်။ ခါးကိုင်းနေပြီး မျက်စိ အတော်မှုန်နေဟန်ဖြင့် လီနီကို သေသေ ချာချာ စိုက်ကြည့်ပြီး အကဲခတ်နေသည်။

တစ်ယောက်တည်း အဖော်ကင်းမဲ့စွာ သိုးကျောင်း နေရသည့်အတွက် အဘိုးအိုမှာ အတော်လေး ပျင်းရိ ငြီး ငွေ့နေပုံရသည်။ ယခုလို အဖော်တစ်ယောက် ရောက်လာ သောကြောင့် သူ အတော်ပျော်သွားသည်။



လီနီကို သူ့မှာရှိသော အစားအသောက်များ ခွဲဝေ ကျွေးမွေးခဲ့သည်။ ဆာလောင် မွတ်သိပ် လာ သော လီနီကလည်း အားနာမနေနိုင်တော့ဘဲ ဝမ်းသာ အားရ စားသည်။

သူ စားသောက်နေပုံကို အဘိုးကြီးက ဘေးမှ ထိုင် ကြည့်ပြီး ကျေနပ်နေပုံရသည်။

'သူငယ်မက ဘယ်ကို သွားမှာလဲ' ဟု လှမ်းမေး သည်။

'တွိမ်းမီးယားကို သွားမှာပါရှင်'

လီနီ၏နှုတ်ဖျားမှ ထိုစကား အလိုလိုထွက်သွားသည်။ ပြောလိုက်ပြီးတော့လည်း ချက်ချင်း ဆို သလိုပင် သူ ထွက်သွားရမည့်အရပ်သည် တွိမ်းမီးယားဖြစ်ကြောင်း လည်း သိလာလေသည်။

သူ့တွင် ပိုက်ဆံတစ်ပြားမှ မရှိတော့ပါ။ နေစရာအိမ် လည်း မရှိပါ။ မွေးစ ကလေးလေးနှင့် ဒုက္ခရောက်နေပြီ။ ထို့ကြောင့် သည်လို အခြေအနေမျိုးတွင် သူသွားရမည့် နေရာသည် တွိမ်းမီးယားပင် ဖြစ်လေသည်။ သူ့ကို နေ ရာအိမ်နှင့် စားစရာ ပေးမည့်နေရာသည် တွိမ်းမီးယား သာဖြစ်ချေသည်။

ဂျမီး၏အစ်မ ဖလော်ရာဆာတော့ သူ့ကို ကြည်ကြည် ဖြူဖြူ လက်ခံပါလိမ့်မည်။ စနိုးဖိုင်းယား၏ မြေထောက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကောင်းသည်အထိ စောင့်ရမည်။ ကောင်းအော… အရပ်တကာ လှည့်လည်ပြီး မြင်းပြိုင်ပွဲများ ဝင်ရမည်…

မောစောက မတွေ့ခဲ့မိသောအတွေးများ ရုတ်တရက် သူ့ခေါင်းထဲသို့ တန်းစီ ဝင်လာကြလေသည်။

'ကျွန်မက မုဆိုးမပါရှင်၊ ဒါကြောင့် တွံမ်းမီးယား… ရွာမှာရှိတဲ့ ဆွေမျိုးတွေဆီကို ပြန်လာတာပါ' ဟု လီနီ… ဆက်ပြောသည်။

BURMESE CLASSIC .com

'ဟုံမ်းမီးယားကို သွားမှာကိုး၊ အင်း…ခရီးအဝေး… ကြီး ကျန်ပါသေးလား'

အဘိုးကြီးက ရေရွတ်သည်။

'ဟုတ်ပါတယ်ရှင်၊ ဝေးသေးမှန်း သိပါတယ်၊ အ… ကျွန်မ လမ်းပျောက်နေလို့'

လီနီက မှန်သည့်အတိုင်း ပြောသည်။

အဘိုးကြီးက ပြုံးသည်။ ပြီးတော့ တွံမ်းမီးယားသို့ သွားသည့်လမ်းကို ညွှန်သည်။ မည်သည့်နေရာ ရောက်လျှင် မည်သို့သော လမ်းအမှတ်အသားများကို ကြ… သွားရမည်ဖြစ်ကြောင်းများကိုပါ အသေးစိတ် ညွှန်… လိုက်သည်။



အဘိုးကြီးကို ကျေးဇူးတင်စကား အထပ်ထပ်ပြောပြီး လီနီ ခရီးဆက်ခဲ့သည်။

အဘိုးကြီးက မျက်စိတစ်ဆုံး လှမ်းကြည့်နေသည်။ ထိုသို့ ငေးကြည့်နေရင်းဖြင့်လည်း အတွေးနယ်ချဲ့နေမိသည်။

အင်း… မုဆိုးမတဲ့။ ဒါပေမယ့် ဒီရုပ်ဒီရည်မျိုးနဲ့အရွယ်ကလည်း ငယ်သေးတော့ သိပ်ကြာကြာကြီး မုဆိုးမလုပ်လိုက်ရမှာ မဟုတ်ပါဘူး၊ နောက်ထပ် ယောကျ်ားရဦးမှာပါပဲ။

ပါးစပ်မှ တိုးတိုးရေရွတ်သည်။ သူလည်း တစ်ချိန်တုန်းက မိန်းမငယ်ငယ်တစ်ယောက် ရခဲ့ဖူးသည်။ ထိုအကြောင်းများကို ပြန်စဉ်းစားမိသောအခါ အတိတ်ကို လွမ်းမိလေသည်။

ဆက်ပြင်ရှည်ကြီးကိုချရင်း သိုးများ စားကျက်ပြောင်းပေးရန် ထိုင်ရာမှ လေးပင်စွာ ထလိုက်လေသည်။

မိမိသွားရမည့်လမ်းကို သေသေချာချာ သိလိုက်ရပြီဖြစ်သောကြောင့် လီနီမှာ ခရီးသွား၍ ပိုမိုလွယ်ကူလာသည်ဟု စိတ်ထဲမှာ ခံစားလာရသည်။ သိုးကျောင်းသား အဘိုးကြီး ညွှန်ပြလိုက်သည့် သို့သွားသည့် လမ်းကြောင်းအတိုင်း မနားတမ်း ခရီးဆက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင် ကျောက်ခဲများ ပေါများသည့် တောင်တန်းဒေသဖြစ်ရာ အတတ်နိုင်ဆုံး မြေညီသည့်နေရာကိုရွေးပြီး မြင်းများကို နှင်သည်။ စနိုးပိုင်းယား၏ ခြေထောက်မှာ ဒဏ်ရာရှိနေသောကြောင့် လမ်းကောင်းကို ဂရုစိုက် ရွေးနေခြင်းဖြစ်သည်။

ညဘက်ခရီးသွားခြင်းကို ရှောင်ပြီး နေ့ပိုင်းသာခရီးသွားသည်။ လင်းလင်းချင်းချင်း မြင်မြင်ထင်ထင်သွားရသောကြောင့် အန္တရာယ် ပိုကင်းသည်။

ညဘက်တွင် တောတွင်းရှိ ချုံပုတ်ကောင်းကောင်းကို ရွေးပြီးထိုအထဲမှာ ဝင်အိပ်သည်။

ငြိမ်းချမ်းစွာ အိပ်ရသော ညများတော့ မဟုတ်ပါ။ အိပ်မက်ဆိုးများကို အမြဲတမ်းမြင်မက်နေသည်။ အိပ်မက်ဆိုးများ ဝန်းရံနေသောကြောင့် အိပ်ရာမှ လန့်နိုး လာလျှင် ချွေးစေးများ ရွှဲနေတတ်သည်။ လရောင် အောက်တွင် သူ့အသားများ ဖြူဖတ်ဖြူရော် ဖြစ်နေသည်ကို မြင်နေရသည်။

မိုးမရွာပါစေနှင့်ဟုလည်း မကြာခဏ ဆုတောင်းရသည်။ မိုးရွာလိုက်လျှင် လမ်းများ ပျက်ကုန်မည်။ ဖွက်ပေါက်ကာ ခရီး မ တွင် နိုင် အောင် ဖြစ် တော့ မည်။



ခြေထောက်မကောင်းသော စနိုးပိုင်းယားနှင့် ခရီးသွား၍ ဘယ်လိုမျှ ဖြစ်နိုင်တော့မည် မဟုတ်ပါ။

သူ့ဆုတောင်း ပြည့်သည်ဟုပဲ ဆိုရမည်။ မိုးလုံးဝမရွာပဲ ခရီးတစ်လျှောက်လုံး ရာသီဥတု ကောင်းနေသည်။

သူ့မှာရိက္ခာလည်းပြတ်ပြီ။

ရိက္ခာပြတ်၍ အဆာလောင်ဆုံးတစ်ညဦးမှာပင် ဆွမ်းမီးယားရွာသို့ သူ ရောက်လာလေတော့သည်။

မြင်းပေါ်မှကျသဖြင့် နာသွားသည့် ဘယ်ဘက် ပခုံးသည်း ပြန်ကောင်းနေပြီ။ တောထဲမှာ ပြေးခဲ့လွှားခဲ့ ရုန်းခဲ့ကန်ခဲ့ရသောကြောင့် ဆူးများခြစ်မိသည့်အရာများသည်လည်း ပျောက်ကင်းစပြုလာပြီ။

လမ်းပေါ်တွင် လူသူလေးပါးမတွေ့ပါ။ သူကောင်းစွာမှတ်မိနေသည့်လမ်းအတိုင်း ရွာထဲသို့ မြင်းစီးဝင်လာခဲ့သည်။ လမ်းပေါ်တွင် လူသူလေးပါး ကင်းနေခြင်းမှာ ညစာစားနေကြသောကြောင့် ဖြစ်ရမည်ဟု တွေးကြည့်သည်။ အချိန်က ညစာစားချိန်ရောက်နေပြီ။

ညဦး၏ အရောင်ကြောင့် အဆောက်အအုံ များ၏ ခေါင်မိုးများသည်လည်း အရောင် ပြောင်းနေသည်ကို သတိထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျမီးနှင့် ဖလော်ရာတို့၏ ပန်းပဲဖိုသို့ ကန်းသွားသည်။

ပန်းပဲဖိုထဲမှာ လူတစ်ယောက်မျှမရှိ။ ပန်းပဲဖိုနောက်ရှိ ဖလော်ရာတို့အိမ်မှာလည်း တံခါးတွေအကုန်ပိတ်ထားသည်။ ထိုအိမ်မှာလည်း လူသူကင်းမဲ့နေသည်။

ဖလော်ရာ အလွန် ဂုဏ်ယူဝင့်ကြွားခဲ့သည့် ပန်းခြံမှာ ချုံနွယ်ပိတ်ပေါင်းများ၊ မြက်ပင်ရှည်ကြီးများ ဖုံးအုပ်ပြီး ပျက်စီးနေသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရသည်။

မြင်းပေါ်မှ လီနိုဆင်းသည်။ စိတ်ထိခိုက်စွာဖြင့် အိမ်နားသို့ ချဉ်းကပ်သွားသည်။ ပြတင်းပေါက် မှန်ကွဲတစ်ခုမှနေ၍ အိမ်ထဲသို့ ချောင်းကြည့်သည်။ ဗလာကျင်းနေသော အခန်းတွင်း၌ ပြေးလွှားနေသည့် ကြွက်တစ်ကောင်ကိုသာ တွေ့ရလေသည်။

ဖလော်ရာ၏ ကြောင်သည်ပင် သည်အိမ်ထဲမှာ မရှိတော့။

အခြေအနေများ၊ အနေအထားများကို ကြည့်ခြင်းအားဖြင့် သည်အိမ်တွင် လူမနေသည်မှာ ကြာပြီ ဖြစ်ကြောင်း သိသာထင်ရှားလေသည်။

လီနိုသည် သာမန်အားဖြင့် ပင်ကိုစိတ်ဓာတ်ကြံ့ခိုင်သူဖြစ်သည်။ ယခုတော့ အပေါ်ကလေး စိတ်ဓာတ်ကျသွားလေသည်။



ဘာတွေဖြစ်ကုန်သလဲဟု စဉ်းစားကြည့်သည်။ တိုက်ပွဲတွင်ဂျမီ ကျဆုံးသွားသောကြောင့် ဖလော်ရာ စိတ်ထိခိုက်သွားကာ ရှိသည့်ပစ္စည်း ကလေးတွေ သိမ်းဆည်းပြီး တောတလန့်သို့ ပြန်သွားလေပြီလား။

ဖလော်ရာမရှိတော့ဘူးဆိုလျှင် သည်ရွာမှာ သူ့ဘဝ ပျော်မွေ့စရာ မရှိနိုင်တော့ပါ။ ကွယ်လွန်သူ သူ့အစ်မကြီး၏ ယောကျ်ား ဘွမ်ပရက်ထယ်လ်က သူ့ကို အကြီးအကျယ်သိကျွမ်းချေတော့မည်။ အရှက်တကွဲ အကျိုးနည်းအောင်လုပ်တော့မည်။

BURMESE CLASSIC .com

နောက်ပြီးတော့ သူ့ရင်ခွင်ထဲမှာ သမီးလေးတစ်ယောက်ပါလာသည်။ သည်လိုကလေးအမေတစ်ယောက်အနားသို့ ရွာထဲရှိ ဘယ်ယောကျ်ားက ကပ်ကြတော့မည်နည်း။

သံသယစိတ်ပေါင်းများစွာတို့ ခေါင်းထဲသို့ စုပြုံပြေးဝင်လာကြသည်။ မှန်ပါသည်။ သည်ရွာမှာ သူ ဘယ်လိုမျှနေမဖြစ်နိုင်တော့ပါ။

ရွာထဲသို့သူဝင်လာရာ ယခုအချိန်အထိသူ့ကိုမည်သူမျှ မတွေ့ကြသေး။ ထို့ကြောင့် ယခု ဝင်လာသကဲ့သို့ပင် တိတ်တိတ်ကလေး ပြန်ထွက်သွားလျှင် ကောင်းမည်ဟုလည်း စဉ်းစားလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်သို့ပြန်တက်သည်။ သူ မွေးဖွားကြီးပြင်း
ထိုင်ခဲ့သည့်ရွာကလေးမှာ နေခွင့် မရှိတော့သောကြော
အကြီးအကျယ်စိတ်ဆင်းရဲသွားမိတော့သည်။ ရွာကိုလွ
စိတ်ကလည်း တစ်ဖွားဖွားပေါ်လာသည်။

ထိုအခိုက် ရောဘတ်မက်ဒ်လိုးကို ပြေး သတိရလို
သည်။ ရောဘတ်သည် သူတို့ရွာကလေး၏ တရားဟေ
ဆရာဖြစ်သည်။

နေ့ခက်ပြီးတော့ ရွာထဲမှာ ရှိရှိသမျှ ယောက်ျားသ
များ လီနိုကို အရှုးအမူးပိုးပန်းနေကြချိန်တွင် လီနိုကိုစ
မဝင်စားသည့် တစ်ယောက်တည်းသော ယောက်ျားသ
လည်း ဖြစ်ချေသည်။

လီနိုကို ရောဘတ် စိတ်မဝင်စားသည် မှာလည
အကြောင်းရှိပါသည်။ ထိုအချိန်တုန်းက ဖလော်ရာကို
အကြီးအကျယ်စွဲလမ်းနေသောကြောင့်ဖြစ်သည်။ လီ
စိတ်မဝင်စားအားတော့၊

ထို့ကြောင့် ဖလော်ရာအကြောင်း ရောဘတ်
မည်။ ဖလော်ရာဘယ်ရောက်နေကြောင်း သေချာပေ
သိရမည်ဟု အပြေးအလွှားတွေးကြည့်လိုက်မိသည်။

မြင်းကို ပြန်လှည့်သည်။ လူသူကင်းမဲ့နေသည့် လ
ပေါ်သို့ ပြန်လာသည်။ မက်ကိုသဂ္ဂိုဟ်ထားသည့် အ



ရှိခိုး ကျောင်း ဝင်းကလေးကို ကျော်လာခဲ့သည်။ မက်
သည် သစ်ပင် တစ်ပင်အောက်ရှိ အုတ်ဂူကလေးထဲမှာ
ငြိမ်းချမ်းစွာ လဲလျောင်းအိပ်စက်လျက် ရှိချေပြီ။

တရားဟောဆရာ၏အိမ်ရှေ့ ရောက်တော့ မြင်းပေါ်မှ
ဆင်းသည်။ ထွေထွေထူးထူး ပြောင်းလဲမှုများ မရှိပါ။
တွံမ်မီးယားရွာကလေးလည်းဘာမျှမပြောင်းလဲသည်ကို
သတိထားခဲ့မိသည်။

တစ်စုံတစ်ခုကိုစဉ်းစားမိပြီး သူ တို့ဆိုင်းဆိုင်း ဖြစ်
သွားသည်။ ပြီးတော့အိပ်ပျော်နေသော လိုရိနာကလေး
ကို မြင်းကုန်းနှီးဘေးကအိတ်ထဲမှာ ဂရုတစိုက် ထည့်
သည်။

သည်ကလေးကို တရားဟောဆရာ ရောဘတ် မြင်လျှင်
မေးလားစမ်းလား လုပ်တော့မည်။ လောလောဆယ်
ဘာမျှမဖြချင်သေး။ ထို့ကြောင့် ကလေးကို ထားပြီး
လူချည်းသက်သက် ဝင်သွားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်
သည်။

လိုရိနာမှာ နှစ်ခြိုက်စွာ အိပ်မောကျမြဲ ကျနေသည်။
လီနိုကလက်မှောင်းများကိုဖြည်းဖြည်းချင်း ခါသည့်
သမီးလေးကို ခရီး တစ်လျှောက်လုံး ချီထားခဲ့ရသော
ကြောင့်အကြောသေမလိုဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုခါယင်း ဘရှားဟောဆရာ ရှောအက်၏အိမ်ကို အကဲခတ်ကြည့်သည်။ အမိုးက ဆင်စွယ်နှစ်ဆောင် ဖြစ်သည်။ ခြံစည်းရိုးတွင် ကျောက်ထင်းရှူးပင်ကလေးများ တန်းစီစိုက်ထားသည်။ အုတ်တံတိုင်း နိမ့်နိမ့် ကာထားသည်။ နှင်းဆီပင်များ စိုက်ထားရာ အပွင့်တွေ ဝေနေသည်။

မြင်းချည်တိုင်မှာ စန္ဒီးဗိုင်းယားနှင့် မြင်းမကလေးကို ဂရုစိုက်သွားချည်သည်။

စန္ဒီးဗိုင်းယားက လှုပ်ရှားနေသည်။ သည်နေရာများမှာ သူသွားလာနေကြ ဖြစ်သောကြောင့် မှတ်မိနေပုံရသည်။ သူ့ရပ်သူ့ရွာသို့ ပြန်ရောက်လာပြီ ဖြစ်သောကြောင့် ကောင်းကောင်း အနားယူရတော့မည်ဟုလည်း သူ သဘောပေါက်သွားဟန်တူသည်။

တရားဟောဆရာ၏အိမ် ဝက်သစ်ချတံခါးကြီးကို တစ်ချက်သူပုတ်လိုက်ရသည်။ တံခါးက ဖြန်းခနဲ ပွင့်သွားသည်။

တံခါးဖွင့်လိုက်သူမှာ ဖလော်ရာ ကိုယ်တိုင် ဖြစ်နေသည်။ တံခါးဝတွင်ရပ်နေသည့် ဖလော်ရာသည် ညဦးပိုင်း၏အလင်းရောင်ကြောင့် နှင်းဆီသွေးရောင် ပြေးနေသည်။



ဖလော်ရာ လန့်သွားသည်။ လီနိုကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။ တိုနည်းတူစွာပင် လီနိုကလည်း မျှော်လင့် မထားဘဲ ဖလော်ရာကို တွေ့လိုက်ရသဖြင့် နင်ကလေး ဖိုသွားမိလေသည်။

တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြသည်။

'ဖလော်ရာ....'

လီနိုက အံ့ဩတကြီး အော်သည်။

ဖလော်ရာ၏ အပြာရောင်မျက်လုံးများမှာ မျက်ရည်များ ချက်ချင်းပြည့်သွားသည်။ သူက လီနိုဆီသို့ လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်သည်။

လီနိုက ငိုရှိုက်ရင်း ထိုလက်နှစ်ဖက်အတွင်းသို့ပြေးဝင်သွားသည်။ ဖလော်ရာကို တင်းကျပ်စွာ ဖက်ထားလိုက်သည်။

ထိုနေရာမှာ ရပ်ရင်း အပြန်အလှန် ဖက်ကာ ငိုလိုက်ဆင်လိုက်ဖြင့် ဝမ်းသာဝမ်းနည်း ဖြစ်မဆုံးကြတော့ချေ။

ဖလော်ရာအပေါ် ဒါလောက် သံယောဇဉ်ဖြစ်နေခဲ့ကြောင်း လီနိုသည် သူ့ကိုယ်သူ မသိခဲ့ချေ။ ထိုအခ်ခဏလေးမှာပင် သူ့စိတ်ထားအမှန်ကို သိရှိလေတော့သည်။

အမှန်တော့ သူ့အစ်မ မက်ကွယ်လွန်သွားသည့်အချိန်ကစ၍ ဖလော်ရာကို မက်အစား သူ ချစ်ခဲ့ခြင်းဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လီနို၏ အသည်းနှလုံး အတွင်းသို့ ဖလော်ရာ ဝင်ရောက် နေရာယူခဲ့ခြင်းဖြစ်လေသည်။

ယခု ဖလော်ရာကို တရားဟောဆရာ၏ နေအိမ်မှာ မမျှော်လင့်ဘဲ လာတွေ့နေရသည်။ တရားဟောဆရာ၏ အိမ်ရှေ့မှာ တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး မတိတ် နိုင်အောင် ငိုနေမိသည်။

'ကဲ...တိတ်တော့...တိတ်တော့...'

ဖလော်ရာက ပြောပြောဆိုဆို နေရာရွှေ့သည်။ သူ့ မျက်ရည်များကိုလည်း လီနိုမမြင်အောင်ခိုးကြောင်ခိုးဝှက် သုတ်လိုက်သည်။ တခြားလူရှေ့တွင်ငိုရသည်မှာ ရှက်စရာ ကောင်းသည်ဟူသော အယူအစွဲရှိသူ ဖြစ်လေသည်။

'မင်းလဲ ဝူစတာမှာပဲ ဆုံးသွားပြီလို့ တို့ထင်နေတာ လီနို၊ မြို့ထဲကို မင်းဝင်သွားတယ်ဆိုတာ ကြားရတယ် နောက် ထူးဆန်းတဲ့ ဇာတ်လမ်းတွေလဲကြားနေရတာပေ လေ၊ အဲဒီဇာတ်လမ်းထဲက အမျိုးသမီးရဲ့ပုံပန်းသဏ္ဌာန်က ဖော်ပြောတာကြားရတော့ မင်းပဲဖြစ်ရမယ်လို့ တစ်ထစ် တို့ဘာ့ကက်ထားကြတာ၊ ပြီးတော့ ဝူစတာမြို့ထဲက မင်းပြ ထွက်လာတာကိုလဲ ဘယ်သူမှမမြင်မိဘူးလေ၊ ဒါကြော မင်းလဲ အဲဒီ ဝူစတာမြို့မှာပဲ သေသွားပြီး တခြားလူတွေ အတူတူ ရောသင်္ဂြိုဟ်လိုက်ပြီလို့ တို့အားလုံးက ထင်နေ ကြတာပေါ့' ဟု ဖလော်ရာက ပြောသည်။



'တခြားလူတွေနဲ့အတူတူ' ဆိုသည်မှာ သူ့ မောင် ဂျမီး ကို ဆိုလိုခြင်းဖြစ်ကြောင်း လီနိုက သိလိုက်ပါသည်။

လီနိုကနောက်သို့အနည်းငယ်ဆုတ်ရပ်သည်။ အသက်ရှူ ...အောင်လုပ်ရင်း ပြုံးသည်။ မျက်ရည်များ ဖုံးနေသဖြင့် ...မြင်ကွင်းများမှာ ဝါးနေလေသည်။

'ကျွန်မက ဝူစတာမြို့မှာပဲ နေချင်တာပေါ့ ဖလော်ရာ၊ ...မီးကို ကျွန်မကိုယ်တိုင် ကောင်း ကောင်းမွန်မွန် သင်္ဂြိုဟ် ...င်တယ်၊ ဒါပေမယ့် မြင်းသည်တော် တစ်ယောက်က ...န်မကို နေခွင့်မပေးဘူး၊ ဝူစတာမြို့ထဲမှာ ကျွန်မနေရစ် ...င် အရှမ် ဝဲလ်တို့ ဘက်က ဖမ်းမိ သွားလိမ့်မယ်တဲ့၊ ...ှမ်းဝဲလ်တပ်တွေ အထပ်ထပ်ဝိုင်းထားတဲ့မြို့ထဲကနေပြီး ...ပြင်ကိုထွက်နိုင်အောင် ကျွန်မကို သူပဲ ကယ်ထုတ်လာ ...တာ၊ ကျွန်မတို့နှစ်ယောက်အင်္ဂလန်ပြည်တစ်ဝက်လောက် ...သွားအောင် အတူတူ လျှောက် ပြေး နေ ကြ ရတယ်၊ ...သက် နေပါဦး၊ ရှင်က ဘာဖြစ်လို့ ဟိုအိမ်မှာမနေဘဲ ...ို့ရောက်နေရတာလဲ ဟင်'

လီနိုက အဖြစ်အပျက်ကို အတိုချုံး ရှင်းပြရင်း သူ ...ချင်နေသည့် အကြောင်း ကိုပါ တစ်ခါတည်း မေး ...က်သည်။

'ရောဘတ်နဲ့ငါ လက်ထပ်လိုက်တယ်၊ တရားဟော ဆရာလေ'

www.burmeseclassic.com

www.burmeseclassic.com



ဖလော်ရာက ရိုးရိုးပဲ ပြန်ပြောသည်။

လီနို၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားသည်။ တရားဟောဆရာနှင့် လက်ထပ်လိုက်ပြီကိုး။ သည်လိုပဲ ဖြစ်ရမှာပေါ့။

‘ရှင့်အတွက် ကျွန်မ ဝမ်းသာပါတယ်ရှင်’

လီနိုက စိတ်ထဲရှိနေသည့်အတိုင်း လှိုက်လှဲစွာ ပြောမိလေသည်။

ဖလော်ရာက သက်ပြင်းချသည်။

‘ငါနဲ့ ရောဘတ်ဟာ ဟိုအလျင်စောစောပိုင်းကတည်းက လက်ထပ်ခဲ့ကြဖို့ကောင်းတာ၊ ဒါပေမယ့် ဂျမီးကရှိနေတော့ လက်ထပ်လို့ မဖြစ်ခဲ့ဘူး၊ ငါမရှိယင် ဂျမီး တစ်ယောက်တည်း ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ၊ သူ့ကို စောင့်ရှောက်နိုင်မှ တန်ကာကျတယ်၊ သူ့မှာ အခြေအနေအတည်တကျကို မရှိနိုင်ဘူး၊ နောက် ညည်းနဲ့ လက်ဆက်ကြတယ်၊ ညည်းကလဲ အသက်ငယ်ငယ်၊ ဒီတော့လဲ ဘယ်လိုမှ ခွဲသွားလို့ မဖြစ်ပြန်တာနဲ့ အခုမှ တို့နှစ်ယောက် လက်ထပ်ဖြစ်ကြတာ’

ဖလော်ရာက သူ့အတွင်းရေးများကို ထုတ်ဖော်ဝန်ခံပြောကြားသည်။



‘ဟဲ့ လီနို၊ လာလေ အထဲဝင်ထိုင်ပါဦးလား၊ ရောဘတ်က လူမမာသတင်းမေး သွားနေတယ်၊ ညစာစားဖို့ သူ့အပြန်ကို ငါစောင့်နေတာ၊ တို့နှစ်ယောက် စကားပြောလို့ရပါသေးတယ်၊ ညည်း ဒီမှာ နေဦးမှာမဟုတ်လား’

အပေါက်ဝတွင် ခပ်ကြောင်ကြောင်ရပ်နေသည့် လီနိုကို ဖလော်ရာကသတိပြုမိပြီး အိမ်ထဲခေါ်သည်။

လီနိုက ဖလော်ရာကို လှမ်းဖက်လိုက်သည်။

‘နေရမှာပါရှင်၊ ကျွန်မ မနေလို့လဲမဖြစ်ပါဘူး၊ ဒါပေမယ့် ကျွန်မသမီးလေးကိုအလျင်ကြည့်ကြည့်ပါဦး’

‘သမီးလေး ဟုတ်လား’

ဖလော်ရာက အိမ်အပြင်သို့ လီနိုနှင့်အတူ ထွက်လိုက်သည်။

‘ဟဲ့…ညည်းဆီမှာ စနိုးဖိုင်းယားကြီးက အခုထက်တိုင်အောင်ရှိနေသေးတာကိုး’

ထိုမေးခွန်းကြောင့် လီနိုက ဝင့်ဝင့်ကြွားကြွားကြီး ခေါင်းညိတ်ပြလိုက်မိလေသည်။

‘ဒါပေမယ့် သူ့ခြေထောက်မှာ ဒဏ်ရာ ရသွားတယ်ရှင်၊ သူ ကောင်းကောင်းအနားယူမှဖြစ်မှာ’

www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်ရှိအိတ်ထဲတွင် ထည့်ထားသည့် လိုရီနာ ကလေးကိုတယုတယဆွဲထုတ်ယူလိုက်သည်။

'ဖလော်ရာ၊ ဟောဒီမှာ ကျွန်မသမီးလေး လိုရီနာ ပါပဲ'

လိုရီနိုက ပြောရင်း၊ ဖလော်ရာမြင်သာအောင် သမီးလေး ကို အပေါ်သို့ မြှောက်ချီပြသည်။

ဖလော်ရာက ကလေးကို ငုံ့ကြည့်သည်။ သူ့မျက်နှာ ပြုံးနေသည်။ ပို၍နီးအောင်ကပ်ကြည့်သည်။

တုန်လှုပ် ချောက်ချားမှုကြောင့် သူ့မျက်လုံးများ ဝိုင်းစက်သွားလေသည်။

'အို....ဒါ ဂျမီ-ရဲ့ – ဂျမီးရဲ့ဆံပင်တွေပါလား၊ မျက် လုံးတွေကလဲ ဂျမီးမျက်လုံးတွေပါလား'

ဖလော်ရာက လေသံကလေးဖြင့် တိုးတိတ်စွာ ပြော လေသည်။

'ဟုတ်ပါတယ်ရှင်၊ ဆံပင်တွေဟာ ဂျမီးရဲ့ ဆံပင်တွေ ပါ၊ မျက်လုံးတွေကလဲ ဂျမီးမျက်လုံးတွေနဲ့ တစ်ပုံစံတည်း ပဲ၊ ဒါကြောင့် ကျွန်မရဲ့မြင်းသည်တော်က ကျွန်မကို ပစ်သွားတာပါ၊ သူကပြောသွားသေးတယ်၊ ဒီကလေး ဟာ သူ့ကလေးမဟုတ်ဘူးတဲ့၊ သူနဲ့ ရတဲ့ကလေးမဟုတ် ဘူးတဲ့၊ စကော့လူမျိုးရဲ့ကလေးဖြစ်တယ်တဲ့'



'ဟုတ်တာပေါ့၊ သူပြောတာ မှန်နေတာပဲ'

ဖလော်ရာ စိတ်လှုပ်ရှားသည့် လေသံဖြင့်ပြောသည်။ ခါးကိုင်းကာ ကလေးကို မျက်တောင်မခတ် ငုံ့ကြည့်နေသည်။ ထိုသို့ကြည့်နေရင်း လီနို၏လေသံထဲတွင် တစ်စုံတစ်ရာပါနေသည်ဟု ခံစားလိုက်ရပြီး ဆတ်ခနဲမော့ကြည့်သည်။

'ညည်းပြောနေတဲ့အတိုင်းဆိုရင် အဲဒီမြင်းသည်တော်က ညည်းရဲ့ချစ်သူလား'

လီနိုက မျက်နှာမူရာတည်တည်ကြီးဖြင့် ခေါင်းညိတ်ပြသည်။ စိုးရိမ်စိတ်ကလေးလည်း ခံစားလိုက်ရဟန် တူသည်။

'ကျွန်မ ဖုံးကွယ်မနေတော့ပါဘူး ဖလော်ရာ၊ ရှင့်ကို တော့ မှန်တဲ့အတိုင်းပဲပြောပါမယ်၊ ကျွန်မတို့ ရန်သူနဲ့ လွတ်အောင်လျှောက်ပြေးနေရတဲ့တစ်ချိန်လုံး ကျွန်မ သူနဲ့ ပဲအတူနေခဲ့ပါတယ်၊ အဲဒီနောက် အောက်စဖို့မြို့ကို အတူတူပြောင်းကြတယ်၊ ကလေးမျက်နှာမြင်ဖို့ ကျွန်မ စောင့်နေတယ်၊ သူနဲ့အတူတူနေတယ်၊ အဲ နောက်တော့ သူနဲ့ ကျွန်မလက်ထပ်ကြဖို့ပဲဖလော်ရာ၊ ဒါပေမယ့် ကျွန်မအရင် သူ့မှာ လက်ထပ်ထားတဲ့ တရားဝင်မယား ရှိနေတယ်၊ လိုရီနာကိုမျက်နှာပြီးတော့ ကျွန်မကို သူ ထားခဲ့ပြီး ထွက်သွားတော့တာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



သနားကြင်နာရိပ်များဖြင့် ဖလော်ရာ၏မျက်လုံးများ အရောင်တောက်လာလေသည်။ လီနီကိုကြည့်သည်။ အားနည်းသည့် အလင်းရောင်အောက်တွင် နှင်းဆီသွေးရောင်ပြေးကာ လီနီ လှချင်တိုင်း လှနေကြောင်း သတိထားမိသည်။

'ညည်းဟာ အသက်ငယ်သေးတယ်၊ ငယ်သေးတော့လဲ စိတ်လှုပ်ရှားလွယ်တာပေါ့၊ ဘာမှ အံ့ဩစရာမလိုပါဘူး၊ အင်း... ဒါထက် မင်းကိုယ်ပေါ်မှာ ရှုရာခြစ်ရာတွေနဲ့ပါလား လီနီ၊ လိမ့်ကျသာလို့လား'

'ဟုတ်ပါတယ်ရှင်၊ လိမ့်ကျလို့ပါ'

လီနီက အလိုက်သင့်ပြန်ဖြေသည်။ သူ ဘာတွေ ဖြစ်ခဲ့ကြောင်းကို ယခုလာလောဆယ် ပြောပြချင်စိတ် မရှိသေး။ ထို့ကြောင့် ဖလော်ရာ၏ မေးခွန်းအတိုင်း ဖြေလိုက်ခြင်းဖြစ်လေသည်။

'ကျွန်မကို သူပစ်သွားတဲ့နောက်ပိုင်းမှာ ကျွန်မမှာ နေစရာလဲမရှိတော့ဘူး၊ ဘယ်သွားရမှန်းလဲ မသိတော့ဘူး၊ ဒါပေမယ့် ရှင့်ဆီကိုလာရင် ရှင်ကတော့ လက်ခံမှာပဲလို့ ကျွန်မတွေးလိုက်မိတယ်'

စိုးရိမ်အားငယ်သည့် လေသံကလေးဖြင့် လီနီကပြောသည်။



'ညည်း သည်ကိုလာတာ သိပ်ကို မှန်သွားတာပေါ့ကွယ်...'

ဖလော်ရာက လှိုက်လှိုက်လှဲလှဲ အားပါးတရပြန်ပြောသည်။ လီနီကိုလည်း၊ ကရုဏာသက်စွာ စိုက်ကြည့်နေသည်။

'ကဲ...လာ...လာ... အိမ်ထဲဝင်၊ မှောင်လာပြီ၊ ငါ ဖယောင်းတိုင် ထွန်းလိုက်ဦးမယ်၊ ညည်းလဲ ဆာနေရောပေါ့ လီနီ'

ဟုလည်း ဆက်စီစဉ်သည်။

'ဟုတ်ကဲ့၊ ဒါပေမယ့်ဖလော်ရာ စနိုးဖိုင်းယားနဲ့ မြင်းမလေးကို အိမ်နောက်က မြင်းဇောင်းထဲ သွားသွင်းထားလို့ ရမလားဟင်၊ စနိုးဖိုင်းယားက သိပ်ပင်ပန်းနေပြီ၊ သူ့ကို ရေတိုက် အစာကျွေးပြီး ကောက်ရိုးပေါ်မှာ သက်သောင့် သက်သာသိပ်ထားလိုက်ချင်တယ်၊ သူ့ ခြေထောက်က အနာဆစ်ကို စမ်းချောင်းထဲမှာတော့ ရေနဲ့ ကောင်းကောင်း နယ်ပေးခဲ့တယ်၊ ဒါပေမယ့် အရမ်းယောင်လာတယ်'

'ရတယ်လေ၊ သွားထားတာပေါ့၊ ကလေးကို ငါ့ အိပ်ရာပေါ်မှာပဲ တင်ထားခဲ့၊ ဟဲ့... ညည်းကလေး မျက်နှာက အရမ်းလှပါလားဟဲ့ ...'

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်အိပ်ရာပေါ် ရှူးရှူး ပန်းချလိမ့်မယ်'

လီနိုက ကန့်ကွက်စကားဆိုသည်။

'ပန်းပေစေ...ပန်းပေစေ၊ အိမ်ဆိုတာ ကလေးရှိမှ သာယာတာ၊ နောက်ပြီးတော့ အခုကလေးက တစ်ခြား ကလေးမှ မဟုတ်ပဲ၊ ဂျမီးရဲ့ သမီးကလေး ဖြစ်နေတယ် လေ....'

ဖလော်ရာ၏ မျက်လုံးများ အရောင် တဖိတ်ဖိတ် တောက်နေလေသည်။ ဖယောင်းတိုင် မီးရောင်အောက် တွင် သူ့မျက်နှာ အနေအထားများသည် ရုတ်ခြည်းပင် နှစ်အတော်များများ အသက် ပြန်ငယ်သွားသလားဟု ထင်လိုက်ရလေသည်။

'ဂျမီးရဲ့ သမီးဆိုတော့ ငါ့တူမပဲ၊ သိတယ် မဟုတ် လား....'

ဟုလည်း ဂုဏ်ယူဝင့်ကြွားစွာဖြင့် သူက မေးသေး သည်။

မြင်းနှစ်ကောင်ကို နောက်က မြင်းဇောင်းသို့ သူတို့ နှစ်ယောက် အတူတူပို့ကြသည်။ မြင်းများကို အတူတူ အစာကျွေးသည်။ နောက်ပြီးတော့ စန္ဒီးဖိုင်းယား၏ မြေ ထောက်ကို တတ်နိုင်သလောက် ပြုစုကြပြီး ကောက်ရိုး များပေါ်မှာ သက်သောင့်သက်သာ အိပ်နိုင်အောင် စီစဉ် ပေးကြသည်။



'ညည်း မြင်းမကလေးကို ကြည့်ရတာ အဖိုးတန်မယ့် ပုံမျိုးပဲ'

ဟု ဖလော်ရာက မှတ်ချက်ချသည်။

လီနိုက ခေါင်းညိတ်ရုံပဲ ညိတ်ပြလိုက်သည်။ သည် မြင်းမကလေးကို ဘယ်နည်းဘယ်ပုံ ရလာကြောင်း ရှင်း ပြမနေတော့ပေ။ သည်မြင်းမကိုလည်း ဂေါ်မုတ် လက် ခုပ် ကလေးလိုခိုးလာတာပဲ ဖြစ်ဖို့များသည်။

လမ်းဆုံတွင်ဖြစ်ပွားခဲ့သည့် လူသတ်ပွဲများအကြောင်း ကို သူ ပြန်ပြောမနေချင်တော့ပါ။

ထိုအဖြစ်အပျက်များသည် သူ့ကို ယနေ့တိုင် ခြောက် လှန့်နေဆဲဖြစ်သည်။ အိပ်မက်ဆိုးများကို မက်နေဆဲ ဖြစ် သည်။

ထို့ကြောင့် သည်မြင်းမကလေးသည် သူ့ချစ်သူက ပေးထားခဲ့သည် မြင်းမကလေးအဖြစ်နှင့်ပဲ ဖလော်ရာ ယုံ ကြည်ထားစေလိုက်တော့သည်။

အခန်းကိစ္စကို ဖလော်ရာက စိစဉ်သည်။

'နောက်ဘေးဘက်က အိပ်ခန်းကို ညည်းယူလိုက်၊ အဲဒီ အခန်း ပိုနေတယ်၊ တို့မသုံးဘူး၊ နောက်ပြီးတော့ ညည်း အခုလို ရောက်လာတာ ငါ့အတွက်လဲ ကူဖော်လောင်ဖက် ကောင်းကောင်း ရသွားတာပေါ့ လီနို'

www.burmeseclassic.com

www.burmeseclassic.com



လီနီမှာ အော်မငိုသိုက်မိအောင် အတော် ကြိုးစား ထိန်းထားလိုက်ရသေးသည်၊ ဖလော်ရာ၏ လက်တစ်ဘက်ကို တင်းတင်းကြီး ဆုပ်ကိုင်ထားမိသည်။ ဖလော်ရာကို ကျေးဇူးတင်၍ မဆုံးနိုင်တော့ချေ။

တရားဟောဆရာ ရောဘတ်မက်ဒ်လိုးသည် သဘောကောင်းသူဖြစ်သည်။ အနေအထိုင်ရိုးသည်။ အေးသည်။ သူ့အရပ်က ခပ်ပုပု၊ ဖလော်ရာက ပိန်ပိန်ရှည်ရှည် ဖြစ်လေရာ သူတို့နှစ်ယောက်မှာ နည်းနည်းကလေးမှ မလိုက်ဖက်လှပေ။

သို့သော်လည်း တစ်ယောက်ကို တစ်ယောက် အလွန်တရာ ချစ်ခင်မြတ်နိုးကြကြောင်း၊ သူတို့ချင်းကြည့်ကြသည့် မျက်လုံးများက ထုတ်ဖော် ပြောပြနေသယောင် ရှိပါသည်။

လူ့မမာမေးပြီး ပြန်ရောက်လာသောအခါ ရောဘတ်သည်၊ လီနီကို လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လေသည်။

အကျိုးအကြောင်း သိသောအခါ...

'သတ္တဝါတွေဟာ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်နေကြရတာပဲလေ၊ ဝူစတာတိုက်ပွဲမှာ မသေမပျောက် ကျန်ရစ်ခဲ့သယ်ဆိုတာလဲ ဘုရားသခင်ရဲ့ အလိုတော်ပဲပေါ့၊ ယောဇိကလေးဟာ ဘုရားသခင် အလိုတော်ရဲ့ အသီးအပွင့်လေးလေ'



ဟု ပြောရင်း လီနီ့ခါတလေးကို မေးငေါ့ပြ လိုက်လေသည်။

လီနီက ဝူစတာမြို့တွင် ကြုံတွေ့ခဲ့ရသော လူသတ်ပွဲကြီးများကို ပြန်လည်မြင်ယောင်လာသည်။ ဘုရားသခင်၏ အလိုတော်အရ ဖြစ်ပျက်ရသည်ဆိုလျှင်မူ လူသား တစ်ယောက်၏ အလိုတော်အရလည်း ဖြစ်ပျက်ရပါသေးသည်။

ထိုလူသားကား ဂျက်ဖရီ။

လီနီက ဂျမီး၏အကြောင်းကို ကိုယ်တိုင် သင်ပြခဲ့ချင်သည်။

ထို့ကြောင့် ဝူစတာမြို့ထဲမှာ နေခဲ့ချင်သည်။ သို့သော် ဂျက်ဖရီက တန့်ကွက်သည်၊

တန့်ကွက်၍မရသောအခါ လီနီ၏မေးရိုးကို လက်သီးဖြင့် ခပ်သာသာ ကလေး ထိုးပြီး မေ့မြောအောင် လုပ်ခဲ့သည်။

ထိုနည်းဖြင့် သေဘေးမှ လွတ်မြောက်ခဲ့ခြင်းဖြစ်လေသည်။

ထို့ကြောင့်လည်း ယခုလို အသက်ရှင် သက်ပျော်နေခြင်းမှာ ဘုရားသခင်၏ အလိုတော်ကျသာ မဟုတ်ဘဲ ဂျက်ဖရီဆိုသော လူသားတစ်ယောက်၏ အလိုအတိုင်းလည်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဖရီ၏အလိုအတိုင်းသာသူမလိုက်နာပါက ကံဆိုးမိုးမှောင်ကျသော အခြားလူသားများနှင့်အတူ သူလည်း ကံဆိုးမိုးမှောင်ကျမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

ဖလော်ရာနှင့် တရားဟောဆရာ ရောဘတ်တို့ကသူ့ကို နွေးထွေးစွာပြုစုကြသည်။

ညစာ ကောင်းကောင်း ကျွေးသည်။ စားကောင်း သောက်ဖွယ်များ မစားရသည်မှာ ကြာပြီဖြစ်သော လီနိုက အားပါးတရစားသည်။

ညစာစားပြီးသောအခါ သူအိပ်ရမည့် အိမ်နောက်ဘက်က အခန်းကလေးသို့ဖလော်ရာက လိုက်ပို့ပေးသည်။ တောထဲမှာ ဖြစ်သလိုအိပ်ခဲ့ရသည့်နေရာများနှင့် စာလျှင် နတ်ဘုံနတ်နန်းနှင့် ငရဲဘုံတမျှ ကွာခြားလှပါသည်။

အောက်စဖို့မှာ ဂျက်ဖရီနှင့်အတူအိပ်ခဲ့ရသည့် တည်းခိုခန်းလောက်တော့ မကောင်းသည်မှာ မှန်ပါ၏။

ထိုညကနှစ်ခြိုက်စွာအိပ်ပျော်သည်။ အိပ်မက်ဆိုးများ လုံးဝမမက်သောညလည်း ဖြစ်သည်။

အောက်စဖို့မြို့မှထွက်လာပြီးနောက် ကြုံတွေ့ခဲ့သော ဘေးဒုက္ခများကို လုံးဝမေ့ပျောက်လိုက်နိုင်သောညလည်း ဖြစ်လေသည်။

နောက်နေ့တွင် ဖလော်ရာနှင့်အတူ ပန်းခြံထဲမှာ လမ်းလျှောက်သည်။



ပန်းရနံ့ပေါင်းစုံတို့ကို ရှူရှိုက်နေရသည်။ ပန်းခြံထဲတွင်ပွင့်နေသည့် ပန်းပေါင်းစုံတို့ ပတ်လည်၌ ဝဲပျံရည်စုပ်ယူနေကြသော ပျားများကိုတွေ့ရသည်။

သူတို့ ပတ်လည်တွင်လည်း ပျားတွေ တဝီဝီရှိနေသည်။

ကျောက်ထင်းရှူးပင်ကလေးများကို ညီညီညာညာ တတ်ကြေးဖြင့် ညှပ်ထားသဖြင့် နေရာတကာမှာ သပ်သပ်ရပ်ရပ်ဖြစ်နေသည်။

တစ်နေရာရောက်တော့ လီနိုကရပ်သည်။

'ရှင်တို့ကို ကျွန်မဒုက္ခသက်သက်လာပေးသလို ဖြစ်နေပြီနော်'

ဟု ရိုးရိုးကလေးပြောမိသည်။

'ပေါက်တရစကားတွေ မပြောစမ်းပါနဲ့ဟယ်၊ ညည်းတို့အိမ်ရောက်လာလို့ ရောဘတ်ကလဲ ငါ့လိုပဲအရမ်းပျော်နေတာ'

ဖလော်ရာက အရေးမကြီးသလိုပြောသည်။ သူ့မျက်နှာမှာ တကယ်စိတ်ချမ်းသာသောကြောင့် သွေးရောင်ပင်လျှမ်းနေသည်။

'ကျွန်မ တစ် ယောက် တည်း ဆိုယင် ဒါ လောက် ခေါင်းတာလှဘူးလေ၊ ခုဟာက ကလေးကအဆစ်ပါနေသေးတယ် မဟုတ်လား၊ ကျွန်မတို့အပေါ် သူ့အရှင်းကောင်းလွန်းနေပြီ ဖလော်ရာ'

www.burmeseclassic.com

www.burmeseclassic.com



ပျားတစ်ကောင်က သူ့နားမှာ တဝီဝီ ဝဲနေသဖြင့် လက်ဖြင့် ချောက်လွှတ်လိုက်ရသည်။

'ကလေးဆိုတာ အိမ်ရဲ့ကျက်သရေပဲ၊ အိမ်မှာက လေး ရှိလာတာကို ရှောင်တာကသိပ်ပျော်နေတာ'

ဖလော်ရာကစကားပြောရင်း သူ့စကားကို စန့်သွားအောင် ဂရုတစိုက်လုပ်နေသည်။

'နောက်ပြီးတော့ တို့အိမ်မှာ ကလေးတလဲ့ရှိနေတာ မဟုတ်ဘူးလေ'

ကုန်းပြီး နှင်းဆီပန်းတစ်ပွင့်ခူးသည်။ ပန်းကို လက်ဝါးအလယ်မှာ ရွရွကလေး ဆုပ်ထားသည်။ သူ့လက်မှာ ပိန်ပိန်ကလေးဖြစ်သည်။

'ပျားတွေပန်းဝတ်ရည်စုပ်နေကြပြီကိုး၊ ဒီအတိုင်းဆိုယင်တော့ ဒီနှစ်ပျားရည်ကောင်းကောင်းရတော့မှာပဲ'

သူတို့မှာပျားမွေးမြူရေးလုပ်ငန်းလည်းရှိသည်။ပန်းခြံထဲတွင် ဝတ်ရည်စုပ်နေသည့် ပျားများဖြင့်ရှောင်မလွတ်ဖြစ်နေသောကြောင့် ဖလော်ရာကပြောခြင်းဖြစ်သည်။

သို့သော်လည်း စကားလမ်းကြောင်းပြောင်းပစ်လိုက်ခြင်းဖြစ်ကြောင်း လီနိုသိသည်။ ထို့ကြောင့်မျက်နှာကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်သည်။

'ရှင်တို့ကလေးယူဖို့များ အစီအစဉ်ရှိသလား ဖလော်ရာ—

လီနိုက စကားအလွှဲမခံဘဲ မေးသည်။

ဖလော်ရာက တစ်ဘက်သို့မျက်နှာလွှဲလိုက်သည်။ သူ့မျက်နှ မူလိုက်သော အရပ်မှာ စကော့တလန်ပြည်ရှိရာ မြောက်အရပ်ဖြစ်နေသည်။

ထို့ကြောင့် စကော့တလန်ကိုလှမ်းမျှော်များ ကြည့်လိုက်သလား ထင်ရသည်။

သူ့အလည်း မွေးရပ်မြေကိုသတိရသွားသည်။မျက်လုံးထဲမှာ လွမ်းရိပ်ဆွေးရိပ်များပေါ်လာသည်။

ပြီးတော့မှ လေသံ တိုးတိုး ကလေးဖြင့် ပြန်ပြောသည်။

'ငါ ကလေးမရနိုင်တော့ဘူး၊ ဘုရားသခင်အ အလိုရှိသလို လူသားကလဲ အလိုမရှိဘူး၊ ဘုရားသခင်ရဲ့ဆန္ဒနဲ့ လူသားရဲ့ဆန္ဒ ထပ်တူဖြစ်နေတယ်၊ဒါကြောင့် ငါကလေး မရနိုင်တော့ဘူး'

လီနိုမှာ ထိုစကားကြောင့် နားဝေတိမ်တောင် ဖြစ်သွားလေသည်။

'ရှင်ပြောတာ ကျွန်မနားမလည်ဘူး'

ဖလော်ရာက သက်ပြင်းချသည်။ လက်ထဲမှာဆုပ်ထားသည့် နှင်းဆီပန်းလေးက သူလိုသည့်အဖြေကို ပေးနိုင်သယောင် အားကိုးတကြီးဖြင့် ငုံ့ကြည့်သည်။



www.burmeseclassic.com

'ငါ့အပေါ်မှာ ရောဘတ် အရှုံးပေးခဲ့တယ်'

ဖလော်ရာက စကားကိုဖြတ်ထားသည်။

စကားမမှားအောင် တစ်လုံးချင်းသတိထားပြီး ပြောသည်။

ညည်းနဲ့ဂျမီး လက်မဆက်ခင်ကတည်းက ငါကိုလက်ထပ်ခွင့် သူတောင်းနေတာကြာပြီ၊ ဒါပေမယ့် ခွင့်တောင်းလာတိုင်း ငါက တွင်တွင်ငြင်းခဲ့တယ် လီနို၊ မလိမ်မိုးမလိမ္မာအောင်းလေးကို စောင့်ရှောက်ဖို့ ငါ့မှာ တာဝန်ရှိနေတယ်မဟုတ်လား၊ ဒီတော့ အိမ်ထောင်ရေးကို မစဉ်းစားနိုင်ဘူး၊ ဂျမီး သေတယ်ဆိုတဲ့သတင်းလဲ ကြားရောငါ့ဆီကို ရောဘတ် ချက်ချင်းရောက်လာတယ်၊ ငါနဲ့လက်ထပ်ဖို့ ပြော ပြန်တော့တယ်၊ ဒီအခါမှာလဲ ငါ ငြင်းမြဲငြင်းတယ်၊ မောင်သေလို့မှ မကြာသေးဘူး အစ်မက လင်ထောက်ယူလိုက်တယ်ဆိုယင် လူကြားလို့မတော်ဘူးလေ၊ ဝမ်းနည်းချိန် ဆိုတာလေးတော့ ထားဦးမှပေါ့'

ဖလော်ရာက စကားဖြတ်ထားပြီး အဝေးသို့ မျှော်ကြည့်နေပြန်သည်။

ခဏနေမှ စကားဆက်သည်။

'ဒါပေမယ့် တို့နှစ်ယောက် ချက်ချင်းကြီးကို လက်ထပ်ကြမှ ဖြစ်တော့မယ်လို့ သူက အကျပ်ကိုင်တော့တယ်၊ သူပြောတာ မှန်တယ်လီနို၊ ရောဘတ်နဲ့ လက်ထပ်လိုက်တာ



ဒါ ကျေးရွာကပေးတော့မယ့်ဒုက္ခ ကိုဟန့်တားလိုက်တာနဲ့ အတူပဲ၊ ဘာကြောင့်လဲဆိုတော့ဂျမီ က ဘုရင်မင်းမြတ်က ဝင်တိုက်တာ မဟုတ်လား၊ ဒီတော့ အခုဘက်ရဲ့ အစိုးရကို သစ္စာဖောက်တာနဲ့ အတူတူပေါ့၊ ဒါကြောင့် ကျေးရွာက ငါ့ကို နိုင်ငံတော် သစ္စာဖောက်မှု လွန်သူရဲ့အစ်မအဖြစ်ကြိမ်ဒဏ်ပေးပြီး လှည်းနောက် ကြိုးနဲ့ချည်ဆွဲမယ်၊ ဒါပေမယ့်ရောဘတ်နဲ့လဲ လက်ထပ်လိုက်ရော အားလုံးကို မေ့သွားကြတော့တာပဲ၊ ဒီရွာရှိနေသူအားလုံးက ရောဘတ်ကို ချစ်ကြတယ် မဟုတ်လား၊ ဒါကြောင့် ငါ အောင်သွားတာ'

'အင်း... ကျွန်မ သဘောပေါက်ပါတယ် ဖလော်ရာ၊ ဒါပေမယ့် ရှင် ဘာသိမှမရနိုင်တာနဲ့ အဲဒါ ဘာဆိုင်လဲ၊ ကျွန်မ နားမလည်ဘူး'

ဟု လီနိုက မေးသည်။

ဖလော်ရာက လီနိုဘက်သို့ လှည့်လာပြီး စူးစူးစိုက်စိုက် ကြည့်သည်၊ ပြီးတော့ ကြက်သီးထဖွယ် အသံဖြင့် ပြောသည်။

'ငါ သားသမီး ဘယ်လိုမှ မရတော့ဘူး၊ ရနိုင်စရာ ကြောင်းလဲ မရှိတော့ဘူး၊ ငါနဲ့အတူ ရောဘတ်လာ အိပ်တော့တဲ့အချိန်ကစပြီး ကလေးရစရာအကြောင်း လုံးလုံးမရှိတော့ဘူးလေ'

www.burmeseclassic.com



'လုံးလုံးကို လာမအိပ်တာလား'

လီနိုက မယုံကြည်နိုင်သလို အံ့ဩတကြီး မေးသည်။

'တစ်ကြိမ်တောင် မလာတာပါကွယ်'

ဖလော်ရာက မသက်မသာ သက်ပြင်းချသည်။ ပြီး တော့ သူ့စကားကို ဆက်ပြန်သည်။

'ရော်ဘတ်ဟာ အင်မတန် စိတ်ကောင်းရှိတယ်၊ ဘယ် သူ့ကိုမှလဲ ဒုက္ခမပေးဘူး၊ သူဟာ ဘုရားသခင်ရဲ့ သား တော်ပါ၊ သူ ကလေးဘဝမှာ ထူးထူးဆန်းဆန်းတွေ ဖြစ် ခဲ့တယ်၊ ငါ့ကို မြင့်မြတ်တဲ့သူအဖြစ် သူက သဘောထား တယ်၊ သူကတော့ ကုသိုလ်တွေ ပြည့်မီးနေတဲ့ လူပေါ့၊ ဒါ ကြောင့်မို့လို့ အကုသိုလ်ကြီးတဲ့လူက မြင့်မြတ်တဲ့လူကို မတို့မထိရဘူးလို့ ယုံကြည်ထားတဲ့ သဘော'

ထိုစကားကြားသောအခါ လီနိုကခပ်တိုးတိုးတစ်ချက် ရယ်လိုက်သည်။

'ရောဘတ်ဟာ အကုသိုလ်ကြီးတဲ့လူလား၊ တီး...တီး... ဒီလိုဆိုယင် သူ အရက်မူးအောင်တိုက်လိုက်၊ သူ့ အကု သိုလ်တွေ အားလုံးကို မေ့သွားပြီး သူ့မှာ မယား တစ် ယောက် ရှိနေတယ်ဆိုတာကိုသတိရလာလိမ့်မယ်'

'ရောဘတ်က အရက်ဆိုယင် အနံ့တောင် ခံလို့ရတာ မဟုတ်ဘူး'



ဖလော်ရာက စိတ်ပျက်လက်ပျက် ပြောသည်။

'မိန်းမကိုပါ အနံ့ခံလို့ မရတာလား'

ဟု လီနိုက တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးမှ မေးသည်။

'ဟုတ်တယ်၊ မိန်းမကိုပါ မတို့မထိဘူး၊ ငါ့အဖို့တော့ ...ငွ့်သားရဖို့ အတော်ခက်တာပေါ့'

ဖလော်ရာက မသိမသာ သက်ပြင်းချသည်။ ပြီးတော့မှ လေပျော့ကလေးဖြင့် ဆက်ပြောသည်။

'ငါ့ ပထမအိမ်ထောင်တုန်းက ဒီလိုမဟုတ်ဘူး၊ ငါ့ ...အမယောကျ်ားနာမည်က ကက်နက်၊ ငါ သုံးကြိမ်ကိုယ် ...န်ရှိဖူးတယ်၊ သုံးကြိမ်စလုံး ပျက်ကျသွားတယ်ဟယ်၊ ...ဘတ်နဲ့သာ ကိုယ်ဝန်ရယင် ပျက်ကျမှာ မဟုတ်ဘူးလို့ ...ထင်တယ်'

စောစောကညူးပြီး လက်ထဲမှာ ဆုပ်ထားသည့် နှင်းဆီ ...းကို ဘေးသို့ပစ်ချလိုက်သည်။

'တာပဲဖြစ်ဖြစ်လေ၊ အခုတော့ငါနေတတ်သွားပါပြီ၊ ...ခြားအကြောင်းတွေကိုပဲ စိတ်ထဲမှာ အာရုံစိုက်ထား ...က်တော့တယ်'

စကားဆုံးသောအခါ ဖလော်ရာက လီနို့ လက်ထဲမှ ...လေးကို လှမ်းယူပြီး ရင်ခွင်ထဲမှာ လှုပ်ယမ်းကာ ချော့ ...နေသည်။

လီနိုက ဖလော်ရာကို သနားကြင်နာစွာ ကြည့်နေမိ ...ည်။

www.burmeseclassic.com

www.burmeseclassic.com



ဖလောင်ရာသည် အပြင်ပန်းကြည့်လျှင် အခြေ ကျေ
ရေ ရှိပုံ ရသည်၊ အစ်မတန် သဘောကောင်း
အချိုးသမီ ဖြစ်သည်။ လူတစ်ဘက်သားကိုလည်း ညှာ
တောက်ထားပြီး သနားတတ်သူဖြစ်သည်။

'ကျွန်မသိုယ်တော့ ခံနိုင်ရည် နည်းနည်းလေး
ရှိမှာမဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်ယောက်ကို အား
ကိုးနေရမှုဖြစ်မှာ'

အားကိုးလိုသော ယောကျ်ားသည် ဂျက်ဖရီ တ
ယောက်တည်းသာ ဖြစ်ကြောင်း ပြောရင်း စိတ်ထဲမှာ
သဘောပေါက် နားလည်နေမိသည်။

'ရောဘတ်ဟာ လူကောင်းတစ်ယောက်ပါ၊ တစ်နေ့
နေ့ကျယင်တော့ သူ့ သဘောထား ပြောင်းကောင်း
ပြောင်းသွားပါလိမ့်မယ်လေ၊ ဘာပဲဖြစ်ဖြစ် အခုအချိန်
မှာတော့ ဒီသမီးလေးကို တို့ရဲ့ သမီး အရင်းကလေး
သဘောထားနေမိတော့တယ်၊ ဘာကြောင့်လဲ ဆိုတော့
သူဟာ ဂျီမီ ရဲ့ရင်သွေးမှတ်လားးတို့အိမ်ပေါ်ကို ဂျီမီး
ရင်သွေး ရောက်လာတာပဲ'

'ဘုရင်မင်းမြတ်အတွက် တိုက်ပွဲဝင်ပေးခဲ့တဲ့ လူတွေ
အပေါ်မှာ မြည်သူလူထုက ကနေ့တက်တိုင်အခဲမကျေနိုင်
အောင် ဖြစ်နေကြတုန်းလားဟင်၊ ဘုရင့်ဘက်သားများ
ဘက်ကို ကျွန်မကလဲ အကူအညီပေးခဲ့တယ်လို့ အများက
ထင်ကြမှာပေါ့နော်'



'သူတို့သဘောပေါက်သွားအောင် ရောဘတ်က ရှင်း
ပြပါလိမ့်မယ်၊ သူရှင်းပြရင် သူတို့အားလုံး ယုံကြမှာပေါ့၊
စေ့စေ့ပိုင်းတုန်းက ဆိုယင် ဒီဘက်နယ်တွေမှာ သိပ်ဆိုး
တာပေါ့၊ လူတွေဟာ တစ်ယောက်ကိုတစ်ယောက် မယုံ
ကြည်နိုင်အောင် ဖြစ်နေကြတယ်၊ အိမ်နီးချင်းတွေလဲ
အချင်းချင်း အထင်မှားနေကြတယ်၊ သူ ကို ကိုယ်က
သစ္စာဖောက်ထင်၊ ကိုယ့်ကိုသူက သစ္စာဖောက် ထင်နဲ့
အခြေအနေတွေ အရမ်းရှုပ်ထွေးနေတယ်၊ တခြား ရွာ
တွေဆိုယင် တို့ရွာထက် ပိုဆိုးတာပေါ့၊ တို့ရွာမှာတော့
ကြိုးစင်တင်ရတာတွေ ဘာတွေမရှိပါဘူး'

ထိုစကားကြောင့် လိနိုမှာရင်ကလေး ဖိုသွားသည်။

ဂျက်ဖရီနှင့် သူပြေးလွှား တိမ်းရှောင်နေရင်း ကြိုးစင်
ပေါင်း များစွာကို မကြာခဏတွေ့ခဲ့သည်။ ထိုကြိုးစင်များ
မှာလည်း ကြိုးပေးခံထားရသူ တန်းလန်းနှင့်ချည်း ဖြစ်
သည်။

'စစ်ပြီးစတုန်းကတော့ အခြေအနေတွေ အရမ်းဆိုး
ပါတယ်လေ'

ဟု ပြန်ပြောမိသည်။

အခြေအနေများ တဖြည်းဖြည်း ဖြစ်နေသည့်
ကာလဆိုးကြီးကို လွန်မြောက်လာနိုင်သည်ကိုပဲ ကျေးဇူး
တင်ရသေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလိုအချိန်တွင် သူ့ကို လက်ခံ စောင့်ရှောက်ပေးသည့် ဖလော်ရာတို့ ကျေးဇူးမှာ ကြီးမားလှန်းလှပေသည်။

'အခုလဲ အခြေအနေတွေက ဆိုးနေတုန်းပဲ၊ ကောင်းသွားပြီလို့ ညည်းမထင်နဲ့၊ အခု အာဏာရနေတဲ့ ဘာသာရေး အယူသည်းသမားတွေဟာ အမြဲတမ်း ရန်လိုနေတာ၊ လက်စားချေဖို့ပဲ ကြည့်နေတာ၊ လူတွေကြားထဲမှာ အလကား နေရင်း အပြစ်လိုက်ရှာနေတာ၊ အပြစ်ဟာစ်ခုခုကိုတွေ့ပြန်ယင်လဲ ပုံကြီးချဲ့နေကြတာ၊ ဒါပေမယ့် ငါ့ယာကျိုးရောဘတ်ကတော့ ဘုရားရဲ့သားတော် မဟုတ်လား၊ တို့ကို ကောင်းကောင်း အကာအကွယ် ပေးနိုင်ပါတယ်၊ တစ်ခြား လူတွေကြုံတွေ့ရမယ့် ဘေးဒုက္ခမျိုးကို တို့မကြုံတွေ့ရအောင် စောင့်ရှောက်နိုင်ပါတယ်၊ ဒါပေမယ့် တို့အဝတ်အစားဝတ်ရာမှာ မလော်လည်ဖို့တော့ လိုတယ်နော်၊ အတတ်နိုင်ဆုံး ရိုးရိုးဝတ်မှ'

လီနီက သူဝတ်ခဲ့ဖူးသည့် လှလှပပ အဝတ်အစားလေးများအကြောင်း ပြန်ပြောင်းသတိရမိသည်။

စကားပြောရင်း အိမ်ထဲသို့ သူတို့ ပြန်ဝင်လာကြသည်။

'ပထမဦးဆုံးအနေနဲ့ ညည်း ဆံပင်ပုံစံကိုပြောင်းပစ်မှဖြစ်မယ်၊ ညည်းအခုထားတဲ့ ဆံပင်ပုံစံဟာ အောက်စဖို့မြို့မှာတော့ ဘာပြဿနာမှ မဖြစ်နိုင်ဘူး၊ ဒါပေမယ့် ဒီမှာတော့ သိပ်ခေတ်ဆန်လွန်းနေတယ်၊ ဒီရွာကလူတွေ လက်ခံနိုင်အောင် ရိုးရိုးကလေးနေမှ၊ သိပ်အလှပြင်လို့ မဖြစ်ဘူး…'



ထို့ကြောင့် လီနီသည် သူ့ဆံပင်ကို တောသူနှင့်တူအောင် ပြောင်းညှပ်လိုက်ရသည်။ ထိုအခါကျမှ သူ့အလှက ပိုမိုထင်ပေါ်လာပြန်သည်။ ထိုပုံစံနှင့်လိုက်ဖက်သွားကာ လူတိုင်း သခင်လည်ပြန်ကြည့်ကြသည်နှင့် ကြုံနေတော့သည်။

'ညည်းရုပ်က သိပ်ကိုလှနေတာဘဲ၊ မြင်ရသူတွေရဲ့ နောလိုစိတ်ကို နှိုးဆွပေးရာရောက်နေပြန်တယ်၊ အဝတ်အစားကို ဒီအဟိုင်းဆက်ဝတ်နေလို့မဖြစ်တော့ဘူး၊ ပုံရိုးရမယ်၊ ဟောင်းရမယ်၊ အရောင်က အဘွားကြီးရောင်ဖြစ်ရမယ်၊ တောက်တောက်ပြောင်ပြောင်တွေ လုံးဝမဝတ်နဲ့တော့'

ဖလော်ရာက သူ့မှာရှိနေသော အဝတ်ဟောင်းများကို ပြင်ချုပ်ပေးသည်။ အရိုးဆုံး၊ တောအဆန်ဆုံး ဖြစ်အောင် ဆင်သည်။

သို့သော်လည်း သူတို့ဖြစ်ချင်သလို ရာနှုန်းပြည့် ဖြစ်မလာ။

'အမှန်တော့ ညည်းဟာ အသက်ကြီးနေတဲ့ မိန်းမစ်ယောက်ပုံမျိုး ပေါ်နေဖို့လိုတယ်၊ ကလေးသာစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လဲ ရောဂါရှိပြီမဟုတ်လား၊ သားသည် အမေ ဖြစ်ရုံနဲ့၊ ဝတ်ပုံစားပုံလဲရှိမြန်ဆိုတော့ လူကြည့်ချင် အသက်ကြီးကြီး မိန်းမပုံမျိုးပေါက်သွားဖို့ကောင်းတယ် ဒါပေမဲ့ ညည်းရုပ်က နုနယ်ပျိုမျစ်နေမြဲပါတယ်'

ဖလော်ရာက စိတ်ပျက်လက်ပျက် ပြောသည်။

'တာဝဲဖြစ်ဖြစ် လီနိုကလော့ ထိုသို့ရုပ်ဖျက်သော်လည်း မပျက်သည့်သူ့ရုပ်ရည်အတွက် ဂုဏ်ယူနေမိသည်။ တွေ့ မီးယားရှာသူရှာသားများက သူ့ကို စိတ်ဝင်စားမြဲ စားနေကြသည်။

ထို့ ... လော်ရာမှာ စိတ်မသက်မသာ ဖြစ် သည်။

'ဟိုတုန်းကတည်းက ရှာသူရှာသားတွေက ကျွန် အပေါ်မှာ သဘောထားမမှန်ခဲ့ပါဘူးရှင်'

လီနိုက သနားစဖွယ် ပြောသည်။

'အဲ့ဒီသဘောထားပြောင်းသွားအောင် လုပ်ပစ်ရ ပေါ့' ဟု ဖလော်ရာက စိတ်ချယုံကြည်သည့် လေသံဖြင့် ပြောသည်။

'ပြောင်းလို့ ရနိုင်ပါ့မလားရှင်'

လီနိုက ဖလော်ရာကို မျက်စိမျက်နှာပျက်ဖြင့် ကြည့်နေသည်။



'ရှရှမှာပေါ့၊ ဟိုတုန်းကတော့ ညည်းကသိပ်လှတယ်၊ ညည်းအလှကြောင့် ယောကျ်ားတွေက ညည်းကို မနာလိုဖြစ်ကြတယ်၊ ယောကျ်ားတွေအားလုံး ညည်း ခြေရင်းမှာ ဝပ်ခဲ့ကြတယ်၊ အဲဒါကြောင့်မို့ မိန်းမ တွေက မင်းကိုမနာလိုဖြစ်ကြတယ်၊ အခုတော့...'

ဖလော်ရာက စကားကိုမဆက်ပဲ ဖြတ်ထားသည်။

လီနိုက 'အခုတော့ ငါဟာ ကလေးတစ်ယောက် တိုး လိုတဲ့ယောင်္ကျားနဲ့ သာမန် မိန်းမတစ်ယောက်၊ အပယ်ခံ၊ အစွန့်ပယ်ခံမိန်းမတစ်ယောက်' ဟု စိတ်ထဲမှနေ၍ ဖလော် ရာ၏ဆုံးမသောစကားကို ဆက် ပြောကြည့်နေမိသည်။

ဟိုတုန်းကလို ကြောက်စရာကောင်းသော မိန်းမတစ် ယောက်မဟုတ်တော့ပါ။ ဟိုတုန်းကလို မနာလို ဖြစ်စရာ ကောင်းသော မိန်းမမဟုတ်တော့ပါ။

သနားစရာကောင်းသော မိန်းမတစ်ယောက် ဖြစ်နေ ပါပြီ။

သမီးလေးလိုရီနာ၏ ကိုယ်ပေါ်သို့ သူ့မျက်နှာကို ငုံ့ချလိုက်လေသည်။ သူ ဘာတွေ စဉ်းစားနေကြောင်း ဖလော်ရာမရိပ်မိအောင် ရှောင်တိမ်းလိုက်ခြင်း ဖြစ်ပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



တွံမ်းမီးယား ရွာသူ ရွာသားများက လီနီအပေါ် သဘောသားအမျိုးမျိုး ရှိနေကြသည့်ကြားမှပင် လီနီသည် တရားဟောဆရာ၏အိမ်ကလေးမှာ နေသားထိုင်သားကျသွားလေပြီ။

ဝူစတာ မြို့ဘွင် ဘုရင့်တပ်မတော်ဘက်မှ သူ ပါဝင်တိုက်ခိုက်ခဲ့ခြင်း ရှိမရှိနှင့် နိုင်ငံတော် သစ္စာဖောက်မှုကို ကျူးလွန်ခြင်းရှိမရှိကို မည်သူကမျှ မစူးစမ်းတော့ပါ။ သူတို့ချစ်သော တရားဟော ဆရာ၏ မိသားစုဝင်တစ်ယောက်အဖြစ် သဘောထားကြတော့သည်။

သူ့ခဲအိုဟောင်း တွမ်ပရက်တယ်လ်နှင့် မတော်တဆတွေ့သော အခါများတွင် တွမ်က တစ်စုံတစ်ရာကို မသည်းမကွဲပြောသည်။ ဒါလောက်တော့ လီနီ မသိကျိုးကျွံပြုနိုင်ပါသည်။ တက်နိုင်သလောက် မဆုံဖြစ်အောင် ရှောင်နေလိုက်သည်။

သူ့ကိုလက်ထပ်ချင်သူများ ဟိုတုန်းက ထုကြီးထည်ကြီးနှင့်ရှိခဲ့သည်။ ယခုတော့ အတော်ကြီး နည်းပါးသွားလေသည်။ ဟိုတုန်းက အရွှးအမူ ဖြစ်ခဲ့ကြသော လူပျိုကာလသားများအနက် နှစ်ယောက်က ရပ်ဝေးသို့ပြောင်းသွားသည်။ သုံးယောက်က ရွာထဲရှိ မိန်းကလေးများနှင့် အိမ်ထောင်ကျသည်။ တစ်ယောက်က ငါးများချင်း ရေနစ်သေသွားသည်။



ပွဲတော်မှာ လီနီနှင့်တွဲကဖို့အလှ လုရင်းလက်သီးချင်းထိုးခဲ့ကြသည့် ဒစ်နှင့် စတီဖင်တို့ နှစ်ယောက်စလုံးလည်း အိမ်ထောင်ကျသွားကြပြီ။ ဒစ်က မေဘ်လီနှင့်အိမ်ထောင်ကျသည်။ မေဘ်လီသည် တစ်ချိန်တုန်းက လီနီကို အကြီးအကျယ် မနာလိုခဲ့သော မိန်းကလေးဖြစ်လေသည်။

စတီဖင်ကတော့ ဒေခြား မြို့သစ်မြို့မှ မိန်းကလေးနှင့် အိမ်ထောင်ကျကာ မိန်းမရပ်ရွာသို့ ပြောင်းရွှေ့လိုက်ပါသွားသည်။ သူတို့လည်း မကြာခင် သားသမီးရတော့မည်ဟုလည်း ကြားရသည်။ တွံမ်းမီးယားရွာသို့ အရောက်အပေါက်နည်းပါးလှသည်။

ထိုသို့ အိမ်ထောင်ကျသွားကြသောကြောင့် လီနီကို ကြိုက်မည့်သူ မရှိတော့ဟု ဆိုလိုခြင်း မဟုတ်ပါ။ လူပျိုပေါက်ကလေးများ၊ မုဆိုးဖိုများ၊ တစ်ခုလပ်များက လီနီ၏ အချစ်ကို တောင့်တမျှော်လင့်နေကြဆဲ ဖြစ်သည်။ ပြောင်ပြောင်တင်းတင်း လာရောက်နားဖောက်သူများက ရှိခဲ့ကြသည်။

သို့သော်လည်းမည်သူ့ကိုမျှ လီနီစိတ်မဝင်စားနိုင်ပါ။ သူ့အသည်းနှလုံးထဲမှာ ဂျက်ဖရီက အမြဲနေရာယူထားပြီး ဖြစ်လေသည်။

ရွာသားတစ်ယောက်ယောက်နှင့် လက်ထပ်လိုက်လျှင် သူ့ဘဝ အခြေကျသွားမည်မှာ အမှန်ဖြစ်သည်။ လက်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တစ်ပြားတစ်ချပ်မျှမရှိ။ အသက်မွေးဝမ်းကျောင်း အတတ်ပညာလည်း မရှိ။ နီတာရဲသမီး လေးတစ်ယောက် တို့လို တဲ့လောင်းနှင့် သူလို အမျိုးသမီးတစ်ယောက်အဖို့ တလုံခြုံမှုအရှိနိုင်ဆုံးသော ယောကျ်ားတစ်ယောက်ကို ရဖို့ သေချာပြီး ဖြစ်သည်။

သို့သော်လည်း ဂျင်ဖရီကလွဲပြီး မည်သူ့ကိုမျှ မချစ်နိုင်တော့ပြီ။ ဂျက်ဖရီမှလွဲ၍ သူ့ဘဝကို မည်သူနှင့်မျှ မျှဝေနိုင်တော့ပြီ။

မိုက်ကယ် အကြောင်းကလည်း သူ့စိတ်ကို အမြဲ ချောက်ချားစေလျက် ရှိသည်။ သူနှင့်သာ အတူလိုက် မလာလျှင် မိုက်ကယ်သည် လမ်းဆုံတွင် အသက်ဆုံးရှုံး ရမည်မဟုတ်။ ထိုအကြောင်းများကို တွေးမိတိုင်း ခေါင်း အုံးမှာ မျက်နှာကပ်ပြီး ငိုခဲ့ရသော ညများလည်းများလှ ချေပြီ။

အပြင်ပန်းကတော့ မပူရုပ်ကို ဆောင်နေ ရသည်။ သို့သော်လည်း သူ့စိတ်ကတော့ အမြဲတမ်းချောက်ချား နေသည်။

တစ်ညတွင်လည်း အိပ်မက်ဆိုးများမက်ပြီး ယောင်နေ မိသည် ထင်သည်။ သူ့အော်သံ ကြားသောကြောင့် ဖလော်ရာ စိုးရိမ်တကြီး ဝင်လာသည်။ သည်တော့မှ သူ လန့်နိုးသွားသည်။



'ကျွန်မ အိပ်မက်မက်ပြီး ယောင်အော်တာပါ'

ဟု ဖလော်ရာကို ရှင်းပြသည်။

ပြည့်တန်ဆိုကြီးကို ကျော်လွှား ဖြတ်သန်းလာခဲ့ သော ဖလော်ရာက လီနို ကြုံတွေ့ခဲ့ရသည့် ကြောက်မက် ဖွယ်များကို သိထားပြီးဖြစ်သဖြင့် လီနို မည်သို့ခံစားနေရ ဖြစ်ကြောင်း ကောင်းစွာ နားလည်နိုင်လေသည်။

လီနာသည် ဂျမီး၏သမီး ဖြစ်နေသည်၊ ထိုအချက်နှင့် ပတ်သက်၍ ဘာမျှသံသယဖြစ်စရာအကြောင်းမရှိပါ။

ထိုအကြောင်းကိုစဉ်းစားမိတိုင်း စိတ်မသက်မသာ ဖြင့် ရင်မှ ကြိမ်ကြိမ်ချမိသည်။ လီရီနာသာ ဂျက်ဖရီ၏ သမီးလေး ဖြစ်ယိုက်လျှင် မည်မျှ ကောင်းမည်နည်းဟု တွေးနေမိသည်။

တစ်နေ့တွင် ဆံပင်နက်ပိုင်ရှင် လစ်ဇီကို လမ်းပေါ်မှာ တွေ့သည်။ လစ်ဇီသည် ဂျမီးနှင့်လီနို လက်ဆက်ပြီးနောက် မနက်တုပ် ဈေးနှုန်း၍ ဂျမီးနှင့် ဟီလာတိုက်ခဲ့သော ကလေးဖြစ်သည်။

တနေ့မနက်တွင် လစ်ဇီသည် သစ်သီးခြင်းကြီးတစ်လုံး ဆွဲပြီး သူတို့အိမ်ရှေ့မှဖြတ်၍ ဈေးသွားသည်။ နောက် နောက်တွင် ကလေး တစ်ယောက်ကို ပွေ့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ် လိုရှိနှာထက်နည်းနည်းကြီးလိမ့်မည်။ ပြောင်းဖူ မွေးလို ဆံပင်ဖြူများနှင့် မျက်လုံးပြာများရှိသည်။

လီနီကို တွေ့တော့ လစ်ဇီက တုံ့ခနဲ ရပ်လိုက်သည်။ သူ့မျက်လုံးများလည်း အရောင်တဖိတ်ဖိတ် တောက်နေ သည်။

'ကလေးလေးချစ်စရာကောင်းလိုက်တာဟယ်၊ ငါ့ ခဏလောက် ပေးချီပါလားဟင်၊ သားလေးနော်'

လီနီက တရင်းဘနှီးပုံမျိုးဖြစ်အောင် ဟမင်ကြိုးစ ဟန်ဆောင်ပြီး ပြောသည်။

'အို...ပေးမချီနိုင်ပါဘူး၊ ဒါ သားလေး မဟုတ်ဘူး သမီးလေး'

လစ်ဇီသည် စကားဆုံးသည်နှင့် သစ်သီးခြင်းကြီးကို မနိုင့်တနိုင် ဆွဲကာ သုတ်ခြေတင် ထွက်သွားလေ တော့ သည်။ လီနီမှာ နားဝေတိမ်ဝတောင်ဖြစ်ပြီး ကျန်ရစ်ခဲ့လေ သည်။

ထိုအချိန်မှာပင် အိမ်ထောင့်တစ်နေရာမှ ဖလော် ထွက်လာသည်။

'လစ်ဇီရဲ့ ကလေးကို မြင်ဖူးသလားဟင်'ဟုလီနီက ဆီး မေးသည်။

ဖလော်ရာက လီနီကို အားတက်သရော ကြည့် လိုက် သည်။ ပြီးတော့ လေသံကြွမ်းကြွမ်းနှင့် ပြန်ပြောသည်



'မြင်ဖူးတာပေါ့၊ ဂျမီးနဲ့ရတဲ့ကလေးပဲ၊ ညည်းတို့လက် ထက်ပြီးတဲ့နောက်မှာ ဂျမီးက ဗီအကောင်မလေးနဲ့ တိတ် တိတ် ချိန်းတွေ့နေတာပဲ၊ ဒီလိုပြောလိုက်လို့ ညည်း စိတ် ဆင်းရဲတော့ ဖြစ်မသွားနဲ့၊ ထိုကယ်ဝမ်း ကျ တော့ ဂျမီးက သူ့ကို မချစ်ပါဘူး၊ ဂူစတာမှာ ဂျမီးသေသွားပြီ ဆိုတဲ့ သတင်းလဲကြားရော လစ်ဇီက ဆိုင်းလတ်စ်တေလ ဆင်နဲ့ ကောက်ယူပစ်လိုက်တာပဲ'

'ဆိုင်းလတ်စ်တေလ်ဆင်နဲ့လား၊ ဖြစ်မှဖြစ်ရလေ၊ အဲဒီ အဘိုးကြီးက အသက် ကိုးဆယ်ကျော်နေပြီ မဟုတ်လား'

လီနီမှာ မယုံကြည်နိုင်လောက်အောင် အံ့အားသင့် သွားလေသည်။

'ဟုတ်တယ်လေ၊ ဒါပေမယ့် လစ်ဇီမှာ ဒီအဘိုးကြီးကို သွယ်တာကူ ရလိုက်တာကိုပဲ၊ ကံကောင်းသွားတယ်ဆိုရ မှာပေါ့၊ သူ့ဗိုက်အတွက် လင်ကောင်ဖေစရာ ရသွား တယ်လေ၊ ကလေးအတွက်လဲ နာမည် ရ သွားတာပေါ့၊ အဘိုးကြီးကလဲ ဂျမီးနဲ့လစ်ဇီအကြောင်းကို သိပါတယ်၊ သူတို့ချင်း စကားကြောင်းလမ်း ကြတဲ့ အခါမှာ အဘိုး ကြီးက သူ ကလေးမရနိုင်တော့ဘူးဆိုတာ သိနေပြီပဲ၊ ဒါ ပေမယ့် အခုတော့ သူမှာ အသက်ငယ်ငယ် မယား လေး တစ်ယောက်နဲ့၊ ကလေးလေးတစ်ယောက်နဲ့ဖြစ်သွားတော့ တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးတော့ ဖလော်ရာကပခုံးတွန့်လိုက်လေသည်။ ‘လစ်ဇီ သနားပါတယ်နော်’ဟု လီနိုက စိတ်ထိခိုက် စွာနှင့်ရေရွတ်နေမိလေသည်။

နောက်နေ့မှ စပြီး လစ်ဇီသည် သူတို့အိမ်ရှေ့မှ မဖြတ် မိအောင် တမင်သတိထားပြီး ရှောင်သွားလေတော့သည်။

ဂျမီး သေပြီး ကြာသောအခါ တွမ်းမီးယားရှာထဲ မိန်းကလေးလောကတွင် အကြီးအကျယ် ရှုတ်ရှက်သဲ ဖြစ်သွားသည်။ မိန်းကလေးများသည် ရရာယောကျ်ား များကို အရိုးများသော ချေးခါးသော ငြင်းမနေနိုင်ကြ တော့ဘဲ အူယားဖားယား ကောက်ယူကြရလေသည်။

ပြီးတော့ ကိုယ်ဝန်ကလေးများနှင့် အသီးသီးဖြစ်ကုန် ကြတော့သည်။ ထိုနည်းဖြင့် သူတို့အရှက်ကို ဖာ ကွယ် လိုက်ကြခြင်း ဖြစ်လေသည်။

တစ်ရက်တွင် ဖလော်ရာဆီမှာဗေဒင်မေးကြည့်သည်။ သို့သော်လည်း သူ ရှေ့ရေးနဲ့ ပတ်သက်ပြီး ထူးထူးခြား ခြား ဘာမျှမမြင်ကြောင်း ပြောသည်။

မိုက်ကယ်၏ မိဘများထံ စာရေးဖို့ ကြိုး စား သေး သည်။

‘ရှင်တို့သားဟာ သူရဲကောင်းပီသစွာ သတ္တိ ရှိ ရှိ သေဆုံးသွားခြင်း ဖြစ်ပါတယ်’



ခါပင် စိကြည့်လိုက်သေးသည်၊ သို့သော်လည်းထိုစာ ည် သူ ဘယ်နေရာရောက်နေကြောင်း သဲလွန်စ ဖြစ် ားနိုင်သည်။

ဂေးလ်ဘတ်သယ် ရန်ပြိုးကြီးစွာဖြင့် အောက်စဖို့မြို့ သူ့ကို စောင့်နေကြောင်း သွားသတိရသည်။ သူ့ကို လျှင် မျက်နှာကို သံပူနှင့် ထိုးမှုအပြင်နိုင်ငံတော်သစ္စာ ုက်မှုကြီးဖြင့်ပါ ဖမ်းဆီး တရားစွဲမည် ဖြစ်သည်။ စာကို အ ခြခံလိုက်သောကြောင့် ဖမ်းမိ သွားပါတ တိုင်တက်ရဖို့ ရာခိုင်နှုန်းပြည့် သေချာသည်။

ထို့ကြောင့် စာရေးဖို့စိတ်ကူးကို စွန့်လွှတ်လိုက်ရလေ ာ့သည်။

ိုက်ကယ်၏မိဘများသည် သူ့သား ပြန်ရောက်ချိန်တန် ာ်လည်း ရောက်မလာသည့်အတွက် အောက်စဖို့မြို့သို့ းမှာ သေချာသည်။ မိမိတို့ ဘယ်ဘက်သွားကြောင်း ကယ်၏ သူငယ်ချင်းများက ပြောပြကြပေလိမ့်မည်။ ိုဆိုလျှင် မိမိတို့သွားသည့်နောက်သို့ လိုက်ကြမည်။

သမ်းဆုံးတွင် မိုက်ကယ်၏အလောင်း မြေမြှုပ်ခြင်းမပြု သည်အတိုင်း ထားခဲ့ရသည်။ ထို့ကြောင့် လမ်းသွား သာတစ်ယော က်ယောက်က မုချတွေ့မည်။ ထို့ င့် မိုက်ကယ်၏အလောင်းသည် သူ့မိဘများ လက် ြန်ရောက်သွားလောက်ပြီဟု လီနိုက တွေးချက်ချ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်စဖို့မြို့မှ ထွက်လာပြီးသည့်နောက် တော၌ တွင် တွေ့ခဲ့ကြုံခဲ့ရသည့် အဖြစ်ဆိုးများကို ဖလော်ရာအား လုံးဝပြန်မပြောမပြထားပေ။

လီနိုမှာ တရားဟောဆရာ၏အိမ်မှာ နေသွားကျလာ သည်။ အိမ်အလုပ်များကို အကြိုးမာန်တက် လုပ်ခြင်း အားဖြင့် စိတ်ဆင်းရဲစရာများကို တတ်နိုင်သလောက် မေ့ ထားနိုင်သည်။

စျေးသွားခွင့်ကိုတော့ ဖလော်ရာအားမပေး။ လူ အများမကြာခဏမြင်လျှင် ပြဿနာအသစ်တွေ တက် လာနိုင်သည်ဟု အကြောင်းပြသည်။ ထို့ကြောင့် အိမ် တွင်းကအလုပ်များကိုသာ လုပ်စေပြီး စျေးသွားသည့် အလုပ်၊ အပြင်နှင့်ဆက်ဆံသည့်အလုပ်များကို ဖလော်ရာ က ဒိုင်ခံတာဝန်ယူလုပ်သည်။

တစ်နေ့တွင် လီနိုသည် အိမ်အလုပ်များ လုပ်နေရင်း ဂျက်ဖရီကို သတိရကာ လွမ်းစိတ်ကြောင့် မျက်ရည်ကျမိ သည်။

ထိုအဖြစ်ကို ဖလော်ရာက မြင်မိအောင် မြင်သွား သည်။

'ဒါလောက်လဲ ဝမ်းနည်း ပက်လက် ဖြစ်မနေပါနဲ့ တယ်' ဟု ဖလော်ရာက ပြောသည်။



'ဝမ်းနည်းလို့မဟုတ်ပါဘူး' ဟု လီနိုက ပြန်ပြော သည်။

'ငါက ယော်ယာကြီးလာသာပါ၊ နားလည်ပါတယ်၊ ညည်းဘာဝက မျော်လင့်ချက်ကုန်ဆုံးသွားတာ မဟုတ်ပါ ဘူး၊ စခကာ့တာလန်မှာ အမဲသွားလိုက်ရင်း ငါ့ယောကျ်ား တက်နက်ဒသတုန်းက ငါ့ဘဝဆုံးသွားပြီလို့ ထင်ခဲ့တယ်၊ ယောကျ်ားမရှိတော့တဲ့နောက် လောကကြီးမှာ ဘာ မျော်လင့်ချက် ရှိသေးလဲလို့ ထင်ခဲ့တယ်၊ အချိန်ရှိသမျှ မျက်ရည်နဲ့မျက်ခွက် ဖြစ်နေခဲ့တယ်'

'အဲ့ဒီလိုဖြစ်နေချိန်မှာပဲ ဂျမီးပြဿနာ ပေါ်ပလော ရော၊ ဘာသာတရားမှာ မကောင်းရှိုင်းရုံမက စော်ကား မော်ကားတွေပါ လုပ်လာတော့ ဘုန်းတော်ကြီးတွေနဲ့ ပြဿနာတွေပေါ်၊ ဘုရားရှိခိုးကျောင်းတွေနဲ့ ပြဿနာ တွေ့ရှင်းရနဲ့ ဖြစ်ကုန်ရောဒါကြောင့် သူ့ကို လူကောင်း သူကောင်းတစ်ဖြစ်အောင်လုပ်ပေးဖို့ ငါ့မှာ တာဝန်ရှိ လာတယ်၊ အဲ့ဒီတာဝန်ကို ထမ်းဆောင်ရင်း လူ့ဘဝ ဆိုတာ အချိန်နှီး ဖြစ်သွားမယ်ဆိုတာ မရှိဘူးလို့ နားလည် လာတယ်၊ ဆုံးခန်းတိုင်ရောက်သွားပြီဆိုတာ ဘယ်ရှိ မှာလဲ၊ ငါ့စိတ်ဒုက္ခတွေကိုမေ့ထားပြီး ဂျမီး ကိစ္စတွေကို အာရုံစိုက်လိုက်တယ်၊ လောကကြီးဟာ နေပျော်သွား တယ်၊ ညည်းမှာလဲ သမီးလေးလိုရှိနေပြီပဲ၊ သမီး လေးအပေါ်မှာ အာရုံစိုက်ထားလိုက်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ အာရုံစိုက်ပါတယ်ရှင်'

လီနိုက ခေါင်းညိတ် ဝန်ခံလိုက်သည်။

'ကောင်းတယ်၊ အဲဒီအခါကျရင်စိတ်ဆင်းရဲတာတွေ လျော့ပါးသွားလိမ့်မယ်၊ လျော့ပါးရာကနေ နောက် တော့ လုံးလုံးပျောက်သွားလိမ့်မယ်'

ဖလော်ရာက ယုံယုံကြည်ကြည်ကြီး ပြောနေတော့ သည်။

သို့သော်လည်း စိတ်ပြေရာပြေကြောင်းကို ရှာဖွေ၍ မရပါ။ စိတ်ကို ဘယ်လိုပင်ထိန်းသော်လည်း ကြေကွဲ ဝမ်းနည်းမှုများ ပျောက်မသွားပါ။ ဂျက်ဖရီကို လွမ်း သည့်စိတ် ပြေမသွားပါ။

တနင်္ဂနွေနေ့များတွင် ဖလော်ရာနှင့်အတူ ဘုရားရှိခိုး ကျောင်းသို့ လိုက်သွားလေ့ရှိသည်။

အိမ်ထဲမှာချည်း ကုပ်နေရသည်နှင့်စာ လျှင် အနည်း ငယ် စိတ်ပြေသာရသည်။

သည်ရွာကလေးမှာ ဇာတ်မြှုပ်နေရင်း တစ်နေ့နေ့ တွင် ယောကျ်ားတစ်ယောက်ယောက်နှင့် လက်ထပ်ကာ လူ့ဘဝခရီးရှည်ကြီးကို လျှောက်လှမ်းရဦးမည်ဟု ရှေ့ ရေးကို တွေးကြည့်နေမိသည်။



ယခုအချိန်မှာတော့ အရာရာတို့သည် အေးချမ်း ငြိမ် သက်လျက် မူမပျက် ရှိနေကြပါသည်။

အေးချမ်းငြိမ်သက်နေခြင်းသည် မုန်တိုင်းကျဖို့ တာစူ နေခြင်းဖြစ်ကြောင်းကို မည်သူကမျှ ရိပ်စားမိခြင်း မရှိ ကြချေ။

တွံမ်းမီးယား ရွာကလေးသို့ရောက်ပြီး တစ်လ ကြာ သောအခါတွင် ကြီးမားသော မုန်တိုင်းကြီးသည် လီနို၏ ဘဝပျက်အောင် ရိုင်းရိုင်းစိုင်းစိုင်းတိုက်ခတ်ပါလေတော့ သည်၊

ထိုနေ့တုန်းက မီးဖိုချောင်ထဲက စားပွဲခုံပေါ်မှာ လီနို ဂျုံနယ်နေသည်။ ထိုအခိုက် ဖလော်ရာ ဝုန်းဝုန်းဒိုင်းဒိုင်း ဖြင့် အပြေးအလွှား ဝင်လာသည်။ လီနို၏ ပခုံးစွန်းတစ် ဖက်ကိုလည်း ကြမ်းကြမ်းတမ်းတမ်း ဆွဲယူကာ သူနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားအောင် လှည့်သည်။

ထိုသို့ ကြမ်းကြမ်းတမ်းတမ်းဆွဲယူလိုက်သောကြောင့် ဂျုံမှုန့်ပုံးမှာ လက်နှင့်တိုက်မိပြီး စားပွဲအောက်သို့ကျသွား သည်။ ဂျုံမှုန့်များထောင်းခနဲ လွင့်ပျံ့ကုန်သည်။ အခန်း ထဲမှာ ဂျုံမှုန့်များ ပလူပျံ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညည်း လူတစ်ယောက် သတ်ဖစ်ခဲ့တယ်ဆိုတာ ငါ
ဘာဖြစ်လို့ မပြောဘာလဲဟင်၊ ဘာဖြစ်လို့ မပြောတာ

ဖလော်ရာက ချောက်ချားသော လေသံဖြင့် မေး
သည်။

'ကျွန်မမှ မသတ်ပဲ၊ ဘာဖြစ်လို့ပြောရမှာလဲ'

ဖလော်ရာ၏ မေးခွန်းကြောင့် လီနီမှာ အံ့သြတကြ
ဖြစ်သွားသည်။ ပြီးတော့ တုန်လှုပ်သွားသည်။

မှောက်ကျသွားသည့် ဂျုံပုံးထဲမှ ဂျုံမှုန့်များသ
အသက်ရှူ၍ မရ လာက်အောင် အခန်းထဲမှာ လွင့်ပျံ
သည်။

လီနီမှာ ဂျုံမှုန့်များမွန်ပြီး စကား ဆက်မပြော
အောင် ဖြစ်နေသည်။

ဖလော်ရာကို ကြည့်လိုက်တော့ သူလည်း မွန်ပြ
အသက်ရှူကျပ်နေသည်ကို တွေ့ရသည်။ သူ့မျက်နှာ
သွေးရောင်လွှမ်းပြီး နီရဲနေသည်။ ထို့ကြောင့် လီနီ
ဖလော်ရာ၏ နောက်ကျောကို လက်သီးဆုပ်ဖြင့် ထု
သည်။ ပြတင်းပေါက်များကို ပြေးဖွင့်သည်။ ခါးတွင်
ထားသည့်အဝတ်ကို ကမန်းကတန်းဖြုတ်ကာ မီးဖိုချော
ထဲမှာ ယမ်းခါပစ်သည်။

ခဏကြာတော့မှ ဂျုံမှုန့်များကုန်သွားပြီး သူတို့ နှစ်
ယောက် ကောင်းကောင်း အသက်ရှူနိုင်ကြတော့သည်



'လင်ဇီရဲ့ကလေး နေမကောင်းလို့ ငါ ဆေးသွားပေး
တယ်'

ဖလော်ရာက စကားဆက်သည်။ သို့သော်လည်း စော
စောက ဂျုံမှုန့်သီးထားသောကြောင့် ချောင်းဆိုးသဖြင့်
ရပ်ရပြန်သည်။ အားရအောင် ချောင်းဆိုးပြီးမှ စကား
ဆက်သသည်။

'လင်ဇီရဲ့ တစ်ဘက်ခြံထဲမှာ ယောက်ျား နှစ်ယောက်
စကားပြောနေတာကို အမှတ်မထင် ကြားလိုက်ရတယ်၊
သူတို့က ဘင်ကို မေမြန်းစုံစမ်းနေကြတာ၊ အဘိုးကြီးက
သွားရာ နေတာ မဟုတ်လား၊ သူတို့မေးတာကို ဘယ်မှာ
သွားဖြေနိုင်မှာလဲ၊ အဲ့ဒါ မဖြေရကောင်းလား ဆိုပြီး
ယောက်ျားနှစ်ယောက်က ဘင်ကို ဒေါပွနေကြတယ်၊ ဒါ
ကြောင့် အဘိုးကြီး စကားမပြောတတ်တဲ့ အကြောင်း
ခြံစည်းရိုးကိုကျော်ပြီး ငါ လှမ်းအော် ပြောလိုက်တော့
မလွှိုပဲ၊ အဲဒီလိုလက်မတောင်အချိန်ကလေးကျမှ ယောက်ျား
နှစ်ယောက်က ညည်းကို စုံစမ်းနေကြောင်း သိလိုက်ရ
တော့တယ်'

'အောက်စဖို့မြို့ရဲ့မြောက်ဘက်ကလမ်းဆုံမှာ ကျောင်း
သား တစ်ယောက်ရဲ့ အလောင်းကို တွေ့တယ်တဲ့၊ စုံစမ်း
ကြည့်တဲ့အခါ အသတ်ခံရတဲ့ ကျောင်းသားဟာ ညည်းနဲ့
အတူတူ ထွက်ပြေးသွားတာ ဖြစ်ကြောင်း သူ့ကိုငယ်
ချင်း တစ်ယောက်က အစစ်ခံတယ်တဲ့၊ အဲဒီလို ညည်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတူ ထွက်ပြေးတာကို တွေ့လိုက်ရကြောင်း ကျမ်းကျိန်အစစ်ခံဘယ်တဲ့၊ အသတ်ခံရတဲ့ကျောင်းသားရဲ့ အမေက သူ့သားမှာ ပိုက်ဆံတွေ ပါသွားတယ်လို့ ပြောတယ်တဲ့၊ ပိုက်ဆံလိုချင်လို့ သူ့သားကို ညည်းသတ်ကြောင်း သူ့အမေက ယုံကြည်နေတယ်တဲ့၊ ညည်းကို သူတို့ လိုက်ရှာနေကြတာတဲ့၊ သိုးကျောင်းသား အဘိုးကြီး တစ်ယောက်နဲ့တွေ့တော့မှ အဲ့သည် သိုးကျောင်းသားကြီးနဲ့ ညည်းနဲ့တွေ့ခဲ့ကြောင်း၊ ညည်း မျက်စိလည် လမ်းမှားနေလို့တဲ့ မ်းမီးယား သွားတဲ့လမ်းကို အဘိုးကြီးကပဲ ညွှန်ပြလိုက်ရကြောင်း အစစ်ခံလိုက်တယ်တဲ့၊ အခု ညည်းကိုဖမ်းဖို့ ဗီရှာကို သူတို့ရောက်လာကြတာပဲ လီနို'

လီနို၏မျက်နှာသည် ဂျုံမှုန့်များပေကျံနေသည့် စာပွဲပေါ်မှစက္ကူစလို ဖွေးဖွေးဖြူသွားလေတော့သည်။

ဗိုက်ဖုံးအဝတ်ကိုစားပွဲစွန်းမှာ တင်ထားလိုက်သည်။ ပြီးတော့ ဖလော်ရာကိုရှင်းပြသည်။

'သူ့ကို ကျွန်မမသတ်ပါဘူး ဖလော်ရာ၊ နောက်ပြီးတော့ ကျွန်မတို့နှစ်ယောက်အတူတူ ထွက်ပြေးကြတာလဲမဟုတ်ဘူး၊ သူကသူ့မိဘတွေရှိတဲ့ ကိုဗင်ထရီကိုပြန်တာ၊ ကျွန်မက ဘန်ဘူရီမြို့ပွဲတော်မှာ စနိုးဖိုင်းယားနဲ့ ဖြင်းပြိုင်ပွဲဝင်ဖို့သွားတာ လမ်းဆုံရောက် ခေါးပြနှစ်ယောက်က ကျွန်မတို့ကို ရုတ်တရက်ဝင်ပြီး တိုက်ခိုက်တော့တယ်၊ မိုက်စာယ်ကို သူတို့သတ်ပစ်လိုက်ကြတာ၊ ကျွန်မလဲ့ခေါးပြတစ်



ယောက်ကိုတော့ သတ်မိခဲ့တယ်ထင်တယ်၊ ကျွန်မနဲ့သမီးလေးကို ရန်ရှာလာတာနဲ့ သူ့ခေါးမြှောင်နဲ့သူ့ကိုပြန်ထိုးပစ်ခဲ့တယ်'

လီနိုက မောကြီးပန်းကြီးရှင်းပြသည်။

ဖလော်ရာက သူ့ကိုစိုက်ကြည့်နေသည်။ ဂျုံမှုန့်များဖွေးဖွေးလှုပ်အောင်တင်နေသည့် မျက်နှာပေါ်မှ အပြာရောင်မျက်လုံးအစုံမှာ တဖိတ်ဖိတ် အရောင်တောက်နေလေသည်။

ပြီးတော့ တိုးတိုးတုတ်တုတ်ပြောသည်။

'ညည်းကို င ါယုံတယ်'

လီနို အထိုက်အလျောက် စိတ်သက်သာရသွားသည်။

'ဒါပေမယ့် တခြားလူတွေက ညည်းကို ယုံကြမှာမဟုတ်ဘူး၊ ခေါးပြတိုက်ခံရတယ်ဆိုတာရော၊ ခေါးပြတွေနဲ့တွေ့ခဲ့ဘယ်ဆိုတာရော သက်ဆိုင်ရာကို ဘယ်သူကမှ မတိုင်ဘူးမဟုတ်လား၊ အခုတွေ့နေရတာက ကျောင်းသားလေးရဲ့အလောင်းတစ်ခုတည်းပဲ ရှိဘယ်၊ ညည်းဆာဒီအကြောင်းတွေ ဆိုင်ရာကိုမတိုင်ဘဲ ဘာဖြစ်လို့ခြေရာဖျောက်ပြီးထွက်ပြေးရတာလဲလို့ သူတို့က မေးခွန်းထုတ်ကြတော့မယ်'

တဖြည်းဖြည်းနှင့်လီနိုမှာ အသက်ရှူကျပ်လာသည်။ တာဝန်အားလုံးတို့သည် သူတစ်ယောက်တည်းပေါ်သို့ ပုံကျလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရှားတိမ်းရှောင်မရနိုင်လောက်အောင်ထောင်ချောက်ထဲမှာ ပိတ်မိနေပြီဖြစ်ကြောင်းလည်း သဘောပေါက်လာသည်။

မိုက်ကယ်ကို သူသတ်ပစ်လိုက်ကြောင်း လူတိုင်းကယုံကြည်နေကြတော့မည်သာဖြစ်သည်။

မိုက်ကယ်မှာ ပိုက်ဆံရှိနေသည်ကိုသိပြီး ထိုပိုက်ဆံကိုလိုချင်သောကြောင့် အောက်ဖို့မြို့ပြင်သို့ ဖြားယောင်းခေါ်ဆောင်သွားကာ လမ်းဆုံသို့ရောက်သည်တွင် သတ်ပစ်ပြီး ငွေယူခြင်းဖြစ်သည်မှာ ထင်ရှားနေသည်။

မိုက်ကယ်ကို ခါးပြသတ်သွားသည့်အကြောင်း သက်ဆိုင်ရာသို့သွားရောက်တိုင်ကြားခြင်းမပြုမိသည်မှာ သူ့ကို ဘယ်လိုမျှခွင့်လွှတ်မဖြစ်နိုင်သော ပြစ်မှုကြီး ဖြစ်နေလေသည်။

သူ့ဘက်ကပြန်ကြည့်သော်လည်း ခါးပြတိုက်လူသတ်မှုများကို သက်ဆိုင်ရာသို့ ဘယ်လိုနည်းနှင့်မျှ သွားတိုင်၍မဖြစ်ပါ။

သူကိုယ်တိုင် ၂ နိုင်ငံတော်သစ္စာဖောက်မှု၊ ဂေါလ်ဘတ်မျက်နှာကို ဒဏ်ရာအနာတရ ဖြစ်စေမှုတို့ဖြင့် ထွက်ပြေးတိမ်းရှောင်လာခဲ့ရသောရာဇဝတ်ကောင်တစ်ကောင်ဖြစ်နေသည်မဟုတ်ပါလား။



မိုက်ကယ်အသတ်ခံရသည့်အကြောင်း သွားတိုင်လျှင် မေးလားစမ်းလားလုပ်ကြတော့မည်။

အမှုထဲမှာ သူပါပတ်သက်တော့မည်၊ ညောင်မြစ်တူးသူမှ ပုတ်သင်ဥများပေါ်တော့မည်။

ထို့ကြောင့် သူမတိုင်ခဲ့ခြင်းဖြစ်သည်၊ ယခုတော့ ထိုတိုင်မိခြင်းသည် ရောမ အမှားကြီး ဖြစ်သွားလေတော့သည်။

'အိုး....ဖလော်ရာ၊ ကျွန်မဘာလုပ်ရမလဲဟင်၊ ကျွန်မဘာလုပ်ရတော့မှာလဲ'

အကြောက်ကြီး ကြောက်သွားသော လီနိုကလေသံလေးဖြင့် အားကိုးတကြီးမေးလိုက်သည်။

'ဒီဘဝမျိုး ရောက်လာမှတော့ ထွက်ပြေးရုံပဲ ရှိပြီ၊ ဘာလုပ်လို့ရတော့မှာလဲ လီနို၊ ခဏကြာယင် ဒီကိုသူတို့ရောက်လာကြတော့မှာ၊ ညည်းကိုမဖမ်းအောင် ငါဘယ်နည်းနဲ့မှ ကာကွယ်လို့မရနိုင်တော့ဘူး'

ဖလော်ရာက မျက်သား တည်တည်ကြီးနှင့် ပြောသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ငေးစိုက်ကြည့်နေမိကြသည်။ တော်တော်နှင့် စကားမဆက်နိုင်ကြသေး။

'လိုရိုနာ...သမီးလေး လိုရိုနာ'

www.burmeseclassic.com

www.burmeseclassic.com



လီနိုက အသံကလေးဖြင့် ရေရွတ်နေသည်။ သူ့မျက်နှာပေါ်မှ ချွေးမှုန်များကိုလက်ဖြင့် သပ်ချပစ်လိုက်သည်။

'ညည်း လိုရိနာကို ငါနဲ့ထားပစ်ခဲ့မှ ဖြစ်တော့မယ်၊ စနိုးဖိုင်းယား ခြေထောက်ကလဲ ကောင်းကောင်း ပြန်ကောင်းသေးတာ မဟုတ်ဘူး၊ ဘယ်နည်းနဲ့မှ ခရီးဝေးသွားဖို့ မဖြစ်နိုင်ဘူး၊ ကလေးခေါ်ပြီး စနိုးဖိုင်းယားနဲ့ ထွက်ပြေးဖို့ဆိုတာတော့ လုံးဝမစဉ်းစားနဲ့၊ နောက်ပြီးတော့ ပွဲတော်တွေမှာ မိန်းမတစ်ယောက်က မြင်းဖြူကြီးတစ်ကောင်နဲ့ မြင်းပြိုင်ပွဲတွေ လျှောက်ဝင်နေတယ်ဆိုတာကြာယင် အုတ်အော်သောင်းနင်းတွေ ဖြစ်လာလိမ့်မယ်၊ တစ်ယောက်စကား တစ်ယောက်နားကိုစပြီး တစ်နယ်လုံးပြန့်သွားလိမ့်မယ်၊ ဒါကြောင့် လိုရိနာကို ငါနဲ့ထားခဲ့၊ မင်း ပြန်လာခေါ်နိုင်လောက်အောင် အခြေအနေတွေအေးချမ်းသွားတဲ့အထိ ငါ့ဆီမှာပဲ ထားခဲ့'

လိုရိနာနှင့်ပတ်သက်သော အဖြေကို ဖလော်ရာက ချက်ချင်း ရှာပေးလိုက်သည်။ ပြီးမှ စကားဆက်သည်။

'ကလေးထိန်းတစ်ယောက် ငါ ရှာငှား လိုက်ပါ့မယ်၊ ပြီးတော့ ငါ့သမီးလေးတစ်ယောက်လို ဂရုစိုက်ပြီး မွေးပေးပါ့မယ်၊ ဒါအတွက်တော့ မပူနဲ့၊ စိတ်ချသွား၊ ကဲ... လာ လီနို၊ အထုပ်အပိုး ပြင်လိုက်ကြရအောင်'

ဖလော်ရာက အစီအစဉ်များကိုပါ ထောက်လျှောက်ပြောပြသွားသည်။ သို့သော်လည်း လီနိုက သူပြောနေ



သည်များကို ကောင်းကောင်း မကြားလိုက်ချေ။ သူသည် ပြတင်းပေါက်ကို ကျော်ပြီး အဝေးကို မျှော်ငေးကြည့်နေသည်။ ခြံစည်းရိုးနှင့် ကျောက်ထင်းရှူးပင်ကလေးများ၏ ဟိုမှာဘက် အဝေးကြီးတွင် တောစ်ဝေါဘဲဘင်တန်းကြီးများကို လှမ်းမြင်နေရသည်။

စနိုးဖိုင်းယား ခြေထောက်ပြန်ကောင်းလျှင် ပွဲတော်များမှာ လှည့်လည်ပြိုင်ပွဲဝင်ချင်း ဘဝကို မြုပ်နှံထားတော့မည်ဟု သူ စိတ်ကူးထားခဲ့သည်။

ဘူရင့်တပ်မတော်ဘက်မှ ပါဝင် တိုက်ခိုက် ခဲ့သောကြောင့် နိုင်ငံတော် သစ္စာဖောက်မှုဖြင့် အလိုရှိနေသည်ဆိုသော ကိစ္စမှာလည်း အချိန်ကြာလျှင် မေ့ပျောက်ပျောက် ဖြစ်သွားနိုင်သည်ဟု ထင်သည်။

နောက်ပြီး ဂေးလ်ဘတ်ကို တိုက်ခိုက် ခဲ့သည့် ကိစ္စ။ ထိုကိစ္စမှာ ပုဂ္ဂိုလ်ချင်းဖြစ်ပွားခဲ့သောအမှုဖြစ်၍ ရေးကြီးခွင်ကျယ်လုပ်ပြီး သူ့နောက် တကောက်ကောက်လိုက်နေစရာ အကြောင်းမရှိ။ အောက်စဖို့မြို့ထဲမှာပဲ အမှုရှိပါလိမ့်မည်။ သူ အောက်စဖို့မြို့ ပြန်သွားလျှင်တော့ ထိုအမှုနှင့် အရေးယူခံရမည်မှာ သေချာသည်။

ဘယ်လိုပဲဖြစ်ဖြစ် ထိုအမှု နှစ်ခုအတွက်က သိပ်ပြီး စိုးရိမ်ပူပန်စရာ အကြောင်းမရှိပါ။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



မိုက်ထယ်ကို ဖျားယောင်း ခေါ်ဆောင်သွားကာ လူသတ်ပြီး ငွေယူသည်ဆိုသည့်အမှုကတော့သိပ်ကိုကြီးကျယ်သွားပါပြီ။ အင်္ဂလန်ပြည် တစ်နံတလျှားသို့ လိုက်လံရှာဖွေတော့မည်မှာ သေချာသည်။ သို့ဆိုလျှင် တစ်နေ့ မဟုတ် တစ်နေ့မှာတော့ အဖမ်းခံရတော့မည်မှာ မသေချာသည်။

လက်မှာထုပ်နေသည့် ဂျုံမှုန့်များကို ခါချရင်း သက်ပြင်းချသည်။

သမီးလေးလိုရီနာကို တစ်ပါးသူလက်ထဲအပ်ပြီး ခွဲထားမည်ဟု ဘယ်တုန်းကမှ စိတ်ကူးမကြည့်ခဲ့ဖူးချေ။

သို့သော်...

အမေက ဝရမ်းပြေး။ သမီးလေး လိုရီနာက ဘာလုပ်ရမည်နည်း။ ဝရမ်းပြေးအမေ ပြေး လေ ရာ နောက် သို့ တကောက်ကောက်ကပ်ပါနေရမည်လော။

ယခုအမှုနှင့် လွတ်အောင် ပြေးနေသည်မှာ တစ်ယောက်တည်းအဖို့ပင် မလွယ်။ နို့စို့ အရွယ် လူမမယ်ကလေးနှင့်ဆိုလျှင် ဆိုဖွယ်ရာမရှိတော့ပြီ။

သည်အိမ်မှာ ထားခဲ့လျှင် တရားဟောဆရာ ရောဘင်နှင့် ဖလော်ရာတို့၏ သမီးလေးအဖြစ် ကြီးပြင်းမည်။ အရာရာ ပြည့်ပြည့်စုံစုံနှင့် နေရမည်။ ပညာ ကောင်းကောင်းသင်ခွင့်ရမည်။ အဝတ်အစား ကောင်းကောင်းဝတ်ရ



...။ ဖလော်ရာသည် ကလေးကို မည်သည့်နည်းနှင့်မျှ ...လက်ခတ် ထားမည်မဟုတ်။ ဖူးဖူး မှုတ်ထားမည်မှာ ...ချာသည်။

ရှိုက်သံတစ်ချက် လွတ်ခနဲ ထွက်သွားသည်။

'ဒီဘဝ ရောက်မှတော့ ငိုစရာအကြောင်း ဘာမှ မရှိ...တော့ပါဘူးကွယ်'

ဟု ပြောရင်း ဖလော်ရာက လီနို၏ပခုံးကို အသာပုတ်...သည်။

အသား၊ ဒိန်ခဲ၊ ပေါင်မုန့်နှင့်ပျားရည်မုန့်များကို စားပွဲ...တစ်ထည်ဖြင့် ဖလော်ရာ ထုပ်ပြီးဖြစ်သည်။

'မြင်းညိုမလေးကိုယူသွား၊ ညည်း စနီးဖိုင်းယားကို ...ထွက်သွားတာပဲလို့ သူတို့လာယင် ပြောပြလိုက်မယ် ...မြင်းဖြူတွေကိုပဲ သူတို့ အာရုံစိုက်ပြီး လိုက်ရှာနေ...မယ်၊ ခေါင်းကို အဝတ်တစ်ထည်နဲ့ပတ်လိုက်၊ ဒါမှ ...ရောင်ဆံပင်တွေကို ရုတ်တရက် မတွေ့ဘဲရှိမယ်၊ စနီး...ယားကိုတော့ တောထဲမှာ ငါ သွားဝှက်ထား လိုက်...၊ နောက် စိတ်ချရတဲ့ အချိန်ကျမှ သွားပြန်ယူလာခဲ့...၊ သူ့ကိုငါ ကောင်းကောင်း စောင့်ရှောက်ထားပါ့...၊ စိတ်ချပါ'

ဖလော်ရာက စကားဖြတ်ပြီး ငြင်ဆင်ရောရှိသည်များ မနားတမ်း ပြင်ဆင်ထုပ်ပိုး ချည်နှောင်ပေး နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သည်များ ပြင်ဆင်ပေးနေရင်းမှ ဖလော်ရာ နောက်လှည့်ကြည့်သည်။ လီနိုကို မတွေ့ရ။

'ညည်း ဘယ်ရောက်သွားသလဲ လီနို'

ဟု အသံနည်းနည်းမြှင့်ပြီး မေးသည်။

လီနိုသည် တစ်ဘက်ခန်းထဲ ရောက်နေပြီး သမီး လိုရီနာကို ငုံ့နမ်းနေသည်။

သမီးလေး… ငါ့သမီးလေး….ဗီသမီးလေးကို ငါခွဲသွား ရတော့သည်။

ထိုအတွေးဝင်လာသောအခါ ဖလော်ရာနှင့် ထား အစီအစဉ်ကို ဖျက်ပစ်လိုက်ချင်စိတ်များ တဖွားဖွား လာလေသည်။

'လိုရီနာကို ညည်းနဲ့အတူတူခေါ်သွားလို့ မျှား ဗီကလေး သက်ဆိုးရှည်မှာမဟုတ်ဘူး'

ဖလော်ရာက အခန်းဝမှာရပ်ရင်းသတိလှမ်းပေးသည်

'ဒါလောက်ကြမ်းတမ်းတဲ့ခရီးဒဏ်ကို ဗီကလေးနို ရဲလေး ဘယ်ခံနိုင်မှာလဲ၊ လူကြီးတွေတောင်ဘယ်လော ခံရမလဲ၊ ရော့ …ဟောဒီမှာ'

ဖလော်ရာက လီနို၏လက်ထဲသို့ ပိုက်ဆံအိတ်တစ်လုံ ထိုးထည့်ပေးသည်။

'လမ်းမှာ လိုရမယ်ရ သုံးရအောင် ပိုက်ဆံယူသွာ ညည်း အိမ်နောက်ဖေးဘက်ကထွက်၊ ဖမ်းမယ့် လူ



ာယင် ညည်း အနောက်ဘက်ကိုထွက်သွားတယ်လို့ ငါ ပြောလိုက်မယ်၊ သတိဝီရိယနဲ့သာ သွားမယ်ဆိုယင် ဘာ န္တရာယ်မှ မတွေ့ဘဲ ညည်း လန်ဒန်မြို့ကိုရောက်သွားနိုင် ါတယ်'

ဖလော်ရာက စိတ်မချမ်းသာသည့်လေသံဖြင့် ပြောနေ ည်။

လီနိုကခေါင်းကိုခါယမ်းလိုက်ပြီး ပိုက်ဆံအိတ်ကလေး သူ့ခုတင်ပေါ်မှာ ချထားလိုက်သည်။

'ရှင့်ဆီက ကျွန်မ ယူနေတာတွေ သိပ်ကို များနေပြီ ဖလော်ရာ၊ ဘဒ္ဒါလွန်း ဆွမ်းတော်ရှုံရပ် ဆိုတာလိုပဲ ဒါကို တော့ ကျွန်မ လက်မခံပါရစေနဲ့တော့၊ သမီးလေးကို မြို့ရဦးမှာဆိုတော့ ရှင် ငွေလိုမှာပါ၊ ကျွန်မ ဘာ ညည်းမှ ယူမသွားတော့ဘူး ဖလော်ရာ၊ ဒီလို လုပ်တာ မ်းမယ့် လူတွေကို မျက်စိလှည့်ဖို့ တစ်နည်း အား ဖြင့် ောင်းတယ်လို့ ပြောရမယ်၊ ဖမ်းမယ့် လူတွေလာယင် ိမ်ပေါ်ဘက်ရှာခိုင်းပေါ့၊ ကျွန်မဘာပစ္စည်းမှယူမသွား ာတွေ့ယင် မကြာခင်ပြန်လာမှာမို့ ယူမသွားဟာလို့ ပြောနိုင်တယ်လေ'

ထိုအကြံရလိုက်သည့် လီနိုကို ဖလော်ရာ သဘောကျ ွားသည်။

'ဟုတ်တယ်၊ သူတို့ကို အိမ်ပေါ်မှာ အဘင်ရှာခိုင်း ယ်၊ ဒါမှ အချိန်ဆွဲသားရာလဲ ရောက်သွားမှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖလော့်ရာက လီနိုကို ကတိပေးသည်။

'ကျွန်မ သွားဖို့ကောင်းပြီ'

လီနိုက ပြောပြောဆိုဆို မီးဖိုချောင်ဘက်သို့ ဝင်သွားသည်။ သည်နေရာမှ ခပ်မြန်မြန်ထွက်သွားနိုင်လေကောင်းလေ ဖြစ်သည်။ နောက်တစ်မိနစ်လောက် ဆက်နေလျှင် လိုရိနာကို ထားခဲ့ရေးနှင့် ပတ်သက်၍ သူ့သဘောထား ပြောင်းနိုင်သည်။

မြို့တကာတွင် ကလေးပေါင်းများစွာကို သူမြင်တွေ့ခဲ့ဖူးသည်။ တစ်ချိန်တုန်းက အိုးနှင့် အိမ်နှင့်၊ မိနှင့် ဘနှင့် လုံလုံခြုံခြုံ နေခဲ့ရသော ကလေးများမှာ ပြည်တွင်းစစ်ကြောင့် ချက်ချင်း မိဘမဲ့များ ဖြစ်ကုန်သည်။ အိုးမဲ့အိမ်မဲ့များ ဖြစ်ကုန်သည်။

လမ်းမများပေါ်တွင်လည်း တောင်းရမ်းစားသောက်နေကြရသည့် ကလေးသူငယ်များကို တွေ့ရသည်။

သမီးလေးလိုရိနာထိုသို့ဖြစ်မည်ကိုတော့ သူဘယ်နည်းနှင့်မျှ လက်ခံနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် သဘောထား ပြောင်းမသွားခင် သမီးလေးနှင့် အဝေးနိုင်ဆုံးနေရာသို့ ရောက်နေဖို့ အရေးကြီးလေသည်။

'ကျွန်မ စာရေးမယ်နော်'

လီနိုက မပွင့်တပွင့်ပြောသည်။



'ဟဲ့...ရေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ စာကို ခြေရာခံပြီး အကောက်ကောက် လိုက်လာနိုင်တာပေါ့၊ အာဏာပိုင်တွေက ဒီအမှုကို ပါ့ပေါ့ဘန်တန်သဘောထားမှာမဟုတ်ဘူး၊ ညည်း ငါ့ဆီကို စာပြန်ရေးမှာပဲလို့ သူတို့လဲ တွေးကြည့်ထားကြမှာပေါ့၊ မျက်ခြည်မပြတ် စောင့်ကြည့်နေမှာပေါ့၊ ဒါကြောင့် မရေးနဲ့၊ ညည်းနေရာ ငါ့ဆီလဲ မရေးဘူး'

ဖလော့်ရာကသတိပေးစကားပြောရင်း အပြင်းအထန်နှုတ်ဆက်သည်။

လီနိုက သက်ပြင်းရှည်ကြီးကို ချလိုက်ပြန်သည်။

'ဟုတ်တယ်နော်၊ ကျွန်မ စာမရေးတော့ပါဘူး၊ ဒီလိုဆိုယင် ရှင့်ဆီကို ကျွန်မ ပိုက်ဆံတော့ ပို့ပေးမယ်၊ သူ့ယ်ပြက်တဲ့နည်းနဲ့ ဘယ်သူမှ မရိပ်မိအောင် ပို့ပေးမယ်၊ မျှော်နေပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ပိုက်ဆံရအောင်တော့ ကျွန်မရှာနိုင်မှာပါ၊ လိုရိနာအတွက် ကုန်ကျတဲ့ စရိတ်တွေ ကာမိအောင်လို့ ပို့ပေးမယ်ဆိုတဲ့ သဘောပါ ဖလော့်ရာ'

ဖလော့်ရာ ကမ်းပေးသော အစားအစာထုပ်ကို လှမ်းယူသည်။ ပြီးတော့ သူ့ဆုံးဖြတ်ချက် ပြောင်းလဲမသွားခင် နောက်ဖေး လှေကားဖွင့်ပြီး ခပ်မြန်မြန်ဆင်းခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖလော်ရာက မြင်းဇောင်းထဲအထိ သူ့ နောက်မှ လို
သွားသည်။ အညိုရောင် မြင်းမကလေးကို ဝိုင်းကူပြင်
ပေးသည်။ သို့သော်လည်း လီနိုနှင့်အတူ ပစ္စည်းများမှ
စားစရာမပါသဖြင့် သိပ်ပြင်ဆင်စရာ မလိုပါ။

'ကုန်းနှီးနှင့် ကုန်းနှီးအိတ်တွေ ရောင်းပစ်လိုက်ပါ။
ငွေနဲ့ လိုရိုးအတွက်လိုတာလေးတွေ ဝယ်ပေးပါ၊ ကျွ
ကုန်းနှီးမပါဘဲ စီးသွားမယ်၊ အလျင်ကလဲ စီးဖူးပါတ
နောက်ပြီးတော့ ကျွန်မအိပ်ခန်းထဲက မှန်တင်ခုံအောက်
လက်ကိုင်ပဝါနဲ့ ထုပ်ထားတဲ့ အထုပ်ကလေးတစ်ခုရှိတ
အထဲမှာ ဂေါ်မုတ် လက်စွပ်ကလေး တစ်ကွင်း ရှိတယ်

'ဖေဖေပြောက ကျွန်မကို တိုက်ခိုက်လို့ စနိုးဖိုင်း ယား
ထွက်ပြေးရင်း စနိုးဖိုင်းယား ခြေထောက် နာသွားတယ်
ဒါကြောင့် ဖမ်းမိသွားတယ်၊ ကျွန်မ ဖေဖေနဲ့ ထိုးခဲ့တယ်
တာအဲဒီဖေဖေပြော၊ စနိုးဖိုင်းယား ခြေထောက်နာ နေ
အတွက် သူ့မြင်းကိုပဲ ကျွန်မစီးပြေးခဲ့ရတယ်၊ ဒီဟာ
မြင်းပေါ့၊ သူ့မြင်းကုန်းနှီးအိတ်တွေထဲမှာ ရှာကြည့်
အဲဒီဂေါ်မုတ်လက်စွပ်ကလေး တစ်ကွင်း ထွက်လာတ
ဒါလေးဟာလဲ ခိုးရာပါပစ္စည်းလေးဖြစ်ချင်ဖြစ်၊ မဟု
ယင် တိုက်ရာပါပစ္စည်း ဖြစ်မှာပဲ၊ ပိုင်ရှင် ဘယ်သူမှ
မသိနိုင်တော့ ဘယ်လိုမှ ပြန်မပေးနိုင်တော့ဘူး၊ ကျွန်
အတူတူထားနေလို့ တစ်နေ့တွေ့သွားရင် နောက်ထပ်
တိုးနေဦးမယ်၊ ဒါကြောင့် ရှင် ယူထားလိုက်ပါ၊



သာက်တဲ့အခါကျယင် ရောင်းချပြီး လိုရိုးအတွက် လို
ာတွေ သုံးပါ'

ဖလော်ရာ၏ မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ဝိုင်း
ာသည်။

'မင်းအတွက် ယူသွားတာ နည်းလွန်းလှ ချည် လား
နို'

ဟု ဖလော်ရာက မေးသည်။

လီနို မေးရိုးမှာ ထောင်ထလာသည်။ မျက်နှာ အမူ
အရာမှာလည်း စောစောကထက် ပိုညှိုးနွမ်း သွား သည်။

'ကျွန်မဒုက္ခမျိုးစုံကို ကျွန်မကိုယ်တိုင်ပဲ ဖန်တီးခဲ့ပါပြီ
ဖလော်ရာ၊ ဒီဒုက္ခတွေကို သမီးကလေးဆီ လက်ဆင့်ကမ်း
လိုက်သလို မဖြစ်အောင် လုပ်ရမယ်၊ သမီး လေး ဟာ
ကျွန်မ ဖန်တီးပေးတာတွေထက် ပိုပြီး တင့်တောင့်တင့်
တယ် နေခွင့်ရသင့်ပါတယ်'

စနိုးဖိုင်းယား၏မြူဖွေးသောလည်းပင်းကိုလက်နှင်ဖက်
နှင့် သိမ်းဖက်လိုက်သည်။ ပိုးမျှင်လို နူညံ့သော လည်ဆံ
မွေးများ ကြားထဲမှာ သူ့မျက်နှာကို မြှုပ်ထား လိုက်
သည်။

နှုတ်ဆက်စကားသံကို လေသံတိုးတိုးကလေးဖြင့်ပြော
နေမိသည်။ စနိုးဖိုင်းယားကလည်း လူစကား နားလည်
ဘိသကဲ့သို့ နှာခေါင်းဖြင့်ပြန်ထိုးနေသည်။ မြင်းညိုမလေး

www.burmeseclassic.com

www.burmeseclassic.com



ကို သူဆွဲထွက်သွားသောအခါ တစ်ချက် ဟီ လိုက်

သည်။

'စနိုဖိုင်းယားကို ကျွန်မကိုယ်စား ဒီရှစိုက် ပေး

နော်...'

အတော်ကြီးထိန်းပြီး ပြောသည့်ကြားမှ သူ့ လေ

များ သိသာလောက်အောင် အက်ကွဲနေသည်။ မျက်

များလည်း ဒလဟောစီးဆင်းကျလာလေသည်။ မြင်ကွ

များ ဝါးသွားတော့သည်။

'သမီး လိုရိနာကို ဗိမြင်းအစေမှ ပေးချင်လှိုပါ၊ စနိ

ဖိုင်းယားကို သမီးလေး ချစ်မှာပါပဲ၊ ကျွန်မအပေါ်

ကောင်းခဲ့သမျှအားလုံးအတွက် ကျေးဇူးတင်လို့ မဆုံ

ပါဘူး ဖလော်ရာ'

ဖလော်ရာက သူ့ကို ခပ်ကြမ်းကြမ်း ပြေးဖက် ထာ

လိုက်သည်။ ပြီးတော့ ခြောက်ကပ်သောလေသံဖြင့် ပြော

သည်။

'အားလုံးကို ငါ သေသေချာချာ ဂရုစိုက် ပါ့မယ်၊

နောက်ပိုင်း ကျန်ခဲ့တာတွေအတွက် ဘာမှ စိတ်မပူနဲ့၊

နောက်ဆံမငင်နဲ့၊ ညည်းသာ အန္တရာယ် လွတ်အောင်

သွား။ ကျန်တာတွေ အားလုံး ငါ တာဝန်ယူ လိုက်ပါ့

မယ်....'



လီနိုက တာမျှ ပြန်မပြောပေ။ ပြောနိုင် စွမ်း အား

လည်း သူ့တွင် မရှိတော့ချေ။ ကုန်းနှီး ဆင်မှထားသော

မြင်းညိုလေးပေါ် သို့ခုန်တက်ပြီး ဖလော်ရာစိုက်ပျိုးထား

သည့် ပန်းခြံကို ကျော်ဖြတ်ကာ သစ်တောများဆီသို့ ဦး

တည် မောင်းနှင်သွားလေတော့သည်။

နောက်ပိုင်းသို့ လုံးဝလှည့်မကြည့်တော့ချေ။ သည်နေ

ရာမှာ တရားဟောဆရာ၏ အိမ်ကလေး ရှိနေသည်ကိုပင်

မသိတော့သလောက်၊ စိမ်းစိမ်းပြတ်ပြတ် ပြုလုပ် သွားနိုင်

ခြင်း ဖြစ်လေသည်။

သူ့မျက်လုံးအိမ်နှစ်ဘက်တွင် မျက်ရည်များပြည့်လျှ

လျှက်ရှိလေသည်။

သူမျက်နှာမူထားသည့် အရှက်များထူပြီး စိမ်းစိမ်းစို

နေသော သစ်တောကြီးမှာ မြင်ကွင်းတွင် ဝါးပြီးပြား

နေလေသည်။

အရှေ့အရပ်ဆီသို့ မြင်းစီးသွားသော လီနိုကို ဖလော်

ရာက မျက်စိတဆုံး လှမ်းကြည့်ရင်း အကြီးအကျယ် စိတ်

ထိခိုက်နေမိသည်။

ထိုသို့ကြည့်နေရင်းလည်း သည်တစ်သက်တွင် လီနိုကို

သူပြန်တွေ့ရတော့မည် မဟုတ်ကြောင်း သေချာပေါက်

လည်း သိနေလေသည်။ ထို့ကြောင့် အကြီးအကျယ်စိတ်

ထိခိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ချောမောလှပသည့် မိန်းကလေး၊ ထိုချောမောလှပမှုသည် သူ့အတွက် အကုသိုလ်ဖြစ်ပြီး သူ့ကိုပင် ဒုက္ခအမျိုးမျိုး ပြန်ပေးနေသည်။ ဘယ်လို ဘဝအကျိုးပေးပါလိမ့်ဟုလည်း တွေးမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် သမီးလေး လိုရီနာ၏ ဘဝကတော့ လုံခြုံစိတ်ချသွားရပြီ။

လိုရီနာကို လိုလေသေးမရှိအောင် ဂရုစိုက်ဖို့လည်း သူဆုံးဖြတ်လိုက်သည်။ ထိုသို့ ဂရုစိုက်ခြင်းအားဖြင့် သူချစ်သော မောင်ငယ်ဂျမီးနှင့် ဂျမီး၏ချစ်သူ လီနီတို့ကို သူကူညီရာလည်း ရောက်လေသည်။

လီနီကို ကျော်စီးဆုံးကြည့်ရင်း သက်ပြင်းရှည်ကြီးကို ချမိနသည်။

စနိုးဖိုင်းယားကို တောထဲသို့ ခေါ်လာခဲ့သည်။ လူသူ လေးပါး အရောက်နည်းသည့် ချုံနွယ်ထူထပ်ရာကို ရှာသည်။ တွေ့တော့ စမ်းချောင်းကလေး တစ်ခုအားမှာချည်ထားခဲ့သည်။

သောက်စရာရေပါ ရှိနေပြီမို့ ပူစရာမလိုတော့။ မနက်ဖြန်မှ ပြန်လာခေါ်ဖို့ပါ စိတ်ထဲမှာ တေးထားလိုက်လေသည်။

အိမ်သို့ သူပြန်လာသောအခါ လီနီကို ဖမ်းမည့်သူနှစ်ယောက် ရောက်နှင့်နေသည်ကို အဆင်သင့် တွေ့ရသည်။



လီနီကို ဖမ်းဖို့လာကြောင်း ထိုလူနှစ်ယောက်က ပြောပြသောအခါ ထိုအကြောင်းကို ယခုမှ ကြားရသကဲ့သို့ ဖလော်ရာက အံ့သြတုန်လှုပ်သွားဟန် ပြုလုပ်သည်။

ပြီးတော့ အထက်နိုင်ဆုံး အချိန်ဆွဲထားရာ ရောက်အောင် မဆုံးနိုင်သော မေးခွန်းများကို ဖလော်ရာက သူတို့ကို ပြန်မေးသည်။ မယုံယင်အိမ်ကို ရှာကြည့်ပါဟုပြောသည်။ သံသယရှင်းသွားအောင်ဆိုပြီး အတင်း ရှာခိုင်းသည်။

နောက်ဆုံးတွင်မှ...

'ဂရီးယားဆိုတဲ့ အဘွားကြီးဆီ ကိုက်မုန့် သွားပို့ဦးမယ်ပြောပြီး ထွက်သွားတာပဲ၊ အဘွားကြီးက ကောင်းကောင်း မကျန်းမာဘူး၊ ဒါပေမယ့် ထူးတော့ ထူးဆန်းတယ်၊ အခု ရှင်တို့လာမေးတော့မှ ကျွန်မ စဉ်းစားမိတာပါ၊ ဘာကြောင့်လဲဆိုတော့ အဘွားကြီးက ရွာရဲ့တောင်ဘက်မှာ၊ ဒါပေမယ့် သူမြင်းစီးပြီး ထွက်သွားတာက အနောက်ကိုဖြစ်နေတယ်၊ အင်း... ဟုတ်တယ်၊ အခုမှသတိထားမိတယ်၊ တော်တော်ထူးဆန်းတာပဲ'

လူနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်သည်။ ပြီးတော့ ချက်ချင်း ထွက်ခွာသွားကြတော့သည်။ အကယ်၍ လီနီပြန်ရောက်လာလျှင် သူတို့ကို အကြောင်းကြားပါဟုလည်း အပြန်အလှန် မှာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနို ထွက်သွားသည်ဆိုသော အနောက်အရပ်ဆီသို့ မျက်နှာထား တည်တည်ကြီးများဖြင့် သူတို့ အူယား ဖားယား လိုက်သွားကြလေသည်။

'ဂရိုးယားဆိုတဲ့ အဘွားကြီးဆီ ကိုတ်မုန့် သွားပို့ဦးမယ် ပြောပြီး ထွက်သွားတာပဲ'

ဟူသော စကားကို ဖလော်ရာက ပြောနေစဉ် တရားဟောဆရာ ရောဘတ်ပြန်ရောက်လာလေသည်။

ဖလော်ရာ ပြောနေသည်ကို မျက်မှောင်ကုပ်ပြီး နားထောင်နေသည်။ လူနှစ်ယောက်ထွက်သွားတော့မှ ဖလော်ရာကို ပြောသည်။

'ဂရိုးယားဆီ လီနို မုန့်သွားပို့တယ်ဆိုတာ ငါတော့ တယ်မဟုတ်ဘူး၊ သူတို့နှစ်ယောက် ရင်းရင်းနှီးနှီး သိကြတာမှ မဟုတ်ပဲ'

ဖလော်ရာက သက်ပြင်းချသည်။

'သူ ပြန်လာတော့မှာ မဟုတ်ဘူးရောဘတ်၊ သမီးလေးကို ကျွန်မတို့ပိုင်ပြီ၊ ဒီကလေး လူ တစ်လုံး သူ တစ်လုံး ဖြစ်လာအောင် ကျွန်မတို့ပဲ ပြုစုပျိုးထောင် ပေးသွားကြရမယ်'



တွင်းမီးယားဇစ်ဝိုက်မှုရှိသည့် တောများ၊ တောင်များကို အကြားအလပ် မကျန်ရအောင် စေ့စေ့စပ်စပ်ရှာဖွေကြသည်။

သို့သော်လည်း လီနိုနှင့်ပတ်သက်၍ အစအနကလေးမျှပင် သူတို့မတွေ့ကြရချေ။

နောက်နေ့တွင် ခြေထော့နင်း ထော့နင်း ဖြစ်နေသည့် စနိုးဖိုင်းယား အိမ်ပြန်ရောက်လာကြောင်း ဖလော်ရာထံ သက်ဆိုင်ရာသို့ အကြောင်းကြားသည်။

အမှန်တော့ သူဝှက်ထားသည့်နေရာမှသွားပြန်ယူလာခြင်းဖြစ်သည်။

ဖလော်ရာ၏ အကြောင်းကြားချက်ကို ကြားရသော အခါ ဘာဖြစ်နိုင်သည်ကို စဉ်းစားကြသည်။

သည်အတိုင်းဆိုလျှင် လီနိုသည် မြစ်ထဲသို့ ကျလွှားခြင်း ဖြစ်နိုင်ကြောင်း၊ မြစ်ထဲရှိ နာမည်ကြီး ဂပ်ဆန်ဝဲ အစုပ်ခံရပြီး ရေပြင်ပေါ်သို့ လုံးဝ ပြန်မပေါ်လာတော့ခြင်းသာ ဖြစ်နိုင်ကြောင်းဖြင့် အများက မှတ်ယူလိုက်ကြလေသည်။

ရွာထဲမှာရှိသည့် ယောကျ်ားသား မှန်သမျှ လီနို ခြေရင်းမှာ ဝပ်စင်းခဲ့ကြစဉ်က လည်း လီနိုကို ဝပ်[illegible]စထဲ

www.burmeseclassic.com

www.burmeseclassic.com



ကျပြီး ခေါ်သွားပါစေဟု အမျိုးသမီးအားလုံးက ဆုတောင်းခဲ့ကြဖူးသည်။

ဂျမ်းလည်း ဝူစတာမြို့မှာ ကျခဲ့ပြီ။ ယခု လီနီလည်း မပြန်လမ်းသို့ ပြန်းလေပြီ။

ယောကျ်ားတွေစုမိကြတိုင်း လီနီအကြောင်းကိုပြောမိကြသည်။ ယောကျ်ားတိုင်းက လီနီနှင့်လွန်လွန်ကျူးကျူး ပတ်သက်ဖူးကြောင်းများပြောပြီး လီနီကို သိကျွမ်းချကြလေသည်။ တစ်ပါးလည်း သူတို့ကိုယ် သူတို့ သိဒ္ဓိတင်ခြင်းလည်း ဖြစ်သည်။

အရွယ်ရောက်ပြီးသော ယောကျ်ားပျို များကိုမဆိုထားနှင့် အရွယ်ရောက်စ လူပျိုပေါက်ကလေးများကပါ လီနီနှင့် ငြိငြင်ဖူးကြောင်း ကြွားဝါကြသည်။

လီနီနှင့် ဘယ်လိုမျှ မပတ်သက်ဖူးသော ယောကျ်ား ဆိုလျှင် လူရာမဝင်သလိုပင် ဖြစ်နေလေသည်။

လီနီ၏အကြောင်းသည် တွန်မ်းမီးယားရွာတွင် ဘယ်တော့မှ ပြော၍ မရိုးနိုင်သည့် ဇာတ်လမ်းကြီး ဖြစ်သည်။

ကလေးငယ်များကလည်း လီနီအကြောင်းနားထောင်ရမည်ဆိုလျှင် စားဖို့ အိပ်ဖို့ကိုပင် မေ့လျော့နေကြလေ



သည်။ လီနီအကြောင်း ဘယ်သူစာ ပြောပြော မျက်လုံးဝိုင်းကြီးများဖြင့် နားထောင်ကြစမြဲဖြစ်ခဲ့လေသည်။

သည်လိုဖြင့် လီနီအကြောင်းသည် တွန်မ်းမီးယားရွာကလေး၏ ဒဏ္ဍာရီပုံပြင်တစ်ခု ဖြစ်လာလေတော့သည်။

✻

www.burmeseclassic.com

www.burmeseclassic.com



...မ်းမိုးယားမှ အေးအေးဆေးဆေးထွက်ခွာလာရခြင်း ...ဟုတ်။ အထိတ်တလန့်ဖြင့် လိနို ထွက်ခွာလာရခြင်း ...်လေသည်။ မုဆိုးက အလွတ်မပေးဘဲ ဇကောက် ...ကောက်လိုက်ခြင်းခံနေရသည့် သားကောင် တစ်ကောင် ...က်ပြေးသလို အသက်ကို ဖက်နှင့်ထုပ်ပြီး ပြေးခဲ့ရခြင်း ...်လေသည်။

ထို့ကြောင့် အတတ်နိုင်ဆုံး လူသူမမြင်အောင် ပု... ...ပြီး ပြေးခဲ့ရသည်။ သိုးကျောင်းသား တစ်...က်

www.burmeseclassic.com

www.burmeseclassic.com



ယောက် တွေ့ရှိလည်းမဖြစ်။ အာဏာပိုင်များကို သတင်းပေးလိုက်လျှင် မိမိပြေးသည့်နောက်သို့ တန်းတန်းမတ်မတ် လိုက်ကာ မိအောင် ဖမ်းကြပေလိမ့်မည်။

ထို့ကြောင့် ပထမနေ့ကခရီးအတွင်နိုင်ဆုံးတွင်အောင် သွားသည်။ သို့မှ ရန်သူများနှင့် ဝေးမည်။

မြင်းမလေး အလွန်တရာ မောပန်းသော အခါကျ ချုံပုတ်နက်နက်ထဲမှာ စခန်းဝင်ချပြီး ထိုညကို ကုန်ဆုံး လွန်မြောက်စေခဲ့လေသည်။

နောက်နေ့ဘွင် ဘာအန္တရာယ်မှုမရှိပါ။ သို့သော်လည်း ညပိုင်းရောက်တော့ မြင်းစီးသမားများ၏ အသံကိုကြားရသည်။ တစ်ချက်တခ်ချက်တွင်အော်ဟစ်အမိန့်ပေးသံများ၊ ဆဲဆိုကြိမ်းမောင်းသံများကိုပါ ကြားရသည်။

ဆူးတွေထူထပ်လှသော ချုံပုတ်နက်နက်အတွင်းမှာ ဝင်ပုန်းနေသည့် လီနီမှာ အသက်ကိုပင် ပြင်းပြင်းမရှူရဲအောင် ပုန်းနေခဲ့ရသည်။

ထိုသူများသည် မိမိကို ရှာဖွေနေခြင်း ဟုတ်မဟုတ် စုံစမ်းမေးမြန်းခွင့် သော်လည်းကောင်း၊ သိရှိခွင့် သော်လည်းကောင်း မိမိတွင် မရှိချေ။

အမှန်တော့ လီနီကို လိုက်လံရှာဖွေနေခြင်းမဟုတ်ပါ။ စီရင်စက်စတာမှုကြီးမိန့်ချထားသောတရားခံတစ်ယောက်



ထွက်ပြေးလွတ်မြောက်သွားသည်ကို လိုက်လံ ဖမ်းဆီးနေကြခြင်းသာ ဖြစ်လေသည်။

သို့သော်လည်း လီနီအနေဖြင့် လုံးဝမစွန့်စားရဲချေ။

နောက်တစ်နေ့မိုးလင်းသောအခါ လီနီသည် မြင်းမကလေးကို စမ်းချောင်းသေးသေးကလေး အတွင်းသို့ မောင်းချခဲ့သည်။ ကျောက်တုံးများပေါ်မှာ စီးလာခဲ့သည်။

အကယ်၍အနံ့ခံခွေးများနှင့် လိုက်ခဲ့လျှင်သော်လည်းကောင်း၊ ခြေရာခံပြီးလိုက်လျှင်သော်လည်းကောင်း သူ့ကိုရှတ်တရက် ခြေရာခံ၍ မရစေရန်ဖြစ်သည်။

ခရီးအတော်ပေါက်သောအခါ ခွာများနာလှာသည့် မြင်းမကလေးက သူ့ကိုမကျေနပ်သော မျက်လုံးများဖြင့် မော့ကြည့်သည်။

သည်တော့မှပင် မြင်းမကလေးကိုသနားလာကာမြက်စိမ်းစိမ်းများပေါက်နေသည့်တောင်ခြေလမ်းပေါ်သို့ ပြန်တက်ခဲ့သည်။

သို့လမ်းကြောင်းများကို တွေ့သည်။ ထိုလမ်းများအတိုင်းလိုက်သည်။

အတော်လေ စိတ်ချရပြီဟု ထင်သည့်နေရာသို့ ရောက်သောအခါ စားကျက်ကောင်းကောင်းတစ်ခုတွင် မြင်းမလေးကိုလန်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာများကို လုံးဝရှောင်ရှားပြီး သူပြေးလွှားနေခြင်းဖြစ်ပါသည်။ တတ်နိုင်သလောက်တောလမ်းများကို ချည်းရွေးခဲ့သည်။

သို့ဖြင့် နောက်နေ့မွန်းလွဲပိုင်းတွင် လမ်းပျောက်ပြီး မျက်စိလည်လေတော့သည်။

ဘယ်နေရာရောက်နေသည်ကို လုံးဝမှန်းဆ၍ မရတော့ချေ။ တောကလည်းအရမ်းတူထပ်နေသည်။

ထို့ကြောင့် အတော်အတန် မြင့်သည့် တောင်ကုန်းတစ်ခုခုပေါ်သို့တက်ပြီး ပတ်ဝန်းကျင်ကို ကြည့်ဖို့ဆုံးဖြတ်ရတော့သည်။

သို့မှသာ ဘယ်အရပ်သို့ မိမိရောက်နေကြောင်းသိရှိပြီး ကိုယ်သွားလိုရာသို့ ခရီးဆက်နိုင်ပေလိမ့်မည်။

တောင်ကုန်း မြင့်မြင့်တစ်ခုပေါ်သို့တက်ခဲ့ရာ တစ်နေရာအရောက်တွင် ဓားချင်းယှဉ်ပြိုင်ထိုးခုတ်သံများကို ရုတ်တရက်ကြားလိုက်ရလေသည်။

အထိတ်တလန့်ဖြစ်သွားပြီး နောက်ပိုင်းပြန်လှည့်ပြေးဖို့ မြင်းမကလေးကိုချက်ချင်း ဆွဲလှည့်လိုက်သည်။

သို့သော် ဓားချင်းထိခိုက်သံများနှင့် အတူ ဝိုင်းဝန်းရယ်မောသံများကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။



ပြီးတော့ တစ်စုံတစ်ယောက်က အော်ပြောသံပါးပါး ထွက်လာသည်။

'နစ်ဂျယ်...မင်းဒီနေ့ တော်တော်ကြီး ပုံပျက်နေပါလား၊ မင်းလုပ်နေပုံနဲ့တော့ ဒီအခန်းလေးတစ်ခုတည်းနဲ့ အနေကုန်တော့မှာပဲ၊ ကိုင်း....တစ်ခါ ထပ်လုပ်စမ်းပါဦး'

ထိုစကားကိုကြားရသောအခါ လီနီမှာ ကြောက်စိတ်ထက် သိချင်စိတ်က ပိုမိုကြီးထွားလာသည်။

ထို့ကြောင့် မြင်းမကလေးပေါ်မှအသံမကြားအောင် အသာဆင်းသည်။

မြင်းမကလေးကို သစ်ကိုင်းတစ်ကိုင်းမှာ သွားချည်ထားသည်။

ရှေ့သို့ခြေဖျားထောက်နင်းပြီး အသာတိုးခဲ့သည်။ ချုံပုတ်များကြားမှ အသာခေါင်းကြည့်သည်။

အတွင်းပိုင်းတွင် ကွက်လပ်ကလေးရှိနေသည်။ ထေးပတ်လည်မှာ ချုံပုတ်နိမ့်နိမ့်ကလေးများသာ ရှိနေသည်။

လူတစ်စုကို တွေ့ရသည်။ စိတ်အေးလက်အေး သက်သောင့်သက်သာဝိုင်းထိုင်နေကြခြင်း ဖြစ်သည်။

သူတို့သည် ဓားချင်းယှဉ်ပြိုင်ခုတ်ပွဲကို ပျော်ပျော်ပါးပါးဝိုင်းကြည့်နေကြခြင်းဖြစ်လေသည်။

သူတို့အလယ်တွင် ဓားကိုယ်စီ ကိုင်ထားသည့် လူနှစ်ယောက်မျက်နှာချင်းဆိုင်ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ လှမ်းအကြည့်လိုက်မှာပင် သူတို့နှစ်ယောက်စား ချင်းယှဉ်ခုတ်ကြတော့သည်။ ဓားသွားချင်း ထိသံများ ပေါ်ထွက်လာသည်။

အံ့သြတကြီး ကြည့်နေခိုက်မှာပင် အရပ်ပုပုလူက…

'အဟား'

ဟု အော်သည်။

တစ်ဆက်တည်းလည်း အရပ်ရှည်ရှည်လူ၏ ရင်ဝထဲသို့ သူ့ဓားဦးကိုထိုးစိုက်ချလိုက်လေတော့သည်။

အရပ်ရှည်ရှည်လူက ကြောက်မက်ဖွယ်တစ်ချက်အော် လိုက်ပြီးနောက် ပြန်လှဲကျသွားသည်။

ဓားဝင်သွားသည့် သူ့ရင်ဘတ်ကို လက်နှင့် ဖိထား သည်။

ပုပုလူက သူ့ဓားကိုပြန်ဆွဲထုတ်လိုက်သည်၊ ဓားသွား တွင် သွေးလုံးဝမရှိသည်ကို အံ့သြဖွယ်ရာ မြင်တွေ့ရသည်။ ပြီးတော့ သူကတစ်ဘက်သို့ထွက်သွားသည်။

ခဏအကြာတွင် အရပ်ရှည်ရှည်လူက လဲနေရာမှ ထ သည်။

'ဘယ်လိုလဲ မှန်တီ၊ ကြိုက်ရဲ့လား'

လီနိုကို ကျောခိုင်းရပ်နေသူ တစ်ယောက်အား သူက လှမ်းမေးသည်။ သူ့ လေသံက စိုးရိမ်သံ သည်းပေါက်နေ သည်။



'အင်း…'

လီနိုကို ကျောခိုင်းနေသူက အေးတိအေးစက်ပြန် ဖြေ သည်။

'သိုးသွေးကို အိတ်နဲ့ထည့်ပြီး မင်းဂျာကင် အင်္ကျီ အောက်မှာထားယင် ဓားနဲ့ထိုးလိုက်တဲ့အခါမှာ သိုးသွေး ကိုညှစ်ထုတ်လိုက်၊ သွေးကအင်္ကျီကိုစွန်းသွားယင် ပိုပြီး တော့ သရုပ်ပေါ်မယ်၊ သဘာဝကျမယ်၊ ပွဲကြည့်ပရိသတ် ကလဲပိုလက်ခံလာမယ်'

'နစ်ဂျယ်က ကျွန်တော်ကို ဓားနဲ့ထိုးတဲ့အခါမှာ တအားကြီး ဆောင့်မထိုးယင် ကောင်းမယ်၊ ထိုးလိုက်တဲ့ အခါ ဓားသွား ဓားရိုးထဲကို ရှောရှောရှူရှူ ဝင်သွား အောင် ဆီလေးဘာလေးလဲ သေသေချာချာ သုတ်ထား ပါဦး'

လဲသွားရာမှ ပြန်ထလာသည့် အရပ်ရှည်ရှည် လူက ပြောသည်။

'ဒါလောက်တောင် အသည်းငယ်ယင်လဲ သတိထား ထိုးပါ့မယ်ကွာ'

အရပ်ပုပုလူ၏ စကားကြောင့်ဝိုင်းကြည့်နေသူများက ဝါးခနဲ ရယ်ချလိုက်သည်။

'ဘယ်လိုလဲမှန်တီ၊ ဒီတစ်ခါ သရုပ်ဆောင်တာကောင်း တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဟု အရပ်ပုပုလူက ရယ်သံများဆုံးတော့ ဆက်မေး သည်။

ရယ်ရယ်မေ ခမွာ ပြောဆိုပြီး သက်သောင့်သက်သာ ထိုင်နေကြသည်ကို တွေ့ရတော့မှ လီနီမှာ စိတ်သက်သာရာ ရပြီး အသက်ကို ကောင်းစွာရှူရဲတော့သည်။

အောက်စဖို့မြို့မှာတုန်းက သူ သွား ကြည့် ဖူး သည့် ပြဇာတ်ကို ပြန်ပြောင်းသတိရသည်။ ကွက်လပ်ကလေးမှာ ရှိနေသော ယောကျ်ားများသည် အရပ်တကာလှည့်လည် သွားလာက ပြဇာတ်ကစားနေကြသူများ ဖြစ်သည်။ယခု သည်နေရာမှာလာပြီး သူတို့ ဇာတ်တိုက်နေခြင်း ဖြစ်ရ မည်။

ဇာတ်သဘင်များ ကခွင့်ကို လက်ရှိအစိုးရက လုံးဝ ပိတ်ပင်ထားသည်။ ထို့ကြောင့် ခိုးကြောင်ခိုးဝှက်ကနေ သော ဇာတ်သဘင်သမားများသည်လည်း ရာဇဝတ်သား များပင်ဖြစ်သည်။

သည်လိုဆိုတော့ မိမိနှင့်ဘာထူးသနည်း။

ရာဇဝတ်သားချင်းအတူတူ ဘဝတူများသာဖြစ်သည် ဟုလည်း လီနီ တွေးလိုက်မိလေသည်။

သည်တော့ သူတို့ကို ဘာကြောင့် ကြောက်နေရတော့ မည်နည်း။

'ကောင်းတယ်မျို၊'သိပ်ကောင်းတယ်'



ချုံပုတ်ထဲမှာ ပုန်းနေသော လီနီက အားပါးတရ အော်ဟစ်ချီးကျူးလိုက်လေသည်။

ခေါင်းများ အားလုံးသည် သစ်ရွက်များ ထူထပ်စွာ ဖုံးအုပ်ထားသည့် ချုံပုတ်ဘက်သို့ တစ်ပြိုင်တည်းလှည့်လာ ကြသည်။ သူတို့ခေါင်းများကို လှည့်လိုက်ပုံမှာ အလွန် သတိဝီရိယကြီးစွာ လှည့်လိုက်ခြင်းဖြစ်ကြောင်း ထင်ရှား သိသာလှလေသည်။

'သည်အတိုင်းဆိုယင်တော့ ဒါတို့မှာ ပွဲကြည့်ပရိသတ် တစ်ယောက် ရှိနေပြီပေါ့'

လီနီကို ကျောခိုင်းထားသော မွန်တီဆိုသူက အော် ပြောသည်။

'တို့ပြဇာတ်ကို ကြိုက်တယ်ဆိုတဲ့လူ အပြင် ထွက်ခဲ့ ပါဦး'

ဟုလည်း မွန်တီဆိုသူကပင် ခေါ်ထုတ်သည်။

လီနီက ကွက်လပ်ကလေးထဲသို့ ချုံပုတ်ထဲမှနေ၍ ပြောင်ပြောင်တင်းတင်း ထွက်သွားသည်။

ပတ်ဝန်းကျင်ကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွား သည်။သူတို့ကြားထဲတွင် အပ်ကျသံကိုပင် ကြားရလောက် သည်။

သည်လိုနေရာမျိုးတွင် အလွန်တရာ ချောမောလှပ သည့် မိန်းမပျိုကလေးတစ်ယောက် မမျှော်လင့်ဘဲ ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပေါလာခြင်းကြောင့် ဖြစ်သည်။ နောက်ပြီးတော့ ဘယ်
နေရာကနေ ဘယ်နည်းဘယ်ပုံ ရောက်လာသည်ကိုလည်း
မည်သူကမျှ မပြောနိုင်။

ဖော်ပြ၍ မစွမ်းနိုင်လောက်အောင် အံ့သြ ကုန်ကြ
သောကြောင့် ပါးစပ်ဟောင်းလောင်းဖြင့် အသံတိတ်
သွားခြင်း ဖြစ်လေသည်။

'ဘုရားသခင်.... မိန်းကလေးတစ်ယောက် ဖြစ်နေပါ
လား....'

မွန်တီက ရေရွတ်သည်။

လီနိုဆီသို့ သူတို့လာသည်။ သူ ခြေတစ်ဘက် ဆာနေ
သည်ကို လီနို သတိပြုလိုက်မိသည်။ သို့သော်လည်း ကိုယ်
လုံး ကိုယ်ထည်နှင့် ဟန်ပန်အမူအရာက နန်းဆံသည်။ ငွေ
ရောင် ဆံပင်တွေရှိသည်။ မုတ်ဆိတ်မွေးများသည်လည်း
ငွေရောင်များပင် ဖြစ်လေသည်။

အနီရောင် ကတ္တီပါကုတ်အင်္ကျီကိုသူဝတ်ထားသည်။
လည်ပင်းနေရာလောက်တွင် ဇာတွေအများကြီး တပ်
ထားသည်။ သို့သော်လည်း ထိုဇာများက မည်းနေပြီ။
ညစ်ပတ်ပေရေနေပြီ။

စီးထားသော ဖိနပ်ကြီးကသူ့ ခြေထောက်နှစ်ချောင်း
ကို ကားနေအောင် လုပ်ထားသလိုဖြစ်နေသည်။



လီနိုဆီသို့ သူလျှောက်လာနေပုံမှာ ကြွားကြွား ရွား
ရွား သန့်သန့်မာမာ ရှိလှသည်။

လီနိုကို လှမ်းကြည့်နေလိုက်ပုံမှာလည်း အခွင့်အာဏာ
ရှိသူတစ်ယောက်၏ပုံမျိုး အပြည့်ပါသည်။

နောက်ပြီးတော့ လီနိုကို အလွန်သဘောကျသည့်အမူ
အရာကိုလည်း အထင်အရှား မြင်တွေ့နေရသည်။

သည်လိုအကြည့်မျိုး မြင်ရတော့ လီနိုရှာ ဝမ်းနည်း
ပက်လက် ဖြစ်သွားမိလေသည်။ သူ့ ကိုယ်ပေါ်က အဝတ်
အစားများမှာ ဖလော်ရာ ချုပ်ပေးသည့် အရောင်မွဲမွဲ၊
ပုံပျက်ပန်းပျက်နှင့် အစဟောင်းနှင့် ချုပ်ထားသော
တောပုံများ ဖြစ်လေသည်။

နည်းနည်းကလေးမှ ဆွဲဆောင်မှု မရှိသော အဝတ်
အစားများဖြစ်သည်။ လီနို၏ အလှကိုလည်း ရာနှုန်းပြည့်
ဖော်ပြနိုင်စွမ်းမရှိတော့ချေ။

အောက်စဖို့မြို့မှာ နေတုန်းက ဝတ်ခဲ့သည့် အဝတ်
အစားများနှင့် လှလှပပကလေးဝတ်ဆင်မိလျှင် မည်မျှ
ကောင်းချိမ့်မည်နည်းဟု တမ်းတမိလေသည်။

သူ့ အသက်သည် လီနိုထက် တစ်ပြန်လောက် ကြီးနိုင်
သည်။

လီနို၏ရှေ့မှာ ဒူးညွှတ်ပြီး အရိုးအသေ ပေးလိုက်
သည်။ သူ့ အမူအရာသည် အလွန်နန်းဆန်သည်။ အလွန်
လည်းကြည့်ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'မှန်တီဟော့ပါ'

သူ့နာမည်ကို မင်းညီမင်းသားများ ပြောသကဲ့သို့ ပြောသည်။

'ကျွန်မနာမည် လီနီဖရင့်ဖို့'

ထိုသို့ပြောလိုက်ပြီးမှ လီနီက သူ့နှုတ်ခမ်းကို သူပြန်ကိုက်လိုက်မိလေသည်။ ဘာဖြစ်လို့များ နာမည်အမှန်ကို ပြောလိုက်မိပါလိမ့်နော် ဟု သူ့ကိုယ်သူလည်း အပြစ်တင်လိုက်မိသည်။

'ကျုပ်တို့ကို မင်း ဘယ်လိုလုပ်ပြီး ရှာတွေ့တာပါလဲ မစ္စဖရင့်ဖို့၊ဒီကွက်လပ်ကလေးမှာကျုပ်တို့ကိုကျုပ်တို့ သိပ်ကိုလုံခြုံလှပြီလို့ထင်နေတာ၊ ဘယ်သူမှ ရှာမတွေ့နိုင်တော့ဘူးလို့ ယုံကြည်နေတာ'

'ရှင်တို့ကို ကျွန်မလိုက်ရှာနေတာ မဟုတ်ပါဘူးရှင်'

လီနီက သူ့ကို ပွင့်ပွင့်လင်းလင်းပင် ပြောပြသည်။

'ဟောဟိုနားကနေပြီး ကျွန်မကဖြတ်သွားတာ၊ ဒါပေမယ့် ရှင်တို့အသံတွေ ကြားတာနဲ့ ဆင်းပြီး ချောင်းကြည့်တာ ရယ်စရာကောင်းတဲ့ စားခုတ်ပွဲကို တွေ့နေရတော့တာပါပဲ'

ဟု လီနီကဆက်ရှင်းပြသည်။

'ရယ်စရာကောင်းတဲ့စားခုတ်ပွဲ မဟုတ်ရပါဘူး ဗျာ၊ အလင်နဲ့နှစ်ဂျယ်တို့နှစ်ယောက်ဟာ အပြင်မှာ ...တကယ်



ဓားချင်းယှဉ်ခုတ်ကြသလို သဲကြီးမဲကြီး ခုတ်နေကြတာပါ၊ မင်းကြည့်လေ၊ သူတို့ ဘယ်လောက်စိတ်အားထက်သန်နေကြသလဲ၊ တကယ်ကို သဏ္ဍာန်လုပ် သရုပ်နဲ့ တူအောင်ကြိုးစားနေကြတာပါ'

မှန်တီက သူတို့ လေ့ကျင့်နေသည်နှင့် ပတ်သက်၍ အသေးအနက် ရှင်းပြသည်။

'ကျုပ်တို့ဇာတ်အဖွဲ့က ကြုံသလို လှည့်လည်သွားလာပြီး ကနေရတာဆိုတော့ မင်းတို့လို မိန်းကလေးကို ဧည့်ခံစရာတော့ တွတ်တွတ်တန်တန် မရှိဘူး၊ ဒါပေမယ့် သစ်သီးဖျော်ရည်ကလေး သောက်ခတော့ သုံးဆောင်လိုက်ပါဦးနော်'

ဇာတ်အဖွဲ့သားများက လီနီအနားမှာ ဝိုင်းအုံလာကြသည်။ မှန်တီက သူ့လူများကို တေးဖယ် ပေးကြဖို့ ခေါင်းယမ်းပြီးအချက်ပြနေသည်။ သူ့လူများက ဘေးသို့ နည်းနည်းဖယ်ပေးကြသည်။

မှန်တီက ကရားထဲမှ သစ်သီးဖျော်ရည်ကို ...ကိုင်းပါသော ခွက်နှစ်လုံးထဲသို့ ထည့်သည်။ ပြီးတော့ လီနီကို ကမ်းပေးသည်။

လီနီက ဝမ်းသာအားရ ကျေးဇူး အထူး တင်ရှိစွာ လက်ခံယူသည်။ တွံမ်းမီးလားမှ ထွက်ခဲ့ ကတည်းက သစ်သီးဖျော်ရည်မသောက်ခဲ့ရတဲ့ ရေကိုသာအား ... ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ကြာမြင့်လှချေပြီ။ နဂိုကတည်းက သစ်သီးဖျော်ရည်ကိုလည်း အလွန် ကြိုက်နှစ်သက်သူ ဖြစ်သောကြောင့် အတော်ဖြစ်သွားသည်။

တုံးလုံးလဲနေသည့် သစ်ပင်ပင်စည်ပေါ်မှာစ်နေရာကို မွန်တီကဖုန့်များခါပေးသည်။ ပြီးတော့ လီနီကိုထိုအပေါ်မှာထိုင်ဖို့ လက်ဟန်ခြေဟန်နှင့်ပြသည်။

'မင်း ဘယ် ..လာတာလဲ မစ္စဖရင့်ဖို့'

မွန်တီက မေးရိုး မေးစဉ် မေးပုံမျိုး မေးသည်။ သို့သော်လည်း သူ သတိမလစ်တမ်း ဂရုစိုက်နေသည်မှာ သိသာသည်။ လီနီကိုလည်း သေသေချာချာ အကဲခတ်ကြည့်သည်။

'မင်းဒီကိုလာရင်းလမ်းမှာများတစ်ယောက်ယောက်နဲ့ တွေ့ခဲ့သေးသလားဟင်'

သူ့မေးသည့်ပုံစံကိုကြည့်ခြင်းအားဖြင့် တကယ်ပဲသိချင်သောကြောင့် မေးခြင်း ဖြစ်ကြောင်း လီနီ သိလိုက်လေသည်။

သစ်သီးဖျော်ရည်ကို တစ်ကျိုက်သောက်သည်။ ပြီးမှ ပြောသည်။

'ညတုန်းကတော့ မြင်းစီးသမားတွေ မြင်း စီး သွားကြရင်း တစ်ယောက်နဲ့ တစ်ယောက် အော်ဟစ် ပြောဆို



သွားသံတွေ ကြားလိုက်ရတယ်၊ မြင်းသည်တော်တပ်က ဟုတ်မဟုတ်တော့ မသိဘူး'

ထိုစကားကို အတော်ကြီး သတိထားပြီး သူဖြေခြင်း ဖြစ်သည်။

မွန်တီက မျက်မှောင်ကုပ်နေသည်။

'ဒါပေမယ့် ဗီနွေတော့ဘာသံမှ ကျွန်မမကြားခဲ့ရဘူး' ဟု လီနီက စကားကို ကမန်းကတန်းဆက်သည်။

သည်တစ်ခါတွန့်သွားသူမှာ မွန်တီ ဖြစ်သည်။

'ခုနင်က မြင်းစီးသမားတွေ ဘာရှာနေကြတာလဲလို့ မင်း မေးကြည့်လိုက်မိသေးသလား'

လီနီက ကိုယ်ကို အနည်းငယ် မတ်မတ် ပြင် ထိုင်သည်။

'မမေးလိုက်ဘူး၊ သူတို့က...သူတို့က...ဗီဘက်ကို လာတာမဟုတ်ပါဘူး၊ တခြားတစ်ဘက်ကိုသွားနေကြတာပါ'

'တခြားတစ်ဘက်ကိုသွားနေကြတာလား'

မွန်တီက လီနီကို သေသေချာချာ အကဲခတ်ကြည့်နေသည်။ ပြီးတော့မှ ရယ်ချလိုက်ပြီး ဆက်ပြောသည်။

'ဟား ဟား ဟား...ဗီအတိုင်းဆိုယင်တော့ သူတို့ဟာ မင်းကို လိုက်ရှာနေကြတာပဲလို့ ကျုပ် ယုံကြည်သွားပြီ မိန်းကလေး'

'ကျွန်မကို ရှာတာမဟုတ်ယင် ရှင့်ကို လိုက်ရှာနေတာပဲ ဖြစ်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



လီနိုကလည်း ဖျတ်ခနဲ နှုတ်လှန်ထိုးသည်။ သူ့ မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။

မွန်တီက ခေါင်းညိတ်သည်။ သူ ခေါင်းညိတ်ပုံကလည်း အလွန် နုန်းဆံနေပြန်သည်။

'နှစ်ယောက်စလုံးကို ရှာခနတာပဲ ဖြစ်နိုင်ပါတယ်၊ အစိုးရက ပိတ်ပင်ထားမြစ်ထားတဲ့ရှိတ်စပီးယားရဲ့ပြဇာတ်တစ်ခုကို တို့ က,နေကြတာ၊ အရပ်တကာလည်း က,နေတာပါပဲ၊ ဒါကြောင့် တစ်နေရာမှာ ကြာကြာမနေနိုင်ဘဲ တစ်နေရာပြီးတစ်နေရာ မနားတမ်း ရွှေ့သွားနေရတယ်၊ ကြာပြီ၊ ဇာတ်က,တာကို ဒီလောက်ကြီးကျယ်တဲ့ပုဒ်မကြီးတပ်ပြီး ရာဇဝတ်မှု ကျူးလွန်သလိုကို အရေးယူနေတာ ဘာကြောင့်လဲဆိုတာ ကျုပ်တော့ နားကိုမလည်နိုင်တော့ဘူး...

မွန်တီက သက်ပြင်းချသည်။ သစ်သီးဖျော်ရည်ခွက်ကိုလည်း သစ်တုံးပေါ်မှာ တင်လိုက်သည်။ နေရာပြင်ထိုင်ပြီးမှ လီနိုကို မေးသည်။

'မင်းကရော ဘယ်လိုဖြစ်တာလဲ မစ္စဖင့်ဇို'

ငွေရောင်ဆံပင်နှင့်မွန်တီကို လီနို သဘောကျသွားပြီ။ မွန်တီ၏မျက်နှာသည် အရွယ်တင်သဖြင့် လူငယ်လေးတစ်ယောက်ဟု ထင်ရသည်။ သူ့ မျက်လုံးများက ရိုးသားရှင်းနှီးသည်။ သူ့ အပြုံးက ဟန်ဆောင်ပြုံးမဟုတ်၊ လိုက်လိုက်လှဲလှဲရှိသည်။



လီနိုက သစ်သီးဖျော်ရည်ကို ငုံကုန် သောက်ချလိုက်သည်။ ပြီးတော့ မွန်တီကိုလည်း ယုံယုံကြည်ကြည် မြင့်ဖြစ်မှန်အတိုင်း ပြောပြဖို့ ဆုံးဖြတ်လိုက...သည်။

'အောက်စဖို့မြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ လမ်းဆုံမှာ ကျွန်မတို့ ခားပြတိုက်ခံရတယ်၊ ကျွန်မသူငယ်ချင်း အသတ်ခံသွားရတယ်၊ ဓားပြတွေကတော့ လက်လွတ် ထွက်ပြေးသွားနိုင်ကြတယ်၊ ဘာအထောက်အထားမှလဲ မကျန်ခဲ့ဘူး၊ အဲဒီတော့ လူသတ်သူဟာဥပဒေကြောင်းအရ ကျွန်မဖြစ်နေတယ်၊ အများကလဲ ပိုက်ဆံလိုချင်လို့ ကျွန်မ သူငယ်ချင်းကို ကျွန်မက ပြန်သတ်တယ်လို့ပဲ ယုံကြည်နေကြတော့တယ်လေ'

မွန်တီက အသက်ကို လေးလေးပင်ပင်ဆွဲပြီး ရှူခနသည်။ ပြီးတော့ ခပ်တိုးတိုးကလေး လေချွန်သည်။

'အင်း...ဒီအတိုင်းဆိုယင်တော့ မင်းအမှုက တို့ထက်တောင် ကြီးနေတော့တာကိုး'

လီနိုက ခေါင်းညိတ်ပြသည်။

'ကျွန်မမှာ အပြစ်ရှိကြောင်း လုံလုံလောက်လောက် သက်သေတူနိုင်လိမ့်မယ်လို့ မထင်ဘူး၊ ဒါကြောင့် ကျွန်မ လက်လွတ် ထွက်ပြေးခဲ့တာ၊ ဒါကြောင့် ရှင်တို့ဇာတ်အဖွဲ့နဲ့ ကျွန်မ လျှောက်လိုက်လို့ ဖြစ်နိုင်မလားဟင်'

လီနိုက သူ့ကို အားကိုးတကြီးကြည့်ပြီး မေးချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်တီ၏ ထူထဲသော မျက်ခုံးမွေးကြီးများ တွန့်လိ[illegible]
သွားသည်။

'မိန်းမ တစ်ယောက်အနေနဲ့လား၊ မင်းမြင်မှာပေါ့[illegible]
တို့အဖွဲ့သားတွေအားလုံး ယောကျ်ားတွေ ချည်း ပဲ လေ[illegible]
ပြဇာတ်တွေ မင်းကြည့်ဖူးတယ်ဆိုယင် အမျိုးသမီး ဇာတ်[illegible]
ကောင်တွေ နေရာမှာလဲ ယောကျ်ား တွေ ထဲ သရု[illegible]
ဆောင်တယ်ဆိုတာ မင်း သတိပြုမိမှာပေါ့'

လီနိုက သူ့ ပတ်ဝန်းကျင်ကို တစ်ချက် လှည့်ကြည့်ပြီ[illegible]
အကဲခတ်သည်။

'ရှင်တို့ထဲမှာ အသက်သုံးဆယ်အောက် ရှိတဲ့လူ တစ်[illegible]
ယောက်မှ ကျွန်မ မတွေ့မိဘူး'

မှန်တီက ရယ်သည်။

'ဟုတ်တယ်၊ တို့အားလုံး အဘိုးကြီးလေးတွေချည်းပဲ[illegible]
ဟား ဟား… ကျုပ်တို့ ဇာတ်အဖွဲ့တွေက အခကြေးငွေ[illegible]
ကောင်းကောင်းလဲ ပေးနိုင်တာ မဟုတ်ဘူးလေ၊ မဖြ[illegible]
စလောက် ပေ နိုင်တာ၊ က,ရတာကလဲ ခိုးကြောင်ခိုးဝှက်[illegible]
နဲ့ ပြေ လွှား က,နေရတာဆိုတော့ များများ မပေးနိုင်[illegible]
ဘူး၊ လူသစ်ဆိုလို့လဲ နည်းနည်းပါးပါးပဲ စုစည်းနိုင်တယ်[illegible]
ပိုက်ဆံအရနည်းတော့ ကျုပ်တို့ဇာတ်တွေကို ဘယ်သူ[illegible]
စိတ်ဝင်စားတော့မှာလဲ၊ ဘုရင်မင်းမြတ် လက်ထက်တုန်း[illegible]
ကတော့ ကျုပ်တို့ ဇာတ်သဘင်တွေ ဆန်းပွင့် ခဲ့ ကြတာ[illegible]



ပေါ့၊ ဝင်ငွေကောင်းပြီးတော့ ဇာတ်သား တွေ ကိုလဲ
ညှာကြားတွေ ကောင်းကောင်း ပေးနိုင်ခဲ့ကြတယ်။

'အခုကျွမ်းဝဲလ် အစိုးရတက်လာတဲ့ အခါကျတော့
ဇာတ်ရုံတွေအားလုံးကို ပိတ်ပစ်လိုက်တယ်၊ ကျုပ်တို့ဇာတ်
အဖွဲ့တွေလဲ အစိုးရကတဖမ်းတည်းဖမ်းနေလို့ ခွေးပြေး
ဝက်ပြေးပြေး နေကြရတယ်၊ ဇာတ်ရုံတွေ မရှိတော့လို့
တောထဲမှာက,ရ ဂိုဒေါင်ထဲ က,ရ စပါးကျီတွေထဲက,ရ
နဲ့ အကုန်ဒုက္ခရောက်ကုန်တယ်၊ ကျုပ်တို့ရဲ့ဇာတ်ဝတ်ဇာတ်
စားတွေလဲ စုတ်ပြတ်ဟောင်းနွမ်းကုန်ပြီ၊ ဆောင်းတွင်းမှာ
လဲ တခြားဝတ်စရာမရှိတော့ ဒါတွေကိုပဲ ချဝတ်နေကြရ
တယ်၊ လူတွေနဲ့ဇာတ်ပစ္စည်းတွေကို တစ်နေရာကတစ်နေ
ရာကို သယ်ယူရွှေ့ပြောင်းပေးတဲ့ လှည်းဆွဲမြင်းတွေကိုလဲ
ဝလင်အောင် ကျွေး မထားနိုင်တော့ဘူး၊ ဒါကြောင့်
ကျုပ်တို့ဇာတ်အဖွဲ့သားတွေအနေနဲ့လဲ ယောကျ်ားတစ်ယောက်
ကိုပဲဖြစ်ဖြစ် အပျော်မယားတစ်ယောက်ကိုပဲဖြစ်ဖြစ် တင်
ကျွေးထားနိုင်တဲ့အနေအထားမျိုးမှာ မရှိတော့ဘူးလေ'
လီနိုး၏ မျက်နှာမှာရှက်သွေးဖြာသွားသည်။

'ကျွန်မဟာ အပျော်မယား တစ်ယောက် မဟုတ်
ပါဘူး'

ဟုလည်း ခပ်ဆတ်ဆတ်ပြန်ပြောသည်။

ထို့ကြောင့် မှန်တီက ဆိုင်းမနေဘဲ မြန်မြန် ပြောပြ
သည်။

www.burmeseclassic.com

www.burmeseclassic.com



'အို…အို ကျုပ်က အဲဒီလိုဆိုလိုတာ မဟုတ်ပါဘူး။ ဒါပေမယ့် အသက်မွေးဝမ်းကျောင်းပညာမင်းထက်ထားတာ ဘာများရှိသလဲ၊ ကျုပ်တို့ ဇာတ်ဝတ်ဇာတ်စားတွေကို ကောင်းကောင်း ချုပ်တတ်သလား၊ အဲဒီပညာတတ်ယင်တော့ အလုပ်ဖြစ်နိုင်တယ်၊ ကျုပ်တို့အဝတ်တွေ အားလုံးစုတ်ပြတ်ကုန်ကြပြီလေ'

သည်လိုကျပြန်တော့လည်း လီနို၏မျက်နှာ ပျက်သွားသည်။

'ကျွန်မအချုပ်အလုပ်ပညာမတတ်ပါဘူးရှင်၊ လျှော်တာဖွတ်တာမျိုးဆိုယင်တော့ တတ်ပါတယ်၊ ရှင်တို့အဖွဲ့သားတွေကလဲများတော့ ကျွန်မ ပင်းမင်း တာဝန်ယူမယ်ဆိုယင် ယူနိုင်ပါတယ်'

လီနိုက သူ့မှာအသက်မွေးဝမ်းကျောင်းပညာမတတ်ကျွမ်းသည့်အကြောင်းကို ရိုးရိုးသားသားပဲ အမှန်အတိုင်းပြောပြလေသည်။

မွန်တီက သက်ပြင်းရှိုက်သည်။

'အဲ့ဒီအလုပ်ကျတော့လဲ ကျုပ်တို့ ကိုယ်တိုင်ပဲလုပ်တယ်၊ မြစ်အေးချောင်းအေးမှာ ကျုပ်တို့ ဇာတ်အဖွဲ့စခန်းချတဲ့အခါ အဲ့ဒီမြစ်ထဲ ချောင်းထဲ ဆင်းပြီးကိုယ့်အဝတ်ကိုယ်လျှော်ကြရတာပေါ့၊ ဆင်းရဲခြင်းဟာ လူတွေကို အလုပ်မျိုးစုံတတ်စေတယ်လေ'



လီနိုမှာ စိတ်အပျက်ကြီး ပျက်သွားလေတော့သည်။ သို့သော်သည်း ထူးကယ်စိတ်ပါ၍မေးခြင်းမဟုတ်သည့် ပုံစံမျိုး ဟန်ဆောင်လိုက်သည်။

လီနိုက ယစ်တုံပေါ်မှ ထ,သည်။

'သစ်သီးဖျော်ရည်တိုက်တာ ကျေးဇူး တင်ပါတယ်၊ ကျွန်မလဲ ခရီးဆက်လိုက်ဦးမှပဲ'

ဟု ပြောသည်။

'ခဏနေပါဦးလား'

မွန်တီက လီနိုကိုကြည့်ပြီးစဉ်းစားနေသည်။ အတော်လေ ကြာသွားသောအခါမှ သူကမေးသည်။

'စီရုင်စက်စတားမြို့ကို ရောက်အောင် မင်းသွားနိုင်ပါ့မလား'

'စီရှင်စက်စတားမြို့ကို ကျွန်မ ရောက်ဖူးပါတယ်၊ ပွဲတော်ကိုသွားတာပေါ့၊ ဒါပေမယ့် ဒီအထဲမှ ကျွန်မအခုမျက်စိလည်နေပြီ၊ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းကိုမသိတော့ဘူး၊ ဘယ်အရပ် ရောက်နေတယ် ဆိုတာ သိရအောင် တောင်ကုန်းမြင့်မြင့်ပေါ်တက်ကြည့်မှ ဖြစ်တော့မယ်…'

လီနိုက မွန်သည့်အတိုင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စ ရှိပါဘူး၊ မင်းဘယ်နေရာ ရောက်နေတယ်ဆိုတာ ကျုပ်တို့သိတယ်၊ နောက်ပြီးတော့ စီရင်စက်စတာမြို့ကို ဘာသိလမ်းကနေသွားရမယ်ဆိုတာလဲ ညွှန်ပြပေးလိုက်ပါမယ်၊ ကျုပ်တို့က အခုရွှေ့တော်ပြေးကို စောင့်နေကြတာလေ'

ရွှေ့တော်ပြေး....ရွှေ့တော်ပြေးဆိုတာ ဘာလဲဟင်'

လီနို နားရှုပ်သွားသည်။

'ရွှေ့တော်ပြေးဆိုတာ တို့ဇာတ်အဖွဲ့ရဲ့ရွှေ့ပြောင်းသွားနှင့်ပြီး ဇာတ်က လို့ရအောင် လိုအပ်တဲ့ အစီအစဉ်တွေကို လုပ်ပေးထားရတဲ့လူကို ခေါ်တာ၊ ဇာတ်အဖွဲ့ဝင်တွေ နေထိုင်ဖို့ နေရာ ထိုင်ခင်း ရှာဖွေ စီစဉ်ပေးထားရတယ်၊ ဇာတ်က ဖို့ နေရာရှာပေးထားရတယ်၊ နယ်မြေ အာဏာပိုင်တွေက ဥပဒေကိုတိတိကျကျကိုင်တွယ်ပြီး ဇာတ်အဖွဲ့တွေကို ပြင်းပြင်းထန်ထန်အရေးယူမယ့် သူက လေ့လာအကဲခတ်ရတယ်၊ အာဏာပိုင်တွေကြမ်းတဲ့နယ်မြေဆိုယင် ကျုပ်တို့ အဲဒီနယ်မြေကို ရှောင်ရတယ်၊ တခြားတစ်နေရာကိုပြောင်းရတယ်၊ နောက်ပြီးတော့ ပွဲကြည့်ပရိသတ်လာအောင် သူကပဲစီစဉ်ပေးရတယ်၊ မြို့ခံထဲကလည်လည်ပတ်ပတ် နှံ့နှံ့စပ်စပ်ရှိတဲ့ လူသုံးလေးယောက်ကို ရှာပြီး ဘယ်နေ့ဘယ်ရက် ဘယ်နေရာမှာ ဇာတ်ကမယ့် အကြောင်း ပြောပြထားလိုက်ရုံပါပဲ၊ သူ့ဘာနဲ့သူပြီးသွားတာ'

မွန်တီက အသေးစိတ်ရှင်းပြသည်။



လီနိုက သူ့ကိုအံ့ဩတကြီး မော့ကြည့်သည်။ မွန်တီက မျက်နှာအမူအရာ တည်တည် ငြိမ်ငြိမ်ဖြင့် ဆက်ပြောပြန်သည်။

'မင်း အံ့ဩ သွားသလား၊ ကျုပ်တို့ ဇာတ်ကတဲ့လုပ်ငန်းကို ဒီလိုပဲပြီးစလွယ် လက်တန်းလုပ်လို့ ရတယ်လို့ မျှားထင်နေသလား မစွဘာဖရင့်ဖို့၊ လက်တန်း လုပ်လို့မရဘူး၊ ကြိုပြီးစီစဉ်ရတယ်၊ ကြိုတင်စီစဉ်ရာမှာလဲ ပေါ့တီးပေါ့ဆလုပ်လို့မရဘူး၊ ထောင့်စေ့နေအောင် ကြိုပြီး အစီအစဉ်တွေလုပ်ရတယ်၊ အခုခေတ်က ကျုပ်တို့ အနုပညာသည်တွေအပေါ် ဥပဒေ နှောင်ကြိုးတွေ အမျိုးမျိုး ချည်နှောင်ထားတော့ ပိုလို့တောင် ဂရုစိုက်ရသေးတယ်၊ ဝိလ်ဆမ်းမားဟာ ကျုပ်တို့ရဲ့ရွှေ့တော်ပြေးပဲ၊ လိုအပ်တဲ့ အစီအစဉ်တွေလုပ်ဖို့ စီရင်စက်စတာကို သွားတာ ရက်သတ္တပတ်နှစ်ပတ်ရှိသွားပြီ၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက သူ ပြန်ရောက်လာဖို့ကောင်းတာ၊ ဒါပေမယ့် သူ့ဆီက ဘာသတင်းမှကို ကျုပ်တို့မကြားရသေးဘူး၊ ကျုပ်တို့ကိုယ်တိုင်လိုက်သွားဖို့ ဆိုတာကျပြန်တော့လဲ စီရင်စက်စတာမြို့မှာ ကျုပ်တို့မျက်နှာတွေကို သိနေကြတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ပြန်ဘူး၊ ဟိုမှာ တစ်ခုခုမှားယွင်းနေပြီဆိုယင် အားလုံး ဒုက္ခရောက်ကုန်မယ်'

'ဒါကြောင့် ကျုပ်တို့ကိုယ်စား တစ်ယောက်ယောက် သွားစုံစမ်းပေးဖို့ လိုနေတယ်၊ မင်းသွားပေးနိုင်မယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရှင် စားစရိတ်တို့၊ တည်းခိုစရိတ်တို့ အလုံအလောက် ပေးလိုက်မယ်၊ ကျုပ်တို့ ရှေ့တော်ပြေး စီလ်ဆမ်းပေ အဖြစ်တယ်ဆိုတာ စုံစမ်းပေးနိုင်မယ်ဆိုရင် နောက် ကိုဆက်သွားဖို့ စရိတ်ပါ အလုံအလောက်ပေးမယ်'

'ကျွန်မမျက်နှာကိုလဲ စီရင်စက်စာတမြို့သူမြို့သားတ ချို့က သိကြမှာပါပဲ'

လီနိုက တောသံကလေးဖြင့် ရေရွတ်နေသည်။ ပြီးတော့ တစ်စုံတစ်ရာကိုသဲ အလေ့လူ၊ အနက်စဉ်းစားနေသည်။

'တစ်ခုတော့ရှိတယ်၊ ကျွန်မ ရုပ်ဖျက်သွားရင်တော့ ရမယ်၊ အဝတ်အစားနဲ့ ရုပ်ဖျက်သွားတာပေါ့၊ ကျွန်မ ဝတ်စရာ ပုံ ... အဝတ်တစ်ခုခုတော့ ရှင်တို့ မှာ ရှိမှာပါတယ်၊ နောက်ပြီးတော့ ဆံပင်တုလဲ ... တယ်၊ ကျွန်မဆံပင်အရောင်ကို ပြောင်းပစ်ရမယ်'

မွန်တီက ထိုင်ရာမှထသည်။

'ဒါလောက်တော့ ကျုပ် တတ်နိုင်ပါတယ်'

ထို့နောက် ဇာတ်အဝတ်အစားများထားသည့်လှည်း ဆီသို့ လီနိုကို ခေါ်သွားသည်။

'အမျိုးသားဇာတ်ကောင်တွေအတွက် အဝတ်အစား ဆိုကျုပ်တို့ပေးနိုင်တယ်၊ ဒါကြောင့် ဂျူလီးယပ်စ်ဆီဇာ တို့၊ လီယာဘုရင်ကြီး တို့ဆိုတဲ့ ဇာတ်ကောင်တွေက ရှင် အမျိုးသား ဇာတ်ကောင်တွေနေရာမှာ ကိုယ့် ရှိတာပဲ



ကိုယ်ဝတ်ကြရတယ်၊ အမျိုးသမီး ဇာတ်ကောင်နေရာ အတွက်ပဲ အဝတ်အစားတွေချုပ်ထားတယ်၊ ယောကျ်ား တွေက မိန်းမလိုဝတ်ရတာဆိုတော့ မင်းနဲ့ဆိုရင် ကြီး ကောင်းကြီးနေလိမ့်မယ်၊ အပ်နဲ့အပ်ချည်ရှိတယ်၊ တော်တော် လိုက်သိလိုက်တာပေါ့၊ အနက်ရောင် ဆံပင်တု တစ်ခု လောက်လဲ တွေ့ချင်တွေ့နိုင်ပါတယ်၊ အမျိုးသမီးဇာတ် ကောင်အခန်းကတဲ့အခါမှာ အဲဒါတွေက မရှိ မဖြစ် မဟုတ်လား'

မွန်တီသည် လီနိုကိုရှင်းပြနေရင်း သစ်သားသေတ္တာ ကြီးများထဲမှာ မွှေနှောက်ရှာနေသည်။ အဝတ်အစား မျိုးစုံအကောင်းများ၊ အစုတ်များ၊ ယပ်တောင် ကျိုး များ တစ်ခုပြီးတစ်ခုထွက်လာသည်။ ဦးထုပ်များလည်း ပါသည်။

မွန်တီက အဝါရောင်ဂါဝန်တစ်ခုကိုကိုင်ပြီး ထိုင်ရာ မှထသည်။ ဂါဝန်ကို သေသေချာချာကြည့်သည်။ လည် ပင်းနေရာတွင် ဇာများရှိသည်၊ နေရာအချို့တွင် အစွန်း အထင်းများရှိသည်။

လီနိုက ထိုဂါဝန်ကိုမက်မောစွာကြည့်သည်။ အသစ် တုန်းက ဘယ်လောက်များ လှလိုက်လေမလဲဟု တွေး ကြည့်သည်။ နောက်ပြီးတော့ နှမြောတသစွာဖြင့်လည်း ကိုင်ကြည့်နေမိလေသည်။

www.burmeseclassic.com

'ဒီဂါဝန်မကောင်းသေးဘူး၊ ဒါလောက် တောက် တောက် ပြောင်ပြောင် အရောင်ကြီးဝတ်ပြီး စီရင်စက် စတာမြို့ကိုသွားဖို့မတော်ဘူး'

ပြောပြောဆိုဆို လီနီလက်ထဲမှဂါဝန်ကို ဆွဲယူသွားသည်။ နောက်ထပ်ဘစ်ထည်ကိုထုတ်သည်။

'ဟောဒါ ပိုကောင်းမယ်'

မွန်တီက မုဆိုးမဝတ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည်။ ဇာနှင့်ပြုလုပ်ထားသည့် မျက်နှာဖုံးအနက်လည်း ပါ သည်။

'မျက်နှာဖုံးပါတဲ့အတွက် မင်းမျက်နှာကို အလိုလို ကွယ်ဝှက်ထားပြီးသားဖြစ်သွားရောမဟုတ်လား၊ ဟော ဒီဆံပင်တုလဲကောင်းတယ်၊ နည်းနည်းတော့ ရွဲနေတယ်၊ ပြန်တည့်လိုက်လို့ရပါတယ်'

ဆံပင်တုအနက်ရောင်တစ်ခုလည်း အဆင်သင့်ဖြစ်နေ သည်။ အနည်းငယ်ရွဲ့နေသည်မှာ ပြန်ပြင်၍ ဖြစ်နိုင်ပါ သည်။

'ဝိလ်ဆမ်းမားအကြောင်း မင်းစုံစမ်းပြီး စီရင်စက် စတာမြို့ကပြန်လာရင် နောက်အခေါက်တွေမှာ အဝါ ရောင်ဂါဝန်တို့၊ အညိုရောင်ဆံပင်တုတို့ကို သုံးတာပေါ့'

စားသောက်စရိတ်နှင့် တည်းခိုခန်းခများယူပြီး လစ် ပြေးမသွားအောင် သွယ်ဝိုက်သောနည်းဖြင့် နောက်ထပ်



အလုပ်ရှိသေးကြောင်း မျှော်လင့်ချက်ကလေး ပေးလိုက် ခြင်းဖြစ်သည်ကို လီနီက ချက်ချင်း ရိပ်စားမိလိုက်သည်။

မှန်တော့လည်းမှန်ပါသည်။ အခုမှတွေ့ကြရသူများကို မည်သို့ယုံကြည်နိုင်မည်နည်း။

လီနီက ကျေးဇူးတင်ကြောင်း စကားဖြင့် ပြောမနေ တော့ဘဲ သူ့ကို ပြန်ပြီးပြုံးပြလိုက်သည်။

ပိုက်ဆံယူပြီး မိမိထွက်ပြေးမည် မဟုတ်ကြောင်း မည် သို့ အာမခံချက်ပေးရမည်ကို သူမသိပါ။

သို့သော်လည်း သူ့မျက်လုံးထဲမှာ ရိုးသားသောအရိပ် အရောင်များ ထင်ရှားစွာ ရှိနေကြလိမ့်မည်ဟုတော့မျှော် လင့်မိသည်။

မွန်တီက အပ်နှင့်အပ်ချည်ကို ဘောင်းဘီ အိတ်ထဲမှ ထုတ်ပေးသည်။ ပိုက်ဆံအကြွေ အချို့ကိုလည်းပေးသည်။ သူ့မှာ ပိုက်ဆံများများစားစား ရှိနေသေးသည့်ပုံလည်း မပေါ်တော့ချေ။

သစ်ပင်များဘက်သို့ လက်ဘစ်တုက် ဝှေ့ရမ်းပြသည်။

'ဟောဟိုမှာ မင်းရဲ့အဝတ်လဲခန်း'

ချုံပုတ်များနောက်သို့ လီနီဝင်လာခဲ့သည်။

ဂါဝန်ကိုကျဉ်းသွားအောင်လိုက်သိသည်။ ရွဲ့နေသော ဆံပင်တုကိုလည်း ပြင်သည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အာလုံး ပြင်ပြီးသောအခါ ထိုအဝတ်အစားများ ဝတ်ပြီး ချုပ်ပုဘ်များနောက်ကွယ်မှ ထွက်ခဲ့သည်။

ဝိုင်းကြည့် နေကြသော ဇာတ် အဖွဲ့သားများ သဘောကြစွာ အားပေးကြသည်။

'မင်းကို ဘယ်သူကမှ မှတ်မိတော့မှာ မဟုတ်ဘူး ဖရင့်ဖို'

မွန်တီက သေသေချာချာ အကဲခတ်ကြည့်ပြီး နပ်စွာ မှတ်ချက်ချသည်။ ထို့နောက် အစီအစဉ်များ ပြောပြသည်။

'ဝီလ်ဆမ်းမားကို ရှာဖို့က သိပ်ခက်ပါ အောင်ချိတ်နဲ့ဘောင်း တည်းခိုခန်းမှာ သူရှိနေလိမ့်မယ် တည်းခိုခန်းပိုင်ရှင်ရဲ့ ညီမနဲ့ သူ သိပ်ရင်းတယ်လေ၊ အဲ မိန်းမ အိမ်ထောင်မကျခင်က သူတို့ သိပ်ခင်ကြတာ၊ ဝီလ် အချက်ကမနိမ့်မမြင့်ပဲ၊ နှာခေါင်း ကတော့နီသလားမဖေး စထရော်ဘယ်ရီသီးက အရှုံ့ပေးရလောက်တယ်၊ အဝ ရောင် ကုတ်အင်္ကျီကို ဝတ်သွားလိမ့်မယ်၊ သူ့မှာက အဲ တစ်ထည်ပဲရှိတယ်၊ ဆံပင်ရှည်တယ်၊ အရောင်က ထော ပတ်အရောင်၊ မင်းက သူ့တူမယောင်ဆောင်ပြီး သူ့ လိုက်ရှာပေါ့၊ သူနေတဲ့ တောင်ကျွန်းမှာ တူမတွေ အများ ကြီးရှိတယ်လို့ သူ မကြာခဏ ပြောဖူးတယ်'

မွန်တီက ပြောရှင်းပြီးသည်။



'ကျွန်မ တွေ့အောင်ရှာမယ်'

လီနိုက ရဲရဲကြီးကတိပေးသည်။

မွန်တီပြောသလို ရုပ်ရည်ရှိသည့် ယောကျ်ား တစ် ယောက်ကို ကာကြောင့် အရှာခက်ရ မည်နည်း။ ... ကြည့်လိုက်မိသေးသည်။

'စီဒုင်စက်စဘာမြို့ကို အခုပဲ လိုက်သွား ချေပဝ်သ ... ရှင်...'

မြေကွက်လပ်ကလေး၏ အစွန်းတစ်နေရာတွင် မွန်တီ ... လူအချို့ သမင်သား ကင်နေကြသည်။ လီနိုက ဆိုနေ ... ကို တမ်းတမ်းတတ လှမ်းကြည့်ရင်း မေးလိုက်ခြင်းဖြစ် ... သည်။

'မဟုတ်ပါဘူး၊ မနက်ဖြန်လောက်ထွက်ယင် အလော ... ပါပြီ၊ လွှမ်းမှာမဖြစ်သင့်တာတွေ မဖြစ်စေချင်ဘူး၊ ... ကို အစိုးရက ဖမ်းထားတယ်ဆိုယင် ကျုပ်တို့ကိုပါ ... စက်လာမှာမျိုးကို မလိုလားဘူး၊ ကျုပ်ပြော တာ မင်း ... ပေါက်တယ် မဟုတ်လား'

လီနိုက ခေါင်းညိတ်သည်။ အနက်ရောင် ဆံပင်တုမှ ... ခွေကလေးများ လှုပ်ခါသွားသည်။

မွန်တီ၏စကားကို ကြားရသောအခါ မိမိယခု ... ... ဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်... သည်။

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ် မကင်းရှင်းကြောင်း သဘော ပေါက်သွား
သည်။

ထိုညက မီးပုံကိုအလယ်မှာထားပြီး ဇာတ်အဖွဲ့သား
များ ဝိုင်းထိုင်ကြသည်။ အားလုံးကို သမင်သားကင်နှ
သစ်သီးဖျော်ရည်များ တိုက်ကျွေးသည်။

မွန်တီနှင့် သူ့အဖွဲ့သားများက ခေတ်ကောင်းစဉ်
သူတို့ မည်နည်းမည်ပုံ က,ခဲ့ကြကြောင်း၊ ဝင်ငွေ ဘ
လောက် ကောင်းကြောင်း၊ လေဟာပြင် ဇာတ်ရုံများတ
လည်း ကပြခဲ့ဖူးကြောင်းများ လီနီကို ပြောပြကြသည်။

မွန်တီကမူ ဗီလျ ရှိတ်စပီးယား ဆိုသော စာရေးဆ
ကြီးနှင့် သိကြောင်းများကိုပါ ဝါဝါကြွားကြွား ပြော
သည်။ ရှိတ်စပီးယား ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း သုံ
ဆယ် ကျော်ပေပြီ။

သူတို့ဇာတ်အဖွဲ့သားများသည် အရပ်တကာ လှ
လည် ကပြရင်းဖြင့်သာ အချိန်ကုန်နေကြရသူများ ဖြ
သည်။ ရှိတ်စပီးယား အသက်ထင်ရှား ရှိစဉ်က မမွေ
သေးသူ အတော်များသည်။ မွေးသည်ဆိုလျှင်လည်း ပြေ
လွှား ဆော့ကစားနေသည့် ကလေးအရွယ်မျှသာ ရှိ
လိမ့်ဦးမည်။

ဘာပဲဖြစ်ဖြစ်သူတို့နှင့်ယခုလိုထိုင်ပြီး စားရင်းသော
ရင်း စကားပြောနေရသည့်အတွက် လီရီနာကို လွမ်းသည



စိတ်မှာ အများကြီး သက်သာသွားပါသည်။ ထိုမျှမက
သူကိုယ်တိုင်လည်း ရယ်လားမောလားဖြင့် ပျော်ပျော်
ပါးပါး ဖြစ်လာသည်။

တစ်ခါတလေ သတိရသောအခါတွင် လီရီနာလေးက
အမေကိုများ လွမ်းနေလေမည်လားဟု စဉ်းစား ကြည့်
ရင်း 'အဓိပ္ပာယ် မရှိဘာတွေ ငါ တွေးနေတာပဲလေ' ဟု
သူ့စိတ်ကို သူပြန်ထိန်းသိမ်းသည်။

ထိုသို့ ကိုယ့်စိတ်ကိုယ် ကြိုးစားဖြေသည့် ကြားမှပင်
သူ့စိတ်ကို ဖိစီးနှိပ်စက်သည့် အတွေးများသည် တစ်ခုပြီး
တစ်ခု ဝင်လာတတ်လေသည်။

ထိုညက သူအိပ်ဖို့ လှည်းတစ်စီးပေါ်တွင် နေရာစီစဉ်
ပေးသည်။ မည်သို့သော အနှောင့်အယှက်မျှ မတွေ့စေရ
ပါဘူးဟုလည်း မွန်တီက ကတိပေးသည်။

မွန်တီ ဘာဆိုလိုကြောင်း လီနီ သဘောပေါက်ပါ
သည်။ ထို့ကြောင့် ယုံကြည်ပါသည်ဆိုသည့်သဘောဖြင့်
ပြုံးပြလိုက်သည်။

ထိုညက တကယ်ပဲ အနှောင့်အယှက် ကင်းမဲ့စွာဖြင့်
ကောင်းမွန်နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ပါသည်။

ဇီးကွက်အော်သံဖြင့် တစ်ကြိမ်ပဲ လန့်နိုးသည်။

လသာနေသည်။ သူတို့ ကွက်လပ်ကလေး ပေါ်သို့
လရောင်ထိုးကျနေသည်။ သစ်တောကြီးများဘက်မှာတော့
မှိုင်းအုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်အဖွဲ့သားများ အနက် တစ်ယောက်မှ တစ်ပါး အားလုံး နှစ်ခြိုက်စွာ အိပ်မောကျနေကြသည်။

မအိပ်သော ထိုတစ်ယောက်ကား မွန်တီ။

မွန်တီသည် လက်နောက်ပစ်ထား ခေါင်းငုံ့ပြီး ကွက်လပ်ကလေးမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

သူတို့သည် ထောင်ထဲတွင် ခိုးကြောင်ခိုးဝှက်ပုန်းအောင်းပြီး ခိုးကြောင်ခိုးဝှက်ဇာတ်က စားမြန်ရသူများဖြစ်သည်။ အန္တရာယ်က မလွတ်မကင်း။ ထို့ကြောင့် ဇာတ်အဖွဲ့ကြီး တစ်ခုလုံး၏ တာဝန်ဆ သူ့ပခုံးပေါ်တွင် ကျရောက်နေလေရာ သတိထားနိုင်မှ တန်ကာကျမည်ဖြစ်ကြောင်း ထိုညတပင် လီနိုကောင်းစွာ နားလည်သွားလေသည်။

လီနိုက မွန်တီကို သဘောကျသည်။ သူ့အသက်လည်း ထင်သလောက် ကြီးသေးပုံ မပေါ်ပါ။

လီနိုပြန်အိပ်ပျော်သွားပြီး မီးပုံမှမီးလောင်သံကြောင့် နောက်နေ့မနက်တွင် အိပ်ရာမှ နိုးလာသည်။ မိုးလင်းနေချေပြီ။

အကျင့်ပါနေသဖြင့် သမီးလေး လိုရီနာကို လက်တစ်ဆက်က အလိုလို စမ်းလိုက်မိသည်။ ဘာကိုမျှ မစမ်းမိသောအခါမှ မိမိတစ်ယောက်တည်း ထွက်ပြေးလာခဲ့ရကြောင်းကို သတိပြန်ရသည်။ ယခုအချိန်လောက်ဆိုလျှင် လိုရီနာကလေးသည် ဖလော်ရာကို သူ့အမေထင်ကာ မော့ကြည့်နေလိမ့်မည်ဟုလည်း တွေးနေမိလေသည်။



လီနိုသည် ချက်ချင်းမထသေးဘဲ အိပ်ရာထဲမှာ လှဲနေရင်း စဉ်းစားနေမိသည်။ မျက်လုံးကို အတင်းမှိတ်ထားသည်။ မျက်ရည်များကျမလာပါစေနှင့်ဟု ဆုတောင်းမိသည်။

ထွက်လာမိမှတော့ နောက်ကြောင်းကို ပြန်မကြည့်တော့ရန် ဆုံးဖြတ်သည်။ နောက်ဆံငင်နေလျှင် တစ်နေ့မဟုတ် တစ်နေ့ သမီးလေးဆီ ပြန်သွားမိလိမ့်မည်။ ထိုသို့ ပြန်သွားခြင်းသည်သမီးလေးကိုခေါ်ယူဖို့ဖြစ်ရာသက်သက် သမီး ဒုက္ခရောက်အောင် လုပ်ခြင်းသာ ဖြစ်လိမ့်မည်ဟု နားလည်ထားသည်။

အခြေအနေကောင်းမှ ပြန်ရမည်။ သည်ကြားထဲတွင် လွမ်းစိတ်ကို တတ်နိုင်သလောက် ဖြေဖျောက်ရမည်။ လွမ်းနေဆွေးနေခြင်းသည် အင်အား ဆုတ်ယုတ်အောင် ပြုလုပ်ခြင်းသာဖြစ်ပေလိမ့်မည်ဟု သူ စဉ်းစားမိသည်။

ဘဝ တိုက်ပွဲ များတွင် အောင်နိုင်မှ သမီးလေးနှင့် ပြန်တွေ့ရမည်ဖြစ်သည်။ သမီးလေးနှင့် ပြန်တွေ့ချင်လျှင် ဘဝတိုက်ပွဲမှာ အောင်ပွဲခံအောင် တိုက်ရပေလိမ့်မည်။

ဂျက်ဖရီ အကြောင်းကိုလည်း မစဉ်းစားမိအောင် သူ ကြိုးစားသည်။ သို့သော် ဂျက်ဖရီသည် အမြဲတမ်း သူ့ဝိညာဉ်ထဲမှာ၊ ကွဲကြေနေသော သူ့အသည်းနှလုံးထဲမှာ အမြဲတမ်း ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်အဖွဲ့သားများနှင့် ဝိုင်းဖွဲ့ပြီး နံနက်စာ စားကြသည်။ လီနို စားနေဆဲမှာပင် အချိုကပြီး၊ စီးသွားကြကာ ဇာတ်ဝင်စကားများ အလွတ်ကျက်သူကကျက်၊ ခါးရေးလေ့ကျင့်သူက ကျင့်နှင့် ဇာတ်နှင့် ပတ်သက်သည်များကို ဝီရိယရှိရှိဖြင့် ဆောင်ရွက်လေ့ကျင့်နေကြသည်။

တောထဲမှာပုန်းလျှိုးကွယ်လျှိုးနေနေကြရသော်လည်း သူတို့အားလုံး ပျော်ပျော်ပါးပါးရှိနေကြသည်မှာ အံ့သြစရာ ကောင်းလှလေသည်။

ခရီးထွက်ဖို့ မြင်းပေါ် သူတက်တော့ ဝိုင်းဝန်းသြဘာပေးကြသည်။

မြင်းရောလူပါကောင်းကောင်းစား၊ ကောင်းကောင်းနားပြီး ကောင်း၊ကောင်းအိပ်ထားရသည်မို့ လန်းဆန်းနေသည်။ မှန်းတိတို့ ညွှန်ပြလိုက်သည့်အတိုင်း စီရင်စက်စတာမြို့ဆီသို့ ဦးတည်ပြီး ခရီးနှင်ခဲ့လေတော့သည်။

လီနို၏ ပုံပန်းမှာ ဆံပင်က နက်နက်၊ မုဆိုးမဝတ်ရုံကြီးက ခပ်နွမ်းနွမ်း၊ မျက်နှာဖုံးထူထူကလည်း တပ်ထားသဖြင့် ရုပ်ကောင်းကောင်းပျက်နေတော့သည်။ မည်သူမျှ မှတ်မိနိုင်စရာအကြောင်း မရှိချေ။

ခရီးပြင်းနှင်ခဲ့ရာ ထင်ထားသည့် အချိန်မှာပင် စီရင်စက်စတာမြို့နှင့် မလှမ်း မကမ်းသို့ ရောက်လာတော့သည်။



စီရင်စက်စတာကို ပွဲတော်ရက်တုန်းက သူ့အစ်မ မက်နှင့်အတူ တစ်ခေါက်ပဲ ရောက်ခဲ့ဖူးသည်။ သို့သော်လည်း စီရင်စက်စတာမြို့ကို သူ ကောင်းကောင်း မှတ်မိနေပါသည်။

အောက်ခ်ိဗ်နှင့် ဘောင်း တည်းခိုခန်း ဘယ်နားမှာရှိကြောင်းလည်း သိသည်။ ထို့ကြောင့် တည်းခိုခန်းသို့ မဘောက်လျှောက် မြင်းစီး သွားသည်။

မြို့ကြီးမှာ မြို့ပျက်ကြီး ဖြစ်နေပြီ။ ပြည်တွင်း စစ်က အားလုံးကို ဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်သည်။ ပြည်တွင်းစစ်၏ ဆိုးယုတ်ပုံကို ယခု မျက်ဝါးထင်ထင် မြင်တွေ့နေရလေသည်။

မုဆိုးမ အဝတ်အစားနှင့် မိန်းမတစ်ယောက် မြင်းစီးလာသည်ကို လူအကာ ကြည့်ကြသည်။ လီနိုက ခေါင်းငုံ့ပစ်လိုက်သည်။ မြင်းရှိန်ကိုလည်း လျှော့ချသည်။ မုဆိုးမတစ်ယောက်က မြင်းကို ဒုန်းစိုင်းစီးနေ၍ မဖြစ်။

အောက်ခ်ိဗ်နှင့်ဘောင်း တည်း ခို ခန်းသို့ ရောက်သည်။ သူ့ကို သိသူမရှိသဖြင့် ကံကောင်း နေပါသည်။

မြင်းပေါ်မှဆင်းပြီး အများ စားသောက်ခန်း ထဲသို့ ဝင်သွားသည်။ သစ်သီးဖျော်ရည်တစ်ခွက် မှာသောက်သည်။

ကျွန်ုပ်မဦးလေး ဝိလ်ဆမ်မားကိုများ တွေ့ပါသလားရှင်၊ အလျှင် ရက်သတ္တပတ် နှစ်ပတ် လောက်က

www.burmeseclassic.com

မြို့ကို ရောက်လာတဲ့ လူပါ၊ ကျွန်မယောကျ်ား ရုတ်တရက် ပျက်စီးသွားလို့ သူ့ကို လိုက်ရှာနေတာပါ၊ အတွေ့အကြုံ မရှိတော့ ကျွန်မမှာ မလုပ်တတ် မကိုင်တတ်နဲ့ ဒုက္ခတွေ ရောက်လွန်းလို့၊ ဦးလေးကတော့ ဘာလုပ်ရမယ်ဆိုတာ သိတယ် မဟုတ်လား'

တည်းခိုခန်းပိုင်ရှင်ကို လီနိုက ပြောပြသည်။

တည်းခိုခန်းပိုင်ရှင် ချက်ချင်း ခေါင်း ထောင်သွားသည်။ ချက်ချက်ချာချာရှိလှသော မုဆိုးမ ငယ်ငယ်လေးအပေါ်မှာ မေတ္တာနှာတွေပိုကာ လိုအပ်သည်ထက် ပို၍ အကူအညီများ ပေးတော့သည်။

'ဟုတ်တယ်၊ ကျုပ်တည်းခိုခန်းမှာ ဆမ်းမား လာတည်းတယ်၊ သူ့ကို ကြည့်ရတာ မာမာချောချောကြီးပါပဲ၊ ဒါပေမယ့် ရောက်တဲ့နေ့မှာပဲ သူ အရက်တွေအများကြီးသောက်၊ သိုးသားလေးခြေထောက်တွေ အများကြီး စားပစ်လိုက်တယ်၊ ညကျတော့ ဗိုက်ထဲက အောင့်တယ် အောင့်တယ် အော်တော့တာပါပဲ၊ ဆရာဝန်ကို ကျုပ်တို့ အပြေးအလွှား ခေါ်ပေးတယ်၊ ဆရာဝန်လဲ ချက်ချင်း ရောက်လာပါတယ်၊ ဒါပေမယ့် အသက် မမီတော့ဘူး။

'ကျုပ်တို့မှာ သူ့ဇာတိရပ်ရွာကိုလဲ မသိ၊ သူ့ဆွေမျိုးသားချင်းတွေ ဘယ်မှာ နေကြတယ်ဆိုတာလဲ မသိတော့ ဘယ်လိုမှ အကြောင်းမကြားနိုင်အောင် ဖြစ်နေတယ်၊



နောက်ဆုံးကျတော့ ဆမ်းရဲ့ သား များ ကို သင်္ဂြိုဟ်သလို အမှတ်အသားမရှိတဲ့ မြေပုံတစ်ခုမှာ အရုပ်ကာပဲ ဝိုင်းဝန်း သင်္ဂြိုဟ်လိုက်ကြရတယ်၊ ဘော်ကွန်းမှာ နေတယ်လို့တော့ တစ်ခါတုန်းက သူပြောဖူးတယ်၊ အဲ့ဒီမှာ သူ့ဆွေမျိုးတွေများ ရှိသေးလား'

'ဟုတ်ကဲ့၊ ကျွန်မ အကြောင်းကြားလိုက်ပါမယ်'

လီနိုက ခပ်တိုးတိုး ရေရွတ်သည်။

'သူ့မှာပါတဲ့အဝတ်အစားနဲ့ သူ့မှာပါတဲ့ ပိုက်ဆံက သူ့သင်္ဂြိုဟ်စရိတ်တောင် မကာမိဘူးလေ၊ ကျုပ်က ပဲ စိုက်လိုက်ပါတယ်၊ အဲ... နာရီလေး တစ်လုံးတော့ ကျုပ်သိမ်းထားတယ်၊ သူ့ဆွေမျိုးထဲက တစ်ယောက်ယောက်များ ရောက်လာယင် ပြန်ပေးရအောင်ဆိုပြီး သိမ်းထားတာ...

လီနိုက မျက်ရည်စများကို တို့သည်။ ဦးလေးသေဆုံးသွားပြီဆိုသောသတင်းကို ကြားရသည့်အတွက် စိတ်ထိခိုက် သွားလေဟန် ဆောင်သည်။

ထိုနာရီကို မိမိမယူလိုသောကြောင်း၊ တည်းခိုခန်းပိုင်ရှင် ညီမနှင့် ဦးလေး အဆက်ရနိုင်သည်ဟု ကြားဖူးကြောင်း၊ ထို့ကြောင့် အမှတ်တရပစ္စည်းအဖြစ် တည်းခိုခန်းပိုင်ရှင်၏ ညီမထံသို့ ပေးလိုက်စေလိုကြောင်း လီနိုက အတည်ပေါက်ပြောသည်။

www.burmeseclassic.com



တည်းခိုခန်းပိုင်ရှင်၏ မျက်နှာ ပြုံးပြုံးကြီး ဖြစ်သွားသည်။ လီနို သောက်သည့် သစ်သီးဖျော်ရည်ဖိုးကို 'မပေးပါနဲ့' ပြောပြီး ဇွတ်ယူသွားနေသည်။

'ကျွန်တော်တို့ဆီမှာပဲ ညစာ အတူတူ စားသွားတာပေါ့'

ဟု တည်းခိုခန်း ပိုင်ရှင်က လောကွတ်တွေ ပိုပြန်သည်။

သူတို့နှင့်အတူတူ ညစာစားလျှင် မျက်နှာဖုံး ချွတ်ရတော့မည်။ မျက်နှာဖုံးချွတ်လျှင် သူ့မျက်နှာကို မြင်သွားမည်။ ထိုကာစပြီး ပြဿနာများ ပေါ်နိုင်သည်။

ထို့ကြောင့် လီနိုက စားချင်ပါလျက်နှင့် ဇွတ်အတင်း ငြင်းရလေတော့သည်။

မြင်းပေါ်သို့ ပြန်တက်ရင်း ဘာဆက်လုပ် ရ မည် ကို အခြေအလွှား အမြင်းအထန် စဉ်းစားသည်။

စီရင်စက်စတာမြို့မှာ ဝိလ်ဆမ်းမား သေဆုံးသွားသည် ဆိုသည့်သတင်းသည် မွန်တီ၏ အရှိုက်ကို ထိုးလိုက်သည့်သဘောနှင့် အတူတူပင် ဖြစ်ချေပြီ။ သူတို့ ဇာတ်အဖွဲ့ရှေ့တော်ပြေး မရှိတော့ခြင်းသည် ဇာတ်အဖွဲ့ သား များ အားလုံး ဒုက္ခပင်လယ်ဝေကြပေတော့ ဆိုသည့် သဘောဖြစ်သည်။



ဝိလ်သည် ဇာတ်အဖွဲ့အတွက် လိုအပ်သော ကြိုတင်စီစဉ်မှုများ ဘာတစ်ခုမျှမလုပ်ရသေးမီ ကွယ်လွန်သွားခြင်းဖြစ်သည်။

ရောက်သည့်ညမှာပင် ဆုံးသွားသည်ဆိုတော့ဘာတစ်ခုမျှ စီစဉ်လိုက်နိုင်မည်မဟုတ်ချေ။

တောထဲသို့ပြန်သွားပြီး စိတ်မချမ်းသာစရာ ကောင်းသောသတင်းကို မွန်တီအား ပြောပြရပေတော့မည်။

မြင်းအားလုံး ရေတိုက်ခွင့် ရှိသည့်နေရာသို့ မြင်းကို မောင်းယူသွားသည်။ သွားရင်းလည်း စဉ်းစား နေသည်။

ဝိလ်ဆမ်းမားလုပ်သည့် အစီအစဉ်များကိုမိမိလုပ်လို့ရော မဖြစ်နိုင်ဘူးလား။

သတင်းဆိုးကြီးကိုယူပြီး တောတွင်းသို့ ဘာကြောင့် ပြန်မည်နည်း။

ဇာတ်က,ဖိုကို မိမိကိုယ်တိုင်ဘာကြောင့် မစီစဉ်နိုင်ရမည်နည်း။

တရားမဝင်သည့်ကြက်ပွဲများ ပြုလုပ်လေ့ရှိသောစပါးကျီဟောင်းကြီးတစ်လုံး မြို့ပြင်တစ်နေရာတွင်ရှိနေသည်ကို ပြေးအမှတ်ရလိုက်သည်။

ပွဲတော်ရက်တွင် မက်နှင့်သူလာတုန်းက ပိုင်ရှင်ဆီမှာ ရေတောင်းသောက်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်သည် အသက် လေးဆယ်ကျော်လောက်ရှိပြီး ပျော်ပျော်ပါး နေတတ်ပုံရသည်။

လီနိုတို့ညီအစ်မ ရထောင်းသောက်တော့ မိန်းမချော လေးနှစ်ယောက်ကိုမြင်ပြီး သဘောတွေအရမ်းကောင်းပြ လိုက်သေးသည်။

ထိုသူကို ဆွေးနွေးပြီး ပရိသတ်လာအောင် သတင်း ဖြန့်သည့်ကအစ သူ့ကိုပဲတာဝန်ပုံပေးလိုက်လျှင် ကောင်း မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုစပါးကျီရှိရာသို့ မြင်းနှင်လာရင်း လယ်သမားကြီး ကမိမိ၏မျက်နှာကို မှတ်မိသွားပါက မည်သို့ လုပ်ရမည် နည်းဟု တွေးပြီး စိုးရိမ်စိတ်ကလေး ဝင်လာမိသေး သည်။

စိတ်အားထက်သန်စွာဖြင့် စပါးကျီရှိရာသို့ မြင်းကို ဒုန်းစိုင်းလာခဲ့သည်။

ခပ်လှမ်းလှမ်းဟာစ်နေရာတွင် လယ်သမား၏ဇနီးဖြစ်သူ သည် ဘဲမွေးများကို ရေဆေးနေသည်။

မျက်လုံးအရောင် တောက်တောက်နှင့် ကလေးနှစ် ယောက်ကသူ သူ့ကိုတတ်နိုင်သည့် အိမ်အလုပ်များကိုစိုင်း ကူလုပ်ပေးနေသည်။

ယယ်သမားကို အရိပ်အရောင်မျှမမြင်တွေ့ရချေ။



လီနို အတော် စိတ်ပျက်သွားသည်။ မိန်းမနှင့်သော် လည်းကောင်း၊ ကလေးများနှင့်သော်လည်းကောင်း၊ သူ စကားမပြောချင်ပါ။

ယောက်ျားလုပ်သူနှင့် ပြောရသည်ကမိုကောင်းသော ကြောင့် စိတ်ပျက်သွားခြင်းဖြစ်ပါသည်။

လယ်သမားကို မေးကြည့်ရအောင်ကလည်း နာမည် မသိ။

သို့သော် လီနိုကံကောင်းသွားပါသည်။ အိမ်ဘစ်ဘက် ထောင့်ကွယ်မှ လယ်သမားထွက်လာသည်။

သူ့ကိုမြင်လျှင် မြင်ချင်း လီနိုမှတ်မိသည်။ ထို့ကြောင့် လိုက်လိုက်လှဲလှဲကြီး လှမ်း နှုတ်ဆက်လိုက်မိသည်။

လယ်သမားကလည်း သူ့ကို ယဉ်ယဉ်ကျေးကျေးပြန် ဆက်ဆံသည်။

လီနို၏မြင်းရှိရာသို့ လျှောက်လာသည်။

'ကျွန်မဦးလေးနဲ့ယောကျ်ား ရှေ့ဆင့်နောက်ဆင့်ဆုံး သွားလို့ အိမ်သဲကုပ်နေရတာကြာပြီ၊ ဒါကြောင့် အပြင် ကလေးကောင်းလေသန့်ကလေးလဲ ရှူရအောင်ဆိုပြီးမြင်း စီးထွက်လာတာပါ'

ဟု လီနိုက လှမ်းပြောသည်။

လယ်သမား၏မျက်နှာမှာ စိတ်မကောင်းသည့် အမူ အရာသို့ ပြောင်းလဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ စိတ်မကောင်းလိုက်တာဗျာ'

ဟူ၍လည်း လှိုက်လှဲစွာပြန်ပြောသည်။

'ကျွန်မယောကျ်ားက ဘတ်မြို့ကပါ၊ သူကဟိုမှာပဲဆုံးပါတယ်၊ ဒါပေမယ့် ကျွန်မဦးလေးကတော့ ဒီမြို့မှာဆုံးသွားတယ်၊ အောက်ခ်ဖ်နှင့်ဘောင်းတည်းခိုခန်းမှာ ဆုံးသွားတာပါ၊ နာမည်က ဝီလ်ဆမ်းမားလေ၊ ရှင်တော… သိချင်သိမှာပါ'

'ဝီလ်ဆမ်းမားလား၊ သိပ်ကိုသိတာပေါ့ဗျာ၊ သူဆုံးသွားပြီလား၊ ဒီမြို့မှာဆုံးတာတောင်မှသိလိုက်ရပါလား၊ စိတ်မကောင်းလိုက်တာ ကွယ်....၊ ဒီသတင်း ကြားရတာ တကယ့်ကိုစိတ်မကောင်းပါဘူး'

လယ်သမားက တကယ်စိတ်ထိခိုက်သည့် လေသံဖြင့် ပြောနေခြင်းဖြစ်သည်။

'ဒီလိုဆိုယင် ကျွန်မဦးလေး ဘာအလုပ်လုပ်တယ်ဆို… လဲ ရှင်သိမှာပေါ့နော်'

ဟု လီနိုက အားကိုးတကြီးဖြင့်ဆက်မေးသည်။

'ဟာ....ကောင်းကောင်းသိတာပေါ့ကွယ်၊ ဇာတ်အ… တွေက နိုင်အောင် လိုက်ပြီး စီစဉ်ပေးနေရတဲ့ ရှေ့ပြေးပဲ'

'ရှင်....ရှင်ပိုင်တဲ့ ဟောဟိုစပါးကျီထဲမှာ အလျင်တုန်းကကြက်ပွဲလုပ်ခဲ့ဖူးတယ်မဟုတ်လား'



လီနိုက မရဲ့ရဲမေးကြည့်သည်။ ထိုအခိုက် လေညင်းခပ်ပြင်းပြင်း တိုက်လိုက်သောကြောင့် သူ့မျက်နှာဖုံးလန်သွားပြီထင်ပြီး ရင်ကလေးဖိုသွားသေးသည်။

မျက်နှာဖုံးက လက်ဖြင့် ကမန်းကတန်း ဖိကိုင်ထားလိုက်ရသည်။ အကယ်၍ သူ့မျက်နှာပေါ်သွားသော် သူ့ကို မှတ်မိကောင်း မှတ်မိပေလိမ့်မည်။ ပြီးတော့ သူ ဂရမ်းပြေး ဖြစ်နေသည့် အကြောင်းကိုလည်း လယ်သမားကြီး သိကောင်း သိပေလိမ့်မည်။

နောက်ပြီးတော့ ရိုးရိုး ဝရမ်းပြေးမဟုတ်ဘဲ ဆုငွေထုတ်ခြင်း ခံထားရသော ဂရမ်းပြေးလည်း ဖြစ်ချင်ဖြစ်နေနိုင်သည်။

ထို့ကြောင့် အနီးဆုံး အာဏာပိုင် တစ်ယောက်ယောက်ထံ ဖမ်းပို့ပါက ကြိုးစင်တက်ဖို့မှတစ်ပါး အခြားမရှိပြီ။

မျက်နှာစိမ်းမှန်သမျှ မည်သူ့ကိုမျှ မယုံကြည်ခြင်းသည် အကောင်းဆုံးဖြစ်လေသည်။

'ဟုတ်တယ်၊ ဟိုတုန်းကတော့ ကြက်ပွဲတွေ လုပ်ခဲ့တာပဲ၊ မနှစ်ကအထိ လုပ်နေတုန်းပေါ့၊ နောက်တော့ အာဏာပိုင်တွေက ကြက်ပွဲကို ပိတ်ခိုင်းလိုက်တယ်လေ၊ ကျု… ကိုလဲဖမ်းပြီး ထိပ်တုံး ခတ်ပစ်လိုက်တယ်၊ ဟော…မှာ ကျုပ်ရဲ့ မျက်လုံးတစ်တက်ကို ကြည့်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



လယ်သမားကြီးက မျက်လုံးတစ်ဘက်ကို လက်ညှိုး ထိုးပြသည်။ မျက်ခုံးပေါ်တွင် အနာရွတ်ရှိနေသည်။

'ထိပ်တုံးခတ် ခံထားရတုန်းက တစ်ယောက်ယောက်အာ ခဲနဲ့လာပေါက်သွားသာလေ၊ ကံကောင်းလို့ မျက်လုံးမကန်းတာယ်၊ အလကားအစိုးရ၊ ဘုရင်မင်းမြတ် လက်ထက်က ကောင်းတာတွေ အားလုံးကုန်ပြီ၊ သူတို့ ထင်ရာတွေ လျှောက်လုပ်နေတယ်၊ ထင်ရာဥပဒေတွေကိုပြဋ္ဌာန်းနေတယ်၊ ဒီအစိုးရမြန်မြန်ပြုတ်ကျမှပဲ တိုင်းပြည် သက်သာတော့မယ်၊ တိုင်းသူပြည်သားတွေ ဝဋ်ဆင်းရဲကလွတ်တော့မယ်'

အစိုးရ ဆန့်ကျင်ရေးစကား များကို သူ ဆက်ပြောနေသည်။

သည်အတိုင်းဆိုလျှင်တော့ အကွက် ကောင်းကောင်းဆိုက်ပြီဟု လီနီက ဆောက်ချက်ချလိုက်လေသည်။

'ဒီလိုဆိုယင် ရှင့်စပါးကျီထဲမှာ ကျွန်မတို့ ဇာတ်အဖွဲ့သားတွေကို ကပြခွင့် ပေးနိုင်မလားဟင်....'

လီနီသည် ပရိယာယ်တွေဘာတွေ သုံးမနေတော့ဘဲ တည့်တိုးကြီး မေးချလိုက်လေသည်။

'အခု ဝီလ်ဆမ်းမား သုံးသွားတော့ သူ့ နေရာကို အစားထိုး တာဝန်ပေးဖို့လဲ ကျွန်မတို့မှာ လူမရှိဘူး၊ ကျွန်မကော သူ ပြန်ရောက်မလာနိုင်တာနဲ့ သူ့သတင်း စုံစမ်းဖို့ လိုက်လာခဲ့တာ'



ဟု လီနီက ဆက်ပြောသည်။

'ဒီလိုဆိုယင် မင်းဟာ ဝီလ်ရဲ့ တူမဆိုတာ မဟုတ်ဘူးပေါ့'

လယ်သမားက သေသေချာချာ အကဲခတ်ကြည့်ပြီး မေးသည်။

'မဟုတ်ပါဘူးရှင်၊ သူ့ကိုတော့ ကျွန်မ လုံးဝမသိပါဘူး၊ ကျွန်မတော မှန်တီဆီက ဒါရိုက်လာသာပါ'

လယ်သမားအာ သူ့အနီးရှိ မြက်ပင်တစ်ပင်ကို ဆွဲနှုတ်သည်။ သွားဖြင့်ကိုက်ရင်း ခပ်တွေတွေစဉ်းစားနေသည်။ ကိုက်ထားလောမြက်ပင်ကို တံတွေးနှင့်ရောပြီး ထွေးပစ်လိုက်သည်။

နောက်ဆုံးကျမှ သူ့အသံထွက်လာသည်။

'အင်း.... ကျုပ်လုပ်မှ ဖြစ်တော့မယ်ထင်တယ်၊ ကျုပ်မိန်းမ တို့မှာ ဘဲမွေးတွေ ရေဆေးနေတာတွေ့တယ်မဟုတ်လား၊ တစ်ပတ်အတွင်းမှာ ဒဲနှစ်ကောင် လှည်းတက်နင်းသာ ခံလိုက်ရတယ်လေ၊ ဘာလီစိုက်ခင်းတွေကလဲ ပိုးကျလို့ ဖျက်ဆီးကုန်ပြီ၊ ကြက်မတိုက်ရတာလဲ ဇင်နှစ်ကြာပြီ၊ ကြက်ပွဲလေးမှ လက်ခံမလုပ်ရတော့ ဘာအကောင်းမှ မရှိတော့ဘူး၊ ပိုက်ဆံ နှစ်ပြားပြည့်အောင်တောင် မကိုင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့တဝ၊ ကောင်းပြီ၊ မင်းတို့ ဇာတ်သမားတွေ နေဖို့ နေရာစီစဉ်ပေးမယ်၊ ဇာတ်တဖို့ နေရာပေးမယ်၊ ပွဲကြည့် ပရိသတ်များဖို့ပါ ကျုပ်တာဝန်ယူပေးမယ်၊တီးတိုး ဝါ ဖြန့်ပေးလိုက်ယင် ပြီးတာပဲ'

အမှန်ကန်ဆုံးသော လူကို သူ ရွေးလိုက်မိခြင်း ဖြစ် သည်။ ထို့ကြောင့် လီနိုက သူ့ကိုယ်သူ ပြန်ချီးကျူးနေ လိုက်မိသည်။

'လောလောဆယ်တော့ ကျုပ် ငွေအနည်းအကျဉ်းလို လိမ့်မယ်၊ ဒါမှ မြင်ဆင်မှုတွေကို အခုစလုပ်နိုင်မှာ မဟုတ် လား…'

ထိုစကားကိုတော့ လီနို ကြိုတင်မမျှော်လင့်မထားပါ။ ထို့ကြောင့် ဘာပြန်ဖြေရမှန်းမသိဘဲ တုံ့ဆိုင်းဆိုင်း ဖြစ် နေသည်။

'မှန်တီက အခက်အခဲတွေ အခုလိုကြုံတွေ့ရလိမ့်မယ်လို့ ကြိုသိမထားခဲ့ပါဘူး၊ ဒါကြောင့် ငွေပို မပေးလိုက်ပါ ဘူး၊ ကျွန်မမှာ တည်းခိုခန်းခနဲ့ စားစရိတ်လောက်ပဲ ပါ လာပါတယ်၊ ရှင့်အိမ်မှာ ကျွန်မကို အိပ်ခွင့်ပေးပြီး ညစာ ပါ ကျွေးမယ်ဆိုယင်တော့ အဲဒီပိုက်ဆံတွေ ရှင့်ကိုကျွန်မ ပေးနိုင်ပါတယ်'

'စပါးကျီထဲမှာ မင်းအိပ်နိုင်တယ်၊ထမင်းကိုလဲ ကျုပ် တို့နဲ့ အတူတူစားနိုင်တယ်၊ ဒါပေမယ့် မင်းမှာ ပါလာ



တယ်ဆိုတဲ့ မဖြစ်စလောက် ပိုက်ဆံလေးနဲ့တော့ မလုံ လောက်နိုင်ဘူး'

လယ်သမားက တိုတိုတုတ်တုတ်ပဲ ပြန်ပြောသည်။

လီနို ဘာလုပ်ရမှန်း မသိတော့။

ထို့ကြောင့် ပြောမိပြောရာတွေ လျှောက်ပြောတော့ သည်။

'ဖြစ်တဲ့နည်းနဲ့ပဲ ရှင်စိုက်ထားပါဦး၊ ဒီလိုစိုက်ထားတဲ့ အတွက် ရှင့်ကို အမြတ်ငွေခွဲပေးပါမယ်၊ သိပ်အကြာကြီး စောင့်ရမှာမဟုတ်ပါဘူး၊ ကျွန်မတို့အားလုံးအဆင်သင့်ပဲ၊ ဒီနေ့ကနေ သုံးရက်ဆိုယင် ပွဲသွင်းလို့ ရပြီ'

သုံးရက်နှင့် ကနိုင်ဖို့ဆိုသည်မှာ ဖြစ်နိုင်စရာအကြောင်း ရှိပါသည်။ သို့သော်လည်း အမြတ်ငွေခွဲဝေပေးဖို့ ဆိုသည် မှာ ဟုတ်တဲ့သလား၊ မဟုတ်သလား သူမသိ။ နောင်ခါလာ နောင်ခါချေး၊ မှန်တီ ကြည့်ရှင်းလိမ့်မည်ဆိုပြီး ပြောချ လိုက်ခြင်းဖြစ်သည်။

သည်ကိစ္စ မအောင်မြင်လျှင် သူ့ဘဝ ရေစုန်မျော တော့မည်မှာ သေချာသည်။ သူရလာခဲ့သည့် တည်းခိုခန်းနှင့် စားစရိတ်က ၁ လ.များလည်း အလဟဿ ဖြစ်ရချေတော့ မည်။

www.burmeseclassic.com

www.burmeseclassic.com



အမြတ်ငွေခွဲဝေပေးမည်ဆိုသောကြောင့် လယ်သမားကြီးမှာ အတော် သဘောကျသွားပုံရသည်။

'ကဲ…လာ၊ ညစာ သွားစားကြမယ်'

လယ်သမားကြီးက ကောက်ကာငင်ကာ ပြောချလိုက်သည်။

လီနိုကအမန်းကတန်း စဉ်းစားသည်။ ထမင်းစားလျှင် မျက်နှာဖုံး ချွတ်ရမည်။ မျက်နှာဖုံးချွတ်လျှင် သူ့မျက်နှာကို မြင်ကုန်ကြတော့မည်။ သူ့မျက်နှာကို မြင်သွားလျှင် သူတို့မိတ်ဆွေများကို အမှုမဲ့အမှတ်မဲ့ ပြောမိမည်၊ ထိုစကားသည် စီရင်ခက်စတာ တမြို့လုံးသို့ ပျံ့နှံ့သွားမည်။

ထိုကစပြီ၊ အာဏာပိုင်များဆီသို့ သတင်းပေါက်ကြားသွားကာ သူ့နောက်သို့ အမဲလိုက်ခွေးများ လိုက်သလို လုပ်ကြပေဦးမည်။

'ကျွန်မ…ကျွန်မမျက်နှာပေါ်မှာ အနာကလေးတွေ ရှိနေလို့ပါရှင်၊ ဘေးလူတွေမြင်သွားမှာ ရှက်လို့ပါ'

လီနိုက ပြောမိပြောရာ ပြောချလိုက်သည်။

'ဘာလဲ…၊ ကျောက်ပေါက်တာလား၊ ကျောက်ပေါက်တာဆိုယင်တော့ ကျုပ်တို့အိမ်မှာ လက်မခံနိုင်ဘူး သူငယ်မ…'

လယ်သမားကြီးက ပျာပျာသလဲ ပြောသည်။

လီနိုက စိတ်မသက်မသာဖြင့် သက်ပြင်းချသည်။



'ကျောက်ပေါက်တာမဟုတ်ပါဘူးရှင်၊ အမှန်ကတော့ ကျွန်မယောကျ်ားရိုက်လို့ ရထားတဲ့ ဒဏ်ရာလေးတွေပါ။ ကျွန်မက မှန်တိုတိုဇာတ်ထဲလိုက်ချင်တယ် ပြောမိလို့ကျွန်မယောကျ်ားက ရိုက်ထားတာပါ၊ အဲ့ဒီ ဒဏ်ရာတွေကိုဘေးသူတွေ မြင်မှာ ရှက်လို့ပါ'

လယ်သမားက လီနိုကို မသင်္ကာသလို အကဲခတ်ကြည့်သည်။ သူ့ဘာသာသူ မပွင့်တပွင့် တစ်စုံတစ်ရာ ပြောသည်။ ပြီးတော့ အိမ်ထဲဝင်သွားကာ လီနိုစားဖို့ အစားအသောက်များ ယူလာပေးသည်။

သူကိုယ်တိုင်ကမူ သူ့ဇနီး၊ သူ့သမီးများနှင့် အိမ်ထဲမှာ အတူ စားသည်။ လီနိုမှာလည်း ဆာဆာနှင့် တန်ဆောင်မနေနိုင်တော့ဘဲ ကြွေးသမျှ အကုန်စားပစ်လိုက်လေတော့သည်။

ညအိပ်တော့ အထပ်ခိုးကလေးပေါ်မှာ နေရာပေးသည်။ မြင်းမကလေးကို အောက်မှာ ချည်ပြီး အိပ်လိုက်သည်။ အတော်ကလေးတော့ ညဉ့်နက်သွားသည်။ မှန်တိုတို စောင့်နေသည့် တောတွင်းစခန်းသို့ မနက်ဖြန် အချိန်မီ ပြန်ရေးက ရှိသေးသည်။

နောက်နေ့မနက်တွင်နံနက်စာကိုလည်း မရှိရှိတာကိုပင် ကောင်းရာကောင်းကြောင်းဖြစ်အောင် ပြင်ဆင်ကျွေးမွေးသည်။ လမ်းမှာစားဖို့ ပန်းသီးများကို အိတ်နှင့်ထည့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝင်မီ စခန်းသို့ လီနိုပြန်ရောက်သွားသည်။ မွန်
က သူ့ကို အူယားဖားယားပြေးလာကြိုသည်။

လီနိုက မျက်နှာဖုံးဇာပါးကို နောက်သို့တွန်းဖယ်
လိုက်ပြီး မြင်းပေါ်မှ ဆင်းသည်။

'ဘာသတင်းထူးသလဲ'

လီနိုမြင်းပေါ်မှ မဆင်းမီမှာပင် မွန်တီက မေးနေ
သည်။

'သတင်းက မကောင်းဘူး'

လီနိုက ဝီလ်ဆမ်းမား သေဆုံးသွားသည့်အကြောင်း
များကို သိခဲ့ရသမျှ ပြန်ပြောပြလိုက်သည်။

ဝီလ် သေသွားပြီဆိုသည့် သတင်းကြောင့် မွန်တီမှာ
ကြက်သေသေသွားသည်။ ဇာတ်အဖွဲ့သားများ သူ
ပတ်လည်မှာ ဝိုင်းအုံလာကြသည်။ တစ်ယောက်တစ်ပေါက်
ယင်ရာ မြင်ရာတွေ ပြောကြသည်။ အားလုံးကတော့
စိတ်ပျက်အားငယ်သွားကြသည်ချည်း ဖြစ်သည်။

'သနားပါတယ်၊ ဝီလ်နဲ့ ကျုပ်တို့ ရင်းနှီးလာခဲ့ကြတာ
ကြာပြီ'

မွန်တီမှာ နောက်ဆုံးတွင်မှ ထိုစကားကို အနိုင်နိုင်
ပြောနိုင်လေသည်။

'ရှင်တို့ အခု ဘာလုပ်ကြမလဲ'
လီနိုက မေးကြည့်သည်။



'ဝီလ်သေသွားပြီဆိုတော့ ရှေ့တော်ပြေးအသစ် တစ်
ယောက် ကျုပ်တို့ ရှာကြရတော့မှာပေါ့'

မွန်တီက သူ့ငွေရောင်ဆံပင်များကို လက်ချောင်း
ကလေးများဖြင့် သိုးဖွလိုက်ပြီး ပြောသည်။

'ဒီအလုပ်မျိုး လုပ်တတ်တဲ့လူလဲ ကျုပ်တို့ အထဲမှာ
တစ်ယောက်မှမရှိဘူး၊ ဇာတ်အဖွဲ့ကြီးကိုလဲ ဖျက်မပြစ်
ချင်ဘူး'

မွန်တီမှာ ချက်ချင်းပင် အဘော်စိတ်ထိခိုက်သွားပုံရ
လေသည်။

'ဇာတ်အဖွဲ့ကိုဖျက်သိမ်းပစ်ဖို့ မလိုပါဘူးရှင်'

လီနိုက သူ ဆောင်ရွက်ခဲ့သည်များကို အသေးစိတ်
ရှင်းပြသည်။ လီနို၏မျက်လုံးများမှာ စိတ်အားထက်သန်မှု
ဖြင့် အရောင် တဖွိတ်ဖိတ် တောက်နေကြလေသည်။

မွန်တီ၏မျက်နှာပေါ်တွင် အံ့သြသော အပြုံးတစ်ခု
ဝင်းလက်သွားလေသည်။

'ယုံတောင်မယုံနိုင်စရာကောင်းပါပဲလား၊ ငါတို့
ရှေ့တော်ပြေး အသစ်တစ်ယောက်ရပြီပေါ့၊ ဒါပေမယ့်
အခုရှေ့တော်ပြေးက အမျိုးသမီးကွ'

မွန်တီက သူ့လူများဘက်သို့လှည့်ပြီး ခပ်ကျယ်ကျယ်
အော်ပြောသည်။ ပြီးတော့ ဆက် ရှင်းပြနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝီလ်ကတော့ အခုလုပ်နေတာထက် ပိုကောင်းအောင် လုပ်နိုင်စွမ်းမရှိတော့ဘူး၊ မစ္စလီနိုကို တို့ရဲ့ရှေ့တော်ပြေး အသစ်အဖြစ်နဲ့ လက်ခံနိုင်ကြတယ်မဟုတ်လား'

ဇာတ်အဖွဲ့သားများက လီနိုကိုဝိုင်းပြီးကြည့်ကြသည်။ ပြီးတော့ အားလုံးပြိုင်တူ သဘောတူ ခေါင်းညိတ်ကြလေသည်။

'ကန့်ကွက်သူမရှိ သဘောတူတယ်၊ စီရင်စက်စတာမှာ ဇာတ်ကလို ငွေကြေးတွေအထိုက်အလျောက်ရရင် ဝီလ်အတွက် အထိမ်းအမှတ် ကျောက်တိုင်ကလေးလောက်တော့ တို့ စိုက်ထူပေးရမယ်'

မွန်တီက အစီအစဉ်များကို ရှင်းပြနေသည်။

ထိုအစီအစဉ်ကိုလည်း အားလုံးက သဘောတူညီကြလေသည်။ လီနိုက မွန်တီကိုပြုံးပြီးလှမ်းကြည့်သည်။

ကိုနည်းဖြင့်အဆင်ပြေရာမြို့ရွာများသို့ တိတ်တဆိတ် လိုက်လံကပြဖျော်ဖြေနေရသော ကရားမဝင် ဇာတ်အဖွဲ့တစ်ခု၏ ရှေ့တော်ပြေးဘဝသို့ လီနို ဆိုက်ရောက်သွားရပြန်တော့သည်။

ဇာတ်အဖွဲ့မှာရှိနေသည့် အဝတ်အစားမျိုးစုံ၊ ဆံပင်တုမျိုးစုံတို့သည် လီနိုအမျိုးမျိုးရုပ်ဖျက်ရာတွင်အထောက်အကူအပြည့်ဆုံး ပစ္စည်းများ ဖြစ်နေကြလေသည်။ ပုံစံအမျိုးမျိုးဖျက်ကာ မြို့ပေါင်းများစွာသို့ လှည့်လည်သွားလာပြီး ရှေ့တော်ပြေး တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည်။



ယောကျ်ားများနှင့်အလုပ်အတူလုပ်နေရသော်လည်း အာယ်ယောကျ်ားနှင့်မှုပြီးခွန်းခြင်း မရှိပါ။

တကယ်တော့ ဇာတ်အဖွဲ့သားများနှင့်လည်း အတူနေရသည့်အချိန်ကမရှိသလောက်ရှားသည်။ သူက ရှေ့က ကြိုပြီးသွားနှင့်ရသည်။ တစ်မြို့မှာစီစဉ်သည်။ စီစဉ်ပြီး၍ ဇာတ်အဖွဲ့ရောက်လာသောအခါ သူက နောက်တစ်မြို့သို့ ကြိုတင်စီစဉ်ရန် ထွက်ခွာသွားနှင့်ရပြန်သည်။ ထိုနည်းကြောင့် သူတို့ချင်း အဆုံးအတွေ့ အလွန် နည်းပါးသွားရလေတော့သည်။

ရုပ်ချောခြင်း၊ အစီအစဉ်သေချာကျနခြင်းတို့ကြောင့် အားလုံး၏ယုံကြည်မှုကိုသာ အပြည့်အဝ ရခဲ့လေသည်။

သူ့ဇနီးသည်မှာ စရုံသည် များလှသည်တော့ မဟုတ်ပါ။ သို့သော်လည်း တည်းခိုခန်း ကောင်းကောင်းများမှာ တည်းခိုရသည်။ စားကောင်းသောက်ဖွယ်များကို စားရသည်။ ထို ကြောင့် အလွန်လုပ်ပျော်သည့်အလုပ် ဖြစ်နေသည်။

သမီးလေးဆီသို့ ရွှေဒင်္ဂါးပြားကလေးများနည်းနည်း ကျဉ်းကျဉ်းပြန်ပို့ပေးနိုင်သည်။ စာတော့မရေးပါ။ စာကို ခြေရာကောက်ပြီး သူ့နောက်သို့ အစိုးရဘက်တော်သားများ လိုက်လာမှာစိုးသောကြောင့်ဖြစ်သည်။

မွန်တီက သူ့ကို တပ်မက်သည့်မျက်လုံးများဖြင့် အမြဲကြည့်သည်။ သို့သော် မွန်တီကို သူ ချစ်၍မရပါ။

www.burmeseclassic.com

www.burmeseclassic.com



မွန်တီကို သဘောတော့ကျပါသည်။ ချစ်ဖို့ဆိုသည်ကတော့ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ။ သူ့အသည်းနှလုံးထဲမှာ ဂျက်ဖရီက နေရာယူထားပြီး ဖြစ်သောကြောင့် အခြားမည်သူ့အတွက်မျှ နေရာမရှိတော့ပါ။

နောက်ပြီးတော့ မွန်တီ၏ ဇာတ်အဖွဲ့ ခေါင်းဆောင် ဘဝသည် အလွန်မရေရာမသေချာသောဘဝ ဖြစ်သည်။

လီနီမှာ မျှော်မှန်းချက် အကြီးကြီးတွေ ရှိနေသည်။ တစ်နေ့သော အခါတွင် သမီးလေးနှင့်အတူ အိမ်တောင်းကောင်းမှာ အထက်တန်း ကျကျ နေရမည်။ အေးအန္တရာယ်ကင်းကင်းနှင့် လုံခြုံသောဘဝသစ်မှာ နေရမည်။

နောက်ပြီးတော့ ဂျက်ဖရီရှိသေးသည်။

ဂျက်ဖရီသည် အတိုတ်ဇာတ်လမ်းဖြစ်သည်။ ထိုအတိတ်ဇာတ်လမ်းသည် အောက်စဖို့မြို့မှာ ပြီးဆုံးခဲ့သည်။

သို့သော် လီနီက ဇာတ်လမ်းပြီးဆုံးသွားပြီဆိုသည်ကို လက်မခံနိုင်သေး။ ခေါင်းမာစိတ်ကလေးသည် သူ့အသည်းနှလုံးထဲမှာ ခိုင်မြဲစွာ ကိန်းအောင်း နေချေသည်။



တစ်ခါတစ်ရံတွင် တွမ်းမီးယားရွာကလေးသို့ ပြန်ပြီး သမီးလေးနှင့် စနိုးဖိုင်းယားကို ခိုးပြေးရလျှင်ကောင်းမည်လားဟု တွေးကြည့်နေမိသည်။

တစ်နေရာမှာ ဘဝသစ်ထူထောင်ချင်ပါပြီ။

ချစ်သူ၏ရင်ခွင်မှာလည်း မွေးစက်ချင်ပါပြီ။

✽

www.burmeseclassic.com

www.burmeseclassic.com

စာဆိုဝ်

၍

သန့်ဒန့်မြို့ကဲ ထိုမိန်းမ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း

# တစ်

# မောင်းမမိသံ

www.burmeseclassic.com

www.burmeseclassic.com

လန်ဒန်မြို့၊ အင်္ဂလန်ပြည် ၁၆၆၀-၁၆၆၂

## အခန်း ၂၄

မေလကုန်ရက် သောကြာနေ့ဖြစ်သည်။ ထိုနေ့သည် အင်္ဂလန် နိုင်ငံအတွက် အလွန်ကြီးကျယ်သော နေ့ထူးနေ့မြတ်လည်း ဖြစ်လေသည်။

လွန်ခဲ့သည့်ကိုးနှစ်က ဝူစတာတွင်စစ်ရှုံးပြီး တိုင်းတစ်ပါးသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရသော ဒုတိယမြောက် ချားလ်စ်ဘုရင်သည် အောင်ပွဲခံကာ မြို့တော်ပြန်ဝင်ရောက်သည့် နေ့ဖြစ်သောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ရာသီဥတုလည်း ကောင်းမွန်နေသည်။ ဘုရင်မင်းမြတ်သည် ဒိုဗာကမ်းခြေသို့ တက်ခဲ့ပြီး သဲသောင်ပြင်ပေါ်တွင် ဒူးထောက် ထိုင်ချကာ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ခဲ့လေသည်။

ပြည်တော်ပြန် ဘုရင်မင်းမြတ်အား ကြိုဆိုသည့်အနေဖြင့် တစ်မြို့လုံး တခမ်းတနားပြင်ဆင်ထားလေသည်။

မွန်းတည့်ချိန်တွင် မြို့တော်ဝန်က နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဝတ်ကောင်း စားလှများ ဝတ်ဆင် ထားကြသည့် မှူးကြီးမတ်ရာ သေနာပတိများ၊ မြို့စား နယ်စားများ စုံညီစွာ တက်ရောက်ကြလေသည်။ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြားသည်။

ညနေ လေးနာရီခွဲသည်နှင့် ဘုရင်ကလေးသည် လန်ဒန်မြို့ဘက်သို့ မင်းခမ်းမင်းနားနှင့် ဝင်ခဲ့လေတော့သည်။

ဘုရင်မင်းမြတ်နှင့်အဖွဲ့အား ကြိုဆိုနေကြသည့် ရောမ လူအုပ်ကြီးထဲတွင် လီနို့ဖရင့်ဖို့လည်း တစ်ယောက် အပါအဝင်ဖြစ်လေသည်။

သူ၏ ရွှေရောင်ဆံပင်ကို သပ်ရပ်စွာ ဖြီးထားသည်။ သူ့မှာရှိသည့် အဝတ်အစားများအနက် အကောင်းဆုံးကို ဝတ်ဆင်ထားသည်။

ကမ်းနားလမ်းက လူအုပ်ထဲတွင် အများသူငါလို တိုးဝှေ့ မစောင့်နေတော့ လီနို၏အလှမှာ လူအုပ်ကြားတွင်



ထင်ရှားပေါ်လွင်နေသောကြောင့် ဟိုလူကကြည့်၊ သည်လူကကြည့်နှင့် လူဘကာ၏ ပြောင်ပြောင်ထစ်မျိုး ခိုးကြောင် ခိုးဝှက်တစ်သွယ် ကြည့်ခြင်းကိုသာ ခံနေရလေသည်။

တစ်ချို့ကလည်း မတော်တဆ တိုက်မိသလိုလိုနှင့် တမင်ဝင်တိုက်ပြီး....

'စိတ်မရှိပါနဲ့နော်၊ မတော်လို့ပါ'

ဟု စကားမရှိ စကားရှာ ပြောသူက ပြောကြသည်။

လီနို့သည် တွမ်းမီးယား ရွာသူကလေး မဟုတ်တော့ပါ။ လန်ဒန်မြို့ကြီးသူ ဖြစ်နေပြီ။ ထို့ကြောင့် သူ့မှုယာ ဟန်ပန်မှာ တောဂိုက်မဟုတ်တော့ဘဲ မြို့ကြီးသူလို တသွေးတမွေး ဖြစ်နေသည်။

နဂိုလှသူမှာ ပို၍လှချင်တိုင်း လှနေတော့သည်။

သူ့ပတ်ဝန်းကျင်မှာ အသံပေါင်းစုံတို့ဖြင့် ဆူညံနေသည်။

ဘုရင်မင်းမြတ်ကို စောင့်ကြိုနေကြသူများက တစ်ယောက်တစ်ပေါက် ရောက်တတ်ရာရာများကို ပြောနေကြသည်။

ဈေးသည်များကလည်း သူတို့၏ ကုန်ပစ္စည်းများကို အော်ဟစ် ရောင်းချနေကြသည်။

'နီးပြီလားဟော့၊ နီးပြီဆို ကြိုပြောနော်

www.burmeseclassic.com

www.burmeseclassic.com



ဟု အချင်းချင်း အောင်ပာစ်သတိပေးသည့် အသံများကိုလည်း ကြားရသည်။

ဒုတိယမြောက် ချားလီစ်ဘုရင်ကလေးသည် အင်္ဂလန်ပြည်ကြီးကို ပြန်လည်သိမ်းပိုက်လိုက်ချေပြီ။

သေွးထွက်သံယိုမရှိဘဲ တိုင်းပြည်ကို ပြန်လည် အပ်နှံသောကြောင့် ပြည်တော်ပြန်လာပြီး နန်းသိမ်းသည့်ပွဲ ဖြစ်သည်။

ရှေ့ဆုံးက ချီတက်လာသော မြင်းသည်တော် သုံးရာကို လှမ်းမြင်နေရပြီ၊ သူတို့အားလုံး ဓားလွတ်များကိုကိုင်ထားကြသည်။

ဓားလွတ်များသည် နေရောင်တွင် ပြိုးပြိုးပြက်ပြက် အရောင်လက်နေသည်မှာ မျက်စိပင် ကျိန်းလောက်ပေသည်။

လမ်းဘေးဝဲယာတွင် စောင့်ကြိုနေသူများ၊ အဆောက်အအုံများပေါ်မှ စောင့်ကြိုနေသူများက သောင်းသောင်းဖျဖျ သြဘာပေးကြိုဆိုကြသည်။

သူတို့နောက်မှ တီးဝိုင်းအဖွဲ့၊ နောက် မြို့စောင့်တပ်ဖွဲ့၊ နောက်တီးဝိုင်းအဖွဲ့ စသည်ဖြင့် သူ့အကာန်နှင့်သူ ချီတက်လာကြခြင်းဖြစ်သည်။

လူတွေ ဖိတိုးနေသောကြောင့် လီနီမှာ ဟိုဘက် ရောပါသွားလိုက်၊ ဒီဘက် ညပ်ပါလာလိုက်နှင့် တစ်နေရာတည်းမှာ ပိုင်ပိုင်နိုင်နိုင် ရပ်တည်နေနိုင်ခြင်းမရှိချေ။



ဘုရင်မရှိဘဲ နေခဲ့ရသော အင်္ဂလန် ပြည် ကြီး သည် အဆုံးတစ်နေ့တွင် ကိုယ့်မင်းကိုယ့်ချင်း၊ဖြင့် ပြန် လည် နေထိုင်နိုင်ပါပြီ။

ထိုဘုရင်ကား အရပ် ထောင်ထောင် မောင်း မောင်း၊ ရုပ်ချောချောဘုရင်ငယ်လေး။ ပြီးတော့ လူပျိုဘုရင်။

လီနီ၏ခြေထောက်မှာ မခံမရပ်နိုင်အောင် နာလှပြီ။ ဟိုလူက တက်နင်းလိုက် သည်လူက တက်နင်းလိုက်ဖြင့် အညိုအမည်း စွဲနေလောက်ပြီ။ သို့သော် သူ နည်းနည်းလေး နောက်မတွန့်။

သည်ပွဲကို သူ အကြီးအကျယ် အားခဲထားသည်မဟုတ်ပါလား။

စီချင်စက်စတာမြို့မှာ ဇာတ်အဖွဲ့ ရှေ့တော်ပြေးအဖြစ် ပထမဆုံးအကြိမ် အောင်မြင်စွာ သူ ဆောင်ရွက် နိုင်ပြီးကတည်းက ထိုအလုပ်မှာ သူ အသားကျသွား လေသည်။

'အင်္ဂလန်တစ်ပြည်လုံးမှာ အတော်ဆုံး ရှေ့တော်ပြေးကို ပြပါဆိုယင် လီနီကိုပဲ ပြရမယ်'

ဟူ၍ပင် မွန်တီက လေလုံး မိုးလုံး ထွား ထွား ဖြင့်မကြာခဏ ထုတ်ပြောတတ်သည်။

ဇာတ်အဖွဲ့သား အားလုံးတို့၏ဘဝသည် သူ့အပေါ်တွင် လုံးလုံးလျားလျား တည်မှီနေပြီဖြစ်ကြောင်း လီနီ

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်လာသည်။ သူတို့ပွဲ၏ စိတ် စိတ် က ရေးသားမက အားကာ ပိုင်တို့ ခက်ကွင်းမှ လွတ်ကင်းရေးကိုပါ စိတ်ချရအောင် တာဝန်ယူနိုင်ခဲ့ရသည်။

လီနို့ဘက်က တစ်ချက်ဘာလေးမှားယွင်း သွားသည်နှင့် သူတို့အားလုံး၏ဘဝ ပျက်ရတော့မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်သည်။

သူ ရုပ်ကိုဖျက်ပြီး တစ်မြို့ပြီးတစ်မြို့ ကူးသန်းသွားလာခဲ့သည်။ ရုပ်ဖျက်ရာတွင် တစ်နေရာမှာ ပုံတစ်မျိုး ဖြစ်အောင် ဖန်တီးနိုင်သော်လည်း သူ့အလှကိုမူ လုံးဝကွယ်ပျောက်သွားအောင် ဖုံးဖိနိုင်ခြင်းမရှိပါ။

စင်းလုံးချောကာ နေရာဘာတာမှာအန္တရာယ်ကင်းသည်ဟူ၍တော့ မဆိုသာပါ။ အသင့်ဆောင်ထားသော ပစ္စတိုသေနတ်အကူအညီယူပြီး ဘေးကင်းအောင် ရှောင်တိမ်းရသည့်အကြိမ်များလည်း ရှိပါသည်။

ငွေအနည်းအကျဉ်းကို စုမိဆောင်းမိခဲ့သည်။ ငွေကလေး စုမိဆောင်းမိလာပြီဆိုတော့ စိတ်ကူး ယဉ် လာသည်။ ထိုငွေကလေးကို အရင်းအနှီးလုပ်ပြီး ကိုလိုနီနယ်သစ်သို့ သွားမည်။

ကိုလိုနီနယ်သစ်သို့ သူတစ်ယောက်တည်းသွားဖို့ မဟုတ်ပါ။ ဘမီးလေး လိုရီနာနှင့် ဂျက်ဖရီတို့ကိုပါ ခေါ်သွားဖို့ စိတ်ကူးယဉ်ထားခြင်းဖြစ်ပါသည်။



၁၆၅၈ ခုနှစ်တွင် အော်လီဗာ ကရွမ်းဝဲလ် ကွယ်လွန်သွားသည်။ လီနို့မှာ မျှော်လင့်ချက်များဖြင့် ရင်ခုန်လိုက်ရသည်မှာ အမောပင်။

ဘုရင်မင်းမြတ် နန်းပြန်ရတော့မည်။ သည်အတိုင်းဆိုလျှင် ဘုရင်မင်းမြတ် ဘက်တော်သား ဖြစ်သောကြောင့် နိုင်ငံတော် သစ္စာ ဖောက်မှုဖြင့် ကြိုးစင်တက်ရမည့် အမှုတစ်ခုတော့ ကွင်းလုံးကျွတ် လွတ်ရပေတော့မည် ဟူသော အတွေးဖြင့် အကြီးအကျယ် စိတ်ချမ်းသာခဲ့ရသည်။

သို့သော်လည်း ကရွမ်းဝဲလ်၏ သုံးဆယ်တစ်နှစ်အရွယ်ရှိ ရစ်ချတ် ကရွမ်းဝဲလ်က ဖခင်၏ အရိုက်အရာကို ဆက်လက် ခံယူလေရာ ဘာအပြောင်းအလဲတစ်ခုမျှ ဖြစ်မလာဘဲ အင်္ဂလန်ပြည်ကြီးသည် ဒုက္ခပင်လယ် ဝေမြစ်ဝေလျက်ရှိနေလေတော့သည်။

ဇာတ်ပွဲများကို ပိတ်မြဲပိတ်ထားသည်။ အရက်ဆိုင်အားလုံးကို ဘာနက်နှင့် နေ့တိုင်း ပိတ်စေသည်။ ရဲသားများသည် မည်သည့်နေအိမ်ကို မဆို ဝရမ်းမပါဘဲ အချိန်မရွေး ဝင်ရောက် ဖမ်းစီးနိုင်သည်။ နာတာလူးပွဲတော်များ ကျင်းပခြင်းကိုလည်း ပိတ်ပင်မြဲ ပိတ်ပင် ထားသည်။

ထို့ကြောင့် လီနို့တစ်ယောက်တည်း စိတ် ပျက်ခြင်း မဟုတ်ပါ။ လူတိုင်းလိုလို စိတ်ဓာတ်ကျကာ အင်္ဂလန်တစ်ပြည်လုံး ကြိမ်မီးအုံး ဖြစ်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ငယ် မယားငယ်နေမှုတို့လိုလည်း သေဒဏ်အပြစ်ပေးသည်။ ထို့ကြောင့် တရားသူကြီးများက လင်ငယ်မယားငယ် နေမှုများကို ပြစ်မှု မထင်ရှား ကြောင်းချည်း စီရင်ချက်ချနေကြရလေသည်။

ပျူရီတန် အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကို တစ်ပြည်ထောင်လုံး ခါးစည်း ခံနေကြရပြီး တစ်ပြည်ထောင်လုံးအာ မကျေမနပ် ဖြစ်နေကြလေသည်။

၁၆၅၉-ခုနှစ်တွင် ကောလာဟလသတင်းများ ပေါ်ထွက်လာသည်။

အသက် နှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်သော ဒုတိယမြောက်ချားလ်ဘုရင်မင်း၊မြတ်သည် စပိန်ပိုင် နယ်သာလင်တိုင်းပြည်တွင် ခိုလှုံလျက်ရှိကြောင်း၊ လက်ရှိ အစိုးရခေါင်းဆောင် ရစ်ချက်ကရွမ်းဝဲလ်ထက် ကျော်ဇောတိုက်ကမကြီးကြောင်းများကို အုပ်စုကလေးဖွဲ့ပြီး ပြော ဆို နေကြသည်။

တစ်ရက်တွင် လီနီက ဝင်ချက်စတာမြို့ထဲသို့ မြင်းစီးဝင်ခဲ့သည်။ ဇာတ်ပွဲအတွက်ကြိုတင်ပြင်ဆင်ရန် ဖြစ်သည်။ ထိုနေ့မှာပင် မွန်တီတို့တစ်ဖွဲ့လုံး အဖမ်းခံလိုက်ရလေတော့သည်။



အသုဘာလိုက်ပို့သော ပရိသတ်ထဲမှ တရားသူကြီးတစ်ယောက်က မွန်တီ့ကို မှတ်မိပြီး ဖမ်းသွားခြင်းဖြစ်လေသည်။

လီနီက မွန်တီ၏ ညီမအဖြစ် ထောင်ဝင်စာ သွားတွေ့သည်။

မွန်တီက မိမိတို့ကို အနည်းဆုံး နယ်နှင်ဒဏ်ခတ်မည်မှာ သေချာကြောင်း၊ ထို့ထက် ပြစ်ဒဏ်ကြီးဖို့သာ များကြောင်း၊ ထို့ကြောင့်လီနီအနေဖြင့် မိမိတို့ကို မျှော်သင့်စောင့်စားမနေတော့ဘဲ လန်ဒန်မြို့သို့ ပြောင်းရွှေ့နေထိုင်ကာ သင့်ရာအလုပ်ကို လုပ်ကိုင်အသက်မွေးစေလိုကြောင်း အကြံဉာဏ်ပေးခဲ့သည်။

ထိုနည်းအားဖြင့် လန်ဒန်မြို့သို့ လီနီ ရောက်လာခြင်းဖြစ်လေသည်။

နှင်းတွေခဲနေသည့် ရာသီဥတုအလွန်ဆိုးသော ဆောင်းရက် တစ်ရက်တွင် လန်ဒန်မြို့သို့ သူရောက်လာသည်။ မြို့ကြီးက ဖြစ်ချင်တိုင်း ဖြစ်နေသည်။ အမှိုက်ရှုပ်တွေ ဖြစ်နေသည်။ မင်းမဲ့စရိုက်တွေ လွှမ်းမိုးနေသည်။

မွန်တီ၏ ဇာတ်အဖွဲ့သည် အဖမ်းခံရမည် ဆိုးသောကြောင့် တတ်နိုင်သလောက် မြို့ကြီးပြကြီးများကို ရှောင်တိမ်းခဲ့သည်။ တောမြို့ကလေး များသို့သာ လှည့်လည်သွားလာကာ ကပြဖျော်ဖြေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လီနီသည် မြို့ကြီးပြကြီးများသို့ ရောက်ဖူးသူမဟုတ်။ ရောက်ခွင့်လည်း မကြုံခဲ့။

ယခု လန်ဒန်မြို့ကြီးကို မြင်ရသောအခါ ကိုယ့်မျက်စိကိုယ်မယုံကြည်နိုင်အောင် ဖြစ်ရတော့သည်။

မြို့ပေါ်မှာ နေနေသည့် လူဦးရေက လေးသိန်းရှိသည်။

မြို့က ကြီးသလောက် ညစ်ပတ်သည်။ လမ်းတွေက စနစ်မကျ။ ရေနုတ်မြောင်းတွေ စနစ်တကျမရှိ။ ရွှံ့ဗွက်များ နေရာတကာမှာ ရှိသည်။ အိမ်အမိုးများကို စည်းမဲ့ကမ်းမဲ့ မိုးထားကြသည်။

ထို့ကြောင့် လမ်းပေါ်မှ ခရီးသွားများပေါ်သို့ တံစက်မြိတ်မှ ရေများ ကျလိုကျဖြင့် ဖြစ်ချင်တိုင်း ဖြစ်နေသည်။

တစ်မြို့လုံး မီးခိုးများ မှောင်နေသည်။

မီးခိုးခေါင်းတိုင်များကို စနစ်တကျ စည်းကမ်းနှင့်အညီ ဆောက်လုပ်ထားခြင်းလည်း မရှိ။

မည်သို့ဆိုစေ အလွန်စိတ်လှုပ်ရှားစရာ ကောင်းသောမြို့ကြီးတစ်မြို့ ဖြစ်သည်ကား သေချာပါသည်။

များပြားလိုက်သည့် မြင်းရထားများ၊ မြင်းများ၊ ခြေလျင် ခရီးသည်များမှာ ရှောင်တိမ်း၍ပင် မလွတ်နိုင်အောင် ဖြစ်နေသည်။



မြင်းရထား စီးသွားသည့် လူကြီးလူကောင်းများနှင့် အမျိုးသမီးများကို မြင်ရသည်အထိ စိတ်လှုပ်ရှားစရာ ကောင်းလှလေသည်။

တောမှ ရောက်လာသူများ ကအံ့သြ ဖြစ်ကြစမြဲအတိုင်း လီနီသည်လည်း မြင်လေရာအဆောက်အအုံတို့ကို အံ့သြမကုန်နိုင်အောင် ဖြစ်နေသည်။

ကြီးမားလှသည့် ဘုရားရှိခိုးကျောင်းကြီးများ၊ နန်းတော်ဆောင်များ၊ ပထမမြောက် ချားလ်စ် ဘုရင်ကို ခေါင်းဖြတ်သတ်သည့် ကြိုးတိုက် စသည်တို့ကို ကြည့်ပြီး မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

ဂရင်းဝစ် အရပ်မှာရှိသော ကျူဒေါ်ပုံ စံနန်းတော် အဆောက်အအုံကိုမူ ပျူရီတန်များက ဘီစကွတ်စက်ရုံ အဖြစ် ပြောင်းလဲပစ်လိုက်ကြလေသည်။

လန်ဒန်မြို့၏ တည်းခိုခန်းများ၊ စားသောက်ဆိုင်များသည် စိတ်ချမ်းသာဖို့ အလွန်ကောင်းပါသည်။ ပိုက်ဆံရှိဖို့သာ လိုသည်။ ပိုက်ဆံရှိလျှင် ဘာစားချင်သလဲ၊ ဘာသောက်ချင်သလဲ၊ လိုတာအကုန်ရသည်။

ပျူရီတန်တွေ အာဏာမရမီ ဘုရင်လက်ထက်တုန်းက ဆိုလျှင် လွတ်လွတ်လပ်လပ်နှင့် အဘယ်မျှလောက် ပျော်စရာ ကောင်းမည်နည်းဟု လီနီ တွေးတွေးကြည့်ရသည်မှာလည်း မမောနိုင်အောင် ဖြစ်ချေသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနီမှာ စုံဆောင်းထားသော ငွေအနည်း အကျဉ်းရှိသည်။

သို့သော်လည်းအသက်မွေးဝမ်းကျောင်း ပညာတော့ တစ်ခုမျှမတတ်။

တည်းခိုခန်းတစ်ခုမှာ သူငှားနေသည်။နိုင်ငံရေးရာသီဥတုကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။

ဘယ်ဘက်ကို လေတိုက်သလဲ....။

မနေ့သဟာ ယ ဘက်ကိုလား....။

ဘုရင်စနစ် ဘက်ကိုလား။

မကြာမီမှာပင် အဒဖြဘစ်ခုကသော့ ပေါ်ကို ပေါ်ရတော့မည် ဖြစ်ကြောင်း၊ သူ သေချာပေါက် သိနေသည်။ အင်္ဂလန်နိုင်ငံကြီးသည် ဟိုမရောက် ဒီမရောက်ဖြင့် နှုတ်ခမ်းပေါ်တွင် ကြာရှည် ကန့်လန့်ကြီး တင်နေ၍ မဖြစ်နိုင်ပါ။ တစ်ဘက်ဘက်ကိုတော့ ယိမ်းကို ယိမ်းရပေတော့မည်။

လန်ဒန်တံတားကြီး အနီးရှိ ဂျော့အရပ်မှ တည်းခိုခန်းတစ်ခုမှာ သူနေထိုင်သည်။

ထိုတည်းခိုခန်းတွင် တည်းနေသော မစ္စက်ပေါ့တ်စ်ဆိုသူက လီနီကို မြင်လျှင် မြင်ချင်း ခင်သွားသည်။

ထို့ကြောင့် သူတို့နှစ်ယောက် အတော် တွဲဖြစ်နေကြသည်။



မစ္စက်ပေါ့တ်စ်က အသက်ငါးဆယ်ကျော် မုဆိုးမတစ်ဦး ဖြစ်သည်။ ရှိစုမဲ့စုကလေးများကို ထုခွဲ ရောင်းချကာ လန်ဒန်မြို့သို့ ပြောင်းရွှေ့လာခြင်း ဖြစ်သည်။

သူတို့နှစ်ယောက် တွဲနေကြသည်ဆိုသော်လည်း စရိုက်ချင်းကတော့ သိပ်မတူပါ။

မစ္စက်ပေါ့တ်စ်က ယောကျ်ားများကို စိတ်ဝင်စားသည်။

သူလိုပင် လီနီ့ကိုလည်း စိတ်ဝင်စားစေချင်သည်။

ဇီဇင်ဘာသတွင် လန်ဒန်မြို့သို့ သူတို့ရောက်လာကြရာ ရာသီဥတုအရှမ်းဆိုးနေချိန်ဖြစ်သည်။ မစ္စက်ပေါ့တ်စ်မှာ ဖျားတောင်ဖျားယူသည်။ အိပ်ရာထဲလဲ့နေတုန်း စိတ်ပြေလက်ပျောက်မှုဖြစ်ပါစေတော့ဆိုသည့် သဘောဖြင့် လီနီက လက်ဆောင်ကလေးများ ဝယ်ပေးတတ်သည်။

ဇန်နဝါရီလကုန်တော့ ဘုရင်မင်းမြတ် နန်းပြန်တက်ရေးကိုစွန့်ပတ်သက်၍ တိုင်းသူပြည်သားများက ပြောင်ပြောင်တင်းတင်းပင် ဖွင့်ဟပြောဆိုလာကြသည်။

ဗိုလ်ချုပ်ကြီးမန့် ဦးဆောင်သည့် တပ်မတော်ကြီးကလည်း မြစ်ချောင်းများ၊ ဒူးလောက်နက်သည့် ရွှံ့ဗွက်များ၊ နှင်းခဲများကိုကျော်ဖြတ်ကာ လန်ဒန်ကို ဦးတည်ပြီး ချီတက်လာနေပြီဆိုသောသတင်းများကို နားမ... အောင် ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လန်ဒန်သို့ရောက်မလာနိုင်သေး။ ယောက်မြို့သို့ ရောက်လာပြီဆိုသည့်သတင်း၊ ထိုမှတစ်ဆင့် နော့တင်ဂမ်သို့ရောက်နေပြီဆိုသည့် သတင်းများကို ဆင့်ကာဆင့်ကာကြားနေရသည်။

ကြန့်ကြာနေရပါမည်လားဆိုကာ လီနီမှာ စိတ်မရှည်နိုင်အောင် ဖြစ်နေမိသည်။

ချော့ ရပ်ကွက်မှာရှိသော ယောက်ျားသားများက လီနီကို စိတ်ဝင်စားကြကြောင်း လီနီကရော မစ္စက်ပေါ့တ်စ်ကပါ သတိထားမိသည်။

သို့သော် လီနီသည် ဂျက်ဖရီအပေါ် သစ္စာထားသော မိန်းကလေးဖြစ်သည်။ တစ်သက်တွင် အချစ်ပန်း တစ်ကြိမ်သာပွင့်မည်ဆိုသော မိန်းကလေးမျိုးဖြစ်သည်။ ဂျက်ဖရီကလွဲပြီး မည်သည့်ယောက်ျားကိုမျှ သူ စိတ်မဝင်စားနိုင်ပါ။

တိုင်းပြည်၏အခြေအနေမငြိမ်သက်သလို မြို့တော်ဖြစ်သော လန်ဒန်မြို့ကြီး၏ အခြေအနေ များသည်လည်း လှုပ်လှုပ်ရှရှ ဖြစ်နေသည်။ ရာဇဝတ်မှု ကျူးလွန်သည်ဆိုသူများကို လူပုံအလယ်တွင် ကြိုးစဉ် တင်နေသည်မှာ နေ့စဉ်နှင့်အမျှဖြစ်သည်။

ဖေဖော်ဝါရီ ၃ ရက်နေ့တွင် အင်အား ငါးထောင်ပါသော ဗိုလ်ချုပ်ကြီးမန့်၏တပ်ကြီးသည် လန်ဒန်မြို့တွင်း



သို့ အောင်မြင်စွာ ချီတက် ဝင်ရောက်လာနိုင်လေတော့သည်။

မြို့သူမြို့သားများက သောင်းသောင်းဖျဖျ ကြိုဆိုကြသည်။ ကြိုဆိုသူများထဲတွင် လီနီနှင့် မစ္စက်ပေါ့တ်စ်တို့ နှစ်ယောက်လည်း ထိပ်ဆုံးမှ ပါဝင်ကြလေသည်။

ဗိုလ်ချုပ်ကြီးမန့်က လန်ဒန်ထောင်ကြီးကို သိမ်းပိုက်လိုက်သည်။ မတရားသဖြင့်ဖမ်းဆီး ချုပ်နှောင်ထားသည့် အကျဉ်းသားများကို လွှတ်ပေးလိုက်သည်။

မြို့ဝင်မြို့ထွက် ရှာဖွေရေးဂိတ်များကို ဖျက်သိမ်းပစ်လိုက်သည်။

ပါလီမန် အစည်းအဝေးများ ကျင်းပခြင်းကို ရပ်သိမ်းလိုက်သည်။ ထို့ကြောင့် အလွန် တိုးတောင်းသည့် အချိန်အတွင်း ဘုရင်မင်းမြတ် ပြည်တော်ပြန်လာတော့မည်ဟု အားလုံးက နားလည်လိုက်ကြလေသည်။

လန်ဒန်မြို့ကြီးနှင့် အနယ်နယ် အရပ်ရပ်မှာ ပျော်ပွဲရှင်ပွဲတွေကျင်းပကြသည်။ မီးပုံပွဲများလည်း ထိန်ထိန်ညီးနေသည်။ လမ်းမများပေါ်သို့ လူတွေ ထွက်လာကြသည်။ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ တွေ့ကရာ လူကို ဖက်ပြီး ဝမ်းသာအားရ ကခုန်ကြသည်။

သီချင်းများ အော်ဟစ်သီဆိုကြသည်။ ဘုရင်မင်းမြတ် သက်တော်ရာကျော် ရှည်စေကြောင်းနှင့် ကျန်းမာစေကြောင်း ဆုတောင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးမန့်ဘာ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဝိုက်တ်ဟောသို့ပြောင်းရွှေ့လာပြီး ဌာနချုပ် ဖွင့်သည်။
ထိုနေ့မှာပင် အောက်မေ့ဖွယ်အခမ်းအနားကို ပြည်သူ့ အခမ်းအနားကြီးအဖြစ်ကျင်းပသည်။

မစ္စက်ပေါ့တ်စ်သည် နိုင်ငံရေး နားလည်သူမဟုတ်။

စိတ်ဝင်စားသူလည်းမဟုတ်။ သို့သော် ဆက်တိုက်ဖြစ်ပေါ်လာသည့် အပြောင်းအလဲများကြောင့် နေ့ချင်းညချင်းပင် ဘုရင့်ဘက်တော်သား ဖြစ်လာသည်။

ဘုရင်ပိုင်သည့်ထီးနန်းကို ဘုရင်ကိုယ်တိုင် ပြန်လည်ရယူတော့မည်ဖြစ်သောကြောင့် သူ အပျော်ကြီး ပျော်နေသည်။ ဘရပ်ဆယ်မြို့မှာရောက်နေသော ဘုရင် ပြည်တော်ပြန်လာပြီ ဆိုသည့် သတင်းကိုလည်း သူ ကြားလာသည်။

ဘုရင်မင်းမြတ် ပြန်လည်ရောက်ရှိလာသည် ဆိုခြင်းမှာ ဂျက်ဖရီပြန်ရောက်လာပြီဟုပြောလိုက်ခြင်းနှင့် အဓိပ္ပာယ်အတူတူဖြစ်ကြောင်း လီနိုဘာ စဉ်းစားကြည့်နေမိသည်။

ဘရပ်ဆယ်မြို့တွင် ဘုရင်မင်းမြတ်နှင့်အတူ ဂျက်ဖရီ ရှိနေကြောင်း ယုံမှားသံသယ ဖြစ်စရာ အကြောင်းမရှိပါ။

သူ အလုပ်တစ်ခုခုဝင်လုပ်တော့မှုဖြစ်မည်ကို သိသည်။ သို့သော်လည်း စိတ်မပါနိုင်အောင်ဖြစ်နေသည်။



သူ့စိတ်ထဲမှာ ဂျက်ဖရီပြန်မည့်ရက်ကိုသာ လက်ချိုးပြီးရေတွက်နေမိလေတော့သည်။

မတ်လသည် မိုးအများဆုံးလဖြစ်သည်။ ထို့ကြောင့် မတ်လ ၂၀-ရက်နေ့တွင် သိမ်းမြစ်ကြီး ရေလျှံသည်။ အနိမ့်ပိုင်း ရပ်ကွက်များမှာ ရေလွှမ်းသွားကြရသည်။

လီနိုမှာ တည်းခိုခန်းရောက်အောင် မိုးကြား ရေကြားတွင် ခက်ခက်ခဲခဲပြန်လာရသည်။

တည်းခိုဆောင် ဧည့်ခန်းထဲတွင် မစ္စက်ပေါ့တ်စ် ထိုင်ပြီး မီးလှုံနေသည်ကို တွေ့ရသည်။

လီနိုဝင်သွားတော့ စာတစ်စောင်ကို လှုပ်ယမ်းပြပြီး စိတ်လှုပ်ရှားသည့် အသံဖြင့် ဆီးပြောသည်။

'ဒန်းကတ်မြို့မှာ စစ်သားတွေက ဘုရင်မင်းမြတ်ကျန်းမာစေဖို့ ပြောင်ပြောင်တင်းတင်း ဆုတောင်းကြတယ်တဲ့'

အရပ်ထဲကတွင် သူ့မှာ မိတ်ဆွေတွေရှိသည်။ ထိုမိတ်ဆွေများနှင့် အမြဲတစေ စာဖြင့်အဆက်အသွယ် လုပ်နေသည်။

ထို့ကြောင့် မစ္စက်ပေါ့တ်စ်ထံမှ သတင်း မျိုးစုံကြားရလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ် ရေလက်ကြားအတွင်း၌မှုန်တိုင်းကျနေသော ကြောင့် ဘုရင်မင်းမြတ်၏ ထွက်ခွာရက်ကို နှောင့်နှေး ကြန့်ကြာစေသည်။

နောက်ဆုံး မေလ ၂၂-ရက်နေ့တွင်ရာသီဥတုကောင်း မွန်လာတော့သည်။

နောက်နေ့ မနက်စောစောလေးနာရီမှာပင် ဘုရင်နှင့်အဖွဲ့ ပြည် တော်ပြန် ခရီးကြတော့သည်။

နောက်နှစ်ရက်အကြာ အရှက်တက်ချိန်တွင် ဘုရင့် ရေတပ်မတော်သည် ဒိုဗာမှာကျောက်ချသည်။

ဘုရင်ငယ်က ကမ်းပေါ်တက်ပြီး သဲသောင်ပြင်ပေါ် တွင် ဒူးထောက်ထိုင်သည်။

ယခုကဲ့သို့ မိမိတိုင်းပြည်ပြန်လာနိုင်သည့်အတွက်ဘုရား သခင်၏ဂုဏ်ကျေးဇူးတော်ကို အောက်မေ့သည်။

ကမ်းခြေစောင့်တပ်က ဂုဏ်ပြုအမြောက်များ ပစ် ဖောက်ပေးသည်။

ထို့နောက်တွင် လန်ဒန်မြို့ ရောက်သည်အထိ ကြီး ကျယ် ခမ်းနားသည့် ချီတက်ပွဲကြီးစတင်ကျင်းပလေတော့ သည်။

ဒိုဗာမှ ကင်တာဘာရီ။
ကင်တာဘာရီမှ ရိုချက်စတာ။
ရိုချက်စတာမှ စိန့်ဂျော့။



လန်ဒန်မြို့တော်ဝန်က စိန့်ဂျော့မှ စောင့်ကြိုနေသည်။ လန်ဒန်တံတားကြီးကို ထူထူကဲကဲ အလှအပများ ဖြင့် မွန်းမံပြင်ဆင်ထားသည်။

မြို့တော်သူ မြို့တော်သား များကလည်း ကြက်ပျံ မကျနိုင်လောက်အောင် စည်ကားစွာ စောင့်ကြိုနေကြ သည်။

ထိုလူအုပ်ကြီးထဲတွင် လီနိုလည်း တင်ယောက် အပါ အဝင်ဖြစ်သည်။

ရပ်စရာနေရာကလေး တစ်နေရာ ရဖို့ကိုပင် အတော် ကြိုးစားထားရသည်။

အောင်ပွဲခံ တပ်မတော်ကြီး ချီတက်လာသည်ကို ခြေ ဖျားကလေး ထောက်ကာ ဆောက်ကာဖြင့် ခက်ခက်ခဲခဲ ကြည့်ရသည်။

ထိုသို့ကြည့်ရင်း ဝူစတာမြို့တုန်းက အကြောင်းများကို သတိပြန်ရသည်။

ဝူစတာမြို့မှာ ဘုရင်စစ်ရှုံးသွားသည်။ ထို့ကြောင့် ကိုယ်လွတ် ရုန်းပြေးခဲ့ရသည်။ တိုင်းပြည်ကို စွန့်ခွာခဲ့ရ သည်။

ယခု သူစွန့်ခွာခဲ့သော တိုင်းပြည်သို့ ပြန်လည်ရောက်ရှိ လာချေပြီ။

ထီးနန်းကိုလည်း ပြန်လည်သိမ်းပိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘင်ခရာတီးဝိုင်းများမှ အသံစုံတို့သည် နားပင်းတော့မတတ် ကျယ်လောင်လွှင့်လှပါသည်။

ထရမ့်ပက်များ သံပြိုင်မှုတ်လာသည်။

အသက်ကယ်တပ်ဖွဲ့ ချီတက်သွားသည်။

သူလည်း ဘင်ခရာဝိုင်းလိုပင် ဆူညံလှသည်။

လီနီသည် မစ္စက်ပေါ့တ်စ်နှင့် လူချင်းခွဲခဲ့သည်။

သူက လန်ဒန်တံတားကြီးနားမှာ လာကြည့်သည်။ ပြည်ကော်ပြန် တပ်များထဲတွင် ဂျက်ဖရီ ပါရမည်။ ဂျက်ဖရီသည် မြင်းသည်တော် တပ်နှင့်အတူ မြင်းစီးပြီး ဝင်လာပေလိမ့်မည်။

ဂျက်ဖရီ မြင်းစီးပြီး ချီတက်လာသည်ကို မြင်လျှင် သူ မုချ မျက်ရည်ကျမည်။

မျက်ရည်ကျလျှင် မစ္စက်ပေါ့တ်စ်က အမေးအမြန်း ထူလိမ့်မည်။

အမေးအမြန်း အထူခံချင်သေးသောကြောင့် လူချင်း ခွဲခဲ့ခြင်းဖြစ်လေသည်။

တပ်ဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ချီတက်သွားကြသည်။ မြို့စောင့်တပ်၊ မြို့စောင့်တပ်မှ အရာရှိများ၊ အရန်တပ်၊ အရန်တပ်ဖွဲ့မှအရာရှိများသူ့အစီအစဉ်နှင့်သူ ချီတက်သွားကြသည်။



ဓါးလွတ်ကို ထောင်လျက်သား ကိုင်ဆောင်ထားသည့် လန်ဒန်မြို့တော်ဝန်ကြီး ချီတက်လာသည်။ သူနှင့်အတူ ဗိုလ်ချုပ်ကြီးမန့်နှင့် ဘာကင်ဟမ် မြို့စားကြီးတို့လည်း လိုက်ပါလာကြသည်။

လီနီမှာ အသက်ရှူ မှားသွားသည်။ ရင်တွေလည်း အရမ်းခုန်လာသည်။

ဂျက်ဖရီ ဘယ်မှာလဲ...။

လန်ဒန်မြို့တော်ဝန်ကြီး ချီတက်လာပြီဆိုလျှင် သူနှင့် မလှမ်းမကမ်းမှ ဘုရင်မင်းမြတ်နှင့်အဖွဲ့ လိုက်ပါ လာပေလိမ့်မည်။

ဂျက်ဖရီသည် ဘုရင်မင်းမြတ်နှင့်အတူ ရှိနေပေလိမ့်မည်။

အတတ်နိုင်ဆုံး ခြေဖျားကလေး ထောက်ကြည့်သည်။ မြင်ကွင်း ပိုကောင်းအောင်ကြိုးစားသည်။

ထိုအချိန်မှာပင် ရှေ့နားမှ လူအုပ်၏အော်ဟစ် နှုတ်ဆက်သံသည် မိုးချုန်းသကဲ့သို့မြည်ဟည်းသွားလေသည်။ ပဝါများ၊ အဝတ်များ၊ တဘက်များကိုလည်း ဝှေ့ယမ်းပြကြသည်။

ထိုနေရာသို့ ဘုရင်မင်းမြတ် ရောက်လာပေပြီ။

ထို့ကြောင့် သဲသဲလှုပ် ဝမ်းသာအားရ အော်ဟစ် နှုတ်ဆက်ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်း....ဟုတ်ပါသည်။

ဘုရင်မင်းမြတ်ကို လီနိုကိုယ်တိုင် လှမ်း၍ မြင်လိုက်ရပေပြီ။

ယောက်မြို့စားကြီးနှင့် ဂလေသက်စတားမြို့စားကြီးတို့က ဘုရင်မင်းမြတ်၏ဝဲယာနှစ်ဘက်တွင်နေရာယူကြသည်။

ဘုရင်မင်းမြတ်၏ ကိုယ်လုံး ကိုယ်ထည်သည် အားကစားသမား တစ်ယောက်ကဲ့သို့ မပိန်မဝရှိနေသည်။

အရောင်စင်ရှင့်ခတ်စုံကို ဝတ်ဆင်ထားသည်။

ဦးထုပ်မှ ကြက်သွေးရောင် ပန်းဖွားများက လေတွင် လှုပ်ယမ်းနေ[illegible]လသည်။

လီနိုရပ်နေသည့် ရှေ့တည့်တည့်မှ ဘုရင်မင်းမြတ် ဖြတ်သွားသည်။

လီနိုက စေ့စေ့စပ်စပ်ကြည့်ပြီး အံ့ဩခတ်သည်။

ဘုရင်မင်းမြတ်ကို ဝူစတာမြို့မှ တုန်းက လီနိုတစ်ကြိမ်တွေ့ခဲ့ဖူးပါသည်။

ထိုစဉ်က သူ့ရှင်ဘက်ရှိ စိန်တုံးမှာ နေရောင်ဖြင့် မျက်စိကျိန်းလောက်အောင် အရောင်တောက်ခဲ့သည်ကိုပါ ပြန်လည်အမှတ်ရသည်။

ဘုရင်ကိုတစ်ချက်လောက် ကြည့်လိုက်ပြီး လီနို၏ မျက်စိသည် ဘုရင့်ပတ်လည်မှမြင်းသည်တော်များဆီသို့ရောက်သွားလေတော့သည်။



ဦးထုပ်အကြီးကြီး ဆောင်းထားတဲ့ ပေါဟိုကအရပ်ထောင်ထောင် မောင်းခေါင်းဟာ ဂျက်ဖရီ ဖြစ်မှာပဲဟု ထင်ပြီး မျက်လုံး ကျွတ်ထွက်ကျသွားတော့မတတ် မြူးကြည့်သည်။

မဟုတ်ပါ။

ပန်[illegible]ထိုးပြီး အကွက်ဖော်ထားသော အင်္ကျီနှင့်လူဟာ ဂျက်ဖရီနဲ့ တူလိုက်[illegible]နှာ်။ မဟုတ်မှာပါပဲ။

သို့သော် ထိုလူသည် မဟုတ်ပြန်ပါ။

ရှေ့မှဖြတ်ပြီး မြင်းစီးသွားကြသော မြင်းသည်တော်များကို တစ်ယောက်ပြီး တစ်ယောက် မျက်[illegible]ခတ်သေအောင် ချာချာကြည့်သည်။

သို့သော် ဂျက်ဖရီနှင့် ဆင်ဆင်တူသူကိုပင် မမြင်ရတွေ့ရပါ။

ကြည့်ရှုရာလူများ ကုန်သွားပြီ။ လီနိုမှာသည် ထိုနေရာတွင် ခုနစ်နာရီလုံးလုံး စောက်လျှောက် မတ်[illegible]ရပ်နေခဲ့ရသည်။ ခြေ[illegible]ကာ[illegible]များလည်း မခံ[illegible]ပ်နိုင်လောက်အောင် [illegible]ညောင်းနေပြီ။ ထို့ကြောင့် ခြေများ ဆောက်မရပ်တော့ဘဲ ခြေဖဝါးပေါ်တွင် ပြားချရပ်သည်။

ခြေများ[illegible]လောက်ကြည့်ရသည်လည်း အကြောင်းမရှိတော့ပါ။ လူကုန်သွားပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်နှင့်အတူ မြင်းသည်တော်ပေါင်း များစွာတို့ ပြန်လည်လိုက်ပါလာကြသည်။

သို့သော် ထိုအထဲတွင် ဂျက်ဖရီတစ်ယောက်တော့ ပါမလာပါ။

မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်သည်။ သူ့ လည်ချောင်းထဲမှာ တင်းကျပ်နာကျင်လာသည်။

လန်ဒန်မြို့မှာအခက်အခဲပေါင်းစုံကို ရင်ဆိုင်ပြီး ဒုက္ခခံနေထိုင်ခြင်းမှာ ဂျက်ဖရီကို ပြန်တွေ့လိုသောကြောင့်ဖြစ်သည်။

ယခု ဂျက်ဖရီဘယ်မှာလဲ… ။

သည်အတိုင်းဆိုလျှင်တော့ သူသေသွားတာပဲ ဖြစ်ရမည်ဟု ဝမ်းနည်း ကြေကွဲစွာဖြင့် သူ တွေးကြည့်လိုက်မိလေသည်။

ဂျက်ဖရီမသေပဲ အသက်ရှင်လျက် ရှိမည်ဆိုလျှင် ပြန်ပါလာမည်မှာ မုချဖြစ်သည်။ ယခု ပါမလာသည့်အတွက် မသေဘူးဆိုလျှင် အစကတည်းက ပြင်သစ်နိုင်ငံသို့ ကူးသွားတာလည်း ဖြစ်နိုင်သည်။

တစ်မြို့လုံး ပျော်ချင်တိုင်း ပျော်နေကြသည့် အချိန်မှာပင် အသည်းကြေမတတ် ဒုက္ခမီးကို ခံစားနေရသော လီနီသည် တည်းခိုခန်းရှိရာသို့ ပြန်လာခဲ့လေတော့သည်။

မစ္စက်ပေါ့တ်စ်က သူ့ကို စောင့်နေလေသည်။



'မင်း ဘယ်တွေ လျှောက်သွားနေတာလဲဟင်၊ မင်းတော့ ပါတီဘက်နိုင်တော့မှာ မဟုတ်ဘူးဆိုပြီး ငါ စိတ်အရမ်းပူနေတာ'

ဟုလည်း ခရီးဆောက်မဆိုက် ဆီးပြောသည်။

'ဘာပါတီလဲ'

လီနီက နားမလည်သလိုပြန်မေးသည်။

'လန်ဒန်တစ်မြို့လုံး ဓီညပါတီတွေပေးနေကြတာလေ လျှောက်ကြည့်စရာတွေမှ မကုန်နိုင်အောင်ပဲ'

မှန်ပါသည်။ လန်ဒန် မြို့သူမြို့သားများ ပျော်မဆုံးနိုင်အောင် ဖြစ်နေကြသည်။ အိမ်တိုင်း အိမ်တိုင်းမှာ အကျွေးအမွေးတွေ ရှိသည်။ အိမ်ရှေ့မှာ ဘီယာစည်ပိုင်းများ၊ ဝိုင်အရက်များကို ချထားကြသည်။ သောက်ချင်သူက ကြိုက်သလောက် ဝင်သောက်သွားနိုင်သည်။

လီနီမှာ မစ္စက်ပေါ့တ်စ် ဆွဲခေါ်ရာနောက်သို့ စိတ်မပါဘဲ လိုက်ပါနေရသည်။ ပျော်ပွဲရွှင်ပွဲများသည်ပြီးဆုံးနိုင်ခြင်း မရှိပါ။ သုံးရက်သုံးည မနားတမ်းကျင်းပပြီးသည့်နောက် လူအားလုံး ခြေကုန်လက်ပန်း ကျကုန်လေတော့သည်။

အချိန်ရှိသမျှ လီနီ ဒေးမိုင်စ်နေတော့သည်။ ဂျက်ဖရီကို မတွေ့သောအခါကျမှ ဂျက်ဖရီကို သူ ဘယ်လောက်မျှော်

www.burmeseclassic.com

www.burmeseclassic.com



လင့် စောင့်စာ၊ နေကြောင်း ဆောင်းစွာ သဘောပေါက်တော့သည်။

မှန်ပါသည်။ ထိုမျှော်လင့်ချက်အလေး တစ်ခု ကို အကြောင်းပြုပြီး လန်ဒန်မြို့ကြီးမှာ သူ တွယ်တာနေခြင်း ဖြစ်ပါသည်။

ဂျက်ဖရီ၏ မျက်နှာကလေးကို အဝေးမှပင် တစ်ကြိမ် လောက် လှမ်းမြင်ရပါစေတော့ ဟူသော ဆန္ဒကြောင့် ဒါ လောက် အခက်အခဲများကို အံတုပြီး မြို့တော်မှာ တက်နေ ခြင်း ဖြစ်ပါသည်။

ယခုတော့ မျှော်လင့်ချက်များ ကုန်ဆုံးသွား ချေပြီ။

လီနီ မသာမယာဖြစ်နေသည့်အကြောင်းရင်းကို မစ္စက် ပေါ့တ်စ်က မသိ။ ထို့ကြောင့် လီနီစိတ်ပြောက်ပျောက် ဖြစ်ပါစေတော့ဆိုသည့်သဘောဖြင့် ဘုရင် မင်းမြတ်နှင့် ပတ်သက်သည့် 'သတင်းလွှာ'များကို နေ့စဉ်နေ့တိုင်း ယူ လာပေးသည်။

ထို 'သတင်းလွှာ'များတွင် ဘုရင်မင်းမြတ် ငါးနှစ် စားသည့်အကြောင်း၊ မြစ်ထဲမှာ ရေဆင်းကူးသည့် အကြောင်း၊ ဒေသည်ဖြင့် ဘုရင်မင်းမြတ် အလုပ်သည်ဆို သည့်အကြောင်းများကို ဖော်ပြထားလေသည်။

ဘုရင်မင်းမြတ်သည် ယောက်မြို့တော်ကြီးကို အဖော် လုပ်ပြီး ရေကူးရာတွင် တစ်ခါသင်ရဲ အလွန်ဝေးသည့်



နေရာသို့ပင် ရောက်ကြောင်း သတင်းလွှာတွင် အသေးစိတ် ဖော်ပြလေ့ရှိသည်။

ဘုရင်မင်းမြတ်သည် တိုင်းသူပြည်သားတို့၏ ကိုယ်ခန္ဓာ ကို သူ့ လက်နှင့် ထိတို့ပေးကြောင်း၊ ထိုသို့ ထိတို့ပေးလျှင် အကုသိုလ်များ ကင်းပကြောင်း သတင်းလွှာတွင် အပြည့် အစုံ ရေးထားသည်ကို မစ္စက်ပေါ့တ်စ် ဖတ်ရသည်။ သူ ဖတ်ရသည့်နေ့က စနေနေ့ဖြစ်သည်။ တိုင်းသူပြည်သား ပေါင်း ခြောက်ရာကို ဘုရင်က ထိတို့ပေးလိုက်သည်ဟု ဆို သည်။

တနင်္ဂနွေနေ့ကျတော့ မစ္စက်ပေါ့တ်စ် အထိအတို့ခံ ရန် သုတ်ခြေတင်ကာ ပြေးလာတော့သည်။

သူပြန်လာသောအခါ နှုတ်သမီးရုပ်ပါသည့် ဖဲကြိုး ကလေးတစ်ချောင်း သူ့ လည်ပင်းမှာ ဆွဲလျက်သား ပါ လာသည်။ ဘုရင်မင်းမြတ်ကိုယ်တိုင် ချည်နှောင်ပေးလိုက် ခြင်းဖြစ်သည်ဟုဆိုသည်။

ထိုနေ့က တိုင်းသူပြည်သား ၂၅၈–ဂ လက်ခံ ၈၀ တွယ် ကိုထိပေးသည်။

မစ္စက်ပေါ့တ်စ်က လီနီကို သွားခိုင်းသည်။ ယခု ကတည်းက စာရင်းသွားပေးလျှင် သောကြာနေ့လောက် တွင် အထိအတို့ခံရဖို့ သေချာသည်ဟုလည်း ပြောနေ သည်။

www.burmeseclassic.com

www.burmeseclassic.com



လီနိုက ဝါးလုံးကွဲ ရယ်လေတော့သည်။

ဘုရင်မင်းမြတ်၏ လက်နှင့် ထိတို့လိုက်ရုံဖြင့် လူတစ်ယောက်မှာ အကုသိုလ်ဘရားတွေ ကုန်ခန်းသွားသည် ဆိုခြင်းမှာ ဘယ်လောက် ရယ်စရာ ကောင်းပါသနည်း။

ထိုရက်ပိုင်းအတွင်း ကောလာဟလ သတင်းများက သည်း များပြားလွန်းလှသည်။ လူပျိုဘုရင်သည် အိမ်ထောင်ရှိသော ချောမောလှပသည့် ဘာဘာရာဗီလီယာနှင့် ငြိစွန်းနေသည်ဆိုသည့် သတင်းများလည်း ပါသည်။

ထိုသို့သော သတင်းပေါင်းစုံကို မှန်မှန် ယူလာပေးနေသူမှာ မစ္စက်ပေါ့တ်စ် ဖြစ်လေသည်။

သို့သော်လည်း လီနိုစိတ်ဝင်စားသည်မှာ ထိုသတင်းများ မဟုတ်ပါ။

ဘုရင်မင်းမြတ် အရေးနိမ့်စဉ်က သူ့ဘက်မှ ပါဝင်တိုက်ခိုက် ပေးခဲ့သူများက ဘွဲ့ထူးဂုဏ်ထူးများ၊ ဆုတော်လာဘ်တော်များ ပေးနေသည်ဆိုသည့်သတင်းပင် ဖြစ်လေသည်။

'ဝူစတာမြို့မှ နတ်မိမယ်' သည်လည်း ဆုတော် လာဘ်တော်တစ်ခုခုရ ပင့်ပါသလား။ ဒါကိုတော့ လီနိုမသေချာမရေရာ ဖြစ်နေသည်။

တကယ်တမ်းစဉ်းစားကြည့်တော့လည်းဘုရင်မင်းမြတ်အတွက် ဘာမျှ သူမလုပ်ပေးခဲ့ပါ။ ဝူစတာမြို့မှာ ရှိနေသည့်ချစ်သူနောက်သို့ လိုက်ခြင်းသာ ဖြစ်သည်။ လူတွေက



တစ်ဆိတ်ကို တစ်အိတ်လုပ်ပြောကြသောကြောင့် နာမည်ကြီးသွားခြင်းဖြစ်သည်။

ထိုအကြောင်းကို ခေါင်းအေးအေးထားပြီး စဉ်းစားချင်စဖြစ် တစ်ယောက်တည်း လမ်းလျှောက် ထွက်ခဲ့သည်။

တစ်နေရာရောက်တော့ ခြေထောက် ထော့နင်းထော့နင်းဖြစ်နေသော လူဘစ်ယောက်နှင့် တိုက်မိတော့မလိုဖြစ်သွားသည်။ အစွမ်းကုန် ကြိုးစား ရှောင်သော်လည်း ထိုသူက သူ့ဘက်သို့ လဲကျလာသဖြင့် ကမန်းကတန်းဆီးကြိုပြီး ထိန်းကိုင်ပေးထားလိုက်မိလေသည်၊

ခြေထောက်ဆာနေသူက သူ့ကိုယ်သူ ထိန်းနိုင်သောအခါ ကျေးဇူးတင်စကားပြောရန် လီနိုဘက်သို့ လှည့်လိုက်သည်။

မွန်တီ၏မျက်နှာကို တည့်တည့်ကြည့်မိနေပြီ ဖြစ်ကြောင်း လီနို သဘောပေါက်လိုက်လေသည်။ သူ ရှေ့တော်ပြေးလုပ်ခဲ့သည့် ဇာတ်အဖွဲ့ခေါင်းဆောင် မွန်တီ၏မျက်နှာကို တည့်တည့်မြင်နေရလေတော့သည်။

'မွန်တီ....'

လီနိုတ အံ့ဩ ဝမ်းသာအော်သည်။ မွန်တီကိုလည်း ပြေးဖက်ထားလိုက်မိလေသည်။

မွန်တီမှာ သူ မှတ်မိနေသည့်ရုပ်ထက် များစွာ အိုသွားလေသည်။ မျက်နှာပေါ်တွင်လည်း အရေးများတွန့်ကုန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မွန်တီသည် မယုံကြည်နိုင်စရာကို တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွားပြီး ယိုင်လဲသွားမလို ထပ်ဖြစ်ပြန်သည်။

'လီနို…လီနို မင်းကို ဒီတစ်သက်လုံး ပြန်တွေ့ခွင့်ရလိမ့်မယ်လို့ လုံးဝမမျှော်လင့်မိဘူးကွာ'

မွန်တီက ငိုသံပါကြီးနှင့်ပြောသည်။

'ကျွန်မကလဲ ရှင့်ကို ပြန်တွေ့ရတာမှာ မဟုတ်ဘူးလို့ပဲယုံကြည်နေတာမွန်တီ၊ ရှင်နဲ့ ဇာတ်အဖွဲ့သားတွေ အားလုံး ပြည်နှင်ဒဏ် အပေးခံလိုက်ရတယ်လို့ ကျွန်မကြားလိုက်တယ်၊ အခု ဘယ်လိုလုပ်ပြီး ဒီနိုင်ငံကို ရောက်လာတာလဲ'

လီနိုကလည်း သိချင်သည်များကို ဆက်တိုက် မေးသည်။

'ဇာတ်လမ်းက အရှည်ကြီးပါကွာ'

သူက ခပ်ဒေါသလေးပြောသည်။ လီနိုက သူ့မျက်နှာကို သေသေချာချာကြည့်သည်။ ပါးနှစ်ဖက်ချိုင့်ဝင်နေသည်ကိုတွေ့ရသည်။ ထိုပါးနှစ်ဘက်ကြောင့် သူ သိပ်အိုစသွားခြင်းဖြစ်သည်။

'ဗော်ရှိဘန်ရှိုပြစ်ဒဏ်နဲ့ တိုကီစွက ပြေးသွားဖို့ပဲ၊ အဲဒါ ကျုပ်ကလျှောသွားရှာလိုက်တာနဲ့ တရားသူကြီးက စိတ်ဆိုးပြီးပြည်နှင်ဒဏ်ပေးပစ်လိုက်တာ၊ ကျုပ်တို့ အဖွဲ့သားတွေက တာ့ဒဒိုရောက်ကုန်တယ်၊ ကျုပ်ကိုတော့ ဗာဂျီးနီးယားကိုပို့လိုက်တယ်၊ ဟိုရောက်တော့ စိုက်ပျိုးရေးလုပ်



ငန်းတွေလုပ်နေတဲ့ အဘိုးကြီး တစ်ယောက်ဆီမှာ အလုပ်လုပ်ပေးရတယ်၊ အဘိုးကြီးက ပျော်ပျော်နေတတ်တယ်၊ ဥယျာဉ်တွေကို ညစာနဲ့ဧည့်ခံတဲ့အခါမျိုးမှာ ကျုပ်ကို ပြဇာတ်တွေပြ ခိုင်းတယ်၊ ကွက်စိပ်သဘောမျိုး ကျုပ်က ပြောပြရတာပေါ့၊ အဘိုးကြီးကသိပ်သဘောကျတယ်၊ ဒါကြောင့် သူ အင်္ဂလန် ပြန်လာတဲ့အခါ ကျုပ်ကိုပါ သူနဲ့တပါတည်း ခေါ်လာခဲ့တာ၊ လမ်းမှာ အစာမှားပြီး အဘိုးကြီးဆုံးသွားတယ်၊ သူ့သေတမ်းစာထဲမှာ ကျုပ်ကို ပြစ်ဒဏ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ကြောင်းနဲ့ ပေါင်ငါးဆယ် အမွေပေးကြောင်း ပါတဲ့ရေးသားလို့ အပြစ်အားလုံးက လွတ်သွားတာ'

မွန်တီက သူ့ ဖြစ်ကြောင်းရယ်ကုန်စာကို အတိုချုံး ပြောပြသည်။

'ဒီလိုဆို အခု လန်ဒန်မြို့မှာ ရှင် နေနေတာပေါ့နော်'

ဟု လီနိုက ဆက်မေးသည်။

'မဟုတ်ဘူး၊ အခု အမေနှာင်တကက်ကို ပြန်တော့မလို့ မြင်းလှည်းဆိပ်ကိုအသွား မင်းနဲ့လာတွေ့တာ၊ စတေရက်ဖို့ မြို့ကိုသွားမလို့၊ ဟိုမှာ ဇာတ်အဖွဲ့တစ်ဖွဲ့ ပြန်ထူထောင်မယ်၊ ဒါထက် မင်းရောဘာတွေ လုပ်နေသလဲ၊ အလုပ်အကိုင်အဆင်ပြေရဲ့လား လီနို'

လီနိုမှာ မွန်တီနှင့်အတူတူ အနောက်သို့ လိုက်ခဲ့ချင်သည်ဟု ပြောချင်လွန်းသောကြောင့် ပါးစပ် ဟားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဆင်ပြေတယ်ပဲဆိုပါတော့ မွန်တီ'

မျက်နှာထား တည်တည်နှင့်ပြောသည်။ ပြီးတော့ စကားဆက်ဖို့ခက်ကာ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ အတော်ကလေးကြာတော့မှ သူ ဆက်ပြောနိုင်သည်။

'ဇာတ်အဖွဲ့ထောင်မယ်ဆိုယင် ရှေ့တော်ပြေး တစ်ယောက်မလိုဘူးလား မွန်တီ'

မွန်တီက ကြင်နာသည့်အမူအရာဖြင့် လီနီကို ကြည့်သည်။ ပြီးတော့မှ ဖြည်းဖြည်းချင်း ခေါင်းခါပြသည်။ သည်။

'မလိုဘူး လီနီ၊ မလိုတော့ဘူး၊ အင်္ဂလန်ဟာအကောင်းဘက်ကိုပြောင်းလဲနေပြီလေ၊ ဘုရင်မင်းမြတ်လဲ သူ့ ထီးနန်းကို သူ ပြန်ရနေပြီမဟုတ်လား၊ ဟိုခေတ်က တရားမဝင်လို့ ခိုးကြောင်ခိုးဝှက် လျှောက် ကနေရတုန်းကလို ရှေ့ဆောင်ပြေးသားပြီး အစီအစဉ်တွေ ကြိုတင် လုပ်ဖို့ မလိုတော့ဘူး၊ ကျုပ်တို့လည်းဟန်းကြီးနဲ့ တိုင်းပြည်ထဲမှာ လှည့်လည်သွားလာမယ်၊ သင့်လျော်တဲ့ နေရာတွေမှာ သင့်လျော်သလိုကသွားကြမှာပဲ၊ ဟိုအရင် ဘုရင်ကြီးအုပ်စိုးခဲ့တုန်းကအတိုင်းပေါ့'

မွန်တီက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

လီနီမှာ အကြီးအကျယ် စိတ်ပျက်သွားသည်။ ဟုတ်တော့သည်၊ဟုတ်သည်။

မလိုအပ်တော့ဘဲနှင့် ရှေ့ဆောင်ပြေး တစ်ယောက်ကို အပိုအကုန်ခံပြီး ဘာကြောင့်ခန့်ထားတော့မည်နည်း။



'ရှင် အောင်မြင်ပါစေလို့ ဆုတောင်း လိုက်ပါတယ် မွန်တီ'

လီနီက သူ့ကိုပြုံးပြုံးပြီး ပြောသည်။

'မင်းစေတနာကို ကျုပ်ကောင်းကောင်း သိပါတယ်'

မွန်တီက လီနီလက်တစ်ဘက်ကို နွေးနွေး ထွေးထွေး ညှစ်လိုက်သည်။ သူ့လက်မှာ အရိုးချည်း ဖြစ်နေသည်။

မွန်တီ ဒါလောက်အိုစာသွားသည်ကို မြင်ရတော့ လီနီ စိတ်မချမ်းမသာ ဖြစ်မိသည်။

ပြည်နှင်ဒဏ်ခံလိုက်ရခြင်းသည် သူ့ဘဝကိုပြောင်းလဲပစ်လိုက်သလို ဖြစ်သွားလေသည်။

သူ့ရုပ်ကတော့ သေချာပေါက် ပြောင်းသွားသည်။ တိုတုန်းက လူငယ်လေးတစ်ယောက်လိုဆင်ခဲ့ရသော်လည်း ယခုတော့ သက်ကြီးအဘိုးကြီးတစ်ယောက်ကဲ့သို့ လွန်မင်းစွာ ရုပ်ကျသွားခြင်းဖြစ်သည်။

ယခုမူ သစ်ရွက်ကလေးတစ်ရွက်လို အနောက်ဘက်သို့ သူလွင့်မျောသွားရပေတော့မည်။

မွန်တီနှင့်အတူတူ လွင့်ခွင့်ရလျှင်၊ မျောချင်ရာမျောပြီး လိုက်သွားနိုင်သလား။

သူတို့ဇာတ်သူဇာတ်သားများ၏ အဝတ်အစားများကို ချုပ်လုပ်ပြုပြင်ပေးခြင်းဖြင့် မွန်တီ၏ ဇနီးအဖြစ်ခံယူသော ဘဝကို ကျေနပ်နိုင်သလား။

လီနီက သူ့ကိုယ်သူပြန်မေးကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါ။ ဂျက်ဖရီကြောင့်ကွဲကြေခဲ့ရသည့် အသည်းနှလုံးသည် မည်သည့်နည်းနှင့်မျှ ပြန်ကောင်းနိုင်တော့မည် မဟုတ်ပါ။

'လန်ဒန်မှာ ပြဇာတ်တွေ ပြန်က,တော့မှာပဲ မဟုတ်လားမွန်တီ၊ ရှင် လန်ဒန်မှာနေပြီး ပြဇာတ်တွေက,လို့ မဖြစ်နိုင်ဘူးလား'

လီနီက အားတက်သရော မေးကြည့်သည်။

မွန်တီက ခေါင်းခါသည်။ သူပြန်ဖြေတော့လည်း သူ့လေသံက အလွန်ဝေးရာ ကြည့်နေပုံ ရလေသည်။

'လန်ဒန်မှာရှိတဲ့ဇာတ်ရုံတွေကို ပျူရီတန်တွေဖျက်ဆီးပစ်လိုက်ကြပြီလေ၊ အနည်းဆုံး အခုလာလာဆဲအချိန်မှာတော့ ဘာမှ လုပ်လို့ မရအောင်ကို ဖျက်ဆီးပစ်လိုက်ကြပြီ၊ ပြဇာတ်တစ်ထုပ်က,နိုင်လောက်တဲ့ နေရာကောင်းဆိုလို့ တစ်ခုမှမရှိတော့ဘူး၊ ဂလုပ်ရုံကိုဖျက်ဆီးပစ်လိုက်တယ်၊ တခြားရုံတွေကို လူနေအိမ်ခန်းလျားတွေလုပ်ပစ်တယ်ကုန်ပြီ၊ နေရာကောင်းတွေတစ်ခုမှမရှိတော့ဘူး၊ လောလောဆယ်ပြဇာတ်က,လို့ ရနိုင်တဲ့ရုံတစ်ခုမှ မရှိတော့ဘူး'

စကားကိုဖြတ်ပြီး သူ တစ်ချက်ရယ်သည်။ သို့သော် ရယ်ပုံနှင့်မတူပါ။

နာကြည်းစွာ ပေါ်ထွက်လာသော ပေါက်ကွဲသံနှင့် သာတူပါသည်။



'မင်းကို ကျုပ်ခေါ်သွားချင်ပါတယ် လီနီ၊ ဒါပေမယ့် ဇာတ်က,တယ်ဆိုတာ ယောက်ျားတွေရဲ့ အလုပ်ဖြစ်နေလို့ ခေါ်ဖို့မဖြစ်နိုင်ဘူး၊ ဥရောပအရှေ့ခြမ်းကို မင်းသွားနိုင်ယင်တော့ ဟိုမှာဖြစ်နိုင်တယ်၊ ဟိုမှာက မိန်းမဇာတ်ရုပ်ကို အမျိုးသမီးတွေကိုယ်တိုင် က,ကုန်ကြပြီ'

'မင်းသမီးဖြစ်လာဖို့လဲ ကျွန်မမှာရည်ရွယ်ချက်မရှိပါဘူး မွန်တီ၊ ရည်ရွယ်ချက် ရှိသည့်တိုင်အောင်လဲ အဲဒီကို ရောက်အောင် သွားဖို့ စရိတ် အလုံအလောက်လဲ မရှိပါဘူး'

လီနီက စိတ်မကြည်မလင်ဖြင့် သူ့ကိုပြန်ပြောပြသည်။

မွန်တီက အိတ်ဆောင်ရွှေနာရီ ခပ်ကြီးကြီးတစ်လုံးကို ထုတ်ကြည့်သည်။

'ကျုပ်ဆရာအားမှ ပေးခဲ့တဲ့နာရီလေ၊ အင်း...အချိန်တော်တော် အတော်ကုန်သွားပြီ၊ ခပ်သုတ်သုတ်သွားမှ မြင်းရထားမီတော့မယ်၊ မင်း အစစအရာရာ အဆင်ပြေပါစေ လီနီ'

'အားလုံး အဆင်ပြေပါစေ မွန်တီ'

တော့နုတ်းတော့နုတ်ဖြင့် သူခပ်သုတ်သုတ် ထွက်သွားသည်။

လီနီက ဝမ်းနည်းကြေကွဲစွာ လှမ်းကြည့်နေမိသည်။

မွန်တီနှင့်အမှတ်မထင် တွေ့လိုက်ရသောကြောင့် လန်ဒန်မြို့ပေါ်တွင် ယခုလောလောဆယ် ပြဇာတ်က,ဖို့ဆို

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ မည်သည့်နည်းနှင့်မျှမဖြစ်နိုင်သေးကြောင်း သူသိလိုက်ရလေသည်။

စိတ်ပျက်မှုသည် လီနို့ကို ကြီးစိုးမင်းမူလျက် ရှိလေတော့သည်။

အထောက်တော်လှအောင်

ရန်ကုန်၊

၅၊ စက်တင်ဘာ၊ ၁၉၇၉၊

(မြန်မာပြန်ပြီးသည်)

(တတိယတွဲဇာတ်သိမ်းခန်းကို ဆက်လက်ဖတ်ရှုပါရန်)

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
မှိုင်း

## အခန်း ၂၅

နောက်တစ်နေ့တွင် ပေါင်မုန့်ဖိုတစ်ခုမှာ လိနို အလုပ်သွားလျှောက်သည်။ အတော်ကြီး အဆင်ပြေသွားပါသည်။

လုပ်ခကတော့ လုံးဝ မပြောပလောက်ပါ။ သို့သော်လည်း ဆိုင်မှာနေခွင့်ရသည်။ ထမင်းကိုမူ ဆိုင်ရှင်များနှင့် ရောပြီး စားရမည်။ ထိုသို့ စားဖို့နှင့် နေဖို့ ပူလုံသွားခြင်းကပင် အများကြီး တာသွားနေပေတော့သည်။

ဂျော့ရပ်ကွက်မှ တည်းခိုခန်းကို ပြန်အပ်လိုက်သည်။ အမှန်တော့ ထိုတည်းခိုခန်းတွင် တာရှည်ဆက်လက်နေနိုင်စွမ်း မရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ နေရာပြောင်းသွားသော်လည်း မစွဲကပ်ပေါ့တ်စ်က လီနီ့ဖရင့်ဖို့ကို လက်တွဲမဖြုတ်ပါ။ ပူအိုက်ပြီး မျက်နှာကြက်နိမ့် သောလီနီ၏ ပေါင်မုန့်ဖိုအနေပါကထပ်ခိုး အနေသို့ မကြာခဏ အလည်လာသည်။

မစွက်ပေါ့တ်စ် ရောက်လာသည့်အခါတိုင်း လီနီ၏ ထင်ကိုယ်လုံးမှာ ဂျုံမှုန့်များနှင့် ဖုံးလွှမ်းပေကျံနေစမြဲ ဖြစ်လေသည်။

လီနီသည် ပေါင်မုန့် ရောင်းလျှင်ရောင်း၊ မရောင်းလျှင် ဂျုံနယ်သည့် အလုပ်ဖြင့် အားရသည်ဟူ၍ မစွက်ပေါ့တ်စ် မြင်ဖူးချေ။

ဂျော့ပ်ကွက်ရှိ ဘည်းခိုခန်းမှ လီနီ ပြောင်းရွှေ့သွားသည်အတွက် မစွက်ပေါ့တ်စ် က စိတ် ထိခိုက် နေသည်။ သို့သော်လည်း လီနီအဖို့ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်။ နေရာကောင်းကလေးကိုစွန့်ပြီး သည်လိုနေရာမျိုးမှာတော့ ဘယ်လောက်နေချင်ပါ့မလဲ။ မဖြစ်နိုင်လွန်းလို့သာပေါ့။

မစွက်ပေါ့တ်စ် လာလည်သည့် အခါတိုင်း သဘင်းမျိုးစုံ ကို ကြားရမည်ဖြစ်သည်။ ထိုသို့ သဘင်းစုံကိုကြားရသဖြင့်လည်း လီနီ စိတ်ချမ်းသာပါသည်။

နောက်ပြီးတော့ အပိုဆာဒါးကလေးများလည်း ပါတတ်သည်။



မစွက်ပေါ့တ်စ်က သူ့ကြောင့် ဘယ်ယောကျ်ားနှင့် ဘယ်ယောကျ်ား စားချင်းယှဉ်ခုတ်ကြကြောင်းဆိုတာမျိုး တွေ့ဖြစ်သည်။ စားချင်း ယှဉ်ခုတ်သည့် အလေ့အထကို ဘုရင်က ခွင့်ပြုသေးသလား။ ပိတ်ပင်ပစ်လိုက်ပြီလား လီနီ မမေးမြန်းတော့ပါ။ သို့သော်လည်း မစွက်ပေါ့တ်စ်က တော့ သူ့ကိုစွဲလမ်းသူများ စားချင်းယှဉ်ခုတ် နေကြဆဲပင် ဖြစ်လေသည်။

‘မင်းရော ဘာသတင်းတွေမှ မကြားတော့ဘူးလား၊ ဒီပေါင်မုန့်တွေအောက်မှာပဲ မင်းကိုယ်မင်း မြှုပ်ထားလိုက်ပြီလား’

ဟု မစွက်ပေါ့တ်စ်က သူကြားခဲ့သည့်သတင်းပေါင်းစုံ ကို ပြောပြရင်း မေးသည်။

လီနီက ဈေးဝယ်သူထံမှ ပေါင်မုန့်ဖိုး ပိုက်ဆံလှမ်းယူရင်း အလိုက်သင့် ပြုံးပြလိုက်ရလေသည်။

‘စပိန်နဲ့ ငြိမ်းချမ်းရေး စာချုပ် ချုပ်လိုက်နိုင်ပြီဆိုတာမျိုးလောက်တော့ ကြားရတတ်ပါတယ်’

‘ငြိမ်းချမ်းရေးလား၊ ဩော်...ဘုတ်တယ်၊ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေး’

မစွက်ပေါ့တ်စ်က စစ်နှင့်ငြိမ်းချမ်းရေးဆိုသော အရာများမှာ သူ့အတွက် ဘယ်လောက်မျှအရေး ကြီးကြောင့်သို့ ပခုံးကို တွန့်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ဂလောက်စတာမြို့စားကြီး ကွယ်လွန်သွားတယ်ဆိုတာရော မင်းကြားသလား၊ ကျောက်ပေါက်လို့တဲ့၊ သူတို့ပြောနေကြတာပဲ၊ အေးလေ....'

မစ္စက်ပေါ့တ်စ်က စကားဆက်နေသော်လည်း လီနီမှာ 'အင်း' လိုက်နိုင်ဖို့ပင် ခက်ခဲလောက်အောင် ဈေးဝယ်သူများနှင့်အလုပ်များနေပါသည်။ မစ္စက်ပေါ့တ်စ်ကလည်း လီနီ အလုပ်များကြောင်း သဘောပေါက်သွားပုံရသည်။

'ကဲ....မမှောင်ခင် အိမ်ပြန်ရောက်အောင် ငါလဲ ပြန်လိုက်ဦးမှပဲ၊ ဒီခေတ်မှာ လန်ဒန် မြင်းရထားတွေ ကလဲ အတော် စိတ်ပျက်စရာ ကောင်းတယ်၊ နေရာတကာ သောင်းကျန်းနေကြတာ၊ လူကိုများ ခါးလယ်က ဖြတ်ကြိတ်သွားတော့မယ့် အတိုင်းပဲ၊ စည်းမရှိ ကမ်းမရှိနဲ့ ရမ်းကားချင်တိုင်းရမ်းကားနေကြတာလေ၊ မင်းရက်အားရတဲ့အခါကျယင် ငါ့ဆီကိုလဲ လာပါဦး လီနီ'

'ဟုတ်ကဲ့၊ လာခဲ့ပါ့မယ်'

လီနီက ပြုံးပြလိုက်သည်။ ပြီးတော့ အပြင်ထွက်သွားသော မစ္စက်ပေါ့တ်စ်ကို လှမ်းမျှော်ကြည့်နေလိုက်လေသည်။

တိုင်းပြည်၏ အခြေအနေများ တည်ငြိမ်စပြုလာပြီ။ ဘုရင်သစ်၏ ဖခမည်းတော်ကို ခေါင်းဖြတ်သတ်ခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများကို ဖမ်းဆီးကာ ရုံးတင်



သည်။ ယင်းတို့အနက် အများစုကို သေဒဏ် အပြစ်ပေးလိုက်သည်။

'လင်ရှိမယားများ လင်ကိုပစ်မပြေးရ' ဟူသောဥပဒေကြမ်းကို ပါလီမန်မှာ တင်သည်။ ဥပဒေ အတည်ဖြစ်ခါမှ လင်ရှိမယားပေါင်းများစွာက တကယ် ပစ်ပြေးကြလိမ့်မည်ဟု ပြက်ရယ်ပြုကြသည်။

လီနီသည် အတတ်နိုင်ဆုံး ခပ်လျှိုလျှိုကလေး နေသည်။

ဘုရင့်အုပ်ချုပ်ရေးစနစ် ပြန်လည်ကျင့်သုံးနေပြီ ဖြစ်သောကြောင့် လူတွေ အပျော်လွန်နေကြသည်။ သို့သော်လည်း ထိုအထဲတွင် လီနီမပါပါ။

သူ့အလုပ်ကလည်း ပင်ပန်းလွန်းလှပါသည်။

မနက်မိုးလင်းသည်မှ ညမိုးစုန်းစုန်း ချုပ်ပြီးသည်အထိ တစ်ချက်ကလေး ခေါင်းမဖော်နိုင်အောင် လုပ်ရသော အလုပ်ဖြစ်လေသည်။

ထိုမျှလုပ်သည့်တိုင် စားရတော့ မသေထမင်း မသေဟင်းမျှသာ။

ပြည်တွင်းစစ်ကာလတုန်းကဘုရင့်ဘက်မှ ပါဝင်တိုက်ခိုက်ခဲ့သူ၊ သို့မဟုတ် ဘုရင့်ကို လိုလားသူအဖြစ် သူ့ကို ဖမ်းဆီးအပြစ်ပေးခြင်း မပြုနိုင်တော့သော်လည်း လူတော်

www.burmeseclassic.com

www.burmeseclassic.com



မှန်ငှ်တော့ အချိန်မရွေး ရှုံးတင်ရောစွဲအာ ကြိုးစင်တင် နိုင်နေသေးသည်။

ထို့ကြောင့်လည်း သူ့သမီးလေးနှင့် အဆက်အသွယ်ကိုပါ တတ်နိုင်သလောက် ဖြတ်တောက်ထားရသည်။ လုပ်ပြန်တော့လည်း ခိုးကြောင်ခိုးဝှက် လုပ်ရသည်။

လီနီသည် အမြဲတမ်း ရွှင်လန်းဖျတ်လတ်နေသူ ဖြစ်သည်။

သို့သော်လည်း ယခုတော့ အလုပ် လုပ်ရင်း ခပ်မှိုင်မှိုင်ဖြစ်နေသည်ကများသည်။

သည်ပေါင်မုန့်ဆိုင်သို့ သူရောက်လာပြီးနောက် အနီးပတ်ဝန်းကျင်မှ ယောကျ်ားများက သူ့ကို အမျိုးမျိုးကြံကြသည်။

မျက်နှာချင်းဆိုင်မှအဘိုးကြီးက နေ့စဉ်လူရှစ်ယောက်စာ ပေါင်မုန့်ဝယ်သည်။

အမှန်တော့ သူ့မှာ မိသားစုမရှိ တစ်ယောက်တည်းနေသူဖြစ်သည်။ ပေါင်မုန့်ဝယ်ရာတွင်လည်း ဘယ်တော့မှ မပြီးစီးနိုင်တော့ အဘော်နိုင်ဆုံး အချိန်ဆွဲပြီး ဝယ်လေ့ရှိသည်။

လီနီကတော့ ဘာသိဘာသာပဲနေခဲ့သည်။

အိမ်ထောင်သည် တစ်ယောက်လည်း ရှိသေးသည်။ သည်ဆိုင်သို့ လီနီရောက်လာသည့် နေ့မှစ၍ သူ့မိန်းမ



ပေါင်မုန့်ဝယ်နေကျ အလုပ်ကို သူက လွှဲပြောင်းယူကာ နေ့စဉ်နေ့တိုင်း မပျက်မကွက် ပေါင်မုန့်ဝယ်လေ့ရှိသည်။ ထိုသူကိုလည်း လီနီ အမှုမစိုက်ပါ။ ကိုယ့်လုပ်ရေရှိတာ ဆက်လုပ်နေလိုက်သည်။

သူ့ကောင်းကောင်း စကားပြောသူ တစ်ယောက်သာ ရှိသည်။

ဂူစတာတိုက်ပွဲတွင် ခြေထောက်တစ်ဘက် ဆုံးရှုံးခဲ့သော စစ်သားတစ်ယောက် ဖြစ်သည်။

ထိုစစ်သားသည် ဂူစတာတုန်းက ကရွှမ်းဝဲလ်တက်မှ ပါဝင်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း လီနီ့အဒေလးထောပါ

ဂူစတာနှင့် ပတ်သက်နေသည် ဆိုကတည်းက မိမိနှင့် ဆွေမျိုးရင်းချာ တော်စပ်သယောင် စိတ်ထဲမှာ ထင်မှတ်လာမိသည်။

ထို့ကြောင့် ထိုစစ်သားဟောင်း တစ်ယောက်ကိုပဲ လီနီ ကောင်းမွန်စွာ ဆက်ဆံစကားပြောလေသည်။

သူ့အမျိုးဇာတ်ရှိသည့် နော့ဘင်ဂမ်သို့ ပြောင်းသွားသောအခါ လီနီမှာလွမ်းဖျားလွမ်းနာပင်ကျန်ခဲ့လေသည်။

နိုင်ငံရေးအခြေအနေများ ရှုပ်ထွေးသလို ဖြစ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ဟောင်းကို ကွပ်မျက်ဖို့ ကြိုးစင်ဆောက်လုပ်ပေး ခဲ့သော လက်သမားကို ဖမ်းဆီးလိုက်သည်။

အော်လီဗာ ကရွမ်းဝဲလ်၏ အလောင်းကို ယခင်က အခမ်းအနားဖြင့် ဝက်စ်မင်စတာ အက်ဗေး ဘုရားရှိခိုး ကျောင်းထဲ၌ မြှုပ်နှံထားခဲ့သည်။

ယခုထိုအလောင်းကိုပြန်ဖော်သည်။ ကြိုးစင်တင်သည်။ ကြိုးစင်ပြီးမှ ထိုကြိုးစင်အောက်မှာပင်ပြန်မြှုပ်သည်။

ဘုရင်ကိုလုပ်ကြံဖို့ ကြိုးစားမှုတစ်မှု ဖြစ်ပွားသည်။ ဘုရင့်ဘက်က လက်ဦးသွားသည်။

ထိုအမှုနှင့်ပတ်သက်ပြီး လူပေါင်းလေးဆယ်ကို ဖမ်းဆီးလိုက်ရသည်။

ချားလ်စ်ဘုရင် ဝူစတာမြို့မှ ထွက်ပြေး လွတ်မြောက်နိုင်အောင် ကူညီခဲ့သူများ၊ ပါဝင် တိုက်ခိုက်ခဲ့သူများကို ဆုတော်၊ လာဘ်တော်များ ပေးနေသည်။

ပေါင်းငွေ တစ်ထောင်အထိ ရကြသူတွေ အများ အပြားရှိလေသည်။

ထိုနှစ်က သိမ်းမြစ် ရေလျှံပြန်သည်။ သူငယ်ချင်း တစ်ယောက်အိမ်အလည်သွားတာ လှေလှော်သွားရသည် ဟု မစ္စက်ပေါ့တ်စ်က ညည်းသည်။

ခရစ္စမတ် အကြိုရက်တွင် ဘုရင့်ညီမတော် ကွယ်လွန်သည်။



ညီမတော် ကွယ်လွန်သော်လည်း ပွဲတော်အရှိန်အဟုန် ကား နည်းနည်းကလေးမှ မလျော့ပါးပါ။

ကရွမ်းဝဲလ်ဘို့ လက်ထက်တွင် ပွဲတော် အားလုံးကို ပိတ်ပင်ထားခဲ့သည်။

ခရစ္စမတ်ပွဲတော် မကျင်းပရသည်မှာ နှစ်ပေါင်း အတော်ကြာခဲ့ပြီ။

ထို့ကြောင့် ပွဲတော်တော်နေသူများက စည်စည် ကား ကား ကျင်းပကြလေသည်။

အင်္ဂလန်ပြည် တစ်ပြည်လုံးမှာ မကြုံဖူးအောင် အထူး စည်ကားလှသည်။

ပေါင်မုန့်ဖိုတွင် အလုပ်နှင့်လက် မပြတ်ရရှာသော လီနီအဖို့မူ ခရစ္စမတ်ပွဲတော်တွင် ပါဝင် ဆင်နွှဲနိုင်ခြင်း မရှိပါ။

၁၆၆၀-၆၁ ခုနှစ် ဆောင်းရာသီတွင် နှင်းတွေ အကျများသည်။

ပေါင်မုန့်ဖိုပိုင်ရှင်၏ ဇနီးမှာ နောက်ထပ်ကလေးတစ် ယောက် မျက်နှာမြင်သည်။

ထို့ကြောင့် ကလေးထိန်းငှားရလေရာ ကလေးထိန်း အတွက် နေရာပေးဖို့ လိုလာသဖြင့် လီနီဖယ်ပေးရသည်။

ဈေးပေါသော တည်းခိုခန်းကလေး တစ်ခုရှာပြီး ပြောင်းရွှေ့နေထိုင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် လျှော်ကြေးပေးသည့်အနေဖြင့် အလုပ်ရှင်က လုပ်ခအနည်းငယ်ကော့ တိုးပေးပါသည်။

သူ ယခုပြောင်းလာသည့် တည်းခိုခန်းသည် ဘရိုက်ဝဲလ် ထောင်ကြီးနှင့် နီးပြီး ကျက်သရေ ကင်းမဲ့လှသော ထောင်နံရံကြီးများကို အမြဲတမ်း လှမ်းမြင်နေရသည်။

မိန်းမထောင်ထဲမှ ထောင်သားများ ဝင်ကြထွက်ကြသည်ကိုလည်းကောင်း၊ ထောင်ထဲတွင် သေဆုံးသောကြောင့် အလောင်းအပြင် ထုတ်ပေးပုံများ ကိုလည်းကောင်း၊ အမြဲတစေ မြင်တွေ့နေရသည်။

ထိုအရာများက သူ့ အတိတ်ကြောင်းကို ပြန်လည်သတိပေးသလို ဖြစ်နေသည်။ အတိတ်က သူ့ ဇာတ်လမ်းကိုလည်း မပေါ်အောင် ဖုံးဖိနိုင်မှ၊ ပေါ်သွားလျှင် သည်လို ထောင်ထဲသို့ တန်းဝင်ရမည်မှာ သေချာသည်။ သမီးလေး လိုရီနာ၏ ဘဝလည်း သေချာပေါက် ပျက်ရပေတော့မည်။

ထိုသို့ စဉ်းစားမိသောအခါ သမီးလေးကို ဘယ်တော့မျှ ရင်ခွင်ထဲမှ ပွေ့ထားနိုင်ပါ မည်နည်း ဟု တမ်းတနှင့် စိတ်ထိခိုက်ရလေတော့သည်။

ဆောင်းကုန်ပြီး နွေဦးပေါက်တော့မှပင် ခြေခင်းလက်ခင်းသာကာ နေကောင်းထိုင်ကောင်း ရှိတော့သည်။



ရွှေနန်းတော်ကြီးက မြို့စားနယ်စားတွေများကို မနားတမ်း ပေးနေသည်။ ဘိသိက် ခံပွဲ နီးကပ်လာသောကြောင့် တိုမျှ ချီးမြှင့်နေခြင်းဖြစ်သည်။ သို့မှသာ ဘိသိက်ခံပွဲတွင် မြို့စားနယ်စားကြီးများ စုံစုံလင်လင်ဖြင့် ကြီးကျယ်ခမ်းနားမည် မဟုတ်ပါလား။

ချာလ်တုရှင် ဘိသိက်ခံပွဲကို ဧပြီလထဲတွင် ကျင်းပသည်။

ပေါင်မုန့်ဖိုဘုရှင် ဂျုံနယ်နေခိုက် အမြောက်သံများကို စတင် ကြားရသည်။

တစ်ဆက်တည်း လန်ဒန်တစ်မြို့လုံး အမြောက်သံများဖြင့် ဖုံးလွှမ်းသွားလေသည်။

လီနီက ဂျုံနယ်နေရာမှ မော့ကြည့်သည်။ ဘိသိက်ခံပွဲကို ဂုဏ်ပြုသည့်အနေဖြင့် ပစ်ဖောက်ကြသောအမြောက်သံများဖြစ်ကြောင်း သူသိသည်။

သူ့ မျက်နှာသည် ပင်ပန်းလွန်းသောကြောင့် သွေးရောင်ဖြင့် ရဲရဲနီနေလေသည်။

ချာလ်တုရှင်၏ ဘိသိက်ခံပွဲတော်ကြောင့် အနယ်နယ်အရပ်ရပ်မှ လူတွေ လန်ဒန်မြို့ပေါ်သို့လာကြသည်။ မြို့တော်ပေါ်မှာ လူတွေများနေသဖြင့် ရောင်းဝယ်ဖောက်ကားမှုများ ဖွံ့ဖြိုးကာ စီးပွားရေးများ ကောင်းမွန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်ဖိုပိုင်ရှင် လင်မယားက ဘီသိက်ခံပွဲကို သွားကြည့်သည်။ ဆိုင်တွင် လီနိုကို ကူဖို့ ကလေးတစ်ယောက် ငှားပေးသွားသည်။ ထိုကလေးထံမှလည်း ဘာအကူအညီမျှမရပါ။ တစ်ယောက်တည်း ပင်ပန်းခဲ့ရလေသည်။

ထိုလင်မယားပြန်လာကြေသူတို့တွေ့ခဲ့မြင်ခဲ့သည်များကို ဖောင်နေအောင် ပြောကြသည်။ မြို့စားနယ်စားကြီးများအကြောင်း ပြောကြသည်။

လီနိုက စိတ်ထိခိုက်စွာဖြင့် မျက်နှာကို တစ်ဘက်သို့ လှည့်ထားပြီး ခါးကျိုးမတတ် ပင်ပန်းကြီးစွာ လုပ်ခဲ့ရသည့် အလုပ်ကို လက်စသတ်လိုက်သည်။

မြို့စားနယ်စားကြီးများကိုလည်း လီနို စိတ်မဝင်စားနိုင်ပါ။ သူ စိတ်ဝင်စားသည့် ယောကျ်ား တစ်ယောက်တည်းပဲ ရှိပါသည်။ ထိုယောကျ်ားကိုလည်း လနီဒနီတံတားနားမှနေ၍ ခုနစ်နာရီကြာအောင် မရမရ သွားစောင့်ခဲ့ဖူးလေသည်။

'ရှင်ဘုရင်ကတော့ ပေါ်တူဂီမင်းသမီးနဲ့ လက်ဆက်မှာပဲ၊ ရှင် မယုံယင်ကြည့်နေ'

ဟု ပေါင်မုန့်ဖိုပိုင်ရှင်ကတော်က ပြောသည်။

သူ့ယောကျ်ားက ဗသုံးဗထွေး ပြန်ပြောသည်။ ဘာပြောမှန်း မသိလိုက်ပါ။



'ချောလို့လှလို့တင်မဟုတ်ဘူး၊ ပစ္စည်းကိုမက်ပြီးတော့ ယူတာလဲပါတယ်'

အမျိုးသမီးက မကျေနပ်သည့်လေသံဖြင့် ဆက်ပြောနေသည်။

'ခင်ဗျား ပင်ပန်းနေရောပေါ့၊ ကျန်တာတွေ ကျုပ်ဆက်လုပ်လိုက်မယ်လေ'

ပေါင်မုန့်ဖိုပိုင်ရှင်က လီနိုဆီ လျှောက်လာပြီး ပြောသည်။ အလုပ်က လက်စသတ်နေပါပြီ။ သို့သော်လည်း လီနို ဟန်မဆောင်နိုင်တော့ပါ။

'နည်းနည်းတော့ ပင်ပန်းသွားတယ်၊ ကျွန်မ မနားတမ်းလုပ်နေတာ ဆယ့်ခြောက်နာရီတောင်ရှိသွားပြီ'

လီနိုက ပင်ပန်းတကြီးပြောသည်။ ထိုညနေက အိမ်ကိုပင်ပြန်နိုင်သည့် စွမ်းအား မရှိတော့ပါ။ ပေါင်မုန့်ဖိုမှာပင် ဖြစ်သလို ထိုးအိပ်လိုက်ရလေတော့သည်။

ပေါင်မုန့်ဖိုပိုင်ရှင်ကတော်ပြောသည်မှာ မှန်ပါသည်။ ဇွန်လရောက်သောအခါ ဒုတိယမြောက် ချားလ်ဘုရင်နှင့် ပေါ်တူဂီမင်းသမီးတို့ လက်ဆက်ဖို့ စာချုပ် ချုပ်ဆိုကြလေသည်။

ထိုကာလမှာပင် ပေါင်မုန့်ဖိုမှ လီနို အလုပ်ပြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျာ်းလုပ်သူနှင့် လီနိုသည် ပေါင်မုန့်ဖိုထဲမှ အိုးမည်းများ၊ ပေါင်မုန့်ချိုင့်များကို ရှင်းလင်း သုတ်သင်ကြသည်။ မိန်းမလုပ်သူက သူတို့နှစ်ယောက်ကို မြင်သွားသည်။

သူ လစ်ပြီအသင်နှင့် မဘောဘ်တာရော် လုပ်နေကြသည် ထင်သော လီနိုကို အလုပ် ထုတ်ပစ်လိုက်ခြင်း ဖြစ်သေသည်။

ထင်သလိုမဟုတ်ကြောင်း အကျိုးနှင့် အကြောင်းနှင့် ရှင်းပြပြီး အလုပ်ဆက်လုပ်ဖို့ကြိုးစားမည်ဆိုလျှင် ဖြစ်နိုင်ပါသည်။

သို့သော်လည်း လီနို မလုပ်ချင်တော့ပါ။

ပေါင်မုန့်ဖိုပိုင်ရှင်၏အန္တရာယ်သည့် အခနှးနှင့်အမြန်ကျရောက်လာတော့မည် ဖြစ်ကြောင်း သူ သိနေသည်။ မိန်းမလစ်တိုင်း လက်သရမ်းခံထားရသည်မှာ အကြိမ်ပေါင်း မရေတွက်နိုင်တော့ပြီ။ သည်အတိုင်း ဆက်သွားနေလျှင် တစ်နေ့မဟုတ်တစ်နေ့ မကျော်မကောင်း ကြားမကောင်းတွေ့ ဖြစ်တော့မည်မှာ သေချာသည်။

ထို့ကြောင့်လီနိုက စောဒက တက်မနေတော့ပဲ အေးအေးဆေးဆေးပင် အလုပ် ထွက်ခဲ့လေတော့သည်။

ရိုးရိုးသားသား လုပ်ကိုင် စားသောက်ဖို့ ဆိုသည်မှာ မလွယ်ကူပါ။ အထူးသဖြင့် လီနိုလို ချောမောလှပသည့်



မိန်းကလေးတစ်ယောက်အဖို့ ပို၍ပင် ခက်ခဲနေတော့သည်။

ကြုံရာအလုပ်ကို သူ ဝင်လုပ်ကြည့်သည်။ သို့သော်လည်း ဘယ်အလုပ်တွင်မှ ကြာရှည် မခံပါ။

နောက်ဆုံး မနိုင်သည့်အဆုံး ခါသည့်အလုပ်ကိုပင် ဝင်လုပ်ခဲ့ရလေသည်။ တစ်နေကုန် အဝတ် လျှော်လိုက်၊ လျှော်ပြီးသားအဝတ်များကို ဖြန့်လှန်းလိုက်၊ နောက်ထပ် လျှော်လိုက်၊ ဖြန့်လှန်းလိုက်ဖြင့် နေထွက်မှနေဝင်ပင်ပန်းကြီးစွာ လုပ်ခဲ့ရသည်။

သူ ရှပ်ရည်ကလေးနှင့် ယောကျာ်း တစ်ယောက်ယောက်ကောက်ယူလိုက်လျှင် သက်သောင့်သက်သာ နေရမည်ဖြစ်ကြောင်း၊ သူသိပါသည်။ သို့သော်လည်း လီနိုသည် တစ်သက်တွင် တစ်ကြိမ်သာ အချစ်ပန်းပွင့်မည့် မိန်းကလေးမျိုး ဖြစ်သည်။

သူလိုချင်သော ယောကျာ်းမှာ ဤလောကတွင် တစ်ယောက်တည်းသာရှိသည်၊ ထို တစ်ယောက်တည်းသော ယောကျာ်းကိုလည်း သူမရနိုင်တော့။

ပင်ပန်းလွန်းသောကြောင့် ပို၍ ဘက်သာမည့်အလုပ် ရှာရင်း နောက်တစ်ရာသီကျတော့ ပိုးကုန်သည် [illegible] ယောက်၏အိမ်တွင် အိမ်ဖော်အလုပ်ကို ကံအားလျော်စွာ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးကုန်သည်မှာ မုဆိုးဖိုအဘိုးကြီး တစ်ယောက်ဖြစ်သည်။ လီနိုက မြင်လျှင်မြင်ချင်း ကြိုက်လှပါချည်ရဲ့ဆိုကာ သူနှင့်လက်ထပ်ဖို့ အရေးဆိုတော့သည်။

လီမှာပါးနပ်စွာ ငြင်းဆိုနေသည့် ကြားမှ ရက်ပိုင်းအတွင်း နှစ်ကြိမ်တိုင် အရေးဆိုပြီးသွားချေပြီ။

အဘိုးကြီးနှင့်လက်ထပ်ဖို့ဆိုသည်ကို လီနိုစဉ်းစားသင့်သည်။ မပူမပင်၊ မကြောင့်မကြ၊ မဘောင့်မတနေရမည်။ သမီးလေးလီရီနာနှင့် အတူတူနေခွင့်ရနိုင်သည်။ သမီးလေး လူတစ်လုံး သူတစ်လုံး ဖြစ်အောင် မြှောက်စားပေးနိုင်သည်။

သို့သော်လည်း ပိုးကုန်သည်၏ အစ်မကြီးနှစ်ယောက်က လီနိုကို စော်စော်ကားကား မေးခွန်းများ အမြဲတန်းမေးလေ့မေးထရှိသည်။ လီရီနာကိုခေါ်ပြီး အတူနေမည်ဆိုလျှင် သူ ရာဇဝတ်ကောင် ဖြစ်သည့် နောက်ကြောင်းများအားလုံး ပေါ်ကုန်တော့မည်မှာ သေချာသည်။

ထို့ကြောင့် ကိုယ်ရှိန်သတ်နေရသည်။

ပိုးကုန်သည်အိမ်တွင် အိမ်ဖော်လုပ်ရသည့် အလုပ်မှာ သက်သောင့်သက်သာရှိသည်မှာ မှန်ပါသည်။ ပင်ပင်ပန်းပန်း လုပ်ရသည်များမရှိပါ။ ပိုးကုန်သည်၏ သားသမီးအငယ်များကိုလည်း လီနိုသဘောကျပါသည်။

သို့သော်လည်း ခရစ္စမတ် ပွဲတော်ရက်များတွင် သူ့သမီးအကြီး နှစ်ယောက် အိမ် ပြန်ရောက်လာသည်။ ကျောင်းအိပ်ကျောင်းစား သွားနေကြရာ ကျောင်းပိတ်သဖြင့် ပြန်လာကြခြင်းဖြစ်သည်။



အိမ်ပြန်ရောက်သည်နှင့်ပင် သူတို့ ကြီးတော်များက သူတို့အဖေနှင့် လီနိုအကြောင်းကို အပုပ်ဆိုး ပြော ပြလိုက်သည်။

ထို့ကြောင့်လည်း လီနိုကို ပထုတ်လိုက်ဖို့ သမီး နှစ်ယောက်က အစီအစဉ်ပြုလုပ်ကြလေတော့သည်။

ကြီးတော်နှစ်ယောက်ကလည်း နင်တို့အဖေနှင့်ညားသွားလျှင် နင်တို့ကို မိထွေးက ပထုတ်ပစ်လိုက်လိမ့်မည်၊ နောက်ပြီး အဖေသေလျှင် ရှိသမျှ ပစ္စည်းအားလုံးကို အပိုင်စီးသွားလိမ့်မည်ဟု သွေးထိုးပေးသောကြောင့်လည်း ထိုသို့ လီနိုကို ပထုတ်ရန်စီစဉ်ခြင်းဖြစ်လေသည်။

ထိုကစပြီး လီနိုကို မကြားတကြားရန်စခြင်း၊ စောင်းမြောင်းပြောဆိုခြင်းများ ပြုလာသည်။ သို့တော်လည်း အဖေမျက်နှာကိုထောက်ပြီး လီနိုက မကြားချင်ယောင်ဆောင်ကာ သည်းခံနေခဲ့သည်။

နှာတာလူးပွဲတော်နေ့တွင်လည်း သူတို့မိသားစုချည်းပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ် နေပါစေဟု သဘောထားပြီး လီနိုက မစ္စက်ပေါ့တ်စ်၏ဖိတ်ကြားချက်ကို လက်ခံလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ ချေးနည်းစာကလေးဖြင့်ဝယ်ထားသည့် အဝတ်အစားများအနက် အတော် အသင့် ကောင်းကောင်းကလေးကို ရွေးစတ်ပြီး အိမ်ကထွက်မည်အပြုတွင် သမီးအကြီးနှင့် အိမ်တွင်းတစ်နေရာမှာ မျက်နှာချင်းဆိုင် သွားတိုးသည်။

'ရှင် ဝင်ချက်စတာမြို့က လာတယ်လို့ တစ်ခါပြောဖူးတယ် မဟုတ်လား'

ဟု အကြီးမက မေးသည်။

သူ့ မေးခွန်းကြောင့် လီနိုမှာ အထိတ်တလန့်ဖြစ်သွားသည်။

ထို့ကြောင့်လည်းစကားမမှားအောင် သတိထားဖြေသည်။

'ဟုတ်တယ်လေ၊ ဝင်ချက်စတာမြို့က လာတာပါလို့ ပြောဖူးသားပဲ၊ တောင်ခြေက တင်ဒယ်လ်သွမ်းမှာ ရှိတဲ့ ဝိုင်းနင့်ဆီမှာ ငါ အလုပ် လုပ်ခဲ့တာပဲ'

ဟု လီနိုက ပြန်ပြောရင်း စပ်စပ်စုစု လှပ်လာသည့် အကြီးမ၏ မျက်လုံးများကို ပြန်စိုက်ကြည့်နေသည်။

'အတော်တော့ဆန်းတယ်၊ ဝင်ချက်စတာမြို့မှာနေတဲ့ ဂွင်ကတ်စတာကို မေးကြည့်တော့ ဝိုင်းနင့်ဆိုတဲ့ နာမည်ကို တစ်ခါမှ မကြားဖူးဘူးတဲ့'



လီနိုက တိုးတိုးကလေး သက်ပြင်းချသည်။

'ငါရှိနေတုန်းက သူတို့ ပြောင်းမလာကြသေးလို့ ဖြစ်ချင် ဖြစ်မှာပေါ့၊ ဒါမှမဟုတ် သူတို့ ရောက်လာတဲ့အခါ ဝိုင်းနင်တို့က တစ်ခြားကို ပြောင်းသွားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဂွင်ကာတ်စတာဆိုတဲ့ နာမည်က ငါလဲ တစ်ခါမှ မကြားဖူးဘူး'

ပိုးကုန်သည်၏သမီး အကြီးမသည် ဇဝေဇဝါ ဖြစ်သွားပုံရသည်။

လီနိုက နောက်ထပ် တောင်မေးမြောက်မေး မေးချိန် မရမီ အပြင်သို့ ခပ်သုတ်သုတ် ထွက်ခဲ့လေသည်။

ထိုအဖြစ်အပျက်သည် လီနိုကို သတိ ပေးလိုက်သလို ဖြစ်သွားသည်။

ထိုနေ့ ကပ်ပိုင်းမှစပြီး နေရာတကာတွင် သတိကြီးစွာ ထားရလေတော့သည်။

အခွင့်အရေး ပေးခြင်း ခံရသောအိမ်ဖော်တစ်ယောက် ပင် ဖြစ်လင့်ကစား လူသတ်မှုဖြင့် အလိုရှိနေသော အမျိုးသမီးဖြစ်ကြောင်း သူ့ကိုယ်သူ မမေ့အောင် အမြဲ သတိ ပေးနေရလေသည်။

အတ္တိတ်ဇာတ်လမ်းသည် သူ့ဘဝကို ယခုထ[illegible] အောင် ဖျက်ဆီး စိနိုင်စွမ်း ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်များကို စဉ်းစားသောမိသောကြောင့် စွဲတဲ့ ဖားပေါမှ တီးလိုက်သည့် ခေါင်းလောင်းသံကိုပင် ရုတ်တရက် မကြားလိုက်ရချေ။

လှမ်းဘေးတွင် ရေခဲများကိုဆုပ်ပြီး အပြုန်အလှန်ပစ်ပေါက် ကစားနေကြသည့် ကလေးများကို နေရာအနှံ့တွေ့နေရသည်။ မိဘများကလည်း သူတို့သားသမီးများ ပျော်ရွှင်စွာ ဆော့ကစားနေကြသည်ကို ဝမ်းသာကြည်နူးစွာ ကြည့်နေကြလေသည်။

ငါ့သမီးလေးနဲ့ ငါကရောသူတို့လို ဘယ်တော့များမှ အတူတူ နေရပါမည်လဲဟုလီနီတွေးလိုက်မိလေသည်။

သူ့အပေါ် စွဲဆိုချက်များ ပျက်ပြယ်ဖို့ ဆိုသည်မှာ ဘုရင်မင်းမြတ်၏လွတ်ငြိမ်းချမ်းသာခွင့်ကို ရမှဖြစ်ပေမည်။ တရားရုံးတော်ကို အားကိုးနေ၍မဖြစ်။

တရားရုံးတော်ကို ယုံကြည်ကိုးစားပြီး ရုံးတင်အစစ်ခံတာမှ သေဒဏ်ချမှတ်ခြင်း ခံရလျှင် ဘာမျှတတ်နိုင်တော့မည်မဟုတ်။

သူ့ဘက်ကလည်း တရားဥပဒေကို ရင်မဆိုင်ဘဲ တစ်လျှောက်လုံး ဝရမ်းပြေး လုပ်နေခဲ့သည် မဟုတ်လော။

ထို့ကြောင့် ဘုရင်မင်းမြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ရအောင် ကြိုးစားဖို့ လီနီ သန္နိဋ္ဌာန် ချခဲ့လေသည်။



ဘုရင့်ရှေ့တွင် ခစားခွင့်ရဖို့ သုံးကြိမ်တိုင် သူကြိုးစားဖူးသည်။

ခစားခွင့်ရလျှင် ဘာတွေ သံတော်ဦး တင်ရမည်ဆိုသည်ကို ရေရေရာရာမသိ။

သို့သော်လည်း ရာဇဘေးမှ လွတ်နိုင်ရေးအတွက် ဖြစ်ချင်ရာဖြစ်ဆိုပြီး ကြိုးစားကြည့်ခြင်း ဖြစ်ပါသည်။

မိမိသည် ပူစတာမြို့မှ နတ်မိမယ်ဖြစ်ကြောင်း ပြောပြသည်။ သို့သော်လည်း မည်သူကမှ မယုံ။

သုံးကြိမ်စလုံး မောင်းထုတ်ခြင်းကိုသာ ခံခဲ့ရသည်။

ရိုးရိုးမောင်းထုတ်လျှင် ခံသာသေးသည်။ ယခုတော့ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် မတော်တရော်များ ပြောဆိုပြီး နောက်ပြောင် လွှတ်လိုက်ခြင်းဖြစ်သဖြင့် သုံးကြိမ် သုံးခါလည်း အရှက်ကွဲခဲ့ရလေပြီ။

ထို့ကြောင့် သည်းစကြိမ် ကြိုးစားလျှင်တော့ ဘုရင်၏ လက်ပါးစေများဆီမှာ ထုံးတမ်းစဉ်လာအတိုင်း ခွင့်တောင်းမနေတော့ဘဲ ဘုရင်ကိုယ်တိုင်ကို တိုက်ရိုက်တွေ့ခွင့်ရဖို့ ကြိုးစားရန် ဆုံးဖြတ်လိုက်လေသည်။

ဘုရင်သွားလာသည့်ဟိုက်ပတ်ပန်းခြံမှာ သူစောင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးရဲတပ်ဖွဲ့က မောင်းထုတ်သဖြင့် သေပြေး ရှင်ပြေး ပြေးခဲ့ရသည်။

မြင်း အပေါက်ခံရတော့မလို့ သီသီကလေး လွတ်ခဲ့သည်။

အခြားနေရာများမှာလည်း ကြိုးစားကြည့်သည်။

ဝှိုက်တ်ဟောမှာ သွားစောင့်သည်။

ထိုနေရာများတွင်လည်း အဆင်မပြေပါ။

မစ္စက်ပေါ့တ်စ်ထံ ရောက်တော့ သူ့ကို အသင့်စောင့်နေသည်ကို တွေ့ရသည်။

မျက်နှာဖုံး တပ်မလာသောကြောင့် ဗျစ်တောက် ဗျစ်တောက် လုပ်နေသေးသည်။

ဣန္ဒြေသိက္ခာရှိသည့် အမျိုးသမီးတိုင်း အိမ်ပြင်ထွက်လျှင် ဇာပါးမျက်နှာဖုံးကလေးကို တပ်ဆင်သွားကြမြဲဖြစ်သည်။

မျက်နှာပြောင်ကြီးနှင့် လမ်းပေါ် သွားလာနေ၍ မသင့်လျော်သည့် သဘောဖြစ်သည်။

မစ္စက်ပေါ့တ်စ်နှင့် ညစာ အတူစားသည်။ ထုံးစံအတိုင်း မစ္စက်ပေါ့တ်စ် ပြောပြသည့် အတင်း အဖျင်း ပေါင်းစုံကိုလည်း နားထောင်ရသည်။



ညဘက်သူအိမ်ပြန်လာတော့ နှင်းပွင့်တွေ တသောသောကျနေပြီ။

ခေါင်းလောင်းထိုးသံများ၊ နာတာလူးပွဲတော် တေးသီချင်းများကို သာယာနာပျော်ဖွယ် နားထောင်ရင်း အတွေးထဲမှာ သူနစ်နေခဲ့သည်။

မစ္စက်ပေါ့တ်စ်နှင့် ညစာအတူစားသည့်အတွက် သူ့မှာအသိတစ်ခုတိုးသွားသည်ဟု ဆိုရပါမည်။ သူ့အတွက် အသုံးဝင်သော အသိတစ်ခုဖြစ်ပါသည်။

'ဘုရင်မင်းမြတ်နဲ့တွေ့ဖို့ မင်းသွားနေတဲ့နေရာတွေဟာ နေရာမှားတွေချည်း ဖြစ်နေတယ်၊ နေရာမှန် ဘယ်ဟာသဲဆိုတာကို မင်းမသိသေးဘူး၊ ပြဇာတ်ရုံတွေကိုသွားစောင့်မှ တွေ့ရမှာပေါ့၊ ဘုရင်မင်းမြတ်ဟာ ပြဇာတ်ရုံ တစ်ရုံမဟုတ်တစ်ရုံကိုတော့ အမြဲသွားနေတာမဟုတ်လား'

ဟု မစ္စက်ပေါ့တ်စ်က ပြောလိုက်လေသည်။

မှန်ပါသည်။ စောစောတုန်းက ဘာကြောင့် ထိုကိစ္စကို မတွေးမိပါလိမ့်ဟု သူ့ကိုယ်သူ အပြစ်တင်မိသည်။

ပြဇာတ်ဆရာကြီးများ ဖြစ်ကြသော သောမက်ကီလီဂရူးနှင့်ဝီလျံဒေ့ဗ်နင့်တို့ နှစ်ယောက်ကိုပြဇာတ်များ က ခွင့်ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးသွားသည့် ပြဇာတ်ရုံများကိုတ, ၅ရရုံပြင်ဆင်စေပြီး က,ပြစေခြင်းဖြစ်သည်။ ဇာတ်ရုံသစ်ကြီးများကိုလည်းအားလျင်းဆောက်နေသည်။

သောမတ်ကီလီဂရူး၏ ဇာတ်အဖွဲ့ကို ဘုရင်မင်းမြတ်ကိုယ်တိုင် ထည်းထောင်ပေးခြင်း ဖြစ်ပြီး ဝိလျံ ဒေ့ဗ်နင့်၏အဖွဲ့ကိုတော့ ယောက်မြို့စားကြီးက ထည့်ထောင်အားပေးနေခြင်း ဖြစ်လေသည်။

ပြဇာတ်ရုံများအဝမှာနေ၍ စောင့်နေလျှင် ဘုရင်မင်းမြတ် ရောက်လာသောအခါ စကားပြောခွင့် ကြုံနိုင်သည်။

ထိုညက အိမ်အပြန်လမ်းတစ်လျှောက်လုံး လီနီသည် ထိုအကြောင်းကို တွေးပြီး အစီအစဉ်များကိုပါ စိတ်ကူးနေမိလေသည်။

အိမ်ပြန်ရောက်တော့လည်း အတွေးနယ်ထဲမှာ သူနစ်နေသည်။

ပိုးကုန်သည်၏ သမီးများအကြောင်း ပြောဆိုနေသည်ကိုလည်း သူမကြား။

ပိုးကုန်သည်၏ သမီးများကပင် သူ့အဖြစ်ကိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေကြသည်။

နောက်နေ့တွင် ပြဇာတ်အသစ်တစ်ထုပ် တင်စရာရှိသည်။



ဘုရင်မင်းမြတ်သော ချွာပေါက်လာရမည်ဟု လီနီတွက်ထားသည်။

ထို့ကြောင့် နောက်နေ့ဝတ်ဆင်သွားဖို့အဝတ်အစားကို စဉ်းစားကြည့်သည်။

သူ့မှာ များများစားစား ရွေးချယ်စရာမရှိပါ။ ဘုရင်မင်းမြတ် လန်ဒန်မြို့ကို ပြန်လည်ဝင်ရောက်လာသည့်နေ့က သူဝတ်ဆင်ခဲ့သော ဂါဝန်ကလေးကို ထုတ်ကြည့်သည်။ အနီးကပ်ကြည့်လျှင် ဟောင်းနွမ်းမှုန်းသိသာနေပြီ။

သို့သော်လည်း အရောင်က တောက်တောက်ပပရှိနေသည်။ ထို့ကြောင့် ထိုဂါဝန်ကိုပင် ရွေးလိုက်သည်။

နောက်ပြီးတော့ လည်ပင်းကို သာမန်ထက် ပိုဟိုက်ဖို့လိုကြောင်း သူစိတ်ကူးရလိုက်လေသည်။

အလှအပကြိုက်တတ်သော ဘုရင်မင်းမြတ် ရှေ့တွင် လည်ပင်းဟိုက်သည့်ဂါဝန်ဖြင့် ဦးညွတ်အရိုအသေပြုခြင်းသည် ဘုရင်မင်းမြတ်၏အလိုတော်ကို လိုက်လျောခြင်းဖြစ်သည်ဟု တစ်နည်းအားဖြင့် ယူသော် ရနိုင်ရာသည်။

ထိုဂါဝန်ကလေးသည် ပခုံးသားများကိုလည်း ပေါ်ပေါ်သိသိဖော်ပေးနိုင်စွမ်းရှိသည်။

နောက်တစ်နေ့တွင် နေ့တစ်ဝက်ရက်သွားယူမည် [illegible] ကြောင်း လီနီအလုပ်ရှင် ပိုးကုန်သည်ကိုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးကုန်သည်က သူ၏ဂေါက်ရောဂါနည်းနည်း ထနေနေသောကြောင့် ခွင့်မပေးချင်။

နာတာလူးပွဲတော်နေ့တုန်းက လီနီကို အပြင်သို့ ရှောရှောရှူရှူထွက်ခွင့်ပေးခဲ့သော သူ့သမီး နှစ်ယောက်ကလည်း ယနေ့တော့ ခွင့်မပေးချင်။

အဖေ့တာဝန်ကို သူတို့ချည်း လုပ်ပေးနေရမည် စိုးသောကြောင့် အင်တင်တင်လုပ်နေကြသည်။

သို့သော် လီနီကလည်း မသွား၍မဖြစ်။ နောက်ပြီးတော့ သူ့ဂေါက်ရောဂါ အကြောင်းလည်း ကောင်းကောင်း သိထားပြီးဖြစ်သဖြင့် စိုးရိမ်စရာအကြောင်းမရှိကြောင်းကိုပါ သိနေသည်။

အမှန်တော့ ဂေါက်ရောဂါက ဒါ့လောက်မဟုတ်ပါ။ လီနီကိုသူ့အနားမှမခွာစေချင်သောကြောင့် ပိုးကုန်သည်က အကြောင်းမရှိအကြောင်းရှာ တားနေခြင်း ဖြစ်ပါသည်။

ဒါလည်း လီနီသိပါသည်။

'ကျွန်မအပြန်ကျယင် ဆံပင်ညှပ်သမား ဝင်ခေါ်ခဲ့ရမလားဟင်'

ဟု လီနီက မေးသည်။

'နေပေစေ၊ မင်းပြန်မလာခင် ဒီဂေါက်ရောဂါနဲ့ ငါသေနှင့်နေမှာ'



စိတ်ကောက်နေသော ပိုးကုန်သည်ကမျက်နှာ စူအောင့်အောင့်နှင့် ပြောသည်။ လီနီကရယ်ချင်စိတ်ကို ထိန်းပြီး သူ့ကိုလှမ်းကြည့်သည်။

လီနီ အပြင်ထွက်မည်ဆိုတိုင်း ပိုးကုန်သည်မနေတတ်မထိုင်တတ် ဖြစ်တတ်သည်။ သူ့အစ်မ နှစ်ယောက်အလီနီနှင့်ပတ်သက်၍ လန့်ကြုတ် ဇာတ်လမ်းများ ထွင်ပြီးပြောထားသောကြောင့် ဖြစ်ကြောင်းကိုလည်း လီနီကအတတ်သိပြီးဖြစ်သည်။

လီနီ ဘယ်အရပ်သို့သွားကြောင်း၊ ဘယ်သူနှင့် သွားကြောင်း၊ သို့တည်းမဟုတ် ဘယ်သူ့ကိုသွားတွေ့ကြောင်းများ လုပ်ကြံပြောထားလေ့ရှိသည်။

ဒီနေ့တော့ ဒါတွေကို လီနီ ဂရုစိုက်မနေနိုင်တော့ပါ။ ဘုရင်မင်းမြတ်ထက် အချိန်စောပြီး ပြဇာတ်ရုံသို့ ရောက်နေဖို့ အရေးကြီးနေသည်။ ထို့ကြောင့် ဇွတ်ပင်ထွက်လာတော့သည်။

'အဲဒီပုံကိုကြည့်ပါလား၊ သူ့မှာ ရည်းစားရှိနေပြီဆိုတာ မြင်တဲ့လူတိုင်းသိသာအောင်အဖြစ်သည်းနေတာပဲ ဖေဖေ'

သူအိမ်ထဲကအထွက်တွင် သမီးတစ်ယောက်ယောက်က ပိုးကုန်သည်ကို ခပ်တိုးတိုးပြောလိုက်သည်၊ လီနီလည်း ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနို၏ ခြေသလုံးကာက်များ တုံ့ ခနဲဆိုင်းသွားသည်။ သူတို့ထင်သလို မိမိမှာ ရည်းစား သနာမရှိကြောင်း ပြန်ရှင်းပြရလျှင် ကောင်းမည်လားဟု တွေးလိုက်မိသေးသည်။

ထိုစိတ်ကူးကို ချက်ချင်း ဖျက်လိုက်သည်။ အမြင်သို့ အစလီသုံးဆယ် ထွက်လာခဲ့မိတော့သည်။

အပြင်မှာ မလအေးက ခပ်ကြမ်းကြမ်းတိုက်နေသည်။ ရွာစောင်ဆလေးကို တင်းတင်း ဆွဲပတ်ထားရသည်။ အောက်မှာ ရေခဲတွေ ဖုံးနေသည်။ စီးလာသည့်ဆေါက်မြင့်ခုံဖိနပ်။

ထို့ကြောင့် ရေခဲပြင်ပေါ်တွင်ချော်မလဲအောင်လည်း ဂရုစိုက်ရသေးသည်။ ချော်လဲလျှင် ဇက်ကျိုးဖို့ သေချာသည်။

စိန့်ဂျွန်းလမ်းမှာ ရှိသော ရက်ဘူးရုံသို့ သွားသည်။ ထိုရုံတွင် ဘုရင် ဖွဲ့စည်းပေးထားသည့်အဖွဲ့က ပြဇာတ်အသစ်တစ်ထုပ် တင်ဆက်ကပြနေသည်။

ပြဇာတ်မကမီ အချိန်ကောင်းမှာပင် သူရောက်သွားသည်။ ဘုရင်မင်းမြတ် ဝင်လေ့ဝင်ထရှိသော ရုံပေါက်ဝနားမှာ သူ စောင့်နေသည်။

သူရပ်နေသော နေရာမှာ ရုံအပြင် ဖြစ်သည်။ လေအစီးစီး တိုက်နေသည်။ အလွန်အေးနေသည်။ သို့သော်



လည်း ရာသီဥတု ကြမ်းနေသည်ကို ဂရုစိုက်မနေနိုင်ပါ။ ရွှောစောင်ကလေးကို တင်းတင်း ဆွဲခြုံကာ ဖွဲ့ကောင်းကောင်းနှင့် ဆိုးဘောင့်နေသည်။

ဘုရင်မင်းမြတ်၏ ရထားလုံး ဆိုက်ရောက်လာသောအခါ လီနို၏ကိုယ်လုံးမှာ တောင့်ခနဲ ဖြစ်သွားလေသည်။

နန်းတွင်းသူ နန်းတွင်းသားများနှင့် အထက်တန်းလွှာ အမျိုးသမီးများက လီနိုကို တွန်း ထိုး သွား ကြ သည်။ ဘေးသို့ တွန်းဖယ် ပစ်လိုက်သလိုလည်း ဖြစ်သွားလေသည်။

အရပ်အမောင်းကောင်းလှသော ဘုရင်မင်းမြတ်သည် သူ့အကြိုက်နှစ်သက်ဆုံး အရောင်ဖြစ်သည့် အနက်ရောင်ကိုပင် ဝတ်ဆင်ထားလေသည်။

မြင်းရထားပေါ်မှ ဆင်းသည်။

လီနိုကလည်း ရှေ့ဘက်သို့ တင်ပြိုင်တည်း တိုးလိုက်သည်။

ဘုရင်မင်းမြတ်က ရုံဝင်ပေါက်ဆီသို့ လှမ်း ကြွလာသည်။

လီနိုက ဘုရင်မင်းမြတ်ရှေ့မှာ ကွယ်နေသောလက်နက်ကိုင်များကြားမှနေ၍ ဘုရင်မင်းမြတ်၏ ရှေ့တည့်တည့်တွင် ဒူးညွှတ်ချလိုက်ပြီး ကိုယ်အထက်ပိုင်းကို ခါးမှကွေးညွှတ်ချကာ အရိုအသေပြုလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ် ခြေထောက်ပေါ်သို့ တည့်တည့်ကြီး ဦးညွှတ်ချပြီး ဖြစ်နေသည်မှာ ကြွို့တင်လေ့ကျင့်ထားသည့် ထက်ပင် တိကျနေသည်။

ဘုရင်မင်းမြတ် အံ့အားသင့်သွားသည်။

ဒါလောက် ကွက်တိ ဝင်သွားသည်ကို လီနီလည်း အံ့အားသင့်သွားသည်။

'ဟဲ့ကောင်မလေး ရှင်ဘုရင်သွားမယ့် လမ်းမှာ ဘာလာလုပ်နေတာလဲ'

အသံကြမ်းကြမ်းကြီးတစ်ခု ပေါ်လာပြီး ပြောပြောဆိုဆို သူ့ကို ဆွဲထူပစ်လိုက်လေသည်။

'အရှင်မင်းမြတ်....'

လီနီက အော်ပြောသည်။ စောစောက ပခုံးပေါ်တင်ထားသည့် ရွှေစောင်ကလေးသည် သူ့ခြေထောက်နားမှာ ပုံလျက်သား ကျနေတော့သည်။

အစောင့်တစ်ယောက်က ခပ်ကြမ်းကြမ်းဆွဲထူလိုက်စဉ်တွင် သူ့ဂါဝန်စကို ဆွဲမိတာ ပခုံးသားတစ်ဘက်က စောစောကထက် ပိုပေါ်သွားသည်။

'အရှင်မင်းမြတ်ကို ဖူးမျှော်ခွင့်ရဖို့ ကျွန်တော်မျိုးမကြိုးစားခဲ့တာ လပေါင်း အတော်ကြာသွားပါပြီ အရှင်မင်းမြတ်'



လီနီက သူပြောစရာရှိသည်ကို တောက်လျှောက်ပြောချလိုက်သည်။

ဘုရင်မှာ တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။ ပြီးတော့ အသယ်လွှမ်းသောမျက်လုံးများဖြင့် လီနီကိုငုံကြည့်သည်။ တီရှပြတ္တနတ်ရား နည်းပါးလှစွာပေါ်နေသည့် အသားဆိုင် အသားခဲများကို အလျင်သွားတွေ့သည်။

ပြီးတော့ နက်မှောင်သော မျက် တောင် တော့များအောက်မှ ခရမ်းရောင် မျက်လုံးအစုံနှင့် မျက်လုံးချင်းသွားဆုံသည်။

'ဒါလောက်တောင် ဇွဲကောင်းတဲ့ ကြိုးစားမှုကို ဆုသာတ် ပေးသင့်တယ်'

ဘုရင်က ခပ်တိုးတိုးပြောသည်။ ပြီးတော့ စောစောက လီနီ တိုးဝင်သွားသည့် လက်နက်ကိုင် အစောင့်ဘက်သို့ လှည့်ပြောသည်။

'မနက်ဖြန်မွန်းလွဲနှစ်နာရီမှာ လက်ခံတွေ့ဖို့ စီစဉ်လိုက်ရမ်ဆေ'

လီနီက ကိုယ်ကိုကိုင်းပြီး အားရပါးရကြီးအရှိအသေပြုလိုက်ပြန်သည်။ နောက်ထပ် ခါးကိုင်းစရာမလိုတော့ဘဲ မြေပြင်ပေါ်မှ ရွှေစောင်ကလေးကို ပြန်ကောက်ယူရလောက်အောင် ကုန်းလိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်က လီနို၏ တစ်ကိုယ်လုံးကို သိမ်းကြုံးဖြီး ကြည့် သွားပြန်သည်။ ပြီးတော့ ပြဇာတ်ရုံထဲသို့ ဝင်သွားသည်။ သူ့ဘေးမှာ ဝတ်ကောင်းစားလှနှင့် စိန်ရွှေရတနာမျာ ဝတ်ဆင်သွားသည့် အမျိုးသမီး တစ်ယောက်လည်း ပ သွားသည်။

ရမ်ဆေဆိုသော နန်းတွင်း အမှုထမ်းက နေ နှစ် သည်။

'သူငယ်မ၊ မင်းနာမည်ပြော'

သူက ခပ်ပြတ်ပြတ်လေသံဖြင့် မေးသည်။

'လီနိုဖရင့်ဖို'

'မနက်ဖြန်နေ့ခင်း တစ်နာရီတိတိ ပွိုက်တ်ဟောမှာ ရောက်နေပေစေ၊ မင်းကို အတွင်းတော်ထဲ ဝင်ခွင့်ပြ မယ်...'

'ဟင်...ဘုရင်မင်းမြတ်က ပြောသွားတာ နှစ်နာရီဆို'

လီနိုက စောဒက ပြန်တက်သည်။

ရမ်ဆေက သူ့ကို ဒေါသတကြီး လှမ်းကြည့်သည်။ သူ့ဆံပင်တုကြီး လှုပ်ယမ်းသွားပြီး ပုံပျက်ပန်းပျက်ဖြစ် သွားလေသည်။

'ဘုရင်မင်းမြတ်က မင်းကို စောင့်နေရမယ်လို့ ထင်နေ သလားဟင်၊ ဘုရင်မင်းမြတ်ကို မင်းက စောင့်ရမှာကွ



တစ်နာရီတိတိ ရောက်အောင်လာခဲ့၊ ဒါပဲ ငါပြောလိုက် မယ်၊ ပြီးတော့ နောက်မကျဖို့လဲ အခုကတည်းကမင်းကို သတိပေးလိုက်မယ်'

ရမ်ဆေက တိုတိုပြတ်ပြတ် ပြောကာ ဘုရင်မင်းမြတ်နှင့် အဖွဲ့ကို မီအောင်လိုက်သည့် သဘောမျိုးဖြင့် ခြေလှမ်းကျဲ ကြီးနှင့် လိုက်ပါသွားလေတော့သည်။

'ဟော့ မိန်းမချောလေး၊ ငါကတော့ မင်းကိုမစော င့် ခိုင်းပါဘူးကွယ်'

အသံတစ်ခု ကြားရသည်။ လီနိုက လှည့်ကြည့်သည်။ သူ့ကို ပြုံးကြည့်နေသော ရေထပ်သားလေး တစ်ယောက် ကို တွေ့ရသည်။

လီနိုက အားပါးတရ ပြန်ရယ်ပြကာ ခေါင်းယမ်းပြီး ထိုနေရာမှ ထွက်ခွာလာတော့သည်။

ပိုးကုန်သည်အိမ်သို့ ခပ်သုတ်သုတ် ပြန်ခဲ့သည်။ အပြန် လမ်းတွင် နှင်းပွင့်များ ခပ်ပါးပါးကျနေသည်။

အိမ်ပြန်ရောက်သွားတော့ ပိုးကုန်သည်က သူ့ကိုမော့ ကြည့်သည်။

'ကိုင်း...ဒီတစ်ခါ ဘာဇာတ်လမ်းကို ငါတို့ ကြားရ မလဲ'

www.burmeseclassic.com

www.burmeseclassic.com



ပိုးကုန်သည်က ဆီးမေးသည်။ သူ့လေသံထဲတွင်မခ
နပ်သည့်အသံများ အပြည့်ပါနေလေသည်။

သူတို့ သားအဖနှစ်ယောက် အယောင်ချောက်ချား ဖြ
သွားကြသည်ကိုကြည့်ပြီး လီနီ အရမ်း သဘောကျသွာ
သည်။ အထူးသဖြင့် မလိုမုန်းထား မျက်လုံးများဖြင့်ကြည့်
နေကြသည့် သူ့သမီးများ တုန်လှုပ်သွားသည်ကို ပို၍
ကြည့်ချင်နေသည်။

'ကျွန်မ ဘုရင်မင်းမြတ်ကို ဖူးမျှော်ခွင့် ရလာတယ်
ဝှက်ဟောဟောမှာ မနက်ဖြန် နေ့ခင်းနှစ်နာရီ'

လီနီက ထုတ်ဖော်ပြောလိုက်သည်။

ပိုးကုန်သည်၏ မေးရိုးများမှာ ပြုတ်ကျသွားသလားဟု
ထင်မှတ်လိုက်ရလေသည်။

ဇာပန်းထိုးနေသော သမီးတစ်ယောက်၏ လက်ထဲမှ
ထိုးလက်စ ဇာပန်းသည် အောက်သို့ လွတ်ကျ သွား လေ
သည်။

အပ်ချုပ်နေသော သမီးတစ်ယောက်က သူ့လက်ကို
သူ့အပ်နှင့် ပြန်ထိုးမိသည်။ ထို့ကြောင့် ယောင်ပြီးတစ်
ချက် အော်လိုက်သည်။



လီနီက ပြန်လည်သွားရန် ဟန်ပြင်သည်။ သို့သော်
လည်း ပိုးကုန်သည်၏လေသံက သူ့ခြေလှမ်းများကိုတား
ဆီးလိုက်ရလေသည်။

'မိန်းကလေး ငါဟာ မင်းအပေါ်မှာ အချားကြီး
ကောင်းခဲ့တယ်နော်'

ထိုစကားကိုကြားတော့ သူ့သမီးများက အစကတည်း
ပြောရမည်ဟု သူ့ကို သင်ပေးထားခြင်းသာ ဖြစ်ကြောင်း
လီနီ နားကြည်းစွာ တွေးကြည့်မိလိုက်လေသည်။

'ဒါကြောင့် အစိုးရဲ့ဘယ်မရှိတဲ့ဇာတ်လမ်းတွေ ရုပ်ရှင်နိုး
က ရပ်တော့'

ပိုးကုန်သည်က ဆက်ပြောသည်။

'ကျွန်မ မှန်တာကို ပြောတာပဲ၊ ဘုရင်မင်းမြတ်ကို
ကျွန်မ ဖူးမျှော်ခွင့်ရမယ်ဆိုတာ အမှန်ပဲလေ'

လီနီက စိတ်ရှည်လက်ရှည် ပြန်ရှင်းပြသည်။

သမီးတစ်ယောက်က ရှုံ့မုန်းသောလေသံဖြင့် လှောင်
ရယ် ရယ်သည်။

'ဟား...ဟား ဘုရင်မင်းမြတ်ကို ဖူးမျှော်ခွင့်ရတော့၊
စစ်သားပေါက်စလေးတစ်ယောက်နဲ့ ပန်းခြံထဲမှာတွေ့ခွင့်
ခွင့်ရရင်တောင် ကံကောင်း'

www.burmeseclassic.com

www.burmeseclassic.com



လီနို၏ ထိုမိန်းကလေးကို တစ်ချချ လုပ်ပစ်လိုက်ဖို့ ဖျတ်ခနဲပြန်လှည့်သည်။ သို့သော်လည်း အဘိုးကြီးက ထိုင်ရာမှထဖို့ ခက်ခဲစွာ ကြိုးစားနေသည်ကို မြင်လိုက်ရသဖြင့် ကိုယ်ရှိန်သတ်လိုက်သည်။

အဘိုးကြီး၏မျက်လုံးများမှာ ဒေါသကြောင့်အရောင် တောက်နေသည်။မှသကာသောအရိပ်အရောင်များလည်း ပါသည်။

'ငါ့အပေါ်မှာ မင်းမူယာမာယာတွေ များနေတယ် ဆိုတာ အသိသာကြီးပဲ၊ ငါ သဘောကောင်းတဲ့အတွက် သက်သက် အခွင့်အရေးယူနေတာမဟုတ်လား၊ အခုတစ်ဆင့်တက်လာပြန်ပြီ၊ ဘုရင်မင်းမြတ်ကို ဖူးမျှော်ခွင့် ရလာပြန်သတဲ့၊ ငါမယုံဘူးမိန်းကလေး၊ ဒါကြောင့် မနက်ဖြန်နှစ်နာရီမှာ ဒီအိမ်အလုပ်တွေကို မင်း လုပ်မြဲ လုပ်နေရမယ်၊ နေဝင်တဲ့အထိ အလုပ်လုပ်ရမယ်၊ မင်းကို နားခွင့် မပေးနိုင်ဘူး။'

လီနိုက သက်ပြင်းချသည်။ အဘိုးကြီးကို သူတကယ် သနားပါသည်။ သူတို့နှစ်ယောက်ကြားတွင် အုတ်တံတိုင်းကြီးခြားထားသလိုဖြစ်သွားအောင် သူ့သမီးနှစ်ယောက်က လုပ်ပစ်လိုက်သောကြောင့် စိတ်မကောင်းလည်း ဖြစ်သွားမိပါသည်။



'ဒီအတိုင်းဆိုရင်တော့ မနက်ဖြန်ပဲ ကျွန်မအလုပ်ကထွက်ရပါတော့မယ်၊ ဘုရင်မင်းမြတ်ဆီကိုတော့ အခစားဝင်လို့မဖြစ်ပါဘူး'

လီနို က တည်ငြိမ်သော လေသံနှင့်ပြောသည်။

ပိုးကုန်သည်မှာ ချက်ချင်း အပျက်ကြီးပျက်သွားသည်။ သူ့ကုလားထိုင်ပေါ်သို့လည်း အရုပ်ကြိုးပြတ်ပြန်ကျသွားသည်။ အဘိုးကြီး ထိုမျှခံစားသွားရသည်ကိုတော့ လီနို သနားမိပါသည်။

'ကျွန်မပြောနေတာတွေကို နားလည်ဖို့ ကျေးဇူးပြုပြီး ကြိုးစားကြည့်ပါရှင်'

လီနိုက ငိုသံပါနှင့်ပြောရင်း အဘိုးကြီးကို တွဲပေးဖို့ ရှေ့သို့ခြေလှမ်းပြင်သည်။ သို့သော်လည်း သမီး တစ်ယောက်က သူတို့နှစ်ယောက်ကြားသို့ ဖျတ်ခနဲ ဝင်လာပြီး လီနို၏လမ်းကို ပိတ်ထားလိုက်လေသည်။

'ငါ့အဖေ စိတ်ထိခိုက်အောင် နင် ပြောနေတာတွေ ဒါလောက်နဲ့တင်ရပ်ပါတော့၊ နင့်ပစ္စည်းတွေသိမ်းပြီးဒီအိမ်ထဲကထွက်သွား'

သမီးတစ်ယောက်က အော်ငေါက်ပြောသည်။

လီနိုက အဘိုးကြီးဘာအဆုံးအဖြတ် ပေးမလဲဆိုသည်ကို သိချင်သောကြောင့် ပြန်ကြည့်သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက သူ့ကို တမင်မျက်နှာလွှဲနေသည်။ မေးရိုးကြီးများလည်း မာကျောခက်ထန်နေသည်။

ကျွန်မ ကို အခုထွက်သွားခိုင်းချင်သလား၊ မနက်ကျမှ ထွက်သွားရမလား။

'မနက်ဖြန့်ထွက်ယင် မင်းအဖို့ အချိန် လုံလောက်ပါတယ်'

လည်ပင်းအညှစ်ခံထားရသူ တစ်ယောက်၏ လေသံမျိုးဖြင့် အဘိုးကြီးက ပြောသည်။

လီနီက သူပိုင်ပစ္စည်းအသေးများ ထုပ်ပိုး သိမ်းဆည်းဖို့ အပေါ်ထပ်သို့ တက်လာခဲ့လေသည်။

ပိုးကုန်သည်အိမ်မှ နောက်တစ်နေ့မနက် သူထွက်ခွာလာသောအခါ မည်သူကမျှ နှုတ်မဆက်ကြပေ။

ပိုးကုန်သည်ထိုင်ပြီ မီးလုံ နကျအခန်းတံခါးကို စေ့နေအောင် ပိတ်ထားလေသည်။ ယခုလိုအချိန်ဆိုလျှင် ထိုအခန်းထဲမှာ သူ မီးလှုံနေကျဖြစ်သည်။ သူ့သမီးများသည် ထိုတံခါးကို ပိတ်ရုံမျှမက သူ့အဖေက လီနီကို နှုတ်မဆက်နိုင်အောင် အလှည့်ကျစောင့်နေကြလိမ့်မည်ဟုလည်း လီနီ တွေးကြည့်မိသည်။

အဘိုးကြီးက စိတ်နာ၍ နှုတ်ဆိတ်ခဲ့သည်။ ထို့ကြောင့် လီနီနှင့်တွေ့လျှင်သာဓုဘေးပျော့ပြောင်းမသွားစေရန် သူတို့ပိတ်ပင်ထားကြခြင်း ဖြစ်သည်။



ပိုးကုန်သည်က လီနီဆက်နေဖို့ ပြောသည့်တိုင်အောင် လီနီ ကြာကြာနေနိုင်တော့မည်မဟုတ်။ သူ့သမီးအကြီးနှစ်ယောက် ကျောင်းထွက်ကြတော့မည်။ ကျောင်းထွက်ပြီး အိမ်သို့ အပြီးပြန်လာကြတော့မည်။ ထို သမီးနှစ်ယောက်နှင့်အတူ သူတယ်လိုမျှနေ၍ ရနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် မကြာမီတစ်နေ့တွင် အလုပ် တွက်ရမည်မှာ မလွဲကေန်ဖြစ်သည်။

အိမ်ဖော်အမျိုးသမီးချောချောလေး တစ်ယောက်၏ ဘဝသည် ဖြောင့်ဖြူးသာယာခြင်း မရှိပါတကား။

လီနီက ဂျော့ရပ်ကွက်သို့သွားသည်။ သူပိုင် ပစ္စည်းကလေးများကို မစ္စက်ပေါ့တ်စ်ဆီမှာ ခဏအပ်ထားသည်။ လီနီ အလုပ်ပြုတ်ခဲ့ပြီဆိုတော့ အဖွားကြီး စိတ်မကောင်းဖြစ်သွားရှာသည်။

သို့သော် ဘုရင်မင်းမြတ်ကို ဖူးမျှော်ခွင့် ရပြီဆိုသည့် အကြောင်းကြားရသောအခါ သူ မျက်နှာကြီး ပွင့်သွားလေသည်။ မျက်လုံးများလည်း အားတက်စိတ်ဖြင့် အရောင်တဖျတ်ဖျတ်လက်လာသည်။

နောက်ပြီးတော့ အငှား မြင်းရထားတစ်စီး ငှားသွားဖို့ အတင်းတိုက်တွန်းလေတော့သည်။ သူပါအဖော်လိုက်ခဲ့မည်ဟု ဇွတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါလောက်တောင် လေတွေတိုက်ပြီး အေးစိမ့်နေတာ ကုန်းကြောင်းသွားလို့ ဘယ်ဖြစ်မှာလဲ၊ တို့ရောက်ယင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့မှာပေါ့'

'မနေ့တုန်းက ပြဇာတ်ရုံမှာ ကျွန်မ သွားတွေ့တော့လဲ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာပါပဲ'

ဟု လီနီက ပြောသည်။

'မတူဘူး၊ မနေ့တုန်းက မင်းက သွားတွေ့တာ၊ ဒီနေ့က သူက ခေါ်တွေ့တာ၊ သူက အတွေ့ခံတာ၊ မင်းဟာ ကြည့်ပျော် ရှုပျော် အဖြစ်ဆုံး အနေအထားမှာ ရှိနေရမယ်—'

လီနီက ရယ်သည်။

သည်လိုဖြင့်ပင် အငှားမြင်းရထားတစ်စီးကို ငှားဖြစ်ကြတော့သည်။ ဝိုက်တ်ဟောနှင့်နီးလေ လီနီ့ စိတ်လှုပ်ရှားလေ ဖြစ်လာသည်။

နန်းတော်ကြီးကို လှမ်းမြင်ရပြန်တော့လည်း အခါတိုင်းထက် ယနေ့ကျမှ ပိုမိုကြီးကျယ် ခန့်ညားနေသည်ဟု စိတ်ထဲမှာ ထင်နေမိလာသည်။

'ဒရိုင်ဘာ—တို့ ဒီက စောင့်မယ်'

နန်းတော်ရှေ့တွင် မြင်းရထားရပ်တော့ မစ္စက်ပေါ့တ်စ်က မြင်းလှည်းမောင်းသမားကို ခန့်ခန့်ကြီး လှမ်းပြော



သည်။ ပြီးတော့ ကူရှင်ပေါ်သို့ သက်သောင့်သက်သာ မှီချလိုက်သည်။ သူ့ အမူအရာသည် နန်းတွင်း သူကြီး တစ်ယောက်လို အလွန်တရာ နန်းဆန်နေလေတော့သည်။

လီနီ့မှာ အရမ်းစိတ်လှုပ်ရှားနေသည်။

နန်းတော်ဝမှာ နာမည်ပြောသည်။ ယူနီဖောင်းဝတ် တစ်ယောက်က အတွင်းဘက်သို့ လိုက်ပို့ပေးသည်။ ဧည့်ခန်းကြီးတစ်ခန်းထဲသို့ ရောက်သွားသည်။

ထိုအခန်းထဲတွင် ယောကျ်ားအတော်များများအလုပ်ရှုပ်နေကြသည်။

နောက် အမှုထမ်းတစ်ယောက်လက်သို့ လီနီကို အပ်လိုက်သည်။ သူက အတွင်းဘက်သို့ ဆက်ခေါ်သွားပြန်သည်။

ထိုနည်းအားဖြင့် လက်များ အဆင့်ဆင့် ပြောင်းကာ နောက်ဆုံးတွင် အခန်းကျယ်ကြီးတစ်ခုထဲသို့ ရောက်သွားပြီး သူ့ကို—

'ဒီက စောင့်'

ဟု ပြောကာ တစ်ယောက်တည်း ထားပစ်ခဲ့လေတော့သည်။

အခန်းကျယ်ကြီးကို လီနီအကဲခတ်ကြည့်သည်။ ပြတင်းပေါက်ရှည်ကြီးနှစ်ခုရှိသည်။ ကျန်ပြတင်းပေါက်များက

www.burmeseclassic.com

www.burmeseclassic.com



သာမန်ဖြစ်သည်။ ဝင်ပေါက်ထွက်ပေါက် နှစ်ပေါက်ကိုလည်း တွေ့ရသည်။

ပြတင်းပေါက်များနှင့် ခန်းဆီးများ ဝဝ ထသည်။ သို့သော်လည်း အလင်းရောင် ဝေဝေဆာဆာ ရနေသည်။

အခန်းထဲမှာ မိမိတစ်ယောက်တည်း ရှိနေသည်ကို ခံထားရခြင်းအားဖြင့် ဘုရင်မင်းမြတ်က မိမိကို တစ်ယောက်တည်း လက်ခံ တွေ့ဆုံမည် ဖြစ်ကြောင်း လောက်ရှာ ခန့်မှန်းကြည့်မိလေသည်။

အခန်းထဲတွင် စားပွဲကုလားထိုင်ဟူ၍ ဘာတစ်ခုမျှ မရှိပါ။ ပြတင်းပေါက်များ၊ ခန်းဆီးများ၊ နံရံများနှင့် မျက်နှာကြက်ကိုမူ လှပခန့်နားစွာ ပြင်ဆင်ထားလေသည်။

ထိုအရာများကို တစ်ခုချင်း လိုက်ကြည့် နေမိသည်။ လက်အိတ်စွပ်ထားသည့် လက်နှစ်ဖက်ကိုလည်း ပွတ်နေမိသည်။ လက်အိတ်မှာ မစွက်ပေါက်စ်အား ငှားလိုက်ခြင်း ဖြစ်သည်။ သူနှင့် မတော်သောကြောင့်လည်း မနေတတ် မထိုင်တတ် ဖြစ်လာသည်။

အခန်းထဲမှာ အေးနေသည်။ သို့သော်လည်း သူ မချမ်းပါ။ သွေးပူနေသောကြောင့် ချွေးပြန်ချင်သလိုလို တောင် ဖြစ်နေမိသည်။



တံခါးပွင့်သွားသည့်အခါ ကြားရတတ်သည့် အသံတိုးတိုးလေးတစ်ခုကို ကြားလိုက်ရလေသည်။ ထို့ကြောင့် အသံကြားရာဘက်သို့ လှမ်းကြည့်သည်။

အခန်းတွင်းသို့ ဘုရင်မင်းမြတ် ဝင်ရောက်လာနေပြီ။

သူ ရပ်နေသည့်နေရာမှ နှဲ့ ဘုရင်ကို ထင်ထင်ရှားရှားကြီး မြင်နေရသည်။ ဘုရင်၏အရပ်မှာ တောင်သော မောင်းမောင်းရှိသည်။ အားကစားသမားတစ်ယောက်ကဲ့သို့ တောင့်တောင့်တင်းတင်းရှိသည်။

ရည်ပင်းမှာ တင်ကုံးထည်းသော ရွှေဆွဲကြိုးကို ဆွဲထားသည်။ ထိုဆွဲကြိုး၌ ကြီးမားလှသည့် ကျောက်မြတ်တစ်လုံး တွဲလောင်း ရှိနေလေသည်။

သူ့အမူအရာကို ကြည့်ရုံမျှဖြင့် အဘယ်မျှ ဩဇာအာဏာကြီးမားကြောင်း သိသာသည်။ ဩဇာအာဏာကြီးမားဖို့အတွက် တမင်သက်သက် လူဖြစ်လာသည်ကဲ့သို့ ရှိချေသည်။

အခန်းထဲမှာ အခြားသူမရှိသည်ကို သတိထားမိသောအခါ ဘုရင်သည် မအောက်မသလို တစ်ချက်ဖြစ်သွားသေးသည်။ ပြီးတော့ အနည်းငယ်လည်း မနေတတ်မထိုင်တတ် သလို ဖြစ်သွားသည်။

လီနို့က ရှေ့သို့ တိုးသွားသည်။ ဒူးကိုညွတ်ပြီး ခေါင်းပါးတရကြီး အရိုအသေပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်က ရှေ့သို့ တိုးလာသည်။ လီနို၏ လက် တစ်ဘက်ကို ဆွဲယူသည်။

'မင်း ရပ်နိုင်ပါပြီ'

အသွန့်တွန်းနွဲ့ကြီးသည့် လေသံကြီးဖြင့် ပြောသည်။ လီနိုက မော့ကြည့်သည်။ သူ့ မျက်လုံးများ ပြုံးရယ်နေသည်ကို တွေ့ရသည်။ သူ့ နှုတ်ခမ်းများသည် တပ်မက်ဖွယ် နှုတ်ခမ်းများဖြစ်သည်။

'မင်းနာမည်ကို ဘယ်လိုခေါ်ကြသလဲ'

'လီနိုဖရင့်ဖိုလို့ခေါ်ပါတယ် အရှင်မင်းကြီး'

ဘုရင်က လီနို၏ တစ်ကိုယ်လုံးကို စိုက်ကြည့်သည်။ ကိုယ်ပေါ်မှအဝတ်အစားများကို ဖောက်ထွင်း ကြည့်နေခြင်းဖြစ်ကြောင်း မြင်ရုံနှင့်ပင် သိသာပါသည်။

'မင်း ဘာကြောင့် ကျုပ်နဲ့တွေ့ချင်ရတာလဲ'

လီနိုက ခေါင်းကလေးကို မော့လိုက်သည်။ အသက်ကို ဝအောင် ခပ်ဖြည်းဖြည်းရှူသွင်းလိုက်သည်။ ပြီးတော့မှ လေးလေးမှန်မှန်ပြောသည်။

'အရှင်မင်းကြီး ထီးနန်းကို တစ်နေ့သော အခါမှာ မုချပြန်ရရမယ်လို့ အရှင်မင်းကြီး ယုံကြည်ခဲ့တာကို ကျွန်တော်မျိုးမသိပါတယ်၊ ဒါပေမယ့် အဲဒီလို ထီးနန်းပြန်ရဖို့ ရေကြိုးပမ်းရာမှာ ကျွန်တော်မျိုးမလဲ အပိုင်းသေးသေးလေးတစ်ခုမှာ ပါဝင်ပတ်သက်နေပါတယ်'



ချားလ်စ်ဘုရင်က ထိုစကားကြားတော့ မယုံကြည်သလိုကြည့်သည်။ ဘုရင့်အကျိုးတော်ကို ညည်သို့မည်ပုံ ထမ်းဆောင်ခဲ့ပါသည်ဆိုပြီး မိုးလုံးကဲလားပြောဆိုသည်များကို နောကြေနေအောင် သူ ကြုံဖူးပါသည်။

သို့သော် သည်သူငယ်မကတော့ အသွန့် အလွန်ကိုး ချောမောလှပနေသည်။ ထို့ကြောင့် သူ ပြောသည့် စကားကို ဆုံးအောင်နားထောင်ဖို့ ဆုံးဖြတ်လိုက်သည်။

'ဘယ်လိုပါဝင်ပတ်သက်ခဲ့တယ် ဆိုတာ ပြောပါဦး'

ဘုရင်က နိမ့်ချည်မြင့်ချည်ဖြစ်နေသော လီနို၏ ရင်ဘတ်ကိုသာ မျက်တောင်မခတ်စိုက်ကြည့်နေသည်။

လီနိုတို့ ဆိုင်းဆိုင်းဖြစ်သွားသည်။ ရယ်စရာသနဘာမျိုးများ သက်ရောက်သွားလေမည်လားဟု စိုးရိမ်စိတ်ဝင်လာသည်။

'တစ်ချိန်တုန်းက ယောကျ်ားတွေက ကျွန်မကို ဝူစတာမြို့က နတ်မိမယ်လို့ ခေါ်ခဲ့ကြဖူးပါတယ် အရှင်'

လီနိုစိုးရိမ်သကဲ့သို့ပင် ဘုရင်၏ နှုတ်ခမ်းများသည် လှောင်ပြောင်သည့်သဘောမျိုးဖြင့် ပြုံးရယ်သွားလေသည်။ မျက်လုံးအစုံထဲတွင်လည်း ရယ်ချင်သည့် အရိပ်အရောင်များ ပေါ်လာသည်။

'ဝတ်လစ်စလစ်အမျိုးသမီးတစ်ယောက်က မြင်းဖြူကြီးစီးပြီး မီးတောက်မီးလျှံတွေထွက်နေတဲ့ ဓားလွှတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်ဝင်လာတယ်ဆိုတာလား၊ ကျုပ်က အဲဒါတွေ အားလုံးဟာ လုပ်ကြံဖန်တီးပြီးပြောနေကြတယ်လို့ ထင်နေခဲ့တာ၊ ဒါပေမယ့် အခုမင်းဟာ အဲ့ဒီ နတ်မိမယ်ပါပဲလို့ ကျုပ်ကိုလာပြောပြနေတာပေါ့လေ'

လီနို အနှမ်းရှက်သွားသည်။

'မီးရထားကမီးလျှံ တွေထွက်နေတဲ့ စားလှတ်လဲ ကိုင်မထားပါဘူး၊ နောက်ပြီး ကျွန်တော်မျိုးမ ဟာတဲ့ အဝတ်အစားအပြည့်အစုံကို လုံလုံခြုံခြုံ ဝတ်ဆင်ထားပါတယ်၊ တိုက်ပွဲဖြစ်နေတဲ့နေ့မှာ မြင်းဖြူကြီးကိုစီးပြီး ဂူစတာမြို့ထဲကို ကျွန်တော်မျိုးမ ဝင်ခဲ့ပါတယ်၊ ဝင်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်မျိုးမနဲ့ လက်ဆက်ထားတဲ့ ယောကျ်ားကိုရှာဖို့ပါပဲ၊ ကျွန်တော်မျိုးမ ယောကျ်ားက ကောင်စီဝင်နယ်ကဖြစ်ပြီး အရှင့်အကျိုးအတွက် ပါဝင်တိုက်ခိုက်ဖို့ စစ်မြေပြင်ကို ထွက်သွားခဲ့သူဖြစ်ပါတယ်'

ဘုရင်၏မျက်လုံးများသည် သကာမကောင်းဖြစ်နေသည့်ပုံစံမှာရှိနေဆဲပင်။ သို့သော် လီနို၏ကိုယ်လုံးကို သိမ်းကျုံးကြည့်နေသောအကြည့်ကတော့ နည်းနည်းကလေးမှမရိုးသားချေ။

'အဲဒီလိုရှာတော့ သူ့ကို မင်း တွေ့ခဲ့သလား'

လီနိုက ခေါင်းညိတ်သည်။



'သူ့နာမည်ကဘာလဲ၊ ကျုပ်ဆီကဆုတော် လာတောင်းလိုချင်ကြယ်ထင်တယ်၊ ဟုတ်လား'

'ဘာဆုတော်လာတောင်းတော်မှ သူမလျှောက်ထားပါဘူး အရှင်'

လီနိုက ခပ်ဘိုတိုပြန်ပြောသည်။

'မနက်ပြီးတော့ သူ့ကိုလဲ ကျွန်တော်မျိုးမ ရှာတွေ့ခဲ့ပါတယ်၊ သူ့ခန္ဓာကိုယ်ဟာ အေးစက်နေပါပြီ၊ တိုက်ပွဲပြီးသွားတော့မှ ဘာအောာတ်ကားနားမှာ သူ့အလောင်းကိုသွားတွေ့ရပါတယ်'

ဘုရင်မင်းမြတ် အာခုဖြင့် သူ့ အရေးတော်တို့ အကြောင်းပြုရှိလှည့်ကောင်း၊ အခြားအကြောင်းများကြောင့်လည်းကြောင်း လူများသေသည့်ကိုအကြိမ်ကြိမ် ကြုံဖူးတွေ့ဖူးလှချေပြီ။

သို့သော်လည်း မိန်းမသည် မိန်းမပဲဖြစ်သည်။ သူက လီနိုနှင့် ကိုယ်လုံးချင်းပိုနီးသွားအောင် ရှေ့သို့ တိုးကပ်လိုက်သည်။

'ဒါပေမယ့် မင်းဟာ တစ်စုံတစ်ရာ တောင်းဆိုချင်နေတာတော့သေချာတယ်'

ဟုလည်း စွပ်စွဲ ပြောဆိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနိုက အသက်ကို အကြာကြီး ရှူသည်။ သူနှင့် အရမ်းနီးကပ်နေသော အရုပ်မြင့်မြင့်ဘုရင်သည် အန္တရာယ်ဖြစ်လောက်အောင်ကို ချောမောလှပကာ ဆွဲဆောင်မှု အပြည့်ရှိနေကြောင်းလည်း စိတ်ထဲမှ အလိုလိုသိနေသည်။

'မိုက်ကယ်လို့ခေါ်တဲ့ ကျောင်းသားတစ်ယောက်ကို ကျွန်တော်မျိုးမက သတ်ပစ်လိုက်တယ်လို့ အစွပ်စွဲခံနေရပါတယ် အရှင်၊ အောက်စဖို့မြို့မှာ သိကျွမ်းခဲ့ရတဲ့ကျောင်းသားလေး တစ်ယောက်ပါ၊ ၁၆၅၂ ခုနှစ် နွေရာသီမှာ အောက်စဖို့မြို့ကနေပြီး ဘန်ဘူရီမြို့ကို အလာမှာ သူက ကျွန်တော်မျိုးမကို လိုက်လံစောင့်ရှောက်ကာကွယ်ပေးခဲ့ပါတယ်၊ လမ်းမှာ ဓားပြတွေက သူ့ကိုသတ်ပြီး ထွက်ပြေးလွတ်မြောက်သွားကြပါတယ် အရှင်'

လီနိုက သူကိုယ်တိုင် ဓားပြတစ်ယောက်အား သတ်ခဲ့သည့်အကြောင်းကိုမူ ထုတ်ဖော်ပြောရန် မလိုတော့ဟု ဆုံးဖြတ်လိုက်သည်။

'အဲဒီလို မိုက်ကယ် အသတ်ခံရတာနဲ့ ပတ်သက်ပြီး မိုက်ကယ်ရဲ့ အမေက ကျွန်တော်မျိုးမက မိုက်ကယ်မှာ ပါလာတဲ့ငွေတွေကို လုချင်လို့ သတ်တယ်လို့ ယုံကြည်နေပါတယ်အရှင်၊ သက်ဆိုင်ရာမှာလည်း အဲဒီ အတိုင်း တိုင်ချက်ဖွင့်ထားပါတယ်၊ ဒါကြောင့် ကျွန်တော်မျိုးမဟာ ဝရမ်းပြေး ဖြစ်နေရပါတယ်'



လီနို၏ ရွှေရောင်ဆံပင်သည် အခွေကလေးများဖြစ်ပြီး နားရွက်နားမှာဝဲကျနေသည်။ ဘုရင်မင်းမြတ်က ထိုဆံပင် အခွေကလေးများကို လှမ်းပြီး ပွတ်သပ်ကိုင်တွယ်ကြည့်သည်။ ထိုသို့ဆံပင်များကိုလှမ်းအကိုင်လိုက်တွင်သူ့လက်က လီနို၏ လည်ပင်းသားများကို ပွတ်တိုက်မိသွားလေသည်။

ထို့ကြောင့် လီနိုမှာ တုန့်ခနဲ ဖြစ်သွားသည်။

'မင်းအပေါ် စွဲဆိုထားချက်တွေအားလုံး ဒါအကုန်ပဲလား'

ဘုရင်က ဣန္ဒြေကြီးတစ်ခွဲသားဖြင့် မေးသည်။

'နောက်တစ်ခု...နောက်ထပ် တစ်ခု ရှိပါသေးတယ် အရှင်၊ မိုက်ကယ် အသတ်ခံရတဲ့နှစ်၊ အသတ်ခံရတဲ့လမှာပဲ အောက်စ်ဖို့မြို့က ဂေးလ်လ်ဘတ်မားနေ့ ဆိုသူကို ခုခံတိုက်ခိုက်မှုနဲ့ပတ်သက်ပြီး အစွဲဆိုခံနေရပါတယ်'

ထိုအဖြေကိုတော့ လီနိုက ခပ်မြန်မြန်ပေးလိုက်သည်။

ဘုရင်၏မျက်နှာသည် လီနို၏ မျက်နှာပေါ်မှ မိုးနေသည်။

ထိုမျက်လုံး၊ ထိုနှုတ်ခမ်းများသည် သူ့ကိုငုံ့ယိမ်းနေကြသလောဟုပင် တွေးထင်စရာ ဖြစ်လာတော့သည်။ သို့သော်လည်း သူ့လေသံမှာမူ တည်တည်ကြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲ့ဒီ ဂေးလ်ဘတ်မာနေ့ဆိုတဲ့လူကို မင်းကဘယ်လိုများခုခံတိုက်ခိုက်ပြစ်လိုက်သလဲ''

'မီးလင်းဖိုထဲက မီးပူပြီးရဲနေတဲ့ မီးဆွနဲ့ သူ့မျက်နှာကို ထိုးပစ်လိုက်တာပါ အရှင်၊ ဘာကြောင့်လဲ ဆို တော့....ဘာကြောင့်လဲဆိုတော့ သူက ကျွန်တော်မျိုးမကို မတော်မဆရား ပြုကျင့်ပါတယ်၊ နောက်ပြီးတော့ သူ့ရဲ့ အငယ်အနှောင်းဖြစ်လာအောင် ကျွန်တော်မျိုးမကို အကျပ်ကိုင်ပါတယ်'

ဘုရင်၏ မျက်ခုံးနက်များ မြင့် တက် သွား သည်။ စဉ်းစားသည့် အနေဖြင့်လည်း ခေါင်းကို တဆတ်ဆတ်ညိတ်နေသည်။

'အင်း— ထိုက်တန်တဲ့ ပြစ်ဒဏ်ကို မင်းပေးလိုက်တာပဲ၊ မင်းအပေါ် စွဲချက်တင်ထားတဲ့ နောက်ထပ် ရာဇဝတ်မှုရော ရှိသေးလား'

လီနို၏မျက်နှာမှာ ရှက်သွေးကြောင့် ရဲရဲနီနေပြီ။

'မရှိတော့ပါဘူး အရှင်'

ဘုရင်၏ မျက်နှာသည် သူ့မျက်နှာအနီးသို့ ထပ်လာသည်။ ကပ်သည်ထက် ပိုကပ်လာသည်။

'ကျုပ်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို မင်းရပြီ၊ တကယ်ပဲ လူသတ် ခဲ့သည့် တိုင်အောင် မင်းကို ကျုပ် ကိုယ် တိုင် လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပါပြီ'



အလွန်လေးပင်သည့် အသံကြီးဖြင့် သူပြောသည်။

စိတ်လှုပ်ရှားနေကြသည့် ထိုအချိန်လေးအတွင်းမှာပင် သူတို့ မျက်လုံးချင်း ဆိုင်ကြည့်ကြသည်။ လွဲဖယ်၍မရနိုင်အောင် ဂဟေဆက်ထားသလို ဖြစ်နေသည်။ ဘုရင်၏ အညိုရောင် မျက်လုံးများထဲတွင် စောစောကရှိနေသည့် မယုံသင်္ကာသော အရိပ်အရောင်များ လုံးဝ မရှိတော့ပြီ။

ထိုမျက်လုံးအအစုံသည် တမ်းတခြင်း၊ ထပ်မက်ခြင်း လိုလားခြင်း၊ တောင်းခံခြင်း၊ အလွတ်မပေးနိုင်ခြင်း၊ စသော အရည်များဖြင့် ရွှန်းလဲ့ ထွန်းတောက်နေသည်။ မိန်းမတစ်ယောက်အဖို့ ထိုအရည်များထဲတွင်မွန်းနစ်သွားနိုင်လောက်ပေသည်။

လီနိုမှာ နတ်ကျသလို တစ်ကိုယ်လုံးတုန်ရင် လှုပ်ရှားနေသည်။

ဘုရင်၏နှုတ်ခမ်းများသည် သူ့နှုတ်ခမ်းများပေါ်သို့ တည့်တည့်မတ်မတ်ကြီး ကျရောက်လာလေတော့သည်။

လီနိုကမျက်နှာကိုယမ်းခါပစ်လိုက်သည်။ ဘာကြောင့် ထိုသို့ ယမ်းခါပစ်လိုက်မိကြောင်း သူ့ကိုယ် သူလည်း မသိလိုက်ပါ။

ဘုရင်က နောက်သို့ ခြေတစ်လှမ်းဆုတ်သွားသည်။ ပြီးတော့ ခြောက်တပ်ကပ်လေသံဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝူစတာမြို့ကနတ်မိမယ်အဖြစ်နဲ့ပြည်သူအချို့က မင်း ကိုယုံကြည်ခဲ့ကြတယ်၊ ကျုပ်တို့ပြည်သူတွေမှာ မျှော်လင့် ချက်တွေကုန်ဆုံးနေတဲ့ အချိန်မှာ ဗဏ္ဍာရိပုံပြင်လို့ပဲဆိုဆို ယုံကြည်စရာလေးတစ်ခု ရခဲ့ကြတယ်၊ ဒါကြောင့် ကျုပ် အပေါ်မှာ မင်းကျေးဇူးရှိခဲ့တယ်၊ အဲဒီကျေးဇူးကို တုံ့ ပြန်တဲ့အနေနဲ့ မင်းအပေါ်မှာရှိနေတဲ့ စွဲဆိုချက် အားလုံး က သုတ်ခြောက်စေဖို့ လွတ်ငြိမ်း ချမ်းသာခွင့်ကို ကျုပ် ပေးလိုက် မစ္စလီနီ၊ ဟောဟိုတံခါးအတိုင်း ထွက်သွားလို့ အပြင်နားရောက်တဲ့အခါ အဲ့ဒီ တွေ့တဲ့ အမှုထမ်းကို ဒီ အကြောင်း ပြောပြလိုက်ပါ၊ အားလုံး ပြေပျောက်သွား မှာဖြစ်ကြောင်း မင်းကို ကျုပ်ကတိပေးပါတယ်'

လီနီ၏ မျက်နှာပေါ်တွင် သွေးရောင် လှမ်းသွားပြန် သည်။ သူ့ကိုယ်လုံးမှာ တုန်ယင်နေဆဲ ဖြစ်သည်။

'ကျေးဇူးတင်ပါတယ် အရှင်မင်းမြတ်'

လီနီက ကျကျ နနကြီး ဦးညွတ်ပြီး အရို အသေပြု သည်။

ဘုရင်မြင်ချင်သည့် ကိုယ်ခန္ဓာအစိတ်အပိုင်း အချို့ကို မြင်နိုင်တွေ့နိုင်လောက်အောင် ဦးညွတ် လိုက်ခြင်း ဖြစ်ပါ သည်။

ပြီးတော့ နောက်သို့လှည့်လိုက်သည်။



လီနီနောက်သို့ လှည့်လိုက်သည်ကို ဘုရင်၏စူးရှသော မျက်လုံးများက အလွတ်မခံဘဲလိုက်ကြည့်နေသည်။

ထို့ကြောင့် ဂါဝန်စလှစ်ခနဲကြွသွားသောအခါ ခြေ အိတ်ပေါ်မှ အပေါင်ကို လှမ်းမြင် လိုက်ရလေတော့ သည်။

သူ၏ အောင်မြင်ခန့်ညားသော အသံကြီးက လီနီကို ဖမ်းစားထားလိုက်ပြန်လေသည်။

'မင်းမှာ အလုပ် အကိုင်ရော ရှိထား ပြီးပြီလား မစ္စလီနီ'

လီနီက လှည့်ကြည့်သည်၊ သူ့ခြေသလုံးကို ဘုရင်မင်း မြတ်က မျက်တောင်မခတ် ရှုစားနေကြောင်းသတိထား မိသည်။

သည်တော့ တိုင်းဆိုလျှင် တော့ ခြေအိတ်ကြေ ပြကို ဘုရင် မြင်သွားပြီး ဖြစ်ကြောင်းသည်း လီနီက နားလည်လိုက် လေသည်။

ထို့ကြောင့် လှပသောသူ၏ ခြေလေးကို ရှေ့သို့ ထိုးလိုက်သည်။

မျက်နှာအမူအရာကို ချိုလိုက်သည်။ ဘုရင်ကိုရဲရဲကြီး ပြန်စိုက်ကြည့်လိုက်သည်။

'အလုပ်အကိုင်လား၊ ရှိပါတယ် အရှင်မင်းမြတ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရဲရဲကြီး ပြန်ပြောလိုက်သည်ကို တွေ့ရသဖြင့် ဘုရင်က ပြုံးသည်။

လီနီကလည်း သူနားလည်သလို ပြန်ဖြေခြင်း ဖြစ်သည်။

အလုပ်အကိုင်ရှိရဲ့လားဆိုသည်မှာ ဘုရင်ကလီနီကိုသူ၏ 'မောင်းမမိသား' တစ်ယောက်အဖြစ် သိမ်းပိုက်လိုသော ကြောင့် မေးလိုက်ခြင်း ဖြစ်သည်ဟု လီနီက နားလည် သည်။

ဘုရင်ရဲ့မောင်းမမိသား'တော့ ဘယ်တော့မှ အဖြစ်မခံ ဘူးဟု အာခံစိတ်ကလေး ဖြင့် တွေးကြည့်သည်။

မဖြစ်ပါ။ မောင်းမမိသား'ကိုထား လို့ မိဖုရားမြှောက် မည်ဆိုသည့်တိုင်အောင် လက်မခံနိုင်ပါ။

မိမိ၏အသည်းနှလုံးသည် မိမိပေးချင်သူကို ပေးနိုင်ဖို့ အတွက် မိမိပိုင်ဆိုင်ပါသည်။

သို့သော် ထိုအသည်းနှလုံးသည် ရောင်းဖို့ မဟုတ်သလို ငှားရမ်းထားဖို့လည်း မဟုတ်ပါချေ။

'မင်းစိတ်ချမ်းသာမယ့်အလုပ်မျိုး ဘယ်မှာရှိနေတယ် ဆိုတာ ကျုပ်ကသိနေတယ်၊ မင်းမှာ အထုံပါရမီတစ်ခုရှိ နေတယ်၊ ဇာတ်ကဖို့ကို မင်းတစ်ခါမှ တွေးမကြည့်မိဘူး လား...'



'ကျွန်—ကျွန်တော်မျိုး မထင်ထားတာက ဇာတ်က တယ်ဆိုတာ ယောကျ်ားတွေရဲ့အလုပ်ပါ။ အရှင်မင်းမတွေ့ နေရာမှာလဲ သူတို့ပဲသရုပ်ဆောင်ကြတာပါ'

'အခုမဟုတ်တော့ဘူး၊ ဥရောပအနောက်ပိုင်းမှာလိုပဲ ကျုပ်တို့ကလဲမိန်းမတွေရဲ့အလှကိုဇာတ်ရုံတွေထဲမှာမြင်တော့ မယ်၊ လန်ဒန်မြို့မှာရှိတဲ့အဆိုနဲ့ အကပညာသင်စာဝတ် လောက်ကို စုဆောင်းထားပြီးပြီ၊ ဇာတ်ရုံတွေဟာ မကြာ ခင်မှာ အမျိုးသမီးကလေးတွေနဲ့ ပြည့်ကျပ်နေတော့မယ်၊ ဒါပေမယ့် အခုစုဆောင်းထားတဲ့မိန်းကလေးတွေရဲ့ကျက် သရေဟာ မင်းကိုမမီနိုင်ဘူး၊ မင်းမျက်နှာဟာအရမ်းလှ တယ်၊ မင်းခြေထောက်တွေ သိပ်လှမယ်ဆိုယင် ယိမ်းထဲ မှာ မင်းက ဖို့ကောင်းတယ်၊ မင်းရဲ့ ခြေထောက်တွေကို ကျုပ်ကြည့်လို့ရမလား မစ္စလီနီ'

ဘုရင်က အဓိပ္ပာယ်အမျိုးမျိုးဆောင်သည့်လေသံဖြင့် ပြောနေလေသည်။

ပြောင်ပြောင်တင်းတင်း နိုင်လှသော ဘုရင်၏မေတ္တာ ရပ်ခံချက်ကြောင့် လီနီမှာ အိပ်မွေ့ချခံထားရသူလို ဖြစ် နေပြီး ဂါဝန်ကိုဒူးဆစ်အပေါ်ရောက်သည်အထိ ဆွဲမ,ပြ လိုက်မိလေတော့သည်။

'တစ်ပတ်လှည့်လိုက်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကအမိန့်ပေးသည်။ ဘာကြောင့် ထိုသို့ခိုင်းလိုက်သည်ကို သူကိုယ်တိုင်သိပုံမရ။

ယိမ်းအဖွဲ့ထဲ ထည့်ရမည်။ နောက်ပြီးတော့ လန်ဒန်ရှေ့မြို့တော်ကြီးမှာ ဖြစ်သည်။

မွန်ထီတိုက ၊ သလို စပါးကျီတွေထဲမှာ တောကြီးမျက်မည်းထဲက မြကွက်ကလေးမဟုတ်။

ဇာတ်ပြန်က ခွင့်ကြုံတော့မည်။ ယိမ်းအဖွဲ့ထဲမှာပါဝင်က ပြခွင့်ရတော့မည်။

သူ အရမ်း ကြည်နူးသွားသည်။

ရအာ ငွေ့ခဲ့ အခွင့်အရေးကိုရခြင်း ဖြစ်သောကြောင့် အားတက်သွားသည်။

ထို့ကြောင့် ကိုယ်ကို မြန်မြန်ကြီး တစ်ပတ်လှည့်ပစ်လိုက်မိလေသည်။

ပို ဂါဝန်ကြီးက ဝိုင်းသွားသည်။ဝိုင်းသွားရုံမက လေအဟုန်နှင့် အပေါ်သို့ပါ လန်တက်သွားသည်။

ရှည်လျားလှသည့် ခြေထောက်များသာမက တင်ပါးများပါ ပေါ်သွားသည်အထိ အပေါ်သို့ လန်တက်သွားခြင်း ဖြစ်လေသည်။

'တစ်ခါ ထပ်လှည့်ဦး'

ဘုရင်ကပြောသည်။



သူ့ဆီသို့စည်း တိုးကပ်လာသည်။

ညိုမှောင်သော ဘုရင်၏မျက်လုံးအစုံသည် အရောင်တောက်နေသည်။

လီနိုက ဘုရင်ကို ပြန်စိုက်ကြည့်သည်။ အသက်ရှူတွေ မြန်လာသည်။

ဂါဝန်ကိုမပြီး နောက်တစ်ကြိမ် တစ်ပတ်လှည့်လျှင် ဘာတွေဖြစ်တော့မည်ကို လီနို အလိုလိုသိလိုက်ပါပြီ။

ဘုရင်က သူ့ကို တစ်နေရာသို့ အလျင်အမြန် ခေါ်သွားတော့မည်။ ပြီးလျှင် ဘုရင်၏အလိုဆန္ဒ မှန်သမျှကို သူလိုက်လျောရတော့မည်။

မိမိသည်လည်း အခြား အခြားသော များပြားလှသည့် မောင်းမ မိဿမျှားထဲမှ တစ်ယောက် ဖြစ်သွားတော့မည်။

မိမိကို ပိုအရေးပေးအောင် အခြား မိန်းမများထက် ပညာပိုသုံးရတော့မည်။ ဘုရင့်အကြိုက်ကို ပိုလိုက်ရတော့မည်။

အဓိကမှာ ဘုရင်အရေးအပေးဆုံးဖြစ်သည့် ဘာဘာရာ ဗီလီယာနှင့် ပြိုင်ရတော့မည်။

နန်းတော်ထဲသို့သူအဝင် အခန်းတစ်ခုထဲရှိ လူများ ဘာဘာရာအကြောင်း ပြောနေသည်များကို လေးထပင် အမှတ်မထင် သူကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဘာရာ၏ခင်ပွန်း ရော်ဂျာပါလ်မာကို ကာစယ်မိန်း နယ်စားကြီးအဖြစ် ဘုရင်က ခန့်အပ်လိုက်ကြောင်း၊ ထို့ကြောင့် ရော်ဂျာသည် မကြာမီ အိုင်ယာလန်သို့ သွားရတော့မည် ဖြစ်ကြောင်း၊ ရော်ဂျာ မရှိသောအခါ ဘုရင်နှင့် ဘာဘာရာတို့ ပို၍ လွတ်လပ်သွားကြတော့မည် ဖြစ်ကြောင်း ကောင်းမှုသတင်းများ ပြောနေကြခြင်း ဖြစ်သည်။

ဘုရင်သည် ဘာဘာရာ၏ လက်ခုပ်ထဲကရေ ဖြစ်နေကြောင်း ထိုအချက်ဖြင့် သိသာထင်ရှားနေသည်။

ဘာဘာရာခိုင်းတာကို တစ်သဝေမတိမ်း လိုက်နာ လုပ်ကိုင် ပေးနေရသည်။

ထိုဘာဘာရာနှင့် မိမိအပြိုင်ကျဲရတော့မည်။ ဘာဘာရာ စိတ်ကွက်မည်ကို အစိုးရွံ့ကြီး စိုးရွံ့နေသည့် ဘုရင်ကို မိမိဘက်ပါလာအောင် လုပ်ရတော့မည်။

အလွန်တိုတောင်းသည့် အချိန်ကလေး အတွင်းမှာပင် လီနိုက တစ်သီကြီး တွေးကြည့်လိုက်မိလေသည်။

ဘုရင်ကအလွန်တရာ တပ်မက်သည့် မျက်လုံးများဖြင့် မျက်တောင်မခတ်တမ်း လီနိုကို စိုက်ကြည့်နေသည်။

ဘာဘာရာ့လက်ထဲက ဘုရင် သူ့ရင်ခွင်ထဲ ရောက်လာအောင် အသာကလေး လုပ်ယူနိုင်ကြောင်း လီနိုချက်ချင်း သဘောပေါက်သွားသည်။



မျက်တောင်မခတ် စိုက်ကြည့်နေသော ဘုရင်၏ မျက်လုံး၊ အစုံအောက်တွင် သူ မငဲ့တက်နေမိသည်။ စိတ်ညှို့ခံထားရသူလို ဖြစ်နေသည်။

သူကလည်း ဘုရင်၏မျက်လုံးများကို ဆိုင်ကာ ရဲရဲတင်းတင်း ပြန်ကြည့်နေသည်။

သူတို့သည် တစ်ယောက်ကို တစ်ယောက် စိန်ခေါ်နေကြခြင်း ဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးကို သူတို့ မေ့နေကြသည်။

တစ်ယောက်၏စိတ်ထဲမှာ ဘာရှိနေကြောင်း ကျန်တစ်ယောက်ကလည်း ကောင်းကောင်းသိနေသည်။

'ဘာစ်ခါထပ်လုပ်ဦးလို့ ကျုပ်ပြောတယ် မဟုတ်လား မစ္စလီနို'

ဘုရင်က ထပ်ပြောသည်။

သူ့မျက်နှာ ပြုံးသွားသည်။

သူ့ရင်တွင်းမှာ ရမ္မက်ဆန္ဒ အဆောက်အအုံ ကြီး အဘယ်မျှကြီးထွားနေပြီဖြစ်ကြောင်း လီနိုသိသည်။

လီနို၏ရင်ထဲမှာလည်းအလွန်ကြီးမားသည့် ရမ္မက်ဆန္ဒ အဆောက်အအုံကြီးက ဖြစ် တည်ပြီး ဖြစ်နေသော သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ရှင်ဘုရင်၊ သူ့မှာ ငါ့ကို အမိန့်ပေးပိုင်ခွင့်ရှိတယ်။ အခုနတုန်းက ငါ့နှုတ်ခမ်းကို သူနမ်းတယ်၊ ငါ့မျက်နှာလွှဲပစ်လိုက်မိတယ်။ ဘာကြောင့်လဲ။ ငါ့ကို စွန့်ပစ်ပြေးတဲ့ ယောကျ်ားတစ်ယောက်အတွက် သူ့ကို ငြင်းလိုက်တာလား။ ဒါမှမဟုတ် စစ်မြေပြင်မှာ ကျဆုံးသွားတဲ့ ယောကျ်ားအတွက်လား။

တစ်မျှော်တစ်ခေါ်ကြီး တွေးကြည့်ရင်း သူ့ကိုယ်သူ အကြီးအကျယ် ဒေါသဖြစ်မိလေတော့သည်။

သည်ဘဝသည် သူဖြစ်ချင်သော ဘဝဖြစ်သည်။

ဘုရင်ခင်းမြတ်၏ မောင်းမမိဿ ဖြစ်ရမည်ဆိုသည်မှာ အဘယ်မျှ ခက်ခဲပါသနည်း။

ယခု အလွယ်ကလေး ဖြစ်ရမည်။

မြို့မြို့စုံ ညို ဘဝကို ခဏလေးနှင့် မုတော့မည်။ ထို ဘဝကို ဘာကြောင့် သူပုတ်ချလိုက်မိသနည်း။ စဉ်းစားရင်း ပို၍ ဒေါသ ဖြစ်လာမိသည်။

ဘုရင်ကို ကောက်ပွေ့၍ လှမ်းပြုံးပြလိုက်သည်။ တစ်ဆက်တည်း ကိုယ်လုံးကလေးကို လှုပ်စွာ ချာခနဲလှည့်ပစ်လိုက်သည်။

သူ့ခြေထောက်များပေါ်သို့ ကြာပွတ် တစ်ချောင်း မြင်းထန်စွာ ကျလာခြင်းက ထိုလှည့်ပတ်ခြင်းကို ရပ်တန့်စေလိုက်တော့သည်။



ခက်ထန်မာကျောသော အသံတစ်သံလည်း ဒေါသကြီး ပေါ်ထွက်လာလေသည်။

'မြည်တန်ဆာမ…ထွက်သွားစမ်း၊ ထွက်… ထွက်… အခုထွက်'

မြင်းစီး ပိုးဂါဝန်အစိမ်းရောင် ဝတ်ထားသည့် မိန်းမချောတစ်ယောက်ကို လီနို့က လှည့်ကြည့်သည်။ အစိမ်းရောင်ငှက်တောင်များ ထိုးထားသည့် ဦးထုပ်လည်း သူဆောင်းထားသည်။ နောက် တစ်ချက် ထပ်ရိုက်ရန် ကြာပွတ်ကို မြှောက်လိုက်သည်။

ရှင်ဘုရင်က အလွန် လျှင်မြန်ဖျတ်လတ် သွက်လက်စွာ ကြာပွတ်ကို ပြေးဆွဲသည်။ အမျိုးသမီး၏ မျက်လုံးများမှာ ဒေါသရောင် တောက်နေကြသည်။ ဘုရင့်လက်ထဲသို့ ကြာပွတ်ပါမသွားအောင် အတင်းပြန်လုသည်။ စားနေသည့်လက်တစ်ဖက်ဖြင့်လည်း ဘုရင့်မျက်နှာကို ပြန်ရိုက်နေသည်။

လီနို့က ငြိမ်ငြိမ်ကလေးရပ်ပြီး သူတို့နှစ်ယောက် ရုန်းရင်းဆန်ခတ်ဖြစ်နေသည်ကို ကြည့်နေသည်။

ထိုမိန်းမချော မည်သူဖြစ်ကြောင်း လီနို့ကို ပြောပြဖို့ မလိုပါ။

လီနို့သည် တာဝင်မိန်း နယ်စားကြီး ကာဇော် ချောလှပသော ဘာဘရာဗိလီယာကို စိုက်ကြည့် နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဘာရာက ကြာပွတ်ကို အတင်း ပြန်လုသည်။ ဘုရင်၏ မျက်လုံးများသည် ဘာဘာရာကိုအသနားခံနေကြသကဲ့သို့ ရှိနေသည်။ နောက်ဆုံး သူ့လက်ထဲသို့ ကြာပွတ်ရောက်သွားသောအခါ ဘာဘာရာကို သူ လွှတ်ပေးလိုက်သည်။

ရှုန်းရင်းဆန်ခတ်မှုကြောင့် ဘာဘာရာ၏ဦးထုပ် ကြမ်းပြင်ပေါ်သို့ကျွတ်ကျသွားသည်။ ထိုးထားသော ငှက်တောင်များ ပြုတ်ထွက်ကာ ကြမ်းပေါ်၌ပြန့်ကျဲသွားလေသည်။

လှပသော ဖိနပ်စီးထားသည့် ခြေထောက် နှစ်ဘက်ကို ခပ်ကားကား ချဲရပ်ကာ လီနိုကို မုန်းတီးရွံရှာစွာဖြင့် လှမ်းကြည့်သည်။ ပြီးတော့ ခြေဆုံးခေါင်းဖျား အပြန်ပြန်အလှန်လှန်ကြည့်ကာ အကဲခတ်နေသည်။

ဘုရင်က ဘာဘာရာကိုကြည့်ပြီး သဘောကျနေပုံရသည်။

'ဇီးကောင်မ ဘယ်သူလဲ'

မအားစက်မာကျောသောလေသံဖြင့် ဘာဘာရာက မေးသည်။

ဘုရင်က ဘာဘာရာကို အလစ်မပေးသောမျက်လုံးများဖြင့် ပြန်ကြည့်နေသည်။



ဘာဘာရာသည် အလွန်စိတ်ကြီးသူ ဖြစ်သည်။ ဘုရင်ကိုပင်လျှင် အကြောပေးသူ မဟုတ်ကြောင်း ချားလ်စ်ဘုရင် သိသည်။

'ဂူစတာမြို့က နတ်မိမယ်ဆိုတင ်သူပဲ'

ဘုရင်က ခြောက်ကပ်ကပ်ပြောသည်။

ထိုစကားကြောင့် ဘာဘာရာ တုန်လှုပ်သွားပုံ ရသည်။ သို့သော်လည်း ချက်ချင်းပင် ပခုံးတွန့်လိုက်သည်။

'ရုပ်ကတော့ ကျေးကျွန်ရုပ်ပဲ၊ သူတို့ ကျေးကျွန်တွေဟာ တစ်နေ့တခြား အတင့်ရဲလာကုန်ကြပြီ'

ဘာဘာရာက စော်ကားသည့်အသံမျိုး ပေါက်အောင် တမင်ကြိုးစားပြောနေသည်။

လီနို၏ မျက်နှာမှာ ဒေါသ ဖြစ်လွန်း သော ကြောင့် ဖြူသွားသည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ သူ့ယောကျ်ားကို ဘုရင်က နယ်စားရာထူး ပေးလိုက်သောကြောင့် သူသည် နယ်စားကတော်ကြီးဖြစ်သွားသည်။ သူ့ယောကျ်ာကို နယ်စားရာထူးပေးလိုက်ခြင်းသည်လည်း ဝေးရာသို့ လွှင့်ပစ်လိုသောကြောင့် ဖြစ်သည်။ ဝေးရာသို့လွှင့်သွားမှ သူ့မယားနှင့် ဖြတ်ပြားနိုင်မည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကတော် ဖြစ်တော့မှာ သူလည်း မိမိလိုမိန်းမ တစ်ယောက်ပဲ မဟုတ်လား၊ ဘာခြားနားသလဲ ဟူသော အတွေးတစ်ခု လီနို၏ ခေါင်းထဲသို့ဝင်လာသည်။

'နယ်စားကတော်ကြီး နှုတ်ခေါင့်စည်းဖို့ ကောင်းတယ်၊ နယ်စားကတော်ကြီးနဲ့ထိုက်တန်တဲ့ စကားကိုပြော ပါ၊ အောက်တန်းကျတဲ့စကားတွေကို အောက်တန်းစား တွေသာ ပြောလေ့ရှိတယ်'

လီနိုက ကြိုးစားပြုံးပြီး တည်တည်ငြိမ်ငြိမ် ပြော လိုက်သည်။

ဘုရင်က အားပါးတရ ရယ်သည်။ ဘာဘာရာ၏ လှပ သော မျက်နှာကလေးသည် ဒေါသကြောင့် သွေးရောင် ကစ်းမဲ့သွားလေသည်။ လက်အိတ် စွပ်ထားသည့် လက် များ တင်းခနဲ ဆုပ်သည်ကို မြင်လိုက်ရသည်။

ကြာပွတ်ရှိသည့် အားဖြင့်နှင့်ယောင်ယမ်းဆုပ်ကိုင်လိုက် ခြင်းဖြစ်ကြောင်း လီနိုသိလိုက်ပါသည်။ ဘာဘာရာ၏ တစ် ကိုယ်လုံးမှာ ဒေါသကြောင့် နုတ်ကျသလို တုန်ယင်နေ သည်။

'အောက်တန်းစားမ၊ အခုချက်ချင်း ထွက်သွားမယ်၊ နင့်မျက်နှာကို ငါမကြည့်ချင်ဘူး'



ဘာဘာရာက အသံနက်ကြီးဖြင့် အော်သည်။

'ဘုရင်မင်းမြတ်အမိန့်ပေးတဲ့အတိုင်း ကျွန်မတို့ အား လုံးလုပ်ကြရမှာပါ၊ ဒီအခန်းထဲကနေပြီး ဘယ်သူ ထွက် သွားရမယ်ဆိုတာ ဘုရင်မင်းမြတ်ဆုံးဖြတ်မှာပါ'

လီနိုက တည်တည်ငြိမ်ငြိမ်ပြောသည်။ သူကိုယ်တိုင် အမှု နေရာက ရွေ့မည့်ပုံမျိုးမပြပဲ ငြိမ်ငြိမ်ကြီး ရပ်နေ သည်။

ဘာဘာရာက ဘုရင့်လက်ထဲမှ ကြာပွတ်ကို လှမ်းလု သည်။ ဘုရင်က ဘာဘာရာ့မမီအောင် ကြာပွတ်ကို ဘေး သို့လွှဲထားသည်။ ပြီးတော့ ဘာဘာရာ၏ ကိုယ်လုံးကလေး ကို အလွယ်တကူပင်ဖမ်းချုပ်ထားသည်။

'ဒီကကောင်မ ဒါလောက်တောင် စော်ကားနေတာကို ရှင်ဒီအတိုင်းကြည့်နေတာပဲလား'

ဟုလည်း ဘုရင်ကို အော်ပြောသည်။

ဘုရင်ကပခုံးကို တွန့်လိုက်သည်။ ဘာဘာရာကို သူ အဘယ်မျှအလိုလိုက်ကြောင်း လူတိုင်း သိကြသည်။ ဘာ ဘာရာလိုချင်သည်ဆိုလျှင် ဘာမဆို ရအောင် ယူပေးတတ် သူဖြစ်သည်။

အမှန်တော့ ဘုရင်သည် ဘာဘာရာကိုသာ မဟုတ်၊ မိန်းမတိုင်းကိုအလိုလိုက်သူဖြစ်သည်။ သူ့ ပတ်လည်မှာ လည်း မိန်းမတွေ များလှသည်။ နန်းတော်တွင်းသို့

www.burmeseclassic.com

www.burmeseclassic.com



စောစောကလီနီဝင်လာစဉ် စစ်ဆေးသူများက လီနီ၏ကိုယ်ပေါ်မှ အညှိစားအဝတ်အစားများကို ကြည့်ပြီး အောက်တန်းလွှာကဖြစ်ကြောင်း သိကြသည်။

'တို့ဘုရင်ကတော့ကွာ၊ မိန်းမချောချောသာ ဖြစ်လို့များတော့ အောက်တန်းလွှာက ဟာတွေကိုတောင် မရှောင်ဘူးဟ'

ဟု မှတ်ချက်ချသည်ကို လီနီကိုယ်တိုင် နားနှင့်ဆတ်ဆတ်ကြားခဲ့ရသည်။

ထိုဘုရင်သည် လီနီကိုလည်း စိမ်းစိမ်းကားကား ဖြစ်သွား၊ အောင်အပြတ်မလုပ်နိုင်မှာ သေချာသည်။

ဘုရင်က ဘာဘာရာ၏လက်မှ ပတ္တမြားလက်စွပ် တစ်ကွင်းကို ဆတ်ခနဲဖြုတ်ယူသည်။ မြန်လွန်းသောကြောင့် ဘာဖြစ်သွားမှန်း ဘာဘာရာကိုယ်တိုင်ပင် မသိလိုက်။ ထိုလက်စွပ်ကို ဘာဘာရာ၏ခေါင်းပေါ်မှကျော်ပြီး လီနီဆီသို့ပစ်ပေးလိုက်သည်။

"အဲ့ဒီလက်စွပ်ကိုယူပြီး ဘုရင့်မြဇာတ်အဖွဲ့က ကီလီဂရူးဆီကိုသွား၊ မီးယားလမ်းက တင်းနစ်ကွင်းထဲကို သူတို့ မနေ့ကပဲပြောင်းလာကြတယ်၊ လက်စွပ်ကို မြင်ရင် ကီလီဂရူး မှတ်မိလိမ့်မယ်၊ ယိမ်းအဖွဲ့ထဲမှာ မင်းကိုထည့်ဖို့ ကျုပ်ပြောပြီးသားဆိုတာ ကီလီဂရူးကို ပြောပြလိုက်၊ ဟုတ်ပြီလားလီနီ'



လီနီက လက်စွပ်ကို လေထဲမှာပင် ဖမ်းယူလိုက်သည်။ ဘုရင်က သူ့ကိုအခကြေးငွေ တစ်စုံတစ်ရာပေးခြင်း ဖြစ်သည်။

သူတို့နှစ်ယောက် မျက်လုံးချင်း ဆုံမိကြပြန်သည်။ ဘုရင်၏မျက်လုံးများပြုံးနေသည်။ လီနီ၏မျက်နှာပေါ်တွင်လည်း အပြုံးကလေးတစ်ခု လျှပ်စီးလက်သလိုလက်သွားသည်။

ရှင်ဘုရင်ဆိုသူသည်လည်း အခြားယောက်ျားများနှင့် အတူတူဖြစ်ကြောင်း၊ လီနီချက်ချင်းသဘောပေါက်သွားသည်။ ရှင်ဘုရင်များသည်လည်း သူတို့ မိန်းမများကို ကြောက်ကြသည်ပဲဖြစ်သည်။ သူတို့၏ မောင်းမမိဿများကို ကြောက်ကြသည်ပဲဖြစ်သည်။

ဘာဘာရာ၏ ရင်ခွင်ထဲမှဘုရင်ကို ဆွဲထုတ်ယူလိုသော မည်သူမဆို ပြင်းထန်သောစစ်ပွဲတစ်ခုကိုတော့ ဆင်နွှဲရပေလိမ့်မည်။

'ကျေးဇူးတင်ပါတယ်အရှင်မင်းမြတ်'

လီနီ၏ခြေထောက်မှာ ကြာပွတ်ဒဏ်ကြောင့် နာနေသေးသည်။ ထိုခြေထောက်များကို ညွတ်ချလိုက်ပြီး အရိုအသေပြုသည်။ ခါးကို အားရပါးရ ကိုင်းလိုက်ရာ ရွှေရောင်ဆံပင်များသည် ကြမ်းပြင်သို့ပင် သွားထိ[illegible]လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူခါးပြန်ဆန့်လိုက်သောအခါ ဘုရင်နှင့်ဘာဘာရာတို့သည် အဝေးသို့ ပျောက်သွားနေကြပြီဖြစ်ကြောင်း တွေ့ရသည်။

သူတို့၏နောက်ကျောကိုသာ လီနီ နောက်ဆုံး မြင်လိုက်ရလေသည်။ တံခါးပေါက်ကြီးမှ ထွက်ပြီး စင်္ကြံအတိုင်း ပျောက်ကွယ်သွားလေတော့သည်။

မြင်ကွင်းမှ သူတို့ ပျောက်သွားသောအခါ လီနီက လက်ထဲမှ ပတ္တမြား လက်စွပ်ကလေးကို ငုံ့ကြည့်သည်။ ဘာဘာရာကို သူပေးခဲ့သည့် မြောက်မြားစွာသော လက်စွပ်များအနက်မှ တစ်ကွင်းဖြစ်မည်မှာ အားမျှ သံသယဖြစ်စရာအကြောင်းမရှိပါ။

ဘုရင်နှင့် ဘာဘာရာထွက်သွားရာဘက်သို့ လှမ်းမျှော်ကြည့်သည်။ သူတို့နောက်သို့လိုက်သွားရလျှင် ကောင်းမည်လားဟု စိတ်ကူးကြည့်ရင်း မဝေမရာဖြစ်နေသေးတည်း။

ဘုရင်၏ မျက်လုံးများကို ကြည့်ခြင်းအားဖြင့် မိမိအပေါ်တွင် ဘုရင်အာဘယ်မျှ တိမ်းညွတ်သွားကြောင်းသိသာသည်။ ယခုလိုက်သွားလျှင် ဘာဘာရာကို ကျောခိုင်းပြီး မိမိနောက်သို့ ကောက်ကောက်ပါအောင် လိုက်လာမည်ဖြစ်ကြောင်းကိုလည်း လီနီအသေအချာသိသည်။

သို့သော်လည်း လီနီစိတ်လျှော့လိုက်ပါသည်။ အကြီးမားဆုံးသော အခွင့်အရေးကြီးကို လက်လွတ်အဆုံးရှုံးခံလိုက်လေသည်။ သိသိကြီးဖြင့် လက်လွှတ်လိုက်ခြင်းဖြစ်သည်။



ဘာကြောင့်လဲ... ဘာကြောင့်လဲ...

ပင်ပန်း နွမ်းနယ်နေပြီဖြစ်သည့် လက်တစ်ဘက်ကို မျက်နှာပေါ်မှာ သပ်ကြည့်လိုက်မိသည်။

ဂျက်ဖရီ၏ ရင်ခွင်ထဲမှာမှတစ်ပါး အခြား မည်သည့် ယောကျ်ားသား၏ရင်ခွင်ထဲမှာမှ ပျော်ပိုက်ခွင့်မရှိကြောင်းသည် မျက်နှာပေါ်မှာများ ဂျက်ဖရီ၏ အမှတ်အသား ပြုလုပ်သွားလေသလား။

သို့တည်းမဟုတ် သူ၏မိုက်မဲခြင်းပေလား။

မျှော်သင့်၍ မရနိုင်တော့သော ယောကျ်ားတစ်ယောက်အပေါ် သစ္စာ ရှိနေခြင်းအားဖြင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းထားနေခြင်းလား။

ထိုအတိုင်းဖြစ်နိုင်ပါသည်။

ထိုအတိုင်းဖြစ်သည်ဆိုလျှင် သူ့ဘဝသည် ကြေကွဲဝမ်းနည်းဖွယ်သော လမ်းကြောင်းပေါ်တွင် တစ်သက်လုံးလျှောက်နေရပေတော့မည်။

ကာမဂုဏ်လိုက်စားလိုသည်ဆိုလျှင် အတိုင်းအဆမရှိ အပြောကျယ်လှသော လန်ဒန်မြို့ကြီးတွင် လီနီအဖို့ နယ်မြေကျဉ်းမြောင်းသွားချေပြီ။

ဂျက်ဖရီသည် သူ့ဘဝကိုကျဉ်းမြောင်းအောင်ဖန်တီးပစ်လိုက်ချေပြီတကား။

*

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၆

လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု ဘုရင်ကိုယ်တိုင် ကတိပေးခဲ့သော်လည်း လီနီတကယ်ရသည်မှာ နေ့ကြွေးလှသည်။

လွတ်ငြိမ်းချမ်းသာခွင့်ကို နောက်ဆုံးမှ ရသော်လည်း ပြဇာတ်ထဲမှာ ကပြဖို့အလုပ်ကတော့ ချက်ချင်း ဆိုသလိုရလိုက်လေသည်။

နန်းတော်အပြင်ရောက်သည်နှင့် သောမတ်ကီလီဂရူးနှင့်တွေ့ဖို့ မီးယားလမ်းသို့ တန်းသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်များက ခွင့်များကို ဘုရင်ကိုယ်တိုင်က ပုဂ္ဂိုလ် နှစ်ဦးအား ခွင့်ပြုသားရာ ကီလီဂရူးလည်း ခွင့်ပြုချက် သူဖြစ်ပြီး ဘုရင်ကိုယ်တိုင်ဖွဲ့စည်းပေးသည့် ဇာတ်အဖွဲ့ဖြ သည်။

ဇာတ်ရုံကိုရောက်သွားတော့ ကီလီဂရူးအလွန်အလု များနေသည်။

သူ့ပတ်သည်မှာ မိန်းကလေးများ ဝိုင်းပြုံနေသည် သူ့ရုံးခန်းနှင့်ပင် မဆံ့တော့ဘဲ အပြင်ခန်းမကြီးထဲအထိ လျှံထွက်လောက်အောင် မိန်းကလေးတွေ များပြား ခြင်းဖြစ်လေသည်။

သေ မက်ကီလီဂရူးသည် လီနီကို ဘုကျုကျုပင်ဆ ဆံသည်။

ဘုရင်မင်းမြတ် စေလွှတ်လိုက်သာဖြင့် လာရခြင်းဖြစ် ကြောင်း လီနီကပြောသောအခါ....

'လာပြန်ပြီ နောက်တစ်ယောက်'

ဟု ကီလီဂရူးက စိတ်မရှည်သလို ရေရွတ်သည်။

ယိမ်းအဖွဲ့ထဲတွင် မိမိကို ထည့်သွင်းပေးစေလိုကြောင်း ဘုရင်မင်းမြတ်မှာလိုက်သည်ကို ပြောပြသောအခါ ဇာတ် ရုံမှာရှိနေသည့် မိန်းကလေးတစ်ဝက်သည် ဘုရင်ကသော လည်းကောင်း၊ ယောက်မြို့စားက သော့်သည်းကောင်း၊ အခြားအာဏာ ပိုင်တစ်ဦးဦးကသော်လည်းကောင်း လွှတ်



လိုက်သူများချည်းဖြစ်ကြောင်း၊ သူတို့လိုချင်တာသာ သိ ကြောင်းစိတ်ဆိုးမာန်ဆိုး ပြောပြန်သည်။

သူ့စကားကြားတော့ လီနီအံ့သြသွားသည်။

ထိုမိန်းကလေးများသည် အဆိုသင်တန်းနှင့်အကသင် တန်းများမှ ဆင်းလာသူများဖြစ်သည်ဟု စောစောက သူ ထင်ထားခဲ့မိသည်။

ဘုရင်မင်းမြတ်၏ လွှတ်ငြိမ်း ချမ်းသာခွင့် ကိုလည်း သူ ရရှိမည်ဖြစ်ကြောင်း လီနီက ရိုးရိုးသားသား ရှင်းပြ သည်။

ထိုစကားကြားတော့ ကီလီဂရူးက သူ့ကို မျက် မှောင်ကုပ်ကြည့်သည်။ မျက်ခုံးနှစ်ဖက် ဆက်သွားတော့ မည်လား ထင်မှတ်ရသည်။

'လန်ဒန်မြို့မှာ မင်းသမီးလုပ်စားဖို့အတွက် ဘာကိစ္စ လွှတ်ငြိမ်းချမ်းသာခွင့်တောင်းဖို့လိုသလဲကလေးမ'

ဟုလည်း နားမလည်နိုင်သလိုမေးသည်။

လီနီက သူ့ကို အထိတ်တလန့်ကြည့်သည်။

'ဒီမြို့မှာ ဇာတ်တွေနဲ့ပတ်သက်ပြီး လက်ဝါးကြီးအုပ် ထားတယ်၊ အားလုံးပေါင်း နှစ်ဖွဲ့ပဲရှိတယ်၊ ဘုရင်ကိုယ် တိုင်က ခွင့်ပြုထားတာ၊ ကျုပ်အဖွဲ့နဲ့ ဝီလျံဒေ ဗီနန့်အဖွဲ့ ပဲရှိတယ်၊ ဒါပေမယ့် အဲဒီဇာတ်အဖွဲ့သားတွေကို ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကမှ ဖမ်းဆီးချုပ်နှောင်ခြင်းမပြုနိုင်ဘူး၊ တရား မစွဲနိုင်ဘူး၊ လော့ဒ်ချိန်ဘာလိမ်ခွင့်ပြုမှသာ အဲဒါတွေ လုပ်နိုင်တယ်၊ လော့ဒ်ချိန်ဘာလိမ်ကရော ခွင့်ပြုမယ်လို့ထင်သလား၊ ဟား....ဟား ဒီကိုလာတဲ့ မိန်းကလေးအားလုံး ပထမသုံးလပညာသင်ရမယ်၊ အခကြေးငွေ တစ်ပြားတစ်ချပ်မှမရဘူး၊ အဲ့ဒီစည်းကမ်းချက်ကိုရော သဘောတူရဲ့လား'

လီနီကနှုတ်ခမ်းကိုကိုက်ထားသည်။ ဝင်ငွေမရှိပဲ သုံးလကြာအောင် မည်သို့ရပ်တည်နိုင်မည်နည်း။

'မင်း ဇဝေဇဝါ ဖြစ်သွားပြီ၊ မင်းဟာ ဟိုအပြင်ဘက်က မိန်းကလေးတွေလို ပြည့်ပြည့်စုံစုံ ဝတ်ပုံမရဘူး'

မှန်ပါသည်။ အပြင်မှအမျိုးသမီးများကို လီနီ တတိတား ကြည့်ခဲ့မိသည်။ သူတို့အားလုံးလိုလို အဖိုးတန် ဝတ်ကောင်း စားလှများကို ဝတ်ဆင်ထားကြကြောင်း သတိပြုခဲ့မိသည်။

ကီလီဂရူးက သက်ပြင်းချသည်။

'မင်းလိုလှလှပပပြုံးတတ်တဲ့မိန်းကလေးတစ်ယောက်အဖို့ ဘဝရပ်တည်ရေး ဆိုတာ ဘာမှ ခက်ခဲနိုင်စရာအကြောင်းမရှိပါဘူး၊ နောက်ပြီးတော့ ဘုရင်တလွှတ်လိုက်တာလို့လဲ မင်းပြောသေးတယ်မဟုတ်လား'

ကီလီဂရူးက စကားကိုမဆက်ပဲ ဖြတ်ထားသည်။



လီနီ၏ပါးနှစ်ဖက်မှာ ရှက်သွေးကြောင့်ရဲသွားသည်။

'ကျွန်မဟာ သူ့ရဲ့မောင်းမမိဿ' မဟုတ်ပါဘူးရှင်၊ အရေးတော်ကာလတုန်းက ဝူစတာမြို့တိုက်ပွဲမှာ သူ့ဘက်က ကျွန်မရပ်တည်ခဲ့ဖူးလို့ ရှင့်ဆီကို လွှတ်လိုက်တာပါ'

ဟုလည်း ကမန်းကတန်းပြောလိုက်ရသည်။

ကီလီဂရူးက မယုံကြည်သလို မော့ကြည့်သည်။ လီနီသည် လှန်မင်းစွာ လုပ်နေလေရာ အရေးတော်ပုံတွင် ပါသည်ဆိုခြင်းမှာ ယုံကြည်ဖို့မဖြစ်နိုင်အောင် ရှိနေသည်။ သည်လောက်ချောမောလှပသည့် မိန်းကလေးအတွက်ဆိုလျှင် ချားလ်စ်ဘုရင်သည် ဘာလုပ်ရလုပ်ရ လုပ်မည့်ဘုရင်ဖြစ်ကြောင်း စဉ်းစားမိသောကြောင့်လည်း ပြုံးလိုက်မိသည်။

သည်လောက် ချောမောလှပသည့် မိန်းကလေးသည် အခကြေးငွေမရသည့် ပညာသင်ကာလသုံးလတာအတွင်း စားရမဲ့သောက်ရမဲ့ဖြစ်စရာအကြောင်း လုံးဝမရှိဟုလည်း တွေးမိသည်။

'ဒီမှာရှိနေတဲ့ တခြားစည်းမဲ့ကမ်းမဲ့ပရွတ်သုတ်ခတွေနဲ့ပေါင်းမယ်ကြံလေနဲ့၊ ဘုရင့်အထောက်တော်ရဲ့အဖမ်းခံရလိမ့်မယ်၊ ကြိမ်ဒဏ်ခံရပြီး ထောင်ချခံရလိမ့်မယ်၊ မင်းကို မလိုချင်ပဲနဲ့ အောင့်အည်းပြီး လက်ခံထားလိုက်ရတာကိုလဲ့မမေ့နဲ့၊ စည်းကမ်းဖောက်ဖျက်ယင် ချက်ချင်းထုတ်

www.burmeseclassic.com

www.burmeseclassic.com



ပစ်မယ်၊ အဲ့ဒီကျွဲသော့မှ ရာဇဝတ်မှုတွေ မင်း ကျူးလွန်ပြီး ဘုရင့်လွှတ်ဌြိမ်းချမ်းသာခွင့်ကို တောင်းယူမှာ'

ကိလိဂရူး စကားဆုံးသည်နှင့် သူ့အလုပ်များဘက်သို့ အာရုံပြန်စိုက်သွားတော့သည်။

လိနိုက ခေါင်းညိတ်သည်။ အပြင်ထွက်ဖို့ဆိုင်ရာနှင့် ... သည်း သို့သော်လည်း အပေါက်ဝရောက်သော့ နောက်ပြန်လှည့်ကြည့်သည်။

အမျိုးသမီးတွေကို ... ရှင်တို့ ငှားထားလဲ ဟင်၊ ထုံးစံအတိုင်းဆိုယင် အမျိုးသမီးဇာတ်ခေါင်တွေ နေရာမှာ ယောကျ်ားလေးတွေပဲ ဝင်ကနေကြတယ်လို့ ကျွန်မကြားထားတာ'

ကိလိဂရူ က ဗျတ်ခနဲ ပြန်ကြည့်သည်။

'လုပ်ငန်းကျွမ်းကျင်တဲ့ ယောကျ်ားလေးတွေ မရနိုင်တော့ဘူးလေ၊ ရှင်ဘုရင် ပြည်ပြေးဘဝရောက်နေတုန်းက ဇာတ်ရုံတွေအားလုံး ပိတ်ဆိုင်းထားရတယ်မဟုတ်လား၊ ဒါကြောင့် အခုလုပ်နေတဲ့လူတွေရဲ့ အသက်ဟာ သုံးဆယ်ကျော်တွေ လေ ... ဖြစ်နေကြတာ မင်းသတိထားမိမှာပေါ့၊ ရှင်ဘုရင်နဲ့ သူ့မိသားစုက ပြင်သစ်နဲ့ အီတလီက ဇာတ်မင်းသမီးတွေကို သဘောကျကြတယ်'



'ဇာတ်မင်းသမီးတွေ ... ကြတာ သဘောကျတယ် ... ညီအစား ဇာတ်မင်းသမီးတွေကို သဘောကျကြ...'

... ပြောသောစကားလုံးကိုတော့ လိနို သတိထား ... မိလေသည်။

အခန်းချင်းသည့်အမူအရာများကို ကိလိဂရူး မြင်လိုက် ... ထို့ကြောင့် စကားဆက် ပြန်သည်၊

'ဇာတ်ခုံပေါ်မှာ ရှိနေတဲ့ မိန်းကလေး ငယ်ငယ်တွေ ... အကင်းစေ ... ခကချင်တယ်၊ သူတို့ကို ထိန်း ... သစ္စာဆိုခိုင်းထားရတယ်၊ မင်းလဲသစ္စာဆိုရမှာနော်'

လိနိုက ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ အခန်း ... ထွက်ခဲ့သည်။ အပြင်မှာ မိန်းကလေးတွေ အများ ... ရှိသည်။

သည်တစ်ခါတော့ လိနိုက သူတို့ကို သေသေချာချာ ... ထားကြည့်သည်။

သူတို့ထဲက အတော်များများမှာ ပြည့်တန်ဆာများ ... ကြောင်း ထင်ထင်ရှားရှားကြီး သိသာနေသည်။

တစ်ယောက်က သူ့ကို လာတို့သည်။

'ကျွေးဇူး ပြုလို့ရှင်၊ အဲ့ဒီလူကြီးလေ... အဲ့ဒီလူကြီးသ... ... ကြောက်စရာကောင်းသလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



ချောချောလှလှ မိန်းကလေး ငယ်ငယ်လေးက လေ
သံ တိုးတိုးဖြင့် လီနိုကိုမေးသည်။

သူ၏ အညိုရောင်ဆံပင်များက သန်လှသည်။ အပြာ
ရောင် မျက်လုံးဝိုင်းကြီးများနှင့်အတော်လှသည်။

သူ့အသက်မှာ ဆယ့်ငါးနှစ်ပင် ပြည့်ဦးမည်မထင်။

ဝတ်ထားသည့် အဝတ်အစားများကို ကြည့်ခြင်း
အားဖြင့် တောမှရောက်လာသည်မှာလည်း ကြာသေး
မပေါ။

'မင်းကို သူကိုက်စားလိမ့်မယ်'.

လီနိုက ပြုံးပြီးပြန်ဖြေသည်။

ထိုအဖြေကြောင့် မိန်းကလေး၏နှုတ်ခမ်းများ တဆတ်
ဆတ် တုန်လာသည်။

ထို့ကြောင့် ကြင်နာသည့်လေသံဖြင့် ကမန်းကတန်း
စကားကို ဆက်လိုက်ရတော့သည်။

'ကီလီဂရှူးက အလုပ်သိပ်များတယ်၊ အပေါက်တော့
ဆိုးတယ်၊ ငါနဲ့လဲ ပြောရဆိုရတာ အပေါက်အလမ်း
သိပ်မဘည့်ချင်လှပါဘူး၊ ဒါပေမယ့် မင်းနဲ့ကျယင်တော့
သူအများကြီး သိမ်မွေ့နူးညံ့သွားမှာပါ'

မိန်းကလေးက တံတွေးမျိုချသည်။



နောက်ကြောင်းလှည့်ပြီး ထွက်ပြေးတော့မလို ဖြစ်နေ
သည်။

'မင်း အရင်တုန်းက ဇာတ်ကဖူးသလား'

လီနိုက မေးသည်။

မိန်းကလေးပေးမည့်အဖြေကို သိနေသော်လည်း စိတ်
အပြောင်းအလဲ ဖြစ်သွားစေရန် မေးလိုက်ခြင်း ဖြစ်လေ
သည်။

မိန်းကလေးက ခေါင်းခါသည်။

'မကဖူးပါဘူးရှင်၊ ဒီမှာ ရှိနေသူတွေလဲ အလျင်တုန်း
က တစ်ယောက်မှ ဇာတ်မကဖူးဘူးလို့ သူများတွေပြော
တာ ကြားဖူးပါတယ်'

'ဒါပေမယ့် သူတို့အားလုံးဇာတ်ကချင်ကြတယ်လေ'

လီနိုက အခြားအမျိုးသမီးများကိုလှည့်ကြည့်ပြီးပြော
သည်။

'ဒါတော့ဟုတ်ပါတယ်ရှင်၊ သူတို့ကို မှူးကြီးမှတ်ရာ
တွေက ပို့လိုက်ကြတာ မဟုတ်လား၊ အဲဒါကျတော့ သူ
တို့ ကျွန်မ မတွေ့ပြန်ဘူး'

'ဒီလိုဆို မင်းက ဘာကြောင့် ဒီကိုရောက်လာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



လီနီက နားမလည်အလို ကြည့်မေးသည်။ သူကိုယ်တိုင်ကတော့ သည်ဇာတ်ရှိသို့ အခက်အခဲ မပေါင်းစုံကို ကျော်လွှားပြီး ရောက်လာခြင်းဖြစ်သည်။

သုံးလလုံးလုံး အခကြေးငွေမရတဲ့ ကရမည်။ ပြီးလျှင် သူသည် လန်ဒန်မြို့မှာ မင်းသမီးတစ်လက်အနေဖြင့် အခြေချ နေထိုင်နိုင်ပေတော့မည်။

'ကျွန်မကတော့ ကချင်ခုန်ချင်လို့ လာတာမဟုတ်ပါဘူး၊ လူပေါင်းစုံရှေ့က ဇာတ်စင်ပေါ်ကိုလည်း တက်ပြီး မကချင်ပါဘူး'

ထိုအဖြေကြောင့် လီနီ အံ့အားသင့်သွားသည်။

'ဒီလိုဆို မင်းဘာလုပ်ဖို့ ရောက်လာတာလဲ၊ ဒီမှာအကသင်မှာ မဟုတ်ဘူးလား'

'ကျွန်မဘဝကို ဖေခင့်ရှာကြသွားမယ့် မှုကြီးမဝင်ဘူး သေနာပတိ တစ်ယောက်ယောက်များ တွေ့လားဆိုတဲ့ မျှော်လင့်ချက်နဲ့ လာတာပါ'

သူက စကားကိုဖြတ်သွားပြီး အသက်ကို ဝအောင်ရှူသည်။

ပြီးတော့မှ စကားဆက်ပြန်သည်။

'ဘဝအဆင့်အတန်းပိုမြင့်ချင်လို့ လန်ဒန်မြို့ကို ကျွန်မ ထက်လာတာပါ၊ ပထမဆုံး အသားဆိုင်မှာ အလုပ် ဝင်



ခပ်တယ်၊ ဆိုင်မှာရှိတဲ့ ယောကျ်ားတွေက ကျွန်မကိုပဲ အလစ်ချောင်းနေကြတယ်၊ ဒါကြောင့် ယောကျ်ားတွေ အချောင်ခံရတာချင်း တူယင် ဇာတ်ရုံမှာ အချောင်းခံ မယ်ဆိုပြီး လာတာ၊ ဒီမှာအဆင့်အတန်း မြင့်မြင့်တွေနဲ့ တွယ်လွယ်ကလေး တွေ့နိုင်ကယ်မဟုတ်လား'

သူပြောတာလည်း မှန်ပါလားဟု တွေးရင်း လီနီက ဒိုးမချေကလေးကို အကဲခတ်ကြည့်နေမိသည်။

'မင်းနာမည် ဘယ်လိုခေါ်သလဲဟင်'

ဟု လီနီက မေးကြည့်သည်။

'အယ်မာလစ်ဖယ်လ်'

လီနီကပြုံးသည်။

'အသာမတ် ကီလီဂရူးနဲ့ မင်းတွေ့ယင် ခေါင်းကို ငုံ့မထားနဲ့၊ မျက်နှာမော့ထား၊ သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး စကားပြော၊ ရင်ကိုပါဖွင့်ထား၊ သူကမေးယင် အသက်ဆယ့်ခုနစ်နှစ် ရှိပြီလို့ပြော၊ မင်းတို့ ရွာနားက ပေါ်းကျီတွေ တောအုပ်တွေထဲမှာ တရားမဝင်လာကတဲ့ ဇာတ်အဖွဲ့တွေ ကြည့်ဖူးတယ်လို့ပြော၊ ဒါကြောင့် မင်း စိတ်အဝင်စားဆုံးက ရုပ်ရှင် ဇာတ်ထုပ်တွေလို့ပြော၊ အဲဒီလိုပြောနေရင်း မျက်တောင်ကို ဟောဒီလို ပုတ်ခတ် ပုတ်ခတ် လုပ်ပေး'

www.burmeseclassic.com

www.burmeseclassic.com



လီနီက အမှုအရာပါ လုပ်ပြသည်။

အယ်မာက လုပ်ကြည့်သည်။ အတော် စွဲမက်စရာ ကောင်းသော အမှုအရာဖြစ်လေသည်။

'ဟုတ်တယ်၊ အဲဒီအတိုင်းလုပ်၊ သောမက်ကီလီဂရ တော့ အကြီးအကျယ် မိသွားမှာ သေချာတယ်'

'သူ့ အခန်းထဲ ဝင်သွားတာ ကျွန်မ ကြည့်နေတယ် အချိန် ဘယ်လောက်မှ မကြာလိုက်ဘူး၊ ခဏလေးရယ် အဲဒီ ခဏလေးအတွင်း သူ့အကြောင်းကို ဘာကြော များ ဒါလောက်တောင် သိခဲ့တာလဲဟင်'

လီနီက အားရပါးရ ရယ်ချလိုက်သည်။

'ငါက ဒီပညာမှာ မွေးရာပါ တော်လာတာလေ'

ဟုလည်း ပြောသည်။

'ကျေးဇူးတင်ပါတယ် မစ္စ—'

'လီနီဖရင်ဖို့'

သူ့ နာမည် အပြည့်အစုံကို ရဲရဲကြီး ပြောချလိုက် တော့သည်။ နာမည်အပြည့်မပြောရဲတဲ့ ရှောင်တိမ်းလာ ရသည်မှာ နှစ်ပေါင်း များစွာ ကြာပေပြီ။ ယခုတော့



ဘုရင်မင်းမြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကိုမကြာမီရတော့ မည်ဖြစ်သောကြောင့် နာမည်မှန်ကို ပြန်ပြောခွင့်ရပေပြီ။

မစ္စက်ပေါ်တ်စ်နှင့် လီနီတို့ တစ်နေရာစီ ခွဲနေခဲ့ကြရသည်မှာ အတော်ကြာသွားပေပြီ။ ပေါင်မုန့်ဖိုတွင် လီနီ ပင်ပန်း ကြီးနှင့် တစ်နေ့လျှင် နာရီပေါင်းများစွာ အလုပ်လုပ် ရသည့်အချိန်မှစ၍ ခွဲနေကြခြင်းဖြစ်သည်။

ပေါင်မုန့်ဖိုမှ အလုပ်ပြုတ်တော့ လီနီမှာ ရရာအလုပ် များ လှည့်လည်လုပ်ရင်း နောက်ဆုံး ပိုးကုန်သည်အိမ်မှာ အိမ်ဖော်အလုပ်ရခဲ့သည်။

ထို့ကြောင့် သူတို့နှစ်ယောက် ကြုံကြိုက်သည့်အခါ မျှ တွေ့ကြရသည်။

ယခု ဇာတ်အဖွဲ့တွင် အလုပ်သင်အလုပ်ရပြီ ဆိုသော အခါ ယခင်နေခဲ့သည့် ကျော့ချပ်ကွက်မှ တည်းခိုခန်းမှာ သူနှင့်အတူ ပြန်ပြောင်းလာနေဖို့ မစ္စက်ပေါ်တ်စ်က ခေါ် သည်။

ထို့ကြောင့် ယခင် တည်းခိုခန်းသို့ လီနီ ပြန်ရောက် သွားသည်။

ဇာတ်ပညာသင်ကြားရသည့်အလုပ်မှာ အလွန်ပင်ပန်း ရသည်။ သို့သော်လည်း စိတ်လှုပ်ရှားစရာကောင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု လီနီ ထင်သည်။ ဟုတ်ဟုတ်ဖြားဖြား စာရသည့်တေ[...]
မဟုတ်။ တကယ့်ဇာတ်ကောင် နေမကောင်းသည့်အခ[...]
များတွင်သော်လည်းကောင်း၊ အကြောင်းတစ်ခုခုကြော[...]
ရောက်မလာနိုင်သည့်အခါများတွင် သော်လည်းကောင်း[...]
အစားထိုးပြီး ဇာတ်ဝင်တိုက်ပေးရခြင်းသာ ဖြစ်သည်[...]
ထိုနည်းဖြင့် ပညာသင်ယူနေရသည်။

ဇာတ်တိုက်ရသည်မှာ မလွယ်။ ဇာတ်ရုံအဘောင်းမှာပ[...]
အဆိုကျင့်နေသူတွေ ရှိသည်။ ဇာတ်စာကျက်နေသူတေ[...]
ရှိသည်။ အက ကျင့်နေသူများကြောင့် တဒုန်းဒုန်း
တဒိုင်းဒိုင်း ခြေသံများ ဆူညံနေသည်။ ဓားခုတ်ကျင့်နေ[...]
သူများထံမှ အသံတွေရှိသည်။ ထိုသို့ ဆူညံနေသည့်
ပတ်ဝန်းကျင်တွင် ဇာတ်တိုက်ရသည်မှာ ပင်ပန်းလွန်း[...]
လေသည်။

အဝတ်အစားလည်း ပြည့်ပြည့်စုံစုံမရှိ။ အများစုမှ[...]
နန်းတွင်းသူ နန်းတွင်းသားများက စွန့်ကြဲသည့် အဝတ်[...]
အစားများကို ဝတ်ကြရသည်။ ထိုအဝတ်အစားများကို
အပ်ချုပ်သည်များနှင့် ပြန်လည်ပြုပြင်ကာ အသုံးပြုကြ[...]
သည်။

လီနီကို အကသင်ဆရာ ဘလိတ်လွတ်နှင့် တွဲဖက်ပေး[...]
သည်။ ဘလိတ်လွတ်သည် သူ့ကိုယ်သူ မိန်းကလေးများ
အတွက် နတ်သိကြားများက ဖန်တီးစေလွှတ်လိုက်ခြင်း[...]



ဖြစ်သည်ဟု အယူရှိနေသူဖြစ်သည်။ ထို့ကြောင့် ဘယ်
မိန်းကလေးမဆို သူ့ကို မေတ္တာ တုံ့ပြန်ရမည်ဟု သဘော
ထားသည်။

ပထမဆုံးနေ့မှာပင် လီနီနှင့် ဘလိတ်လွတ် တို့ပြဿနာ
ပေါ်ကြလေတော့သည်။

အကသင်သည်ဆိုသည်နှင့်တစ်ပြိုင်တည်း ဘလိတ်လွတ်
၏ လက်နှစ်ဖက်က လီနီ၏ ကိုယ်လုံးပေါ်တွင် အကိုင်
အတွယ် အပွတ်အသပ်ကြမ်းလှသည်။ အစပထမတော့
လီနီက သည်းခံနိုင်သေးသည်။

တဖြည်းဖြည်း နှင့် ရည်ရွယ်ချက်နှင့် တကယ်လုပ်နေ
ကြောင်း သိလာသည်။ ထို့ထက် စည်းစနစ်ဘောင်ကို
ကျော်သောအခါ လီနီ၏ လက်ဝါးက ဘလိတ်လွတ်၏
ပါးပေါ်သို့ ရောက်သွားလေတော့သည်။

မမျှော်လင့်ဘဲခံလိုက်ရသောကြောင့် ဘလိတ်လွတ်မှာ
ငိုကျသွားတော့မလိုပင် ဖြစ်သွားသည်။

'တစ်နေ့မှာ ဒီရန်ကြွေးကို နင် ကောင်းကောင်း ပြန်
ဆပ်ရမယ်'

ဟု ဘလိတ်လွတ်က ကြိမ်းမောင်းသည်။

ယင်းတို့နှစ်ယောက်အဖြစ်ကို ဇာတ်တိုက်နေသူများအား
လုံးလိုလို မြင်လိုက်ကြရသည်။ အများစုက လီနီကို
ထောက်ခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနီက ဘလိတ်လှတ်၏ပါးကို နောက်ထပ် တစ်ကြိမ်
ထပ်ရိုက်မည် အလုပ်၌ ရုပ်ဖ်အိန်စလေက လက်ကို ဖမ်း
ထားသည်။ အိန်စလေသည် အသက် လေးဆယ်ငါးနှ
လောက်ရှိပြီး ရှိတ်စပီးယား ပြဇာတ်များထဲမှ အလွမ်
ဇာတ်လိုက်ဖြစ်သည်၊ ဇာတ်တိုက်သည့် အခါ များ တွ
လည်း လူသစ်များကို အကသင် ပေးသည့် အကဆရာ ဖြ
လေသည်။

'မစ္စ...မင်းကျေးဇူး၊ တို့အပေါ်မှာ တင်သွားပြီ၊ ဒ
ယောက် လှုပတဲ့သက်နဲ့ ဘလိတ်လှတ်ကို ဆုံးမလိုက်တ
တို့အဖို့တော့ တကယ့်ကို ပွဲကြီးပွဲကောင်း ကြည့်လိုက်ရ
အတိုင်းပါပဲ'

အိန်စလေက ပြုံးကြည့်ရင်းပြောသည်။

လီနီက သက်ပြင်းချသည်။

'ကြည့်ကောင်းတာတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် ကျွန်
မှာ အကသင်ဆရာ မရှိတော့ဘူး'

'ငါသင် ပေးမှာပေါ့၊ ဘလိတ်လှတ်မမွေးခင်ကတည်
က အရေးကြီးတဲ့အခန်းတွေမှာ ငါ၀င်ကနေပြီပဲ၊ ကဲ
လာ၊ ဇာတ်ခုံပေါ်မှာ ဘယ်လို လမ်းလျှောက်ရတယ် ဆ
တာက စသင်မယ်'

အိန်စလေက ကြည်နူး၀မ်းသာသော လေသံဖြင့်ပြော
သည်။



သည်လိုဖြင့်ပင် အိန်စလေနှင့် အက ဆက်သင်သည်။ အိန်စလေက ဟတ်လွယ်သော လီနီကို ချီးကျူးစကား ပြောသည်။

'ဒါပေမယ့် ကျွန်မ မင်းသမီးကောင်း မဖြစ်နိုင်ပါဘူးရှင်'

ဟု လီနီက စိတ်ပျက်လက်ပျက် ပြန်ပြောသည်။

အိန်စလေက ပခုံးတွန့်သည်။

'မလိုပါဘူးလေ၊ ယိမ်းသမရဲ့ အမူအရာကို ကြည့်တဲ့ ပွဲကြည့်ပရိသတ်ဆိုတာ တစ်ယောက်မှ မရှိဘူး၊ ယိမ်းသမတွေရဲ့ ပေါင်တံနဲ့ ခြေထောက်ကိုသာ လူတိုင်းကြည့်ကြတာပါ၊ ဒါထက် မင်းကို တာ၀န်ယူ စောင့်ရှောက်မယ့်လူ အခုထိ မတွေ့သေးဘူးလား'

'ကျွန်မက စောင့်ရှောက်မယ့်လူ မရှာပါဘူးရှင်'

'စိတ်ကောင်း နှလုံးကောင်းလေးသာ ထားပါကွယ်၊ မင်းကို စေတနာကောင်းနဲ့ စောင့်ရှောက်ပေးမယ့် လူတစ်ယောက်လောက်တော့ တွေ့မှာ သေချာပါတယ်'

လီနီက နာကြည်းစွာ ရယ်မောပစ်လိုက် လေသည်။

တကယ်တော့ အိန်စလေ ပြောတာကိုလည်း နာစရာ အကြောင်းမရှိပါ။ ဇာတ်အဖွဲ့ထဲသို့ ၀င်လာ ကြသည့် မိန်းကလေးတိုင်းသည် မင်းစိုးရာဇာတစ်ယောက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



၏ အပျော်မယား သော်လည်းကောင်း၊ မြင်းသည်တော်တပ်မှ အရာရှိတစ်ဦးဦး၏ အစောင့်ရှောက်ခံ သော်လည်းကောင်း ဖြစ်လိုသောကြောင့် ဝင်လာကြခြင်းသာ ဖြစ်လေသည်။

'မယ်သန့်ရှင်းကြီးကဘယ်သူမှ စိတ်ဝင်စားမှာမဟုတ်ပါဘူးကွာ၊ သူက ဘုရင်မင်းမြတ်လောက်ကို အနိမ့်ဆုံးထားပြီး မှန်းနေတာပဲ'

တစ်နေရာမှ ယောကျ်ား တစ်ယောက်၏ မကြားတကြား ပြောသံကို ကြားလိုက်ရသည်။ လီနီက လှည့်မကြည့်ဘဲ ဘာလိုတ်လွှတ်ဖြစ်ကြောင်း သိ နေ လေ သည်။

'မယ်သန့်ရှင် ဆိုတာ မင်းကိုပြောတာ၊ ဟုတ်တယ်... ဒီနာမည်နဲ့ မင်းလိုက်တယ်'

ဟု အိုန်စ သလ ပြောသည်။

ထို နေ့မှစပြီး လီနီကို 'မယ်သန့်ရှင်း' ဟုပင် အားလုံးက ခေါ်ဆိုကြလေတော့သည်။

ပင်ပန်းတကြီး စာတ်တိုက်နေကြရသည့် တစ်ရက်တွင် အယ်မာလစ်ဒယ်လ်နှင့် လီနီပြန်တွေ့သည်။ အယ်မာကို သူမေ့ မှ ပျောက် ပျောက်ပင် ဖြစ်နေပြီ။ သောမတ်ကီလီဂရူးက ငြင်းလိုက်သောကြောင့် တောပြန်သွားပြီဟု သူထင်သည်။



အဝတ်အစားလဲသည့် အခန်းထဲ၌ အလှန်ချောင်သည့် ဂါဝန်ကြီးကို မိန်းကလေးတစ်ယောက် ဝတ်ကြည့်နေသည်၊ ထိုမိန်းကလေးကို သေသေချာချာ ကြည့်သောအခါ အယ်မာဖြစ်နေသည်ကို တွေ့ရသဖြင့် လီနီ အံ့အားသည်းသင့်၊ ပျော်လည်း ပျော်သွားမိလေသည်။

'နောက်ဆုံးတော့ ကျွန်မကို ဒီဇာတ်အဖွဲ့ထဲမှာ သူတို့ လက်ခံလိုက်ကြတယ်လေ'

ဟု အယ်မာက ဝမ်းသာအားရပြောသည်။

လီနီက သူ့ကို ပြုံးကြည့်သည်။

'ကြားရတာ ဝမ်းသာပါတယ်ကွယ်၊ ဒီနေ့မှ ပထမဆုံးစ အလုပ်ဆင်းတာလား'

အယ်မာက ခေါင်းညိတ်သည်။

'ကျွန်မအတွက်ရတဲ့ အကျီကြီးက အရမ်း ချောင်နေလို့...'

သူ့အဝတ်ကို သူကြည့်ပြီး စိတ်ပျက်လက်ပျက် ပြောသည်။

'ဟုတ်တယ်၊ အပ်ချုပ်သမားတွေခေါ်ပြီး ပြင်ဆင်ခိုင်းမှ'

'ကျွန်မ မခေါ်ရဲလို့'

အယ်မာက အမှန်အတိုင်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အပ်ချုပ်သမများကိုရှာကြည့်သေးသည်။ တစ်ယောက်မျှမတွေ့ရ။ တမင်ပုန်းနေကြဟန်တူသည်။

'လူသစ်တွေဆိုယင် သူတို့က နည်းနည်းလေးမှ ဂရုမစိုက်ဘူး၊ ပိုက်ဆံပေးနိုင်မှ'

ဟု လီနိုကပြောသည်။

'ကျွန်မမှာလဲ ပိုက်ဆံတစ်ပြားမှ မရှိဘူး'

ဟု အယ်မာကစိတ်အားငယ်သည့် လေသံကလေးဖြင့် ပြောသည်။

'ပိုက်ဆံရှိဖို့ မလိုပါဘူးကွယ်၊ ဇာတ်ဝင်ခန်းအတွက် အာတ်အစားတွေ တော်သလား မတော်ဘူးလားဆိုတာ သူလှာကြည့်ဖို့နဲ့ မှတော်ယင်ပြင်ပေးဖို့ဟာ သူတို့အလုပ်ပဲ၊ လာ သွားရှာမယ်'

လီနိုက ပြောပြောဆိုဆိုယောက်ျားများ အခန်းဆီသို့ လျှောက်သွားသည်။

'အပ်ချုပ်သမတွေ၊ အပ်ချုပ်သမတွေ'

ဟုလည်း ပါးစပ်မှ တွင်တွင် ခေါ်သွားသည်။ တစ်ယောက်က ခေါင်းပြူကြည့်သည်။

'ကျွန်မ မအားဘူး၊ အလုပ်များနေတယ်'

ဟု ပြောသည်။



လီနိုက သက်ပြင်းချသည်။

'ဘယ်လောက်မှ မကြာပါဘူးရှင်၊ ချောင်နေတာကို သီပေးလိုက်ရုံပါပဲ၊ ဒီမှာကြည့်ပါဦး၊ ဒီကလေးမဘယ်လိုမှဝတ်လို့မရတော့ဘူး၊ ဇာတ်စင်ပေါ် ဖြတ်လျှောက်ယင် ကွင်းလုံးပုံ ကျသွားမှာ'

'ကျွန်မမှာ ဒီတစ်ခုကလည်း တန်းလွန်းကြီး မစ္စဂွင်းရဲ့ အဝတ်'

အပ်ချုပ်သမက ချုပ်လက်စ အဝတ်ကိုပြပြီးပြောသည်။

'မစ္စဂွင်းဆိုတာ ဘယ်သူလဲ'

'အကသင်မလေးပါ၊ ဒီနေ့မနက်မှ သောမတ်ကီလီဂရူးခန့်လိုက်တာ၊ သူ့နဲ့အတူတူခန့်လိုက်တာလေ'

ဟု ပြောရင်း အပ်ချုပ်သမက အယ်မာကို မေးငေါ့ပြသည်။

လီနိုသက်ပြင်းချမိပြန်သည်။ မင်းသမီးကလေးများသည် ဇာတ်ရုံနှင့် အပြင်လောကကို ကူးချည် သန်းချည် လုပ်နေတတ်ကြသည်။

ဇာတ်လာကာ ရှင်းသူတို့ကို စိတ်ဝင်စားသည့်ယော[illegible]ား တစ်ယောက်ယောက်နှင့်တွေ့ပြီဆိုလျှင် ပါသွား[illegible]တ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုယောကျ်ားကပြီးငွေ့၍ ပင်ပယ်လိုက်သောအခါ ဇာတ်ရုံသို့ ပြန်ရောက်လာတတ်ကြပြန်သည်။

အသက်ငယ်သေးသည့် အယ်မာတော့ ကံကောင်းပါစေဟုလည်း ဆုတောင်းလိုက်မိပါသည်။

'ဒီလိုဆိုယင် မစ္စဂွင်းက စောင့်နိုင်ပါသေးကယ်၊ အယ်မာက အခုနားရိဝက်အတွင်း ဇာတ်က ရတော့မှာ'

ဟု လီနိုက ပြောသည်။

'မစ္စဂွင်းကလဲ မစောင့်နိုင်ဘူးဟေ့'

ခပ်စာစာအသံကလေးတစ်ခုပေါ်ထွက်လာပြီး အမျိုးသမီးငယ်ငယ်လေး တစ်ယောက်ပါရောက်လာသည်။

မိန်းကလေးမှာ ချောချောလှလှဖြစ်ပြီး အယ်မာထက်ပင် အသက်ငယ်ဦးမည်ဟု ထင်ရသည်။

သို့သော်သည်း လီနိုကို ရန်လိုသည့် အကြည့်ဖြင့် ရဲရဲတင်းတင်းကြည့်သည်။

'မင်းက ဒီအဝတ်ကိုဝတ်ပြီး ဇာတ်စင်ပေါ် တက်ရမှာလား'

ဟု လီနိုကမေးသည်။

'သိပ်မှန်တာပေါ့၊ မနက်ဖြန်တက်က ရမှာ'

ဟု ဂွင်းက တိုတိုတုတ်တုတ်ပြန်ပြောသည်။



လီနိုက အပ်ချုပ်သမ၏လက်ထဲမှ ချုပ်လက်စ စွေဂွင်း၏အဝတ်ကို ဆိုးဆိုးဆတ်ဆတ် လှမ်းဆွဲယူလိုက်သည်။

'ဒါဆိုယင် မင်းက စောင့်နိုင်သေးတယ်၊ ဟောဒီက အယ်မာက အခုနားရိဝက်အတွင်း စင်ပေါ်တက်ရတော့မှာ၊ ဒါလောက်ချောင်နေတဲ့ အဝတ်ကြီး ဝတ်တက်လို့ ဘယ်ဖြစ်မှာလဲ'

ဂွင်းက လီနိုကို မုန်းစောင်တော့လို ကြည့်သည်။ သို့သော်လည်း အယ်မာ၏ စကားကြောင့် သူ့အခရုံ ပြောင်းသွားသည်။

'ဟုတ်တယ်၊ ကျွန်မအင်္ကျီက အရမ်းချောင်နေတယ်၊ ချောင်မှာပေါ့၊ မြို့စားကတော်ကြီးရဲ့အင်္ကျီကိုး'

ဂွင်း၏မျက်လုံး ပြူးသွားသည်။

'ဘယ်သူပိုင်တဲ့အင်္ကျီ'

ဟုလည်း မေးသည်။

'မင်းကြားလိုက်သားပဲ၊ မြို့စားကတော်ကြီး ပိုင်တာ၊ သူတို့ မင်းစိုးရာဇာတွေက အရမ်းဝတယ်၊ အခုဒီအင်္ကျီကိုပဲကြည့်လေ'

ဟု လီနိုက ဝင်ပြောသည်။

အထက်တန်းလွှာတွေက သူတို့အဝတ်ဟောင်းလေးတွေစွန့်ကြဲနေလို့ ကျွန်မတို့ကံကောင်းနေတာပေါ့၊ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အသာမစွန့်ကြဲယင်ကိုယ်တိုးလုံးများ ဇာတ်က ကြရမလား မသိဘူး'

ဟု အပ်ချုပ်သမက ဝင်ပြောသည်။

'သူများစွန့်ကြဲထားတာတွေလား။ ဒီအတိုင်း ဆိုယင် ကျွန်မအင်္ကျီလဲ သူများစွန့်ကြဲထားတာပဲလား'

ဂွင်းက မျက်လုံးပြူးမျက်ဆံပြူးဖြင့် မေးသည်။

'ဒီဇာတ်အဖွဲ့မှာ သုံးနေတဲ့ အဝတ်အစားတွေ အားလုံး သူများစွန့်ကြဲတာတွေချည်းပဲ၊ တို့မှာ ကိုယ်ပိုင်အဝတ်အစားဝတ်ပြီး ဇာတ်ကနိုင်တဲ့ အခြေအနေမှ မရှိတာ'

လီနီက ကြင်နာသည့်လေသံဖြင့်ပြောသည်။

ဂွင်း ဒေါသထွက်သွားသည်။

'သူများစွန့်ကြဲတဲ့ အဝတ်ကို ကျွန်မ မဝတ်ဘူး၊ တစ်သက်လုံးက ကိုယ်ပိုင်အဝတ်လှလှတွေကို ချုပ်ဝတ်လာတာ'

ဟုပြောပြီး သူ့အတွက် အင်္ကျီကို လွှင့်ပစ်ကာ စိတ်ဆိုး မာန်ဆိုးဖြင့် ထွက်သွားလေတော့သည်။

လီနီတို့လူသိုက်က ထိုမိန်းကလေးကို လှမ်းကြည့်နေကြသည်။

'ရှင် စောစောကပြောတာ သူ့နာမည် ဘယ်သူ....'

လီနီက အပ်ချုပ်သမကို မေးကြည့်သည်။



'နဲလ်ဂွင်း၊ ထောက်ခံစာတွေ တစ်ပုံကြီးနဲ့ သေခမတ်ကီလီဂရူးဆီကို ရောက်လာတာ၊ မြို့စားကြီးသုံးယောက်နဲ့ နယ်စားကြီး တစ်ယောက်ဆီက ထောက်ခံစာတွေပါလာတယ်'

ဟု အပ်ချုပ်သမက ပြောရင်း တစ်ချက်ရယ်သည်။

'မြို့စားကြီး သုံးယောက်တောင်လား'

အယ်မာမှာ မနာလိုဖြစ်သွားပုံ ရလေသည်။

သက်ပြင်းကလေး ချရင်းဖြင့်လည်း မယုံကြည်သလို မေးလိုက်သည်။

'မြို့စားကြီး သုံးယောက်တင် ဘယ်ကမလဲ၊ နယ်စားကြီး တစ်ယောက်လဲ ပါသေးတယ်လေ၊ အဲ့ဒါတွေ မမေ့နဲ့'

လီနီက အယ်မာကို လှမ်းပြောသည်။

'အလကား ပေါ့ပျက်ပျက်ကလေးပါ၊ သူ့အခမက ကိုဗင်ပန်းခြံနားမှာ မကောင်းတဲ့ အိမ်ထောင်သည်၊ ဒီကောင်မလေးက အဲ့ဒီအိမ်မှာပဲ ကြီးပြင်းခဲ့ရတာလေ၊ သူ့အစ်မက လိုးမှာ်သီးရောင်းတယ်၊ ဒါပေမယ့် သူကတော့ သူ့အခမထက်ရော သူ့အစ်မထက် ပါသာသွားလိမ့်မယ် ထင်တယ်'

အပ်ချုပ်သမက သူတို့ကိုရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း နောက်နေ့ကြာရသည့် ဇာတ်လမ်းက တစ်မျိုးဖြစ်သွားပြန်လေသည်ပ

နဲလီဂွင်းက ကီလီဂရှူးထံမှာ သူ့အတွက် အဝတ်အစားအသစ် ဆပ်သပ်ချုပ်ပေးဖို့ တောင်းသတဲ့။

ကီလီဂရှူးက ဒေါပွပြီး အလုပ်မှ တစ်ခါတည်း ထုတ်ပစ်လိုက်သတဲ့။

ဇာတ်စင်ပေါ်တောင် မခြေမချဖူးသေးတဲ့ အလုပ်မှ တစ်ခါတည်း ပြုတ်သွားသတဲ့။

သတင်းက တမုဟုတ်ချင်း ပြန့်ထွက် လာဇလတော့သည်။

ဇာတ်ဟင်ဖွဲ့လုံး သောသောညံ့အောင် ဝိုင်းဝန်း ရယ်မောနေကြလေသည်။

သူတို့အားလုံး အရေးအကြီးဆုံးမှ ဇာတ်ခုံပေါ် တက်ရရေးပင်ဖြစ်သည်။

လီနီသည် ယခုအထိ တက်ခွင့်မရသေး။

သို့သော်လည်း အယ်မာကတော့ တက်ခွင့် ရသွားသည်။

ပြောပလောက်သော အခန်းတော့မဟုတ်ပါ။

ဇာတ်ဝင်ခန်းတစ်ခုတွင် ဇာတ်ဆောင်တစ်ယောက်ကို ရေခပ်ပေးရသည့် အခန်းဖြစ်သည်။



ထိုအခန်းတွင် သူဝတ်ရသည့် ဂါဝန်ကြီးက သိပ်ချောင်နေပြန်သည်။

ထို့ကြောင့် ဇာတ်ခုံပေါ် ပြတ်လျောက်သွားချိန်မှာပင် ဂါဝန်ကြီးက လျောကျသွားသည်။

ပန်းနုရောင် အသားများကို ရှေ့ပွဲလာတို့အားလုံး မြင်အောင် ဇာတ်စင်ပေါ်တက်ပြီး ပြသလိုက်သကဲ့သို့ ဖြစ်သွားလေသည်။

ထိုမတော်တဆ ဖြစ်မှုကလေးသည် သူ့အဖို့တော့ ကံကောင်းသွားပါသည်။

သူ၏ ပန်းနုရောင်အသားကို မြင်လိုက်ရသော မှိုဇားလေး တစ်ယောက်က ပွဲပြီးလျှင် လက်ဖက်ရည်ပွဲနှင့် တည်ခင်း ဧည့်ခံလိုပါကြောင်း ဖိတ်ကြားစာ ချက်ချင်းရောက်လာသည်။

ထိုဖိတ်ကြားချက်ကြောင့် အယ်မာမှာ အရမ်း စိတ်လှုပ်ရှားနေသည်။

'လီရှမယ်ရ ပိုက်ဆံကလေး နည်းနည်းပါးပါးတော့ ဆောင်သွား အယ်မာ၊ အချိန်မှတော်ကိုယ့်ဘာသာကိုယ် အိမ်ပြန်ရမယ်ဆိုယင် မြင်းရထားငှားစီးပြန်လို့ရအောင်'

ဟု လီနီက အကြံပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါ ကျွန်မအဖို့ အခွင့်ထူးကြီးပဲ လီနို၊ မြို့စားလေ
တဲ၊ အသက်ငယ်သေးတယ်၊ ရုပ်ကလဲ သိပ်ချောတယ်
အိုး—လီနို ကျွန်မကို သူ သဘောကျနိုင်ရဲ့လားဟင်၊ ပြေ
စမ်းပါဦး'

ဟုသည်၊ တုန်ယင်သော အသံကလေးဖြင့်မေးသည်

ကလေးလေး တစ်ယောက်နှင့် တူသော အယ်မာ
လီနိုကကြည့်သည်။

ချောမောလှပသော မိန်းကလေး ဖြစ်ပါသည်။

'မင်းကို သူ သဘောမကျစရာအကြောင်း ဘာမှ မ
ပါဘူးကွယ်၊ အရေးအကြီးဆုံးက သူ့ကို မင်း တကယ
သဘောကျဖို့ပါပဲ'

'ကျွန်မ သဘောမကျဘဲ ဘယ်နေနိုင်မှာလဲ လီနို၊ သူ
ကို ရှင်မတွေ့လိုက်ဖူးလား၊ အရပ်က ထောင်ထော
မောင်းမောင်း၊ ဂိုက်ကောင်း ဆိုက်ကောင်း၊ အဝတ်
အစားတွေကလဲ အနမ်းသားနားတာပဲ၊ လီနို ကျွန်မ
အတူတူ လိုက်ခဲ့ပါလားဟင်၊ တစ်ခြားမြို့စားတွေကို သ
သိမယ်ဆိုတာ ကျွန်မ သေချာပေါက် ပြောရဲပါတယ်
လိုက်ခဲ့ပါနော်'

လီနိုက ခေါင်းယမ်းသည်။



'ငါ့ကို မယ်သန့်ရှင်းတို့၊ မသံချောင်းတို့ဆိုတဲ့ နာမည်
တွေနဲ့ခေါ်နေကြတာ မင်းမကြားဖူးဘူးလား အယ်မာ၊
ကျွန်နာစိမ်းနယ်စားသယ်စားတွေနဲ့ ရောလားတွေးသား
လုပ်လို့ ခေါ်ကြတဲ့နာမည်တွေလေ'

အယ်မာက သူ့ကို နားမလည်သလို ပြန်ကြည့်ပြီး
ထွက်သွားသည်။

ဖလော့စ်ဘိုသောမင်းသမီးတစ်ယောက်ကတော့ လီနို
ကို စိတ်ပါဝင်စားစွာကြည့်သည်။

ပြီးတော့ တဲ့တိုးကြီး ပြောချတည်။

'ရှင်ဟာ တော်တော်တုံးတာပဲ၊ ကိုယ့်ဘာသာ ကိုယ်
ရော တုံးမှန်းသိရဲ့လား၊ ဒါလောက်ချောတဲ့ ရှင့်ရုပ်ရည်
မျိုးနဲ့ ဘုံရာ အနည်းဆုံး နယ်စားကြီးတစ်ယောက်ယောက်
ကိုတော့ ခေါင်းခေါက်ယူလို့ ရတာပေါ့၊ ဒါထက် မေး
စမ်းပါရစေ၊ ရှင်က ဘုရင်မင်းမြတ်ကိုချိန်နေတယ်ဆိုတာ
အမှန်ပဲလားဟင်'

လီနိုရယ်မောပြီး ခေါင်းခါပြလိုက်သည်။

မစ္စက်မေပါတ်စ်နှင့် အတူနေသည့် တည်းခိုခန်းသို့
ရောက်သောအခါ သူ့ခမျာမှာ မရယ်နိုင် မပြုံးနိုင်တော့
ပါ။

မြို့စားနယ်စားများကို အမိဖမ်းသည့်အကြောင်း သူတို့
သည်ဆိုခြင်းမှာ မှန်ကောင်းမှန်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကလေး၏ဖိတ်ကြားချက်ကို လက်ခံသွားသော အယ်မာလစ်ဒယ်လ်လည်း အောင်မြင်ကောင်း၊ အော မြင်သွားပါလိမ့်မည်။

'မင်းက အလုပ်ကို ကြိုးစားလုပ်တာကိုး'

လီနီပင်ပန်းနွမ်းနယ်နေသည်ကို တွေ့ရသဖြင့် မစ္စ ပေါ့တ်စ်ကပြောသည်။

လီနီက သက်ပြင်းချသည်။

'အလုပ်ပင်ပန်းတာမဟုတ်ဘူး၊ အရမ်း စဉ်းစားလွန်း လို့ဖြစ်နေတာ၊ ဒီအကျင့်ကိုတော့ ကြိုးစားဖျောက်မှ ဖြ တော့မှာပဲ'

နောက်နေ့တွင် သူတို့ဇာတ်အဖွဲ့ထဲမှ အယ်မာလစ်ဒယ်လ် အပြီးအပိုင် နှုတ်ထွက်သွားလေတော့သည်။

ဇာတ်တိုက်နေသည့်အချိန်ကလေးတွင် လီနီကို ပြေ လာနှုတ်ဆက်ရှာသေးသည်။

အသက်ကိုပင် ကောင်းကောင်း မရှူနိုင်လောက် အောင် သူ စိတ်လှုပ်ရှားပြီး ဝမ်းသာနေသည်ကို တွေ့ သည်။



သူ ရှာဖွေနေသော စောင့်ရှောက်သူကို တွေ့ပြီ ဖြစ် ကြောင်း၊ မြို့စားကြီးကပင် သူ့ကို စောင့်ရှောက်သွား ဖြစ်ကြောင်း၊ ထို့ကြောင့် ဇာတ်အဖွဲ့မှ အပြီးတိုင် တ်တွက်တော့မည်ဖြစ်ရာ လီနီကို လာနှုတ်ဆက်ခြင်းဖြစ် ကြောင်း ရင်ကလေးတဖိုဖိုနှင့် ပြောသွားသည်။

သူ ကောင်းစားပါစေဟု လီနီ ဆုတောင်း လိုက်မိ ါသည်။

တကယ်ပဲ ကောင်းစားမည် ဆိုလျှင် ဝမ်းသာရပါ ည်။

ပြောသွားသည့်အတိုင်း အယ်မာသည် သူတို့ဇာတ်ရုံ သို့ နောက်ထပ်ပြန်မလာတော့ပါ။

မြင်းရထားပေါ်တွင် ပါသွားသော အယ်မာကို တစ်ကြိမ်တော့ မလှမ်းမကမ်းမှ လှမ်းမြင်လိုက်ရသည်။ တ်ကောင်းစားလှမျှားဝတ်ဆင်ထားသည်။

လီနီကို ဝမ်းသာအားရလက်လှမ်းပြသည်။

ထို့နောက် စိတ်မကောင်းစရာ သတင်းဆိုးကြီး သူတို့ ဆီသို့ ရောက်လာသည်။

အယ်မာကိုရိုးသွားပြီးဖြစ်သောမြို့စားက နာမည်ပျက် သောလော့ဒ်ဝီလ်ဆင်ဂ်မ်းလွှက်သို့ လွှဲပြောင်းပေး သွားကြောင်း သတင်းပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့သတင်းကြားတော့ လီနီ့အကြီးအကျယ် စိတ်
ခိုက်သွားမိသည်။

လော ဝိလ်ဆင်ဂိမ်းသည် အယုတ်မာဆုံးသော လူငယ်
များထဲတွင် တစ်ယောက်အပါအဝင်ဖြစ်လေသည်။

ဝယ်ငယ်ရှယ်ရှယ်နှင့် လော့ဒ်ဘွဲ့ချီးမြှင့်ခြင်း ခံသား
သည်။

ဘုရင်၏အရေးပေးခြင်းကို ရယူလိုသောကြောင့် လ
ဒန်သို့လာပြီး အိမ်ငှားနေထိုင်သည်။

သိမ်းမြစ်ကိုကျော်ဖြတ်သည့် လန်ဒန် တံတားကြီး
အလယ်လောက်မှ အိမ်ကို ငှားနေခြင်းဖြစ်သည်။

သူ့ဘေးနားမှာ လူငယ်တွေ အမြဲတမ်း ဝိုင်းဝိုင်
လည်နေသည်။

ညှော်ခံပွဲများကိုလည်း တသောသော ကျင်းပနေလေ
ရှိသည်။

သူနှင့်အတူနေသော ညီမတစ်ယောက် စိတ်နောက်
နေသည်ဆိုသောသတင်းကလည်း ပတ်ဝန်းကျင်တွင် ပြ
နေသည်။

ညီမက စိတ်မထင်လျှင် သံကုန် အော်ဟစ်ကြောင်း
မကြာခဏသည်း အော်လေ့ရှိကြောင်း၊ အိမ်ဖော်များကို
စိတ်တိုင်းမကျလျှင် အော်ဟစ်ကြောင်း၊ ညအခါများ



ကျင် ပို၍အော်လေ့ရှိကြောင်း သတင်းများ ထွက်နေ
သည်။

မိန်းမအော်သံများကို အိမ်နီးချင်းများကလည်း အမြဲ
သိကြားနေရသောကြောင့် သူ့မှာ စိတ်နောက်နေသော
ညီမတစ်ယောက်ရှိနေသည်ဆိုခြင်းကို အများက လက်ခံ
ဆိုက်လေသည်။

လီနီက အယ်မာအကြောင်း စဉ်းစား ကြည့်နေမိ
သည်။

မည်သူ့ကိုမဆို၊ ဘာကိုမဆို ယုံကြည် တတ် သော
မျက်လုံးဝိုင်းကြီးများနှင့် အလွန်ငယ်သေးသည့် ကလေး
အလွန်ဆန်သည့် အယ်မာ၊ ရိုးရိုးသားသား အိမ်ထောင်
ပြုဖို့ကို မစဉ်းစား။ မင်းစိုးရာဇာထဲမှ စောင့်ရှောက်မည့်
သူကို ရှာမိသောကြောင့် ဘဝပျက်ရချေပြီ။

အယ်မာ နေရေးထိုင်ရေး အဆင်ပြေရဲ့လားဆိုသည်ကို
သိလိုသောကြောင့် လီနီ နှစ်ကြိမ် သွားစုံစမ်းဖူးသည်။
ပထမအခေါက်တွင် အယ်မာ အိမ်တွင်မရှိကြောင်း
ယောကျ်ားအိမ်ဖော်တစ်ယောက်က အဖြေပေးသည်။

နေ့ရက်ရက်သတ္တပတ်အကြာတွင် တစ်ခေါက်ပြန်သွား
စုံစမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်မာသည် သူ့ရွာသို့ ပြန်သွားပြီ ဖြစ်ကြောင်း လွန်ခဲ့သည့်အပတ်ကဖြေသော ယောကျ်ားအိမ်ဖော်ကပင် အဖြေပေးသည်။

စောစောကမြို့စားလိုပင် လေ့ဒီဝိလ်ဆင်ဂိမ်းကလည်း အယ်မာကို ငြီးငွေ့သွားပြီဖြစ်သောကြောင့် စွန့်ပစ်လိုက်ပါပေါ့လား ဟု ရင်နာနာနှင့် တွေးကြည့်လိုက်မိလေသည်။

အယ်မာသည် တောသို့ ပြန်ရောက်သွားပြီး တော့မှ ရိုးသားသည့်ယောကျ်ားတစ်ယောက်နှင့် အကြောင်းပါလာကာ လန်ဒန်မြို့မှ ခဏတာ ကြုံတွေ့ခဲ့ရသည့် ဘဝဆိုးများကို မေ့ပျောက်ပစ် နိုင်ပါစေဟု ဆုတောင်းမိလေသည်။

အယ်မာအကြောင်းသိရသောအခါ အောက်စဖို့မြို့မှာ တွေ့ကြုံခင်မင်ခဲ့ရသည့် လာလီကို သတိရမိသည်။ လာလီသည်လည်း ကြိုက်သလို အသုံးချပြီးသောအခါ စွန့်ပစ်ခြင်းကိုခံခဲ့ရသည်ပဲမဟုတ်ပါလား။ နှုတ်ဆက်စကားလေးပင် ပြောမသွားနိုင်ဘဲ လုံးဝ ကွယ်ပျောက်သွားခဲ့လေသည်။



ပြဇာတ်ထဲတွင် လီနို ဝင်ကခွင့် ရပါပြီ။ သိပ်အရေးကြီးသည့် အခန်းများတွင် ကခွင့်မရသေးသော်လည်း ဇာတ်ခုံပေါ် တက်ခွင့်ရသည် ဆိုခြင်းမှာ နည်းနည်းနောနော အခွင့်အရေးမဟုတ်ချေ။

ကခွင့်ရပြီဆိုတော့ ဘုရင်မင်းမြတ်၏အစောင့်ရှောက်ခံသဘင်သည်ဖြစ်ကြောင်း ကျမ်းသစ္စာ ကျိန်ဆိုရသည်။

ဘုရင်နှင့် နန်းတွင်းသူနန်းတွင်းသားများပွဲလာကြည့်တိုင်း လေဒီကာစယ်မိန်း အမြဲပါလာတတ်သည်။

လှပပြီး အလွန်တရာ မောက်မာသော ထိုမိန်းမကို ဘုရင်က မျက်နှာသာပေးလွန်းသည်၊ အခြားအမျိုးသမီးများအားလုံးက သူ့ကိုပဲ ဦးစားပေးနေကြလေသည်။

ဘုရင်သည် ပေါ်တူဂီမင်းသမီးနှင့် တရားဝင်စုလျားရစ်ပတ် လက်ထပ် ထိမ်းမြားပြီး ဖြစ်သော်လည်း လေဒီကာစယ်မိန်းနှင့် ပြောင်ပြောင်တင်းတင်းပင် တွဲနေတုန်းဖြစ်သည်။

ထိုအဖြစ်ကြောင့် လီနိုက မိဖုရားကြီးအပေါ် ကရုဏာသွားနေမိသည်။

လီနို အပေါ် တင်ရှိနေသော စွဲချက်များ အားလုံးကို ဘုရင်က အမြန်ဆုံး လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပေးမည်ဆိုသော်လည်း ယခုထက်တိုင်အောင် အမိန့်မရသေး။ ထို့ကြောင့် နောက်တစ်ကြိမ် ဘုရင်ကို ခစားခွင့်

www.burmeseclassic.com

www.burmeseclassic.com



တောင်းပြီး ထိုကိစ္စလေး လက်စသတ်သွားအောင် လုပ်လိုက်ရလျှင် ကောင်းမည်လားဟု အကြိမ်ကြိမ် စဉ်းစားကြည့်ခဲ့မိသည်။

ထိုသို့ စဉ်းစားမိတိုင်း ထိုအကြံအစည်ကို ချက်ချင်းစွန့်ပယ်လိုက်မိသည်ချည်း ဖြစ်လေသည်။

ခံစားခွင့်တောင်းလျှင် ရမည်မှာ သေချာသည်။ တွေ့ကြလျှင် ဘုရင်နှင့်သူနီးနီးကပ်ကပ် စကားပြောကြရမည်။ အကြည့်ရဲ၊ အဖက်ရဲ၊ အနမ်းရဲသောဘုရင်က ဟိုတစ်ခါတုန်းကလိုပင် သူ့ကို ကြည့်ဦးမည်၊ ဖက်ဦးမည်၊ နမ်းဦးမည်။

ဒါလောက် ချောမောလှပသည့် အားတစားသမားတစ်ယောက်လိုသန်မာထွားကျိုင်းသောဘုရင်၏အနမ်းမှာ သူ သာယာမိတော့မည်။

ထိုကတစ်ဆင့်တက်ပြီး ဘုရင်၏ မောင်းမ မိဿံထဲမှာ သူလည်းတစ်ယောက် ဖြစ်သွားမည်။ ဘုရင်၏ မောင်းမမိဿံ ဖြစ်ရသည့်အဘွက်ဂုဏ်သိက္ခာတက်လာမည်မှာလည်းသေချာသည်။

သို့သော်လည်း တစ်စုံတစ်ရာက သူ့ကို ဟန့်တားနေသည်။



ဘာတစ်ခုမျှ စဉ်းစားချိန် မရလိုက်တဲ့ ဂျက်ဖရီ၏မိန်းမဖြစ်ခဲ့ရသည်။ သို့သော်လည်း ဂျက်ဖရီကို သူချစ်သည်။

ဘုရင်ကိုတော့ သူ မချစ်ပါ။ ရုပ်ရည်ချောမောသောကြောင့် စွဲမက်စရာ ကောင်းသည်ဆိုတာလောက်ပဲ သူသိသည်။

ဘုရင်၏မောင်းမအဖြစ်ခံလျှင်လေဒီကာစယ်မိန်းခေါ်ဘာဘာရာကဲ့သို့ အထက်တန်းလွှာ ပြည့်တန်ဆာ ဖြစ်သွားရတော့မည် မဟုတ်ပါလား။

ထိုဘဝမျိုးသို့ သူ အရောက်မခံနိုင်ပါ။

သို့သော် ဘုရင်၏ လှတ်ငြိမ်းချမ်းသာခွင့်အမိန့် ထွက်လာဖို့ နှောင့်နှေးနေခြင်းကတော့ သူ့စိတ်ကို အနှောင့်အယှက် ပေးနေပါသည်။

ထိုသို့ ရှိနေခိုက် သူတို့ဖြဲ့ဘတ် နန်းတော်ထဲမှာက, ပြဖို့အကြောင်း ဖန်လာသည်။ ဘုရင်နှင့် ဆွေတော်မျိုးတော်များ၊နန်းတွင်းသူနန်းတွင်းသားများကို က, ပြဖျော်ဖြေရန် ဖြစ်သည်။

ထိုသို့နန်းတွင်းမှာ က, ပြဖျော်ဖြေခွင့် ရ တော့ မှ ပဲ ဘုရင်ထံ အခစားဝင်ခွင့်ရဖို့ ကြိုးစား တော့မည်ဟု တေးထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ထဲမှာ က,ခွင့်ရဖို့ကို ဇာတ်သူ ဇာတ်သား အားလုံးက တောင့်တကြမြဲဖြစ်သည်။ ဇာတ်သူဇာတ်သားများမှာ အခကြေးငွေ မဖြစ်စလောက်သာ ရကြသည်။ အဆင့်အတန်းကလည်း နန်းတော်တွင်းမှ ကြွက်နှိမ်နင်းရေး သမားများထက် တစ်ဆင့်နိမ့်လေသည်။

သို့သော်လည်း နန်းတော်ထဲ၌ က,ခွင့် ရသည့် အခါ စားကောင်းသောက်ဖွယ်များကို အလျှံပယ် စား ခွင့် ပေးသည်။ ဝိုင်အရက်များ၊ ဘီယာများ ထုတ်တိုက်သည်။ ထို့ကြောင့် နန်းတော်ထဲမှာက,ဖို့ လူတိုင်းတောင့်တခြင်း ဖြစ်သည်။

ဘုရင်နှင့် ဆွေတော်မျိုးတော်များ၊ နန်းတွင်းသူနန်းတွင်းသားများရှေ့မှောက်မှာ က,ပြ ဖျော်ဖြေရမည် ဆိုတော့ အတိမ်းအစောင်းမရှိအောင် အစစအရာရာ သတိထားရသည်။ ဇာတ်ကောင်တိုင်းမှာ လက်ထောက်များတွဲဖက်ပေးထားရသည်။ တကယ် က,ရမည့် ဇာတ် ကောင် အကြောင်းတစ်ခုခုကြောင့် မကနိုင်လျှင် လက် ထောက် ဇာတ်ကောင်ကို ချက်ချင်းအစားထိုး က,နိုင်ရန် ဖြစ်သည်။

လီနီသည်လည်း အခြားသူများကဲ့သို့ပင် ထိုပွဲအတွက် စိတ်စောနေသည်။ သူ့အခန်းက နည်းသော်လည်း အခန်းကောင်းဖြစ်သည်။ သစ္စာမရှိသောချစ်သူကို ယောကျ်ား



လေးယောင်ဆောင်ပြီး လိုက်လံစုံစမ်းသည့်အခန်း ဖြစ်သည်။

နောက်ဆုံးတွင် ပွဲကရမည့် အချိန်သို့ ရောက်လာသည်။ ဇာတ်အဖွဲ့သားများအားလုံး ဇာတ်ခုံနောက်ပိုင်းမှာ စိတ်လှုပ်ရှားနေကြသည်။ လီနီကတော့ ဇာတ်စကားများ ပိုချောသည်ထက်စောအောင် မနားတမ်း ကျက်နေသည်။

ပရိတ်သတ်ထဲမှာ ဘုရင်မင်းမြတ်ရောက်လာပြီဆိုသော သတင်းသည် ဇာတ်ခုံနောက်သို့ ရောက်လာသည်။

ဘုရင်မင်းမြတ် ရောက်လာသော်လည်း မိဖုရားကြီး ခေါင်းကိုက်သဖြင့် ပါမလာကြောင်း နောက်ဆက်တွဲသတင်းပါ ရောက်လာပြန်သည်။

လီနီက ကန့်လန့်ကာကြားမှချောင်းကြည့်သည်။ သပ်ရပ်စွာဝတ်ဆင်ထားသည့်ဘုရင်ကို တွေ့ရသည်။

သူ့ဘေးတွင်လည်း အလွန်တရာမှ လှပသည့် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားသော ဘာဘရာရှိနေသည်။

ပေါ်တူဂီမင်းသမီး မိဖုရားကြီးလက်ထဲမှ ဘုရင်ကို ဘာဘရာလုယူသွားနိုင်သလို ဘာဘရာ၏လက်ထဲမှ ဘုရင်ကိုလည်း မိမိအလှည့်ကလေး လုယူနိုင်ကြောင်း တွေးမိမီး

www.burmeseclassic.com

www.burmeseclassic.com



ယားရှာသူ လီနီဖရင့်ဖို့က စိတ်ထဲမှာ အလိုလို သိနေသည်။

မိမိမလိုချင်သောကြောင့် ကြည့်နေခြင်း ဖြင့်သည်ဟု ကျိတ်ပြီးစဉ်းစားနေမိသည်။

လိုချင်လို့ကတော့ လက်ဖျောက်တီးလိုက်လျှင် ဒီဘုရင် ဘာဘာနှင့်ထုဘားသနည်း။

ကယ်လိုပဲဖြစ်ဖြစ် ယနေ့ညတော့ ဘုရင် စွဲမက်သွားအောင် မိမိက,ပြရမည့်အခန်းကို အပိုင်နိုင်ဆုံး က,ပြဖို့ကို အခိုင်အမာဆုံးဖြတ်ထားလေသည်။

သို့မှသာ အခစားဝင်ခွင့်ရဖို့ ပို မို လွယ်ကူမည် ဖြစ်သည်။

'မင်းအဆင်သင့်ဖြစ်နေပြီလား၊ လုပ်....မြန်မြန်လုပ်၊ အခန်းအဝင်အထွက်တွေ လွဲကုန်လိမ့်မယ်'

ဘလိတ်လွတ်က လေသံဖြင့် အလေသုံးဆယ် လှမ်းမေးပြီး လီနီကို ကန့်လန့်ကာကြားမှနေ၍ အပြင်ဇာတ်ခုံပေါ် သို့ ခပ်ဆတ်ဆတ်လေးတွန်းလွှတ်လိုက်သည်။

လီနီသည် ဘလိတ်လွှတ်တွန်းလွှတ်သည့်အရှိန်ကြောင့် လိုသည်ထက် ပိုပြီးအားလွန်သွားသည်။



မိမိပြောရမည့်ဇာတ်ဝင်စကားများပြောလျှင် ဘုရင်၏မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောမည်ဟု စောစောကတည်းကပိုင်းဖြတ်ထားခဲ့ပြီးသား ဖြစ်သည်။

ပြုံးလျှင်လည်း ဘုရင့်မျက်နှာကို တည့်တည့်ကြည့်ပြီး ပြုံးမည်။

သို့သော်လည်း လီနီပြင်ဆင် စိတ်ကူးထားသမျှ အားလုံး ယိုညက ဘာတစ်ခုမျှအကောင်အထည် ပေါ်မလာတော့ပါ။

ကန့်လန့်ကာထဲမှ အရှိန်နှင့် အထွက်လိုက်တွင် ကြမ်းပြင်ပေါ်မှာ စိုနေသည့်အကွက်ကြီးတစ်ခုကို တည့်တည့်တက်နင်းပြီး မထိန်းနိုင်လောက်အောင် ချော်လဲသွားလေတော့သည်။

အပြင်မှာ သရုပ်ဆောင်နေသည့် ဇာတ်ကောင်ကို ဝင်တိုက်မိတော့မလို ဖြစ်သွားပြီး ဇာတ်ခုံဘစ်ဝက်လောက်အထိ ရှောသွားသည်။

ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသည်ကိုကြည့်ပြီး ပွဲကြည့်ပရိသတ်ပွဲကျသွားလေသည်။

လီနီ၏ မျက်နှာပေါ်မှာတော့ ရှက်သွေး ဖြာသွားသည်။

လဲနေရာမှထဖို့ကြိုးစားသည်။ သို့သော် ခြေကျင်းဝတ်က အရမ်းနာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်လုံးကြီးကို ထိန်းထားနိုင်စွမ်း ရှိတော့ပါ။ ထို့ကြောင့် ကြမ်းပြင်ပေါ်သို့ ပြန်လဲကျ သွားသည်။ ပရိသတ်က ဝိုင်းရယ်ကြပြန်သည်။

ကနေသောပြဇာတ်ကို ခဏ ရပ်ပစ်လိုက်ရသည်။

အိန်စလေတို့လူသိုက် ပြေးလာပြီး လီနိုကို ကန့်လန့်ကာနောက်ကွယ်သို့ သယ်ထုတ်သွားကြရလေသည်။

နှုတ်ခမ်းကိုတင်းတင်းကိုက်ရင်း လီနိုက အိန်စလေ၏ လက်ထဲမှနေ၍ လေဒီကာစယ်မိန်းကို လှမ်းကြည့်လိုက်သည်။

ဆင်စွယ် ယပ်တောင်နှင့် တစ်ပိုင်းကွယ်ထားသော လေဒီကာစယ်မိန်း၏ အမူအရာမှာ လှောင်ပြောင်သည့် အမူအရာဖြစ်ကြောင်း အသေအချာ တွေ့လိုက်ရသည်။

ဆင်စွယ်ယပ်တောင် ကွယ်နေသည့် မျက်နှာတစ်ပိုင်းကမူ လှောင်ရယ်ရယ်နေလိမ့်မည်ဖြစ်ကြောင်း လီနိုအတပ် သိလိုက်ပါသည်။

ဘုရင်ကမူ လီနိုကို ချော်လဲသွားစေသောဇာတ်ခုံပေါ်မှ ဆီကွက်ကို တွေတွေကြီးငေးကြည့်နေသည်။

ပြီးတော့ လှောင်ပြောရယ်ရယ်နေသည့် လေဒီကာစယ်မိန်းကို လှည့်ကြည့်သည်။

သူ ပခုံးတစ်ချက်တွန့်လိုက်သည်။



သူ့ကိုအကြောင်းပြုပြီး အမျိုးသမီး အချင်းချင်း ...က်ကြဖဲ့ကြ၊ ရိုက်ကြနှက်ကြ၊ တိုက်ပွဲဖြစ်ပွားကြသည် ...ာ သူ့အဖို့ ရိုးရှုံနေပါပြီ။

ဇာတ်ခုံနောက်ဘက်ရောက်တော့ ခုံတစ်လုံးပေါ် ...ာ လီနိုကို အိန်စလေက အလိုက်သင့်ချပေးသည်။

ခြေကျင်းဝတ်မှာ ချက်ချင်း ယောင်ကိုင်းလာသည်။ ...န်စလေက ကြင်နာသည့်ကြည့်ဖြင့် ယုယုယယ ပြုစု ...သည်။

'ဇာတ်ခုံပေါ်မှာ အဲ့ဒီ ဆီကွက်က ဘယ်လိုလုပ်ပြီး ...ောက်လာတာလဲအိန်စလေ၊ စောစောက ကျွန်မ မမြင် ...ဘူး'

လီနိုက နာကျင်နေသည့်ကြားက မေးသည်။

အိန်စလေက ပခုံးတွန့်သည်။

'ပွဲခင်းထဲမှာ ဘုရင်ပွဲတော်တည်ဖို့ သယ်ပေးကြယင်း ...ဲတွေ့ဖိတ်ကျတယ်ထင်တယ်၊ မင်း ကန့်လန့်ကာ အပြင် ...ထွက်မှာ အောက်ကိုကြည့်လိုက်မိဖို့ ကောင်းတယ်'

လီနိုကြည့်ပါသည်။

တစ်လှက်မချင်းကို အလွတ်မပေးပဲ ကြည့်ပါသည်။

သို့သော်လည်း ထိုဆီကွက်သည် စောစောက ရှိမနေ ...သည်တစ်ကြောင်း၊ သူ့ကိုယ်သူမထိန်းနိုင်အောင် ဘာလိတ်

www.burmeseclassic.com

www.burmeseclassic.com



က ဇာနီးလှုတ်လိုက်သည်တစ်ကြောင်းတို့ကြောင့် ယခု ရခြင်းဖြစ်လေသည်။

ထို့ကြောင့် ယခုလုပ်ကြံမှုမှာ လေဗီကာဘစယ်မိန်း ဘလိတ်လှုတ်တို့နှစ်ယောက် ပူးပေါင်း ဖန်တီးလိုက် ခြင်းဖြစ်ကြောင်း လီနီက ယတိပြတ် အောက်ချက်ချလို ဆောတော့သည်။

ကနေသည့်ဇာတ်ကို ခဏရပ်သည်။

လီနီ နေရာတွင် လက်ထောက်ဇာတ်ကောင်ကို အစ ထိုးပြီး ချက်ချင်း ဆက်ကသွားသည်။

အစားထိုး ကလိုက်သည့် လက်ထောက် ဇာတ်ကော သည် နဲလ်ဂွင်းထို့သော မိန်းကလေးဖြစ်နေလေသည်။

မလွန်ဆန်နိုင်သော အကြောင်းများကြောင့် ကို ဂရုက သူ့ကို ပြန်ခန့်ခဲ့ရလေသည်။

နဲလ်ဂွင်းသည် ချက်ချင်းအောင်မြင်သွားသည်။

ဘုရင်က သူနှင့် ညစာအတူစားဖို့ ချက်ချင်း ဖိ သည်။

ထိုသို့ ဖိတ်ခေါ်မည်လားဆိုကာ လေဗီကာဘစယ်မိန်း ဝိုင်အရက်ခွက်ကို ရိုက်ခွဲပစ်လိုက်သည်ဟုဆိုသည်။

လေဗီကာဘစယ်မိန်း ဖန်ခွက်ခွဲသည်မှာ အဆိုး မဆိုသာ ပါ။ ထိုနေ့မှစပြီး နဲလ်ဂွင်းသည် ဘုရင်၏ မောင်းမမိဿ အသစ်တစ်ဦး ဖြစ်သွားကြောင်း အားလုံး သိလိုက်ကြ လေသည်။



ဘုရင်၏ အရေးပေးအခံရဆုံးသောမိန်းကလေးလည်း သွားလေတော့သည်။

လီနီ ခြေထောက်ပြန်ကောင်းပြီး ကနိုင်သည့် အခြ နေသို့ ရောက်သောအခါ လန်ဒန်မြို့၏ နေ့ရာသီဖြစ်နေ ည်။

ဘုရင်လည်း နွေကိုရှောင်သည့် အနေဖြင့် ရာသီဥတု အေးသော တောအုပ်သို့ အပန်းဖြေရင်း ထွက်သွား ည်။

သူနှင့်အတူ မိဖုရားကြီး၊ လေဗီကာဘစယ်မိန်း၊ ဆွေတော် ယော်များနှင့် နန်းတွင်းသူ နန်းတွင်းသားများကိုပါ ခေါ်ဆောင်သွားသည်။

နဲလ်ဂွင်းကတော့ နန်ဒန်မှာပဲ နေရစ်ခဲ့ရသည်။

သူတို့ ဇာတ်သမားများသည် တစ်နှစ်လျှင် ရက်သတ္တ လေးဆယ် ကပြပြီး ယခုနားနေသည့်အချိန်လည်း ဖြစ်သည်။

ကနေသည့်အချိန်များတွင် တနင်္ဂနွေတစ်ရက်သာနား သည်။

ရရှိသည့် အခကြေးငွေကမူ နည်းပါးလှန်းလှသည်။ သို့သော်လည်း လီနီမှာ ဘုရင်၏ လွတ်ငြိမ်းချမ်းသာ ကို အရေးဝင်ရရှိပြီး ဖြစ်သောကြောင့် ပြုံးနိုင်နေလ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တော်ဝင်ဓာချေသည် ဖြစ်ရုံမဏ လှ
လပ်သော အမျိုးသမီးတစ်ယောက်လည်း ဖြစ်သွား
ပြီ။ ဝရမ်းပြေးဘဝများ ကုန်ဆုံး လွန်မြောက်ပါချေ

အချိန်ကြာမြင့်စွာ မျိုသိပ်ထားရသည်များ ပွင့်ထွ
လာသည်။

စားပွဲမှာထိုင်ပြီး သမီးလေး လိုရီနာဆီသို့ စာရှည်
တစ်စောင်ကို ရေးနေလေတော့သည်။

*

အပိုင်း

နှစ်

သီဖမ္မော်သီးသည်

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၄

ကိတင်ဘာလ ရောက်သောအခါ သောမတ်ကီလီဂရွ်း၏ ဘတ်ထဲတွင် လီနို ပါဝင်ကပြရသည့်အခန်း အတော်များ နေလေပြီ။

နေ့ခက်ပြီးတော့ လီနို၏ ပြိုင်ဘက်ရှားသော အလှကို ည်း ယောက်ျားများ ကောင်းစွာ သတိထားမိလာကြ သည်။

လီနို အဝတ်လဲသည့်အခန်းမှာယောက်ျားတွေ လူစုန်း ရုန်း ဖြစ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားဖိတ်သူ၊ လက်ဖက်ရည်ပွဲတက်ဖို့ ဖိတ်
လက်ဆောင်ပစ္စည်း ပေးသူများဖြင့် ခြေချင်းလိမ်နေ
သည်။

သို့သော်လည်း လီနိုက မည်သူ့ကိုမျှ စိတ်မဝင်စား

သည်အတိုင်းနေနေမည့်အစား သင့်လျော်ရာ အထ
တန်းစား တစ်ယောက်ယောက်နှင့် တင့်တင့်တယ်တ
လက်ထပ်လိုက်လျှင် ကောင်းမည်လားဟု တစ်ခါတစ်
သူစဉ်းစားကြည့်မိပါသည်။

သို့သော် ထိုအတွေးသည် ကြာရှည် တည်တံ့ခို
မနေပါ။

သူနှင့် ကဖော်ကဖက် မိန်းကလေးအားလုံးက ဇာ
ထခြင်းသည် အိမ်ထောင်ဖက်ရဖို့ သို့တည်းမဟုတ် မင်း
ရာဇာထဲက တစ်ယောက်ယောက်၏ အငယ်အနှောင်
အဖြစ် တော်ကောက်ခံရဖို့သာ ဖြစ်လေရာ သူတို့ရည်မှန်
ချက် အောင်မြင်သူလည်းရှိသည်။ အချိန် စောင့်နေရသူ
လည်း ရှိသည်။

လီနိုမှာသာ မပြောင်းလဲပဲ ရှိနေသည်။

အပြောင်းအလဲ မရှိဟုပြော၍တော့ မရပါ။

သူ့မှာ ရန်သူတွေများလာသည်။

သူကိုယ်တိုင်ကလည်း ရန်သူတွေ တိုးပွားအောင် လုပ်
မိသလို ဖြစ်နေသည်။



ရန်သူများထဲက တစ်ယောက်သည် နဲလ်ဂွင်း ဖြစ်လေသည်။

နဲလ်ဂွင်းသည် ယခုအခါ ဘုရင်၏ အငယ်အနှောင်း ဖြစ်ပြီး ဘုရင်က ဖူးဖူးမှုတ်ထားခြင်းကိုပါ ခံယူနေရသူ ဖြစ်လေသည်။

အယ်မာရှိတုန်းက အယ်မာ၏ ဂါဝန်ကို အရင်ချုပ်ပေးဖို့အပ်ချုပ်သမလက်ထဲမှ ချုပ်လက်စ နဲလ်ဂွင်း၏အင်္ကျီကို လီနို ဆိုးဆိုးဆတ်ဆတ် ဆွဲယူခဲ့ဖူးသည်။

ထိုအဖြစ်အပျက်ကိုနဲလ်ဂွင်းက ယခုတိုင်မမေ့သေးပါ။

နောက်ပြီးတော့ လေဒီကားယ်မိန်းနှင့် သူ့လက်ထဲ ရောက်နေသော ဘုရင်ကို အသာကလေး ဆွဲထုတ်သွားနိုင်သူမှာ လီနိုဖြစ်ကြောင်း နဲလ်က ကောင်းကောင်း သိနေသည်။ သည်တော့ အကြီးအကျယ် ရန်သူဖြစ်ရပြီပေါ့။

ထို့ကြောင့် ဇာတ်ခုံပေါ်မှာဆိုကွက်ဖြစ်စေရန် အကြံအဖန်လုပ်ပြီး လီနိုချော်လဲကာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် သူလုပ်ခဲ့သည်။

တကယ်တော့ ဘာလိတ်လွတ် ဘာမျှမသိပါ။

သူကတော့ လီနိုနောက်ကျလျှင် အချိန်အဆက် ပျက်ကုန်မည် ဆိုးသောကြောင့် လီနိုကို အပြင်သို့တွန်းထိုးလိုက်ခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူများ ပေးကမ်းစွန့်ကြဲထားသည့် အဝတ်အစား များကို မဝတ်နိုင်ပါဘု ပြောသောကြောင့် နဲလ်ကို ဘောမတ်ကီလီဂရူးက အလုပ်မှ ချက်ချင်း ထုတ်ပစ်ခဲ့ သည်။

သို့သော်လည်း နယ်စားကြီးပေါင်းများစွာ၊ မြို့စား ကြီးပေါင်း များစွာ၊ ဘုတော် မျိုးတော်ပေါင်း များ စွာတို့၏ ထောက်ခံချက်ဖြင့် နဲလ်ပြန်ရောက်လာခဲ့ရသည်။

ယခုတော့ ဘုရင်ကိုယ်တိုင်က ဖူးဖူးမှုတ်ထားခြင်း ခံရ သည့် မိန်းကလေး ဖြစ်ကြောင်း သိသဖြင့် ကီလီဂရူး ကလည်း အရိပ်တကြည့်ကြည့်ဖြစ်နေတော့သည်။

နောက် ရန်သူတော်တစ်ယောက်မှာ လော့ဒ်ဝီလ်ဆင် ဂိမ်း ဖြစ်သည်။

ဝီလ်ဆင်ဂိမ်းအိမ်သို့ အယ်ဖာလစ်ဒယ်လ် ရောက်သွား သည်။ ပြီးတော့ ခြေရာခံ၍မရနိုင်လောက်အောင် အယ် မာ ပျောက်သွားသည်။

ဂီလ်ဆင်ဂိမ်းသည် ဘုရင်နှင့်ရင်းနှီးပြီး နေရာကောင်း ခံလိုသောကြောင့် လန်ဒန်မြို့သို့ တက်လာသူ ဖြစ်သည်။ လန်ဒန်တံတားပေါ်ရှိ အိမ်တစ်လုံးကို ငှားရမ်းပြီး မိန်းမ တွေ တရုန်းရုန်းနှင့် ဖြစ်ချင်တိုင်း ဖြစ်နေသူပင်။

ဇာတ်မင်းသမီး ချောချောကလေးများကို အလစ် မပေးတမ်း လိုက်နေသည်။



အတည်ပေါင်းခြင်း၊ တရားဝင် စောင့်ရှောက် ကာ ကွယ်ပေးခြင်းလည်း မပြု။ ဖျက်ဆီးပြီးလျှင် အန်ထုတ်ပစ် လိုက်စမြဲဖြစ်သည်။

ထိုမျှမကသေး တော်ဝင်မြည့်တန်ဆာ အကြီးအကဲ များ ဖြစ်ကြသည့် ‘မေမေကြီး’ မူခလေနှင့် ‘လေဒီ’ ဘင်း နက်တို့ အကူအညီကို ယူကာ တောသာက်မှ မိန်းမပျို ကလေးများကို နည်းမျိုးစုံဖြင့် ရှာဖွေစုဆောင်းပြီး ဖျက် ဆီး နေသူလည်း ဖြစ်သည်။

လန်ဒန်သို့ ရိုးရိုးသားသား အလုပ်လိုချင်သဖြင့်ရောက် လာကြသည့် နယ်မှ မိန်းကလေးများကိုလည်း ချမ်းသာ မပေး။

ပြဇာတ်တွင် လီနို၏ အခန်းပါသည့်ညတိုင်း ပွဲကြည့် ပရိသတ်ထဲမှာ လော့ဒ်ဝီလ်ဆင်ဂိမ်း အမြဲရှိနေတတ်သည်။

တိုက်ဆိုင်နေသည်ဟု ပြောရမလားမသိ။

လီနို၏ အခန်းကောင်းကောင်းလေး တမည့် အခါ တိုင်း ဘုရင်သည် အခြားတစ်နေရာရာသို့ ရောက်နေတတ် သည်ချည်း ဖြစ်နေသည်။

သို့သော်လည်း နဲလ်ဂွင်း၏ အခန်းများပါသည့်ပွဲ တိုင်းကိုမူ ဘုရင်သည်အလွတ်ခံလေ့မရှိ။ ကြည့်ဖြစ်အောင် ကြည့်သည်ကို လီနို သတိထားမိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ နဲလ်ဂွင်းနှင့် သောမတ်ကီလီဂရူ တို့ နှစ်ယောက်ကလည်း အလွန်အမင်း ရင်းနှီးနေကြလေသည်။

လီနီ၏အသံကို သတိပြုမိသည့် အချိန်မှစ၍ လော့ဒ်ဝီလ်ဆင်ဂိမ့်ကလည်း လီနီကသည့် ပွဲများကို အလွတ်မခံတော့ချေ။

၄

တစ်နေ့တွင် လီနီကရမည့် အခန်းဘစ်ခန်း အပြီး ဇာတ်ရုံနောက်သို့ လက်ပါးစေ တစ်ယောက်ကို ဝီလ်ဆင်ဂိမ်းက လွှတ်လိုက်သည်။

အဝတ်အစားများ ပြုပြင်ချုပ်လုပ်သည့် အခန်းထဲတွင် လူတွေကျပ်နေသည်။

ထိုအခန်းထဲတွင် လီနီကို လက်ပါးစေသွားတွေ့သည်။

'ကျွန်တော်တို့ရဲ့ လဒ်သခင်က ခင်ဗျားကို အပြင်မှာ မြင်းရထားနဲ့ စောင့်နေကြောင်း အကြောင်း ကြားခိုင်းလိုက်လို့ပါ'

လက်ပါးစေက ပိုင်စိုးပိုင်နင်း ပြောသည်။

အယ်မာအကြောင်း စုံစမ်းလိုသောကြောင့် သူတို့အိမ်သို့ လီနီ သွားစဉ်က တွေ့ခဲ့ရသူမှာ ယခု ပိုးဟပ်ဖြူပင်ဖြစ်ကြောင်း လီနီက ချက်ချင်းမှတ်မိသည်။



သူ့မျက်နှာမှာ သွေးရောင်မရှိဘဲပိုးဟပ်ဖြူလို ဖြစ်နေသည်။

သူ့တာဝန် အမှန်သည် ရထားထိန်းဖြစ်မည်ဟု လီနီက ခန့်မှန်းကြည့်လိုက်လေသည်။

မှန်လည်း မှန်ပါသည်။

'မင်းရဲ့ လဒ်သခင် ဝီလ်ဆင်ဂိမ်းကို ပြောလိုက်၊ ငါ့မှာ အချိန်းအချက် ရှိပြီးနေပြီလို့'

လီနီက ပီသပြတ်သားစွာ အသံကို ခပ်ကျယ်ကျယ် ပြောသည်။

ဝီလ်ဆင်ဂိမ်းကို ဇာတ်နှင့် ပတ်သက်သူတိုင်း သိကြသည်။

ဇာတ်ပွဲကြည့်ဖို့ ဝါသနာပါသူတိုင်း သိကြသည်။ ထို့ကြောင့် အခန်းထဲမှာရှိသော လူအားလုံးက ပြောလက်စစကားကိုဖြတ်ပြီး လီနီတို့ဘက်သို့ လှည့်ကြည့်ကာ ဘာတွေ ဆက်ဖြစ်မည်လဲ စိတ်ဝင်တစား အကဲခတ်ကြည့်နေကြလေသည်။

'နောက်ပြီးတော့ မင်းရဲ့ လဒ်သခင် ဝီလ်ဆင်ဂိမ်းကို ထပ်ပြောလိုက်ဦး၊ ငါဟာ မနက်ဖြန်လဲ မအားဘူး၊ သန်ဘက်ခါလဲ မအားဘူး၊ ဖိုန်းနွဲ့ခါလဲ့ မအားဘူးလို့'

www.burmeseclassic.com

www.burmeseclassic.com



လီနီက ဖြေးဖြေးကလေးထက်ဆာပိုကျယ် ပိုပီသသည့် လေသံဖြင့် ဆက်ပြောလိုက်သည်။

ပြီးတော့ တည်ငြိမ်စွာပင် မှန်ဘက်သို့ ပြန်လှည့်သွားပြီး ဟန်မပျက် အလှပြင်နေလိုက်သည်။

ဇာတ်သူဇာတ်သားများ၊ မင်းသမီးကလေးများကို လာရစ်နေကြသည့် ကာလသားများက ဝိုင်းဝန်းရယ်မောကြသည်။

'ဝီလ်ဆင်ဂိမ်းတော့ ဖင်ဆောင့်သွားတော့မှာပဲ'

လူ တစ်ယောက်က ပြောသည်။

လီနီက ထိုသူကိုတစ်ချက် မြင်ကြည့်သည်။ ပြီးတော့ အပြုံးသွက်လာသည်။

ဝီလ်ဆင်ဂိမ်း၏ မြင်းရထားကို ရှောင်ကာ အငှားရထား တစ်စီး ငှားပြီး အိမ်ပြန်လာခဲ့တော့သည်။

ပြဇာတ်ထဲမှာ သူဇာတ်က,ခွင့်ရကတည်းက ဂျော့ရပ်ကွက်မှ တည်းခိုခန်းတွင် မစ္စက်ပေါ့တ်စ်နှင့် သူအတူ မနေတော့။

စပါးရပ်ကွက်ရှိ တည်းခိုခန်းတစ်ခုသို့ သူတစ်ယောက်တည်း ပြောင်းလာခဲ့လေသည်။

လီနီက ဇာတ်က,နေရသောကြောင့် ညဘက်အိပ်ရာဝင်နောက်ကျသည်။



မနက်ကျတော့လည်း ဇာတ်တိုက်စရာရှိသဖြင့် ဇာတ်ရုံသို့ စောစောသွားရသည်။

မစ္စက်ပေါ့တ်စ်ကို အနှောင့်အယှက် ဖြစ်လာသောကြောင့် သူက ရှောင်ပေးလိုက်ခြင်းဖြစ်လေသည်။

နောက်နေ့ညတွင်လည်း ပထမညက ပြဇာတ်ကိုပင် ဆက်က,သည်။

လော့ဒ်ဝီလ်ဆင်ဂိမ်း၏ ထိုင်နေကျနေရာမှာ လာကြည့်မြဲကြည့်သည်။

မနေ့ကလွှတ်လိုက်သည့် ပိုးဟပ်ဖြူကလေးကိုပင် လီနီထံသို့ လွှတ်လိုက်ပြန်သည်။

မနေ့ကအတိုင်းပင် သူ့မြင်းရထားမှ စောင့်နေမည်ဖြစ်ကြောင်း ပိုင်စိုးပိုင်နင်း ပြောပြန်သည်။

သူပေးလိုက်သောလက်ဆောင်မှာ တစ်ခုကပန်းစည်းဖြစ်ပြီး ကျန်တစ်ခုက လှပသော ဖာလ်နားဆပ် ကလေး တစ်ရံဖြစ်လေသည်။

ယခုတစ်ကြိမ်တွင် လီနီအနားဌ် ကာလသားတွေ ဝိုင်းနေသည်။

ပါတီတစ်ခုသို့ သူတို့နှင့်အတူလိုက်ခဲ့ဖို့ ကျယ်ကျယ်လောင်လောင် နားပူနားဆာလုပ်နေကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း လီနိုက ရယ်မောပြီး သူတို့၏ ဖိတ်ခေါ်ချက်ကို ငြင်းသည်။

ထိုအချိန်မှာပင် ပန်းစည်းနှင့်နားကပ်ရောက်လာခြင်း ဖြစ်လေသည်။

အခန်းထဲမှာ ရှိနေကြသူအားလုံးတို့က လီနိုကို စိတ်ဝင်စားစွာ စောင့်ကြည့်အကဲခတ်နေကြသည်။

သူမည်သို့ တုံ့ပြန်မည်နည်းဆိုသည်ကို သိချင်နေကြသည်။

အယ်မာလစ်ဒယ်လ်ကို လီနို ပြေးသတိရလိုက်မိသည်။ အယ်မာကို မြို့စားတစ်ယောက်က တော်ကောက်သွားသည်။

သူငြီးငွေ့တော့ လော့ဒ်ဝီလ်ဆင်ဂိန်းကို လွှဲပေးသည်။ ထို့နောက် လန်ဒန်မြို့မှ ပျောက်ကွယ်သွားတော့သည်။

လီနိုက အားပါးတရ ပြုံးလိုက်ပြီး ပန်းစည်းကြီးကို အနီးမှဖြတ်သွားသူ အပ်ချုပ်သမ တစ်ယောက်အား ထိုး ပေးလိုက်လေသည်။

အပ်ချုပ်သမက အံ့အားသင့်သွားပြီး အရှိအသေပေး ကာ လက်ခံယူကာ ထွက်သွားသည်။

သူ့နားမှာမူ လူတွေဝိုင်းပြီး တစ်ယောက်တစ်ပေါက် ပြောနေကြတော့သည်။



'ဟောဒီက လေးကစားစရာလေးကို တော့ လော့ဒ်ဝီလ်ဆင်ဂိမ်းကိုပြန်ပေးလိုက်ပါ၊ နောက်ပြီးတော့ သူ့ကိုလဲ ပြောလိုက်၊ ဒီထက်ပိုလှတာတွေ ငါ့မှာများကြီး မြင်ဖူး ပါတယ်လို့'

လီနိုက ပြောပြောဆိုဆို ဖန်နားကပ်ကို ပိုးဟပ်ဖြူဆီ ပြန်ပစ်ပေးလိုက်သည်။

ရှိရှာမှုန်းတီးသည့် အသံဖြင့်လည်း တစ်ချက်ရယ်ပစ် လိုက်သည်။

ပိုးဟပ်ဖြူမှာ အထိတ်တလန့်ဖြစ်နေချေပြီ။

လီနို၏ ပတ်ပတ်လည်မှာ ရှိနေကြသူများ ကတော့ သဘောကျလွန်းသဖြင့် ဟသောသော ရယ်ကြလေသည်။

ဇာတ်ရုံအပြင်ဘက်ရှိ မြင်းရထားထဲတွင်မူ လော့ဒ်ဝီလ် ဆင်ဂိမ်းသည် သူ့ထံပြန်ရောက်လာသည့် လက်ဆောင် ပစ္စည်းကိုကြည့်ပြီး ရှက်ခြင်း၊ ဒေါသထွက်ခြင်းများကို ဆစ်ပြိုင်တည်း ရောထွေး ခံစားနေရသည်။

'သူက မင်းကိုကစားနေတာဝီလ်ဆင်ဂိမ်း၊ ကြောင်က ကြွက်ကလေးကို ကစားသလိုပေါ့၊ မကြာခင်မှာ သူ့ခြေ ထောက်မှာ မင်းဝပ်စင်းရတော့မှာ မြင်ယောင် သေးတယ် ကွာ....'

ဟု သူနှင့်အတူထိုင်နေသော ဒီကွင်စီက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အနိုင်မခံလိုက်ရသောကြောင့် ဝီလ်ဆင်မှာ ရှက်သွေ
လေသည်။

'သူ့ကိုမင်းမစွဲနိုင်ဘူးဆိုတာ ဝန်ခံလိုက်စမ်းပါကွ'

ဓီကွင်စီက ဘပ်မပြောပြန်သည်။

ဝီလ်ဆင်မှာ မျက်နှာအပျက်ကြီးပျက်နေသည်။

'ဒီကောင်မ ငါ့လက်ထဲကို မလွဲမသွေ ရောက်ရမယ်
တာ ငါသစ္စာဆိုပြီးပြောရဲတယ်၊ မနက်ဖြန်ထက် နော
မကျစေရဘူး၊ တခြားအောင်မတွေလိုပဲ သူ့မှာလဲတန်
တစ်ခုတော့ ရှိမှာပေါ့၊ သူ့ကိုရဖို့ဆိုယင် အဲ့ဒီတန်
ဘယ်လောက်ကြီးကြီး ငါပေးမယ်'

ဝီလ်ဆင်ဂိမ်းက အံကိုတင်းတင်းကြိတ်ပြီး ခံပြင်းချ
အပြည့်ဖြင့် ပြောနေသည်။

ဘားပတ်ဝန်းကျင်တွင် ရပ်ထားသော မြင်းရထ
များထဲရှိ လူများနှင့်ဇာတ်ရုံအဝမှာရှိနေသော လူမျာ
သူ့စကားကို ကြားသွားကြလေသည်။

ထို့ကြောင့် နောက်နေ့တွင် ထိုအကြောင်းကိုလူတို
သိနေတော့သည်။

လီနိုကို 'မယ်သန့်ရှင်း' ဟုလည်းကောင်း၊ 'မသံချောင်
ဟူ၍သည်းကောင်း နာမည်ဝှက်များ ပေးထားကြ
လော့ဒ်ဝီလ်ဆင်ဂိမ်း၏ ကြုံးဝါးချက်ကို မယ်သန့်ရှ

ဆိုတော့ မသံချောင်းက သန့်သန့် ရှင်းရှင်းနှင့် မာမာ
ထင်းထင်း တောင့်ခံနိုင်ပါမည်လား ဆိုသည်ကို လူတိုင်း
သိချင်စားနေကြလေသည်။

နောက်တစ်နေ့တွင် ထုံးစံအတိုင်း ဝီလ်ဆင်ဂိမ် ပန်းပိုး
သပ်ဖို့ လီနိုဆီသို့ ရောက်လာသည်။

သို့သော်လည်း အခါတိုင်းလို သူပိုးဟပ်ဖို့ မဟုတ်
တော့ပါ။

အလွန်အရေးကြီးသည့် တာဝန်ဝတ္တရားကြီး ထမ်း
ဆောင်နေသည် ဟူသောပုံစံမျိုးဖြင့် မျက်နှာကြီးချိုပြီး
ရောက်လာခြင်း ဖြစ်သည်။

လီနိုက မသိမသာမျက်လုံးစွေကြည့်လိုက်သောကြောင့်
သူလာနေသည်ကို မြင်ရသည်။

သို့သော်လည်း မသိချင်ယောင်ဆောင်ပြီး ဆံပင်ဖြီးမြဲ
ဖြီးနေသည်ကိုပင် သူပြီးအောင်မစောင့်တော့။

'မစ္စဖရင့်ဖို့'

သူက လေသံကျယ်ကျယ်ဖြင့် ခေါ်သည်။

'ဆိုစမ်း'

လီနိုက မပီမသာပြန်မေးသည်။ သူ့ ဆံပင်ကိုပဲဂရုစိုက်
နေသည့်ပုံမျိုးကို ပည်း လုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မစ္စဖရင့်ဖို'

လူမှတ္တဝိုင်းပြီး အကဲခတ်နေသည်ကို သူသိသည်။ ထို ကြောင့် သူ့လေသံကိုတမင်မြှင့်ပြီး နောက်တစ်ကြိမ်ထ ခေါ်ပြန်သည်။

သို့သော် သည်တစ်ခါတော့ လီနို ပြန်ထူးသည်ကို မစောင့်ဘဲ သူက စကားဆက်သည်။

'ကျွန်တော့ရဲ့ လဒ်သခင်ဝီလ်ဆင်ဂိမ်းက ခင်ဗျားကို ဒီပစ္စည်းလာပေးဖို့ ကျွန်တော့်ကို စေခိုင်းလိုက်ပါတယ် ခင်ဗျာ'

သခေါ်ာဆေးအပြာသုတ်ထားသည့် လုပသောဘူးလေး လေးတစ်ခုကို ပိုးဟပ်ဖြူက ကမ်းပေးသည်။

အခန်းထဲမှာ ရှိနေကြသော မျက်လုံးအားလုံးက ထို ဘူးလေးပေါ်သို့ ရောက်လာကြသည်။

လီနိုက သက်ပြင်းချသည်။ ဘီးကို မှန်တင်ခုံပေါ်တင် သည်။

သူ့ဘက်သို့ လှည့်ပြီး စိတ်မဝင်စားသည့် ပုံစံမျိုးဖြင့် စိုက်ကြည့်သည်။

သူကမ်းပေးနေသောဘူးတလေးကို ယူဖို့တော့ နည်း နည်းကလေးမှ လှုပ်ရှားခြင်း မပြုပေ။



'လော့ဒ်ဝီလ်ဆင်ကို ပြန်ပြောလိုက်ပါ၊ သခေါ်ာဆေး သုတ်ထားတဲ့ ဘူးကို ငါစိတ်မဝင်စားဘူးလို့၊ ငါ့အိမ်မှာ အမျိုးခဲ့တွအများကြီး ရှိတယ်လို့ပြောလိုက်'

အမှန်တော့ လီနိုလိမ်ပြောလိုက်ခြင်းဖြစ်ပါသည်။ သူ့ အိမ်တွင် ထိုဘူးမျိုးတစ်ဘူးမျှမရှိပါ။

အပ်ချုပ်ခန်းထဲမှာ အပ်ကျသံကိုပင် ကြားရလောက် အောင်တိတ်ဆိတ်သွားလေသည်။

ကာလသားများသည်လည်း ငြိမ်ချက်သား တောင်း နေကြသည်။

အားလုံးသည် အသက်ရှူဖို့ကိုပင် မေ့နေကြပုံပေါက် သည်။

လီနို၏စကားများကို လုံး-စွပ်တစ်ချောင်း ကြားရအောင် တိုတိတဲနေကြခြင်းဖြစ်သည်။

'ဒါပေမယ့် မစ္စဖရင့်ဖို'

သူ့လေသံထဲမှ စိတ်လှုပ်ရှားသည့်အရိပ်အရောင်များ အသင်အရှားပေါ်လာသည်ကို လူတိုင်း သတိထားလိုက်မိ လေသည်။

'ဘူးထဲမှာ ဘာပါတယ်ဆိုတာကို ကျေးဇူးပြုပြီးကြည့် စေချင်ပါတယ်၊ ဒီအထဲကပစ္စည်းဟာ ခင်ဗျားနဲ့လိုက်ပါ ညီမယ်လို့ ခင်ဗျားကို-ပြောဖို့လဲ ကျွန်တော့်ရဲ့လဒ်သခင် ဝီလ်ဆင်ဂိမ်းက ကျွန်တော့်ကို အမိန့်ပေးလိုက်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



လီနိုက မျက်ခုံးပင့်လိုက်သည်။ ဘူးကလေးကို ယူ
ဖွင့်သည်။

ဘူးကလေးထဲမှ စိန်လည်တုံကို ဖြည်းဖြည်းချင်း
ထုတ်လိုက်သည်။

အလွန်တန်ဖိုးကြီးသည့် လက်ဆောင် ဖြစ်လေသည်
စိန်များသည် မျက်စိကျိန်းလောက်အောင် ပြိုးပြိုး ပြ
ပြက်အရောင်တောက်နေကြလေသည်။

လီနို၏ စိန်လည်တုံကိုအရေးမစိုက်သလို သူ့လက်
မှာ ဆကြည့်မနေသည်။

စိန်ကိုးက ရေများကျသလို သူ့ကြားထဲမှာလျောက
နေသည်။

ထိုအမူအရာကို မြင်သောအခါ အခန်းထဲမှာ ရှိနေ
များသည် တစ်ပြိုင်တည်းပင့်သက်ရှူကြလေသည်။

မင်းသမီး တစ်ယောက်ကို ဖူဖို့အတွက် မည် သူ မ
ဒါလောက် တန်ဖိုးကြီးကြီး အရင်းအနှီး လုပ်သည်
မကြားဖူးကြလေးချေ။

ထို့ကြောင့်လည်း မြင်တွေ့နေကြရသူအားလုံးတို့မှာ
မယုံကြည်နိုင်အောင် ဖြစ်နေကြလေသည်။

အယ်မာ၏ဘဝကို ဖျက်ဆီးပြီးသည့်နောက်တွင် မ
သည့်မိန်းကလေးကိုမဆို သူ့တန်ဖိုးနှင့်သူပေးပြီး ဝယ်



ချင်ရမည်ဟု လော့ဒ်ဝီလ်ဆင်ဂိမ်း ယုံကြည်ဘာခဲ့လ
သည်။

လီနို၏အမူအရာမှာ ခက်ထန်မာကျောသွားလေသည်။

ဤမျှ အဖိုးတန်သည့် လက်ဆောင်ပစ္စည်း ပေး က
မိမိအား ဖျက်ဆီးတော့မှာပါတကား။ မိမိ၏ ဘဝသည်
သူ့ လက်ခုပ်ထဲမှရေလိုဖြစ်ကာ ဆောက်တည်ရာ မရသည့်
အဖြစ်မျိုးနှင့် ကြုံရတော့မှာပါတကား။

လီနိုက ခေါင်းမော့သည်။ စိန်လည်တုံကို အများမြင်
သာအောင် မြှောက်သည်။ လှုပ်ယမ်းနေသော ဖယောင်း
တိုင်မီးရောင်အောက်တွင် စိန်များမှ အရောင်တို့သည် ပြိုး
ပြိုးပြက်ပြက် လက်ရှင်တိုင်း လက်နေကြတော့သည်။

သည်လောက်အဖိုးတန်ပြီး သည်လောက် လှပသည့်
လက်ဆောင်ပစ္စည်း၏ အရှိန်အဝါကို လီနို လွန်ဆန်နိုင်
တော့မည် မဟုတ်ဟူသော မျှော်လင့်ချက်ဖြင့် အများက
စောင့်ကြည့်နေကြသည်။ အသက်ကိုပင် ရဲရဲမရှူ ရဲကြ။

'လော့ဒ်ဝီလ်ဆင်ဂိမ်းကို နှင်ပြားတစ်ပဲဘန် ဒီပစ္စည်း
ပြန်ပေးလိုက်ပါ'

ဘာကိုမှ အရေးမစိုက်သည့်ဟန်မျိုးဖြင့် ပြောပြီး စိန်
လည်တုံကို သနတ်ဆေး သတ်ထားသော ဘူးကလေးထဲ
သို့ထည့်ကာ အဖုံးကိုဆတ်ခနဲ ပြန်ပိတ်လိုက်သည်။

www.burmeseclassic.com



'သူဟာ ဒီလိုပဲ လက်ဆောင်ပစ္စည်းတွေ တစ်မျိုးပြီး [illegible] တစ်မျိုး ပေးနေဦးမှာပဲဆိုတာ ငါ သံသယမဖြစ်ဘူး၊ [illegible] ကြောင့် ငါဟာ ဘယ်သူ့ရဲ့ အပျော်မယားမှ အဖြစ်ခံမှာ [illegible] မဟုတ်ဘူးဆိုတာလဲ ပြောပြလိုက်ပါ၊ တစ်ယောက်ယောက် [illegible] ရဲ့ အပျော်မယားအဖြစ်ကို အရောက်ခံတော့မယ်လို့ ဆုံး [illegible] ဖြတ်လိုက်ပြီဆိုရင်လဲ အနိမ့်ဆုံးဘုရင်မင်းမြတ်ရဲ့ အပျော် [illegible] မယားပဲ ဖြစ်ချင်သူကိုတော့ စိတ်ကူးထဲတောင်မထည့် [illegible] ဘူးဆိုတာကိုလဲ ပြောလိုက်ပါ'

လီနိုက ရှင်းရှင်းပြတ်သားသော လေသံဖြင့် ဆက် [illegible] ပြောလိုက်သေးသည်။

(ထိုအဖြစ်အပျက်နှင့် ထိုစကားများအားလုံး ဘုရင့်နား [illegible] သို့ ပေါက်သွားသည်။ ဘုရင်က အူဘက်မဘတ်ရယ်သည် [illegible] ဟူသော သတင်း နောက်ပိုင်းမှာထွက်လာသည်။)

လီနို သည် ဂျက်ဖရီ၏ စွန့်ပစ်သွားခြင်းကို ခံခဲ့ရဖူး [illegible] သည်။ ယခု လော့ဒ်ဝီလ်ဆင်ဂိမ်းအား ထိုသို့ ဆက်ဆံ [illegible] လိုက်ခြင်းမှာ သနားစရာကောင်းသော အယ်မာ တစ် [illegible] ယောက်တည်းအတွက် ကလဲ့စားချေခြင်းမဟုတ်ပါ။ မိန်း [illegible] ကလေးများကို စိတ်တိုင်းကျ အသုံးပြုပြီးသောအခါ ရက် [illegible] ရက်စက်စက် စွန့်ပစ်ထားတတ်သော ယောကျာ်းသားများ အားလုံးကို သူကိုယ်တိုင်နှင့် အစွန့်ပစ်ခံမိန်းကလေးများ အားလုံး၏ကိုယ်စား လက်စားချေလိုက်ခြင်း ဖြစ် လေ [illegible] သည်။



ယောကျာ်းများအပေါ် လီနိုစိတ်နာနေခိုက် ဝီလ်ဆင် ဂိမ်းက ဝင်လာသောကြောင့် အားလုံး၏ဒဏ်ကိုသူခံသွား ရခြင်းဖြစ်သည်။

ဝီလ်ဆင်ဂိမ်းကိုမှရွေးပြီး လက်စားချေလိုက်ခြင်းသည် သူ့ဘာသာသူ အန္တရာယ်ကို ခေါ်ယူလိုက်ခြင်းနှင့်လည်း တူနေတော့သည်။

ဝီလ်ဆင်ဂိမ်းသည် ဘုရင်၏မျက်နှာသာပေးမှုကို ရယူ နိုင်ဖို့အတွက် လန်ဒန်မြို့သို့ ရောက်လာခြင်းဖြစ်သည်။

သူ၏ရည်မှန်းချက် အောင်မြင်စေရန် ဘာမဆို လုပ် မည့်သူဖြစ်သည်။ အဘယ်မျှလောက် ကုန်ကျမည် ဆိုသည် ကိုလည်း နည်းနည်းကလေးမျှ မှုနေသူမဟုတ်။

ယင်းသို့ သူမတူသည့်အကြောင်းများကြောင့်အခြား သူများက သူ့အပေါ် မနာလိုမရှုစိမ့် ဖြစ်နေကြသည်။

ယခု လီနိုနှင့် ကြုံတွေ့လိုက်ရသည့် အရှက်ခွဲခံရမှုကြီး သည် ဝီလ်ဆင်ဂိမ်းကို အခြားသူများက ခေါင်းမဖော်နိုင် အောင် နှိမ်စရာအကွက်ကောင်း ဖြစ်သွားလေတော့သည်။ ကောင်းစွာလည်း အနှိမ်ခံလိုက်ရလေသည်။

ထို့ကြောင့် ဝီလ်ဆင်ဂိမ်းက လီနိုကိုရဖို့ သဲကြီးမဲကြီး လိုက်နေခြင်းကို ဖြုန်းခနဲ ရပ်ဆိုင်းပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သည်လို အရှက်ခွဲ ခံလိုက်ရသည့် အကြောင်းကို သူ ဘယ်တော့မျှ မမေ့ပါ။ လီနို့ ကိုလည်း ဘယ်တော့မျှ ခွင့်လွှတ်နိုင်လိမ့်မည် မဟုတ်ပါ။

လီနိုကလည်း ထိုအကြောင်းကိုသိပါသည်။ ဝီလ်ဆင်ဂိမ်းသည် သူ၏ သီးသန့်နေရာမှ ထိုင်ပြီး ပွဲကြည့်သူဖြစ်သည်။ ခက်ထန်သော၊ မအားစက်မာကြောသော မျက်လုံးများဖြင့် လီနို၏ တစ်ကိုယ်လုံးကို သိမ်ကြုံးကြည့်နေတတ်သည်။ ထိုအကြည့်ကို ဇာတ်စင်ပေါ်မှ လှမ်းမြင်နေရသဖြင့် သူ ဘယ်တော့မျှ ခွင့်လွှတ်မည် မဟုတ်ကြောင်းကို လီနို နားလည်သိခြင်း ဖြစ်ပါသည်။

လီနို၏ မျက်နှာကိုလည်း ရှုံ့မှုန်းတီးစွာ ကြည့်မြဲဖြစ်သည်။ ထိုအကြည့်မျိုး ခံလိုက်ရတိုင်း လီနိုမှာ ပါးအရိုက် ခံလိုက်ရသလို ခံစားလိုက်ရမြဲဖြစ်သည်။

လီနိုက ပခုံးတွန့်ပစ်လိုက်သည်။ သူနှင့် ပတ်သက်ပြီး ဝီလ်ဆင်ဂိမ်း ဘာတွေပဲ ခံစားနေရနေရ ဘာအရေးစိုက်နေစရာ လိုသနည်း။

သူသည် တော်ဝင်ဇာတ်သဘင်အဖွဲ့မှ တော်ဝင် မင်းသမီး ဖြစ်သည်။ သူတို့ကို အရေးယူခွင့်၊ အပြစ်ပေးခွင့်ရှိသူမှာ လော့ဒ်ချိန်ဘာလိမ် တစ်ယောက် တည်းသာရှိသေးသည်။



ဘယ်လိုပဲ ဖြစ်ဖြစ် လမ်းကြောင်းသစ်ကို ရွေးချယ်ရှာဖွေဖို့ သူ ဆုံးဖြတ်ရတော့မည်။ တော်ဝင် ဇာတ်မင်းသမီးအလေးဘဝဖြင့် သည်လိုပဲ ဆက်သွားနေလို့ မဖြစ်နိုင်တော့။

သမီးလေး လိုရီနာထံသို့ စာရှည်ကြီးပေါင်း များစွာ ရေးခဲ့သည်။

သူ ဇာတ်မင်းသမီးဘဝက အမှန်တကယ် ရှိခဲ့သည့် လက် ပိုမိုမြင့်မားသကဲ့သို့ ချဲ့ကားရေးခဲ့သည်။ နောက်ပြီးတော့ သူ မစားရက် မသောက်ရက် အငတ်ခံစုဆောင်းထားသည့် ငွေကြေးအနည်းငယ်ကိုလည်း ရံဖန်ရံခါ ပို့ပေးလေ့ရှိသည်။

နောက်လာမည့်နွေရာသီဆိုလျှင် ကုမ်းမီးယား ရွာသို့ ပြန်သွားပြီး သမီးလေးကို ခေါ်ဖို့လည်း သူ စိတ်ကူးထားသည်။

သမီးလေးကို လန်ဒန်သို့ ခေါ်လာပြီး ဝတ်ကောင်းစားလှများ ဆင်ရမည်။ စားကောင်း သောက်ဖွယ်များ ကျွေးရမည်။ ပညာတတ်တစ်ယောက် ဖြစ်လာအောင် ကျောင်းထားပေးရမည်။

ထိုလုပ်ငန်းများလုပ်ဖို့ ငွေလိုသည်။ လိုသည့်ငွေအောင် ရှာဖို့လည်း သူ ဆုံးဖြတ်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်ကြီးသို့ ဝင်ရ လမ်းသည် သူ့အတွက် ယနေ့တိုင် ပွင့်နေဆဲဖြစ်ပါသည်။ ပစ်မှတ်ကို ပိုင်ပိုင်ထိရန် အချိန်မှန် ကို စောင့်စား ရွေးဘတ်ဖို့သာ လိုပါသည်။

တစ်ညတွင် သူ့အတွင်းခံအင်္ကျီလေး ပြသွားသည်။ သူတို့ ဇာတ်မင်းသမီးများမှာ ကိုယ့်အဝတ်အစား ကိုယ် ဝတ်ကြရသည်။ အတွင်းခံ အင်္ကျီ တစ်သည် ဈေးသည် ထမင်းခုနှစ်နပ်စာနှင့် ညီသည်။ ဇာတ်အဖွဲ့မှ ရသည့် ငွေ ကလည်း မဖြစ်စလောက်ဆိုတော့ အဝတ်အစားဆင်းရဲ သည်။ အနေအထိုင် နွမ်းပါးသည်။

သမီးလေး လိုရိနာကို ထားလို့ မိမိ တစ်ကိုယ်တည်း အတွက်ပင် ရပ်တည်ဖို့ ခက်ခဲနေကြောင်း သေသေချာချာ စဉ်းစားလိုက်မိသည်။

ရှင်ဘုရင်ကို အသေ ဖမ်းကိုင် လိုက်နိုင်ပြီ ဖြစ်သော နဲလ်ဂွင်းသည် သာအတွက်မျှ ပူစရာ မလိုတော့။ လီနို၏ မျက်စိအောက်မှာပင် အထင်အရှား မြင်တွေ့နေရသော အဖြစ်အပျက် ဖြစ်သည်။

ထိုနည်းလမ် သည် သာလျှင်အကောင်းဆုံးဖြစ်ကြောင်း အတွေးပေါက်သွားသည်။

ထို့ကြောင့် အကောင်းဆုံးနည်းလမ်းကို လက်ခံကျင့် သုံးဖို့ ထိုညမှာပင် ဆုံးဖြတ်ချက်ချလိုက်သည်။



ဒုတိယနေ့မြောက် ချားလ်စ် ဘုရင်သည် ဘာကြောင့် မိမိ၏ ပိုက်ကွန်ထဲသို့ တည့်တည့်မတ်မတ် မရောက်ရမည် နည်း။

လီနိုသည် ခေါင်းကလေးကို မာန်ပါပါ မော့ပြီး ဇာတ်ဝင်စကားများကို ဟန်ပါပါပြောလိုက်သည်။

ပရိသတ်ထဲမှ ဩဘာသံ သေးသေးလေး တစ်ခုကို ကြားလိုက်ရသည်။

ဩဘာပေးသူကို အသိအမှတ် ပြုကြောင်းနှင့် ကျေး ဇူးတင်ကြောင်းပြသသည့်အနေဖြင့် လီနိုက အပြုံးကလေး ဖြင့်လှမ်းကြည့်သည်။

ဂေးလ်ဘတ်မာနေ့၏ မျက်နှာကြီးကို တည့်တည့် ကြည့်ပြီး ပြုံးပြလျက်သား ဖြစ်သွားလေတော့သည်။

ချက်ချင်းဆိုသလိုပင် လီနိုသည် အတွေးပေါင်းစုံထဲ မှာ ခဏကြာနစ်မြုပ်သွားတော့သည်။

အောက်စဖို့မြို့မှာရှိသော မက်ဝိုင်လမ်းမှ မစ္စက်ဝပ်တီ ၏ တည်းခိုခန်းကလေးသို့ ပြန်ရောက်သွားသည်။

အလွန်အမင်းချမ်းအေးနေသည့် ဆောင်းတစ်ညတွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတုန်း ဂေးလ်ဘတ်ရောက် လာကာ အဓမ္မကျင့်ခံခဲ့ရသည့် အကြောင်းများကို ပြန် လည်သတိရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂေးလ်ဘင်၏ ယုတ်ညံ့ညစ်ပတ်သော လက်များဖြင့် ယခုပင် သူ့ကို ရစ်သိုင်း ဖက်တွယ်ခြင်း ခံနေရကြောင်း၊ ဂေးဘတ်လ် အသက်ရှူထုတ်လိုက်သည့် ရာဂ လေပူများက သူ့မျက်နှာကို လာတိုးနေကြောင်း စိတ်ထဲမှာ ထင်လာသည်။

ဇာတ်ခုံနောက်မှာရှိနေသည့် အိန်စလေက ဇာတ်ခုံပေါ်သို့ လှမ်းကြည့်သည်။

လီနို၏ခြေထောက်များ တုန်ယင်လှုပ်ရှားနေကြောင်း သတိထားလိုက်မိသည်။

ကြည့်နေရင်းမှာပင် လီနို လဲပြိုကျသွားတော့မည်လား ထင်ရသည်။

ကနေဆဲဇာတ် ဗရုတ်ဗရက်ဖြစ်ဦးတော့မှာလား တွေးပူသည်။

သို့သော်လည်း လီနိုသည် သူ့ကိုယ်သူ ချက်ချင်း ဆိုသလို ပြန်ထိန်းလိုက်နိုင်ပြီး ဇာတ်ဝင်စကားများကို ရှပ်မပျက်အောင် ဆက်ပြောသွားလေသည်။

'ပရိသတ်ကိုလှည့်ကြည့်ပြီး မင်း ဘယ်လိုဖြစ်သွားတာလဲလီနို၊ ကြည့်နေယင်းလဲကျသွားတော့မလားလို့ ငါက ထင်ပြီး စိုးရိမ်နေတာ'

ကန့်လန့်ကာနောက်ကွယ်သို့ သူ ဝင်သွားလျှင် ဝင်သွားချင်း အိန်စလေက စိုးရိမ်တကြီး ဆီးမေးသည်။



'ကျွန်ုပ်မ မေ့ပျောက်ထားချင်တဲ့ အကြောင်းတစ်ခုကို ပြေး သတိရလိုက်မိလို့ပါ'

လီနိုက မျက်နှာမသာမယာဖြင့် ဖြေသည်။

မျက်နှာသည်း ဖြူဖတ်ဖြူရော်ဖြစ်သွားသည်။

အိန်စလေ နောက်ထပ် မေးခွန်းများဆက်မေးနေမည် စိုးသောကြောင့် ဘာမျှမမေးနိုင်မီ ထိုနေရာမှ လီနိုရှောင်ထွက်လာခဲ့တော့သည်။

ထိုနေ့ည ဇာတ်ရုံမှအိမ်သို့အပြန်တွင် လီနိုသည် အနက်ရောင်ဆံပင်တုပုံစံအကြီးကြီးကို တပ်ပြီးရုပ်ဖျက်ပြန်သည်။

ဂေးလ်ဘတ်နှင့်ထပ်တိုးမည်ကို သူ စိုးရိမ်နေမိသည်။

ထိုမျက်နှာကြီးကိုဘယ်လိုမှ သူ ကြည့်နိုင်စွမ်းမရှိချေ။

သူ့ကို မတွေ့တွေ့အောင် ဂေးလ်ဘတ် လိုက်ရှာနေမည်ဟု သူ အာတ်တွေးကြည့်မိပြီးသား ဖြစ်လေသည်။

လီနိုတွေးကြည့်သည်မှာ မှန်ပါသည်။

ထိုညက လီနိုဇာတ်ကအပြီး သူ လိုက်ရှာသေးသည်။ မတွေ့သောကြောင့် နောက်တစ်နေ့ လီနိုဇာတ်ကိုက်ရာသို့ သူ ရောက်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မနက်က ဂေးလ်ဘတ် အစွမ်းကုန် အလှပြင်ထားသည်။

ညှပ်ရန်မလိုသေးသောဆံပင်ကို ညှပ်သည်။

တစ်ကိုယ်လုံး သပ်သပ်ရပ်ရပ် ဖြစ်စေသည်။

အဖိုးတန်အဝတ်အစားသစ်များကို ဝတ်သည်။

သူ့ကို အလှပြင်ပေးသူအား စိတ်တိုင်းမကျတိုင်း အော်ဟစ်ကြိမ်းမောင်းခဲ့သည်။ အဝတ်ကို တစ်ခုမကြိုက်တိုင်း နောက်တစ်ခု လဲခိုင်းခဲ့သည်။

သူ ဘာကြောင့် ဒါလောက်တောင် ဝတ်ကောင်းစားလှတွေ ဝတ်ဆင် နေနိုင်ကြောင်း လီနီ သိနိုင်မည် မဟုတ်ပါ။

ဂေးလ်ဘတ်၏ မိဘများ မကြာမီကပင် ကွယ်လွန်သွားကြသည်။

ထို့ကြောင့် အမွေအားလုံးကို သူရလိုက်လေရာ ထင်တိုင်း သုံးစွဲနေနိုင်ခြင်းဖြစ်သည်။

မိဘများ ကွယ်လွန်သည်နှင့် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက သူ ရောက်ချင်နေသော လန်ဒန်မြို့ကို ငွေထုပ်ပိုက် ရောက်လာတော့သည်။

သူ၏အဓိကရည်ရွယ်ချက်မှာ ဘုရင်ကို မြင်ဖူးတွေ့ဖူးချင်သောကြောင့် ဖြစ်သည်။



မြင်ဖူးတွေ့ဖူးရလျှင်ပင် ကျေနပ်ပြီ။

အောက်စဖို့မြို့ပြန်သွားပြီး သူနှင့် ဘုရင်မင်းမြတ် သိကျွမ်းရင်းနှီးကြောင်း၊ ဒယ်နေ့တုန်းက ဘာဝတ်ထားကြောင်း၊ ဘာစကားတွေပြောကြောင်း၊ ကြွားနိုင်ဝါနိုင်သည် ဖြစ်သည်။

လွန်ခဲ့သည့် အပတ်ကပဲ လန်ဒန်မြို့သို့ သူရောက်လာသည်။ တစ်အိမ်လုံးငှားပြီး ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်၏နေအိမ် အဆောင်အယောင်များနှင့် တူညီအောင် နေ့မီးညမီးနှင့် ပြင်ဆင်သည်။ အစေခံတွေ ငှားသည်။ အဝတ်အစားသစ်များ မှာသည်။

ထို့ကြောင့် ယနေ့ညမှ ပြဇာတ်လာကြည့်အားသည်။ ပြဇာတ်ကြည့်သည့် ဇရိတ်သင်းထဲတွင် ဘုရင် ကိုလည်း တွေ့မြင်ရလိမ့်မည်ဟုမျှော်လင့်ထားသည်။ သို့သော်လည်း သူ ကံဆိုးချင်တော့ ယနေ့ညဘုရင်မလာပါ။ ဂေးလ်ဘတ် အတော်လေး စိတ်ပျက်သွားမိသည်။

ဘုရင်သည် ယခုတလော ပြဇာတ်ထက် ကြက်ပွဲဘက်သို့ အလှည့်များနေသည်။ ကြက်ပွဲရှိရာ ကိုသာ မပျက်ကွက် သွားနေသည်။

ဇာတ်ခုံပေါ်တွင် လီနီဖရင့်ဖို့ကို မြင်လိုက်ရခြင်းမှာ ဂေးလ်ဘတ်အဖို့ တုန့်လှုပ်၍ မဆုံးနိုင်အောင် ဖြစ်သွားသေတော့သည်။ လီနီသည် ဟိုတုန်းကထက် အဆင်ပြေ

www.burmeseclassic.com



များစွာ ပိုလှနေသည်။ ဂေးလ်ဘတ် အသက်ရှူမှားသွ[...] လောက်အောင်ကို လွန်မင်းစွာ လှနေခြင်း ဖြစ်[...] သည်။

သူတို့နှစ်ယောက် မျက်လုံးချင်းဆုံမိလိုက်သော အခ[...] တွင် ဂေးလ်ဘတ်သည် မိုးကြိုးအပစ်ခံလိုက်ရသူလို ကြ[...] ငေးသေသေသွားသည်။

ကြည့်နေရင်းမှာပင် လီနိုသည် သွေးရောင်ကင်းမဲ့သွာ[...] ကာ ဇာတ်ခုံပေါ်၌ သတိမေ့ လဲကျ သွားတော့မည်လာ[...] ဟုပင်၊ ထင်လိုက်မိလေသည်။

သို့သော်လည်း သူ့ကိုယ်သူ ပြန်လည်ထိန်းသိမ်း သွာ[...] နိုင်ကာ ပြဇာတ်ကို ဟန်မပျက် ဆက်ကပြီး ကန့်လ[...] ကာနောက်သို့ ဝင်သွားလေတော့သည်။

ကန့်လန့်ကာနောက်သို့ လီနို ဝင်ရောက် ပျောက်ကွယ်[...] သွားသော်လည်း ဂေးလ်ဘတ်၏ မျက်စိထဲမှာမူ လီ[...] ကျန်ရစ်ခဲ့သည်။ အလွန်လှပသော လီနိုသည် တစ်ရံ[...] အခါတုန်းက သူ့ရင်ခွင်ထဲသို့ ရောက်ခဲ့ဖူးသည်။ သူ့ အ[...] သို့ လိုက်ပါခဲ့ရဖူးသည်။

အောက်စဖို့မြို့၏ ဆောင်းတစ်ညတွင် လီနိုအား [...] မတရားကျင့်ခဲ့သည့် အကြောင်းများကို ချက် ချင်း ပြ[...] သတိရလာသည်။ လီနို၏ ခန္ဓာကိုယ်သည် ဘယ်လိုအချိ[...] အစားရှိကြောင်းကို ပြန်လည်မြင်ယောင်လာသည်။



သူနှင့် နှစ်ခုံကျော်မှာ ထိုင်နေသည့် လော့ဒ်ဝီလ်ဆင် [...]ထံမှ အသံထွက်လာသောကြောင့် ဆတ်ခနဲ သူလှည့် [...]ည့်လိုက်မိသည်။

'သောက်ကျိုးနဲ့ အောင်လှတဲ့ကောင်မကွာ၊ အကြံ [...]သည့်အောင်မြင်လို့ ငါ့ရင်ခွင်ထဲများ ဒီကောင်မရောက် [...]လိုက်ကတော့ .. ဟင်း'

လော့ဒ်ဝီလ်ဆင်ဂိမ်းက ကိုယ်ကို ကိုင်းလိုက်ပြီး မချင့် [...]လေသံဖြင့် ပြောသည်။ သူ့ရင်ခွင်ထဲ ရောက်လာလျှင် [...]အလုပ်မည်ဆိုသည့် စကားလုံး ကိုတော့ ဂေးလ်ဘတ် [...]သံကွဲကွဲ မကြားလိုက်ရပါ။

သို့သော်လည်း လော့ဒ်ဝီလ်ဆင်ဂိမ်း၏ နဖူးပေါ်မှ [...]ကြောကြီးများ မြင်မကောင်းအောင်ထောင်ထနေသည် [...]တော့ ထင်ထင်ရှားရှားကြီး မြင်တွေ့ခနရ လေသည်။ [...]ကြောကြီးများထောင်ထသွားသည်ကိုလည်း မြင်လိုက် [...]လေသည်၊

ထို့ကြောင့် လီနိုကို သူရလျှင် ဘာလုပ် မည် ဖြစ် [...]ကြောင်း ဂေးလ်ဘတ် ခန့်မှန်း ကြည့်နိုင်ပါသည်။

လော့ဒ်ဝီလ်ဆင်ဂိမ်း သိသည်ဆိုရုံပဲ ရှိပါသည်။

လွန်ခဲ့သည့်ညက ကစားဝိုင်းတစ်ခုမှာ သူတို့ ဆုံ ခဲ့[...] [...]သည်။ ရှင်ဘုရင်နှင့် ဘယ်လောက် ရင်းနှီးကြောင်း သူ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သူ ပြောနေသံ ကြားရသဖြင့် ဂေးလ်ဘတ် အထ…
ကြီးခဲ့မိသည်။

ရှ ဘုရင်နှင့် သိကျွမ်းလိုသောကြောင့် လန် ဒန်…
ပေါ်ထက်လာပြီး သုံးဖြုန်းနေသူ ပေါင်း များစွာထဲ…
စီလ်ဆင်ဂိမ်းသည်လည်း တစ်ယောက် အပါအဝင် ဖြ…
ကြောင်းကိုတော့ ဂေးလ်ဘတ်အနေနှင့် သိနိုင် စွမ်းမ…
မဟုတ်ပါ။

ပွဲကြည့်ပရိတ်သတ်ထဲမှ ယောကျ်ားများသည် လီနီ…
ကြည့်ပြီး သွားရည်တမြားမြားနှင့် ကျိတ်မနိုင်ခဲမရ ဖြ…
နေကြသည်ကိုလည်းကောင်း၊ အချို့က နှုတ်ခမ်းကို လျ…
ဖြင့် ပြန်သိမ်းနေသည်ကိုလည်းကောင်း ဂေးလ်ဘတ်လှ…
မြင်လိုက်ရသည်။

လီနီသည် လန်ဒန်မှာရှိနေသော ယောကျ်ား များ…
လည်း ကောင်းစွာ ဖမ်းစားထားနိုင်သူ တစ် ယောက်…
လားဟု စဉ်းစားမိသည်။

ထိုအမျိုးသမီးသည် သူ့လက်ထဲမှ လွတ်ထွက် သွား…
သည်။ လွတ်သွားရာတွင်လည်း ရိုးရိုးမဟုတ်။ သူ့မျက်…
ပေါ်တွင် သေရွာပါ အမှတ်ကိုထင်စေပြီးမှ လွတ်မြော…
သွားခြင်းဖြစ်သည်။

ယည်တစ်ကြိမ်တော့ သင်း လွတ်ပါဦးမည်လား။



ပွဲပြီးသွားတော့ ဇာတ်ခုံနောက်သို့ လူတွေကြားထဲမှ
…တင်းတိုးဝှေ့ပြီး ဝင်သွားသည်။

သို့သော်လည်း လီနီပြန်သွားနှင့်ပြီဖြစ်ကြောင်းအာ ဖြ…
…သော သူရလေတော့သည်။

ဇာတ်ရုံအပြင်ဘက် လမ်းမပေါ်မှာ သူလိုက်ရှာကြည့်…
…ားသည်။ သို့သော်လည်း ဘယ်နေရာတွင်မျှ မတွေ့…
…တော့ချေ။

သူ့ရင်ထဲမှာ စိုးရိမ်စိတ်ကလေးတစ်ခု ဝင်လာသည်။
…နီသည် မိမိလက်ထဲမှ နောက်တစ်ကြိမ် လွတ်ထွက်သွား…
…ပြီလား ဟူသော အတွေးလည်း ဝင်လာလေသည်။

လီနီသည် တော်ဝင်ဇာတ်အဖွဲ့မှမင်းသမီးဖြစ်ကြောင်း
…ခေါင်းထဲသို့ အသိဉာဏ်ဝင်လာသည်။

နောက်တစ်နေ့ လီနီဇာတ်တိုက်သည့် နေရာသို့ သွား…
…တွေ့ဖို့ ဆုံးဖြတ်လိုက်သည်။

အကောင်းဆုံး အဝတ်အစားများကို ရွေးဝတ်သည်။

ထိုသို့ အဝတ်အစားကောင်းများ ဝတ်သောကြောင့်
…သော့ဒ်စီလ်ဆင်ဂိမ်းက သူ့ကို သတိထားမိခဲ့ခြင်း ဖြစ်…
…သည်။

တောသူဌေးတစ်ယောက် လန်ဒန်မြို့သို့ တက်လာပြီး
…သုံးဖြုန်းနေခြင်း ဖြစ်ကြောင်းလည်း သိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိမိမှာငွေပြတ်လျှင် သူ့ဆီက ချေး မည်ဟုလည်း တေးထားလိုက်သည်။

လမ်းလျှောက်တုတ် တစ်ချောင်းကိုမာန်ပါပါကိုင်ပြီး ဇာတ်ရုံသို့ ဂေးလ်ဘတ်ထွက်လာခဲ့သည်။

ဇာတ်ခုံနောက်က အခန်းတစ်ဘက် ခြမ်းတွင် ခွေး တစ်လုံးနှင့် လီနီ ဇာတ်စာ ထိုင်ကျက်နေသည်ကို တွေ့ သည်။

လီနီကလည်း မော့ကြည့်လိုက်ရာ မဂေးလ်ဘ လျှောက်လာနေသည်ကို တွေ့ရသောကြောင့်ချောက်ခ သွားသည်။

အိန်စလေက လက်ထောက်မင်းသမီးလေး ယောက်ကို ဇာတ်တိုက်ပေးနေသည်။

မင်းသမီးလေးက ခေါင်းပေါ် စာအုပ်တင်ရွက် လမ်းလျှောက်ကျင့်နေသည်။ ထိုမင်းသမီးလေးနှင့် တို မိကာ ခေါင်းပေါ်မှ စာအုပ်ပြုတ်ကျသွားသည်။

ဂေးလ်ဘတ်က ဂရုမစိုက်ဘဲ လီနီဆီသို့ လျှောက် လျှောက်လာသည်။

အိန်စလေက ဂေးလ်ဘတ်ကို မကျေမနပ်နှင့် လှ ကြည့်ပြီး စာအုပ်ကိုကောက်ကာ မင်းသမီးလေး၏ ခေါ ပေါ်သို့ ပြန်တင်ပေးသည်။ ပြီးတော့ စောစောကအတို ဖင်ယမ်းပြီး ဆက်လျှောက်ခိုင်းသည်။



လီနီက ခွေးခြေပေါ်မှာ ထိုင်နေသည်။ စိတ်ညှိုးခံထား ရသူလို ဖြစ်နေသည်။

နယ်စားကြီးတစ်ယောက်၊ သို့တည်းမဟုတ် မင်းညီ မင်းသားတစ်ယောက်လို သူ့ကိုယ်သူ အလွန်စိတ်ချ ယုံ ကြည်သည့်ပုံစံမျိုးဖြင့်လျှောက်လာနေသော ဂေးလ်ဘတ် ကို ငေးကြည့်နေမိသည်။

သူ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း လီနီ၏ရင်ထဲမှာဖြစ် ပေါ်နေသည့် မုန်းတီးရွံရှာသည့် စိတ်တို့သည် ပို၍ ပို၍ ကြီးမားသွားသည်ချည်း ဖြစ်လေသည်။

အောက်စဖို့မြို့မှာ တွေ့စတုန်းက လူချောတစ်ယောက် ဟု ထင်ခဲ့ဖူးသည်မှာအမှန်ဖြစ်သည်။ ယခုတော့ နည်းနည်း လေးမျှ ကြည့်၍မရတော့ချေ။

အိန်စလေ့တို့ကို ကျော်လာပြီး လီနီ၏ ရှေ့တည့်တည့် မှာ သူလာရပ်သည်။

အမာရွတ်ရှိနေသော သူ့မျက်နှာက အောင်ပွဲခံသူ တစ်ယောက်လို ပြုံးနေသည်။

သူ့လက်ထဲမှာ ကိုင်ထားသည့် လမ်းလျှောက်တုတ်ကို အလစ်မပေးစတမ်း ကြည့်ရင်း လီနီက ထိုင်ရာမှထသည်။

လီနီ ဘာကိုသတိထား၊ ကြည့်နေကြောင်း ဂေးလ်ဘတ် က သိသည်။ ထို့ကြောင့် လက်အိတ်စွပ်ထားသည့်လက် တစ်ဖက်ဖြင့် ဝှေ့ယမ်းပြရင်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာကိုမှ စိုးရိမ်နေစရာ အကြောင်းမရှိပါဘူး လိ

'ကျွန်မဟာ အခု တောင်ဝင်မင်း မိန်းမ ဖြစ်နေပြီ၊ ဘာ
က်မှ စိုးရိမ်စရာမရှိ ကြောင်း သိတယ်၊ တောင်ဝင်မင်းသမီး
ဖြစ်တဲ့အတွက် တုနှင်မင်းမြတ်ရဲ့ ကာကွယ်စောင့်ရှောက်
အောက်မှာ ရှိနေတယ်'

လေသံမှန်မှန်ဖြင့် ပြောသည်။

သို့သော်လည်း သူနှင့်ဝေးအောင် ခြေတစ်လှမ်းတော
ဆုတ်လိုက်မိလေသည်။

လီနို နောက်ဆုတ်သွားသည်ကို မလှမ်းမကမ်းရှိ အိ
စလေက သတိထားလိုက်မိသည်။

ထို့ကြောင့် သူ အုပ်ရှက်ထားသည့် သူ့တပည့်ကို စိတ်
မဝင်စားသော ဘဲ လီနိုတို့ကိုလှမ်းအကဲခတ်နေလိုက်သည်။
မသိမသာလည်း သူတို့ဘက်သို့ ရွှေ့သွားသည်။

'မင်းတို့ရဲ့ မုဘ်ာင်ဖြူကြီးကို တစ်ခြား ထွက်သွား
အောင် မောင်းထုတ်ပစ်လိုက်စမ်း'

ဂေးလ်ဘတ်က အိန်စလေဘက်သို့ မသိမသာ မော
ငေါ့ပြပြီး လေသံတိုးတိုးဖြင့်ပြောသည်၊

'ငါဒီကိုလာတာ မင်းကို လက်စားချေဖို့ လာတာ
မဟုတ်ဘူး'

ဟုလည်း ဆက်ပြောသည်။



'ရှင် လက်စားချေလို့လဲ မရပါဘူး၊ ကျွန်မ ဘုရင်မင်း
မြတ်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို ရပြီးပြီ'

'ဟိုလူကို တစ်ခြားသွားခိုင်းလိုက်စမ်းပါ၊ မင်းနဲ့ ကိုယ့်
အကြောင်း စကားပြောစရာ တို့မှာ အများကြီး ရှိနေ
တယ်'

အိန်စလေကို မောင်းထုတ်ခိုင်းနေသော သူ့မျက်လုံး
များသည် ခြိမ်းခြောက်သည့် အရိပ်အရောင်များ အပြည့်
ရှိနေသည်။

'ကျွန်မတို့ ဂျ စ်ယောက်နဲ့ တစ်ယောက် ပြောစရာ
စကား ဘာမှမရှိဘူး အိန်စလေ'

လီနိုက အိန်စလေကို လှမ်းခေါ်သည်။

ဂေးလ်ဘတ်က အိန်စလေကို ပြောင်ပြောင်တင်းတင်း
ကျော်ခိုင်းပြီး လီနိုနှင့် မျက်နှာချင်းဆိုင်မှာ ရပ် လိုက်
လေသည်။ သူ၏ လက်ကိုင်တုဘ်ပေါ်တွင်လည်း အားပြု
ရပ်နေသည်။

'ကိုယ့်ရင်ခွင်ထဲမှာ မင်းအချိန်ဖြုန်းသွားတဲ့တစ်ညကို
မေ့ပစ်လိုက်နိုင်ပြီလား၊ အဲဒီညတုန်းက မင်း ကိုယ့်အပေါ်
ကို ကျေကျေနပ်နပ် လိုက်ခဲ့တာပဲ'

ဂေးလ်ဘတ်က မျက်ခုံးချီပြီး ရွတ်နောက်နောက်ပုံမျိုး
ဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနို၏မျက်နှာ ဖြူဖပ်ဖြူယော် ဖြစ်သွားသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

'ရှင် ကျွန်မကို မတရားအနိုင်ကျင့်ခဲ့တာ၊ အဲ့ ဒီ လို မတရားကျင့်လို့ ရှင့်မျက်နှာမှာ အမာရွတ်ထင်အောင်လုပ်ခဲ့တာ၊ ရှင်နဲ့ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ရှင်ခံရတာပဲ'

ဂေးလ်ဘတ်က ပခုံးတွန့်သည်။

'ကိုယ်က အင်မတန် သဘောထားကြီးပါတယ်၊ အဲ့ဒါတွေအားလုံးကို မေ့ပစ်လိုက်ပါပြီ'

ဂေးလ်ဘတ်က အိမ်စလေဘက်သို့ လှည့်ပြီး လက်ဖြင့် ဇော့ ယမ်းပြလိုက်သည်။

'ခင်ဗျား တခြားတစ်နေရာကို သွားနေပါ၊ ဒီမှာ ကျုပ်တို့ချင်း စကားပြောစရာရှိနေတယ်'

ဂေးလ်ဘတ်က ထိုမျှပြောပြီး လီနိုဘက်သို့ မျက်နှာ ပြန်လှည့်သည်။ အိနိုစလေမှာ ခပ်ကြောင်ကြောင် ဖြစ်သွားသည်။ မျက်မှောင်ကုပ်ပြီး စဉ်းစားနေသည်။ မင်းသမီးလာပို့သည့် လူပေါ်ကြော့များကိုသူတို့ဖောင်းထုတ်ခဲ့ကြသည်မှာ ယခုအကြိမ်သည် ပထမဆုံး အကြိမ် မ ဟုတ်ကြောင်း စဉ်းစားကြည့်နေမိသည်။ လက်တစ်ဘက်က ခါးမှာရှိသော ဆောင်မဲားရိုးပေါ်သို့ ရောက်သွားသည်။

'မင်း မှားခဲ့တာကို တောင်းပန်ခွင့် ပေးမယ်၊ ဒါပေမယ့် ငါ့ရင်ခွင်ထဲမှာပဲ တောင်းပန်ရမယ်'



ဂေးလ်ဘတ်က ပြုံးပြုံး ကြီး ပြောသည်။ စ ကား ကို ဖြတ်ပြီးတော့သည်း လီနိုကို ခြေဆုံးခေါင်းဖျားကြည့်ပြန်သည်။

'ကိုယ့်နောက်ကို လိုက်မလာဘူးဆိုယင် ဝမ်း နည်းစရာတွေနဲ့ မင်းကြုံတွေ့ရလိမ့်မယ်'

သူက ပြောင်ပြောင်တင်းတင်းပင် ခြိမ်း ခြောက် လာလေသည်။

ဖြူဖပ်ဖြူရော်ဖြစ်သွားသော လီနို၏ မျက်နှာမှာ ဒေါသကြောင့် သွေးရောင် ချက်ချင်း ပြန် လွှမ်း လာလေသည်။ ကိုယ်ကို မတ်မတ်ရပ်လိုက်သည်။ ဂေးလ်ဘတ်ကို ရွံမုန်းစွာ တည့်တည့်ကြည့်သည်။

'အောက်စဖို့မြို့မှာတုန်းကလို နင့်ကိုယ်နင် အာဏာရှိနေတယ် ထင်သလား ဂေးလ်ဘတ်၊ ကိုယ့်ချစ်သူ အထင်မှာ မှာစိုးတဲ့ မိန်းကလေးတွေကို အနိုင်ကျင့် အကျုပ်ကိုင်တာမျိုး ရဦးမယ် ထင်သလား၊ ဟောဟိုက အိန်စလေက နင့်ကို နုတ်နုတ်စင်းပစ်လိုက်နိုင်တယ်၊ တို့ဟာ ဘုရင့်သဘင်သည်တွေအဖြစ်နဲ့ သစ္စာကျိန်ဆိုပြီးသား၊ လေ့ဒ်ချိန်ဘာလိမ်က လွှဲပြီး တို့ကို ဘယ်သူကမှ အမေ့ ယူခွင့် ဖမ်းခွင့်မရှိဘူး၊....'

လီနိုက အိန်စလေဘက်သို့ပါ မေးငေါ့ပြရင်း ဒေါသတကြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အိန်စလေကသူ့မောင်းကို ဝေးအိမ်ထဲမှ ဆွဲထုတ်ထားပြီးပြီ။ လီနီကိုကြည့်ပြီး မေ့သွားထက်မသက် လက်နှင့် မသိမသာ စမ်းကြည့်နေသည်။

ဂေါလ်ဘတ်က သူ့ကို စိုက်ကြည့်နေသည်။ လီနီ မီးသွေးနှင့်ထိုးခဲ့သည့် ဒဏ်ရာအပြင် ကျွန်ပါးတစ်ဘက်ပေါ်၌သည်။ အမာရွတ်တစ်ခုကို တွေ့နေရသည်။ ဂျက်ဖရီ ပြောင်းပေါက်မှ ပစ်ချလိုက်သည့်အတွက် ကောက်ဆွနှင့် ခြစ်မိပြီးရသော ဒဏ်ရာဖြစ်ကြောင်း၊ လီနီမသိပါ။

‘လောလောဆယ်ချိန်ဘာလီမ်ရဲ့သမီးနဲ့ ကိုယ်နဲ့ ဘယ်လောက်ရင်းနှီးတယ်ဆိုတာ မင်းမသိသေးဘူးနဲ့တူတယ်’

သူက ခပ်တည်တည် ပြောသည်၊ သို့သော်လည်းလုံးဝ မမှန်ပါ။

လီနီ၏မျက်နှာမှာ သွေးရောင်နည်းသည်ထက်နည်းလာ ပြန်သည်။ ကိုယ်ကို ရှေ့သို့ကိုင်းလိုက်သည်။

‘နင့်ဟာ ဘယ်သူနဲ့ရင်းနှီးရင်းနှီး ငါက ဘာကြောင့် ဂရုစိုက်ရမှာလဲ၊ ငါ့ကို လက်ဖျားနဲ့ တို့ရဲယင်တို့ကြည့်၊ ဒီကိစ္စကို ဘုရင့်ရှေ့တော်မှောက်ရောက်အောင် လုပ်ပြမယ်၊ နောက်ပြီးတော့ ပူစတာမြို့မှာ ဘုရင်မင်းမြတ် ဘက် ကနေ ဘာကြောင့် မင်းဝင်မတိုက်တာလဲ ဆိုတာကိုပါ ဖွင့်ပြောလိုက်မယ်’

ထိုဘန်ပြန်တိုက်ခိုက်ချက်ကြောင့်ဂေါလ်ဘတ်အထိတ်တလန့် ဖြစ်ကောင်းဖြစ်သွားနိုင်ပါသည်။ သို့သော်လည်း သူ့မျက်နှာ အမူအရာကတော့ နည်းနည်းကလေးမှ ပျက်မသွားပါ။

‘ဒါပေမယ့် ကိုယ်ဟာမင်းရဲ့ အကောင်းဆုံးမိတ်ဆွေပဲ လီနီ၊ စွန့်ပစ်လိုက်ပြီးဖြစ်တဲ့ ကိုယ်ရဲ့ အပျော်မယားတွေ အပေါ်မှာ အမြဲတမ်း ကောင်းကောင်းမွန်မွန် ကိုယ်ဆက်ဆံခဲ့တာမဟုတ်လား’

ထိုစကားကို အိန်စလေ ကြားလောက်အောင် အသံနည်းနည်းမြှင့်ပြောသည်။

လီနီ၏ မျက်စိရှေ့တွင် ကမ္ဘာကြီးမှာ ချာချာလည်သွားလေတော့သည်။

ထို့ကြောင့် ဂေါလ်ဘတ်၏ပါးကို တအားလွှဲရိုက်ပစ်လိုက်လေသည်။

သို့သော်လည်း သူ့ပါးကိုမရိုက်မိပါ။ သည်လိုဖြစ်လာမည်ကို ကြိုတင်မှန်းဆပြီး ဖြစ်နေသည့်ဂေါလ်ဘတ်အလွယ်အလေးရှောင်ပေးလိုက်လေသည်။

အဖိုးတန်အဝတ်အစားများ သပ်ရပ်စွာ ဝတ်ထားသူကို လီနီက ခါးခါးသည်းသည်း ပြောနေသံကြားသဖြင့် အိန်စလေက ရှေ့သို့တိုးလိုက်သည်။

သို့သော်လည်း ‘စွန့်ပစ်လိုက်ပြီးဖြစ်တဲ့ကိုယ့်ရဲ့အပျော်မယားတွေ’ ဆိုသော စကားကိုကြားလိုက်ရကြောင့် ကိုယ်မှိန်သတ်အားလိုက်သေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တုန်းက လီနီသည် စမှတ်ကျကျ ဝတ်ထားသူ၏အပျော်မယား ဖြစ်ခဲ့ပေလိမ့်မည်။

ယခုအစွန့်ပစ်ခံဘဝသို့ ရောက်နေခြင်းဖြစ်မည်။

သို့ဆိုလျှင် သူတို့ကြားသို့ မိမိကဘာကြောင့် ဝင်ပြီး ကန့်လန့်ကန့်လန့်လုပ်ရသည်နည်းဟု သူ့ကိုယ်သူ ပြန်သတိပေးလိုက်လေသည်။

အိန်စလေ့က ကြမ်းပြင်မှာ ခေါင်းဦးစိုက်ပြီး ထိုခေါင်းကို အားပြုရပ်ရင်း လှမ်းကြည့်နေသည်။

'မင်းဟာ တော်တော်စိတ်ဆတ်တာပဲ၊ ကိုယ့်ကို ဟိုလူနဲ့လဲ တိုက်ခိုက်ခိုင်းပြီ ပြီ'

ဂေါလိဘတ်က အိန်စလေကို မေးငေါ့ပြသည်။ ထို့နောက် လီနီကို ကျကျနနအရိုအသေပြုသည်။ ရှတ်နောက်နောက်လည်း ပြောသည်။

'ဒီနေ့အဖို့ရာတော့ မင်းကိုနှုတ်ဆက်ခဲ့ပါတယ်၊ ဒီနေ့ည မလိုက်နိုင်ဘူးဆိုတော့လဲ တခြားအစီအစဉ်တစ်ခုခုကိုပဲ ကိုယ့်ဘာသာကိုယ်လုပ်ရတော့မှာပေါ့လေ၊ နောက်ကြုံတဲ့အခါကျမှ တွေ့ကြသေးတာပေါ့နော်'

သူ့စကားဆုံးသည်နှင့် နောက်သို့ ချာခနဲလှည့်ပြီး အပြင်သို့ ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားလေတော့သည်။



လီနီက အိန်စလေကို လှမ်းကြည့်သည်။

'ရှင်မြင်လိုက်တယ်မဟုတ်လား အိန်စလေ၊ အလကားလူလိမ်လူရှုပ်၊ ကျွန်မ နာအောင်ကျင်အောင် သူတစ်ခုခုလုပ်သွားယင် ရှင်သက်သေနော်'

ဟု ပြောသည်။

'မင်းကို ရန်ရှာမယ့်ပုံမျိုး လုံးဝမတွေ့ရပါလား'

အိန်စလေ သူ့ခေါင်းကို ခေါင်းအိမ်ထဲ ပြန်သွင်းရင်း ခြောက်ကပ်ကပ်ပြောသည်။

'နောက်ပြီးတော့ မင်းကတောင် သူ့ပါးကို ရိုက်လိုက်သေးတာပဲ၊ ဝါသေသေချာချာမြင်လိုက်တယ်၊ သူကဘာယ်မှာပြန်ပြီး ရန်ရှာလို့လဲ၊ မရှာရုံမကဘူး တစ်ချိန်လုံး သူ့မျက်နှာပြုံးနေတာပဲလေ'

ဟုလည်း ဆက်ပြောသည်။

လီနီက အိန်စလေကို စိတ်ဆိုးမာန်ဆိုး ကြည့်လိုက်သည်။

သူလည်း အခြားသူများကဲ့သို့ပင် နောက်ဆုံးတော့ နဲလ်ဂွင်း၏ ဘက်တော်သားဖြစ်သွားလေတော့သည်။ နဲလ်သည် လီနီ၏ မိတ်ဆွေမည်သို့မျှမဖြစ်နိုင်။

သည်ကြားထဲတွင် ဂေါလိဘတ်က အသာစီးရအောင် ယူသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါးကလူတွေ သူ့အပေါ် အထင်မလွဲအောင် အခွင့်အရေးများကို ကောင်းကောင်းအသုံးချသွားသည်။

ဒါမျိုးနှင့်ပတ်သက်လာလျှင် သူအမြဲပေါ်သည်။

နာကြည်းဖွယ်သော အတွေ့အကြုံများကို ပြန်လှည့်အမှတ်ရလာသောကြောင့် လီနီမှာ အသားများ တဆတ်ဆတ်တုန်လာသည်။

တစ်ဘက်လှည့်ပြီးသူ ခပ်သုတ်သုတ်ထွက်ခဲ့သည်။ ခဏကြာလျှင် သူ့အခန်းရောက်ပြီ။

ကန့်လန့်ကာ ရှေ့ထွက်ပြီး သရုပ်ဆောင် ရဦးတော့မည်။

ဂေးလ်ဘတ်သည် ဇာတ်ရုံအပြင်သို့ ယွက်ဖို့ လူတွေကြားထဲက တိုးလာခဲ့သည်။

လူအုပ်ထဲတွင် အနီရောင် ပိုးဂါဝန်ကလေး ဝတ်ထားသောအမျိုးသမီးချောချော တစ်ယောက်နှင့်မျက်နှာချင်းဆိုင်တွေ့သည်။ မှတ်မိသလိုလို အသိတဲ့လိုလို ဇဝေဇဝါဖြစ်နေသည်။

သို့သော် သည်း ဦးညွှတ်၍ကော့ အရိုအသေပေးဖြစ်အောင်ပေးခဲ့သည်။

လွန်သွားတော့မှ ဘုရင်မင်းမြတ်၏ မောင်းမမိဿံနှလ်ပွင်းဖြစ်ကြောင်း သတိရတော့သည်။



အတော်ချောသော မိန်းကလေးဖြစ်သည်။ သို့သော် ...၏အလှတော့ ခြေဖျားပင်မမီပါ။

အရက်ဆိုင်တစ်ဆိုင်အကြောင်း လော့ဒ်စီလ်ဆင်ဂိမ်းမနေ့ညတုန်းက ပြောပြသည်။

သောမတ်ကီလီဂရူး၏ ဇာတ်အဖွဲ့ထဲမှ လက်တိုလက်...ာင်းခိုင်းသူများ၊ အားဆွဲများအမြဲလာတတ်ကြောင်း၊ ...ပ်များဖြစ်သောသောကြောင့် ထိုအရက်ဆိုင်သို့မသွား...ကြောင်း သူ့ကိုပြောသွားသည်။

ထိုအကြောင်း ခေါင်းထဲဝင်လာသဖြင့် ဂေးလ်ဘတ်...သည် လန်ဒန်တံတားဘက်သို့ လမ်းလျှောက်လာရင်းစဉ်း...းလာသည်။

လီနီကို သည်အတိုင်းလက်လွှတ်ခံလိုက်မည်လား။ မခံ...ပါ။

မိမိကို အကြိမ်ကြိမ်စော်ကားခဲ့ပြီ။ လူပုံအလယ်မှာ...ရှက်ခွဲခဲ့ပြီ။

သည်လိုမိန်းမမျိုးကို လက်စားမချေဘဲ လွတ်ငြိမ်းခွင့်...ပေးလိုက်မည်လား။

ဘယ်နည်းနှင့်မျှသွားလိုရာသွားစေတော့ဟု သည်အတိုင်း...လွှတ်နိုင်ပါ။

လော့ဒ်စီလ်ဆင်ဂိမ်းပြောသောအရက်ဆိုင်တွင် လီနီ...ဇာတ်အဖွဲ့ထဲမှ လူရှုပ်ပေါင်းစုံ လာသည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုဆိုလျှင် ဇာတ်ပစ္စည်းပေါင်းစုံကို ကိုင်တွယ်သည့် အလုပ်သမားတစ်ယောက်ယောက်နှင့် တွေ့ရှည်

မကြာမီမှာပင် လီနီသည် ဘုရင်မင်းမြတ်၏ ကာကွယ်စောင့်ရှောက်မှုအောက်မှ ဖယ်ထုတ်ခြင်းခံရပြီးမိမိ၏လက်ခုပ်ထဲသို့ ရောက်လာရမည် ဖြစ်ကြောင်း ဂေးလ်ဘတ်က သူ့ကိုယ်သူပြန်ပြီး ကတိပေးနေမိလေသည်။

※

အခန်း ၂၈

ဂေးလ်စ်ဘုရင်သည် ကြက်ပွဲများမှသာ အချိန်ဖြုန်းနေသည်။

ကင်ခါတင်ရှိ ဇာတ်ပွဲများဘက်သို့ လှည့်ကတ်သော်သည်း ဒေသမတ်ကီလီဂရူး၏ဇာတ်ဘက်သို့ ရောက်မလာဘဲ ဝီလျံဒေဗင်နင့်၏ဇာတ်ကိုသာ သွားကြည့်တတ်လေသည်။

ထိုအချိန်ကာလများအတွင်း လီနီမှာ အများကြီးတိုးတက်နေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသော အခန်းများတွင် ပါဝင် က,ပြနေ
ရပြီ။

သူတို့ပြဇာတ်အသစ်တစ်ထုပ် က,ပြနေကြသည်။ ထို
ဇာတ်၏ ဇာတ်ညွှန်းကိုကီလီဂရူးကိုယ်တိုင်ရေးသည်။

ထိုပြဇာတ်ရှိုတင်သောအခါ ဘုရင်မင်းမြတ်ကိုယ်တိုင်
ကြွရောက်ရှုစားမည်ဖြစ်ကြောင်း တီးတိုးသတင်းများပြန့်
နေသည်။

ထိုပြဇာတ်ထဲမှာ နဲလ်ဂွင်းပါဝင် သရုပ်ဆောင်ထား
သည်။

နဲလ်ဂွင်းသည် သူပါသည့် ပြဇာတ်များတွင် လီနိုကို
ထည့်မသုံးရအောင် ယနေ့ထက်တိုင်အောင် အစွမ်းထက်
နေဆဲရှိပါသည်။

ထို့ကြောင့် နဲလ်ပါသည့် ပြဇာတ်များမှာ ဆိုလျှင်
လီနိုသည် ဇာတ်ခုံနောက်ပိုင်းမှာ ဘာအလုပ်မျှ မရှိဘဲ
သည်အတိုင်း ထိုင်နေခဲ့ရလေသည်။

ယခုပြဇာတ်မှာတော့ နဲလ်နှင့် ကီလီဂရူးတို့နည်းနည်း
စာတောက်စာဆဖြစ်ကြသည်။

နောက်ပြီးတော့ ကီလီဂရူးက သူ့ပြဇာတ်ကို နည်း
နည်းပို့ရှည်စေချင်သည်။



ထို့ကြောင့် နဲလ် အပြင်းအထန် ကန့်ကွက်နေသည့်
ကြားမှ လီနိုကို ဇွတ်ထည့်သုံးလေသည်။

လီနို့သရုပ်ဆောင်ရမည့်အခန်းမှာ ပရိသတ်စွဲလောက်
သောအခန်းဖြစ်သည်။

သူဝတ်ရမည့် အဝတ်အစားများကလည်း တောက်
တောက်ပြောင်ပြောင်နှင့် အလွန်လှပသည်။

ထိုအဝတ်အစားများကိုဝတ်ပြီး မှန်ရှေ့မှာရပ်ရသည်
မှာလည်း သူ့အဖို့မမေ့နိုင်အောင်ပင်။

သို့သော်လည်းထိုအဝတ်များသည် အသစ်များတော့
မဟုတ်။

ရှေးနန်းတော်ကြီးမှာ က,ကြတုန်းက နဲလ်ဝတ်ခဲ့သည့်
အဝတ်များ ဖြစ်လေသည်။

ထိုအဝတ်များကို လီနိုက အပ်ချုပ်သမများနှင့် စိတ်
တိုင်းကျပြုပြင်သည်။

ဝတ်စုံပြည့်နောက်ဆုံးဇာတ်တိုက်သည့်နေ့ကျမှ ပြင်၍
ပြီးသည်။

ယနေ့မနက် သူတို့ ဝတ်စုံပြည့် ဇာတ်တိုက်ကြလေ
သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်စင်ပေါ်ရောက်မှ နဲလ်ကို လီနို တွေ့သည်။
သော်လည်း နဲလ်သည် အဝတ်အစားများ အပြည့်အ
ဝတ်ပြီးဖြစ်နေသည်။ အိမ်မှာကတည်းက ဇာတ်ဝင်
အဝတ်အစားများကို သူ ဝတ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်

ဇာတ်ဘိုက်ယင်း ချားလ်စ်ဘုရင် ထိုင်နေကျခုံဆီ
သာ သူ့မျက်လုံး ရောက်နေသည်။

ချားလ်စ်ဘုရင်နှင့်သူ အတူတူနေခဲ့သည့်အကြာ
ကို အားလုံးက သိထားကြလေသည်။

လေဒီကာစယ်မိန်းသည် တစ်နေရာသို့ ခရီးတိုက်
တစ်ခု ထွက်နေသည်။

ထို့ကြောင့် လန်ဒန်တွင် ရက်အနည်းငယ် ပျော
နေသည်။ နဲလ်ဂွင်းဆာတော့ နန်းတော်ထဲမှ အပြင်
ထွက်သည်မရှိတော့ချေ။

အလွန်သာရော စိတ်ကြီးပြီး ခက်ထန်မောက်မာလှသော
လေဒီကာစယ်မိန်း လန်ဒန်သို့ ပြန်ရောက်လာလျှင်
တွေများဖြစ်ကြဦးမလဲ အားလုံးက စိတ်ဝင်စားစွာ
ကြည့်နေကြသည်။

လီနိုတစ်ဦးတည်းအနေနဲ့ကတော့ လေဒီကာစယ်မိ
ပြန်ရောက်လာလျှင် နဲလ်ကို သူတို့ အသိုင်းအဝိုင်းထဲ
အပြီးတိုင် ဆန်ထုတ်ပစ်လိုက်စေချင်သည်။



သူ့အခန်းသို့ရောက်သောအခါ ဇာတ်စင်ပေါ်သို့ သူ
တက်သွားသည်။

ပြောရမည့်စကားကို ပြောသည်။

'ဟော့....ဟော့....ဟော့ သူငယ်...ကောင်မလေးကို မင်း
ဘာလုပ်နေတာလဲ'

ဇာတ်တိုက်ကြတုန်းက နဲလ်ဘစ်ကြိမ်တစ်ခါမျှရောက်
လာ။

ဇာတ်ဝင်စကားတွေ သူ အားလုံး ကျက်ထားပြီးပြီ။
အကုန်ရနေပြီဟု သောမတ်ကီလီဂရူးကို အကြောင်း
ကြားခဲ့သည်။

လောဇလာဆယ် လူလာစရာမလိုဟု ဆိုလိုခြင်း ဖြစ်
သည်။

နောက်ပြီးတော့ သည်ပြဇာတ်ထဲမှာ လီနိုပါဝင်
သရုပ်ဆောင်ကြောင်းလည်း သူ လုံးဝမသိ။

ထို့ကြောင့် လီနို၏အသံကို ကြားလိုက်ရသောအခါ
ဒေါသတကြီး လှည့်ကြည့်လိုက်သည်။

သူ့မျက်လုံးများသည် ဒေါသခိုးများဖြင့် အရောင်
တောက်နေသည်။

မြင်လိုက်ရသည့်မြင်ကွင်းကို သူ မကြိုက်ပါ။

လီနိုသည် သူ့အဝတ်အစားများနှင့် အချမ်းချော
မွေ့လျှပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့အချက်ကိုတော့ နဲလ် တစ်မုဟုတ်ချင်းသတိပြုလို မိသည်။

ထိုအလှကို ဘုရင်မင်းမြတ်ကလည်း ချက်ချင်းသတိ မိသွားမည်ဖြစ်ကြောင်း တွေးမိသည်။

နဲလ်က လေဒီကာစယ်မိန်း၏နေရာကို ဝင်ယူထား လည်းဖြစ်သည်။

ထို့ကြောင့် လီနီ လှလှပပဖြစ်နေသည်ကို မြင်ရသော အခါ မည်သည့်နည်းနှင့်မျှ စိတ်မချမ်းသာနိုင်တော့ချေ။

ပြောရမည့် ဇာတ်ဝင်စကားများကို ဘောင်တစ်ဝ မြောက်တစ်လုံးပြောမိကုန်သည်။ အလွတ်ကျက်ထားသော ကြောင့် အားလုံးကို ညက်နေအောင် ရထားပြီးပြီဆိုသော စကားနှင့်မညီအောင် ဖြစ်သွားလေသည်။

ထို့ကြောင့် ဇာတ်ဝင်စကားများကို မပြောတော့ဘဲ လီနီကို အသားလွှတ်ရန်ထောင်ပါလေတော့သည်။

'မင့်ကိုယ်ပေါ်ကအဝတ်တွေ အကုန်ချွတ်၊ နောက် ပြဇာတ်ကယင် ငါဝတ်ဖို့ ခါးဖို့နယ်စားကြီးက ငါ့ကိုပေး ထားတာ'

နဲလ်ဂွင်းက ဒေါသတကြီး အော်ပြောသည်။

လီနီက ရောက်သည့်နေရာတွင် ရပ်လိုက်သည်။ ခေါ် ထောက်ပြီး သူ၏ပြိုင်ဘက်ကို ပြန်ကြည့်သည်။



သည်မြဇာတ်ဘုင် လီနီသည် ဆံပင်တုမတပ်ချေ။ သူ့ ကိုယ်ပိုင်ဆံပင်ဖြင့်ပင် သရုပ်ဆောင်သည်။

ထို့ကြောင့် ရွှေရောင်ဆံပင်များသည် သူ့ပခုံးနှစ် ဘက်ပေါ်သို့ ဖဲကျနေရာ မီးတောက်မီးလျှံ များဖြင့် သူ့ မျက်နှာလှလှကလေးကို ဘောင်ခတ်ပေးထားသလားဟု ထင်ရလောက်အောင် အလှ ပိုသွားပြန်လေတော့သည်။

ဒါကိုမြင်ရသောနဲလ်မှာ ပို၍ မခံနိုင်အောင် ဖြစ်လာ သည်။

သည်လိုရုပ်မျိုးကိုမြင်လျှင် ဘုရင်မင်းမြတ်သည် သူ့ ကိုသာမက လေဒီကာစယ်မိန်းနှင့် အခြား မောင်းမ မိဿံများအားလုံးကို စွန့်ပစ်သွားတော့မည်မှာ သေချာ ကြောင်း သူ့စိတ်ထဲက အလိုလိုသိနေတော့သည်။

ထို့ကြောင့် သူ အော်ပြန်သည်။

'ချွတ်...ချွတ်...ငါ့အဝတ်တွေအကုန်ချွတ်'

'ဘာဖြစ်လို့ချွတ်ရမှာလဲ၊ နောက် မြဇာတ်ကျတော့ နင် ဒါတွေပြန်ဝတ်ပေါ့၊ အခုတော့ ငါဝတ်ရမှာပဲ၊ အပ်ချုပ်သမက ငါ့ကိုယ်တိုင်းနဲ့လေသေချာချာ ပြင်ချုပ် ပေးပြီးပြီ၊ နောက်တစ်ခါပြင်မနေနိုင်တော့ဘူး'

လီနီက ပြန်၍အော်သည်။

'မလိုချင်ဘူး...ချွတ်'

www.burmeseclassic.com

www.burmeseclassic.com



နဲလ်က ဖအော်ပြန်သည်။ သူ့အရမ်း အိပ်ရေးပျက်နေကြောင်း သိသာသည်။

နန်းတော်ထဲ ပါသွားကတည်းက သူအမြဲတမ်း အိပ်ရေး ဝအောင် မအိပ်ရကြောင်းလည်း လူတိုင်း သိနေသည်။

ထိုသို့ အိပ်ရေးမဝသောကြောင့်လည်း စိတ် ပိုတိုနေဟန်ရှိသည်။ ပြီးတော့ ပိုင်ဘက်ချင်းကလဲ ဖြစ်နေတယ် မဟုတ်ပါလား။

'မချွတ်ဘူးဟယ်'

လီနိုက ထိုမျှသာပြန်ပြောပြီး နဲလ်ကို လုံးဝဂရုမစိုက်တော့ချေ။ ဇာတ်ညွှန်းအတိုင်း သူ ဆက်သရုပ်ဆောင်သည်။

လက်တစ်ဘက်ကို လှလှပပ ဝှေ့ယမ်းလိုက်ကာ...

'ကောင်မလေးကို လွှတ်လိုက်၊ ပြီးယင်...'

ဟူသော ဇာတ်ဝင်စကားများကို ဆက်ပြောသည်။ သို့သော်လည်း လီနို၏စကားများ ဆုံးခန်းသို့ မရောက်တော့ပါ။

အမှန်တော့ နဲလ်ဂွင်းသည် အောက်တန်းကျလှသော လမ်းပေါ်က မိန်းကလေးဖြစ်ပါသည်။



အာမေက မကောင်းသော မိန်းကလေးများဖြင့်အခါက်မွေး ဝမ်းကျောင်းသည်။ အစ်မလုပ်သူက လိမ္မော်သီး လျှောက်ရောင်းသည်။ သူကိုယ်တိုင်က ပြောင်ချော်ချော် မျက်နှာထားဖြင့် ဇာတ်ထဲ ရောက်လာကာ ငယ်ဂုဏ်နှင့် ပင်ကိုရုပ်ကလေးကြောင့် ဘုရင်၏ မျက်စိကျခြင်းကို ခံရသည်။

သို့သော် သူ့ပင်ကိုယ်စရိုက်ကိုတော့ စွန့်လွှတ်နိုင်ရိုးထုံးစံမရှိပါ။

ညပေါင်းများစွာ အိပ်ရေးဝအောင် မအိပ်ရ၍ အလိုလို စိတ်တိုနေသော နဲလ်ဂွင်းသည် လီနိုကို နောက်ပိုင်းမှ နေ၍ ခုန်အုပ်လိုက်လေတော့သည်။

လီနို၏ ဆံပင်များနှင့် ကိုယ်ပေါ်မှ အင်္ကျီများမှာ သူ့လက်ထဲသို့ အပြုံလိုက်ပါသွားလေသည်။

လီနိုက နဲလ်ဂွင်းထက် အရုပ်ပိုရှည်သည်။

နောက်ပိုင်းမှနေ၍ အလစ် ဝင်ရောက်တိုက်ခိုက်ခြင်း ခံရသောကြောင့် ရုတ်တရက် ပြိုလဲတော့မလို ဖြစ်သွားသော်လည်း ချက်ချင်းပင် သူ့ကိုယ်သူ ပြန်ထိန်းနိုင်သွားသည်။ နောက်သို့ပြန်လှည့်ကာ နဲလ်ကို ဆောင့်တွန်းထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နဲလ်က လီနီကို အတင်းဖက်ထားသောကြောင့် တွန်း၍မရပဲရှိရာ နှစ်ယောက်သား လုံးထွေး သတ်ပုတ်ကြလေတော့သည်။

သူတို့ကိုယ်ပေါ်မှ အဝတ်အစားများလည်း စုတ်ပြဲပြတ်သတ်ကုန်သည်။

သို့သော်လည်း တစ်ယောက်ကို တစ်ယောက်အလျှော့မပေးသေး။

ဇာတ်သူ ဇာတ်သားများ ရောက်လာသည်။

'ချပေးကွ၊ လီနီကွ...အပြတ်ချပစ်လိုက်ပါလား'

'နဲလ်ကွ.... တစ်ချက်ဘည်းနဲ့ ပွဲသိမ်းသွားအောင် ချပစ်လိုက်စမ်းဟေ့'

ကိုယ်သန်ရာ သန်ရာဘက်မှ ဝင်အားပေးကြသည်။ မည်သူနိုင်မည် ဟု အလောင်းအစား လုပ်သူက လုပ်ကြသည်။

နဲလ်က လီနီသို့ မိရာဖမ်းကိုက်ဖို့ ကြိုးစားသည်။

လီနီက လွတ်အောင်ရှောင်ရင်း ဖမ်းချုပ်သည်။

ကောင်းစွာချုပ်မိပြီး အပေါ်မှ ခွစီးလိုက်သည့်အချိန်တွင် သောမတ်ကီလီဂရူး အပြေးအလွှား ရောက်လာသည်။



ဘေးမှ ဝိုင်းဝန်း အော်ဟစ် အားပေးနေကြသော ဇာတ်သူဇာတ်သားများ၊ အပ်ချုပ်သမများ အကူအညီဖြင့် လူချင်းခွဲပစ်လိုက်သည်။

ထိုကြားထဲကပင်....

'တစ်ပွဲ ထပ်ချပြပါဦးဗျို့၊ တစ်ပွဲထပ်ချပြပါဦး'

ဟု အော်ဟစ်တောင်းဆိုသူက တောင်းဆိုသေးသည်။

'သူတို့နှစ်ယောက်က စိတ်မကြေပွဲ နွှဲချင်သေးတယ်ဆိုလင် ဒီနေ့ည ဇာတ်တကယ်ကတဲ့အခါ ထပ်ချတာကို တို့ကြည့်ကြရဦးမှာပါကွာ'

တစ်ယောက်က ရယ်မောသံကြီးဖြင့် အသံကုန် အော်ဆိုက်ရာ ပွဲကျသွားလေသည်။

အမျိုးသမီးနှစ်ယောက်ကြားမှာဝင်ပြီး ရန်ပွဲဖြင်သည့်သောမတ်က ထိုသို့အော်သူကို ဒေါသတကြီးဖြင့် လှမ်းကြည့်သည်။

ပြီးတော့လီနီ၏မျက်နှာမှ ကုတ်ရာခြစ်ရာများနှင့် စုတ်ပြဲသွားသော အဝတ်အစားများကို နည်းနည်းကလေးမျှကြည့်မကြည့်ဘဲ နဲလ်ဂွင်းဘက်သို့လှည့်ပြီး....

'နာများသွားသေးသလားဟင်'

ဟု စိုးရိမ်ပူပင်သော အသံဖြင့်မေးသည်။ ကြမ်းပေါ်မှသည်း ထူပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနိုကတော့ မည်သူ့အထူကိုမျှ စောင့်မနေပဲ ကြမ်းပေါ်မှ သူ့ဘာသာသူ ထလာသည်။

နဲလ်ဂွစ်းသည် ဘုရင်၏မျက်နှာသာပေးခြင်း ခံနေရသူ ဖြစ်သောကြောင့် သူ့ဇာတ်ရုံထဲမှာ ဒက်ရာအနာတရ ဖြစ်သွားသည်ကို သောမတ်အနေဖြင့် မည်သည့်နည်းနှင့်မျှ ခွင့်ပြုနိုင်မည် မဟုတ်ပါ။

ထစ်ကိုယ်လုံး တုန်ယင်နေသော နဲလ်က သောမတ်၏ လက်ကို ပုတ်ထုတ်ပစ်လိုက်သည်။

'ကျွန်မဘာမှ မဖြစ်ဘူး၊ ဒါပေမယ့် ကျွန်မအဝတ်အစားတွေ အကုန်လုံးပျက်စီးကုန်ပြီ'

သောမတ်ကီလီဂရူးကို ဒေါသတကြီး ပြောသည်။ သူ့ကိုယ်ပေါ်မှာ တွန့်ကြေသွားသည့်အဝတ်များနှင့် ဖရိုဖရဲဖြစ်သွားသောဆံပင်များကို သပ်ရပ်သွားအောင်လက်ဖြင့် ပြန်ဆန့်ပေးနေသည်။

ပြီးတော့ သူ့ကိုယ်သူလည်း ဒေါသတကြီးပြန်ငုံကြည့်သည်။

'အဲဒီကောင်မ ကျွန်မကို စ,လုပ်တာ'

လီနိုကို လက်ညှိုးထိုးပြပြီးတော့လည်း ကီလီဂရူးကို တိုင်သလိုအော်သည်။



'ကျွန်မက စလုပ်တာမဟုတ်ဘူး၊ ကျွန်မဝတ်ထားတဲ့ အဝတ်အစားတွေကို သူလိုချင်လို့ သူကကျွန်မကို အလျင် ဆုံးစချတာ'

လီနိုကလည်း ဒေါသတကြီး ပြန်ပြောသည်။

'နောက်ကျ မယ့် ပြဇာတ်ကျယင် အဲဒီအဝတ်တွေ ကျွန်မဝတ်ရမယ်လို့ ပြောခံထားတာ၊ ကျွန်မ မဝတ်ရ သေးခင် သူအလျင်ဝတ်ပြီး ဇာတ်ခုံပေါ်မှာအလျင်တက် က,သွားတာမျိုးကို ကျွန်မလက်မခံနိုင်ဘူး၊ ကျွန်မဝင်ဖို့ ဆိုပြီး နယ်စားကြီးမားတို့က ဇာတ်အဖွဲ့ကို ပေးထား တာ....'

ဟု နဲလ်က ပြောနေသည်။

ကီလီဂရူးမှာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားလေ တော့သည်။

'ဒီပွဲတစ်ပွဲမှာပဲ သူဝတ်ဖို့ ကျုပ် ခွင့်ပြုလိုက်တာပါ မစ္စဂွင်း၊ ဒီပွဲအတွက် အဝတ်အစား အသစ်စီစဉ်ဖို့ကလဲ အချိန်လုံးဝ မရှိတော့ဘူး၊ ဒါကြောင့် အပ်ချုပ်သမ တွေကို....'

'ဘာအပ်ချုပ်သမမှမလိုချင်ဘူး၊ အဲဒီအဝတ်လို အဲဒီ ဆောင်မဝတ်လုံးဝ မဝတ်ရဘူး၊ ကျွန်မပြောနေတာ ရှင် ကြားရဲ့လား၊ နားလည်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



ဒေါသကြောင့် တစ်မျက်နှာလုံး ရဲရဲနီနေသော နဲလ်ကအသံကုန် အော်ပြောသည်။

ကီလီဂရူးက နှုတ်ခမ်းကို တင်းတင်းကိုက်ထားသည်။ သူ့ရင်ထဲမှာ စစ်ပွဲတစ်ပွဲ အပြင်းအထန် ခင်းကျင်းနေပြ ဖြစ်ကြောင်း ဘေးမှာရှိနေသူများ အားလုံးကသိနေကြ လေသည်။

နဲလ်စိတ်ကျေနပ်မှုမရလျှင် ဘုရင်ကလည်း ကျေနပ် မည်မဟုတ်ကြောင်းကို သူစဉ်းစားနေကြောင်း ထင်ရှား သည်။

ဆုံးဖြတ်ချက်တစ်ခုကို သူချမှတ်လိုက်နိုင်သည်။ ထို့ ကြောင့် ကိုယ်ကိုမတ်လိုက်သည်။

သူ့မျက်နှာဖြူဖပ်ဖြူရော်ဖြစ်နေသည်။ လီနိုဘက်သို့ သူ့မျက်နှာလှည့်လိုက်သည်။

'အဲဒီအဝတ်ကိုချွတ်လိုက်ပါ မစ္စဖရင့်ဖို၊ မင်းအတွက် အဆင်ပြေမယ့် အဝတ်ကို အပ်ချုပ်သမတွေ ရှာပေးပါ လိမ့်မယ်'

ဟု ပြောလိုက်လေတော့သည်။

လီနိုက သူ့ကို ပုန်ကန် အာခံချင်သော အကြည့်ဖြင့် ပြန်ကြည့်သည်။

ပါးစပ်ကိုဟ လိုက်သည်။ သို့သော်လည်းချက်ချင်းပင် သူ့စိတ်ကို သူပြန်ထိန်းလိုက်နိုင်လေသည်။



သည်နေရာတွင် ကီလီဂရူးအာဏာပိုင်ဖြစ်လေရာ သူ့ ဆုံးအဖြတ်သည်သာ နောက်ဆုံး အတည် ဖြစ်လေ ည်။

'ဒီနေ့ညပွဲကယင် ခင်ဗျားကလဲ စားပြန်ချေလို့ ရတာ မဟုတ်လိုနိုး၊ ဒုတိယအခန်းမှာ ခင်ဗျားက သူ့ကိုခွားနဲ့ထိုး ယ်မဟုတ်လား၊ အဲ့ဒီမှာ အပြတ် ဆော်ပစ်လိုက်ပေါ့'

ရှတ်နောက်နောက် လူတစ်ယောက်က အော်ပြော ည်။ ကျန်လူများက ဝိုင်းရယ်ကြသည်။

နဲလ်က နှာခေါင်းရှုံ့ကာ ထိုနေရာမှ ခြေဆောင့်ပြီး က်သွားသည်။

စုတ်ပြဲသွားသော အဝတ်အစားများက နောက်တွင် န်းလန်းတန်းလန်းဖြင့် ပါသွားသည်။

လီနိုလည်း အပ်ချုပ်သမများရှိရာသို့အဝတ်အစား တ်ပြီး ပြန်အပ်ရန်နှင့် နောက်ထပ်တစ်သည်ရှာရန် ထွက် ားသည်။

သူ့အတွက် အပ်ချုပ်သမများ အစားရှာပေးသည့် ကျီနှင့်ဂါဝန်သည် ကောင်းလှသည်မဟုတ်ပါ။

သူ့ကိုယ်လုံးနှင့် အံဝင်ခွင်ကျတော်အောင် ပြန်ပြု ချိန်လည်းမရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အခြားနည်းလမ်းမရှိတော့သောကြောင့် ဒါကိုပဲ ရတော့မည်ဖြစ်ကြောင်း လီနိုကနာနာကြည်းကြည်း ဆုံး ဖြတ်လိုက်ရလေသည်။

ဆိုနေ့ညက ရှုံလျှ သွားသည်။

ပွဲကြည့်ပရိသတ်ထဲတွင် ချားလိစ်ဘုရင်လည်း ရှိ ကြောင်း မင်းသမီးလေးတစ်ယောက်က စိတ်လှုပ်ရှား သည့်လေသံဖြင့် လီနိုကို သွားရင်းလာရင်း ပြောပြသွား သည်။

ပဏာမတီးလုံးသံပေါ် ထွက်လာချိန်တွင် အမျိုးသမီး များအဝတ်အစားလဲသည့်အခန်းထဲတွင် အဝတ်အစား လဲနေသော လီနိုသည်သူ့ ကိုယ်ပေါ်မှညိုမှိုင်းမှိုင်းအောင် ဘီနှင့် အနီရောင်အင်္ကျီကို ရှုံ့မဲ့မှုန်းတီးစွာ ငုံ့ကြည့်နေ သည်။

အကုန်လုံးအပေါ်စားများချည်း ဖြစ်သည်။ အဝတ် အစားတာဝန်ခံများက သူ့ အတွက် ဒါပဲအကောင်းဆုံး တွေ့သည်။

အလွန်လှပသည့်အဝတ်အစားကို သူစွန့်လွှတ်လိုက်ရ ပြီ။ လှပသောအဝါရောင်ဒေါက်မြင့် ရှူးဖိနပ်သာ ကျန် တော့သည်။ ဒါကတော့ သူပိုင်သောဖိနပ်မို့ ကျန်နေခြင်း ဖြစ်သည်။



အဝါရောင်ရှူးဖိနပ်နှင့် အညိုရောင် ဘောင်းဘီ မှာ ညီး နည်းနည်းလေးမှ မလိုက်ဖက်ပေ။

မနာလိုဝန်တိုဖြစ်နေသည့် နဲလ် စိတ်ကျေနပ်ပါစေ တော့ဆိုသည့်သဘောဖြင့် အဝတ်အစားတာဝန်ခံများက သူ့ကို သည်အဝတ်အစားများ တမင်များ ရှာပေးကြ သလားဟု မသင်္ကာဖြစ်မိသည်။

စိတ်ဆိုးမာန်ဆိုးဖြင့် မျက်နှာကို ပေါင်ဒါရိုက်သည်။

မှန်ထဲသို့ နောက်ဆုံး စစ်ဆေးကြည့်ရှုရန် ထိုင်ရာမှ ထလိုက်သည်။

မှန်ထဲမှာ အရုပ်ဆင်နေသည့် ရုပ်သည် စိတ်ပျက်စရာ ကောင်းလှပါသည်။

အင်္ကျီက အနီရောင်၊ ဆံပင်က ရွှေရောင်၊ နည်းနည်း လေးမှ မလိုက်ဖက်။

ဘောင်းဘီ ခြေအိတ်များက အရမ်း ပွနေသည်။ ညီကလည်း ရှည်လွန်းသည်။ ထို့ကြောင့် သူ့ခြေထောက် များမှာ အကြည့်ရဆိုးနေသည်။

သူဝတ်ဆင်နေသည့် ခွေးခြေကို ဆောင့်ကန်ပစ်လိုက်သည်။ ခွေးခြေက အခန်းထောင့်ဘက် နံရံဆီသို့ လွင့်ထွက်သွား သည်။ အခန်းထဲမှာ ရှိနေသော အမျိုးသမီးဇာတ်ဆောင် ဇာတ်မျာ့များများက သူ့ကိုလှည့်ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ဘက်စွန်းဆီမှ ရယ်သံများ ပေါ်ထွက် သည်။ လီနိုအာ ဒေါ်သတကြီးဖြင့် လှမ်းကြည့်သည်။

နဲလ်ဂွင်းဘေးတွင် အဝတ်အစား တာဝန်ခံမျ မင်းသမီးများ ဝိုင်းနေကြသည်။

နဲလ်သည်ဘုရင်မင်းမြတ်၏အပျော်မယားတစ်ယော ဖြစ်နေကြောင်း သူတို့ သိထားကြသဖြင့် နဲလ်အမျ မျက်နှာသာပေးလေမလားဆိုပြီး မျက်နှာချို သွေး ကြခြင်းဖြစ်သည်။

နဲလ်၏အဝတ်အစားများကတော့ အံ့ဩဖွယ်ကော လောက်အောင်ကိုပင် လှပနေသည်ဟု လီနိုက နာကြည် စွာ မှတ်ချက်ချမိသည်။

နဲလ်သည် သိုးထိန်းသမအဖြစ် သရုပ်ဆောင်ရမ ဖြစ်သည်။ ယခု အဝတ်အစားက သိုးထိန်း သမ နည်းနည်းလေးမှ မလိုက်ဖက်ပါ။ ရွှေခြည်ငွေခြည် ထားသည်။ အရောင်တွေ ဖိတ်ဖိတ် တောက်နေသည် သည်အတိုင်းဆိုလျှင် ပွဲကြည့်ပရိသတ် အားလုံး တို မျက်လုံးများသည် သူ့ဆီသို့သာ ရောက်သွားပေတော့ မည်။

လီနိုသည် အရမ်းဒေါသ ဖြစ်နေရာ သူ ပြောရမည် ဇာတ်ဝင်စကားများကို မှတ်မှုမှတ်မိပါတော့ မလား တွေးပူမိသည်။



ဘယ်လိုပဲဖြစ်ဖြစ် အခန်း တစ်ခန်းမှ စကားလုံးများ ဘော့ သူ မေ့မသွားလိုပါ။

ထိုအခန်းသည် ဒုတိယခန်းဖြစ်သည်။ မနက်တုန်းက နှင့် သူ ရန်ဖြစ်သောကြောင့် ဇာတ်မတိုက်လိုက်ရ သည့် အခန်းဖြစ်သည်။

ဇာတ်တိုက်ဖို့ အားလုံး အဆင်သင့်ဖြစ်ပြီးမှ နဲလ်က အဝတ်အစားများ စုတ်ပြဲနေသောကြောင့် မတိုက်လို ော့ကြောင်း ပြောသည်။

သောမတ်ကီလီဂရူးသည်လည်း ကျေကျေနပ်နပ် ခွင့်ပြု က်သည်။

ထိုအခန်းသည် လီနိုက နဲလ်၏ရင်ဘတ်ကို ဇာတ်ပွဲသုံး ဓားမြှောင်ဖြင့် ထိုးရမည့်အခန်း ဖြစ်သည်။

ထိုဓားမြှောင်ကိုယခင်ကလည်း လီနို့အသုံးပြုဖူးသည်။ တ်ကောင်တစ်ယောက်ကို ထိုးလိုက်လျှင် ဓားသွားက အရိုးထဲသို့ ဝင်သွားသည်။

နဲလ်၏ရင်သားနှစ်ခုကြားတွင် သိုးသွေးကို အိတ်နှင့် ည့်ပြီး ဝှက်ထားရမည်။ ထိုသိုးသွေးအိတ်ပေါက်အောင် ဓား ခပ်ဆတ်ဆတ်ထိုးရမည်။

သို့မှ သွေးများဖြာထွက်လာကာ အင်္ကျီကို စွန်းပြီး ာဝကျသည်။ ဓားနှင့်ရင်ဝကို အထိုးခံလိုက်ရသော က လက်နှစ်ဘက်ကိုကားရှ ဇာတ်ခုံပေါ်သို့ လှ ပ

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားကာ ထိုနေရာမှာပင် သေသွားရမည့် အခြေ
ဖြစ်သည်။

လီနီက သူ ဝတ်ထားသည့် အဝတ်အစားများ
ဒေါ်သာတကြီး ငုံကြည့် လိုက်မိပြန်သည်။ ဇာတ်ပွဲ
ခေါးမြွှောင်ဖြစ်ပေမယ့် ဟိုကောင်မကိုတော့ အားကုန်
ထိုးပစ်လိုက်ဦးမယ်ဟု စိတ်ထဲမှ လည်း ပြောထားလိုက်
လေသည်။

သူ့ အခန်း ကျရောက်သည့်အချိန်ကို စောင့်နေသည်
ဒေါ်သာက မပြေသေး။

သူ့ အခန်းရောက်ပြီး ကန့်လန့်ကာ တင်လိုက်သည်
ဇာတ်စင်ပေါ်သို့ လီနီဖြတ်လျှောက်သွားသည်။ မီးရောင်
အောက်တွင် နဲလီသည် ဖိတ်ဖိတ်လက်တောက်ပြောင်
တပ်ခက်စဖွယ်လှပနေသည်။

'ဟော့—ဟော့—ဟော့ သူငယ်'

လီနီက စိစိလှုပ်နေသောအသံဖြင့် ဘလိတ်လွှတ်
လှမ်းအော်သည်။ ဘလိတ်လွှတ်က နဲလီ၏ လက်တစ်ဖက်
ကို ဆွဲထားသည်။

'ကောင်မလေးကို မင်းဘာလုပ်နေတာလဲ'

'ဘာလုပ်လုပ်ပေါ့၊ ခင်ဗျားနဲ့ ဘာဆိုင်သလဲ'



ဘလိတ်လွှတ်က ဇာတ်ဟန်ပါပါ ပြန်အော်သည်။
အပြင်မှာ ပြောရိုးပြောစဉ်ထက် အတော်ကလေး ပိုပြီး
ဇာတ်ဟန်ပါအောင် တမင်လုပ်ပြောရသည်။

ပွဲခင်းထဲရှိ ချားလ်ဘုရင်သည် ရှုတ်နောက်နောက်
အမူအရာဖြင့် ပြုံးကာ တောက်တောက်ပပ ဖြစ်နေသည့်
နဲလ်ကိုကြည့်နေကြောင်း လီနီက မျက်စိထစ်ဘက်ခွန်းမှ
မြင်လိုက်ရသည်။

'ကောင်မလေးကို လွှတ်လိုက်…ပြီးယင် ငါ့လက်
အပ်စမ်း'

လီနီက ဒေါ်သာတကြီး အော်သည်။ ခါးမြှောင်ကို
ဆွဲထုတ်လိုက်သည်။ ဘလိတ်လွှတ်ဘက်သို့ ဝေ့ယမ်းလိုက်
သည်။

ဘလိတ်လွှတ်က အရမ်းကြောက်သွားသည့် အမူအရာ
မျိုးလုပ်ပြကာ ဇာတ်စင်အပြင်ဘက်သို့ ထွက်ပြေးသွား
လေတော့သည်။

နဲလီက လီနီဆီပြေးလာသည်။

'အောင်မယ်လေး ကျွန်မရဲ့ ထယ်တင်ရှင်ကြီးရဲ့'

ဟု ငိုသံပါကြီးနှင့်ပြောသည်။

လီနီက ဇာတ်ညွှန်းထဲပါသည်အတိုင်း မျက်မှောင်
ကို တည်တည်ကြီး လုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ဘာ ကယ်တင်ရှင်လဲ၊ ငါဟာ နင့်ကယ်တင်ရှင်မဟုတ်ဘူး၊ နင်နဲ့ရည်းစားလုဘက်၊ နင်ဟာ ငါ့ရည်းစားကို ကြောင်ပြောင်ဝင်နှိုက်တဲ့ ကောင်မ’

လီနီက ခါးမြှောင်ကို မြှောက်လိုက်သည်။

‘မဟုတ်ပါဘူးရှင်၊ မဟုတ်ပါဘူး’

နဲလီက အော်သည်။

ကြောက်သွားသည့်အမူအရာကို ကောင်းစွာလေ့ကျင့်ထားသောကြောင့် ပီပြင်လှသည်။

ထွက်ပြေးရန် တစ်ဘက်သို့ လှလှပပလေး လှည့်လိုက်သည်။

ထိုအချိန်မှာပင် လီနီက သူ့လက်တစ်ဘက်ကို လှမ်းဆွဲသည်။

နဲလီက သူ့ဘက်သို့ ပြန်လှည့်လာသည်။

လီနီက နဲလီ၏ ရင်ဝတည့်တည့်ကို ခါးမြှောင်ဖြင့် တအား ထိုးစိုက်ချလိုက်တော့သည်။

နဲလီက အသံကုန်အော်လိုက်ကာ ဇာတ်ခုံပေါ်သို့ ဗုန်းခနဲ နောက်ပြန်လဲကျသွားလေတော့သည်။

ဇာတ်ညွှန်းအရဆိုလျှင် လှလှပပကလေး ပုံလျက်သားလဲကျသွားရမည် ဖြစ်သည်။



သူ့ရင်သားကြားတွင် စိုက်ထားသည့် သိုးသွေးအိတ် ပေါက်သွားသည်။

ရင်ဘတ်မှာ သွေးများစွန်းသွားသည်။

ထိုအရာအားလုံးမှာ ဇာတ်ညွှန်းအတိုင်း ဖြစ်လေသည်။

ဇာတ်ညွှန်းထဲမှာ နဲလီက လက်နှစ်ဘက်ကို ဘေးသို့ကားပြီး လှလှပပကလေး ပုံလျက်သားလဲကျကာ သေသွားရမည်ဖြစ်သော်လည်း ယခုမူ လက်တစ်ဘက်က ရင်ဝကိုအုပ်ပြီး၊ အလွန်နာကျင်သည့် အမူအရာဖြင့် ကုန်းထဖို့ကြိုးစားနေတော့သည်။

‘ကျွန်မကို သူသတ်နေပါပြီဘော့၊ ခါးအစစ်နဲ့ ထိုးလိုက်တာပါ၊ ကယ်ကြပါဦး၊ ကျွန်မကိုသူသတ်နေပါပြီ’

ဟုလည်း အသံနက်ကြီးဖြင့် ငယ်သံပါအောင် အော်လိုက်လေသည်။

သီးသန့်နေရာတွင် ကြည့်နေသည့် ချားလ်စ်ဘုရင်က ထိုင်ရာမှဝုန်းခနဲထသည်။

ဇာတ်ရုံထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။

ကမ္ဘာပျက်သလို ကြွက်ကြွက်ညံနေသည်။ မြင်သည်တော်များ ဇာတ်ခုံပေါ်သို့ ပြေးတက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါက်သူ ဇာတ်သားများမှာ ခြေဦးတည့်ရာ ပြေးနေကြသည်။ အချို့အလည်း ဇာတ်ခုံပေါ်သို့ ပြေးတက်လာကြသည်။

ဆူညံစွာအော်ဟစ်ရင်း ရှုန်းရင်းဆန်ခတ် ပြေးလွှားနေကြသူများကြားထဲ တိုးကာ ကီလီဂရှူး ဇာတ်ခုံပေါ် ရောက်လာသည်။

ကြက်သေသေကာ အကြောင်ဆိုင်းသွားသော လီနို၏ လက်ထဲမှဓားမြှောင်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

ဓားမြှောင်သွားကို အထဲသို့ တွန်းသွင်းလိုက်သည်။ ဓားမြှောင်ရိုးထဲသို့ ဓားပြန်ဝင်သွားသည်။

'ဇာတ်ပွဲသုံး ဓားမြှောင်ပါပဲ'

သက်ပြင်းကြီးချလိုက်ရင်း သူပြောသည်။

စိတ်သက်သာရာ ရသွားသော လီနိုသည်လည်း အနီးမှာရှိနေသည့် အိန်စလေ၏ကိုယ်ပေါ်သို့ ပျော့ခွေ ယိုင်လဲကျသွားလေတော့သည်။

သူ့လက်များတဆတ်ဆတ် တုန်ယင်နေသည်။

နဲလီ နာကျင်သွားအောင် တမင်ရည်စူးပြီး သူထိုးလိုက်သည်မှာ မှန်ပါသည်။ သို့သော်လည်းသေသွားသည်အထိတော့ လုံးဝရည်ရွယ်ချက်မရှိပါ။

'ကျွန်မအသား ပေါက်သွားပြီ'



နဲလီကငိုသံပါကြီးနှင့်ပြောရင်း သူ့အင်္ကျီကို ရင်ဘတ်မှနေ၍ ဆွဲဖြဲလိုက်သည်။

ရင်သားကြားက သူ့အသားမှာ သွေးစို့နေသည်။ သေသေချာချာ ကြည့်လိုက်သောအခါ ဓားမြှောင်အတွေ၏ အသွားက သူ့အသားထဲသို့ စပါးသစ်ထောက်လောက် ဝင်သွားသည်ကို တွေ့ရသည်။

အမှန်တော့ ထိုသို့ဖြစ်စရာ အကြောင်းမရှိပါ။ ဓားမြှောင်သည် တစ်စုံတစ်ရာနှင့် ထိသောအခါ အရိုးထဲသို့ ရှောခနဲ ပြန်ဝင်သွားရမည် ဖြစ်သော်လည်း ယခုမဝင်ဘဲ အပေါ်က အင်္ကျီကို ဖောက်သည်။ ပြီးတော့ အထဲရှိ သိုးသွေးအိတ်နှင့် ဘော်လီအင်္ကျီကိုပါဖောက်ပြီး အသားမှာ စပါးလုံး တစ်ယောက်လောက် သွားစိုက်ခြင်းဖြစ်သည်။

'ကျွန်မကို ဘုကမင်လုပ်တာ၊ သူ့ကို အလုပ်ထုတ်ပစ်ပါ၊ အလုပ်ထုတ်ပစ်လိုက်ဖို့ ကျွန်မ တောင်းဆိုပါတယ်'

နဲလီက အရူးမတစ်ယောက်လို အသံကုန် အော်နေသည်။

ကြမ်းပေါ်မှာ လဲနေသည့် နဲလီ၏ ကိုယ်ပေါ်တွင် ခေါင်းပေါင်းများစွာတို့ ရှိနေသည်။ ကီလီဂရှူးက ထိုခေါင်းများအပေါ်သို့ကျော်ပြီး ချားလ်စ်ဘုရင်ကို ကြောင်ခနဲ စိုးရိမ်တကြီး လှည့်ကြည့်သည်။

ရှင်ဘုရင် မျက်မှောင်ကုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက ဓားမြှောင်ကို ဘေးက ဇာတ်သုံးစားပွဲပေါ်သို့ ပစ်စိုက်သည်။ အသွားက အထဲသို့ ဝင်သွားသည်။

နောက်တစ်ကြိမ် ပစ်စိုက်ကြည့်ပြန်သည်။ အသွားက ဝင်မသွားပဲ တင်းခံနေသည်။

'အသွားမထက်ဘူး၊ ကျပ်နေတယ်'

ဟု ခပ်တိုးတိုးရေရွတ်သည်။

'အသွားမထက်ပဲကျပ်နေတာ ကျွန်မအပြစ်မှမဟုတ်ပဲ၊ ဇာတ်ပစ္စည်းစီစဉ်ပေးတဲ့လူတွေပေးတဲ့ဓားကို ကျွန်မယူလာတာပဲ'

ဟု လီနီကပြောသည်။

'မနက်တုန်းက ကျွန်မကို သူ ရိုက်တယ်၊ ကျွန်မ ကိုယ်ပေါ်က အဝတ်တွေကိုလှဲ ဆွဲဆုတ်ပစ်တယ်၊ အသွားမှာ သံချေးတက်ပြီး မထက်တော့တဲ့ဓားတစ်ချောင်းနဲ့ သူလဲ ထားပြီး ကျွန်မကို တမင်ထိုးထားမဟုတ်ဘူးလို့ ဘယ်သူ ပြောနိုင်သလဲ'

နဲလ်က ငိုရှိုက်သံဖြင့် အော်ပြောမြဲ ပြောနေသည်။

ချားလ်စ်ဘုရင်၏ မျက်မှောင်သည် ပို၍ ကုပ်သွားလေပြီ။

ကီလီဂရူးသ တံတွေးမျိုချလိုက်သည်။ လီနီ၏ လက်တစ်ဖက်ကို ဆတ်ခနဲလှမ်းဆွဲသည်။



ပြီးတော့ လီနီရှန်း ကန့်ငြင်းဆန်နေသည့် ကြားမှ ဇာတ်ခုံနောက်ဘက်သို့ အတင်း ဆွဲခေါ်သွားလေတော့သည်။

ပုံ့ပုံ့ကလေးလဲနေရာမှ လီနီနှင့် ကီလီဂရူးအဖြစ်ကို နဲလ်က လှမ်းကြည့်နေပြီး လက်တစ်ဘက်ကို ဇာတ်ဟာနီပါပါ ဝှေ့ယမ်းလိုက်သည်။ ပြီးတော့....

'ဓားထိုးခံရတဲ့ဒဏ်ရာက နာပေမယ့် ကျွန်မ ဇာတ်ဆက်ကမယ်'

ဟုလည်း ပြောလိုက်သည်။

ပရိသတ်၏ဩဘာသံကြီး ဆူညံစွာ ပေါ်ထွက်လာသည်။

ရင်ဝမှ ထုတ်ချင်းပေါက် ဓားဝင်သွားလျှင်လည်း မသေသေးလို့များတော့ ဒီကောင်မ ထကဦးမည်ဟု လီနီ၏ စိတ်နာနာနှင့် တွေးကြည့်မိသည်။ ဩဘာသံကြီးလည်း သူ့နားထဲသို့ဝင်လာသည်။

ထို့ကြောင့် နောက်သို့လှည့်ကြည့်သည်။

ကိုယ်ပိုင် သီးသန့်နေရာများမှ ကြည့်ကြသည့် ဂုဏ်သရေရှိလူကြီးလူကောင်းများ တစ်ဝက်လောက် ... ပေါ်သို့ ရောက်နေကြပြီး သူတို့ကပင် ဝိုင်းဝန်း၍ ... ထူပေးနေကြကြောင်း သတိထားလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်အားရှုံစိုက်အောင် အခြေအနေ တစ်မျိုးမျိုး ဖန်တီးမှသာလျှင် ကီလီဂရူးက ထစ်ခုခုဖြစ်အောင် ဖန်တီးမည်ဖြစ်ကြောင်းလည်း လီနို စဉ်းစားကြည့်မိသည်။

ယခု လီနိုကို ကီလီဂရူးက ဇာတ်ရုံ နောက်ဘက်သို့ ဗယဉ္စိတိုက်လုနီးပါး ဆွဲခေါ်သွားသည်။

'မနက်တုန်းက မင်း သူနဲ့ရန်ဖြစ်တာ ငါမြင်တယ်၊ ဒါဟာဇာတ်ရုံ၊ နပန်းကွင်းမဟုတ်ဘူး၊မင်းတို့နှစ်ယောက်စလုံး ကြိုးစင်ပေါ် ရောက်သွားနိုင်တယ်၊ နားလည်လား'

ကီလီဂရူးက မျက်နှာထားကြီးနှင့် ပြောသည်။

'မနက်က ရန်ဖြစ်တာ ကျွန်မက စတာမဟုတ်ဘူး၊ သူက....'

လီနိုစကားစရုံရှိသေးသည်။ ကီလီဂရူးက စကားကို အဆက်မခံပဲ ဆောင့်တွန်းပစ်လိုက်သည်။

'ဘယ်သူကစတယ်ဆိုတာ ငါအရေးမစိုက်ဘူး၊ မင်းသွားတော့၊ မင်းကို အလုပ် ထုတ်ပစ်လိုက်ပြီ'

ကီလီဂရူးက အော်ပြောသည်။

လီနိုက သူ့ကို ပြန်စိုက်ကြည့်နေသည်။ သူ့မျက်လုံးများဝိုင်းစက်ပြူးကျယ်နေသည်။

သို့သော် နောက်ဘက်သို့ သူ ချက်ချင်း ပြန်လှည့်ကာ အဝတ်အစားလဲသည့်အခန်းဆီသို့ လျှောက်ခဲ့လေတော့သည်။



သူပိုင်အဝတ်များနှင့်လဲရမည်။ ဇာတ်အဝတ်အစားများကို အပ်ခဲ့ရမည်။

စောဒကတက်နေ၍လည်း အကြောင်းထူးတော့မည် မဟုတ်ကြောင်းကို သူ သဘောပေါက်ပါသည်။

နဲလ်ဂွင်း အနိုင်ရသွားလေပြီ။

ကိုယ်ပိုင်အဝတ်အစားများ ထည့်ထားသည့် သေတ္တာ အလေးကို လီနိုဆွဲပြီး ဇာတ်ရုံတံခါးပေါက်မှ ထွက်လာချိန်တွင် အပြင်နား၌ ဂေးလီဘတ်က အဆင်သင့် စောင့်နေသည်။

သူ့မျက်နှာသည် တစ္ဆေသရဲလို ဖြစ်နေသည်။ လီနို သွားမည့်လမ်းတည့်တည့်မှ ပိတ်ရပ်နေသလို ဖြစ်နေပြီး လီနို ရှေ့သို့တိုးသွားသောအခါ သူက နောက်သို့ ဆုတ်ပေးသွားသည်။

'မင်းကို အလုပ်ထုတ်လိုက်ပြီ ဆိုတဲ့ အကြောင်း ငါ ကြားပြီးပြီ လီနို'

ဟု သူ ပြောသည်။

လီနို၏ခြေလှမ်းမှာ ကျောက်ခဲတစ်ပျက်တွင် ရပ်သွားသည်.

ဒါလောက်တောင် မြန်မြန်ဆန်ဆန် သူ ဘယ်လိုလုပ် သိနိုင်သနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်တိုးတောင်းသည့် အချိန်ကလေးနှင့်တော သည်အကြောင်း မြန်မြန်ထွက်မသွားနိုင်သေး။

'ဒီအတိုင်းဆိုယင် ငါအလုပ်ပြုတ်အောင် နင် အမ အမံ့တွေလုပ်လိုက်တာပေါ့လေ'

လီနီက အလွန်တရာနာကြည်းသည့် လေသံဖြင့် ပြော သည်။

ဂေးလ်ဘတ်၏ အောင်ပွဲရအပြုံးက လီနီကိုအလုံးစုံဖွင့် ဟဝန်ခံလိုက်သကဲ့သို့ဖြစ်သွားလေသည်။

ဇာတ်ပွဲသို့မောသွား အထဲသို့ဝင်မသွားဘဲ ကျပ်နေ အောင် စီစဉ်ခိုင်းခဲ့သူမှာ ဂေးလ်ဘတ် ကိုယ်တိုင် ဖြစ် သည်။

အသွားကျပ်နေသည့် မားမြွောင်ဖြင့် ထိုးဖြစ်အောင် စီစဉ်ထားရာ နဲလ်သေမသွားသည့်အတွက် အံ့သြမဆုံးနိုင် အောင်ဖြစ်နေမိလေသည်။

လီနီသည် ဘာလုပ်ရမှန်းမသိဘဲ ဂေးလ်ဘတ်၏ ရှေ့ မှာ ကြောကြာအောင် ရပ်နေမိလေသည်။

ဇာတ်ရုံသို့ ပြန်ပြေးသွားပြီး ဖျက်ထားသောမား ကိုစောင် ကြံရွယ်ချက်ဖြင့် သူ့လက်ထဲသို့ ထည့်ပေးခဲ့ခြင်း ဖြစ်ကြောင်း ကီလီဂရှူးကို ပြောပြ လိုက်ချင်သည်။

သို့သော်လည်း ဘာမျှအကြောင်းထူးလာမည် မဟုတ် ကြောင်းကို သူသိနေသည်။



သူ့ကိုဇာတ်ခုံပေါ်မှ ဆွဲချခဲ့သည့်ကီလီဂရှူး၏မျက်နှာ အမူအရာကို သေသေချာချာမြင်တွေ့ခဲ့ရပါသည်။

ကီလီရှူးသည် သူ့အလုပ်၏မျက်နှာလိုပဲ ကြည့်သူဖြစ် သည်။

သူ့အဝရှေ့ရေးတစ်ခုတည်း အကျိုးကျေးဇူးကိုသာ ကြည့်သူ ဖြစ်သည်။

လီနီကို အလုပ်မှထုတ်ပစ်လိုက်ခြင်းအားဖြင့် နဲလ်ကို ချက်နှာလုပ်လိုက်ချေပြီ။

ဘယ်လိုအကြောင်းနှင့်မျှ ယခုလိုအချိန်မျိုးတွင် သူ့ ကို ပြန်ခန့်မည်မဟုတ်။

နောက်မှသာ အခြေအနေကြည့်ပြီး စခန်းသွားရပေ တော့မည်။

ယခုလောလောဆယ်ရင်ဆိုင်ဖြေရှင်းရမည့်သူသာတော့ ဂေးလ်ဘတ်ပဲ ဖြစ်ပါသည်။

ဂေးလ်ဘတ်က သူ့ရှေ့မှာရပ်နေသည်။ မြူနှင်းများ သပ်စွာကျနေရာ ကမ္ဘာလောကကြီးတစ်ခုလုံးတွင်သူတို့ နှစ်ယောက်တည်းသာ ရှိသကဲ့သို့ထင်မှတ်ရလေသည်။

'ကိုယ့်ဆီကိုလာပါ လီနီ၊ မင်းကို ကိုယ်ကောင်းကောင်း စောင့်ရှောက်နိုင်ပါတယ်'

ဂေးလ်ဘတ်က ပြောသည်။ ညှိုးငယ်စွာ တိုးလျှိုး တောင်းပန်သည့် လေသံဖြင့် သူပြောခြင်းဖြစ်လေရာ ထူး ဆန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဩော်...ငါ့ကို နှင်ထုတ်စောင့်ရှောက်မယ် ဟုတ်လား'

လီနီမှာ ပို၍ ဒေါသ ထွက်သွားသည်။ သူ့အ...ကြောင့် ဂေးလ်ဘတ်မျက်လုံးတစ်ဘက် မှိတ်လိုက်သည်ကို မြင်တွေ့ရသည်၊

လီနီ၏မျက်လုံးများ ပိုကျဉ်းသွားသည်။

လီနီ၏ဘဝပျက်စီးသွားအောင် သူစီစဉ်လိုက်ခြင်းဖြ...သည်။

သို့သော်လည်း သူဒုက္ခရောက်အောင် ပြုလုပ်နိုင်စွမ်း...အား လီနီမှာ ယခုထက်တိုင်အောင် ရှိနေပါသေးသည်။

'လာလီကို နှင်ကဘာလုပ်လွှတ်လိုက်သလဲဂေးလ်ဘ...နှင့်ကို ထားခဲ့ပြီး ချက်ချင်း ထွက်သွားအောင် ဘာလု...လွှတ်လိုက်သလဲ'

'လာလီ'

ဂေးလ်ဘတ်မှာ အလစ်တွင် အရိုက် အထိုးခံလိုက်ရ...သလိုဖြစ်သွားသည်။

အံ့သြတကြီးဖြင့် လီနီကို ပြန်ကြည့်နေသည်။ အနာ...ရွှတ်ရှိနေသော သူ့မျက်နှာပေါ်တွင် အံ့သြရိပ်ပေါ်သွား...သောအခါ တစ်မျိုးတော့လည်း ရယ်စရာကောင်းနေ...သည်။

'နှင့်ကို မေမေကြီး မူစလေ့ရဲ့ ပြည့်တန်ဆာအိမ်အ...မခံဘာလဲ လာလီကို လုပ်သလို နှင်သွားယုတ်မာလို့...မဟုတ်လား'



ဂေးလ်ဘတ်၏ မျက်နှာမှာ သွေးရောင် နည်းသွား...သည်။

လီနီက ရှုံ့ရှာမုန်းတီးစွာ ရယ်သည်။

'ဒါတွေ ငါမသိဘူးလို့နှင်ထင်နေသလား၊ တို့ဇာတ်သူ...ဇာတ်သားတွေဆိုတာ ဇာတ်ခုံနောက်မှာ သတင်းအကုန်...တယ်၊ တို့မသိတာ ဘာမှမရှိဘူး၊ ဘုရင်မင်းမြတ်နဲ့ဘယ်...အိပ်နေပြီး နန်းတော်ထဲမှာ ဘက်သွမရှိဘူး ဆိုတာက...တို့အကုန်သိတယ်၊ မေမေကြီး မူစလေ့ရဲ့ ပြည့်တန်...အိမ်ပေါ်ကနေ ဘယ်သူကနဲ့အချော်လိုက်ရတယ်ဆိုတာ...သိတယ်၊ ဂါးထရူဆိုတဲ့ ကောင်မလေးကို နှင်သွား...ကားလို့ ဟိုက နှင့်ကိုတန်ချလိုက်တာ မဟုတ်လား၊...ထပ်သဲ သူတို့အိမ်ကို အလာမခံတော့တာ မဟုတ်...'

'ဂါးထရူက ပြည့်တန်ဆာမဲ့၊ သူ့ကို ငါဘာလုပ်လုပ်...အကြောင်းထူးမှာလဲ'

ဟု သူကပြန်ပက်သည်။

'ဂါးထရူကို မနာလိုလို့ပြောနေကြတာ၊ ကောင်မလေး...သက်သက်ပျက်သွားရတယ်၊ နှင့်နဲ့ကြားထဲကိုမ...ယ်လို့ ဂါးထရူသစွာဆိုနေတာရော နှင်ကြားပြီး...၊ အောက်စဖို့မြို့မှာတုန်းကလိုပဲ နှင်စိတ်ကူး...ကြက်သုပ်လို့ရတဲ့မြို့လို့ နှင်ထင်နေသလား၊ လာလီနဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါ ဒီတစ်ခါပြန်တွေ့ကြယင် လာလီပြောပြတဲ့စာတ်လမ်းတွေ ငါကြားရဦးမှာပေါ့’

‘တို့နှစ်ယောက်ရန်ဖြစ်ကြတယ်၊ ဒီထက် ဘာမှမပိုဘူး’ သူက အံကြိတ်သံကြီးဖြင့် ပြောသည်။

‘နင်တို့ ရန်ဖြစ်တယ်ဆိုတာ ဘာမှ သံသယဖြစ်စရာ အကြောင်းမရှိဘူး၊ နင်ရိုက်နှက်ထားလို့ အညိုအမည်းတွေ နေတာတွေ လာလီ့ ကိုယ်ပေါ်မှာရော မျက်နှာမှာပါ မကြာခဏ ငါတွေ့နေရတာပဲ’

လီနိုက နာကြည်းစွာ ပြောသည်။

‘သူနဲ့ရန်မဖြစ်တဲ့ ဘယ်လိုမှ နေလို့မရဘူး၊ နက်ကလေးပြီး ဘယ်သူ့ကိုမှ စိတ်ကူးထဲထည့်တဲ့ကောင်မ မဟုတ်ဘူး’

သူကနာကြည်းသည့်လေသံဖြင့် ပြောသည်။

ထိုစကားတာတော့ မှန်သည်။ လာလီသည် နက်နှင့်ပြေးသာ၍ ခွဲလိုက်ရသော်လည်း နက်မှလွဲ၍ မည်သူ့ကိုမျှ မချစ်နိုင်သော မိန်းကလေးဖြစ်သည်။

သို့သော်လည်း လာလီမနေနိုင်အောင် လုပ်လွှတ်လိုက်ခြင်းနှင့်ပတ်သက်၍မူ လီနိုမှာ ခံရပ်နိုင်အောင် ဖြစ်နေခဲ့သည်။

‘ပြီး လူသားဆန်တဲ့ယောကျ်ားတစ်ယောက်ကိုပို့ခွဲတဲ့အတွက် လာလီကို အပြစ်တင်စရာ ဘာအကြောင်းမှ မရှိဘူး’

ဂေးလ်ဘတ်က လီနို၏လက်မောင်းကို နာကြည်းစိတ်ဖြင့် ဖမ်းဆုပ်လိုက်သည်။



‘မင်းဘာဝဟာလဲ သိပ်ကြောင် မေးမကြီးမူစားလရဲ့အိမ်မှာပဲ စာတ်သိမ်းသွားမှာပေါ့၊ အဲဒီအခါကျတော့ နေရာမှ ရောက်သွားတဲ့အတွက် မင်းဝမ်းသာနိုင်ပြီပေါ့၊ သူ့တိုင်းမှာ သူ့တန်ဖိုးနဲ့သူ ရှိကြတာပဲ၊ မင်းဘာဖြောင့်မလဲဆိုတာ ဂျက်ဖရီကောင်းကောင်းသိခဲ့တယ်’

ဂျက်ဖရီဟူသောနာမည်ကို ကြားလိုက်ရတော့ လီနို၏ မျက်နှာပေါ်မှာ သွေးရောင်နည်းသွားသည်။

‘နင်ဘာစကားပြောတာလဲ’

ဟူ၍လည်း ခြိမ်းခြောက်စကားပြန်ပြောသည်။

‘မင်းဟာ ပြည်တန်ဆာ ဖြစ်ကြောင်း သူသိတယ်လို့ ပြောတာ’

ဂေးလ်ဘတ်က ဒေါသဖြင့် ပြန်အော်သည်။ အသံက လိုအပ်သည်ထက် ပိုမိုကျယ်လောင်သွားသည်။

‘ပထမစာခေါ်ပိုင်းကတည်းက မင်းကိုအောက်ဆိုရှိရောက်အောင် ဘာဖြစ်လို့ခေါ်မလာကာလဲ၊ မင်းဘာယ်လိုထင်သလဲ’

ဟု သူဆက်မေးသည်။

ဂျက်ဖရီ၏ နာမည်ကို ပြောလိုက်သဖြင့် လီနိုခံစားသွားရကြောင်း မျက်နှာကြည့်ရုံဖြင့် ဂေးလ်ဘတ်က သိလိုက်သည်။

ထို့ကြောင့် သည်မိန်းမကို စဉ်းစားစရာ ဖြစ်ကျန်အောင် သို့တည်းမဟုတ် စဉ်းစားစရာ တစ်ခုခု ကြွေး

www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်လွှတ်လိုက်မှုပဲဟု သူအတွေးဖောက်ခဲ့ ရလိုက်သည်။

'မင်းနဲ့ ဂျက်ဖရီအတူတူမနေခင်ကတည်းက ဖြစ်ခဲ့မှာရှိတဲ့ သူ့မိန်းမ သေသွားတာရော မင်းသိသလား။ ဂျက်ဖရီက အဲဒီအကြောင်းကို အစောကြီး ကတည်းက သိပြီးပြီ၊ မင်းကို သူလက်ထပ်မယ်ဆိုယင် လက်ထပ်လို့ ဖြစ်တယ်၊ ဒါပေမယ့် သူမထပ်ဘူး'

လီနီ၏ တစ်ကိုယ်လုံးသို့ ကြောက်စိတ်များ ပြန့်နှံ့ လွှမ်းသွားသည်။

'နင် ညာတာ'

လီနီက ပြန်အော်သည်။

'မညာဘူး၊ အောက်စဖို့တစ်မြို့လုံးဒီအကြောင်းကို သိနေကြတယ်၊ မင်းတစ်ယောက်တည်းသာမသိတာ'

ဂေးလ်ဘတ်အပေါ်အဝင် လာလီတို့နှင့်အတူ စပေါ်... ထဲမှာ ပြေးတတ်သွားကြည့်ကြတုန်းကသူ့ နောက်တန်း... တချို့ ဂျက်ဖရီနှင့် သူ့မယားပြင်သစ်မ လက်ထပ်... အကြောင်း ပြောနေကြသည်ကို တစ်ပိုင်းတစ်စ သူ... တိုင်ကြားခဲ့သည်ကို ပြန်ပြောင်းသတိရမိသည်။

သူတို့ရှေ့မှာ လီနီထိုင်နေကြောင်း ပြောနေသူ... မြင်သွားသဖြင့် စကားကို ဆုံးအောင်မပြောကြတော့...

'မဟုတ်ဘူး လိမ်နေတာ'

သူက လေသံတာလေးဖြင့် တိုးတိုးရေရွတ်သည်။



ဂေးလ်ဘတ်က ရန်ငြိုးမပြေသူတစ်ယောက်လို ရယ်သည်။

'မင်းယုံချင်တာယုံလေ၊ ဂျက်ဖရီကတော့ မင်းကိုဘယ်တော့မှ လက်ထပ်ယူမှာ မဟုတ်ဘူးလို့ ငါ့ကို ပြောဖူးတယ်၊ သူ့အိမ်ကနေပြီး ဘာကြောင့်ခဏခဏပျောက်သွားတယ်ဆိုတာရော မင်းသိသလား၊ သူ့လွတ်ငြိမ်းချမ်းသာခွင့်ရအောင် လာတတ်ထိုးပေးနိုင်မယ့် မိန်းမတစ်ယောက် လိုက်ရှာနေတာလေ'

သူ့စကားလုံးများကြောင့် လီနီသည် ကြည့်နေရင်း ...ဘပင် တစ်စစီဖြစ်သွားပြီဟု ထင်ရသည်။

သူ့စကားများ ထိရောက်သည်ကို သိရသဖြင့်လည်း ...လွန်အမင်းအားရ ကျေနပ်သွားလေသည်။

'မင်းအပေါ်မှာ သူငြီးငွေ့သွားယင် ငါ့ကို လွှဲပေးမယ်လို့လဲ သူကတိပေးထားပြီးသား၊ ဒီကိစ္စ မင်းဘယ်လိုသဘောရလဲ လီနီ'

သိပ်သည်းစွာ ကျနေသည့်မြူများကြားတွင် သူ့မျက်...ကြီးသည် တဖြည်းဖြည်း လီနီ၏မျက်နှာဘက်သို့နီးကပ်...လာလေသည်။

သူ့မေးခွန်းကို လီနီပြန်ပေးလိုက်သည့် အဖြေကား ...ဂေးလ်ဘတ်၏ပေါင်ကြားထဲသို့ ဒူးတစ်လုံးကို ခွန်အားရှိ...သမျှ အကုန်သုံးပြီး ပစ်ထည့်လိုက်ခြင်းပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂေါ်လ်ဘတ်မှာ ကြောက်မက်ဖွယ်ရာ တစ်ချက်အော် ပြီး မြေပြင်ပေါ်သို့ လဲပြိုကျသွားလေတော့သည်။

ပြီးတော့ လီနို၏ခြေထောက်နားမှာ လူးလှိမ့်နေတော့ သည်။

လီနို၏ဂါဝန် အနားစကိုလည်း လှမ်းဆွဲသေးသည်။

တွန့်လိမ်ကောက်ကွေးနေသည့်သူ့ မျက်နှာကို လီနို သွေးရောင်မရှိတော့သည့်မျက်နှာဖြင့် ငုံ့ကြည့်သည်။ ပ လည်း မှုန်မြူတွေ ပို၍သိပ်သည်းလာသည်။

လီနိုက လှုပ်ရှားနေသော သူ့စိတ်ကို ပြန်လည်စုစည်း လိုက်သည်။

မင်းဟာ ပြည့်တန်ဆာဖြစ်ကြောင်း သူသိတယ်လို့ ပြောတာ....

လာဘ်ထိုးပေးနိုင်မယ့် မိန်းမတစ်ယောက်တွေ့အောင် လိုက်ရှာနေတာ....

ပြင်သစ်မှာရှိတဲ့ သူ့မိန်းမ သေသွားတာရော မင်း သလား....

လီနို စိတ်ထိခိုက်အောင် ယခုမှ သူတမင်လာပြီး ပြော နေတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါသည်။ ထိုသို့ဆိုလျှင် သူ အောင်မြင်ပါသည်။

ဘာကြောင့်လဲဆိုတော့ လီနို အကြီးအကျယ် ထိခိုက် ခံစားလိုက်ရသောကြောင့် ဖြစ်ပါသည်။

ဂေါ်လ်ဘတ်နှင့် ဂျက်ဖရီတို့ ညီအစ်ကိုဝမ်းကွဲ တော် ကြသည့် အကြောင်းကိုလည်း လီနို စဉ်းစားလိုက်မိသည်။



သည်အတိုင်းဆိုလျှင် ဂျက်ဖရီ၏ဇနီး ဟော်တီရှေး ကွယ် လွန်သွားသည့် အကြောင်းကို သူသိနိုင်လောက်ပါသည်။

ဘုရားသခင်....

လီနိုက ဘုရားတမိသည်။

သည်အတိုင်းဆိုလျှင်တော့ဂျက်ဖရီ သူ့ကိုစွန့်ပစ်သွား ခြင်းမှာ ဂျမီးနှင့်ရသည့် ကလေးလေးကြောင့်မဟုတ်၊

နှစ်ယောက်အတူ ပေါင်းသင်းနေကြသည့် ကာလ တစ်လျှောက်လုံး ငါ့အပေါ်မှာ လိမ်ညာခဲ့တာပါလား။

နောက်ပြီးတော့ ငါ့ကို သူငြီးငွေ့သွားယင် ဂေါ်လ် ဘတ်ကို လက်ပြောင်းပေးလိုက်ဦးမတဲ့။ အကယ်ပဲ သူကြံ စည်ခဲ့လေသလား။

သည်အတိုင်းမှန်လျှင် ငါ့ကို ဂျက်ဖရီမချစ်ဘူးပေါ့။

မြေပြင်ပေါ်မှာလဲနေသည့် ဂေါ်လ်ဘတ်ကို လီနို ငုံ့ ကြည့်သည်။ သို့သော်လည်း ဘာကိုမျှသူမမြင်ပါ။ သူ့ မြင်ကွင်းများကိုလည်း အမည်းရောင်ခြင်ကြီးက ပိတ်ဖုံး ထားသလို ဖြစ်နေလေသည်။

တွန့်လိမ်ကောက်ကွေးပြီး နာကျင်စွာအော်ဟစ်ညည်း ညူနေသည့် ဂေါ်လ်ဘတ်၏ ကိုယ်ကိုကျော်ပြီး ဆက် လျှောက်လာခဲ့သည်။ စပါးမှာရှိသော သူ့အိမ်သို့ဦးတည် ပြန်လာခဲ့သည်။

မြူတွေ ပိန်းပိတ်အောင်ဆိုင်းနေသည်။

မျက်နှာချင်းဆိုင်မှ လာနေသောလူနှင့် တိုက်မိမလို နှစ်ကြိမ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူများ၏ ဆဲဆိုကြိမ်းမောင်းခြင်းကိုခံလိုက်ရသည်။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ငြိမ်ခံခဲ့ရသည်။

လမ်းမီးတိုင်ကို တည့်တည့်ဝင်တိုးသည်။

တိုးချင်လည်း တိုးပါစေတော့။

လမ်းပေါ်တွင် ဘာတွေရှိနေသည်ကိုလည်း ကြည့်ချင်စိတ်မရှိတော့။

သိမ်းမြစ်ကြီးထဲသို့ ချော်ကျပြီး နစ်မြုပ်သွားလျှင်လည်း လီနီအရေးစိုက်တော့မည် မဟုတ်ပါ။

အိမ်ရောက်တော့ သစ်သားလှေကားအတိုင်းအိမ်ပေါ်တက်ခဲ့သည်။

အခန်းတံခါးကို အတွင်းမှပိတ်ပြီး အိပ်ရာပေါ်သို့ အရုပ်ကြိုးပြတ်ကျသွားသည်။

အိပ်ရာပေါ်မှာ လူးလှိမ့်ပြီးတော့လည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် ငိုရှိုက်မိသည်။

ဂျက်ဖရီက ငါ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ပါလား—ဘယ်တုန်းကမှ မချစ်ခဲ့ပါလား။

သူ့ကို ဂျက်ဖရီက သက်မဲ့ပစ္စည်းတစ်ခုလို သဘောထားခဲ့ကြောင်း၊ ကစားစရာ အရုပ်ကလေး တစ်ခုလို ရိုးသွားသောအခါ အလွယ်တကူပင် လွှင့်ပစ် မေ့ပျောက်လိုက်နိုင်ကြောင်းများကို စဉ်းစားမိပြီး ရင်နာ၍မဆုံးနိုင်အောင် ဖြစ်ရလေတော့သည်။



သူ့ အခန်းကျဉ်း ကလေးထဲမှာ တစ်ယောက်တည်း ကမ္ဘာပျက်နေသည်။ အခန်းကလေးထဲမှာ မှောင်နေသည်။

အပြင်မှာ လထွက်နေသည်။ သို့သော်လည်း လဝင်သွားသောအခါ မှောင်သွားသည်။

လီနီကတော့ လုံးဝအိပ်မပျော်နိုင်။

ရင်တွေ ကွဲထွက်လုမတတ် အသည်းနှလုံးတို့၏နာကျင်မှုကို ပြင်းထန်စွာ ခံစားရသည်။

နောက်နေ့တွင် အလုပ်ပြန်ရရန်အတွက် ဇာတ်ရုံသို့ သူ ပြန်မသွားပါ။ အပြင်သို့ လုံးဝမထွက်။ အခန်းထဲမှာပဲ အောင်းနေသည်။

ထိုမျှမက ဘာမျှလည်းမစား။ အိပ်လည်းမအိပ်။

ဇာတ်ရုံသို့ပြန် သွားဖို့ သူ့ကိုယ်သူ အမိန့်ပြန်ပေး၍မရနိုင်အောင် ဖြစ်နေသည်။

ရက်သတ္တပတ်လုံးလုံး ကြာသွားသည်။

နောက်ဆုံးတွင်မှ သူ့ကိုယ်သူ အတန်ငယ်ထိန်းနိုင်ကာ ဇာတ်ရုံသို့ ရောက်လာခဲ့သည်။

ကီလီဂရူးနှင့် တွေ့ခွင့်တောင်းသည်။

သူ့ကို တော်တော်နှင့် တွေ့ခွင့်မပေးဘဲ အကြာကြီး စောင့်ခိုင်းထားသည်။

အင်မတန်ကြာတော့မှ အတွေ့ခံသည်။

လီနီအဖို့ စောင့်ရသည်မှာ အပန်းမကြီးပါ။ ကြာချင်သလောက် ကြာပါစေ။ ဇွဲကောင်းကောင်းနှင့် သူသည်းခံပြီး ထိုင်စောင့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မြင်လိုက်ရတော့ ကီလီဂရူး အထိတ်တလန့် ဖြစ်သွားသည်။

အရုပ်ပိန်သွားသည်။ သွေးရောင်မရှိတော့ဘဲ ဖြူဖပ် ဖြူရော် ဖြစ်နေသည်။

မဖြီးမသင်ဘဲထားသော ဆံပင်များမှာ ရှုပ်ပွနေသည်။

မျက်နှာချောင်ကျသွားကာ အမြဲအမ်းအရောင်တဖိတ် ဖိတ် တောက်နေသည့် မရမ်းရောင် မျက်လုံးများမှာ အရောင်အဆင်း ကင်းမဲ့ညှိုးမှိန်နေလေပြီ။

'ကျွန်မ နေမကောင်းဖြစ်သွားလို့ပါ'

လီနီက ဖြေပြောသည်။ ကီလီဂရူးကသည်း အလွယ် တကူပင် ယုံကြည်သွားပါသည်။

သူ့ရုပ်က ဖျားထားသည့်ရုပ်အတိုင်း ဖြစ်နေသည် ကိုး….။

သို့သော်လည်း သူ့ကို အလုပ်ပြန်ခန့်ဖို့တော့ သူ လုံးဝသဘောမတူပါ။

ဘယ်နည်းနှင့်မျှပြန်မခန့်နိုင်ကြောင်း တင်းတင်းမာမာ ဆိုသည်။

'မင်းကို လောဒ်ချိန်ဘာလိန် ကိုယ်တိုင်က အလုပ် ထုတ်ပစ်လိုက်တာ'

သူသည်း ပြောပြသည်။

ထိုစကားကို လီနီက ကျေကျေနပ်နပ် လက်ခံသွား သောကြောင့် ကီလီဂရူး စိတ်သက်သာရာရပြီး အသာ ရှူချောင်သွားပါသည်။



ချိန်ဘာလိမ်ကိုယ်တိုင်က အလုပ် ထုတ်ပစ်လိုက်ခြင်း ဖြစ်သည်ဆိုခြင်းနှင့်ပတ်သက်၍ လီနီသည် သိပ်ပြီးအံ့ခရေး စိုက်သည့်ပုံမျိုးလည်း မပေါ်ပါ။

အလုပ်ဖြုတ်ပစ်လိုက်ပါသည်ဆိုသော်လည်း လှုပ်လှုပ် ရှားရှား ဖြစ်မသွားသော လီနီကိုကြည့်ပြီး ကီလီဂရူး နား မလည်နိုင်အောင်ဖြစ်နေမိသည်။

ထိုအကြောင်းပြချက်ကို လီနီက တည်တည်ငြိမ်ငြိမ် ပင်နားထောင်သည်။

ကီလီဂရူးက ထိုအတွေးများကို စိတ်ထဲမှ ဖြန်းထုတ် ပစ်လိုက်သည်။

သို့သော်လည်း သူ့မှာ အပြစ်ရှိနေသည်ဟု ခံစားရ ပြီး မလုံမလဲဖြစ်နေသည်။

သူ့ဇာတ်ထဲမှာရှိနေသည့် မိန်းကလေးများ အနက် လီနီသည် အချောဆုံးအလှဆုံးဖြစ်သည်။

ထို့ကြောင့် ဇာတ်ဆောင်မင်းသမီးတင်ဖို့ သူစကြာ ခဏစဉ်းစားခဲ့သည်။

ခေါင်းဆောင်မင်းသမီးနေရာလည်း မှားငံ့ပါသည်။ ငြင်းစရာအကြောင်းမရှိပါ။

သို့သော်လည်း နဲလ်ဂွင်းဓါ်မနာလိုမရှုစိမ့်မှုကို သူ အန် လိုမျှ လွန်ဆန်နိုင်ခြင်းမရှိသောကြောင့် လီနီကို ခေါင်း ဆောင်မင်းသမီး တင်မပေးပဲ ချောင် ထိုးထားခဲ့ရသော သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စနှင့်ပတ်သက်၍ သူ့စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေသည်။

မနေတတ်မထိုင်တတ်ဖြင့် သူ ချောင်းဆိုးသည်။

'ဇာတ်ရုံထဲမှာ မင်း လိမ္မော်သီး ရောင်းချင်တယ် ဆိုယင်တော့ ဖြစ်အောင် ငါစီစဉ်ပေးနိုင်ပါတယ် လီနို'

လီနိုက တစ်ထိုင်တည်း သဘောတူလိုက်သည်။ သည်လိုအချိန်မျိုးမှာ ဘာလုပ်ရလုပ်ရ၊ ဘယ်သွားရ သွားရ ဘာကိုမျှ ဂရုစိုက်နေရဦးမည်နည်း။

'မင်းကို သစ်သီးသည် မောလ်က သင်ပြပေးအောင် စီစဉ်ပေးမယ်'

ဟု ဆက်ပြောသည်။

လီနိုက ခေါင်းညိတ်လိုက်သည်။ တကယ်တော့ သူ စိတ်မဝင်စားပါ။ သစ်သီး ရောင်းသော မောလ်သည် သစ်သီးသည်များထဲတွင် ခေါင်းဆောင်ဖြစ်သည်။ အားလုံးကို သူ ချုပ်ကိုင်ထားသည်။

အပြင်က သာမန်မိန်းကလေးတစ်ယောက် သစ်သီးဝင်ရောင်းချင်၍ မဖြစ်နိုင်။ သူတို့က လက်ဝါးကြီးအုပ်ထားကြသောကြောင့် ဖြစ်လေသည်။

ရက်ပိုင်းအတွင်းမှာပင် ကီလီဂရူး၏ စီစဉ်ပေးချက်အရ လီနိုသည် ဇာတ်ရုံထဲမှာ လိမ္မော်သီး ရောင်းသော မိန်းကလေးတစ်ယောက် ဖြစ်လာသည်။ အခြား မိန်းကလေးများကဲ့သို့ပင် ကိုယ့်ရောင်းကုန်ပစ္စည်းကို တစာစာ



အော်ပြီး ရောင်းချစားသောက်ရသော မိန်းကလေး တစ်ယောက် ဖြစ်လာလေသည်။

လိမ္မော်သီးရောင်း ခြင်းသည် သမာအာဇီဝ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် သူ နှစ်သက်သည်။

သူကဲ့သို့သော ရုပ်ရည်လှပချောမောသူ တစ်ယောက်အနေဖြင့် မကောင်းမှုဖြင့် အသက်မွေးဖို့ လွယ်ကူသည်။ တစ်ဝန်းကျင်ကြီး တစ်ခုလုံးကလည်း မကောင်းမှုဘက် ရောက်အောင် တွန်းပို့နေသည်။

သို့သော် သူ ကြံ့ကြံ့ခံကာ ကောင်းရောင်းကောင်းဝယ်ပင် လုပ်ကိုင်စားသောက်သည်။

သူနှင့် လုပ်ငန်းတူဖြစ်သော အခြား လိမ္မော်သီးသည် မိန်းကလေးများက သူ့အကြောင်း၊ အမနာပများ ပြောကြသည်။

မကြားတကြား ရန်စသည့်အခါလည်း စသည်။

သို့သော် အားလုံးကို မကြားချင်ယောင် ဆောင်နေလိုက်သည်။

မနာလိုစိတ်ဖြင့် ထိုသို့ပြောကြခြင်းဖြစ်ကြောင်း လီနို သိသည်။

မနာလိုစိတ်များ၏ ရိုက်ပုတ် ထုထောင်းမှုကြောင့်ပင် သူ လိမ္မော်သီးသည်ဖြစ်လာရသည် မဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ မကြာခဏ ပွဲ့းတတ်သော လိမ္မော် အပွင့်များသည် ဆိတ်သုဉ်း ပျောက်ကွယ်သလောက် ဖြစ် သွားလေတော့သည်။

'သူ့ကိုယ်သူ ထိုထက် အဆင့်အတန်းမြင့်တယ်လို့ စိတ်ကြီးဝင်နေတဲ့ကောင်မ၊ ငါ့ အစကတည်းက သိပ် ထယ်ဟယ်၊ ဒါပေမယ့် ကိုလိဂရှုးကို မလွန်ဆန်နိုင်လို့ ရှ အသိုင်းအဝိုင်းထဲမှာ သူ့ကို လက်ခံလိုက်ရတာပါ'

မော်လီက မကျေမနပ် ဖြစ်နေသည့် သူ့အပေ အသင်း မိန်းကလေးများကို ရှင်းပြသည်။ အားလုံး လည်း သဘောပေါက်ကြပါသည်။

သို့သော် မကျေနပ်သည်ကတော့ မကျေနပ်သည်သာ ဖြစ်သည်။ မနာလိုသည်ကတော့ မနာလိုသည်သာပဲဖြ သည်။ ထို့ကြောင့် အကြိမ်ကြိမ် ရန်စသည်။ မကြ တကြား လောင်းမြောင်းသည်။ အချင်းချင်း အတင်းပြော သည်။

တစ်ကြိမ်နှစ်ကြိမ်လောက် ပြောင်ပြောင်တင်းတင်းပ ရန်စဖူးသည်အထိ သူတို့အင်္ကာ အတင့်ရဲလာကြသည်။

သို့သော်လည်း လီနီက သူတို့ရန်ကိုလွတ်အောင် ရှော နိုင်ခဲ့သည်။ ရိုးရိုးကုပ်ကုပ်ပဲနေသည်။ အခြားလိမ္မော်သီး သည် မိန်းကလေးများကဲ့သို့ ပွဲကြည့်ပရိသတ် ယောက်ျာ များကြားတွင် ဖင်လှုပ်ခြင်း၊ တင်လှုပ်ခြင်းများ မ မထိတထိနှင့် ပွတ်သီးပွတ်သပ် လုပ်ခြင်းများကို လုံး ရှောင်ကြဉ်သည်။



တည်ကြည်သော သူ၏ ဂုဏ်သိက္ခာကို မှီ့တင်ပေါက် ..နီးအောင် ထိန်းသိမ်းထားရန် သူ အခိုင်အမာဆုံးဖြတ် ..ထားသည်။

ယောက်ျားတွကတော့ လီနီကို အလွန်အမင်း စိတ် ..စားသည့် မျက်လုံးများဖြင့် မျက်တောင်မခတ် အကဲ ..ကြည့်ကြသည်၊ သူ့လိမ္မော်သီးများကို အလုအယက် ..ယူကြသည်။ လိမ္မော်သီး စားချင်သည်ထက် သူ့ကို ..နီးကပ် ကြည့်ချင်ကြသောကြောင့် ဝယ်ကြခြင်း ဖြစ် ..သည်။ ပြီးတော့ ဟော်တော်နှင့် သူတို့အနားမှ အခွာမခံ။ ..ယူသည့်အချိန်ကို မကြာကြာအောင် ဆွဲထားတတ် ..သည်။

ဝပ်းအရပ်မှာ သူ မနေနိုင်တော့တဲ့ အနည်းငယ် ..ချင်ကျပြီး ခပ်ညှိုးညှိုး တည်းခိုခန်းသို့ ပြောင်းရသည်။ ..အရောရောမှာ ခြိုးခြံချွေတာရသည်။

..ပဲဖြစ်ဖြစ် ယခုလို အစစအရာရာ ဆင်းရဲနွမ်းပါးပြီး ..မပြေဖြစ်နေသည့်အချိန်တွင် အထင်နိုင်ဆုံး ရိုးရိုး ..ကုပ်ကုပ်နေမှ တန်ကာကျမည်။

အချိန်ကုန်လာသည်နှင့်အမျှ လီနီလည်း ကောင်းစွာ ..လည် စားသောက်နိုင်လာသည်။ အစားအသောက် ..သောအခါ သူ့ရုပ်က ပိုမွန်အတိုင်း ပြန်ထွက် ..သည်၊ ယောက်ျားများက ပိုအာရုံစိုက်လာကြသည်။

အချိန်တန်လျှင်တော့ မင်းသမီး ပြန်ဖြစ်ရဦးမည်.. ..ဉ်လင့်ချက်ကလေး ထားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အသားကျနေချိန် တစ်ညတွင် ပွဲခင်းထဲ
ဂေးလ်ဘတ်ကို သူ လှမ်းမြင်လိုက်ရလေသည်။ မှကေ
ဆိုးဝါးကို တွေ့လိုက်ရဘိသကဲ့သို့ သူ့ရင်များ အ
အကျယ် ဖိုသွားသည်။

ထိုညက အလွန်ပူအိုက်သော ညဖြစ်သည်။ ရုံထဲ
လှည်း လူတွေ ပြည့်ကျပ်နေသည်။ ရန်မဲ့ တွေ့ကလ
တစ်ခြိမ့်ခြိမ့်ဖြစ်နေသည်။

ယခု တစ်လော အနောက်ဖက်ပိုင်းမှ လူငယ်
လန်ဒန်မြို့ပေါ်သို့ အုပ်နှင့်ချီပြီးတက်လာနေကြသည်။
ဒန်မြို့ပေါ်မှာရှိနှင့်နေသည့်တပ်သားသစ်များ၊ အလုပ်
များနှင့် ညဘိုင်းလိုလို ဇာတ်ရုံထဲမှာ ရန်ဖြစ်နေကြသ

သိပ်မကြာတော့သည့်တစ်ရက်ရက်တွင် အဓိက
ကြီးမျ းအထိ ကြီးကြီးကျယ်ကျယ်ဖြစ်တော့မည်ဟု
မှန်းကာ လူအများကစိုးရိမ်နေကြသည်။

အထူးတန်းတွင် လီမွန်သီး ရောင်းနေခိုက် ဂေ
ဘတ်မာနေ၍နှင့် သူ မျက်နှာချင်းဆိုင် သွားဆိုင်မိ
ဖြစ်သည်။

ထို့ကြောင့် မသိမသာ နောက်သို့ ပြန်ဆုတ်လာ
သည်။

ဂေးလ်ဘတ်ကိုလည်း အလစ်မပေးစတမ်း ကြည့်
သေးသည်။

ဂေးလ်ဘတ်က သူ့ကို မျက်တောင်မခတ် ကြည့်
သည်။ သို့သော်လည်း အခါတိုင်းကြည့်သလို ရိုးရိုးရ



ကျက်လုံးမျိုးတော့မဟုတ်။ မူလရမက် မျက်လုံးများထဲ
တွင် ရန်ငြိုးမပြေသည့် အကြည့်များလည်း ရောစွက်ပါ
ဝင်နေချေပြီ၊

ထိုအကြည့်ကြောင့် လီနို တုန်လှုပ်သွားမိလေသည်။

လူတွေကြားထဲ အတင်းတိုးပြီး သူနှင့် ဝေးအောင်
ပြေးသည်။ အချို့ပွဲကြည့်ပရိသတ်က ဒူးများကို ရှေ့သို့
အားထုတ်ကာတတ်ကြသည်။

ထိုဒူးများကြားမှ တိုးဝှေ့ကာ နေရာရွှေ့ရသည်မှာ
လွယ်ကူပါ၊

သည့်ကြားထဲတွင် ဖင်ဆိတ်လွှတ်သိုက်သည့် လူများ၊
ပေါင်ကိုပုတ်လွှတ်သိုက်သည့်လူများ၊ မထိတထိလှမ်းကိုင်
သိုက်သူများကလည်း ပွဲကြည့် ပရိသတ်ထဲတွင် အလွန်
အရာများပြားလှလေသည်။

တင်ကိုယ်လုံး ချွေးတွေရွှဲလာသည်။ နောက်ကျောက
အကျီသည် ချွေးများနှင့်အသားမှာကပ်နေသည်။

ထိုအချိန်မှာပင် ရန်ဖြစ်နေကြသော အနောက်ပိုင်း
သားများနှင့် အလုပ်သင်များသည် ဓားကိုယ်စီနှင့် ဇာတ်
ခုံပေါ် ခုန်တက်သွားကြသည်။ ပွဲကြည့်ပရိသတ် ရှေ့
မှောက်ရှိ ဇာတ်ခုံပေါ်မှာ ဓားချင်း ယှဉ်ခုတ်ကြသည်။

"ဟော လီ မွန်သီး ပြည်၊ ဒီကိုလာဦးဟေ့"

မလှမ်းမကမ်း မှယောက်ျားတစ်ယောက်က ထိုင်ရာမှ
ထပြီး လီနိုကို လှမ်းခေါ်သည်။ သူ့ဘေးမှလူတစ်ယောက်
က သူ့ကိုအတင်းဆွဲပြီး ပြန်ထိုင်ခိုင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနိုက ထိုသူရှိရာသို့ တိုး သွားသည်။ လိမ္မော်သီး ရောင်းတောင်းမှ စားဝတ်နေရေးပြေလည်မည်ဖြစ်ရာ လူ ဘယ်လောက်ကျပ်ကျပ် ခေါ်သူဆီသို့ ရောက်အောင်တော့ သွားရပေမည်။

လူတွေကို ကြည့်ရှောင်နေရသည်နှင့် ဂေးလ်ဘတ်ကို မျက်ခြည်မပြတ်မကြည့်နိုင်တော့ပေ။

ဂေးလ်ဘတ်က လော့ဒ်ဝီလ်ဆင်ဂိမ်းတို့ ထိုင်နေသည့် သီးသန့်နေရာသို့ သွားနေသည်။

အနားရောက်တော့ ဂေးလ်ဘတ်က လော့ဒ်ဝီလ် ဆင်ဂိမ်းကို တစ်စုံတရာပြောသည်။ သူ့စကားကြောင့် စောစောကတင်းမာနေသော ဝီလ်ဆင်ဂိမ်း၏မျက်နှာအ အရာမှာ တုန်လှုပ်ချောက်ချားဟန် ပေါက်သွားသည်။ တစ်ဖြည်းဖြည်းနှင့် စောစောကထက် ပိုမို တင်းမာလာ သည်။

သူ့ဘေးမှာ ဘွန်နီဖလိုင်းအမည်ရှိ ဗလကောင်း ကောင်းတပည့်တစ်ယောက်ထိုင်နေသည်။ သူ့ကို ဘာ ပြောသည်မသိ။ ဘွန်နီဖလိုင်းက ထိုင်ရာမှ ထပေးသည်။ လူရှိနေသော တစ်ခုံကျော်သို့သွားသည်။

လွတ်သွားသည့်ဘွန်နီဖလိုင်း၏ခုံမှာ ဂေးလ်ဘတ် ဝင် ထိုင်သည်။

ဘွန်နီဖလိုင်းက တစ်ခုံကျော်မှာ ထိုင်နေသော လူကို တခြားနေရာမှာ သွားကြည့်ရန် ပြောပြီး တွန်းထုတ်ပစ်



သည်။ ထိုသူမှာ ကြောက်ကြောက်လန့်လန့်ဖြင့် သူတို့နှင့် ဝေးရာသို့ ထွက်ပြေးသွားရရှာသည်။

လော့ဒ်ဝီလ်ဆင်ဂိမ်းတို့လူသိုက် အခါတိုင်း ညနက် [illegible] အရက်ပိုမူးနေကြောင်း သတိထားမိသည်မှ အပ အခြားဘာကိုမျှ လီနို မြင်ပါ။

ဂေးလ်ဘတ်၏စကားကြောင့် ဝီလ်ဆင်ဂိမ်း အကြီး အကျယ်မျက်နှာပျက်နေသည်။ လီနိုက သူ့ကို လူပုံအလယ် တွင် အရှက်ခွဲခဲ့ပြီးပြီ။

ယခု ဂေးလ်ဘတ်ပြောပြနေသည့် အကြောင်းများကို ကြားရသောအခါ ဝီလ်ဆင်ဂိမ်း၏ ရင်ထဲမှာ မငြိမ်းနိုင် သေးသောမီးကိုလောင်စာဆီထပ်လောင်းပေးသလို ဖြစ် သွားတော့သည်။

လီနိုနှင့်အောက်စဖို့မြို့မှာတုန်းက အကြိမ်ကြိမ် အတူ တူအိပ်ခဲ့သည့်အကြောင်း ဂေးလ်ဘတ်က ပြောလိုက် သောကြောင့် ဝီလ်ဆင်ဂိမ်း၏အသည်းကို ကျွဲဝင်ခတ်သွား ခြင်း ဖြစ်တော့သည်။

'ခင်ဗျားပြောတဲ့စကား မှန်နိုင်ပါ့မလားဗျာ၊ ကျွန် တော်တို့ရဲ့မယ်သန္တာရှင်းကြီးက အခကြေးငွေ ယူစားတဲ့ ပြည့်တန်ဆာဖြစ်နေတာပဲဆိုတာ'

ဝီလ်ဆင်ဂိမ်းက မယုံကြည်နိုင်သလိုပြန်မေးသည်။

'သိပ်မှန်တာပေါ့ဗျာ၊ ကျွန်တော် ကျိန်ပြီး ပြောရပါ တယ်၊ လီနိုဆိုတဲ့ကောင်မ ပိုက်ဆံရှာစားနေတာ အောက်

www.burmeseclassic.com

www.burmeseclassic.com



ဇဖိုဘစ်မြို့လုံးသိတယ်၊ တကယ်ပြောတာပါ၊ သူ ဖြည့်တဲ့ ဆာဆိုဘာ တစ်မြို့လုံး ကလေးကအစ သိနေကြတာပါ

ဂေးလ်ဘတ်က သွက်သွက်လက်ကြီး ပြောနေသည်။

ဝီလ်ဆင်ဂိမ်းက မျက်မှောင်ကုပ်သည်။

'ဒီလိုဆိုယင် ဒီလန်ဒန်မြို့ရောက်လာတော့ ဘာကြောင့် ကျွန်တော်တို့အပေါ် သူကကိန်းကြီးခန်းကြီးလုပ်နေတာလဲ၊ အဲဒါလေးကို သခဘာပေါက်အောင် ရှင်းပြစမ်းပါဦးဗျာ'

ဂေးလ်ဘတ်က ပခုံးတွန့်သည်။

'အောက်ဇဖို့မြို့ဆိုတာ လန်ဒန်နဲ့အဝေးကြီးမှာ ကျန်ခဲ့လေပြီဗျာ၊ ဒီမြို့ရောက်လာတော့ သူ့ကိုယ်သူ အဖိုဆိုယင် ရင်ဖိုတောင်မသုံမ်းသေးတဲ့အပျိုစင်ကလေးယောင်ဆောင်တာပေါ့၊ ဘုရင်မင်းမြတ်ကို အပိုင်ဖမ်းဖို့ ဖြစ်ချင်ဖြစ်မယ်လေ၊ နဲလ်ဂွင်းယဲ ဘုရင်ကိုအပိုင်ဖမ်းသွားပြီ မဟုတ်လား၊ အဲဒီရည်ရွယ်ချက်ကြောင့် အားလုံးအပေါ်မှာ မောက်မာနေတာဖြစ်ချင်ဖြစ်မှာပေါ့'

ဝီလ်ဆင်ဂိမ်းသည် လက်ချောင်းကလေးများဖြင့် သူ့ပေါင်ကို ပြန်ခေါက်ကာ စဉ်းစားနေသည်။

'ဒီအတိုင်းဆိုယင်တော့ မစ္စလီနိုက်သင်ခန်းစာကလေးတော့ပေးရတော့မှာပဲ'

ဟု ခပ်လွှးလေးပြောသည်။

'သူ့ကိုငွေကြေးပေးလို့တော့ ရမှာ မဟုတ်ဘူးနော်၊ သူ့ကိုယ်သူအပျိုစင်ယောင်ဆောင်နေတာ မဟုတ်လား၊ ကြောင့် ကိုယ်ကပါရောပြီး အပျိုစင်လိုဆက်ဆံမှ ဖြစ်မယ်ထင်တယ်'



ဂေးလ်ဘတ်က သတိပေးစကားပြောသည်။

'ငွေပေးဝယ်ဖို့လား၊ ယောင်လို့တောင် စိတ်မကူးမိပါဘူးဗျာ၊ ဒီယောင်မအပေါ်မှာ ကျုပ်က သိပ်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့မိတာကိုပဲ အသည်းနာတို့မဆုံးနိုင်အောင် ဖြစ်နေမိတာပါ'

ဝီလ်ဆင်ဂိမ်းက ခက်ထန် ကြမ်းတမ်းစွာ ပြောသည်။

ဂေးလ်ဘတ်ကြားချင်သည်မှာ ထိုစကားများပဲဖြစ်ပါသည်။

ထို့ကြောင့် ယောကျ်ားချင်းသာသိအပ်သည့် လီနို၏ ကျိုဝှက်သော ထူးခြားချက်များကို ဖြည်းဖြည်းချင်းပြောပြနေသည်။

'သူ့ထူးခြားချက်တွေ အားလုံးဟာ ကျုပ်တို့လူတွေ အကုန်လုံးအတွက် ဖြစ်ရမှာပေါ့ဗျာ'

ဝီလ်ဆင်ဂိမ်းက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး သူ့ဒူးကိုသူပြန်ထုနေရင်းက ပြောသည်။

ဂေးလ်ဘတ် အများကြီး ကျေနပ်သွားသည်။ ထို့ကြောင့် ကိုယ်ကိုခပ်လျော့လျော့ထိုင်ပြီး နောက်သို့ မှီချလိုက်သည်။

'ခင်ဗျားကို ကျွန်တော်ယုံပါတယ်၊ ဒါပေမယ့်သူဟာ ယောကျ်ားတစ်ယောက်နဲ့ လင်မယားလို အတူတူနေတဲ့ အကြောင်းတော့ သူဝန်ခံမှာ မဟုတ်ဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ကြာပွတ်ကလေးရဲ့အရသာက ဝန်ခံချင်လာအောင် ဖန်တီးပေးပါလိမ့်မယ်ဗျာ၊ အသာကြည့်နေပါ'

ဝီလ်ဆင်ဂိမ်းက ယုံယုံကြည်ကြည်နှင့် အလေးအနက် ပြောနေသည်။

'လီနီဟာ မင်းကိုအမြဲ အမ်း အရှုံးလုပ်လုပ်သွားတာ နော်၊ မင်းကမ်းလှမ်းတိုင်း အမြဲပုတ်ချပစ်တယ်၊ ဒီနေ့ လဲ အဲဒီလိုမဖြစ်အောင်တော့ အတော်ကြီးဂရုစိုက်နိုင်မှ ဖြစ်မယ်၊ ဟား... ဟား သိပ်တော့မလွယ်ဘူး'

ရေ ခုံမှာထိုင်ပြီး ငြိမ်နားထောင်နေသော ဒီကွင်စီ နောက်ပြန်လှည့်ကြည့်ကာ ဟဟားဟား ရယ်ရင်း ပြော သည်။

'ဘယ်တော့မှ မဖြစ်စေရဘူး၊ ဒီကနေ့ညကိုသင်ခန်းစာ ကောင်းကောင်းပေးရမယ်၊ အား....ဒီနေ့ည မဖြစ်နိုင် သေးပဲကိုး၊ နယ်ကလူတစ်ယောက်လာစရာရှိတယ်၊ ဘုရင် မျက်နှာသာပေးတာ ခံထားရတဲ့လူလေ၊ သူ့ကို ညှော်ခံရ ဦးမှာပဲ၊ အင်း....အရေးထဲမှ လာတိုက်ဆိုင် နေပြန်တာ ကိုး....'

ဝီလ်ဆင်ဂိမ်း၏လေသံသည် ချက်ချင်း စိတ်ပျက်လက် ပျက်အသံမျိုးသို့ ပြောင်းသွားလေသည်။

ဂေးလ်ဘတ်က နားစွင့်နေသည်။ သူ့စကားကြောင့် လန်ဒန်မြို့သို့ ရောက်လာတတ်သူများကို သူတို့အချဉ်ဖမ်း နေသည့်အကြောင်း ရိပ်စားလိုက်မိလေသည်။



အကြောင်းအမျိုးမျိုးဖြင့် နယ်မှ လန်ဒန်သို့ ရောက် လာသူများမှာ များပြားလှသည်။

စီးပွားရေးလုပ်ငန်းအတွက် မူကြီးမတ်ရာသေနာပတိ များနှင့် ရင်းနှီးရေးအတွက် အချို့ကဘုရင်နှင့်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် အချို့ကလည်း ဒီနန်းတော်တွင်း မှာ ဝင်ဆံ့နိုင်ရေးအတွက် စသည်ဖြင့် အကြောင်းအမျိုး မျိုးကြောင့် လာရောက်တတ်ကြသည်။

အချို့ကမူ ဘုရင်နှင့် ရင်းနှီးပြီးသားသူများ ဖြစ် သည်။

ယခုဝီလ်ဆင်ဂိမ်း၏ စကား[illegible]ိုသူများကို သူတို့ အမဲဖမ်းနေကြခြင်း ဂေးလ်ဘတ် သဘောပေါက် သွားခြင်းဖြစ်လေသည်။

ထို့ကြောင့် သူကဝီလ်ဆင်ဂိမ်းဘက်တိုးပြီး ပြောလိုက် သည်။

'ဘာဖြစ်လို့ ဒီနေ့ည အကောင်အထည် မဖော်ရမှာလဲ ဗျ၊ ဘုရင်က မျက်နှာသာပေးထားတယ်ဆိုတဲ့ ခင်ဗျားရဲ့ ညှော်သည်ကို အကောင်းဆုံး ပစ္စည်းနဲ့ ညှော်ခံပေါ့၊ အကောင်းဆုံးပစ္စည်းဆိုတာ လီနီပေါ့ဗျာ'

ယင်းစကားကြောင့် ဝီလ်ဆင်ဂိမ်း၏မျက်နှာ ဝင်းလက် သွားလေသည်။

'ဟုတ်တာပဲ၊ အင်မတန်ကောင်းတဲ့ စိတ်ကူးပဲ၊ ကျုပ် ညှော်သည်ကို အကောင်းဆုံးလက်ဆောင် ဆီးပေးရာနဲ့လဲ တူသွားတာပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား စိတ်ပျက်လက်ပျက် ဖြစ်သွားမှာအောင် လီနို ဘယ်တော့မှ မလုပ်ဘူး၊ ဒါမျိုး အင်မတန်ကျွမ်းတယ်၊ ညွှန်သင့်အပေါ်မှာ ခင်ဗျား မျက်နှာ မပျက်စေရဘူး၊ လီနိုအကြောင်း ကျွန်တော်ကောင်းကောင်းသိတယ်'

'ခင်ဗျားပါ ကျုပ်တို့နဲ့ လိုက်ခဲ့ပါလား၊ ဂေးလီဘတ် ပွဲဘာတစ်ခုကို အတူတူနဲ့ကြတာပေါ့'

ဝီလ်ဆင်ဂိမ်းက ဖိတ်သည်။

ဂေးလ်ဘတ်က အားပါးတရ ရယ်သည်။

သို့သော်လည်း သည်လို ဖိတ်ခေါ်ချက်မျိုးကိုတော့ လွယ်လွယ်ကလေးနှင့် သူ ရှောင်တိမ်းသွားနိုင်ပါသည်။

'ဟား...ဟား... ခင်ဗျားတို့နဲ့ အတူတူနဲ့လိုက်ချင်ပါတယ် ဝီလီဆင်ဂိမ်း၊ ဒါပေမယ့် ကျွန်တော် မှာလဲ အစီအစဉ်တစ်ခုက ရှိပြီးသား ဖြစ်နေပြီဗျာ၊ ကျွန်တော့် အစီအစဉ်ကလဲ အင်မတန် ဝင်းမှည့်နေတဲ့ သစ်သီးတစ်လုံး ဆိုပါတော့၊ အိမ်မှာကို အဆင်သင့် ရောက်နေပြီ၊ ကျွန်တော် အပြန်နောက်ကျယင်တောင် အကြီးအကျယ် စိတ်ဆိုးလိမ့်မယ်၊ ဟား....ဟား....ခင်ဗျားကိစ္စကိုသာ အောင်မြင်အောင် လုပ်ပါ၊ လီနိုကတော့ သူဟာဇပျိုစင်ကလေး ယောင် ဆောင်မှာပဲ၊ ဒါပေမယ့် ခင်ဗျား မကြာခင် ကိုယ်တွေ့ကြုံရပါလိမ့်မယ်၊ သူဟာ အင်မတန် ဝါရင့်နေတဲ့ ပြည့်တန်ဆာ တစ်ယောက်ပါဗျာ'

'အေးဗျာ၊ ဒီအကြောင်းတွေ ပြောပြတဲ့အတွက် ဝမ်းသာပါတယ်၊ ခင်ဗျားကျေးဇူးကို မမေ့ပါဘူး၊ ကျွန်တော်



အိမ်ဟာ ခင်ဗျားအတွက်တော့ အမြဲတမ်း တံခါးဖွင့် ထားတယ်ဆိုတာ ပြောလိုက်ပါရစေ ဂေးလီဘတ်'

'ခင်ဗျား အင်မတန် စေတနာသဒ္ဒါတရား ထက်သန်တဲ့လူပဲ၊ ကဲ...သွားဦးမယ်ဗျာ၊ အားလုံးပဲ၊ ဒီပြဇာတ်ကြည့်တဲ့အကြိမ်ပေါင်း ဘယ်လောက်များသလဲတော့မသိဘူး၊ ဇာတ်ကောင်တွေပြောတဲ့ စကားအားလုံး အလွတ်ရနေပြီ'

ဝီလ်ဆင်ဂိမ်းနှင့်သူ့ လူများက ဂေးလီဘတ်နှုတ်ဆက်သည်ကို အသိအမှတ်ပြုသည့် အနေဖြင့် ခေါင်းညိတ်ပြကြသည်။

ဂေးလ်ဘတ်လ ထိုင်ရာမှထပြီး လူတွေကြားထဲ တိုးသွားလေသည်။

မိန်းမတို့၏ ဒူးများ ပေါင်များနှင့် တွေ့ခသာအခါ ခပ်သာသာလေး ဖိတိုးရင်း ဇာတ်ရုံအပြင်ဘက်သို့ သူ ထွက်ခဲ့သည်။

လီနိုသည် တစ်နေ့သောအခါတွင်ဘုရင်မင်းမြတ်ကိုပင် ဖမ်းစားနိုင်ကောင်း ဖမ်းစားနိုင်ပေလိမ့်မည်။

ထို့ကြောင့် ယနေ့ည အကောင်အထည် ဖော်ကြမည့် ပွဲတော်ထဲတွင် သူမပါပဲ ခပ်ဝေးဝေးမှာ လွတ်လွတ်ကင်းကင်း နေချင်သည်။

ဘေးက ပွဲကြည့်ပရိသတ်အဖြစ် နေတာက အန္တရာယ် ကင်းကြောင်းသူသိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထံ လီနီ အခစားဝင်ပြီးသည့် အကြောင်းနှင့် ဘုရင်က လွှတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ကြောင်းများကို ဂေးလ်ဘတ် ကြားပြီးပြီ။

ဒါလောက်မာနကြီးတဲ့ကောင်မ ဒါလောက်ဆတ်ဆတ်ထိမခံတဲ့ကောင်မ၊ ဒီညတော့ တွေ့ကြရောပေါ့ဟု ဝမ်းသာအားရစိတ်ဖြင့် တွေးရင်း အငွားမြင်းရထားဖြင့် ဂေးလ်ဘတ်မာနေ့ အိမ်သို့ပြန်လာခဲ့လေသည်။

လော့ဒ်ဝီလ်ဆင်ဂိမ်းနှင့် လီနီဖရင့်ဖို့တို့ မင်္ဂလာဆောင်ကြမည်ဆိုလျှင် သူက အလွတ်ကြီး ဖြစ်နေမည့်အကြောင်းကို စဉ်းစားမိရင်လည်း သဘောကျလာမိလေသည်။

☆

အခန်း ၂၉

လော့ဒ်ဝီလ်ဆင်ဂိမ် တို့ လူသိုက် ဘာအကြံအစည် ရှိပြီး ဘာတွေစီစဉ်နေကြောင်းကို လီနီမသိပါ။

လီနီမွှာ်သီးဗန်းကို လက်ထဲကမှ တစ်ဘက်သို့ ပြောင်းရင်း ပွဲကြည့်ပရိသတ်ကြားမှာ လျှောက်လေ့ရှိသည်။

ထိုအခိုက် ရှုပြင်သို့ ဂေးလ်ဘတ် ထွက်သွားသည်ကို မြင်လိုက်ရသဖြင့် သူ စိတ်ချမ်းသာသွားပါ၏။

ထိုအချိန်ကလေးမှာပင် တစ်စုံတစ်ယောက်က သူ့ခြေထောက်ကို တက်နင်းလိုက်သဖြင့် ဂေးလ်ဘတ်ကို မေ့သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိနို၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ်စောင့်ကြည့် နေသူကလေး သော့ဒ်ဝီလ်ဆင်ဂိမ်း ဖြစ်ပါသည်။

ဇာတ်ခုံပေါ်မှာ ဘာတွေကပြနေသည်ကို သူ စိတ် ဝင်စားပါ။ ဇာတ်ခုံဘက်သို့ လုံးဝ မျက်စိမကစားပါ။

တကယ်ကတော့ ဇာတ်ခုံပေါ်မှ ပြကွက်များသည် စိတ်ဝင်စားစရာ အကောင်းဆုံးအကွက်များ ဖြစ်သည်။ မြေလျှိုးမိုးပျံသွားသော အခန်းများကို ဆန်းပြားစွာ ပြ ထားသည်။ မြေလျှိုးသည့် အခန်းတွင် ဇာတ်ခုံကြမ်း ပြင်မှာ အုံဖုံးလုပ်ထားပြီး စင်အောက်သို့ ဆင်းသွားေ သည်။

မိုးပျံသည့် အခန်းတွင်မူ ကောင်းကင်ကြိုးများ တပ် ဆင်ပြီး နေရာရွှေ့ပေးခြင်းဖြစ်သည်။

တိမ်လိပ်များ ပုံဆွဲထားပြီး ထိုတိမ်လိပ်များကလည်း ရွှေ့လျားနေသည်။

သို့သော် ဒါတွေကို ဝီလ်ဆင်ဂိမ်းနည်းနည်းကလေးမျှ စိတ်မဝင်စားပါ။

အလွန်လှပပြီး ချစ်စရာကောင်းသော လိမွှာ်သီးသည် ဆာလေးကိုသာ တပ်မက်သည့်မျက်လုံးများ၊ လက်စားချေ လိုသည့် အကြည့်များဖြင့် မျက်တောင်မခတ် ကြည့်ရှု အကဲခတ်နေလေသည်။

သူ့စိတ်တွေ အရမ်းကာရော လှုပ်ရှားနေသည်။

ထို့ကြောင့် လက်ချောင်းကလေးများဖြင့် သူ့ ဒူး ခေါင်းကို အဆက်မပြတ် ခေါက်နေမိသည်။



အတော်ကြီးကြာတော့မှ သူ့စိတ်ကို သူ ထိန်းနိုင် တော့သည်။ ဘာဆက်လုပ်ရမည်ဆိုသည်ကို အာရုံစူးစိုက် ပြီး စဉ်းစားနိုင်တော့သည်။

က,နေသော ပြဇာတ်သည် အသံ ပေါင်းစုံဖြင့် အလွန် ဆူညံသည့်ပြဇာတ်ဖြစ်သည်။ ဇာတ်သိမ်းခန်းသည် မိုး ချုန်းသံများဖြင့် အဆူညံဆုံးဖြစ်သည်။

အနားမှာရှိနေသည့်တပည့်နှစ်ယောက်ကိုတင်စိုးဘင်ရာ ပြောပြလိုက်သည်။ တပည့် နှစ်ယောက်က ပြက် လုံး ကောင်းတစ်ခု ကြားလိုက်ရဘိသကဲ့သို့ အားရပါးရ ရယ် မောကာ ထိုင်ရာမှ ထ,သည်။

'ရှေ့က မကွယ်နဲ့ဟေ့၊ ထိုင်ကွ.... ထိုင်'

နောက်ဘက်မှ လူများက ပိုင်းအော်ကြသည်။ တပည့် နှစ်ယောက်က လူတွေကြားထဲတိုးပြီး ဇာတ်ရုံ အပြင်သို့ ထွက်သွားကြသည်။

ဝီလ်ဆင်ဂိမ်း စိတ်အေးသွားသည်။ ထို့ကြောင့် ထိုင်ခုံမှာ သက်သောင့်သက်သာ မှီထိုင်ပြီး ပြဇာတ်ကို ပြန် ကြည့်နိုင်တော့သည်။ ပြဇာတ်ဆုံးခါနီးအချိန်အထိ သူ စောင့်နေသည်။

ထိုအချိန်ကလေးမှာပင် လိမ္မော်သီးဗန်းနှင့် လိနိုကို မလှမ်းမကမ်းမှာ လှမ်းတွေ့လိုက်ရသည်။

သူက ကိုယ်ကို ရှေ့သို့ကိုင်းကာ လက်ဖျောက်တီးပြီး လှမ်းခေါ်သည်။

'ဇဟေ့.... လိမွှာ်သီးသည်.... ဒီကိုလာပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံကြားသောကြောင့် လီနီ လှည့်ကြည့်သည်။ ခေါ်သူမှာ ဝီလ်ဆင်ဂိမ်း ဖြစ်နေသည်ကို တွေ့ရသဖြင့် သူ မျက်မှောင်ကုပ်သွားသည်။

ဝီလ်ဆင်ဂိမ်းအာ သူ့ကို ပြုံးကြည့်ကာ မျက်နှာ ချို သွေးနေသည်။

'ကျုပ် မြင်းရထား ဆီကို သွားပို့ပေးနိုင်မယ်ဆိုရင် မင်းလီမွှော်သီး အကုန်လုံးကို ဝယ်လိုက်မယ်'

ဟု သူက ပြောသည်။

'တိုးတိုးဟေ့ .... တိုးတိုးပြောပါ၊ ဟေ့ လီမွှော်သီး သည် ရှေ့က တည့်တည့်ကြီး ကွယ်နေတယ်၊ အာမှုမြင်ရ မတော့ဘူးကွ၊ တေးဖယ်စမ်း'

နောက်ဘက်မှာရှိနေသည့် ပရိသတ်ကလည်း နည်း နည်းလေးမှ သည်းမခံ။ တဲခအော်ကြည်း အော်ကြ သည်။

နောက်ကလူများ မြင်သာအောင် လီနီက ဘေးသို့ နည်းနည်း တိမ်းဖယ်ပေးသည်။ သို့သော်လည်း သူ ဘာ ဆက်လုပ်ရမှန်း မသိဘဲ ယောင်ကန်းကန်းဖြစ်နေသည်။

လော့ဒ်ဝီတ်ဆင်ဂိမ်းနှင့်ပတ်သက်ပြီး သူကြားဖူးသော သတင်းများ ခေါင်းထဲသို့ စုပြုံဝင်လာသည်။

သူတို့လူသိုက် အမြဲတမ်း အရက်မူးနေကြသည့် အကြောင်း၊ မိန်းကလေး များကို အုပ်စုဖြင့် ဝိုင်းဝန်းအနိုင် ကျင့် ဖျက်ဆီးနေကြသည့်အကြောင်း၊ သူတို့ ဖျက်ဆီးမှု ကြောင့် ဘဝပျက်သွားသော မိန်းကလေးတွေ များလှပြီ



ဆိုသည့်အကြောင်းများသည် မကြားချင်အဆုံး ဖြစ်နေ သည်။

ထိုဇာတ်လမ်းများကို လီနီအနေဖြင့် မယုံကြည်စရာ ဘာအကြောင်းမျှ မရှိပါ။ ထိုသို့သော သတင်းဆိုးများ ကြားရသောအခါ မိမိရပ်ရွာသို့ ပြန်ပြေး သွား သည့် အယ်မာလစ်ဒယ်လ်၏ ကံကြမ္မာကို ကျေးဇူးတင်ရသေး တော့သည်။ ရဲပြည်မှ အယ်မာ လွတ်မြောက်သွားခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

ဇာတ်ရုံထဲမှာ လီမွှော်သီး ရောင်းနေရင်းဖြင့်လည်း ဝီလ်ဆင်ဂိမ်းကို သတိထားပြီး အမြဲတမ်း ဝေးဝေးက ရှောင်ခဲ့သည်။ သတိမလစ်တမ်းလည်း ဆက်ဆံခဲ့သည်။

သူ့အကြည့်များကို လီနီ အလွန်ရွံမုန်းသည်။ ဘယ် တုန်းကမှ ရိုးသားစွာမကြည့်။ မွှက်ခိုးများဝေနေသည့် မျက်လုံးများဖြင့်သာ ကြောက်မက် ရွံရှာဖွယ်ကောင်း လောက်အောင် ကြည့်မြဲဖြစ်သည်။

ယနေ့ညလည်း သူတွဲနေကျ ပေါင်းဖော်သင်း ဖော်များနှင့်အတူတူ ပွဲလာကြည့်ကြခြင်း ဖြစ်သည်။ သူ့အပေါင်းအသင်းများကို လီနီ တောင်းဆောင်း သိ နေပြီ။

သူတို့ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

ဓားသမား ဗီကွင်စီ၊ လူရှုပ်လူ့ပွေဖြစ်သည်။ သို့သော် လည်း ဓားရေးအရာတွင် လန်ဒန်မြို့၌ အတော်ဆုံးအဖြစ် နာမည်ကြီးသည်။ အရှုပ်မြင့်မြင့် ကိုယ်လုံးသွယ်သွယ်

www.burmeseclassic.com

www.burmeseclassic.com



လီနိုကို ပြန်ကြည့်သည်။ သူ၏ မျက်လုံးစိမ်းများက လီနို ခန္ဓာကိုယ်ကို ဖြစ်မှားနေကြောင်း ထင်ရှားစွာ ပေါ်လွင်နေသည်။

ဖယောင်းမှုန်း ရုပ်ကို ကြည့်ရုံနှင့် အဘယ်မျှ ယုတ်မာကြောင်း ထင်ရှားစွာ သိသာနိုင်သည်။ လူပေါ်ကြော ဖြစ်သည်။ လန်ဒန်မြို့ပေါ်မှာ ရှိသည့် မကောင်းမှု အသက်မွေးသော အိမ်များသို့ ဝင်ရောက် ရမ်းကား စော်ကားသော ဖြင့် ထိုအိမ်မျိုး တစ်ဝက်ကျော် သူ့ကို အဝင်မခံဘဲ သပိတ်မှောက်ထားကြသည်။

လီနိုကို မျက်မှောင်ကုပ်ပြီး စိုက်ကြည့် ကြည့်ဘည်။ လီနိုက သူ့ကို အမြဲတမ်း ပမာမခန့် လုပ်ခဲ့သောကြောင့် သူ စိတ်နာနေသည်။ အခွင့် ကြုံလျှင် ကောင်း ကောင်း ဆုံးမဖို့ စိတ်ကူးထားသည်။

အယ်လီဗာဒိုက်စ်း တော သူဌေး သား ဖြစ်သည်။ ယောက်မြို့က လာသူဖြစ်ပြီး အပြောအဆို အ အထိုင် ရိုင်းစိုင်းသည်။ လီနိုကို စားတော့ဝါးတော့ ကြည့်နေသည်။ လိမ္မော်သီးသည်ကို လူအဖြစ် မမြင် လိမ္မော်သီးအဖြစ်မြင်ကာ အခွံ နွှာစားတော့မှာလား ထင်မှတ်မှားရသည်။

ဘွန်နီဖလိုင်း။ ကိုယ်လုံးကိုယ်ထည် အလွန်ထွားကျိုင်း ကြီးမားသော လူ့ဘီလူးကြီးဖြစ်သည်။ သူတို့ လူ ရှေ့တွင် လီနို တစ်ခါ လမ်းပိတ်မိသောကြောင့်

နှင့်ကိုင်ပြီး အဖမ်ခံရဖူးရာ ပြတ်တူနှင့် ညှပ်လိုက်သား ထင်ရလောက်အောင် သနားမာကြမ်းတမ်းသည်။

သူ့ရှေ့မှ ကားသီး ဘာဆီး လုပ်နေမိသော ခင်းသမီး လေး တစ်ယောက်ကို လက်သီးနှင့်ထိုးလိုက်ရာ မေးရိုး သွားဖူးသည်။ ကြောက်မက်ဖွယ်ကောင်းသော သူ့ နှာကြီး လီနိုးကဲ့သို့ လှည့်လာကာ စိုက်ကြည့်နေ သည်။

သူတို့တွဲနေကျ ဇစ်ခြား နှစ်ယောက် ရှိသေးသည်။ ထိုနှစ်ယောက်ကို လီနိုမတွေ့ဘော့။ သူတို့ နှစ် ယောက်က စေ့စေ့စီစီး ပြန်နှင့်ကြပြီထင်သည်။

ထောင်လွှား မောက်မာလွန်းသည့် ဝိလ်ဆင်ဂိမ်းကို အသာကြည့်ပြီး အကဲခတ်နေသည်။

လူပုံအလယ်တွင် အရှက် ခွဲထားသောကြောင့် မိမိကို မုန်းနေမှန်း လီနိုသိသည်။ ဖြစ်ပြီးခဲ့တာ ကတော့ ပါပြီ။ သို့သော်လည်း မိန်းကလေးလေး များစွာ သူဖျက်ဆီးခဲ့သည့် ကိစ္စနှင့် ပတ်သက်၍တော့ လီနိုထ ည်းနည်းကလေးမှ ခွင့်မလွှတ်နိုင်။

သူ့ကို အရှက် ခွဲခဲ့မိခြင်းကို နည်းနည်း ကလေးမျှ ဘဝဂမရမိ၊ လိုအပ်ဦးမည်ဆိုလျှင် ထပ် အရှက်ခွဲဖို့ ည်း နည်းနည်း ကလေးမျှ လက်နှေးလိမ့်မည် မဟုတ်ပါ။ ပညာသင်မျှ အုပ်စုဘက်မှ အော်ဟစ်သံများ ထွက်လာပြန်သည်။ လှမ်းကြည့်လိုက်သော အခါ လူ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် လုံးထွေးသတ်ပုတ် နေကြသည်ကို တွေ့ သည်။

အနောက်ပိုင်းသား များနှင့် ပညာသင် များမှာ တခြိမ်းခြိမ်း ရန်ဖြစ်နေကြသည်။ ယခု တစ်ယောက်ချင်း ဖြစ်နေရာမှ ခဏကြာလျှင် အုပ်စုလိုက် ဖြစ်ကြပေဦးမည်။

အရင် တစ်ခါလည်း သည့်လိုပဲ တစ်ယောက်ချင်း ဖြစ်ရာက နောက်တော့ အုပ်စုလိုက် ဖြစ်ကြသည်။ သူ ကြားထဲမှာ လီနို ညပ်နေပြီး လိမ္မော်သီဗန်း မှောက် ကျကာ လိမ္မော်သီးအားလုံး နင်းပြားဖြစ်ကုန်ပြီး အရင်း ပြုတ်မတတ် ကြုံခဲ့ရဖူးသည်။

ဝီလ်ဆင်ဂိမ်းက တင်ချက်သမ်းသည်။

'ဘယ်လိုလဲ၊ မင်း လိမ္မော်သီး ရောင်းမှာလား၊ ဒါမှ မဟုတ် တစ်ခြားက ဝယ်လိုက်ရမလား'

ဝီလ်ဆင်ဂိမ်းက စိတ်မရှည်သလို မေးသည်။

ဇာတ်ရုံအပြင်ဘက်မှာ ရှိနေသည့် သူ့ မြင်းရထား အရောက် သွားပို့ပေးဖို့ဆိုသည်ကိုတော့ လီနို မလုပ်ချင် ပါ။ သို့သော်လည်း ပြဇာတ်က ယခုထက်ထိ ဇာတ်သိမ်း ခန်း မရောက်သေး။ ဝီလ်ဆင်ဂိမ်းနှင့် သူ့ အဖွဲ့သည်လည်း ပြန်ဦးမည်မဟုတ်။ ပြဇာတ်မပြီးခင် သူတို့ပြန်လေ့ ရှိ ချေ။

ရောင်းချင်စိတ် ပေါက်လာသည်။

လိမ္မော်သီးအားလုံးကို အပြတ်ယူမည်ဆိုတော့ ရောင်း ချင်စရာလည်း ဖြစ်လာသည်။



အနောက်ပိုင်းသားများနှင့် ပညာသင်တို့ ရန်ပွဲက အဓိ ကရုဏ်းကြီး ဖြစ်လာနိုင်သေးသည်။

လိမ္မော်သီးအားလုံး ပြတ်သွားလျှင် အိမ် စောစော ပြန်နိုင်သည်။ စောစော အိပ်စက်အနားယူနိုင်သည်။

အထီးကျန်ဘဝတွင် အချိန်ရှိသမျှ အိပ်ပျော်နေခြင်း သည် အထိုက်အလျောက် သက်သာမှုကို ရစေသည်ဟု ဆိုနိုင်ပါသည်။

'ကျုပ် မြင်းရထားမောင်းတဲ့လူကို လိမ္မော်သီး တွေ သွားပေးလိုက်ပါ'

ဝီလ်ဆင်ဂိမ်းက ပြောပြောဆိုဆိုလီနို၏လက်ထဲသို့ ငိုက် ခံ ကိုးထည့်ပေးသည်။

လီနိုက သဘောတူလိုက်ပြီဟု ယူဆလိုက်သည့်သဘော ဖြစ်သည်။

ပြီးတော့ ဇာတ်ခုံဘက်သို့ မျက်နှာပြန်လှည့်သွားကာ စိတ်ပါဝင်စားစွာ ကြည့်နေတော့သည်။

သူ့ အမှုအရာက လီနိုကို သွားတော့ဟု ပြောလိုက်ဘိ သကဲ့သို့ရှိချေသည်။

မှန်ပါသည်။

သူ့ မြင်းရထားဆီ သွားပေးရပါတော့မည်။

ဘာကိုမျှ ကြောက်နေစရာ မလိုပါ။

ဝီလ်ဆင်ဂိမ်းနှင့် သူ့ အပေါင်းပါများသည် ဇာတ်ရုံ ထဲမှာ ဆက်နေကြဦးမည့်ပုံမျိုး ပေါက်နေသည် မဟုတ်ပါ လား။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့သည် ပျော်ပါးစရာ အမျိုးသမီး တစ်ယော
ယောက် သူတို့မှာ ရှိပြီးဖြစ်နေသည်မှာ သေချာသ
ဒါလောက်အဖိုးတန်သည့် လိမ္မော်သီးများကို အကုန်
ခြင်းသည် သူတို့ ရှာဖွေတွေ့ရှိထားသည့် အမျိုးသ
မျက်နှာလုပ်ဖို့သာ ဖြစ်ရပေမည်ဟု လီနိုက စဉ်းစား
သည်။

ပွဲကြည့်ပရိသတ် ကြားထဲမှ လီနိုတိုးထွက်ခဲ့သည်။

ဇာတ်ခုံပေါ်မှာ အတော်လေးဆူနေပြီ။

ဇာတ်ကောင်များသည် အမျိုးကြားလောက်အော
ဇာတ်ဝင်စကားများကို အတော်ကြီး အော်ဟစ်ပြော
ကြသည်။

အလွယ်တကူပင် ဇာတ်ရုံအမြင်သို့ ရောက်လာသ
ပြီးတော့ ဇီလ်ဆင်ဂိမ်း၏ မြင်းရထားကိုလည်း အ
တကူပင် ရှာ၍တွေ့ပါသည်။

သူ့မြင်းရထားကို အနီရောင်ရဲရဲကြီး သုတ်ထ
လူတိုင်းသိကြသည်။

ယခုမူ ဇာတ်ရုံအဝင်ပေါက်နားမှာ ကပ်ပြီး လ
ထားသောကြောင့် ပို၍ အရှာရလွယ်သွားလေသည်။
မကြာခင်မြဇာတ်ပြီးတော့မှ မို့ ဇီလ်ဆင်ဂိမ်း
လာလျှင် အလွယ်တကူ မြင်းရထားပေါ် တက်နိုင်အေ
အပေါက်ဝမှာကပ်ပြီး ရပ်စောင့်နေခြင်း ဖြစ်ပေလိမ့်မ



ဇာတ်ရုံထဲမှာ ပွဲကြည့်သူချင်း ရန်ဖြစ်နေကြသောကြောင့်
ထိုသူများကြားမှ အတော်တော့ တိုးထွက်ရပေလိမ့်မည်။
လီနိုက မြင်းရထားဆီသို့ ခပ်သုတ်သုတ် လျှောက်သွား
ပြီး ရထားမောင်းသူကို လိမ္မော်သီးများ လှမ်းပေးသည်။
ရထားမောင်းသူက အောက်သို့ငုံ့ပြီး လိမ္မော်သီးများ
လှမ်းယူနေသည့်အချိန်မှာပင် မြင်းရထားတံခါး စုန်းခနဲ
ပွင့်သွားကာ လူနှစ်ယောက်ခုန်ထွက်လာသည်။
ဟက်ဂတ်နှင့် လိုင်မွန်တို့နှစ်ယောက်ဖြစ်ကြောင်းလီနို
ချက်ချင်း မှတ်မိလိုက်လေသည်။

ဇီလ်ဆင်ဂိမ်းအနားမှာအမြဲရှိကြသည့် အနီးကပ်သက်
တော်စောင့်များ ဖြစ်ပြီး ယနေ့ည လိမ္မော်သီးဝယ်စဉ်က
ပျောက်နေသူနှစ်ယောက်ဖြစ်သည်။

လီနိုက ကုန်းအော်လိုက်သည်။
ထွက်ပြေးဖို့ နောက်ပြန်လှည့်သည်။လက်ထဲကလိမ္မော်
သီးဗန်း လွတ်ကျသွားသည်။
လိပ်သည်းကျောတ် ခင်းထားသည့် လမ်းပေါ်မှာ
ဥဒဟို လိမ့်ကုန်ကြသည်။

လိုင်မွန်က ခုန်အုပ်သည်။
လီနိုပခုံးတစ်ဘက်ကို ဆုပ်မိသွားသည်။ တင်းတင်း
ကျပ်ကျပ်ကြီး ဆုပ်ကိုင်လိုက်သောကြောင့် လီနို အလ
နာကျင်သွားသည်။
လိုင်မွန်က သူ့ဘက်သို့ ဆွဲလှည့်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနီမှာ မြွေပွင့်နှင့်ခြေထောက်လွတ်သွားပြီး လဲသွား တော့မလို ဖြစ်သွားသည်။

သို့သော်လည်း ဟက်ဂတ်က ကျန်လက်တစ်ဘက်ကို လှမ်းဆွဲလိုက်သောကြောင့်မလဲဘဲ လှေထဲမှာ မြောက်
သည်။

လိုင်မွန်နှင့် ဟက်ဂတ်က သူ့ကို မြင်းရထားထဲသို့ ဆွဲ သွင်းသည်။

လီနီ အသံကုန်အော်ခြင်းကို လူတိုင်း ကြားလော ပါသည်။ သို့သော်လည်း သူအော်လိုက်သည့် အချိန်မှာ ပင် ဇာတ်ရုံထဲမှ မိုးခြိမ်းသံများကျယ်လောင်စွာ အဆက် မပြတ် မြည်ဟည်းသွားရာ သူ့အော်သံမှာ ထိုအသံများ အောက်တွင် နစ်မြုပ်ပျောက်ကွယ်သွားလေသည်။

လီနီကို မြင်းရထားဆီသို့ ဒယဉ်တိုက် ဆွဲယူနေချိန်မှာ ပင် အနောက်ပိုင်း သားများနှင့် ပညာသင်များ ထိုရင် ကြိတ်ရင်း ရုံပြင်သို့ အန်ထွက်ကျလာကြသည်။ အပြန် အလှန်လည်းအော်ဟစ်ဆဲဆိုနေကြသည်။

ထိုအဖြစ်အပျက်ကြောင့် ဘေးလူ တစ်ယောက်မြင် သွားလျှင်သည်း လိုင်မွန်နှင့် ဟက်ဂတ်သည် ရန်ပွဲကြောင့် ကြောက်အားလန့်အားအော်နေသည့် မိန်းကလေးတစ် ယောက်ကို ရန်ပွဲနှင့်လွတ်ကင်းသည့်နေရာသို့ ကယ်ထုတ် ပေးနေခြင်းဖြစ်သည်ဟု ထင်မြင်ယူဆသွားမည်မှာ မလွဲ ပေ။



မြင်းရထားထဲသို့ သူ့ကို အသာကလေး သွင်းလိုက် သည်။

လိုင်မွန်က သူ့ခြေထောက်များပေါ်မှာ ချက်ချင်း တက်ထိုင်ပြီး ချုပ်ထားသည်။

ဟက်ဂတ်က ဝှေ့ယမ်းနေသည့် သူ့လက်နှစ်ဘက်ကို ချုပ်လိုက်သည်။

အလွန်သန်မာသော ယောကျ်ားနှစ်ယောက် ချုပ် ထားသည့်အောက်တွင် လီနီ မည်ကဲ့သို့ ရုန်းနိုင်ပါတော့ မည်နည်း။

စဘင်တိုက်ခိုက်ရမည့်အချိန်ကို ဝီလ်ဆင်ဂိမ်း အချိန် ကိုက်ထားခြင်းမှာ အလွန်တရာကို တိကျလှပေသည်။

လီနီသည် လွယ်လွယ်နှင့် အလျှော့ပေး တတ်သော မိန်းကလေးမဟုတ်ပါ။

ထို့ကြောင့် ယောကျ်ားကြီးနှစ်ယောက် ချုပ်ထား သည့်ကြားမှပင် ရှိသမျှခွန်အားကို အသုံးပြုကာ ဖြစ်နိုင် သမျှနည်းလမ်းများဖြင့် အစွမ်းကုန်ရုန်းသည်။

လိုင်မွန်၏ လက်တစ်ဘက်ကို တအားကိုက်ချပစ်လိုက် သည်။

အတော်နာသွားသောကြောင့် လိုင်မွန် ဒေါသ ထွက် သွားသည်။

ထို့ကြောင့် ဟက်ဂတ်ချုပ်ထားသည့် လီနီ၏ လက် တစ်ဘက်ကိုဆွဲယူပြီး နောက်ပြန် လိမ်ချိုးပစ်လိုက်သည်။ သက်ကျိုးမတတ်ဖြစ်သွားပြီး လီနီမှာ မခံမရပ်နိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



နာကျင်သောကြောင့် ကိုက်ထားသည့် လိုင်မွန်၏လက်ကို လွှတ်ပေးလိုက်ရတော့သည်။ မျက်လုံးများသည်း ပြာသွားသည်။

မျက်လုံးများ ပြန်ကြည်လာသောအခါ မြင်းရထား ကြမ်းပြင်ပေါ်တွင် မကုန်းမကွ အနေအထားမှာ သူ့ကို ချုပ်ယှာ ခြင်းဖြစ်ကြောင်း သတိထားမိလေသည်။ သူ့ မျက်နှာအနီးတွင်လည်း ယောကျ်ားတို့၏ ဖိနပ်များတွင် တပ်ဆင်ထားသော မြင်းနှင့် သံဆူးဘိ များ ဆရောင် တစ်လက်လက်ဖြစ်နေသည်ကို မြင်ရသည်။

ပတ်လည့်ကို အသာ အကဲခတ်ကြည့်သည်။ တကယ့် နွံရာယ်ကို တွေ့ရပြီဖြစ်ကြောင်း သဘောပေါက်သွားသည်။

ထိုသို့ ကြောက်စိတ်ဝင်စအချိန်မှာပင် လူ့ဘီလူးကြီး ဘွန်နီဖရိုင်းရောက်လာပြီး လိုင်မွန်တို့နှင့် ပူးပေါင်းလိုက်လေသည်။

လီနီကိုငုံ့ကြည့်ပြီး ရက်စက် ကြမ်းကြုတ်သော နှုတ်ခမ်းများပြုံးသွားလေသည်။

ခဏကြာတော့ ဝီလ်ဆင်ဂိမ်း ကိုယ်တိုင် ရောက်လာသည်။ လီနီ အသံကုန် အော်နေသည့်အချိန်မှာ ရောက်လာ ခြင်းဖြစ်သည်။

'လီနီ...မင်း နောက်တစ်ခါထပ်အော်ဦးမယ် ဆိုယင် ဘွန်နီဖလိုင်းက မင်းကို ရက်ရက်စက်စက် နှိပ်စက်တော့ မယ်၊ ဒီလိုအနှိပ်စက်ခံလိုက်ရမယ်ဆိုယင် ကျုပ်တို့နောက်



ကနေပြီး ရထားတင်စီးအပြည့်လိုက်လာတဲ့ အမျိုးသား တွေကို သိပ်အားနာစရာကောင်းသွားမှာပေါ့၊ သူတို့ကလဲ မင်းကို ကျုပ်တို့လိုပဲ အမြဲ စိတ်ဝင်စားနေတာလေ'

ဝီလ်ဆင်ဂိမ်းက အနူးညွတ်ဆုံးလေသံဖြင့် သာယာညင်း ပြောင်းစွာပြောသည်။

ဝိုင်အရက်တစ်ခွက်ကို အတူတူသောက်ဖို့ ဖိတ်ခေါ် သည့်လေသံမျိုးဖြင့် ပြောနေခြင်း ဖြစ်လေသည်။

အေးစက်သောလေသံဖြင့် ထိုသို့ ခြိမ်းခြောက်သည့် အတွက် ဘယ်တုန်းကမှအလံမလဲခဲ့သည့် လီနီ၏သတ္တိသည် တောင်းကနဲပြန်လည်ထကြွလာလေသည်။

'လော့ဒ်ဝီလ်ဆင်ဂိမ်း၊ ကျွန်မနာကျင်အောင် ရှင်တို့ တစ်ခုခုလုပ်မယ်ဆိုယင် အဲဒီအကြောင်းကို ဘုရင်မင်းမြတ် ပြန်ကြားမှာသေချာတယ်'

အာခံသည့်လေသံဖြင့် တင်းတင်းမာမာ ပြောသည်။

'ဟုတ်လား၊ မင်းဟာ ဘုရင်မင်းမြတ်ရဲ့ အရေးပေးခံ အမျိုးသမီးမှမဟုတ်ပဲ၊ ဘုရင်မင်းမြတ်နဲ့အတူတူ အိပ်ခန်း တာတ နဲ့လ်လေကွာ'

သူက အဖြစ်မှန်ကို သတိပေး ထောက်ပြသည်။ သူ ပြောပုံမှာဘာကိုမျှ ဂရုစိုက်သည့် လေသံမျိုးဖြင့် ဘည် တည်ငြိမ်ငြိမ် ရှိလှသည်။

'နောက်ပြီးတော့လဲ ကျုပ်တို့က မင်းကို နာအောင် ကျင်အောင်လုပ်ကြမှာ မဟုတ်ဘူးလေ၊ အားလုံး ပျော်

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပါးပါ။ဖြစ်ကြမှာပါ ဒီအကြောင်းကို ဘုရင်မင်းမြတ်ကြားယင်းလဲ သဘော ကျ လက်ခံမှာပါ’

ဟု သူ့စကားကို သံမှန်ဖြင့်ဆက်ပြောသည်။

လီနီက အားရုံစိုက်သည့် အမူအရာဖြင့် ပြန်ကြည့်သည်။

ဝီလ်ဆင်ဂိမ်းနှင့် အမျိုးသမီးတို့၏ ဇာတ်လမ်း အတွေ့ထွေကို သူကြားဖူးထားပါသည်။

မယုံကြည်ခဲ့သော ဇာတ်လမ်းများသည် အမှန်များဖြစ်ပါသည်။

‘ရှင် ကျွန်မကို ဘယ်ခေါ် သွားနေတာလဲ’

ဟု လီနီက လေသံမာမာဖြင့် မေးသည်။

‘အိမ်ကိုပေါ့၊ တခြား ဘယ်ခေါ်ရဦးမှာလဲ’

လီနီက မျက်နှာလွှဲပစ်လိုက်သည်။ လိုင်မွန်၏ ဖိနပ်မှ မြင်းနှင့် သံဆူးဘီးကို ကြည့်နေလိုက်သည်။ သူ့မျက်နှာပေါ်တွင် မည်သို့သောအမူအရာ ရှိနေသည်ကို ဝီလ်ဆင်ဂိမ်း မြင်မှာစိုးသောကြောင့် ဖြစ်သည်။

ဝီလ်ဆင်ဂိမ်း၏ အိမ်သည် လန်ဒန် တံတားကြီး၏ အလည်လောက်တွင်ရှိသည်။ အိမ်အောက်၌ သိမ်းမြစ်က တသွင်သွင် စီးနေသည်။

သူတို့မြင်းရထား တံတားသို့အဝင်တွင် ဗလကောင်းကောင်း လူနှစ်ယောက်က မြင်းရထားကို လှမ်းရပ်ရှောင်သည်၊ သူတို့နှင့် အလှမ်းနီးသောကြောင့် လီနီက အော်ဟစ် အကူအညီတောင်းဖို့ ပါးစပ်ဟလိုက်သည်။



သို့သော် ကြမ်းတမ်းသော ဘွန်နီဖလိုင်း၏ လက်ထူသူ့ပါးစပ်ပေါ်သို့ အလျင် ရောက်လာနှင့်သည်။ လီနီကလည်း ရုန်းကန်ရန်အင်အား၊ ရသမျှအခွင့်အရေးကို လက်လွှတ်မခံနိုင်သောကြောင့် ဓားနှံမိဆန့်ရာကို ခြေထောက်ဖြင့် စွတ်ကန်သည်။ မည်သူ့ကိုမှ မကန်မိဘဲ လိုင်မွန်၏ဖိနပ်မှ မြင်းနှင့်သံဆူးဘီးနှင့်ခြစ်မိပြီး သူ့ခြေအိတ် စုတ်သွားခြင်းပဲအဖတ်တင်သည်။

တူတစ်လက်ကဲ့သို့ ကြီးမားသည့် လက်သီးဖြင့် ဘွန်နီဖလိုင်းက ရွယ်သည်။

‘တော်ပါပြီ ဘွန်နီဖလိုင်း— တော်ပါပြီ၊ လူကြီးလူကောင်းတစ်ယောက်ကို ဒီနည်း ငါ ညွှန်ခံရောရှိတာ မမေ့ပါနဲ့၊ ငါညွှန်သည် အထင်ကြီးသွားစေချင်တယ်၊ ကောင်မလေးကိုယ်ပေါ်မှာ ဒဏ်ရာ အနာတရတွေ ရှိနေယင် ငါသိက္ခာကျသွားမှာပေါ့၊ ထားလိုက်....ထားလိုက်’

ဝီလီဆင်ဂိမ်းက လေပျော့ကလေးဖြင့် လှမ်းတားသည်။

ဘွန်နီဖလိုင်းက လက်ကိုပြန်ရုပ်သည်။ အံကြိတ်နေသည်။ မြင်းရထားကြမ်းပြင်ပေါ်မှာ လဲနေသည့် လီနီ၏ ကိုယ်လုံးမှာ တဆတ်ဆတ် တုန်ယင်နေသည်။

မြင်းရထားက တံတားအလယ် ဝီလ်ဆင်ဂိမ် ၏ အိမ်ရှေ့မှာ ရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းရထား ပေါ်မှအဆင်းတွင် နောက်ဆုံး ကြိုးစား ခြင်းအနေဖြင့် လီနိုက သူတို့လက်ထဲမှ ရုန်းဖြေးဖို့ကြိုးစား သေးသည်။

သို့သော်လည်း မအောင်မြင်မြန်ပါ။ ဘွန်နီဖလိုင်းက သူ့ကိုယ်လုံးကလေးကို အသာကလေး မကောက်ထမ်းပြီး အိမ်ထဲသို့သွင်းသွားသည်။ အိမ်တံခါးကို အလိုက်သင့် ဖွင့်ပေးသည်။ မည်သည့်နေရာမှ မည်သူက ဖွင့်လိုက် ကြောင်းကိုပင် မသိလိုက်ရချေ။

သို့သော် ယောကျ်ားအိမ်ဖော် တစ်ယောက်ကို တွေ့ သည်။ သူလာပြီး အယ်မာအကြောင်း စုံစမ်းစဉ်က အယ် မာ ရှာမြန်သွားပြီဖြစ်ကြောင်း ပြောလွှတ်လိုက်သူ ဖြစ် လေသည်။

သူတို့နောက်မှလိုက်လာသည့် မြင်းရထားသံကိုလည်း ကြားနေရသည်။ ထိုရထားသည်း ထိုအိမ်ရှေ့မှာပင် ရပ်ပြီး လူတွေ ဆင်းကြသည်။ ပြီးတော့ သူ့ ပတ်လည်မှာ သူ့ သက်ငေါ် အသုအယက် ဝိုင်းကြလေသည်။

သူတို့ထဲက အတော်များများကို လီနို မမှတ်မိပါ။ ဘုရားသခင်... လူတွေများလှန်းလှပါသည်။ ကိုးယောက် ဆယ်ယောက်၊ တစ်ဒါဇင် မကပါ။

နှစ်ယောက်က အတော်ကြီးကို မူးနေသည်၊ သူတို့ ခြေထောက်ကိုပင် ကောင်းကောင်းမသယ်နိုင်သည့် အခြေ အနေ ရောက်နေသည်။ တစ်ယောက်က ယိုင်တီးယိုင်ထိုး ဖြင့် လီနိုနားသို့ လျှောက်လာပြီး အနီးကပ် ကြည့်သည်။



'ဒီကောင်မကို ငါသိတယ်ကွ'

ဟု ဗလုံးဗထွေး ရေရွတ်သည်။

'ခင်ဗျားလုံးပဲ ကျုပ်တို့အားလုံး မကြာခင် သူ့အ ကြောင်း သိကြရတော့မှာပါဗျာ'

ဘွန်နီဖလိုင်းက ခပ်ပြတ်ပြတ် ပြန်ပြောသည်။

လီနိုက သူ့ကို ဒေါသမာန်ကလေးဖြင့် ခပ်တင်းတင်း ပြန်ကြည့်သည်။ သို့သော်သည်၊ ဘွန်နီဖလိုင်းက သူ့ကို အပေါ်ထပ်သို့ ထမ်းတင်သွားသောအခါတွင်မူ ရုန်းကန် ခြင်း မပြုတော့ပါ။

သူတို့နောက်မှ ကပ်ပြီး ဝီလ်ဆင်ဂိမ်း တက်လိုက်လာ သည်။

လှေကားထိပ်မှအခန်းတစ်ခန်းကို ယောကျ်ားအစေခံ တစ်ယောက်က သော့ဖွင့်ပေးသည်။

လီနိုကို ထိုအခန်းထဲသို့ ထိုးသွင်းပြီး တံခါးပိတ်သွား သည်။ အပြင်မှ ချက်ထိုးသံကိုပါ ကြားလိုက်ရလေသည်။

အထဲမှာဖယောင်းတိုင် ထွန်းထားသည်။ လေးထောင့် ခပ်စပ် အိပ်ခန်းတစ်ခန်း ဖြစ်ကြောင်း သိလိုက်ရသည်။ နှင်းဆီရောင် မြားနတ်ခေါင်းရုပ်များနှင့် ကြီးမားသော ခုတင်ကြီးရှိသည်။ ခုတင်ကြီးကို ပင်ပုံဖုံးထားသည်။

လီနို အကဲခတ်ကြည့်နေစဉ်မှာပင် ခုတင်ပေါ်မှစောင် ဟသွားပြီး မျက်နှာကလေးတစ်ခု ပေါ်လာကာ အပြင် ကို ချောင်းကြည့်သည်။ မျက်နှာကလေး နောက်ကွယ်မှ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးတင်ခုပါ ပေါ်လာသည်။ အလွန်တရာ ပိန်လှီသော မိန်းကလေးတစ်ယောက်၏ ကိုယ်လုံးဖြစ်သည်။

လီနီက အံ့သြတကြီးဖြင့် သေသေချာချာ အကဲခတ်ကြည့်နေသည်။

မိန်းကလေး၏ ကိုယ်လုံးကလေးမှာ လှေပြင်ပြင်းတိုက်လျှင်ပင် လဲပြိုတော့မည်လားဟု ထင်မှတ်ရလောက်သည်။

မျက်လုံးများကလည်း တွင်းကြီးဖြစ်ကာ အတွင်းသို့ ချိုင့်ဝင်နေသည်။

သွေးရောင်မရှိဘဲ ဖြူဖွေးနေသော ထိုမျက်နှာကလေးသည် လီနီကို မှတ်မိလိုက်သောကြောင့် ဝင်းလက်သွားလေသည်။

'အယ်မာ'

လီနီက အံ့သြတကြီး အော်သည်။

'အို—အယ်မာ၊ မင်းကို ဘာလုပ်ထားကြတာလဲ ဟင်....'

အယ်မာသည် အားငင်းလူးလဲထကာ ငိုရှိုက်ရင်း လီနီဆီသို့ ပြေးလာသည်။

ပြီးတော့ အတင်း ဖက်ထားသည်။ ကြေမွနေသော တလေး ကစားစရာ အရုပ်ကလေးတစ်ခုလို တစ်စစီပဲ ကျသွားတော့မည့်ကဲ့သို့လည်း ဖြစ်နေသည်။

'ကျွန်မငရဲခံနေရတာပါ၊ ငရဲပြည်ကို ရောက်လာတာပါ၊ ပြောယင် ရှင်ယုံမှာတောင်မဟုတ်ဘူး'



ရှိုက်သံများဖြင့် အယ်မာက ပြောသည်။

လီနီက အယ်မာကို အနည်းငယ်တွန်းကာ ကိုယ်လုံးချင်းခွာလိုက်သည်။

မျက်ရည်တွေ ရွှဲနေသည့်မျက်နှာလှလှကလေးကိုအကဲခတ်ကြည့်သည်။

'မင်းလန်ဒန်ကနေထွက်သွားပြီလို့ သူတို့က ပြောကြတယ် အယ်မာ'

အယ်မာက ခေါင်းခါသည်။ တစ်ဆက်တည်း ငိုပြန်သည်။

'မင်းကို သူဘယ်လိုလုပ်လိုက်တာလဲ၊ နောက်ပြီးတော့ မင်းရဲ့မြို့စားကြီး ဘယ်ရောက်သွားသလဲ'

လီနီက လေသံမာမာဖြင့် မေးသည်။

'အစ—အစပထမကတော့ သူ ကျွန်—ကျွန်မအပေါ်မှာ ကြင်ကြင်နာနာရှိပါတယ်'

အယ်မာက အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။ ပြီးတော့ သူကြိုးစားပြီးရှင်းပြသည်။

'ကျွန်မကလဲ သူ့ကို ချစ်မိနေပြီလို့ ထင်မိပါတယ်၊ ဒါပေမယ့် တစ်ညမှာတော့ မြင်းရထားပေါ် တင်ပြီး ကျွန်မကို ဒီနေရာခေါ်လာတယ်၊ ပြီးတော့ ကျွန်မကိုဒီမှာ ပိတ်ထားခဲ့ပါတယ်၊ ဖဲကြွေးဆပ်စရာရှိလို့ ကျွန်မကို ကြွေးဆပ်လိုက်တာလို့ လော့ဒ်ဇီလ်ဆင်ဂမ်းက ကျွန်မကို ပြောပြပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် မင်းသိပ်ပိန်တာပဲ၊ အစားအစာမကျွေးဘူးလား'

အယ်မာက သက်ပြင်းလေးချသည်။

'ဒါလောက်တောင် ပိန်ကျသွားတာကတော့ ကျွန်မအပြစ်ပါပဲ၊ ကျွန်မလေ... ကျွန်မက အစာမစားဘဲနေလိုက်ယင် ခပ်မြန်မြန်သေသွားမှာပဲလို့ ထင်ထားမိတာ'

လီနီ ကြေကွဲ ဝမ်းနည်းနေသော သူ့သူငယ်ချင်းကလေးကို သေသေချာချာအကဲခတ်ကြည့်သည်။

'ဟုတ်လား၊ ဒါလောက်တောင်လဲ မဆိုးနိုင်ဘူးထင်ပါရဲ့ကွယ်'

'ဆိုးတယ်... အရမ်းဆိုးတယ်'

အယ်မာက ရိုးရိုးကလေးပြောသည်။ ပြီးတော့ သူ့ကိုယ်သူငုံ့ကြည့်ကာ စဉ်းစားနေသည်။

'သူတစ်ယောက်တည်း မဟုတ်ဘူး လီနီ၊ သူတို့မကြာခဏပွဲတွေလုပ်ကြပြီး လူအများကြီးနဲ့ ကျွန်မကိုစိုင်းအနိုင်ကျင့်နေကြတာ၊ အရပ်တကာမှာရှိတဲ့ ယောကျ်ားပေါင်းစုံ ဒီကိုခေါ်လာပြီး သူတို့အကျင့်ပျက်ချင်တိုင်း ပျက်နေကြတာ၊ နောက်ပြီးတော့လဲ... နောက်ပြီးတော့လဲ...'

အယ်မာမှာ စကားမဆက်နိုင်တော့။ သူ့မျက်လုံးအိမ်တွင်လည်း မျက်ရည်များပြည့်လာပြန်သည်။

'တော်ပါတော့ကွယ်၊ ဒီအကြောင်း မပြောပါနဲ့တော့'



လီနီက ခပ်ပြတ်ပြတ်ပြောပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

'ဒီအခန်းထဲကနေ အပြင်ထွက်လို့ ရနိုင်တဲ့သမ်းပေါက် မရှိသောဘူးလား'

ဟုလည်း မေးသည်။

'မရှိဘူး၊ တံခါးတွေအကုန်လုံး သော့ခတ်ထားတယ်၊ ဒေါ်လီစံဆိုတဲ့ရှာသူ ထိန်းကြီးက ခန်းထဲမှာအမြဲကမ်းစောင့်နေတာပဲ၊ တစ်ခါတုန်းက ကျွန်မထွက်ပြေးဖို့ ကြိုးစားဖူးတယ်၊ ဒေါ်လီစံဖမ်းမိသွားပြီး လက်ကို လိမ်ချိုးလိုက်သာ ကံကောင်းလို မကျိုးတာပဲ၊ အဲ့ဒီလို ဖမ်းမိနိုင်တဲ့အတွက် ဆုအဖြစ် ငွေယူမလား၊ ကျွန်မကိုယူမလားလို့ ဝီလ်ဆင်ဂိမ်းက မေးတယ်၊ ဒေါ်လီစံက ကျွန်မကိုယူမယ်လို့ ပြောတယ်၊ အဲဒီ လောက်ကိုဆိုးတာပါလီနီ'

ပြောနေရင်းမှာပင် သူ့ကိုယ်လုံးကလေး တုန်တုန်ယင်ယင် ဖြစ်နေသည်ကို လီနီသတိထားမိသည်။

ရှင်ကလေး ဒီကိုဘယ်လိုလုပ်ပြီးရောက်လာတာလဲဟင်'

'ဇာတ်ရုံရှေ့မှာ သူ့လူတွေက ဝိုင်းဖမ်းလာကြတာလေ'

အယ်မာက မယုံကြည်နိုင်သလို ငေးကြည့်နေသည်။ သို့ ကြည့်နေရင်း သူ့မျက်လုံးထဲတွင်မျှော်လင့်ချက် ခြည် တစ်ခု လက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသင့်စောင့်နေပြီး သတိကောင်းလှသောလှေသမား က အယ်မာ၏လက်တစ်ဘက်ကို ဆွဲယူတာ ရေထဲမှ နေ၍ လှေပေါ်သို့ ဆွဲတင်လိုက်လေသည်။

ထိုအချိန်မှာပင် လီနိုက ပြတင်းပေါက်ပေါင်ပေါ် သို့ အူယားဖားယားတက်သည်။ ရေထဲသို့ခုန်ချဖို့ ဟန်ပြင် လိုက်သည်။

သို့သော်လည်း....

လီနို လုံးဝမခုန်လိုက်ရတော့ပါ။

လေထဲကိုတော့ သူ့ကိုယ်လုံး မြောက်ခနဲပါသွား ၏။ သို့သော်လည်း အဆောက်အအုံအပြင်ဘက် လေထဲ ပြင်နယ်ထဲသို့ ရောက်သွားခြင်းကား မဟုတ်ပါ။

သန်မာသည့်လက်နှစ်ဖက်က သူ့ခါးကိုတင်းတင်းကိုင် ပြီး ဆွဲမယူလိုက်သည်။

ပြတင်းပေါက် ပေါင်ပေါ်မှနေ၍ နောက်ဘက် အခန်းထဲသို့ မြောက်ခနဲပြန်ပါသွားလေတော့သည်။

'လွှတ်တော့...လွှတ် ပြေးတော့....ကယ်မယ့် လူ ပေါ်လာခဲ့'

သတိကောင်းလှသောလီနိုသည် သူ မလွတ်နိုင် ကိုသိသောအခါ အောက်မှလှေသမားကို အချိန်မီ ဟစ် အမိန့်ပေးဖြစ်အောင် ပေးလိုက်နိုင်သေးသည်။

ထိုသို့ အော်ပြောလိုက်သည့် အချိန်မှာပင် ထို အစဉ်သည် မျှော်လင့်ချက် မရှိသလောက် နည်း



ကြောင်းကိုလည်း သဘောပေါက် ရိပ်စားမိလိုက်လေ သည်။

ဘယ်လိုပဲဖြစ်ဖြစ် အားအင်ကုန်ခန်းနေသည့် သနားစရာကောင်းသော အယ်မာသည် တစ်နေရာရာသို့ ရောက် သွားမည်ဆိုလျှင် ကံကောင်းသည်ဟုပင် ဆိုရပေမည်။

မြစ်အောက်ပိုင်းရှိ လုံခြုံစိတ်ချရသော တစ်နေရာရာသို့ လှေသမားက လိုက်ပို့ပေးမည်ဆိုလျှင် အင်မတန် ကံ ကောင်းသည် ဟု ဆိုရပေမည်။

အကယ်၍ လှေသမားက ထိုသို့ကောင်းရာအရပ်သို့ လိုက်ပို့မပေးဟု ဆိုခြားအံ့၊ အယ်မာ၏ ကံကြမ္မာလည်း ပို၍ဆိုးသွားသည်ဟု မပြောနိုင်အောင်ဖြစ်ရပေသည်။

'အယ်မာဆိုတဲ့ကောင်မလွတ်သွားပြီ'

ဘေးလ်စ်က လီနို၏ခါးကို တင်းတင်းကိုင်ထားရင်းက ပြတင်းပေါက် အပြင်သို့ ခေါင်းထွက်ကြည့်ပြီး ပြော သည်။

'သခင်.... အဲဒီ ကောင်မ လှေ နဲ့ ထွက်ပြေးသွားပြီ ခင်ဗျ'

ဟုလည်း ဆက်ပြောပြန်သည်။

ဗီလ်ဆင်ဂ်မ်း၏ အေးတိအေးစက်လေသံက အသင် သေးစွာဖြင့် သူ့စကားကိုဖြတ်ပြောသည်။

'ကိစ္စမရှိဘူး ဘေးလ်စ်၊ ဘယ်လိုပဲဖြစ်ဖြစ် သူ့ကို ငါ အနိုင်ထုတ်ပြီးလိုက်တော့မယ့်ဆဲဆဲပဲ၊ ဒီကောင်မမှာ ဘာ အသိဉာဏ်မှမရှိတော့ဘူး၊ ငါလိုချင်တာက ဖိုးမတာစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကွ၊ သစ်သားရုပ်ကြီးတစ်ရုပ်ကိုလိုချင်တာမဟုတ်ဘူး၊ အခု တို့မှာပိုကောင်းတဲ့မိန်းမတစ်ယောက် ရထားပြီလေကွာ’

‘ဒါပေမယ့် သခင်...ဟိုဘောင်မလေးက လူတွေကိုလျှောက်ပြော’

‘ဘယ်သူ့ကိုမှ ဘာစကားမှ ပြောမှာ မဟုတ်ပါဘူးကွာ၊ မင်းကလဲစိုးရိမ်တတ်ရန်ကော၊ တစ်ယောက်ယောက်ကိုပြောပြဖို့ ဒီဘောင်မသိပ်ကြောက်နေလိမ့်မယ်၊ ကြောက်ကြောက်လန့်လန့်နဲ့တစ်နေ့ရာရာမှာ ဝင်ပုန်းနေလိမ့်မယ်၊ ဒါကြောင့် တစ်နေ့ကျတော့ ငါ့လက်ထဲကိုပဲ ပြန်ရောက်လာမှာပဲ၊ ဟား...ဟား’

ဗီလ်ဆင်ဂီမ်းက ရယ်သည်။

အယ်မာသည် ဘာတွေဖြစ်ပြီး ဘာနတ္တခံစားခဲ့ရသည်ကို ပြောဖို့အလွန်တရာကြောက်လန့်ခနမှည်မှာ အင်မတန်ဖြစ်နိုင်ကြောင်း လီနိုကလှည်၊ ထိတ်ထိတ်လန့်လန့်ဖြင့်နားလည်လိုက်လေသည်။

ဒါလောက်ကြီးမားသည့် အန္တရာယ်များကို ရင်ဆိုင်ကာ သူဘာပြောင်ဝံ့ရှာမည်နည်း။

ဗီလ်ဆင်ဂီမ်းက လီနိုဘက်သိုလှည့်ကြည့်သည်။ ရာဂရမက်ခိုးများသည် သူ့မျက်လုံးများထဲတွင် တထောင်းထောင်းထနေသည်။



‘မင်းကိုယ်မှင်း ထိန်းထိန်း သိမ်းသိမ်း နေပါ လီနို၊ ကောင်းကောင်းမွန်မွန်လုပ်ရှားပါ၊ ကင့်မြို့က ငါ့မိတ်ဆွေတစ်ယောက် ရောက်လာတယ်၊ သူ့စိတ်ချမ်းသာအောင်မင်းကောင်းကောင်းမွန်မွန်ဆက်ဆံမယ်ဆိုယင် သူက ငါ့ကောင်းကြောင်းတွေ ဘုရင်မင်းမြတ် နားပေါက်အောင်သံတော်ဦးတင်ပေးလိမ့်မယ်၊ အဲဒီလိုဘုရင့်နားပေါက်ယင်မင်းကို ဆုတော်လာဘ်တော်ချတဲ့အခါနဲ့ လန်ဒန်မြို့ထဲမှာငါနဲ့အတူတူပြီး မြင်းရထား စီးခွင့်ပေးမယ်၊ ဘောလိစ်လွှတ်ပေးလိုက်ပါကွာ’

ဗီလ်ဆင်ဂီမ်းက လေသံအေးအေးဖြင့်ပြောသည်။

သူ့ခါးကို တင်းတင်းကိုင်ထားသည့်ဘောလ်၏ လက်များ ပြေလျော့သွားသည်နှင့်တစ်ပြိုင်တည်း လီနိုကစောစောက ပြတင်းပေါက်ဆီသို့ ခုန်ပြေးသည်။

သို့သော်လည်း ပြတင်းပေါက်နားသို့ သူမရောက်မီမှာပင် ပြတင်းပေါက်ကလေးမှာ ဆောင့်ပိတ်ခြင်းကို ခံလိုက်ရသည်။

ထိုမျှမက သူ့ကိုယ်လုံးကလေးသည်လည်း တစ်စုံတစ်ယောက်၏ ဘောလုံးချင်းအတိုက်ခံလိုက်ရသဖြင့် ဘေးသို့လွင့်ထွက်သွားလေသည်။

လူ့ဘီလူးကြီးဖြစ်သော ဘွန်နီဖလိုင်းသည် အခန်းထဲသို့ အချိန်ကိုက်ပြီးရောက်သလိုရောက်လာသည်။

ပြတင်းပေါက်ဆီ ပြေးသည့် လီနိုကို ကိုယ်လုံးချင်းတိုက်ပစ်လိုက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မြစ်ထဲပေါက်နားမှာ မှိုရပ်နေပြီး မြုံးမြုံး ကြီးသမ်းကြည့်နေလေသည်။

လီနိုမှာ အခန်းလယ်တွင် ယိုင်တီးယိုင်တိုင်ဖြင့် ရပ်နေသည်။

နောက်ပြီးတော့ ဝီလ်ဆင်ဂိမ်း နှင့် မျက်နှာချင်းဆိုင်မှာ လည်း ရပ်နေမိခြင်းဖြစ်လေသည်။

'နင့်ဒေါ်သည်ကိုလဲ မချော်ဖြူဘူး၊ နင့်ကိုလဲ မဖျော်ဖြေဘူး၊ နင့်ကို ငါသတ်ပေးလိုက်မယ် ဝီလ်ဆင်ဂိမ်း၊ ငါ့ကိုအပြင်ဆာဝမှာအကျပ်ကိုင်မယ် ငါ့သိကဘယ်လိုကျေနပ်မှုမျိုးကိုမှ နင်မပေးစရာဘူး'

လီနိုက အလွန်အရှုံးမာဟိုက်နေရာမှ အသက်ရှူမှန်တဲ့ပြောသည်။

ဝီလ်ဆင်ဂိမ်း၏လက်တစ်ဘက် လှစ်ခနဲ မြောက်သွားသည်။

လီနို၏ပါးတစ်ဘက်ကို ခပ်ဆတ်ဆတ်ကလေး ရိုက်ပစ်လိုက်သည်။

လီနို၏ကိုယ်လုံးကလေးမှာ နောက်သို့တွန့်သွားသည်။

'ဘယ်....ဒါမျိုးရမလဲ၊ ငါဖြစ်ချင်တာ အကုန်ဖြစ်ရမှာပေါ့'

သူက ဒေါသစက်မာကျောသောလေသံဖြင့်ပြောသည်။ သူ့မျက်လုံးများသည်လည်း သူ့အသံကဲ့သို့ပင် အေးစက်မာကျောနေသည်။



လီနိုသည် သူ့ကိုပြန်ကြည့်ရင်း ကျောထဲမှာ စိမ့်လာသည်။

သို့သော်လည်း မျက်နှာမပျက်အောင်တော့ အတတ်နိုင်ဆုံး ထိန်းထားလေသည်။

'ငါ ဖြစ်ချင်တာ အကုန်ဖြစ်ရမယ်၊ ငါလိုတာကို အကုန်ယူရမယ်၊ ငါ့ဒေါ်သည်ရဲ့ အလိုကို လိုက်ရမယ်၊ နင် ...သည်ကာယမပါ ...လိုမှသိ ...၊ နင့်ကို တိုစိတ်...ကျ အသုံးချပြီးယင် ...ကြ... ရဲ့ ...ကိုယ်ကို ငါ့ရဲ့ ...ဆ...စွည်း အဖြစ်နဲ့ ...အပ် မယ်'

လီနို၏ကိုယ်လုံးမှာ နောက်သို့ တွန့်သွားသည်။ သို့မသော်လည်း နောက်သို့ဆုတ်မိသည်။

သို့သော် ဘွန်နီဖလိုင်းက လီနို၏ နောက်ကျောကို လက်တစ်ဘက်ဖြင့် ဆီးခံကာ ရှေ့ဘက်သို့ ပြန်တွန်းလွှတ်လိုက်သည်။

ဘွန်နီဖလိုင်း ဘယ်အချိန်က ထိုနေရာသို့ ရောက်နေမှန်း မသိလိုက်ချေ။

လီနိုမှာ ဝီလ်ဆင်ဂိမ်းဆီသို့ အရှိန်နှင့် ပြန်ရောက်လာသည်။

ဝီလ်ဆင်ဂိမ်းက လီနို၏ရင်ဘတ်ပေါ်မှာ ရှိနေသော အဝတ်အစားများကို ကြမ်းကြမ်းတမ်းတမ်း ဆွဲဆုတ်ပစ် လိုက်သည်။

ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ သူ့ ကိုယ်သူ မထိန်းနိုင်တော့ဘဲ ဝီလ်ဆင်ဂိမ်း၏ ခြေရင်း ကြမ်းပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားသည်။

ထို့ကြောင့် သူ့ ခြေထောက်နှင့်ဝေးအောင် နောက်ဘက်သို့ ချက်ချင်းလှိမ့်ဆုတ်လိုက်သည်။

စုတ်ဖြဲကျသွားသည့် အဝတ်အစားများကို လက်တစ်ဘက်ဖြင့် စုစည်းကိုင်ကာ ရင်ဘတ်လုံအောင်ပြန်ဖုံးသည်။ တစ်ပြိုင်တည်းမှာပင် ကျန်လက်တစ်ဘက်ကို ထောက်ပြီး မတ်တတ်ပြန်ရပ်သည်။

ဝီလ်ဆင်ဂိမ်းက သူ့ကို မိုးကြည့်နေသည်။

သူ့မျက်နှာကြီးသည် အကြမ်းကြုတ် အယုတ်မာဆုံးသော မျက်နှာကြီးဖြစ်ကြောင်း မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် သူသိလိုက်လေသည်။

‘ဒါမှ ဟောဟိုအဝတ်အစားကို သူဝတ်လို့ရမှာ’

ဘေးနားရှိ ကုလားထိုင်တစ်လုံးပေါ်သို့ဝီလ်ဆင်ဂိမ်းက မေးငေါ့ပြပြီး ပြောသည်။

ထိုကုလားထိုင်ပေါ်တွင် အနက်ရောင် ဝတ်စုံတစ်ခုရှိနေသည်။

ဘယ်အချိန်က ရောက်နေကြောင်း သတိမထားလိုက်မိချေ။

‘ခင်ဗျား ဘယ်သွားနေတာလဲ’

ဆံပင်ဖြူဖြူနှင့် အဘွားကြီးတစ်ယောက်ကို ဝီလ်ဆင်ဂိမ်းက လှမ်းအော်မေးသည်။



ရေချိုးဇလုံတစ်ခုကို ရေနွေးအနည်းငယ်ထည့် သယ်လာသည့် အဘွားကြီးမှာ ကြောက်လန့် တုန်လှုပ်နေကြောင်း လို့နို သတိထားလိုက်မိသည်။

အဘွားကြီးက ရေဇလုံကို အခန်းထဲမှာ ပင်ပန်းကြီးစွာ ချသည်။ပြီးတော့ ခါးကို ပင်ပန်းကြီးစွာ ပြန်ဆန့်သည်။

‘အမျိုးသမီးတစ်ယောက်လာဒ်သခင်ခေါ်လာကြောင်း ဘေးလ်စ်ကပြောလို့ကျွန်မ ရေနွေးကျိုနေတာပါ၊တကယ်လို့ အဲဒီအမျိုးသမီး ရေချိုးချင်တယ်ဆိုယင် အဆင်သင့်ဖြစ်...’

အဘွားကြီး၏ စကားကို ဝီလ်ဆင်ဂိမ်းကအဆုံးအထိ နားမထောင်ပါ။

‘ကောင်းတယ်’

စက်ဆုပ်ရွံရှာသည့် လေသံဖြင့် စကားကို ဖြတ်ပြောသည်။

အဘွားကြီးက ဆပ်ပြာနှင့် မျက်နှာသုတ်ပဝါယူရန် အခန်းပြင်သို့ ပြန်ထွက်သွားပြန်သည်။

‘ပြတင်းပေါက်ကို အသေပိတ်ပြီး သံနဲ့ ရိုက်လိုက်စမ်းဟေ့...’

ဘေးလ်စ်ဆိုသူ သန်မာထွားကျိုင်းသည့် အစေခံတစ်ယောက်ကို လှမ်းအမိန့်ပေးပြန်သည်။

အစေခံက တူနှင့်သံယူရန် အခန်းအပြင်သို့ ချက်ချင်းထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘွန်နီဖလိုင်း ငှက်ကလေးလှလှလေးကို ဘိုအကောင်မဖြစ်ရသေးခင် ပျံပြေးသွားအောင် မင်း သေသေချာချာစောင့်ကြည့်ထား၊ သူ ရေချိုးတာကိုလဲ မင်း ကြည့်ပြီး သေသေချာချာ သေချာပါတယ်'

စီလ်ဆင်ဂိမ်းက ဘွန်နီဖလိုင်းကိုပါ ဆင်ဆက်တည်လှမ်းပြောသည်။

ဘွန်နီဖလိုင်း မျက်နှာကြီး ဖွံ့ဖြိုးဖြိုး ဖြစ်သွားသည်၊ တံခါးပေါက်ဆီသို့ လျှောက်သွားပြီး တံခါးလက်ကိုင်ကို ဆုပ်ကိုင်ထားလိုက်လေသည်။

လီနိုးက ပြတင်းပေါက်ဘက်သို့ တိုးသွားသည်။

ပြတင်းပေါက်ကို ချက်ချင်းဖွင့်ပြီး ခုန်ထွက်သွားရန် အကြံနှင့် တိုးကပ်သွားခြင်းဖြစ်သည်။

ပြတင်းပေါက်မှ ခုန်ချသွားနိုင်လျှင် လုံခြုံရာသို့ ရောက်သွားနိုင်ပေလိမ့်မည်။

သူ့အကြံကို စီလ်ဆင်ဂိမ်းက ရိပ်မိသိုက်ပုံပေါ်သည်။ ထို့ကြောင့် သူ့ခါးကို ဖမ်းကိုင်ထားလိုက်သည်။

'အမျိုးသမီး သိပ်လဲအလျင်စလို မလုပ်နဲ့ဦးလေ'

ဟုလည်း သတိပေးစကားပြောသည်။

'ကျွန်မ သတိလစ်ချင်သလို ဖြစ်နေတယ်'

လီနိုက အကြောင်းရှာပြောပြီး ကြမ်းပြင်ပေါ်သို့ ချွဲ ချဖို့ ကြိုးစားကြည့်ပြန်သည်။



အယ်မာကို ပြတင်းပေါက် ပေါင်ပေါ်သို့ တွန်းတင်လိုက်စဉ်က အယ်မာကိုင်ထားခဲ့သော မီးဖိုချောင်သုံးဓားသည် ကြမ်းပြင်ပေါ်သို့ အမှတ်မထင် ကျနေခဲ့သည်။

လီနိုက ထိုဓားကို ချက်ချင်း တွေ့လိုက်သည်။ ထို့ကြောင့် နောက်ဆုံးအားကိုးရာ လက်နက်အဖြစ် ထိုဓားပေါ်သို့ သူ့ကိုယ်ကို မှောက်ချလိုက်ရန်အကြံဖြင့် သတိလစ်ချင်ယောင် ဆောင်ခြင်းဖြစ်လေသည်။

သို့သော် ဘွန်နီဖလိုင်း၏ မျက်လုံးကလည်း ထိုဓားပေါ်သို့ တည့်တည့်ကျသွားလေ တော့သည်။ ထို့ကြောင့် တံခါးပေါက်မှနေ၍ လှမ်းအော်သည်။

'ဟေ့...နေဦး....နေဦး... ကောင်မက ရှေ့လက်နက်နဲ့ ကျွန်တော်တို့ကို ပြန်တိုက်မလို့'

စကားဆုံးသည်နှင့် အပေါက်ဝမှ ဘွန်နီဖလိုင်းသည် အခန်းထဲရှိကြမ်းပြင်ပေါ်မှဓားပေါ်သို့ ချက်ချင်းရောက်သွားလေသည်။

ဓားကိုကောက်ပြီး လေထဲသို့ မြှောက်ပိုက်သည်။ ပြီးတော့ အရှိုးမှနေ၍ ပြန်ဖမ်းယူသည်။

'မီးဖိုချောင်ထဲမှာ သုံးတဲ့ဓားပဲ စီလ်ဆင်ဂိမ်၊ ဒီလိုထက်တဲ့ပစ္စည်းတွေ ဒီအခန်းထဲမှာ ကျွန်မနေရစ်ခဲ့ဖို့ မင်းများရဲ့ အမှစခံအဘွားကြီး သတိထားဖို့လိုတယ်'

ဟုလည်း တစ်ဆက်တည်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာရှိသောအသည်းနှလုံးများသည် ကြမ်းပေါ်သို့ တစ်ပြုံလုံး ပြုတ်ကျကုန်ပြီလားဟု လီနို ထင်မှတ်လိုက်ရသည်။

သူ၏နောက်ဆုံးအားကိုးရာမှာ ထိုလက်နက်ငယ်လေးတစ်ခုသာလျှင် ဖြစ်လေသည်။

ဝီလ်ဆင်ဂိမ်းမှာ အကြီးအကျယ် ဒေါသ ထွက်သွားသည်။

အခစားအဘွားကြီး ဆပ်ပြာနှင့် မျက်နှာသုတ်ပဝါများ ယူပြီးပြန်လာသည်အထိ စောင့်နေသည်။

ဘွန်နီဖလိုင်းက အဘွားကြီးကို ခေါ်းလှမ်းပေးသည်။ အဘွားကြီး၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျား ဘယ်လိုအကြောင်းပြချင်သေးလဲ အယ်လ်စီ'

ဝီလ်ဆင်ဂိမ်းက နှုတ်ခမ်းသိမ်းမှုသည့် လေသံဖြင့် မေးသည်။

အယ်လ်စီဆိုသော အိမ်စေအဘွားကြီးမှာ ကြောက်အား လန့်အားဖြင့် နောက်သို့တွန့်သွားလေသည်။

'ဒီ…ဒီအခန်းထဲ ဘယ်လိုရောက်နေတယ်ဆိုတာကျွန်မ ကျွန်မလုံးဝ မသိပါဘူးရှင်'

အဘွားကြီးက အသစ်ထစ် အငေါ့ငေါ့ဖြင့် ပြောသည်။

'နှမေ့နမဲ့နိုင်မှုနှင့် ပတ်သက်ပြီး ဆင်ခြေ နောက်တစ်မျိုး ပေးလိုက်ဘာပေါ့လေ'



ဝီလ်ဆင်ဂိမ်းက ဒေါသတကြီးအော်ရင်း အယ်လ်စီကို ဆောင့်တွန်းလိုက်သည်။ အဘွားကြီးမှာ အခန်းတစ်ဘက်ခြမ်းသို့ လွင့်သွားသည်။ လက်ထဲမှ ဆပ်ပြာနှင့် မျက်နှာသုတ်ပဝါများ လွတ်ကျကုန်သည်။

ဒါမျိုး နောက်တစ်ခါ ထပ်မှားယင် ခင်ဗျားကို အလုပ်ထုတ်ပစ်မယ်'

'ခွင့်လွှတ်ပါ လဒ်သခင်၊ ကျွန်မမှာ ကလေး ခုနစ်ယောက်ကို ရှာကျွေးနေရတာပါရှင်၊ ယောကျ်ားကလဲ မစွမ်းမသန်ဖြစ်နေလို့ အလုပ်မလုပ်နိုင်ပါဘူး'

အဘွားကြီးက ငိုသံပါကြီးနှင့် ပြောသည်။

ဘေးလ်စ်က တူနှင့်သံများယူပြီး အခန်းထဲသို့ကသုတ်ကရက် ဝင်လာသည်။ပြတင်းပေါက်ကို အသေပိတ်သည်။

အဘွားကြီးက ဆပ်ပြာနှင့် မျက်နှာသုတ်ပဝါကို လိုက်ကောက်သည်။

ပြတင်းပေါက် ပိတ်ပြီးသွားသဖြင့် ဘေးလ်စ်ပြန်ထွက်သွားသည်။

'မစ္စတာလီနို ကောင်းကောင်းမွန်မွန် အလှ ပြင်ဆင်ကြည့်ရှုပေးလိုက် အယ်လ်စီ'

ဝီလ်ဆင်ဂိမ်းက အဘွားကြီးကို အမိန့်ပေး သည်။ လီနို၏ လက်ကောက်ဝတ်ကိုလည်း လွှတ်ပေးလိုက်သည်။

သူ့ ဇင်းတင်းကြီး ဆုပ်ကိုင်ထားသည့် လက်ကောက်ဝတ် နေရာမှာ ထုံကျင်နေသောကြောင့် လီနိုက လက်ကောက်ဝတ်ကို သူ့ တင်ပါးနှင့် ပြန်ပွတ်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ညွှန့်သည်တစ်ယောက် ကင့်မြို့ကနေ ရောက်လာရောရှိတယ်၊ ဒါ့ကြောင့် ညွှန့်သည် စိတ်ချမ်းသာအောင် သူ့ အခွမ်းကုန် လုပ်နေမှုဖြစ်မယ်'

'ဟား... ဟား၊ ညွှန့်သည်တစ်ယောက် လာမှာလား၊ ဗီမှာ ဒီလိုအစီအစဉ်တွေရှိနေတယ်ဆိုတာ သူသိသာ ပြီးပြီလား'

ဘွန်နီဖလိုင်းက ရယ်ရင်း လှမ်းမေးသည်။

'သိမထားပါဘူး၊လန်ဒန်တဲ့အားကို သူဖြတ်တဲ့အချိန်မှာ ဆီးပြီးဖိတ်ရမှာ၊ သူ့ကို စောင့်ကြည့်ဖို့ ဘေးလ်စ်ကို တာဝန်ပေးရမယ်၊ မှောင်နေလို့ မတွေ့လိုက်ရယင်တော့ မတတ်နိုင်ဘူးပေါ့လေ၊ ဒီလူဟာ ဘုရင်ခံမြတ်ရဲ့ လူယုံတော်၊ ဒါ့ကြောင့် သူနဲ့ရင်းနှီးအောင် အသေ ပေါင်းထားရမယ်၊ သူနဲ့ရင်းနှီးမှ ငါတို့လုပ်ချင်တဲ့ ကုန်သွယ်ရေးကိစ္စ ဘုရင့်ခွင့်ပြုချက် ရအောင် သူ့ကို တောင်းခိုင်းရမယ်၊ ဒါကြောင့်အဲဒီလူကို ဖျော်ဖြေဖို့ ငါ ကမန်းကတန်း စီစဉ်လိုက်ရတာပေါ့၊ လိမ္မော်သီးသည် ကလေးကို ကောင်းကောင်း ညွှန့်ခိုင်းရမယ်လေ၊ ဟား ဟား.... ကောင်မလေးကို သေသေချာချာ လေ့ကျင့်ပေးချိန်မရတာတော့ မတတ်နိုင်ဘူး၊ ကုသိုလ်ကံလို့ သဘောထားရတော့မှာပဲ၊ ဒါပေမယ့် သူ့မှာ အတွေ့အကြုံ ရင့်ကျက်ပြီးသားလို့ ဂေးလ်ဘတ်မာနေ့ကတော့ ပြောတာပဲ...'



ဝီလ်ဆင်ဂိမ်းသည် အော့နှလုံးနာစရာ အသံကြီးဖြင့် ရယ်မောပြောဆိုနေသည်။ ထိုအသံဆိုးကြီးကြောင့် လီနို့မှာ အလိုလိုနေရင်း ကိုယ်လုံးသေးကို ကျုံ့ပင်လိုက်မိလေသည်။

ဂေးလ်ဘတ်...

လီနို အသက်ရှူရပ်သွားသည်။

'ဘယ်လိုပဲဖြစ်ဖြစ်ဗျာ၊ တကယ်ကတော့ အတွေ့အကြုံမရှိတာက ပိုကောင်းပါတယ်'

ဟု ဘွန်နီဖလိုင်းက ပြောသည်။

'မင်းပြောတာလဲ မှန်ပါတယ်၊ ဒီကောင်မကြည့်ရတာ အတွေ့အကြုံကတော့ ရင့်ကျက်ပြီးသားကွ၊ အောက်စဖို့မြို့မှာ ပြည့်တန်ဆာလုပ်စားနေတဲ့ ကောင်မလို့ ဂေးလ်ဘတ်က ပြောတာပဲ၊လန်ဒန်ရောက်တော့သာ သူ့ကိုယ်သူ အပျိုစင်လေးယောင် ဆောင်နေတာလေ'

'ဂေးလ်ဘတ်ဆိုတဲ့အကောင် ညာတာ'

လီနိုက ပင်ပန်းတကြီး အော်ပြောသည်။ စောစောက စုတ်ပြဲသွားသော အင်္ကျီစများကို စုကိုင်ကာ ရင်ပတ်ပေါ်မှာ ဖုံးထားသည်။

'အောက်စဖို့မြို့မှာ တုန်းက ဂေးလ်ဘတ်မာနေ့က ငါ့ကို အလိုမတူဘဲ မုဒိန်းကျင့်သွားတာ၊ သူ့အလိုကို ဘယ်တုန်းကမှ လိုလိုချင်ချင်နဲ့ ငါလိုက်လျောခဲ့တာ မဟုတ်ဘူး'

'ဩော်... မင်းကိုယ်တိုင်ဝန်ခံပြီပေါ့လေ၊ဟင်း ဟင်း'

www.burmeseclassic.com

www.burmeseclassic.com



ဝိလ်ဆင်ဂ်ိမ်းက စိတ်နာသည့်လေသံမျိုးဖြင့် မရယ်ချင့် ရယ်ချင် ရယ်သည်။ ထိုရယ်သံကြောင့် လီနို၏ကိုယ်လုံးမှာ အေးစက်သွားသည်ဟု ထင်မှတ်လိုက်ရလေသည်။

'ငါက တလေးတစား ပို့လိုက်တဲ့ လက်ဆောင်ပစ္စည်းတွေကျတော့ မင်းက အပျိုစင်နုနုထွတ်ထွတ်ကလေးလို တစ်ခုမှ လက်မခံတဲ့ အကုန်လုံး ပြန်ပို့ခဲ့ဘယ်ပေါ့လေ၊ ကောင်းပါပြီ— ကောင်းပါပြီ၊ ဒီနေ့ညတော့ တွေ့ကြတာပေါ့၊ မသန့်ရှင်းကြီးရဲ့ ငါ့ကို ပြောစမ်းပါဦး၊ ယောကျ်ားဘယ်နှစ်ယောက်နဲ့ မင်း တွေ့ခဲ့ဖူးသလဲ'

လီနို၏မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

'သုံးယောက်၊ ဒါပေမယ့် နင်ဟာ ဘယ်နည်းနဲ့မှ စတုတ္ထမြောက် မဖြစ်စေရဘူး'

'ဟား....ဟား....ဟား'

ဝိလ်ဆင်ဂ်ိမ်းက ရွှဲရွှဲ မုန်းတီးစွာရယ်သည်။ ဘွန်နီဖလိုင်၏ဘေးမှ ပွတ်ပြီး အခန်းအပြင်ထွက်ကာ လှေကားမှဆင်းသွားပြီးသည့်နောက်မှာပင် သူ့ ရယ်သံသည် အခန်းထဲမှာ ပဲ့တင်ထပ်လျက် ကျန်ရစ်ခဲ့လေသည်။

'ရေချိုးလိုက်ပါလားမိန်းကလေး၊ ကော်ဖီတော်ကြာ ရေနွေးတွေအေးကုန်ယင် အအေးမိသွားလိမ့်မယ်'

အယ်လ်ဇီဆိုသောအဘွားကြီးက သူ့ မျက်လုံးအိမ်မှ မျက်ရည်စများကို အဝတ်နှင့်သုတ်ယင်း ပြောသည်။

'ဟောဟိုအကောင်ကြီးစောင့်ကြည့်နေသမျှ ကာလပတ်လုံး ကျွန်မဘယ်တော့မှရေမချိုးဘူး'



လီနိုက နောက်သို့ဆုတ်လိုက်ယင်း ဘွန်နီဖလိုင်းကိုမေးငေါ့ပြပြီးပြောသည်။ အကျီစုတ်များဖြင့် သူ့ ရင်ဘတ်ကို ပိုလုံအောင်လည်း ကာကွယ်လိုက်သည်။

'ကျေးဇူးပြုပြီးချိုးလိုက်ပါမိန်းကလေးရယ်၊ မင်း ရေချိုးဖို့ငြင်းဆန်နေယင် လေဒီသခင်က ငါ့ကို အလုပ် ထုတ်ပစ်ပ လိမ့်မယ်'

အယ်လ်ဇီက လီနို၏လက်ကလေးကို ဆုပ်ကိုင်တောင်းပန်သည်။

'အဲ့ဒီလိုဆိုယင် ဟောဟိုပြတင်းပေါက်မှာ ပိတ်ထားတာကို ကျွန်မရိုက်ချိုးပြီးခုန်ချသွားမယ်လေ၊ ရှင်လဲ ကျွန်မနောက်က ခုန်ချပြီးလိုက်ခဲ့ပေါ့'

ဘွန်နီဖလိုင်းမကြားအောင် လီနိုက လေသံ တိုးတိုးဖြင့် ပြောသည်။ ရင်ဘတ်ကိုဖုံးထားသော လက်တစ်ဘက်ဖြင့်လည်း ကုလားထိုင်ခပ်သေးသေးတစ်လုံး၏နောက်မှီကို လှမ်းကိုင်ထားလိုက်မိသည်။

တစ်ချက်ခလောက် အားယူလွှပ်ရှားလိုက်လျှင် ပြတင်းပေါက်ကို ကုလားထိုင်ဖြင့် ရိုက်ချိုးပြီးသား ဖြစ်သွားမည်။ ထိုပြတင်းပေါက်အတိုင်း တိုးဝင်ခုန်ချသွားရမည်။ ပြတင်းပေါက်ပေါင်နှင့် မှန်ကွဲများက ကိုယ်ကိုရှမည်မှာ သေချာသည်။ သို့သော်လည်း သည်လောကဒုက္ခကို မှုမထားနိုင်ပါ။

အိမ်စေအဘွားကြီးက ဆွတ်ဆွတ် ဖြူနေသည့်ခေါင်းကို ဝမ်းနည်းကြေကွဲသည့်ဟန်အမူအရာဖြင့် ယမ်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့အိမ်မှာ ကလေး ခုနစ်ယောက်ရှိတယ်လို့ အခုန ပြောတာ မင်း ကြားမှာပေါ့၊ မကြာခင်ကမှ ဆုံးသွားတဲ့ ညီမတစ်ယောက်ကလဲ သူ့ကလေးတစ်ယောက် ထားပစ်ခဲ့သေးတယ်၊ ငါလို အသက်အရွယ် သိပ်ကြီး နေတဲ့ မိန်းမ တစ်ယောက်ကို အလုပ် ပေးချင်တဲ့ လူ ဆိုတာမဲ့ [illegible] သလောက်ရှားနေပြီ၊ ဒါကြောင့် ကိုယ့်အသက်အရွယ်နဲ့ ကိုယ် လိုက်ဖက်တဲ့အလုပ်ကို ရှာလုပ်ရတာပါ၊ မိန်းကလေး ရယ်၊ [illegible] မှာလေးအိမ်မှာ နှစ်ပေါင်းများစွာ ငါ အလုပ်လုပ်ခဲ့တယ်၊ အဲ့ဒီ အိမ်ကမိန်းကလေးငယ်ရဲ့ အိမ်ရာ တွေပြင်ပေးရတယ်၊ [illegible] လိုတာတွေမှာ ဝိုင်းကူ တယ်၊ ဒါပေမယ့် ငါအသက်ကြီးလာလို့ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် မရှိတော့ဘူးဆိုပြီး အလုပ် ထုတ်ပစ်လိုက်တယ်၊ အခု ဒီအိမ်မှာ ဒီအလုပ်ကလေးလာ မှာတာပဲ ကံကောင်းလှပါပြီ'

'ဟောဒီပြတင်းပေါက်ကို ကျွန်မ ကုလားထိုင်နဲ့ ရိုက်ဖျက်နေတုန်း ဘွန်နီဖလိုင်းကိုဘွန်းပစ်လိုက်ပါ၊ လခ [illegible] ကောင်းကောင်းရမယ့်အလုပ်တစ်ခုကို ကျွန်မကိုယ်တိုင်ရှာပေးပါ့မယ်'

လီနိုက အားမနာလျှော့တမ်းလေသံဖြင့် ဆက် ပြော ပြောသည်။

အိမ်ဖော်အဘွားကြီးအယ်လီစီ စိတ်ပါလာပုံရသည်။ သို့သော်လည်း မရှဲရဲဖြင့် တုံ့ဆိုင်းဆိုင်းကြီး ဖြစ်နေသည်။



'ငါကြောက်တယ် မိန်းကလေး'

အပေါက်ဝနားလောက်သို့ ရောင့်နေသည့် ဘွန်နီဖလိုင်းက လီနိုးစိတ်ကူးကို ရိပ်မိသွားပုံရသည်။ ထို့ကြောင့် လီနိုကို မျက်စောင်းထိုးထိုးသည်။

'အဲဒီကုလားထိုင်နဲ့ ပြတင်းပေါက်ကိုရိုက်ချိုးလိုက်တော့ တယ်နည်းနဲ့မှ ကျိုးမှာမဟုတ်ဘူး အမျိုးသမီး၊ ဒါပေမယ့် မင်းအတော ငါ့ရင်ခွင်ထဲကို ဂရုဆိုးမှုတွေလာမှာ [illegible] ချတယ်၊ တစ်နည်းနည်းနဲ့ ထွက်ပြေးဖို့ မင်း ကြိုးစားတာကို မီးအာသီဖမ်းနိုင်ယင် ငါ့ကို ပထမဆုံးအထူးအခွင့်အရေးပေးမယ်လို့ စီလ်အင်ဂိမ်းက ပြောသွားတယ်လေ'

ဘွန်နီဖလိုင်းက လေသံခပ်တင်းတင်းဖြင့် ပြောသည်။

လီနိုသည် ကုလားထိုင် နောက်မှီပေါ်သို့ [illegible] သည့်လက်တစ်ဖက်ကို သတိထားပြီး ပြန်ရုပ်လိုက်သည်။

ဘွန်နီဖလိုင်းပြောသည်မှာ မှန်နိုင်ပါသည်။ ပြတင်းပေါက်ကို သစ်သားပြားဖြင့် အသေပိတ်ပြီး သံရိုက်ထားသည်။

ရိုက်ထားသည့်သံများကလည်း သေးသေး မဟုတ်။ ထို့ကြောင့် သေးကွေးသည့်ကုလားထိုင်ကလေးဖြင့် ရိုက်လိုက်တော့ လွယ်လွယ်နှင့် ကျိုးဖို့အကြောင်း မရှိချေ။

တံခါးမပွင့်မီမှာပင် ဘွန်နီဖလိုင်းသည် မိမိကိုခုန်အုပ်မိပြီးသားဖြစ်နေမည်ကို သဘောပေါက်သွားတော့သည်။ သည်နေရာမှတော့ အလွယ်တကူနှင့် ဘဝ အဆုံးမခံနိုင်ပါ။

www.burmeseclassic.com

သူ့ကို အထူးအခွင့်အရေးပေးမည်ဟု ဝိတ်ဆင်ဂိမ်း ပြောသွားသည်ဆိုခြင်းမှာလည်း မှန်နိုင်ပါသည်။

သည်နည်းမကောင်းသေးပါ။ အောက်ထပ်သို့ ရောက်တော့မှ အခြေအနေနှင့် မီးစင်ကြည့်ပြီး ကဖို့ ဆုံးဖြတ်လိုက်သည်။

အောက်ထပ်ရောက်သောအခါ လူအုပ်ကြားထဲမှ နေ၍အပေါက်ဝနှင့်နီးရာသို့ မသိမသာရွေ့သွားရမည်။

အပေါက်ဝရောက်လျှင် အိမ်ပြင်သို့ဖြစ်သည့်နည်းဖြင့် အပြေးထွက်ရမည်။

လမ်းသွားလမ်းလာ တစ်ယောက်ယောက်၏ အကူအညီကို ရအောင်တောင်းယူရမည်။

သည်လောက် ညဥ့်နက်နေသည့်အချိန်ကြီးတွင် လမ်းသွားလမ်းလာရော ရှိနိုင်ပါသေးရဲ့လားဟုလည်း မသေမချာ စဥ်းစားကြည့်မိသည်။

'ရေချိုးလိုက်ပါမိန်းကလေးရယ်၊ ပြီးယင် ဟောဟို အဝတ်လှလှကလေးကို လဲဝတ်လိုက်ပါ၊ မင်းကိုယ်ပေါ်က စုတ်ပြဲနေတဲ့အဝတ်အစားတွေနဲ့ မင်းနဲ့လဲ မလိုက်ပါဘူး၊ ဒီနေ့ည မင်းထမ်းဆောင်ရမယ့် တာဝန်နဲ့ ဟောဟို အဝတ်အစားသစ်တွေနဲ့ပဲလိုက်ပါတယ်'

အယ်လီစီက တောင်းပန်စကား လှမ်းပြောပြန်သည်။

မှန်ပါသည်။ စုတ်ပြဲပြတ်သတ်နေသည့် အဝတ်အစားများနှင့်တော့ နည်းနည်းကလေးမျှ မလိုက်ဖက်။



'ရှင့်လဒ်သခင်က ကျွန်မအဝတ်အစားတွေကို ဖြုပစ်လိုက်ပြီကိုး၊ ဟိုအဝတ်ကိုပဲ လဲရတော့မှာပေါ့၊ ကျွန်မလဲပါ့မယ်၊ ဒါပေမယ့်ဟောဒီအိပ်ရာခင်း အကွယ်နောက်မှာ ကျွန်မလဲမယ်၊ဟောဟိုနွားသူကြီးမမြင်အောင်ကျွန်မကို အဲ့ဒီအိပ်ရာခင်းနဲ့ ရှင်ကာပေးထားမှ ကျွန်မ ရေချိုးမယ်....'

လီနီက အဘွားကြီးကို သေသေချာချာစိုက်ကြည့်ပြီး ပြောသည်။

'မိန်းကလေး....မိန်းကလေး'

'အိပ်ရာခင်းနဲ့ ရှင်ကာမပေးနိုင်ဘူးဆိုယင်....'

လီနီကရက်စက်ကြမ်းကြုတ်သည့်အသံမျိုးဖြစ်အောင် ပြောပြီးစကား ရပ်ထားသည်။

လက်နှစ်ဘက်ကို ထောင်ပြသည်။

'ဟောဒီလက်နှစ်ဘက်က ချွန်ထက်နေတဲ့ လက်သည်းတွေမြင်တယ်မဟုတ်လား၊ အဲဒီလက်သည်းတွေနဲ့ ကျွန်မကိုယ်ကျွန်မရုပ်ပျက်ဆင်းပျက်ဖြစ်သွားအောင် ခြစ်ကုတ်ခြစ်ပစ်လိုက်မယ်၊ ကျွန်မဆံပင်တွေ ရှုပ်ပွကုန်အောင် လုပ်ပစ်လိုက်မယ်၊ ရှင့်လဒ်သခင်က ကျွန်မကို လှလှပပလေး မြင်ဆင်ပြီး ဆင်းလာစေချင်တယ် မဟုတ်လား၊ နောက်ဖေးလမ်းကြားထဲမှာ ဆယ်ရက်အိပ်ပြီး ဖြစ်ချင်တိုင်းဖြစ်လာတဲ့ရုပ်မျိုးဖြစ်သွားအောင် ကျွန်မကိုယ် ကျွန်မလုပ်ပစ်လိုက်မယ်'

ဆိုင်းဆမာ ဆုံးဖြတ်ပြီးဖြစ်ကြောင်း လိနို၏မျက်နှာထားက ထင်သင်ရှားရှားဖော်ပြလေသည်။

ထို့ကြောင့် အိမ်စေအဘွားကြီးအယ်လ်စီမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

'မစ္စတာ ဘွန်နီဖလင်း၊ သူပြောတဲ့အတိုင်း ငါလိုက်လုပ်ပေးမှဖြစ်မှာပဲ'

အယ်လ်စီမှ အခန်းဝတွင်ရှိနေသော ဘွန်နီဖလိုင်းကို မတိုးမကျယ်လှမ်းပြောသည်။

'သူ့ကို ကွယ်ပေးမထားရဘူးကောင်းလား ဆိုပြီး သူ့ကိုယ်သူ ကုတ်ခြစ်ပေးလိုက်လို့ ရှုပ်ပျက်ဆင်းပျက် ဖြစ်ကုန်ယင် တို့နှစ်ယောက်ကိုပဲ လဒ်သခင်ဝီလ်ဆင်ဂိမ်းက အရေးယူဦးမှာမဟုတ်လား'

ဟု အဘွားကြီးက ဆက်ရှင်းပြသည်။

တံခါးပေါက်ဝနားမှာ ရပ်နေသော ဘွန်နီဖလိုင်းက အရေးမစိုက်သကဲ့သို့ ပခုံးနှစ်ဘက်ကိုတွန့်ပြသည်။

လိနို့ရေချိုးသည်ကို ယခုကြည့်ရလျှင်လည်း မကြာမီမှာပင် လိနိုသည် သူတို့စိတ်တိုင်းကျ လိုက်လျောရတော့မည့်မိန်းကလေးဖြစ်ကြောင်း သတိရလိုက်သဖြင့် ဘာမျှအရေးမကြီးတော့ကြောင်း အကြောင်းပြန်လိုက်သည့်သဘောမျိုးဖြစ်လေသည်။

ဘွန်နီဖလိုင်း ပခုံးတွန့်ပြသည်ကိုမြင်တော့မှ အယ်လ်စီကလည်း အိပ်ရာခင်းကိုယူပြီး လိနို့နှင့် ဘွန်နီဖလိုင်းကြားမှာ လက်နှင့်မြှောက်ကိုင်ထားပေးထားသည်။



သည်းအခါမှ လိနိုက အေးအေးဆေးဆေး အဝတ်အစားချွတ်သည်။

ရေချိုးဇလုံထဲသို့ ဆင်းသည်။ ငြိမ်ငြိမ်နေပြီ ရေချိုးသည်။

တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသော ဒဏ်ရာများမှ ရေနွေးထဲမှာ စိမ်လိုက်ရသောကြောင့် အတော်ကြီး သက်သာသွားလေသည်။

'မအေကြီး မှုစနေလာအိမ်ကမိန်းကလေးတွေ ရေချိုးယင်လဲ အဲဒီဆပ်ပြာမျိုးနဲ့ ငါ့ယပ်စီစဉ်ပေးဖူးတယ်လေ'

အဘွားကြီးက လှမ်းပြီးရှင်းပြနေသေးသည်။

လိနိုက ဘာမျှပြန်မပြောမနေတော့ဘဲ ရေကိုသာ အေးအေးဆေးဆေး ချိုးနေသည်။

ထိုသို့ရေချိုးရင်း ဂျက်ဖရီနှင့်ဝရန်းပြေးဘာဝနှင့် ပြေးလွှားနေရတုန်းက တောထဲရှိ စမ်းချောင်းကလေးများမှာ ရေချိုးခဲ့ကြရသည်များကို ပြန်လည် သတိရနေမိပြန်သည်။

ထိုအကြောင်းများကို သတိရတော့ ဂျက်ဖရီကိုလွမ်းစိတ်ကပါ တိုးဝင်လာသည်။

မျက်ရည်များ ဝိုင်းလာသဖြင့် မြင်ကွင်းများ ဝါးသွားရသည်။

အချစ်သည် လိနို့အဖို့အတွက်အမြတ်ဖြစ်သည်။ အနုဝ အတွက် စိုက်ပွဲဝင်ခြင်းသည် လည်းကောင်း

www.burmeseclassic.com



စွန့်ခြင်းသည် လှည်းကောင်း ထိုက်တန်သော အလုပ်များချည်း ဖြစ်သည်ဟု လက်ခံ ယုံကြည်ထားသည်။

ဖြတ်သန်း ကျော်လွှားခဲ့ရသည့် နှစ်ပေါင်း များစွာအတွင်း၌ လီနိုမှာ ပင်ပန်းကြီးစွာ ရုန်းကန် လှုပ်ရှားခဲ့ရလေသည်။

ပြီးတော့ လူနှင့်တွေ့တူ သူချင်းမျှမျှမဟုတ်တဲ့ အနှိမ်ခံ၊ အစော်ကားခံ၊ အရှက်ခွဲခံ ဘဝများကိုပါ ဖြတ်သန်းကျော်လွှားခဲ့ရသည်။

ယောကျ်ားသား တစ်ယောက်ယောက်၏ အပျော်မယားဘဝကို ခံယူလိုသပဆိုလျှင် လက်ဖျောက်တစ်ချက်တီးလိုက်ရုံဖြင့် ဖြစ်နိုင်ပါသည်။

သူ့ပတ်လည်မှာ ယောကျ်ားများ ဝိုင်းဝိုင်းလည်နေသည်မှာ အမြဲတမ်းဖြစ်သည်။

သို့သော် လီနိုသည် ထိုဘဝမျိုးသို့ အရောက်မခံ။

သူ၏ ခန္ဓာကိုယ်သည် သူတစ်ပါးကို ပေးဖို့မဟုတ်။ သို့တည်းမဟုတ် တစ်စုံတစ်ရာနှင့် လဲလှယ်ဖို့ မဟုတ်။ သူ့ခန္ဓာကိုယ်ကိုသူပိုင်သည်။

စစ်မှန်သော-မေတ္တာတရားအတွက်သာ ပေးအပ် နိုင်မည်ဖြစ်သည်။

အကြမ်းဖက်ပြီးအပိုင်စီး ဖို့ကြံလို့များကတော့ အသက်ကိုသာ အသေခံပစ်လိုက်မည်။

အယ်မာကို သတိရသည်။

အယ်မာသည် အသက်အလွန်ငယ်သေးသည်။



အသိတရား ဘာမျှ မရှိသေးသော ရှုးရှုးမိုက်မိုက်ကလေးအရွယ်သာသာ ဖြစ်သည်။

ကိုလီဂရူး၏ အခန်းအပြင်ဘက်မှ ပထမဆုံး စတွေ့တုန်းက အသံသေနတ်ပတ်သက်ပြီး လီနို ထိုအသံကြား မြင်ခဲ့သည်။

ယခုမူ ထိုကလေးသာသာ အရွယ်ကလေးသည် ဘဝပျက်ရရှာချေပြီ။

လူမဆန်စွာ ယုတ်ယုတ်မာမာ နှိပ်စက်ညှဉ်းပန်းလိုက်ကြသောကြောင့် ချစ်ရော၊ သနားစရာ ကောင်းသော အယ်မာကလေးသည် ဘဝပျက်ရရှာချေပြီ။

‘ငါ့ကိုတော့ ဘယ်နည်းနဲ့မှ ဒါမျိုးလုပ်လို့ မရဘူး’ ဟု လီနိုက စိတ်ကိုဘင်းထားလိုက်သည်။

ဂျက်ဖရီကို သတိရတော့ ရင်ထဲတွင် နာလာရပြန်သည်။ ဂျက်ဖရီနှင့် ပြန်လည်တွေ့ဆုံရာအကြောင်းမရှိတော့ပါ။ ဂျက်ဖရီ သေသွားတာ ဖြစ်ချင်ဖြစ်မည်။ သို့တည်းမဟုတ် ဘုရင်မင်းမြတ်နှင့်အတူ ပြည်တော်ပြန်နဲ့သောအခါ ပြန်ပါလာချင်လည်း ပါလာလိမ့်မည်။

မည်သို့ဆိုစေ ဂျက်ဖရီ သူ့ကိုမချစ်။ ဂေါလ်ဘုတ်အဘည့်အလင်းပြောသွားချေပြီ။

သည်တော့ ဂျက်ဖရီအတွက် အသက်ရှင်နေစရာသည် အကြောင်းမရှိတော့ချေပြီ။

နောက်ပြီးတော့ လိုရိနှာ—

www.burmeseclassic.com

www.burmeseclassic.com



'လီရီနာလေးဟာ မင်း စိတ်ကူးယဉ်ကြည့်နိုင်တာထက် ကို ပိုပြီး အရမ်းချစ်ရောကောင်းနေတယ်'

ဟုဖလော်ရာက စာရေးဖူးသည်။

တောရွာကလေးတစ်ရွာမှာ နေထိုင် ကြီး ပြင်း နေရှာသော သမီးလေး။

ပမ်းနည်းကြေကွဲသည့် အပြုံးကလေးတစ်ခု လီနို၏ မျက်နှာပေါ်မှာ ဖြတ်သန်းသွားလေသည်။

ချစ်စရာကောင်းသော သမီးလေးကို မမြင်ရ မတွေ့ရသည်မှာ ကာလတော်တော ကြာမြင့်ခဲ့ပြီ။

မွေးပြီးမကလောက်ကတည်းက ခွဲထားခဲ့ရသည်မှာ နှစ်ပေါင်း များစွာကြာခဲ့ပြီ။

မိမိသ ၁ရှမ်းပြောင်းဖြစ်နေသောကြောင့် သမီးလေးကို အမှုပတ်မည်စိုးလို့ မိမိကိုဖမ်းမိသွားပါက ကြိုးစင် တင်လိုက်လျှင် သမီးလေး မိဘမဲ့ဖြစ်သွားမှာစိုးလို့ သမီးလေးနှင့် လုံးဝအဆက်အသွယ် ဖြတ်ထားခဲ့ခြင်းဖြစ်သည်။

သမီးလေး၏ဘဝ ပျက်စီး ကျေပြုန်းသွားမည်စိုးလို့ လွှတ်ရာမှာ ကင်းတင်းနေခြင်းဖြစ်သည်။

ယခုတော့ ဘုရင်မင်းမြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကို သူရခဲ့ပေပြီ။

လွတ်ငြိမ်းချမ်းသာခွင့် ရသည့်အချိန်မှာ၍ သမီးလေးဆီသို့ စာများ အကြိမ်ကြိမ်ရေးပို့ခဲ့သည်။

အဆောင်းဆောင်သော ထိုစာများထဲမှာ သူ အဘယ်မျှ အောင်မြင်နေကြောင်း၊ ဘယ်သို့သော အိမ်မျိုးမှာ နေနေကြောင်း၊ ဝင်ငွေတွေက ဘယ်လောက်ရှိနေကြောင်း များကို မမှန်မကန်ရေးထည့်ခဲ့သည်များရှိသည်။

တကယ် ရယူခံစားနေရသော ဘဝထက် သူဖြစ်ချင်သည်များကို ရေးထည့်ခဲ့ခြင်း ဖြစ်ပါသည်။

တစ်နေ့သောအခါတွင် သူဖြစ်ချင်သည့်အတိုင်း ဖြစ်လာရမည်ဟုလည်း စိတ်ကူးယဉ်ထားသည်။

ထိုအကြောင်းများကြောင့် တွမ်မီးယားရွာကလေးသို့ ပြန်သွားဖို့ခက်နေသည်။

သူ့စကားနှင့်သူ ပြန်ပတ်ကာ ရွာအပြန်ခက်နေတော့သည်။

သူ ပြန်သွားလျှင် စာထဲမှာ ရေးထားသလို မဟုတ်ဘဲ အမြဲသည် သာလယ်ဇယ်မှာ မနေရ ဖြစ်မည်ပါလား ဟု သမီးလေး လီရီနာ မြင်သွားတော့မည်ကို သူ စိုးရိမ်သည်။

သမီးလေး၏ဘဝသည် သူမရှိလျှင် ပို၍အေးချမ်းမည်မှာ သေချာနေသည်။

သည်လိုဆိုလျှင် သမီးလေး လီရီနာ အတွက်လည်း အသက်ရှင်နေပေးရန် အကြောင်း မရှိတော့ပါ။

ရေချိုးဇလုံထဲမှာ ထိုင်ရင်း လီနိုသည် အတွေးအာရုံကျော့ထဲမှာ မျောပါနေသည်။

ထိုအခိုက် ဘွန်နီဖလိုင်းက အပယ်လ်စီ ကာထားသည့် အိတ်ရာခင်းကို ရုတ်တရက် ဆွဲဖယ်လိုက်သည်။ ရေချိုးဇလုံထဲက လီနိုကိုကြည့်ပြီး တဟားဟားရယ်သည်။



www.burmeseclassic.com

ဒေါသဖြင့် ကိုယ်လုံးကလေး ကျုံ့သွားပြီး လီနီက ရေချိုးဇလုံထဲရှိ ဆပ်ပြာရေများကို လက်နှစ်ဖက်ဖြင့် ခပ်ယူကာ ဘွန်နီဖလိုင်း၏ မျက်နှာတည့်တည့်ကို ပက်ထည့်လိုက်သည်။ ရေများက သူ၏ ပြုံးဖြီးဖြီး မျက်နှာကြီးကို တည့်တည့်ထိပြီး မျက်လုံးများထဲသို့ပါ ဝင်ကုန်သည်။

ဘွန်နီဖလိုင်း နောက်သို့ တွန့်သွားသည်။ သူ့မျက်လုံး နှစ်ဖက်ကို ပြန့်ပွတ် နေသည်။ ဘာကိုမျှ မြင်နိုင် စွမ်း မရှိတော့။

'ဟော-ဒီမိန်းကလေး တယ်ခက်ပါလား၊ မဟုတ်မယုတ်တွေ လုပ်လိုက်ပြန်ပြီကိုး'

အယ်လ်စီက ထိတ်လန့် တုန်လှုပ်သည့် လေသံ ဖြင့် ညည်းညည်းညူညူ ပြောသည်။

'မင်းရဲ့ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံတွေကို ဆင်ခြင်ပါ မိန်းကလေးရယ်၊ အောက်ကလူတွေက မင်းကိုစိတ်တိုင်းမကျယင် ဒုက္ခမျိုးစုံ ပေးလိမ့်မယ်နော်၊ ဘယ်သူမှ ဝင်ကယ်နိုင်မှာ မဟုတ်ဘူး၊ ယခင် တစ်ခါတုန်းက မိန်းကလေး တစ်ယောက်က သူတို့အလိုကို မလိုက်တာနဲ့ ဝိုင်းနှိပ်စက်ကြတာ အသက်ပျောက်ပါရောလား'

အယ်လ်စီက စကားကို ချက်ချင်း ရပ်ပစ်လိုက်သည်။ သူ စကားပြောတာ များလွန်းသွားပြီဟု သဘောပေါက်နားလည်လိုက်သည့် ပုံစံမျိုးဖြင့် သူ့ကိုယ်သူ ပြန်ဆင်ခြင်ခြင်းလည်း ဖြစ်လေသည်။



ခဏနေတော့မှ စကားဆက်သည်။

'မင်းကို သနားလို့ ငါသတိပေးတာပါ၊ အယ်မာဆိုတဲ့ မိန်းကလေးဟာ သူတို့အလိုကို မလိုက်တာနဲ့...'

'ကျွန်မဟာ အယ်မာမဟုတ်ဘူး'

လီနီက စကားကို ဆုံးအောင် နားမထောင်ဘဲ ဖြတ်ပြောသည်။

ရေချိုးဇလုံထဲမှာ မတ်တတ်ရပ်သည်။ ကျန်သည့် ရေများကို သူ့ကိုယ်ပေါ်သို့ ခွက်နှင့် ခပ်လောင်း ချိုးသည်။ သူချိုးသည့်အတိုင်း အဘွားကြီးက လုပ်ပေးသည်၊ ပြီးတော့ ဆပ်ပြာရည်များ စင်အောင် ရေသန့်လောင်းပြီး မျက်နှာ သုတ်ပဝါနှင့် ခြောက်အောင် တိုက်သည်။

လီနီက မျက်နှာကို မော့ လိုက် သည်။ ခေါင်း ကို မတ်လိုက်သည်။ သူ့စိတ်ကို သူ အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်ပြီးပ ပြီ။

ရေချိုး ဇလုံ ထဲမှ အပြင်သို့ ထွက် လိုက် သည်။ ကုလားထိုင်ပေါ်တွင် အသင့် တင်ထားသည့် အဝတ်အစားများကိုဝတ်သည်။ ဇာတ် ကနေတုန်းကပင် မဝတ်ခဲ့ရဖူးသော အဝတ်အစားကောင်းများဖြစ်ပါသည်။

အယ်လ်စီကို မော့ကြည့်ပြီး ပြုံးသည်။

'ကျွန်မ သိပ်ကို လှနေအောင် ပြင်ပေး စမ်းပါ အယ်လ်စီ၊ ဒီနေ့ည အရမ်း လှချင်နေတယ်' ဟု တည်ငြိမ်သော လေသံဖြင့် လှမ်းပြောလိုက် လေသည်။

www.burmeseclassic.com



ထိုသို့သော အပြောကြောင့် အဘွားကြီးမှာ တုန်လှုပ်သွားလေသည်။ မနေရှာသည့် ရီဝေဝေသော မျက်လုံးများဖြင့်လည်း ပြန်ကြည့်နေမိသည်။

သူငယ်မသည် ကြောက် စိတ် ကြောင့် စိတ်ပြောင်းသွားပြီလော။ သို့တည်းမဟုတ် အကြံအစည် တစ်ခုခုကြောင့် အမူအရာ ပြောင်းသွားခြင်းပေလော။

လီနီမှာ အချောဆုံးအလှဆုံး ဖြစ်နေသည်။ သူ့ကိုယ်ပေါ်မှ အဝတ်ကမူ ကျပ်လွန်းလှသည်။ ထိုသို့ ကျပ်လွန်းသောကြောင့်လည်း မလုံမလဲဖြစ်ကာ ပိုလှသည်ဟု ထင်မှတ်စရာ ဖြစ်နေပြန်တော့သည်။

ယောကျ်ားသားများ အဖို့တော့ ရွဲ့မက်မပြေစရာပင်။

ယခု အခန်းဝမှာ ရှိနေသော ဘွန်နီဇလိုင်းသည်ပင်လျှင် မျက်လုံးများ ကျွတ်ကျတော့ မတတ် ပြူးပြီး မျက်တောင် မခတ်စတမ်း စိုက်ကြည့်နေလေသည်။

အခန်း ၃၀

'မင်းဆံပင်ရှည်ကြီးတွေကို ဖြီးလိုက်ရအောင်နော်၊ မေမေကြီး မူစခလအိမ်မှာတုန်းက ဆိုယင် မိန်းကလေးတွေရဲ့ ဆံပင်ကို ဝါကပဲ အမြဲတမ်း ဖြီးပေးနေရတာ'

ဟု အယ်လ်စီက ပြောသည်။

လီနီက ကုလားထိုင်သေးသေးကလေးပေါ်တွင်ခါးကို မတ်မတ် ထားကာ ထိုင်နေသည်။ စောစောတုန်းက ပြောင်းပေါက်ကို ရိုက်ခွဲဖို့ ကြံစည်ခဲ့သည့် ကုလားထိုင်ကလေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ ပခုံးပေါ်မှာ ဝဲကျနေသည့် ရွှေရောင်ဆံပင်များကို အသွားကြီးက စိတ်ရှည်လက်ရှည် ရှင်းပေးနေသည်။

'ဆံပင်ကို အပေါ်မှာ ကလစ်နဲ့ ညှပ်ထားပေးမယ်၊ ဒါမှ သူတို့ဆွဲလိုက်ယင် ကလစ်ပြုတ်ပြီး ပခုံးပေါ်ကို ပြန်ကျသွားမှာ၊ အဲဒါမျိုးကို သူတို့ သိပ်သဘောကျတယ်'

အယ်လ်စီက ဆံပင်ကို ထိပ်ပေါ်သို့ပြန်ရုတင်ရှင်း ပြောသည်။

'ဒီအခန်းထဲကထွက်ယင် လှေကားအတိုင်း မင်းဖြည်းဖြည်း ခြင်း အောက်ကိုဆင်းသွားရမယ်၊ သတို့သမီးလေး တစ်ယောက် အပေါ်ထပ်က ဆင်းလာတဲ့ ပုံမျိုးပေါ့၊ လဒ်သခင်က အဲဒါမျိုးကို သိပ်သဘောကျတာ၊ ဘွန်နီ ဖလိုင်းက မင်းနဲ့အတူတူ ဆင်းလိုက်လာလိမ့်မယ်၊ မင်း ကြောက်လန့်နေသည့်တိုင်အောင် နောက်တွန့်နေလို့တော့ မဖြစ်ဘူး၊ ကြောက်ယင် သူတို့သိပ်စိတ်ဆိုးတယ်၊ ကြောက်တဲ့ မိန်းကလေးတွေအပေါ်မှာ သူတို့ ပိုရက်စက်တယ်'

'ဘယ်သူ့ကမှ ကျွန်မကို အတင်းအဓမ္မ ဆွဲမခေါ်ဘူး မဟုတ်လား'

လီနိုက သူသိချင်သည်ကို ဝင်မေးသည်။

'မင်း လမ်းကောင်းကောင်းမလျှောက်ဘူးဆိုယင် ငါ့ခြေထောက်က မင်းတင်ပါးပေါ် ရောက်လာပြီး မှောက်ခုံလဲအောင် ဆောင့်ကန်ပစ်လိုက်မယ်'



အယ်လ်စီအစား အခန်းဝမှာရှိနေသည့် ဘွန်နီဖလိုင်းက လှမ်းဖြေလိုက်ခြင်းဖြစ်လေသည်။ စောစောကဆပ်ပြာရည်များ ဝင်ထားသဖြင့် သူ့ မျက်လုံး နှစ်ဖက်စလုံး နီရဲနေသည်။ မရနိုင့် အပက်ခံလိုက်ရသောကြောင့်လည်း သူ ဒေါသဖြစ်နေပုံရသည်။

'အောက်ထပ်ကိုရောက်သွားတဲ့အခါမှာ ဘွန်နီဖလိုင်းက မင်းကို ဧည့်ခန်းထဲ ခေါ်သွားလိမ့်မယ်၊ ဧည့်ခန်းထဲ ရောက်တော့ မင်း ကိုယ်ပေါ်က အဝတ်အစားတွေကို တစ်ခုစီ ဖြည်းဖြည်းချင်း ချွတ်ရမယ်၊ ဧည့်သည်တွေက ပတ်လည်ကနေ ဝိုင်းကြည့်နေကြလိမ့်မယ်၊ ကုလားထိုင်ပေါ်မှာ ထိုင်သူထိုင်၊ ညောင်စောင်းပေါ်မှာ လှဲသူလှဲ၊ မတ်တတ်ရပ်သူက ရပ်ပေါ့'

ယခုတစ်ကြိမ် ပြောသူမှာ ဘွန်နီဖလိုင်း မဟုတ်။ အယ်လ်စီ ဖြစ်သည်။

လီနို လည်ချောင်းများ ခြောက်လာသည်။ မှန်ထဲကိုသာ စိုက်ကြည့်နေသည်။ နှလုံးသွေးများလည်း ဖိုတိုး မြန်လာသည်။

'အဲဒီ-နောက်ရော—'

မရဲတရဲ မေးကြည့်သည်။

'မင်းကို နည်းနည်းပါးပါး ကျခိုင်းလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



အယ်လ်စီက စကားကို ရပ်လိုက်သည်။ သူ့ စကားများကြောင့် လီနီ တုန်လှုပ် ချောက်ချားနေပြီ ကိုလည်း တွေ့ရသည်။

'မင်း ဘာဆက်လုပ်ရမယ်ဆိုတာ တို့ ပြောပြမှာပါ။ ငါ့အနားနဲ့က တော့…'

ဘွန်နီဖလိုင်းက လှမ်းပြောခြင်းဖြစ်သည်။ သို့သော်လည်း သူ့ စကားဆုံးအောင် မပြောလိုက်ရပါ။ အယ်လ်စီက သူ့စကားကို ဖြတ်ပြောလသည်။

'ဆံပင်လေးကို နည်းနည်းပြင်လိုက်မယ်နော်၊ ဂါဝန်စီနေရာလေးက နည်းနည်းတွန့်နေတယ်'

အယ်လ်စီက ဟိုနားနည်းနည်း၊ သည်နားနည်းနည်း ပြင်ပေးရင်း ပါးစပ်ကလည်းအမျှင်မပြတ် ပြောနေသည်။

'အလှပြင်တဲ့ နေရာမှာ ရှင် သိပ်ကျွမ်းကျင်တာပဲ အယ်လ်စီ၊ ဒါပေမယ့် ဟောဒီရင်ဘတ်က ဇာတွေကိုတော့ ကျွန်မ ဖြုတ်ပစ်လိုက်ချင်တယ်၊ ဒါမှ ရင်ဘတ်က ပိုဟိုက်သွားမှာ၊ ကတ်ကြေး ခဏသောက်ယူပေးပါနော်'

'ရင်ဘတ်ကို ပိုဟိုက်ပစ်မလို့လား'

အယ်လ်စီ အံ့အားသင့်သွားသည်။ ယခုပင်လျှင် အင်္ကျီလည်ပင်းက ဟိုက်လှန်းနေချေပြီ။



လီနီက ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ နောက်ပြီးတော့ ယပ်တောင်တစ်ချောင်းလဲ ယူခဲ့ပေးပါ၊ ယပ်တောင်တစ်ချောင်းလောက်တော့ ကျွန်မ ကိုင်သွားမှဖြစ်မှာပေါ့ အယ်လ်စီ၊ ဒါမှနန်းတော်သူလေးတစ်ယောက် ဆင်းလာတာနဲ့တူပြီး ဝီလ်ဆင်ဂိမ်း ပိုသဘောကျသွားမှာ၊ လက်ထဲမှာ ဘာမှ ကိုင်မထားဘဲ ဒီအတိုင်း ခပ်ကြောင်ကြောင်ကြီး ဆင်းသွားယင် မင်းသားလေ ကောင်မလေးတစ်ယောက်လို ဖြစ်နေမှာပေါ့၊ နောက်ပြီးတော့ လက်အိတ် အနက်လဲလိုချင်တယ်၊ လက်ဆိတ်နက်ကလေး စွပ်ထားလိုက်တော့ ပိုပြီး နန်းဆန်သွားတာပေါ့'

အယ်လ်စီ ပြေးထွက်သွားသည်။

ချက်ချင်းဆိုသလိုပင် ကတ်ကြေး တစ်လက်၊ ငှက်တောင်များဖြင့် ပြုလုပ်ထားပြီး အရင်းတွင် မှန်ကလေး တစ်ချပ် အသင့်ပါတော့ ဆင်စွယ်ရိုးတပ် ယပ်တောင် တစ်ချောင်းနှင့် အနက်ရောင်လက်အိတ် တစ်စုံတို့နှင့်အတူ ပြန်ရောက်လာသည်။

လီနီက လည်ပင်းအဟိုက်တွင် ကပ်ထားသော အဖြူရောင် ဇာများကို ကတ်ကြေးဖြင့် ဖြတ်ထုတ်ပစ်လိုက်သည်။ ယခုမှ သူ့ တစ်ကိုယ်လုံး အနက်ချည်းဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လီနိုက မှန်ထဲမှာ သူ့ကိုယ်သူ သေသေချာချာ စစ်ဆေးကြည့်သည်။ ဟုတ်ပါသည်။ တစ်ကိုယ်လုံး နက်နေပါသည်။ ဆုံးရှုံးသွားရသော ချစ်သူအတွက် ဝမ်းနည်းကြေကွဲသည့် သဘောဖြင့် အနက်ရောင် များကို ဝတ်ဆင်ထားသလိုပင် ဖြစ်နေလေသည်။

လီနိုက ကတ်ကြေးကိုချသည်။ သို့သော်လည်း အယ်လိစ် ကောက်မယူသေးမီ အာရုံပြောင်းသည့်အနေဖြင့် စကားပြောသည်။

'ကျွန်မ ခေါင်းယမ်းလိုက်တဲ့အခါတိုင်း ဆံပင်တွေက ရေတံခွန်က ရေတွေကျလာသလို လှုပ်ယမ်းသွားစေချင်တယ်၊ ဒါကြောင့် ကျွန်မလက်အိတ်စွပ်နေတုန်း တစ်ခါလောက် ဘီးနဲ့ထပ်ရှင်းလိုက်ပါဦးနော်၊ ပြီးတော့ ခပ်မြန်မြန်လေးလုပ် အယ်လ်စီ၊ အိမ်ရှေ့ဆီက တံခါးဖွင့်သံကြားလိုက်သလိုလိုပဲ'

အောက်ထပ်မှ အသံများ ပေါ်ထွက်လာသည်မှာ အမှန်ပင်ဖြစ်ပါသည်။ တံခါးဖွင့်သံနှင့် ဝီလ်ဆင်ဂိမ်း၏ အသံကို သူတို့ အထင်အရှား ကြားလိုက်ကြရလေသည်။

'ခဏလောက်ဖြစ်ဖြစ်ပေါ့ နေလိုက်ပါဦးလားဗျာ၊ ကျွန်တော်တို့မှာ ဖျော်ဖြေရေး အစီအစဉ်ကလေးတစ်ခု ရှိနေတယ်၊ အခုပဲ စ တော့မှာပါ'



တစ်ကိုယ်လုံး ငြေးစက်ပြီး တုန်လှုပ် သွားသည်ကို လီနိုက သတိထားပြီး ထိန်းထားလိုက်သည်။

ဖျော်ဖြေရေးအစီအစဉ် ငါကိုယ်တိုင် ဖျော်ဖြေဖို့မယ့် အစီအစဉ်ကို သိလိုတာပေါ့လားဟု သူ့အား မေးလိုက်သည်။ အနက်ရောင်ပိုးလက်အိတ်ကိုကောက်ယူလိုက်သည်။ အလွန်တရာနူးညံ့သည်။

ရည်သူပိုင်ခဲ့သနည်း။ ပိုင်ရှင်သေသွားပြီလား။

ဒါမှမဟုတ် စွန့်ပစ်ပစ္စည်းအဖြစ် ဈေးခင်းပေါ်သို့ ရောင်းထုတ်လိုက်ပြီလော။

သို့တည်းမဟုတ် ပြည့်တန်ဆာအိမ် တစ်အိမ်အိမ်သို့ပို့လိုက်ပြီလော။

သူ့စိတ်ကို သူထိန်းနိုင်သွားသည်။

ကိုယ်ကို မတ်မတ်ပြန်ရပ်လိုက်သည်။

လက်ချောင်းကလေးပေါ်တွင် လက်အိတ် နေသားတကျဖြစ်အောင် ပွတ်ပြင်ပေးသည်။

ပြီးတော့ မှန်ထဲမှာ အကြာကြီး စိုက်ကြည့်နေသည်။ သူ့အလှက ထင်းထင်းကြီး ပေါ်နေသည်။

မရမ်းရောင်မျက်လုံးများက အသက်ဝင်နေသည်။ မှန်ထဲကနေပြီး သူ့ကို ပြန်ကြည့်နေသည်။

ဒီအလုပ်တွေကို လုပ်နေကြောင်း သူ့ကိုယ်သူပင် မယုံကြည်နိုင်အောင် ဖြစ်သွားမိလေသည်။

'မင်း အရမ်းလှတာပဲ'

အယ်လ်စီက သက်ပြင်းချရင်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူပြင်ပေးထားသော အလှတွင် ဘာတွေ ချွတ်ယွင်းနေသေးသနည်းသိရအောင် နောက်သို့ အနည်း ငယ်ဆုတ်ပြီး အသေးစိတ်ကြည့်ရှုအကဲခတ်သည်။

'ဟုတ်တယ်၊ကျွန်မကလဲ လော့ဒ်စီလ်ဆင်ဂ်မ်းသဘော ကျစေချင်တာ'

လီနီက ပုံမှန်အသံဖြင့်ပြန်ပြောသည်။

'ဒါဆိုယင် သူ သဘောကျ မကျနပ်သွားမှာပဲ၊ ဟုတ် ပါတယ်နော်'

လီနီ က စကားဆက်ရင်း ယပ်တောင်နှင့်ကတ်ကြေးကို နှစ်ခုပူးပြီး အမှတ်တမဲ့ ကောက်ယူသည်။

ကတ်ကြေးကို ယပ်တောင်နှင့်ရောပြီး ဆုပ်ကိုင်ကာ ဘေး လူ သတိမထားမိအောင် ဝှက်ထားလိုက်သည်။

အယ်လ်စီက သူကိုယ်တိုင် ပြင်ပေးထားသည့် လီနီ၏ အလှကို မျက်တောင်မခတ်ကြည့်ရင်းသဘောကျမဆုံးဖြစ် နေသည်။

ထို့ကြောင့် အိပ်မွေ့ချ ခံထားရသူပမာ ထိုင်ရာမှထ သည်။ ပြီးတော့ ခေါင်းညိတ်သည်။

'လဒ်သခင် ကျေနပ်သွားမှာတော့ ပြောမနေနဲ့တော့၊ နောက်ပြီးတော့ မေမေကြီးမူစလေကလဲ သူ လိုချင်တာ အကုန်ပုံပေးတော့မယ်လေ၊ မင်းကိုသာ ရမယ်ဆိုလို့များ ကတော့ မေမေကြီးက လက်ဘယ်နှေးလိမ့်မလဲ'

'ဒါပေမယ့် မေမေကြီးမူစလေ ကျွန်မကို ဘယ်နည်း နဲ့မှ မရနိုင်ပါဘူး အယ်လ်စီ'



အယ်လ်စီ မျက်လုံးပြူးသွားသည်။

လီနီကို စိုက်ကြည့်နေမိသည်။

ဘယ်မိန်းကလေးမှ ဒါလောက်မလှခဲ့ကြောင်းကိုတော့ သူဝန်ခံနေမိသည်။

ဒါလောက်လှသည့် မိန်းကလေးနှင့် ဝီလီဆင်ဂ်မ်းတို့ လူသိုက် တစ်ကြိမ်တစ်ခါမျှ မဆုံဖူးသေးချေ။ နောက်ပြီး တော့ သူ့အနေနှင့်လည်း ဘယ်မိန်းကလေးကိုမျှ ဒါ လောက် စိတ်တိုင်းကျ အလှပြင်ပေးဖူးခြင်း မရှိခဲ့။

တံခါးဝမှာ ရှိနေသော ဘွန်နီဖလိုင်းကလည်း လီနီကို အကဲခတ်ကြည့်နေသည်။

သန်မာထွားကျိုင်းသည့် သူ့လက်ကြီးများထဲမှ လွတ် အောင် နည်းလမ်းရှာကြံ ရုန်းထွက်ရမည်ကို လီနီသဘော ပေါက်ထားလိုက်သည်။

မာန်ကလေးဝင့်ပြီး အယ်လ်စီဘက်သို့ လှည့်လိုက် သည်။

'အောက်တန်းစား ကောင်မတစ်ယောက်ကို လိုက်ပို့ ပေးရသလို ဘွန်နီဖလိုင်းက ကျွန်မကို အောက်ဆပ်လိုက်ပို့ ပေးရတာမျိုး ကျွန်မ သဘောမကျဘူး၊ ကျွန်မဘာသာ ခမ်းခမ်းနားနားကြီး ဆင်းလာပါမယ်လို့ လော့ဒ်စီလ်ဆင် ဂ်မ်းကို သွားပြောပေးပါ၊ လှေကားအတိုင်း ကျွန်မ တစ် ယောက်တည်း လှလှပပလေး ဆင်းလာချင်ပါတယ်လို့၊ ဘွန်နီဖလိုင်း ဘေးကပါနေယင် ကန့်လန့်ကန့်လန့်နဲ့ ဖြစ် ကုန်လှဘယ်၊ ဒါကြောင့် ကျွန်မတစ်ယောက်တည်း ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုဖို့နဲ့ ကျွန်မ ဘယ်လောက်လှနေတယ်ဆိုတာ ဇီလ်ဆင်ဂိမ်းကို သွားပြောပေးပါ အယ်လ်စီ'

အယ်လ်စီက ခေါင်းညိတ်ပြီးအပြင်သို့ထွက်သွားသည်။

လီနိုသည် သူ၏သခင်မ အသစ်သဖွယ် ဖြစ်သွားကာ ခိုင်းသမျှကို တစ်သဝေမတိမ်း လုပ်တော့သည်။

ဇီလ်ဆင်ဂိမ်း၏နားနားသို့ကပ်ကာ လီနိုပြောခိုင်းသည်များကို တစ်လုံးမကျန် ပြောပြီသည်။

လီနိုက စောင့်နေသည်။

ယပ်တောင်ကိုလှည့်နေသည်။

ကတ်ကြိုးကို ယပ်တောင်နှင့်ရောပြီးဆုပ်ထားသည်။ ကတ်ကြိုး ဘယ်နားရောက်သွားကြောင်း ဘွန်နီဖလိုင်း သတိမထားမိအောင် အထူးဂရုစိုက်ပြီး လှည့်နေသည်။

အောက်ထပ်မှ ရွှေ့လျားသံများ၊ ခြေထောက် နေရာပြောင်းသည့်အသံများ၊ ဖိနပ်သံများကို ကြားရသည်။

'အမျိုးသမီးကို အောက်ကို လွှတ်လိုက်တော့ ဘွန်နီဖလိုင်း'

ဟု လော့ဒ်ဇီလ်ဆင်ဂိမ်း လှမ်းအော် ပြောလိုက်သည့်အသံပါ တစ်ဆက်တည်း ပေါ်ထွက်လာလေသည်။

ဘွန်နီဖလိုင်းကလီနိုကိုဆွဲခေါ်ရန်ရှေ့သို့တိုးလာသည်။

လီနိုက သူနှင့်လွတ်အောင် နောက်သို့ ဆုတ်လိုက်သည်။

'ငါတစ်ယောက်တည်းအောက်ကိုဆင်းသွားချင်တယ်လို့ပြောနေတာ မကြားဘူးလား' ဟုလီနိုကပြန်မာန်သည်။



'မင်း ဘာလုပ်ချင်တယ်ဆိုတာ ဘာမှ အရေးမကြီးပါဘူးလေ'

ဘွန်နီဖလိုင်းက သူ့ဘယ်ဘက် လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သည်။

မှန်းထားသည့်အတိုင်းပင် ယပ်တောင်ကိုညာလက်ဖြင့် ကိုင်ထားသည်။

ယပ်တောင်နှင့်အတူ ကတ်ကြိုးကို ရောဆုပ်ထား၏။

ထိုကတ်ကြိုးသည် သူ့ဘဝအတွက် အဖိုးအတန်ဆုံးဖြစ်ကြောင်း သူကောင်းကောင်းသိထားသည်။

လီနိုကရုန်းသည်။ ဘွန်နီဖလိုင်းက တံခါးဝဆီသို့ အတင်းဆွဲခေါ်သွားသည်။ အယ်လ်စီ ပြန်ပြေးတက်လာသည်။

'သူတစ်ယောက်တည်း ဆင်းလာရမယ်လို့ လင်သခင် အမိန့်ချလိုက်တယ်မစ္စတာဘွန်နီဖလိုင်း၊ သူ့ကိုအကျပ်ကိုင်တဲ့အတွက် စိတ်ကယောင်ချောက်ချား ဖြစ်သွားတာကို လင်သခင်ကမလိုချင်ဘူးတဲ့၊ ရှင် သူနဲ့ဝေးဝေးမှာနေပါတဲ့၊ သူဖိတ်ထားတဲ့ဧည့်သည်သိပ်အထင်ကြီးသွားစေချင်နေတယ်'

ဘွန်နီဖလိုင်းက ခပ်တိုးတိုးကျိန်ဆဲရင်း လီနို၏လက်ကို လွှတ်ပေးလိုက်သည်။ ပြီးတော့ တံခါးပေါက်ဝ နားမှာ ရပ်နေခဲ့သည်။

လီနိုက လှေကားဆီသို့ လျှောက်လာသည်။ အသာ [illegible]အောင်ရှူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပိုးသပ်ကာ အတတ်နိုင်ဆုံး ပြုံးပြုံးကလေး ထားလိုက်သည်။

လှေကားထိပ်တွင် လီနီကိုမြင်လိုက်သည်နှင့် အောက် ထပ်မှာရှိနေကြသော ယောကျ်ားသားများမှာ ဗုဒ္ဓ သုဉ်းကားဖြစ်ကုန်ကြလေတော့သည်။

မျက်လုံးတိုင်း လီနီဆီသို့ရောက်လာကြပြီးမျက်တောင် ခတ်ဖို့ အားလုံးမေ့သွားကြလေသည်။

သူမှတ်မိနေသောမျက်နှာများပါသည်။ သူတို့အား လုံးသည် ဝီလ်ဆင်ဂိမ်းနှင့်အတူ အမြဲတမ်း ပွဲလာကြည့် ကြသူများဖြစ်သည်။

တိုင်ကိုမှီရပ်နေသော ဒီကွင်စီက လီနီကို သူပဲပထမ ပြေးဆွဲတော့မည့်ပုံမျိုးရှိသည်။

ဖလင်မွန်ဏ ခ ကဲ်သောင့်သက်သာထိုင်နေရာမှ ဖြ ခနဲမတ်မတ်ပြင်ထိုင်သည်။

အယ်လ်ဗာဒိုက်စ်က ယုတ်ယုတ်မာမာ များကို ရေ ရင်းတစ်ကိုယ်လုံး ယိမ်းထိုးနေသည်၊ တော်တော်လ မူးနေပုံပေါက်သည်။

လိုင်မွန်နှင့်ဟက်ဂတ်လည်းရှိနေကြသည်။ လူတွေ များ လှသည်။

သူမသိသူတွေကိုပါထည့်ပေါင်းလိုက်မည်ဆိုလျှင် ဒါဇင်တော့ ကောင်းဆောင်းကြီး ကျော်သွားလေသည် အချို့ကို မျက်နှာတော့ဖြင့် မြင်ဖူးနေသည်။ သို့သော် နာမည်မသိ။



ကြည့်နေရင်းမှာပင် ဟိုကထွက်လှာ၊ သည်ကထွက် လာ၊ ဟိုကြားကပေါ်လာ၊ သည်ကြားက ပေါ်လာဖြင့် လူတွေများသည်ထက် များလာသည်ကို တွေ့ရလေတော့ သည်။

လွှန်ဒန်မြို့ပေါ်မှာရှိနေသည့် ယောကျ်ားအားလုံးကို လော့ဒ်ဝီလ်ဆင်ဂိမ်.ဖိတ်ကြားထားလေသလားထင်မှတ်ရ လောက်အောင်ကို များပါသည်။

'အခုနေဆင်းလိုက်တော့'

နောက်ဘက်မှ အယ်လ်စီက လေသံတလေ့ဖြင့် လှမ်း ပြောသည်။

'သူတို့ကိုကျော်ပြီး မင်းရဲ့ဘယ်ဘက်မှာရှိတဲ့ အခန်း ကြီးထဲကိုဝင်သာသွား၊ မမေ့နဲ့နော်'

လီနီက တံတွေးမျိုချသည်။ ဘာဝဟူသည်မှာ ဒါ လောက် လွယ်လွယ်ကလေးတော့လည်း ဘယ်ဖြစ်နိုင်ပါ့ မလဲဟု တွေးသည်။

အယ်လ်စီကို ဘာမျှပြန်မပြော။လက်ထဲကယပ်တောင် နှင့်ဝှက်ကိုင်ထားသော ကတ်ကြေးကို ပိုတင်းသည်ထက် တင်းသွားအောင်ဆုပ်ကိုင်ထားလိုက်လေသည်။

ခေါင်းကိုမော့သည်။ ဆံပင်များကို နောက်သို့ခါ ထုတ်လိုက်သည်။ အနက်ရောင် ဝတ်စုံပေါ်တွင် ရွှေရောင် ဆံပင်များက ဝဲလွင့်သွားကြလေသည်။

သူနည်းနည်းကလေးမျှတုံ့ဆိုင်းနေခြင်းမရှိပါ။ ဘာ ဆက်လုပ်ရမည်ကို သူ့ဘာသာ ကောင်းကောင်းသိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမ်မြင်၏ အောက်ပိုင်းတစ်နေရာတွင် သနားစရာကောင်းသည့် အသက်၁၁ နှစ်အရွယ်ဆိုသော မိန်းကလေး၏ ကံကြမ္မာမည်သို့ ရှိခဲ့သည်မသိ။

ယနေ့မီမီ၏ ကံကြမ္မာကိုမီမီ အာသာဖန်တီးရတော့မည်။

မီမီကို အလွန်သတ္တိရှိသောမိန်းကလေးဟု လွန်ခဲ့သော နှစ်ပေါင်းများစွာတုန်းက ဂျက်ဖရီက ပြောခဲ့ဖူးသည်။

ထိုသတ္တိများကို ယနေ့ညတော့ ထုတ်ဖော်ပြသရပေတော့မည်။

လူယုတ်မာများထင်ရာမလုပ်မီမှာပင်မီမီ ဘယ်လောက်သတ္တိရှိကြောင်းကို ထင်ထင်ရှားရှားကြီး ထုတ်ဖော်ပြရပေတော့မည်။

မီမီသည် ယောကျ်ားများ၏ကစားစရာပစ္စည်းကလေးတစ်ခုမဟုတ်ကြောင်းကို ထုတ်ဖော်ပြသရပေတော့မည်။

မီမီအလှကို ယောကျ်ားသားများ သွားရည် တမြားမြားဖြင့် ငေးစေပြီး နောက်ဆုံးမှ မီမီကိုသူတို့ ပိုင်ဆိုင်ခွင့်မရှိကြောင်း သိသွားအောင်လုပ်ဖို့ မိန်းမညာဏ်ဖြင့် ရှာခြည်းဆုံးဖြတ်လိုက်သည်။

ယောကျ်ားတွေ အာသာတာမ်းမ်း ဖြစ်စေရမည်။ ပြီးတော့မှ သူတို့ လက်ဖျားနှင့်ပင် မတို့လိုက်ရသော အဖြစ်သို့ ရောက်စေရမည်။

သောက်လုဆဲ ဖန်ခွက်ကို ပါးစပ်နားရောက်မှ ပုတ်အချခံလိုက်ရသလို အဖြစ်မျိုးနှင့် ကြုံတွေ့စေရမည်။



ယောကျ်ားသားများကို မြူဆွယ်သည့် လှုပ်ရှားမှုမျိုးဖြင့် လီနိုက အောက်နားသို့ ဆင်းသွားသည်။ ကိုယ်ပေါ်မှ ပိုးစများသည် လေမှာဝဲနေသည်။

'လူကြီးမင်းများခင်ဗျာ… ကျွန်တော်တို့ ရဲ့ ညပိုင်းဖျော်ဖြေမှု အစီအစဉ် စတင်နေပါပြီ၊ ကျွန်တော်တို့ရဲ့ညပိုင်းဖျော်ဖြေရေး တာဝန်ခံ မစ္စလီနိုဟာ စွဲမက်ဖွယ်ရာကောင်းပါလား ခင်ဗျ'

လော့ဒ်ဝီလ်ဆင်ဂိမ်းက ကြေညာလိုက်ခြင်းဖြစ်သည်။

လှေကားအလယ်လောက် ရောက်သောအခါ လီနိုက ဆက်မဆင်းဘဲ ရပ်လိုက်သည်။ ဝီလ်ဆင်ဂိမ်းကို ပြောင်ချော်ချော် မျက်နှာပေးဖြင့် လှမ်းကြည့်သည်။ အပေါ် လှေကားထိပ်တွင် ရှိနေသော ဘွန်နီဖလိုင်းက မျက်မှောင်ကုပ်သည်။

လီနိုကို သည်နေရာမှာနေပြီး အောက်သို့ ဆွဲချသွားရလျှင် ကောင်းမည်လားဟု ဘွန်နီဖလိုင်းစဉ်းစားနေသည်။

အောက်မှာ ရှိနေသူများကလဲ မိမိအရင်ရရေးအတွက် လှေကားအတိုင်း ပြေးတက်သွားပြီး လုရလျှင် ကောင်းမည်လားဟု စဉ်းစားနေကြသည်။

လီနိုက လှေကား လက်ထန်းကို လက် တစ်ဖက်ဖြင့် ကိုင်သည်။ ယပ်တောင်ကို အသာခပ်သည်။ သူရပ်နေပုံ၊ ယပ်တောင်ခပ်ပုံ၊ အောက်မှ လူများကို ကြည့်နေပုံ တို့မှာ အလွန်လှသည်။ဘုရင်မကြီးက သူ၏ ကျေးတော်မျိုးကျွန်တော်မျိုးများအားကြည့်ရှုနေသသားဟုထင်မှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက်မှ သက်ပြင်းချသံများ၊ အသက် ပြင်းပြင်း ရှူသံများ ပေါ်ထွက်လာသည်။

ထိုအခိုက် အေးစက်မာကျောသော လီနို၏ အသံကြီး ဟိန်းထွက်လာလေသည်။

'ငါ့ကို အသေသတ်မှ ငါ့ခန္ဓာကိုယ်ကို နင်တို့ရမယ် စီလ်ဆင်ဂိမ်း၊ ငါ အသက်ရှင်နေသမျှ ကာလ ပတ်လုံးမှာတော့ နင်တို့အလိုကိုဘယ်တော့မှ မလိုက်ဘူးမှတ်လိုက်ပါ'

'မင်းကို အသေ သတ်ရမယ်လား၊ဟားဟားဟား—'

စီလ်ဆင်ဂိမ်းက တဟားဟားရယ်သည်။ သို့သော်ထဲ ပျော်ပျော်ကြီး ရယ်လိုက်သည့်အသံတော့ မဟုတ်ချေ။

ပြီးတော့မှ သူ့စကားကို ဖြည်းဖြည်းရှင်း ဆက်ပြောသည်။

'အောက်စဖို့မြို့မှာ နေတုန်းက မင်း ဘာလုပ်ခဲ့တယ်ဆိုတာ ဂေးလ်ဘတ်မာနေ့က တို့ကို ပြောပြထားတယ်လေ၊ အဲ့ဒီအတိုင်း တို့ကို ဖျော်ဖြေစေချင်တာပါ'

ရုတ်တရက် လှုပ်ရှားလိုက်ခြင်းသည် လီနို၏ အ[illegible] ဖြစ်လေသည်၊

လီနိုသည် ယပ်တောင်ကို လွှတ်ချလိုက် သည်။ လက်ကောက်ဝင်တွင် ကြိုးနှင့် ချည်ထားသောကြောင့် ယပ်တောင်က လက်အောက်ဝတ်တွင် တွဲလောင်းဖြစ်နေသည်။

လက်တစ်ဖက်ကို မြှောက်လိုက်သောကြောင့် ထို[illegible] ထဲတွင် ကိုင်ထားသည့် ကတ်ကြေးက ဖယောင်းတိုင် [illegible] ရောင်တွင် လက်ခနဲ ပြိုးပြက်သွားလေသည်။



'ဒီလိုဆိုယင် နောက်ထပ် မိန်းမအလောင်း တစ်လောင်းကို သိမ်းမြစ်ထဲသာ မျှောလိုက်ကြပေတော့'

လီနို၏ လက်ထဲမှ ကတ်ကြေးက သူ့ရင်ဝ အပေါ်တည့်တည့်မှာ မြောက်နေသည်။

'မလုပ်နဲ့'

အောက်မှာရှိသော ပရိသတ်ထဲမှ အသံတစ်သံ ပေါ်ထွက်လာသည်။

သို့သော်လည်း လှေကားထိပ်မှာ ရှိနေသော ဘွန်နီဖလိုင်းက ခြေသံမကြားအောင် နောက်ဘက်မှ ခပ်သွက်သွက် ဆင်းလာသည်။

လီနိုက ချွန်ထက်သော ကတ်ကြေးကို သူ၏ရင်ဝထဲသို့ ထိုးစိုက်ချလိုက်သည့် အချိန်မှာပင် ဘွန်နီဖလိုင်းက ထို လက်ကို ခုန်အုပ်ပြီး ဖမ်းချုပ်လိုက်ပြီးသား ဖြစ် သွားလေတော့သည်။

လီနိုကို လှေကားလက်တန်းနှင့် ညှပ်ပြီး ဖမ်းချုပ်ထားလိုက်သည်။ လက်ထဲမှ ကတ်ကြေးက အောက်သို့ လွတ်ကျကာ လှေကားအတိုင်း လျှောတိုက်ဆင်းသွားပြီး ကြမ်းပြင်ပေါ် ရောက်သွားသည်။

'တို့ကို ဒီလို ကျောမယ်မကြံနဲ့ သူငယ်မ၊ အေး… မင်းမှာ အကာအကွယ် ပေးမယ့်လူ ရှိရင်တော့ ဟုတ်သပေါ့လေ'

ဘွန်နီဖလိုင်းက လီနိုကို လှေကားအတိုင်း ဆွဲချလာရင်း ရွတ်နောက်နောက် လေသံမျိုးဖြင့် ပြောသည်။

www.burmeseclassic.com

'သူ့ကို အဘောအကွယ် ပေးမယ့်သူဟာ ငါပဲပေါ့'

ကျော်အောင်သော အသံတစ်ခု ပေါ်ထွက်လာသည်။ တုန့်ခနဲဖြစ်သွားသော ဘွန်နီဖလိုင်း၏ လက်ထဲမှ လီနီက ရုန်းကန်နေသည်။ ရုန်းကန်နေရင်းလာ၍ ကြားလိုက်ရသော အသံကြောင့် ခေါင်း[illegible] ရှပ်တွေးသွားသည်။

ထောင်မြောင်းမောင်မြောင်း ကိုယ်လုံး သွယ်သွယ် လှုပ်လှုပ်ယောက်ျားသည် ဝီလ်ဆင်ဂိမ်းကို ကျော်ပြီး လှေကား ဆီသို့ လျှောက်လာသည်။ ပြီးတော့ လှေကားပေါ်သို့ စ တက်ရင်း အဆောင်ခေါင်းကို ရှမ်းခနဲ ဆွဲထုတ်လိုက်လေသည်။

မီးရောင်တွင် လက်သွားသော ဓားဦးသည် ဘွန်နီ ဖလိုင်း၏လည်ပင်း အပေါ်မှာ ဖောက်လျက်သား ဖြစ်သွား လေတော့သည်။

လီနီကလည်း အောင့်တောင့်ကြီး ရပ်နေမိသည်။

'မိန်းကလေးကို လွှတ်လိုက်'

ကြောက်မက်ဖွယ်အသံကြီး ဟိန်းထွက်လာသည်။

ဓားဦးတည့်တည့်မှ ဘွန်နီဖလိုင်း၏ လည်ပင်း သွေး တစ်စက်ထွက်ကျလာသည်။

ထို့ကြောင့် လီနီ၏ လက်ကို လွှတ်ပေးလိုက်သည်၊ ကြောက်အား လန့်အားဖြင့် နောက်ဘက်သို့ အပြေး အလွှားဆုတ်သွားသည်။

လှေကားသုံးထစ်ကျော်ပြီး ပြန် တက်ပြေးသွားခြင်း ဖြစ်လေသည်။

'ဂျက်ဖရီ'



လီနီက တိုးတိုးလေး ရေရွတ်ယင်း ဂျက်ဖရီ ကိုယ် ပေါ်သို့ လဲပြိုကျသွားလေတော့သည်။ ဂျက်ဖရီက သူ ကိုယ်လုံးလေးကို လက်တစ်ဖက်ဖြင့်အလိုက်သင့် သိုးကြို ပွေ့ယူထားလိုက်ရ လေသည်။ အခြေအနေကို ထိန်းသိမ်း သည့် ဝီလ်ဆင်ဂိမ်း၏ အသံ[illegible]ထဲမှ ထွက်လာသည်။

'ဂျက်ဖရီ ခင်ဗျားဘာဖြစ်သွားတာလဲ၊ စိတ်[illegible]ကောင်း သေးရဲ့လား၊ ဒီကောင်မလေးဟာ ဇာတ်ရုံမှာ သီ မှာ့်သီး ရောင်းတဲ့ကောင်မလေး၊ သူ့ဘာသား နာအောင် ကျင် အောင် ကျုပ်တို့မလုပ်ပါဘူး'

လီနီကို လက်တစ်ဖက်ဖြင့် ထိန်း ကိုင်ထားပေးယင်း ဂျက်ဖရီက နံရံကို ကျောပေးကာ လှေကားအောက်သို့ ပြန်ဆင်းလာသည်။

'သူ့ဘာသား နာအောင်ကျင်အောင် ဒီနေ့ည လုပ်လို့ မရသလို နောက် ဘယ်ညမှာမှလဲလုပ်လို့မရဘူး၊ နောက် ပြီးတော့ ဒီလိုကြံစည်မိတဲ့အတွက် ဒီမိန်းကလေးကို ခင် ဗျားတောင်းပန်ပေါ့'

ဂျက်ဖရီက ရှင်းလင်းပြတ်သားစွာ ပြောသည်။

ဝီလ်ဆင်ဂိမ်း၏မျက်နှာမှာ ရှက်သွေးကြောင့် ရဲ နေသည်။ အသက်ရှူကျပ်နေသည်ဟုလည်း ထင်ရသည်။

'မှင်းကို ကျုပ်တောင်းပန်ပါတယ် မစ္စလီနီ'

အတင်းအကျပ်အနိမ့်အမြင့်မရှိသောအသံဖြင့် သူပြော သည်။ ပြီးတော့ ဂျက်ဖရီဘက်သို့လှည့်ပြီး ဒေါသဖြင့် မေးလိုက်သည်။

www.burmeseclassic.com



'နေစမ်းပါဦး ဘာဖြစ်လို့ ဘောင်းပန် ခိုင်းတာလဲ ဂျက်ဖရီ'

'သူဟာ ကျုပ်ရဲ့မိန်းကလေးဖြစ်နေလို့ပဲ'

ဂျက်ဖရီက တိုတိုတုတ်တုတ်နှင့်ပြောယင်း သူ့နားမှ ဖြတ်သွားသည်။

'ဘယ်သို့အခွင့်အရေးကြောင့် ခင်ဗျားရဲ့မိန်းကလေး ဖြစ်ရတာလဲ'

အော်ဟာင်မေ၊မြန်းလိုက်သည့်အသံကြီးတစ်သံ ပေါ် ထွက်လာသည်။

သူတို့အားလုံး လှမ်းကြည့်လိုက်သောအခါ အသံရှင်မှာဒီကွင်စီဖြစ်နေကြောင်း တွေ့ကြရလေသည်။

ဂျက်ဖရီက ဒီကွင်စီကို ဒေါသတကြီးလှမ်းကြည့်သည်။ သူ့အကြည့်ကြောင့် ဝီလ်ဆင်ဂိမ်းနှင့်အချို့မှာ နောက်သို့ပင် ခြေတစ်လှမ်းယောင်ပြီးဆုတ်လိုက်မိကြသည်။

'ပိုင်ဆိုင်နိုင်တဲ့ အခွင့်အရေးကြောင့် ကျုပ်ရဲ့ မိန်းကလေးဖြစ်ရတာပဲ'

ဂျက်ဖရီက အေးစက်မာကြောသောလေသံဖြင့် ပြန်ပြောယင်း တံခါးပေါက်ရှိရာသို့ မှန်မှန် သွားနေသည်။

တံခါးပေါက်နားသို့ သူတို့ရောက်သည့်အချိန်မှာပင် ဒီကွင်စီ၏ခါးသည် ခါးအိမ်ထဲမှ ရှတ်ခနဲထွက်လာသည်။ လူကိုယ်တိုင်ကလည်း ရှေ့သို့ခုန်ထွက်လာသည်။

'အဲ့ဒီ ပိုင်ဆိုင်နိုင်တဲ့အခွင့်အရေးကို ကျုပ် စိန်ခေါ်တယ်'



ဝီလ်ဆင်ဂိမ်းမှာ ပျာယာခတ်သွားတော့သည်။

'လူကြီးမင်းများ...လူကြီးမင်းများ၊ ကျွန် တော်တို့ အချင်းချင်း ရန်မဖြစ်ကြပါနဲ့ခင်ဗျာ၊ ဂျက်ဖရီဝင်းဒမ်းဟာ ကျွန်တော်တို့ရဲ့အထူးဧည့်သည်တော် ဖြစ်ပါတယ်၊ ဖြစ်ပေါ်လာတဲ့ပြဿနာတွေ အကုန်လုံးကို ဖြေရှင်းလို့ ရနိုင်ပါတယ်၊ ဂျက်ဖရီ၊ မိန်းကလေးကို ခင်ဗျားအရင်ယူပါ၊ ကျွန်တော်တို့အားလုံး ကျေကျေနပ်နပ် ခွင့်ပြုပါတယ်'

'မရဘူး၊ ကောင်မလေးကို ကျုပ်အရင်ယူမယ်'

ဒီကွင်စီကလည်း စော်ကားသည့်လေသံခပ်မာမာပြောရင်းခါးကို ဝှေ့ယမ်းလိုက်သည်။ လေကိုခွဲသည့်ခါးသံက ကျောချမ်းစဖွယ် ပေါ်ထွက်လာသည်။

'ဒီမိန်းကလေးကို မင်း ဘယ်လိုအကြောင်းနဲ့မှ မရစေရဘူး'

ဂျက်ဖရီက ကြောက်မက်ဖွယ် ဟိန်းလိုက်သည်။ လီနိုကို သူ့နောက်ဖက်သို့တွန်းပို့သည်။

လီနို၏နှလုံးသွေးမှာ အရမ်းခုန်နေသည်။ ရင်ဘတ်ကို ဖောက်ကာ နှလုံးသားများ ခုန်ထွက်လာတော့မည်လား ဟု ထင်မှတ်ရသည်။

ဂျက်ဖရီ...

သူ၏နှလုံးသားများ ပြန်၍ အသက်ဝင်လာကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကွင်စီ... ဂျက်ဖရီဝင်းဒမ်းဟာ ရွှေနန်းတော်ကြီးမှာ မျက်နှာသာအပေးခံရသူ တစ်ယောက် ဖြစ်တာကို သတိရဦးလေ'

ဝီလီဆင်ဂမ်းက ကြေကွဲဖမ်းနည်းသံကြီးဖြင့် ထောက်ပန့်သည်။

'ဒီကွင်စီဟာ ခားဒေးအာရာမှာတော့ လန်ဒန်မြို့မှာ ပြိုင်ဘက်မပေါ်သေးတဲ့ လူကွဲသော်၊ မင်းဟာလည်း ရွှေနန်းတော်မှာ မျက်နှာသာအပေးခံရသူ ဟုတ်ဟုတ်မဟုတ်ဟုတ် ဒီကွင်စီကတော့ မင်းကို အာဇာသသတ်မှာပဲ'

ဖလင်မွန်ကလှောင်ပြောင်သည့် လေသံဖြင့်ပြောသည်။

'ဒီကွင်စီက မင်းကို အပြတ်မရှင်းနိုင်ယင်လဲ ကျွန်တော်တို့တစ်တွေက မင်းကို ရှင်းပစ်လိုက်မှာပါကွာ'

လှေကားထိပ်မှာနေ၍ လီနိုကို မချင့်မရဲကြည့်နေသော ဘွန်နီဗလိုင်းက မာကျူးပ်သံကြီးဖြင့် လှမ်းပြောသည်။

'သူတို့ဘက်က လူတွေအများကြီးပဲ ဂျက်ဖရီ၊ ဒီကွင်စီကို ရှင်သတ်လိုက်နိုင်ယင်လဲ သူတို့က လူအုပ်ကြီးနဲ့ ရှင်းကို ဝိုင်းတိုက်ကြမှာပဲ'

နောက်ကွယ်မှာ ရပ်နေသော လီနိုက လေသံကျယ်ကြီးဖြင့်ပြောသည်၊

ဂျက်ဖရီက ခေါင်းကိုငြိမ့်သည်။ ဒီကွင်စီကို အသေမပေးဘဲ သတိထားကြည့်နေသည်။ ပြီးတော့ လီနိုကို နောက်ကိုယ် ကြားလောက်ရုံ လေသံနှင့်ပြောသည်။



'မင်းယပ်တောင်ကမှန်နဲ့ သူ့မျက်လုံးကို မီးရောင်ထိုးပေး၊ တံခါးပေါက်ဝကိုရောက်အောင် သူ့ကိုငါ မြှားခေါ်သွားမယ်'

ငှက်တောင်များဖြင့် ပြုလုပ်ထားသော ယပ်တောင် အရင်းဘက်မှမှန်....

လီနိုမှာ ယပ်တောင်ကိုပင် မေ့နေသည်။

ဂျက်ဖရီက ဓားလွတ်ကို ဒီကွင်စီသို့ ကမ်းပေးလိုက်ရင်း ရှေ့သို့ ခြေတစ်လှမ်းတက်သွားသည်။ ဒီကွင်စီ၏ဓားဦးက သူ့ဓားကို လာထိပြီး စိန်ခေါ်ခြင်းကို လက်ခံကြောင်း အချက်ပြလိုက်လေသည်။

ဓားသွားချင်းပူးသွားသည်။ လူချင်းလည်း ပူးသွားသည်။ မျက်နှာချင်း ထိတော့မတတ် ဖြစ်သွားသည်။ တစ်ယောက်ကို တစ်ယောက် မျက်နှာထား တင်းတင်းကြီးများဖြင့် ပြုံးကြသည်။

ထို့နောက် နှစ်ယောက်စလုံး နောက်သို့ အရှိန်ဖြင့် တစ်ပြိုင်တည်း ဆုတ်လိုက်ကြလေသည်။

ဒီကွင်စီ၏မျက်နှာပေါ်တွင် အံ့ဩသော ဇမ္ဗူအရာကို လီနိုမြင်ရသည်။ ထိုသို့လူချင်းခွဲလိုက်သောအခါတွင် ဂျက်ဖရီ ပုံလျက်သား လဲကျကျန်ခဲ့ရမည်ဟု သူ ထင်ပိုင်တွက်ပုံရသည်။ သို့သော်လည်း ဂျက်ဖရီသည်သူတွက်ထားသလို မဖြစ်ဘဲ ခုန်ထွက်သွားသည်ကို တွေ့လိုက်ရသောကြောင့် ဆုံးကြည့်နိုင်အောင် ဖြစ်သွားသည်ဟု လီနို ထင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တစ်ယောက် အလစ်မပေးတဲ့ သူတို့ချင်း လှည့်နေသည်။ ရုတ်တရက် လှန့်ခြင်း၊ ထိုးခြင်း၊ ပိုင်းခြင်းများကို ပြုကြသော်လည်း မည်သူ့ကိုမျှ ထိအောင် မစွမ်း ဆောင်နိုင်ကြ။

အပြန်အလှန် အလစ်မပေးရဲအောင် ဖြစ်နေကြသည်။ ဓားချင်းယှဉ်ကြည့်လိုက်တော့ ပြိုင်ဘက်၏ ဓားရေးကျွမ်းကျင်မှုသည် အသာယာမျှမြင့်ကြောင်း သူတို့ချင်းသိကြသည်။ ထို့ကြောင့် ပို၍ဂရုစိုက်ကြရခြင်း ဖြစ်သည်။

လီနိုက တံခါးပေါက်ရှိရာသို့ မသိမသာ နောက်ပြန်ရွှေ့လာခဲ့သည်။ မီးရောင်ကိုရှာပြီး သူ့ယပ်တောင်မှ မှန်နှင့် ဒီကွင်စီ၏မျက်လုံးကို ရောင်ပြန်ထိုးဖို့ ကြိုးစားသည်။ သို့သော် လက်ဆမရသေး။

ဓားသမား နှစ်ယောက်က လက်ချင်း ညီလွန်းနေသည်။ တစ်ယောက်ကို တစ်ယောက် အပြတ်တိုက်ခိုက်နိုင်ဖို့မလွယ်။ လူချင်းပူးလိုက်၊ ခွာလိုက်၊ ခုန်လိုက်၊ ကျော်လိုက်၊ ငုံ့လိုက်၊ ဆုတ်လိုက်၊ တက်လိုက်၊ လှည့်လိုက်ဖြင့် အပြန်အလှန် အလစ်ကို ချောင်းနေကြသည်။

အချိန်နည်းနည်းကြာလာတော့ ဂျက်ဖရီ တော်တော်လေး မောလာသည်။ ဒီကွင်စီ၏ တရကြမ်းဖိတိုက်ခြင်းကို ခံနေရသည်။ နောက်သို့သာ တဆုတ်တည်း ဆုတ်ပေးနေရသည်။

'မောပြီလားကွ ဂျက်ဖရီ'

ဒီကွင်စီက သရော်သံဖြင့် မေးသည်။



'လူအောချင် မောမယ်၊ ဒါပေမယ့် ငါ့ဓားကတော့ မမောဘူးဟေ့'

ဂျက်ဖရီက ဟန်လုပ်ပြီး ပြန်ပြောသည်။ သို့သော်လည်း သူအတော်မောနေပြီ ဖြစ်ကြောင်း အားလုံးက အတိုင်းသား မြင်နေကြရလေပြီ။

ဒီကွင်စီက ရယ်သည်။ သူသည် အေးအေးဆေးဆေးဖြင့် တိုက်ခိုက်တတ်သူ ဖြစ်သည်။ ရန်သူတို့၏ လည်ချောင်း သွေးကိုလည်း အေးအေးဆေးဆေးဖြင့် ဖောက်စမြဲဖြစ်သည်။

'ဒီတစ်ချီဆိုယင်တော့ မင်းလည်ချောင်းကို ငါ ထုတ်ချင်းခတ် ဖောက်ပစ် လိုက်တော့မယ်။ တိုးကောင်မနား ရောက်တော့မှ မင်းကို ငါ အဆုံးစီရင်မယ်' ဟုလည်း ဒီကွင်စီက တည်ငြိမ်သော လေသံဖြင့် ပြောသည်။

ပြောသည့်အတိုင်း ဖိတိုက် လာသည်။ ဂျက်ဖရီမှာ လီနိုရပ်နေသည့် နေရာသို့ တဆုတ်တည်း ဆုတ်ပေးနေရသည်။

တံခါးပေါက်နားမှာရပ်နေသည့် လီနို အနီးသို့ရောက်လာသည်။ ဘုရား၊ ဘုရား၊ လီနို ဘုရားတမိသည်။ ယခု အချိန်အလေးကို ထိရောက်စွာ အသုံးချနိုင်မှ ဖြစ်တော့မည်။ နည်းနည်းလေး လွဲသွားလျှင် ဘဝပျက်တော့မည်။ တစ်စုံတစ်ယောက်က အော်ဟစ်ပြီး သူ့လက်ထဲမှာ ရှိနေသည့်မှန်ချပ်ကလေးကို သိမ်းသွားတော့မည်ဟုလည်း စိတ်ထဲမှာ ထင်နေသည်။

ထိုအချိန်မှာပင် ဂျက်ဖရီ နောက်ပြန်လှဲသွားသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဒီကွင်စီက ဂျက်ဖရီ၏ နောက်ဆုံး ထွက်သက်နှင့်အတူ ဓားတစ်ဆုံးထိုးသွင်းရန် ရှေ့သို့ လေ၏လျင်မြန်ခြင်းမျိုးဖြင့် တိုးဝင်လိုက်သည်။ လီနို၏လက်ကောက်ဝတ်ကလေး လည်သွားသည်။ မှန်မှအလင်းရောင်က ဒီကွင်စီ၏ မျက်နှာပေါ်သို့ တည့်တည့်မတ်မတ်သွားကျသည်။

ဒီကွင်စီက အလင်းရောင်လာရာဆီသို့ စိတ်မှတ်မထင် ဖျတ်ခနဲကြည့်သည်။ မှန်မှထွက်လာသည့် ရောင်ပြန်နှင့် သူ့မျက်လုံးအစုံမှာ တည့်တည့်ကြီး သွားတိုးလေတော့ရာ မြင်ကွင်းများပြာသွားသည်။ ဂျက်ဖရီသည် တစ်ချက်ကလေးဆိုင်းမနေပဲ ထိုအခွင့်အရေးကို အပြည့်အဝ ယူလိုက်နိုင်လေသည်။

ဒီကွင်စီ၏ဓားကို လက်ထဲမှခတ်ထုတ်လိုက်သည်။ တစ်ပြိုင်တည်း လဲနေရာမှ ပြန်၍မတ်တတ်ရပ်ပြီး ဖြစ်သွားသည်။ ဒီကွင်စီ၏ဓားသည် တစ်ဘက်သို့ လွင့်ထွက်သွားကာ နံရံနားမှာ သွားကျသည်။

လူပေါင်းများစွာကို ဓားရေး ယှဉ်ပြီး အဆုံးစီရင်ခဲ့ဖူးသော ဒီကွင်စီသည် ဂျက်ဖရီ၏ရှေ့မှာ တောင့်တောင့်ကြီးရပ်နေသည်။ သူ့ကိုယ်တွင်းသို့ ဂျက်ဖရီ ထိုးသွင်းလိုက်မည့်ဓားကို စောင့်ဆိုင်းနေခြင်း ဖြစ်ပါသည်။ သို့သော် ဂျက်ဖရီက သူ့ပြိုင်ဘက်၏ကိုယ်လုံးကြီးကို ဓားနှင့်ထိုးမည့်အစား ဝီလ်ဆင်ဂိမ်းတို့လူသိုက်ဆီသို့ တအားဆောင့်တွန်းပစ်လိုက်သည်။



ဒီကွင်စီသည် နောက်ဘက်သို့လွင့်သွားပြီး အခြားသူများနှင့်တိုက်မိကာ ကြမ်းပေါ်သို့ လေးဘက်ထောက် လဲကျသွားလေသည်။ ဂျက်ဖရီကလည်း နောက်သို့လှည့်လိုက်သည်။ လီနိုက တံခါးဖွင့်ပြီး အပြင်ဘက်သို့ ပြေးထွက်နှင့်ပြီးဖြစ်နေသည်။ ဂျက်ဖရီကလည်း လီနို၏အရိပ်မှာ မနောက်မှကပ်လိုက်သွားပြီး တံခါးကို ဆောင့်ပိတ်သွားခဲ့သည်။

အပြင်တွင် မြင်းစောင်း အလုပ်သမားလေး တစ်ယောက် ရပ်နေသည်။ လီနို့ဆီသို့ ဝီလ်ဆင်ဂိမ်းက လက်ဆောင်ပစ္စည်းများ မှန်မှန်ပို့ခိုင်းသည့် ပိုးဟပ်ဖြူလေးပင် ဖြစ်လေသည်။

ဂျက်ဖရီ၏မြင်းဇက်ကြိုးကိုကိုင်ပြီး သူ ရပ်စောင့်နေသည်။ ဂျက်ဖရီက အထဲမှာ ကြာကြာနေနိုင်မည် မဟုတ်ပါ။ ဝီလ်ဆင်ဂိမ်းအတင်းဖိတ်နေသဖြင့် အားနာ၍ ခဏသာနေပါမည်ဟုပြောခဲ့သောကြောင့် ပိုးဟပ်ဖြူကလေးက မြင်းကိုအသင့် ကိုင်ပြီးစောင့်နေခြင်းဖြစ်လေသည်။

ပိုးဟပ်ဖြူ၏လက်ထဲမှဇက်ကြိုးကို ဂျက်ဖရီက ဆတ်ခနဲဆွဲယူသည်။ ဓားလွတ်ကိုင်ပြီး ဝုန်းဝုန်းဒိုင်းဒိုင်းထွက်လာသောဂျက်ဖရီကိုမြင်ရသဖြင့် သူ အထိတ်တလန့် ဖြစ်ကာ နောက်သို့ တွန့်သွားလေသည်။

ဂျက်ဖရီက မြင်းပေါ်သို့ လွှားကနဲ ခုန်တက်သည်။ လီနို့ကိုလည်း သူ့ရှေ့သို့ဆွဲတင်သည်။ လီနိုက [illegible]လိုက်

www.burmeseclassic.com

www.burmeseclassic.com



သင့်ခုန်တက်လာသည်။ ဂျက်ဖရီက ပိုးတဘက်ဖြူလေးဆီသို့ ရွှေမတ်စေ့ တစ်စေ့ ပစ်ပေးလိုက်သည်။

'အိမ်ထဲက ပထမဆုံးထွက်လာတဲ့လူကို အားလုံးနဲ့ ဝင်တိုက်ပစ်လိုက်စမ်းကွ' ဟုလည်း ပြောခဲ့သည်။

ကျဉ်းမြောင်းလှသော လမ်းအိုတံတားကြီးပေါ်မှ သူတို့ မြင်းကို မောင်းထွက်လာကြသည်။ ဂျက်ဖရီကို မြင်ဖက်ထားရင်း လီနီမှာ အဖြစ်အပျက် အားလုံးကို မျက်ကြည့်နိုင်အောင်ဖြစ်နေမိသည်။

ဂျက်ဖရီ...

ဂျက်ဖရီနှင့် ယခုလိုနေရမည့်အဖြစ်ကလေးကို မျှော်မှန်းထားခဲ့ရသည်မှာ နှစ်ကာလ ရှည်လျားလှပြီ။

အာခေတာနီးကတော့ ကက်ခကြီးဒဏ်ဖြင့် သူ ကျ လွန်ပြီး ထာဝရအုတ်ဂူသင်္ချိုင်းထဲမှာ ငြိမ်းချမ်းစွာ အနား ယူရတော့မည်ဟု သူ တွေးခဲ့မိသည်။ ယခုတော့ မမျှော် လင့်ပဲ သူ ရောက်ရှင်သည့် ချစ်သူ၏ရင်ခွင်ထဲသို့ မ မပျောက်ပဲ တည့်တည့်မတ်မတ်ကြီး ရောက်လာရပေပြီ။

သူတို့နောက်ဘက်တွင် ကျန်ခဲ့သော ဝီလ်ဆင်ဂိမ်း အိမ်ဆီမှ လူသံများ ကြားရသည်။ အိမ်ထဲမှပြေးထွက် လာသည့်အသံများ၊ 'သူတို့မြင်းများယူလာပေးရန် မြင်း ဇောင်းအလုပ်သမားကို အော်ဟစ် အမိန့်ပေးနေသည့် အသံများကို ကြားရသည်။

သို့သော် သူတို့ပူစရာ အကြောင်းမရှိတော့ပါ။ မြင်း တစ်ကောင်တည်းပေါ်တွင် နှစ်ယောက် စီးလာရသော်



လည်း ခရီးအတော်လေးပေါက်နေပြီ ဖြစ်သဖြင့် ရန်သူ များမှီဖို့မလွယ်တော့ပါ။

တက်ဘတ်တည်းခိုခန်းဝင်းထဲသို့ သူတို့မြင်း ဝင်လာခဲ့ သည်။ မြင်းနက်ကြီးပေါ်မှ ဂျက်ဖရီက အရင်ဆင်း သည်။ ပြီးတော့ လီနီကို အောက်သို့ ချပေးသည်။

လီနီကိုမြင်းပေါ်မှ သို့ချပေးအပြီးတွင် ဂျက်ဖရီကလို အပ်သည်ထက် သူ့ရင်ခွင်ထဲမှာ အချိန်ပိုကြာအောင်ထား ခဲ့လသည်။ လီနီကလည်း သူ့ရင်ခွင်မှာမှီပြီးရပ်နေမိသည်။

တောက်ပသောမျက်လုံးနှင့် မြင်းဇောင်းအလုပ်သမား လေးတစ်ယောက် သူတို့နားသို့ရောက်လာသည်။ ဂျက်ဖရီ က သူ့ကိုပိုက်ဆံအား ကြွပစ်ပေးလိုက်သည်။

'ငါ့နောက်ကို လိုက်လာတဲ့လူတွေ မျက်စိလည်သွား အောင် ဟောဒီမြင်းကို မင်းစီးချင်ရာ လျှောက်စီးပစ်လိုက် စမ်းကွာ၊ ပြီးတော့မှ ဒီကိုပြန်လာခဲ့' ဟု ဂျက်ဖရီက ပြော သည်။ မြင်းဇောင်း အလုပ်သမားလေးက အကြွကိုဖမ်း ယူသည်။ လက်ဝါးဖြန့်ပြီးငုံ့ကြည့်သည်။ ရွှေမတ်စေ့ အ လေးကို တွေ့သည်။ သူ့အတွက်တော့ တုံ့ဆိုင်းနေခြင်း မရှိပါ။ ဂျက်ဖရီ၏မြင်းနက်ကြီးပေါ်သို့လွှားခနဲခုန်တက် ကာ ဝင်းတံခါးသို့ ဒုန်းစိုင်း ထွက်သွားလေတော့သည်။

လော့ဒ်ဝီလ်ဆင်ဂိမ်းနှင့် မကျေမချမ်းဖြစ်နေကြသော သူ့ညှော်သည်တို့ မြင်းကိုယ်စီနှင့်တည်းခိုခန်းရှေ့မှ ဖြတ်၍

www.burmeseclassic.com

www.burmeseclassic.com



ဒုန်းစိုင်းစီးသွားကြသည်။ သူတို့အဖြတ်တွင် ဂျက်ဖရီက လီနို၏ကိုယ်လုံးကလေးကို အမှောင်ရိပ်အောက်သို့ အသာ အယာဆွဲသွင်းထားလိုက်လေသည်။

လော့ဒ်ဝီလ်ဆင်ဂိမ်းတို့ လူသိုက်၏ မကျေမနပ် ဆဲဆို ကြိမ်းမောင်းသံများ၊ မြင်းခွာသံများ တဖြည်းဖြည်းဝေး သွားတော့သည်။

'မြင်းဘယ်လိုစီးရမယ်ဆိုတာ ဟိုချာတိတ် ကောင်း ကောင်းသိတယ်၊ သူတို့လူသိုက် ဘယ်နည်းနဲ့မှ မီအောင် လိုက်နိုင်မှာမဟုတ်ဘူး'

ဂျက်ဖရီက ကျေနပ် နှစ်သိမ့်သည့်လေသံဖြင့် ပြော သည်။

'တို့ဘယ်ရောက်နေတယ်ဆိုတာလဲ သူတို့သိမှာ မဟုတ် ဘူး၊မနက်ဖြန်မှာ ဒီအကြောင်းကို သူတို့ပြန်စဉ်းစားကြည့် ယင် အကြီးအကျယ် ကြောက်သွားကြလိမ့်မယ်၊ တို့အဖို့ ဘာအန္တရာယ်မှမရှိနိုင်တော့ဘူး'

လူသူကင်းမဲ့ပြီးတိတ်ဆိတ်နေသော ခြံဝင်းအတွင်းမှာ သူတို့နှစ်ယောက်ရပ်နေကြသည်။ဂျက်ဖရီက လီနိုဘက်သို့ လှည့်ကြည့်သည်။ လရောင်က သူ့ကိုယ်ပေါ်သို့ ထိုးကျ နေသည်။ သို့သော်လည်း သူ့မျက်လုံးမှာရှိနေသည့်အမူ အရာများကို အရိပ်ထိုးနေသောကြောင့် မမြင်ရပေ။



'မိုက်ကယ်ဘယ်မှာလဲ၊ ဒီဘဝမျိုးရောက်အောင် သူဘာ ဘာဖြစ်လို့ငိုခံလိုက်ရဘာလဲ'

ဂျက်ဖရီက မကျေမနပ်မေးသည်။လီနိုမှာ ထိုမေးခွန်း ကြောင့် ဒယီ ဒယိုင်ဖြစ်သွားလေသည်။

'မိုက်ကယ်....မိုက်ကယ်သေသွားပြီ ဂျက်ဖရီ'

'ဒီလိုဆိုယင် မင်းမုဆိုးမဖြစ်နေပြီလား'

'ဘယ်လိုမုဆိုးမလဲ၊ ကျွန်မတို့ဒန်ဘူရီကို မရောက်ခင် မားပြတိုက်ခံရတယ်လေ၊ မားပြတွေကမိုက်ကယ်ကို သတ် ပစ်လိုက်တယ်၊ ကျွန်မလဲခြေဦးတည့်ရာ ထွက်ပြေးလာခဲ့ တယ်၊ အဲဒီထွက်ပြေးတဲ့အတွက် ကျွန်မကိုလူသတ်မှုနဲ့အစွပ် စွဲခံခဲ့ရတာ'

ဂျက်ဖရီ၏ခေါင်းမှာ ဆတ်ခနဲ ချက်ချင်း ထောင်လာ လေသည်။ သူ့မျက်နှာပေါ်တွင် အကြီးအကျယ်အံ့အား သင့်သွားကြောင်း လရောင်အောက်မှာပင် လီနို အထင် အရှားမြင်လိုက်ရလေသည်။

'ဒါပေမယ့် ဒန်ဘူရီကိုသွားတဲ့ လမ်းတစ်လျှောက်မှာ မင်းကိုငါလိုက်ရှာတယ်၊ ကိုဗင်ထရီမှာလဲရှာတယ်၊ နေရာ တကာမှာလိုက်ရှာတယ်၊ ဘယ်မှာမှ ရှာမရတော့တဲ့အခါ ကျမှ မင်းနဲ့မိုက်ကယ် အမေရိကန်ကိုပြေးကြပြီလို့ ငါစိတ် တိုးတုံးချလိုက်တာ'

လီနိုက သူ့ကိုမျက်တောင်မခတ် ပြန်ကြည့်နေမိသည်။ ငါ့ကိုသူလိုက်ရှာတယ်တဲ့....။

www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးပတ်လည်တွင် ခဲနေခဲ့သည့် ရေခဲများသည် ချက်ချင်းဆိုသလိုပင်အရည်ပျော်ကျသွားကာ နွေးထွေးသွားတော့သည်။

လှုပ်လှပ်သောဘဝသို့ ပြန်ရောက်ပြီ။ ချစ်ခြင်းမေတ္တာတို့ဖြင့် ပြန်လည် ထုံမွှမ်းသွား ပြန်လေပြီ။

ဂျက်ဖရီဟာ ငါ့ကိုပစ်သွားတာမဟုတ်ဘူး။ ငါ့ကိုသူ လိုက်ရှာနေသေးတယ်။ သူတသိကြီး လျှောက်တွေးကြည့်နေမိသည်။

ပျော်မြူးသွားသည့် သူ့ အသည်းနှလုံးများက သီချင်းဆိုကြလေသည်။ တကယ်တမ်းတော့ချိုးခဲ့သူမှာ မိမိဖြစ်နေသည်။ ဂျက်ဖရီပစ်ထားခဲ့သူမှာ မိမိဖြစ်နေသည်ဟု တွေးမိသောအခါ စိတ်ထိခိုက်ရပြန်သည်။ သည်အတိုင်းဆိုလျှင်တော့ ဂေးလိဘတ်က မိမိကို ညာပြောခဲ့တာပဲ။ ဂျက်ဖရီက ငါ့ကိုမချစ်ဘူးဆိုတာဂေးလ်ဘတ်ညာတာပဲ။

'ဒါလောက်တောင်နှစ်ပရိစ္ဆေဒတွေကြာခဲ့တာတောင် ကျွန်မကို ရှင်မမေ့သေးဘူးနော်'

အလွန်တရာ နူးညံ့ပျော့ပျောင်းသည့် လေသံကလေးဖြင့် သူပြန်မေးမိလေသည်။

'လီနီ…မင်း မျက်နှာလေးကိုပဲ အမြဲတမ်း ငါ မြင်ယောင်နေပါတယ်၊ ငါ့ကို မင်း ပစ်ပြေးပြီလို့ ထင်ထားပေမယ့် တခြား အမျိုးသမီးတွေကို နည်းနည်းလေးမှ စိတ်မဝင်စားနိုင်အောင် ဖြစ်ခဲ့ရပါတယ်'



ဂျက်ဖရီက ခြောက်ကပ် ကွဲအက်သည့် အသံကြီးဖြင့် ပြောသည်။ သည်အတိုင်းဆိုလျှင်တော့ ပြင်သစ်မှာ ကျန်ခဲ့တဲ့ သူ့ မယား လက်တီရှေးဆီကို သူ မပြန်သွားဘူးပေါ့။ ထိုသို့ စဉ်းစားလိုက်မိသည်နှင့် လီနီ၏ အသည်းနှလုံးများသည် ခန္ဓာကိုယ်အတွင်းမှနေ၍ ခုန်ထွက်သွားတော့မည်လားဟု ထင်မှတ်လိုက်ရလေသည်။

'ကျွန်မလဲ အဲ့ဒီအတိုင်းပဲ ဂျက်ဖရီ၊ တယ်ယောကျ်ားကိုမှ စိတ်ကူးထဲထည့်လို့မရခဲ့ပါဘူး'

လေသံ တိုးတိုးကလေးဖြင့် သူ ပြန် ပြော မိသည်။ ဂျက်ဖရီက လီနီ၏မျက်နှာကလေးကို လက်နှစ်ဖက်ဖြင့် ဆွဲယူလိုက်သည်။ လီနီ၏ မျက်လုံးများကို စူးစိုက်ကြည့်သည်။ ပြီးတော့ တစ်လုံးချင်းပြောပြသည်။

'လီနီ…အောက်စဖို့မြို့မှာ တုန်းက ငါသိပ်မှားခဲ့တယ်၊ ကလေးနဲ့ပတ်သက်ပြီး အရမ်းမှားခဲ့တယ်၊အဲဒီလိုမှားမှန်း သိသိချင်း မင်းကို အကျိုးအကြောင်းပြောပြဖို့ ပြန်လာခဲ့တယ်၊ ဒါပေမယ့် မင်း မရှိတော့ဘူး၊ ထွက်သွားပြီ၊ မိုက်ကယ်နဲ့ နှစ်ယောက်အတူတူထွက်သွားပြီ၊ မိုက်ကယ်နဲ့ အတူတူထွက်သွားပြီလို့ ဟိုမှာရှိတဲ့ လူတွေက ပိုင်းပြောကြတာပဲလေ၊ အဲဒါကို ဝင်လိုက်ကြအောင် လီနီ… ဝီလ်ဆင်ဂိမ်း လူတွေက ဇီလမ်းအတိုင်း ပြန်ပြောကြလိမ့်မယ်ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်း၏အဝင်တံခါးကို ဂျက်ဖရီက ဖွင့်လိုက်သည်။ ခေါင်းပေါ်လောက်ဆီမှ ခေါင်းလောင်းကလေး တစ်ခုအသံ မြည်သွားသည်။ အတွင်းသို့ သူတို့နှစ်ယောက်ဝင်သည်။ ကျယ်လွင့်သည့်ဧည့်ခန်းကြီးထဲသို့ ရောက်သွားကြောင်း သတိ ထားလိုက်မိသည်။

အခန်းထဲတွင် စားပွဲ ကုလားထိုင်များ ခင်းကျင်းထားသည်။ စားပွဲခင်းများ၊ ကုလားထိုင်စွပ် များဖြင့် သပ်သပ်ရပ်ရပ်ရှိပါသည်။ မျက်နှာချင်းဆိုင်တွင် မီးမသေသေးသည့် မီးလင်းဖိုအသင့်ရှိနေသည်။

ဂျက်ဖရီက လီနီဘက်သို့ပြန်လှည့်လာသည်။ စောစောက မဆုံးသေးသောစကားကို သူ ဆက်ပြောပြန်သည်။

'မင်းကို ငါလိုက်ရှာတယ်၊ ဘယ်လိုမှ ရှာမရတဲ့အခါ မင်းအကြောင်း အမှန်အတိုင်း သိတဲ့သူ ဘယ်သူများရှိသလဲဆိုတာ သိချင်လို့ အောက်စဖို့မြို့ကိုပြန်လာခဲ့တယ်၊ အဲဒီမှာတင် ကရွမ်ဝဲလ်စ် ဘက်သားတွေနဲ့ တွေ့ပြီး ငါ ထောင်ထဲ ရောက်သွားတော့တာပဲ၊ ဒါပေမယ့် မင်းကိုတော့ ဘယ်လိုမှ မေ့မရနိုင်ခဲ့ဖူး'

လီနီက ဂျက်ဖရီ၏ နှုတ်ခမ်း ရှုရှုကလေး ထိတို့ ကိုင်တွယ် ကြည့်နေမိသည်၊ ပြီးတော့ အသာကလေး ပိတ်ထားလိုက်သည်။

တော်ပါပြီ၊ အကျိုးအကြောင်း ရှင်းပြသည့်အလုပ် သည်ညနေဖို့ ဒါလောက်နှင့်ပင် တော်လောက် ပါပြီ။



ကျန်တာတွေ မနက်ဖြန်...နောက်ပြီးတော့ မနက်ဖြန်တွေမှာ ဆက်ရှင်းကြတာပေါ့။ ရှင်းပြရမယ့် အချိန်တွေ အများကြီး ကျန်သေးတာပဲ။ ယခုတော့ ဂျက်ဖရီသည် သူ့ရင်ခွင်ထဲသို့ ပြန်ရောက်လာပြီ။ ဂျက်ဖရီကို သူ ပြန်လည် ပိုင်ဆိုင်ခွင့်ရပြီ။

နှစ်ပေါင်းများစွာ ခွဲခွာခဲ့ရသည်၊ နှစ်ပေါင်းများစွာ အထီးကျန်ဘဝဖြင့် အခက်အခဲပေါင်းစုံကို ရင်ဆိုင် ရုန်းကန်ခဲ့ရသည်။ ယခုတော့ အထီးကျန်ဘဝကို ကျော်ခိုင်းလိုက်နိုင်ပါပြီ။

'နေပါဦး ဂျက်ဖရီ...ဟိုမှာ တည်းခိုခန်းပိုင်ရှင် လာနေတယ်'

'လူကြီးမင်းများ စိတ်ချမ်းသာနိုင်အောင် ကျွန်တော် ဆောင်ရွက်ပေးပါမယ် ခင်ဗျာ'

မျက်လုံးအစုံကို လက်နှင့်ပွတ်၍ လျှောက်လာယင်း တည်းခိုခန်းပိုင်ရှင် ဝဝက သူတို့ကို လှမ်းပြောသည်။ ဂျက်ဖရီက လီနီကို ကြင်နာမြတ်နိုးစွာ ငုံ့ကြည့်သည်။ ပြီးတော့မှ တည်းခိုခန်းပိုင်ရှင်ကို လှည့်ပြောသည်။

'ဒီနေ့ တစ်ညတည်းဖို့ အခန်းတစ်ခန်း လိုချင်တယ်'

'ကောင်းပါပြီ ခင်ဗျာ၊ တအိတ်လောက် နှစ်မည့်အလေး အမိန့်ရှိပါနော်'

www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းကိုမူ လီနို က ဂျက်ဖရီထက် ဦး အောင် အရင်ဆုံး လှမ်းဖြေလိုက်လေသည်။

'ဒေါက်...ကျွန်မတို့ဟာ အမေရိကန် ကိုလိုနီ ဝီလျံဘတ်စ်မြို့က မစ္စဘာဒွဲ မစ္စက်ဒေါက်ဖြစ်ပါတယ်'

ဂျက်ဖရီ၏ မျက်လုံးထဲမှာ အရောင်လက်သွားသည်။ လီနို၏ ဒေါင်းကိုးမောက ကြွားကြွားဝင့်ဝင့် အမူအရာဖြင့် သူ့ကို လှမ်းကြည့်သည်။ ဖယောင်းတိုင် မီးရောင်တွင် မြင်နေရသော လီနို၏ အလှသည် မည်သူနှင့်မျှ နှိုင်းယှဉ်၍ မရနိုင်ကြောင်း ဂျက်ဖရီ အလိုလို ဝန်ခံမိလျက်သား ဖြစ်နေသည်။

လီနိုက ပြုံးပြသည်။

ထိုအပြုံးသည် သူတို့ ဆက်လက် ရင်ဆိုင်ကြရမည့် အနာဂတ်နှင့်ပတ်သက်၍ ကတိပေးလိုက်သည့် အပြုံးလဲ ဖြစ်လေသည်။

ပတ်ဝန်းကျင်မှာ အသံတွေ ကြားနေရသည်။ တည်းခိုခန်း နောက်ဖေးဘက်က မိန်းမ တစ် ယောက် နှင့် ယောက်ျားတစ်ယောက်တို့ ရန်ဖြစ်သည့်အသံကို ကြားရသည်။

သို့သော် သူတို့ အာသံကိုမျှ ဂရုမစိုက်ကြပါ။



တစ်ချိန်တုန်းက ဂျက်ဖရီ စိတ်ကူးယဉ်ခဲ့သည့် အမေရိကန် ကိုလိုနီနယ်သစ်သို့ သူတို့ သွားကြမည်။ သူတို့နှင့် အတူ ချစ်စရာကောင်းသော သမီးလေး လိုရီနာကိုလဲ သူတို့နှင့်အတူ ခေါ်သွားရမည်။

သို့သော်လည်းထိုကိစ္စများသည် မနက်ဖြန်ကျမှ စီစဉ်လျှင် ဖြစ်သည်။

အမေရိကန် ကိုလိုနီနယ်သစ်သို့ ရောက်လျှင် သူတို့ ကြုံတွေ့ခဲ့ရသည့် ဘဝ အမှားများကို နောက်ပိုင်းမှာပဲ ချန်ထားခဲ့ရမည်။ ဘဝသစ်ကို ထူထောင်ရမည်။ ဘဝ ဟောင်းထက် ပိုကောင်းသော ဘဝသစ်ကို စတင် လှမ်းလျှောက်ရမည်။

ထိုကိစ္စကိုလည်း နောင် ကြုံတော့မှ ဆောင်ရွက်ရန် ဖြစ်သည်။

ယခုတိုက်ကိုမူဖြင့် ဘဝသစ် ထူထောင် ကြရာတွင် ဂျက်ဖရီ၏အပေါ် အလွန်ကောင်းသည့် ဇနီးမယား ဖြစ်အောင် မိမိကိုယ်မိမိ ပုံသွင်းဖို့သည်း လီနို စိတ်ကူးထား ပြီး ဖြစ်သည်။

ထိုသို့ ပုံသွင်းဖို့ ဆိုသည်မှာလည်း နောက်မှဆောင် ရွက်ရမည့် အလုပ်ပင် ဖြစ်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လုတ်တလော ဆောင်ရွက်ရမည့် အလုပ်ကတော့— ဂျက်ဖရီ၏ ဆီးကြိုဖွင့်လင့်သော ရင်ခွင်ထဲသို့ လိမ္မာ ပြေးဝင်သွားပါလေတော့သည်။

အထောက်တော်လှအောင်

ရန်ကုန်မြို့၊
၁၉၊ စက်တင်ဘာ၊ ၁၉၇၉၊
(မြန်မာပြန်ပြီးသည်)၊

www.burmeseclassic.com